# ပဋ္ဌာန်းပဉှာဝါရဝိဘင်

၂၁၇၃၃

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏

သြဝါဒါစရိယ

## မူလပဋ္ဌာန်းဆရာတော်ဘုရား

ကိုယ်တော်တိုင်နည်းပေးခါ အဓိပ္ပါယ်များနှင့်တကွ

## ပဋ္ဌာန်းပစ္စယဝါရဝိဘင်

ကို

တပည့်များအား ဝေဝေဆာဆာရှိချပေးစဉ်

အသံဖမ်းကြိုးခွေမှတဆင့် ကူးယူ

ထုတ်ဝေလိုက်သော

# အသံဖမ်း

# ပဋ္ဌာန်းပို့ချစဉ်ကျမ်း

★ ★ ★

သာသနာ ၂၅၀၂ ကောဇာ ၁၃၂၀

ထုတ်ဝေသူ—ဦးဘသိန်း အကျိုးဆောင်ချုပ်၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ဆူးလေစေတီ ရင်ပြင်တော်၊ ရန်ကုန်မြို့။

ကင်းလွတ်ခွင့်အမှတ်-၀၆၀၅။


ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ်-၂၄၅၆။

ပုံနှိပ်သူ —ဦးအုန်းစိန် မှတ်ပုံတင်အမှတ် (မြ-၀၇၀၀) အောင်မိတ်ဆက် စာပုံနှိပ်တိုက် အမှတ်-၅၀၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်း

၏

ဩဝါဒါစရိယ



မူလ ပဋ္ဌာန်း ဆရာတော်ဘုရားပုံတော်

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်း | |
| သုဒ္ဓသင်္ချာဇယားများ | |
| အာရမ္မဏရှစ်မျိုး | က |
| သဟဇာတမျိုး၊ သဟငယ် | ခ |
| ။ ။ သဟကြီး-လတ် | ဂ |
| အနန္တရူပ၊ ပကတူပ၊ ဝတ္ထုမျိုး | ဃ |
| ပစ္ဆာဇာတာဒိမျိုး | င |
| ပါဠိတော်နှင့် အရကောက်ဇယားများ | |
| အာရမ္မဏမျိုး ပါဠိတော်ဇယား | စ-ဆ-ဇ |
| အာရမ္မဏမျိုး အကောက်ဇယား | ဈ-ည-ဋ-ဌ |
| သဟဇာတအငယ် ပါဠိတော်ဇယား | ဍ |
| ။ အငယ်အကောက်ဇယား | ဎ |
| ။ အကြီး၊ အလတ်ပါဠိတော်ဇယား | ဏ |
| ။ အကြီး၊ အကောက်ဇယား | တ |
| ။ အလတ်အကောက်ဇယား | ထ-ဒ |
| အနန္တရူပ နိဿယမျိုးပါဠိတော်ဇယား | ဓ |
| ။ အကောက်ဇယား | န |
| ပကတူပ နိဿယမျိုးပါဠိတော်ဇယား | ပ-ဖ |
| ။ အကောက်ဇယား | ဗ |
| ဝတ္ထုပုရေဇာတမျိုး ပါဠိတော်ဇယား | ဘ |
| ။ အကောက်ဇယား | မ |
| ပစ္ဆာဇာတာဒိမျိုး ပါဠိတော်ဇယား | ယ |
| ။ အကောက်ဇယား | ရ |
| မိဿက ၃-ပစ္စည်းအကောက်ဇယား | လ |
| ပဉ္စဝိဘင်္ဂဝါရဒေသနာက္ကမဇယား | ဝ |
| အာရမ္မဏမျိုး ပစ္စည်းအကောက်ဇယား | သ |
| နာနာက္ခဏိကတနည်းကား<br>အကောက်ဇယား | ဟ |
| အနန္တရူပမျိုး တနည်းကား<br>အကောက် ဇယား | ဠ-အ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဋ္ဌာန်းမည်ပုံ | ၁ |
| အကြောင်းအကျိုးဟော ဒေသနာ<br>သုံးပါး | ၅ |
| အာရမ္မဏ (ကု·ကု) | ၆ |
| အာရမ္မဏ အဓိပ္ပါယ် | ၁၀ |
| အာရမ္မဏတနည်းကား ဇယားဆိုရိုး | ၁၆ |
| အာရမ္မဏ (ကု·ဗျာ) | ၂၃ |
| အဓိပ္ပါယ် | ၂၅ |
| အာရမ္မဏ (ဗျာ· ဗျာ) တနည်းကား | ၃၉ |
| အာရမ္မဏ(ဗျာ·ကု) တနည်းကား | ၄၃ |
| အာရမ္မဏ အဓိပ္ပါယ် | ၄၄ |
| အာရမ္မဏာဓိပတိ | ၅၅ |
| အာရမ္မဏ အဓိပ္ပါယ် | ၆၃ |
| အာရမ္မဏပုရေဇာတ | ၇၀ |
| ဝတ္ထာရမ္မဏ | ၇၅ |
| အာရမ္မဏ ပုရေဇာတာ ဓိပတိ | ၇၇ |
| ဝတ္ထာခံ | ၇၈ |
| အာရမ္မဏ အဓိပ္ပါယ် | ၇၉ |
| အာရမ္မဏာဓိပတိ | ၁၁၉ |
| အာရမ္မဏာဓိပတိ အဓိပ္ပါယ် | ၁၂၀ |
| အာရမ္မဏ ပုရေဇာတ အဓိပ္ပါယ် | ၁၂၇ |
| အာရမ္မဏ သဟဇာတ | ၁၂၈ |
| ဝတ္ထာရမ္မဏ အဓိပ္ပါယ် | ၁၂၉ |
| အာပုဓိ အဓိပ္ပါယ် | ၁၃၃ |
| ဟေတု | ၁၃၇ |
| ဟေတု အဓိပ္ပါယ် | ၁၄၈ |
| သဟဇာတာဓိပတိ | ၁၅၁ |
| သဟဇာတာဓိပတိ အဓိပ္ပါယ် | ၁၅၉ |
| သဟဇာတကမ္မ | ၁၆၄ |
| သဟဇာတကမ္မ အဓိပ္ပါယ် | ၁၆၉ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နာမ်အာဟာရ | ၁၇၂ |
| နာမ်အာဟာရ အဓိပ္ပါယ် | ၁၇၆ |
| သဟဇာတိန္ဒြိယ | ၁၈၀ |
| သဟဇာတိန္ဒြိယ အဓိပ္ပါယ် | ၁၈၄ |
| ဈာန | ၁၈၇ |
| ဈာန အဓိပ္ပါယ် | ၁၉၁ |
| မဂ္ဂ | ၁၉၅ |
| မဂ္ဂ အဓိပ္ပါယ် | ၁၉၉ |
| သဟဇာတအကြီး | ၂၀၃ |
| သဟဇာတ အဓိပ္ပါယ် | ၂၁၂ |
| အညမည | ၂၁၈ |
| အညမည အဓိပ္ပါယ် | ၂၂၃ |
| ဝိပါက အဓိပ္ပါယ် | ၂၂၅ |
| သမ္ပယုတ္တ | ၂၂၇ |
| သမ္ပယုတ္တ အဓိပ္ပါယ် | ၂၂၉ |
| သဟဇာတ ဝိပ္ပယုတ္တ | ၂၃၀ |
| သဟဇာတ ဝိပ္ပယုတ္တ အဓိပ္ပါယ် | ၂၃၃ |
| အနန္တရ | ၂၃၄ |
| အနန္တရ အဓိပ္ပါယ် | ၂၃၉ |
| အနန္တရ(အကု-အကု) | ၂၄၁ |
| အနန္တရ အဓိပ္ပါယ် | ၂၄၈ |
| အာသေဝန | ၂၆၃ |
| အာသေဝန အဓိပ္ပါယ် | ၂၆၇ |
| အနန္တရကမ္မ | ၂၆၉ |
| ပကတူပ နိဿယ | ၂၇၁ |
| ပကတူပ နိဿယ အဓိပ္ပါယ် | ၂၇၆ |
| ဗလဝနာနာက္ခဏိက ကမ္မ | ၃၀၅ |
| ဝတ္ထုပုရေဇာတ | ၃၀၆ |
| ဝတ္ထုပုရေဇာတ အဓိပ္ပါယ် | ၃၀၉ |
| ဝတ္ထုပုရေဇာတိန္ဒြိယ | ၃၁၃ |
| ဝတ္ထုပုရေဇာတိန္ဒြိယ အဓိပ္ပါယ် | ၃၁၄ |
| ပစ္ဆာဇာတ | ၃၁၆ |
| ပစ္ဆာဇာတ အဓိပ္ပါယ် | ၃၁၈ |
| ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မ | ၃၂၀ |
| နာနာက္ခဏိကကမ္မ အဓိပ္ပါယ် | ၃၂၂ |
| ရုပ်အာဟာရ | ၃၃၁ |
| ရုပ်အာဟာရ အဓိပ္ပါယ် | ၃၃၃ |
| ရူပဇီဝိတိန္ဒြိယ | ၃၃၆ |
| ရူပဇီဝိတိန္ဒြိယ အဓိပ္ပါယ် | ၃၃၆ |
| မိဿက(၈)မျိုး | ၃၄၀ |
| အတ္ထိ အဓိပ္ပါယ် | ၃၅၁ |
| နိဗ္ဗာန် အဓိပ္ပါယ် | ၃၅၃ |
| နိဂုံး | ၃၆၃ |


☆ ☆ ☆

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

ကျွန်ုပ်တို့သည် ပဋ္ဌာန်း ယမိုက်စသော အဘိဓမ္မာတရားတော်ကြီးများ မြန်မာပြည် အရပ်ရပ်၌၎င်း၊ နိုင်ငံခြားတိုင်းပြည်များ၌၎င်း ပြန့်ပွား၍ အလွယ်တကူ သင်ယူနိုင်ကြ လေ့လာနိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် အဘိဓမ္မာပြန့်ပွားရေး အသင်းကြီးကို ၁၃၀၀ - ခုနှစ်၌ စတင်တည်ထောင်ခဲ့ပါသည်၊

တည်ထောင်ခဲ့သည့်မူလရည်ရွယ်ချက်အတိုင်း ရန်ကုန်မြို့ ဆူးလေစေတီရင်ပြင်တော် ရှိ အဘိဓမ္မာ ပြန့်ပွားရေးအသင်းတိုက်၌ အသင်းကြီး၏ ဩဝါဒါစရိယ မူလပဋ္ဌာန်း ဆရာတော်ဘုရား ကိုယ်တော်တိုင်၎င်း၊ ထိုဆရာတော်ဘုရား၏ နည်းနာနိဿယအတိုင်း အကျွန်ုပ်တို့ကိုယ်တိုင်၎င်း ပို့ချပေးခဲ့ရာ ရဟန်းရှင်လူ အပေါင်းတို့ နှစ်ထောင်းအားရစွာ သင်ကြား ခဲ့ပါသည်။

အဘိဓမ္မာ ပြန့်ပွားရေးအသင်းသို့ ကိုယ်တိုင်လာရောက် မသင်ကြားနိုင်ကြသော ပုဂ္ဂိုလ်များအတွက် အခက်အခဲမရှိ ပို့ချသင်ကြားနိုင်ကြရန် ပဋ္ဌာန်းပါဠိကျမ်း, ယမိုက် ပါဠိကျမ်း, ယမိုက်ပါဠိကျမ်း နောက်ဆက်တွဲ, မာတိကာ ဓာတုကထာ ပါဠိကျမ်းနှင့် သင်္ဂြိုဟ်(၉)ပိုင်း သရုပ်ခွဲ ကျမ်းများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

နိုင်ငံခြား တိုင်းပြည်များတိုင် ပြန့်ပွားစေလိုသော မူလရည်ရွယ်ချက်အတိုင်း အင်္ဂလိပ်ဘာသာပြန် ဓာတုကထာကျမ်း **Discourse on Elements** ကို ၁၉၆၂-ခုနှစ်က လန်ဒန်မြို့ ပါဠိအသင်းကြီးမှ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ တဖန် ပဋ္ဌာန်းပါဠိတော် ပထမအုပ် ပြီးဆုံးသည်အထိ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန် လန်ဒန်မြို့ ပါဠိအသင်းကြီး၏ ဥက္ကဋ္ဌ **Miss I.B. Horner** ၏ လျှောက်ထား တောင်းပန်ချက်အရ အင်္ဂလိပ်ဘာသာသို့ပြန်ဆို ခဲ့ရာ မကြာမီပင် ထွက်ပေါ်၍ လာပါတော့မည်။

ထိုပဋ္ဌာန်းယမိုက် စသည်ကို ကျွန်ုပ်တို့သာမဟုတ် မြန်မာပြည် အရပ်ရပ်ရှိ သိဿာနု သိဿတို့ပါ ဆရာတော်၏ နည်းနာနယအတိုင်း ပို့ချသင်ကြားပေးခဲ့ရာ သင်ကြားကြသူများ မှာ အစိုးရစာမေးပွဲ ယမိုက်ပဋ္ဌာန်း စသည်၌ တစုံတရာ ခက်ခဲမှုမရှိဘဲ ဖြေဆိုနိုင်ကြ၊ အောင် မြင်နိုင်ကြသည်မှာလည်း နှစ်စဉ်နှစ်တိုင်းပင် ဖြစ်ပါသည်။

ပဋ္ဌာန်းပါဠိကျမ်းကြီးမှာ ပါဠိအရကောက်များအတွက် လွယ်ကူလှအောင် ရေးပြ ထားသည့်ပြင် ထိုက်သင့်သော သိမှတ်ဘွယ် အဓိပ္ပါယ်များနှင့်တကွ တိက်ကုန် သဘာဝ

# နိဒါန်း

ဃဋ္ဋနာ ယူဆပုံနည်းများနှင့်တကွ ပေယျာလဖေါ်ပုံစသော နည်းများကို ရေးထားရုံမက ပဋ္ဌာန်းဆိုင်ရာ သိဘွယ်ရာများကိုပါ အပြည့်အစုံရေးထားပါသည်။

သို့ပါငြားလည်း အကျွန်ုပ်တို့သည် ပဋ္ဌာန်းပို့ချရာတွင် ဆရာတော်ဘုရား၏ ပို့ချပုံ ပို့ချနည်း အစုံအလင်ကို သိလိုလှသည့်တကြောင်း၊ ပဋ္ဌာန်းတရားတော်ကြီး၌ စိတ်ပါ ဝင်စားကြသော သူတော်စင်အပေါင်းတို့အားလည်း ကျွန်ုပ်တို့ကဲ့သို့ တတ်သိနားလည်ကြစေလိုသော သမ္မာဆန္ဒဖြင့် ဆရာဘော်ဘုရား၏ ပဋ္ဌာန်းပို့ချစဉ်ကို အသံဖမ်း၍ ထား လိုသည် အားလျော်စွာ ကျယ်ကျယ် ပြန့်ပြန့် အဓိပ္ပါယ်များနှင့်တကွ ပို့ချ ပေး ပါ မည့် အကြောင်း လျှောက်ထားခဲ့ပါသည်။

ထိုလျှောက်ထားချက်ကို လက်ခံတော်မူခါ မူလပဋ္ဌာန်း ဆရာတော် ဘုရား သည် ကုသလတိက် (၁) ဆဝါရသင်္ချာခဏ်း (၂) ပဉှာဝါရသင်္ချာခဏ်း (၃) ပဉှာဝိဘင်္ဂဝါရ များကို အဋ္ဌကထာ ဋီကာဆရာများ မိန့်ဆိုချက်များနှင့်တကွ ဆိုင်ရာဆိုင်ရာ ထိုထိုသုတ္တန် စသည်တို့မှ ဟောကြားချက်များကိုပါ ထည့်သွင်း၍ ရိုးရိုးစကားပြေသလို ပို့ချ ပေး ခဲ့ ပါ သည်။

ထိုကဲ့သို့ ပို့ချပေးရာတွင် အားလုံးနှင့် ဆက်ဆံစိမ့်သောငှါ ကိုးကားဘွယ် ပါဠိများကို အနည်းငယ်မျှသာ ပြသော်လည်း အဓိပ္ပါယ်များနှင့်တကွ ထိုက်သင့်သော အဆုံးအဖြတ်များမှာကား စိတ်ဝင်စားဘွယ် ကောင်းလှပါသည်။ ကျွန်ုပ်တို့နည်းတူ စိတ်ပါ ဝင်စားသူတိုင်းအား သိနားလည်စေလိုသော မူလရည်ရွယ်ချက်အတိုင်း အသံဖမ်း ကြိုး ခွေ မှ အပင်ပန်းခံခါ တဆင့်ကူးယူပြီးလျှင် **ပဉှာဝိဘင်္ဂဝါရ အသံဖမ်းပဋ္ဌာန်းပို့ချစဉ်ကျမ်း** ဟူသော အမည်ဖြင့် ပထမစာအုပ်ကို ထုတ်ဝေလိုက်ပါသည်။

အသံဖမ်းကြိုးခွေ၌ အသင့်ရှိပြီးဖြစ်သော ဆဝါရသင်္ချာခဏ်း ပဉှာဝါရသင်္ချာခဏ်း များကို အကြောင်းအားလျော်စွာ ဆက်လက်၍ ထုတ်ဝေမည်ဖြစ်ပါကြောင်း။

**အမှူးဆောင်အဖွဲ့**
**အဘိဓမ္မာ ပြန့်ပွားရေးအသင်း**
**ရန်ကုန်မြို့။**

| ပစ္စည်းအမည် | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | သင်္ချာ | ကု | အကု | ဗျာ | အကု | ကု | ဗျာ | ဗျာ | ကု | အကု | သဘာဂ ပစ္စည်းရေ | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ကု | = | = | အကု | = | = | ဗျာ | = | = | အာ | ဓိ | နိ | ဥ | ပု | ဝိပ | အတ် | အဝိ | ပြိုင် |
| အာရမ္မဏ | စိတ်တခုယုတ် ကိုးဆယ်၊ စေ ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန် | ကာမစိတ် စတုပညာသ, ဝိညာ ၃, နေဝ-၃ အဘိညာဉ်ဒွေ, လောကုတ္တရာစိတ် ရှစ် ခု | ၉ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | | | | | | | | ၁ |
| အာဓိ အာရမ္မဏ | အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄၊ ဒေါစကုက်, ဝိစိကြဉ်စေ ၄၇, နိဗ္ဗာန် | အလေးအမြတ် ပြုတတ်သော လောဘမူ စိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာ ကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု, လောကုတ္တရာစိတ် ရှစ်ခု | ၇ | ॥ | ॥ | ॥ | ॥ | | | ॥ | ॥ | ॥ | ॥ | ॥ | | ॥ | | | | | ၃ |
| အာပု | ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ | ကာမစိတ် စတုပညာသ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, အဘိညာဉ် | ၃ | | | | | | | ॥ | ॥ | ॥ | ॥ | | | | ॥ | | ॥ | ॥ | ၄ |
| ဝတ္ထာ | စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု | မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ငါးချက်၊ တဒါရုံ | ၃ | | | | | | | ॥ | ॥ | ॥ | ॥ | | ॥ | | ॥ | ॥ | ॥ | ॥ | ၆ |
| အာပုဓိ | အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ် သော နိပ္ဖန္နရုပ် အဋ္ဌာရသ | အလေးအမြတ် ပြုတတ်သော လောဘမူ စိတ် ရှစ်ခု | ၁ | | | | | | | | | ॥ | ॥ | ॥ | | ॥ | ॥ | | ॥ | ॥ | ၆ |
| ဝတ္ထာဓိ | အလေးအမြတ် ပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက် မြောက် သော စိတ် နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု | အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာ သန္နဇော ငါး ချက် | ၁ | | | | | | | | | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၈ |

# ပဉ္စဝါရ အနုလုံ သုဒ္ဓသင်္ချာဇယား။ သဟဇာတမျိုး - သဟဇာတအငယ် - ၇

| ပစ္စည်း အမည် | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | သင်္ချာ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | သဘာဂပစ္စည်းရေ | | | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | [illegible] | = | = | [illegible] | = | = | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | ယထာ |
| ဟေတု | ဟိတ် ၆ ပါး | သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ၇ | သင်္ချာသတ္တစိ | | | | | | | | | | | | × | | × | | × | | | | | | ၁၂ |
| သဟာဓိ | အဓိပတိတရားကိုယ် ၃ ပါး ၄ ပါးတို့တွင် တပါး ပါး | သမ္ပယုတ္တခန္ဓာ၊ သာဓိပတိ စိတ္တဇရုပ် | ၇ | | | | | | | | | | | | | × | | | | × | | | | | | ၁၃ |
| သဟကမ္မ | စိတ်တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာ | သမ္ပယုတ္တခန္ဓာ၊စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | ၇ | | | | | | | | × | × | | | | | | | × | × | × | | | | | ၁၀ |
| နာမ်ဟာ | ဖဿ, စေတနာ, ဝိညာဉ် ဟုဆိုအပ်သောနာမ် အာဟာရတရားကိုယ် ၃ ပါး | ‖ | ၇ | | | | | | | | × | | | | | | | | | × | × | | | | | ၁၂ |
| သဟဇာ တိန္ဒြိယ | ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ်ရှစ်ပါး | ‖ | ၇ | | | | | | | | | | | | | × | | | | | | | | | | ၁၄ |
| ဈာန | ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်တရား ကိုယ်ငါးပါး | ‖ | ၇ | | | | | | | | × | × | | | | × | | × | | | | | | | | ၁၁ |
| မဂ္ဂ | ပညာ, ဝိတက်, ဝိရတီ ၃, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၉ ပါး | သမ္ပယုတ္တခန္ဓာ၊သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် | ၇ | | | | | | | | | | | | | × | | × | | | | | | | | ၁၃ |

| ပစ္စည်းအမည် | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | သင်္ချာ | ဇ | ဓါ | ဓါယ | ယေဒ | ဓါ | ဓါယေဒ | ဓါ | = | = | သဘာဂပစ္စည်းရေ | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဇ | = | = | အယေဒ | = | = | ဓါ | ဓါယ | ဓါယေဒ | ဒ | ည | တ– | ဝဝ | ·ဒ | ဆိ | နှိဒ | ဝိဒ | ပြိုင် |
| သဟဇာတ နိဿယ အတ္ထိ အဝိဂတ | အလုံးစုံသော ပစ္စယ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး<br>မဟာဘုတ်လေးပါး<br>ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု | အချင်းချင်းအားငှင်း၊အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငှင်း<br>အချင်းချင်းအားငှင်းဥပါဒါရုပ်အားငှင်း<br>အချင်းချင်း | ၉ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | | ॥ | | | | ॥ | ॥ | ၄ |
| အညမည | အလုံးစုံသော ပစ္စယပဋိသန္ဓေနာမက္ခန္ဓာ လေးပါး<br>စိတ္တဇမဟာဘုတ်, ပဋိသန္ဓေကမ္မဇမဟာဘုတ်,ဗာဟိရမဟာဘုတ်,အာဟာရဇ မဟာဘုတ်, ဥတုဇမဟာဘုတ်,အသညသတ်ကမ္မဇ မဟာဘုတ်, ပဝတ္တိ ကမ္မဇ မဟာဘုတ်အားဖြင့်မဟာဘုတ်လေးပါး<br>ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု | အချင်းချင်းအားငှင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထု အားငှင်း<br>အချင်းချင်း<br>အချင်းချင်း | ၃ | ॥ | | | ॥ | | | ॥ | | | ॥ | ॥ | ॥ | | | | ॥ | ॥ | ၅ |
| ဝိပါက | အလုံးစုံသောဝိပါက်ပစ္စယပဋိသန္ဓေ နာမက္ခန္ဓာလေးပါး<br>ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ | အချင်းချင်းအားငှင်း၊အချင်းချင်း နာမက္ခန္ဓာ,စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်အားငှင်း ဟဒယဝတ္ထု | ၁ | | | | | | | ॥ | | | ॥ | | ॥ | ॥ | | | ॥ | ॥ | ၅ |
| သမ္ပယုတ္တ | အလုံးစုံသော ပစ္စယပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး | အချင်းချင်း | ၃ | ॥ | | | ॥ | | | ॥ | | | ॥ | ॥ | ॥ | | ॥ | | ॥ | ॥ | ၆ |
| ဝိပ္ပယုတ္တ | ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက်လေးခု, ဒွေပဉ္စဝိညာဉ် တဆယ်, ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး<br>ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု | စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်<br>အချင်းချင်း | ၃ | | ॥ | | | ॥ | | ॥ | | | ॥ | | ॥ | | | ॥ | ॥ | ॥ | ၅ |

| မျိုး | ပစ္စည်းအမည် | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | သင်္ချာ | ဇ | အဇ | ဓိ | အဓိ | ဇ | ဓိ | ဓိ | ဇ | [illegible] | သဘာဝပဋ္ဌာန်းရေ | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဇ | = | = | အဓိ | = | = | ဓိ | = | = | ဟ | ဒိ | ဓိ | ဂ | ဝိ | ဓါ | ဣ | ဈာ | မဂ် | သံ | ဝိပ္ပ | ဒိ | အဝိ | ပြီး |
| အနန္တရူပနိဿယ—၇ | အနံ၊သနံ၊ အနန္တရူ၊ နတ္ထိ၊ဝိဂတ | ရဟန္တာတို့စုတိကြဉ်သောအလုံး စုံသော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိကပညာသ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး | ရဟန္တာတို့စုတိနှင့်တကွ နောက် နောက်သော နာမက္ခန္ဓာ | ၇ | = | | = | = | | = | = | = | = | = | = | | = | | | | | | | = | = | | ၃ |
| | အာသေဝန | အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇောသတ္တစိတ္တာလီသ | ပဌမဇော၊ ဖိုလ်ဇောကြဉ်သော နောက် နောက်သော ဇောစေတသိက | ၃ | = | | | = | | | = | | | = | = | | = | | = | | | | | = | = | | ၆ |
| | အနန္တရကမ္မ | မဂ်လေးခုစေတနာ | မဂ္ဂါနန္တရဖိုလ်လေးခု | ၁ | | | = | | | | | | | = | = | | = | | | = | | | | = | = | | ၆ |
| ပကတူပ—၂ | ပကတူပ နိဿယ | ဗလဝဖြစ်သောစိတ်တခုယုတ် ကိုးဆယ်၊စေတသိကပညာသ၊ရုပ်အဋ္ဌဝီသ | စိတ်တခုယုတ်ကိုးဆယ်၊ စေတသိကပညာသ | ၉ | = | = | = | = | = | = | = | = | = | | | | = | | | | | | | | | | ၁ |
| | ဗလဝနာနာ က္ခဏိကကမ္မ | ဗလဝဖြစ်သော ကုသိုလ် အကု သိုလ် စေတနာ | ဝိပါက်ဆတ္တိံသနာမက္ခန္ဓာ | ၂ | | | = | | | = | | | | | | | = | | | = | | | | | | | ၂ |
| ဝတ္ထု—၆ | ဝတ္ထု ပုရေဇာတ | ဆဝတ္ထု | ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ် | ၃ | | | | | | | = | = | = | | | = | | = | | | | = | = | | | = | ၃ |
| | ဝတ္ထု ပုရေဇာတဝိပ္ပယုတ် | မနွာယုက အမနွာယုက မဂ္ဂိမာယုက အားဖြင့် ၃ ပါးတို့တွင် မဂ္ဂိမာယုက ဖြစ်၍ အတီတဘဝင်နှင့်ဥပါဒ်ပြိုင် သော ပဉ္စဝတ္ထု | ဒွေပဉ္စဝိညာဉ်တဆယ် | ၁ | | | | | | | = | | | | | = | | = | | | = | = | = | | | = | ၆ |

| မျိုးပစ္စည်း | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | သင်္ချာ | ဓိ | = | = | ဇ | ဓိ | အဇ | ဓိ | သဘာဝပစ္စည်းရေ | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ဇ | အဇ | ဓိ | ဓိဇ | = | အဓိဇ | = | ၁၇ | ဖွာ | ဒေ | ဂ | ဇ | ဝိ | ဥပ | ထမ | ပြိုင် |
| ပစ္ဆာဇာတ — ၄ | ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ခုကြဉ်သော ပထမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ လေးပါး | ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရပ်ဆဲဌီသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ | ၄ | ။ | ။ | ။ | | | | | | ။ | | | | ။ | ။ | ။ | ၄ |
| ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မ | ကာမကုသိုလ်, အကုသိုလ် စေတနာဟု ဆိုအပ်သော ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ<br>ပဉ္စဝေါကာရကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလနာနာက္ခဏိက ကမ္မ | ကာမဝိပါက် တေဝီသ နာမက္ခန္ဓာ<br>ကဋတ္တာရုပ် | ၂ | ။ | ။ | | | | | | | | ။ | | | | | | ၁ |
| ရူပအာဟာရ-၃ | စတုသမုဋ္ဌာနိကဩဇာ | ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ် | ၁ | | | ။ | | | | | | | | ။ | | | ။ | ။ | ၃ |
| ရူပဇီဝိတိန္ဒြိယ-၃ | ရုပ်ဇီဝိတိန္ဒြေ | ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉ ခု | ၁ | | | ။ | | | | | | | | | ။ | | ။ | ။ | ၃ |
| သဟဇာတ ပုရေဇာတ မိဿက | ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ, ကုသိုလ်ကေဝီသ၊ စေတသိက်ဒွေပညာသအစိတ်အစိတ် နာမက္ခန္ဓာ။ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု | အချင်းချင်း | ၂ | | | | ။ | | ။ | | ။ | | | | | | ။ | ။ | ၃ |
| ပစ္ဆာဇာတာ-ဟာရမိဿက | ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ, ကုသိုလ်ကေဝီသ၊ စေတသိက်ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်ဆဲဌီသို့ ရောက်သော(ဩဇာ) | ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ် ၍ ရုပ်ဆဲဌီသို့ ရောက်သော (တိဇကာယ, စတုဇကာယ) အားကာလတူတပြိုင်နက်တပ်ကောင်းသော | ၂ | | | | | ။ | | ။ | | | | | | | ။ | ။ | ၂ |
| ပစ္ဆာဇာတိန္ဒြိယ မိဿက | ပဉ္စဝေါ ............ (ရုပ်ဇီဝိတိန္ဒြေ) | ဝုဋ္ဌော............(ကမ္မဇကာယ) အားကာလတူတပြိုင်နက်တပ်ကောင်းသော | ၂ | | | | | ။ | | ။ | | | | | | | ။ | ။ | |

# ပဋ္ဌာဝိဘင်္ဂဝါရ အာရမ္မဏမျိုးပါဠိတော်ဇယား

| ပဒ | ပစ္စည်း=အာရုံ | တရား | ပဒါဝသာန | ပစ္စယုပ္ပန်=အာရမ္မဏိက | တရား |
|---|---|---|---|---|---|
| ကု | [ဒါနံဒတွာသီလံသမာဒိယိတွာ<br>ဥပေါသထကမ္မံ ကတွာ တံ | ကာမကု | ကု | ပစ္စဝေက္ခတိ | ကာမကု |
| | ပုဗ္ဗေသုစိဏ္ဏာနိ | ။ | | ။ | ။ |
| | ဈာနာဝုဋ္ဌဟိတွာ ဈာနံ | မဟဂ်ကု | | ။ | ။ |
| | သေက္ခာ ဂေါတြဘုံ/ဝေါဒါနံ | မဟာကုပ, တဒွေ | | ပစ္စဝေက္ခန္တိ ၂ | ။ |
| | သေက္ခာ မဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံ] | အောက်မဂ် ၃ | | ။ | မဟာကုသံ ၄ |
| | သေက္ခါဝါ ပုထုဇ္ဇနာဝါ ကုသလံ | ကီကု ၁၇ | | အနိစ္စတောဒုက္ခတောအနတ္တတောဝိပဿန္တိ | ကာမကု |
| | ကုသလစိတ္တသမင်္ဂီဿစိတ္တံ | ကု ၂၀ | | *စေတောပရိယဉာဏေန ဇာနန္တိ | စေတောနေ့ာင်ကာမကု |
| | အာကာသာနဉ္စာယတနကုသလံ | အာကာကု | | ဝိညာဏဉ္စာယတန ကုသလဿ | ဝိညာကု |
| | အာကိဉ္စညာယတနကုသလံ | အာကိံကု | | နေဝသညာနာသညာယတနကုသလဿ | နေဝကု |
| | ကုသလာခန္ဓာ | ကု ၂၀ | | ဣဒ္ဓိဝိဓ ဉာဏဿ၊ စေတောပရိယဉာဏဿ၊<br>ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ယထာ<br>ကမ္မုပဂဉာဏဿ၊အနာဂတံသ ဉာဏဿ | ကုအိ |
| ။ | [ဒါနံဒတွာ···တံ/ပုဗ္ဗေသုစိဏ္ဏာနိ | ကာမကု | အကု | (ဂရုံကတွာ) အဿာဒေတိ အဘိနန္ဒတိတံ<br>(ဂရုံကတွာ) အာရဗ္ဘ ရာဂေါဥပ္ပဇ္ဇတိ၊ဒိဋ္ဌိ<br>ဥပ္ပဇ္ဇတိ] ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ၊<br>ဒေါမနဿံဥပ္ပဇ္ဇတိ ၂ | အကု ၁၂<br>မိ=လောရှစ် |
| | ဈာနာဝုဋ္ဌဟိတွာဈာနံ | မဟဂ်ကု | | (ဂရုံကတွာ) အဿာဒေတိ···ဒိဋ္ဌိဥပ္ပဇ္ဇတိ]···<br>ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ။ | အကု ၁၀<br>မိ= လောရှစ် |
| | ဈာနေပရိဟီနေ | ပရိဟီနမဟဂ်ကု | | ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ | ဒေါဒွေ |
| ။ | [အရဟာမဂ္ဂါ ဝုဋ္ဌဟိတွာမဂ္ဂံ] | ရဟတ်မဂ် | ဗျာ | (ဂရုံကတွာ) ပစ္စဝေက္ခတိ | မဟာကြိသံ ၄ |
| | ပုဗ္ဗေသုစိဏ္ဏာနိ | ကာမကု | | ပစ္စဝေက္ခတိ | မဟာကြိ |
| | ကုသလံ | ကီကု ၁၇ | | အနိစ္စတော····ဝိပဿတိ | ။ |
| | ကုသလစိတ္တသမင်္ဂီဿစိတ္တံ | ကု ၂၁ | | *စေတောပရိယဉာဏေန ဇာနာတိ | စေတောနေ့ာင်ကာမကြိ |
| | သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ | ကာမကု | | အနိစ္စတော· ·ဝိပဿန္တိ၊ ကုသ လေနိရုဒ္ဓေ<br>ဝိပါကေါတဒါရမ္မဏတာ ဥပ္ပဇ္ဇတိ | ကုဇောနေ့ာင်ရုံ |
| | ကုသလံ | ။ | | အဿာဒေတိ· ·အကုသလေနိရုဒ္ဓေ<br>ဝိပါကောတဒါရမ္မဏတာဥပ္ပဇ္ဇတိ | အကုဇောနေ့ာင်ရုံ |
| | အာကာသာနဉ္စာယတနကုသလံ | အာကာကု | | ဝိညာဏဉ္စာယတန ဝိပါကဿစ ကြိယဿစ | ဝိညာဝိ,ကြိ |
| | အာကိဉ္စညာယတနကုသလံ | အာကိံကု | | နေဝသညာနာသညာယတန ဝိပါကဿစ<br>ကြိယဿစ | နေဝ ဝိ, ကြိ |
| | ကုသလာခန္ဓာ | ကု ၂၁ | | စေတောပရိယဉာဏဿ ၊ ပုဗ္ဗေ၊ ယထာ၊<br>အနာဂ တံသ ဉာဏဿ၊အာဝဇ္ဇနာယ | ကြိအိ<br>အာဝဇ္ဇန်း |

# ပဋ္ဌာဝိဘင်္ဂဝါရ အာရမ္မဏမျိုးပါဝင်တော်ဇယား

| ပဒ | ပစ္စည်း=အာရုံ | တရား | ပဒဋ္ဌာန | ပစ္စယုပ္ပန်=အာရမ္မဏိက | တရား |
|---|---|---|---|---|---|
| အကု | [ရာဂ/ဒိဋ္ဌိ] | လောဘမူ၊ဒိဋ္ဌိသံ ၄ | အကု | (ဂရုံကတွာ) အဿာဒေတိ အဘိနန္ဒတိ၊ (ဂရုံကတွာ) အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ] ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ | အကု ၁၂ မိ=လောရှင် |
| | ဝိစိကိစ္ဆံ အာရဗ္ဘ | ဝိစိကိစ္ဆာ | | ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ဒိဋ္ဌိ၊ဥဒ္ဓစ္စံ၊ဒေါမနဿံ | အကု ၈ |
| | ဥဒ္ဓစ္စံ 〃 | ဥဒ္ဓစ္စ | | ဥဒ္ဓစ္စံ 〃 ၊ဝိစိကိစ္ဆာ 〃 | 〃 |
| | ဒေါမနဿံ 〃 | ဒေါသမူ | | ဒေါမနဿံ 〃 〃 〃 ဥဒ္ဓစ္စံ | 〃 |
| 〃 | သေက္ခာ ပဟီနေ ကိလေသေ | ဒိဋ္ဌိ၊ဝိစိ၊လောဘ | ကု | ပစ္စဝေက္ခန္တိ | ကာမကု |
| | ဝိက္ခမ္ဘိတေ ကိလေသေ | တစိပ်၊ ဒေါသ ကြွင်း ကိ ၈, ၇ ပါး | | 〃 | 〃 |
| | ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ | ကိလေသာ ၁၀ | | ဇာနန္တိ | 〃 |
| | သေက္ခာဝါ ပုထုဇ္ဇနာဝါ အကုသလံ | အကု ၁၂ | | အနိစ္စတော ..........ဝိပဿန္တိ | 〃 |
| | အကုသလစိတ္တ သမင်္ဂိဿစိတ္တံ | 〃 | | *စေတောပရိယဉာဏေန ဇာနန္တိ | စေတောနောင် ကာမကု |
| | အကုသလာ ခန္ဓာ | 〃 | | စေတောပရိယဉာဏဿ၊ပုဗ္ဗေ၊ယထာ၊ အနာဂတံသဉာဏဿ | ကုဘိ |
| 〃 | [အရဟာ ပဟီနေ ကိလေသေ | လောဘတစိပ် | ဗျာ | ပစ္စဝေက္ခတိ | ကာမကြိ |
| | ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ | ကြွင်းကိလေသာ ၇ ကိလေသာ ၁၀ | | ဇာနာတိ | 〃 |
| | အကုသလံ | အကု ၁၂ | | အနိစ္စတော .......... ဝိပဿတိ | 〃 |
| | အကုသလ စိတ္တသမင်္ဂိဿစိတ္တံ | 〃 | | *စေတောပရိယဉာဏေန ဇာနာတိ | စေတောနောင် ကာမကြိ |
| | သေက္ခာဝါ ပုထုဇ္ဇနာဝါ အကုသလံ | 〃 | | အနိစ္စတော ...ဝိပဿန္တိ၊ကုသလေနိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ | ကုဇောနောင်ရုံ |
| | အကုသလံ | 〃 | | အဿာဒေတိ.. ဒေါမနဿံဥပ္ပဇ္ဇတိ အကုသလေနိရုဒ္ဓေ တဒါရမ္မဏတာဥပ္ပဇ္ဇတိ | အကုဇောနောင်ရုံ |
| | အကုသလာ ခန္ဓာ | 〃 | | စေတောပရိယဉာဏဿ၊ပုဗ္ဗေ၊ယထာ၊ အနာဂတံသဉာဏဿ၊အာဝဇ္ဇနာယ | ကြိဘိ၊ ရှန်း |

# ပဋ္ဌာဝိဘင်္ဂပါဠိ အာရမ္မဏမျိုး ပါဠိတော်ဇယား

| ပဒ | ပစ္စည်း=အာရုံ | တရား | ပဒါဝသာန် | ပစ္စယုပ္ပန်=အာရမ္မဏိက | တရား |
|---|---|---|---|---|---|
| ဗျာ | [အရဟာဖလံ/နိဗ္ဗာနံ | ရဟတ်ဖိုလ်၊နိ | ဗျာ | (ဂရုံကတွာ) ပစ္စဝေက္ခတိ[၂] | မဟာကြိယာသံ ၄ |
| | နိဗ္ဗာနံ] | နိဗ္ဗာန် | | ဖလဿ] အာဝဇ္ဇနာယ | ဖိုလ် ၄၊ ဇွန်း |
| | xအရဟာ စက္ခုံ/သောတံ,ဃာနံ,ဇိဝှံ,ကာယံ,ရူပေ,သဒ္ဒေ,ဂန္ဓေ,ရသေ,ဖောဋ္ဌဗ္ဗေ,ဝတ္ထုံ x ဝိပါကာဗျာကတေ ကြိယာဗျာ-ခန္ဓေ | လောကီဝိ,ကြိ ရုပ် | | အနိစ္စတော … ဝိပဿတိ[၂] | ကာမကြိ |
| | xရူပံ | ဒွေ … ရူပါရုံ | | *ဒိဗ္ဗေနစက္ခုနာ ပဿတိ | ဒိဗ္ဗစက္ခုကြိဘိ |
| | xသဒ္ဒံ | ဒွေ … သဒ္ဒါရုံ | | *ဒိဗ္ဗာယသောတဓာတုယာ သုဏာတိ | ဒိဗ္ဗသောကြိဘိ |
| | ဝိပါကာဗျာကတ ကြိယာဗျာကတ စိတ္တသမင်္ဂိဿ စိတ္တံ | ဝိ ၃၆၊ ကြိ ၂၀ | | *စေတောပရိယဉာဏေနဇာနာတိ | စေတောနေ့ာင် ကာမကြိ |
| | အာကာသာနဉ္စာယတနကြိယံ | အာကာကြိ | | ဝိညာဏဉ္စာယတန ကြိယဿ | ဝိညာကြိ |
| | အာကိဉ္စညာယတနကြိယံ | အာကိကြိ | | နေဝသညာ နာသညာယတန ကြိယဿ | နေဝကြိ |
| | xရူပါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ | ရူပါရုံ…ဖောဋ္ဌဗ္ဗာရုံ | | စက္ခုဝိညာဏဿ (ပ) ကာယဝိညာဏဿ | စက်ဒွေ ကာဒွေ |
| | အဗျာကတာခန္ဓာ | ဝိ ၃၆၊ ကြိ ၂၀၊ ရုပ် | | ဣဒ္ဓိဝိဓဉာဏဿ၊ စေတော၊ ပုဗ္ဗေ အနာဂတံသဉာဏဿ၊အာဝဇ္ဇနာယ | ကြိဘိ၊ဇွန်း |
| ။ | [သေက္ခာဖလံ/နိဗ္ဗာနံ | အောက်ဖိုလ်၊နိ | ကု | (ဂရုံကတွာ) ပစ္စဝေက္ခန္တိ[၂] | မဟာကုသံ ၄ |
| | [နိဗ္ဗာနံ] | နိဗ္ဗာန် | | ဂေါတြဘုဿ၊ ဝေါဒါနဿ၊ မဂ္ဂဿ | မဟာကုပ, တဒွေ မဂ် ၄ |
| | xသေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ/သောတံ (ပ) ဝတ္ထုံ x ဝိပါကာဗျာကတေ ကြိယာဗျာကတေခန္ဓေ | ကီဝိ၊ ကြိ၊ ရုပ် | | အနိစ္စတော … …ဝိပဿန္တိ[၂] | ကာမကု |
| | x ရူပံ | ဒွေ … ရူပါရုံ | | *ဒိဗ္ဗေနစက္ခုနာ ပဿန္တိ | ဒိဗ္ဗစက္ခုကုဘိ |
| | xသဒ္ဒံ | ဒွေ … သဒ္ဒါရုံ | | *ဒိဗ္ဗာယသောတဓာတုယာ သုဏန္တိ | ဒိဗ္ဗသောကုဘိ |
| | ဝိပါကာဗျာကတ ကြိယာဗျာကတစိတ္တသမင်္ဂိဿစိတ္တံ | ဝိ ၃၅၊ ကြိ ၂၀ | | *စေတောပရိယဉာဏေန ဇာနန္တိ | စေတောနေ့ာင် ကာမကု |
| | အဗျာကတာခန္ဓာ | ဝိ ၃၅၊ ကြိ ၂၀၊ ရုပ် | | ဣဒ္ဓိဝိဓဉာဏဿ၊ စေတော၊ ပုဗ္ဗေ၊ အနာဂတံသဉာဏဿ | ကုဘိ |
| ။ | [X စက္ခုံ/သောတံ (ပ) ဝတ္ထုံ x ဝိပါကာဗျာကတေ ကြိယာဗျာကတေခန္ဓေ] | ကီဝိ ၃၂,ကြိ ၂၀ မိ= ကီဝိ ၃၁ | အကု | (ဂရုံကတွာ) အဿာဒေတိ အဘိနန္ဒတိတံ (ဂရုံကတွာ) အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ] ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ[၂] | အကု ၁၂ မိ= လောဘရှစ် |

| အမည် | ပဒ | ပစ္စည်း=ကတ္တား | ပဒါဝသာန | ပစ္စယုပ္ပန်=သမ္ပဒါန် | ကရိုဏ်း |
|---|---|---|---|---|---|
| ဃဋနာ | ကု | အရဟတ္တမဂ်ကြဉ်သောကုသိုလ်ဝီသ၊ စေအဋ္ဌတိံသ (တနည်းကား) | ကု | မဟာကုရှစ်၊ ဝိညာကု၊ နေဝကု၊ ဇာန္ဒိဝိ၊ စေတော၊ ပုဗ္ဗေ၊ ယထာ၊ အနာဂတံသကုသိုလ်အဘိညာဉ်+ဝိရတိ, အပ္ပမညာကြဉ်စေ ၃၃ | ၃ |
| | | လောကီကုသိုလ်သတ္တရသ၊ စေ အဋ္ဌတိံသ | အကု | အကုသိုလ်ဒွါဒသ၊ စေ သတ္တဝီသ | ၃ |
| | ။ | ကုသိုလ်ဧကဝီသ၊ စေ အဋ္ဌတိံသ (တနည်းကား) | ဗျာ | တဒါရုံကောဒသ၊ ပဥ္စဒွါရာဝဇ္ဇန်းကြဉ်သော ကာမကြိယာ ၁၀၊ ဝိညာဝိ-ကြိ၊ နေဝဝိ-ကြိ၊ စေတော၊ ပုဗ္ဗေ၊ ယထာ၊အနာဂတံသ ကြိယာအဘိညာဉ်+ဝိရတိ, အပ္ပမညာ ကြဉ်စေ ၃၃ | ၃ |
| | အကု | အကုသိုလ်ဒွါဒသ၊ စေ သတ္တဝီသ | အကု | အကုသိုလ်ဒွါဒသ၊ စေ သတ္တဝီသ | ၃ |
| | ။ | ။ | ကု | မဟာကုရှစ်၊ စေတော၊ ပုဗ္ဗေ၊ ယထာ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်+စေ ၃၆ | (၁) |
| | ။ | ။ | ဗျာ | တဒါရုံကောဒသ၊ပဥ္စဒွါရာဝဇ္ဇန်းကြဉ်သော ကာမကြိယာ ၁၀၊ စေတော၊ ပုဗ္ဗေ၊ ယထာ၊ အနာဂတံသ ကြိယာအဘိညာဉ်+ စေ ၃၃ | ၁) |
| | ဗျာ | ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ၊ စေအဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် (တနည်းကား) | ဗျာ | ကာမဝိပါက်တေဝီသ၊ ကာမကြိယာကောဒသ၊ ဝိညာကြိ၊ နေဝကြိ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဇာန္ဒိဝိ၊ စေတော၊ ပုဗ္ဗေ၊ အနာဂတံသကြိယာအဘိညာဉ်၊ ဖိုလ် ၄ ခု+ စေ ၃၆ | ၁ |
| | ။ | အရဟတ္တဖိုလ်ကြဉ်သောဝိပါက်ပဥ္စတိံသ၊ကြိယာဝီသ၊ စေ ၃၈၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် (တနည်းကား) | ကု | မဟာကုရှစ်၊ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဇာန္ဒိဝိ၊ စေတော၊ ပုဗ္ဗေ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်၊ မဂ် ၄ ခု+ စေ ၃၆ | ၁ |
| | ။ | ကီဝိ ဗာတ္တိံသ၊ကြိယာဝီသ၊ စေ ၃၅၊ ရုပ် ၂၀ | အကု | အကုသိုလ်ဒွါဒသ၊ စေ သတ္တဝီသ | ၁ |

| | | | | | |
|---|---|---|---|---|---|
| [illegible] | ကု | အလေးပြုအစ်-ရဟတ်မဂ်ကြည်ကု ၂၀+စေ ၃၀ (တနည်းကား) | ကု | အလေးပြုတတ်-မဟာကု ရှစ်+စေ ၃၃ | (၃) |
| | ॥ | ॥ ကိရိကု ၁၇ | အကု | ॥ လောဘမူ ရှစ်+စေ ၂၂ | (၃) |
| | ॥ | ॥ အရဟတ္တမဂ် | ဗျာ | ॥ မဟာကြိယံ ၄+စေ ၃၃ | (၃) |
| | အကု | ॥ လောဘမူရှစ် | အကု | ॥ လောဘမူ ရှစ်+စေ ၂၂ | (၃) |
| | ဗျာ | ॥ အရဟတ္တဖိုလ်၊ နိဗ္ဗာန်<br>နိဗ္ဗာန် | ဗျာ | ॥ မဟာကြိယံ ၄<br>ဖိုလ် ၄+ စေ ၁၆ | (၃) |
| | ॥ | ॥ အောက်ဖိုလ် ၃၊ နိဗ္ဗာန်<br>နိဗ္ဗာန် | ကု | ॥ မဟာကုသံ ၄<br>မဂ် ၄+စေ ၃၆ | (၃) |
| | ॥ | ॥ ဇူဌဖြစ်သောနိပ္ဖန္နရုပ် ၁၈၊<br>ဒုက္ခကြည်ကိဝိ ၃၁၊ ကြိ ၂၀+စေ ၃၅ | အကု | ॥ လောဘမူ ရှစ်+စေ ၂၂ | (၃)<br>*၁ |
| [illegible] | ဗျာ | ပွန်ရုပါရုံ/ (ပ) ပွန်ဖောဋ္ဌဗ္ဗာရုံ<br>ပွန်ပဥ္စာရုံ<br>ပွန်နိပ္ဖန္န ရုပ်အဋ္ဌာရသ<br>ဒူရ.......................... ပွန်ရုပါရုံ<br>ဒူရ..........................ပွန်သဒ္ဒါရုံ | ဗျာ | စက္ခုဝိညာဉ်ဒွေ/ (ပ) ကာယဝိညာဉ်ဒွေ<br>မနောဓာတ် ၃<br>မနောဒွါ၊ ကာမကြိဇော ၉၊ တဒါရုံကောဒသ<br>ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်<br>ဒိဗ္ဗသောတကြိယာအဘိညာဉ်<br>(ကာမဝိ ၂၃၊ ကာမကြိ ၁၁၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ ကြိဘိ+စေ ၃၃) | (၄)<br>*၆ |
| | ॥ | ပွန်နိပ္ဖန္နရုပ်အဋ္ဌာရသ<br>ဒူရ..........................ပွန်ရုပါရုံ<br>ဒူရ..........................ပွန်သဒ္ဒါရုံ | ကု | မဟာကု ရှစ်<br>ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်<br>ဒိဗ္ဗသောတကုသိုလ်အဘိညာဉ် | (၄)<br>*၆ |
| | ॥ | ပွန်နိပ္ဖန္နရုပ်အဋ္ဌာရသ | အကု | အကုသိုလ်ဒွါဒသ၊ စေ သတ္တဝီသ | (၄)<br>*၀ |

ကရိုဏ်း။ ။ကွင်းပြ တပ္ပိုင်နက်-မပြ ယထာရဟ။အာဝ=ဂ=ဝဏ္ဏာဝိဝင်၍အာရှစ်မျိုးရ၏။ *၆-မှာနိ၊ဝိဝ်-တိုး။ *ဂ-မှာအာရှစ်မျိုး။

## ပဉ္စ ဝိဘင်္ဂဝါရ-ဝတ္ထာ၊ အာပုဓိ၊ ဝတ္ထာဓိ၊ ပါဠိတော်ဇယား

| ပစ္စည်းအမည် | ပဒ | ပစ္စည်း | တရား | ပါဠိဝသာန | ပစ္စယုပ္ပန် | တရား |
|---|---|---|---|---|---|---|
| ဝတ္ထာ | ဗျာ | အရဟာဝတ္ထုံ | စုတိ....ဟဒယဝတ္ထု | ဗျာ | အနိစ္စတော....ပ....ဝိပဿတိ | မနောဒွါ၊ မရဏာကြိဇော ၅၊ ရုံ |
| | ။ | သေက္ခာဝါပုထုဇ္ဇနာဝါဝတ္ထုံ | ။ | ကု | ။ ဝိပဿန္တိ | မရဏာကုဇော ၅ |
| | ။ | ဝတ္ထုံ | ။ | အကု | အဿာဒေတိ အဘိနန္ဒတိ တံအာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ၊ ဒေါမနဿံဥပ္ပဇ္ဇတိ | မရဏာ အကုဇော ၅ |
| အာပုဓိ | ။ | စက္ခုံ/သောတံ (ပ) ဝတ္ထုံ | အလေးပြုအပ်-ဇွ နိပ္ဖန္နရုပ် ၁၈ | ။ | ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံကတွာရာဂေါဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ ၂ | အလေးပြုတတ် လောဘရှစ် |
| ဝတ္ထာဓိ | ။ | ဝတ္ထုံ | အလေးပြုအပ်-စုတိ....ဟဒယဝတ္ထု | ။ | ။ | အလေးပြုတတ်-မရဏာလောဇော ၅ |

## ပဋ္ဌာဝိဘင်္ဂဝါရ-ဝတ္ထာ၊ အာပုမိ၊ ဝတ္ထာမိ အကောက်ဇယား

| ပစ္စည်း အမည် | ပဒ | ပစ္စည်း = ကတ္တား | ပဒါ ဝသာန | ပစ္စယုပ္ပန် = ကြိယာ သမ္ပဒါန် | ကရိုက်း |
| --- | --- | --- | --- | --- | --- |
| ဝတ္ထာ | ဗျာ | စုတ်စိတ်မှပြန်၍ရေသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ | ဗျာ | မနောဓာ၊ မရဏာသန္နကြိယာဇော ၅၊ ရုံ | (၆) |
| | ။ | ။ | ကု | မရဏာသန္နကုသိုလ်ဇော ၅ | (၆) |
| | ။ | ။ | အကု | မရဏာသန္နအကုသိုလ်ဇော ၅ | (၆) ＊၁ |
| အာပုမိ | ။ | အလေးပြုအပ်-ဇာဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈ | ။ | အလေးပြုတတ်-လောဘမူရှစ် | (၆) ＊၁ |
| ဝတ္ထာမိ | ။ | ။ စုတိ........ဟဒယဝတ္ထု၊ | ။ | ။ လောဘမူမရဏာသန္နဇော ၅ | ၁ |

## ပဋ္ဌာဝိဘင်္ဂဝါရ။ အာမိ-အာရမ္မဏူပ သရုပ်ခွဲဇယား

| ပစ္စည်း | ပစ္စယုပ္ပန် |
| --- | --- |
| အလေးပြုအပ်-ဇာဋ္ဌနိပ္ဖန္နရုပ် ၁၈၊ ဒေါ,မော,ဒုက္ခကြဉ်ကီ ၇၆၊ ဒေါစတုက်၊ ဝိစိကြဉ်စေ ၄၇<br>။ လောကီကုသိုလ်သတ္တရသ<br>။ ။ အောက်မဂ် ၃၊ အောက်ဖိုလ် ၃၊ နိဗ္ဗာန်<br>။ ရဟတ်မဂ်၊ ရဟတ်ဖိုလ်၊ နိဗ္ဗာန်<br>နိဗ္ဗာန် | အလေးပြုတတ်-လောဘမူရှစ်<br>။ မဟာကုစိဉ် ၄<br>။ မဟာကုသံ ၄<br>။ မဟာကြိသံ ၄<br>လောကုတ္တရာစိတ်ရှစ် |

| | ပဒ | ပစ္စည်း | ပဒါ ဝသာန | ပစ္စယုပ္ပန် | | |
|---|---|---|---|---|---|---|
| | | | | သမ္ပယုတ္တကာနံ ခန္ဓာနံ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | ကဋတ္တာရူပါနံ |
| ဟေး=ဟေတု<br>မိ=အဓိပတိ<br>ကံ=စေတနာ<br>ဟာ=အာဟာရ<br>ကုံ=ကုန္ဒြိယာ<br>ဈာ=ဈာနင်္ဂါနိ<br>မင်=မဂ္ဂင်္ဂါနိ | ကု | ကုသလာ | ကု | ။ | | |
| | ။ | ။ | ဗျာ | | ။ | |
| | ။ | ။ | ကုဗျာ | ။ | ။ ဋ္ဌ | |
| | အကု | အကုသလာ | အကု | ။ | | |
| | ။ | ။ | ဗျာ | | ။ | |
| | ။ | ။ | အကုဗျာ | ။ | ။ ဋ္ဌ | |
| | ဗျာ | ဝိပါကာဗျာကတာ ကြိယာဗျာကတာ | ဗျာ | ။ | ။ ဋ္ဌ | |
| | | (မိx) ပဋိသန္ဓိက္ခဏေဝိပါကာ ဗျာကတာ | | ။ | | ။ |
| | | (ကံ) စေတနာ | | | | ဝတ္ထုသာ |

## သဟဇာတအငယ် ပါဠိတော်ထုတ်နည်း

သဟငယ် (၇) မျိုးစလုံး၏ သုဒ္ဓသန်ျာပစ္စယုပ္ပန်၌ "သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်" ဟု ရှိကြ၏။ ၎င်းကို ပါဠိစီလျှင် သမ္ပယုတ္တခန္ဓာကို "သမ္ပယုတ္တကာနံ ခန္ဓာနံ" စိတ္တဇရုပ်ကို "စိတ္တသမုဋ္ဌာနာနံရူပါနံ" ပဋိသန္ဓေကမ္မဇရုပ်ကို "ကဋတ္တာရူပါနံ" ဟု ဟောတော်မူ၏။

ပစ္စည်းတရားများမှာ ဟိတ်ခြောက်ပါး၊ အဓိပတိတရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါး စသည်ဖြစ်ရာ ဟေတု=ကုသလာဟေတူ၊ အကုသလာဟေတူ၊ ဝိပါကာ ဗျာကတာ ကြိယာဗျာကတာဟေတူ၊ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာဟေတူ။ အဓိပတိ= ကုသလာဓိပတိ၊ အကုသလာဓိပတိ၊ ဝိပါကာဗျာကတာ ကြိယာဗျာကတာဓိပတိ။ ကမ္မ= ကုသလာစေတနာ။ အာဟာရ=ကုသလာအာဟာရာ။ ဣန္ဒြိယ = ကုသလာဣန္ဒြိယာ အစရှိသည် ပါဠိစီလေ၊ ဈာနနှင့်မဂ္ဂတို့မှာ နပုလ္လိင်ဖြစ်၍ "နိ" ထည့်ပေးခါ ကုသလာနိ ဈာနင်္ဂါနိ၊ ကုသလာနိမဂ္ဂင်္ဂါနိ စသည်ဆိုပါ။

အဓိပတိ၌ ပဋိသန္ဓေအခါမရ၍ ပဋိသန္ဓိက္ခဏေ မဆိုရကြောင်း "မိ" ဟု ရေးခါ ကြက်ခြေပြထားသည်။

ကမ္မပစ္စည်း ပဋိသန္ဓေအခါ၌ နောက်ဆုံးအဖျားသတ်တွင် "စေတနာဝတ္ထုသာ" ဟု ဆိုပါ။ စေတနာသည် မိမိ၏မှီရာ ဟဒယဝတ္ထုအားလည်း ကမ္မပစ္စည်းတတ်သော အဖြစ်ကို သိစေလို၍ အထူးဟောတော်မူ၏။

## သဟဇာတအငယ်-ကဏ္ဍား သမ္ပဒါန် အကောက်ဇယား

| ပဒ | ပစ္စည်း=ကဏ္ဍား | ဟေ | မိ | ကံ | ဟာ | ဣ | ဈာ | မဂ် | ပဒါ ဝေသာန | ပစ္စယုပ္ပန်=သမ္ပဒါန် | ကရိုက်း=သတ္တိ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | ဟေ | မိ | ကံ | ဟာ | ဣ | ဈာ | မဂ် |
| ကု | ကု ၂၁ + စေ ၃၈ စိတ္တက္ခဏ.............. | ၂-၃ | ၃-၄ | စေ | ၃ | ၈ | ၅ | ၈ | ကု | (ကု ၂၁+စေ၃၈) သမ္ပယုတ္တခန္ဓာ | ၁၀ | ၁ | (၈) | ၁၀ | ၁၂ | ၉ | ၁၁ |
| ׀ | ပဋ္ဌဝေ ׀ | ׀ | ׀ | ׀ | ׀ | ׀ | ׀ | ׀ | ဈာ | (ကုပြုအပ်သော) ׀ စိတ္တဇရုပ် | ၉ | ׀ | (၇) | ၉ | ၁၁ | ၈ | ၁၀ |
| ׀ | ׀ ׀ | ׀ | ׀ | ׀ | ׀ | ׀ | ׀ | ׀ | ကုဈာ | (ကု ၂၁+စေ၃၈) ׀ ׀ | ၈ | ׀ | (၆) | ၈ | ၁၀ | ၇ | ၉ |
| အကု | အကု ၁၂+ စေ ၂၇ စိတ္တက္ခဏ.............. | ၁-၂ | ၃ | ׀ | ׀ | ၅ | ׀ | ၄ | အကု | (အကု ၁၂+စေ၂၇) ׀ | (၇) | ׀ | (၈) | ၁၀ | ၁၁ | ၉ | ၁၀ |
| ׀ | ပဋ္ဌဝေါ ׀ | ׀ | ׀ | ׀ | ׀ | ׀ | ׀ | ׀ | ဈာ | (အကုပြုအပ်သော) ׀ | (၆) | ׀ | (၇) | ၉ | ၁၀ | ၈ | ၉ |
| ׀ | ׀ ׀ | ׀ | ׀ | ׀ | ׀ | ׀ | ׀ | ׀ | အကုဈာ | (အကု ၁၂+စေ ၂၇) ׀ ׀ | (၅) | ׀ | (၆) | ၈ | ၉ | ၇ | ၈ |
| ဈာ | (ပဝတ္တိ)=မိ ၃၆၊ ကြိ ၂၀+စေ ၃၈ စိတ္တက္ခဏ.... | ၂-၃ | ၃-၄ | ׀ | ׀ | ၀ | ׀ | ၀ | ဈာ | (မိ၃၆၊ ကြိ၂၀+စေ၃၈) ׀ (ဌင်း) ׀ | ၁၂ | ׀ | ၁၀ | ၁၂ | ၁၄ | ၁၁ | ၁၃ |
| | (ပဋိ)=ပဋိ ၁၉ + စေ ၃၅ စိတ္တက္ခဏ.................. | ׀ | × | ׀ | ׀ | ׀ | ׀ | ၅ | | (ပဋိ ၁၉+စေ၃၅) ׀ (ဌင်း)ကဋတ္တာရုပ် | ၁၁ | × | ׀ | ၁၁ | ၁၃ | ׀ | ၁၂ |

ဟေတု ၏ သမ္ပယုတ္တခန္ဓာဆိုသည်မှာ သဟိတ်စိတ်၇၁၊ မောဟမူဒွေ့၌မောဟကြဉ်သော စေ ၅၂ ဖြစ်၏။ ၎င်း၏ သမ္ပဒါန်တွင် အကုပဒ၌ မောဒွေ့ မောကြဉ်စေ ၂၇ သာရ၏။ ဈာပဒပဝတ္တိ အခါတွင် သဟိတ်မိ ၂၁၊ သဟိတ်ကြိ ၁၇+စေ ၃၈ ဖြစ်၍ ပဋိသန္ဓေအခါ သဟိတ်ပဋိသန္ဓေ ၁၇+စေ ၃၅ရ၏။ **အဓိပတိ** မှာသာဓိပတ်ဇော ၅၂ သာရသဖြင့် ကုပဒ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကု-၈၊ ကေန်ရသော မဟဂ္ဂုတ်ကု ၉၊ မဂ် ၄ + စေ ၃၈ ဖြစ်၏။ အကုပဒ၌ အဓိပတ် ပစ္စည်းကို ရသောအခါ လော-၈၊ ဒေါ-၂ +ဝိဇိကြဉ်စေ ၂၆ဖြစ်၏၊ ဈာပဒတွင် အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကြိ-၈၊ ကေန်ရသော မဟဂ္ဂုတ်ကြိ-၉၊ ဖိုလ် ၄+စေ ၃၈ဖြစ်၏။ သမ္ပဒါန်ပုဒ်၌ အဓိပတိတရားကိုယ်ကိုကြဉ်၍ ကောက်။ ။**ကမ္မ** တွင် သမ္ပဒါန်ပုဒ်၌စေတနာကြဉ်၍ကောက်။ ။ **ဣန္ဒြိယ** ပစ္စည်း အကုပဒ၌ ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ ဝီရိယ၊ ကေဂ္ဂတာ ၅ ပါးသာရ၏။ မဂ္ဂပစ္စည်းအကုပဒ၌ ဝိတက်၊ ဝီရိယ၊ ကေဂ္ဂတာ၊ ဒိဋ္ဌိ၄-ပါးသာရ၏။ **မဂ္ဂ** ပစ္စည်းဈာပဒပဝတ္တိအခါတွင် မဂ္ဂင်ရှစ်ပါး ဒိဋ္ဌိမရ) ပဋိသန္ဓေအခါဝိရိဘိနှင့်ဒိဋ္ဌိမရ၍ ပညာ၊ ဝိတက်၊ ဝီရိယ၊ သတိ၊ ကေဂ္ဂတာသာရ၏။ ။**ဈာန** ပစ္စည်း ဈာပဒ၌ ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော ဝိ ၂ ၆ ဟုဆိုပါ။ ။**မဂ္ဂ** ပစ္စည်း ဈာ-ဈာ ပဝတ္တိ၌ ဟေတုအတိုင်းတွင် မောဒွေ့မော မကြဉ်ရသည်သာထူး၏။ ။ **အာဟာရ၊ ဣန္ဒြိယ** တို့ကား ဝိပါက်ကြိယာအပြည့်အစုံ ဇယားအတိုင်းပင် ရ၏။

**ကရိုက်း**။ ။**အဓိပတိ** ပစ္စည်းကရိုက်းကောက်၌ အဓိပတိတရားကိုယ် ၃ ပါး ၄ ပါးရှိနေရာ မည်သည့်အဓိပတိတရားကိုယ်ကိုမျှ အဓိပတိ အနေ အားဖြင့်မခွဲခြားနိုင်၍ " သဟဇာတာဓိပတိ သတ္တိရ၏" ဟု သာမညအားဖြင့်သာ ကောက်ရသည်။

# ပဉ္စဝိဘာဂဝါရ သဟဇာတအကြီး အလတ် ပါဠိတော်ဇယား

| ပဒ | ပစ္စည်း=ကတ္တား | | | | | ပဒါ ဝသာန | ပစ္စယုပ္ပန်=သမ္ပဒါန် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ကု | ကုသလော | ၁ | ၃ | ၂ | | ကု | ၃ | ၁ | ၂ | | | |
| ။ | ကုသလာခန္ဓာ | | | | | ဗျာ | | | | စိတ္တသမုဋ္ဌာနာနံရူပါနံ | | |
| ။ | ကုသလော | ၁ | ၃ | ၂ | | ကုဗျာ | ၃ | ၁ | ၂ | ။ဋ္ဌ | | |
| အကု | အကုသလော | ၁ | ၃ | ၂ | | အကု | ၃ | ၁ | ၂ | | | |
| ။ | အကုသလာခန္ဓာ | | | | | ဗျာ | | | | စိတ္တသမုဋ္ဌာနာနံရူပါနံ | | |
| ။ | အကုသလော | ၁ | ၃ | ၂ | | အကုဗျာ | ၃ | ၁ | ၂ | ။ဋ္ဌ | | |
| ဗျာ | ဝိပါကာဗျာကတော ကြိယာဗျာကတော | ၁ | ၃ | ၂ | | ဗျာ | ၃ | ၁ | ၂ | ။ဋ္ဌ | | |
| | ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော | ၁ | ၃ | ၂ | | | ၃ | ၁ | ၂ | | ကဋတ္တာ စရူပါနံ | |
| | ခန္ဓာ | | | | | | | | | | ဝတ္ထုဿ | |
| | ဝတ္ထု | | | | | | ခန္ဓာနံ | | | | | |
| | | ၁ | ၃ | ၂ | (မဟာဘူတာ) | | ၃ | ၁ | ၂ | (စိတ္တသမုဋ္ဌာနာနံရူပါနံ | ကဋတ္တာရူပါနံ | ဥပါဒါရူပါနံ) |
| | ဗာဟိရံ | ။ | | | (။) | | ။ | | | | | ( ။ ) |
| | အာဟာရသမုဋ္ဌာနံ | ။ | | | (။) | | ။ | | | | | ( ။ ) |
| | ဥတုသမုဋ္ဌာနံ | ။ | | | (။) | | ။ | | | | | ( ။ ) |
| | အသညသတ္တာနံ | ။ | | | (။) | | ။ | | | | ( ။ | ။ ) |
| ကုဗျာ | ကုသလာခန္ဓာစ မဟာဘူတာစ | | | | | ဗျာ | စိတ္တသမုဋ္ဌာနာနံရူပါနံ | | | | | |
| အကုဗျာ | အ ။ ။ | | | | | ဗျာ | ။ | | | | | |

အညမည။ သမ္ပယုတ္တ = (ကု-ကု) (အကု-အကု) တို့ကို သဟဇာတအတိုင်းဆိုပါ။ (ဗျာ-ဗျာ) ပဝတ္တိတွင် စိတ္တဇရုပ်မရ၍ စိတ္တဇရုပ်ကိုချကာ "ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကောခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ" စသည်တို့ကိုသာဆိုပါ။ ပဋိသန္ဓေ = အညမည ပစ္စည်းသည် ပဋိသန္ဓေအခါ သုဒ္ဓသဉ်ျာ ကပြခဲ့သည့်အတိုင်း ဟဒယဝတ္ထုကို ကေန်ရ၏။ (ပဉ္စဝေါကာရပဋိတည်း) ထို့ကြောင့် "ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကောခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿစ" စသည်ကိုဆိုပါ။ "ခန္ဓာ ဝတ္ထုဿ၊ ဝတ္ထု ခန္ဓာနံ" လည်းရ၏။ သမ္ပယုတ္တ = ခန္ဓာဝတ္ထုဿ-စသည်မရပြီ။ ရုပ်သက်သက် အညမည ပစ္စယုပ္ပန်၌ ဥပါဒါရုပ်များမရှိ၍ မဟာဘူတာတို့ကိုမဆိုရပြီ။ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ - စသည်အားလုံးဆိုပါ။

ဝိပါက = (ဗျာ-ဗျာ) ပဝတ္တိ = ဝိပါက်များသာဖြစ်၍ ကြိယာကိုဖြုတ်ခါ သဟဇာတအတိုင်းဆို။ ပဋိသန္ဓေ = ဧကော ခန္ဓော စသည်ကို သဟဇာတအတိုင်းဆို။ ဟဒယဝတ္ထုအားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေအတွက် "ခန္ဓာ ဝတ္ထုဿ" ဟုဆိုပါ။ ဝတ္ထု ခန္ဓာနံ-မရပြီ။ ရုပ်သက်သက်လည်း မရပြီ။

ဝိပ္ပယုတ္တ = (ကု-ဗျာ) (အကု-ဗျာ) တို့ကို သဟဇာတအတိုင်းဆိုပါ။ ။ (ဗျာ-ဗျာ) ပဝတ္တိ = ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ။ ပဋိသန္ဓေ = ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ခန္ဓာ ကဋတ္တာရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ၊ ဝတ္ထု ခန္ဓာနံ-ရ၏။

| အမည် | ပဒ | ပစ္စည်း=ကုသိုလ် | ပဒါ ဝသာန | ပစ္စယုပ္ပန်=သမ္ပဒါန် | ကရိုက်း |
|---|---|---|---|---|---|
| သဟဇာတဝါရ ပြီး ၄ | ကု | ကု ၂၁+စေ ၃၀ အစိတ်အစိတ်နာမက္ခန္ဓာ | ကု | (ကု၂၁+စေ ၃၀အစိတ် ...) အချင်းချင်း | (၆) |
| | " | ပဋ္ဌဝေါ " အပေါင်း " | ဗျာ | (ကုပြုအပ်သော) စိတ္တဇရုပ် | (၅) |
| | " | " " အစိတ် " | ကုဗျာ | အချင်းချင်း နာမက္ခန္ဓာ,စိတ္တဇရုပ် (ကု၂၁+စေ ၃၀အစိတ်အစိတ်နာမက္ခန္ဓာ,စိတ္တဇရုပ်), | (၄) |
| | ဗျာ | ပဝတ္တိ=ဝိ ၃၆၊ ကြိ ၂၀+စေ ၃၀ အစိတ်အစိတ် နာမက္ခန္ဓာ | ဗျာ | အချင်းချင်း (၎င်း) နာမက္ခန္ဓာ, စိတ္တဇရုပ် (ဝိ ၃၆၊ ကြိ ၂၀+စေ ၃၀ အစိတ်....စိတ္တဇရုပ်) | ၀ |
| | | ပဋိ=ပဋိ ၁၉+စေ ၃၅ အစိတ်အစိတ်,အစိတ်အပေါင်း နာမက္ခန္ဓာ, ဟဒယဝတ္ထု၊ | | အချင်းချင်း (၎င်း)နာမက္ခန္ဓာ, ကဋတ္တာရုပ် (ပဋိ ၁၉+စေ ၃၅ အစိတ်အစိတ်, အစိတ် အပေါင်း နာမက္ခန္ဓာ, ကဋတ္တာရုပ်) | ၀ |
| | | ရုပ်=စိတ္တဇ မဟာဘုတ်၊ ပဋိသန္ဓေ ကမ္မဇမဟာဘုတ် ဗာဟိရ မဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇ မဟာဘုတ်၊ အသညသတ် ကမ္မဇ မဟာဘုတ်၊ ပဝတ္တိကမ္မဇမဟာဘုတ်၊ | | အချင်းချင်းအားဖြင့်၊ ဥပါဒါရုပ်အားဖြင့် (ဘုတ်နှင့်တကွသော စိတ္တဇဥပါဒါ.... ....(ပ) ....ပဝတ္တိကမ္မဇဥပါဒါရုပ်) | ၅ |
| | ကုဗျာ | ပဋ္ဌဝေါ—ကု၂၁+စေ၃၀အစိတ်အပေါင်း နာမက္ခန္ဓာ၊ အစိတ်အပေါင်း မဟာဘုတ် | ဗျာ | စိတ္တဇရုပ် | (၄) |

အကုပဒ ၃-ချက်နှင့် အကုဗျာပဒတို့တွင် အကု ၁၂+စေ ၂၇ ဟု ကောက်ရသည်သာ ထူး၏။

# ပဋ္ဌာဝိဘင်္ဂါရ၊ သဟဇာတ အလတ်-အကောက်ဇယား



| အမည် | ပဒ | ပစ္စည်း=ကဋ္ဌား | ပဒါ ဝသာန | ပစ္စယုပ္ပန်=သမ္ပဒါန် | ကရိုက်း |
|---|---|---|---|---|---|
| ဩဓဩဇ | ဗျာ | ပဝတ္တိ=ဝိ ၃၆၊ ကြိ ၂၀+စေ ၃၀ အစိတ်အစိတ် နာမက္ခန္ဓာ | ဗျာ | အချင်းချင်း (ဝိ၃၆၊ ကြိ ၂၀+စေ ၃၀ အစိတ်အစိတ်နာမက္ခန္ဓာ) | ၇ |
| | | ပဋိ=ပဋိ ၁၉+စေ ၃၅ အစိတ်အစိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ,ဟဒယ ဝတ္ထု | | အချင်းချင်း (၎င်း) နာမက္ခန္ဓာ,ဟဒယဝတ္ထု (ပဋိ၁၉+စေ ၃၅ အစိတ်အစိတ်,အစိတ် အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု) | ၀ |
| | | ရုပ်=စိတ္တဇမဟာဘုတ် (ပ) ပဝတ္တိကမ္မဇ မဟာဘုတ် | | အချင်းချင်း (စိတ္တဇ မဟာဘုတ် (ပ) ပဝတ္တိ ကမ္မဇ မဟာဘုတ်) | (၅) |
| ဗပါဇ | ။ | ပဝတ္တိ=ဝိ ၃၆+စေ ၃၀ အစိတ်အစိတ် နာမက္ခန္ဓာ | ။ | အချင်းချင်း (၎င်း) နာမက္ခန္ဓာ, စိတ္တဇရုပ် (ဝိ ၃၆+စေ ၃၀ အစိတ်........စိတ္တဇရုပ်) | ၀ |
| | | ပဋိ=ပဋိ ၁၉+စေ ၃၅ အစိတ်အစိတ်,အစိတ်ပေါင်း နာမက္ခန္ဓာ | | အချင်းချင်း (၎င်း) နာမက္ခန္ဓာ,ကဋတ္တာရုပ် (ပဋိ ၁၉+စေ ၃၅ အစိတ်....ကဋတ္တာရုပ်) | ၀ |

| အမည် | ပဒ | ပစ္စည်း=ကထား | ပဒါဝသာန | ပစ္စယုပ္ပန်=သမ္ပဒါန် | ကရိုက်း |
| --- | --- | --- | --- | --- | --- |
| [illegible] | ဗျာ | ပဝတ္တိ=ဝိ ၃၆၊ ကြိ ၂၀+စေ ၃၈ အစိတ်အစိတ် နာမက္ခန္ဓာ | ဗျာ | အချင်းချင်း (ဝိ၃၆၊ ကြိ ၂၀+ စေ ၃၈ အစိတ်အစိတ်နာမက္ခန္ဓာ) | ၇ |
| | | ပဋိ=ပဋိ ၁၉ + စေ ၃၅ အစိတ်အစိတ် နာမက္ခန္ဓာ | | အချင်းချင်း (ပဋိ ၁၉+စေ ၃၅ အစိတ်အစိတ် နာမက္ခန္ဓာ) | (၇) |
| [illegible] | ။ | ပဝတ္တိ=ပဥ္စဝေါ-အရူပဝိပါ၊ ဒွေပဉ္စ၁၀၊ ရဟန္တာတို့ စုတိကြဉ် ဝိ ၂၂၊ ကြိ ၂၀+ စေ ၃၈ အစိတ်အပေါင်း နာမက္ခန္ဓာ | ။ | စိတ္တဇရုပ် (ဝိပါက်ကြိယာပြုအပ်သောစိတ္တဇရုပ်) | ၆ |
| | | ပဋိ=ပဉ္စဝေါ ပဋိ ၁၅ + စေ ၃၅ အစိတ်အပေါင်း နာမက္ခန္ဓာ ပဉ္စဝေါ ပဋိ ၁၅+စေ ၃၅ အစိတ်အပေါင်း နာမက္ခန္ဓာ, ဟဒယဝတ္ထု | | ကဋတ္တာရုပ် အချင်းချင်း (ပဉ္စဝေါ ပဋိ ၁၅ + စေ ၃၅ အစိတ် အပေါင်း နာမက္ခန္ဓာ,ဟဒယဝတ္ထု) | ၇ |

အညမည၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တတို့၏ ကု-ကု၊ ကု-ဗျာတို့ကို သဟဇာတအကြီးအတိုင်း ကောက်ပါ၊ ဗျာ-ဗျာတို့ကိုသာ အနည်းငယ်ထူး၍ ရေးပြလိုက်သည်။ ဝိပ္ပယုတ္တဟဒယဝတ္ထုမှာ ကဋတ္တာရုပ်သမ္ပဒါန်ကောက်ရာ၌ ကဋတ္တာရုပ်ဟုဆိုပါ။

**ကရိုက်း**။ ။ကွင်းအတွင်းပြထားသော ကရိုက်းပစ္စည်းရေများမှာတပြိုင်နက်ဖြစ်၍၊ ကျန်ပစ္စည်းရေများမှာ ယထာရဟဖြစ်၏။

# ပဋ္ဌာဝိဘင်္ဂဝါရ အနုလောမပဉ္စနိသ္သယမျိုးပါဠိတော်ဇယား

| ပဒ | ပစ္စည်းပါဠိ | ပစ္စည်းတရား | ပဒါ ဝသာန | ပစ္စယုပ္ပန်ပါဠိ | ပစ္စယုပ္ပန် တရား |
|---|---|---|---|---|---|
| က | ပုရိမာ ပုရိမာ ကုသလာခန္ဓာ | ဆုံးဇောကြဉ်ကြီကု ၁၇ | က | ပစ္ဆိမာနံပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ* | ပဇောကြဉ် ကု ၂၁ |
| | အနုလောမံ၂ | သင်္ခါရအာရုံ မဟာကု ပ, တဒွေ | က | ဂေါတြဘုဿ/ ဝေါဒါနဿ | နိဗ္ဗာန်အာရုံ မဟာကု ပ, တဒွေ |
| | ဂေါတြဘု/ဝေါဒါနံ | နိဗ္ဗာန်အာရုံ, ပ, တဒွေ | | မဂ္ဂဿ *၂ | ။ သော, ထက်မဂ် |
| ။ | ကုသလံ | ကြီကု ၁၇ ဆုံးဇော | ဗျာ | ဝုဋ္ဌာနဿ | ရုံ ၁၁၊ မဟာဂ်ဝိ ၉ |
| | (နံကမ္မ) = မဂ္ဂေါ | မဂ် ၄ | | ဖလဿ | ဖိုလ် ၄ |
| | အနုလောမံ | သင်္ခါရအာရုံ မဟာကု ပ, တဒွေ | | သေက္ခာယ ဖလသမာပတ္တိယာ | အောက်ဖိုလ် ၃ |
| | နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနံ ကုသလံ | နိရောဓမှထ, နေဝကု | | ဖလသမာပတ္တိယာ* | အနာဂါမိဖိုလ် |
| အကု | ပုရိမာပုရိမာအကုသလာခန္ဓာ | ဆုံးဇောကြဉ် အကု ၁၂ | အကု | ပစ္ဆိမာနံပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ* | ပဇောကြဉ် အကု ၁၂ |
| ။ | အကုသလံ | အကု ၁၂, ဆုံးဇော | ဗျာ | ဝုဋ္ဌာနဿ* | ရုံ ၁၁၊ မဟာဂ်ဝိ ၉ |
| ဗျာ | ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ | ရဟန္တာစု, ဘဝင်ကြဉ် ရှေးဝိ ၃၆ | ဗျာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာ-ဗျာကတာနံ | ရဟန္တာစုနှင့် တကွ နောက် ဝိ ၃၆ |
| | (အာသေ)=ကြိယာဗျာကတာ ခန္ဓာ | ဆုံးဇော, ဒုဝု, ပဋ္ဌာ ကြဉ်ကြိ ၁၉ | | ကြိယာဗျာကတာနံ ခန္ဓာနံ* | ပဇော, ပဝု, ပဋ္ဌာကြဉ် ကြိ ၁၉ |
| | ဘဝင်ႋ | ဘဝင်ပစ္ဆေ ၁၉ | | အာဝဇ္ဇနာယ | အာဝဇ္ဇန်းဒွေ |
| | ကြိယံ | ကြိဆုံးဇော, ဒုဝု, ပဋ္ဌာ | | ဝုဋ္ဌာနဿ | ရုံ ၁၁၊ မဟာဂ်ဝိ ၉၊ ဒွေပဉ္စ |
| | အနုလောမံ | သင်္ခါရအာရုံ, မဟာကြိ ပ, တဒွေ | | ×အရဟတော ဖလသမာပတ္တိယာ | အရဟတ္တဖိုလ် |
| | နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကြိယံ | နိရောဓမှထ, နေဝ ကြိ | | ဖလသမာပတ္တိယာ* | အရဟတ္တဖိုလ် |
| ။ | အာဝဇ္ဇနာ | ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်း | က | ကုသလာနံ ခန္ဓာနံ* | မဟာကုပဇော |
| ။ | ။ | ။ | အကု | အကုသလာနံ ခန္ဓာနံ* | အကု ၁၂ ပဇော |

## ပဋ္ဌာဝိဘင်္ဂပါဠိ အနန္တရပစ္စည်းယမျိုး အကောက်ဇယား

| အမည် | ပဒ | ပစ္စည်း = ကဏ္ဍား | ပဒါဝသာန | ပစ္စယုပ္ပန် = သမ္ဘါန် | ကရိုက်း |
|---|---|---|---|---|---|
| အနန္တရ—၅ | ကု | ဆုံးဇောကြည့် ရှေးရှေးသော ကိကု ၁၇ (တနည်းကား) | ကု | ပဇောကြည့် နောက်နောက်သော ကု ၂၁ | (၆) |
| | ။ | ကိကု ၁၇ ဆုံးဇော၊ မဂ် ၄ (တနည်းကား) | ဗျာ | ရုံ ၁၁၊ မဟာဂ်ဝိ ၉၊ ဖိုလ် ၄ | ၆ |
| | အကု | ဆုံးဇောကြည့် ရှေးရှေးသော အကု ၁၂ (တနည်းကား) | အကု | ပဇောကြည့် နောက်နောက်သော အကု ၁၂ | (၆) |
| | ။ | အကုသိုလ် ဥဒ္ဓါဒသအဆုံးဇော | ဗျာ | ရုံ ၁၁၊ မဟာဂ်ဝိ ၉ | (၅) |
| | ဗျာ | ရဟန္တာစုတိကြည့် ရှေးရှေးသော ဝိ ၃၆၊ ကြိ ၂၀ (တနည်းကား) | ဗျာ | ရဟန္တာစုတိနှင့်တကွ နောက်နောက်သော ဝိ ၃၆၊ ကြိ ၂၀ | ၆ |
| | ။ | ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း | ကု | မဟာကုသိုလ် ပထမဇော | (၅) |
| | ။ | ။ | အကု | အကုသိုလ် ဥဒ္ဓါဒသ ပထမဇော | (၅) |
| အာသေ | ဗျာ | ဆုံးဇောကြည့် ရှေးရှေးသော ကြိယာဇော အဋ္ဌာရသ (တနည်းကား) | ဗျာ | ပဇောကြည့် နောက်နောက်သော ကြိယာဇော အဋ္ဌာရသ | (၆) |
| နကမ္မ | ကု | မဂ် ၄ ခု စေတနာ | ။ | မဂ္ဂါနန္တရဖိုလ် ၄ ခု | (၆) |

**အာသေဝန** ပစ္စည်း၏ ကု—ကု၊ အကု—အကုတို့ကို အနန္တရ ပစ္စည်းအတိုင်း ကောက်။

**ကရိုက်း။** ။အနန္တရူပ(၇)ပစ္စည်းတွင် အနံ၊ သနံ၊ ဥ၊ နတ်၊ ဝိဂတ ဤငါးပစ္စည်းမှာ တပ္ပိုင်နက် အမြဲရ၏။ ကု—ကု၊ အကု—အကု၌ အာသေဝန ရသောကြောင့် ၆-ပစ္စည်း တပ္ပိုင်နက်ဖြစ်၏။ ကု—ဗျာ၌ အနန္တရကမ္မဝင်၍ ယထာရဟ ၆-ပစ္စည်းရသည်။ ဗျာ—ဗျာ၌ ဇောတွင် အာသေဝန ရမည် ဖြစ်၍ ယထာရဟ ၆-ပစ္စည်းဖြစ်၏၊ အနန္တရကမ္မ၌ ကမ္မကေန်ရ၍ တပ္ပိုင်နက် ၆-ပစ္စည်းဖြစ်၏။

| ပဌ | ပစ္စည်းပါဠိ | ပစ္စည်း တရား | ပါဠိ ဝါရ | ပစ္စယုပ္ပန်ပါဠိ | ပစ္စယုပ္ပန် တရား |
|---|---|---|---|---|---|
| | သဒ္ဓံ ဥပနိဿာယ / သီလံ, သုတံ, စာဂံ, ပညံ ဥပနိဿာယ | မဟာကု | | (ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ ဝိပဿနံ, မဂ္ဂံ, အဘိညံ, သမာပတ္တိံ) | မဟာကု ဇောကု မဂ်ကု, ဘိကု သမာပတ် |
| | သဒ္ဓါ, သီလံ, သုတံ, စာဂေါ, ပညာ | မဟာကု | | သဒ္ဓါယ, သီလဿ, သုတဿ, စာဂဿ, ပညာယ | မဟာကု |
| | ပဌမဿ ဈာနဿ ပရိကမ္မံ ဒုတိယဿ၊ တတိယဿ၊ စတုတ္ထဿ၊ အာကာသာနဉ္စာယတနဿ ပရိကမ္မံ၊ ဝိညာ၊ အာကိံ၊ နေဝသညာနာသညာ...... | ပရိကံဇော ကိစ္စ တတ် သော မဟာကု | | ပဌမဿ ဈာနဿ၊ ဒုတိယဿ၊ တတိယဿ၊ စတုတ္ထဿ၊ အာကာသာနဉ္စာယတနဿ၊ ဝိညာ၊ အာကိံ၊ နေဝသညာ နာသညာ........ | ရူပဈာန် အရူပဈာန် |
| | ပဌမံ ဈာနံ၊ ဒုတိယံ၊ တတိယံ၊ စတုတ္ထံ၊ အာကာသာ နဉ္စာယတနံ၊ ဝိညာ၊ အာကိံ... .... | ဈာန်စသည် | | ဒုတိယဿ ဈာနဿ၊ တတိယ၊ စတုတ္ထ၊ အာကာသာနဉ္စာယတနဿ၊ ဝိညာ၊ အာကိံ၊ နေဝ... .... | ဈာန်စသည် |
| က | ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ၊ ဒိဗ္ဗာယ သောတဓာတုယာ၊ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယ၊ ပုဗ္ဗေနိဝါသာ နုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသ | ပရိကံဇော ကိစ္စ တတ် သောမဟာကု | က | ဒိဗ္ဗဿ စက္ခုဿ၊ ဒိဗ္ဗာယ သောတဓာတုယာ၊ ဣဒ္ဓိဝိဓဉာဏဿ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသ | ဒိဗ္ဗစက္ခု စသော အဘိညာဉ် |
| | ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတဓာတု ဣဒ္ဓိဝိဓဉာဏံ၊ စေတော၊ ပုဗ္ဗေ ယထာ | ဒိဗ္ဗစက္ခု စသောအဘိညာဉ် | | ဒိဗ္ဗာယ သောတဓာတုယာ၊ ဣဒ္ဓိ စေတော၊ ပုဗ္ဗေ၊ ယထာ၊ အနာ | ဒိဗ္ဗသောတ စသော အဘိညာဉ် |
| | ပဌမဿ မဂ္ဂဿ ပရိကမ္မံ၊ ဒုတိယ၊ တတိယ၊ စ | ပရိကံဇော မဟာကု | | ပဌမဿ မဂ္ဂဿ၊ ဒုတိယ၊ စ | သောတာမဂ် စသည် |
| | ပဌမော မဂ္ဂေါ၊ ဒု၊ တ | သောတာမဂ် စသည် | | ဒုတိယဿ မဂ္ဂဿ၊ တ၊ စ | သကဒါမဂ် စသည် |
| | သေက္ခာ မဂ္ဂံ ဥပနိဿာယ | အောက်မဂ် သုံးခု | | အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စ တော (ပ) အနတ္တတော ဝိပဿန္တိ | အနုပ္ပန္န၊ ဥပ္ပန္န သမာပတ် မဟာကု |
| | မဂ္ဂေါ | အောက်မဂ် သုံး | | သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မ၊ နိရုတ္တိ၊ ပဋိဘာန၊ ဌာနာ ဌာနကောသလ္လဿ | ပဋိသမ္ဘိဒါ လေးပါး၊ ဌာနာဌာနကော သလ္လဉာဏ် |
| ၊ | သဒ္ဓံ ဥပနိဿာယ / သီလံ....ပညံ ဥပနိဿာယ | မဟာကု | အကု | (မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ) | ဒိဋ္ဌိဝိပ္ပ၊ ဒိဋ္ဌိ သံ ၄ |
| | သဒ္ဓါ....ပညာ | လောကီကု | | ရာဂဿ, ဒေါသဿ, မောဟဿ, မာနဿ, ဒိဋ္ဌိယာ, ပတ္ထနာယ | အကု ၁၂ |
| | သဒ္ဓံ ဥပနိဿာယ / သီလံ .... ပညံ ဥပနိဿာယ | မဟာကု | | (အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ) | ဒုက္ခသဟဂုတ် ကာယဝိညာဉ် |
| | သဒ္ဓါ... ပညာ | မဟာကု | | ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ | ကာသု ကာဒု |
| | (ဖလဝကမ္မ) = ကုသလ်ကပ္ပ | မဟာကု ၂၁ ဓော၊နာ | | ဒ်ပါကဿ | ဝိပ် ၄ ကုသလ ဝိ ပါက် ၂၉ |
| ၊ | အရဟာမဂ္ဂံဥပနိဿာယ | အရဟတ္တမဂ် | ဗျာ | အနုပ္ပန္နံ ကြိယာ သမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော (ပ) အနတ္တတော ဝိပဿတိ | အနုပ္ပန္န ဥပ္ပန္န ကြိယာသမာပတ် မဟာကြိ |
| | မဂ္ဂေါ | အရဟတ္တမဂ် | | အရဟတော အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မ နိရုတ္တိ၊ ပဋိဘာန၊ ဌာနာဌာနကော သလ္လဿ | ပဋိသမ္ဘိဒါ လေးပါး၊ ဌာနာဌာနကော သလ္လဉာဏ် |
| | မဂ္ဂေါ | မဂ်လေးခု | | ဖလသမာပတ္တိယာ | ဖိုလ်လေးခု |

## ပဍ္ဍာဒိဘင်္ဂဝါရ၊ ပကတူပမနိဿယမျိုး ပါဠိတော်ဇယား။

| ပဒ | ပစ္စည်းပါဠိ | ပစ္စည်းတရား | ပဒါဝသာန | ပစ္စယုပ္ပန်ပါဠိ | ပစ္စယုပ္ပန်တရား |
|---|---|---|---|---|---|
| အကု | ရာဂံ ဥပနိဿာယ / ဒေါသံ, မောဟံ မာနံ, ဒိဋ္ဌိံ, ပတ္ထနံဥပနိဿာယ<br><br>ရာဂေါ,ဒေါသော,မောဟော,မာနော ဒိဋ္ဌိ,ပတ္ထနာ<br>ပါဏာတိပါတော၊ အဒိန္နာဒါနံ၊ ကာမေသုမိစ္ဆာစာရော၊ မုသာဝါဒေါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပေါ၊ အဘိဇ္ဈာ၊ ဗျာပါဒေါ၊ မိစ္ဆာဒိဋ္ဌိ<br><br>မာတုဃာတိကမ္မံ၊ ပိတုဃာတိကမ္မံ၊ အရဟန္တဃာတိကမ္မံ၊ ရုဟိရုပ္ပါဒကမ္မံ၊ သံဃဘေဒကမ္မံ၊ နိယတမိစ္ဆာဒိဋ္ဌိ | လော, ဒေါ, အကု,ဒိဋ္ဌိဝိ, ဒိဋ္ဌိသံ,လော<br><br>အကု၁၂<br>〃<br><br>ဒေါဒွေ သတ္တမဇော ဒိဋ္ဌိသံ သတ္တမဇော | အကု | (ပါဏံဟနတိ၊အဒိန္နံအာဒိယတိ၊မုသာ ဘဏတိ၊ပိသုဏံ၊ဖရုသံ၊သမ္ဖပ္ပလပတိ၊ သန္ဓိံဆိန္ဒတိ၊နိလ္လောပံဟရတိ၊ဧကာဂါရိကံကရောတိ၊ ပရိပန္ထေတိဋ္ဌတိ၊ ပရဒါရံဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊နိဂမဃာတံကရောတိ၊မာတရံ ဇီဝိတာဝေါရောပေတိ၊ ပိတရံ,အရဟန္တံ; ဒုဋ္ဌေန စိတ္တေနတထာဂတဿ လောဟိတံဥပ္ပါဒေတိ၊ သံဃံဘိန္ဒတိ)<br>ရာဂဿ, ဒေါသဿ, မောဟဿ, မာနဿ, ဒိဋ္ဌိယာ,ပတ္ထနာယ<br>(ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊မုသာဝါဒဿ၊ ပိသုဏာယဝါစာယ၊ဖရုသာယဝါစာယ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ၊ ဗျာပါဒဿ၊ မိစ္ဆာဒိဋ္ဌိယာ)<br>(မာတုဃာတိ ကမ္မဿ၊ ပိတုဃာတိ ကမ္မဿ၊ အရဟန္တ ဃာတိ ကမ္မဿ၊ ရုဟိရုပ္ပါဒ ကမ္မဿ၊ သံဃဘေဒ ကမ္မဿ၊နိယတမိစ္ဆာဒိဋ္ဌိယာ) | ဒေါ,မော,အကု,အကု, အကု,ဒေါ,မော, အကု,အကု, လော,မော, အကု,ဒေါ, ဒေါ,ဒေါ<br><br>အကု ၁၂<br>〃<br><br>ဒေါဒွေ သတ္တမဇော ဒိဋ္ဌိသ သတ္တမဇော |
| 〃 | ရာဂံ..../ဒေါသံ....<br>ရာဂေါ....ပတ္ထနာ<br>ပါဏံဟန္တာတဿ/အဒိန္နံအာဒိယိတွာ၊ မုသာ ဘဏိတွာ, ပိသုဏံ, ဖရုသံ, သမ္ဖပ္ပလပိတွာ, သန္ဓိံဆိန္ဒိတွာ, နိလ္လောပံဟရိတွာ,ဧကာဂါရိကံကရိတွာ, ပရိပန္ထေဋ္ဌတွာ,ပရဒါရံဂန္တွာ, ဂါမဃာတံကရိတွာ,နိဂမဃာတံကရိတွာ တဿ<br>မာတရံ ဇီဝိတာဝေါရောပေတွာ တဿ ပိတရံ,အရဟန္တံ,ဒုဋ္ဌေနစိတ္တေန တထာဂတဿ လောဟိတံဥပ္ပါဒေတွာ, သံဃံ ဘိန္ဒိတွာ တဿ | အကု ၁၂<br>〃<br>〃<br><br>ဒေါဒွေသတ္တမဇော | ကု | (ဒါနံဒေတိ....သမာပတ္တိံ ဥပ္ပါဒေတိ)<br>သဒ္ဓါယ....ပညာယ<br>(ပဋိဃာတတ္ထာယ ဒါနံဒေတိ....သမာပတ္တိံ ဥပ္ပါဒေတိ)<br><br>(ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထ ကမ္မံကရောတိ) | ကု ၂၁<br>မဟာကု<br>ကု ၂၁<br><br>မဟာကု |
| 〃 | ရာဂံ..../ဒေါသံ....<br>ရာဂေါ........ပတ္ထနာ<br>(ဗလဝကမ္မ) = အကုသလံကမ္မံ | အကု ၁၂<br>〃<br>အကု ၁၂ ရှိ စေတနာ | ဗျာ | (အတ္တာနံအာတာပေတိ-ပရိတာပေတိ)<br>ကာယိကဿ ........ ဖလသမာပတ္တိယာ<br>ဝိပါကဿ | ဒုက္ခာယဝိညာဉ် သု-ဒု-ဗိုလ်<br>အကုဝိ ၇ |
| ဗျာ | ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတု၊ ဘောဇနံ၊သေနာသနံ<br>ကာယိကံသုခံ........သေနာသနံ<br><br>ဖလသမာပတ္တိ<br><br>အရဟာ ကာယိကံသုခံ ဥပနိဿာယ/ ကာယိကံဒုက္ခံ....သေနာသနံဥပနိဿာယ | သု-ဒု-ဥတု ဘော,သေ<br>ဝိ၃၆,ကြိ၂၀, ရုပ်၂၈<br>ဗိုလ် ၄<br><br>ဝိ၃၆,ကြိ,၂၀ ရုပ် ၂၈ | ဗျာ | (ကာယိကဿသုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ)<br>〃<br><br>ကာယိကဿသုခဿ<br><br>(အနုပ္ပန္နံကြိယာသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ ........အနုဏ္ဏတော ဝိပဿတိ) | သု-ဒု-ဗိုလ်၄<br><br>ဝိ၃၆၊ကြိ၂၀<br><br>သု...ကာယဝိညာဉ်.<br>ကြိယာသမာပတ်,မဟာကြိ |
| 〃 | ကာယိကံသုခံ ဥပနိဿာယ / ကာယိကံ ဒုက္ခံ,..........သေနာသနံ ဥပနိဿာယ<br>ကာယိကံသုခံ, ကာယိကံ ဒုက္ခံ, ဥတု, ဘောဇနံ, သေနာသနံ | သု,ဒု စသည်<br><br>ဗိုလ်ကြွင် ဝိ, ကြိ, ရုပ် | ကု | (ဒါနံဒေတိ....သမာပတ္တိံ ပဥပ္ပါဒေတိ)<br><br>သဒ္ဓါယ.......ပညာယ | ကု ၂၁<br><br>မဟာကု |
| 〃 | ကာယိကံသုခံ ဥပနိဿာယ ကာယိကံ ဒုက္ခံ,..........သေနာသနံ ဥပနိဿာယ<br>ကာယိကံသုခံ.......သေနာသနံ | သု,ဒု,စသည်<br><br>ကိ,ဝိ,ကြိရုပ် | အကု | (ပါဏံဟနတိ....သံဃံဘိန္ဒတိ)<br><br>ရာဂဿ...... ပတ္ထနာယ | အကု ၁၂<br><br>〃 |

## ပဉ္စဝိဘင်္ဂဝါရ-ပကတူပနိဿယမျိုး အကောက်ဇယား

(ဗ)

| အမည် | ပဒ | ပစ္စည်း=ကတ္တား | ပဒါဝသာန | ပစ္စယုပ္ပန်=သမ္ပဒါန် | ကရိုဏ်း |
|---|---|---|---|---|---|
| ပကတူပနိဿယ | ကု | ဗလဝဖြစ်သော အရဟတ္တမဂ်ကြဉ် ကု ၂၀+စေ ၃၈ | ကု | ကု ၂၁+စေ ၃၈ | (၁) |
| | ။ | ။ ကီကု ၁၇+စေ ၃၈ | အကု | အကု ၁၂+စေ ၂၇ | (၁) |
| | ။ | ။ ကု ၂၁+စေ ၃၈ | ဗျာ | ဝိ ၃၆၊ ကြိ ၂၀+စေ ၃၈ | ၆ |
| | အကု | ။ အကု ၁၂+စေ ၂၇ | အကု | အကု ၁၂+စေ ၂၇ | (၁) |
| | ။ | ။ ။ | ကု | ကု ၂၁+စေ ၃၈ | (၁) |
| | ။ | ။ ။ | ဗျာ | ဝိ ၃၆၊ ကြိ ၂၀+စေ ၃၈ | ၂ |
| | ဗျာ | ။ ဝိ ၃၆၊ ကြိ ၂၀+စေ ၃၈၊ ရုပ် ၂၈ | ဗျာ | ။ | (၁) |
| | ။ | ။ ရဟတ်ဖိုလ်ကြဉ်ဝိ ၃၅၊ကြိ ၂၀ + စေ ၃၈၊ ရုပ် ၂၈ | ကု | ကု ၂၁+စေ ၃၈ | (၁) |
| | ။ | ။ ကီဝိ ၃၂၊ ကြိ ၂၀+စေ ၃၈၊ ရုပ် ၂၈ | အကု | အကု ၁၂+စေ ၂၇ | (၁) |
| ဗလဝနာနာကမ္မ | ကု | ။ ကု ၂၁ ရှိစေတနာ | ဗျာ | ကုသလဝိပါက်ကျေနတိံသ | ၆ |
| | အကု | ။ အကု ၁၂ ရှိစေတနာ | ။ | အကုသလဝိပါက်-၇ | (၂) |

## ပဋ္ဌာနဝိဘင်္ဂပါဠိ၊ ဝတ္ထုပုရေဇာတမျိုး-ပါဠိတော်ဇယား။



| အမည် | ပဒ | ပစ္စည်းပါဠိ | တရား | ပဒါဝသာန | ပစ္စယုပ္ပန်ပါဠိ | တရား |
|---|---|---|---|---|---|---|
| ဝတ်ပု | ဗျာ | စက္ခာယတနံ/(ပ) ကာယာယတနံ<br>ဝတ္ထု | စက္ခုဝတ္ထု/(ပ) ကာယဝတ္ထု<br>ဟဒယဝတ္ထု | ဗျာ | စက္ခုဝိညာဏဿ/(ပ) ကာယဝိညာဏဿ<br>ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ | စက်ဒွေ(ပ) / ကာဒွေ<br>ဝိ၂၂၊ကြိ၂၀+စေ၃၈ |
| | ။ | ဝတ္ထု | ဟဒယဝတ္ထု | ကု | ကုသလာနံခန္ဓာနံ | ကု၂၁+စေ၃၈ |
| | ။ | ။ | ။ | အကု | အကုသလာနံခန္ဓာနံ | အကု၁၂+စေ၂၇ |
| ပုတိ | ။ | စက္ခုန္ဒြိယံ/(ပ) ကာယိန္ဒြိယံ | စက္ခုန္ဒြေ/(ပ) ကာယိန္ဒြေ | ဗျာ | စက္ခုဝိညာဏဿ/(ပ) ကာယဝိညာဏဿ | စက်ဒွေ/(ပ) ကာဒွေ |

# ပဉှာဝိဘင်္ဂဝါရ ဝတ္ထုပုရေဇာတမျိုး အကောက်ဇယား။

| အမည် | ပဒ | ပစ္စည်း=ကတ္တား | ပဒါ ဝသာနု | ပစ္စယုပ္ပန်=သမ္ပဒါန် | ကရိုဏ်း |
|---|---|---|---|---|---|
| [illegible] | ဗျာ | *မဂ္ဂမာ....စက္ခုဝတ္ထု/(ပ) ကာယဝတ္ထု<br>*စုတိ....စက္ခုဝတ္ထု/(ပ) ကာယဝတ္ထု<br>ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု<br>ရှေ့စိတ္တက္ခဏတချက်ခန့် ကာလ၌ဖြစ်သော ဟဒယဝတ္ထု<br>စုတိစိတ်မှပြန်၍ရေ....ဟဒယဝတ္ထု | ဗျာ | စက္ခုဝိညာဉ်ဒွေ/(ပ) ကာယ ဝိညာဉ်ဒွေ<br>မရဏာသန္နအခါ....စက်ဒွေ/(ပ) ကာဒွေ<br>ပဉ္စဝေါ-အရူပ ၄၊ ဒွေပဥ္စာဝ ကြဉ်ပဘွင်အစရှိသော နောက်နောက်သောဝိ၂၂၊ကြိ၂၀<br>နိရောဓသမာပတ်မှ ထသောအခါအနာဂါမိဖိုလ်, အရဟတ္တဖိုလ်<br>မရဏာသန္နအခါပဉ္စဝေါဘွင်၁၅၊ ဒွန်းဒွေ၊ ဆုံးဒွေ၊ တီ၃၊ ဝုဋ္ဌော၊ မရဏာသန္နကြိဇော ၅၊ ရုံ၊ စုတိ | (၆)<br>၇ |
| | ။ | ဝု၊ မနောဒွါ.......................ဟဒယဝတ္ထု<br>စုတိစိတ်မှပြန်၍ ရေ.... .... .... ....ဟဒယဝတ္ထု | ကု | ပဉ္စဝေါ-နောက်နောက်သော ကုသိုလ် ၂၁<br>မရဏာသန္နကုဇော ၅ | ၆ |
| | ။ | ဝု၊ မနောဒွါ.......................ဟဒယဝတ္ထု<br>စုတိစိတ်မှပြန်၍ရေ.... .... .... .... ဟဒယဝတ္ထု | အကု | ပဉ္စဝေါ-နောက်နောက်သော အကုသိုလ် ၁၂<br>မရဏာသန္နအကုဇော ၅ | ၈ |

ကရိုဏ်းများ။ (ဗျာ-ဗျာ) ၌ဝတ္ထု ၆ မျိုးတွင် အာရမ္မဏဝင်၍ (၇) ဖြစ်၏။ (ဗျာ-ကု) ၌ ဋ္ဌမြဲယပြုတ်၍ ၆ ပစ္စည်းဖြစ် ၏။ (ဗျာ-အကု) ၌ ဝတ္ထာဓိဝင်၍ အာရမ္မဏရှစ်မျိုးစလုံးရ၏။

ဝတ်ပု = (ဗျာ-ဗျာ) သမ္ပဒါန်၌=ပဉ္စဝေါ ကာရဘုံ၌ဖြစ်သောအခါ-အရူပဝိ ၄ကြဉ်ပဋ္ဌမဘွင် အစရှိသော နောက်နောက်သော ဝိ ၃၂၊ကြိ ၂၀ တို့တည်း။

ပုတိ° = ဝတ်ပု ဗျာ-ဗျာ*အမှတ်ပြအတိုင်း စက္ခုဝတ္ထု (ပ) ကာယဝတ္ထုအစား စက္ခုနြွေ (ပ) ကာယနြွေဟုဆိုပါ။

## ပဉ္စဝိဘင်္ဂဝါရ၊ ပစ္စာဇာတဒွိမျိုး ပါဠိတော်ဇယား

| မျိုး | ပဒ | ပစ္စည်းပါဠိ | ပဒါဝသာန | ပစ္စယုပ္ပန်ပါဠိ |
|---|---|---|---|---|
| ဝငဓငဏ္ဏာ | ကု | ပစ္စာဇာတာ ကုသလာခန္ဓာ | ဗျာ | ပုရေဇာတဿ ဣမဿကာယဿ |
| | အကု | ။ အကုသလာခန္ဓာ | ။ | ။ |
| | ဗျာ | ။ ဝိပါကာဗျာကတာ ကြိယာဗျာ ကတာ ခန္ဓာ | ။ | ။ |
| ဝဿဍဝဝဓ အဠငဇငဇ | ကု | ကုသလာစေတနာ | ။ | ဝိပါကာနံခန္ဓာနံ ကဋတ္တာစရူပါနံ |
| | အကု | အကုသလာစေတနာ | ။ | ။ |
| ရုပ်ဟာ | ဗျာ | ကဗဠီကာရောအာဟာရော | ဗျာ | ဣမဿကာယဿ |
| ရူပတိ° | ဗျာ | ရူပဇီဝိတိန္ဒြိယံ | ။ | ကဋတ္တာရူပါနံ |
| ၁၇၀-၆၈ ဧဿဗ | ကုဗျာ | ကုသလော ဧကော ခန္ဓောစဝတ္ထုစ | ကု | တိဏ္ဏန္န°ခန္ဓာနံ |
| | | တယောခန္ဓာစ ဝတ္ထုစ | | ဧကဿခန္ဓဿ |
| | | ဒွေခန္ဓာစ ဝတ္ထုစ | | ဒွိန္နံခန္ဓာနံ |
| | အကုဗျာ | အကုသလော ။ | အကု | ။ |
| ငဓငဏ္ဏာ ၆ငဿငဝ | ကုဗျာ | ပစ္စာဇာတာ ကုသလာခန္ဓာစ ကဗဠီကာရော အာဟာရောစ | ဗျာ | ဣမဿကာယဿ |
| | အကုဗျာ | ။ အကုသလာ ။ | ။ | ။ |
| ငဓငဏ္ဏာ ဒွဣန္ဒ | ကုဗျာ | ပစ္စာဇာတာ ကုသလာခန္ဓာစ ရူပဇီဝိတိန္ဒြိယဉ္စ | ။ | ကဋတ္တာရူပါနံ |
| | အကုဗျာ | ။ အကုသလာ ။ | ။ | ။ |

## ပစ္စာဇာတဒိမျိုး အကောက်ဇယား။

| မျိုး | ပဒ | ပစ္စည်း=ကတ္တား | ပဒါ သောန | ပစ္စယုပ္ပန်=သမ္ပဒါန် | မြိုင် |
|---|---|---|---|---|---|
| ပစ္ဆာဇာတ | ကု | ပစ္စဝေါ-နောက်ဖြစ်သော ကု ၂၁+စေ ၃၁ | ဗျာ | ၀ု၊ မ....တိဇကာယ,စတုဇကာယ | ၄ |
| | အကု | ။ ။ အကု ၁၂+စေ ၂၇ | ။ | ။ | ၄ |
| | ဗျာ | ။ အရူပ ၄ ကြည် ပဋိသန္ဓေအစရှိသော နောက်ဖြစ်သောဝိ ၃၂၊ ကြိ ၂၀+စေ ၃၁ | ။ | ပဋိအစရှိသော....ကေဇကာယ, ဒွိဇကာယ, တိဇကာယ,စတုဇကာယ | ၄ |
| ဥပနိဿယ | ကု | ကာမကုသိုလ် စေတနာဟု ဆိုအပ်သောဒုဗ္ဗလ နာနာက္ခဏိက ကမ္မ<br>ပဋ္ဌဝေါ် ကု စေတနာဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ | ။ | ကာမကုသလဝိပါက် ၁၆<br>ကတ္တာရုပ် | ၁ |
| | အကု | အကုသိုလ် စေတနာဟု ဆိုအပ်သော ဒုဗ္ဗလနာနာက္ခဏိကကမ္မ<br>။ ။ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ | ။ | အကုသလ ဝိပါက် ၇<br>ကဋတ္တာရုပ် | ၁ |
| အာဟာရ | ဗျာ | စတုသမုဋ္ဌာနိကဩဇာ | ။ | ကလာပ်တူ ဩဇာကြည်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် | ၃ |
| ရူပတိ° | ဗျာ | ရုပ်ဇီဝိတိန္ဒြေ | ။ | ရုပ်ဇီဝိတိန္ဒြေ ကြည်သော ကလာပ်တူ ကမ္မဇရုပ် ၉ ခု | ၃ |

# ပဉ္စဝိဘတ်ဝါရ၊ မိဿက ၃ ပစ္စည်းအကောက်ဇယား

| အမည် | ပဒ | ပစ္စည်း=ကဏ္ဍား | ပဒါဝသာန | ပစ္စယုပ္ပန်=သမ္ပါန် | မြိုင် |
|---|---|---|---|---|---|
| [illegible] | ကုဗျာ | ပဍ္ဍဝေါ-ကု ၂၁+စေ ၃၀ အစိတ်အစိတ်နာမက္ခန္ဓာ<br>ဝု၊ မ..............................ဟဒယဝတ္ထု | ကု | အချင်းချင်း<br>(ကု၂ ၁+စေ၃၀အစိတ်အစိတ်နာမက္ခန္ဓာ) | ၃ |
| | အကုဗျာ | ပဍ္ဍဝေါ=အကု ၁၂+စေ ၂၇ အစိတ်အစိတ်<br>နာမက္ခန္ဓာ<br>ဝု၊ မ.............................. ဟဒယဝတ္ထု | အကု | အချင်းချင်း<br>(အကု ၁၂ +စေ ၂၇ အစိတ် အစိတ်နာမက္ခန္ဓာ) | ၃ |
| [illegible] | ကုဗျာ | ပဍ္ဍဝေါ-(ကု ၂၁ ÷စေ ၃၀) အစိတ်အပေါင်း<br>နာမက္ခန္ဓာ<br>ဝု၊ မ..................ရုပ်၏ဌီသို့ရောက်သောဩဇာ | ဗျာ | ဝု၊ မ........ရုပ်၏ဌီသို့ ရောက်သောတိဇကာယ,<br>စတုဇကာယအားကာလတူတပြိုင်နက်တတ်<br>ကောင်းသော | ၂ |
| | အကုဗျာ | ............ (အကု ၁၂ ÷စေ ၂၇) ............ | ။ | ။ | ၂ |
| [illegible] | ကုဗျာ | ပဍ္ဍဝေါ=(ကု ၂၁+စေ ၃၀ ) အစိတ်အပေါင်း<br>နာမက္ခန္ဓာ<br>ဝု၊ မ........ရုပ်၏ဌီသို့ရောက်သောရုပ်ဇီဝိတိန္ဒြေ | ။ | ဝု၊ မ............ရုပ်၏ဌီသို့ရောက်သောကမ္မဇကာယ<br>အားကာလတူတပြိုင်နက်တတ်ကောင်းသော | ၂ |
| | အကုဗျာ | ............ (အကု ၁၂ + စေ ၂၇) ............ | ။ | ။ | ၂ |

# ပဋ္ဌာနဂါထာ ဒေသနာ ဇယား

| မျိုး | | ပစ္စည်း | ပ | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 | 13 | 14 | 15 | သင်္ချာ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ကု | = | = | = | အကု | = | = | - | ဗျာ | = | - | [illegible] | = | [illegible] | - | | |
| ၁ | | ဟေတု | ၁ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | | | | ၇ |
| ၂ | | အာရမ္မဏ | ၂ | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | | ၉ |
| ၃ | အဓိပတိ | အာရမ္မဏာဓိပတိ | ၃ | ॥ | ॥ | ॥ | | ॥ | | | | ॥ | ॥ | ॥ | | | | | ၇ | ၁၀ |
| ၄ | | သဟဇာတာဓိပတိ | | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | | | ၇ | |
| ၈ | | အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ | ၇ | ॥ | | ॥ | | ॥ | | ॥ | | ॥ | ॥ | ॥ | | | | | | ၇ |
| ၉ | | သဟဇာတ | ၈ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | ॥ | | ॥ | | ၉ |
| ၁၀ | | အညမည | ၉ | ॥ | | | | ॥ | | | | ॥ | | | | | | | | ၃ |
| ၁၁ | နိဿယ | သဟဇာတနိဿယ | ၁၀ | ॥ | | ॥ | : | ॥ | | ॥ | ॥ | ॥ | | | | ॥ | | ॥ | ၉ | ၁၃ |
| ၁၂ | | ဝတ္ထုပုရေဇာတနိဿယ | | | | | | | | | | ॥ | ॥ | ॥ | | | | | ၃ | |
| ၁၃ | | သဟဇာတ-ပုရေဇာတမိဿက | | | | | | | | | | | | | ॥ | | ॥ | | ၂ | |
| ၁၄ | ဥပနိဿယ | အာရမ္မဏူပနိဿယော | ၁၁ | ॥ | ॥ | ॥ | | ॥ | | | | ॥ | ॥ | ॥ | | | | | ၇ | ၉ |
| ၁၅ | | အနန္တရူပနိဿယော | | ॥ | | ॥ | | ॥ | | ॥ | | ॥ | ॥ | ॥ | | | | | ၇ | |
| ၁၆ | | ပကတူပနိဿယော | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | ၉ | |
| ၁၇ | ပုရေဇာတ | အာရမ္မဏပုရေဇာတံ | ၁၂ | | | | | | | | | ॥ | ॥ | ॥ | | | | | ၃ | ၃ |
| ၁၈ | | ဝတ္ထုပုရေဇာတံ | | | | | | | | | | ॥ | ॥ | ॥ | | | | | ၃ | |
| ၁၉ | | ပစ္ဆာဇာတ | ၁၃ | | | ॥ | | | | ॥ | | ॥ | | | | | | | | ၃ |
| ၂၀ | | အာသေဝန | ၁၄ | ॥ | | | | ॥ | | | | ॥ | | | | | | | | ၃ |
| ၂၁ | ကမ္မ | သဟဇာတ | ၁၅ | ॥ | | *॥ | ॥ | ॥ | | *॥ | ॥ | ॥ | | | | | | | ၇ | ၇ |
| ၂၂ | | နာနာက္ခဏိက | | | | *॥ | | | | *॥ | | | | | | | | | ၂ | |
| ၂၃ | | ဝိပါက | ၁၆ | | | | | | | | | ॥ | | | | | | | | ၁ |
| ၂၄ | အာဟာရ | နာမ်အာဟာရ | ၁၇ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | | | ၇ | ၇ |
| ၂၅ | | ရုပ်အာဟာရ | | | | | | | | | | ॥ | | | | | | | ၁ | |
| ၂၆ | ဣန္ဒြိယ | သဟဇာတိန္ဒြိယ | ၁၈ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | | | ၇ | ၇ |
| ၂၇ | | ဝတ္ထုပုရေဇာတိန္ဒြိယ | | | | | | | | | | ॥ | | | | | | | ၁ | |
| ၂၈ | | ရူပဇီဝိတိန္ဒြိယ | | | | | | | | | | ॥ | | | | | | | ၁ | |
| ၂၉ | | ဈာန | ၁၉ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | | | | ၇ |
| ၃၀ | | မဂ္ဂ | ၂၀ | ॥ | | ॥ | ॥ | ॥ | | ॥ | ॥ | ॥ | | | | | | | | ၇ |
| ၃၁ | | သမ္ပယုတ္တ | ၂၁ | ॥ | | | | ॥ | | | | ॥ | | | | | | | | ၃ |
| ၃၂ | ဝိပ္ပယုတ္တ | သဟဇာတံ | ၂၂ | | | ॥ | | | | ॥ | | ॥ | | | | | | | ၃ | ၅ |
| ၃၃ | | ပုရေဇာတံ | | | | | | | | | | ॥ | ॥ | ॥ | | | | | ၃ | |
| ၃၄ | | ပစ္ဆာဇာတံ | | | | ॥ | | | | ॥ | | ॥ | | | | | | | ၃ | |
| ၅၂ | အတ္ထိ အဝိဂတ | သဟဇာတံ | ၂၄ | ॥ | | *॥ | ॥ | ॥ | | *॥ | ॥ | *॥ | | | | *॥ | | *॥ | ၉ | [illegible] |
| | | {အာပု / ဝတ်ပု} ပုရေဇာတံ | | | | | | | | | | *॥ | *॥ | *॥ | | | | | ၃ / ၃ | |
| | | ပစ္ဆာဇာတံ | | | | *॥ | | | | *॥ | | *॥ | | | | | | | ၃ | |
| | | အာဟာရံ | | | | | | | | | | ॥ | | | | | | | ၁ | |
| | | ဣန္ဒြိယံ | | | | | | | | | | *॥ | | | | | | | ၁ | |
| | | သဟဇာတံ-ပုရေဇာတံ | | | | | | | | | | | | | *॥ | | *॥ | | ၂ | |
| | | ပစ္ဆာဇာတံ-အာဟာရံ | | | | | | | | | | | | | | *॥ | | *॥ | ၂ | |
| | | ॥ ဣန္ဒြိယံ | | | | | | | | | | | | | | *॥ | | *॥ | ၂ | |
| | | မျိုးပစ္စည်းရေ | | ၂၃ | ၄ | ၂၆ | [illegible] | [illegible] | ၂ | ၂၄ | ၁၁ | [illegible] | [illegible] | [illegible] | ၁ | [illegible] | [illegible] | [illegible] | | |
| | | ၂၄ ပစ္စည်းရေ | | ၂၀ | ၃ | ၁၉ | ၁၁ | ၂၀ | ၂ | ၁၉ | ၁၁ | ၂၄ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | ၄ | | |

## အာရုံပစ္စယမျိုး ပစ္စည်း အကောက်ဇယား

| ပစ္စည်း | (အာရုံ) | ပစ္စယုပ္ပန် (အာရုံဏိက) |
|---|---|---|
| ပစ္စုပ္ပန်ရူပါရုံ/(ပ)ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ | ပွန်ရှိပ် | စက်ခွေ/(ပ)ကာခွေ |
| ပစ္စုပ္ပန်ပဉ္စာရုံ | | မနောဓာတ်-၃ ခု |
| ကာမစိတ်စေတ၊ပညာသ၊ စေ ၅၂၊ ရုပ် ၂၈ | ဖြ | တဒါရုံကောဒသ၊ သဟိတုပွါဒ် |
| လောကီစိတ်ဧကာသီတိ 〃 〃 ပညတ် | 〃 | အကုသိုလ်ဒွါဒသ၊ မဟာကု,ကြိစိပ်-၈ |
| အရဟတ္တမဂ်,အရဟတ္တဖိုလ်ကြဉ်စိတ် ၈၇ 〃 〃 နိဗ္ဗာန် 〃 | 〃 | မဟာကုသံ-၄ |
| စိတ် ၈၉ 〃 〃 〃 〃 | 〃 | မနောဒွါရာဝဇ္ဇန်း၊ မဟာကြိသံ-၄ |
| ဒုရ,ပဋိစ္ဆန္ဒ,သဏ္ဍ,သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံ/....သဒ္ဒါရုံ | | ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတကု,ကြိအဘိညာဉ် |
| ပါဒကဖြစ်သောရူပ(ကု)[ကြိ] ပဉ္စမဈာန်၊ သဘ, သဟာယစသော နိမ္မိတရုပ် | ၆ | ဣဒ္ဓိဝိဓ(ကု)[ကြိ] 〃 |
| လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတပါးတို့၏ *စိတ် ၈၉, စေ ၅၂ ဟု ဆိုအပ်သော | မွှောရုံ | စေတောပရိယကု,ကြိ 〃 |
| ပုဗ္ဗေနိဝါသဖြစ်သော *စိတ် ၈၉,စေ ၅၂,ရုပ် ၂၈ ဟုဆိုအပ်သောခန္ဓာငါးပါး ထိုခန္ဓာငါးပါးမှအစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်အမည်အမျိုးစသော ပညတ်ဟုဆိုအပ်သော | ဖြ | ပုဗ္ဗေနိဝါသာနုဿတိ ကု,ကြိ 〃 |
| အတိတ်ဖြစ်သော လောကီကုသိုလ်, အကုသိုလ်ကံဟု ဆိုအပ်သော | မွှောရုံ | ယထာကမ္မုပဂ ကု,ကြိ 〃 |
| အနာဂတ်ဖြစ်သော........(ပုဗ္ဗေနည်းတူဆို) | ဖြ | အနာဂတံသ ကု,ကြိ 〃 |
| ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံအစရှိသော ကာယအစု ပညတ်၊ အာနာပါနဿတိ၏ အာရုံ ဖြစ်သော ထွက်သက်ဝင်သက် ပညတ်၊ မေတ္တာ,ကရုဏာ မုဒိတာ ဟူသော ဗြဟ္မဝိဟာရတရား သုံးပါး၏ အာရုံဖြစ်သော အတိုင်း မသိသော သတ္တဝါ ပညတ်—ဤ ၂၅ ပါးသော ပညတ်ဟုဆိုအပ်သော | မွှောရုံ | ရူပါဝစရ ပဌမဈာန်စိတ်-၃ ခု |
| ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ၊ မေတ္တာ, ကရုဏာ မုဒိတာ-၁၄ | 〃 | ရူပဒုဈာန်-၃၊ တဈာန်-၃၊ စဈာန်-၃ |
| 〃 〃 ဥပေက္ခာ-၁၂ | 〃 | ရူပပဉ္စမဈာန်-၃ |
| အာကာသသည် ကြဉ်အပ်သော ကသိုဏ်း ကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော တောင်းကင်ပညတ်ဟု ဆိုအပ်သော | 〃 | အာကာသာနဉ္စာယတန စိတ်-၃ ခု |
| ဤဘဝ,ရှေးဘဝ,အဗျာကတသန္တာန်၌ဖြစ်ဘူးသော အာကာကု ဟုဆိုအပ်သော | 〃 | ဝိညာဏဉ္စာယတန ကုသိုလ် |
| ရှေးဘဝ 〃 〃 〃 | 〃 | 〃 ဝိပါတ် |
| ဤဘဝအဗျာကတသန္တာန်၌ဖြစ်ဘူးသော အာကာကြိ<br>ဤဘဝ၊ ရှေးဘဝ 〃 〃 အာကာကု ဟုဆိုအပ်သော | 〃 | 〃 ကြိယာ |
| အာကာကု,ကြိ၏မရှိခြင်း နတ္ထိဘော ပညတ်ဟု ဆိုအပ်သော | 〃 | အာကိဉ္စညာယတန စိတ်-၃ ခု |
| ဝိညာနည်းတူဆို (အာကာ အစား အာကိ ဟုဆို) | 〃 | နေဝသညာနာသညာယတနကု,ဝိ,ကြိ |
| 〃 နိဗ္ဗာန် | 〃 | လောကုတ္တရာစိတ်ရှစ်ခု |

* ကုသိုလ်အဘိညာဉ်များ၌ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုချန်၍ဆို။ အဘိညာဉ်များကိုဆိုရာ၌ကုသိုလ်အဘိညာဉ်များကိုဆိုပြီးနောက် ကြိယာအဘိညာဉ်များကိုဆို။

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ခကု ၁၂ စေတနာ | အကုဝိ-၇။ ပဋိကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် |
| ိဟိတ်ဥက္ကဋ္ဌ မဟာကုစေတနာ | အဟိတ်ကုဝိ-၁၊ မဟာဝိ-၈ နာမက္ခန္ဓာ။ ပဋိကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် |
| ိဒွိဟိဥက္ကဋ္ဌ မဟာကုစေတနာ | အဟိတ်ကုဝိ-၈၊ မဟာဝိဉာဏဝိပ္ပ ၄။ ပဋိကမ္မဇရုပ်, ပဝတ္တိ ကမ္မဇရုပ် |
| ဟိတ်ဩမက မဟာကုစေတနာ | အဟိတ်ကုဝိ-၈၊ ပဋိကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် |
| ပ ပဌမဈာန် ကုစေတနာ | ပဈာန်ဝိပါက် ။ ။ |
| ။ ဒုတိယ ။ | ဒု ။ ။ ။ |
| ။ တတိယ ။ | တ ။ ။ ။ |
| ။ စတုတ္ထ ။ | စ ။ ။ ။ |
| ။ ပဉ္စမ ။ | ပဉ္စ ။ ။ ။ + အသညသတ် ကမ္မဇရုပ် |
| ခါကာ-ကု စေတနာ | အာကာ-ဝိ |
| ညာ-ကု ။ | ဝိညာ-ဝိ |
| ခါကိံ-ကု ။ | အာကိံ-ဝိ |
| နဝ-ကု ။ | နေဝ-ဝိ |
| သာတာပတ္တိမဂ် ။ | သောတာပတ္တိဖိုလ် |
| ာကဒါဂါမိမဂ် ။ | သကဒါဂါမိဖိုလ် |
| ခနာဂါမိမဂ် ။ | အနာဂါမိဖိုလ် |
| ခရဟတ္တမဂ် ။ | အရဟတ္တဖိုလ် |

ပကတူပနိဿယမျိုး ဗလဝ နာနာက္ခဏိက ကမ္မတနည်းကား

ကောက်ရာဌ် နာမ်သက်သက် ပစ္စယုပ္ပန်တရားကို ရွေး၍ဆို။

E

## (၄) အနန္တရူပမျိုးပစ္စည်း တနည်းကားအကောက်ဇယား

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ပဋိသန္ဓေနာမက္ခန္ဓာ | ပဌမဘဝင်နာမက္ခန္ဓာ |
| ပဌမအစရှိသောရှေးရှေးသောဘဝင်နာမက္ခန္ဓာ | ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာ |
| ပဉ္စဝေါကာရဘဝဂ်ပဋိသန္ဓေ-၁၅ ခု | အာဝဇ္ဇန်းဒွေ |
| အရူပဘဝဂ်ပဋိသန္ဓေ-၄ ခု | မနောဒွါရာဝဇ္ဇန်း |
| ပဉ္စဒွါရာဝဇ္ဇန်း | ပဉ္စဝိညာဉ် |
| ပဉ္စဝိညာဉ် | သမ္ပဋိစ္ဆိုင်း |
| သမ္ပဋိစ္ဆိုင်း | သန္တီရဏ |
| သန္တီရဏ | ဝုဋ္ဌော |
| ပဌမဇဝနော | ပရိတ္တာရုံဝိထိဖြစ်အံ့-ဒုတိယဇဝနော |
| ဒုတိယဇဝနော | ပဉ္စဝေါကာရဘဝင်-၁၅ ခု |
| | အတိမဟန္တာရုံ-မဟန္တာရုံ-ဝိဘူတာရုံ-အဝိဘူတာရုံဖြစ်အံ့ |
| ဇဝနော,မနောဒွါရာဝဇ္ဇန်း | ကာမဇောတခုယုတ် သုံးဆယ် ပဌမဇော |
| ပ-ဒု-တ-စ-ပဉ္စ-ဆဋ္ဌ ဇော | ဒု-တ-စ ပဉ္စ-ဆဋ္ဌ-သတ္တမဇော |
| လောဘမူ,မောဟမူ,မဟာကုသိုလ် အဆုံးဇော | လော၊မော၊ မဟာကုဇောနောင်-ရုံကျ=ရုံ ၁၁ မကျ=ဘဝင် ၁၉ |
| ဒေါသမူအဆုံးဇော | ဒေါသမူဇောနောင်-ရုံကျ=ဥ ရုံ ၆ မကျ=ကာမ ဥဘဝင် ၆ |
| ဟသိတုပ္ပါဒ်အဆုံးဇော | ဟသိတုပ္ပါဒ်ဇောနောင်-ရုံကျ=သော ရုံ ၅ မကျ=ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉ |
| မဟာကြိယာ သောမနဿအဆုံးဇော | မဟာကြိသောဇောနောင်-ရုံကျ=သော ရုံ ၅ မကျ=တိဟိတ်ဘဝင် ၁၃ |
| မဟာကြိယာ ဥပေက္ခာအဆုံးဇော | မဟာကြိဥဇောနောင်-ရုံကျ= ဥရုံ ၆ မကျ=တိဟိတ်ဘဝင် ၁၃ |
| ပဌမတဒါရုံ | ဒုတိယတဒါရုံ |
| ဒုတိယတဒါရုံ | ကာမဘဝင် ၁၀ |

## အနန္တရုပမျိုးပစ္စည်း တနည်းကားအကောက်ဇယား(အဆက်) (အ)

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ဝေါ,ဝေါ,အနုလုံ ကိစ္စတတ်သော မဟာကုပဒွေ | မဟာဂ္ဂုတ်ကုသော ၄၊ မဂ်သော ၁၆၊ အောက်ဖိုလ်သော ၁၂ |
| ॥ ॥ တဒွေ | မဟာဂ္ဂုတ် ကုဥ ၅၊မဂ် ဥ ၄၊ အောက်ဖိုလ်ဥ ၃ |
| ဝေါ ॥ ကြိပဒွေ | ॥ ကြိသော ၄၊ အရဟတ္တဖိုလ်သော ၄ |
| ॥ ॥ တဒွေ | ॥ ကြိ ဥ ၅၊ အရဟတ္တဖိုလ် ဥ-၁ |
| ရှေးရှေးသော ဇောတူမဟဂ္ဂုတ် ကု·ကြိ | သမာပဇ္ဇနဝိထိ၌ နောက်နောက်သော မဟဂ္ဂုတ် ကု-ကြိ |
| ရူပကု,ကြိ အဆုံးဇော | ပဥ္စဝေါ-တိဟိတ်ဘွင် ၉ |
| အာကာကု,ကြိ အဆုံးဇော | ॥ ॥ + အာကာဘွင် |
| ဝိညာကု,ကြိ အဆုံးဇော | ॥ ॥ ॥ +ဝိညာဘွင် |
| အာကိံကု, ကြိ အဆုံးဇော | ॥ ॥ ॥ ॥ +အာကိံဘွင် |
| နေဝကု, ကြိ အဆုံးဇော | တိဟိတ်ဘွင် ၁၃၊ နိရောဓမှထ-အနာဂါမိဖိုလ် အရဟတ္တဖိုလ် |
| သောမဂ်/သကဒါမဂ်/အနာဂါမဂ်/ အရဟတ္တမဂ် | သောဖိုလ်/သကဒါဖိုလ်/အနာဂါဖိုလ်/ အရဟတ္တဖိုလ် |
| ရှေးရှေးသော ဇောတူဖိုလ် ၄ ခု | နောက်နောက်သောဖိုလ် ၄ ခု |
| ဖိုလ် ၄ ခု အဆုံးဇော | တိဟိတ်ဘွင် ၁၃ |
| ဒုတိယ တဒါရုံ | မရဏာသန္နအခါ ရုံနောင်စု=ကာမစုတိ ၁၀ |
| အကုသိုလ်ပဉ္စမဇော | အကုဇောနောင်စု=ကာမစုတိ ၁၀ |
| မဟာကုသိုလ်ပဉ္စမဇော | မဟာကုဇောနောင်စု=စုတိ ၁၉ |
| မဟာကြိယာ ပဉ္စမဇော | မဟာကြိဇောနောင်စု=တိဟိတ်စုပ်ဒိ ၁၃ |
| ဘွင် ၁၉ | ဘွင်နောင်စု=စုတိ ၁၉ |
| ဒွိဟိတ် အဟိတ် စုတိ-၆ | ကာမပဋိသန္ဓေ-၁၀ |
| ကာမတိဟိတ်စုတိ-၄ | ပဋိသန္ဓေ-၁၉ |
| ရူပစုတိ-၅ | သဟိတ် ပဋိသန္ဓေ-၁၇ |
| အာကာစုတိ | ကာမတိဟိတ်ပဋိ-၄+အရူပ ပဋိသန္ဓေ-၄ |
| ဝိညာစုတိ | ॥ +ဝိညာ,အာကိံ,နေဝပဋိ |
| အာကိံစုတိ | ॥ +အာကိံ,နေဝပဋိ |
| နေဝစုတိ | ॥ +နေဝပဋိ |

## ၁၃၂၉-ခု၊ ဝါဆိုလဆုတ် (၁၂)ရက်
## ၁၉၆၇-ခု၊ ဩဂုတ်လ(၂)ရက်၊ ဗုဒ္ဓဟူးနေ့
## ပဋ္ဌာန်းကုသလတိက် ဝိဘင်္ဂ ပဉ္စဝါရကို ပထမအကြိမ်ပို့ချခြင်း

### ပဋ္ဌာန်းမည်ပုံ

ယနေ့ပဋ္ဌာန်းလာပြီးသင်ကြတဲ့ ဒကာတွေ ဦးပဉ္စင်းတွေကို မိမိတို့ရဲ့ အသိမိတ်ဆွေဖြစ်တဲ့ပုဂ္ဂိုလ်တွေက မေးကြမယ်။ ဘယ်လိုမေးကြမလဲဆိုရင် ''မိတ်ဆွေ၊ ဘာလုပ်နေသလဲ'' ''ပဋ္ဌာန်းသင်နေတယ်''လို့ဖြေမယ်။ ပဋ္ဌာန်းသင်နေတယ်လို့ဆိုတော့- ပဋ္ဌာန်းဆိုတာဘာလဲလို့-မေးခဲ့လို့ရှိရင် ဘယ်လိုပြန်ပြီးဖြေကြပမလဲ။ ပဋ္ဌာန်းဖြစ်ဖြစ် ယမိုက်ဖြစ်ဖြစ် အဋ္ဌကထာဆရာကြီးက ယမိုက်ပါဠိတော်ကြီးကို ဖွင့်တော့မယ်ဆိုခဲ့လို့ရှိရင်- ''ကေနဋ္ဌေန ယမကန္တိ? ယုဂဠဋ္ဌေန။ ယုဂဠဉ္ဟိယမကန္တိ ဝုစ္စတိ'' ပဋ္ဌာန်းကြတော့ကာ ''ကေနဋ္ဌေနပဋ္ဌာနန္တိ? နာနပ္ပကာရပစ္စယဋ္ဌေန''- ပဋ္ဌာန်းဆိုတာဘာ့ကြောင့်ပဋ္ဌာန်းခေါ်သလဲ၊ နာနပ္ပကာရပစ္စယဋ္ဌေန- အထူးထူးအပြားပြားများပြားသော ပစ္စည်းရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့်ပဋ္ဌာန်းမည်တယ်။ အထူးထူးအပြားပြား များပြားသော ပစ္စည်းရှိလို့ပဋ္ဌာန်းလို့ခေါ်တယ်တဲ့။ အထူးထူးအပြားပြား များပြားသောပစ္စည်းရှိတယ်လို့ဆိုတာ ဘယ်သို့ရှိတာလဲ ဆိုတော့မူလဋီကာက- ''ဟတ္ထဧကဿပိဓမ္မဿ ဟေတုအာဒိဟိ အနေကပစ္စယဘာဝတော စ၊ ဧကေကဿပစ္စယဿအနေကဓမ္မဘာဝတော စ နာနပ္ပကာရပစ္စယဘာဝေါ ဟောတိ'' ဟု၊ တရားတခုထဲကိုဟေတုအစရှိတဲ့ ပစ္စည်းတွေနဲ့ဝေဖန်လိုက်ခဲ့လို့ရှိရင် ပစ္စည်းဘွေ့ အများကြီးရတယ်။ ဒါ့ကြောင့်လဲပဋ္ဌာန်းခေါ်တယ်။ တနည်းအားဖြင့်ပစ္စည်းတခုမှာ တရားကိုယ်တွေအများကြီးရနိုင်တာကိုလဲ ပဋ္ဌာန်းရယ်လို့ခေါ်ပါတယ်တဲ့။

အဲဒီတော့ဘာရားတခုဘည်းကို ဟေတုအစရှိတဲ့ပစ္စည်းဘွေ့နဲ့ ဝေဖန်တယ်ဆိုတာကို ပစ္စယနိဒ္ဒေသပကိဏ္ဏက ဝိနိစ္ဆယအဋ္ဌကထာမှာ ပစ္စည်းတိုင်းပစ္စည်းတိုင်း ၂၄-ပါးသော ပစ္စည်းတွေကို ဝေဖန်ပြီးသကာလ ထားပါတယ်။ ဝေဖန်ထားတော့ အင်မတန်လဲကျယ်ဝန်းပါတယ်။ အဲဒီအဋ္ဌကထာဆိုတဲ့စကားကလေးကို ဆယ်စောင်တွဲ ပစ္စယဒ္ဒီပကာသနီကြ ပြန်တော့ ဂါထာကလေးတွေနဲ့ပြထားပါတယ်။ အဲဒီလိုပြထားပြန်တော့ အင်မတန်လဲကောင်းပါတယ်။ ပစ္စယနိဒ္ဒေသအဋ္ဌကထာမှာ ဆိုထားတာတွေဟာလဲ အင်မတန်ဘဲကောင်းပါတယ်၊ အင်မဘာန်ကောင်းပေမဲ့- ဒါဘွေ့ကိုမှတ်မိဘို့ရာ- နားလည်ဘို့ရာဆိုဘာဘာ တော့မလွယ်လှပါဘူး။ ဥဒါဟရုဏ်အားဖြင့် ပစ္စယဒ္ဒီပကာသနီမှာ ဂါထာကလေးတခု ပြထားပါတယ်။

> တတ္ထ စတုဓမ္မာ ပန္နရသ ပစ္စယာတိ။
> ဣဿာ မစ္ဆေရ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာတိ စတုရော၊
> အာရမ္မဏာမနန္တရော၊ သမနန္တံ သဟဇာတတာ။
> အညမညဉ္စ နိဿယော၊ ပနိဿယာပစ္ဆာဇာတော၊

အာသေဝန သမ္ပယုတ္တာ၊ ဝိပ္ပယုတ္တတ္ထိ နတ္ထိစ၊
ဝိဂတာ ဝိဂတာစေတိ၊ ပစ္စယာ ပန္နရသဓာ။

ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ,ဝိစိကိစ္ဆာတွေကို ပစ္စည်းပေါင်း ဘယ်လောက်ရသလဲလို့ ဝေဖန်လိုက်ခဲ့လို့ရှိရင် အာရမ္မဏအစရှိတဲ့ (၁၅)ပါးသော ပစ္စည်းရနိုင်ပါတယ်တဲ့၊ အဲဒီပစ္စည်းပေါင်း (၁၅)ပါးကိုလဲ သရုပ်ထုတ်ပြီးသကာလ ဂါထာကလေးနဲ့စီပြလိုက်တယ်။ ဂါထာကလေးနဲ့စီပြတော့ အဲဒီပြတဲ့ပစ္စည်းပေါင်း(၁၅)ခုကို ဘယ်လိုလုပ်ပြီး မှတ်ပ မလဲ။ မလွယ်ပါဘူး။

ဘုန်းကြီးများ ၃-၄ ဝါရတုံးက ဒီပစ္စယတ္ထပကာသနီလဲ ကြည့်ဘူးတယ်။ အဋ္ဌကထာလဲကြည့်ဘူးတယ်။ အင်မတန်ကောင်းပါတယ်။ ကောင်းပေတဲ့ ဒါတွေကို ဘယ်လိုလုပ်ပြီး မှတ်ရပ မလဲလို့ဆိုဘာကို ဘယ်နည်းနဲ့မှ ဟိုအချိန်အခါ ကာလတုံးက မှတ်လို့မရပါဘူး။ နောက်ပဋ္ဌာန်းကြီးဆတဲ့ အခါကာလကြတော့ ဒါတွေဟာ အင်မတန်လဲကောင်းတဲ့ တရားတွေဖြစ်တယ်၊ သိဘို့ရာလဲ အင်မတန်ကောင်းတယ်ဆိုပြီး ဇယားကလေး လုပ်ပါတယ်။ ဇယားကလေးလုပ်ပြန်တော့ အဋ္ဌကထာမှာ ဆိုခဲ့တဲ့အတိုင်း ဇယား လုပ် လို့ ရ ပါ တယ်။ ဒါပေတဲ့ အဲဒီဇယားအရ ဘယ်လိုလုပ်ပြီး မှတ်မလဲလို့ဆိုတာကို စဉ်းစားလိုက်ပြန်တော့ မှတ်ဘို့ရန် မလွယ်ပြန်ဘူး။ မလွယ်တော့ ဘယ်နည်းလွယ်ပ မလဲလို့ ဒီဇယားအပေါ်မှာ အထပ်ထပ် အဖန်ဖန် ကြံဆလိုက်တဲ့အခါမှာ သဘောပေါက်လာပါတယ်။ သဘောပေါက်လာတော့ အဲဒီသဘောပေါက်ထာကလေးကို အင်မတန်လွယ်ကူအောင်လို့ဆိုပြီး သံပေါက်ကလေးတခု လုပ်ထားပါတယ်။ ဒီသံပေါက်ကလေးကိုရပြီး ဒီသံပေါက်ရဲ့သဘောကို နားလည်မယ်လို့ဆိုရင် ကြေနပ်မယ်လို့ဆိုရင် ဘယ် စိတ် မှာ ပစ္စည်း ပေါင်း ဘယ် လောက်ရသလဲ-ဘယ်စေတသိက်မှာ ပစ္စည်းပေါင်း ဘယ်လောက်ရသလဲ၊ ဘယ်ရုပ်မှာ ပစ္စည်းပေါင်း ဘယ်လောက်ရသလဲလို့ မေးခဲ့လို့ရှိရင် တမိနစ်အတွင်း-အလွန်ဆုံးပြောတာပါ-ချက်ခြင်း ပြန်ပြီး ဖြေနိုင်ပါတယ်။ အဲဒီသံပေါက်ကလေးကိုလဲ ပဋ္ဌာန်းပါရဂူ နောက်ဆက်တွဲမှာ ရေးပြီးထားပါတယ်။

၁။ စိတ်အကုန်မှာ၊ ဟေ,ပု,ဈာ၊ မဂ္ဂါ,ကမ်,မရ။
၂။ ထိုမှသေသ၊ ကူဝိသ၊ ရကြံထိုက်သင့်စွာ။

စိတ်မေးချင်ခဲ့လို့ရှိရင် ဟေတုပစ္စည်းမရ။ ဟေတုပစ္စည်း ဟာ ဟိတ် ၆ ပါးဘဲရှိတယ်။ စိတ်မပါပါဘူး။ ပုရေဇာတပစ္စည်းဟာ ရုပ်တွေရှိတယ်၊ စိတ်နဲ့မဆိုင်ဘူး၊ ဈာန ပစ္စည်း ဟာဝိတက်ဝိစာရပီတိ ဝေဒနာဧကဂ္ဂတာလို့ ဈာနင်တရားကိုယ် ၅ ပါးသာရှိတယ်၊ စိတ်နဲ့မဆိုင်ဘူး။ မဂ္ဂပစ္စည်းမှာလဲ မဂ္ဂင်တရားကိုယ် ၉ ပါး စိတ်နဲ့မဆိုင်ဘူး။ ကမ္မပစ္စည်း မှာလဲဘဲ စေတနာကလေးသာရှိတယ်။ စိတ်နဲ့မဆိုင်ဘူး၊ အဲဒီတော့ (၂၄) ပစ္စည်း ထဲ က ဒီ ၅ ပစ္စည်းနှုတ်လိုက်ပါ။ ကျန်တဲ့ (၁၉) ပစ္စည်းကို လက်ဆုပ်လက်ကိုင် ထား လိုက် ပါ။ ထားပြီးတဲ့နောက် ဥပမာ-ဘာမေးချင်သလဲ။ မဟာကုသိုလ် စိတ်ရှစ်ခုဆိုပါတော့။ ပစ္စည်း ပေါင်း ဘယ်လောက်ရမလဲလို့ မေးချင်တယ်။ မေးချင်တော့ဘယ်လိုဆိုရမလဲ-။

၃။ ကာဒ္ဒ,မောနှစ်၊ ဤသုံးဆစ်၊ မဖြစ်အဓိမှာ။

ဒီစိတ်ဟာ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ဟုတ်သလား။ မောဟမူဒွေ ဟုတ်သလား။ ဟုတ်ခဲ့လို့ရှိလျှင်ဖြင့်ရင် အဓိပတိပစ္စည်းမရဘူး။ မဟာကုသိုလ်စိတ်ဟာ သူနဲ့မဆိုင်ဘူး။ ဒါဖြင့် ဒီသံပေါက်အတွက် ဘာမှမဆိုင်ဘူး။ နောက်ဘချက်က-

၄။ ဝိပါနာမ၊ မရှိက၊ မရဝိပါကာ။

ဝိပါက်စိတ်ဖြစ်မှသာလျှင် ဝိပါကပစ္စည်းရတယ်။ မဟာကုသိုလ်စိတ် ဟာ ဝိပါက် မဟုတ်ခြင်းကြောင့် ဝိပါကပစ္စည်းမရဘူး။ မရခဲ့လို့ရှိရင် ခုနက မှတည်ထားတဲ့ (၁၉) ပစ္စည်းထဲက ဝိပါကပစ္စည်းကို နှုတ်လိုက်ပါ။ ဘယ်လောက်ကျန်မလဲ။ (၁၀) ကျန်မယ်။ နောက်-

၅။ အရူပိမှာ၊ ဝိပ်ပယုတ္တာ၊ ကြဉ်ခါရေလော်။

အရူပဝိပါက် လေးခုဖြစ်ခဲ့လို့ရှိရင် ဝိပ္ပယုတ္တမရဘူး။ ပစ္ဆာဇာတမရဘူး။ မဟာကုသိုလ်စိတ် ရှစ်ခုသည် အရူပဝိပါက်လေးခု မဟုတ်သဖြင့် သူနဲ့မဆိုင်ပါဘူး။

၆။ ကိဇောဖြစ်မှ၊ အာသေဝ၊ မှတ်ကအမြန်သိ။

မဟာကုသိုလ် စိတ်ရှစ်ခုဟာ လောကီဇောဖြစ်ပါတယ်။ လောကီဇော ဖြစ်သဖြင့် အာသေဝနရမယ်။ အာသေဝနရတော့ ခုနက (၁၀) ပစ္စည်းထဲမှာ အာသေဝန ပါပြီး သား ဖြစ်နေတယ်။ ဒါဖြင့်ရင် ကုသိုလ်စိတ် ၈-ခုဟာ ပစ္စည်းပေါင်းဘယ်လောက် ရသလဲ လို့ဆိုရင် (၁၉) ထဲမှာ ဝိပါက မဟုတ်ခြင်းကြောင့် ဝိပါက တစ်ပစ္စည်း နှုတ် လိုက် ရင် (၁၀) ပစ္စည်း ရပါတယ်။ ဒီလို သိရပါတယ်။

ပြီးတော့ကာမှ တဖန် စေတသိက်ဆိုင်ရာတွေကို ယူချင်ခဲ့လို့ရှိရင် ဥပမာ ဆိုကြပါစို့ လောဘစေတသိက်။ ပစ္စည်းပေါင်း ဘယ်လောက်ရသလဲဆိုရင်-

ဟေ,ပု,ကံ,ဟာ၊ ဣ,မဂ်,ဈာ၊ သတ္တာပစ္စယ။
ယိုမှသေသ၊ ဆဲ့ခွန်မျှ၊ ရကြစေကုန်သာ။

ဟေတု၊ ပုရေဇာတ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဈာန၊ အဲဒီ ခွန်နစ်ပစ္စည်းကို ချန်ထားလိုက်။ ကြွင်းကျန်တဲ့ (၁၇) ပစ္စည်းကို မှတည်လိုက်။ ပြီးတော့-

ဒေါစတုက္က၊ ဝိစိမျှ၊ မရအဓိမှာ။

လောဘသည် ဒေါစတုက်လဲ မဟုတ်ဘူး။ ဝိစိကိစ္ဆာလဲ မဟုတ်ဘူး။ မဆိုင်ဘူး။ (၁၇) ပစ္စည်းဘဲ ရသေးတယ်။

အကုသလ၊ စေဟူက၊ မရဝိပါကာ။

လောဘသည် အကုသိုလ် စေတသိက် ဖြစ်ခြင်းကြောင့် ဝိပါက ပစ္စည်း နှုတ်လိုက်။ နှုတ်လိုက်ရင် ခုနက (၁၇) ထဲက (၁၆) ခု ရပါတယ်။

ပစ္စည်းဓမ္မ၊ စေဟူက၊ တိုးကြအယ်မှာ။

အငယ်ခွန်နစ် ပစ္စည်းရတဲ့ အနက်က လောဘစေတသိက်သည် ဟေတုဖြစ်ခြင်းကြောင့် ဟေတုထပ်ထည့် ပေးလိုက်ခဲ့လို့ရှိရင် ပစ္စည်းပေါင်း (၁၇) ခုရပါတယ်။ အဲဒီသဘောတွေကို မူလဋီကာက "ဧကေဿပိ ဓမ္မဿ ဟေတုအာဒိဟိ အနေက ပစ္စယဘာဝတော"။ တရားတခု တွေ့လာခဲ့လို့ရှိရင် ဒီတရားဟာ ဟေတုအစရှိတဲ့ ပစ္စည်းတွေနဲ့ ပစ္စည်းပေါင်း ဘယ်လောက် ကျေးဇူးပြုတယ်လို့ အဲဒီလို သိရမှုသည် ပဋ္ဌာန်းရယ်လို့ ခေါ်ပါတယ်။

ပြီးတော့ကာမှ "ဧကေကဿ ပစ္စယဿ အနေက ဓမ္မ ဘာဝတော" လို့ဆိုတာက တော့ ပစ္စည်းတခုမှာ တရားပေါင်းများစွာရှိတယ်၊ ပစ္စည်းတခုမှာ တရားပေါင်းများစွာ ဆိုတာကဟေတုပစ္စည်း ဆိုပါတော့။ ဟေတုပစ္စည်းမှာ တရားပေါင်းများစွာ ဘယ်လောက်ရှိသလဲ။ ဟိတ် ၆-ပါး ရှိပါတယ်။ များပါတယ်။ ဒီတော့ ကမ္မပစ္စည်းတခုသာလျှင်ပစ္စည်း ကလဲတခု - တရားကလဲ စေတနာ တခုသာလျှင်ရှိပါတယ်။ ကြွင်းကျန်တဲ့ (၂၃)ပါး သော ပစ္စည်းတွေကြတော့ ပစ္စည်းတခုမှာ တရားပေါင်းများစွာ ရှိပါတယ်၊ အဲဒါကြောင့်လဲ ပဋ္ဌာန်းရယ်လို့ ခေါ်ပါတယ်။ အဲဒါကပဋ္ဌာန်းခေါ်ပုံတနည်း။

ပြီးတော့ အဋ္ဌကထာက ထပ်ဖွင့်ပြန်တယ်။ "အပရေ နယော၊ ကေနဋ္ဌေနပဋ္ဌာနန္တိ? ဝိဘဇနဋ္ဌေန၊ ကုသလာဒီနံဓမ္မာနံ ဟေတုပစ္စယာဒိဝသေန ဝိဘတ္တတ္တာ" ဘာ့ကြောင့်ပဋ္ဌာန်း ခေါ်သလဲဆိုတော့ ဓမ္မသင်္ဂဏီမှာ ဟောခဲ့တဲ့ တိက်တွေဒုက်တွေရှိပါတယ်။ အဲဒီမှာ ရှိတဲ့ ကုသိုလ်စတဲ့တရားတွေကို ဟေတုအာရမ္မဏစတဲ့ (၂၄) ပါးသော ပစ္စည်းတို့ဖြင့် ဝေဖန်ပြီး ဟောသောကြောင့်လဲ ပဋ္ဌာန်းရယ်လို့ ခေါ်ပါတယ်၊ ပစ္စယနိဒ္ဒေသမှာဖြစ်ဖြစ်၊ ဆဝါရမှာဖြစ်ဖြစ်၊ပဥှာဝါရမှာ ဖြစ်ဖြစ်၊ အဲဒါတွေဟာ ကုသလတိက်အတွက် ကုသိုလ်,အကုသိုလ်, အဗျာကတတွေကို ဟေတု,အာရမ္မဏ အစရှိတဲ့(၂၄) ပစ္စည်းနဲ့ဝေဖန်ပြီး ဟောပါတယ်။ အဲဒါကြောင့် ပဋ္ဌာန်းခေါ်တယ်။

တဖန်တနည်းအားဖြင့် "အပရောနယော၊ ကေနဋ္ဌေနပဋ္ဌာနန္တိ? ပဋ္ဌိတဋ္ဌေန၊ ဂမနဋ္ဌေနာတိအတ္ထော"။ ဖြစ်ရာ၏ အဖြစ်ဟူသော အနက်ကြောင့်လဲ ပဋ္ဌာန်းခေါ်ပါတယ်တဲ့။ ဖြစ်ရာ၏ အဖြစ်ဆိုတာ ဘယ်လိုလဲ? ဓမ္မသင်္ဂဏီစတဲ့ ကျမ်းတွေကြတော့ကာ နည်းနာနယတွေက အင်မတန် မကျယ်ဝန်းလှဘူး။ မကျယ်လွန်းလှတော့ သဗ္ဗညုတဉာဏ်တော်မှာ ငြိစွမ်းသယောင်ယောင်ရှိနေတယ်။ ဟေတုအာရမ္မဏ အစရှိတဲ့ (၂၄)ပစ္စည်းတွေနဲ့ကုသိုလ်စတဲ့တရားတွေကို အကျယ်ချဲ့ဘို့ရာ နည်းရတဲ့ အခါကာလမှာ သဗ္ဗညုတ ဉာဏ်တော်မှာ ငြိစွမ်းခြင်းမရှိဘဲဖြစ်လို့ ပဋ္ဌာန်းရယ်လို့ခေါ်တယ်။ အဋ္ဌသာလိနီများကြတော့ သဗ္ဗညုတ ဉာဏ်တော်ဟာ ကျယ်ကျယ်ပြန့်ပြန့် ဓမ္မသင်္ဂဏီအစရှိတဲ့ ကျမ်းတွေမှာ မကွန့်မြူးနိုင်ဘူး၊ ပဋ္ဌာန်းကြမှသာ ကျယ်ကျယ်ပြန့်ပြန့် ကွန့်မြူးနိုင်တယ်လို့ ဆိုထားပါတယ်။ အဲဒါကို မူလဋီကာက ငြိစွမ်းခြင်းရှိတယ် မရှိဘူးဆိုတာကို ဥဒါရဏ်တွေ ထုတ်ပြပါတယ်။ အားသွန်ခွန်စိုက် အင်မတန်ပြင်းထန်တဲ့ အရှိန်အဟုန်နဲ့ ပြေးသွားတဲ့ ယောက်ျားအတွက် သူပြေးရမဲ့ခရီးလမ်းဟာ အင်မတန်စောက်တဲ့ ချောက်ကမ်းပါးပြတ်ကြီးနဲ့ နီးနေမယ်လို့ဆိုရင် အဲဒီလမ်း ဒီအရပ်ဟာ ငြိစွမ်းခြင်းနှင့်တကွ ပြေးသွားရာဖြစ်သလို ဓမ္မသင်္ဂဏီအစရှိတဲ့ ကျမ်းတွေဟာ

ငြိမ်းခြင်းနှင့်ဘက္ကူ ပြေးသွားရာအရပ်ဖြစ်ပါတယ်။ ပြေးသွားတဲ့ လမ်းမကြီးဟာ အင်မတန်ကျယ်တဲ့ ခရီးလမ်းမကြီးဖြစ်နေမယ်လို့ဆိုရင်ကစုံတရာငြိမ်းခြင်းမရှိငြိမ်းခြင်းကင်းတဲ့ပြေးသွားရာခရီးလမ်းမကြီးဖြစ်သလို ပဋ္ဌာန်းကျမ်းကြီးဟာလဲဘဲ သဗ္ဗညုတဉာဏ်တော်ရဲ့ ငြိမ်းမှုကင်းရာ ဖြစ်ပါတယ်တဲ့။ အဲဒါကြောင့် ပဋ္ဌာန်းကို သုံးနည်းဖွင့်ပါတယ်။ အဲဒါကပဋ္ဌာန်းသင်တဲ့အခါမှာ ပဋ္ဌာန်းဟာ ဘာကိုခေါ်သလဲလို့ နားလည်ဘို့ရာအတွက် ပြောပြချက်ဖြစ်ပါတယ်။

ပဋ္ဌာန်းမည်ပုံတော့သိရပြီ။ ဒီပဋ္ဌာန်းမှာ ဘာတွေဟောသလဲဆိုရင် အကျဉ်းချုပ်အားဖြင့် အလုံးစုံသော ပရမတ္ထတရားတွေကို ဟေတုအာရမ္မဏ အစရှိသော(၂၄)ပစ္စည်းတို့ဖြင့် ခွဲဝေ၍ အကြောင်းအကျိုးဆက်ပုံကိုဟောတယ်။

## အကြောင်းအကျိုးဟော ဒေသနာသုံးပါး

မြတ်စွာ ဘုရားဟောတော်မူတဲ့ ဒေသနာတွေမှာ အကြောင်းအကျိုးကို ဟောတဲ့ ဒေသနာဟာ (၁) အရိယသစ္စ ဒေသနာ (၂) ပဋိစ္စသမုပ္ပါဒ် ဒေသနာ (၃) ပဋ္ဌာန်း ဒေသနာရယ်လို့ သုံးမျိုးရှိတယ်။

၁။ အရိယသစ္စ ဒေသနာမှာ တရားဟူသမျှကို သစ္စာလေးပါးနဲ့ အကြောင်းအကျိုးဆက်ပုံကိုဟောတယ်။ သစ္စာလေးပါးမှာ တဏှာဆိုတဲ့ သမုဒယသစ္စာက အကြောင်းတရားဖြစ်တယ်။ ဘာအကြောင်းလဲဆိုတော့ သတ္တဝါတွေဟာ သုခဝေဒနာကို တဏှာမာန ဒိဋ္ဌိနဲ့စွဲလမ်း နေကြတယ်။ ဒီစွဲလမ်းမှုဟာ တဏှာရှိလို့သာ ဖြစ်တယ်။ ဒီတော့ တဏှာဟာ ဝဋ်ဆင်းရဲအားလုံးကို ထူထောင်နေတယ်။ ဘေးဒုက္ခအမျိုးမျိုးရဲ့ အကြောင်းရင်း ဖြစ်လေတော့ သမုဒယသစ္စာဟာ အကြောင်းတရား၊ ဒုက္ခသစ္စာဟာ အကျိုးတရား ဖြစ်တယ်။ မဂ်စိတ်လေးခုမှာရှိတဲ့ မဂ္ဂင်တရားကိုယ်ရှစ်ပါးဟာ မဂ္ဂသစ္စာ မည်တယ်၊ ဒီမဂ္ဂသစ္စာဟာ အကြောင်းတရား၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်က အကျိုးတရား ဖြစ်တယ်၊

၂။ ပဋိစ္စသမုပ္ပါဒ် ဒေသနာက တော့ဘူမက တရားတွေကို ဘဝတခုအတွက် အပြည့်အစုံ (၁၂)ပါးသော အင်္ဂါစတဲ့ သဘောတရားတွေနဲ့ အကြောင်းအကျိုး ဆက်စပ်ပုံကို ဟောတဲ့ ဒေသနာဖြစ်တယ်။ ဘဝတခုအတွက် အပြည့်အစုံဟောရာမှာ ဒီဘဝသို့လာရတဲ့ အကြောင်း။ ဒီဘဝက ကူးပြောင်းရာအကြောင်း၊ ပစ္စုပ္ပန်ဘဝ၌ ဖြစ်ပေါ်နေတဲ့ သဘောတရားအကြောင်းများကို ဟောထားတယ်။ ဒီဘဝသို့လာရတဲ့ အကြောင်းကတော့ ရှေးရှေးဘဝကရှိနေခဲ့တဲ့ အဝိဇ္ဇာသင်္ခါရ တရားများပင်ဖြစ်တယ်၊ ဘဝကူးဘို့ရာကတော့ ဘဝဇာတိဇရာ မရဏများ ဖြစ်တယ်။ ပစ္စုပ္ပန်ဘဝအတွက်ကတော့ ဝိညာဉ်အစ ဥပါဒါန်အဆုံး ဖြစ်တယ်။ ဒီပဋိစ္စ သမုပ္ပါဒ် ဒေသနာမှာ အဝိဇ္ဇာစသည်က အကြောင်း သင်္ခါရစသည်ကအကျိုးတရားများ ဖြစ်ကြတယ်။

၃။ ပဋ္ဌာန်း ဒေသနာကတော့ ယခုသင်ကြားကြရလတံ့ ဖြစ်တဲ့ ဟေတု အာရမ္မဏစတဲ့ (၂၄) ပစ္စည်းတို့ကို ဟောတာက ဟေတုရဲ့အကြောင်းတရား အကျိုးတရားစသည်ဖြင့် အကြောင်းအကျိုး ဆက်စပ်ပုံကို ဟောတာဖြစ်တယ်။ ဒီသုံးနည်းမှာ ပဋ္ဌာန်းအကြောင်းအကျိုးဆက်သွယ်ပုံဟာ အသိမ်မွေ့ဆုံး ဖြစ်ပါတယ်။

ဒီအကြောင်း အကျိုးဆက်စပ်တဲ့ ဒေသနာသုံးမျိုးမှာ သူ့နည်းနဲ့သူ အကြောင်း အကျိုး ဆက်စပ်ပုံကိုသာ ကြံဆရလိမ့်မယ်။ ဘာ့ကြောင့်ဆိုတော့ နည်းတနည်းနဲ့ တနည်း ရောနှော ကြံစီမယ်ဆိုရင် ဉာဏ်ရှုတ်ထွေးရုံတွင်မက ယုံမှားခြင်းသို့ပင် ရောက်နိုင်ပါတယ်။ ဥပမာအားဖြင့် အရိယသစ္စာမှာ တဏှာဟာ သမုဒယ သစ္စာ အကြောင်းတရား ဖြစ်တယ်၊ တဏှာမှကြွင်းတဲ့ လောကီစိတ် စေတသိက်ရုပ်တွေဟာ ဒုက္ခသစ္စာ အကျိုးတရားဖြစ်တယ်။ ဒါဟာ သစ္စာနည်းအားဖြင့် ရှင်းနေတာဘဲ။ ဒါပေမဲ့ ပဋိစ္စသမုပ္ပါဒ်နည်းအရ ဝေဒနာ ပစ္စယာတဏှာမှာ ဝေဒနာကအကြောင်း တဏှာကအကျိုး ဖြစ်နေပေမယ်လို့ ၎င်းဝေဒနာ ပစ္စယာတဏှာကိုသစ္စာနည်းနဲ့ကြံဆရင်တဏှာကအကြောင်း ဝေဒနာကအကျိုး ဖြစ်နေတော့ ပြောင်းပြန် ဖြစ်သွားလိမ့်မယ်။ လိုနည်းတူစွာ သစ္စာနည်းနဲ့ ပဋ္ဌာန်းနည်းကိုလဲ မရောရဘူး။ ရောရင် ခုနကလိုဘဲ ရှုတ်ထွေးဦးမယ်။ ဘယ်လိုလဲ? ပဋ္ဌာန်းအာရမ္မဏ ပစ္စည်း အဖွင့်ပါဠိ တော အကုသလဿမှာ "စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော"လို့ ဟောရာမှာ ပဋ္ဌာန်းအာရမ္မဏ သဘောအရ စက္ခုပသာဒက အကြောင်းတရား၊ သာယာနှစ်သက်တဲ့ လောဘက အကျိုး တရားဖြစ်တယ်။ သစ္စာနည်းနဲ့ လောဘကအကြောင်း စက္ခုပသာဒက အကျိုးဖြစ်လိမ့်မယ်။ ဒီတော့ ဉာဏ်မရှုတ်ထွေးရအောင် သူ့နည်းနဲ့သူ ယူရပေလိမ့်မယ်။

**အာရမ္မဏ**

စာအုပ်စာမျက်နှာနံပါတ်(က)မှာ သုဒ္ဓသင်္ချာရှိပါတယ်။ သုဒ္ဓသင်္ချာတွေဟာ ပါဠိ တော်မှာ ဟောသလို အရကောက်မှာ ပြသလိုမဟုတ်ပါဘူး။ မျိုးတွေနဲ့ စီစဉ်ထားပါတယ်။ မျိုးတွေနဲ့စီစဉ်ထားတယ်လို့ဆိုတာက ပစ္စယုဒ္ဒေသမှာမျိုးနဲ့ ဟောပါတယ်။ ပစ္စယနိဒ္ဒေသမှာလဲဘဲ မျိုးနဲ့ ဟောပါတယ်။ ပစ္စယုဒ္ဒေသကြတော့ ဘယ်လိုဟောသလဲလို့ဆိုရင် "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ သဟဇာတပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော"စသည်ဖြင့် အာရမ္မဏမျိုး သဟဇာတမျိုး ဥပနိဿယမျိုးရယ်လို့ ဟော ပါတယ်။ ဒီမှာလဲဘဲအာရမ္မဏ,သဟဇာတ, ဥပနိဿယစသည်ဖြင့် မျိုးတွေနဲ့စီစဉ်ထားပါ တယ်။ ဒါတင်မှမကသေးဘူး ပဉှာဝါရပစ္စနိက် သင်္ချာခဏ်းတွေကြတော့ "နဟေတုယာပန္နရသ၊ နာရမ္မဏေပန္နရသ"စသည်ဖြင့် ဟောတဲ့နေရာဌာနမှာ "နဟေတုယာပန္နရသ"အရ အလုံးစုံသောအာရမ္မဏပစ္စည်း၊ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း၊ အနန္တရ၊ ပကတူ၊ ပုရေ၊ ပစ္ဆာ၊ ကံ၊ ဟာ၊ ဣ ပစ္စည်း၊ မိဿကသုံးပစ္စည်း"အဲဒီပစ္စည်းတွေ ဒီမျိုးတွေကိုပေါင်းလိုက်တဲ့အခါမှာ သင်္ချာဟာပန္နရသ(၁၅)လာရပါတယ်။ ဒါ့ကြောင့် ပစ္စယုဒ္ဒေသ-ပစ္စနိက်မှာ ဟောတဲ့သဘောအတိုင်းမျိုးတွေနဲ့ စီစဉ်ထားပါတယ်။ ဒီမျိုးတွေနဲ့ စီစဉ်ထားမှုအတွက် ဘာအကျိုးရှိသလဲဆိုရင် အာရမ္မဏရှစ်မျိုးမှာ အာရမ္မဏပစ္စည်းဟာ ခေါင်းဆောင်ဖြစ်ပါတယ်။ ခေါင်းဆောင်ဖြစ်တဲ့ အာရမ္မဏပစ္စည်းကိုရခဲ့လို့ရှိရင် နောက် ပိုင်းဖြစ်တဲ့ အာရမ္မဏာဓိပတိ- အာရမ္မဏူပနိဿယစတဲ့ပစ္စည်းတွေကို တစုံတရာကျက်မှတ် ရမှုမရှိဘဲနှင့်အလိုအလျောက်ရနိုင်ပါတယ်။ ဘာ့ကြောင့်?။ ဒီအာရမ္မဏာဓိပတိ-အာရမ္မဏူပ နိဿယအစရှိတဲ့ပစ္စည်းတွေဟာ အာရမ္မဏပစ္စည်းရဲ့ အစိတ်တရားတွေဖြစ်ပါတယ်။ အဲဒီ တော့ခေါင်းဆောင်ဖြစ်တဲ့ ပစ္စည်းတခုရလိုက်ခဲ့လို့ရှိရင် သူရဲ့နောက်လိုက်ဖြစ်တဲ့ အစိတ်

ဖြစ်တဲ့ပစ္စည်းတွေကို မကျက်ရဘဲနှင့် အလိုအလျောက် ရနိုင်ပါတယ်လို့ဆိုတဲ့ အကျိုးရှိပါ တယ်။

အဲဒီတော့ပစ္စည်းစဉ်ကလေးကို သိထားခဲ့လို့ရှိရင် ဘယ်လိုဘဲဟောဟော နောင် အခါကာလမှာ ဟေတု အာရမ္မဏအစရှိသဖြင့် စဉ်ဘို့ရာအတွက် မခက်ခဲပါဘူး။အဲဒီတော့ ပထမရှေးဦးစွာ အာရမ္မဏရှစ်မျိုးထဲက သုဒ္ဓသင်္ချာကိုဆိုရပါလိမ့်မယ်။ သုဒ္ဓသင်္ချာဆိုတော့ စာအုပ် စာမျက်နှာ(က)မှာ ပစ္စည်းတရားပစ္စယုပ္ပန်တရားသင်္ချာလို့ ပြထားပါတယ်။ သင်္ချာ တွေဟာဘာတွေလဲဆိုတာကို လက်ျာဘက်က ကု-ကု လို့ဆိုဟာကို ကုသလောကုသလဿ၊ ထိုနည်းတူကုသလောအကုသလဿ၊ကုသလောအဗျာကတဿ၊အကုသလောအကုသလဿ၊ အကုသလောကုသလဿ၊ အကုသလောအဗျာကတဿ၊ အဗျာကတောအဗျာကတဿ၊ အဗျာကတောကုသလဿ၊ အဗျာကတော အကုသလဿ-လို့ အာရမ္မဏမျိုးထဲမှာ သင်္ချာအများဆုံးဟာ ၉-ခုဘဲရှိပါတယ်။ (၉)ကိုပါဠိလို-နဝ-ရယ်လို့ ခေါ်ပါတယ်၊ ပစ္စည်းရေတွေကလဲဘဲ သူ့အမှတ်ဆိုင်ရာကလေးတွေကို ဆိုရပါတယ်။ အဲဒီတော့ ဆိုပုံ ကလေးကို ဆိုပြပါဦးမယ်။

**အာရမ္မဏပစ္စည်း၏သုဒ္ဓသင်္ချာဝါရနဲ့-** ဟာမစိတ် စဟုပညာသ၊ ဝိညာဏဥ္စာယ တနစိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ အဘိညာဉ်ဒွေ၊ လောကုတ္တရာစိတ် ရှစ်ခုအားတတ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်။ ဤတရားတို့သည် အာရမ္မဏပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာနဝ၊ ပစ္စည်းရေ တစ်ဟူသည်တည်း။ ပစ္စည်းရေတစ်လို့ဆိုတာ လက်ျာဘက်အစွန်းက (၁)ကလေးကြည့်ပြီး ပစ္စည်းရေတစ်လို့ဆိုပါတယ်။ ဒါတွေဟာသဘာဝ ပစ္စည်းရေဖြစ်ပါတယ်။

အရင်အပတ်က သင်္ချာခဏ်းတွေ ပို့ချတုံးကလဲ ဒီသုဒ္ဓသင်္ချာပါဘဲ၊ ဝိဘင်္ဂဝါရမို့ချ ရင်လဲဘဲ ဒီသုဒ္ဓသင်္ချာအားဖြင့်သာလျှင် အားလုံးကုန်သော သင်္ချာခဏ်းတွေရော ဝိဘင်္ဂ ခဏ်းတွေရော စခန်းသွားရပါတယ်။

အဲဒီတော့ သင်္ချာနဝလို့ဆိုဘာ အမှတ်ကလေးတွေ ပြထားတဲ့အတိုင်းဆိုရပါ တယ်။ **သင်္ချာနဝဟူသော်ကား** ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ။ အဗျာကတော အကုသလဿ၊-ဟူသည်တည်း၊ ပြီးတော့ ပစ္စည်းရေတစ်ရှိပါတယ်။ ပစ္စည်း ရေတစ်က အာရမ္မဏကွက်တခုဘဲ ရှိပါတယ်။ **ပစ္စည်းရေတစ်**ဟူသော်ကား အာရမ္မဏဟူ သည်တည်း။

ဒီတော့ ဒီသင်္ချာနဝကို ဘယ်လိုလုပ်ပြီး ရတယ်လို့ဆိုဘာကို ပစ္စည်းပစ္စယုပ္ပန်ကို သရုပ်ခွဲယူရပါတယ်။ အာရမ္မဏရဲ့ အာရုံတရားဟာ စိတ် စေတသိက် ရုပ် နိဗ္ဗာန်ရယ်လို့ ပရမတ္ထတရားလေးပါးဖြစ်ပါတယ်။ အာရမ္မဏကဖြစ်တဲ့ ပစ္စယုပ္ပန်တရားကြတော့ ဒီပဉ္စာ ဝါရမှာ ပစ္စယနိဒ္ဒေသမျိုးလို သုညတမဟောပါဘူး။ သုညတလို့ဆိုတာက မွေအနေနဲ့ ဟောတယ်။ ဒီမှာကခန္ဓာအနေနဲ့ ဟောပါတယ်၊ ပြီးတော့ ပဉ္စာဝါရမှာ ပရမတ္ထတရား

အစစ်ကို ဟောပါတယ်။ အာရုံပြုတတ်တဲ့ တရားတွေဆိုတာ စိတ်စေတသိက် ဖြစ်ပါတယ်။ ရုပ်တရားတွေဟာ အာရုံမပြုတတ်ပါဘူး။ နိဗ္ဗာန်လို့ဆိုတာကလဲဘဲ အသင်္ခတ - အပ္ပစ္စယ တရား ဖြစ်ခြင်းကြောင့် မိမိသည်သာလျှင် အာရုံအနေမျိုးနဲ့နေပါတယ်။ မည်သည့်တရား ကိုမျှ နိဗ္ဗာန်ကအာရုံမပြုပါဘူး။ အာရုံပြုတယ်လို့ဆိုတာ သင်္ခတတရားဖြစ်တဲ့ နာမ်တရား တွေသည်သာလျှင် ဆိုင်ရာဖြစ်တဲ့ ရုပ်နာမ်တွေကို အာရုံပြုပါတယ်။ အသင်္ခတတရားဖြစ်တဲ့ နိဗ္ဗာန်ကမည်သည့် တရားကိုမျှ အာရုံမပြုသဖြင့် နိဗ္ဗာန်မရပါဘူး။ ဒီပဥ္စဝါရမှာ ပရမတ္ထ အစစ်ကို ဟောခြင်းကြောင့် ပညတ်ကို ဧကန်အာရုံပြုတဲ့ရူပါဝစရစိတ် ၁၅ ခု၊ အာကာသာ နဉ္စာယတနစိတ် ၃ ခု၊ အာကိဉ္စညာယတနစိတ် ၃ ခုဆိုတဲ့ ပညတ်ဧကန် ၂၁ တို့မပါပါဘူး။ မပါတော့ ကာမစိတ်အကုန်ရပါတယ်၊ ရူပါဝစရစိတ်က လုံးဝမရပါဘူး။ အာကာသာ နဉ္စာယတနစိတ် ၃၊ အာကိဉ္စညာယတနစိတ် ၃ ဟာလဲပညတ်ကို အာရုံပြုခြင်းကြောင့်မရပါ ဘူး။ အဘိညာဉ်ဒွေရပါတယ်။ ပြီးတော့လောကုတ္တရာစိတ်ရှစ်ခုရပါတယ်။

အဲဒီတော့ ဒါတွေကို သရုပ်ခွဲမယ်လို့ဆိုရင် အာရမ္မဏသင်္ဂဟအတိုင်း ခွဲရပါတယ်။ ပစ္စုပ္ပန်ဘက်စိတ် ၈၉ ခုထဲက ကုသိုလ်မရှိဘူးလား? ရှိပါတယ်။ ပစ္စုပ္ပန်ဘက်ကာမစိတ် ၅၄ ခုထဲက ကာမကုသိုလ်မရှိဘူးလား? ရှိပါတယ်။ အဘိညာဉ်ဒွေ ထဲကလဲ ကုသိုလ် အဘိညာဉ်ရှိပါတယ်။ လောကုတ္တရာစိတ် ၈ ခုထဲက မဂ်ရှိတယ်။ ဒါပေမဲ့ မဂ်ဆိုတာနိဗ္ဗာန် ကိုသာ အာရုံပြုပါတယ်။ အဲဒီတော့ ကာမစိတ် ၅၄ ခုထဲက ကာမကုသိုလ်ရယ်၊ ဝိညာ ဏဉ္စာယတနကုသိုလ်၊နေဝသညာ နာသညာယတနကုသိုလ်နှင့် ကုသိုလ် အဘိညာဉ်တွေဟာ ဆိုင်ရာဖြစ်တဲ့ ကုသိုလ်စိတ် စေတသိက်ထဲက အရဟတ္တမဂ်ကြဉ်တဲ့ ကုသိုလ်ဝီသကို အာရုံပြုပါ တယ်။ ဒါ့ကြောင့် ကုသလော ကုသလဿ ရပါတယ်။

ပြီးတော့ အဲဒီကုသိုလ်ကို အကုသိုလ်ကတဖန် အာရုံပြုပြန်ပါတယ်။ ကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဖြစ်နိုင်ပါတယ်။ အကုသိုလ်ဖြစ်နိုင်ကြောင်းကို ပါဠိတော်ဟောတဲ့ အခါကာလမှာ ထင်ရှားပါလိမ့်မယ်။ ဒါ့ကြောင့် ကုသလော အကုသလဿ ရပါတယ်။ အဲဒီကုသိုလ်ကို အဗျာကတဖြစ်တဲ့ ဆိုင်ရာဝိပါက်ကြိယာတွေက အာရုံပြုခြင်းကြောင့် ကုသ လော အဗျာကတဿ။

အကုသိုလ်ဒွါဒသကို အကုသိုလ်ဒွါဒသက အာရုံပြုခြင်း ကြောင့်အကုသလော အကု သလဿ။အဲဒီအကုသိုလ်ကို ကုသိုလ်ကအာရုံပြုခြင်းကြောင့်အကုသလော ကုသလဿ။အကု သိုလ်ကို အာရုံပြုပြီး ကုသိုလ်ဖြစ်နိုင်တဲ့ နည်းလမ်းတွေ သဘောတရားတွေဟာ ဒီပဋ္ဌာန်း အာရမ္မဏ ပစ္စည်း ပကတူပနိဿယ ပစ္စည်းမှာ ဟောထားပါတယ်။ မိမိတို့ရဲ့သန္တာန်မှာ ပုထုဇဉ်ဖြစ်သည့် အားလျော်စွာ တစုံတရာပြုခဲ့တဲ့ အကုသိုလ်တရားတွေ ရှိပါလိမ့်မယ်။ အဲဒီ အကုသိုလ်တရားတွေကို ပြန်အာရုံပြုပြီး နှလုံးမသာမယာမှုတွေ ဖြစ်နေမယ် ဆိုလို့ ရှိရင် အကုသိုလ်သာ ဖြစ်လိမ့်မယ်၊ ဒီတော့ ကုသိုလ်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုဘာကို ပါဠိ တော်ဟောတဲ့ အခါကာလမှာ ထင်ရှားပါလိမ့်မယ်။ ၎င်းအကုသိုလ်ကိုလဲ ဆိုင်ရာဖြစ်တဲ့ ဝိပါက်အဗျာကတတွေက အာရုံပြုခြင်းကြောင့် အကုသလော အဗျာကတဿရပါတယ်။

## အာရမ္မဏ

အဗျာကတောအဗျာကတဿကြတော့ စိတ် ၈၉ ထဲက ဝိပါက်ကြိယာ တွေ ရှိပါတယ်၊ ရုပ်နိဗ္ဗာန်လဲရှိပါတယ်။ အဲဒီဝိပါက်ကြိယာတွေကို ဆိုင်ရာဖြစ်တဲ့ ဝိပါက်ကြိယာတွေက အာရုံပြုခြင်းကြောင့် အဗျာကတော အဗျာကတဿ ရပါတယ်။ ထိုနည်းတူစွာ ကုသိုလ်က အာရုံပြုခြင်းကြောင့် အဗျာကတော ကုသလဿ ရပါတယ်။ ဒီအဗျာကတကိုပင် အကုသိုလ်ကအာရုံပြုခြင်းကြောင့် အဗျာကတော အကုသလဿ လို့သင်္ချာ-န ၀-ရပါတယ်။

ပစ္စည်းရေတစ်လို့ ဆိုတာကတော့ ဒီအာရမ္မဏရှစ်မျိုးရဲ့ပစ္စည်း ပစ္စယုပ္ပန်ကိုကြည့်လိုက်မယ်ဆိုရင် အာရမ္မဏပစ္စည်း ပစ္စယုပ္ပန်နှင့် တခြားအရာတဲ့ပစ္စည်း တခုမှ မရှိပါဘူး။ ဒါကြောင့် ပစ္စည်းရေဟာတစ်လို့ ဖြစ်နေပါတယ်၊ အဲဒါအာရမ္မဏရဲ့ သုဒ္ဓသင်္ချာဖြစ်ပါတယ်။

ယခုသင်္ချာဝါရကို မှီချနေတာမဟုတ်ဘူး။ ဝိဘင်္ဂဝါရကို မှီချပြီးနေခြင်းကြောင့် ဆိုင်ရာဖြစ်တဲ့ သုဒ္ဓသင်္ချာအားလျော်စွာ ပါဠိတော်တွေကိုရင်း၊ အရကောက်တွေကိုရင်း ဆိုရမှာဖြစ်ခြင်းကြောင့် တပုဒ်တပုဒ်စီဘဲမှီချပြီးပေးပါမယ်၊ သင်္ချာဝါရတုံးကတော့ ဒီလိုတပုဒ်စီမှီချပေးလို့မဖြစ်ဘူး။ ဘာ့ကြောင့်? ဒီသင်္ချာတွေကိုသဘာဂတွေဃဋနာတွေ ပြုလုပ်ရမှာဖြစ်ခြင်းကြောင့် ဒါတွေကို အကုန်လုံး မှီချရပါတယ်။ ဒီကုသလော ကုသလဿ·အရပါဠိဟာက ဘယ်လိုနေတယ်,အရကောက်ဟာက ဘယ်လိုနေတယ်လို့ဆိုတာကို စာအုပ်မှာကြည့်လိုက်ပါ။ စာမျက်နှာ(စ)ရဲ့ခေါင်းစဉ်မှာ ·ပဥ္စာဝိဘင်္ဂဝါရအာရမ္မဏမျိုး ပါဠိတော်ဇယားလို့ရှိပါတယ်။ ဒီဘက်ကပစ္စည်းတရားက အာရုံ။ ပစ္စယုပ္ပန်တရားက အာရမ္မဏိက။ အဲဒီပစ္စည်းတရား အာရုံအရ ဘာတရားတွေရသလဲ။ ပစ္စယုပ္ပန်အရ ဘာတရားတွေရသလဲလို့ဆိုတာကိုလဲ တခါထဲပြပြီးထားပါတယ်။ ပဒ-က ကုသိုလ်ရှိပါတယ်။ ပဒါဝသာန-ကလဲ ကုသိုလ်ရှိပါတယ်၊ အဲဒီပဒ-ပဒါဝသာန-ကို ပထမရှေးဦးစွာ ဆိုရပါလိမ့်မယ်။ ယခုအာရမ္မဏပစ္စည်းကို ဟောပြီး နေခြင်းကြောင့် အာရမ္မဏပစ္စယေနပစ္စယောလို့ ဆိုရပါလိမ့်မယ်။

### ကုသလောကုသလဿ

ကုသလောဓမ္မော ကုသလဿဓမ္မဿ အာရမ္မဏပစ္စယေနပစ္စယော။ ဒါနံဒတွာသီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာ တံ ပစ္စဝေက္ခတိ။ (ပစ္စည်း ပစ္စယုပ္ပန်ကလေးတွေဆိုရပါတယ်၊ ပြီးတော့ နောက်က အမှတ်ကလေးပြထားတာက ပစ္စဝေက္ခတိ-ကို ဆိုရပါတယ်။) ပုဗ္ဗေသုစိဏ္ဏာနိပစ္စဝေက္ခတိ။ ဈာနာဝုဋ္ဌဟိတွာဈာနံပစ္စဝေက္ခတိ။ သေက္ခာဂေါတြဘုံပစ္စဝေက္ခန္တိ။ ဝေါဒါနံ ပစ္စဝေက္ခန္တိ (ပစ္စဝေက္ခန္တိမှာ ၂ ကလေးရှိသဖြင့် ပစ္စဝေက္ခန္တိကို ၂ခါဆိုရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပုဒ် ၂ ပုဒ်ကိုခွဲလိုက်ပါတယ်။)ဝေါဒါနံပစ္စဝေက္ခန္တိ။ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ။ သေက္ခာဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတောဝိပဿန္တိ၊(နောက်အပုဒ်ကြတော့ စေတောပရိယဉာဏ-လို့ခရေပွင့်ကလေး ပြထားပါတယ်။ ဒီလိုခရေပွင့်ကလေးပြထားလို့ရှိရင် ဒီခရေပွင့်ကို အရင်ဆိုရပါ

တယ်။) စေတော ပရိယညာဏေန ကုသလစိတ္တသမင်္ဂီဿစိတ္တံ ဇာနန္တဿ၊ အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတန ကုသလဿ အာရမ္မဏ ပစ္စယေနပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတန ကုသလဿ အာရမ္မဏပစ္စယေနပစ္စယော။ ကုသလာခန္ဓာဣဒ္ဓိဝိဓဉာဏဿ၊ စေတောပရိယဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ယထာကမ္မုပဂဉာဏဿ၊ အနာဂတံသဉာဏဿအာရမ္မဏပစ္စယေနပစ္စယော။

## အမိပ္ပါယ်

ဒါန်ဒတ္တွာတံပစ္စဝေက္ခတိ။ ဒါနဆိုတဲ့ကုသိုလ်ကောင်းမှုပြုတယ်။ပြုပြီးတဲ့နောက်မိမိပြုတဲ့ ပရိစာဂစေတနာ ဝိသောဓနစေတနာပြဋ္ဌာန်းတဲ့ ကာမကုသိုလ်ကို(ဒါနလို့ဆိုတာ ကာမကုသိုလ်ဘဲ) ပြန်ပြီးဆင်ခြင်တယ်။ ဘယ်လိုလဲ? ပုဂ္ဂိုလ်တယောက်ဟာ ထမင်းအဖျော် အိပ်ယာကျောင်း အဝတ်သင်္ကန်းအစရှိတဲ့ ဒါနဝတ္ထုကိုလှူတယ်။ လှူတော့ကာ လှူဆဲဖြစ်တဲ့ ဝီထိကလေးတခုချရတယ်။ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း။ ကာမဇော ၇ ကြိမ်။ အဲထို့နောက်မှ တဒါရုံကျရင် တဒါရုံ၊ ပြီးတော့မှဘဝင်ကျတယ်။ ဒါလှူဆဲဖြစ်တဲ့ မုဉ္စစေတနာအားလျော်စွာ ဒါနကုသိုလ်မြောက်သွားတယ်။ ဒါနကုသိုလ် မြောက်သွားတဲ့နောက် ပစ္စဝေက္ခတိအရ ဘယ်နှယ်ဆင်ခြင်သလဲ?။ ''ငါသည် ဘုရားလောင်း အစရှိသော သူတော်ကောင်းတို့သည် ဖြည့်ဆည်းပူးအပ်သော ဒါနပါရမီကိုဖြည့်ဆည်းခဲ့ရလေပြီ''၊ဖြည့်ဆည်းခဲ့ရလေပြီဆိုပြီး မိမိပြုတဲ့ ဒါနကုသိုလ်ကိုပြန်ပြီး ဆင်ခြင်တယ်။ ဆင်ခြင်တော့ ပြုခဲ့တဲ့ဒါနကုသိုလ်လို့ဆိုတာက ကာမကုသိုလ်ဖြစ်ပါတယ်။ ဆင်ခြင်လိုက်တဲ့ အခါကာလမှာလဲဘဲ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကာမကုသိုလ်တရားဖြစ်လာတယ်။ အဲဒီတော့ ဒီပစ္စဝေက္ခတိလို့ ဆိုတဲ့ ဆင်ခြင်တဲ့ပါဠိကလေးဟာ အင်မတန်အဘိုးတန်ပါတယ်။ အင်မတန်အဘိုးတန်တယ်လို့ ဆိုတာက ဘာဆိုလိုတာလဲ ?။ အတိုင်းအရှည်မရှိ မိမိတို့ရဲ့သန္တာန်မှာ မိမိတို့ပထမလှူစဉ်အခါကာလတုံးက ရခဲ့တဲ့ကုသိုလ်ကိုပြန်ပြီး ဆင်ခြင်လိုက်မယ်လို့ဆိုရင် ဒီကုသိုလ်ဘဲ ထပ်ပြီးရပါတယ်။ နောက်ထပ်ဘပြားမှ အကုန်အကျမခံရဘဲနှင့် မိမိတို့ပြုခဲ့တဲ့ကုသိုလ်တွေပြန်ပြန်ပြီးအောင်းမေ့မယ် ဆင်ခြင်မယ်ဆိုရင် အဲဆင်ခြင်တဲ့အတွက် မိမိတို့ရဲ့သန္တာန်မှာ ကာမကုသိုလ်တွေချည်းဘဲဖြစ်ပါတယ်။ ဒီတော့မိမိပြုခဲ့တဲ့ ဒါနစတဲ့ကုသိုလ်ကိုအာရုံပြုပြီးပစ္စယုပ္ပန်ဘက်က ဆင်ခြင်တဲ့ ကာမကုသိုလ်လာဖြစ်ပါတယ်။ ဒါဟာကုသိုလ်ကို အာရုံပြုပြီး ကုသိုလ်ဖြစ်တာဘဲ။ဒီဒါနကို အင်္ဂုတ္တရဒါနဝဂ်စသည်တွေမှာ သံယုတ်တွေမှာဒါနအကြောင်းတွေ ဟောထားပါတယ်။ ဒါနအကြောင်း ဟောထားတယ်ဆိုတာ ဒါနလို့ဆိုတာဟာ စရဏတရားပါ။ အဲစရဏတရားဖြစ်တော့ သံသရာမှာ ကျင်လည်ရတဲ့ ပုဂ္ဂိုလ်တွေဟူသမျှ စရဏတရားဖြစ်တဲ့ ဒါနမပြည့်စုံခဲ့လို့ရှိရင် ဒီပုဂ္ဂိုလ်တွေဟာ သံသရာတလျောက်မှာ ဆင်းရဲမယ်၊ မွဲတေနေမယ်၊ အောက်တန်းကြမယ်။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတွေလဲ မပြည့်စုံဘူး။ အဲဒီတော့ကာ သံသရာမှာ လူလောကမှာဖြစ်ဖြစ် နတ်ပြည်လောကမှာဖြစ်ဖြစ် အင်မတန်တင့်တင့်တယ်တယ်ကြီးထွားတဲ့ တန်ခိုးစသည်တွေနဲ့ပြည့်စုံပြီး နေကြတဲ့ပုဂ္ဂိုလ်တွေဟာ ဘာတွေသူလုပ်လာခဲ့သလဲလို့ဆိုရင် သံသရာမှာ စရဏတရားတွေကိုအားထုတ်လာခဲ့ပါတယ်။ အဲဒီစရဏတရား

တွေအားထုတ်ပြီးလာခဲ့ခြင်းကြောင့် ဒီပုဂ္ဂိုလ်ဟာ ဘဝသံသရာမှာ အထက်တန်းကြတယ်။ ပြောင်ပြောင်လက်လက်နေနိုင်တယ်၊ ထိုင်နိုင်တယ် စားနိုင်တယ် သောက်နိုင်တယ်၊ ဝတ်နိုင်တယ်။ စရဏတရားဆိုတာ တရားကိုယ်အားဖြင့် သီလနဲ့ သမာဓိဖြစ်တယ်။ ဒါပေမဲ့ဒီစရဏတရားတခုသာရှိပြီး ဝိဇ္ဇာလို့ဆိုတဲ့ပညာတရား မရှိပြန်ခဲ့လို့ရှိလျှင် ဒီပုဂ္ဂိုလ်တွေဟာ သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရားရှင်နဲ့ တွေ့သည့်တိုင်အောင် အကျွတ်တရားမရဘူး။ သက်သေက ကောသလမင်းဖြစ်ပါတယ်၊ ကောသလမင်းကြီးသည် မြတ်စွာဘုရားရှင်နဲ့ အင်မတန်ရင်းနှီးပါတယ်။ ရာဇကာရုံကျောင်းကြီးကိုလဲ ဆောက်ပြီးလှူဒါန်းပါတယ်။ မြတ်စွာဘုရားရှင်ထံကိုလဲ မပြတ်မလတ်သွားပါတယ်။ ရောက်တဲ့အခါကာလတိုင်း မြတ်စွာဘုရားကလဲ သူ့ကို တရားဟောတယ်။ ဘယ်လောက်ထိအောင် ဟောသလဲလို့ဆိုရင် သံယုတ်မှာ ကောသလသံယုတ်ရယ်လို့ တကျမ်းတဖွဲ့ရှိပါတယ်။ ဒါပေတဲ့အဲဒီပုဂ္ဂိုလ်ဟာ စရဏတရားနှင့်သာ ပြည့်စုံ၍ ဝိဇ္ဇာတရားမရှိလေတော့ သက်တော်ထင်ရှားရှိတဲ့ မြတ်စွာဘုရားရှင်နဲ့ တွေ့ရသည့်တိုင်အောင် ဘာမဂ်ဘာဖိုလ်မှ မရဘူး။ ကောသလသံယုတ်တကျမ်း ဟောပြီးသည့်တိုင်အောင် ဘာမဂ်ဘာဖိုလ်မှမရဘူး။ ဘာ့ကြောင့်။ ? သူ့မှာ ဝိဇ္ဇာလို့ ဆိုတဲ့ ပညာတရား မပြည့်စုံခဲ့ဘူး။ ဝိဇ္ဇာလို့ ဆိုတဲ့ ပညာတရားဟာက ဘာတွေလဲ? ရုပ်တရား နာမ်တရားတွေ သိရမယ်။ ဥပမာဆိုကြပါစို့၊ ယခု အာရမ္ဘဏ ပစ္စည်းမှာ “ဒါနံ ဒဿာ” အရ အလှူကို လှူလိုက်တယ်။ ဒါန ကုသိုလ်တွေ ပြုလုပ်တယ်။ ပြုလိုက်တဲ့ အခါကာလမှာ “ငါပြုအပ်တဲ့ ဤဒါနဝတ္ထုသည်ကား စင်စစ်အဝိနိဗ္ဗောဂရုပ် ရှစ်ခုသာလျှင် ဖြစ်ခဲ့၏” ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ-ပေါ့။ အဲဒီအဝိနိဗ္ဗောဂရုပ်-ဒါနဝတ္ထုလို့ဆိုတာ ရုပ်တရားဘဲ။ “ငါသည်လှူအပ်တဲ့ ဒါန ကုသိုလ်စေတနာတွေက နာမ်တရားသာလျှင်ဖြစ်ခဲ့၏” အဲဒီလိုနာမ်တရား ရုပ်တရားတွေကို သိပြီးလှူမယ်လို့ဆိုရင် ၎င်းပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ပညာတရားလာပြီးဖြစ်ပါတယ်။ အဲဒီအခါကာလမှာ ဝိဇ္ဇာတရားနဲ့ ပြည့်စုံတယ်လို့ခေါ်ရတယ်။ စရဏတရားသာလျှင်ရှိ၍ ဝိဇ္ဇာတရားမပြည့်စုံခဲ့လို့ ရှိလျှင်လဲဘဲ မဂ်တရား ဖိုလ်တရားမရဘူး။ ဝိဇ္ဇာတရားသာရှိ၍ စရဏတရား မပြည့်စုံပြန်လို့ရှိလျှင်လဲဘဲ မဂ်တရား ဖိုလ်တရား မရဘူး။ ထိုထိုသုဂတိဘုံဘဝ စည်းစိမ်ချမ်းသာမှုဆိုတာက ဒါနသီလဘာဝနာတွေ ပုညကြိယာတရားတွေရှိရတယ်။ ဒီလိုမရှိဘဲနဲ့ ပညာချည်းသက်သက် လုပ်နေပြန်ခဲ့လို့ရှိရင် သေတဲ့အခါမှာ ကပ္ပိလရဟန်းကြီးလို ငါးဖြစ်နေလိမ့်မယ်၊ ဘုရားသက်တော်ထင်ရှားရှိစဉ်တောင် အပါယ်တိရစ္ဆာန် ဘုံဘဝမှာ ဖြစ်ခြင်းကြောင့် ဒီသတ္တဝါဟာ မဂ်တရား ဖိုလ်တရား မရနိုင်ပြန်ဘူး။ ဥဒါဟရုဏ်အားဖြင့် ဆိုကြပါစို့။ ကျက်တူရွေးကလေးတကောင်းဟာ သူ့မှာဘာရှိသလဲ။ မျက်လုံးရှိတယ်။ ခြေထောက်ရှိတယ်။ အတောင်ပံရှိတယ်။ နှုတ်သီးရှိတယ်။ သူ့ရဲ့မျက်လုံးကိစ္စက ဘာတုံး?။ ဘယ်နေရာ ဘယ်အရပ် ဌာနမှာဖြင့် သစ်သီးရှိတယ် မရှိဘူး။ ဒီအပင်ဟာ သီးမလား မသီးဘူးလားလို့ဆိုတာကို ကြည့်ဘို့ရာအတွက်ဖြစ်တယ်။ အတောင်ဆိုတာက ဒီနေရာဌာနရောက်အောင် ပျံဘို့ရာအတွက်ဖြစ်တယ်။ နှုတ်သီးကတော့ရောက်တဲ့အခါမှာ စားသောက်ဘို့ရန်ဖြစ်တယ်။ အဲဒီကျက်တူရွေးမှာ မျက်လုံး အတောင် ခြေထောက် နှုတ်သီး ပြည့်ပြည့်စုံစုံရှိမှသာလျှင် မိမိ၏တသက်လျှာ တဘဝအဘွက်

ချမ်းချမ်းသာသာနေနိုင်တယ်။ ဒီလိုမဟုတ်ဘဲနဲ့ မျက်လုံးပျက်စီးနေမယ်လို့ဆိုရင် ဘယ်လိုလုပ်သွားမလဲ။ အတောင်ပံ ခြေထောက် ပျက်စီးနေမယ်ဆိုရင် ဘယ်လိုလုပ်သွားမလဲ။ မျက်လုံးအတောင်ပံ ခြေထောက်တော့ ပြည့်စုံနေပါပြီ၊ နှုတ်သီးမရှိဘူး၊ နှုတ်သီးမရှိတော့ သူ့နေရာတော့ ရောက်အောင်သွားနိုင်တယ်။ဒါပေတယ်လို့ စားခြင်းငှာမစွမ်းနိုင်ဘူး။ထိုနည်းတူစွာမျက်လုံးလို့ဆိုတာဟာက ကမ္မဿကတဉာဏ်နဲ့တူတယ်။ ကံကံ၏အကျိုးကို ယုံကြည်တယ်။ အတောင်နဲ့ ခြေထောက်လို့ဆိုတာဟာက စရဏအသင်းအပင်းဖြစ်တဲ့ သီလ သမာဓိတရားတွေနဲ့တူတယ်။ နှုတ်သီးလို့ဆိုတာက ပညာတရားဘွေနဲ့တူတယ်။ အဲဒီတော့ အားလုံးကုန်စုံမှသာလျှင် ဒီပုဂ္ဂိုလ်ဒီသတ္တဝါဟာ အလိုရှိအပ်တဲ့ အသီးတွေစားနိုင်သလို ထိုနည်းတူစွာ ဝေနေယျ သတ္တဝါတွေမှာလဲဘဲ ဖြစ်လေရာဘဝတို့၌ စရဏတရားတွေ ဝိဇ္ဇာတရားတွေကို ဖြည့်ဆည်းခဲ့ဘူးရတယ်။ ယခုသင်ကြားနေတယ်လို့ဆိုတာ ဘာတွေတုံး ?။ မိမိတို့အသီးသီးဆိုင်ရာဖြစ်တဲ့ ဒါနသီလဘာဝနာတွေကိုတော့ ပွားများခဲ့ပြီ။ ဆိုင်ရာဖြစ်တဲ့ ရုပ်တရားတွေ နာမ်တရားတွေ-ပဋ္ဌာန်းအားဖြင့် ပစ္စည်းပစ္စယုပ္ပန်တရားတွေ နားလည်ဘို့ရာအတွက် ပညာပိုင်းဆိုင်ရာဖြစ်တဲ့ ဝိဇ္ဇာဘရားမျိုးဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ ဝိဇ္ဇာရော စရဏရော ၂ မျိုးပြည့်စုံရပါတယ်။

အဲဒီဒါနဟာလဲ အာမိသဒါန ဓမ္မဒါနရယ်လို့ ၂-မျိုးရှိပါတယ်၊ အလှူဝတ္ထုပစ္စည်းစသည် လှူဒါန်းတာတွေက အာမိသဒါန၊ ထိုသိုတရားစသည် လှူဒါန်းတာတွေက ဓမ္မဒါန။ သက္ကစ္စဒါန အသက္ကစ္စဒါန။ လှူဒါန်းတဲ့အခါကာလမှာ ရိုရိုသေသေလှူတာတွေ မရိုမသေလှူတာတွေ။ ဘယ်သူတုံး ?။ ပါယာသိရာဇညမင်းကြီးဟာ အသက္ကစ္စဒါနဘဲ။ သူဟာမရိုမသေလှူတယ်၊ မရိုမသေလှူသော့ သူနတ်ပြည်တော့သွားဖြစ်ပါရဲ့။ သူ့ဘုံဗိမာန်မှာ သူတယောက်ထဲ။ နတ်သမီးဆိုတာဝေးရော။ ဒါအသက္ကစ္စဒါနတွေအတွက် ဖြစ်တယ်။ ထိုနည်းတူစွာ ပူဇာဒါန အနုဂ္ဂဟဒါန။ မိမိထက်မြင့်မြတ်ဘဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်တဲ့အခါမှာ ပူဇာဒါနရယ်လို့ဖြစ်တယ်။ မိမိအောက်ယုတ်ညံ့တဲ့ ပုဂ္ဂိုလ်တွေကို ချီးမြှောက်တဲ့ အခါကာလမှာ အနုဂ္ဂဟဒါနရယ်လို့ခေါ်တယ်။ ပြီးတော့သာဟတ္ထိကဒါန - အာဏတ္တိကဒါန။ ယာဝရဒါန-အထာဝရဒါန။ သပရိဝါရဒါန-အပရိဝါရဒါန။ နိစ္စဒါန-အနိစ္စဒါန။ သသင်္ခါရဒါန-အသင်္ခါရဒါန။ ဇာနဒါန-အဇာနဒါန။ ဝဋ္ဋနိဿိတဒါန-ဝိဝဋ္ဋနိဿိတဒါန။ ဓမ္မဒါန အဓမ္မဒါန။ ဓမ္မိကဒါန-အဓမ္မိကဒါန။ ဝတ္ထုဒါန-အဘယဒါန။ အဇ္ဈတ္တိကဒါန-ဗာဟိရဒါန။ သာဝဇ္ဇဒါန-အနဝဇ္ဇဒါန။ အဂ္ဂဒါန-ဥစ္ဆိဋ္ဌဒါန။ ဟီနဒါန-ပဏီတဒါနစသည်ဖြင့် ဒါနတွေဟာအင်မတန်များပြားပါတယ်။

အဲဒီတော့ ထိုထိုဒါနပြုတဲ့အခါကာလ၌ မိမိပြုအပ်ပြီးတဲ့ ဒါနကိုအာရုံပြု၍ ''ငါသည်သူတော်ကောင်းတို့ ဖြည့်ဆည်းပူးအပ်သော ဒါနပါရမီကို ဖြည့်ဆည်းပူးခဲ့ရလေပြီ ပြုခဲ့ရလေပြီ''ဟု ဆင်ခြင်တဲ့အခါကာလ၌ ထိုဒါနစေတနာကိုအာရုံပြု၍ ကာမကုသိုလ်ဖြစ်တယ်။ အဲဒါကိုပင်လျှင် ''ဒါနံ့ဒတွာ တံ ပစ္စဝေက္ခတိ''လို့ ဟောတယ်။

ပြီးတော့မှ ''သီလံ သမာဒိယိတွာ တံ ပစ္စဝေက္ခတိ'' ၊ သီလအရက ဒီနေရာမှာ ဥပေါသထကမ္မံလို့ ဟောမှာဖြစ်ခြင်းကြောင့် ငါးပါးသီလ ဆယ်ပါးသီလယူရပါတယ်။ အဲ မိမိတို့ သီလ ဆောက်တည်ကြတယ်။ သီလဆောက်တည်ပြီး ခုနကပြောခဲ့တဲ့အတိုင်း မိမိတို့ဆောက်တည်အပ်တဲ့ သီလကုသိုလ်စေတနာကို အာရုံပြု၍ ''ငါသည်သီလကို ဆောက်တည်ခဲ့ရလေပြီ၊ ငါးပါးသီလကို ဆောက်တည်ခဲ့ရလေပြီ၊ ဆယ်ပါးသီလကို ဆောက်တည်ခဲ့ရလေပြီ'' စသည်ဖြင့် ဆင်ခြင်တဲ့အခါကာလမှာလဲ သီလကုသိုလ်ကိုအာရုံပြု၍ ကာမကုသိုလ်တခါဖြစ်ပြန်တယ်။ ဒါတွေဟာကာမဆိုင်ရာတွေချည်းဘဲ။ အဲဒီသီလမှာလဲဘဲ သီလဆောက်တည်တဲ့အခါကာလမှာ တချို့ယုတ်ညံ့တဲ့ဆန္ဒာဓိပတိ စိတ္တာဓိပတိ ဝီရိယာဓိပတိ ဝီမံသာဓိပတိအား ဖြင့်ဖြစ်စေအပ်တဲ့ သီလဟာဟီနသီလရယ်လို့ခေါ်တယ်။ အလယ်အလတ်ဖြစ်တဲ့ ဆန္ဒစိတ္တ စသည်ဖြင့် ဖြစ်စေအပ်တဲ့သီလဟာ မဇ္ဈိမသီလရယ်လို့ခေါ်တယ်။ အမြတ်ဖြစ်တဲ့ဆန္ဒစသည်ဖြင့်ဖြစ်စေအပ်တဲ့ သီလဟာပဏီတသီလရယ်လို့ ၃-မျိုးခွဲတယ်။

ပြီးတော့တချို့သီလယူတဲ့အခါမှာ ဘယ်လိုနှလုံး သွင်းသလဲ?။ ငါသီလဆောက်တည်ခဲ့လို့ရှိလျှင်ဖြင့်ရင် အိမ်နီးနားချင်းတွေက ငါ့ကို ချီးမွမ်းကြမှာဘဲ အံ့ဩကြမှာဘဲလို့ အိမ်နီးနားချင်းတွေရဲ့ ချီးမွမ်းမှု အံ့ဩမှု အရိုအသေပြုမှု အကျော်အစောရလိုမှု ဒါတွေကို တောင့်တပြီး ဆောက်တည်ခဲ့လို့ရှိရင် ဟီနသီလရယ်လို့ခေါ်တယ်။ ငါသီလဆောက်တည်ခဲ့လို့ရှိရင် ဧကန်စင်စစ် နတ်မင်းကြီးဖြစ်လိမ့်မယ်-နတ်မိဖုယားကြီးဖြစ်လိမ့်မယ် အစရှိသည်ဖြင့် မိမိဆောက်တည်အပ်သော သီလကို(ဘာလိုခြင်လို့လဲ? )လောကီကောင်းကျိုးတွေ ခံစားလိုလို့ သီလဆောက်တည်တာကို မဇ္ဈိမသီလရယ်လို့ခေါ်တယ်။ အရိယာသူတော်ကောင်းတို့ ပြုသင့်တဲ့အမှုဘဲရယ်လို့ အရိယာသဘောမှီပြီးဆောက်တည်မယ်လို့ဆိုရင် ပဏီတသီလရယ်လို့ခေါ်တယ်။

တနည်းအားဖြင့် ဘယ်လိုလဲ?။ သူကသီလဆောက်တည်နေတယ် သီလဆောက်တည်နေတော့ အတ္တုက္က ံသန-ပရဝမ္ဘနသဘောကလေးတွေ ဆိုက်ရောက်နေတယ်။ ငါသာလျှင် သီလနှင့်ပြည့်စုံ၏၊ ငါမှတပါးသော ပုဂ္ဂိုလ်တို့သည်ကား ဒုဿီလတွေ။ သူတို့ဥပုတ်စောင့်ရမှန်းတောင်မသိ၊ သီလဆောက်တည်ရမှန်းမသိ။ အဲဒီလို မိမိကိုယ်ကိုတော့ ချီးမြှောက်တယ်-သူတပါးတို့ကိုတော့ရှုံ့ချတယ်။ အဲဒီလိုရှုံ့ချလိုက်တဲ့အခါမှာသူ့ရဲ့ သီလဟာ ညစ်နွမ်းပြီးသွားခြင်းကြောင့် ဟီနသီလရယ်လို့ခေါ်တယ်။ ခုနကပြောသလို မိမိကိုတော့ မချီးမြှောက်ဘူး။သူတပါးကိုလဲမရှုံ့ချဘူး။ ဒါပေတဲ့သူ ဆောက်တည်အပ်တဲ့သီလကလောကီဆိုင်ရာဖြစ်တဲ့သီလဖြစ်ခဲ့လို့ရှိရင် မဇ္ဈိမသီလ။ လောကုတ္တရာဆိုင်ရာဖြစ်တဲ့ သီလဖြစ်ခဲ့လို့ရှိရင် ပဏီတသီလရယ်လို့ခေါ်ပါတယ်။ ပြီးတော့ တကျာအစွမ်းဖြင့် ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိအကျိုးငှာ ဆောက်တည်ခဲ့လို့ရှိရင် လောဘသဘောကလေး ပါလာတယ်။ ဘယ်လိုလဲ? ငါသီလဆောက်တည်တယ်-ဧင်းဖြင့် နောင်ဘဝကြခဲ့လို့ရှိရင် ထိုထိုဥစ္စာစီးစိမ်တွေ ရလိမ့်မယ်။ ကောင်းရာသုဂတိဘုံဘဝရလိမ့်မယ်လို့ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ဆောက်တည်လေတော့ဟီနယုတ်ညံ့တဲ့သီလလို့ခေါ်တယ်။ မိမိအတွက် သံသရာအဆောင်အခွဲမှ လွတ်မြောက်ရန် ဆောက်တည်ခဲ့လို့ရှိရင် မဇ္ဈိမသီလရယ်လို့ ခေါ်တယ်။ သဗ္ဗဂုဏ်အားလုံး

သံသရာမှ လွတ်မြောက်စေခြင်းငှာ ဖြစ်စေအပ်တဲ့ ဘုရားလောင်းတွေရဲ့ ဥစ္စာဖြစ်တဲ့ သီလကြတော့ ပဏီတသီလရယ်လို့ ခေါ်တယ်။

အဲဒီသီလကို ဆောက်တည်ပြီး ထိုသီလကိုဆင်ခြင်တော့ဒီသီလဟာ ဘာလာဖြစ်မလဲလို့ ဆိုရင်-ဆောက်တည်တယ်လို့ ဆိုတဲ့ ''သမာဒိယိတွာ'' ဆိုတဲ့ အသံကလေး လာခြင်းကြောင့် သမာဒါနဝိရတီလို့ ပြတယ်။ သမ္ပတ္တဝိရတီဆိုတာက ဆိုက်ရောက်လာဟဲ့ အခါမှာ ရှောင်ကြဉ်တာ။ သမုစ္ဆေဒ ဝိရတီဆိုတာ မဂ်အားဖြင့် အကြွင်းမဲ့ ပယ်ဖြတ်တာတွေ။ အဲဒါတွေကြတော့ လောကမှာ သီလရယ်လို့ မထင်ရှားလို့ မယူဘူး။ ဒါပေမဲ့ ဒီသမ္ပတ္တဝိရတီ သမုစ္ဆေဒဝိရတီတွေဟာ အာရမ္မဏ ပစ္စည်းကော့မဖြစ်ဘူးလား?ဖြစ်ပါတယ်။ အဲဒီဝိရတီ ၃-ပါးမှာ သမုစ္ဆေဒဝိရတီက သေက္ခပုဂ္ဂိုလ်တွေရဲ့ ကုသိုလ်ကအာရမ္မဏ ပစ္စည်းတတ်ပါတယ်။ ပုထုဇဉ်ပုဂ္ဂိုလ်တွေရဲ့ကုသိုလ်ကိုတော့ အာရမ္မဏပစ္စည်းမတတ်ဘူး။ အဲဒါဟာ 'သီလံသမာဒိယိတွာ တံပစ္စဝေက္ခတိ'' အရဖြစ်ပါတယ်။

ပြီးတော့ကာမှ ''ဥပေါသထကမ္မံ ကတွာတံ ပစ္စဝေက္ခတိ''ဆိုတော့ ခုနက ငါးပါးသီလ ဆယ်ပါးသီလ ယူခဲ့တော့ဥပေါသထကမ္မံ ကတွာအရ ရှစ်ပါးသီလယူရပါတယ်။ အဲဒီရှစ်ပါးသီလဟာလဲဘဲ ဥပုသ်ဆောက်တည်တဲ့ အခါကာလမှာ စာတုဒ္ဒသီဥပုသ်-ပန္နရသီဥပုသ်-အဋ္ဌမီဥပုသ်ရယ်လို့ ပဓာန ၃ မျိုးရှိပါတယ်။ ဒီ ၃ မျိုးမှာ တဖန်ထပ်၍ အကြိုနေ့မှာ ဆောက်တည်တဲ့ ဥပုသ်မျိုး၊ အထွက်တရက်နေ့မှာ ဆောက်တည်တဲ့ဥပုသ်မျိုးရယ်လို့ ဥပုသ်အမျိုးအစားတွေရှိပါတယ်။

ဒါနသီလ ဥပေါသထဆောက်တည်တယ်၊ ဆောက်တည်ပြီး သကာလဆင်ခြင်တယ်။ ဆင်ခြင်တယ်လို့ ဆိုတော့ ဆင်ခြင်မှုဟာက ဘယ်ပုဂ္ဂိုလ်တွေမှာ ဖြစ်သလဲဆိုရင် သေက္ခပုဂ္ဂိုလ်တွေမှာလဲဘဲဖြစ်ပါတယ်။ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာလဲဘဲဖြစ်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်ကြတော့ကော?၊ရဟန္တာပုဂ္ဂိုလ်ဟာ ဒါနပြုပါတယ်။ဒါနပြုပြီးတော့မိမိပြုတဲ့ ဒါနကို မဆင်ခြင်ဘူးလားဆိုတော့ ရဟန္တာလဲဆင်ခြင်ပါတယ်၊ဒါပေတဲ့ရဟန္တာတွေကြတော့ ရဟန္တာမဖြစ်ခင်ကပြုခဲ့တဲ့ကုသိုလ်ဟာ ကုသိုလ်ပါဘဲ။ ရဟန္တာဖြစ်လာလို့ ဆင်ခြင်လိုက်တဲ့အခါမှာ ရဟန္တာရဲ့သန္တာန်မှာ ကုသိုလ်စိတ်မဟုတ်တော့ဘူး။ ကြိယာစိတ်ဖြစ်လာတယ်နော်။ ယခုပြောနေတာကပစ္စည်းကလဲကုသိုလ်ဖြစ်ရမယ်-ပစ္စယုပ္ပန်ကလဲ ကုသိုလ်ဖြစ်ရမယ်လို့ ဆိုတော့ ရဟန္တာတွေနဲ့ မဆိုင်တော့ပါဘူး။ အဲဒါက ''ဒါနံဒတွာ သီလံ သမာဒိယိတွာဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ'' အရကလေးပါ။

ပြီးတော့''ပုဗ္ဗေသုစိဏ္ဏာနိ ပစ္စဝေက္ခတိ''ရှေးက လေ့ကျက်ခဲ့တဲ့ ဒါနသီလဘာဝနာတွေကို ဆင်ခြင်ပြန်တယ်။ရှေးက လေ့ကျက်ခဲ့တဲ့ ဒါနသီလ ဥပေါသထတွေလို့ ဆိုတာဟာ မိမိအနီးကာလမှာ ပြုတာတွေကို ယူထားတော့ ပုဗ္ဗသုစိဏ္ဏအရ အနီးမဟုတ်တဲ့ ခတ်ဝေးဝေးက ပြုခဲ့တဲ့ ဒါနစသည်ကိုယူပါတဲ့၊ တနည်းအားဖြင့် ဒါနကုသိုလ်စသည်ကကြွင်းဘဲ့ ကာမကုသိုလ်တွေကို အားလုံးကုန်ယူပါတဲ့။ နောက်နည်းက အင်မတန်ကောင်းပါတယ်။ ပုညကြိယာ ဝတ္ထု ဆယ်ပါးထဲမှာ ဒါန သီလ ဘာဝနာ အပစာယန ဝေယျာ ဝစ္စ ပတ္တိဒါန စသည်တွေရှိပါတယ်။ အဲဒီတော့ကာ ကားစီးသွားတဲ့ အခါကာလမှာကားပေါ်မှာအသက်

အရွယ်ကြီးတဲ့ အဘိုးကြီး အမယ်ကြီးတွေ့မယ်။ တွေ့တဲ့အခါ ဒီအဘိုးကြီး အမယ်ကြီးကို စောင့်ရှောက်ပြီး နေရာမရှိခဲ့လို့ရှိရင် နေရာပေးမယ်။ ထိုသို့ဆိုင်ရာဖြစ်တဲ့ ဝေယျာဝစ္စတွေ ပြုမယ်။ အဲဒီနောက်အိမ်ပြန်ရောက်လာတဲ့အခါ ''ငါသည်ကားပေါ်၌ ဒုက္ခသည် ရဟန်းတို့ကိုင်၊ ထိုထိုအဘိုးအဖွားတို့ကိုင် ကူညီခဲ့ရလေပြီ၊ ဆိုင်ရာဖြစ်တဲ့ ဝေယျာဝစ္စတွေကို ပြုခဲ့ရလေပြီ'' လို့ဆင်ခြင်လိုက်တဲ့အခါမျိုးမှာ ပုဗ္ဗေသုစိဏ္ဏာနီအရ ဖြစ်ပါတယ်။ နောက်ကြွင်းကျန်တဲ့ ပတ္တိဒါနတို့ ပတ္တာနုမောဒနတို့ ဓမ္မသဝနတို့ ဒိဋ္ဌိဇုကမ္မတို့ဆိုတဲ့ပုညကြိယာဝတ္ထုတွေဟာ ဒီပုဗ္ဗေသုစိဏ္ဏာနီထဲမှာ အကုန်လုံးဝင်ပါတယ်။ ယခုဒီပုဗ္ဗေသုစိဏ္ဏာနီ အရကလေးကိုသာလျှင် အမိပ္ပါယ် ပြောပါမယ်။ ကျန်တာတွေကို တော့ အရကောက် ကောက်ပြီး ဘိုရပါလိမ့်မယ်။

အရကောက်တော့ စာမျက်နှာ (၈၂) မှာ ရှိပါတယ်။ အဲဒီစာမျက်နှာ (၈၂) ရဲ့အရကောက် ဆိုပုံကလေး ပြောမယ်။ ဒီဘက်ပစ္စည်း ကုသိုလ်က ''အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဇော၊ စေတသိက်အဋ္ဌတိံသ'' ပစ္စယုပ္ပန်ဘက်က မဟာကုသိုလ်စိတ် ၈-ခု၊ ဝိညာဏဉ္စာယတနကုသိုလ်၊ နေဝသညာ နာသညာ ယတနကုသိုလ်၊ ဧဒ္ဒိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ (ပုဗ္ဗေ့ကိုပုဗ္ဗေနိဝါသာနုဿတိလို့ဆိုပါ။ ယထာကိုယထာကမ္မုပဂလို့ဆိုပါ)။ ယထာကမ္မုပဂ-အနာဂတံသ ကုသိုလ်အဘိညာဉ်၊ ဝိရတိ အပ္ပမညာကြဉ်သော စေတသိက်တေတ္တိံသ။ ဒါကပစ္စယုပ္ပန်တရား။ ကုသိုလ်ကိုကြည့်ပြီး သကာလ-ကုသလော ကုသလဿ၌ ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား (ပစ္စည်းလို့ဆိုတာနဲ့ ကတ္တားလို့ဆိုတာအတူတူပါဘဲ။ သဒ္ဒါနည်းအားဖြင့် ကတ္တားရှိနေသဖြင့် ကုသလောလို့ဆိုပါတယ်။ ကုသလဿနေသဖြင့် သမ္ပဒါန်လို့ဆိုပါတယ်။ အဲဒီကတ္တားဟာ ပစ္စည်းတရားပါ။ သမ္ပဒါန်ဟာ ပစ္စယုပ္ပန်တရားပါ)။ထပ်ဆိုပြမယ်။ ကုသလောကုသလဿ၌ ကုသလောဓမ္မော ဟူသော **ကတ္တား** ပုဒ်၏အရကား အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဇော၊ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရားရ၏၊ ကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား မဟာကုသိုလ်စိတ် ၈-ခု၊ ဝိညာဏဉ္စာယတနကုသိုလ်၊ နေဝသညာနာသညာယတနကုသိုလ်၊ ဧဒ္ဒိဝိဓ၊ စေတော ပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်-ဝိရတီ အပ္ပမညာကြဉ်သောစေတသိက် တေတ္တိံသပစ္စယုပ္ပန်တရားရ၏။

ပြီးတော့မှ တနည်းကားလို့ ဟဖန်လာပြန်ပါတယ်။ တနည်းကားလို့ဆိုတဲ့ ဇယားကလေးကို ကျက်ခြင်းငှာစွမ်းနိုင်ခဲ့လို့ရှိရင် ကျက်ပြီးထားရပါလိမ့်မယ်။ အဲဒီအာရမ္မဏအကျယ်ဖြစ်တဲ့ အာရမ္မဏမျိုးပစ္စည်း အကောက်ဇယားဟာ ကုသလတိက်တခုထဲအတွက် မဟုတ်ပါဘူး။ ပဋ္ဌာန်း ၂၄-ကျမ်းလုံးနဲ့ဆိုင်ပါတယ်။ ဝေဒနာတိက်ဝိပါကတိက်စတဲ့အာရမ္မဏအကောက်ဇယားဟာလဲ ဒီထဲမှာဘဲ အတွင်းဝင်ပါတယ်။ ဆိုင်ရာဆိုင်ရာတွေကို ခွဲပြီးယူရရုံဘဲထူးပါတယ်။ ဒီဇယားမှာ ပစ္စည်းပစ္စယုပ္ပန်လို့ရှိပါတယ်။ ရှိတော့ပစ္စယုပ္ပန်တရားတွေကို အရင်ဖေါ်ဆိုရပါလိမ့်မယ်။ ပစ္စယုပ္ပန်တရားမှာ စက္ခုဝိညာဉ်ဒွေ(ပ-က သောတဝိညာဉ်ဒွေ၊ ဃာနဝိညာဉ်ဒွေ၊ ဇိဝှာဝိညာဉ်ဒွေ) ကာယဝိညာဉ်ဒွေ။ ပစ္စည်းဘက်ကပစ္စုပ္ပန်ရူပါရုံ

ပစ္စုပ္ပန်သဒ္ဒါရုံ ပစ္စုပ္ပန်ဂန္ဓာရုံ ပစ္စုပ္ပန်ရသာရုံ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ။ အဲဒီပထမအကွက်ကလေးကိုဆိုပြပါမယ်။

**အာရမ္မဏတနည်းကားဇယားဆိုရိုး**

စက္ခုဝိညာဉ်ဓာတ် အားတတ်သော ပစ္စုပ္ပန်ရူပါရုံ။ သောတဝိညာဉ်ဓာတ် အားတတ်သောပစ္စုပ္ပန်သဒ္ဒါရုံ။ ဃာနဝိညာဉ်ဓာတ်အားတတ်သော ပစ္စုပ္ပန်ဂန္ဓာရုံ။ ဇိဝှာဝိညာဉ်ဓာတ်အားတတ်သော ပစ္စုပ္ပန်ရသာရုံ။ ကာယဝိညာဉ်ဓာတ် အားတတ်သော ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ။ အဲဒီပထမအကွက်ကလေးကိုကြည့်လိုက်ခဲ့လို့ ရှိရင် ပစ္စည်းကလဲရုပ်တရားတွေပါ။ ပစ္စယုပ္ပန်က ဝိပါက်တရားတွေဖြစ်ပါဘယ်။ အဲဒီတော့ အဗျာကတောအဗျာကဿနေရာမှာ သူ့ကိုရပါလိမ့်မယ်။ ယခုဇယားကိုဆိုတတ်အောင်ဆိုပြနေပါတယ်။ နောက်မှ ဆိုင်ရာ ကုသလော-ကုသလဿ စသည်ကို အရကောက်ရပါလိမ့်မယ်။

မနောဓာတ် ၃-ခုအား တတ်သောပစ္စုပ္ပန်ပဉ္စာရုံ။ တဒါရုံကောဒသ ဟသိတုပ္ပါဒ်အားတတ်သော ကာမစိတ်စေတုပညာသ, စေတသိက်ဓာတ်ပညာသ, ရုပ်အဋ္ဌဝီသဟု ဆိုအပ်သောအာရုံ ၆-ပါး။ အကုသိုလ်ဒွါသ,မဟာကုသိုလ်,မဟာကြိယာ ဉာဏဝိပ္ပယုတ် ၈-ခုအားတတ်သော လောကီစိတ်ဧကာသီတိ, စေတသိက်ဓာတ်ပညာသ, ရုပ်အဋ္ဌဝီသ, ပညတ်ဟုဆိုအပ်သောအာရုံ ၆-ပါး။

ပဉ္စာဝါရမှာပညတ်မပါ ပါဘူး။ သို့သော်လဲအားလုံးကိုပ် ပစ္စယနိဒ္ဒေသ ဆဝါရတို့နဲ့ဆက်ဆံကိုရာအတွက် ပည်ဘ်ကိုဆိုခိုင်းပါတယ်။

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခုအား တတ်သောအရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သောစိတ် ၈၇ ခု,စေတသိက်ဓာတ်ပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်,ပညတ်ဟု ဆိုအပ်သောအာရုံ ၆-ပါး။ မနောဒွါရာဝဇ္ဇန်း, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခုအားတတ်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဓာတ်ပညာသ,ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်,ပညတ်ဟုဆိုအပ်သောအာရုံ ၆-ပါး။

နောက်တော့ ပစ္စယုပ္ပန်မှာရှိတာက ဒိဗ္ဗစက္ခု ဒိဗ္ဗသောတကုသိုလ် ကြိယာအဘိညာဉ်ရယ်လို့ရှိပါတယ်။ ဒီတော့ ဒိဗ္ဗစက္ခု ကုသိုလ်ကြိယာ အဘိညာဉ်လို့ တွဲရပါလိမ့်မယ်။ သူ့အတွက် ပစ္စည်းဘက်က အချောင်းလေးပြတားတာက ပစ္စုပ္ပန်ရူပါရုံယူရပါဘယ်။ နောက်ဒိဗ္ဗသောတ ကုသိုလ်ကြိယာ အဘိညာဉ်အတွက်ကြတော့ အစက်ကလေးဟာက ဒူရ, ပဋိစ္ဆန္န,သဏှ,သုခုမ ဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံလို့ဆိုရပါတယ်။

ဒိဗ္ဗစက္ခုကုသိုလ်ကြိယာ အဘိညာဉ်အားတတ်သော ဒူရ,ပဋိစ္ဆန္န,သဏှ, သုခုမ ဖြစ်သော ပစ္စုပ္ပန်ရူပါရုံ။ဒိဗ္ဗသောတ ကုသိုလ်ကြိယာ အဘိညာဉ်အားတတ်သော ဒူရ,ပဋိစ္ဆန္န, သဏှ,သုခုမဖြစ်သော ပစ္စုပ္ပန် သဒ္ဒါရုံ။

ဣဒ္ဓိဝိဓကြတော့ လက်သဲကွင်း ကလေး ပြထားပါတယ်။ ဒါကဘရက်ကက် (Bracket) အငယ်ကလေး။ အငယ်ဆိုရင်ပစ္စည်းဘက်က အငယ်နဲ့ယူရပါတယ်။ အကြီးဆိုရင်အကြီးနဲ့ဟပ်ပြီး ယူရပါတယ်။ ဒီတော့ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အား တတ်သော

ပါဒကဖြစ်သော ရူပါဝစရကုသိုလ်၊ ပြီးတော့မှ နောက်ပိုင်းက သတသဟဿ စသော နိမ္မိတ ရုပ်။ ဒါကတော့ ၂-မျိုးလုံးနဲ့ ဆက်ဆံပါတယ်။

ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ် အားတတ်သော ပါဒက ဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်၊ သတဟဿစသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ၆-ပါး။ ဣဒ္ဓိဝိဓကြိယာ အဘိညာဉ်အားတတ်သော ပါဒကဖြစ်သော ရူပါဝစရကြိယာပဥ္စမဈာန်၊ သတသဟဿ စသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ၆-ပါး။

နောက် စေတောပရိယဉာဏ်သိုလ် ကြိယာ အဘိညာဉ်တွေကြတော့ အောက်နားမှာ အမှာပါပါတယ်။ ကုသိုလ် အဘိညာဉ်များ၌ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ချ၍ ဆိုဘဲ့။ ကြိယာကြတော့ကာ သူ့မှာရှိတဲ့အတိုင်းဆိုရပါတယ်။ အဲဒီတော့ စေတောပရိယ ကုသိုလ် အဘိညာဉ်နဲ့ ကြိယာအဘိညာဉ် ခွဲလိုက်တဲ့အခါ ပစ္စည်းဘက်က စိတ် ၈၉ ခုရှိပါတယ်။ အဲဒီစိတ် ၈၉ ခုထဲက ခရေပွင့်ကလေး ပြထားတဲ့အတိုင်း အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကြဉ်ရပါတယ်။ ကြိယာကြတော့ကြဉ်စရာမလိုပါဘူး။ သူ့မှာရှိတဲ့အတိုင်းဆိုရရုံပါဘဲ၊ ၂-ခု ကို ခွဲဆိုရပါတယ်။

စေတောပရိယ ကုသိုလ်အဘိညာဉ်အားတတ်သော လွန်လေပြီးသော ၇-ရက်မှစ၍ လာလတံ့သော ၇-ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတပါးတို့၏ အရဟတ္တ မဂ် အရဟတ္တဖိုလ် ကြဉ်သောစိတ် ၈၇-ခု၊ စေတသိက်ဒွေပညာသဟု ဆိုအပ်သော ဓမ္မာရုံ။ (ကြိယာကြတော့ သူ့အတိုင်းဆိုရရုံပါဘဲ)။ စေတောပရိယ ကြိယာအဘိညာဉ်အား **တတ်** သောလွန်လေပြီးသော ၇-ရက်မှစ၍ လာလတံ့သော ၇ ရက်တိုင်အောင် ကာလသုံးပါး၌ တည်သောသူတပါးတို့၏ စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသဟု ဆိုအပ်သော ဓမ္မာရုံ။

ပုဗ္ဗေနိဝါသာနုဿတိမှာလဲ ဒီ**အ**တိုင်းပါဘဲ။ ခရေပွင့်ကလေးပြထားပါတယ်။ ပုဗ္ဗေ နိဝါသာ နုဿတိ ကုသိုလ်အဘိညာဉ်အားတတ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သောအရဟတ္တမဂ်အရ ဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇ ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌ ဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည် အမျိုးစသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆ ပါး။ ပုဗ္ဗေနိဝါသာနုဿတိ ကြိယာ အဘိညာဉ်အား တတ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌ ဝီသဟုဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးမှအစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန် အမည်အမျိုးစသောပညတ်ဟုဆိုအပ်သော အာရုံ ၆ ပါး။

ယထာကမ္မူပဂကြတော့ အရဟတ္တမဂ်**အ**ရဟတ္တဖိုလ်တွေ မပါတော့ကြဉ်စရာမလို တော့ပါဘူး၊ သူ့မှာရှိတဲ့အတိုင်းဆိုရရုံပါဘဲ။ ယထာကမ္မူပဂကုသိုလ်ကြိယာ အဘိညာဉ် အားတတ်သော အတိတ်ဖြစ်သော လောကီ ကုသိုလ် အကုသိုလ်ကံဟုဆိုအပ်သော ဓမ္မာရုံ၊

အနာဂတံသကြတော့ ပုဗ္ဗေနည်းတူ ဆိုလို့ဆိုသဖြင့် ပုဗ္ဗေနိဝုဋ္ဌနေရာမှာ အနာ ဂတ်ဖြစ်သော ထည့်ပေးရရုံပါဘဲ၊ သူ့ကိုလဲ ကုသိုလ်ကြိယာ ၂ မျိုး ခွဲရပါတယ်။ အနာ

ဂတံသကုသိုလ် အဘိညာဉ်အားတတ်သောအနာဂတ်ဖြစ်သော အရဟတ္တမဂ်အရဟတ္တဖိုလ် ကြဉ်သောစိတ် ၈၇ ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးမှအစဉ်လျှောက်၍သိအပ်သော နိဗ္ဗာန်၊အမည်အမျိုးစသော ပညတ်ဟုဆိုအပ် သောအာရုံ ၆ ပါး။ အနာဂတံသ ကြိယာ အဘိညာဉ်အား တတ်သော အနာဂတ်ဖြစ် သောစိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါး ပါး၊ထိုခန္ဓာ ငါးပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်အမည်အမျိုးစသော ပညတ်ဟု ဆိုအပ်သောအာရုံ၆ ပါး၊

အောက်ပိုင်းကြတော့မဟာဋီကာ တွင်ရှိတဲ့ တွေလာပါတယ်။ ထိုချာန်တရားတွေရချင်ခဲ့လို့ ရှိရင် ယခုဆိုလတံ့ဖြစ်တဲ့ကမ္မဋ္ဌာန်းတွေအားထုတ်ရပါတယ်။ရူပါဝစရပထမဈာန်စိတ် ၃ ခု အား တတ်သော ကသိုဏ်းဆယ်ပါး၊ အသုဘ ဆယ်ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ် သော ဆံအစရှိသော ကာယအစုပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်။ မေတ္တာကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရ တရားသုံးပါး၏ အာရုံဖြစ် သော အတိုင်းမသိသော သတ္တဝါပညတ်-၍ ၂၅ ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။

ရူပါဝစရဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တွေကြတော့ အာနာပါနဿတိ လို့အကျဉ်းရေးထားပါတယ်။ အကျဉ်းရေးထားတာကို အထက်က ဆိုခဲ့တဲ့အတိုင်းဆိုရ ပါတယ်၊ ဗြဟ္မဝိဟာရမှာလဲ အထက်ကဆိုခဲ့တဲ့ အတိုင်းဆိုရပါတယ်။ ပေါင်းလိုက်ခဲ့လို့ရှိ ရင် ၁၄ ပါး ရပါတယ်။အသုဘဆယ်ပါးမရဘူး။ ကာယဂတာသတိမရဘူး။ အသုဘဆယ် ပါးနဲ့ ကာယဂတာသတိဟာပထမဈာန်ကိုသာ ရနိုင်ပါတယ်၊ ဒုတိယစတဲ့ဈာန်တွေကို မရ နိုင်ပါဘူး။ ရူပါဝစရဒုတိယဈာန်စိတ် ၃ ခု တတိယဈာန်စိတ် ၃ ခု စတုတ္ထဈာန်စိတ် ၃ ခုအား တတ်သော ကသိုဏ်းဆယ်ပါး၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက် ပညတ်။ မေတ္တာကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရ တရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်-၍ ၁၄ ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ။

ပဉ္စမဈာန်မှာလဲ အတူတူပါဘဲ။ ဗြဟ္မဝိဟာရထဲက ပဉ္စမဈာန်က ဥပေက္ခာဗြဟ္မဝိဟာရ တခုဘဲရပါတယ်။ ဒါ့ကြောင့်ကသိုဏ်းဆယ်ပါး အာနာပါနဿတိ ဥပေက္ခာလို့ ဆိုတော့ ၁၂ ပါးဘဲရှိပါတယ်။ ရူပါဝစရပဉ္စမဈာန် စိတ် ၃ ခုအား တတ်သော ကသိုဏ်းဆယ်ပါး။ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊ ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရတရားတပါး၏ အာရုံဖြစ်သော အတိုင်းမသိသောသတ္တဝါပညတ်။ ၍ ၁၂- ပါးသောပညတ်ဟု ဆိုအပ်သောဓမ္မာရုံ၊

အာကာသာနဉ္စာယတနစိတ် ၃-ခုအားတတ်သော အာကာသသည် ကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို ခွာ၍ရအပ်သော ကောင်းကင်ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ။ ဝိညာဏဉ္စာယတနကုသိုလ်အားတတ်သော ၍ဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ် ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ဟု ဆိုအပ်သောဓမ္မာရုံ။ ဝိညာဏဉ္စာယတနဝိပါက် အားတတ်သောရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသောအာကာသာနဉ္စာယတနကုသိုလ်ဟု

ဆိုအပ်သောဓမ္မာရုံ၊ ဝိညာဏဉ္စာယတနကြိယာအားတတ်သော ဤဘဝအဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကြိယာ။ ဤဘဝရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ဟု ဆိုအပ်သောဓမ္မာရုံ၊ အာကိဉ္စညာယတနစိတ် ၃ ခုအား တတ်သော အာကာသာနဉ္စာယတနကုသိုလ်ကြိယာ၏ မရှိခြင်း နတ္ထိဘာဝပညတ်ဟုဆိုအပ် သောဓမ္မာရုံ၊

နေဝကြတော့ အမှာကလေးက ဝိညာဏ်နည်းဘူဆိုလို့မှာပါတယ်။ အာကာအစား အာကိဉ္စ ဆိုလို့မှာပါတယ်။ အဲဒီတော့ဝိညာဏဉ္စာယတနကုသိုလ်ဝိပါက်ကြိယာ ကွက်ကလေး ကိုကြည့်ပါ။ ဒီဝိညာဏဉ္စာယဘကို နေဝသညာနာသညာယတနလို့ ဆိုလိုက်ပါ။ ပစ္စည်း ဘက်ကအာကာနေရာကို အာကိဉ္စလို့ဆိုရပါလိမ့်မယ်။ နေဝသညာနာသညာယတနကုသိုလ် အားတတ်သော ဤဘဝရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ။ နေဝသညာ နာသညာယတနဝိပါက်အားတတ်သော ရှေး ဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သောဓမ္မာရုံ၊ နေဝ သညာ နာသညာယတန ကြိယာအားတတ်သော ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကြိယာ၊ ဤဘဝရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာ ယတနကုသိုလ်ဟု ဆိုအပ်သောဓမ္မာရုံ။ လောကုတ္တရာစိတ် ၈ ခုအားတတ်သော နိဗ္ဗာန်ဟု ဆိုအပ်သောဓမ္မာရုံ။

ခုနက ကုသလောကုသလဿအရကောက်ခဲ့တဲ့ နေရာဌာနမှာပစ္စည်းကလဲ ကုသိုလ် ပစ္စယုပ္ပန်ကလဲ ကုသိုလ်လို့ဆိုသဖြင့် ယခုဆိုထားတဲ့တရားထဲက ပစ္စည်းတရား ကုသိုလ်ဟာ ဘယ်နေရာမှာရှိသလဲ။ ပစ္စယုပ္ပန်ကုသိုလ်ဟာ ဘယ်မှာရှိသလဲ။ ပစ္စည်းကလဲကုသိုလ်ဖြစ်ရမယ်၊ ပစ္စယုပ္ပန်ကလဲ ကုသိုလ်ဖြစ်ရမယ်လို့ ဆိုတာကိုရှာလိုက်ခဲ့လို့ရှိရင် ခုနက အကျဉ်းကောက် တဲ့ပစ္စည်းပစ္စယုပ္ပန်တရားတွေကို တွေ့ရပါလိမ့်မယ်။ အကျယ်ဘနည်းကား ကောက်ဘဲ့အခါ မှာလဲ ယခုဒီမှာရေးထားတဲ့အတိုင်း အကျယ်ကို ကောက်ရပါလိမ့်မယ်။

နောက်အပတ်ကြခဲ့လို့ရှိရင် ယခုဆိုထားတာတွေကိုလဲ အဓိပ္ပါယ် ပြောရအုံးမယ်။ ရှေ့ကိုလဲ သွားရအုံးမယ်လို့ဆိုရင် တော်တော်နဲ့ ကုန်မှာမဟုတ်ဘူး။ ပြီးတော့ဘာခုစဉ်းစား ရမှာက ပဋ္ဌာဝါရဒီဘင်္ဂပ္ပိချပြီး ပေးနေတာ ခါတိုင်းခါတိုင်း အဓိပ္ပါယ်တွေ မပြောပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရကောက်ရဲ့သဘောကလေးတွေ ပါဠိရဲ့သဘောကလေးတွေ နား လည်ရင် တော်ပြီဆိုပြီးဘော့ ပါဠိနဲ့ အရကောက်သဘောတွေ ကိုသာ ပြောပါတယ်၊ ယခု တော့ ဘာမှရည်ရွယ်ချက်မရှိဘဲနဲ့ ပို့ချပြီးနေတာ ဖြစ်ခြင်းကြောင့် ထိုက်သင့်တဲ့ အဓိပ္ပါယ် တွေကိုတော့ ပြောပြပါမယ်။ ကျယ်ကျယ်ဝန်းဝန်းကြီးတော့ ပြောမပြဘူး။ ကျယ်ကျယ် ဝန်းဝန်းကြီးပြောပြခဲ့လို့ရှိရင် ယခုဆိုထားတဲ့ အာရမ္မဏတနည်းကား အကောက်သည်ပင် လျှင် ၂ ပတ် ၃ ပတ်လောက်ပြောရမယ်။ အဲဒီတော့ ထိုက်သင့်သလောက် သာသိချုံ့လောက် သာ ပြောပြပါမယ်၊ ယနေ့အဘို့တော်ကြပါစို့။

သာဓု .... သာဓု .... သာဓု .... ။

## ၁၃၂၉-ခု၊ ဝါခေါင်လဆန်း(၁)ရက်
## ၁၉၆၇-ခု၊ ဩဂုတ်လ(၆)ရက်၊ တနင်္ဂနွေနေ့
## ပဋ္ဌာန်းကုသလတိက် ဝိဘင်္ဂ ပဥ္စာဝါရကို ဒုတိယ အကြိမ်ပို့ချခြင်း။

အရင်အပတ်က ကုသလော ကုသလဿအတွက် ကဏ္ဍားကောက် သမ္ပဒါန်ကောက် ကောက်ပြီးပါပြီ။ တနည်းကား အာရမ္မဏမျိုး ပစ္စည်းအကောက်ဇယားကို ကြည့်ရပါမယ်။ အဲဒီမှာ ပစ္စယုပ္ပန်ဘက်က ကုသိုလ်ကို အရင်လိုက်ရှာလိုက်ပါ။ ကုသိုလ်ကို လိုက်ရှာလိုက်တဲ့ အခါမှာ မဟာကုသိုလ်ဉာဏ ဝိပ္ပယုတ် ၄ ခု တွေ့ပါလိမ့်မယ်။ အဲဒီ မဟာကုသိုလ်ဉာဏ ဝိပ္ပယုတ်က ဒီဘက်က လောကီစိတ် ကောသိတိ-၈၁ လို့ ဆိုသဖြင့် လောကီ ကုသိုလ်က (၁၇)ရပါလိမ့်မယ်။ နောက်အကွက်ကြည့်လိုက်ရင် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ခု ရှိပါတယ်။ အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်တဲ့စိတ် ၈၇-ခုလို့ဆိုသဖြင့် ကုသိုလ်ဆိုင်ရာက အရဟတ္တမဂ်ကြဉ်တဲ့ကုသိုလ်စိတ် ၂၀သရပါတယ်။ နောက်မနော ဒွါရာဝဇ္ဇန်းစသည်တွေမှာ ကုသိုလ်မဟုတ်ပါဘူး။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ် ရှိပါတယ်။ ဒါပေတဲ့ ပစ္စည်းဘက်က ကုသိုလ်မရှိပါဘူး။ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်ရှိပါတယ်။ ပစ္စည်းဘက်က ပါဒကဖြစ်တဲ့ ရူပါဝစရကုသိုလ် ပဉ္စမဈာန်ရပါလိမ့်မယ်။ စေတောပရိယရပါတယ်။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်ရှိပါတယ်။ ရပါတယ်။ ယထာကမ္မူပဂ ကုသိုလ် အဘိညာဉ်ရပါတယ်။ အနာဂတံသ ကုသိုလ်အဘိညာဉ်လဲရပါတယ်။

နောက်အောက်ကြည့်လိုက်တဲ့ အခါမှာ ရူပါဝစရပထမဈာန်စိတ် ၃-ခု၊ ဒုတိယ တတိယ စတုတ္ထပဉ္စမဈာန်တွေဟာ ပစ္စည်းဘက်က ကုသိုလ်မရှိပါဘူး။ အာကာသာနဉ္စာယတနစိတ် ၃-ခုထဲမှာ အာကာသာနဉ္စာယတနဘက်ကကုသိုလ်ရှိပေမဲ့ပစ္စည်းဘက်က ကုသိုလ်မရှိပါဘူး။ ဝိညာဏဉ္စာယတန ကုသိုလ်ကြတော့ ပစ္စည်းဘက်က ကုသိုလ်ရှိပါတယ်။ ဝိပါက်ကြိယာမဆိုင်ပါဘူး။ အာကိဉ္စညာယတနစိတ် ၃ ခုလဲမဆိုင်ပါဘူး။ နေဝသညာနာသညာယတန ကုသိုလ်ကြတော့ ပစ္စည်းဘက်က အာကိဉ္စညာယတနကုသိုလ်ရှိပါတယ်။ လောကုတ္တရာ စိတ် ရှစ်ခုထဲမှာမဂ်ရှိပါတယ်။ ဒါပေတဲ့ပစ္စည်းဘက်ကနိဗ္ဗာန်ဖြစ်နေသဖြင့်မဆိုင်ပါဘူး။ အဲဒီတော့ ဆိုင်ရာဟာက မဟာကုသိုလ်ဉာဏဝိပ္ပယုတ်ရယ်၊ သမ္ပယုတ်ရယ်၊ ပြီးတော့ အဘိညာဉ် ဆိုင်ရာတွေက ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ။ ယထာကမ္မူပဂ၊ အနာဂတံသကုသိုလ်အဘိညာဉ်ရပါတယ်။ ပြီးတော့ဝိညာဏဉ္စာယတန ကုသိုလ်နဲ့ နေဝသညာနာ သညာယတနကုသိုလ်ရပါတယ်။ အဲဒါကြည့်ပြီး တနည်းကား အကျယ်ဆိုရပါတယ်။ တနည်းကားအကျယ်ကိုဆိုမှသာ ပါဠိတော်မှာ ဟောပြီးထားတာနဲ့ကိုက်ညီပါတယ်။ အဲဒါကြောင့် တနည်းကားဆိုကြပါစို့။ ယခုဆိုနိုင်းနေတာကတော့တခြားမဟုတ်ဘူး။ အခိပ္ပါယ် တွေချည်း ရှောက်ပြောနေရင် စာလဲမတွင်ဘူး။အဲဒီတော့ စာဆိုမှုအတွက် ထက်ဝက်လောက် အဓိပ္ပါယ်ကို ထက်ဝက်လောက်ပြောပေးပါမယ်။ အဓိပ္ပါယ်ကတော့ အကြွေးတော့တင်လိမ့်မယ်။ ဒါပေတဲ့ နောက်သဟဇာတမျိုးတွေကျတော့ အဓိပ္ပါယ် သိပ်ပြီး ပြောစရာမရှိပါဘူး။

ဒီအခါမှာ အခ်ပ္ပါယ်တွေ မှိုပါလိမ့်မယ်။ ဒီတော့ တနည်းကားအတွက် မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ခုကစပြီးတော့ဆိုရပါလိမ့်မယ်။

## တနည်းကား

**တနည်းကား** မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်၄-ခုအားတတ်သော လောကီကုသိုလ်သတ္တရသ၊ မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄-ခုအား တတ်သောအရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသ။ (အရကောက်မှာတော့ အဘိညာဉ်တွေ လာပါတယ်။ ဒါပေတဲ့ ပါဠိတော်ရဲ့အစဉ်အတိုင်း ပါဠိတော်က အဘိညာဉ်တွေကို နောက်ဆုံးထားပြီးဟောပါတယ်။ ဒါကြောင့် အရူပဆိုင်ရာတွေကို ပထမရှေးဦးစွာ ဆိုကြပါစို့။) ဝိညာဏဉ္စာယတန ကုသိုလ်အားတတ်သော ဤဘဝ ရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်။ နေဝသညာ နာသညာယတနကုသိုလ်အားတတ်သော ဤဘဝ ရှေးဘဝအဇ္ဈတ္တ သန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်။

ပြီးတော့ကာမှ အဘိညာဉ်တွေလာပါတယ်။ ဣဒ္ဓိဝိဓကစပါတယ်။ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်အားတတ်သော ပါဒကဖြစ်သော ရူပါဝစရကုသိုလ်ပဉ္စမဈာန်။ စေတောပရိယကုသိုလ်အဘိညာဉ်အားတတ်သော လွန်လေပြီးသော (၇)ရက်မှစ၍ လာလတံ့သော (၇) ရက်တိုင်အောင်ကာလသုံးပါး၌တည်သော သူတပါးတို့၏ အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသ။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အားတတ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသ။ ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ် အားတတ်သောအတိတ်ဖြစ်သော လောကီကုသိုလ်ကံ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်အားတတ်သောအနာဂတ်ဖြစ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသ ပစ္စည်းတရားရ၏။

ကုသလောကုလသလို့ဆိုသဖြင့် လိုချင်တဲ့ ကုသိုလ်ကလေးတွေကိုသာရွေးပြီး ဆိုရပါတယ်။ ဒါကပစ္စည်းတရားကို အကျယ်ဆိုတာပါ။ သမ္ဘဒါန်ကြတော့ ယခုဆိုပြီးထားခဲ့တဲ့ အတိုင်းသမ္ဘဒါန်ဖြစ်ပါတယ်။ အဲဒီသမ္ဘဒါန်ကို စာမျက်နှာ(၅၂)မှာ ကြည့်ရပါလိမ့်မယ်။

ကုသလဿဓမ္မဿယဟူသော **သမ္ဘဒါန်ပုဒ်**၏ အရကား **မဟာကုသိုလ်စိတ် ၈-ခု၊** ဝိညာနဉ္စာယတနကုသိုလ်၊ နေဝသညာနာသညာ ယတနကုသိုလ်၊ ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသ ကုသိုလ်အဘိညာဉ်+ဝိရတီအပ္ပမညာကြဉ်သောစေတသိက် တွေတို့သပစ္စယုပ္ပန်တရားရ၏။

ဒီဘက်ကကရိုဏ်းရှိပါတယ်။ အဲဒီကရိုဏ်းဟာ အာရမ္မဏပစ္စယေန ပစ္စယောလို့ ဟောပြီးထားတဲ့ပါဠိအတွက်ဖြစ်ပါတယ်။ ဒီကရိုဏ်းဟာသတ္တိကိုကောက်ပါတယ်။ သတ္တိကိုကောက်တော့ ဒီကုသိုလ်ဆိုတဲ့အာရုံက ကုသိုလ်ဆိုတဲ့အာရမ္မဏိကတရားကို ကျေးဇူးပြုလိုက်တဲ့အခါမှာပစ္စည်းပေါင်း ဘယ်လောက်ရသလဲ၊ သတ္တိပေါင်းဘယ်လောက်ရသလဲ ဆိုတာကို အာရမ္မဏပစ္စယေနပစ္စယောက ပြပါတယ်၊ ပြတော့ဒီမှာ ၃-ရှိပါတယ်။ ၃-ဟာကအာရမ္မဏမျိုးတွေရဲ့ သုဒ္ဓသင်္ချာကြည့်လိုက်မယ်ဆိုရင် အာရမ္မဏာဓိပတိမှာ ပစ္စည်းတရားနှာမ်ရှိပါ

တယ်၊ အာရမ္မဏူပနိဿယမှာ ပစ္စည်းတရားနာမ်ရှိပါတယ်။ ကြွင်းကျန်တဲ့ အာရမ္မဏပုရေဇာတ-ဝတ္ထာရမ္မဏစသည်တွေမှာ ပစ္စည်းတရားနာမ်မရှိပါဘူး၊ ရုပ်ရှိပါတယ်။ အဲဒီတော့ ဒီ ၃-ပစ္စည်းဘဲရပါတယ်။ ယခုပစ္စည်းရဲ့ ပစ္စည်းပစ္စယုပ္ပန်ကို အာရမ္မဏသာ အပြည့်အစုံရပါတယ်။ အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယတို့က အပြည့်အစုံမရပါဘူး။ အဲဒီလို အပြည့်အစုံမရတဲ့ပစ္စည်း ၂-ခုအတွက် ယထာရဟရယ်လို့ဆိုရပါတယ်၊ အပြည့်အစုံရတဲ့ အာရမ္မဏပစ္စည်းအတွက် တပြိုင်နက်လို့ဆိုရပါတယ်။ အဲဒီတော့ အာရမ္မဏက တပြိုင်နက် အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယက ယထာရဟဝင်ပါတယ်။ အဲဒါကြောင့် လက်သဲကွင်းကလေးမှာ ပြတဲ့ကရိုဏ်းနေရာဌာနမှာတပြိုင်နက် ယထာရဟရယ်လို့ အမြဲဆိုရပါလိမ့်မယ်။

အာရမ္မဏပစ္စယေနဟူသော **ကရိုဏ်း၊ ၂ ၌** ၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသောအာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ-ဤသုံး ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အာရုံအကြောင်းက အကျိုးဖြစ်တဲ့ အာရမ္မဏိက တရားကို ကျေးဇူးပြုတဲ့အခါ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယရယ်လို့ ၃-ပစ္စည်းရပါတယ်။ ဒါပေတဲ့ယခုဟောပြီးနေတာဟာကအာရမ္မဏပစ္စည်းကို ဟောနေပါတယ်။ ဒါကြောင့် အာရမ္မဏသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏လို့ အာရမ္မဏရဲ့ သတ္တိဝိသေသရပုံကလေးကို ထုတ်ဖေါ်ပြီးဆိုရပါတယ်။ အဲဒီတော့ ကုသလော ကုသလဿ အရပြီးသွားပါပြီ။ ကုသလော ကုသလဿ အရပြီးသွားတော့ စာမျက်နှာ(စ)မှာဘဲ ကုသလော အကုသလဿ လာပါလိမ့်မယ်။ ပါဠိ။ ပုဒ်မကလေးတွေက (Ditto Sign) ပါတူတာကိုပြပါတယ်။

## ကုသလော အကုသလဿ

ကုသလောဓမ္မော အကုသလဿဓမ္မဿ အာရမ္မဏပစ္စယေနပစ္စယော။ ဒါနံဒတွာ (ဒီဘက်ကအစက်ကလေးတွေပြထားတာကို ကုသလဿတုံးက သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာတံ-လို့ဆိုခဲ့တာကို ရေးထားပါတယ်။ အဲဒီတော့ သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာ-ကိုထည့်ပြီးဆိုရပါလိမ့်မယ်) ဒါနံဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံကတွာ တံအဿာဒေတိအဘိနန္ဒတိ။ (လက်သဲကွင်းကလေးတွေဟာက အာရမ္မဏာဓိပတိအတွက်ကို ပြပါတယ်။ သူ့ကို မဆိုရပါဘူး)တံအာရဗ္ဘရာဂေါဥပ္ပဇ္ဇတိဒိဋ္ဌိဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ ဒေါမနဿံဥပ္ပဇ္ဇတိ။ (အဲဒါကပထမအချက်ပါ။ ဒီမှာ ၂-ကိုပြထားသဖြင့် ပစ္စယုပ္ပန်ကို ၂ ခါထပ်ဆိုရပါလိမ့်မယ်၊ နောက်တခါအတွက်ကပုဗ္ဗေသုစိဏ္ဏာနိအရပါ) ပုဗ္ဗေသုစိဏ္ဏာနိအဿာဒေတိ အဘိနန္ဒတိ တံအာရဗ္ဘ ရာဂေါဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ ဒေါမနဿံဥပ္ပဇ္ဇတိ။ ဈာနာဝုဋ္ဌဟိတွာ ဈာနံအဿာဒေတိ အဘိနန္ဒတိ တံအာရဗ္ဘရာဂေါဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ၊(အစက်ကလေးတွေဟာအထက်ကအတိုင်း လိုက်ပေးရပါတယ်) ဈာနေပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံဥပ္ပဇ္ဇတိ။ (ဒီပါဠိများအရ အရကောက်ကို ရေးထားပါတယ်။ ဒါနံဒတွာစသည်

တွေက ကာမကုသိုလ်ပါ။ ဧျာနာဝုဋ္ဌဟိတ္ဟာကမဟာဂ္ဂုတ်ကုသိုလ်တွေဖြစ်ပါတယ်။ ဒီဘက်က ပစ္စယုပ္ပန်တရားကြည့်လိုက်လျှင်လဲ အကုသိုလ်စိတ် ၁၂-ခုဘဲရပါတယ်။ အဲဒီတော့ပစ္စည်းတရားက လောကီကုသိုလ် သတ္တရသရမှာပေါ့။ ပစ္စယုပ္ပန်တရားက အကုသိုလ်ဒွါဒသရပါတယ်။ အဲဒါကိုပင် စာမျက်နှာ(၈၂)မှာ ကုသလော အကုသလဿအတွက်ရေးထားပါတယ်။

**ကုသလော အကုသလဿ**-ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား လောကီကုသိုလ်သတ္တရသ စေတသိက်အဋ္ဌတ္တိံသ ပစ္စည်းတရားရ၏။အကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်ဒွါဒသစေတသိက်သတ္တဝီသပစ္စယုပ္ပန်တရားရ၏။

ဒီ ၃-ခုဟာကလဲ ခုနကအတိုင်းပါဘဲ။ ဒီမှာနာမ်သာပစ္စည်း ရှိပါသေးတယ်။ အာရမ္မဏပစ္စယေနဟူသော **ကရိုဏ်း** ပါဋ္ဌ်၏အရကား တပြိုင်နက်ယထာရဟတတ်ကောင်းသောအာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ-ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သောသတ္တိဝိသေသရ၏။

ဒါတွေရဲ့အဓိပ္ပါယ်တွေက နောက်တဖြည်းဖြည်းမှ လာပါလိမ့်မယ်။ ပြီးတော့မှပါဠိအတွက်စာမျက်နှာ(၈)မှာ ကုသလောအဗျာကတဿလာပါတယ်။

## ကုသလောအဗျာကတဿ

ကုသလောဓမ္မော အဗျာကတဿဓမ္မဿ အာရမ္မဏပစ္စယေနပစ္စယော။ အရဟာ မဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံပစ္စဝေက္ခတိ။ ပုဗ္ဗေသုစိဏ္ဏာနိ ပစ္စဝေက္ခတိ။ကုသလံ (အနိစ္စတောမှာ ဒုက္ခတော အနတ္တတောလို့ ဒုက္ခနဲ့အနတ္တကိုထည့်ပေးပါ) ကုသလံအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။

စေတောပရိယ ဉာဏေနလို့ဆိုတဲ့နေရာမှာ အထက်က ကုသလောကုသလဿ တုံး ကပြောခဲ့သလို ခရေပွင့်ပြထားပါတယ်။ အဲဒီလိုပြထားခဲ့လို့ရှိရင် သူ့ကိုအရင်ဆိုရပါတယ်။ စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံဇာနာတိ၊သေက္ခာဝါ ပုထုဇ္ဇနာဝါကုသလံအနိစ္စတောဒုက္ခတော အနတ္တတောဝိပဿန္တိ။ ကုသလေနိရုဒ္ဓေ ဝိပါကောတဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ ကုသလံအဿာဒေတိ(ရှေကကုသလောအကုသလဿမှာ အဘိနန္ဒတိ စသည်တွေကို လိုက်ပေးရပါတယ်။ အစက်ခလေးအတွက်) အဘိနန္ဒတိ ပံအာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ ဒေါမနဿံဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေဝိပါကော တဒါရမ္မဏတာဥပ္ပဇ္ဇတိ၊ အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတန ဝိပါကဿစ ကြိယဿစ အာရမ္မဏပစ္စယေနပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတန ဝိပါကဿစ ကြိယဿစ အာရမ္မဏပစ္စယေန ပစ္စယော။ ကုသလာခန္ဓာ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မုပဂဉာဏဿ အနာဂတံ ဉာဏဿ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော။

အရကောက်အတွက်စာမျက်နှာ(၈၂)မှာကြည့်ပါ။ တွေ့ရပါလိမ့်မယ်။

**ကုသလောအဗျာကတဿ** ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား ကုသိုလ်စိတ် ၈ကေဝီသ၊ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရားရ၏။ အဗျာကတဿဓမ္မဿဟူ

သော **သမ္ပဒါန်** ပုဒ်၏အရကားတဒါရုံဧကောဒသ၊ပဉ္စဒွါရာဝဇ္ဇန်းကြဉ်သော ကာမကြိယာ ၁၀၊ ဝိညာဏဉ္စာယတနဝိပါက်ကြိယာ၊ နေဝသညာနာသညာယတနဝိပါက်ကြိယာ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသကြိယာအဘိညာဉ် ဝိရတီ အပ္ပမညာကြဉ်သော စေတသိက်ဘေဒ္ဒ ၁သ ပစ္စယုပ္ပန်တရားရ၏။

တနည်းကားပါသဖြင့် ၎င်းတနည်းကားအတွက် အာရမ္မဏမျိုး ပစ္စည်းအကောက်ဇယားကိုဘဲကြည့်ရပါလိမ့်မယ်။ နောက်အပါတ်ကြရင် အာရမ္မဏမျိုး ပစ္စည်းအကောက်ဇယားရဲ့အကွက်ကလေးတွေကို ၁-၂-၃-၄ တွေထိုးလာရင်ပိုပြီး ပြောရသက်သာပါတယ်။ အဲဒီတော့ပစ္စည်းက ကုသိုလ်ဖြစ်ရမယ်။ ပစ္စယုပ္ပန်ကအဗျာကတဖြစ်ရမယ်။ အဗျာကတဖြစ်တော့ ပဌမအကွက် ဒုတိယအကွက်မှာ မရှိပါဘူး။ တတိယအကွက်မှာ တဒါရုံဧကောဒသနဲ့ ဟသိတုပ္ပါဒ်ရှိပါတယ်။ ပစ္စည်းဘက်ကာမစိတ် စတုပညာသထဲက ကာမကုသိုလ်စိတ် ၈-ခု ရှိပါတယ်။ ဒီတော့ဒါကိုရပါတယ်။

## တနည်းကား

**တနည်းကား** တဒါရုံဧကောဒသ၊ ဟသိတုပ္ပါဒ်အားတတ်သော မဟာကုသိုလ်စိတ် ၈-ခု (နောက်အကွက်မှာ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄-ခုဟာ အဗျာကတပါ။ ပစ္စည်းဘက်မှာ လောကီကုသိုလ်ရှိပါတယ်)မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၄-ခုအားတတ်သော လောကီကုသိုလ်သတ္တရသ။ (မဟာကုသိုလ်ဉာဏသမ္ပယုတ်နဲ့မဆိုင်ပါဘူး။ မနောဒွါရာဝဇ္ဇန်း မဟာကြိယာဉာဏသမ္ပယုတ်ဟာ အဗျာကတ။ ပစ္စည်းဘက်စိတ် ၁၇-ခုထဲက ကုသိုလ်ဧကဝီသရှိပါတယ်) မနောဒွါရာဝဇ္ဇန်း မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခုအားတတ်သော ကုသိုလ်စိတ်ဧကဝီသ၊ (အဘိညာဉ်တွေကျော်ပြီး အရူပဆိုင်ရာတွေကြည့်ပါ။ အရူပဆိုင်ရာမှာ ဝိညာဏဉ္စာယတနဝိပါက်ရှိပါတယ်။ ပစ္စည်းဘက်က အာကာသာနဉ္စာယတန ကုသိုလ်ရှိပါတယ်၊ အဲဒီတော့ ပစ္စယုပ္ပန်ဘက်ကဝိပါက်နဲ့ ကြိယာရပါလိမ့်မယ် ဝိညာဏဉ္စာယတနဝိပါက် အားတတ်သော ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်။(ကြိယာကြတော့ကာ အာကာသာနဉ္စာယတန ကြိယာနဲ့မဆိုင်ပါဘူး။ လိုချင်တာက ကုသိုလ်လိုချင်ပါတယ်။ ဒီတော့ကုသိုလ်ဘဲရပါလိမ့်မယ်)၊ ဝိညာဏဉ္စာယတနကြိယာအားတတ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်။(နေဝသညာ နာသညာယတနလဲ ဒီအတိုင်းဆိုရပါတယ်)။ နေဝသညာ နာသညာယတနဝိပါက် အားတတ်သော ရှေးဘဝအဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်။ နေဝသညာနာသညာယတနကြိယာအားတတ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ် (အဘိညာဉ်ခဏ်းတွေမှာ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတမဆိုင်ပါဘူး။ ဣဒ္ဓိဝိဓမှာ ကြိယာရှိပါတယ်။ ဒါပေတဲ့ ကြိယာအဘိညာဉ်က ကြိယာပါဒကကိုသာ အာရုံပြုပါတယ်။ ဒါ့ကြောင့် ဣဒ္ဓိဝိဓနဲ့မဆိုင်ပါဘူး။ အောက်ကစေတော၊ ပုဗ္ဗေ၊ ယထာ၊ အနာဂတံသကြိယာ အဘိညာဉ်တွေရှိပါတယ်။ အဲဒီ ၄-ခုအတွက် ဆိုရပါလိမ့်မယ်။ ဆိုတော့ ကြိယာအတွက်မှာ ကြဉ်စရာမလိုပါဘူး။ အားလုံးကိုဘဲဆိုရကြောင်းကို တနေ့ကတုံးကပြောခဲ့ပါပြီ။)

စေတောပရိယ ကြိယာအဘိညာဉ်အားတတ်သော လွန်လေပြီးသော ၇-ရက်မှစ၍ လာလတံ့သော ၇-ရက်တိုင်အောင် ကာလသုံးပါး၌တည်သောသူတပါးတို့၏ ကုသိုလ်စိတ် စေတသိက်၊ ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ် အားတတ်သော ပုဗ္ဗေနိဝုတ္ထဖြစ်သော ကုသိုလ်စိတ်စေတသိက်။ ယထာကမ္မုပဂ ကြိယာအဘိညာဉ်အားတတ်သော အတိတ်ဖြစ်သော လောကီကုသိုလ်ကံ။ အနာဂတံသကြိယာအဘိညာဉ် အားတတ်သော အနာဂတ်ဖြစ်သော ကုသိုလ်စိတ် စေတသိက်ပစ္စည်းတရားရ၏။

အဲဒါကအကျယ်ဖြစ်တဲ့ကဗ္ဗာားကောက်ပါ။ တဖန်သမ္မဒါန်ကိုတော့ စာမျက်နှာ(၈၂) ကြည့်ပြီး ခုနကဆိုခဲ့တဲ့အတိုင်းပင် ထပ်ပြီးဆိုရပါလိမ့်မယ်။ ဒီပစ္စည်းပစ္စယုပ္ပန်တွေဟာ ဘာ့ကြောင့် ဒီလိုဖြစ်နေသလဲလို့ဆိုတာကိုတော့ နောက်အဓိပ္ပါယ်ပြောတဲ့အခါမှာ ပေါ်ပြီးလာပါလိမ့်မယ်။

အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား တဒါရုံစေတသိက်၊ ပဉ္စဒွါရာဝဇ္ဇန်းကြဉ်သော ကာမကြိယာ ၁၀။ ဝိညာဏဉ္စာယတနဝိပါက်ကြိယာ၊ နေဝသညာနာသညာယတနဝိပါက်ကြိယာ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသကြိယာ အဘိညာဉ်-ဝိရတီအပ္ပမညာကြဉ်သော စေတသိက်တော္တို့သပစ္စယုပ္ပန်တရားရ၏။

ကရိုဏ်းကတော့ခုနကအတိုင်းပါဘဲ။ အာရမ္မဏပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကားတပြိုင်နက် ယထာရဟတတ်ကောင်းသောအာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဓိပ္ပါယ်

အရင်အပါဠ်က ကုသလောကုသလဿအတွက် ''ဒါနံ ဒတွာ သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာတံပစ္စဝေက္ခတိ။ ပုဗ္ဗေသုစိဏ္ဏာနိပစ္စဝေက္ခတိ'' အဓိပ္ပါယ်ပြောခဲ့ပါတယ်။ ဒါတွေဟာ အကြောင်းအာရုံဖြစ်တဲ့တရားက ကာမကုသိုလ်၊ အကျိုးအာရမ္မဏိက ပစ္စယုပ္ပန်တရားကလဲ ကာမကုသိုလ်ဘဲဖြစ်ပါတယ်။ ကာမကုသိုလ်ကို ဟောပြီးတဲ့နောက် မဟဂ္ဂုတ်ကုသိုလ်ကို ပစ္စည်းအနေနဲ့ဟောပါတယ်။

ဈာနာဝုဋ္ဌဟိတွာ ဈာနံပစ္စဝေက္ခတိ။ ဈာန်ကထပြီးသကာလ မိမိရခဲ့တဲ့ဈာန်အင်္ဂါတွေကိုဆင်ခြင်လိုက်တယ်။ ဆင်ခြင်လိုက်တဲ့အခါမှာ ဈာန်လို့ဆိုဘာကရူပကုသိုလ် အရူပကုသိုလ် ပေါင်းလိုက်ရင် မဟဂ္ဂုတ်ကုသိုလ် ၉-ခုရှိပါတယ်၊ အဲဒီဈာန်ခဏ်းတွေမှာ စတုက္ကနည်းပဉ္စကနည်းရယ်လို့ ဓမ္မသင်္ဂဏီမှာဟောပါတယ်၊ ဓမ္မသင်္ဂဏီမှ ကြွင်းကျန်တဲ့ ထိုထို အဘိဓမ္မာတွေ သုတ္တန်တွေမှာ စတုက္ကနည်းကိုသာ အဟောများပါတယ်။ ပဋ္ဌာန်းမှာလဲစတုက္ကနည်းဘဲဟောပါတယ်။ ဒါ့ပေမဲ့ အရကောက်ဆရာတော်ကြီးက ပဉ္စကနည်းကိုများသောအားဖြင့် အရကောက်ပြပါတယ်။ အရကောက်ပြတော့ ဒီမှာလဲပဉ္စကနည်းအတိုင်းဘဲရေးပြီးထားပါတယ်။ ဈာန်ကထဘယ်လို့ဆိုတာ ဈာန်အရ အာဒိကမ္မိကဈာန်သမာပဇ္ဇနဈာန်ရယ်လို့ ၂-မျိုးလုံးယူရပါတယ်။ဝုဋ္ဌဟိတွာ ထတယ်လို့ဆိုဘာကတော့ ...ဝင်ပါဘဲ။ ဈာန

ဝိထိချကြည့်လိုက်မယ်လို့ဆိုရင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန်ဇောတကြိမ်၊ ဒါဟာအာဒိကမ္မိကပုဂ္ဂိုလ်အတွက်ပါ။ ထို့နောက် ဟိတ်ဘဝင်အများကျပါတယ်။ သမာပဇ္ဇန ဝိထိကြတော့ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန်ဈာန်ဟုအကြိမ်များစွာ၊ ထို့နောင်ဘဝင်အများ။

အဲဒီတော့ ဈာန်အရဟာ အာဒိကမ္မိကရယ်-သမာပဇ္ဇနရယ် ၂-မျိုးနဲ့ ဆက်ဆံပါတယ်။ ဝုဋ္ဌာဟိတ္တွာ ကြတော့ကာဘာဝင်ပါဘဲ။ ဈာန်ဝင်စားပြီး ဒီဈာန်ကထတဲ့နောက်ဆိုင်ရာ ဝိထိတခုပေါ်လာပါလိမ့်မယ်။ ပေါ်လာပြီးမှ ''ငါသည်ဤအမည်ရှိသော ဈာန်ကိုဝင်စားခဲ့၏''လို့ မိမိဝင်စားခဲ့တဲ့ဈာန်ကို ပြန်ပြီးဆင်ခြင်လိုက်တဲ့အခါမှာ မိမိဝင်စားခဲ့တဲ့ဈာန်က ပစ္စည်းတရား။ ဆင်ခြင်တာက ပစ္စယုပ္ပန်တရား။ ဆင်ခြင်တယ် ဝိပဿနာရှုတယ်လို့ဆိုတဲ့ တရားတွေဟာ အားလုံးကုန်ကာမတရားတွေချည်းဖြစ်ပါတယ်၊ ကာမတရားဖြစ်ကြောင်းကို လဲ အဋ္ဌကထာဆရာကပြထားပါတယ်။ အဲဒီတော့ ဈာန်ဝင်စားပြီး ဒီဈာန်ကိုဆင်ခြင်တယ် လို့ဆိုတော့ ဈာနလာဘီဈာန်ရတဲ့ပုဂ္ဂိုလ်အတွက်ဖြစ်ပါတယ်။ ဈာန်မရတဲ့ပုဂ္ဂိုလ်တွေဟာ မဆင်ခြင်နိုင်ပါဘူး။ ဘာဖြစ်လို့?။ ရကိုမရလို့။

ဈာန်ရမှုလို့ဆိုတာဟာ မလွယ်ကူပါဘူး။ ဈာန်တရားဟာ လောကီတရား၊ လောကုတ္တရာဖြစ်တဲ့မဂ်တွေ ဖိုလ်တွေနဲ့မဆိုင်ဘူး။ ဒါပေတဲ့ဈာန်ရချင်ခဲ့လို့ရှိရင် ဘာလုပ်ရသလဲ ဆိုတော့ တောကြီးတောင်ကြီးထဲမှာ တကိုယ်ရေ-တကာယနေပြီး ယခုအာရမ္မဏအကျယ် ဇယားကပြခဲ့တဲ့အတိုင်း ဈာန်ရကြောင်းဖြစ်တဲ့ ကမ္မဋ္ဌာန်းတွေဟာ ၂၆ ပါးရှိပါတယ်။ ကသိုဏ်း ၁၀ ပါး။ အသုဘ ၁၀ ပါး။ ကာယဂတာသတိ။ အာနာပါနဿတိ။ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ-အဲဒီ ၂၆ ပါးတို့တွင် တပါးပါးကို အားထုတ်ရပါတယ်။ သာသနာပအခါတုံးက များသောအားဖြင့် ရသေ့ရဟန်းတွေဟာ ဈာန်ရချင်ခဲ့လို့ရှိရင် ကသိုဏ်းတွေကို အားထုတ်ကြပါတယ်။ တေဇောကသိုဏ်း ပထဝီ ကသိုဏ်း ဩဒါတ ကသိုဏ်းစသည်ဖြင့်ကသိုဏ်းတွေကို အားထုတ်ကြပါတယ်။ ဒီကသိုဏ်းတွေကို အားထုတ်တော့ အာရုံက တခုထဲနေရပါတယ်။ အာရုံတခုထဲနေမှသာလျှင် မိမိတို့ရဲ့သန္တာန်မှာ သမာဓိတရားရင့်သန်နိုင်ပါတယ်။ အင်္ဂလိပ်လို (One pointedness) လို့ခေါ်ပါတယ်။ အာရုံ တခုထဲနေရတယ်-လူသူမနီး တောကြီးထဲမှာ နေရတယ်။ မြို့လယ်ခေါင်နေပြီး ဈာန်တရား အားထုတ်လို့မရနိုင်ပါဘူး။ လောကီဖြစ်တဲ့ဈာန်တရားကိုသော်မှ မြို့လယ်ခနေပြီးအားထုတ်လို့ မရနိုင်ပါဘူး၊ တောကြီးထဲမှာ အားထုတ်ပြန်တော့ကော ဘယ်လိုအားထုတ်ရမလဲ။ မိမိသည် အားထုတ်လိုတဲ့-ဒါတွေကိုအကျဉ်းတို့ရုံတို့ရုံလောက်ဘဲ ပြောပြောသွားမယ်၊ အကျယ်တွေ ပြောရင်မပြီးဘူး။ အဲမိမိအားထုတ်လိုတဲ့ကသိုဏ်းလို့ဆိုတဲ့အာရုံကလေးတခုထဲ-အာနပါန အားထုတ်ချင်လဲရပါတယ်။ ဒီအာရုံကလေးတခုထဲမှာသာမိ မိစိတ်ကိုထားပြီးမည်သည့်ဆက်ဆံမှုမျိုး မည်သည့်ပလိဗောဓမျိုး ပလိဗောဓအကြီးအငယ် အကုန်လုံးစွန့်ပယ်ပြီး-ဒီအာရုံတခု ထဲမှာသာလျှင်စိတ်ထားပြီး တနေ့လုံးတညလုံးအားထုတ်ရပါတယ်။ အဲဒီလိုအားထုတ်တဲ့ အခါမှာအားထုတ်တဲ့ယောဂီပုဂ္ဂိုလ်ဟာ အင်မတန်ပင်ပန်းပါတယ်၊ မသက်သာပါဘူး။ တခါထဲ

လူစဉ်မမှီလောက်အောင်ကို ဆင်းဆင်းရဲရဲအားထုတ်ရပါတယ်၊ ဒီလိုအားထုတ်ရဘဲ့ အားထုတ်မှုဟာက အင်မတန်ပြင်းထန်လို့ ဈာန်ရလာတဲ့အခါကြလျှင် အကျိုးကတော့ကာ အင်မတန်ဘဲထက်သန်ပါတယ်။ ဖြဟ္မာဘုံရောက်ပြီး ကမ္ဘာများစွာ အသက်ရှည်နိုင်ပါတယ်။ ဒီဈာန်ရတဲ့ပုဂ္ဂိုလ်ဟာ ဈာန်ရလို့ရှိရင် မိမိရတဲ့ဈာန်ကို ဝင်စားတယ်။ ဝင်စားတော့ ဈာန်တို့ရဲ့ချမ်းသာလို့ဆိုတာ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ရယ်လို့စတုက္က နည်းအားဖြင့် ၄ မျိုးရှိပါတယ်။ ပထမဈာန်ရလာလို့ မိမိရတဲ့ ပထမဈာန်ကို ဝင်စားလိုက်တဲ့အခါမှာ ဘာဖြစ်လာသလဲ။? ပထမဈာန်ရတယ်လို့ဆိုတာဟာ ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာလို့ဆိုတဲ့ နီဝရဏတရား ၅ ပါးကင်းဆိတ်ပြီးသွားပါဘယ်။မိမိရဲ့သန္တာန်မှာ ဒီနီဝရဏတရားတွေဟာ ဝိက္ခမ္ဘနသတ္တိနဲ့ကင်းဆိတ်ပြီးသွားတော့ အင်မတန်နှစ်သိမ့်မှုပီတိ-ချမ်းသာမှုသုခဟာ ဈာန်ရတဲ့ပုဂ္ဂိုလ်တွေရဲ့ အရေအသားအသွေးတိုင်အောင်အနုမြူကလေးသော်မှ မကျန်ဘဲနဲ့တကိုယ်လုံး ပြန့်နှံ့ပြီးချမ်းသာမှုဖြစ်နေပါတယ်၊ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကာယပဿဒ္ဓိစိတ္တပဿဒ္ဓိ တရားတွေကလဲ ဈာန်အားလျော်စွာ အလွန်တရာ ငြိမ်းချမ်းပြီးနေပါတယ်၊ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိလို့ဆိုတာသဘောတူ အားဖြင့် တမျိုးထဲပြထားငြားသော်လည်း ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ဖြစ်ကြတဲ့အဆင့်အတန်းအား လျော်စွာ အင်မတန်များပြားပါတယ်။ ဒါပေတဲ့ကိုယ်ချမ်းသာမှု စိတ်ချမ်းသာမှု ကိုယ်ငြိမ်းချမ်းမှု စိတ်ငြိမ်းချမ်းမှုဆိုတာကိုတော့ တခုထဲအမျိုးဟူတယ်လို့ဆိုပြီး ပေါင်းထားပါတယ်။ အင်မတန်ချမ်းသာပါတယ်။ သူ့ရဲ့တကိုယ်လုံး ကိုယ်ရောစိတ်ရော လိုက်ပြီး ရှာလိုက်မယ်ဆိုရင် မချမ်းသာတဲ့ နေရာမတွေ့ထိတဲ့နေရာရယ်လို့ မရှိပါဘူး။ ဥပမာအားဖြင့် တစုံတရောက်သော ပုဂ္ဂိုလ်ကိုရေချိုးပေးမှု၌ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ဟာ သူ့ရဲ့လက်ထဲမှာ ရေချိုးကသယ်မှုံ့ကလေး ဖြူးဖြူးပြီး ရေဖျန်းဖျန်းပေးပြီး အခဲလုပ်တဲ့အခါမှာ အဲဒီရေချိုးကသယ်မှုံ့ဟာ အခဲဖြင့်စိမ့်ဝင်တယ်-ဖွဲ့စည်းတယ်။ ဖွဲ့စည်းလိုက်တော့ အတွင်းရော အပြင်ရော ပြန့်နှံ့ပြီးနေတယ်။ ရေခဲထဲမှာနေခဲ့သလိုပါဘဲတဲ့။

အဲဒီဈာန်နဲ့ပတ်သက်လို့ သာမညဖလသုတ်မှာ အဇာတသတ်ကို မြတ်စွာဘုရားဟောတဲ့ဈာနသုခတွေပါ။ ဒီတော့သုတ္တန်တွေမှာ ဖြစ်ဖြစ် ဝိနည်းတွေမှာဖြစ်ဖြစ် ကြည့်လိုက်မယ်လို့ဆိုရင် ဈာန်နဲ့ကင်းပြီးဟောတာတွေဟာ အင်မတန်နည်းပါတယ်။ သုက္ခဝိပဿက ပုဂ္ဂိုလ်တွေကြတော့ ဈာန်တော့မပါပါဘူး၊ အဲဒါလဲ အင်မတန်နည်းပါတယ်၊ အဲဒါက ပထမဈာန်ရဲ့ချမ်းသာ။

ဒုတိယဈာန်ရဲ့ချမ်းသာကြတော့အင်မတန် နက်တဲ့စိမ့်ရေအိုင်တခုရှိဘယ်။ အဲဒီအိုင်ရဲ့ အရှေ့ဘက်ရော အနောက်ဘက်ရော တောင်ဘက်ရောမြောက်ဘက်ရောမှာ ရေဝင်ပေါက်က မရှိဘူး။ မိုးကလဲဘဲ အချိန်မှန်မှန်သည်းသည်းထန်ထန်မရွာဘူး။ဒီတော့ ဒီရေဟာဘာဖြစ်နေသလဲ၊? ဒီရေအိုင်ဟာ စိမ့်တွေကလဲရှိနေတော့ အင်မတန်အေးမြတဲ့ ရေအယဉ် စိမ့်ထွက်နေတယ်။ စိမ့်ထွက်နေတော့ ဒီရေအိုင်ကိုပင်လျှင် အေးမြတဲ့ရေနဲ့ပြန့်နှံ့စေတယ်။ အဲဒီအေးမြတဲ့ရေဟာ ရေအိုင်တခုလုံးကို မပြန့်နှံ့တဲ့နေရာရယ်လို့ ဘယ်နေရာဌာနမှာမှ မရှိတော့ဘူး။ အဲဒါ ဒုတိယဈာန်ချမ်းသာရဲ့ဥဒါဟရုဏ်ပါ။

တတိယျာန်ချမ်းသာကြတော့ ဥပ္ပလကြာဆိုတဲ့ ကြာဖြူတို့ ကြာနီတို့ ကြာညိုတို့၊ ပဒုမ္မာကြာ ပုဏ္ဍရိပ်ကြာ အဲဒီကြာတောတွေမှာ ကြာတွေဟာ ရေထဲမှာပေါက်ပြီးနေကြတယ်။ ရေထဲမှာဘဲကြီးပွားနေကြပေတယ်လို့ ရေအပေါ်ကိုပေါ်ပြီးထွက်မလာကြသေးဘူး။ ရေထဲမှာမြုတ်ပြီးတော့ ကြီးပွားဖွံ့ဖြိုးပြီးနေကြတယ်။ အဲဒီကြာတွေဟာ အဖျားကနေပြီးအရင်းတိုင်အောင် အေးမြလှတဲ့ ရေနဲ့အကုန်လုံးစွတ်စိုပြန့်နှံ့ပြီးသကာလ နေကြပါတယ်။ အဲဒီကြာတွေရဲ့အစိတ်အပိုင်းအကုန်လုံးဟာ အေးမြတဲ့ရေနဲ့ မပြန့်နှံ့တဲ့နေရာ မစွတ်စိုတဲ့နေရာ မထိတဲ့နေရာရယ်လို့ နည်းနည်းကလေးမှ မရှိတော့သလို တတိယဈာန်ဝင်စားတဲ့ ပုဂ္ဂိုလ်မှာလဲ သူ၏သန္တာန်၌ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိအစရှိတဲ့တရားတွေဟာ မပြန့်နှံ့တဲ့နေရာမချမ်းသာတဲ့နေရာရယ်လို့ မရှိပါဘူး။

စတုတ္ထဈာန်ချမ်းသာကြတော့ အဝတ်ဖြူနဲ့တကိုယ်လုံး ခေါင်းမြီးခြုံပြီးထိုင်နေလိုက်ခဲ့လို့ရှိရင် အဲဒီပုဂ္ဂိုလ်ရဲ့တကိုယ်လုံးမှာ ဖြူတဲ့အဝတ်နဲ့ မတွေ့ထိတဲ့နေရာ မပြန့်နှံ့တဲ့နေရာမရှိသလို စတုတ္ထဈာန်ကိုဝင်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာလဲဘဲ မပြန့်နှံ့တဲ့နေရာ မတွေ့ထိတဲ့နေရာ မချမ်းသာတဲ့နေရာရယ်လို့မရှိဘဲ အကုန်လုံး အရေ အသား အသွေး ပြန့်နှံ့ပြီး နေပါတယ်။ အဲဒါတွေဟာ ဈာန်ဝင်စားတဲ့ပုဂ္ဂိုလ်တွေရဲ့ ချမ်းသာတွေဖြစ်ပါတယ်။

ပက္ကုသာတိမင်းကြီးဟာ မိမိရဲ့အဒိဋ္ဌသဟာယ မမြင်ဘူးတဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့ မိတ်ဆွေဖြစ်ပါတယ်။ (မိတ်ဆွေဖြစ်တော့ ခပ်ကျဉ်းကျဉ်းတို့ရုံကလေးပါဘဲ) မိတ်ဆွေဖြစ်တော့ သူကလက်ဆောင်ပေးလိုက်တယ်၊ လက်ဆောင်ပေးလိုက်တော့ ဗိမ္ဗိသာရမင်းကြီးက ပြန်ပြီးလက်ဆောင်ပေးရလိမ့်မယ်။ လက်ဆောင်ပေးတော့ အမြတ်ဆုံးဖြစ်တဲ့ ရတနာပေးလေမှဘဲရယ်လို့ ဘုရား တရား သံဃာရဲ့ရတနာတွေကို အကုန်လုံးရေးပြီးပေးတယ်။ ရေးပေးရာမှာ ပထမရှေးဦးစွာ ''ဣဓတထာဂတောလောကေ ဥပ္ပန္နော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ''လို့ ဤကမ္ဘာလောက၌ အရဟံအစရှိတဲ့ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရှင်သည်ကား ထင်ရှားပွင့်ပေါ်နေခဲ့လေပြီစသည်ဖြင့် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တွေကို တစိတ်တဒေသအားဖြင့် ရေးပြီး ရတနသုတ်မှာလာတဲ့-

> ယံကိဉ္စိဝိတ္တံဣဓဝါဟုရံဝါ၊ သဂ္ဂေသုဝါ ယံရတနံပဏီတံ။
> နနောသမံ အတ္ထိတထာဂတေန၊ ဣဒမ္ပိဗုဒ္ဓေရတနံပဏီတံ။
> ဧတေနသစ္စေနသုဝတ္ထိဟောတု။

စသည်ဖြင့် ဤလူ့ပြည်၌၎င်း နဂါးဂဠုံပြည်၌၎င်း၊ နတ်ပြည် ဗြဟ္မာပြည် အလုံးစုံတို့၌၎င်း ငါတို့မြတ်စွာဘုရားရှင်နှင့်တူမျှဘဲ မြင့်မြတ်တဲ့ ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့ ရတနာသည်ကား မရှိ။ မြတ်စွာဘုရားရှင်ရဲ့ကျေးဇူးတော် ဂုဏ်တော်ရတနာသည်သာလျှင် အမြတ်ဆုံးဘဲလို့ အဲဒီလိုရေးပြီး ဘုရားဂုဏ်တော်တွေ တရားဂုဏ်တော်တွေ သံဃာဂုဏ်တော်တွေရေးပြီး သကာလပေးတယ်။

နောက်ဆုံးပိတ်ကြတော့ အာနာပါနရဲ့ ၁၆-ပါးသော အခြင်းအရာကိုရေးတယ်။ ၁၆-ပါးသော အခြင်းအရာဆိုတာ ဥပရိပဏ္ဏာသအာနာပါနသုတ္တန်မှာ ဟောထားပါတယ်၊ အာနာပါနသုတ္တန်မှာ ၁၆-ပါးလို့ဆိုတာဟာက ''ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ'' စသည်ဖြင့် မိမိတို့ရဲ့ နှာသီးဖျားဆိုတာက နှာခေါင်းပိတ်ပြီးမနေရင် နှာခေါင်းက အသက်ရှူနိုင်ရင် နှာသီးဖျား။ နှာခေါင်းပိတ်နေတယ် အသက်ရှူလို့မရဘူးဆိုရင် နှုတ်ခမ်းဖျားထွက်သက်သည် ရှည်ရှည်ထွက်တဲ့အခါ ရှည်ရှည်ရယ်လို့ အောင်းမေ့ရတယ်။ ဝင်တဲ့အခါမှာလဲ ရှည်ရှည်ဝင်တယ်ရယ်လို့ အဲဒီရှည်မှုတွေကိုရင်း တိုမှုတွေကိုရင်း အစအလယ် အဆုံးလို့ဆိုတဲ့ နှာသီးဖျားရင်ချိုင့်ချက်လို့ ဝင်တဲ့အခါ-ချက်ရင်ချိုင့် နှာသီးဖျားလို့ ထွက်တဲ့အခါ အဲဒီလိုအစအလယ်အဆုံးသုံးပါးလုံးကို မှတ်ရတယ်။

နောက်ဆုံးကြတော့ကာမှ ''ပဿမ္ဘယံကာယသင်္ခါရံအဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ''ထွက်သက်ဝင်သက် ပျောက်ငြိမ်းဆိုတာကတော့ စင်စစ်အမှန်အားဖြင့် ထွက်သက်ဝင်သက် ပျောက်ငြိမ်းသေးတာ မရှိတာမဟုတ်ဘူး။ သင်္ခါရယမိုက်များမှာ စတုတ္ထစျာန်ရတဲ့ပုဂ္ဂိုလ်တွေမှာ ထွက်သက် ဝင်သက် မရှိဘူး။ နိရောဓ သမာပတ် ဝင်စားတဲ့ ပုဂ္ဂိုလ်မှာ ထွက်သက်ဝင်သက်မရှိ ရဘူး။ နှာခေါင်းသွားပြီး စမ်းကြည့် ထွက်သက်ဝင်သက်လို့ဆိုတဲ့ အဿာသပဿာသဟာ စတုတ္ထစျာန်အချိန်ကစ၍ ချုပ်ငြိမ်းပြီး သွားပါတယ်။ ဒါပေတဲ့ ယခုအာနာပါနအား ထုတ်နေတဲ့ ပုဂ္ဂိုလ်ကြတော့ အင်မတန်သမာဓိကလဲ အားကောင်းပြီးလာတော့ ဒီအခါမှာ မိမိတို့သန္တာန်၌ ရှိနေတဲ့ မိမိအားထုတ်ပြီးနေတဲ့ ထွက်သက် ဝင်သက်ဟာ ဘာဖြစ်နေသလဲ။ အင်မတန်သိမ်မွေ့လာတယ်၊ အင်မတန် သိမ်မွေ့လာတော့ မိမိရဲ့ ထွက်သက် ဝင်သက်ကိုပင် မရှိသလောက် ရှာလို့ မရသလောက် သိမ်မွေ့ပြီးနေတာကို သင်္ခါရချုပ်ငြိမ်းတယ်လို့ ခေါ်ပါတယ်၊ အဲဒါကိုပင်လျှင် ထွက်သက် ဝင်သက် ပျောက်ငြိမ်းတယ်လို့ ခေါ်ပါတယ်။ နောက်ဆက်ပြီး ''ပီတိပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ ပီတိပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ''ဆိုပြီး နှစ်သက်ခြင်း ပီတိကို ပညာဖြင့် ဆင်ခြင်လျှက်''ငါသည် ထွက်သက်ကိုထုတ်အံ့၊ ဝင်သက်ကိုရှူအံ့။'' ထိုနည်းတူစွာ ''သုခပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သုခပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။ စိတ္တသင်္ခါရ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ စိတ္တသင်္ခါရ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ''စသည်ဖြင့် တခါလာပါတယ်။ ပြီးတော့''ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ'' အင်မတန်ရုန့်ရင်းတဲ့ စိတ္တသင်္ခါရ ချုပ်ငြိမ်းစေတယ်။ အဲဒါက လေးပါး။ ပြီးတော့မှ တဖန်''စိတ္တပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ'' စိတ်ကိုပညာဖြင့် ဆင်ခြင်လျှက် ''အဘိပ္ပမောဒယံ စိတ္တံအဿသိဿာမီတိသိက္ခတိ'' စိတ်ကို အင်မတန် ဝမ်းမြောက်ဝမ်းသာဖြစ်စေလျှက် ''သမာဒဟံစိတ္တံ'' စိတ်ကိုအာရုံ၌ ကောင်းစွာထားတာ။ ''ဝိမောစယံစိတ္တံ''စိတ်ကို ကိလေသာမှ လွတ်စေတာ။ အဲဒါက လေးပါး။ အနိစ္စာနုပဿီ-အနိစ္စဟု အဖန်ဖန်ရှုလျှက် ထွက်သက်ဝင်သက်ဖြစ်စေတယ်၊ ဝိရာဂါနုပဿီ-ရာဂ

ကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုပြီး ထွက်သက်ဝင်သက်ဖြစ်စေတယ်။နိရောဓာနုပဿီ-ရာဂချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုပြီး ထွက်သက်ဝင်သက်ဖြစ်စေတယ်။ ''ပဋိနိဿဂ္ဂါနုပဿီ ကိလေသာစွန့်ခွာရာနိဗ္ဗာန်, စွန့်တတ်တဲ့ မဂ်တရားကို အဖန်ဖန်ရှုလျက် ထွက်သက်ဝင်သက်ကို ဖြစ်တယ်။ အဲဒါက လေးပါး။ အဲဒီလို ၁၆ ပါးသော အာနာပါနသတိကို ရေးပြီး ပေးလိုက်တယ်။ ရေးပြီးတဲ့နောက် ဘယ့်နှယ် မှာကြားလိုက်သလဲဆိုတော့ မိတ်ဆွေပက္ကုသာတိ၊ မြတ်စွာဘုရားပွင့်တော်မူခြင်းကြောင့် မြတ်စွာဘုရားရှင်၏ တရားတော်ကို ကြားနာရကုန်သော ပုဂ္ဂိုလ်တို့သည် အချို့မိမိဘို့၏ မင်းစည်းစိမ်ကို စွန့်လွှတ်ကြ၍ ရဟန်းပြုကြကုန်၏၊ အိမ်ရှေ့မင်းစည်းစိမ်ကိုလည်း စွန့်လွှတ်၍ ရဟန်းပြုကြကုန်၏။ စစ်သူကြီးစည်းစိမ်ကို စွန့်လွှတ်၍ ရဟန်းပြုကြကုန်၏။ အမတ်စည်းစိမ်ကို စွန့်လွှတ်၍ ရဟန်းပြုကြကုန်၏။ သူဌေးသူကြွယ်တို့၏ စည်းစိမ်ကိုစွန့်လွှတ်၍ ရဟန်းပြုကြကုန်၏။ မိတ်ဆွေပက္ကုသာတိမင်းကြီး၊သင်လည်း အကယ်၍ စွမ်းနိုင်ခဲ့ငြားအံ့ သင်သည်လည်း ရဟန်းပြုပါလေလော့လို့ဆိုတဲ့ တိုက်တွန်းစာကလေး ပေးလိုက်တယ်။ ပြီးတော့ကာမှ မိမိပေးလိုက်တဲ့ လက်ဆောင်ကို ဘုံခွန်နှစ်ဆင့်ရှိဘဲ့ ပြဿဒ်မှာ တစုံတယောက်သော ပုဂ္ဂိုလ်မှ မရှိတဲ့အခါမှာ ဖွင့်ပြီးကြည့်ပါလို့ မှာလိုက်တော့ ပက္ကုသာတိမင်းကြီးလဲ ဒီအတိုင်းဘဲကြည့်တယ်။ ဒီအတိုင်း ကြည့်လိုက်တော့ ဘာပထမတွေ့သလဲ၊ ဣဓလောကေ တထာဂတော ဥပ္ပန္နော အရဟံ သမ္မာသမ္ဗုဒ္ဓေါစတဲ့ စာပိုဒ်ကလေး ဘတ်လိုက်ရတဲ့ အခါကာလမှာ မိမိရဲ့သန္တာန်၌ ရှိတဲ့မွေးညှင်းပေါင်း ကိုးသောင်း ကိုးထောင်ဟာ တခါထဲ အထက်လှန်ပြီး ကြက်သီး မွေးညှင်း ထတယ်လို့ဆိုပါတယ်။ အထက် လှန် ပြီး ဆိုတာ မြန်မာလိုတော့ ကြက်သီး မွေး ညှင်း ထပြီး ပီတိဖြစ်နေတာဘဲ။ ဗြောင်ဘုရားဆိုတဲ့ အသံဟာ အလွန်တရာကြားနာခဲလှတဲ့ အသံဖြစ်တယ် ''ဃောသော ပိ ခေါ ဒုလ္လဘော ဗုဒ္ဓေါတိလောကသ္မိံ''လောကကြီးမှာ ဘုရားဆိုတဲ့ အသံကိုကြားနာရမှုသည်ပင် အလွန်တရာခဲယဉ်းတယ်။ ငါသည်ကား အလွန် တရာ ခဲယဉ်းတဲ့ ဘုရားဆိုတဲ့အသံ ထိုဘုရားလူ့လောက၌ ပွင့်မှုဆိုတဲ့အသံကို ငါ့၏ မိတ်ဆွေကို အမှီပြု၍ ရလေစွဘကား ဆိုပြီး ပီတိတွေဖြစ်ပြီး နေလိုက်ထာ အဲဒီပီတိအဟုန်ကို မနဲခွာပြီး ငြိမ်းသည်အထိ စောင့်ဆိုင်းရတယ်။ ရှေ့ရှောက်ဆက်ပြီး တရားဂုဏ်တော်တွေ သံဃာဂုဏ်တော်တွေ နောက်ဆုံးပိတ် အာနာပါန ကမ္မဋ္ဌာန်းရောက်တဲ့ အခါကြတော့ ဖြည့်ဆည်းခဲ့ဘူးဘဲ့ ပါရမီရှိခြင်းကြောင့် ဒီအာနာပါန (၁၆)ချက်ကို ဖတ်လို့ဆုံးတာနဲ့ တပြိုင်နက်တခါထဲ စတုတ္ထစျာန်တိုင်အောင် ရတယ်။ စထုတ္ထစျာန်တိုင်အောင်ရတော့ စျာန်ဝင်စားပြီး နေလိုက်တာ ၁၅ ရက်လုံးလုံး ကြာသွားတယ်။ ဒီတော့ကာမှ တိုင်းသူပြည်သားတွေက ဘယ့်နှဲ့လဲ တို့မင်းကြီးဟာ တပါးတခြားသော တိုင်းပြည်ကပေးလိုက်တဲ့ လက်ဆောင်ကို ရတဲ့နေ့ကစပြီး တိုင်းပြည်ကိုလဲ မကြည့်ဘူး ကချေသည်တွေကိုလည်း မကြည့်ဘူး တရားဆုံးဖြတ်ခြင်းအမှုကိုလဲ မပြုဘူး။ ဘယ်လိုများဖြစ်ပြီး နေပါလိမ့်ဆိုပြီး မင်းရင်ပြင်လာပြီး အော်ကြဟစ်ကြတော့ကာမှ ထွက်ကြည့်လိုက်တယ်။ ထွက်ကြည့်လိုက်တော့ လူတွေကို မြင်တယ်။ လူတွေမြင်တော့ ဘယ့်နှဲ့အောင်းမေ့သလဲဆိုတော့ ငါသည် ဤပုဂ္ဂိုလ်တို့၏ အလိုသို့ လိုက်လေမည်လား။ သို့မဟုတ် မြတ်စွာဘုရားရှင်၏ အလိုကိုလိုက်လေမည်လား။ ဤပုဂ္ဂိုလ်

တို့အလိုလိုက်၍ မင်းပြုရမှု မည်သည်ကား ကမ္ဘာ့အသေချာ အနန္တမင်း ဖြစ်ခဲ့ရလေပြီး။ မြတ်စွာဘုရားအလိုတော် လိုက်လေမှဘဲရယ်လို့ တခါထဲ မိမိဦးစွန်းဖြတ်ပြီး သင်တို့အဲဒါဘဲ ယူပေတော့ဆိုပြီး ပစ်လိုက်တယ်။

ဒါနဲ့နောက်ဆုံးကြတော့ သပိတ်သက်န်းကို ဝယ်နိုင်ပြီးတောထွက်ရှာတယ်။ တောထွက်တယ်လို့ဆိုတာဟာ မြတ်စွာဘုရားရှင်ကို သွားပြီး ဖူးဘို့ရာအတွက် ထွက်သွားတယ်၊ ထွက်သွားတော့တိုင်းသူပြည်သားတွေကလဲအကုန်လုံးလိုက်ကြ၊ငိုကြွေးကြ။အဲဒီအခါမှာ ဒီပုဂ္ဂိုလ်တွေက ဘယ့်နဲ့ပြောသလဲဆိုရင်“အရှင်မင်းမြတ်လောကမှာ ဘုရားပွင့်တယ်မပွင့်ဘူးဆိုတာကိုလဲ အသင်မင်းမြတ်သည် တစုံတရာမသိခဲ့၊ အသင်မင်းမြတ်၏ မိတ်ဆွေဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီး၏ အမှာစကားကြောင့်သာဖြစ်တယ်။ ဒီတော့ပွင့်တယ် မပွင့်တယ် ဆိုတာကို စုံစမ်းပါဦး၊စုံစမ်းပြီးမှသွားပါ”လို့တားမြစ်တော့ ပက္ကုသာတိမင်းကြီးက“အချင်းတို့ ငါ၏ မိတ်ဆွေဖြစ်တဲ့ဗိမ္ဗိသာရမင်းကြီးသည်ကားစကားနှစ်ခွန်းမပြော။တခွန်းသာလျှင်ပြောသည်” ဆိုပြီး တခါထဲထွက်သွားတယ်။ ထွက်သွားတော့လိုက်ကြ။ နောက်တော်က ဇနက္ကဇာတ်တော်မှာလာခဲ့တဲ့အတိုင်း စည်းကလေးတားပြီး အလိုက်မနိုင်တော့ သူတို့လဲမလိုက်ဝံ့ကြဘူး။ မလိုက်နိုင်တော့ တချို့ကသစ်ပင်ပေါ်က တက်ပြီးကြည့်ကြ ပြဿဒ်ပေါ်ကတက်ပြီးကြည့်ကြတယ်။ မင်းကြီးဟာငါသွားတာအမှီမရှိရင် မဖြစ်ဘူးဆိုပြီး လှည်းကုန်သည်တွေနဲ့ အတူတကွသွားဘယ်။ သွားတော့မြတ်စွာဘုရားရှင် တောထွက်တဲ့အခါတုံးက ဘိနပ်လဲမစီးဘူး၊ ထီးလဲမပါဘူး၊ အဖေါ်လဲမပါဘူး၊ ဒီတော့သူဘိနပ်လဲမစီးဘူး၊ ထီးလဲမဆောင်းဘူ၊ အဖေါ်လဲမပါဘူး၊ သူတပါးတဲ သပိတ်ကလေးလွယ်ပြီး လှည်းကုန်သည်တွေနောက်လိုက်။ အဲလိုက်တော့ဘာဖြစ်သလဲ။ အင်မတန်နူးညံ့တဲ့မင်းမြတ်ဟာ မြေပြင်မှာအင်မတန်ကြမ်းတမ်းတဲ့ ခရီးသွားရလေတော့ ဖဝါးတွေက တခါထဲ အဖူးပေါက်ပြီး ကွဲတယ် သွေးထွက်တယ်။ သွေးထွက်တော့ အဲဒီထွက်တဲ့သွေးတွေကို ဆင်းရဲဒုက္ခတွေကို ဘယ်လိုဖြေဖျောက်သလဲ။ အာနာပါနစတုတ္ထဈာန်ရပြီးသားဖြစ်တော့ ဈာန်ဝင်စားတယ်။ “ကုလပုတ္တောအာနာပါန စတုတ္ထဇ္ဈာနံ-သမာပဇ္ဇိတွာ မဂ္ဂဒရထ ကိလမထ ပရိဋ္ဌာဟံ ဝိက္ခမ္ဘေတွာ ဈာနရတိယာဝီတိနာမေတိ” ဆိုတော့သူရတဲ့ စတုတ္ထဈာန်ဝင်စားတာပေါ့။စတုတ္ထဈာန်ဝင်စားလိုက်တဲ့အခါကြတော့ မိမိသန္တာန်မှာ ဖြစ်တဲ့အင်မတန်ပင်ပန်းတဲ့ ခရီးကြမ်းတွေ အင်မတန်ပူလောင်မှုတွေ မိမိရဲ့သန္တာန်မှာ ဖြစ်ပေါ်တဲ့ဒုက္ခဝေဒနာတွေကိုဘဲ ဒီဈာန်ဝင်စားဘဲ့အခါမှာ ဈာန်ရဲ့သတ္တိအားဖြင့် ဒီဝေဒနာတွေကို ပယ်ခွါပြီးဈာန်ဆိုတဲ့ မွေ့လျော်မှုအားဖြင့် သာလျှင် လွန်မြောက်စေတယ်တဲ့နော်။ အဲ သွားလိုက်တာဟာ ၉၂ ယူဇနာတိုင်တိုင် လွန်သွားတယ်။ သာဝတ္ထိပြည်လွန်သွားပြီး ရာဇဂြိုဟ်ပြည်ရောက်သွားတယ်။ ရာဇဂြိုဟ်ပြည်ရောက်သွားတော့ မြတ်စွာဘုရားဘယ်မှာလဲလို့ မေးတော့ လွန်ခဲ့ပြီလို့ဆိုတော့ ၄၅ ယူဇနာနောက်ပြန်သွားဘို့ ကျန်သေးတယ်။ ဒီကနေ့တော့ အချိန်မရှိဘူး၊ နက်ဖန်မှသွားလေ့ဘဲရယ်လို့ အိုးထိမ်းသည်ဇရပ်သွားပြီး “အချင်း အိုးထိမ်းသည်၊ သင့်အား ဝန်မလေးပါက ငါသည်သင်၏ အိုးလုပ်ရာဇရပ်၌ ဤတညတာမျှတည်းခိုဘို့ရာအတွက် ခွင့်ပြုပါ”လို့ သွားပြီး ခွင့်တောင်းတော့ အိုးထိမ်းသည်က ခွင့်ပြုလိုက်တယ်။

မြတ်စွာဘုရားရှင်ကလဲ မဟာကရုဏာဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့အခါမှာ ဤပက္ကုသာတိမင်းကြီးသည် ငါဘုရားရှင်မသွားပါက ဤတညလွန်သောအခါကာလ၌ ကိုးကွယ်ရာမဲ့ဧကန်စင်စစ်သေရပေလိမ့်လတံ့။ ငါဘုရားသွားခဲ့လို့ရှိရင် အနာဂါမ်ဖြစ်ပြီး ဗြဟ္မာဘုံရောက်ခါ ရဟန္တာဖြစ်လိမ့်မယ်ဆိုတာနဲ့ မြတ်စွာဘုရားရှင်ကလဲဘဲ ပက္ကုသာတိမင်းကြီးကဲ့သို့ မြတ်စွာဘုရားရှင်ရဲ့ရောင်ခြည်တော်ခြောက်ပါး အစရှိတဲ့အသရေတော်တွေကို တစုံတရာမပြဘဲနဲ့ လပြည့်နေ့အခါကာလမှာ လမင်းကြီးသည်အပြည့်အဝထွက်ပြီးလာငြားသော်လည်း မိုးတိမ်ဖုံးပြီးထားသလိုသာမည ဖြစ်တဲ့ရဟန်းအသွင်အားဖြင့် ကြွတယ်။ ၄၅ ယူဇနာခရီးကို တန်ခိုးနဲ့ မကြွဘူး ခြေကျင်ဘဲကြွတော်မူတယ်။ ကြွတော်မူပြီး အိုးထိန်းဇရပ်ရောက်တဲ့အခါကြတော့ အိုးထိန်းသည်ကို ခွင့်ပန်ပြန်တယ်။ ခွင့်ပန်တဲ့အခါမှာ အိုးထိန်းသည်က အရှင်ဘုရား ပထမရဟန်းတပါးလာပြီး ခွင့်ပန်ပါတယ်။ ရဟန်းဆိုတာ တချို့က တပါးတည်းနေချင်တယ်။ ငါကပထမခွင့်ပြုထားတာဟာ ခွင့်ပြုတာဘဲကောင်းတယ်။ ဒါမှမဟုတ်ရင် သူတို့အချင်းချင်း စကားများပြီးနေလိမ့်မယ်။ အဲဒီတော့ "အရှင်ဘုရား၊ ပထမရဟန်းရှိပါတယ်။ ၎င်းရဟန်းက ကျေနပ်ခွင့်ပြုခဲ့လို့ရှိရင် အရှင်ဘုရားသီတင်းသုံးတော်မူပါ"လို့ ဆိုတော့မြတ်စွာဘုရားရှင်က၎င်း ပက္ကုသာတိထံသွားပြီး ခွင့်တောင်းတယ်။ ပက္ကုသာတိကလဲအိုးထိန်းဇရပ်ဟာ အကျယ်ကြီးပါဘဲ၊ အရှင်ဘုရားသီတင်းသုံးပါလို့ ခွင့်ပြုတယ်၊

အဲဒါနဲ့ ပတ်သက်ပြီးတော့ သီဟိုဠ်က ဝေ ပု လ ရ ဟု လ ဆို တဲ့ ပုဂ္ဂိုလ် ရေး တဲ့ "What the Buddha taught"-လို့ဆိုတဲ့ စာအုပ်ကလေး စာမျက်နှာနံပါတ် ၆-မှာ ဘယ်လိုရေးထားသလဲလို့ဆိုတော့ "There is an important story in the Majjhima Nikaya Sutta No. 140, which illustrates this. The Buddha once spent a night in a potter's shed. In the same shed there was a young recluse who had arrived earlier. They did not know each other."

လို့ရေးထားတယ် 'They" လို့ဆိုတာက ဘယ်သူလဲ? ဘုရားနဲ့ ပက္ကုသာတိဘဲ၊ ဘုရားက မဟာကရုဏာဉာဏ် ဝင်စားပြီး သိလို့-ပက္ကုသာတိဆီသွားတာကိုပင် ဒီစာကလေးက "They did not know each other" လို့ ရေးထားပါတယ်။

ဒီလိုရောက်သွားတဲ့အခါမှာ ဘုရားက ဖလသမာပတ်ဝင်စားတယ်။ ဖလသမာပတ်အကြောင်းကိုတော့ ဖလသမာပတ်ဆိုင်ရာကြမှ ပြောပါ့မယ်၊ ပက္ကုသာတိက အာနာပါန စတုတ္ထဈာန်ဝင်စားပါတယ်။ အဲဝင်စားလို့ အချိန်ကြတော့ ဘုရားက တရားဟောတယ် ဆိုပါတော့၊ ခပ်ကျဉ်းကျဉ်းဘဲ။ 'ဆဓာတုရော ယံပုရိသော' စ သည် ဖြင့် ဟော လိုက် တဲ့ အခါမှာပက္ကုသာတိဟာ အနာဂါမ်ဖြစ်သွားတယ်။ အနာဂါမ်ဖြစ်သွားတော့ မြတ်စွာဘုရားရှင်ရဲ့ထံမှာ ရဟန်းပြုဘို့ရန် တောင်းပန်တယ်။ တောင်းပန်တော့ မြတ်စွာဘုရားက "အချင်းရဟန်း၊ သင့်အား သပိတ်သင်္ကန်း ပြည့်စုံခဲ့လေပြီလော"လို့ မေးတော့ မပြည့်စုံသေးပါ။ သပိတ်သင်္ကန်း မပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို ငါဘုရားက ရဟန်းပြုပြီးတော့ မပေးဘူး လို့ မိန့်တော့ သပိတ်သင်္ကန်းလိုက်ပြီးရှာတယ်။ ရှာတော့ကာ သူ့ရဲ့ဘိုင်း သူ ပြည် သား ဖြစ် တဲ့ ပုဂ္ဂိုလ်တွေရဲ့ အထံလဲမသွားဘူး။ ဗိမ္ဗိသာရမင်းကြီးရဲ့ အထံလဲမသွားဘူး၊ မြတ်စွာဘုရား

ရှင်သည် ကျွန်မပုဏ္ဏား စွန့်ပစ်အပ်သောအဝတ်ကို ပံ့သကူကောက်၍ သင်္ကန်းချုပ်ခါ ဝတ်ခဲ့၏။ ငါသည်လည်း ထိုနည်းတူစွာ ကောက်လေမှဘဲ ရယ်လို့ ရေဆိပ်တို့သုသာန်တို့ အဝတ်စလိုက်ပြီးရှာတယ်။ ဒီလိုရှာတဲ့အခါ၌ ရန်သူဖြစ်တဲ့ ဘီလူးမက နွားယောင်ဆောင်ပြီး ဝှေ့လိုက်တာ ပက္ကုသာတိမင်းသည် ကောင်ကင်၌ပင်လျှင် အသက်ပြောက်ပြီးတော့ မှောက်ရက်သား အောက်ကြတယ်။

အဲဒီနေရာဌာနမှာ ဘာဖြစ်လို့မြတ်စွာဘုရားရှင်က ၎င်းပုဂ္ဂိုလ် ပက္ကုသာတိကို ဧဟိဘိက္ခုမခေါ်သလဲ။ ဧဟိဘိက္ခုခေါ်မှုသည် ၂ မျိုးရှိတယ်။ ပစ္ဆိမဘဝိကဖြစ်တဲ့ ပုဂ္ဂိုလ်တွေကို မှခေါ်တယ်။ (ယမိုက်များကြတော့ ခန္ဓယမိုက်ဟစပြီး ပစ္ဆိမဘဝိကဆိုတဲ့အသံတွေပါလာပါတယ်) အဲဒီပစ္ဆိမဘဝိကလို့ဆိုတာ ယခုဘဝမှာ ကေန်စင်စစ်အရဟတ္တမဂ် အရဟတ္တဖိုလ် ရမဲ့ရဟန္တာဖြစ်မဲ့ ပုဂ္ဂိုလ်တွေကို ပစ္ဆိမဘဝိကရယ်လို့ ခေါ်ပါတယ်။ ပက္ကုသာတိဟာ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်လားဆိုတော့ ပစ္ဆိမဘဝိက မဟုတ်သေးပါဘူး။ အချို့ကေစိဝါဒကတော့ သင်္ကန်းမလှူခဲ့ဘူးလို့ဘုရားက ဧဟိဘိက္ခုမခေါ်ဘူးလို့ပြောပါတယ်။ မဟုတ်ဘူး။ သူကပစ္ဆိမဘဝိကမဟုတ်လို့။ ပစ္ဆိမဘဝိကဖြစ်တဲ့ ဒီဘဝမှာ ကေန်ရဟန္တာဖြစ်မဲ့ ပုဂ္ဂိုလ်ကိုသာလျှင် မြတ်စွာဘုရားရှင်များဟာ ဧဟိဘိက္ခုခေါ်တယ်၊ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုဘဲ သတ်သတ် ရဟန္တာမဖြစ်သေးသ၍ ဘယ်တော့မှမသေဘူး။ မြင့်မိုရ်တောင်ကြီး ၂-လုံးနဲ့ညှပ်ပြီး သတ်လဲမသေဘူး။ ဗာကုလတို့ကြည့်၊ ငါးတွေမျိုသွားလို့မသေဘူး။ သံကိစ္စသာမဏေတို့ကြည့် မီးရှို့လို့မသေဘူး။ ဒါဘာ့ကြောင့်? သူတို့ဒီဘဝမှာ ရဟန္တာဖြစ်ရမဲ့ပုဂ္ဂိုလ်တွေ။ အဲဒီ ပစ္ဆိမဘဝိကဖြစ်တဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ ကေန်ဖြစ်တဲ့ ပစ္ဆိမဘဝိက-အနေကန်ဖြစ်တဲ့ ပစ္ဆိမဘဝိက ရယ်လို့ရှိပါတယ်။ ယခုပြောတာက ကေန်ဖြစ်တဲ့ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တွေ။ အနေကန်ဖြစ်တဲ့ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တွေကြတော့ အကြောင်းချို့တဲ့ခဲ့လို့ရှိရင် ယခုဘဝမှာ ရဟန္တာမဖြစ်နိုင်ဘူး။ ကုဋေ့ရှစ်ဆယ်ကြွယ်တဲ့ သူဌေးသားလိုပေါ့။ ၎င်းပုဂ္ဂိုလ်သည် ပထမရွေးဦးစွာသာ ဘုရားနဲ့တွေ့မယ်လို့ဆိုရင် ရဟန္တာဖြစ်နိုင်တဲ့သတ္တိရှိဘယ်။ ဒါပေတဲ့ သုံးဖြုန်းပျော်ပါးပြီးနေခြင်းကြောင့် ပထမအချိန်မှာလဲမတွေ့၊ ဒုတိယအချိန်မှာလဲမတွေ့၊ တတိယအချိန်မှာလဲမတွေ့ နောက်ဆုံးပိတ် ခွက်လက်ဆွဲပြီး တောင်းစားရတဲ့ အချိန်မှာမှသွားပြီး တွေ့ခြင်းကြောင့် ဘာမဂ် ဘာဖိုလ်မှ မရတော့ဘူး။ ဟိုဗာဟိရဒါရုစိတို့ကြတော့ဟူတူဘဲ နွားမဝှေ့ပြီးသတ်တယ်။ ၎င်းပုဂ္ဂိုလ်ဟာ ခိပ္ပါဘိညတေဒဂ်ရတဲ့ပုဂ္ဂိုလ်။ သူဟာပစ္ဆိမဘဝိက အစစ်အမှန်ဟုတ်တယ်၊ ရဟန္တာလဲဖြစ်နေတယ်။ ဘာဖြစ်လို့သူ့ကြတော့ ဧဟိဘိက္ခုမခေါ်သလဲဆိုတော့ ၎င်းပုဂ္ဂိုလ်နဲ့ ပက္ကုသာတိအစရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကဿပဘုရားလက်ထက်တုံးက အနှစ် ၂-သောင်းကာလပတ်လုံး အင်မတန်ပြင်းပြင်းထန်ထန် ရဟန်းတရားတွေ အားထုတ်ခဲ့ပါတယ်။ အင်မတန်ကျင့်ကြံခဲ့ပါတယ်။ အသက်သေသည်အထိ ကျင့်ခဲ့ပါတယ်၊ ဒါပေတဲ့ ဗာဟိရတို့ကြတော့ ဘယ်လိုနှလုံးသွင်းကလေးရှိသလဲ၊ ငါ့အားလှူတဲ့ သပိတ်သင်္ကန်းတို့သည်ကား ငါနှင့်သာလျှင်သက်ဆိုင်ခဲ့၏၊ တပါးတခြားသောပုဂ္ဂိုလ်တွေကို ဘာမှလှူနေစရာ အကြောင်းမရှိဘူး ငါယူမယ်။ ငါသာသုံးဆောင်မယ်လို့ဆိုတဲ့ နှလုံး သွင်း မျိုး အား ဖြင့် သင်္ကန်းတထည် သပိတ်တလုံးမလှူခဲ့ဘူးခြင်းကြောင့် မြတ်စွာဘုရားရှင်နဲ့တွေ့ပြီး အင်မတန်

လျှင်မြန်တဲ့ အသိဉာဏ်ရှိတဲ့ ခိပ္ပာဘိညာဇာတဒဂ်ရ ပုဂ္ဂိုလ်ပင်ဖြစ်ငြားသော်လည်း ဇေဟိဘိက္ခု အခေါ်မခံရဘဲနဲ့ ခုနကပြောခဲ့တဲ့ ရန်သူဖြစ်တဲ့ နွားမဲ့ သတ်ပြီးသေကြရတယ်၊ ဘာကြောင့် ဒီဘီလူးမဟာက သူတို့ရဲ့ရန်သူဖြစ်ရသလဲလို့ဆိုတော့ ဒါတွေဟာက အဘိတ်ကို ပြန်စင်းစားလိုက်မယ်ဆိုရင် သူတို့ကလဲ ဆိုးခဲ့တယ်။ သူတို့က ဘယ်လိုဆိုးခဲ့သလဲဆိုတော့ သူဌေးသားလေးယောက် ပြည့်တန်ဆာမတယောက်ခေါ်ပြီး ဥယျာဉ်ထဲသွားတယ်ပျော်ပါးတယ်။ ပျော်ပါးပြီး ညအတော်ကလေးမိုးချုပ်တဲ့ အခါတယောက်ကအကြံပေးတယ်။ ဟေ့-ဒို့အားရအောင်တော့ ပျော်ပါးပြီးပြီ။ ဒါပေမယ်လို့ မိုးလဲချုပ်နေတော့ ဟောဒီပြည့်တန်ဆာမကြည့်လိုက်ရင် လက်ဝတ်လက်စားတွေ အပြည့်အနှံ့ရှိတယ်။ မိုးချုပ်နေတော့ ဒီပြည့်တန်ဆာမသတ်ပြီး လက်ဝတ်လက်စားတွေ ယူလိုက်မယ်ဆိုရင် ဘယ်သူမှလဲ သိမှာမဟုတ်ဘူး။ မကောင်းဘူးလားလို့တယောက်က အကြံပေးလိုက်တဲ့အခါမှာ ကျန်တဲ့ ပုဂ္ဂိုလ်တွေက ဆိတ်ဆိတ်နေကြတယ်။ ဆိတ်ဆိတ်နေခဲ့လို့ရှိရင် ဒါသဘောတူတာဘဲ။ "ကိုယ်တိုင်တိုက်တွန်း၊ ချီးမွမ်းစိတ်တူ" ကိုယ်တိုင်လုပ်လုပ် ချီးမွမ်းချီမွမ်း စိတ်တူစိတ်တူ အဲဒါတွေဟာကအတူတူဘဲ။ အဲဒီလိုသတ်ပစ်လိုက်တဲ့အခါ ပြည့်တန်ဆာမက ဤပုဂ္ဂိုလ်တို့သည်အလွန်တရာဆိုးသွမ်းလေစွတကား။ ငါ့အားလည်းအလိုရှိသမျှ ပျော်ပါးခဲ့ကြ၏။ ငါ၏ဥစ္စာပစ္စည်းတို့ကိုလည်း ယူဘို့ရန်အတွက် ငါ့အားလည်းသတ်ခဲ့၏၊ အဲဒါကြောင့်ငါသည် နောင်ဖြစ်လေရာဘဝတို့၌ ဤပုဂ္ဂိုလ်တို့ကိုပြန်၍ သတ်နိုင်ရတဲ့ ပုဂ္ဂိုလ်ဖြစ်ရပါလို၏လို့ ဆုတောင်းမှားခဲ့တယ်နော်။ အဲသည်လိုမှားသည်အားလျော်စွာ ဤပုဂ္ဂိုလ်တွေဟာ အသတ်ခံရတယ်။ အဲသည်တော့လိုရင်းအချုပ်အားဖြင့် ဘာပြောလိုတာလဲလို့ဆိုလျှင်ဖြင့်ရင် ပဏ္ဍုသာတိမင်းကြီးသည် ၁၉၂-ယူဇနာရှိတဲ့ ခရီးကြမ်းကြီးကိုသွားတဲ့အခါကာလမှာ အင်မတန်ကိုယ်၏ပင်ပမ်းခြင်း စိတ်၏ပင်ပမ်းခြင်းစတဲ့ ဆင်းရဲဒုက္ခတွေခံစားရဘယ်။ အဲဒီခံစားရတဲ့ သူရဲ့ဒုက္ခတွေကို မိမိရအပ်တဲ့အာနာပါန စတုတ္ထဈာန်ကိုဝင်စားခြင်းဖြင့် ဤကိုယ်၏ဆင်းရဲမှု စိတ်၏ဆင်းရဲမှုတွေကို ဖြေဖျောက်တယ်။ အဲဒါကြောင့်ဒီမှာလဲဘဲ "ဈာနာဝုဋ္ဌဟိဘ္ဘာဈာနံ ပစ္စဝေက္ခတိ" ဈာနလာဘီ ဈာန်ရတဲ့ပုဂ္ဂိုလ်သည် မိမိတို့ရခဲ့တဲ့ ပထမဈာန်-ဒုတိယဈာန်-တတိယဈာန်-စတုတ္ထဈာန်-အရူပဈာန်လေးခု ၎င်းတို့မှာ အာဒိကမ္မိကဈာန်ဖြစ်ဖြစ် သမာပဇ္ဇနဈာန်ဖြစ်ဖြစ် ဒီဈာန်ကထပြီး မိမိတို့ရခဲ့တဲ့ ဈာန်အင်္ဂါစသည်တွေကို ဆင်ခြင်လိုက်တဲ့အခါ၌ မဟဂ္ဂုတ်ကုသိုလ် ၉-ခုက အာရမ္မဏအကြောင်းတရား ဆင်ခြင်တဲ့ကာမကုသိုလ်က ပစ္စယုပ္ပန်အကျိုးတရားလို့ 'ဈာနာဝုဋ္ဌဟိတွာဈာနံပစ္စဝေက္ခတိ'အရ ယနေ့အတွက် ကိစ္စပြီးကြပါစို့၊

သာဓု .... သာဓု .... သာဓု ....။

## ၁၃၂၉-ခု၊ ဝါခေါင်လဆန်း (၄)ရက်
## ၁၉၆၇-ခု၊ ဩဂုတ်လ (၉)ရက်၊ ဗုဒ္ဓဟူးနေ့
## ပဋ္ဌာန်း ကုသလတိက် ဝိဘင်္ဂပဉ္စာဝါရကို တတိယအကြိမ် ဖွင့်ချခြင်း။

### အရကောက်စိစစ်ပုံ

သုဒ္ဓသင်္ချာအရ ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ-လို့ သုဒ္ဓသင်္ချာကို ကြည့်လိုက်ရင် ဒီအရကောက်တွေထွက်လာပုံကို နဲနဲပြောပြပါမယ်။

ပစ္စည်းဘက်က အရဟတ္တမဂ်ကြဉ်တဲ့ ကုသိုလ်စိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ ရပါတယ်။ ဘာ့ကြောင့် အရဟတ္တမဂ်ကြဉ်ရတယ်လို့ ဆိုတာကိုတော့ နောက် အကျယ်အရကောက်ကိုပြောတဲ့အခါမှာ ပြောပြပါမယ်။ ပစ္စယုပ္ပန်ဘက်က မဟာကုသိုလ်ရှိနေပါတယ်။ ကုသိုလ်ရှိနေတယ်ဆိုရင် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ပါဘူး။ ကာမစိတ်စတုပညာသထဲက ကုသိုလ်ရွေးလိုက်ရင် မဟာကုသိုလ်စိတ် ၈ ခု ရနေပါတယ်၊ ဝိညာဏဉ္စာယတန ၃၊ နေဝသညာ နာသညာယတန-၃ ထဲက ဝိညာဏဉ္စာယတနကုသိုလ်၊ နေဝသညာ နာသညာယတန ကုသိုလ်ရပါတယ်။ နောက်အဘိညာဉ်တွေမှာ ပဋ္ဌာန်းရဲ့ ထုံးစံအတိုင်း ခွဲလိုက်တဲ့အခါမှာ အဘိညာဉ်-၇ ပါးရပါတယ်။ ဒိဗ္ဗစက္ခုနဲ့ ဒိဗ္ဗသောတဟာ ရုပ်ကိုသာ အာရုံပြုသဖြင့် မရပါဘူး၊ ကျန်တဲ့ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသ ကုသိုလ်အဘိညာဉ် တွေရပါတယ်။ အောက်ပိုင်းက မဂ်ဟာ မဆိုင်ပါဘူး။ ဒါ့ကြောင့် ပစ္စယုပ္ပန်ဟာ ဒီလိုဖြစ်ပါတယ်။

နောက် ကုသလော အကုသလဿကြတော့ အကုသိုလ်ဟာ လောကုတ္တရာ တရားတွေကို အာရုံမပြုပါဘူး။ ဒါ့ကြောင့် ပစ္စည်းဘက်က လောကီကုသိုလ်သာရပါတယ်။

တဖန်ကုသလော အဗျာကတဿ ကြည့်လိုက်ရင် ကာမစိတ် ၅၄ ခုထဲက အဗျာကတဆိုင်ရာ ရွေးထုတ်ရင် ကာမဝိပါက်တေဝီသ၊ ကာမကြိယာ ဧကာဒသ-ရပါတယ်။ ကာမစိတ်တေဝီသထဲက ဒွေပဉ္စဝိညာဉ် တဆယ်နှင့် မနောဓာတ်သုံးခုဟာ ရုပ်တွေကိုသာ အာရုံပြုပါတယ်။ အဲဒါကြောင့် သူမရတော့ပါဘူး။ ကြိယာထဲကကြည့်ပြန်တော့ ပဉ္စဒွါရာဝဇ္ဇန်းဟာ မနောဓာတ်မှာဝင်ပြီး နေခြင်းကြောင့် ပဉ္စာရုံကို အာရုံပြုပါတယ်။ ဒါ့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းကြဉ်ရပါတယ်၊ ဝိညာဏဉ္စာယတန-၃၊ နေဝသညာ နာသညာယတန-၃ ထဲက ဝိညာဏဉ္စာယတန ဝိပါက်ကြိယာ နေဝသညာနာသညာယတန ဝိပါက်ကြိယာ ရပါတယ်။ အဘိညာဉ် (၇) မျိုးထဲက ကြည့်လိုက်တော့ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ သည်ရုပ်ကို အာရုံပြုသဖြင့် မရပါဘူး။ ဣဒ္ဓိဝိဓကြတော့ ကြိယာအဘိညာဉ် ဖြစ်ငြားသော်လည်း ပစ္စည်းဘရားဟာက ကုသိုလ်ဖြစ်နေသဖြင့် ဣဒ္ဓိဝိဓ အဘိညာဉ်လဲမရပါဘူး၊ ဒါ့ကြောင့် ကျန်တဲ့ အဘိညာဉ် ၄ မျိုးစေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မုပဂ၊ အနာဂတံသကြိယာ အဘိညာဉ်ရပါတယ်။

ကရိဏ်းကြဟော့ ပစ္စည်းရေ (၃)ခုမှာ အာရမ္မဏ က တပြိုင်နက် ဝင်ပါတယ်။ အာရမ္မဏာ ဓိပတိနဲ့ အာရမ္မဏူပနိဿယဟာ ပစ္စည်းပစ္စယုပ္ပန် အပြည့်အစုံမရသဖြင့် ယထာရဟ ဝင်ပါတယ်။ အရင်အပတ်က ပို့ချခဲ့တဲ့ အရကောက်ကို အသင့်အတင့် ထိုက်သင့်သည့်အားလျော်စွာ ပြောပါတယ်။ ပစ္စယုပ္ပန် ကြိယာဖြစ်ခြင်းကြောင့် ပစ္စည်းဘက်ကကုသိုလ်ဇကဝီသ အကုန်လုံးရပါတယ်။

## အကုသလော အကုသလဿ

ယနေ့အကုသလော အကုသလဿကို ဆိုရပါလိမ့်မယ်။ စာမျက်နှာ(၁)ကို ကြည့်ပါ။ ဆိုပြမယ်။ အကုသလောဓမ္မော အကုသလဿဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ (ရာဂံ/ဒိဋ္ဌိံ-မှာ အလယ်ကမျဉ်းကြောင်းကလေးပါပါတယ်။ ဒီဘက်က ၂ -ရေးထားပါတယ်၊ လက်သဲကွင်းတွေကိုကြည့်ပြီး မနေပါနဲ့တော့)။ ရာဂံအဿာဒေတိ အ ဘိနန္ဒ တိ တံ အာရဗ္ဘရာဂေါဉပ္ပဇ္ဇတိ ဒိဋ္ဌိဉပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဉပ္ပဇ္ဇတိ ဉဒ္ဓစ္စံဉပ္ပဇ္ဇတိ ဒေါမနဿံဉပ္ပဇ္ဇတိ။ (ဒါကရာဂအတွက် တဖန်) ဒိဋ္ဌိံအဿာဒေတိ အဘိနန္ဒတိ တံ အာရဗ္ဘရာဂေါ ဉပ္ပဇ္ဇတိ ဒိဋ္ဌိဉပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဉပ္ပဇ္ဇတိ ဉဒ္ဓစ္စံ ဉပ္ပဇ္ဇတိ ဒေါမနဿံ ဉပ္ပဇ္ဇတိ။(အဲဒါက ရာဂဒိဋ္ဌိလောဘဆိုင်ရာပါ၊ကျန်တဲ့ ဒေါသဆိုင်ရာ မောဟဆိုင်ရာတွေကြတော့ အဿာဒန-အဘိနန္ဒတွေမဖြစ်နိုင်ပါဘူး။ဒါ့ကြောင့် အဿာဒန-အဘိနန္ဒနသဒ္ဒါနဲ့ မဟောပါဘူး။)ဝိစိကိစ္ဆံ အာရဗ္ဘဝိစိကိစ္ဆာ ဉပ္ပဇ္ဇတိ ဒိဋ္ဌိ ဉပ္ပဇ္ဇတိ ဉဒ္ဓစ္စံ ဉပ္ပဇ္ဇတိ ဒေါမနဿံ ဉပ္ပဇ္ဇတိ၊ ဉဒ္ဓစ္စံအာရဗ္ဘ ဉဒ္ဓစ္စံ ဉပ္ပဇ္ဇတိ ဒိဋ္ဌိဉပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဉပ္ပဇ္ဇတိ ဒေါမနဿံ ဉပ္ပဇ္ဇတိ။ ဒေါမနဿံ အာရဗ္ဘ ဒေါမနဿံ ဉပ္ပဇ္ဇတိ ဒိဋ္ဌိဉပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဉပ္ပဇ္ဇတိ ဉဒ္ဓစ္စံဉပ္ပဇ္ဇတိ။

အရကောက်အတွက် စာမျက်နှာ(၈၂)မှာ ကြည့်ရပါတယ်၊ ပစ္စည်းကလဲ အကုသိုလ် ပစ္စယုပ္ပန်ကလဲ အကုသိုလ်ဖြစ်သဖြင့် အကုသိုလ်စိတ် အပြည့်အစုံရကြပါတယ်။ ကရိဏ်း (၃)ကြတော့လဲ အထက်ကပြောခဲ့တဲ့အတိုင်း ပစ္စည်းဟာနာမ်ဘဲရှိပါသေးတယ်၊ နာမ်ရှိခဲ့လို့ရှိရင် ဒီ ၃ ပစ္စည်းဘဲရပါတယ်။

**အကုသလော အကုသလဿ၌** အကုသလော ဓမ္မောဟူသော **ကဏ္ဍား** ပုဒ်၏အရကား အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသပစ္စည်းတရားရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရားရ၏။ အာရမ္မဏ ပစ္စယေနဟူသော ကရိဏ်းပါဌ်၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အာရမ္မဏ အဓိပတိ ဉပနိဿယ ဤသုံးပစ္စယသတ္တိတို့တွင် အာရမ္မဏ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ပြီးတော့ စာမျက်နှာ(၁) မှာဘဲ အကုသလော ကုသလဿကို ကြည့်ရပါလိမ့်မယ်။ ဒီပါဌ်တွေ အရကောက်တွေရဲ့ အဓိပ္ပါယ်တွေကို သူ့အချိန်ကြရင် လာပါလိမ့်မယ်၊ယခုတော့ ပါဌ်နဲ့ အရကောက်ကလေးဘဲ ဆိုရပါလိမ့်မယ်။

## အကုသလော ကုသလဿ

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ၊ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ။ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ (ခရေပွင့်ကလေးရှိပါတယ်)။ စေတောပရိယဉာဏေန အကုသလစိတ္တ သမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အကုသလာ ခန္ဓာ စေတောပရိယဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ယထာ ကမ္မူပဂဉာဏဿ၊ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။

စာမျက်နှာ(၅၂)မှာ အရကောက်ရှိပါတယ်။ ပစ္စည်းကအကုသိုလ်နေသဖြင့် အကုသိုလ်အတွက် စဉ်းစားစရာမလိုပါဘူး။ အကုသိုလ်ဒွါဒသအကုန်ရပါတယ်။ ပစ္စယုပ္ပန်ဘက်က ကာမစိတ်စတုပညာသထဲမှာ မဟာကုသိုလ်စိတ် ၈ ခုရှိပါတယ်။ ဝိညာဏဉ္စာယတနေဝသညာ နာသညာယတနတွေကတော့ အကုသိုလ်ကိုအာရုံမပြုပါဘူး။ သူတို့ဆိုင်ရာဖြစ်တဲ့ အာကာသာနဉ္စာယတန အာကိဉ္စညာယတနတွေကို အာရုံပြုပါတယ်။ အဘိညာဉ်တွေကြည့်လိုက်ပြန်တော့လဲ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတသည် ရုပ်ကိုအာရုံပြုခြင်းကြောင့်မရပါဘူး။ ဣဒ္ဓိဝိဓနဲ့လဲမဆိုင်ပါဘူး။ ဒါ့ကြောင့် အထက်ကအတိုင်း အဘိညာဉ်လေးပါးဘဲရပါတယ်။

**အကုသလော ကုသလဿ** - အကုသလော ဓမ္မော ဟူသော **ကတ္တား** ပုဒ်၏အရကား အကုသိုလ်စိတ်ဒွါဒသစေတသိက် သတ္တဝီသပစ္စည်းတရားရ၏။ ကုသလဿ ဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏အရကား မဟာကုသိုလ်စိတ် ၈-ခု၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ယထာကမ္မူပဂ၊ အနာဂတံသကုသိုလ်အဘိညာဉ်၊ စေတသိက်ဆတ္တိံသ ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းကြတော့ အကုသိုလ်ကို ကုသိုလ်ကအာရုံပြုတဲ့အခါမှာ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ မရပါဘူး။ ဘာဖြစ်လို့လဲ? အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ ဆိုတာ အလေးအမြတ်အာရုံပြုရပါတယ်။ မိမိတို့ရဲ့ သန္တာန်မှာဖြစ်နေတဲ့ မဟာကုသိုလ်စိတ် ၈-ခုဟာ မိမိတို့ပြုခဲ့ပြီးဖြစ်တဲ့ အကုသိုလ်တွေကို အလေးအမြတ် အာရုံမပြုနိုင်ပါဘူး။ ဒါ့ကြောင့် အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ မရတော့ဘူး။ ဘာသာရတော့သလဲ? ယခု ပြောနေတဲ့ အာရမ္မဏပစ္စည်းတခုသာလျှင်ရပါတယ်။ ဒါ့ကြောင့်(၁)ကလေးဟာ အာရမ္မဏအတွက်ကို ဆိုပါတယ်။

အာရမ္မဏပစ္စယေန ဟူသော **ကရိဏ်း** ပုဒ်၏အရကား အာရမ္မဏသတ္တိသာရ၏။

## အကုသလော အဗျာကတဿ

အကုသလော အဗျာကတဿအတွက် စာမျက်နှာ(၁၀)ကို ပြန်ကြည့်လိုက်ပါဦး။ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနာတိ။ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ စေတောပရိယဉာဏေန အကုသလစိတ္တ သမင်္ဂိဿ စိတ္တံ ဇာနာ

တိ။(ဒီဟိုင်အောင် ရဟန္တာနဲ့သာ ဆိုင်ပါတယ်။)သေက္ခာဝါ ပုထုဇ္ဇနာဝါ အကုသလံ အနိစ္စံ တော ဒုက္ခတော အနတ္တတောဝိပဿန္တိ။ကုသလေနိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာဥပ္ပဇ္ဇတိ။ အကုသလံ အဿာဒေတိ အဘိနန္ဒတိ တံ အာရဗ္ဘရာဂေါဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာဥပ္ပဇ္ဇ တိ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ ဒေါမနဿံဥပ္ပဇ္ဇတိ။အကုသလေနိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာဥပ္ပဇ္ဇတိ။ အကုသလာခန္ဓာ စေတောပရိယ ဉာဏဿ၊ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ၊ယထာကမ္မုပဂ ဉာဏဿ၊ အနာဂတံသဉာဏဿ၊ အာဝဇ္ဇနာယ၊ အာရမ္မဏပစ္စယေနပစ္စယော။

စာမျက်နှာ(၈၂)မှာဘဲ အရကောက်ရှိပါတယ်။ အကုသလော အဗျာကတဿအတွက် အရကောက်ကို အကျဉ်းမှတ်မယ်ဆိုရင် ကုသလော အဗျာကတဿနဲ့ သဘောတူပါတယ်။ ဘာမရသလဲလို့ဆိုတော့ ဝိညာဏဉ္စာယတန ဝိပါက်ကြိယာ။ နေဝသညာ နာသညာယတန ဝိပါက်ကြိယာမရပါဘူး။ကုသလော အဗျာကတဿတုံးကတော့ ကုသိုလ်ဖြစ်တဲ့အာကာသာ နဉ္စာယတန အာကိဉ္စညာယတန တွေ့ရှိခြင်းကြောင့် ဝိညာဏဉ္စာယတန ဝိပါက်ကြိယာ၊ နေဝသညာ နာသညာယတန ဝိပါက်ကြိယာတွေရပါတယ်။ ဒီမှာတော့ ပစ္စည်းတရားက အကုသိုလ်ဖြစ်နေသဖြင့် မရပါဘူး။ ဒါကြောင့် ကာမဆိုင်ရာက တဒါရုံနဲ့ ကာမကြိယာ ၁၀-ရပါတယ်။ အဘိညာဉ်ကြပြန်တော့ အဘိညာဉ်လေးပါးဘဲရပါတယ်။ ဒိဗ္ဗစက္ခု ဒိဗ္ဗ သောတ ဣဒ္ဓိဝိဓတွေမရပါဘူး။ ကရိဏ်းကြပြန်တော့ အကုသိုလ် တဒါရုံစသည်တွေဟာ အာရမ္မဏာဓိပတိရဲ့ ပစ္စယုပ္ပန်မှာကြည့်လိုက်ရင် တခုမှမပါပါဘူး။ အာရမ္မဏာဓိပတိ မရ သဖြင့် အာရမ္မဏူပလဲမရပါဘူး။ ဒီတော့ ပစ္စယုပ္ပန်တရားတွေဟာ အာရမ္မဏသက်သက်နဲ့ သာ သက်ဆိုင်သဖြင့် အာရမ္မဏ တစ်ပစ္စည်းဘဲရပါတယ်။

**အကုသလော အဗျာကတဿ** အကုသလော ဓမ္မော ဟူသော **ကတ္တား** ပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ ပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား တဒါရုံကောဒသ၊ ပဉ္စဒွါရာဝဇ္ဇန်းကြဉ်သော ကာမကြိယာတဆယ်။ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ ယထာကမ္မုပဂ အနာဂတံသ ကြိယာအဘိညာဉ်၊ စေတသိက် တေတ္တိံသ ပစ္စယုပ္ပန်တရားရ၏။ အာရမ္မဏ ပစ္စယေနဟူ သော **ကရိဏ်း** ပါဌ်၏ **အရကား** အာရမ္မဏ သတ္တိသာရ၏။

အာရမ္မဏပစ္စည်း ယနေ့ကုန်အောင်ဘဲပို့ချပေးပါမယ်။ စာကတော့ ထိုက်သင့်သလို ကုန်အောင်ပို့ချပေးပါမယ်။ အဓိပ္ပါယ်ကတော့ တဖြည်းဖြည်းလိုက်ပြီး ပြောပါ့မယ်။ စာ မျက်နှာ (၈) ပါဠိမှာ အဗျာကတော အဗျာကတဿကို ဆိုရပါမယ်။

### အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ အရ ဟာ ဖလံပစ္စဝေက္ခတိ။နိဗ္ဗာနံ ပစ္စဝေက္ခတိ၊နိဗ္ဗာနံဖလဿ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော။ အရဟာစက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ ဝိပါကာဗျာကတေ ကြိယာဗျာက

တေခန္တေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ (ခရေပွင့်ကလေး ရှိပါတယ်။) ဒိဋ္ဌေဝ စက္ခုနော ရူပံပဿတိ။ ဒိဋ္ဌာယ သောတ သောတေယာ သဒ္ဒံ သုဏာတိ။ စေတောပရိယည ာဏေန ဝိပါကာဗျာကတ ကြိယာဗျာကတ စိတ္တုပ္ပာဒဂတိ ဝိညာဏာဂတိ၊ အာကာသာ နဉ္စာယတနကြိယံ ဝိညာဏဉ္စာယတနကြိယာယ အာရမ္မဏ ပစ္စယေန ပစ္စယော။ အာကိဉ္စညာ ယတနကြိယံ နေဝသညာ နာသညာယတနကြိယာယ အာရမ္မဏ ပစ္စယေန ပစ္စယော။ ရူပါယ တနံ စက္ခုဝိညာဏဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ (ပ-ဆိုတဲ့ပေယျာလကလေးအတွက် ပေယျာလတွေ ဖော်ဆိုရပါလိမ့်မယ်။) သဒ္ဒါယတနံ သောတဝိညာဏဿ အာရမ္မဏ ပစ္စ ယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ ရသာ ယတနံ ဇိဝှါဝိညာဏဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ အဗျာကတာခန္ဓာဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ အနာဂတံသဉာဏဿ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော။

စာမျက်နှာ (၈၂) မှာ အရကောက်ရှိပါတယ်။ အဗျာကတလို့ဆိုတော့ အဗျာကတ ဆိုင်ရာ ဝိပါက်ကြိယာ ရုပ်နိဗ္ဗာန်တွေ အကုန်ရပါတယ်။ ပစ္စယုပ္ပန်ကကာမစိတ် စတုပညာ သထဲက ကာမဝိပါက်တေဝီသ ကာမကြိယာ ဧကာဒသ။ အရကောက် အလိုအဟိုင်း အကုန် ရပါတယ်။ ဒါပေမဲ့ တဒါရုံတွေမဟောဘူး၊ ခနောခတ်တွေကိုမဟောပါဘူး။ ဝိညာဏဉ္စာ ယတန ၃-နေဝသညာ နာသညာယတန ၃-ထဲက ဆိုင်ရာဖြစ်တဲ့ အာကာသာဏဉ္စာ ယတန ကြိယာအာကိဉ္စညာယတနကြိယာတွေကိုအာရုံပြုကြတဲ့ ဝိညာဏဉ္စယတနကြိယာ နေဝသညာ နာသညာယတနကြိယာ ရပါတယ်။ ဒီကြတော့ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတတွေရလာပါပြီ။ ဘာ ဖြစ်လို့?။ ပစ္စည်းဘက်က ရုပ်ရှိပါတယ်။ ဒါ့ကြောင့် ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ စေတော ပရိယ ရပါတယ်။ ယထာကမ္မုပဂကြတော့ မရတော့ဘူး၊ ဘာ့ကြောင့်?။ ယထာကမ္မုပဂ အဘိညာဉ်ဟာ အတိတ်ဖြစ်တဲ့ လောကီ ကုသိုလ် အကုသိုလ်ကံကိုသာ အာရုံပြုပါတယ်။ ပစ္စည်းက အဗျာကတဖြစ်နေသဖြင့် ကုသိုလ် အကုသိုလ်မဟုတ်ပါဘူး။ ဒါ့ကြောင့် ယထာ ကမ္မုပဂ မရပါဘူး။ ပုဗ္ဗေနိဝါသ အနာဂတံသတွေရပါတယ်၊ ဖိုလ်လေးခုသဲရပါတယ်။

**အဗျာကတော ဓမ္မော အဗျာကတဿ** အဗျာကတော ဓမ္မောဟူသော **ကဏ္ဍား** ပုဒ်၏ အရကား ဝိပါက်စိတ်ဆတ္တိံသကြိယာစိတ် ဝီသ၊ စေတသိက်အဋ္ဌတိံသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပစ္စည်းတရားရ၏။ အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကာမဝိပါက်တေ ဝီသကာမကြိယာဧကာဒသ ဝိညာဏဉ္စာယတနကြိယာ နေဝသညာနာသညာယတနကြိယာ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသကြိယာ အဘိညာဉ် ဖိုလ် ၄ ခု (ဖိုလ်လေးခုဟာ ပစ္စည်းဘက်က နိဗ္ဗာန်ရှိပါတယ်) စေတသိက် ဆတ္တိံသ ပစ္စယုပ္ပန်တရားရ၏။

ကရိယာကို နောက်မှာဘဲ ပြောပြပါမယ်။ တနည်းကား ဆိုရပါလိမ့်မယ်။ တနည်း ကား အတွက် အာရမ္မဏ ပစ္စည်း အကောက် ဇယားကို စာအုပ်မှာ ကြည့်ရပါမယ်၊ ပစ္စည်းအဗျာကတ ပစ္စယုပ္ပန် အဗျာကတ ဖြစ်ပါတယ်၊ အဲဒီတော့ ပစ္စည်းဘက် က ဆိုင်ရာ

အဗျာကတတွေကို ရွေးရပါလိမ့်မယ်။ ပစ္စယုပ္ပန်ဘက်ကလဲဆိုင်ရာ အဗျာကတတွေကို ရွေးရပါလိမ့်မယ်။ ရွေးတော့ ပထမအကွက်မှာ ကြည့်လိုက်ရင် ပစ္စည်း အဗျာကတပစ္စယုပ္ပန် အဗျာကတရှိပါတယ်။ အဲဒီတော့ တကွက်စီဆိုပြပါ့မယ်။

## တနည်းကား

**တနည်းကား** စက္ခုဝိညာဉ် ဓာတ်အားတတ်သော ပစ္စုပ္ပန်ရူပါရုံ။ သောတဝိညာဉ်ဓာတ်အားတတ်သော ပစ္စုပ္ပန် သဒ္ဒါရုံ။ ဃာနဝိညာဉ်ဓာတ်အားတတ်သော ပစ္စုပ္ပန်ဂန္ဓာရုံ။ ဇိဝှါဝိညာဉ် ဓာတ်အားတတ်သော ပစ္စုပ္ပန်ရသာရုံ။ ကာယဝိညာဉ်ဓာတ်အားတတ်သော ပစ္စုပ္ပန် ဖေါဋ္ဌဗ္ဗာရုံ။ မနောဓာတ် ၃ ခုအားတတ်သော ပစ္စုပ္ပန်ပဉ္စာရုံ။ (တတိယအကွက် ကြတော့ ကာမစိတ်စတုပ္ပညာသထဲက ကာမဝိပါက် တေဝီသ ကာမကြိယာ ကောဒသရပါတယ်။ ရုပ်ကလဲ အဋ္ဌဝီသ၊ ဒါ့ကြောင့် ကာမဝိပါက်နဲ့ ကာမကြိယာကို ဆိုရပါလိမ့်မယ်။ စေတသိက်က ပဉ္စတိံသ ယှဉ်ပါလိမ့်မယ်။) တဒါရုံကောဒသ ဟသိတုပ္ပါဒ် အားတတ်သောကာမဝိပါက်တေဝီသ ကာမကြိယာ ကောဒသ၊ စေတသိက်ပဉ္စတိံသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အာရုံ ၆ ပါး။

ယခုပဉ္စာဝါရမှာ ပရမတ္ထတရားတွေကို ဟောနေသဖြင့် ပညတ်တွေ မပါ ပါဘူး။ ပညတ်တွေနဲ့ မဆိုင်ပါဘူး။ အောက်အကွက်ကြည့်လိုက်ရင် ပစ္စယုပ္ပန်ထဲက မဟာကြိယာ ဉာဏဝိပ္ပယုတ် ရှိပါတယ်။ ပစ္စည်းဘက်က လောကီစိတ် ကေသီတိထဲက လောကီဝိပါက် ဗာတ္တိံသ ကြိယာစိတ်ဝီသရှိပါတယ်။ စေတသိက်ကလဲ ပဉ္စတိံသဘဲ ရပါတယ်။ ရုပ်အဋ္ဌဝီသ လဲ့ ရပါတယ်။

မဟာကြိယာဉာဏ ဝိပ္ပယုတ်စိတ်လေးခုအားတတ်သော လောကီ ဝိပါက်ဗာတ္တိံသ ကြိယာစိတ်ဝီသ၊ စေတသိက်ပဉ္စတိံသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော အာရုံ ၆-ပါး။

ပြီးတော့ မဟာကုသိုလ်ဉာဏ သမ္ပယုတ်နဲ့မဆိုင်ပါဘူး။ မနောဒွါရာဝဇ္ဇန်းတွေရပါတယ်။ ပစ္စည်းဘက်က စိတ် ၈၉ ခု ရသဖြင့် ဝိပါက်ကြိယာတွေ အကုန်ရပါတယ်။ နိဗ္ဗာန် လဲဘဲ ရပါတယ်။ **ရုပ်တွေလဲဘဲရပါတယ်။**

မနောဒွါရာဝဇ္ဇန်း မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခုအားတတ်သော ဝိပါက် ဇိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိံသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆-ပါး။

ပြီးတော့ အဘိညာဉ်တွေကို နောက်ဆုံးဆိုရပါလိမ့်မယ်။ နောက်ဘာသာရသလဲ ဆိုတော့ ''အာကာသာနဉ္စာယတနကြိယံ ဝိညာဏဉ္စာယတနကြိယဿ အာရမ္မဏပစ္စယေန ပစ္စယော'' လို့ဆိုသဖြင့် ဝိညာဏဉ္စာယတနကြိယာကို အောက်မှာကြည့်ပြီး ဆိုရပါလိမ့်မယ်။ ပစ္စည်းကလဲ ကြိယာဖြစ်သဖြင့် အထက်က အကြောင်းကလေးကိုဘဲ ကြည့်ဆိုရပါလိမ့်မယ်။

ဝိညာဏဉ္စာယတန ကြိယာအားဘတ်သော ဤဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကြိယာဟု ဆိုအပ်သော ဓမ္မာရုံ။ (နေ၀လဲအတူတူပါဘဲ) နေဝသညာ

နာသညာယတန ကြိယာအားတတ်သော ဤဘဝအစ္စတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကြိယာဟု ဆိုအပ်သောဓမ္မာရုံ။

နောက် အဘိညာဉ်ခဏ်းတွေကြတော့ ယထာကမ္မုပဂအဘိညာဉ်မှတပါး ကြွင်းကျန်တဲ့အဘိညာဉ် ၆ ပါးအကုန်ရပါတယ်၊ ဒိဗ္ဗစက္ခုကြိယာအဘိညာဉ် အားကတ်သောဒူရပဋိစ္ဆန္နသဏှာသုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံ။ ဒိဗ္ဗသောတကြိယာ အဘိညာဉ်အားတတ်သော ဒူရပဋိစ္ဆန္နသဏှာ သုခုမဖြစ်သောပစ္စုပ္ပန်သဒ္ဒါရုံ။ ဣဒ္ဓိဝိဓကြိယာအဘိညာဉ်အားတတ်သော ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဉ္စမဈာန်၊ သတသဟာသာစသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ၆ ပါး။ (စေတောပရိယကြတော့ကာစိတ် ၁၉-ခုထဲကဆိုင်ရာဖြစ်တဲ့ဝိပါက်ကြိယာကိုဘဲယူရပါတယ်၊ ကြိယာအဘိညာဉ် ပစ္စုပ္ပန်နေခြင်းကြောင့် ကြည်စရာမလိုတော့ပါဘူး)။ စေတောပရိယကြိယာအဘိညာဉ် အားတတ်သော လွန်လေပြီးသော (၇) ရက်မှစ၍ လာလတ္တံ့သော (၇) ရက်တိုင်အောင်ကာလသုံးပါး၌တည်သော သူတပါးတို့၏ ဝိပါက်စိတ်ဆတ္တိံသကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတိံသဟု ဆိုအပ်သောဓမ္မာရုံ။ (ပုဗ္ဗေနိဝါသကြတော့ နိဗ္ဗာန်တိုင်အောင်ဘဲဆိုရပါတယ်၊ အမည်အမျိုးစသောပညတ်ဟု ဆိုအပ်သောကို မဆိုရပါဘူး၊ ပညတ်ကိုမဟောပါဘူး)။ ပုဗ္ဗေနိဝါသာနုဿတိကြိယာအဘိညာဉ်အားတတ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက်အဋ္ဌတိံသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ အစဉ်လျောက်၍ သိအပ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆-ပါး။ (အနာဂတံသလဲ အတူတူပါဘဲ)။ အနာဂတံသကြိယာအဘိညာဉ်အားတတ်သော အနာဂတ်ဖြစ်သော ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက် အဋ္ဌတိံသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ အစဉ်လျောက်၍ သိအပ်သောနိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆-ပါး။ (အောက်ဆုံးကွက်ကြည့်လိုက်ရင် လောကုတ္တရာစိတ်ရှစ်ခုထဲမှာ ဖိုလ်ရှိပါတယ်။ ဒီဖိုလ်စိတ်ဟာ နိဗ္ဗာန်ကိုအာရုံပြုပါတယ်) ဖိုလ်လေးခုအားတတ်သော နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံ-ဤအာရုံ ၆-ပါးပစ္စည်းတရားရ၏။

သမ္ပဒါန်ကိုတော့ခုနကအတိုင်းဆိုရမှာဖြစ်ခြင်းကြောင့် ခုနကအရကောက်ကိုပြန်ပြီးကြည့်ပါ။ စာမျက်နှာ(၅၂)မှာရှိပါတယ်။ အဗျာကတတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ကာမဝိပါက်တေဝီသ၊ ကာမကြိယာဧကာဒသ၊ ဝိညာဏဉ္စာယတနကြိယာ၊ နေဝသညာ နာသညာယတနကြိယာ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသကြိယာအဘိညာဉ် ဖိုလ်လေးခု စေတသိက် ဆတ္တိံသ ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းရှစ်သို့ဆိုတာ အာရမ္မဏရှစ်မျိုးနဲ့ အကုန်လုံးဆိုင်ပါတယ်။ အဲဒီအာရမ္မဏရှစ်မျိုးကို သုဒ္ဓသင်္ချာခဏ်းမှာ ကြည့်လိုက်စမ်းပါ။ ၊(၈) ပစ္စည်းတွေ့ပါလိမ့်မယ်။ (၈) ပစ္စည်းထဲက အာရမ္မဏတစ်ပစ္စည်းသည်သာလျှင် တပြိုင်နက်ရပါတယ်၊ ကြွင်းကျန်တဲ့ ၇) ပစ္စည်းဟာ ယထာရဟဖြစ်ပါတယ်။ အဲဒီ (၈) ပစ္စည်းက အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊

ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏ ပုရေဇာတဝိပ္ပယုတ္တ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတ အဝိဂတရယ်လို့ ရှိပါ တယ်။ ဒါပေတယ်လို့ ဒီမှာရှိတဲ့အတိုင်း ခပ်ကျဉ်းကျဉ်းဘဲဆိုလိုက်ကြပါစို့။

အာရမ္မဏပစ္စယေနဟူသော **ကရိုဏ်းပါဌ်**၏ အရကား တပြိုင်နက် ယထာရဟတတ် ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊အတ္ထိ၊ အဝိဂတ-ဤရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဗျာကတော ကုသလဿ

ပြီးတော့ အဗျာကတော ကုသလဿအတွက် ပါဠိလာပါလိမ့်မယ်။ စာမျက်နှာ(၈) မှာဘဲ ရှိပါတယ်။ အဗျာကတောဓမ္မော ကုသလဿ ဓမ္မဿအာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာဖလံပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အာရမ္မဏ ပစ္စယေနပစ္စယော။ သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ (သောတံနောက်မှာ-ပ-ကလေးထိုးထားပါတယ် ဒီ-ပ-ကလေးဟာ အထက်ကဆိုခဲ့တဲ့ ဃာနံ ဇိဝှံ စသည်တွေကို အကုန်ဆိုပါတယ်)။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ ဝိပါကာဗျာကတေ ကြိယာဗျာကတေခန္ဓေ အနိစ္စ တော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ဒိဗ္ဗေနစက္ခုနာ ရူပံပဿန္တိ" ဒိဗ္ဗာယသောတဓာ တုယာ သဒ္ဒံ သုဏန္တိ။ စေတောပရိယဉာဏေန ဝိပါကာဗျာကတ ကြိယာဗျာကတစိတ္တသ မင်္ဂိဿစိတ္တံဇာနန္တိ၊ အဗျာကတာခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါ သာနုဿတိဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏ ပစ္စယေနပစ္စယော။

စာမျက်နှာ(၈၂)မှာ အကောက်ရှိပါတယ်၊ အရဟတ္တဖိုလ်ကြည့်ပါဘယ်။ ကုသလော ကုသလဿတုံးက အရဟတ္တမဂ်ကြည့်ပါတယ်။ ဘာ့ကြောင့်? ပစ္စယုပ္ပန်ဟာ ကုသိုလ်ဖြစ်နေ လို့ပါ။ သေက္ခပုထုဇဉ်တွေရဲ့ သန္တာန်မှာဖြစ်တဲ့ မဟာကုသိုလ်စိတ် ၈-ခုဟာ အရဟတ္တ မဂ် အရတ္တဖိုလ်ကို အာရုံမပြုနိုင်ပါဘူး။ ဘာ့ကြောင့်? သူတို့မရဘူး။ အာရုံပြုတယ်လို့ ဆို တာ မိမိတို့ရခဲ့ဘဲ့ မဂ်ဖိုလ်ကိုသာ အာရုံပြုနိုင်ပါတယ်။ ပုထုဇဉ်တော့ ပြောစရာမရှိပါဘူး။ သေက္ခရဲ့သန္တာန်မှာဖြစ်တဲ့ မဟာကုသိုလ်တွေဟာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို အာရုံမပြု နိုင်ပါဘူး၊ ဒီတော့ ကာမစိတ်စတုပညာသထဲက ကုသိုလ်ဟာ မဟာကုသိုလ်စိတ် ၈-ခုရှိပါ တယ်၊ ဝိညာဏဥ္စာယတန နေဝသညာ နာသညာယတနတွေတော့ လုံးဝမရတော့ပါဘူး။ ကုသိုလ်ဖြစ်နေလို့ ဝိညာဏဥ္စာယတန ကုသိုလ်က အာကာသာနဉ္စာယတန ကြိယာကို အာရုံ မပြုပါဘူး။ နေဝသညာ နာသညာယတန ကုသိုလ်ကလဲ အာကိဉ္စညာယတန ကြိယာကို အာရုံမပြုနိုင်ပါဘူး၊ အဘိညာဉ်ခဏ်းမှာ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတက ရုပ်တွေပါသဖြင့် အာရုံ ပြုပါတယ်။ ဣဒ္ဓိဝိဓကလဲ ပါဒကဖြစ်တဲ့ ရူပါဝစရ ကြိယာ ပဉ္စမဈာန်တွေကို အာရုံ မပြုပါဘူး။ သတသဟာဿစတဲ့ နိမ္မိတရုပ်ကိုသာ အာရုံပြုပါလိမ့်မယ်၊ ခစေတောပရိယရပါ တယ်၊ ယထာကမ္မုပဂကိုလဲ ကုသိုလ်မဟုတ်ခြင်းကြောင့် မရပါဘူး။ ပုဗ္ဗေနှင့် အနာဂတံသ ရပါတယ်၊ မဂ်လေးခုဟာလဲ နိဗ္ဗာန်ကို အာရုံပြုသဖြင့် ရပါတယ်။

**အဗျာကတော ကုသလဿ** အဗျာကတော ဓမ္မောဟူသော **ကဏ္ဍား**ပုဒ်၏ အရကား အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်စိတ်ပဉ္စတိံသ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိံသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပစ္စည်းတရားရ၏။ ကုသလဿ ဓမ္မဿဟူသော **သမ္ဗန္ဓ**ပုဒ်၏ အရကား မဟာကုသိုလ်စိတ် ၈-ခု၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသ ကုသိုလ်အဘိညာဉ် မဂ်လေးခု စေတသိက်ဆတ္တိံသ ပစ္စယုပ္ပန် တရားရ၏။

တနည်းကားအရ ပစ္စယုပ္ပန်ကုသိုလ်လို့ဆိုသဖြင့် ကုသိုလ်ဆိုင်ရာကို ရွေးရပါတယ်။ ရွေးလိုက်တော့ စတုတ္ထအကွက်မှာ မဟာကုသိုလ်ရှိပါတယ်။ ဉာဏဝိပ္ပယုတ် ၄-ခု။ ပစ္စည်းကတော့ လောကီဆိုင်ရာဖြစ်တဲ့ အဗျာကတတွေကိုယူရပါလိမ့်မယ်။

## တနည်းကား

**တနည်းကား** မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ခုအားတတ်သောလောကီဝိပါက်မာတ္တိံသ ကြိယာစိတ်ဝီသ စေတသိက်ပဉ္စတိံသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အာရုံ ဖြစ်ပါး။ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခုအားတတ်သော အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်စိတ်ပဉ္စတိံသ ကြိယာစိတ်ဝီသ စေတသိက်အဋ္ဌတိံသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ဟုဆိုအပ်သောအာရုံ ဖြစ်ပါ၏။(မနောဒွါရာဝဇ္ဇန်းနဲ့မဆိုင်ပါဘူး ။ အဘိညာဉ်တွေရပါတယ်)။ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်အားတတ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်ရုပါရုံ။ ဒိဗ္ဗသောတကုသိုလ်အဘိညာဉ် အားတတ်သော ဒူရပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံ။ (ဣဒ္ဓိဝိဓကြတော့ ပါဒကတွေနဲ့မဆိုင်ပါဘူး။ သဘာဝမဟာဃနတဲ့ နိမ္မိတရုပ်ဘဲရပါတော့မယ်)။ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ် အားတတ်သော သဘာဝမဟာဃနသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ဖြစ်ပါး။(စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိတွေမှာ အရဟတ္တဖိုလ်ကြဉ်ပေးရပါလိမ့်မယ်)။ စေတောပရိယ ကုသိုလ်အဘိညာဉ်အားတတ်သော လွန်လေပြီးသော (၇)ရက်မှစ၍ လာလတံ့သော(၇)ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတပါးတို့၏အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်စိတ်ပဉ္စတိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသဟုဆိုအပ်သော ဓမ္မာရုံ။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်အားတတ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်စိတ်ပဉ္စတိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးနှ အစဉ်လျောက်၍ သိအပ်သောနိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ဖြစ်ပါး။(ယထာကမ္မုပဂမရပါဘူး)။ အနာဂတံသကုသိုလ်အဘိညာဉ်အားတတ်သော အနာဂတ်ဖြစ်သော အရဟတ္တဖိုလ်ကြဉ်သောဝိပါက်စိတ်ပဉ္စတိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါ။ ထိုခန္ဓာငါးပါးမှ အစဉ်လျောက်၍သိအပ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ဖြစ်ပါး။ (အောက်ဆုံးလောကုတ္တရာက မဂ်ရပါတယ်)။ မဂ်လေးခုအားတတ်သော နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံ-၌အာရုံ ဖြစ်ပါးပစ္စည်းတရားရ၏။

သမ္ပဒါန်ကို ခုနကအတိုင်း ဆိုရပါလိမ့်မယ်။ ကုသလသဿမ္မေသဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား မဟာကုသိုလ်စိတ်ရှစ်ခု၊ ဒိဋ္ဌိစက္ခု၊ ဒိဋ္ဌသောတ ဣန္ဒြိယ စေတောပရိယ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသ ကုသိုလ်အဘိညာဉ် မဂ်လေးခု စေတသိက်အဌတိံသ ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်း(ဂ)ကလဲ ခုနကအတိုင်းဆိုရပါတယ်။ အာရမ္မဏပစ္စယေနဟူသော **ကရိဏ်း** ပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော အာရမ္မဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဤရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဗျာကတော အကုသလဿ

နောက်ဆုံး အဗျာကတော အကုသလဿတခုဘဲကျန်ပါတော့တယ်။ အဗျာကတော ဓမ္မော အကုသလဿ မ္မေဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံအာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာဥပ္ပဇ္ဇဘိ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေဝတ္ထုံ ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

စာမျက်နှာ (ရ)မှာဘဲ အရကောက်ရှိပါတယ်။ ပစ္စယုပ္ပန်က အကုသိုလ်ဖြစ်ပါတယ်။ ပစ္စယုပ္ပန် အကုသိုလ်ဖြစ်သဖြင့် လောကီဆိုင်ရာဖြစ်တဲ့ အဗျာကတတွေကိုဘဲ ကောက်ရပါတော့တယ်။

**အဗျာကတော အကုသလဿ** အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား လောကီဝိပါက်ဗာတ္တိံသ၊ ကြိယာဝိသ၊ စေတသိက်ပဉ္စတိံသ၊ ရုပ်အဋ္ဌဝိသပစ္စည်း တရားရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝိသ ပစ္စယုပ္ပန်တရားရ၏။

အာရမ္မဏ ပစ္စယေနဟူသော **ကရိဏ်း** ပါဌ်၏ အရကား (ရှစ်ပစ္စည်းအတူတူပါဘဲ) တပြိုင်နက် ယထာရဟ တတ်ကောင်းသောအာရမ္မဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဤရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏ သတ္တိဟုဆို အပ်သော သတ္တိဝိသေသရ၏။

အာရမ္မဏပစ္စည်းအတွက် သင်္ချာ ၉ ချက် ပါဠိရော အရကောက်ပါကုန်သွားပါပြီ။

## အဓိပ္ပါယ်

ယခုနောက်က ကျန်ခဲ့တဲ့ အဓိပ္ပါယ်တွေကိုဆက်ပြီး အဓိပ္ပါယ်ပြောပါမယ်။ အရင်အပတ်က-'ဈာနာဝုဋ္ဌဟိတွာ ဈာနံပစ္စဝေက္ခတိ'ဘဲ ပြီးပါသေးတယ်။ ယခု သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ။ 'သေက္ခာ ဂေါတြဘုံပစ္စဝေက္ခန္တိ'မှာ သေက္ခပုဂ္ဂိုလ်တွေလို့ ဗဟုဝုစ်နဲ့ဆိုထားပါတယ်။ ဒီသေက္ခ ဟာ ဘယ်သေက္ခလဲဆိုတော့ ''သောတာပန္နံသန္တာယဝုတ္တံ၊ သောဟိ ဂေါတြဘုံပစ္စဝေက္ခတိ'' လို့ အဋ္ဌကထာက ဖွင့်ပါတယ်။ သေက္ခလို့ ဗဟုဝုစ်နဲ့ဆိုထားပေ

တယ်လို့ သောတာပန် ပုဂ္ဂိုလ်ကိုသာ ရည်ရွယ်ပြီး ဟောပါတယ်တဲ့။ ဘာ့ကြောင့်? သောတာပတ္တိမဂ္ဂဝီထိ ချကြည့်မယ်ဆိုရင် ဘဝင်စလနဲ၊ ဘဝင်ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ သောတာပတ္တိမဂ်ဇောတကြိမ်လို့ အဲဒီ သောတာပတ္တိမဂ်ရဲ့ ရှေ့မှာ ဂေါတြဘူစိတ်ရှိပါတယ်။ ဒါ့ကြောင့် သေက္ခာအရ သောတာပန်ကိုယူပါ။

ပြီးတော့ ''ဝေါဒါနံပစ္စဝေက္ခန္တိ''။ ဝေါဒါနံကြတော့ သကဒါဂါမိနဲ့ အနာဂါမိ ပုဂ္ဂိုလ်တွေကိုယူပါတဲ့။ ဒီပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာဖြစ်တဲ့ စိတ်ကြတော့ အင်မတန်ဘဲဖြူစင်သန့်ရှင်းနေခြင်းကြောင့် ဝေါဒါန်ဆိုတဲ့ အမည်နဲ့ ဟောပါတယ်လို့ ဆိုတဲ့အကြောင်းကို အဋ္ဌကထာက ''ဝေါဒါနန္တိဣဒံပန သကဒါဂါမိ အနာဂါမိနော သန္တာယဝုတ္တံ၊ တေသဉှိ တံ စိတ္တံ ဝေါဒါနံနာမဟောတိ''လို့ မိန့်ပါတယ်။ ဂေါတြဘူဆိုတာဘာလဲ၊ ဂေါတြဘူရဲ့ အကြောင်းကို ပဋ္ဌိသမ္ဘိဒါ မဂ်မှာ အကျယ်ဖွင့်ပြထားပါတယ်။ ဖွင့်ပြလိုက်တဲ့ ပရိယာယ် ပုဒ်တွေကလဲ အင်မတန်ဘဲများပါတယ်။ အဲဒီထဲက တခု ၂ ခုလောက်ဘဲ ပြောပါမယ်။ ဂေါတြဘူလို့ဆိုတာဟာ အပဖြစ်တဲ့ သင်္ခါရနိမိတ်မှ ထွက်မြောက်လွတ်ကင်းခြင်း၌ ဖြစ်တဲ့ ပညာ။ ဒီပညာဟာ ဘယ်လို ဂေါတြဘူ ဉာဏ်မည်သလဲ။ ဖြစ်ပေါ်ခြင်း ဖြစ်ပွားခြင်းကို လွှမ်းမိုးတတ်သောကြောင့်လဲ ဂေါတြဘူမည်တယ်။ သင်္ခါရနိမိတ်ကို လွှမ်း မိုး တတ် သော ကြောင့်လဲဘဲ ဂေါတြဘူမည်တယ်စသည်ဖြင့် ပေယျာလတွေနဲ့တကွ ဂေါတြဘူမည်ကြောင်းကို(၆၆)ပုဒ်ပြတယ်၊ဒီတော့ ဂေါတြဘူလို့ဆိုတဲ့ အသံဟာ မဟဂ္ဂုတ်အတွက် ကာမအနွယ်ကို လွှမ်းမိုးနှိပ်စက်တတ်လို့ ဂေါတြဘူခေါ်ပါတယ်။ မဟဂ္ဂုတ်ဆိုတာ ရူပဈာန် အရူပဈာန် ဒီရှေ့မှာဖြစ်တဲ့ ဂေါတြဘူပါ။ အဲဒီရူပဈာန် အရူပဈာန်တွေကိုသဲ နည်းတူစွာ ဝီထိချကြည့်လိုက်ရင် ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ရူပါဝစရ ပထမဈာန် ဇောတကြိမ်စသည်ဖြင့် အားလုံးကုန် ဒီအတိုင်းဘဲသွားပါတယ်။ ဒီဂေါတြဘူဆိုတာ ဈာန်ရတော့မယ်လို့ဆိုရင် မိမိတို့ရဲ့သန္တာန်မှာ ဖြစ်နေတဲ့ ကာမဆိုတဲ့ အနွယ်ကို လွှမ်းမိုးနှိပ်စက်တတ်လို့ ဂေါတြဘူခေါ်တယ်၊

မဂ္ဂဝီထိရှေ့မှာဖြစ်တဲ့ ဂေါတြဘူကြတော့ သူကမဂ်ကို ရောက်တော့မယ်။ မဂ်ကို ရောက်ခဲ့လို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ ဘာဖြစ်သွားမလဲ? အရိယာ ပုဂ္ဂိုလ် ဖြစ်သွားပါလိမ့်မယ်။ ဒီတော့ လောကုတ္တရာ သောတာပတ္တိမဂ်အတွက် ပုထုဇဉ် အ နွယ် ကို လွှမ်း မိုး တိုက် ဖျက်တတ်လို့ ဂေါတြဘူရယ်လို့ခေါ်ပါတယ်။ အဲဒီဂေါတြဘူဟာ ခုနကပြောခဲ့တဲ့ ပဋ္ဌိသမ္ဘိဒါမဂ်မှာ ဂေါတြဘူ(၁၈) ပါးပြပါတယ်။ ဂေါတြဘူ (၁၈) ပါးဆိုတာ ရူပဈာန် စတုက္ကနည်းအားဖြင့် လေးပါး၊ အရူပဈာန်လေးပါးဆိုတော့ ရှစ်ပါးရှိပါတယ်။ အဲ ဒီ ရူ ပ ဈာန် အရူပဈာန်ရှစ်ပါးရဲ့ရှေ့မှာ ဂေါတြဘူရှိတယ်။ အဲဒီဂေါတြဘူဟာ သမထရဲ့ အစွမ်းအားဖြင့်ဖြစ်တဲ့ ဂေါတြဘူရှစ်ပါး။ ဝိပဿနာရဲ့ အစွမ်းအားဖြင့် မဂ်စိတ် ၄ ခုရှေ့မှာ ဂေါတြဘူ ရှိပါတယ်။ ဖလသမာပတ် ဖိုလ်ဆိုတဲ့ စိတ် ၄ ခုရှေ့မှာလဲဘဲ ဂေါတြဘူရှိပါတယ်။ ဖလသမာပတ္တိမှာ ဂေါတြဘူဆိုတဲ့အသံနဲ့လာပါတယ်။ အနုလုံဆိုတဲ့ အသံနဲ့မလာဘူး။ ပြီးတော့ သုညတဝိဟာရ အကျိုး၄ါ အနိမိတ္တဝိဟာရ သမာပတ်အကျိုး၄ါလို့ ၂ ပါးထည့်လိုက်တော့ ဝိပဿနာဇောအားဖြင့် ၁၀ ပါးရှိပါတယ်။ ဒီတော့ ဂေါတြဘူသည် ၁၈ ပါးရှိပါတယ်။

အဲဒီ (၁၀) ပါးထဲက ကုသိုလ်ဆိုင်ရာဖြစ်တဲ့ ဝေါတြဘူက (၁၅) ပါးရှိပါတယ်။ (၁၅) ပါးဆိုတာ ခုနကပြောခဲ့တဲ့ မဟဂ္ဂုတ်ဆိုင်ရာကရှစ်ပါး၊ လောကုတ္တရာဆိုင်ရာက အရဟတ္တဖိုလ်ကြဉ်လိုက်မယ်လို့ဆိုရင် အရဟတ္တမဂ်တိုင်အောင် (၇)ပါး။ အဲဒါကြောင့် (၁၅)ပါးရှိပါတယ်။ အကုသိုလ် ဝေါတြဘူရယ်လို့တော့ မရှိတော့ဘူး။ အဗျာကတဖြစ်တဲ့ ဝေါတြဘူ ၃ ပါးကတော့ ခုနကပြောခဲ့တဲ့ အရဟတ္တဖိုလ်ဆိုင်ရာကတပါး။ သုညတဝိဟာရသမာပတ်အကျိုး အနိမိတ္တဝိဟာရ သမာပတ်အကျိုးငှါဖြစ်တဲ့ ဝေါတြဘူက နှစ်ပါး ဆိုတော့ အဗျာကတဆိုင်ရာ ၃ ပါးရှိပါတယ်။ အဲဒီ (၁၅)ပါးသော ဝေါတြဘူထဲက နောက်ဆုံးဖြစ်တဲ့ ဝိမောက္ခ ၃ ပါးရှိပါတယ်။ ဒီဝိမောက္ခ ၃ ပါးတွင် သမထဖြစ်တဲ့ ဝေါတြဘူက လောကုတ္တရာဖြစ်တဲ့ ဝိမောက္ခ ၃ ပါးကို ပကတူပနိဿယသတ္တိနဲ့ ကျေးဇူး ပြုပါတယ်။ ဝိပဿနာ ဝေါတြဘူကြတော့ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတလို့ ၅ ပစ္စယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ အဲဒီဝေါတြဘူက နိဗ္ဗာန်ကို အာရုံပြုတဲ့အကြောင်းကို အဗျာကတော ကုသလဿမှာ 'နိဗ္ဗာနံ ဝေါတြဘုဿ အာရမ္မဏ ပစ္စယေန ပစ္စယော' လို့ ဟောပါတယ်၊ ဒီဝေါတြဘူဟာ အာဝဇ္ဇန်းမဟုတ်ပေတယ်လို့ အာဝဇ္ဇန်းအရာမှာ တည်ပါတယ်။ သောတာပတ္တိမဂ္ဂဝီထိမှာ ဝေါတြဘူဟာ အနုလုံဇောလို သင်္ခါရကို အာရုံမပြုပါဘူး။ ပရိကံ ဥပစာ အနုလုံတိုင်အောင် ဇောဘူမက သင်္ခါရတရားတွေကို အာရုံပြုပါသေးတယ်။ ဝေါတြဘူကြတော့ ဒီဇောဘူမက သင်္ခါရတွေကို အာရုံမပြုဘဲနဲ့ နိဗ္ဗာန်ကိုအာရုံပြုပါတယ်။ နိဗ္ဗာန်ကို အာရုံပြုပြီးတဲ့နောက် ၎င်းဝေါတြဘူက မဂ်ကို အမှတ်သညာပေးပါတယ်။ မဂ်ကို အမှတ်သညာပေးတယ်လို့ဆိုတာက မိမိသည်နိဗ္ဗာန်ကိုအာရုံပြုသလို မဂ်ကိုလဲအာရုံပြုဖို့ရာအတွက် အမှတ်သညာပေးပြီးတော့ ချုပ်သွားတယ်။ ချုပ်တယ်လို့ဆိုတာ ဝေါတြဘူရဲ့ အခြားမဲ့မှာမဂ်ရှိပါတယ်။ မဂ်အစရှိတဲ့နောက် စိတ်ပေါ်လာရင်ရှေးရှေးစိတ်တွေဟာအမြဲ ချုပ်ရပါတယ်။ ရှေးရှေးစိတ်တွေ မချုပ်ဘဲနဲ့ နောက်နောက်စိတ်တွေဟာ ပေါ်ပြီးမလာနိုင်ပါဘူး။ အဲဒါကိုအနန္တရပစ္စည်းကြတော့ ဘယ်နဲ့ဟောသသဲ။ "ဝေါတြဘူမဂ္ဂဿ အနန္တရ ပစ္စယေနပစ္စယော" လို့ဟောပါတယ်။ အဲဝေါတြဘူ ချုပ်သွားတော့ မဂ်ကလဲ မိမိရဲ့ရှေ့က ဝေါတြဘူပေးလိုက်တဲ့သညာကို မလွှတ်ဘဲနဲ့ ဘဝသံသရာမှာ တခါမှမဖေါက်ထွင်းဘူးတဲ့ မခွဲစိပ်ဘူးတဲ့လောဘဆိုတဲ့ ဒေါသဆိုတဲ့ မောဟဆိုတဲ့ ကိလေသာတရားတွေကို ဖေါက်ခွဲတယ်။ ခွဲစိပ်တယ် ပယ်တယ်။ ပါဠိဟောပုံက ပထမရှေးဦးစွာ ကာမဆိုင်ရာတွေကို ဟောပါတယ်။ နောက် မဟဂ္ဂုတ်ဆိုင်ရာ ဈာနာဝုဋ္ဌာဟိတ္တာ ဈာန်တွေကို ဟောပါတယ်။ ဈာန်ကိုဟောပြီးတော့ မဂ်ကိုမဟောသေးဘဲနဲ့ ဝေါတြဘူကိုဟောတယ်။ ဒီဝေါတြဘူ ဝေါဒါန်ကိုဟောခြင်းကတော့ ၎င်းဝေါတြဘူ ဝေါဒါန်သည် မဂ္ဂဝီထိရဲ့ရှေ့မှာနေ၍ နိဗ္ဗာန်ကိုအာရုံပြုလေတော့ ဒီဝေါတြဘူစိတ် ဝေါဒါန်စိတ်ဟာ ကာမစိတ်ပင် ဖြစ်ငြားသော်လည်း ဈာန်စိတ်ထက် အာရုံပြုတဲ့နေရာဌာနမှာ အထက်တန်းကြပါတယ်။ မဟဂ္ဂုတ်ဈာန်တွေထဲက ရူပဈာန်တွေဟာ ဘာတွေကိုအာရုံပြုသလဲ? ပညတ်တွေကို အာရုံပြုပါတယ်။ အရူပ ဆိုင်ရာ ဖြစ်တဲ့ ဈာန်တွေကလဲ ပညတ်နဲ့ အာကာ, အာကိ ကုသိုလ်ကြိယာတွေကို အာရုံပြုပါတယ်။ ဒီတော့ ၎င်းဝေါတြဘူဟာ ကာမစိတ်ပင်ဖြစ်သော်ငြားလည်း မဟဂ္ဂုတ်ဈာန်တွေနဲ့ နှိုင်းယှဉ်လိုက်

တဲ့အခါမှာ အာရုံနေရာ၌ ဤဂေါတြဘူ ဝေါဒါနိတွေကသာပါတယ်။ ဒါ့ကြောင့် ဗျာနာ ဝုဋ္ဌဟိတ္တာဈာနံ ပစ္စဝေက္ခတိ-လို့ ဟောပြီးတဲ့နောက် ဂေါတြဘူဝေါဒါနိကိုဟောပါတယ်။

ဒါလောက်တောင် အစွမ်းသတ္တိရှိတဲ့ ဂေါတြဘူ, နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ ဂေါတြဘူဟာ ပဋိသန္ဓေကျိုးများပေးမလားလို့ စင်းစားကြည့်လိုက်ရင် ပေးတယ် မပေးဘူးလို့ အထူးစင်းစားနေစရာမလိုဘူး။ ဂေါတြဘူအရကဘာလဲ ? သေက္ခပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဖြစ်တဲ့ မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄ ခုဘဲ။ မဟာကုသိုလ်ဖြစ်ရင် ၎င်းမဟာကုသိုလ်ဟာ ဘာလုပ်ရမလဲ ? ပဋိသန္ဓေကျိုး ဧကာန်ပေးရမယ်။ အဲဒီလို ပဋိသန္ဓေကျိုးပေးကြောင်းကို ပဋ္ဌာန်း ပရိတ္တာရမ္မဏတိက်မှာ "အပ္ပမာဏာရမ္မဏော ဓမ္မော ပရိတ္တာရမ္မဏဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ အပ္ပမာဏာရမ္မဏာစေတနာ ဝိပါကာနံ ပရိတ္တာရမ္မဏာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။ ဒီမှာလဲ နာနာက္ခဏိကဖြစ်တဲ့ စေတနာပါ။ ဝိပါကာနံ ပရိတ္တာရမ္မဏာနံ ခန္ဓာနံ အရ အဟိတ်ကုသလဝိပါက် ၈ ခုရယ် မဟာဝိပါက် ၈ ခုရယ်လို့ ပစ္စယုပ္ပန်တရားရပါတယ်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်မှာရှိတဲ့ စေတနာဖြစ်ပါတယ်။ အဲဒါကို အဋ္ဌကထာက ဘယ့်နှဲ့ဖွင့်သလဲလို့ ဆိုတော့ "အပ္ပမာဏာရမ္မဏာ စေတနာတိ သေက္ခာနံ ဂေါတြဘူစေတနာ"။ အပ္ပမာဏာ စေတနာလို့ ဆိုတာ သေက္ခပုဂ္ဂိုလ်တွေရဲ့ ဂေါတြဘူစေတနာတဲ့။ "ပစ္စဝေက္ခဏာ စေတနာတိ ပိဝတ္တုံဝဋ္ဋတိ" ပစ္စဝေက္ခဏာ စေတနာလို့လဲ ဆိုနိုင်ပါတယ်တဲ့။ ပစ္စဝေက္ခဏ စေတနာလို့ ဆိုတော့ နောက်ပိုင်းမှာ ပစ္စဝေက္ခဏာဝီထိ တွေ့လာပါလိမ့်မယ်။ ပစ္စယုပ္ပန်အတွက် "ဝိပါကာနံ ပရိတ္တာရမ္မဏာနန္တိ ပဋိသန္ဓိယံ ကမ္မံ အာရမ္မဏံကတွာ ပဝတ္တေ စက္ခုဝိညာဏာ ဒိဝသေန ရူပါဒိအာရမ္မဏံ တဒါရမ္မဏဝသေန ဇဝနေနဂဟိတ ပရိတ္တာရမ္မဏဉ္စ အာရမ္မဏံကတွာ ဥပ္ပန္နာနံ" ဆိုတော့ ဝိပါကာနံ ခန္ဓာနံ အရပဋိသန္ဓေအခါမှာ ဒီပရိတ္တာရမ္မဏဥ္စ အာရမ္မဏံ စိတ်ဟာ ဘယ်သူ့ အာရုံပြုမလဲ ? ကံကို အာရုံပြုပြီးဖြစ်တယ်။ ပဝတ္တိအခါကြတော့ စက္ခုဝိညာဉ်အစွမ်းအားဖြင့် ရူပါရုံအစရှိသည်တွေကို အာရုံပြုမယ်။ မဟာဝိပါက်တွေပါနေပါတယ်။ တဒါရုံကိစ္စတတ်တဲ့အခါ ဇောယူတဲ့ ကာမဖြစ်တဲ့အာရုံကို အာရုံပြုပြီးဖြစ်ပါတယ်တဲ့။ အချို့ပုဂ္ဂိုလ်တွေက ဂေါတြဘူစိတ်ဟာ ပဋိသန္ဓေကျိုးမပေးနိုင်ဘူးလို့ ပြောခဲ့လို့ရှိရင် ယခုပဋ္ဌာန်းပါဠိတော် ပရိတ္တာရမ္မဏတိက်မှာ ဟောထားတဲ့သုတ်နဲ့ တားမြစ်လိုက်တာပေါ့ လို့ဆိုတဲ့အကြောင်းကို "ယေပနဂေါတြဘုစိတ္တဿ နတ္ထိပဋိသန္ဓိတိဝဒန္တိ-တေဣမိနာသုတ္တေန ပဋိသေဓေတဗ္ဗာ"လို့ ဆိုပါတဲ့။ အဲဒါကဂေါတြဘူအကြောင်း။ ဝေါဒါနိ (၁၃) ပါးကို တော့ လိုခြင်လျှင်ပဋ္ဌိသမ္ဘိဒါမဂ်မှာကြည့်ကြပါတော့။

နောက်အပိုဒ်ကလေးက "သေက္ခာမဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ"။ ဒီကြတော့ သေက္ခပုဂ္ဂိုလ်ဟာ သောတာပန် သကဒါဂါမိ အနာဂါမိသုံးမျိုး ယူရပါတယ်။ မဂ္ဂါအရ အောက်မဂ်ကို ယူရပါတယ်၊ ဝုဋ္ဌဟိတွာကြတော့ သေက္ခပုဂ္ဂိုလ်တွေဟာ မဂ်မှ ထတယ်။ ထတယ်လို့ဆိုတာ ဘယ်လိုထသလဲ ? ခုနကပြောတဲ့ မဂ္ဂဝီထိမှာ ဘဝင်စလန၊ ဘဝင် ပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ်ဇောတကြိမ်၊ ဖိုလ်

ဇော ၂ ကြိမ် ၃ ကြိမ်။ ထို့နောင်တိဟိတ် ဘဝင်အများလို့ဝီထိ ချပါတယ်။ အဲဒီလိုဝီထိ ဖြစ်လာတော့ သေက္ခပုဂ္ဂိုလ်တွေဟာ မဂ်ရတယ်။ မဂ်ရတယ်ဆိုတာ ယခုချခဲ့တဲ့ ဝီထိဖြစ်တယ်။ အဲဒီမဂ်ရဲ့ နောင်မှာ ဖိုလ်ရှိပါတယ်၊ ဖိုလ်ပြီးတော့ ဘဝင်ရှိပါတယ်။ အဲဒီမဂ်ဖိုလ် ဘဝင်တွေကို လွန်မြောက်ပြီးတဲ့နောက်မှ ပစ္စဝေက္ခန္တိ-လို့ ဆိုသဖြင့် ပစ္စဝေက္ခဏာ ဇောဝီထိ ကြလာပါတယ်။ ကြတော့ မိမိသည် မည်သည့်မဂ်ကို ရတယ်လို့ဆိုဘာ ဒီမဂ်ကိုဆင်ခြင်ဘို့ရာအတွက် ထတာကိုပင်လျှင် မဂ္ဂါဝုဋ္ဌဟိတ္တာလို့ ဆိုပါတယ်။ မဂ်သက်သက်ကတော့ ဘယ်နည်းနဲ့မှ ထမှုဆင်ခြင်မှုမဖြစ်နိုင်ပါဘူး။ ဘာ့ကြောင့်? စိတ္တနိယာမ ဓမ္မတာရဲ့ သဘောအားဖြင့် မဂ်စိတ် ဥပါဒ်ပြီးတဲ့နောက် ချက်ခြင်း ဖိုလ်စိတ်လိုက်ပြီး လာပါတယ်။ နောက်ပစ္စဝေက္ခဏာဝီထိဖြစ်တာကို''သေက္ခာမဂ္ဂဝုဋ္ဌဟိတ္တာမဂ္ဂံပစ္စဝေက္ခန္တိ''လို့ ဆိုပါတယ်။

ဒီတော့ မဂ်ရဘို့ရာအတွက် ဘာလုပ်ရမလဲ? မဂ်ရဘို့ရာအတွက် ဘာတွေလုပ်ရမလဲဆိုတာကို ပြောရမှာ တော်တော်ကလေး ကျယ်ပါလိမ့်မယ်။ ''သဗ္ဗေသင်္ခါရာ အနိစ္စာ သဗ္ဗေသင်္ခါရာဒုက္ခာ သဗ္ဗေဓမ္မာအနတ္တာ'' စသည်ဖြင့် တေဘူမက သင်္ခါရတွေရဲ့ အနိစ္စဖြစ်ပုံ ဒုက္ခဖြစ်ပုံ အနတ္တဖြစ်ပုံတွေကို စီးဖြန်းရတယ်။ ဒီနေရာမှာ တခုစင်းစားစရာကို ပြောပြမယ်။သဗ္ဗေသင်္ခါရာ အနိစ္စာ သဗ္ဗေသင်္ခါရာ ဒုက္ခာဆိုတဲ့ နေရာဌာနမှာ နိဗ္ဗာန် နာမပညတ်က ကြွင်းကျန်တဲ့ သင်္ခါရတရားဟူသမျှဟာ အနိစ္စ ဒုက္ခ အနတ္တပါ။ သဗ္ဗေဓမ္မာ အနတ္တာ ကြတော့ သင်္ခါရတရားဟူသမျှနဲ့တကွ နိဗ္ဗာန်ပညတ်တွေကိုပါ အနတ္တရယ်လို့ ယူရတယ်။ အဲဒီနိဗ္ဗာန်နဲ့ ပညတ် အနတ္တယူပုံကို ဝိနည်းပရိဝါပါဠိတော်မှာ ''အနိစ္စာသဗ္ဗေသင်္ခါရာ၊ ဒုက္ခာနတ္တာစသင်္ခတာ၊ နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိနိစ္ဆယာ၊ ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊ တေသံသဘာဝဓမ္မာနံ၊ နာမ မတ္တံန နာယတိ'' နိဗ္ဗာန်နဲ့ ပညတ် အနတ္တမည်တယ်။ ဒါပေတဲ့ နိဗ္ဗာန်ဟာ အနိစ္စမဟုတ်ဘူး။ နိစ္စတရား၊ အမြဲထင်ရှားရှိနေတာ။ ဒုက္ခတရားမဟုတ်ဘူး။ သုခတရား။ နိဗ္ဗာန်ရဲ့လက္ခဏာဟာ အမြဲသန္တိ သုခလို့ ဆိုတော့ အင်မတန်ငြိမ်းချမ်းတဲ့ ချမ်းသာရှိနေသဖြင့် နိဗ္ဗာန်ဟာ နိစ္စတရား သုခတရား ဖြစ်တယ်။ ဒါပေတဲ့ အတ္တတော့ မဟုတ်ဘူး။ အနတ္တတရားပါ။

ယခုပြောခဲ့တဲ့ လက္ခဏာရေးသုံးပါးကို ဆင်ခြင်တဲ့ နေရာဌာနမှာ သဗ္ဗေသင်္ခါရာ အနိစ္စာ စသည်ဖြင့် ဆင်ခြင်ရမယ်လို့ဆိုတော့ သဗ္ဗေဓမ္မာ အနတ္တာအရ နိဗ္ဗာန်နဲ့ ပညတ်ပါမနေဘူးလား။ သဗ္ဗေဓမ္မာ အနတ္တာလို့ သက်သက်ဆိုရင်တော့ နိဗ္ဗာန်နဲ့ ပညတ်ဟာ ခုနက ပြောခဲ့တဲ့အတိုင်း ပါလိမ့်မယ်။ ဓမ္မပဒ အဋ္ဌကထာများကြတော့ ''သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါပညာယ ပဿတိ၊ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ''လို့ ဟောတယ်။ ထိုနည်းတူစွာ ဒုက္ခ အနတ္တကိုလဲ ဒီလိုဘဲဟောတယ်။ ''သဗ္ဗေဓမ္မာ အနတ္တာတိ ယဒါပညာယ ပဿတိ''ကို အဋ္ဌကထာက ဘယ်လိုဖွင့်ထားသလဲဆိုတော့ ''သဗ္ဗေဓမ္မာ အနတ္တာတိ ပဉ္စက္ခန္ဓာ ဧဝအဓိပ္ပေတာ''တဲ့။ ဒီလိုဖွင့်ပြတော့ ''သဗ္ဗေဓမ္မာ အနတ္တာ''အရ ဘာယူရမလဲ။ တေဘူမက ခန္ဓာတွေကိုဘဲ ယူရမယ်၊ ဘာ့ကြောင့်? ယဒါပညာယ ပဿတိ ဆိုတော့ ဝိပဿနာရှုရမှာကိုး-ဝိပဿနာ ရှုရမှာဖြစ်ခြင်းကြောင့် သဗ္ဗေဓမ္မာ အနတ္တာလို့ဘဲ

ဆိုဦးတော့ မိမိရဲ့သန္တာန်ထဲက တေဘူမက သင်္ခါရ ရုပ်နာမ်တွေကိုသာ နှလုံးသွင်းရမယ်။ ရှုဆင်ခြင်ရမယ်။ ဘာ့ကြောင့်? တေဘူမက ရုပ်နာမ်တွေသာ ဝိပဿနာရဲ့ အာရုံဖြစ်တယ်။ နိဗ္ဗာန်နဲ့ ပညတ်ဟာ ဝိပဿနာရဲ့ အာရုံမဟုတ်ဘူး။ ဒါကြောင့် သဗ္ဗေမွှာ အနတ္တာလို့ သာမည ဟောထားဦးတော့ ၎င်းကို ဝိပဿနာ ရှုမယ်ဆိုရင် တေဘူမက တရားတွေကိုသာ ယူရပါတယ်တဲ့။

ဒီတော့သဗ္ဗေသင်္ခါရာအနိစ္စာ ဒုက္ခာ အနတ္တာလို့ဝိပဿနာရှုတဲ့အခါမှာ ရှုတဲ့ပုဂ္ဂိုလ်တိုင်းမဂ်တွေရမလား ? ပဋ္ဌာန်းကတော့ မဂ်ရပြီးတဲ့ပုဂ္ဂိုလ်တွေကို ပြောနေပါတယ်။ မဂ်ရတယ်ဆိုတာ ဘုန်းကြီးများအနေအားဖြင့် လွယ်ကူတယ်ရယ်လို့ မပြောလိုဘူး။ ဘာဖြစ်လို့လဲလို့ဆိုတော့ အနမတဂ္ဂသံသရာကစ၍ ယနေ့ထက်တိုင်အောင် မဂ်မရတဲ့ပုဂ္ဂိုလ်တွေ အသင်္ချေအနန္တရှိပြီးနေပါတယ်။ ပြီးတော့ဒီမဂ်ရမှုတွေဟာ ပါရမီနဲ့ဆက်စပ်တယ်။ ပါရမီဆိုတာကလဲ တခြားမဟုတ်ဘူး။ ဝိရိယပညာစတဲ့ ဓာတ်ခြေတွေရဲ့ ရင့်ကျက်မှုဘဲ။ ဒီဝိရိယပညာစတဲ့ ဓာတ်ခြေတွေမရင့်ကျက်ခဲ့လို့ရှိရင် ဒီပုဂ္ဂိုလ်ဟာဘယ်နည်းနဲ့မှ မဂ်မရပါဘူး။ ပါရမီမပြည့်သေးခဲ့လို့ရှိရင် ဘယ်နည်းနဲ့မှမရဘူး။

ဒီတော့ဒီပါရမီရဲ့အကြောင်းကို နဲနဲပြောပြပါမယ်။ သာမညဖလသုတ်အဋ္ဌကထာများမှာ မဟာသိဝမထေရ်ကြီးရဲ့အကြောင်းကို ရေးထားပါတယ်။ မဟာသိဝမထေရ်လို့ဆိုတာ ဂိုဏ်း (၂၈) ဂိုဏ်းရဲ့ဆရာကြီးဖြစ်ပါတယ်။ သူကိုယ်တိုင်က ပုထုဇဉ်ဖြစ်နေပေဘဲ့ သူ့မှာရဟန္တာဖြစ်နေတဲ့ တပည့်ပေါင်းသုံးသောင်းရှိတယ်။ ရဟန္တာဖြစ်ရဲ့ တပည့်တွေက ဘယ့်နဲ့လဲ ငါတို့တော့ကိစ္စပြီးပြီ၊ ငါတို့ရဲ့ဆရာဖြစ်တဲ့ မဟာသိဝမထေရ်ကြီးသည်ကား ရဟန်းတို့ကိစ္စပြီးလေပြီလောရယ်လို့ (အကျဉ်းချုပ်ကလေးဘဲပြောမယ်) ဆင်ခြင်တဲ့ အခါမှာမပြီးသေးကြောင်းသိတော့မှ တပည့်များသူ့ဆီလာပြီး ပြဿနာတွေဘာတွေမေး။ မေးတော့မှ သတိရပြီး ကိုင်းငါသွားပြီးတရားအားထုတ်လေဦးမှဘဲ။ ငါတရားအားထုတ်လိုက်ခဲ့လို့ရှိရင် ၂-ရက် ၃-ရက်နဲ့ ရဟန္တာဖြစ်မှာဘဲလို့ထင်ပြီး သူရဲ့တပည့်တွေကိုတောင်မှ မပန်ကြားဘဲနဲ့ တောထွက်ပြီးအားထုတ်တယ်။ ဘယ်လောက်အားထုတ်ရသလဲ၊ အနှစ် ၃၀ တိုင်တိုင်အားထုတ်ရတယ်။ မိမိရဲ့ရည်ရွယ်ချက်က ၂-ရက် ၃-ရက်နဲ့ရဟန္တာဖြစ်လိမ့်မယ်လို့ထင်တယ်၊ ဒါပေတဲ့ တနှစ် - ဝိသုဒ္ဓိပဝါရဏာပြုမယ်။ ဝိသုဒ္ဓိပဝါရဏာလို့ဆိုတာ ကိလေသာကင်းစင်တဲ့ရဟန္တာတို့ရဲ့ ပဝါရဏာမျိုးကို ဝိသုဒ္ဓိပဝါရဏာလို့ဆိုတယ်၊ နောက်တနှစ်ဆက်ပြီး အားထုတ်လိုက်တယ်၊ မရဘူး။ ဒီလိုဘဲဆက်ဆက်ပြီး အားထုတ်လိုက်တာ ၂၉-နှစ်ရောက်လာတယ်၊ ခြေထောက်လဲမဆေးဘူး၊ မအိပ်ဘူး၊ စင်္ကြံသွားလိုက် ထိုင်လိုက်နဲ့ ပြင်းပြင်းထန်ထန်ကြီး အားထုတ်လိုက်တာ ၂၉-နှစ်ရောက်လာတယ်။ ၂၉-နှစ်မြောက်မှာလဲမရဘူး။ ငိုတယ်၊ ငိုတော့သူ့ရဲ့ဂူဝစောင့်တဲ့ နတ်သမီးကငိုပြတယ်။ ငိုတော့ ဟဲ့နင်ဘယ်သူလဲလို့မေးတော့၊ နတ်သမီးလို့ပြောတယ်၊ ဘာဖြစ်လို့ငိုသလဲမေးတော့ - ဩဳငိုလို့များ မဂ်ဖိုလ်ရမလားလို့ ငိုစမ်းကြည့်တာဘဲလို့ပြောတယ်၊ ဒါနဲ့သတိသံဝေဂရခါထိပ်လန့်ပြီး အားထုတ်လိုက်တော့မှ နှစ်ပေါင်း ၃၀-မြောက်မှာမှသာ ရဟန္တာဖြစ်သွားတယ်။

အဲဒါကိုဋီကာကဘယ်နဲ့ပြသလဲဆိုတော့ "ဇွောက်ကာလံ ဝိပဿနာယသုစိဏ္ဏဘာဝတော ဉာဏဿပရိပါကံဂတတ္တာ"။ ဒါလောက်အားထုတ်မှသာလေ့ကျက်မှု ဝိပဿနာအတွက် ရင့်ကျက်မယ်။ သူရဲ့ဉာဏ် သူရဲ့ပါရမီ သူရဲ့ပညာစတဲ့ဣန္ဒြေတွေဟာလဲ ရင့်ကျက်ခြင်းရောက်မှာမို့လို့တဲ့။ နှစ်ပေါင်း ၃၀-တိုင်တိုင်အားထုတ်ရတယ်။ ဒီတော့ဘာကိုဆိုလိုသလဲဆိုရင် ပုဂ္ဂိုလ်တယောက်ဟာ ၁၀-နှစ်အားထုတ်မှ မဂ်ရမယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ၉-နှစ်အားထုတ်ပြီး "ငါဒါလောက်အားထုတ်ပေတဲ့ မရတော့ပါဘူး"ဆိုပြီး လက်လွှတ်ပစ်လိုက်ရင် တနှစ်လိုနေသေးတဲ့အတွက် ဒီပုဂ္ဂိုလ်ဟာမဂ်ဖိုလ်ကိုမရပါဘူး။ ဘာဖြစ်လို့? သူရဲ့ပါရမီကိုက ၁၀-နှစ်တိုင်တိုင်အားထုတ်မှရမဲ့ ပါရမီမျိုးဖြစ်ပါတယ်။

ပြီးတော့ရှင်အာနန္ဒာ။ အရှင်အာနန္ဒာဆိုတာ မြတ်စွာဘုရားရှင်ရဲ့ ညီတော်လဲဖြစ်တယ်။ အလုပ်အကျွေးလဲဖြစ်တယ် - ဧတဒဂ်တွေလဲ ရထားတာလဲမနဲဘူး။ ဒါပေတဲ့ ရှင်အာနန္ဒာကို မြတ်စွာဘုရားက မိမိသက်တော်ထင်ရှားရှိစဉ် ရဟန္တာဖြစ်အောင် လုပ်ပေးဘို့မစွမ်းနိုင်ဘူး။ ရှင်အာနန္ဒာကကော ရဟန္တာမဖြစ်ခြင်ဘူးလား၊ ဖြစ်ခြင်လိုက်တာမှသရေရှိနေတာဘဲ။ သံယုတ်မှာ အခြားရဟန်းတွေက ဘုရားထံသာပြီး ကမ္မဋ္ဌာန်းတောင်းတယ်။ တောင်းသွားပြီးအားထုတ်တယ်။ ချက်ခြင်းရဟန္တာဖြစ်သွားကြတယ်။ ချက်ခြင်းရဟန္တာဖြစ်တဲ့ အခါ "ခီဏာမေဇာတိ - ဝုသိတံဗြဟ္မစရိယံ - ကတံကရဏီယံ - နာပရံဣတ္ထတ္တာယာတိပဇာနာမိ" ရယ်လို့ ရဟန္တာဖြစ်ကြောင်း ဘုရားလာလာလျှောက်ကြတယ်။ သူကမြတ်စွာဘုရားအနားမှာရှိလေတော့ဘယ့်နှယ်လဲ တယ်မြန်ပါကလားလို့ သရေကြပြီး ငါလဲသူဘို့လို ရဟန္တာဖြစ်အောင် အားထုတ်မှဘဲရယ်လို့ မြတ်စွာဘုရားရှင်ထံကပ်ပြီး ကမ္မဋ္ဌာန်းတောင်းတယ်။ မြတ်စွာဘုရားရှင်ကလဲ သူကျေနပ်ပါစေတော့လို့ဆိုပြီး "ရူပံအာနန္ဒ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံဘန္တေ။ ယံပနာနိစ္စံ၊ ဒုက္ခံဝါတံသုခံဝါတိ၊ ဒုက္ခံဘန္တေ၊ ယံပနာနိစ္စံဒုက္ခံဝိပရိဏာမဓမ္မံ၊ ကလ္လံနုတံသမနုပဿိတုံ၊ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာ တိ။ နောဟေတံဘန္တေ" လို့မေးဖြေပြီး ခန္ဓာငါးပါးရဲ့ အနိစ္စဒုက္ခအနတ္တဖြစ်ပုံတွေကို ဟောလိုက်တယ်၊ အရှင်အာနန္ဒာလဲသွားပြီးအားထုတ်-မရရှာဘူး။ ဘာ့ကြောင့်? ပါရမီမပြည့်သေးလို့။ ပါရမီမပြည့်သေးတဲ့ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားရှင်က ဘယ်နည်းနဲ့မှ မဂ်ရအောင် ဖိုလ်ရအောင်မစွမ်းဆောင်နိုင်ပါဘူး။

အဲဒီအရှင်အာနန္ဒာကို ပရိနိဗ္ဗာန သုတ်များ ကြတော့ "ကတပုညောသိ အာနန္ဒ" စသည်ဖြင့် မြတ်စွာဘုရား ရှင်ပရိနိဗ္ဗာန်ပြုခါနီးမှာ အားပေးပါတယ်။ "ချစ်သား အာနန္ဒာ သင်သည်ကား ကမ္ဘာတသိန်းကာလပတ်လုံး ဆုတောင်းမှုပြည့်စုံသာခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ချစ်သား အာနန္ဒာ သင်သည် ကမ္မဋ္ဌာန်းကိုလွှတ်ပြီး မေ့မေ့လျော့လျော့ဘော့မနေနဲ့ ကြိုးစားအားထုတ်ရင် လျှင်မြန်စွာ အာသဝေါကင်းတဲ့ ရဟန္တာဖြစ်ပါလိမ့်မယ်" လို့ မိန့်ဘော်မူခဲ့တယ်။ ပဌမ သံဂါယနာတင်မဲ့ အချိန်ကာလ နီးကပ်ခါမှသာ အရှင်အာနန္ဒာ ရဟန္တာဖြစ်သွားပါတယ်။ ဒါလဲပါရမီပါဘဲ။

ပြီးတော့ ဥပရိပဏ္ဏာသ အာနာပါနသုတ်ကြတော့ မြတ်စွာဘုရားရှင်များ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုပါတယ်၊ ဒါပေတဲ့ မြတ်စွာဘုရားရှင်ရဲ့အထံမှာ တရားအားထုတ်ပြီးနေကြတဲ့ ရဟန်းပုဂ္ဂိုလ်တွေရဲ့ သမထဝိပဿနာ နုနေသေးမယ် သူတို့ရဲ့ ပါရမီကလဲဘဲ မရင့်ကျက်သေးဘူးဆိုရင် ဒီပဝါရဏာကို သီတင်းကျွတ်လပြည့်နေ့မှာ မပြုဘဲနဲ့ တန်ဆောင်မုန်းလပြည့်နေ့ကို ရွှေ့လိုက်ဘယ်။ ရွှေ့ပြီး မြတ်စွာဘုရားရှင်သည် ဆိုင်းငံ့ပြီးနေတယ်။ ဒေသစာရီလဲမကြွဘူး၊ တပါးတခြားသော အရပ်က ရဟန်းတွေလဲမလာစေရဘူး။ ဒါဘာ့ကြောင့်? ရဟန်းတွေရဲ့ သမထဝိပဿနာနုသေးလို့ ငံ့လင့်တော်မူတာဖြစ်တယ်။ အဲဒါကို "ဘဂဝါပိ တဒါ ဘိက္ခူနံ စိတ္တာစာရံ ပရိဝီမံသန္တော သမထဝိဿနာနံ တရုဏဘာဝံဥတွာ" စသည်ဖြင့် အဋ္ဌကထာက ပြပါတယ်။

ပြီးတော့ ဗာဟိယသုတ်မှာလဲ ပြပါသေးတယ်၊ဗာဟိယဆိုတာ ဒိပ္ပါဘိည ဧတဒဂ်ရပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒါပေတဲ့ ဒီဗာဟိယကိုလဲ ပါရမီမပြည့်သေးလို့ ဉာဏ်မရင့်ကျက်သေးလို့ စောင့်နေပါတယ်။ ဘုရား တရားမဟောဘူး။ ဗာဟိယဆိုတာ အင်မတန်ဝေးလံတဲ့ သုပ္ပါရက ဆိပ်ကမ်းခရီးကလာတယ်။မိမိသေရမဲ့ဘေးကိုမြင်ပြီးခတော့ မြတ်စွာဘုရားရှင်ထံကိုယူဇနာနှစ်ထောင်ဝေးတဲ့ ခရီးကလာတယ်။ဒီအခါမှာ ဗာဟိယက လမ်းမှာရှိသေးတယ်။ ကျောင်းရောက်ခါနီးနေပြီ။ ဒါပေတဲ့ သူ့မှာ ပညာစတဲ့ဣန္ဒြေတွေက မရင့်ကျက်သေးတော့ ဘုရားက တရားမဟောသေးဘဲနဲ့ ဘာလုပ်သလဲ။ ?ဆွမ်းခံထွက်သွားတယ်။"ဘဂဝါပိ ဗာဟိယဿ အာဂမနံဥတွာ နတာဝဿ ဣန္ဒြိယာနိ ပရိပါကံ ဂတာနိ။ ခဏန္တရေ ပနပရိပါကံ ဂမိဿတိ တဿဣန္ဒြိယာနံ ပရိပါကံ အာဂမယမာနော မဟာဘိက္ခု သံဃပရိဝုတော တသ္မိံ ခဏေ သာဝတ္ထိံ ပိဏ္ဍာယ ပါဝိသိ။"မြတ်စွာဘုရားရှင်က ဗာဟိယ လာမှာ ကိုသိဘယ်။ သိပေတယ်လို့ ဗာဟိယရဲ့ ဣန္ဒြေရင့်ကျက်ခြင်းသို့ မရောက်သေးဘူး။ခဏနေရင်တော့ ဣန္ဒြေရင့်ကျက်ခြင်းသို့ ရောက်လိမ့်မယ်လို့ ဗာဟိယရဲ့ ဣန္ဒြေရင့်ကျက်ခြင်းကို ငံ့လင့်တော်မူပြီး များစွာသောရဟန်းအပေါင်းခြံရံခါ သာဝတ္ထိပြည်သို့ ဆွမ်းခံကြွတော်မူတယ်။ ဗာဟိယလဲ ရောက်လာပြီး မြတ်စွာဘုရားဘယ်မှာလဲလို့ ရဟန်းတွေကိုမေးတော့ ဘုရားဆွမ်းခံကြွသွားတယ်ဆိုတော့ ဆွမ်းခံတဲ့နေရာဌာနကို ချက်ခြင်းလိုက်သွားတယ်။ လိုက်တော့ ရောင်ခြည်တော်ခြောက်ပါးလွှတ်ပြီး သတ္တဝါအပေါင်းတို့ရဲ့ ကြည်ညိုဘွယ်ရာကိုဆောင်ကာ မြတ်စွာဘုရားရှင် ဆွမ်းခံကြွဘာကို မြင်တော့ကာမှ "ငါသည် အလွန်တရာရှည်ဝေးလှစွာသော ကာလပတ်လုံး ဤကဲ့သို့ အလွန်တင့်တယ်တဲ့ ရောင်ခြည်တော်တို့နှင့်ပြည့်စုံတဲ့ မြတ်စွာဘုရားရှင်ကို မဖူးမြင်ရလေစွတကား" လို့ အင်မတန်နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်ပြီးသကာလ မြတ်စွာဘုရားထံ ချည်းကပ်ခါ "ဒေသေတုမေ ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ၊ ယံမမဿဒီဃ ရတ္တံဟိတာယ သုခါယ"ဘုန်းတော်ကြီးသောမြတ်စွာဘုရား တပည့်တော်ကို တရားဟောတော်မူပါဘုရား။ ကောင်းသောစကားကို ဆိုတော်မူတတ်တဲ့ မြတ်စွာဘုရား၊ တပည့်တော်ရဲ့ရှည်စွာသော နေ့ညဥ့်ကာလပတ်လုံး စီးပွားချမ်းသာခြင်းအကျိုးငှါ တပည့်

တော်အား တရားဟောတော်မူပါဘုရားရယ်လို့ တောင်းပန်တယ်။ ဒီတောင်းပန်တဲ့ အချိန်ကာလကလေးဟာ ဘာမှကြာမှာမဟုတ်ဘူး။ နောက် ၅ မိနစ် ၁၀ မိနစ်လောက်ကြာခဲ့လို့ ရှိရင် ဒီဗာဟိယဟာ ပါရမီပြည့်လာမှာဘဲ။ ဉာဏ်ရင့်ကျက်လာမှာဘဲ။ အဲဒီအချိန်ကလေးကိုသော်မှ မြတ်စွာဘုရားရှင်က တရားမဟောသေးဘဲနဲ့၊ ''အကာလောခေါ်တာဝ ဗာဟိယ'' ဗာဟိယအချိန်မဟုတ်သေးဘူး အခါမဟုတ်သေးဘူး။ အခါမဟုတ်သေးဘူးလို့ဆိုတာ ဘာကိုဆိုလိုတာလဲဆိုရင် ဝေနေယျတို့ရဲ့ ဉာဏ်ရင့်ကျက်မှုကာလကို ဆိုလိုတယ်။ ဉာဏ်ရင့်ကျက်မှုလို့ဆိုတာ ရှင်သာရိပုတ္တရာအစရှိတဲ့ မထေရ်ကြီးတွေရဲ့ အရာတောင်မဟုတ်ဘူး။ မြတ်စွာဘုရားရှင်နဲ့သာဆိုင်ပါတယ်။ ဗာဟိယ ကိုယ်တိုင်က မိမိဉာဏ်ရင့် ကျက်တယ် မရင့်ကျက်တယ်ဆိုတာကိုတော့မသိနိုင်ဘူး။ ဘုရားက ဗာဟိက မင်းဉာဏ် မရင့် ကျက် သေး ဘူး ခဏနေအုံးလို့မပြောဘဲနဲ့ အချင်းဗာဟိယ၊ ငါသည်ကား သာဝတ္ထိမြို့တွင်းမှာ ဆွမ်းခံဝင်နေသေးတယ်။ မင်းကိုတရားဟောဘို့ရာ အခါမဟုတ်သေးဘူးလို့မိန့်တယ်၊ အဲဒါလဲ ပါရမီမပြည့်သေး၊ ဉာဏ်မရင့်သေးလို့ဘဲ။

ဒါတင်မဟုတ်သေးဘဲနဲ့ သက္ကပဉ္စသုတ်များကြတော့သိကြားမင်းပထမအကြိမ်လာတယ်၊ ဘုရားက အတွေ့မခံဘူး။ ဘာ့ကြောင့်? သူ့ကိုတွေ့လို့ သူ့ကိုတရားဟောလို့ ဘာအကြောင်းထူးမှာလဲ။ ဘုရားဟာ အကျိုးမရှိတဲ့ ကိစ္စဆိုရင် ဘာတခုမှမလုပ်ဘူး၊ အဲဒီလိုသိကြားလာမယ်လို့ ဆိုတာကို ဘုရားကသိတော့၊ ''တဒါကိရ ဘဂဝါ သက္ကဿဝအပရိပါက ဂတံဉာဏံ ဝိဒိတွာ ဩကာသံအကာရေတုကာမော ဖလသမာပတ္တိ ဝိဟာ ရေန နိသိဒိ''မြတ်စွာဘုရားရှင်က သိကြားမင်းရဲ့ ဉာဏ်တွေ မရင့်ကြက်သေးဘူး ဉာဏ်တွေဟာ မရင့်ကျက်သေးဘူးလို့သိတယ်။ သိတော့ သိကြားကို မိမိအား ဖူးမြင်ဘို့ရာအတွက် အခွင့်မပေးလိုတော့ ဘာလုပ်နေသလဲ? ဖလသမာပတ် ဝင်စားနေပါတယ်။ ဒါတွေဟာ ဉာဏ်မရင့်ကျက်မှုတွေ ဖြစ်ပါတယ်။

ပြီးတော့ ပဋ္ဌာန်းမှာ ''ဈာနာဝုဋ္ဌဟိတွာ ဈာနံပစ္စဝေက္ခတိ။ သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ။ ဝေါဒါနံ ပစ္စဝေက္ခန္တိ။ သေက္ခာ မဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ''လို့ဈာန်ခဏ်းရဲ့နောက်မှာ မဂ်ခဏ်းလာပါတယ်။ ဈာန်ခဏ်းရဲ့နောက်မှာ မဂ်ခဏ်းလာတယ်ဆိုတာများသောအားဖြင့် သုတ္တန်တွေမှာ သမထယာနိက ဝိပဿနာ ယာနိကရယ်လို့ ၂ မျိုးရှိတယ်။ သုတ္တန်တွေ ရှောက်ကြည့်လိုက်ရင် သမထဖြစ်တဲ့ ဈာန်တွေ ဟောပြီးတဲ့နောက်မှ မဂ်တွေကိုဟောတယ်။ အာနေဉ္ဇ သပ္ပါယသုတ်မှာ ရှင်အာနန္ဒာက သုက္ခဝိပဿက ရဟန္တာ ပုဂ္ဂိုလ်တွေရဲ့ ဖြစ်ပုံဖြစ်နည်းကို မေးချင်တော့ 'ကတမောပနဘန္တေ အရိယောဝိမောက္ခောတိ ဉာဏကိံ ပုစ္ဆတိ'? မြတ်စွာဘုရား၊ အလွန်တရာ မွန်မြတ်တဲ့ အရဟတ္တဖိုလ်ဆိုတာ ဘယ်လိုပါလဲလို့မေးတယ်။ သူရဲ့ရည်ရွယ်ချက်က ဘာလဲ။ သမာပတ်ဆိုတဲ့ ဈာန်တွေကို အခြေခံပြီး ဝိပဿနာပွားလိုက်ပလားဆိုရင် ဈာန်ရကတည်းကိုက ၎င်းပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သမာဓိဟာ အင်မတန် အားကောင်းနေပြီ။ သမာဓိအားကောင်းပြီးနေတော့'သမာဟိတော ယထာဘူတံ ပဇာနာတိ' ဆိုတဲ့အတိုင်း ဝိပဿနာ အားထုတ်တဲ့အခါမှာ အင်မတန်လွယ်

ကူတယ်။ လွယ်ကူဘော့ ဒီသမာပတ်ကို ပဒဋ္ဌာန်လုပ်ပြီး အခြေခံပြုပြီး ပွားများသိုက်လို့ ရဟန္တာဖြစ်လာတဲ့ရဟန်းဟာဥဒါဟရဏ် ဘာနဲ့တူသလဲဆိုရင် လှေဖြစ်ဖြစ် ဖေါင်ဖြစ်ဖြစ် အမှီပြုပြီး အင်မတန် ရေစီးသန်တဲ့ မြစ်ကြီးပင်လယ်ကြီးရဲ့ တဘက်ကမ်းကို ကူးမယ်သို့ ဆိုရင် မိမိမှာ လှေသင်္ဘောကိုဖြစ်ဖြစ် ဖေါင်တွေကိုဖြစ်ဖြစ် အမှီရလေတော့ ဘာမှမပင်ပန်း သလို၊ မပင်မပန်းဘဲနဲ့ ရဟန္တာဖြစ်နိုင်တယ်။ သုက္ခဝိပဿကဆိုတဲ့ဗျာန် အစေးအညှော် ခြောက်ဘဲ့ ပုဂ္ဂိုလ်တွေကြတော့ ဘာနဲ့တူသလဲ?။ သူကပကိဏ္ဏက သင်္ခါရဆိုဘဲ့ ခန္ဓာငါး ပါးကို သုံးသတ်ရတယ်၊ ခန္ဓာငါးပါးတွေ သုံးသတ်ပြီး ရဟန္တာဖြစ်အောင် အားထုဘ်ဘဲ့ အခါမှာ ဥဒါဟရဏ်ဘာနဲ့တူသလဲဆိုရင် ဟိုဘက်ကမ်းကိုရောက်အောင် လှေ့ဘို့သင်္ဘောတို့ ဖေါင်တို့ ဘာအကူအညီမှ မရဘဲနဲ့ မိမိရဲ့လက်ရုံး အားကိုးနဲ့ တဘက်ကမ်း ရောက် အောင် ကူးရလိမ့်မယ်။ ကူးတဲ့အခါမှာ အင်မဘာန် ပင်ပန်းတယ်။ အဲဒါက မဂ်ရတဲ့ ပုဂ္ဂိုလ် တွေမှာ သမထလမ်းနဲ့ရသလား၊ ဝိပဿနာလမ်းနဲ့ ရသလားလို့ ဆိုတာကိုပြတယ်။ အဲဒါကို ''သမာပတ္တိ' တာဝပဒဋ္ဌာနံ ကတွာဝိပဿနံဝဍ္ဎေတွာ အရဟတ္တံဂဏှန္တော ဘိက္ခု နာဝံဝါဥဠုမ္ပံဒိနိဝါ နိဿာယမဟောဃံဘရိတွာ ပါရံဂစ္ဆန္တော ဝိယ နကိလမတိ။ သုက္ခဝိပဿကောပန ပကိဏ္ဏက သင်္ခါရေသမ္မသိတွာ အရဟတ္တံ ဂဏှန္တောဗာဟု ဗလေ နသောတံ ဆိန္ဒိတွာ ပါရံဂစ္ဆန္တော ဝိယကိလမတိ၊ ဣတိဣမဿ သုက္ခဝိပဿကဿ အရ ဟတ္တံ ပုစ္ဆာမိတိ ပုစ္ဆတိ'' ရယ်လို့ အဋ္ဌကထာက ဖွင့်ပါတယ်။

ပြီးတော့ မဂ်ရချင် ဖိုလ်ရချင်လို့ တရားအားထုတ်ကြတယ်။ အားထုတ်ကြတဲ့အခါ မှာ ဒီပုဂ္ဂိုလ်ဟာ ဘယ်လို အတန်းအစားလဲ။ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ၊ ဒီပုဂ္ဂိုလ်ဟာ ဗုဒ္ဓ ဝေနေယျလား၊ သာဝကဝေနေယျလား? ဘယ်လိုအတန်းအစားမျိုးလဲလို့ ဆိုဘာကိုလဲ ဘဲ စဉ်းစားစရာရှိပါတယ်။ မဟာပုဏ္ဏမသုတ်မှာ ကမ္မဋ္ဌာန်းဆရာက သာမညပုဂ္ဂိုလ်မဟုတ် ပုထုဇဉ်မဟုတ်၊တကယ့်ရဟန္တာအစစ်ကြီး။ သူ့မှာ တပည့်ခြောက်ကျိပ်ရှိတယ်။အဲဒီခြောက် ကျိပ်ကို ကမ္မဋ္ဌာန်းပေးတယ်၊ ကမ္မဋ္ဌာန်းပေးတဲ့အခါ ဒီတပည့်တွေကလဲဘဲ အင်မတန်ကိုဘဲ သမ္မပ္ပဓာန် ဝီရိယနဲ့ ကြိုးစားအားထုတ်ကြတယ် ကမ္မဋ္ဌာန်းကတော့ မဟာဘုတ်တွေပေး တယ်။ ဥပါဒါရုပ်ဆိုင်ရာဖြစ်တဲ့ ရုပ်တွေကိုပေးတယ်၊ နာမ်တွေကိုပေးတယ်။ ၎င်းရုပ်နာမ် တွေရဲ့ ဖြစ်ပုံအကြောင်း အကျိုးနဲ့တကွ အနိစ္စ ဒုက္ခ အနတ္တရှုပုံတွေကို ပေးတယ်။ အဲဒီလို ပေးတဲ့အတိုင်း ဒီပုဂ္ဂိုလ်တွေကလဲ တသွေမတိမ်း အင်မတန်ကြိုးစားပြီး အားထုတ်ရှာကြပါ တယ်။ ဘယ်လောက်ကြိုးစားသလဲဆိုလျှင် သူတို့ရဲ့ ဝေလျှော့မှုလို့ ဆိုတဲ့ ပမာဒဟာ ကြက် ကလေး ရေပခါသောက်လောက်တောင်မှ ဝေလျှော့မှုမရှိကြဘူး အင်မတန်အားထုတ်ပါ တယ်၊ ဒါပေတဲ့ ဒီပုဂ္ဂိုလ်တွေဟာ ရဟန္တာ တပည့်ဖြစ်ပေမဲ့ ဆရာ ရဟန္တာ နည်း ပေး တဲ့ အတိုင်း အားထုတ်ပေမယ်လို့ မဂ်မရနိုင်ကြပါဘူး၊ ဘာ့ကြောင့်? သူတို့ဟာ ဗုဒ္ဓဝေနေယျ ဖြစ်နေတယ် သာဝက ဝေနေယျမဟုတ်ဘူး။ သာဝကဝေနေယျမဟုတ်တော့ သူကိုဆရာယံ သည်းကပ်တော့ ဆရာက ပူမပေးဘဲ့ နည်းနယ်တွေကိုမေးတယ်၊ ဖြေနိုင်ပြဲတယ်။ မဂ်ဖိုလ် အကြောင်းမေးတဲ့အခါကြတော့ မဖြေနိုင်ကြဘူး။ မဂ်ဖိုလ်အကြောင်းတွေကို ပေးဖို့ မရ

ဘူး။ အဲဒီလိုမရတော့ ဆရာကစင်းစားတယ်။ ၎င်းပုဂ္ဂိုလ်တွေဟာ အင်မတန် အား ထုတ် အပ်တဲ့ ဝီရိယ ရှိကြ တာဘဲ။ ကြက်ရေတခါသောက်တောင် မေ့လျော့ခြင်းမရှိခဲ့။ ဒါပေတဲ့ ဒီပုဂ္ဂိုလ်တွေဟာ မဂ်ဖိုလ်ကို မရနိုင်ကြဘူး၊ ငါဟာလဲ ဒီပုဂ္ဂိုလ်တွေရဲ့ အဇ္ဈာသယကို မသိဘူး။ ဒီပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓဝေနေယျ ဖြစ်ကြကုန်လိမ့်လတံ့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားဆီခေါ်သွားရတယ်။ အဲဒါကို ''ဣမေစ အာရဒ္ဓဝီရိယာ ဝိဟရန္တိ၊ ကုက္ကုဋ္ဌသ ပါနီယပိဝနကာလမတ္တမ္ပိ နေသံပမာဒကိရိယာနတ္ထိ၊ ဇဝံသန္တေ့ပိ မဂ္ဂဖလာနိ နိဗ္ဗတ္တေတုံန သက္ကောန္တိ၊ အဟံဣမေသံ အဇ္ဈာသယံ နဇာနာမိ-ဗုဒ္ဓဝေနေယျာ ဧတေဘဝိဿန္တိ''ရယ်လို့ အဋ္ဌကထာက ပြပါတယ်။ ဗုဒ္ဓဝေနေယျဖြစ်နေရင် ရဟန္တာရဲ့အထံမှာ ဘယ်လောက်ဘဲ အားထုတ်အားထုတ်မရဘူး။သာဝကဝေနေယျဖြစ်နေတဲ့ အခါမှာတော့ ဘုရားကဟောလို့လဲရတယ်၊ သာဝကကလဲ ဟောလို့ရတယ်၊ အဲဒီတော့ မဂ်ရမှုသည် ဗုဒ္ဓဝေနေယျလား၊ သာဝကဝေနေယျလားလို့ဆိုတဲ့ အကြောင်းလဲရှိပါသေးတယ်။ ဒီကနေ့ ဒါနဲ့ဘဲကိစ္စပြီးကြပါစို့။

သာဓု .... သာဓု .... သာဓု ။

## ၁၃၂၉-ခု၊ ဝါခေါင်လဆန်း (၈) ရက်
## ၁၉၆၇-ခု၊ ဩဂုတ်လ (၁၃) ရက် တနင်္ဂနွေနေ့
## ပဋ္ဌာန်းကုသလတိက် ဝိဘင်္ဂပဋ္ဌာဝါရကို စတုတ္ထအကြိမ်ပို့ချခြင်း

### အာရမ္မဏာဓိပတိ

ယနေ့အာရမ္မဏာဓိပတိ-အာရမ္မဏူပနိဿယပစ္စည်းကို ဆိုရပါလိမ့်မယ်။ သူ့ရဲ့သုဒ္ဓသင်္ချာကို စာမျက်နှာ(က)မှာကြည့်ပါ။ ဆိုပြမယ်။

အာရမ္မဏာဓိပတိ-အာရမ္မဏူပနိဿယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခု၊ လောကုတ္တရာစိတ်ရှစ်ခုအားတတ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သောနိပ္ဖန္နရုပ်အဋ္ဌာရသ၊ဒေါသမူဒွေမောဟမူဒွေဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သောစိတ် ၈၄-ခု၊ ဒေါစတုက် ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခု၊ နိဗ္ဗာန်။ ဤတရားတို့သည် အာရမ္မဏာဓိပတိ-အာရမ္မဏူပနိဿယပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာ-သတ္တ။ ပစ္စည်းရေ ၃-ဟူသည်ကည်း။

အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယကို တွဲထားတာကတော့ အားလုံးဟုန် သုဒ္ဓသင်္ချာနှင့်တကွ အရကောက်တွေတူခြင်းကြောင့် တွဲထားပါတယ်၊ သင်္ချာကအာရမ္မဏတုံးကလို နဝ-မရဘဲနဲ့ သတ္တရပါတယ်။ အကုသလောကုသလဿ၊ အကုသလောအဗျာကတဿ၊ မရပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ သတ္တဝါတွေရဲ့သန္တာန်မှာ ကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်နေတဲ့ အခါကာလမှာ ဒီကုသိုလ်စိတ္တုပ္ပါဒ်ဟာ အကုသိုလ်ကို အလေးအမြတ်အာရုံမပြုပါဘူး။ ဒါ့ကြောင့်အကုသလော ကုသလဿ မရပါဘူး။ ထိုနည်းတူစွာ အဗျာကတဆိုင်ရာတရားတွေကလဲ အကုသိုလ်ကို အလေးအမြတ်အာရုံမပြုပါဘူး။ ဒါကြောင့် ဒီ ၂-ချက်မရသဖြင့် သင်္ချာဟာ သတ္တ ဖြစ်ပါတယ်။ ပစ္စည်းရေကြတော့ အာရမ္မဏာဓိပတိ အာရဏူပနိဿယဆိုသဖြင့် အဓိပတိ-ဥပနိဿယ ၂ ပစ္စည်းထင်ထည့်ရပါတယ်။ အာရမ္မဏ က ခေါင်းဆောင်ဖြစ်ခြင်းကြောင့် အာရမ္မဏပစ္စည်းကတော့ အာရမ္မဏမျိုးဟူသမျှာ အမြဲလိုက်ရပါတယ်။ ဒါကြောင့်ပစ္စည်းရေဟာ ၃-ဖြစ်ပါတယ်၊

စာမျက်နှာ (ဌ) ကိုကြည့်လိုက်ပါ။ စာမျက်နှာ (ဌ) မှာ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယပစ္စည်းသရုပ်ခွဲဇယားရယ်လို့ ပြထားပါတယ်။ ပစ္စယုပ္ပန်တရားတွေ ကြည့်လိုက်မယ်ဆိုရင် လောဘမူစိတ်ရှစ်ခု မဟာကုသိုလ် ဉာဏဝိပ္ပယုတ်နဲ့ သမ္ပယုတ် ၂-မျိုးခွဲထားပါတယ်။ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု လောကုတ္တရာစိတ်ရှစ်ခုရယ်လို့ သုဒ္ဓသင်္ချာက ဆိုခဲ့တဲ့အတိုင်း ပစ္စယုပ္ပန်တရားဖြစ်တယ်။

လောဘမူစိတ်ရှစ်ခုဟာ ပစ္စည်းဘက်ကအလေးအမြတ်ပြုအပ်တဲ့ ဣဋ္ဌဖြစ်တဲ့နိပ္ဖန္နရုပ် အဋ္ဌာရသ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီစိတ် ၇၆-ခု၊ ဒေါစတုက်ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ခုကို အလေးအမြတ်အာရုံပြုပါတယ်၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄-ခုက လောကီကုသိုလ် သတ္တရသကို အလေးအမြတ် အာရုံပြုပါတယ်။

မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုက လောကီကုသိုလ် ၁၇-ခု၊ အောက် မဂ် ၃-ခု၊ အောက်ဖိုလ် ၃-ခု၊ နိဗ္ဗာန်ကိုအလေးအမြတ် အာရုံပြုပါတယ်။ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ် ၄-ခုကြတော့ အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြုပါတယ်။ အဲဒီတော့ ဆိုရိုးကလေးကို ပထမဆိုပြီးတော့ကာမှ သင်္ချာသတ္တဘယ်လိုလာရတယ်လို့ဆို တာကိုသရုပ်ခွဲပြပါမယ်။ ဆိုရိုးကလေးပထမဆိုလိုက်ကြပါဦးစို့။

အလေးအမြတ်ပြုတတ်သော လောဘမူ စိတ်ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယ ဝိညာဉ်ကြဉ်သော လောကီစိတ် ၇၆ ခု၊ ဒေါစတုက် ဝိစိကိစ္ဆာကြဉ်သော စေတ သိက် ၄၇ ခု အလေးအမြတ် ပြုတတ်သော မဟာကုသိုလ်ဉာဏ ဝိပ္ပယုတ်စိတ် ၄ ခုအား တတ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရသ။ အလေးအမြတ်ပြုတတ် သော မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄ ခုအား တတ်သောအလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရသ အောက်မဂ် ၃ ခု အောက်ဖိုလ် ၃ ခု နိဗ္ဗာန်။ အလေးအမြတ်ပြု တတ်သော မဟာကြိယာဉာဏ သမ္ပယုတ်စိတ် ၄ ခုအား တတ်သော အလေးအမြတ်ပြုအပ် သော အရဟတ္တမဂ် အရဟတ္တဖိုလ်နိဗ္ဗာန်။ လောကုတ္တရာစိတ်ရှစ်ခုအား တတ်သောနိဗ္ဗာန်။

လောကုတ္တရာစိတ် ၈ ခုကြတော့ အလေးအမြတ် ပြုတတ်သောဆိုတဲ့ ဝိသေသနကို မထည့်တော့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ လောကုတ္တရာစိတ် ၈ ခုဟာ အရိယာပုဂ္ဂိုလ် တွေရဲ့ သန္တာန်မှာဖြစ်ပါတယ်။ ဒီအရိယာပုဂ္ဂိုလ်တွေဟာ မိမိတို့သည် အာရုံပြုအပ်တဲ့ နိဗ္ဗာန်တရားကို ကေန်အလေးအမြတ် အာရုံပြုကြပါတယ်၊ နိဗ္ဗာန်ရဲ့အရသာ နိဗ္ဗာန်ရဲ့ သန္တိသုခ သဘောတွေကို အရိယာပုဂ္ဂိုလ်တွေက ကေန်စင်စစ် သိကြပါတယ်။ ဒါကြောင့် ဒီအာရမ္မဏာ ဓိပတိမှာ လောကုတ္တရာစိတ် ၈ ခုဟာ နိဗ္ဗာန်ကို ကေန်အလေးအမြတ် အာရုံ ပြုပါတယ်။ ကြွင်းကျန်တဲ့ တရားတွေကတော့ ကေန်မဟုတ်ပါဘူး။ အလေးအမြတ်ပြုတဲ့ အခါမှာ ပြုပါလိမ့်မယ်၊ မပြုတဲ့အခါမှာ မပြုပါဘူး။

အဲဒီတော့ ပထမအကွက်မှာ ပစ္စယုပ္ပန်ဟာ လောဘရှိပါတယ်။ လောဘရှိသဖြင့် အကုသိုလ်ဖြစ်ပါတယ်။ ဒီဘက်ကပစ္စည်းကြည့်လိုက်ရင် နိပ္ဖန္နရုပ် အဋ္ဌာရသဆိုတာ အဗျာ ကတဖြစ်ပါတယ်။ လောကီစိတ် ၇၆ ခုထဲက ကုသိုလ် အကုသိုလ် အဗျာကတ ၃ မျိုးရပါ တယ်။ ဒီတော့ ပထမအကွက်အရ အဗျာကတော အကုသလဿ - အကုသလော အကုသ လဿ-ကုသလော အကုသလဿလို့ ၃ ချက်ထွက်ပါလိမ့်မယ်။ နောက်ဒုတိယအချက်မှာ ပစ္စည်း ပစ္စယုပ္ပန် ကုသိုလ်ရှိသဖြင့် ကုသလော ကုသလဿရပါတယ်။ တတိယအချက်မှာကြ

တော့ ပစ္စယုပ္ပန်က ကုသိုလ်ဖြစ်ပါတယ်၊ ပစ္စည်းဘက်က ကုသိုလ်အဗျာကတ ၂ မျိုးရှိသဖြင့် ကုသလော ကုသလဿ-အဗျာကတော ကုသလဿလို့ ၂ ချက်၊ နောက် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ ခုကြတော့ ပစ္စယုပ္ပန်သည် အဗျာကတဖြစ်ပါတယ်။ ပစ္စည်းဘက်က ကုသိုလ် အဗျာကတ ၂ မျိုးရှိပါတယ်၊ ဒါ့ကြောင့် ကုသလော အဗျာကတဿ-အဗျာကတော အဗျာကတဿ၊ နောက်ဆုံးပိတ် လောကုတ္တရာစိတ် ၈ ခုမှာ ကုသိုလ်အဗျာကတ ၂ မျိုးရှိပါတယ်။ နိဗ္ဗာန်ဟာ အဗျာကတဖြစ်ခြင်းကြောင့် အဗျာကတော ကုသလဿ-အဗျာကတော အဗျာကတဿရပါတယ်။ အဲဒီတော့ ကုသလော ကုသလဿအရ ကြည့်လိုက်မယ်ဆိုရင် ပစ္စယုပ္ပန်ဘက်က မဟာကုသိုလ်ဉာဏ ဝိပ္ပယုတ်စိတ် ၄ ခု၊ ပစ္စည်းဘက်ကကြည့်ရင် ကုသိုလ်ရှိပါတယ်။ မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄ ခု ပစ္စယုပ္ပန်အတွက်၊ ပစ္စည်းဘက်ကကြည့်ရင် ကုသိုလ်ရှိပါတယ်။ အောက်မဂ် ၃ ခုလို့ဆိုသဖြင့် အရဟတ္တမဂ်ကြဉ်တဲ့ ကုသိုလ်စိတ် ၁၇ သရပါတယ်၊ ဒီတော့ ကုသလော ကုသလဿရပါတယ်။ ကုသလော အကုသလဿရပါတယ်။ ကုသလော အကုသလဿက ပဌမသရုပ်ခွဲကြခဲ့တဲ့အတိုင်း အထက်ဆုံးအကွက်မှာ ကုသလော အကုသလဿရှိပါတယ်၊ ကုသလော အဗျာကတဿကြတော့ အဗျာကတမှာ မဟာကြိယာဉာဏ သမ္ပယုတ်စိတ် ၄ ခုရှိပါတယ်၊ ပစ္စည်းဘက်က အရဟတ္တမဂ်ဘဲရှိပါတယ်။ ဒါဟာ ကုသလော အဗျာကတဿဖြစ်ပါတယ်၊ အကုသလော အကုသလဿဟာ ပထမဆုံးအကွက်မှာရှိပါတယ်။ အကုသလော ကုသလဿလိုက်ရှာရင် တွေ့ရမယ်မဟုတ်ပါဘူး။ အကုသလော အဗျာကတဿလဲ တွေ့ရမယ်မဟုတ်ပါဘူး။ အကုသိုလ်သည် ပထမဆုံးအကွက်မှာသာလျှင်ရှိပါတယ်။ အဗျာကတော အဗျာကတဿကြတော့ ပစ္စည်းဘက်က အရဟတ္တဖိုလ် နိဗ္ဗာန်၊ ပစ္စယုပ္ပန်ဘက်က မဟာကြိယာဉာဏ သမ္ပယုတ်စိတ် ၄ ခုရှိပါတယ်။ ပစ္စည်းဘက်က နိဗ္ဗာန်နဲ့ ဖိုလ် ၄ ခုရှိပါတယ်။ အဗျာကတော ကုသလဿကြတော့ အောက်ဖိုလ် ၃ ခု နိဗ္ဗာန်ပစ္စည်းဘက်ကရှိပါတယ်။ ပစ္စယုပ္ပန်ဘက်က မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄ ခုရှိပါတယ်။ အောက်ဆုံးကွက်က နိဗ္ဗာန်ဟာ အဗျာကတ၊ လောကုတ္တရာစိတ် ၈ ခုထဲက မဂ် ၄ ခုဟာ ကုသိုလ်ဖြစ်ပါတယ်၊ အဗျာကတော အကုသလဿကြတော့ ပထမဆုံးအကွက်မှာသာလျှင်ရှိပါတယ်၊ ဒါကို သရုပ်ခွဲလိုက်ရင် အကောက်ရဲ့ကိစ္စပြီးသွားပါလိမ့်မည်။ ဒီတော့ ၎င်းအာရမ္မဏာဓိပတိရဲ့ သုဒ္ဓသင်္ချာ အရ သင်္ချာ သတ္တရပါတယ်။

အဲဒီသင်္ချာသတ္တအတွက် စာမျက်နှာ(၈)က ပါဠိကို ဆိုရပါလိမ့်မယ်၊ အာရမ္မဏာဘုံးကတော့ အာရမ္မဏ-လို့ ဆိုခဲ့ပါတယ်။ ဒီနေရာမှာ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ ၂ မျိုးနဲ့ဆိုင်သဖြင့် ဂရုံကတွာ-လို့ဆိုတဲ့ အဓိပတိ အသံကလေးနဲ့ အလေးအမြတ်ပြုတာကို ထည့်ပြီး ဆိုရပါလိမ့်မယ်။ ဒီလိုဆိုပြန်တော့ လက်သဲကွင်းပြထားတဲ့ နေရာတွေကိုသာလျှင် ဆိုရပါတယ်။ ဒါထက်တိုးပြီး မဆိုရပါဘူး။ ဘာ့ကြောင့်? ကြွင်းကျန်တဲ့ ပါဠိတွေဟာ အာရမ္မဏာဓိပတိနဲ့ မဆိုင်ပါဘူး၊

## ကုသလော ကုသလဿ

ကုသလောဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိ ပစ္စယေနပစ္စယော။ အာရမ္မဏာဓိပတိ။ (အာရမ္မဏာ ဓိပတိလို့ဆိုတဲ့ အသံကလေးကိုဆိုပါ။ ဘာ့ကြောင့်? အဓိပတိသည် အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိရယ်လို့ ၂ မျိုးရှိပါတယ်၊ သဟဇာတာဓိပတိအတွက် သဟဇာတ အငယ်ကြတော့ လာပါလိမ့်မယ်။ ဒါ့ကြောင့် အာရမ္မဏာဓိပတိမှန်းသိအောင် အာရမ္မဏာဓိပတိ အသံကလေးနဲ့ဆိုပါ။ အာရမ္မဏာဓိပတိလို့ ဆိုသဖြင့် အာရမ္မဏူပနိဿယော လို့ဆိုတဲ့ ကိစ္စလဲဘဲပြီးသွားပါတယ်။ အတူတူပါဘဲ)။

(ကု-ကု) "ကုသလောဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ အာရမ္မဏာ ဓိပတိ-ဒါနံဒတွာ သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာ တံဂရုံကတွာ ပစ္စဝေက္ခတိ။ (ဂရုံကတွာကလေးကို လက်သဲကွင်းနဲ့ ပြပြီးထားပါတယ်) ပုဗ္ဗေသုစိဏ္ဏာနိ ဂရုံကတွာ ပစ္စဝေက္ခတိ။ ဈာနာဝုဋ္ဌဟိတွာ ဈာနံဂရုံကတွာ ပစ္စဝေက္ခတိ။ သေက္ခာဂေါတြဘုံ ဂရုံကတွာပစ္စဝေက္ခန္တိ။ ဝေါဒါနံ ဂရုံကတွာ ပစ္စဝေက္ခန္တိ။ သေက္ခာ မဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံဂရုံကတွာ ပစ္စဝေက္ခန္တိ"။

လက်သဲကွင်းကလေးရဲ့ ကိစ္စကုန်သွားပါပြီ။ ကုန်သွားရင် အာရမ္မဏာ ဓိပတိရဲ့ပါဠိလဲ ကုန်သွားပါပြီ၊ အောက်ပိုင်းဖြစ်တဲ့ အနိစ္စတော ဒုက္ခတော အနတ္တတောတွေဟာ မဆိုင်ပါဘူး။ ဒါ့ကြောင့် အောက်ပိုင်းဆိုင်ရာ ပါဠိတွေကို ဆိုစရာမလိုတော့ပါဘူး။

သူ့ရဲ့ အရကောက်ကလေးက ပစ္စဝေက္ခန္တိ တွေလာသဖြင့် မဟာကုသိုလ်စိတ်၈ခုဘဲ ရှိပါတယ်။ ပစ္စည်းဘက်က အရဟတ္တမဂ်ကြဉ်တဲ့ ကုသိုလ်စိတ် ၂၀-ရပါတယ်။ အဲဒီအရကောက်ဟာ စာမျက်နှာ(ည) မှာရှိပါတယ်။

**ကုသလော ကုသလဿနှ်**-ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား အလေးအမြတ် ပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်၂ဝသ၊ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရားရ၏၊ ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အလေး အမြတ် ပြုတတ်သော မဟာကုသိုလ်စိတ် ၈ ခု စေတသိက် တေတ္တိံသ ပစ္စယုပ္ပန်တရားရ၏။

တနည်းကားအတွက် ခုနက စာမျက်နှာ (၄)က ပြောခဲ့တာတွေ ကြည့်ရပါတယ်၊ ကြည့်လိုက်ရင် ဒုတိယ တတိယ ၂ ကွက်ဘဲရှိပါတယ်၊ **တနည်းကား** အလေးအမြတ် ပြုတတ်သော မဟာကုသိုလ်ဉာဏ ဝိပ္ပယုတ်စိတ် ၄ ခုအားဘတ်သော အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသ။ အလေးအမြတ်ပြုဘတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ခုအားတတ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ အောက် မဂ် ၃ ခု ပစ္စည်းတရားရ၏။

သမ္ပဒါန်ကြတော့ ခုနကဆိုခဲ့တဲ့အတိုင်းဘဲ ဆိုရပါတယ်။ မဟာကုသိုလ်စိတ် ၈ခုဘဲ ရပါလိမ့်မယ်။ ကရိုဏ်းအတွက် လက်သဲကွင်းကလေးနဲ့ ပြထားတာက တပြိုင်နက်ရပါတယ်။ တပြိုင်နက်ရတယ်ဆိုတာ အာရမ္မဏာ ဓိပတိ ပစ္စည်းပစ္စယုပ္ပန် အပြည့်အစုံရပါတယ်။ အာ

ရမ္မဏူပနိဿယ အပြည့်အစုံရပါတယ်။ အာရမ္မဏကတော့ ခေါင်းဆောင်ဖြစ်ခြင်းကြောင့် ပြောစရာမရှိပါဘူး။ အာရမ္မဏတိုးက ယထာရဟတွေဟာက ပစ္စည်းပစ္စယုပ္ပန် အပြည့်အစုံ မရခြင်းကြောင့် ယထာရဟဆိုရပါတယ်၊ ဒီမှာအပြည့်အစုံရပါတယ်။

ကုသလဿဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်စိတ် ၈ ခု၊ စေတသိက်တွေ၃၈ သ ပစ္စယုပ္ပန်တရားရ၏။ အဓိပတိ ပစ္စယေန ဟူသော **ကရိဏ်း**ပါဌ်၏ အရကား တပြိုင်နက် တတ်ကောင်းသော အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ဤ-၃-ပစ္စယ သတ္တိတို့တွင် အာရမ္မဏာဓိပတိ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ကုသလော ကုသလဿကိစ္စပြီးသွားပါပြီ၊ ကုသလော အကုသလဿအတွက် ပါဠိ ဟာစာမျက်နှာ (စ) မှာရှိပါတယ်။ လက်သဲကွင်းကလေး ပြထားဘာကိုသာ ဆိုရပါလိမ့်မယ်။ အကုသိုလ်လို့ဆိုတော့ ပစ္စယုပ္ပန်တရားဟာ လောဘမူစိတ် ၈-ခုဘဲရှိပါတယ်။ လောဘမူစိတ် ၈-ခုရှိတော့ "အဿာဒေတိ၊ အဘိနန္ဒတိ" လို့ ရာဂနဲ့ဒိဋ္ဌိသာရပါတယ်၊ ရာဂနဲ့ ဒိဋ္ဌိသာလောဘမူနဲ့ဆိုင်ပါတယ်၊ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ ဒေါမနဿတွေဟာ မဆိုင်ပါဘူး။ အဲဒါကြောင့် ရာဂနဲ့ဒိဋ္ဌိကိုသာဆိုရပါတယ်။

## ကုသလော အကုသလဿ

(ကု-အကု) ကုသလောဓမ္မော အကုသလဿဓမ္မဿ အဓိပတိပစ္စယေနပစ္စယော။ အာရမ္မဏာဓိပတိ-ဒါနံဒတွာ သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာတံ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံကတွာ ရာဂေါဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ ပုဗ္ဗေသုစိဏ္ဏာနိ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံကတွာ ရာဂေါဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ ဈာနာဝုဋ္ဌဟိတွာ ဈာနံ ဂရုံကတွာအဿာဒေတိ အဘိနန္ဒတိ၊ တံဂရုံကတွာ ရာဂေါဥပ္ပဇ္ဇတိဒိဋ္ဌိဥပ္ပဇ္ဇတိ။

ဒီမှာလဲ သူ့ပါဠိကလေးကြည့်လိုက်မယ်ဆိုရင် ဒါနံ စသည်တွေက ကာမဘဲ၊ ဈာနာ ဝုဋ္ဌဟိတွာကမဟဂ္ဂုတ်ဘဲ။ ကာမနဲ့မဟဂ္ဂုတ် ပေါင်းလိုက်ရင် လောကီကုသိုလ်ရပါတယ်။ ပစ္စယုပ္ပန်ဘက်က ရာဂဒိဋ္ဌိလို့ဆိုတာ လောဘမူစိတ် ၈-ခုဖြစ်ပါတယ်။ အဲဒီတော့ပစ္စည်း ကလောကီကုသိုလ်နဲ့ ပစ္စယုပ္ပန်က လောဘမူစိတ် ၈-ခု ဒါဘဲရမှာပါဘဲ၊ အရကောက်ကို စာမျက်နှာ(ည)မှာကြည့်ပါ။

**ကုသလော အကုသလဿ**-ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အလေးအမြတ်ပြုအပ်သောလောကီကုသိုလ် သတ္တရသ စေတသိက် အဋ္ဌတိံသပစ္စည်းတရားရ၏။ အကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခု၊ စေတသိက်ဗာဝီသ ပစ္စယုပ္ပန်တရားရ၏။ (ကရုဏာကာလ နာခံကွေသာ လျှင်ဖြစ်ခြင်းကြောင့် ဒီ ၃ ပစ္စည်းဘဲရပါတယ်)။အဓိပတိပစ္စယေနဟူသော **ကရိဏ်း** ပါဌ်၏ အရကား တပြိုင်နက်တတ်ကောင်းသောအာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ဤ ၃-ပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ကုသလောအဗျာကတသအတွက် စာမျက်နှာ(၄၅)ကို ကြည့်လိုက်ရင်ပစ္စည်းဘက်က အရဟတ္တမဂ်ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်က မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခုရှိပါတယ်။ ဒါဘဲရတော့ ဒီပါဠိကလေးဘဲလာပါတော့မယ်။

**ကုသလော အဗျာကတဿ**

**(ကု-ဗျာ)** ကုသလောဓမ္မော အဗျာကတဿဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ-အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံဂရုံကတွာ ပစ္စဝေက္ခတိ။

အရကောက်ကလဲ ဒီတရားဘဲရပါတယ်။ **ကုသလော အဗျာကတဿ၌**၊ ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ် ပစ္စည်းတရားရ၏။ အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု စေတသိက် ၃၃-သ ပစ္စယုပ္ပန်တရားရ၏။ (ကရိုဏ်းကလဲအတူတူပါဘဲ) အဓိပတိပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် တတ်ကောင်းသောအာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ဤ ၃-ပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသလော အကုသလဿကြတော့ ပစ္စည်းကလဲလောဘမူ၊ ပစ္စယုပ္ပန်ကလဲ လောဘမူဖြစ်ပါတယ်။ အဲဒါကြောင့်ရာဂနဲ့ဒိဋ္ဌိ ဒီ ၂ မျိုးကိုသာလျှင် ဟောပါလိမ့်မယ်။ စာမျက်နှာ (၈)မှာကြည့်ပါ။

**အကုသလော အကုသလဿ**

**(အကု-အကု)** အကုသလောဓမ္မော အကုသလဿဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ-ရာဂံဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ ဒိဋ္ဌိံ ဂရုံကတွာအဿာဒေတိ အဘိနန္ဒတိ၊ တံဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ။

အရကောက်ကလွယ်ပါတယ်။ **အကုသလော အကုသလဿ၌** အကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အလေးအမြတ်ပြုအပ်သော လောဘမူစိတ်ရှစ်ခု ပစ္စည်းတရားရ၏။ အကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု၊ စေတသိက်ဗာဝီသ ပစ္စယုပ္ပန်တရားရ၏။ အဓိပတိပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသောအာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ ဤ ၃-ပစ္စယသတ္တိတို့တွင် အာရမ္မဏာဓိပတိ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ပြီးတော့အဗျာကတော အဗျာကတဿအတွက် သရုပ်ခွဲဇယားစာမျက်နှာ (၄၅) ကို ကြည့်လိုက်ရင် ပစ္စယုပ္ပန်မှာ မဟာကြိယာ ဉာဏသမ္ပယုတ် အဗျာကတတွေပါလိမ့်မယ်။ ပစ္စည်းဘက်က အရဟတ္တဖိုလ်နိဗ္ဗာန်တွေ့မယ်။ အောက်ပိုင်းလောကုတ္တရာစိတ် ရှစ်ခုထဲက ဖိုလ်၄ှုပါတယ်။ ပစ္စည်းကနိဗ္ဗာန်ရှိပါတယ်။ ဒါဘဲရပါတယ်၊ အဲဒီတရားအတွက် ပါဠိတော်

ကဒိအတိုင်းဘဲ ထုတ်ပါတယ်။ စာမျက်နှာ(၄)ကိုကြည့်ပါ။ အဗျာကတော အဗျာကတဿ မှာကြည့်ပါ။

## အဗျာကတော အဗျာကတဿ

(**ဗျာ - ဗျာ**) အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော၊ အာရမ္မဏာဓိပတိ-အရဟာဖလံ ဂရုံကတွာ ပစ္စဝေက္ခတိ၊ နိဗ္ဗာနံ ဂရုံကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အဓိပတိ ပစ္စယေန ပစ္စယော။

စာမျက်နှာ (ည) မှာ အရကောက်ကိုကြည့်ပါ၊ **အဗျာကတော အဗျာကတဿ၌** အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏ သမ္ပယုတ်စိတ် ၄ ခုအားတတ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တဖိုလ် နိဗ္ဗာန် ဖိုလ် ၄ ခုအား တတ်သောနိဗ္ဗာန် ပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် ၄ ခု၊ ဖိုလ် ၄ ခု၊ စေတသိက်ဆတ္တို့သ ပစ္စယုပ္ပန်တရားရ၏။ အဓိပတိ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကား တပြိုင်နက်တတ်ကောင်းသော အာရမ္မဏ, အာရမ္မဏာ ဓိပတိ, အာရမ္မဏူပနိဿယ-ဤ ၃-ပစ္စယ သတ္တိတို့တွင် အာရမ္မဏာဓိပတိ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အဗျာကတော ကုသလဿအတွက် စာမျက်နှာ (၄) အရကောက်ဇယားကို ကြည့်ရင် တတိယအကွက်က မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄ ခုအား တတ်သော အောက်ဖိုလ် ၃ ခု နိဗ္ဗာန်, ပြီးတော့ မဟာကြိယာ ဉာဏသမ္ပယုတ် ၄ ခုနဲ့ မဆိုင်ပါဘူး။ လောကုတ္တရာထဲက မဂ်ရှိပါတယ်။ ပစ္စည်းက နိဗ္ဗာန်ရှိပါတယ်။ အဲဒီတော့ ပစ္စယုပ္ပန်က မဟာကုသိုလ် ဉာဏသမ္ပယုတ်နဲ့ မဂ်ရှိပါတယ်။ ပစ္စည်းတရားက အောက်ဖိုလ် ၃ ခုနဲ့ နိဗ္ဗာန် ရပါတယ်။ အဲဒါကလေးအတိုင်းပင် ပါဠိကလဲ ထွက်လာပါလိမ့်မယ်။

## အဗျာကတော ကုသလဿ

(**ဗျာ-ကု**) အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ-သေက္ခာ ဖလံ ဂရုံကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂရုံကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ၊ ဝေါဒါနဿ၊ မဂ္ဂဿ အဓိပတိ ပစ္စယေန ပစ္စယော။

အရကောက်ကလဲ ခုနကပြောခဲ့တဲ့အတိုင်းပါဘဲ။ **အဗျာကတော ကုသလဿ၌** အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄ ခုအားတတ်သော အလေး အမြတ်ပြုအပ်သော အောက်ဖိုလ် ၃ ခု နိဗ္ဗာန်၊ မဂ် ၄ ခုအားတတ်သော နိဗ္ဗာန်ပစ္စည်းတရားရ၏၊ ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ် ၄ ခု၊ မဂ် ၄ ခု၊ စေတသိက်ဆတ္တို့သ ပစ္စယုပ္ပန်တရားရ၏၊ အဓိပတိ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကား တပြိုင်နက်တတ်ကောင်းသော အာရမ္မဏ, အာ

ရမ္မဏာ ဓိပတိ, အာရမ္မဏူပနိဿယ ၏ ၃-ပစ္စယ သတ္တိတို့တွင် အာရမ္မဏာဓိပတိ သတ္တိ ဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အဗျာကတော အကုသလဿ သရုပ်ခွဲကိုကြည့်လိုက်ရင် ပစ္စယုပ္ပန်က လောဘမူစိတ်ဘဲရှိပါတယ်။ ပစ္စည်းဘက်ဆိုင်ရာက နိပ္ဖန္နရုပ်တွေရှိပါတယ်။ လောကီစိတ် ၇၆ ခုထဲက လောကီဝိပါက်ကြိယာရပါလိမ့်မယ်။ အဲဒီလောကီဝိပါက် ဗာတ္တိံသထဲကလဲ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်ထားသဖြင့် ဧကတိံသရပါလိမ့်မယ်၊ ဒီအတွက် ပါဠိထွက်ပါ့လိမ့်မယ်။

## အဗျာကတော အကုသလဿ

**(ဗျာ-အကု)** အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ-စက္ခုံ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ၊ (အဲဒါက ရုပ်ဆိုင်ရာပါ) ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒာတိ၊ တံ ဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိဥပ္ပဇ္ဇတိ။

အရကောက် ပစ္စယုပ္ပန်က လောဘမူစိတ် ၈ ခုရှိပါတယ်။ ပစ္စည်းတရားတွေက ခုနက ပြောခဲ့တဲ့ ရုပ်တွေနဲ့ ဝိပါက်ကြိယာတွေ ရပါတယ်။

**အဗျာကတောအကုသလဿ၌** အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား အလေးအမြတ်ပြုအပ်သော ဇာတရုပ်ဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီဝိပါက် ဧကတိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်ပဉ္စတိံသ ပစ္စည်းတရားရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈ ခု၊ စေတသိက်ဗာဝီသ ပစ္စယုပ္ပန်တရားရ၏။

ကရိုဏ်းကြတော့ တပြိုင်နက် လိုချင်ရင် အထက်ကပြောခဲ့တဲ့အတိုင်း (၃)ပစ္စည်းဘဲရပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ ယထာရဟအနေနဲ့ လိုချင်ရင် အာရမ္မဏရှစ်မျိုးတုံးက ကောက်ခဲ့တဲ့အတိုင်း ရှစ်ပစ္စည်းကို ကောက်ရပါတယ်၊တပြိုင်နက်ကတော့ ဒီ(၃)ပစ္စည်းဘဲရပါတယ်။ ကြွင်းကျန်တဲ့ (၅) ပစ္စည်း ကယထာရဟ အနေနဲ့ လာဝင်ပါတယ်။ ဒီတော့ ဒီ-(၈)ကလေး အတွက် ယထာရဟ ဘဲဆိုကြပါစို့။

အဓိပတိ ပစ္စယေနဟူသော **ကရိုဏ်း**ပါဠိ၏ အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော အာရမ္မဏ, အဓိပတိ, နိဿယ, ဥပနိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ,အတ္ထိ, အဝိဂတ-၏ရှစ်ပစ္စယသတ္တိတို့တွင် အာရမ္မဏာ ဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

အာရမ္မဏာ ဓိ ပ တိ ရဲ့ ကိစ္စပြီးသွားပါပြီ။ နောက်အပတ်ကြခဲ့လို့ရှိရင် အာရမ္မဏ ပုရေဇာတတို့ ဝတ္ထုတို့ အာပုမိတို့ ဝတ္ထုဓိတို့ အားလုံးကုန်, ကုန်စရာ အကြောင်းရှိပါ တယ်။

## အဓိပ္ပါယ်

အရင်အပတ်က ''သေက္ခာ မဂ္ဂါဝုဋ္ဌဟိတ္ဝာ မဂ္ဂံ ပစ္စဝေက္ခန္တိ''ဆိုတဲ့ နေရာမှာ မဂ်အကြောင်းကိုဘဲ ပြောရပါသေးတယ်။ ပစ္စဝေက္ခန္တိလို့ဆိုတဲ့ ပစ္စဝေက္ခဏာတွေကို မပြောရသေးပါဘူး။ မဂ်ရမှုလို့ဆိုတာဟာ ဧကန်စင်စစ် မဂ်ရတဲ့ပုဂ္ဂိုလ်အတွက် ပဋ္ဌာန်းပါဠိတော်မှာ ဟောပြီးထားပါတယ်။ ဒါပေတဲ့ တစုံတယောက်သော ပုဂ္ဂိုလ်က မိမိမဂ်ရနေပြီ ဒါမှမဟုတ် ရဟန္တာဖြစ်နေပြီ။ ''ခီဏာဇာတိ ဝုသိတံဗြဟ္မစရိယံ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ''ဆိုပြီး ရဟန္တာဖြစ်ကြောင်းကို ပြောကြတဲ့အတိုင်း ကျွန်ုပ်သည် ပဋိသန္ဓေနေမှု ကုန်ခမ်းခဲ့ပါပြီ မြတ်သော သာသနာ့ဗြဟ္မစရိယကို ကျင့်သုံးခဲ့ပြီးပါပြီ၊ ပြုသင့်ပြုထိုက်တဲ့ မဂ်ကိစ္စတွေကိုလဲ ပြုခဲ့လို့ပြီးပါပြီ၊ ထိုမဂ်ကိစ္စမှတပါး တပါး တခြားသော ကိစ္စတွေ သူ့မှာ ပြုဘွယ်မရှိတော့ပါဘူးလို့ဆိုတဲ့ ရဟန္တာဖြစ်ကြောင်းကို ပြောကြားတဲ့စကားရပ်တွေ အရိယာဖြစ်ကြောင်းလို့ ပြောကြားတဲ့ စကားရပ်တွေ လာပြောခဲ့လို့ရှိရင်ဒီပုဂ္ဂိုလ်ကို မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်က ဆဗ္ဗိသောဓနသုတ်မှာ ဘယ်လိုပြောထားသလဲ? အဲဒီလိုလာပြီး ပြောခဲ့လို့ရှိရင် အင်မတန်သဘောတူတဲ့ သဘောမျိုးနဲ့ နှစ်သက်မှုလဲ မရှိလိုက်ပါနဲ့အုံး၊ မကြိုက်တဲ့သဘောမျိုးနဲ့ ကန့်ကွက်မှုလဲ မသုပ်လိုက်ပါနဲ့ဦးဘဲ့၊ ဘယ်လိုလုပ်ရမလဲ။ မဂ်ရတယ် ဖိုလ်ရတယ်လို့ လာပြောခဲ့လို့ရှိရင် ဒီပုဂ္ဂိုလ်ကို စစ်ဆေးကြည့်ပါဦးတဲ့။ စစ်ဆေးကြည့်ဘို့ကို ဥပရိပဏ္ဏာသ ဆဗ္ဗိသောဓနသုတ် အဋ္ဌကထာက အကျဉ်းချုပ်ကလေးပြထားပါတယ်။ ဘယ်လိုစစ်ဆေးရမလဲ? ''**ကိံ တေ အဓိဂတံ**'' မင်းဘာတွေရတာလဲ။ တစုံတယောက်သော ပုဂ္ဂိုလ်က သူဈာန်ရတယ် မဂ်ရတယ် ဖိုလ်ရတယ် ပြောခဲ့လို့ရှိရင် သူ့အပြောနဲ့ သူ့ကိုသွားပြီး အရိအသေမပြုနဲ့ဦး၊ တစုံတရာလျှုဒါန်းခြင်း စသည်ကိုမပြုနဲ့ဦး၊ ဘယ့်နဲ့မေးရမလဲ။ သူရတာဟာဘာလဲ၊ ဈာန်ရတာလား၊ မဂ်စသည့်ဘို့တွင် တပါးပါးရသလားလို့ မေးရမယ်။ ဒီတော့ အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာက မိမိတို့ တကယ်ရခဲ့လို့ရှိရင် မိမိတို့တကယ်ရထားတဲ့ ဈာန်တရား မဂ်တရားဖိုလ်တရားတွေဟာ သူတို့မှာ အင်မတန်ထင်ရှားမှာဘဲ။ အဲဒီလိုထင်ရှားတော့ မိမိတို့ဟာ ဘယ်ဈာန်တရားရပါတယ်၊ ဘယ်မဂ်တရားရပါတယ်၊ ဘယ်ဖိုလ်တရားရပါတယ်လို့ ပြောနိုင်ရလိမ့်မယ်တဲ့။ အဲဒီလိုပြောနိုင်တဲ့အတိုင်း ပြန်ပြီးပြောလိုက်ပါပြီတဲ့။ ပြောတော့ ဒါနဲ့ ကျေနပ်နေရရောလားဆိုတော့ မဟုတ်သေးဘူး။ ထပ်ပြီးမေးအုံး။ ''**ကိန္တိ တေ အဓိဂတံ**'' မင်းဘယ်လိုလုပ်ရတာလဲလို့ဆိုတာဟာ မဂ်ဖိုလ်ရတယ်လို့ဆိုရင် မဂ်ဖိုလ်ရကြောင်းဖြစ်တဲ့ အနိစ္စစတဲ့ လက္ခဏာစသည်တို့တွင် မည်သည့်တရားမျိုးကို သင်အကြီးအမှူးပြုပြီး စီးဖြန်းခဲ့သလဲ၊ ၃၈-ပါးသော အာရုံတွေရှုံခဲ့တယ်။ ပြီးတော့ ရုပ်နာမ်အဇ္ဈတ္တဗဟိဒ္ဓစသည် တွေဖြစ်တဲ့တရားတွေကို ဘယ်တရားကို အကြောင်းပြုပြီး နှလုံးသွင်းခဲ့သလဲလို့ မေးရမယ်၊ အဲဒီလိုမေးလိုက်တဲ့အခါမှာ ဒီပုဂ္ဂိုလ်ဟာ တကယ်မဂ်ရဖိုလ်ရဖြစ်ခဲ့လို့ရှိရင် သူနှလုံးသွင်းခဲ့တဲ့ တရားတွေဟာ သူ့မှာ အင်မတန် ထင်ရှားပါတယ်။ ထင်ရှားတော့ ဒီတရားတွေကို နှလုံးသွင်းပါတယ်လို့ ပြန်ဖြေရလိမ့်မယ်။ ဒါနဲ့ ကျေနပ်ရရောလားဆိုတော့လဲ မဟုတ်သေးဘူး။ ဘယ်လိုထပ်မေးရမလဲ။ ''**ကဒါ တေ အဓိဂတံ**''ကောင်းပြီ၊ ဒါဖြင့်ရင် မင်းမဂ်ရတယ်ဆိုတာ ဘယ်အချိန်က

ရတာလဲ။ မနက်အချိန်က ရတာလား မွန်းတဲ့အချိန်က ရတာလား။ ဒါမှမဟုတ် ဘယ်အချိန်လဲ၊ ညနေအချိန်ရတာလား၊ သူသိရမယ်။ ဒီလိုမေးလိုက်တဲ့အခါမှာ တကယ်မဂ်ရတဲ့ပုဂ္ဂိုလ်များကြတော့ မိမိတို့ဘယ်အချိန်က မဂ်ရတယ်လို့ဆိုတာကို အင်မတန် ထင်ထင်ရှားရှားကြီး သိနိုင်ကြပါတယ်။ သိနိုင်ကြတော့ မိမိတို့ရခဲ့တဲ့အချိန် ဘယ်အချိန်မှာ ရပါတယ်လို့ အတိအကျ ဖြေနိုင်ကြပါတယ်။ အဲဒါနဲ့ မကြေနပ်နဲ့ဦး၊ ဘယ်လိုထပ်မေးရမလဲ။ "**ကတ္ထ ဝေ အဓိဂတံ**"ကောင်းပြီ၊ မင်းဒီအချိန်မှာရ ဘယ်လို့ဆိုရင် မင်းဘယ်နေရာမှာရသလဲ။ မင်းနေ့နေတဲ့အခါကာလမှာ ရသလား၊ ညနေတဲ့အခါကာလမှာရသလား။ ဘယ်နေရာမှာရသလဲလို့ မေးမြန်းလိုက်တဲ့အခါ တကယ်ရခဲ့လို့ရှိရင် မိမိနေရာဌာနကို သိရမှာပေါ့။ ဘယ်နေရာဌာနမှာရတယ်လို့ ဖြေနိုင်ရမယ်။ တဖန်ထပ်မံပြီး ကဲကောင်းပြီ မင်းမဂ်ရတယ်လို့ဆိုရင် "**ကတမေ တေ ကိလေသာ ပဟီနာ**"မင်းမဂ်ရခဲ့လို့ရှိရင် မင်းရတဲ့ မဂ်တွေဟာ ဘာကိလေသာတွေကို ပယ်ခဲ့သလဲ။ ဒါတွေရဲ့အကျယ်ကို "ပဟီနေ ကိလေသေပစ္စဝေက္ခန္တိ၊ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ"မှာ ပြောပြပါ့မယ်။ မဂ်ရလာခဲ့သို့ရှိရင် ဒီမဂ်က ဒီကိလေသာတွေကိုပယ်တယ်။ သောတာပတ္တိ မဂ်ရလာတယ်ဆိုရင် မင်းရတဲ့ သောတာပတ္တိ မဂ်ကဘယ်လိုကိလေသာမျိုးတွေကို ပယ်သလဲ။ သကဒါဂါမိ မဂ်စသည်တွေကကော ဘယ်ကိလေသာတွေကို ပယ်သလဲဆိုတာကို မဂ်ရတဲ့ ပုဂ္ဂိုလ်တိုင်း (ဒါပေတဲ့ ချွင်းချန်ချက်ကလေးက၊ ပဏ္ဏာသမှာ မဟာနာမ်မင်းသားကြီးကြတော့ မိမိပယ်ခဲ့တဲ့ ကိလေသာ ကြွင်းကျန်တဲ့ ကိလေသာကို မသိလို့ ဘုရားလာပြီး လျှောက်တဲ့အကြောင်းကို ပဟီန ကိလေသာ စသည်တွေမှာ ပြောပြပါ့မယ်။ ဒါကသဲ ဝိဋကတ်သုံးပုံမှာ မိမိပယ်ခဲ့တဲ့ ကိလေသာတွေကို မသိတာဟာ မဟာနာမ်မင်းသားကြီး တယောက်ဘဲရှိပါတယ်။ ဒီအပြင် ပုဂ္ဂိုလ်တွေ အကြောင်းထည့်ပြီး မဟောပါဘူး) မိမိတို့ပယ်ခဲ့ဘဲ့ ကိလေသာတွေဟာ ဒီမဂ်ရတဲ့ ပုဂ္ဂိုလ်တွေမှာ အင်မတန် ထင်ရှားပါတယ်။ ထင်ရှားတော့ ဘယ်ကိလေသာတွေကို ပယ်ခဲ့တယ်၊ ဘယ်ကိလေသာတွေဟာ ကြွင်းကျန်ပြီး နေဘယ်ဆိုတာကို ဒီပုဂ္ဂိုလ်တွေ ကောန်သိနိုင်ပါတယ်၊

ဒါတင်ကျေနပ်မနေသေးဘဲနဲ့ "**ကတမေသံ တွံ ဓမ္မာနံ လာဘီ**" ကောင်းပြီ၊ ဒီလိုဆိုရင် ဘယ်မဂ်ရသလဲ၊ မင်းရတာ သောတာပတ္တိမဂ်လား၊ သကဒါဂါမိ မဂ်စသည် တပါးပါးလားလို့မေးပါ။ အဲဒီတော့ကာ မဂ်ရတဲ့ ပုဂ္ဂိုလ်ဆိုရင် မိမိတို့ရတဲ့ မဂ်ဟာ အင်မတန် ထင်ရှားတယ်၊ ပြီးတော့ ဘာစင်းစားရမလဲဆိုရင် မဂ်ရမှု ဖိုလ်ရမှုလို့ဆိုတာ သူတပါးက ဆုံးဖြတ်ပေးနေစရာ လုံးဝမလိုပါဘူး။ သူတပါးပြောမှ မဟုတ်ပါဘူး။ မဂ်ရမှုဟာသူတပါးနဲ့ လုံးဝမဆိုင်ပါဘူး။ ဘာဖြစ်လို့လဲလို့ဆိုတော့ အနမတဂ္ဂသံသရာဘလျှောက်လုံး ဘယ်တုံးကမှ အာရုံမပြုခဲ့ရဘူးတဲ့ သန္တိသုခ သဘောဆိုတဲ့ ပရမတ္ထနိဗ္ဗာန်ဘရားကြီးကို မြင်ရတယ်၊ မဂ်ရတဲ့ ပုဂ္ဂိုလ်ဟာ မျက်မှောက်ပြုရဘယ်၊ ဥပမာအားဖြင့် ကောင်ကင်ပြင်မှာ လပြည့်နေ့အခါ ထွက်လာတဲ့ လပြည့်ဝန်းကြီးကို မိမိဘို့ရဲ့ ပဘတိမျက်စိနဲ့ ဒိဋ္ဌပစ္စက္ခမြင်ရသလို မဂ်သည် အာရုံပြုအပ်တဲ့ မဂ်ရဲ့ အာရုံဖြစ်တဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ်လေးပါးဆိုတဲ့ ဓမ္မစက္ခုနဲ့ ဒိဋ္ဌပစ္စက္ခမြင်ရ မျက်မှောက်ပြုရ၍ ဖြစ်ပါတယ်၊

ဒီတော့ မဂ်ရတယ်ဆိုတာ ရဟဲ့ပုဂ္ဂိုလ်တွေမှာ အင်မတန်ထင်ရှားတယ်။ သာမည အထက်တန်းဖြစ်တဲ့ ရဟန်းပုဂ္ဂိုတ်တွေ့,တပါးတခြားသော ပုဂ္ဂိုလ်တွေမဆိုနဲ့ သုပ္ပဗုဒ္ဓဆိုတဲ့ အနူကြီးသော်မှ မိမိမဂ်ရလာတဲ့အခါမှာ မဂ်ရကြောင်းသိပါတယ်။ သုပ္ပဗုဒ္ဓဆိုတဲ့ အနူကြီးဟာ သူက အနူဖြစ်နေတော့ မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါမှာ လူတွေက အင်မတန်များတော့ တစုံတရာ စားစရာသောက်စရာများ ရလိမ့်မည်လားလို့ သွားတယ်။ ဟိုမှာ ဘုရား တရားဟောနေတာ တွေ့တော့ ငါလဲကြိုဘဲ့အခါ တရားနာဦးမှဘဲရယ်လို့ ပရိသတ် အစွန်နားကင်တယ်။ ပရိသတ်နားမကပ်ဝံ့ဘူး၊ သူကအနူဖြစ်နေတာကိုး။ အဲဒီလို ပရိသတ် အစွန်နားက တရားနာတယ်။ တရားနာလို့ တရားဟောလို့ ပြီးသွားတော့ ဘာဖြစ်သွားသလဲ၊ သောတာပန်ဖြစ်သွားတယ်၊ သောတာပန် ဖြစ်သွားတာနဲ့ တပြိုင်နက် ဒီသုပ္ပဗုဒ္ဓကြီးဟာ မိမိရတဲ့ သောတာပတ္တိမဂ်ရဲ့ဂုဏ်ကို မြတ်စွာဘုရားကို အင်မတန်လျှောက်ထားချင်တယ်။ အင်မတန်လျှောက်ထားချင်ပေမဲ့ သူက အနူကြီးဖြစ်နေဘော့ ပရိသတ်အလယ်မှာ မဝင်ဝံ့ဘူး။ ဒါနဲ့စောင့်နေတယ်။ လူတွေက ဘုရားတရားဟောပြီးတဲ့အခါမှာ ဘုရားကိုရှိခိုးကြ • ပြန်ကြ။ ဘုရားကလဲ ကျောင်းတော်ကြွတဲ့အခါမှာ သူလဲဘုရားရှင်ရဲ့နောက်ကျောင်းတော်လိုက်သွားတယ်။ အဲဒီခဏမှာ သိကြားက သုပ္ပဗုဒ္ဓအနူကို သူရတဲ့ ဂုဏ်ကျေးဇူးတွေကို ထင်ရှားပြမှာကိုသိတယ်။ သိကြားကသိတော့ ဒီအနူကြီးထံသွားပြီး စုံစမ်းလေဦးမှဘဲဆိုပြီး ကောင်းကင်မှာ ရပ်ပြီး''သုပ္ပဗုဒ္ဓ မင်းဟာ တကယ့်ကို ဆင်းရဲတဲ့မွဲတဲ့ အကောင်။ အဲဒီတော့ မင်းကို သုံးလို့မကုန် စားလို့မကုန်နိုင်အောင် ဥစ္စာတွေပေးမယ်၊ မင်း ဘုရားကို ဘုရားမဟုတ်ဘူးလို့ ပြောရမယ်။ တရားကို တရားမဟုတ်ဘူးလို့ပြောရမယ်။ သံဃာကို သံဃာမဟုတ်ဘူးလို့ ပြောပါ''လို့ခိုင်းတယ်။ သောတာပန်ရယ်လို့ ဖြစ်လာခဲ့လို့ ရှိရင် မြတ်စွာဘုရားရှင်အား အစလဖြစ်တဲ့ သဒ္ဓါဘုရားမတုံမလှုပ်တဲ့ သဒ္ဓါတရားနဲ့ အင်မတန်ကြည်ညိုတယ်။ မိမိအသက်ကိုသာ အသေခံမယ်။ ဘုရားကို ဘုရားမဟုတ်ဘူးရယ်လို့ ဘယ်တော့မှမပြောဘူး။ တရားသံဃာကိုလည်း ထိုနည်းတူစွာ ဘယ်တော့မှမပြောဘူး။ အသက်ကိုသာ အသေခံမယ်။ ဒီလိုသိကြားကပြောလိုက်တော့ သုပ္ပဗုဒ္ဓက သိကြားကိုဘယ့်နှယ်မေးသလဲဆိုတော့၊ "ဟေ့မင်း ဘယ်သူလဲ"။ သိကြားက "ငါနတ်ပြည်ကို အစိုးရတဲ့ သိကြားပေါ့"လို့ပြောတယ်။ သုပ္ပဗုဒ္ဓက "ဟေ့လူမိုက် အရှက်မရှိတဲ့သိကြား၊ ငါဟာမင်းနဲ့ စကားပြောဆိုဘို့ရန် အဘက်မတန်ဘူး၊ မင်းက ငါ့ကိုမပြောသင့်တာတွေ ပြောတဲ့အပြင် လူဆင်းရဲ လူမွဲရယ်လို့ မင်းက ငါ့ကို ဘာ့ကြောင့်စွတ်စွဲနိုင်ရသလဲ၊ ငါဟာ မြတ်စွာဘုရားရှင်ရဲ့ ရင်၌ ဖြစ်တဲ့သားတော် စင်စစ်ဖြစ်ပြီ၊ ငါဟာ မင်းပြောသလို သူဆင်းရဲ ငမွဲ မဟုတ်ဘူး၊ မဟုတ်တဲ့အပြင် ငါဇကန်ချမ်းသာတယ်။ ဘာဖြစ်လို့? ငါ့မှာ မွန်မြတ်တဲ့ ချမ်းသာကိုရနေလေတော့ ငါ့မှာ များပြားလှတဲ့ ဥစ္စာတွေလဲရှိပါတယ်''လို့ သူ့ရဲ့သန္တာန်မှာ ထင်ရှားရှိနေတဲ့ ဥစ္စာတွေကို သုပ္ပဗုဒ္ဓက ဘယ့်နဲ့ ဖော်ပြသလဲဆိုတော့-

သဒ္ဓါဓနံ သီလဓနံ၊ သုတဓနဥ္စ စာဂေါစ၊
ဟိရိဩတ္တပ္ပိယံဓနံ၊ ပညာဝေသတ္တမံဓနံ၊
ယဿေတေဓနာအတ္ထိ။ ဣတ္ထိယာပုရိသဿဝါ၊
အဒလိဒ္ဒေါတိတံအာဟု၊ အမောဃံတဿဇီဝိတံ။

အကြင်ပုဂ္ဂိုလ်မှာ သဒ္ဓါဆိုတဲ့ဥစ္စာ၊ သီလဟိရိဩတ္တပ္ပ သုတစာဂပညာဆိုတဲ့ သူတော်ကောင်းတရား (၇) ပါးရှိမယ်။ ဒီလိုသူတော်ကောင်းတရား (၇) ပါးရှိတဲ့ ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ဒီပုဂ္ဂိုလ်တွေကို ဆင်းရဲတယ်လို့မဆိုရဘူး။ သူတို့ရဲ့အသက်ရှင်နေမှုဟာကလဲ အကျိုးမဲ့ အချီးအနှီးမဟုတ်ဘူး အင်မတန်အကျိုးများတယ်။

ဒီတော့ ခုနကပြောခဲ့တဲ့ ဆဗ္ဗိသောဓနသုတ်ကို ဆက်လိုက်ဘြပါဦးစို့။ ဒီလိုဘာမဂ်ရပါတယ်လို့ မေးသမျှ ၆ ချက်လုံးကို ဖြေနိုင်တယ်ထားဦးတော့ အရမ်းယုံပြီးမပစ်လိုက်ပါနဲ့ဦး။ ဘာကြောင့် ? ပရိယတ်ကိုသင်ကြားထားမယ် မေးမြန်းမှုတွေရှိမယ်။ ဒီလိုပရိယတ်မှာ လိမ္မာတဲ့ပုဂ္ဂိုလ်ကြတော့ မေးတဲ့အတိုင်းဖြေနိုင်တာဘဲ။ ဒီတော့ နောက်ထပ်ပြီး မဂ်ရကြောင်းဖြစ်တဲ့ ပုဗ္ဗဘာဂပဋိပဒါကိုမေးရမယ်။ပုဗ္ဗဘာဂ ပဋိပဒါဆိုတာစရဏတရား ၁၅ပါးပါ။ စရဏတရား ၁၅ ပါးလို့ဆိုတာ အကျယ်တော့မပြောတော့ဘူး၊ ''သီလနဲဘောဇာ၊ သဒ္ဓမ္မာနှင့်၊ ဈာန်မှာလေးပါး ဤဆယ့်ငါး၊ မှတ်သားစရဏ''သီလနဲဘောဇာ ဆိုဘာဟာက ပါတိမောက္ခသံဝရသီလတွေ ဣန္ဒြိယသံဝရသီလ ဘောဇနေမတ္တညုတာ ဇာဂရိယာနုယောဂ သဒ္ဓမ္မာဆိုတဲ့ သူတော်ကောင်းတရား (၇) ပါး ဈာန်လေးပါး၊ ဒါတွေပေါင်းလိုက်ရင် စရဏတရား(၁၅)ပါးရှိတယ်။ အဲဒီစရဏတရား(၁၅)ပါးကို ၎င်းပုဂ္ဂိုလ်သည် မဂ်မရမီ ရှေးအဘို အခါကာလတုံးက စင်ကြယ်ခဲ့သလား ကျင့်ခဲ့သလား မစင်ကြယ်ဘူးလားလို့ဆိုတာကို စုံစမ်းစစ်ဆေးကြည့်ရဦးမယ်တဲ့။ စုံစမ်းစစ်ဆေးကြည့်လို့ စင်ကြယ်တယ် ဆိုရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ လောကုတ္တရာတရားကိုရတယ်၊မစင်ကြယ်ဘူးဆိုရင်တော့ လောကုတ္တရာတရားကို ရတာမဟုတ်သေးပါဘူး။ အဲဒီပုဗ္ဗဘာဂ ပဋိပဒါဆိုဘာက အရင်တခါပြောခဲ့တဲ့ ပဏ္ဍုသာတိတ္ထိလို ဈာန်ရပြီးသား ပုဂ္ဂိုလ်ကြရင် မြတ်စွာဘုရားရှင်က ပုဗ္ဗဘာဂ ပဋိပဒါကို ဟောမနေတော့ဘူး။ တခါထဲ ဝိပဿနာကိုဟောပါတယ်။ ဒါကြောင့် အရင်တုံးက ''ဆဓာတုရောယံ ပုရိသော''စသည်ဖြင့် ဝိပဿနာဆိုင်ရာကို တခါထဲဟောပါတယ်။ဒီလိုမဟုတ်ဘဲနဲ့ မဂ်ရကြောင်းအကျင့်ကလဲ စင်ကြယ်တယ် ရှည်စွာသော နေ့ညဉ့်ကာလပတ်လုံး ဒီပုဂ္ဂိုလ်ဟာ သိက္ခာသုံးပါးကိုလဲ မမေ့ဘူး၊ နိုးကြားမှုလဲ အမြဲရှိနေမယ်၊ သူ့စိတ်ကလဲ ကောင်းကင်ကို လက်ဝါးနဲ့လှမ်းလိုက်တဲ့အခါမှာ ဘာမှညိတွယ်မှုမရှိသလို ဒီပုဂ္ဂိုလ်ဟာ ပစ္စည်းလေးပါးမှာ ဘာမှညိတွယ်မှုမရှိကြောင်း ထင်ရှားနေတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ပြောတဲ့ မဂ်တရားတွေ ဖိုလ်တရားတွေဆိုတာ နှစ်သက်စရာပါဘဲ။ ဒါပေမယ်လို့ ဒီလိုပြောရုံနဲ့လဲ ဘဲ ပူဇော်မှု မပြုလိုက်ပါနဲ့ဦးတဲ့။ ဘာ့ကြောင့်? တချို့ပုထုဇဉ်တွေကြတော့ သူတို့ရဲ့ကျင့်ပုံတွေ နေပုံထိုင်ပုံတွေဟာ ရဟန္တာများနဲ့ အင်မတန်တူတယ်။ ရဟန္တာများ ကျင့်သလို နေသလို ထိုင်သလို အင်မတန်တူတယ်။ ဒီတော့ သူတို့ကို ထိုသိုအကြောင်း ဥပါယ်တွေနဲ့

ထိတ်လန့်အောင်-ထိတ်လန့်အောင်လို့ ဆိုတာက အနာဂါမ်ဆိုရင် မထိတ်ဘူး မလန့်ဘူး ပေါ့။ အဲထိတ်လန့်အောင် စမ်းကြည့်ကြပါဦးတဲ့။ ရဟန္တာအစစ် မှန်ခဲ့လို့ရှိရင် မိမိဦးထိပ်မှာ မိုးကြိုးကြပြီးနေတာတောင်မှ တစုံတရာကြောက်မှုတွေမရှိဘူး၊ ကိုယ်လက်ခက်တရော်မှုတွေမရှိဘူး။ ကြက်သီးမွေးညှင်းထမှုမရှိပါဘူး။ ပုထုဇဉ်ပုဂ္ဂိုလ်တွေကြတော့ နဲနဲကလေးနဲ့ ကြောက်ကြပါတယ်။ ဒီတော့ စမ်းပုံကလေးက ဘယ်လိုဆိုတာ အဋ္ဌကထာက ဖွင့်ပြပါတယ်။ ဒီဃဘာဏကာ အဘယမထေရ်-အဲဒီမထေရ်ကြီးဟာ သူနဲ့အတူဘကွနေတဲ့ ပိဏ္ဍပါတ်ဓုတင်ဆောင်တဲ့ ရဟန်းတပါးကို ပုထုဇဉ်ဘဲလား ရဟန္တာဘဲလားလို့ စုံစမ်းလို့မရပါဘူး။ အင်မတန်အနေအထိုင်ကောင်းတယ်။ အမူအရာ အင်မတန် ပြည့်စုံတယ်။ ဒီတော့ သူ့ရဲ့ဦးပဥ္စင်းကလေးတပါးကို ပြုလုပ်ပုံပြုလုပ်နည်းကို သညာပေးတယ်၊ သူပေးတဲ့သညာအတိုင်း ဦးပဥ္စင်းကလေးက တနေ့ကြတော့ အဲဒီရဟန်း ရေချိုးနေတဲ့အခါမှာ ကလျာဏီမြစ်ဝကရေငုတ်ပြီး ရဟန္တာရယ်လို့ ဒီဃဘာဏက အဘယမထေရ်ကြီးက ထင်နေတဲ့ ပုဂ္ဂိုလ်ရဲ့ခြေထောက်ကိုသွားဆွဲတယ်။ သွားဆွဲလိုက်တော့ ခုနက ပိဏ္ဍပါတိက ရဟန်းဟာ ဟာ-မိကျောင်းဆွဲပါပြီရယ်လို့ အင်မတန်ကြောက်အားလန့်အားနဲ့ သိတ်အော်လိုက်တာကိုး။ အဲဒီအခါကြမှ ထိုပုဂ္ဂိုလ်ဟာ ရဟန္တာမဟုတ် ပုထုဇဉ်ရယ်လို့ သိရတယ်။တနည်းအားဖြင့် စန္ဒမုခတိဿမင်း လက်ထက်က မဟာဝိဟာရကျောင်းတိုက်မှာ သံဃမထေရ်ဖြစ်တဲ့ ရဟန္တာကြီး ရှိပါတယ်။သူက ရဟန္တာအစစ်ဘဲ၊ဒါပေတဲ့ သူက မျက်စိက အင်မတန်အားနည်းနေတော့ တပါးတခြားသော ရဟန်းတွေလို ဆွမ်းခံမလိုက်နိုင်ရှာဘူး ကျောင်းမှာဘဲနေတယ်။ စန္ဒမုခတိဿမင်းကလဲ ရဟန္တာဟုတ်သလား မဟုတ်သလားရယ်လို့ စုံစမ်းချင်တယ်။ စုံစမ်းချင်တော့ ရဟန်းတွေ ဆွမ်းခံကြွနေတဲ့ အချိန်အခါမှာ အသံမကြားရအောင်မထေရ်ထံ ချဉ်းကပ်တယ်၊ ချဉ်းကပ်ပြီးတော့ ဒီမထေရ်ရဲ့ခြေထောက်ကို မြွေချားကိုက်လိုက်သလို ဇပ်ကနဲ ဆွဲလိုက်တယ်။ ဆွဲလိုက်တော့ မထေရ်ကြီးဟာ ကျောက်တိုင်ကြီးလို တစုံတရာလှုပ်ရှားခြင်းမရှိဘဲနဲ့ "ဟေ့မင်းဘယ်သူလဲ"လို့ မေးလိုက်တယ်၊ဒီတော့ရှင်ဘုရင်က "တပည့်တော် တိဿပါဘုရား"လို့ လျှောက်ကြားတယ်။ အဲဒီလို ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်တွေကြတော့ တစုံတရာ ကြောက်ခြင်းမရှိပါဘူး။

တခုကတော့ တချို့ပုထုဇဉ်ဖြစ်နေပေတယ်လို့ အင်မတန်ရဲရင့်တယ်၊ ကြောက်စိတ်ဆိုလို့လုံးဝမရှိဘူး။ အဲဒီပုဂ္ဂိုလ်မျိုးကြတော့ ဘယ်လိုစုံစမ်းရမလဲ။ သူ့ဘို့နှစ်သက်ဘွယ် အာရုံနဲ့စုံစမ်းရမယ်။ ဝသဘမင်းဟာ မထေရ်တပါးကို စုံစမ်းချင်တော့ ဘယ်လိုလုပ်သလဲဆိုရင် မထေရ်ကိုပင့်တယ်။ ပင့်၍ထိုင်စေ ပြီးတော့ သူ့ရဲ့ရှေ့နားမှာ ဇီးချော်ရေလုပ်ဘို့ရာအတွက် တခါထဲဇီးသီးတွေကို အနယ်ခိုင်းတယ်။အနယ်ခိုင်းတော့ အဲဒီမထေရ်ကြီး ဘာဖြစ်သလဲဆိုတော့-သရေကြလာတာပေါ့ သရေကြလာတော့ ပုထုဇဉ်မှန်း ထင်ရှားတာပေါ့။ အဲဒါကြောင့် ရဟန္တာလို့ဆိုတာ ရသတဏှာကို ပယ်ပြီးဖြစ်တယ်၊ နတ်မှာဖြစ်တဲ့ အရသာကိုသော်မှနှစ်သက်မှုမရှိဘူး။ဒီလိုအကြောင်းဥပါယ်တွေနဲ့စုံစမ်းလိုက်ဘဲ့အခါကြတော့ ကြောက်နေမယ် ကိုယ်လက်ခက်တရော်ရှိနေမယ် ကြက်သီးထနေမယ် ရသတဏှာ ဖြစ်နေမယ်လို့ဆိုရင် အသင်သည် ရဟန္တာစင်စစ် မဟုတ်လို့သာ ပယ်ပြစ်လိုက်ပါတော့တဲ့။ ဒီသုံး

မဟုတ်ဘဲနဲ့ မကြောက်ဘူး ကိုယ်သက်ခက်ထရော်လဲ မဖြစ်ဘူး ထိဘ်လန့်မှုလဲ မရှိဘူး ခြသေ့်များလိုနေမယ် နတ်ရဲ့အာရုံများကိုသော်မှ နှစ်သက်မှုမဖြစ်ဘူးဆိုရင်တော့ ပူဇော်မှုစသည်ကို ပြုခြင်းငှာထိုက်ပါတယ်တဲ့။ အဲ့ဒါကရဟန္တာဟုတ်မဟုတ် စုံစမ်းတာတွေဖြစ်တယ်။

အရိယာဖြစ်တဲ့ သောတာပန်ဟုတ်မဟုတ်လို့ စုံစမ်းမှုကလေးကတော့ ဘယ်လိုလဲဆိုရင်–သီလက္ခန် ကူဋဒန္တသုတ်မှာ-ဒီပုဂ္ဂိုလ်ဟာ သောတာပန် ဟုတ်တယ် မဟုတ်ဘူးလို့ စုံစမ်းတဲ့နည်းကိုပြထားပါတယ်။ကြိုးကြာများကို ရေနဲ့နို့ရေရောတိုက်ခဲ့လို့ရှိရင် နို့ရေသာဝင်မယ် - ရေမဝင်ဘူး။ ထိုနည်းတူစွာသောတာပန်ပုဂ္ဂိုလ်တွေကိုလဲ သေအရက်နဲ့နို့ရေရောတိုက်မယ်လို့ဆိုရင် နို့ရေသာဝင်မယ် သေအရက်မဝင်ဘူး။ အဲဒီလို မဝင်တာ ကြိုးကြာများမှာတော့ ကြိုးကြာတို့ရဲ့မျိုးရိုးယောနိကြောင့်ဖြစ်တယ်။ သောတာပန် ပုဂ္ဂိုလ်များကြတော့သောတာပန်ဆိုတဲ့ အရိယာတို့ရဲ့ ဓမ္မတာကြောင့်ဖြစ်တယ်လို့ ကူဋဒန္တသုတ် အဋ္ဌကထာက ''သစေပိဿသုရဥ္စခီရဥ္စမိဿေတွာ မုခေပက္ခိပန္တိ၊ခီရမေဝပဝိဘတိ၊ နသုရာ၊ ယထာကောဥ္စသကုဏာနံ ခီရမိဿကေ ဥဒကေခီရမေဝ ပဝိသတိနဥဒကံ၊ ဣဒံ ယောနိသိဒ္ဓံ စေဝဏ္ဏဒံ ဓမ္မတာ သိဒ္ဓန္တိ စ ဝေဒိတဗ္ဗံ''။ ဒါဖြင့် အဘင်းတိုက်မယ်၊ သေရည်မဝင်ရင် ဘာဖြစ်မလဲ။ သောတာပန်များကို အရက်နှင့်နို့ရည် ရောတိုက်ခဲ့လို့ရှိရင် ဘာဖြစ်မလဲ။ ပစပ်ထဲမှ တခါတဲ အန်ထုတ်ပြစ်လိုက်မယ်။ အဲဒါကို မန်လည် ဆရာတော်ကြီးရေးတဲ့ မဃဒေဝလင်္ကာသစ်မှာလဲ ''ယောနိဓမ္မတာ၊ ငှက်တံထွာဖြင့်၊ ကြိုးကြာတို့အား၊ နှစ်ပါးနို့ရေ၊ ရောထွေတိုက်က၊ မျိုကျိုက်နို့သာ။ ရေမပါသို့၊ ပမာတို့တူ၊ မွေးစဟူသည်၊ ငယ်မူငယ်ရာ၊ ငယ်ဘာသာနှင့်၊ သညာနံ့နဲ့၊ အမှတ်မဲ့လည်း၊ သူငယ်ခံတွင်း၊ နို့သေသွင်းသော်၊ မယွင်းမှန်စွာ၊ နို့သာဝင်လျက်၊ သေအံထွက်သား၊ မဂ်ဓါသတ္တိ၊ ပြီးသိဒ္ဓိနှင့်''လို့ မိန့်ပါတယ်။ ဒါက ဆရာတော်ကြီးက ဘာကိုရည်ရွယ်သလဲလို့ဆိုတော့ သောတာပန်ဖြစ်လာခဲ့လို့ရှိရင် နာနာသတ္တာရ မုခဥလ္လောကန ဘေးကြီးက လွှန်မြောက်ပြီးသွားတယ်။ အဲဒီသောတာပန်ပုဂ္ဂိုလ်ဟာ ယခုဘဝသေပြီး နောက်ဘဝ လူဖြစ်လာတဲ့အခါမှာ တပါးတခြားသောဆရာမရှိဘူး။ မြတ်စွာဘုရားရှင်သည်သာလျှင် ကိုးကွယ်ရာဖြစ်တယ်။ မြတ်စွာဘုရားရှင်မှတပါးတပါးတခြားသောဆရာမရှိ။ ၎င်းပုဂ္ဂိုလ်သည် ဘယ်လောက်ဘဲ မွေးခါစခလေးဖြစ်ပြီးနေငြားသော်လည်း ပါဏာတိပါတ - သူ့အသက်မသတ်ဘူး။ ခုနကပြောသလို နို့ရည်နဲ့အရက်ရောပြီးတိုက်မှ သူရဲ့ရောဂါပျောက်တော့မှာဘဲလို့ အရက်နဲ့ရောပြီး တစုံတခုသောဆေးကို တိုက်မယ်လို့ဆိုရင် ဒီအရက်မဝင်ဘူး။ အဲဒါကို ရည်ရွယ်၍ ''ပမာထို့တူ၊ မွေးစဟူသည်၊ ငယ်မူငယ်ရာ၊ ငယ်ဘာသာနှင့်၊ သညာနံ့နဲ့၊ အမှတ်မဲ့လည်း၊ သူငယ်ခံတွင်း၊ နို့သေသွင်းသော်၊ မယွင်းမှန်စွာ၊ နို့သာဝင်လျက်၊ သေအံထွက်သား၊ မဂ်ဓါသတ္တိ၊ ပြီးသိဒ္ဓိနှင့်''ဆိုပြီး၊ မန်လည်ဆရာတော်ကြီးကလဲ ရေးထားပါတယ်။

သုတ်ပါထေယျ သိင်္ဂါလသုတ်ကြပြန်တော့လဲသေရည်ဟာ မဂ်ရနေတဲ့ပုဂ္ဂိုလ်တွေရဲ့ခံတွင်းထဲကို မဝင်ကြောင်းကို အဋ္ဌကထာက ''အဓိဂတမဂ္ဂါနဥ္စသာအနွောဘမုခမေဝနပဝိသတိ''လို့ မဂ်ရတဲ့ပုဂ္ဂိုလ်မှာ သေအရက်မဝင်ကြောင်းကို ပြပါတယ်။ ဘာ့ကြောင့်မဝင်သလဲ

ဆိုတာကတော့ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရိယလို့ဆိုတဲ့ ငါးပါးသီလကို သောတာပန်ဖြစ်တဲ့အခါ ကေန်စင်စစ်ပယ်ထားပြီး ဖြစ်ပါတယ်။

အဲဒီမဂ်တွေရဲ့ပယ်ပုံတွေကို''ပဟီနေကိလေသေပစ္စဝေက္ခန္တိ 'စတဲ့နေရာ၌ာနကြတော့ ဆက်ပြီးပြောပါ့မယ်။ နောက်အပတ်မှာ အနာဂါမ်ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကို နဲနဲပြောပြပါ့မယ်။ ပြောပြပြီးတဲ့နောက်မှ ပစ္စဝေက္ခန္တိအရ ပစ္စဝေက္ခဏာဝိထိတွေဖြစ်ပုံကို ပြောပြပါ့မယ်။ တပည့်တော်အဓိပ္ပါယ်တွေကိုဘယ်တော့မှ မပြောပါဘူး။ ဒီအဓိပ္ပါယ်ကို ပြောနေရင် အင်မတန်လဲပင်ပန်းတယ်။လူကလဲ သိပ်ပြီးမကျန်းမာဘူး။ ယခုတော့အသံသွင်းချင်ပါတယ်။ ဒီဘကြိမ်တော့မှီချပြီးပေးပါဦးဆိုလို့ ဒီအဓိပ္ပါယ်တွေကို နဲနဲကျယ်ကျယ်ကလေးပြောနေပါတယ်။ အဓိပ္ပါယ်ကတော့ အကြွေးအတော်ကလေး တင်ပါလိမ့်မယ်။ဒါပေတဲ့ နောက်ကိုမှီအောင်ကြည့်ပြီးပြောသွားပါ့မယ်။အကြွေးတင်တာကို အကြွေးချေနည်းကတော့ အင်မတန်လွယ်ပါတယ်။ တပည့်တော်တို့ မန္တလေးမှာ စာလိုက်တဲ့အခါက ဆရာတော် ဦးဇာဂရကြီးဆီမှာ သမ္မောအဋ္ဌကထာနှင့် မူလဋီကာလိုက်ဘူးပါတယ်။ ကစ္စာယနသာရလဲ လိုက်ဘူးပါတယ်၊ ကစ္စာယနသာရပဏာမဆိုတဲ့ ဂါထာကလေးတခုကိုချနေတာဟာဘသလောက်ကြာတယ်။ အဲဒီပဏာမရဲ့အဓိပ္ပါယ်တွေကို ပြောနေလိုက်ထာခြပြီးနိုင်ဘူး။ စာတွေကရှေ့ရောက်တက်တက်သွားလိုက်ထာ အဓိပ္ပါယ်ကြွေးတွေက အင်မတန်တင်လာတယ်။ကြာတော့ဒီကြွေးတွေကို ဘယ်လိုလုပ်ပြစ်လိုက်သလဲဆိုတော့ မပြောတော့ဘဲနဲ့ လျှော်ပြစ်လိုက်တယ်။ ဆရာတော် ဦးကြည့်ကဒီလိုမဟုတ်ဘူး။ ဆရာတော်ဦးကြည်ကတော့ မနေ့ကချခဲ့တဲ့အဓိပ္ပါယ်တွေကို ယနေ့ပြောတယ်၊ ပြောလို့အချိန်မမှီဘူးဆိုရင် ကျယ်ကျယ် ဝင့်ဝင့်မပြောဘူး။ ပါဌ်လျှောက်ဘဲပြောတယ်။ နက်ဖန်ကြတော့ ကျန်ခဲ့တဲ့အဓိပ္ပါယ်ကို ထပ်ပြီးဆက်ပြောတယ်။ အဲဒီတော့ ဆရာတော်ဦးကြည်ရဲ့စာချမှုဟာ ဘယ်တော့မှ ကြွေးမတင်ဘူး။ ဆရာတော်ဦးဇာဂရကြတော့ အင်မတန်အကြွေးတင်ပါတယ်။ တပည့်တော် ဘိုကစ္စာယနသာရ လိုက်လဲ အကြွေးတင်တာဘဲ။ သမ္မောလိုက်တဲ့အခါမှာလဲ အကြွေးတင်တာဘဲ၊ အဲဒီတော့ အကြွေးတွေကိုတော့သိပ်ပြီးတော့ မတင်ရစေဘူးပေါ့၊ ဘာဖြစ်လို့ဒီမှာကျယ်ကျယ်ဝန့်ဝန့်ကြီးပြောနေသလဲဆိုတော့ သဟဇာတမျိုးကြတဲ့အခါ အဓိပ္ပါယ်သိပ်ပြောစရာမရှိပါဘူး။ သဟဇာတရဲ့ သဘောကလေး ပြောလိုက်ခဲ့လို့ရှိရင်ကိစ္စပြီးသွားမယ်။ ပြောစရာက အာရမ္မဏာမျိုးတွေရဲ့ အဓိပ္ပါယ်ပြောစရာရှိတယ်။ ပကတူပနိဿယမျိုးတွေရဲ့ အဓိပ္ပါယ်တွေ ပြောစရာရှိတယ်။ အနန္တရူပနိဿယမျိုးတွေကြတော့ အသင့်အတင့်နဲနဲပါးပါးဘဲပြောစရာရှိပါတယ်။ အဲဒီလိုများများမပြောရမဲ့ဟာတွေကြတော့ ပြီးသွားမှာဖြစ်ခြင်းကြောင့် ဒီမှာတော်တော်ကလေးကျယ်ကျယ်ဝင့်ဝင့်ပြောနေပါတယ်၊ ယနေ့တော်ကြပါစို့။

သာဓု .... သာဓု .... သာဓု .... ။

# ၁၃၂၉ - ခု၊ ဝါခေါင်လဆန်း (၁၁)ရက်
# ၉၆၇-ခု၊ ဩဂုတ်လ (၁၆)ရက်၊ ဗုဒ္ဓဟူးနေ့
# ပဌာန်း ကုသလတိက် ပဥှာဝါရ ဝိဘင်ကို ပဥ္စမအကြိမ် ပို့ချခြင်း

## အာရမ္မဏပုရေဇာတ

အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယ ပြီးသွားပါပြီ။ ယခု အာရမ္မဏပုရေဇာတပါ။ စာမျက်နှာ (က) ကိုကြည့်ပါ။ အာရမ္မဏ ပုရေဇာတရဲ့ သုဒ္ဓသင်္ချာကို ဆိုရပါလိမ့်မယ်။

**အာရမ္မဏပုရေဇာတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တတ်သောပစ္စုပ္ပန် နိပ္ဖန္နရုပ် အဌာရသ။ ဤတရားတို့သည် အာရမ္မဏ ပုရေဇာတ ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာတိကဏ်၊ ပစ္စည်းရေ (၄)ဟူသည်တည်း။ သင်္ချာတိကဏ်ဟူသော်ကား အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ။ အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ(၄) ဟူသော်ကား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ - ဟူသည်တည်း။

သင်္ချာနှင့် ပစ္စည်းရေရပုံက-ပစ္စည်းတရားက ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဌာရသလို့ဆိုသဖြင့် အဗျာကတကိန်း သေပါတယ်။ ပစ္စုပ္ပန်ဘက်က ကာမစိတ် စတုပညာသထဲမှာ ကာမကုသိုလ်ရှိပါတယ်။ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်ကလဲ ကုသိုလ်အဘိညာဉ် ရှိပါတယ်။ ဒါ့ကြောင့် အဗျာကတော ကုသလဿ ရပါတယ်။ ပြီးတော့ ကာမစိတ် စတုပညာသထဲက ကာမဝိပါက် ကာမကြိယာတွေရှိတယ်။ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတကြိယာ အဘိညာဉ်တွေရှိခြင်းကြောင့် အဗျာကတော အဗျာကတဿ ရပါတယ်။ ကာမစိတ် စတုပညာသထဲကအကုသိုလ်ရှိသဖြင့် အဗျာကတော အကုသလဿလို့ သင်္ချာ (၃) ချက်ရပါတယ်။ ပစ္စည်းရေ (၄) ကတော့ အာရမ္မဏက ခေါင်းဆောင်ဖြစ်သဖြင့် အမြဲလိုက်ပါတယ်။ ပုရေဇာတရမှုက အာရမ္မဏ ပုရေဇာတရှိပါတယ်။ အတ္ထိအဝိဂတရမှုကတော့ အာရမ္မဏ ပုရေဇာတတွေ အာရမ္မဏ ပုရေဇာတ အဝိဂတရယ်လို့ အတ္ထိ အဝိဂတ ပစ္စည်းမှာ ဟောပါတယ်။ အဲဒါကြောင့် ပစ္စည်းရေ (၄) ရပါတယ်။

အဲဒီ သုဒ္ဓသင်္ချာရဲ့ ပါဠိကို စာမျက်နှာ (ဇ) မှာ ကြည့်ရပါလိမ့်မယ်။ အဗျာကတော အဗျာကတဿအတွက်ကြက်ခြေတွေပြထားတာရှိပါတယ်။ အဲဒီ ကြက်ခြေပြထားတာကိုသာ ဆိုရပါလိမ့်မယ်။ ဒါ့ကြောင့် ဒီကြက်ခြေပြထားတဲ့ နေရာတွေဟာ သူတို့ရဲ့ သုဒ္ဓသင်္ချာက ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဌာရသဆိုသဖြင့် ရုပ်ဆိုင်ရာတွေကိုပြထားပါတယ်။ ပြီးတော့ အောက်ကို ကဖန်ကြည့်လိုက်ရင်-ရူပံ၊ သဒ္ဒံ-ရှိပါတယ်။ ပြီးတော့ အောက်ဆုံးကြည့်လိုက်ရင်-ရူပါယတနံ စသည်တွေ ရှိပါတယ်။ အဲဒီ ကြက်ခြေ ပြထားတာတွေ ကိုပင်လျှင် ဆိုရပါလိမ့်မယ်။

ဒီပုရေဇာတပစ္စည်းမှာ အာရမ္မဏပုရေဇာတ ဝတ္ထုပုရေဇာတရယ်လို့ ၂ - မျိုးရှိသဖြင့် ယခုဟောနေတာက အာရမ္မဏပုရေဇာတ ဖြစ်ပါတယ်။ ဒါ့ကြောင့် အာရမ္မဏပုရေဇာတ လို့ အာရမ္မဏာဓိပတိ တုံးကလိုဘဲ ဆိုရပါလိမ့်မယ်။

## အဗျာကတော အဗျာကတဿ

အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော၊ အာရမ္မဏပုရေဇာတံ - အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ (ဒါတင်ပါဘဲ) အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ (နောက်ကြက်ခြေ ကလေးအတွက်) ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။ (အောက်ဆုံးကွက်အတွက်) ရူပါယတနံ စက္ခုဝိညာဏဿ ပုရေဇာတ ပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဿ ပုရေဇာတ ပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှါဝိညာဏဿ ပုရေဇာတ ပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ ပုရေဇာတ ပစ္စယေန ပစ္စယော၊

အရကောက်စာမျက်နှာ (ည)မှာ အာရမ္မဏ ပုရေဇာတရယ်လို့ ရှိပါတယ်။ ပထမ အကွက်ကလေးကစက္ခုဝိညာဉ်ဓာတ်အားတတ်သောစသည့်တွေက ရူပါယတနံ စက္ခုဝိညာဏဿစသည်တို့အတွက် ဟောပါတယ်၊ မနောဓာတ် ၃ခုအား တတ်သော ပစ္စုပ္ပန်ပဉ္စာရုံ လို့ဆိုတာကတော့ ပဋ္ဌာနပါဠိမှာ မဟောပါဘူး။ ဒါပေတဲ့ ရသင့်လို့ ကောက်ထားပါတယ်။ ပဋ္ဌာနပါဠိမှာ ဘာ့ကြောင့်မဟောသလဲလို့ဆိုတော့ ပဋ္ဌာနပါဠိဟာ ဝိညာဏကာယဒေသနာ ဖြစ်ပါတယ်။ ပစ္စယနိဒ္ဒေသတုံးကတော့ ဓာတုဒေသနာဖြစ်ခြင်းကြောင့် ဒီမနောဓာတ် ၃ ခု အတွက် ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော - လို့ ဟောပါတယ်၊ ပဋ္ဌာနပါဠိကြတော့ ဒီမနောဓာတ်ကို မနောဝိညာဏဓာတ်ထဲသွင်းပြီး ဓာတ်ခြောက်ပါး ခွဲဘဲ့နေရာ ဖြစ်ခြင်းကြောင့် ဒီမနောဓာတ် ၃ ခုအတွက် သီးခြားမဟောပါဘူး။ ဒါပေဘဲ့ ရသင့်သည် အားလျော်စွာ ကောက်ရပါတယ်။ ပြီးတော့ မနောဒွါရာဝဇ္ဇန်း၊ ကာမကြိယာဇောကိုးခု တဒါရုံ ဇောဒသလို့ ဆိုတာ အဗျာကတဆိုင်ရာဖြစ်တဲ့ တရားတွေပါ။ အဲဒီမှာလဲ တဒါရုံကို မဟောဘူး။ ဒါကို နောက်မှဘဲပြောပါ့မယ်။ ပြီးတော့ ဒိဗ္ဗေန စက္ခုနာစသည်အရ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတကြိယာ အဘိညာဉ်တွေရပါတယ်။ အဲဒါကြောင့် ရေးထားဘဲ့အတိုင်းဘဲ အရ ကောက်ရပါလိမ့်မယ်။

**အဗျာကတော အဗျာကတဿ**- အဗျာကတော ဓမ္မောဟူသော ကတ္တား ပုဂ္ဂိုလ် အရကား စက္ခုဝိညာဉ်ဓာတ်အား တတ်သောပစ္စုပ္ပန်ရူပါရုံ။ သောတဝိညာဉ်ဓာတ်အား တတ်သော ပစ္စုပ္ပန်သဒ္ဒါရုံ။ ဃာနဝိညာဉ်ဓာတ်အား တတ်သော ပစ္စုပ္ပန်ဂန္ဓာရုံ။ ဇိဝှါဝိညာဉ်ဓာတ်အား တတ်သော ပစ္စုပ္ပန်ရသာရုံ၊ ကာယဝိညာဉ်ဓာတ်အား တတ်သော ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ၊ မနောဓာတ်သုံးခုအားတတ်သော ပစ္စုပ္ပန်ပဉ္စာရုံ၊ မနောဒွါရာဝဇ္ဇန်း၊ ကာမကြိယာဇော

ကိုးခု၊ တဒါရုံဇောဒသအား တတ်သောပစ္စုပ္ပန် နိပ္ဖန္နရုပ်အဋ္ဌာရသ။ ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်အား တတ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်ရုပါရုံ။ ဒိဗ္ဗသောတကြိယာ အဘိညာဉ်အားတတ်သောဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံ ပစ္စည်းတရားရ၏။

အဗျာကတသဿမ္ဘသဟူသော **သမ္ပဒါန်** ပုဒ်၏အရကား (အထက်က အစိပ်အစိပ်ခွဲပြီးဆိုထားတာတွေကို အားလုံးကုန်ပေါင်းလိုက်ရင်-ခုနက သုဒ္ဓသင်္ချာမှာသရုပ်ခွဲပြီးပြတာလို ကာမဝိပါက်တေဝီသ၊ ကာမကြိယာဇောဒသ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတကြိယာ အဘိညာဉ်တွေ ရပါတယ်။ အဲဒါကြောင့် သမ္ပဒါန်ကြတော့ လက်သဲကွင်းကလေး ပြထားတဲ့အတိုင်း အပေါင်းကိုဘဲ ဆိုရပါတယ်။) ကာမဝိပါက်တေဝီသ၊ ကာမကြိယာဇောဒသ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ကြိယာအဘိညာဉ်၊ ဧတေသိက်တေတ္တိံသ ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းကြတော့ အာရမ္မဏ ပုရေဇာတမှာ သူရဲ့ ပစ္စည်းရေအတိုင်း တပြိုင်နက်လိုချင်ရင် (၄)ပစ္စည်းဆိုရပါတယ်။ ယထာရယယူမယ်ဆိုရင် (၆)ပစ္စည်း ဆိုရပါတယ်။ ယထာရဟအတွက် ဘယ်ပစ္စည်းဝင်လာသလဲ ? နိဿယရယ် ဝိပ္ပယုတ္တရယ် ဝင်လာပါတယ်။ အဲဒီနိဿယ-ဝိပ္ပယုတ္တမှာ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးချက် တဒါရုံလို့ ပစ္စယုပ္ပန်တရားရှိပါတယ်။ ပစ္စည်းကတော့ ဟဒယဝတ္ထုဘဲရှိပါတယ်။ အဲဒါကြောင့် ယထာရဟလို့ဘဲ ဆိုလိုက်ကြပါစို့။ ပုရေဇာတ ပစ္စယေနဟူသော **ကရိဏ်း** ပါဌ်၏ အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၆)ပစ္စယသတ္တိတို့တွင် ပုရေဇာတယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

**အဗျာကတော ကုသလဿ**

စာမျက်နှာ (၈)က ပါဠိ ဆိုရပါလိမ့်ဦးမယ်။ အဗျာကတော ကုသလဿအတွက် သရုပ်ခွဲထားခဲ့တဲ့ အတိုင်း ကာမကုသိုလ်နှင့် ကုသိုလ်အဘိညာဉ်ရပါတယ်။ ကာမကုသိုလ်အတွက်-အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ-စသည်ဖြင့် ကြက်ခြေပြထားတဲ့နေရာကိုသာ ဆိုရပါလိမ့်မယ်။

အဗျာကတောဓမ္မော ကုသလဿဓမ္မဿ ပုရေဇာတပစ္စယေနပစ္စယော။ အာရမ္မဏ ပုရေဇာတံ-သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ဒိဗ္ဗေန စက္ခုနာရူပံ ပဿန္တိ။ ဒိဗ္ဗာယသောတဓာတုယာ သဒ္ဒံ သုဏန္တိ။ (ပါဠိဒါဘဲရှိပါတယ်။)

အရကောက်ကလဲ စာမျက်နှာ (၉) သရုပ်ခွဲထားတဲ့ အတိုင်းဘဲ အရကောက်ဖြစ်ပါတယ်။ ကရိဏ်းကလဲဘဲ (၆)ဘဲရပါတယ်။ ယထာရဟာဖြစ်ပါဘယ်။ တပြိုင်နက်ဆိုရင် (၄)ဘဲ ရပါတယ်။

**အဗျာကတောကုသလဿဥ္စ** အဗျာကတော ဓမ္မော ဟူသော **ကတ္တား** ပုဒ်၏အရကား မဟာကုသိုလ်စိတ် ရှစ်ခုအားတတ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒိဗ္ဗစက္ခုကုသိုလ် အဘိညာဉ်အားတတ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန်ရုပ်ပါရုံ၊ ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်အားတတ်သော ဒူရ ပဋိစ္ဆန္န သဏှသုခုမဖြစ်သောပစ္စုပ္ပန် သဒ္ဒါရုံပစ္စည်း တရားရ၏။ ကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏**အ**ရကား (သူ့မှာရှိတဲ့ အတိုင်းပါ ဘဲ)မဟာကုသိုလ်စိတ်ရှစ်ခု၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတကုသိုလ်အဘိညာဉ် စေတသိက် ဆယ့်ံသ ပစ္စယုပ္ပန်တရားရ၏။ ပုရေဇာတပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂ တ-ဤ(၆)ပစ္စယသတ္တိတို့တွင် ပုရေဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

**အဗျာကတော အကုသလဿ**

နောက်ပါဌ်ကို စာမျက်နှာ(၈)မှာကြည့်ပါ။ ပစ္စည်းက နိပ္ဖန္နရုပ်အဋ္ဌာရသဖြစ်သဖြင့် ရုပ်တွေလာပါလိမ့်မယ်။ ပစ္စယုပ္ပန်အကုသိုလ်ဖြစ်သဖြင့် အဿာဒေတိ စသည်တွေလာပါ လိမ့်မယ်။

အဗျာကတောဓမ္မော အကုသလဿဓမ္မဿ ပုရေဇာတ ပစ္စယေနပစ္စယော။ အာရမ္မ ဏပုရေဇာတံ - စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံအာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ၊ ဒေါမနဿံဥပ္ပဇ္ဇတိ၊ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ အဿာဒေတိ အဘိနန္ဒတိ၊တံ အာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ။ ဒေါမနဿံဥပ္ပဇ္ဇတိ၊

အရကောက်ကို စာမျက်နှာ(၉)မှာကြည့်လိုက်ပါ၊ ပစ္စည်းနိပ္ဖန္နရုပ်နဲ့ ပစ္စယုပ္ပန် အ ကုသိုလ်ဘဲရပါတယ်။ ကရိုဏ်းကြတော့ တပြိုင်နက် ယထာရဟ(၇)ပစ္စည်းရပါတယ်။ ဘာ့ ကြောင့်လဲဆိုတော့ အကုသိုလ်ဒွါဒသထဲမှာ လောဘရှိပါတယ်။ လောဘရှိတော့ လောဘမူ မရဏာသန္နဇော ဝင်လာပါတယ်။ လောဘမူ မရဏာသန္နဇောဝင်လာတဲ့အခါမှာ ဝတ္ထုဒိ ရပါတယ်။ ဝတ္ထုဒိ ရခဲ့လို့ရှိရင် ဝတ္ထုဒိမှာ ပစ္စည်းရေ (၇) ဖြစ်ပါတယ်။ ဒါ့ကြောင့် ယထာရဟ (၇) ပစ္စည်းရပါတယ်၊

**အဗျာကတောအကုသလဿဥ္စ**အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရ ကား အကုသိုလ်ဒွါဒသ အားတတ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ ပစ္စည်းတရားရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရားရ၏။ ပုရေဇာတ ပစ္စယေနဟူသော **ကရိုဏ်း**ပါဌ်၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ (၇) ပစ္စယသတ္တိတို့တွင် ပုရေဇာတ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

**ဝတ္ထာရမ္မဏ**

အာရမ္မဏပုရေဇာတရဲ့ပါဌ် အရကောက်ပြီးသွားပါပြီ။ စာမျက်နှာ (က) ဝတ္ထာ ရမ္မဏရဲ့ သုဒ္ဓသန်ချာကို ဆိုရပါလိမ့်မယ်။

**ဝတ္ထာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** - မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇောငါးချက်၊ တဒါရုံအားဟတ်သော စုတိစိတ်မှပြန်၍ရေသည့်ရှိသော (၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု။ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပစ္စည်းတဘ်သော တရားတို့မည်ကုန်၏။ သင်္ချာတိကဂ်။ ပစ္စည်းရေ (၆) ဟူသည်တည်း။ သင်္ချာတိကဂ်ဟူသော်ကား အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ (၆) ဟူသော်ကား အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသည်တည်း။

ဒီမှာလဲ ပစ္စည်းတရားက ဟဒယဝတ္ထုဖြစ်ခြင်းကြောင့်အဗျာကတကိန်းသေပါဘယ်။ ပစ္စယုပ္ပန်သုဒ္ဓသင်္ချာထဲက မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နကြိယာဇောငါးချက်၊ တဒါရုံယူလိုက်တဲ့အခါမှာ အဗျာကတော အဗျာကတဿရပါဘယ်။ ကုသိုလ်မရဏာ သန္နဇောငါးချက်ယူလိုက်တဲ့အခါမှာ အဗျာကတော ကုသလဿ။ အကုသိုလ် မရဏာသန္နဇောငါးချက် ယူလိုက်တဲ့အခါမှာ အဗျာကတော အကုသလဿရယ်လို့သင်္ချာတိကဂ်လာဖြစ်ပါတယ်။ ပစ္စည်းရေ (၆) ကတော့ အာရမ္မဏပုရေဇာတကရခဲ့တဲ့ (၄) ပစ္စည်းအမြဲလိုက်ပါလိမ့်မယ်။ အဲဒီ (၄) ပစ္စည်းထဲမှာ ဝတ္ထုလို့ဆိုတဲ့ဝတ္ထုအသံကလေးပါသာရင် နိဿယနဲ့ ဝိပ္ပယုတ္တထည့်ပေးရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိဿယပစ္စည်းမှာ ဝတ္ထုပုရေဇာတ နိဿယရှိပါတယ်။ ဝိပ္ပယုတ္တပစ္စည်းမှာ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တရှိပါတယ်။ ဒီဝတ္ထာရမ္မဏပစ္စည်းဟာ တပည့်တော်တို့ ပဥ္စဝါရဝိဘင်္ဂဝါရမှာ သီးခြားအနေနဲ့ မဟောပါဘူး။ ဒါပေတဲ့ သဘာဂယဉ္စနာတွေ ကြတော့ကာ ဒီဝတ္ထာရမ္မဏပစ္စည်းကို ဟောပါတယ်။ အာရမ္မဏ ပုရေဇာတက ပစ္စည်းရေ (၄) ခုလိုက်တယ်လို့ ဆိုသဖြင့် ဒီဝတ္ထာရမ္မဏပစ္စည်းဟာ အာရမ္မဏ ပုရေဇာတပစ္စည်းကထွက်လာသလားလို့ စဉ်းစားစရာရှိပါတယ်။ ဒါပေတဲ့ မဟုတ်ပါဘူး။ ထွက်လာတာက နိဿယပစ္စည်း ဝိပ္ပယုတ္တပစ္စည်းက ထွက်လာတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တပည့်တော်တို့ သဘာဂမှာ အာရမ္မဏ ပစ္စယာ နိဿယေ တိကဂ်-ဆိုတဲ့နေရာမှာ ဝတ္ထာရမ္မဏကို ယူရပါတယ်။ ဝိပ္ပယုတ္တေတိကဂ်ဆိုတဲ့ နေရာမှာလဲဘဲ ဝတ္ထာရမ္မဏကိုဘဲ ယူရပါတယ်။ အဲဒါကြောင့် ဒီဝတ္ထာရမ္မဏဟာ နိဿယပစ္စည်း ဝိပ္ပယုတ္တပစ္စည်းက ထွက်လာတာဖြစ်ပါတယ်။ ဒါ့ကြောင့် ပစ္စည်းရေ (၆) အရ အာရမ္မဏ ပုရေဇာတ (၄) ထဲမှာ နိဿယနဲ့ ဝိပ္ပယုတ္တထည့်လိုက်ရင် ပစ္စည်းရေ (၆) ဖြစ်ပါဘယ်။ ဒီတော့ သူ့ရဲ့ပါဠိတို့ အကောက်တို့ဟာကသဲ ယခုသရုပ်ခွဲပြီးထားတဲ့ အတိုင်းပါဘဲ၊ ပစ္စည်းက ဟဒယဝတ္ထု ဖြစ်ခြင်းကြောင့် ဝတ္ထုံရယ်လို့ ဟောပါလိမ့်မယ်။ စာချက်နှာ (၄) မှာ ရှိပါဘယ်။ မရဏာ သန္နကြိယာဇော ငါးချက်ဖြစ်ခြင်းကြောင့် ရဟန္တာနဲ့ဆိုင်ပါတယ်။

**အဗျာကတော အဗျာကတဿ**

အဗျာကတော ခန္ဓာ အဗျာကတဿ ခန္ဓဿ နိဿယ ပစ္စယေန ပစ္စယော (နိဿယ - ဝိပ္ပယုတ္တ-စသည်ဖြင့်-၆-ပစ္စည်းရလေတော့ ဟောချင်တဲ့ ပစ္စည်းကို ဟောရပါတယ်။ ဒါပေတဲ့ ခုနကပြောခဲ့တဲ့အတိုင်း အာရမ္မဏ ပစ္စယာ နိဿယေတိကဂ် အရ နိဿယက ထွက်လာခြင်းကြောင့် နိဿယလို့ဘဲ ဆိုလိုက်ပါတော့။)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အရူပါ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။

ပါဠိက ဒါဘဲရှိပါတယ်။ မနောဒွါရာဝဇ္ဇန်းအတွက် တဒါရုံတွေအတွက်ကို သီးခြား မဟောပါဘူး။ အရကောက်ကသာ ကောက်ထားပါတယ်။ ဒီတော့ ဘာဖြစ်လို့ မဟော သလဲဆိုတာကိုတော့ နောက်အဓိပ္ပါယ်ပြောတဲ့အခါမှ ပြောပြပါမယ်။ အဲဒီအရကောက် ကလေးကလဲ အောက်မှာ ပြထားတဲ့အတိုင်း လွယ်ပါတယ်။

**အဗျာကတော အဗျာကတဿ** အဗျာကတော ဓမ္မော ဟူသော **ကဗ္ဗား** ပုဒ်၏ အရကား မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇဝန်ယာ ဇောငါးချက်၊ တဒါရုံအားတတ်သော စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား မနောဒွါ ရာဝဇ္ဇန်း၊ မရဏာသန္နဇဝန်ယာဇော ငါးချက်၊ တဒါရုံဧကာဒသ ပစ္စယုပ္ပန်တရားရ၏။

ကရိုဏ်းမှာ လက်သဲကွင်းနဲ့ ပြထားသဖြင့် ယခုဆိုခဲ့တဲ့ ဝတ္ထာရမ္မဏ သုဒ္ဓသန္ဓာက သဘာဂပစ္စည်းရေအတိုင်း တပြိုင်နက်ဆိုရပါတယ်၊ နိဿယပစ္စယေနဟူသော ကရိုဏ်း ပါဒ်၏ အရကား တပြိုင်နက် တတ်ကောင်းသော အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၅၉ (၆) ပစ္စယ သတ္တိတို့တွင် နိဿယ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

### အဗျာကတော ကုသလဿ

အဗျာကတော ကုသလဿမှာလဲ သရုပ်ခွဲထားတဲ့အတိုင်း ကုသိုလ် မရဏာသန္န ဇောရပါတယ်။ ကုသိုလ်ဆိုလျှင် သေက္ခပုထုဇဉ် ပုဂ္ဂိုလ်တွေနဲ့ ဆိုင်ပါတယ်။ ကုသိုလ်ရယ် လို့ ပစ္စယုပ္ပန်ရလာရင် ထိုက်သည့်အားလျော်စွာ ပစ္စဝေက္ခဏာ ဟူ၍၎င်း၊ ဝိပဿနာ ဟူ၍၎င်း၊ ဇာနန္တိ ဟူ၍၎င်း ဟောပါတယ်၊ ဒီနေရာမှာတော့ ဟဒယဝတ္ထုကို အနိစ္စ ဒုက္ခ အနတ္တဟူ၍ ဝိပဿနာရှုရမှာ ဖြစ်ခြင်းကြောင့် ဝိပဿန္တိ ဟု ဟောပါတယ်။

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယ ပစ္စယေန ပစ္စယော၊ သေက္ခာဝါ ပုထုဇ္ဇနာဝါ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊

အရကောက်ကလဲ ဒီအတိုင်းပါဘဲ၊ **အဗျာကတော ကုသလဿ** အဗျာကတော ဓမ္မော ဟူသော **ကဗ္ဗား** ပုဒ်၏ အရကား မရဏာသန္နကုသိုလ်ဇောငါးချက်အား တတ်သော စုတိစိတ်မှပြန်၍ ရေသည်ရှိသော် (၁၇) ချက် မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုပစ္စည်းတရားရ၏၊ ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား မရဏာ သန္နကုသိုလ်ဇောငါးချက် ပစ္စယုပ္ပန်တရားရ၏ (ကရိုဏ်းအတူတူပါဘဲ) နိဿယ ပစ္စယေန ဟူသော ကရိုဏ်း ပါဒ်၏ အရကား တပြိုင်နက်တတ်ကောင်းသော အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၅၉ (၆) ပစ္စယ သတ္တိတို့တွင် နိဿယ သတ္တိဟုဆိုအပ် သော သတ္တိဝိသေသရ၏။

**အဗျာကတော အကုသလဿ**

နောက်ပြီးတော့ အဗျာကတော အကုသလဿအတွက် အကုသိုလ် မရဏာ သန္ဓေဇော လို့ဆိုသဖြင့် လောဘ ဒေါသ မောဟတွေ အကုန်ရပါတယ်။

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယ ပစ္စယေန ပစ္စယော။ ဝတ္ထုံ အဿာဒေတိ အဘိနန္ဒတိ၊ တံအာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

အရကောက်ကလဲ သူ့ပါဠိအတိုင်းပါဘဲ၊ အကုသိုလ် မရဏာ သန္ဓေဇောငါးချက် ကောက်ရပါတယ်။ ပစ္စည်းကတော့ ဟဒယဝတ္ထုပါဘဲ၊ ကရိုဏ်းကြတော့ ခုနကပြောခဲ့တဲ့ အတိုင်း ဝတ္ထာရမ္မဏလေးဝင်လာပါတယ်။ ဝတ္ထာရမ္မဏဝင်လာသဖြင့် ဝတ္ထာရမ္မဏသဘာဂ ပစ္စည်း ရေအင်္ဂါ(၈) ပစ္စည်းတပြိုင်နက် ယထာရဟ ရပါလိမ့်မည်။

**အဗျာကတော အကုသလဿ** အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရ ကား မရဏာသန္ဓေ အကုသိုလ်ဇောငါးချက်အား တတ်သောစုတိစိတ်မှပြန်၍ ရေသည့်ရှိ သော် (၁၇) ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား မရဏာသန္ဓေအကုသိုလ်ဇောငါး ချက် ပစ္စယုပ္ပန်တရားရ၏။ နိဿယ ပစ္စယေနဟူသော **ကရိုဏ်း** ပါဠ်၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၈)ပစ္စယသတ္တိတို့တွင် နိဿယသတ္တိဟုဆိုအပ်သော သတ္တိ ဝိသေသရ၏။

နိဿယလို့ဆိုတာ ဥပလက္ခဏာအားဖြင့် မှတ်ပြီးဆိုဘာပါ။ သူ့ရဲ့သဘာဂပစ္စည်း ရေကာ(၆)ခုရှိပါတယ်။ ဒီ(၆)ပစ္စည်းဟာ တပြိုင်နက်ပစ္စည်းရေ(၆)ခုဖြစ်ခြင်းကြောင့် အာ ရမ္မဏာဆိုချင်ဆို၊ နိဿယဆိုချင်ဆို၊ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ။ ဘယ်ပစ္စည်းကို ဆိုဆိုရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ယဋ္ဌနာမှာ အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတနိ္ဒေတီဏ် စသည်ဖြင့်ဟောထားပါတယ်။

**အာပုဓိ**

ပြီးတော့ အာပုဓိလာပါတယ်။ စာမျက်နှာ(က)သုဒ္ဓသင်္ချာကို ကြည့်လိုက်ပါဦး။ ဒီသုဒ္ဓသင်္ချာတွေရဲ့ အဓိပ္ပါယ်ကတော့ နောက်သူတို့အခဏ်းရောက်လာမှဘဲ ကြည့်ပြီးပြော ပါမယ်။

**အာရမ္မဏ ပုရေဇာတာဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဉ်** - အလေးအမြတ်ပြု တတ်သော လောဘမူစိတ်ရှစ်ခုအားတတ်သော အလေးအမြတ်ပြုအပ်သော ဇာဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဋ္ဌာရသ။ ဤတရားတို့သည် အာရမ္မဏပုရေဇာတာဓိပတိပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာ ဧကံ။ ပစ္စည်းရေ(၆)ဟူသည်တည်း။ သင်္ချာဧကံဟူသော်ကား အဗျာကတောအကုသလဿဟူသည်တည်း။ ပစ္စည်းရေ(၆)ဟူသော်ကား အာရမ္မဏ၊ အဓိ ပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတဟူသည်တည်း။

သူရဲ့သုဒ္ဓသဉ်္ချာအရပစ္စည်းက နိပ္ဖန္နရုပ်အဇ္ဈာရသဖြစ်သဖြင့် အဗျာကတဖြစ်ပါတယ်။ ပစ္စယုပ္ပန်က လောဘမူစိတ်ရှစ်ခုဖြစ်သဖြင့် အကုသိုလ်ဖြစ်ပါတယ်။ ဒါကြောင့်အဗျာကတော အကုသလဿလို့ သင်္ချာတချက်သာရပါတယ်။ ပစ္စည်းရေ(၆)ကတော့ အာရမ္မဏပုရေဇာတက (၄) ပစ္စည်းအမြဲလိုက်ပါလိမ့်မယ်။ အဲဒီမှာအာပုဓိလို့ဆိုတဲ့ အဓိပတိအသံကလေးပါလာတယ်။ အဓိပတိအသံကလေးပါလာရင် စောစောကအာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယလို့ ပြောခဲ့တဲ့အတိုင်း အဓိပတိအသံပါလာရင် အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယလိုက်ရပါတယ်။ ဒီတော့အာရမ္မဏ ပုရေဇာတ(၄)ပစ္စည်းထဲမှာ အဓိပတိနဲ့ဥပနိဿယ ထည့်ရင် (၆)ပစ္စည်းဖြစ်ပါလိမ့်မယ်။ သူရဲ့ပါဠိနဲ့ အရေအတွက်က စာမျက်နှာ (၅)မှာရှိပါတယ်။

ပစ္စုပ္ပန်နိပ္ဖန္နရုပ်ဆိုရင် စက္ခုံကနေပြီး ဝတ္ထုံထိအောင်လာပါတယ်။ ဒီတော့စက္ခုသောတ ဃာန ဇိဝှါ ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗလို့ဆိုရင် ဩဠာရိကရုပ်ဒွါဒသရှိပါတယ်။ ဝတ္ထုလို့ဆိုတာက ဟဒယဝတ္ထုကလေးဖြစ်ပါတယ်။ (၁၃)ခုဘဲ ရှိပါသေးတယ်။ ဒါပေတဲ့ သုဒ္ဓသင်္ချာက နိပ္ဖန္နရုပ်အဇ္ဈာရသလို့ဆိုတော့ ရုပ်ငါးခုကျန်နေတယ်။ အဲဒီရုပ်ငါးခုဟာ ဘာ့ကြောင့်ကျန်နေသလဲ? ကျန်နေခဲ့လို့ရှိရင် ဘာဖြစ်လို့နိပ္ဖန္နရုပ်အဇ္ဈာရသလို့ ဟောထားသလဲလို့ဆိုတာကိုတော့ သူ့ဆိုင်ရာ သုဒ္ဓသင်္ချာရောက်တဲ့အခါ နိပ္ဖန္နရုပ်အဇ္ဈာရသ ရကြောင်း၊ ဘယ်နေရာဘယ်ဌာနမှာဟောကြောင်းကို ပြောပြပါမယ်။ အဲသူကပါဠိကလေးပါတော့ အဓိပတိအသံကလေးနဲ့ဘဲဆိုလိုက်ကြပါစို့။

အဗျာကတောဓမ္မော အကုသလဿဓမ္မဿ အဓိပတိ ပစ္စယေနပစ္စယော။ စက္ခုံဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံဂရုံကတွာ ရာဂေါဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံဂရုံကတွာ ရာဂေါဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။

အရေအတွက်ကလဲ သူ့သုဒ္ဓသင်္ချာ အတိုင်းပါဘဲ။ ဘာမှစဉ်းစားစရာ မလိုတော့ပါဘူး။

**အဗျာကတော အကုသလဿ**အဗျာကတောဓမ္မောဟူသော ကတ္တား ပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခုအားဘတ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ်အဇ္ဈာရသ ပစ္စည်းတရားရန်၏၊ အကုသလဿဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ်ရှစ်ခု ပစ္စယုပ္ပန်တရားရန်၏။

ဒီမှာလက်သဲကွင်းကလေးနဲ့ ပြထားသဖြင့် တပြိုင်နက်(၆)ပစ္စည်းရပါတယ်။ ဒီတပြိုင်နက် (၆) ပစ္စည်းဟာ သူ့ရဲ့သဘာဂပစ္စည်းရေဖြစ်ပါတယ်။ ဒါပေတဲ့ယယာရဟာလိုချင်ခဲ့လို့ရှိရင်(၈) ပစ္စည်းယူရပါတယ်။ လက်သဲကွင်းကလေးနဲ့ဘဲ ပြထားသဖြင့် တပြိုင်နက်ဘဲ ဆိုလိုက်ကြပါစို့။

အဓိပတိပစ္စယေနဟူသော ကရိုဏ်း ပါဌ်၏အရကား တပြိုင်နက် ဟတ်ဟောင်းသော အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ-ဟု (၆) ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရန်၏။

အာပုမိဆိုတာ ပဋ္ဌာပါရဝိဘင်မှာ သီးသန့်မရှိပါဘူး။ သဘာဂဃဋ္ဋနာတွေ ရောက်ရင်တခါထဲကိစ္စပြီး အဆင်သင့်ဖြစ်အောင်လို့ ထည့်ပြီးထားတာပါ။ ဒါတွေဟာသဘာဂ ဃဋ္ဋနာတွေအတွက်ပါ။

## ဝတ္ထာမိ

ဝတ္ထာမိဟာလဲ ဥပနိဿယနဲ့ နိဿယရဲ့သဘာဂဖြစ်ပါတယ်။ နိဿယ ပစ္စယာ ဥပနိဿယေကော် လို့ဆိုတဲ့အခါမှာ ဝတ္ထာမိ ရပါတယ်။ စာမျက်နှာ(က)နောက်ဆုံးဝတ္ထာမိ ကလေး ဆုံရပါလိမ့်မယ်။

**ဝတ္ထာရမ္မဏာဓိပတိပစ္စည်း၏သုဒ္ဓသင်္ချာဝါရနည်း** - အလေး အမြတ် ပြုတတ်သော လောဘမူမရဏာသန္တဇော ငါးချက်အားတတ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု။ ဤ တရားတို့သည် ဝတ္ထာရမ္မဏာဓိပတိပစ္စည်း တတ်သောတရားတို့မည်ကုန်၏။ သင်္ချာကော။ ပစ္စည်းရေ (၈) ဟူသည်တည်း။ သင်္ချာကော်ဟူသော်ကား အဗျာကတောအကုသလဿဟူ သည်တည်း။ ပစ္စည်းရေ (၈) ဟူသော်ကားအာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဟူသည်တည်း။

ဒီမှာလဲပစ္စည်းဟဒယဝတ္ထုက အဗျာကတ။ ပစ္စယုပ္ပန်လောဘမူမရဏာသန္တဇောက အကုသိုလ်ဖြစ်ပါတယ်။ ပစ္စည်းရေ (၈) ရမှုကတော့ ခုနကပြောခဲ့တဲ့အတိုင်း ဝတ္ထုဆိုတဲ့ အသံပါလာလျှင် နိဿယနဲ့ ဝိပ္ပယုတ္တထည့်ရပါတယ်။ အဓိပတိအသံပါလာလျှင် အဓိပတိနဲ့ ဥပနိဿယထည့်ရပါတယ်။ အဲဒီတော့ ဝတ္ထာမိလို့ဆိုတဲ့နေရာမှာ ဝတ္ထုသံကလေးလဲ ပါပါ တယ်။ အဓိ အသံလဲပါပါတယ်။ အဲဒါကြောင့်အာပု(၄) ပစ္စည်းထဲမှာ (၄) ပစ္စည်းထပ် ထည့်လိုက်ရင် ပစ္စည်းရေ(၈)ခုဖြစ်ပါတယ်။ ပါဠိနဲ့အရကောက်အတွက် စာမျက်နှာ(၅) မှာ ကြည့်ရပါ့မယ်။ သူ့ကိုလဲအဓိပတိဘဲဆိုလိုက်ကြပါစို့။

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ ဝတ္ထုံဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ။ တံဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ (ဒါပါဘဲ)

အရကောက်ကလဲ အောက်ဆုံးမှာရှိပါတယ်။ သူ့ရဲ့သုဒ္ဓသင်္ချာအတိုင်း ဘာမှရှင်းနေ စရာမလိုပါဘူး။(၈)ဂဏန်းကလေးမှာ လက်သဲကွင်းပါပါတယ်။ တပြိုင်နက်ဖြစ်ရပါမယ်။

**အဗျာကတော အကုသလဿ**အဗျာကတောဓမ္မောဟူသော **ကတ္တားပုဒ်၏** အရကား အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္တဇော ငါးချက် အားတတ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇) ချက်မြောက်သောစိတ် နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုပစ္စည်းတရားရ၏။ အကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္တ ဇော ငါးချက် ပစ္စယုပ္ပန်တရား ရ၏။ အဓိပတိပစ္စယေန ဟူသော **ကရိုဏ်း** ပါဒ်၏ အရကား တပြိုင်နက်ဘတ် ကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၈)ပစ္စယ သတ္တိတို့တွင် အဓိပတိ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အာရမ္မဏမျိုးကုန်သွားပါပြီ။ နောက်အပတ်ကြရင် သဟဇာတမျိုး ဟောရပါလိမ့်မယ်၊ အရင်အပတ်က အဓိပ္ပါယ်ကို သေသေချာချာပြောပြပြီးတော့ သက္ကာယမိစ္ဆာဒိဋ္ဌိ မဖြစ်ဖို့ ပုဂ္ဂိုလ်တို့ရဲ့ သဘာဝတွေကို ပြောခဲ့ပါတယ်။ သကဒါဂါမိ ပုဂ္ဂိုလ်တွေကြတော့ကော သူတို့ရဲ့ အကြွင်းမဲ့ ပယ်အပ်တဲ့ တရားမရှိခြင်းကြောင့် များစွာ မထူးလှပါဘူး။ ဒါ့ပေတဲ့ မဟာနာမ်ဖြစ်တဲ့ သကဒါဂါမိ ပုဂ္ဂိုလ်ကြီးရဲ့ အကြောင်းကို ပဟိနေကိလေသေကျမှ ပြောပြပါ့မယ်။

## အဓိပ္ပါယ်

ယနေ့ အနာဂါမိ ပုဂ္ဂိုလ်အကြောင်းကို ပြောပြပါ့မယ်။ အနာဂါမိ များကြ တော့ "သဗ္ဗေတသန္တိ ဒဏ္ဍဿ၊ သဗ္ဗေဘာယန္တိ မစ္စုနော" ဘယ်လိုပုဂ္ဂိုလ်မျိုးမဆို ဒါဏ်ထားမှာ ကြောက်တယ်၊ ထိပ်လန့်တယ်၊ သေရမှာကြောက်တယ်၊ သေရ မှာ ကြောက် တယ် လို့ ဆိုတဲ့ နေရာမှာ ဒီ-သဗ္ဗ သဒ္ဒါဟာ အကြွင်းအကျန်ရှိတဲ့ သာဝသေသသဗ္ဗဖြစ်ပါတယ်။ သာဝသေသ သဗ္ဗဖြစ်တော့ ဒီပါဠိထဲမှာ အနာဂါမိနဲ့ ရဟန္တာတွေမပါဘူး။ ကြောက်တယ်၊ ကြောက်တယ်လို့ ဆိုတာဟာ ဘာ့ကြောင့်လဲ? ဒေါသရဲ့သတ္တိပါ။ အနာဂါမိများ ဒေါသကိုပယ်ပြီး ဖြစ်လေတော့ သူတို့ဟာ ဒါဏ်သားမှာလဲ မကြောက်ဘူး၊ သေရမှာလဲမကြောက်ဘူး။ ကြောက်တယ်ဆိုတာ ဒေါသရဲ့သတ္တိဖြစ်တယ်၊ သေရမှာမကြောက်ပုံကို မူလပဏ္ဏာသ အဋ္ဌကထာ အန္ဓဝနနဲ့ စပ်ပြီး ပြဆိုပုံကလေးကို နဲနဲပြောပြပါမယ်၊ သက်တမ်းတိုကြတဲ့ဘုရားများ (အကျယ်တော့မဟုတ်ဘူး) ပရိနိဗ္ဗာန်စံတော်မူတဲ့အခါမှာ ဓာတ်တော်တွေဟာ တလုံးတခဲထဲ မနေဘဲနဲ့ မြတ်စွာဘုရားရှင်များရဲ့ အဓိဋ္ဌာန်တော်မြတ်ရဲ့ အာနုဘော်ကြောင့် အစိပ်စိပ် အမြွှာမြွှာဖြစ်ခဲ့တယ်။ တပည့်တော်တို့ရဲ့ မြတ်စွာဘုရားဟာ အင်မတန် သက်တမ်းတိုတဲ့ အချိန်မှာ ပွင့်လေတော့ ငါဘုရားဟာ ရှေးဘုရားများလို ကြာရှည်မနေရဘူး။ ငါဘုရားကို ဖူးမြင်ရတဲ့ ပုဂ္ဂိုလ်တွေကနဲ့ပြီး မဖူးမြင်ရတဲ့ ပုဂ္ဂိုလ်တွေက အင်မတန် များတယ်။ အဲဒီတော့ ငါဘုရားရဲ့ဓာတ်တော်တွေကို ထိုဆိုအရပ်မှာ ပူဇော်ကြမယ်၊ ဖူးမြော်ကြမယ်ဆိုရင်အယုတ်ဆုံးအားဖြင့်နတ်ပြည်ရောက်ကြလိမ့်မယ်လို့ ပရိနိဗ္ဗာန်ပြုတော်မူခါနီးမှာ ကိုယ်တော်ရဲ့ဓာတ်တော်တွေကို အစိပ်စိပ်အမြွှာမြွှာဖြစ်ဖို့ အဓိဋ္ဌာန်ပြုခဲ့ပါတယ်။

သက်တော်ရှည်တော်မူကြတဲ့ ကဿပဘုရားများကြတော့ ပရိနိဗ္ဗာန်ပြုတဲ့အခါကာလမှာ ဓာတ်တော်တွေဟာ ရွှေတုံးကြီးလို အစိုင်အခဲတခုတည်းသာဖြစ်တယ်၊ အဲဒီဓာတ်တော်ကို စေတီတည်ဖို့ရာစီးဝေးတဲ့အခါမှာ တယောက်က အမြင့်ဘယ်လောက်တည်မလဲလို့ မေးတယ်။ (၇) ယူဇနာတည်မယ်လို့ အချို့ကပြောကြတယ်၊ တယူဇနာဟာ ၁၃ မိုင်ခွဲရှိတယ်လို့ငယ်ငယ်တုံးက O. White ရေးတဲ့အင်္ဂလိပ်ဘာသာပြန်ဝေဿန္တရာစာအုပ်မှာ မှတ်ထားတာဘဲ၊ ပါဠိအဘိဓာန်ကတော့ (၇) မိုင်လောက်ရှိတယ်လို့ ဆိုတယ်၊ ဒီတော့ဒီပြင်ပုဂ္ဂိုလ်တွေက ဟာကြီးလှပါတယ်ဗျား။ (၇) ယူဇနာတောင် အမြင့်တည်မယ်လို့ ဆိုရင် နောင်အခါပြင်ဆင်နိုင်ဖို့ရာအတွက် အင်မတန်ခဲယဉ်းပါတယ်လို့ပြောတော့ကာမှ ၆ ယူဇနာ၊ ၅ ယူဇနာ၊ ၄ ယူဇနာ၊ ၃ ယူဇနာ၊ ၂ ယူဇနာလျှော့ချပြီး တယူဇနာတည်ဖို့ရာ အတွက် အားလုံးကုန်သဘောတူကြတယ်။ အဲဒီလို လျှော့ချတဲ့ အထဲမှာ ဘယ်သူပါသလဲဆိုတော့

လကုဏ္ဍကမထေရ်က ခေါင်းဆောင်အဖြစ် ပါဝင်တယ်။ အဲဒီလို တယူဇနာ တည်အောင် ကျွေးချလိုက်တော့ ယခုပွင့်တော်မူတဲ့ ဘုရားရှင်လက်ထက်မှာ ဘာလာဖြစ်သလဲ ? အင်မတန်ပုတဲ့ ရဟန္တာကလေး လကုဏ္ဍကမထေရ်လာဖြစ်တယ်။ ဒါပြီးစေချင်လို့ ကောင်းစေချင်လို့ပြောနေတယ်လို့ ဝဇိက်ကလိုက်တော့ခံရတယ်။ အုဋ္ဌတွေဘယ်လိုစီကြမလဲလို့ တိုင်ပင်ကြတော့အပြင်ဘက်အုဋ္ဌကအုဋ္ဌတချပ်ကို တသိန်းတန်ရွှေအုဋ္ဌ။ အတွင်းဘက်က ငါးသောင်းတန်ရွှေအုဋ္ဌတွေစီမယ်။ အင်္ဂတေကြတော့ ဆေးဒါန်း မြင်းသီလာတွေလုပ်မယ်။ ဘိလပ်မြေတွေမဟုတ်ဘူး။ ရေကိစ္စအတွက်ကတော့ ဆီကိုလုပ်မယ်လို့ ဆုံးဖြတ်ကြပြီး ဘာ လုပ် ကြသလဲ? ဒီစေတီ တည်ဘို့ရာအတွက် လေးဘက်ရှိလေတော့ တဘက်ကမင်းကို တာဝန်ပေးတယ်။ တဘက်က ပထဝိန္ဓရ အိမ်ရှေ့မင်းသားကို တာဝန်ပေးတယ်။ တဘက်က စစ်သူကြီး ခေါင်းဆောင်တဲ့ အမတ်များကို တာဝန်ပေးတယ်။ တဘက်ကတော့ကာ သူဌေးခေါင်းဆောင်တဲ့လူတွေကို တာဝန်ခွဲပေးတယ်။

မင်းရယ် အိမ်ရှေ့ရယ် စစ်သူကြီးရယ်ကတော့၊ သူတို့က ရွှေပေါလို့ လုပ်နိုင်ဘယ်၊ သူဌေးခေါင်းဆောင်တဲ့ ဆင်းရဲသားဘက်က ရွှေမလောက်တော့ အလုပ်နောက်ကြတယ်။ အလုပ်နောက်ကျနေကြောင်း ယသောရတ-အမည်ရှိတဲ့ ပိဋ္ဌကသုံးပုံဆောင် အနာဂါမ်ဥပါသကာကြီးက သိလေတော့ လှည်းငါးရာကပြီး ဇမ္ဗူဒီပါတကျွန်းလုံးမှာရှိတဲ့ ဇနပုဒ်တွေကို လှည့်လည်ပြီး ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူခဲ့လေပြီ။ ငါတို့တယူဇနာရှိတဲ့ စေတီကြီးတည်ပြီးနေတယ်။ သင်တို့သည် စွမ်းနိုင်သလောက် ရွှေဖြစ်ဖြစ် ငွေဖြစ်ဖြစ် ရတနာ ခုနစ်ပါးဖြစ်ဖြစ် ဆေးဒါန်း မြင်းသီလာဖြစ်ဖြစ် လှူကြပါလို့ တိုက်တွန်းတယ်။ အဲဒီလိုတိုက်တွန်းတော့ လူတွေကလဲ မိမိတို့စွမ်းအားအလျောက် ရွှေငွေစသည်ကို လှူဒါန်းတဲ့ လူက လှူဒါန်းတယ်။ ရွှေငွေစသည်ကို မလှူဒါန်းနိုင်တဲ့လူက ဆီဆန်စသည်ကို လှူဒါန်းတယ်၊ ဒီလို လှူတဲ့ဆီဆန်စသည်တွေကိုတော့ အလုပ်သမားတွေစားဘို့ရာအတွက် ပို့လိုက်တယ်။ ကျန်တာတွေကိုတော့ ရွှေနဲ့လဲတယ်။ ဒီအတိုင်း ဇမ္ဗူဒိပ်တကျွန်းလုံးကိုလှည့်ပြီး အလှူခံပါတယ်။ စေတီကြီးကတော့ ပြီးပါပြီ။ ပြီးလေတော့ ဆရာလဲ စေတီကိုလာ၍ ရှိခိုးလှည့်ပါလို့ စာလွှာသဝဏ်ပို့လိုက်ကြပါတယ်။ အနာဂါမ်ကြီးကလဲ မင်း တို့ အလုပ် ပြီး အောင် လုပ် ကြ၊ ငါဇမ္ဗူဒိပ်တကျွန်းလုံး လှည့်လည်ပြီးနေတယ်လို့ သဝဏ်လွှာပို့လိုက်တယ်။ ဒီသဝဏ်လွှာနှစ်စောင်ဟာ လမ်းခရီးမှာ ဆုံမိကြတယ်။ ဆရာကြီးကလဲ စေတီကို ရှိခိုးမယ်လို့ တယောက်ထဲ ထွက်လာခဲ့တယ်။ သူအလှူခံခဲ့တဲ့ ရွှေငွေတွေကိုတော့ သူလုံးဝမကိုင်ပါဘူး၊ အားလုံးကို လှည်းနဲ့ ပြန်ပို့လိုက်ပါတယ်။ ဒီလိုတယောက်တည်းပြန်လာတော့ လမ်းခရီးအကြား တောအုပ်ထဲက ခိုးသားငါးရာနဲ့တွေ့တယ်။ အဲဒီထဲမှာ တယောက်က ဒီအနာဂါမ်ကြီးကို မြင်တဲ့အခါ ဒီပုဂ္ဂိုလ်ဟာ ဇမ္ဗူဒိပ်တကျွန်းလုံးက ရွှေတွေစုပြီးလာတဲ့ ပုဂ္ဂိုလ်ဖြစ်လေတော့ ရွှေအိုးကြီးကိုလုံ့မ့်လာတာဖြစ်ပါလိမ့်မယ်လို့ ကျန်တဲ့ပုဂ္ဂိုလ်တွေကို ပြောပြတယ်။ ပြောပြီး ဒီအနာဂါမ် ပုဂ္ဂိုလ်ကြီးကိုဖမ်းကြတယ်၊ ဒီတော့ အနာဂါမ်ပုဂ္ဂိုလ်ကြီးက မင်းတို့ငါ့ကို ဘာ့ကြောင့် ဖမ်းကြတာလဲလို့မေးတော့ ဇမ္ဗူဒိပ်တကျွန်းလုံးက ရွှေတွေကို အသင်စုပြီး လာခဲ့တယ်မဟုတ်ဘူးလား အကျွန်ုပ်တို့အားလဲ ရွှေနဲနဲပေးပါလို့ တောင်းကြတယ်။ ဒီလိုတောင်းဘော့ခင်း

တို့ ကဿပ ဘုရားပရိနိဗ္ဗာန်ပြုလို့ တယူဇနာရှိတဲ့ စေတီကြီးတည်နေတယ် ဆိုတာ မင်းတို့ မသိကြဘူးလား။ ဒီအတွက် ငါစုဆောင်းတာ၊ ငါ့အတွက်လုံးဝ မဟုတ်ဘူး။ ဒီရွှေငွေတွေကိုလဲရတဲ့ နေရာကနေပြီး စေတီတည်ဘို့ရာအတွက် ပို့လိုက်ပြီးပြီ။ ငါ့မှာ ဝတ်ထားတဲ့ပုဆိုးက လွဲလို့တချင် ရွေးမျှလောက်သော အသပြာတောင် မရှိပါဘူးလို့ပြောတယ်။ ဒီတော့ တချို့က ဆရာကြီးကို လွှတ်လိုက်ပါလို့ ပြောတယ်။ တချို့က ဒီဆရာကြီးဟာ မင်းမှုးမတ်စသည်တို့ရဲ့ အပူဇော်ခံနေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ငါ့ကိုကိစ္စရှိလို့ မြို့ထဲသွားလို့ ငါတို့ကို မြင်ရင်မင်းကိုသော်ရင်း၊ မင်းအမတ်စသည်ကိုသော်ရင်း ပြောကြားကြလိမ့်မယ်။ အဲဒီအခါမှာ ငါတို့ အကျိုးမဲ့ ပျက်စီးကြလိမ့်မယ်လို့ပြောတယ်၊ ဒီတော့ အနာဂါမ်ကြီးက အမောင်တို့၊ ငါဒီလိုမလုပ်ပါဘူး မပြောပါဘူးလို့ ပြောတယ်။ အဲဒီလိုပြောမှုဟာ အနာဂါမ်ကြီးက သူတို့ကို သနားလို့သာ ပြောတာ။ သူ့အသက်ကို တွယ်တာမှု ကြောင့် ကြောက် လို့ ပြောတာမဟုတ်ဘူး။ ဒီလိုလွှတ်မယ် ဖမ်းမယ်လို့ အငြင်းအခုံဖြစ်ကြပြီး ဖမ်းမယ်ဆိုတဲ့ ဝါဒကများတော့ ဖမ်းပြီး အနာဂါမ် ပုဂ္ဂိုလ်ကြီးကို သတ်လိုက်ကြပါရော။ အင်မတန် အားကောင်းတဲ့ ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့ အရိယာသာဝကကို ပြစ်မှားကြလေတော့ ဆီမီးအလျှံကို ငြိမ်းလိုက်သလို ဒီပုဂ္ဂိုလ် ငါးရာရဲ့ မျက်စိတွေဟာ တခါထဲ ကွယ်ပြီးသွားပါတယ်။ အဲဒီတော့ ဒီပုဂ္ဂိုလ် အကန်းတွေရဲ့နေရာ ဌာနဖြစ်ခြင်းကြောင့် အန္ဓဝန ရယ် လို့ ခေါ်တယ်။ ဆိုလိုရင်းက အနာဂါမ်ဟာ ဒေါသကို အကြွင်းမဲ့ပယ် ပြီး ထား ခြင်း ကြောင့် ခိုးသားငါးရာက သတ်မယ်လို့ ဆိုငြားသော်လဲ လုံးဝကြောက်ရွံ့ခြင်း မရှိပါဘူး။

ပြီးတော့ ဃဋိကာရသုတ်မှာ ဃဋိကာရအိုးထိန်းသည်ကြီးဟာ အနာဂါမ်ကြီးပါ။ အဲဒီအနာဂါမ်ကြီးအကြောင်းကိုတော့ အကျဉ်းချုပ်ဘဲပြောပြမယ်။ ကဿပဘုရားလက်ထက် ကိကီမည်တဲ့ ကာသိမင်းက မြတ်စွာဘုရားအားသူနေဘဲ့ ဗာရာဏသီတိုင်းပြည်မှာ ဝါဆိုဘို့ ပင့်တယ်။ ဘုရားက "မင်းကြီး ဝေဂဠိင်္ဂနိဂုံးမှာနေတဲ့ ဃဋိကာရအိုးထိန်းသည်ကြီးဟာ ငါဘုရားအား ဝါဆိုဘို့ရာအတွက် ပင့်ထားတယ်။ ငါကလဲဝါဆိုမယ်လို့ ဝန်ခံပြီးဖြစ်တယ်။ မင်းကြီးပင့်တာကို လက်မခံနိုင်ဘူး"လို့ မြတ်စွာဘုရားက အမိန့်ရှိတော်မူသဖြင့် "မြတ်စွာဘုရား၊ တပည့်တော်ထက် သာလွန်ထူးမြတ်တဲ့ အလုပ်အကျွေးများ ရှိပါသေးသလားလို့" လျှောက်တဲ့အခါမှာ မြတ်စွာဘုရားက "မင်းကြီး၊ သင်မင်းကြီးက ငါဘုရားဝါမဆိုဘူးလို့ လက်မခံတဲ့အတွက် သင့်မှာနှလုံးမသာမယာမှုတွေရှိတယ်၊ သင်နှလုံးမသာယာမှုရှိသလို ဃဋိကာရအိုးထိန်းသည်ကြီးမှာဒီနှလုံးမသာယာမှုတွေဟာလုံးဝမရှိပါဘူး"ဆိုပြီးတော့ဃဋိကာရအိုးထိန်းသည်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို များစွာဘဲပြောကြားပါတယ်၊ နည်းဒါမဟုတ်ပါဘူး။ ဃဋိကာရသုတ်ကြီးမှာ "ဃဋိကာရော ခေါ မဟာရာဇကုမ္ဘကာရောဧကဘတ္တိကော နိက္ခိတ္တမဏိသုဝဏ္ဏော အပေတဇာတရူပရဇတော"စသည်ဖြင့် မင်းကြီး ဃဋိကာရအိုးထိန်းသည်ကြီးသည် တထပ်တည်းသာစား၏။ အနာဂါမ်ဖြစ်လာခဲ့လို့ရှိရင် လောလုပ္ပတဏှာရဲ့ အာရုံဖြစ်တဲ့ အစာအာဟာရတွေကိုဖြတ်ပြီး တထပ်သာလျှင် မိမိ၏အသက်ရှည်ဘို့ရာအတွက် စားတော့တာဘဲ။ ပတ္တမြားရွှေငွေဆိုလျှင်လဲ စွန့်ပယ်ပြီးထားတယ်။ ရွှေငွေကိုလဲခံယူမှုမပြုဘူး ဆိုပြီးတော့ ဃဋိကာရအိုးထိန်းသည်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ပြောပြတော့မှ၊

မင်းကြီးက "မြတ်စွာဘုရား၊ ဃဋိကာရအိုးထိန်းသည်ကြီးကား အရတော်လေစွတကား" စသည်ဖြင့် လျှောက်ကြားပြီး အဲဒီအိုးထိန်းသည်ကြီးရဲ့ထံကို ဘာတွေ သူပို့လိုက်သလဲဆို တော့ သလေးဆန်ကလှည်းပေါင်းငါးရာ။ အဲဒီဆန်နဲ့လျောက်ပတ်တဲ့ ဟင်းချက်ဘို့ရာကလဲ ဘဲ လှည်းပေါင်းငါးရာ၊ ပေါင်းလှည်းပေါင်းတထောင်ပို့စေပြီး" ဃဋိကာရပုဏ္ဏားကြီး အားဒီပစ္စည်းတွေခံယူပါလို့ လွှတ်လိုက်တဲ့ပုဂ္ဂိုလ်ကပြောတော့ အိုးထိန်းသည်ကြီးက ဘယ့် နှယ်ပြန်ပြောသလဲ? မင်းတို့မင်းတွေဆိုတာ အင်မတန်ကိစ္စများတယ်၊ ပြုဘွယ်တွေလဲ အင်မ တန်များတယ်။ အဲဒီတော့ တော်ပါပြီကွာ၊ ငါမလိုချင်ဘူး၊ မင်းတို့မင်းအားသာလျှင်ဖြစ်ပါ စေတော့လို့ဆိုပြီး ပယ်ပစ်လိုက်တယ်၊ အလှူမခံဘူး။ ဘာဖြစ်လို့ပယ်သလဲဆိုတာကို အဋ္ဌ ကထာက ဘယ့်နှယ်ပြသလဲ? ဒီအိုးထိန်းသည်ကြီးဟာ အနာဂါမ်ကြီး၊ အနာဂါမ်ကြီးဖြစ် တော့ အပ္ပိစ္ဆဂုဏ် (အပ္ပိစ္ဆဂုဏ်ဆိုတာ အလိုနည်းတဲ့ဂုဏ်) အလိုနည်းတဲ့ဂုဏ်ကို ရပြီးဖြစ် လေတော့ ဘယ်လိုကြံသလဲလို့ဆိုရင်၊ ငါဟာဒီမင်းနဲ့တခါမှ တွေ့ဘူးတာလဲမဟုတ် မြင်ဘူး တာလဲမဟုတ်၊ ဒီဆန်တွေ၊ ဆန်အားလျှောက်ပတ်တဲ့ ချက်စရာဟင်းတွေကို ငါ့ထံဘာကိစ္စ ပို့ရတာလဲ။ မြတ်စွာဘုရား မာရာဏသီကိုကြွသွားတာငါသိတယ်၊ ကေန်ဒီမင်းက မြတ်စွာ ဘုရားကို ဝါဆိုဘို့တောင်းပန်တဲ့အခါမှာ ငါ့ကိုဝန်ခံပြီးဖြစ်ကြောင်းပြောပြီး ငါရဲ့ဂုဏ် ကျေးဇူးတွေကိုပြောတာဖြစ်လိမ့်မယ်။ ဂုဏ်ကျေးဇူးကိုပြောတာက သာမညပုဂ္ဂိုလ်မဟုတ်၊ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်က ဃဋိကာရအိုးထိန်းသည်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ပြောနေတယ်။ အဲဒီလိုဂုဏ်ကျေးဇူးကို ပြောလို့ရတဲ့ လာဘ်လာဘဆိုတာ ဘာနဲ့ဥဒါဟ ရဏ်တူသလဲလို့ဆိုရင် ကချေသည်များ ကလို့ရတာနဲ့တူတယ်။ သီချင်းဆိုတဲ့ပုဂ္ဂိုလ်များ သီချင်းဆိုလို့ရတာနဲ့တူတယ်။ အဲဒီတော့ ငါ့အားဒီမင်းကြီးပို့တဲ့ပစ္စည်းတွေနဲ့ ဘာလုပ်ရ မှာလဲ ငါ့ဟာငါအလုပ်လုပ်ကိုင်လို့ရတဲ့ပစ္စည်းနဲ့ မျက်ကန်းဖြစ်တဲ့မိဘနှစ်ပါးကိုလဲ ငါလုပ် ကြွေးမယ်၊ မြတ်စွာဘုရားအားလဲ လုပ်ကြွေးနိုင်သားဘဲလို့ဆိုတဲ့ နှလုံးသွင်းနဲ့ပယ်လိုက်တယ်။ ဂုဏ်ကျေးဇူးကိုပြောတဲ့ပုဂ္ဂိုလ်က မြတ်စွာဘုရားဖြစ်သည့်တိုင်အောင် အပ္ပိစ္ဆဂုဏ်ရဲ့အစွမ်း အားဖြင့် လက်မခံဘူး။ အဲဒီတော့ဒီသုတ်အရ အနာဂါမ်ရယ်လို့ ဖြစ်လာခဲ့လို့ရှိရင်ဘာဖြစ် ရသလဲ၊ ဧကဘတ္တိကစသည်ဖြင့် ဆယ်ပါးသီလမြဲတယ်ဆိုတဲ့ သဘောမျိုးဘဲဖြစ်ပါတယ်။

ပြီးတော့စူဠဝေဒလ္လသုတ်မှာလဲ ဝိသာခဥပါသကာဟာမြတ်စွာဘုရားတရားနာရလို့ သောတာပန်ဖြစ်ရာက အနာဂါမ်ဖြစ်လာတဲ့အခါ သူရဲ့ဣန္ဒြေနဲ့စိတ်များဟာ အင်မတန် ငြိမ်သက်တယ်။ 'သန္တိန္ဒြိယောသန္တမာနသော' သောတာပန်ဖြစ်စဉ်အခါကာလတုံးက အိမ် ပြန်လာတဲ့အခါမှာ ဟိုဟိုဒီဒီကိုကြည့်လိုက်တယ်။ ပြုံးစရာရှိရင်လဲပြုံးလိုက်တယ်။ ရယ်စရာရှိ ရင်လဲရယ်လိုက်တယ်။ ဒါပေတဲ့ အနာဂါမ်ဖြစ်လာဘဲအခါ ဒါတွေမလုပ်တော့ဘူး။ သူရဲ့ အိမ်ရှင်မက သူ့ကိုခါတိုင်းကြိုနေကြအတိုင်း ပြာသာဒ်ဦးကဆင်းပြီးတော့ သူ့လက်ကိုဆွဲဘို့ ရာလက်လှမ်းပေးပေတယ်လို့ သူရဲ့အိမ်ရှင်မပေးတဲ့လက်ကို မဆွဲတော့ဘူး။ ရှေးအခါက ထမင်းအတူတူစားပေတဲ့ ယခုသူ့အိမ်ရှင်မ ဓမ္မဒိန္နာကိုသော်မှ ပြောကြားခြင်းမပြုဘဲနဲ့ တယောက်ထဲဘဲထမင်းစားတယ်၊ ညအိပ်ပြန်တော့လဲ အခြားအိပ်ခန်းတခုကို သုတ်သင်စေ ပြီး တယောက်ထဲဘဲအိပ်တယ်။ ဒါတွေဟာအနာဂါမ်တို့ရဲ့ကာမရာဂါနုသယကိုအကြွင်းမဲ့

ပယ်တဲ့သဘောတွေဘဲ။ ဒီလိုအနာဂါမ်ရဲ့သဘာဝအတိုင်း အတူလဲထမင်းမစား၊ အတူလဲ မအိပ်၊ စကားလဲမပြောဘဲ နေတဲ့အခါမှာ ဓမ္မဒိန္နာက စင်းစားတယ်။ ဝိသာခသည် ငါ့အပြင် အခြားတောင့်တမှုများ ရှိလေသလား။ ဒါမှမဟုတ် ဘယ်သူကများ ဂုံးတိုက် ထားလို့လဲ။ ဒါမှမဟုတ် ငါ့မှာများ အပြစ်ရှိလေရော့သလားလို့ အင်မတန်ပြင်းထန်တဲ့ ဒေါမနဿဖြစ်ပြီး တရက်နှစ်ရက်ကြာတော့ ငါသိအောင် စုံစမ်းမယ်ဆိုပြီး ဝိသာခ ဥပါ သကာရှိရာ တိုက်ခန်းသို့သွားပြီး ရှိခိုးခါရပ်တယ်။ ဒီတော့ ဥပါသကာက၊ ဟေ့-ဓမ္မဒိန္နာ၊ မင်းဘာကိစ္စအခါမဲ့လာရတာလဲလို့မေးတော့၊ ဟုတ်တယ်-လာပါတယ်၊ အရှင်ဟာ ရှေး ကနဲ့ လုံးဝမတူတော့ဘူး၊ အပြင်မှာများ တောင့်တမှုရှိလို့လားလို့ မေးတော့၊ မရှိပါ ဘူး။ ဂုံးတိုက်ထားလို့လားလို့ မေးတော့လဲမဟုတ်ပါဘူး။ ဒါဖြင့်သူ့မှာ ဘာအပြစ်ရှိလို့ လဲလို့မေးတော့ မရှိပါဘူး။ ဒါဖြင့် ရှေးကလိုသူ့ကို ဘာ့ကြောင့် စကားကောင်းကောင်း မပြောနိုင်ရသလဲမေးတော့ ဥပါသကာက ကြံစီတယ်။ လောကုတ္တရာတရားဆိုတာ လွန်စွာ လေးလံတဲ့ တာဝန်ကြီးဖြစ်တယ်။ မိမိရတဲ့ ဂုဏ်ကျေးဇူးကို ထင်ရှားမပြကောင်းဘူး။ အဲဒီအမိပ္ပါယ်က ဘာလဲဆိုတော့ လောကုတ္တရာတရားလို့ဆိုတဲ့ မဂ်ဘရားဖိုသ်တရား ရလာ ခဲ့လို့ရှိရင် အင်မတန် လေးလံတဲ့ တာဝန်ကြီးကို ထမ်းဆောင်ပြီး နေရတဲ့ ပုဂ္ဂိုလ်နဲ့တူ တယ်။ ငါဟာ သောတာပန်ဖြစ်တယ်, သကဒါဂါမ်ဖြစ်တယ်, အနာဂါမ်ဖြစ်တယ် စသည် ဖြင့် သူတပါးတွေကို မပြောကောင်းဘူး။ ရဟန်းတော်များကြရင် တကယ် သောတာပန် ဖြစ်တာတွေ သကဒါဂါမ်ဖြစ်တာတွေ အနာဂါမ်ဖြစ်တာတွေကိုသော်မှ ရဟန်းအချင်းချင်း ကလွဲလို့ သာမဏေများကိုတောင် မပြောကောင်းဘူး၊ ပုထုဇဉ်ကို ပြောခဲ့လို့ရှိရင် အာပတ် သင့်တယ်။ မရဘဲနဲ့ ရတယ်လို့ပြောလို့ လူဖြစ်တဲ့ပုဂ္ဂိုလ်က ယုံကြည်မယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ တခါထဲ ပါရာဇိကကြတော့တာဘဲ၊ အဲဒါကို ရည်ရွယ်တယ်။ ဝိသာခကတော့ ပါရာဇိကကျ ကျစရာမရှိဘူး၊ ဒကာဘဲ။ ဒါပေတဲ့ သူ့မှာ အင်မတန် လေးလံတဲ့ တာဝန်ကြီးဖြစ်လေတော့ မိမိရတဲ့ ဂုဏ်ကျေးဇူးကို ထင်ရှားမပြကောင်းပါဘူးတဲ့၊ ငါ၏သဘာဝကို ဓမ္မဒိန္နာ အား မပြောခဲ့လို့ရှိရင် ဓမ္မဒိန္နာဟာ ရင်ကွဲပြီးသေတော့မှာဘဲလို့ ဓမ္မဒိန္နာကို ချီးမြှောက် လိုတဲ့ သဘောနဲ့ "ဓမ္မဒိန္နာ၊ ငါသည် မြတ်စွာဘုရားရဲ့ ဒေသနာကို ကြားနာရလို့ လော ကုတ္တရာတရားကို ရခဲ့ပြီ"လို့ပြောတယ်။ လောကုတ္တရာတရားရတဲ့ ပုဂ္ဂိုလ်ဟာ ဒီလိုလောကီ အမှုအရာတွေ မအပ်စပ်တော့ဘူးလို့ပြောတယ်။ အဲဒါတွေဟာ အနာဂါမ်တို့ရဲ့ သဘော ကို မှန်းဆနိုင်ဘို့ရာအတွက် အကျဉ်းချုပ်ပြောတာ ဖြစ်ပါတယ်။ ရဟန္တာတို့ရဲ့အကြောင်း ကိုတော့ ပြောပြီးပါပြီ။

ပြီးတော့ "သေက္ခာ မဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံပစ္စဝေက္ခတိ"ဆိုတဲ့ နေရာမှာ သေက္ခပုဂ္ဂိုလ် တွေသည် မိမိတို့ရတဲ့မဂ်ကထ။ မဂ်ကထတယ်လို့ဆိုတဲ့ အကြောင်းကိုလဲ ပြောခဲ့ပြီ။ ထပြီး မဂ်ကိုဆင်ခြင်တယ်။ မဂ်ကိုဆင်ခြင်သဖြင့် ဒီဆင်ခြင်တဲ့ ကုသိုလ်ဟာ မဟာကုသိုလ် ဉာဏ သမ္ပယုတ်ဖြစ်ပါတယ်။ ဆင်ခြင်တယ် ဆင်ခြင်တယ်လို့ဆိုတာဟာ အရိယာရယ်လို့ဖြစ်လာ ခဲ့လို့ရှိရင် မိမိတို့ရခဲ့တဲ့မဂ်ဖိုလ်,မျက်မှောက်ပြုအပ် အာရုံပြုသောအားဖြင့် ပြုအပ်တဲ့နိဗ္ဗာန်, မိမိဘယ်ကိလေသာတွေ ပယ်ပြီးပြီဆိုတဲ့ ပယ်ပြီးတဲ့ကိလေသာ ကြွင်းကျန်တဲ့ကိလေသာ

တွေကို ဆင်ခြင်ကြပါတယ်။ မဂ်ကိုဆင်ခြင်တဲ့အခါမှာ''ဣမိနာဝတာဟံ မဂ္ဂေနအာဂတော'' ငါသည် ဤမဂ်အားဖြင့် လာခဲ့ပြီတကား။ ဖိုလ်ကိုဆင်ခြင်တဲ့အခါမှာ ''အယံမေအာနိသံသောလဒ္ဓေါ'' ငါသည် ဤအကျိုးကို ရအပ်ပေစွတကား။ ပယ်ပြီး ကိလေသာ ဆင်ခြင်တဲ့အခါမှာ ''ဣမေနာမ မေကိလေသာပဟီနာ'' ငါသည် ဤမည်သော ကိလေသာကို ပယ်အပ်ကုန်ပြီ။ ကြွင်းတဲ့ကိလေသာကို ဆင်ခြင်တဲ့အခါမှာ ''ဣမေနာမမေကိလေသာ အဝသိဋ္ဌာ'' ငါ့အား ဤမည်သော ကိလေသာတွေဟာ ကျန်ပြီးနေသေးတယ်လို့ ဒါကို ဆင်ခြင်တယ်။ အဲဒီလိုကျန်သေးတဲ့ ကိလေသာတွေကို ပဋ္ဌာန်းကြတော့'' ''ဝိက္ခမ္ဘိတေ ကိလေသေ''ရယ်လို့ ဟောပါတယ်။ အဲဒီပယ်ပြီး ကြွင်းကျန်တဲ့ ကိလေသာအကြောင်းကို ''ပဟီနေကိလေသေ'' ကြတော့ တခါထပ်ပြီးပြောပါ့မယ်။ နိဗ္ဗာန်ကို ဆင်ခြင်တဲ့အခါကြတော့ ''အဝသာနေစအယံမေဓမ္မော အာရမ္မဏာတော ပဋိဝိဒ္ဓေါ''။ အဆုံး၌လည်း ဤတရားကို ငါသည် အာရုံပြုသောအားဖြင့် သိအပ်လေပြီရယ်လို့ သောတာပန်-သကဒါဂါမ်-အနာဂါမ်များမှာ ပစ္စဝေက္ခဏာ ငါးပါးစီရပါတယ်။ ရဟန္တာကြတော့ကာ ကြွင်းကျန်တဲ့ကိလေသာမရှိလေတော့ လေးပါး ပေါင်းလိုက်လျှင် သောတာပန် သကဒါဂါမ် အနာဂါမ် ငါးပါး စီ ၁၅-ပါး။ ရဟန္တာလေးပါးလို့ဆိုတော့ ပစ္စဝေက္ခဏာဝိထိ ၁၉ ပါးဖြစ်ပါတယ်။

ဒီပစ္စဝေက္ခဏာဝိထိ (၁၉)ပါးလုံးကို ပဋ္ဌာန်းမှာ အတိအကျ ဟောထားပါတယ်။ သောတာပန်-သကဒါဂါမ်-အနာဂါမ် ပုဂ္ဂိုလ်တို့ မိမိတို့ရခဲ့တဲ့ မဂ်ကို ဆင်ခြင်ကြောင်းကို ကုသလော ကုသလဿမှာ ''သေက္ခာမဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ''လို့ ဟောထားပါတယ်။ ရဟန္တာပုဂ္ဂိုလ် ဆင်ခြင်တာကိုတော့ ကုသလော အဗျာကတဿမှာ ''အရဟာမဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံပစ္စဝေက္ခတိ''လို့ဟောတယ်။ သေက္ခပုဂ္ဂိုလ်တွေ ဖိုလ်ကိုဆင်ခြင်ကြောင်းကို အဗျာကတော ကုသလဿမှာ ''သေက္ခာဖလံပစ္စဝေက္ခန္တိ''လို့ ဟောတယ်။ရဟန္တာ ဖိုလ်ကိုဆင်ခြင်တာကို အဗျာကတော အဗျာကတဿမှာ ''အရဟာဖလံပစ္စဝေက္ခတိ''လို့ ဟောတယ်။ သေက္ခ ပုဂ္ဂိုလ်တွေပယ်ပြီး ကိလေသာနဲ့ ကြွင်းကျန်တဲ့ ကိလေသာတွေကို ဆင်ခြင်တာကို အကုသလော ကုသလဿမှာ ''သေက္ခာပဟီနေ ကိလေသေပစ္စဝေက္ခန္တိ။ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ''လို့ ဟောတယ်။ ရဟန္တာကတော့ ကြွင်းကျန်တဲ့ ကိလေသာ မရှိတော့ ပယ်ပြီး ကိလေသာကိုသာ ဆင်ခြင်ကြောင်းကို အကုသလော အဗျာကတဿမှာ ''အရဟာ ပဟီနေ ကိလေသေပစ္စဝေက္ခတိ'' လို့ ဟောပါတယ်။ သေက္ခပုဂ္ဂိုလ်တွေ နိဗ္ဗာန်ကို ဆင်ခြင်တာကို အဗျာကတော ကုသလဿမှာ ''သေက္ခာ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ''လို့ ဟောတယ်။ ရဟန္တာဆင်ခြင်တာကိုတော့ အဗျာကတော အဗျာကတဿမှာ ''အရဟာ နိဗ္ဗာနံ ပစ္စဝေက္ခတိ''လို့ အဲဒီလို အပြည့်အစုံဟောပြီး ထားပါတယ်။ ဒီတော့ ပစ္စဝေက္ခတိ အရသည် မဂ်ကိုဆင်ခြင်တာ ဖြစ်ခြင်းကြောင့် မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄ ခုဘဲ ယူရပါလိမ့်မယ်။ ယနေ့အတွက် ''သေက္ခာ မဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံပစ္စဝေက္ခန္တိ''အရ ပြီးပါပြီ။ နောက်အပတ်ကြမှ သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော အစရှိသည်ကို ဆက်ပြီး ပြောပါမယ်။

သာဓု .... သာဓု .... သာဓု .... ။

## ၁၃၂၉-ခု၊ ဝါခေါင်လဆန်း (၁၅) ရက်
## ၁၉၆၇-ခု၊ ဩဂုတ်လ (၂၀) ရက်၊ တနင်္ဂနွေနေ့
## ပဋ္ဌာန်း ကုသလတိက်ပဥှာဝါရ ဝိဘင်္ဂကို ဆဋ္ဌအကြိမ်ပို့ချခြင်း

### အဓိပ္ပါယ်

အာရမ္မဏမျိုး အဓိပ္ပါယ်တော်တော်ကလေးကျန်နေပါသေးတယ်။ အရင်အပတ်က "သေက္ခာမဂ္ဂါဝုဋ္ဌဟိတွာမဂ္ဂံပစ္စဝေက္ခန္တိ"ကို အဓိပ္ပါယ်ပြောခဲ့ပါတယ်။ ပထမ ဒါန-သီလ-ဥပေါသထ-ပုဗ္ဗေသုစိဏ္ဏ-ဒါက၊ ကာမဖြစ်ပါတယ်၊ နောက်ဈာနာဝုဋ္ဌဟိတွာက မဟဂ္ဂုတ်ဖြစ်ပါတယ်။ သူရဲ့နောက်မှာ မဂ်လာရပါမယ်၊ ဒါပေဘဲ့ ဂေါတြဘူဝေါဒါန်တွေက နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့် ၎င်းဂေါတြဘူ ဝေါဒါန်တွေကိုအရင်ဟောပါဘယ်၊ ပြီးတော့မှ မဂ်လာတယ်။ ခုနက ဒါန သီလ ပုဗ္ဗေသုစိဏ္ဏ ဈာန အဲဒီ ၂-ချက်ကိုပေါင်းပြီး လောကီကုသိုလ်တွေကိုဟောပါလိမ့်မယ်။

"သေက္ခာဝါ ပုထုဇ္ဇနာဝါကုသလံအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ" လို့ဆိုတဲ့အရကို အဓိပ္ပါယ်ပြောပြပါ့မယ်။ သေက္ခပုဂ္ဂိုလ်တွေဟာ ကုသိုလ်ကို အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ဝိပဿနာရှုပါတယ်။ ဒီနေရာမှာ ကုသိုလ်ရယ်လို့ သာမညဆိုပေတယ်လို့ လောကီကုသိုလ်ကိုသာယူရပါတယ်၊ ဇယားမှာလဲ လောကီကုသိုလ် ၁၇-ခုရယ်လို့ကောက်ထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဝိပဿနာစီးဖြန်းတဲ့အခါမှာ လောကုတ္တရာတရားတွေကို အာရုံပြုပြီးတော့မစီးဖြန်းရဘူး။ တေဘူမကဝဋ်ဒုက္ခတရားတွေကို အာရုံပြုပြီးစီးဖြန်းပါမှ အနိစ္စ ဒုက္ခ အနတ္တသဘောတွေထင်နိုင်ပါတယ်။ ဝိပဿနာရဲ့အာရုံဟာလဲ တေဘူမကတရားများသာဖြစ်ပါတယ်။ ဒါဖြင့် ကောင်း ပြီ၊ လောကုတ္တရာစိတ် စေဘသိက်မှာခကာ ဥပါဒ်ဌီဘင်ရယ်လို့မရှိဘူးလား? လောကုတ္တရာစိတ်စေတသိက်မှာ ဥပါဒ်ဌီဘင်ရှိပါတယ်။ လောကုတ္တရာစိတ်စေဘသိက်တွေကော အနိစ္စ ဒုက္ခ အနတ္တမှာပါတဲ့ သင်္ခါရတရားမဟုတ်ပါဘူးလားဆိုရင်၊ မဟုတ်ဘူးလို့မဖြေနိုင်ဘူး။ ဘာ့ကြောင့်?"သင်္ခတာဓမ္မာ၊ အသင်္ခတာဓမ္မာ။ သပ္ပစ္စယာဓမ္မာ၊ အပ္ပစ္စယာဓမ္မာ"လို့ ဟောတဲ့နေရာဌာနမှာ လောကုတ္တရာတွေပါတယ်၊ အဲဒီတော့ ဟုတ်ပါတယ်လို့ဆိုရပေလိမ့်မယ်။ ဒါပေမဲ့ မဂ်ကဘိလေသာသတ်ပြီး ဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်းဖြစ်တယ်။ ဖိုလ်က ဒိဋ္ဌဓမ္မဖြစ်တဲ့ နိဗ္ဗာန်ခံစားဘို့ရာဖြစ်တယ်၊ ဒီတော့ ဒီမဂ်ဖိုလ်တွေကို အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ဝိပဿနာရှုပေမယ်သို့ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ဘို့ရာမဖြစ်နိုင်ဘူး။ ဒါကြောင့် လောကီဘရားတွေကိုသာ ကောက်ယူရပါတယ်။

နောက် "အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"လို့ ဟောတော်မူမည့် အကုသိုလ်တွေဝိပါက်ကြိယာတွေ ရုပ်တရားတွေလဲဘဲ ဒီသဘောအတိုင်းလောကီတရားများ ဘဲဖြစ်ကြပါတယ်။ အဲဒါက"သေက္ခာဝါပုထုဇ္ဇနာဝါ ကုသလံအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"အရဖြစ်ပါတယ်။

နောက်အပိုဒ်ကလေးက "စေတောပရိယ ဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံဇာနန္တိ။" ဒါကလဲ ကုသလော ကုသလဿဖြစ်ခြင်းကြောင့် သေက္ခပုထုဇဉ်တွေပါဘဲ၊ အဲဒီစေတောပရိယ အဘိညာဉ်ကို အရကောက်တဲ့အခါ "စေတောပရိယကုသိုလ် အဘိညာဉ်အားတတ်သော လွန်လေပြီးသော ၇ ရက်မှစ၍ လာလတံ့သော ၇ ရက်တိုင်အောင် ကာလသုံးပါး၌ တည်သောသူတပါးတို့၏ အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ်ဝီသ၊ စေတသိက်အဒွဟ်သဟုဆိုအပ်သော ဓမ္မာရုံ" လို့ ကောက်ခဲ့ပါတယ်။

ဒီတော့ စေတောပရိယ အဘိညာဉ်အကြောင်းကလေးကို နဲနဲပြောပြပါမယ်။အဘိညာဉ်ဆိုတာဟာ ကသိုဏ်းစသည်ကိုအာရုံပြုပြီး ပွားများအားထုတ်အပ်တဲ့ ဈာန်တရားတွေရဲ့ နိဿန္ဒအကျိုး၊ မဟဂ္ဂုတ်တရားတွေရဲ့ ဒိဋ္ဌဓမ္မအကျိုးဖြစ်ပါတယ်။ ဒီအဘိညာဉ်ကို ရနိုင်ဘို့ရာအတွက် ရှေးဦးစွာ လောကီသမာပတ် ကိုးပါးကိုရပြီးဖြစ်ရမယ်။ ကသိုဏ်းနဲ့ ဈာန်တွေကိုလဲ အနုလုံ ပဋိလုံ ဝိသုဒ္ဓိမဂ်မှာလာတဲ့အတိုင်း ၁၄ ပါးသော အခြင်းအရာအားဖြင့် နိုင်နိုင်နင်းနင်း ဝင်စားနိုင်ပြီးတဲ့နောက် မိမိရဲ့စိတ်ကို နူးညံ့ပျော့ပျောင်းအောင် လုပ်ရပါတယ်။ ကောင်းမွန်ထက်သန်လာအောင်လဲဘဲ ဆုံးမယဉ်ကျေးစေရပါတယ်။ အဲဒီနောက်မှ ဆန္ဒစိတ္တဝီရိယ ဝီမံသဆိုတဲ့ အဓိပတိတရား ကိုယ်လေးပါးချွှသွားပြုပြီး ဝသီတော် ၅ ပါးနဲ့ နိုင်နိုင်နင်းနင်းလေ့လာပါမှ ဒီအဘိညာဉ်တွေကိုရနိုင်ပါတယ်။ ရှေးရှေးဘဝက အဘိညာဉ်ဆိုတဲ့အကြောင်းနဲ့ ပြည့်စုံလာခဲ့တဲ့ အလွန်တရာထက်သန်ကြတဲ့ အတိတိက္ခပုဂ္ဂိုလ်များကြတော့ သမာပတ်ကိုးပါးလုံး (သမာပတ်ကိုးပါးဆိုတာ အရူပသမာပတ်တွေပါ ပါပါတယ်) မရသည့်တိုင်အောင် ရူပပဥ္စမဈာန်ကို နိုင်နင်းခဲ့လို့ရှိရင် ရနိုင်ပါတယ်။ ဘုရားပစ္စေကဗုဒ္ဓါစတဲ့ ပုဂ္ဂိုလ်တွေကြတော့ အဘိညာဉ်အတွက် အထူးအားမထုတ်ရတော့ဘဲ အရဟတ္တမဂ်ဉာဏ်ရဲ့ အစွမ်းအားဖြင့် ဒီအဘိညာဉ်ကိုရနိုင်ပါတယ်။

အဲဒီအဘိညာဉ်ရဲ့အကြောင်းတွေကို ဝိသုဒ္ဓိမဂ်မှာ အဘိညာနိဒ္ဒေသဆိုပြီး တခမ်းတနား အတော်ကျယ်ဝန်းစွာ ဖွင့်ပြထားပါတယ်။ သင်္ဂြိုဟ်ကျမ်းများမှာ အဘိညာဉ်ကို ငါးပါးရယ်လို့ပြပါတယ်။ အကြောင်းကတော့ ယထာကမ္မူပဂ အဘိညာဉ်နဲ့ အနာဂတံသအဘိညာဉ် ၂ ပါးဟာ ဒိဗ္ဗစက္ခုနဲ့ကင်းပြီး ပရိကံ အသီးအခြားမရှိပါဘူး။ အဲဒီလို ပရိကံအသီးအခြားမရှိတော့ ဒီအဘိညာဉ် ၂ ပါးကို ဒိဗ္ဗစက္ခုအဘိညာဉ်ထဲမှာ သွင်းလိုက်ပါတယ်။ အဲဒီငါးပါးထဲမှာ အာသဝက္ခယ အဘိညာဉ်ကို သွင်းလိုက်ခဲ့လို့ရှိရင် အဘိညာဉ် ၆ ပါးဖြစ်ပါတယ်၊ ပဋ္ဌာန်းကြတော့ အဘိညာဉ် ၇ ပါးကိုဟောပါတယ်။ အဘိညာဉ်ဝင်စားလိုတဲ့အခါမှာ ချက်ခြင်းအဘိညာဉ်ကို ဝင်စားလို့မရပါဘူး။ ပထမရှေးဦးစွာ "သတံ ဟောမိ၊သဟဿံဟောမိ" ဖန်ဆင်းချင်တဲ့ပုဂ္ဂိုလ်ဟာ ငါလိုပုဂ္ဂိုလ်ပေါင်းတရာဖြစ်ချင်တယ်၊ တထောင်ဖြစ်ချင်တယ်စသည်ဖြင့် ပရိကံပြုတဲ့အခါမှာ ဒီပရိကံစိတ်ကို ကောင်းစွာထားနိုင်ဘို့ရာအတွက် အဓိဋ္ဌာန်ရဲ့ အခြေခံဖြစ်တဲ့ ပါဒကရူပါဝစရ ပဥ္စမဈာန်ကို ဝင်စားရပါတယ်။ ဝိထိကတော့ ရူပါဝစရ ပဥ္စမဈာန် သမာပဇ္ဇနဝိထိဖြစ်ပါတယ်။ ဒီလိုဝင်စားရတဲ့အကျိုးကို "ပဗ္ဗေအဘိညာပါဒက ဈာနသမာပဇ္ဇနံ ပရိကမ္မ စိတ္တဿသမာဓာနတ္တံ" လို့ ဝိသုဒ္ဓိမဂ်မှာ ဆိုပါတယ်။

တဖန် မိမိအလိုရှိတဲ့အတိုင်း ပြီးစီးစေသတည်းလို့ မိဋ္ဌာန်ရပါတယ်။ မိဋ္ဌာန်တယ်ဆိုတာ ဖြစ်လိုရာကိုစိတ်နဲ့ အာရုံပြုပြီး ဆောက်တည်တာပါဘဲ။ ဒီဝီထိကကာမဇော မနောဒွါရဝီထိဖြစ်ပါတယ်။ ဒီအဓိဋ္ဌာန်ဝီထိဖြင့် အာရုံ ၆ ပါးတို့တွင် တပါးပါးကိုအာရုံပြုပါတယ်။ နောက်တဖန် အဘိညာဉ်အားရှိအောင် ဒီအဘိညာဉ်ကိုအားပေးဘို့ရာအတွက် အဘိညာဉ်ရဲ့ အခြေခံဖြစ်တဲ့ ပါဒကပဥ္စမဈာန်ဝီထိကို ထပ်မံဝင်စားရပြန်ပါတယ်။ အဲဒီနောက်လေးဝီထိမြောက်မှာမှ အဓိဋ္ဌာန်တဲ့အတိုင်းဖြစ်စေနိုင်တဲ့ အဘိညာဉ် ဝီထိ ဖြစ်ပေါ် လာပါတယ်၊ အထက်ကပြောခဲ့တဲ့ ပဋ္ဌာန်းမှာဟောတဲ့ အဘိညာဉ် (၇) ပါးမှာ ဒိဗ္ဗစက္ခုနဲ့ ဒိဗ္ဗသောတ အဘိညာဉ် ၂ ပါးဟာ ပုဂ္ဂိုလ်စွမ်းသက်သက်အားဖြင့်ဖြစ်တဲ့ အဘိညာဉ်များဖြစ်ပါတယ်။ ဘာဆိုလိုသလဲ ? ပုဂ္ဂလမိဋ္ဌာန် အဘိညာဉ်ရယ်လို့ခေါ်ပါတယ်။ စေတောပရိယအဘိညာဉ်ကြတော့ ယခုပြောနေတဲ့ "စေတောပရိယညာဏေန" နောက်ဆုံးမှာ လာဦးမဲ့ "ကုသလာခန္ဓာ စေတောပရိယညာဏဿ" လို့ ၂ ခါဟောတော့ စေတောပရိယအဘိညာဉ်ဟာ ပုဂ္ဂလ, ဓမ္မ ၂ မျိုးလုံးနဲ့ ဆက်ဆံပါတယ်။ ကျန်တဲ့ ဣဒ္ဓိဝိဓစတဲ့ အဘိညာဉ်တွေကတော့ ဓမ္မမိဋ္ဌာန် အဘိညာဉ်သက်သက်ဖြစ်ပါတယ်၊ အဲဒါနဲ့ ပတ်သက်လို့ အဋ္ဌကထာက နောက်ဆုံး စေတောပရိယ အဘိညာဉ်ထပ်၍ ပါလာရကြောင်းကို "ကုသလာခန္ဓာ ဣဒ္ဓိဝိဓညာဏဿာတိ အာဒိဟိပုဂ္ဂလံ အနာမသိတွာ ဓမ္မဝသေနဒေသိတာ၊ တေနေဝေတ္ထဟေဋ္ဌာ ဂဟိတမ္ပိစေတော ပရိယညာဏံ ပုနဝုတ္တံ" လို့ မိန့်ဆိုပါတယ်။

အဲဒီစေတော ပရိယအဘိညာဉ်ကို အာရမ္မဏ အရကောက်အကျယ်မှာ စေတောပရိယအဘိညာဉ်အတွက် ဆိုရိုးကလေးက ခုနကပြောခဲ့တဲ့အတိုင်း "လွန် လေ ပြီး သော (၇) ရက်မှစ၍ လာလတံ့သော (၇) ရက်တိုင်အောင် ကာလသုံးပါး၌ဘည်သော သူတပါးတို့၏ စိတ် (၈၇) စိတ် (၈၉) ဒီမှာ ကုကိုလ်ဖြစ်ခြင်းကြောင့် ကုသိုလ်အဘိညာဉ်က ပစ္စယုပ္ပန်နေ၍ ကုသိုလ်စိတ်ဒီသလို့ဆိုရပါတယ်။ စေတသိက် ၅၂ ပညာသ ဟု ဆိုအပ်သော ဓမ္မာရုံလို့ရှိပါတယ်။ ဒီတော့ ဒီစေတောပရိယ အဘိညာဉ်ဟာ မိမိသန္တာန်မှာရှိတဲ့ စိတ်စေတသိက်ဆိုတဲ့ နာမက္ခန္ဓာလေးပါးဓမ္မာရုံကိုအာရုံမပြုဘဲ သူ တ ပါး သန္တာန် မှာ ဖြစ် တဲ့ စိတ်စေတသိက်တွေကိုသာ အာရုံပြုပါတယ်။ အာရုံပြုတော စေတောပရိယ အဘိညာဉ်ဟာ ဗဟိဒ္ဓကိုအာရုံပြုတဲ့ အာရုံဖြစ်ကြောင်း အင်မတန်ထင်ရှားပါတယ်။ လွန်လေပြီးသော (၇) ရက်မှစ၍ လာလတံ့သော (၇) ရက်တိုင်အောင်ဆိုတာ ရှေ့ (၇) ရက် နောက် (၇) ရက်အတွင်းမှာဖြစ်သမျှ သူတပါးတို့ရဲ့ စိတ်အကြံအမျိုးမျိုးကိုသိတယ်။ တဖန် ကာလသုံးပါး၌တည်သောလို့ဆိုတော့ အတိတ်ရော ပစ္စုပ္ပန်ရော အနာဂတ်ရောဆိုတဲ့ ကာလသုံးပါးမှာဖြစ်တဲ့ စိတ်ကိုအာရုံပြုတာဖြစ်ပါတယ်၊ ဒီအဘိညာဉ်ဟာ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရပြီးတဲ့ ပုဂ္ဂိုလ်မှာသာဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ သူတပါးတို့ရဲ့ စိတ်၏မှီရာ နှလုံးသွေးရဲ့ အဆင်းကိုမြင်နိုင်တယ်။ သူတပါးစိတ်ကို သိခြင်တယ်လို့ဆိုလျှင်ဖြင့်ရင် ဒီစိတ်ဟာ ဘယ်မှာရှိသလဲ၊ ၎င်းစိတ်ဟာ သင်္ဂြိုဟ်ဝတ္ထုသင်္ဂဟမှာ လာခဲ့တဲ့အတိုင်း ဟဒယဝတ္ထုကိုမှီပါတယ်၊ အဲဒီဟဒယဝတ္ထုဟာလဲဘဲ နှလုံးသွေးမှာ အနှံ့ရှိပါတယ်၊ အဲဒီဟဒယဝတ္ထုကိုမှီနေတဲ့ စိတ်ကို သိနိုင်ပါတယ် မြင်နိုင်ပါတယ်။ ဒီတော့ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရှေးဦး

စွာဝင်စားပြီးမှ ဒီအဘိညာဉ်ကိုဝင်စားရပါတယ်။ ဝီထိကတော့ ယထာကမ္မူပဂ အနာဂတံသ အဘိညာဉ်များ လိုတဆက်တည်းမဖြစ်ဘဲ ပါဒကစျာန်ဝီထိ အဓိဋ္ဌာန်ဝီထိများဟာ အသီးသီးရကြပါတယ်။ သူတပါးရဲ့စိတ်ကိုသိဘယ်ဆိုတာ အထက်အထက်ဖြစ်တဲ့အရိယာများကသာ အောက်အောက်ဖြစ်တဲ့ အရိယာနဲ့ ပုထုဇဉ် ပုဂ္ဂိုလ်တို့ရဲ့စိတ်ကို သိကြပါတယ်။ အောက်အောက်ဖြစ်တဲ့ အရိယာတွေက အထက်အထက်ဖြစ်တဲ့ အရိယာတွေရဲ့စိတ်ကို မသိနိုင်ကြပါဘူး။ ဘာ့ကြောင့်လဲ? သူတို့မှမရဘဲ၊ မရတော့မသိနိုင်ပါဘူး။

**ဝါဒကွဲ**။ ။ဒီစေတောပရိယ အဘိညာဉ်ဟာ သူတပါးတို့ရဲ့ကာလသုံးပါးမှာ ဖြစ်တဲ့စိတ်ကိုအာရုံပြုတဲ့နေရာမှာ အတိတ်အနာဂတ်ကာလအတွက် ဝါဒကွဲမရှိဘူး။ ပစ္စုပ္ပန်ကာလမှာ ဝါဒကွဲကြတယ်။ ဘယ်လိုလဲ? စေတောပရိယ အဘိညာဉ်နဲ့ သူတပါးတို့ရဲ့စိတ်ကို အာရုံပြုတဲ့နေရာဌာနမှာ အာရုံဖြစ်တဲ့ သူတပါးတို့ရဲ့စိတ်က ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော၊ ဇောလို့မနောဒွါရဝီထိဖြစ်တယ်။ အဲဒီလိုဖြစ်ရင်အာရမ္မဏိက ဖြစ်တဲ့ စေတောပရိယအဘိညာဉ်ကလဲဘဲ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါ်တြဘူ၊ အဘိညာဉ်ရယ်လို့ဖြစ်လာတယ်။ ဒီလိုဖြစ်တော့အာရမ္မဏိက မနောဒွါရာဝဇ္ဇန်းက အာရုံမနောဒွါရာဝဇ္ဇန်းစိတ်ကို ဆင်ခြင်တယ်။ ဒီမနောဒွါရာဝဇ္ဇန်းရဲ့နောက်မှာ ဖြစ်ကြတဲ့ အာရမ္မဏိက ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါ်တြဘူ၊ အဘိညာဉ်စိတ်တွေကလဲ ဒီအာရုံဖြစ်တဲ့ မနောဒွါရာဝဇ္ဇန်းကိုပင်ဆက်လက်ပြီး အာရုံပြုမယ်ဆိုရင် မနောဒွါရာဝဇ္ဇန်းက ပစ္စုပ္ပန်ကို အာရုံပြုရမယ်။ ပရိကံစတဲ့စိတ်တွေက အတိတ်ကိုအာရုံပြုရလိမ့်မယ်။ ဒီလိုဆိုရင်အာဝဇ္ဇန်း တခုသာရှိတဲ့ ဝီထိတခုအတွင်းမှာ ပစ္စုပ္ပန်ကိုအာရုံပြုတဲ့စိတ်က တမျိုးအတိတ်ကိုအာရုံပြုတဲ့စိတ်ကတမျိုးဖြစ်နေတော့ ကာလအားဖြင့် ကွဲပြားရာရောက်နေမယ်။ ဒီလိုတဝီထိအတွင်းမှာ ဖြစ်နေကြတဲ့စိတ်တွေဟာ ကာလအားဖြင့် ကွဲပြားထိုက်သလားဆိုတော့ မကွဲပြားသိုက်ပါဘူး။

တဖန်အာရမ္မဏိက မနောဒွါရာဝဇ္ဇန်းက သူတပါးတို့ရဲ့စိတ်အာရုံ မနောဒွါရာဝဇ္ဇန်းကိုဆင်ခြင်တယ်။ ပရိကံစသည်တို့ကတော့ မိမိနဲ့တိုက်ဆိုင်ပြီးဖြစ်နေတဲ့ သူတပါးတို့ရဲ့ဇောစိတ်ကို အာရုံပြုမယ်ဆိုပြန်ရင် အာဝဇ္ဇန်းဆင်ခြင်တဲ့အာရုံကတမျိုး ပရိကံစသည်တို့ရဲ့အာရုံကတမျိုးဖြစ်နေတော့ အာရုံတဖန်ကွဲနေပြန်တယ်။ အာရုံကွဲနိုင်တာဟာ မဂ္ဂဝီထိ ဖလဝီထိမှတပါး ဝီထိတခုထဲမှာ အာရုံမကွဲရဘူး။ ဒါဖြင့်သူတပါးတို့ရဲ့ ပစ္စုပ္ပန်စိတ်ကို ဘယ်လိုအာရုံပြုကြပါ့မလဲ?။

**အဋ္ဌကထာ**။ ။အဋ္ဌသာလိနီနိက္ခေပကဏ္ဍမှာ အဋ္ဌကထာဆရာက အာရမ္မဏိက မနောဒွါရာဝဇ္ဇန်း ဆင်ခြင်တဲ့စိတ်ကိုပင် သူ့နောက်ကဖြစ်ကြဘဲ့ ပရိကံစသည်တွေက အာရုံပြုပါတယ်တဲ့၊ ဒီလိုအာရုံပြုတော့ အထက်ကပြောခဲ့သလို မနောဒွါရာဝဇ္ဇန်းက ပစ္စုပ္ပန်အာရုံပြုပြီး ပရိကံစသည်က အတိတ်ကိုအာရုံပြုတယ်လို့ မဆိုထိုက်ပါဘူးတဲ့။ ဘာ့ကြောင့်လဲ? မနောဒွါရာဝဇ္ဇန်းဆင်ခြင်တဲ့စိတ်ဟာ ပရိကံစသည်တို့ ပေါ်လာတဲ့အခါမှာ ချုပ်နှင့်ပြီးဖြစ်ပေမဲ့ ဒီပစ္စုပ္ပန်ဟာ သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန် သဘောအားဖြင့် ပစ္စုပ္ပန်လို့ဆိုနိုင်ပါတယ်တဲ့။

ပစ္စုပ္ပန်ဆိုတာ ဥပါဒ်ဌီဘင်ရယ်လို့ ခဏငယ်သုံးချက်အခိုက်မှာသာ ခဏပစ္စုပ္ပန်ရယ်လို့ခေါ်ပါတယ်။ အာရုံတခုခုကို အာရုံပြုတဲ့နေရာမှာ ဆိုင်ရာအာရုံကို ပိုင်နိုင်စွာသိသည့်တိုင်အောင် ဇောဝီထိတစဉ်တတန်းကြီး ဖြစ်နေခဲ့လို့ရှိရင် သန္တတိပစ္စုပ္ပန်ရယ်လို့ခေါ်ကယ်။ ပစ္စုပ္ပန်တဘဝလုံးကိုတော့ အဒ္ဓါပစ္စုပ္ပန်ရယ်လို့ခေါ်တယ်။ ဒီလိုပစ္စုပ္ပန်သုံးမျိုးရှိလေတော့ အာဝဇ္ဇန်းဆင်ခြင်တဲ့စိတ်ကိုပင် ပရိကံစသည်က ဆက်လက်၍အာရုံပြုတဲ့နေရာမှာ အာဝဇ္ဇန်းဆင်ခြင်တဲ့စိတ်က ပရိကံစသည်တို့ရဲ့ အခိုက်မှာချုပ်သွားပြီဖြစ်လေတော့ ခဏပစ္စုပ္ပန်လို့တော့မဆိုနိုင်ပါဘူး။ ဒါပေတဲ့ အထက်ကပြောခဲ့တဲ့သန္တတိ အဒ္ဓါပစ္စုပ္ပန်အားဖြင့် ပစ္စုပ္ပန်လို့တော့ဆိုနိုင်ပါတယ်တဲ့။ ဒီတော့အာဝဇ္ဇန်းဆင်ခြင်တဲ့စိတ်ကို ပရိကံစသည်က ဆက်လက်၍အာရုံပြုတဲ့အခါတဝီထိအတွင်းမှာ ကာလကွဲတယ်လို့လဲမဆိုရပါဘူးတဲ့။အဲဒါကအဋ္ဌကထာရဲ့ ဝါဒပါ။

**ဋီကာ၊** ။မူလဋီကာဆရာကြီးကတော့ဒီလိုမဟုတ်ဘူး။ စေဘောပရိယအဘိညာဉ်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ သူတပါးရဲ့ သန္တာန်မှာရှိတဲ့ ဖြစ်ဆဲဖြစ်တဲ့ ပစ္စုပ္ပန်စိတ်ကိုသိလိုတဲ့အခါသူ့ဘပါးတို့ရဲ့ ပစ္စုပ္ပန်ဖြစ်တဲ့စိတ်ကို အာဝဇ္ဇန်းနဲ့ ဆင်ခြင်တယ်။ အာဝဇ္ဇန်းနောက်ကဖြစ်တဲ့ ပရိကံစတဲ့ဇောတွေကလဲ မိမိတို့နဲ့ အတူ ဥပါဒ်ပြိုင်တဲ့သူ့ဘပါးတို့ရဲ့ ပစ္စုပ္ပန်စိတ်ကိုပင် အသီးသီးအာရုံပြုလေတော့ဓမ္မအားဖြင့်ရင်း ကာလ အားဖြင့်ရင်းကွဲပြားတယ်လို့ မဆိုသင့်ပါဘူးတဲ့။ ဘာ့ကြောင့်လဲ? အာဝဇ္ဇန်းက ဘာဆင်ခြင်သလဲ? စိတ်ကိုဘဲဆင်ခြင်တယ်။ ပရိကံစသည်ကရော်ကိုအာရုံပြုရင်သာ အာရုံကွဲမယ်။ ဒီနေရာမှာအာရုံတရားကစိတ်ချည်းဖြစ်နေလေတော့ အာရုံမကွဲပါဘူးတဲ့။ ထို့ပြင်အာဝဇ္ဇန်းက ပစ္စုပ္ပန်စိတ်ကိုဆင်ခြင်မယ်၊ ဇောတွေကအတိတ်ကို အာရုံပြုမယ်ဆိုရင် ကာလကွဲမယ်။ ဒီမှာဒီလိုမဟုတ်ဘူးတဲ့။ အာဝဇ္ဇန်းနဲ့ ဇောတွေအားလုံးဟာ ပစ္စုပ္ပန်ကိုချည်း အာရုံပြုနေတာဖြစ်တော့ ကာလအားဖြင့်လဲမကွဲပါဘူးတဲ့။ ဒါ့ကြောင့် အဋ္ဌကထာဆရာမိန့်ဆိုတဲ့ သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်ကိုမယူဘဲ မူလဋီကာဆရာကြီးက ခဏပစ္စုပ္ပန်ကိုသာယူအပ်ပါတယ်တဲ့။

သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်လို့ဆိုတာ သုတ္တန်များမှာသာ ဟောထားပါတယ်။ အဘိဓမ္မာအတွက် ကာလကို ရွေးချယ်တဲ့အခါမှာ ခဏပစ္စုပ္ပန်ကိုသာ ရွေးချယ်ရပါတယ်။ အထောက်က ဓမ္မသင်္ဂဏီများမှာ "အတီတာဓမ္မာ၊ အနာဂတာဓမ္မာ၊ ပစ္စုပ္ပန္နာဓမ္မာ" ရယ်လို့ဟောထားတဲ့နေရာမှာ ပစ္စုပ္ပန္နာဓမ္မာ-အရ သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်အားဖြင့် မယူသင့်ပါဘူး။ သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်အားဖြင့် ယူမယ်ဆိုရင် အဘိဓမ္မာဆိုင်ရာ ဝီထိတိုင်းမှာယူရလိမ့်မယ်၊ အဲဒီလိုယူရင် ဘာဖြစ်လာမလဲ ? ပဋ္ဌာန်းအနန္တရပစ္စည်း အာသေဝနပစ္စည်းများမှာ "ပစ္စုပ္ပန္နောဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယော၊ အာသေဝန ပစ္စယေန ပစ္စယော" လို့ ဟောရပေလိမ့်မယ်။ အနန္တရပစ္စည်းထက် သန္တတိအဒ္ဓါပစ္စုပ္ပန်ဆိုဘို့ရာအတွက် နီးကပ်လှတဲ့တရားမရှိပါဘူး။ အဲဒီတော့ ခုနက အဋ္ဌကထာ ဆရာကြီးပြောခဲ့တဲ့အတိုင်း သန္တတိ ယူမယ် လို့ ဆို လျှင် ဖြင့် ရင် ရှေ့စိတ်ကလေးကလဲ ပစ္စုပ္ပန်၊ နောက်စိတ်ကလေးကလဲဘဲ ပစ္စုပ္ပန်ဖြစ်နိုင်ရမယ်၊ အဲဒီလိုဖြစ်နိုင်ခဲ့လို့ရှိရင် ရှေ့ပစ္စုပ္ပန်ဖြစ်တဲ့စိတ်က နောက်ပစ္စုပ္ပန်ဖြစ်တဲ့စိတ်ကို အနန္တရသတ္တိ အာသေဝနသတ္တိနဲ့ ကျေးဇူးပြုဘို့

ရာအတွက် ဟောရလိမ့်မယ်။ အဲဒီလိုဟောသလားဆိုတော့ မဟောပါဘူး။ ဘာကြောင့်လဲဆိုတော့ အနန္တရပစ္စည်းမှာ ရှေးရှေးစိတ်တွေဟာ အတိတ်တရားတဲ့ဖြစ်တယ်။ နောက်နောက်ပေါ်လာတဲ့ စိတ်တွေဟာ ပစ္စုပ္ပန်စိတ်တွေဖြစ်ပါတယ်။ အဲဒါကြောင့် "အတီတော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယော၊ အာသေဝန ပစ္စယေန ပစ္စယော" လို့သာ အတိတ်တရားက ပစ္စုပ္ပန်တရားအား အနန္တရ အာသေဝနသတ္တိနဲ့ ကျေးဇူးပြုကြောင်းကိုဟောလေတော့ ခဏပစ္စုပ္ပန်သာသင့်ပါတယ်။

ဒါတင်မှ မကသေးဘဲ ခဏပစ္စုပ္ပန်တွေ ဟောပုံဟာ အဘိဓမ္မာဝိဘင်း ပါဠိတော် ပဋိစ္စသမုပ္ပါဒ် အဘိဓမ္မာ ဘာဇနီယများမှာ ပစ္စုပ္ပန်စိတ္တက္ခဏ တချက်ကလေးအတွက် ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံကို မဟာကုသိုလ် ပထမစိတ်အတွက် ဟောထားပုံက "ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ ဂန္ဓာရမ္မဏံ ဝါ ရသာရမ္မဏံ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ ဓမ္မာရမ္မဏံ ဝါ၊ ယံ ယံ ဝါ ပနာရဗ္ဘ၊ တသ္မိံ သမယေ ကုသလမူလ ပစ္စယာ သင်္ခါရော" ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ရယ်လို့ သုတ္တန္တဘာဇနီယများကြတော့ ဟောပါတယ်။ ဒါပေတဲ့ အဘိဓမ္မာဘာဇနီယကြတော့ ကုသိုလ်မူလအကြောင်းပြုပြီး သင်္ခါရဖြစ်တယ်လို့ဟောပါတယ်။ "သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမံ" (ရုပ်မပါပါဘူး။ မဟာကုသိုလ်ဖြစ်ပါတယ်။ ဥပမာ-ပထမဈာနကလေး အခိုက်အတန့်မှာဆိုရင် ရုပ်မဖြစ်ပါဘူး။ စိတ်နဲ့ စေတသိက် ၃၈ ကို ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံကို ဟောနေတာပါ။) "နာမ ပစ္စယာ ဆဋ္ဌာယတနံ" (စက္ခာယတန စသည်တွေနဲ့ မဆိုင်ပါဘူး။ မနာယတနနဲ့သာဆိုင်လို့ ဆဋ္ဌာယတနံလို့ ဟောပါတယ်) "ဆဋ္ဌာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ ပသာဒေါ" (ကုသိုလ်ဖြစ်နေတော့ တဏှာမဟုတ်ဘူး။ ပသာဒလို့ဟောတယ်။ ပသာဒဆိုတာ သဒ္ဓါတရားပါဘဲ)" ပသာဒပစ္စယာ အဓိမောက္ခော၊ အဓိမောက္ခ ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" လို့ဆိုတဲ့ ဒီပဋိစ္စသမုပ္ပါဒ်ကို ထောက်ထားခဲ့လို့ရှိရင် စိတ္တက္ခဏကလေး တချက်အတွက် အဘိဓမ္မာတွေမှာ ဟောပုံဖြစ်ပါတယ်။ အဲဒါက "စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံဇာနန္တိ" နဲ့စပ်လို့ ခဏပစ္စုပ္ပန်ယူပုံဖြစ်ပါတယ်။

**အာကာကု-ဝိညာကု**။ ။ပြီးတော့-"အာကာသာနဉ္စာယတန ကုသလံ ဝိညာဏဉ္စာယတနကုသလဿ အာရမ္မဏပစ္စယေနပစ္စယော။ အာကိဉ္စညာယတန ကုသလံ နေဝသညာနာသညာယတန ကုသလဿ အာရမ္မဏပစ္စယေနပစ္စယော" လို့ ဟောပါတယ်။ အဲဒီမှာ အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတန ကုသလဿဆိုတဲ့နေရာမှာ ဒီကတချက်ပြောလိုက်ခဲ့လို့ရှိရင် ကျန်တာတွေဟာ ကိစ္စအကုန်လုံး ပြီးသွားပါလိမ့်မယ်။ သူရဲ့ဆိုရိုးကလေးက ပစ္စည်း အာကာသာနဉ္စာယတနကုသိုလ်နေတဲ့အခါမှာ ဘယ်လိုဆိုသလဲ? အရကောက်အကျယ်က "ဝိညာဏဉ္စာယတန ကုသိုလ်အားတတ်သော ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်" လို့ ဆိုခဲ့ပါတယ်။ ဒီတော့ သူ့

အတွက် ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေဟာ အရူပဈာန် အာကာသာနဉ္စာယတနဖြစ်တဲ့ ကုသိုလ်ကို ရူပါဝစရပဉ္စမဈာန်ရပြီးတဲ့နောက် အားထုတ်တဲ့အခါမှာ ရလာတယ်။ ဆိုလိုရင်းက အာကာသာနဉ္စာ ယတနကုသိုလ်ဈာန်ကို ရပြီးပြီဆိုပါတော့။ အဲဒီပုဂ္ဂိုလ်ဟာ တဖန်ဆက်လက်ပြီးအားထုတ်တဲ့အခါမှာ ဒီဘဝမှာဘဲ ဝိညာဏဉ္စာယတန ကုသိုလ်ကိုရပြန်တယ်။ ရတော့ ဒီဝိညာဏဉ္စာယတနကုသိုလ်က ဒီဘဝမှာ မိမိရခဲ့တဲ့ မိမိရဲ့အဇ္ဈတ္တသန္တာန်မှာဖြစ်တဲ့ အာကာသာနဉ္စာယတနကုသိုလ်ကိုအာရုံပြုပါတယ်။ ဒါကဒီဘဝ။

**အာကာကု-ဝိညာကု**။ ။ရှေးဘဝကြတော့ ဘယ်လိုလဲ? ရှေးဘဝကြတော့ဝိညာဏဉ္စာယတနဈာန်ကိုရပြီးတော့ ဒီပုဂ္ဂိုလ်ဟာစုတိသွားတယ်။သေပြီးဝိညာဏဉ္စာ ယတနဈာန်ကိုရတော့သူဘယ်သွားဖြစ်မလဲ ? ဝိညာဏဉ္စာယတနဘုံကို သူရောက်သွားတယ်။ဝိညာဏဉ္စာယတနဘုံကိုရောက်လို့ ဝိညာဏဉ္စာ ယတနဈာန်ကို ဝင်စားတဲ့အခါမှာ ဒီဝိညာဏဉ္စာ ယတနဈာန်က ရှေးဘဝ ကာမရူပဘုံတွေကမိမိရခဲ့တဲ့ မိမိရဲ့အဇ္ဈတ္တသန္တာန်မှာဖြစ်ခဲ့ဘူးတဲ့ အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြုမှာပေါ့။ အဲဒါက အာကာသာနဉ္စာယတနကုသိုလ်က ဝိညာဏဉ္စာယတနကုသိုလ်ကို ကျေးဇူးပြုပုံဖြစ်ပါတယ်။

**အာကာကု-ဝိညာဝိ**။ ။ပြီးတော့ကုသလော အဗျာကတဿကြတော့ ''အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနဝိပါကဿ ကြိယဿစ'' လို့ဟောထားပါတယ်။ ဝိညာဏဉ္စာယတနဈာန်ကိုရပြီး ဝိညာဏဉ္စာယတနဘုံကို သွားဖြစ်တယ်။ ဖြစ်တော့ ဝိညာဏဉ္စာယတနဝိပါက်လို့ဆိုတာ ကိစ္စသင်္ဂဟအရ ပဋိသန္ဓေဘဝင်စုတိ သုံးကိစ္စတတ်ပါတယ်။ အဲဒီပဋိသန္ဓေဘဝင်စုတိကိစ္စတတ်တဲ့ ဝိညာဏဉ္စာယတနဝိပါက်က ဘယ်သူ့အာရုံပြုမလဲ? ရှေးဘဝမိမိရဲ့ အဇ္ဈတ္တသန္တာန်မှာဖြစ်ခဲ့ဘူးတဲ့ အာကာသာနဉ္စာယတန ကုသိုလ်ကိုအာရုံပြုရလိမ့်မယ်။ ဒီမှာပဋိသန္ဓေက အာရုံပြုတော့ အာကာသာနဉ္စာယတနကုသိုလ်ဆိုတာကမ္မနိမိတ်ဖြစ်တဲ့အာကာသာနဉ္စာယတနကုသိုလ်ပါ။ အဲဒါက ဝိပါက်ကကုသိုလ်ကို အာရုံပြုတာ။

**အာကာကု-ဝိညာကြိ**။ ။ပြီးတော့ အာကာသာနဉ္စာယတန ကုသိုလ်က ဝိညာဏဉ္စာယတနကြိယာကို ဘယ်လိုကျေးဇူးပြုမလဲ။ ယောဂီပုဂ္ဂိုလ်တယောက်ဆိုပါတော့၊ ပုထုဇဉ်သေက္ခအဖြစ်တုံးက အာကာသာနဉ္စာယတန ကုသိုလ်ကိုသာရခဲ့တယ်။ဒါပေတဲ့ဒီဘဝမှာဘဲဒီပုဂ္ဂိုလ်ဟာရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်သွားတော့ ဝိညာဏဉ္စာယတနဈာန်ကို မရသေးဘူး။ ရဟန္တာဖြစ်သွားတဲ့နောက်မှ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ရတယ်။ ရဟန္တာဖြစ်ပြီးကဲ့နောက်ကြရင် သူရတဲ့ဈာန်တွေဟာအားလုံးကုန် ကြိယာဈာန်တွေဖြစ်ရပါလိမ့်မယ်။ ကြိယာဈာန်ဖြစ်တော့ ပထမရှေးဦးစွာရအပ်တဲ့ ဝိညာဏဉ္စာယတနဈာန်ဟာ ဒီဘဝမိမိရဲ့အဇ္ဈတ္တသန္တာန်မှာ ပုထုဇဉ်သေက္ခဘဝတုံးကရခဲ့တဲ့ ဖြစ်ခဲ့တဲ့ အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြုပါတယ်။ အဲဒီနောက်ဒီရဟန္တာဟာ အာကာသာနဉ္စာ ယတနကုသိုလ်ကိုပြန်ပြီးတော့ မဝင်စားသေးသမျှကာလပတ်လုံး (ဝင်စားရင်ဘာဖြစ်သွားမလဲ အာကာသာနဉ္စာယတနဟာ ကြိယာဖြစ်သွားပါလိမ့်မယ်)။ ဝိညာဏဉ္စာယတန ကြိယာဈာန်ကို ဝင်စားတိုင်း ဒီဘဝမှာ မိမိရဲ့အဇ္ဈတ္တသန္တာန်မှာ ဖြစ်ခဲ့ဘူးတဲ့ အာကာသာနဉ္စာယတနကုသိုလ်ဈာန်ကိုဘဲအာရုံပြုရပါတယ်။

**အာကာကြိ-ဝိညာကြိ။** ။အဗျာကတော အဗျာကတဿကြတော့ "အာကာသာနဉ္စာယတနကြိယံ ဝိညာဏဉ္စာယတနကြိယဿ အာရမ္မဏပစ္စယေနပစ္စယော" လို့ ဟောပါတယ်။ အဲဒါကရဟန္တာဖြစ်ပြီးတဲ့နောက်မှ ဒီရဟန္တာဟာ အာကာသာနဉ္စာယတနစျာန်ကို ဝင်စားမယ်ဆိုရင် ဒီစျာန်ဟာရဟန္တာအဖြစ်နဲ့ဝင်စားလေတော့ ကြိယာစျာန်ဖြစ်လာတယ်။ ဒီတော့ ဒီရဟန္တာကြီးရဲ့ ဝင်စားသမျှ ဝိညာဏဉ္စာယတနကြိယာစျာန်တွေဟာ ဒီဘဝမှာဖြစ်ခဲ့တဲ့ အာကာသာနဉ္စာယတနကြိယာစျာန်ကို အာရုံပြုပါတယ်။ တဖန်ပုထုဇဉ်သေက္ခတုံးက အာကာသာနဉ္စာယတနစျာန်ကို မရသေးဘူး။ ဒီပုဂ္ဂိုလ်ဟာ ရဟန္တာဖြစ်လာမှ အာကာသာနဉ္စာယတနစျာန်ကိုရတယ်။ ရပြီးတဲ့နောက်တဖန်ဆက်လက်ပြီး ဝိညာဏဉ္စာယတနစျာန်ကိုရမယ်ဆိုရင် ဒီဝိညာဏဉ္စာယတနစျာန်ကလဲ ဒီဘဝအဇ္ဈတ္တသန္တာန်မှာဖြစ်ခဲ့ဘူးတဲ့ အာကာသာနဉ္စာယတနကြိယာကိုဘဲ အာရုံပြုရပါတယ်။

သေက္ခပုဂ္ဂိုလ်များဟာ ပဥ္စဝေါကာရဘုံမှာ ဖြစ်စဉ်အခါကာလတုံးက ဝိညာဏဉ္စာယတနစျာန်ကိုရခဲ့တယ်။ စုတေပြီးဝိညာဏဉ္စာယတန ဘုံကိုရောက်ခါမှ ရဟန္တာဖြစ်သွားတယ်။ ဒီအခါရဟန္တာဖြစ်ခါမှ ဝင်စားအပ်တဲ့ ဝိညာဏဉ္စာယတနကြိယာဟာ ရှေးဘဝမိမိရဲ့အဇ္ဈတ္တသန္တာန်မှာဖြစ်ခဲ့ဘူးတဲ့ အာကာသာနဉ္စာယတန ကုသိုလ်စျာန်ကိုချည်း အာရုံပြုရပါလိမ့်မယ်။ ဘာဖြစ်လို့လဲလို့ဆိုတော့ ဝိညာဏဉ္စာယတနဘုံကိုရောက်ခါမှ ဒီပုဂ္ဂိုလ်ဟာ အောက်အောက်ဖြစ်တဲ့ အာကာသာနဉ္စာယတနစျာန်ကို ဝင်စားနိုင်ခွင့်မရပါဘူး။ ဘယ်တော့မှ ဝင်စားတယ်လို့ထုံးစံမရှိပါဘူး။ အဲဒီသို့ ဝင်စားနိုင်ခွင့်မရတော့ အာကာသာနဉ္စာယတနကြိယာကို အာရုံမပြုနိုင်ပါဘူး။ အဲဒါဟာ အာကာသာနဉ္စာယတန ကုသလံစသည်တွေရဲ့ ဆိုင်ရာအဓိပ္ပါယ်တွေဖြစ်ပါတယ်။

နောက်ဆုံး "ကုသလာခန္ဓာဣန္ဒြိယဝိဇ္ဇာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မုပဂဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော"။ အဘိညာဉ်(၇)ပါးရှိတဲ့အနက်က ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်က ရုပ်ကို အာရုံပြုခြင်းကြောင့် ကုသလော ကုသလဿအရမဆိုင်ပါဘူး။ အဘိညာဉ် ၅-ပါး ရပါတယ်။ အဲဒီကုသလာခန္ဓာအရမှာလဲ တနည်းကား အကျယ်ဆိုရိုးအရ ဆိုင်ရာဖြစ်တဲ့ အဘိညာဉ်တွေက မိမိတို့ဆိုင်ရာဖြစ်တဲ့ ကုသိုလ်တွေကို အာရုံပြုပါတယ်။ ဒီတော့ဣဒ္ဓိဝိဓစတဲ့ အဘိညာဉ်တွေဟာ ယခုကုသလော ကုသလဿကို ပြောနေတာဖြစ်တဲ့အတွက် အာရမ္မဏဇယားအကျယ်ကောက်ထဲက ဆိုင်ရာဖြစ်တဲ့ ကုသိုလ်အာရုံကိုသာ ယူရပါလိမ့်မယ်။ ဒီအဘိညာဉ်အကြောင်းကို အကျယ်ပြောနေမယ်ဆိုရင်တော့ ဝိသုဒ္ဓိမဂ်အဘိညာ နိဒ္ဒေသကို ပြန်ပြီးပြောနေရမှာ ဖြစ်တော့ ပြီးမှာမဟုတ်ဘူး။ အကျယ်သိချင်ခဲ့လို့ရှိရင် ဝိသုဒ္ဓိမဂ်ကိုဘဲ ကြည့်ကြပါတော့။ ဆိုင်ရာဆိုင်ရာကိုတော့ဖြင့် သိသာရုံအကျဉ်းဘဲပြောပြပါ့မယ်။

ဣဒ္ဓိဝိဓမှာဣဒ္ဓိလို့ဆိုတာ တန်ခိုးကိုခေါ်တယ်။ အဲဒီဣဒ္ဓိဟာအဓိဋ္ဌာနိဒ္ဓိ၊ ဝိကုဗ္ဗနိဒ္ဓိ၊ မနောမယိဒ္ဓိ၊ ဉာဏဝိပ္ဖါရိဒ္ဓိ၊ သမာဓိဝိပ္ဖါရိဒ္ဓိ၊ အရိယိဒ္ဓိ၊ ကမ္မဇိဒ္ဓိ၊ ပုညိဒ္ဓိ၊ ဝိဇ္ဇာမယိဒ္ဓိ၊ တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ ရယ်လို့ ၁၀-ပါးရှိပါတယ်။ အဲဒီ ၁၀-ပါးထဲမှာ ဣဒ္ဓိဝိဓအဘိညာဉ်နဲ့ဆိုင်တာကတော့ အစသုံးပါးသာဆိုင်ပါတယ်။ ကျန်တာတွေနဲ့မဆိုင်ပါဘူး။

အဲဒီတန်ခိုး ၁၀-ပါးထဲက အဓိဋ္ဌာနိဒ္ဓိဆိုတာဟာ အရှင်စူဠပန်တို့လို တပါးထဲက ငါးရာဖြင့်အောင် တထောင်ဖြစ်အောင်အများကြီးဖြစ်လာအောင်ပြုလုပ်နိုင်ပါတယ်။ အများကြီးကလဲ တပါးထဲဖြစ်အောင်ဖြစ်စေနိုင်ပါတယ်။ ကောင်းကင်ပြံနိုင်တာတွေ မြေကြီးလျှိုးနိုင်တာတွေ ရေပေါ်မှာ မြေပေါ်မှာလိုသွားနိုင်တာတွေ၊ ဤလူ့ပြည်လောကကနေ၍ လတွေ နေတွေကို မိမိလက်နဲ့သုံးသပ်နိုင်တာတွေ ဗြဟ္မာ့ပြည်တိုင်အောင်သွားနိုင်တာတွေ ဂင်္ဂါမြစ်ရေဟာ ထောပတ်တွေဖြစ်စေသတည်းလို့ အဓိဋ္ဌာန်တဲ့အတိုင်း ဂင်္ဂါမြစ်ရေကို ထောပတ်တွေဖြစ်လာအောင် ပြုလုပ်နိုင်တာတွေဟာ အင်မတန်များပြားပါတယ်။ အဲဒါဟာအဓိဋ္ဌာနိဒ္ဓိဖြစ်ပါတယ်။

ဝိကုဗ္ဗနိဒ္ဓိဆိုတာကတော့ မိမိရဲ့ပကတိအသွင်ကိုစွန့်ပြီး သူငယ်အသွင် နဂါးအသွင် ဂဠုန်အသွင် ကုမ္ဘဏ် ယက္ခ ဂန္ဓဗ္ဗအသွင် နတ်အသွင် ဗြဟ္မာအသွင် အစရှိသည်ကိုဖန်ဆင်းနိုင်တာပါ။ ရှင်မဟာမောဂ္ဂလာန်တို့ နန္ဒောပနန္ဒနဂါးကြီးစသည်ကိုဆုံးမတဲ့အခါမှာ အမျိုးမျိုးအဖုံဖုံတွေကို ဖန်ဆင်းပြီးဆုံးမတာတွေဖြစ်ပါတယ်။

မနောမယိဒ္ဓိကြတော့ သံလျက်အိမ်ထဲက သံလျက်ကိုထုတ်လိုက်သလို မြွေရဲ့ပချုပ်ထဲက မြွေကိုနှုတ်လိုက်သလို မြွေအရေကနေပြီး မြွေကောင်ကိုနှုတ်လိုက်သလို မိမိကိုယ်ထဲက မိမိနဲ့ထပ်တူကိုယ်အမျိုးမျိုးကို ထုတ်ဖော်ဖန်ဆင်းနိုင်မှုဖြစ်ပါတယ်၊

ဉာဏဝိပ္ဖါရိဒ္ဓိဆိုတာကတော့ မဂ်လေးပါးဉာဏ်မှာ ကိလေသာအမျိုးမျိုးကို ပယ်နိုင်တာတွေ၊ အရှင်ဗာကုလတို့ ငါးမျိုလို့မသေတာတွေ၊ သံကိစ္စ သာမဏေတို့ အခမသေလို့ မီးသင်္ဂြိုဟ်တဲ့အခါ မိမိကဝမ်းထဲမှာရှိနေပေတယ်ဆို့ မသေတာတွေဟာ ဉာဏဝိပ္ဖါရိဒ္ဓိဖြစ်ပါတယ်။

သမာဓိဝိပ္ဖါရိဒ္ဓိဆိုတာကတော့ ဦးခေါင်းရိပ်ပြီးစ ရှင်သာရိပုတ္တရာကို နိရောဓသမာပတ်ဝင်စားခနစဉ် သံတင်းပုတ်ကြီးနဲ့ ဘီလူးက ပုတ်ခတ်ပေမဲ့ မသေတာတွေ။ နိရောဓသမာပတ် ဝင်စားနေတဲ့အခိုက်အတန့် အခါကာလမှာ သဉ္ဇီဝမထေရ်ကိုအသေသင်ပြီး မီးရှို့ပေမဲ့ မသေတာတွေ၊ သူဌေးသမီး ဥတ္တရာကို ပြည့်တန်ဆာမ သိရိမာက ထောပတ်ဆီပူနဲ့လောင်းပေမဲ့ မသေတာတွေ၊ သာမာဝတီကို ဥဘေနမင်းကြီးက မြှားနဲ့ပစ်ပေမဲ့ မသေတာတွေဟာ သမာဓိဝိပ္ဖါရိဒ္ဓိရဲ့တန်ခိုးဖြစ်ပါတယ်။

အရိယိဒ္ဓိကြတော့ အင်မတန် စက်ဆုတ်ဘွယ်ဖြစ်တဲ့ အနိဋ္ဌာရုံတွေကို ဣဋ္ဌာရုံရယ်လို့ ရှုမှတ်နိုင်မှုတွေ၊ နတ်သမီးတို့ရဲ့ ဣဋ္ဌာရုံဖြစ်သည့်တိုင်အောင် အနိဋ္ဌာရုံရယ်လို့ရှုနိုင်မှုတွေ၊ ဒွါရ(၆)ပါးဖြင့် အာရုံ(၆)ပါးကိုတွေ့ပေမယ့်လို့ စိတ်အမျိုးမျိုးမဖြစ်ဘဲ လျစ်လျူရှုနိုင်မှုတွေ ဖြစ်ပါတယ်။

ကမ္မဇိဒ္ဓိဆိုတာကတော့ ယခုငှက်တွေ ကောင်းကင်ပျံနေကြတာ ကမ္မဇိဒ္ဓိတွေပါဘဲ၊ ကမ္ဘာဦးကလူတွေနဲ့ ဥတ္တရမာတာ ပိယင်္ကမာတာဆိုတဲ့ ဝိနိပါတိကတစ္ဆေတွေ ကောင်းကင်ပျံနိုင်မှုဟာ ကမ္မဇိဒ္ဓိတွေပါဘဲ။

ပုညိဒ္ဓိကတော စကြဝမင်းများ ကောင်းကင်ပျံနိုင်မှု ဇောတိကသူဌေး စသည်တို့ရဲ့ မြေမှ ပဒေသာပင်ပေါက်ပြီးလာမှုတွေဖြစ်ပါတယ်။ ကမ္မဇိဒ္ဓိကတော့ ပဋိသန္ဓေထဲကစပြီး တော့ ပါလာပါတယ်။ ပုညိဒ္ဓိကတော့ကုသိုလ်အကျိုးမျိုးပေးချိန်မှာ ပေါ်လာပါတယ်။

ဝိဇ္ဇာမယိဒ္ဓိဆိုတာက ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်တွေ သူတို့ရဲ့ မန္တာန်ဆေးဝါး အင်းအိုင် လက်ဖွဲ့ စသည်ဖြင့် မြေလျှိုးမိုးပျံနိုင်တာတွေ၊ စစ်အင်္ဂါလေးပါးကို ဒီပုဂ္ဂိုလ်တွေဖန်ဆင်းနိုင် တာတွေဟာ ဝိဇ္ဇာမယိဒ္ဓိဖြစ်ပါတယ်။

နောက်ဆုံး တတ္ထတတ္ထ သမ္မာပယောဂပစ္စယိဒ္ဓိ ဆိုဘာကတော့ ကသိုဏ်း စသည်ကို အားထုတ်တဲ့အခါကာလမှာ ပထမဈာန် စသည်ကို ရတာတွေ၊ ယခုလောကမှာ ရှိကြတဲ့ လူတွေ အတတ်အမျိုးမျိုးကို တတ်ကြတာတွေဖြစ်ပါတယ်။အထက်က ပြခဲ့တဲ့ဣဒ္ဓိသုံးပါးနဲ့ ဆိုင်တဲ့ ဣဒ္ဓိဝိဓအဘိညာဉ်ဟာ ကာမ မဟဂ္ဂုတ်အတိတ်အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဆိုတဲ့အာရုံ(၆)ပါးကို အာရုံပြုနိုင်ပေမဲ့ ယခု ကုသလော ကုသလဿအတွက် မဟဂ္ဂုတ်ဖြစ် တဲ့ ပါဒကရူပါဝစရပဥ္စမဈာန်ကိုသာ အာရုံပြုပါတယ်။ ဣဒ္ဓိဝိဓ ဉာဏဿစေတော ပရိယ ဉာဏဿ အကြောင်းပြောခဲ့ပါပြီ။

ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏဿ-အရ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဆိုတာ မိမိ နဲ့တကွ သူတပါးတို့ရဲ့ ရှေးရှေးသောဘဝ - ကပ်ကမ္ဘာတွေက ဖြစ်ခဲ့သမျှ ကျင်လည်ခဲ့ဘူး သမျှ ခန္ဓာငါးပါး၊ ဒီခန္ဓာငါးပါးနဲ့စပ်တဲ့ အမျိုးအမည်ပုံပန်းသဏ္ဌာန်တွေကို ဘယ်တုံးက ဘယ်လိုဖြစ်ခဲ့တယ်၊ ဘာဘာညာညာစသည်တွေ၊ အဲဒါတွေကို) အလုံးစုံ သိနိုင်ပါတယ်။ ဇာတ်တော် နိပါတ်တော်တွေမှာ အတိတ်အကြောင်းတွေကို ဟောသမျှတွေဟာ ဒီအဘိ ညာဉ်ရဲ့ စွမ်းရည်သတ္တိဖြစ်ပါတယ်။

ယထာကမ္မူပဂကြတော့ ထိုထိုသတ္တဝါတွေရဲ့ ထိုထိုကံအားလျော်စွာ ထိုထိုဘဝ သို့ ကပ်ရောက်ပြီး သူတို့ရဲ့အတိတ်ကံကို သိတာဖြစ်ပါတယ်။ ကံကိုပခာန ထားပြီးဆိုပေတဲ့ ဒီကံနဲ့ယှဉ်တဲ့ စိတ်စေတသိက် နာမက္ခန္ဓာလေးပါးလုံးကိုပင် အာရုံပြုနိုင်ပါတယ်။

အနာဂတံသကြတော့ အနာဂတ်ဖြစ်တဲ့ ကပ်ကမ္ဘာမှာ မည်သို့မည်ပုံ ဖြစ်လတ့်ကို သိတာဖြစ်ပါတယ်။ မြတ်စွာဘုရားများ နောင်အခါ ဒီသတ္တဝါဟာ မည်သို့မည်ပုံဖြစ်လတ့် ဟု ဗျာဒိတ်ပေးတော်မူတဲ့နေရာဌာနမှာ ဒီအနာဂတံသ အဘိညာဉ်ရဲ့သတ္တိဖြစ်ပါတယ်။

ယခုကုသလော ကုသလဿကို ပြောနေဘဲ့အတွက် ဆိုင်ရာဖြစ်တဲ့ အာရုံအာရမ္မဏိက တရားတွေဟာ ကုသိုလ်များဖြစ်ကြပါတယ်။ ပုဗ္ဗေနိဝါသာနုဿတိနဲ့ အနာဂတံသ အဘိညာဉ်ရဲ့ဆိုရိုးမှာ "ထိုခန္ဓာငါးပါးမှ အစဉ်လျှောက်၍ သိအပ်သောနိဗ္ဗာန်" ရယ်လို့ ပါပါတယ်။ ဒီတော့ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်နဲ့ အနာဂတံသ အဘိညာဉ်ဟာ နိဗ္ဗာန်ကိုအာရုံပြုသလား မပြုဘူးလားလို့ ဆိုတာကိုတော့ အဗျာကတာကြမှ ရှင်းပြပါ့မယ်၊ ဒီတော့ ကုသလော ကုသလဿကိစ္စပြီးကြပါစို့။

## ကုသလော အကုသလဿ

ကုသလော ကုသလဿပြီးတော့ ကုသလော အကုသလဿကို ဟောပါတယ်။ ကုသလော ဓမ္မော အကုသလဿဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံဒတွာ

သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာ တံအဿာဒေတိ အဘိနန္ဒတိ တံအာရဗ္ဘရာဂေါဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ၊ ဥဒ္ဒစ္စံဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ (ပဋ္ဌာန်သုစိဏ္ဏာနိ-မှာလဲဒီအတိုင်းပါဘဲ။ ကုသလော အကုသလဿမှာ အဿာဒေတိ အဘိနန္ဒတိ ၂ မျိုးရှိပါတယ်။)အဿာဒေတိ-သာယာတယ်လို့ဆိုတာ လောဘမူသောမနဿသဟဂုတ်နဲ့ ခံစားတာ။ အဘိနန္ဒတိ-နှစ်သက်တာကတော့ သပ္ပီတိကတဏှာစွမ်းနဲ့ နှစ်သက်ပါတယ်၊ ရွှင်လမ်းဝမ်းမြောက်ပါတယ်။ တနည်းအားဖြင့် ဒိဋ္ဌိဆိုတဲ့နှစ်သက်ခြင်းဖြင့် နှစ်သက်တာဖြစ်ပါတယ်လို့ အဋ္ဌကထာကဆိုပါတယ်။ ယခုပြောနေတဲ့စကားဟွေဟာ များသောအားဖြင့် အဋ္ဌကထာဋီကာရဲ့စကားတွေဖြစ်ပါတယ်။ ဒီတော့ ဒါတွေကို ပါဠိထုတ်ပြီးတော့ အထူးပြပြီးမနေတော့ပါဘူး။ ဋီကာကသာယာတယ်ဆိုတာ ရာဂနဲ့တကွဖြစ်တဲ့သောမနဿရဲ့ကိစ္စဘဲတဲ့။ သောမနဿနဲ့တကွဖြစ်တဲ့ရာဂရဲ့ကိစ္စကိုဆိုလိုတယ်။ အဋ္ဌကထာပြတနည်းကားအရ ဒိဋ္ဌိစွမ်းဖြင့် အလွန်နှစ်သက်တယ်လို့မဆိုနိုင်ဘူးတဲ့။ ဘာ့ကြောင့်သဲလို့ဆိုတော့ ဒဿနတိက်ကြည့်ပါ။ "ဒဿနေန ပဟာတဗ္ဗာဓမ္မာ။ ဘာဝနာယပဟာတဗ္ဗာဓမ္မာ။" ဒဿနေနပဟာတဗ္ဗာ-အတွက်အကြွင်းမဲ့ ပယ်တာဘာလဲ? ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခုနဲ့ ဝိစိကိစ္ဆာပယ်ပါတယ်။ ဘာဝနာယပဟာတဗ္ဗ အရမှာဒိဋ္ဌိဂတသမ္ပယုတ်မပါတော့ဘူး၊ မပါတော့ ဒိဋ္ဌိဆိုတဲ့နှစ်သက်ခြင်းနဲ့နှစ်သက်တယ်လို့ အဋ္ဌကထာဆရာကဆိုထားတော့ ဋီကာကပါဠိတော် ဘယ်လိုကိုးပြလိုက်သလဲ၊ "ဘာဝနာယပဟာတဗ္ဗာ ဓမ္မာ ဘာဝနာယ ပဟာတဗ္ဗဿမ္မေဿ အာရမ္မဏ ပစ္စယေနပစ္စယော။ ဘာဝနာယ ပဟာတဗ္ဗံ ရာဂံအဿာဒေတိ အဘိနန္ဒတိ"။ အဲဒီနေရာမှာအဘိနန္ဒတိ လို့ဟောပါတယ်တဲ့။ အဲဒီအဘိနန္ဒတိဟာ ဘာဝနာယ ပဟာတဗ္ဗတိက်အရဒိဋ္ဌိနဲ့ ဆိုင်သလား? မဆိုင်ပါဘူးတဲ့။ အဲဒီဒိဋ္ဌိကိုသောတာပတ္တိမဂ်ကပယ်ပြီး ပါပြီတဲ့။ ဒီတော့အကျဉ်းချုပ်အားဖြင့် မိမိတို့ပြုခဲ့တဲ့ ဒါနစတဲ့မဟာကုသိုလ်ကိုအာရုံပြုပြီး ငါဟာဖြင့် ဒါနသီလစသည်ကိုပြုခဲ့ပြီ၊ ဒီဒါန သီလ စသည်ကိုပြုရတဲ့အကျိုးအတွက် ကောင်းစင်စစ် လူ့ချမ်းသာ နတ်ချမ်းသာတွေအတွက် သာယာနေမယ် နှစ်သက်နေမယ်။ ဒီဒါနစသည်တွေကို အာရုံပြုပြီး သူ့ရဲ့သန္တာန်မှာ ရာဂဖြစ်ပြန်တယ်။ တနည်းအားဖြင့် ဒါနစသည်ကိုပြုတဲ့လူကို အလှူပေးတဲ့အခါမှာတါး တခြားသောပုဂ္ဂိုလ်တွေက ဘယ်လိုခေါ်ကြမလဲ။ အလှူဒါယကာကြီး ကျောင်းဒါယကာကြီး ဘုရားဒါယကာကြီး စသည်ဖြင့်ခေါ်ကြပြောကြ မြှောက်ကြတဲ့အခါမှာ သတ္တဝါတွေရဲ့သန္တာန် သတ္တဝါတွေရဲ့သဘောအတိုင်း မိမိပြုတဲ့ဒါနစသည်တွေ အာရုံပြုပြီးတော့ ဘာလာဖြစ်မလဲ? သာယာမှုတွေ နှစ်သက်မှုတွေဖြစ်ပါတယ်၊ ကုသိုလ်သဘော သောမနဿဖြစ်တာနဲ့ လောဘသဘော သောမနဿဖြစ်တာဟာ ထိုပုဂ္ဂိုလ်ရဲ့မျက်နှာကိုကြည့်လိုက်ရင် စိတ္တဇရုပ်ဖြစ်ပုံခြင်းအင်မတန်ကွာခြားပါတယ်။ ကုသိုလ်မျက်လုံး မေတ္တာမျက်လုံးနဲ့ ကြည်ဘာနဲ့ လောဘမျက်လုံးနဲ့ကြည့်တာဟာ ထူးခြားပါတယ်။

ဒိဋ္ဌိဖြစ်ပုံကတော့ ဒါနကိုအာရုံပြု၍ အတ္တ-အတ္တနိယ၊ ငါ့ကိုယ် ငါ့ဥစ္စာစသည်ဖြင့် အယူမှားတဲ့အခါမှာဖြစ်ပါတယ်။ ဒိဋ္ဌိရယ်လို့ဖြစ်သမျှတွေဟာ တဏှာရဲ့အလိုကိုအစဉ်လိုက်ကြတယ်။ တဏှာရဲ့အလိုကို အစဉ်လိုက်ကြတော့ တဏှာကြီးစိုးတယ်။ ဒိဋ္ဌိဖြစ်သမျှဆိုတာ

တဏှာကြီးစိုးခံရပါတယ်။ ဒါ့ကြောင့် ဥပရိပဏ္ဏာသပါဠိတော်များကြတော့ "တဏှာဒိပေတေယျေန"လို့ ဒိဋ္ဌိဖြစ်ကြောင်းကို ဟောပါတယ်။ တဏှာကြီးစိုးတယ်လို့ဆိုတာ ထူးထူးဆန်းဆန်းမဟုတ်ပါဘူး။ ဒီဒိဋ္ဌိဂတသမ္ပယုတ်ဟာဘယ်မှာဖြစ်ထာလဲ။ လောဘမူစိတ်ရှစ်ခုမှာဖြစ်ထာ၊ လောဘမူစိတ်ရှစ်ခုမှာဖြစ်တော့ တဏှာနဲ့ပတ်သက်ပြီးလာပါတယ်။

မဆုံးဖြတ်နိုင်တဲ့အခါကြတော့ ဝိစိကိစ္ဆာဖြစ်ပါတယ်။ မဆုံးဖြတ်နိုင်ဘူးလို့ဆိုတာ "ငါသည်ဤဒါနစတဲ့ ကုသိုလ်ကိုပြုခဲ့လေပြီ။ ဤဒါနစတဲ့ကုသိုလ်ပြုခြင်းကြောင့် ထိုထိုသုဂတိဘုံဘဝတို့၌ ဖြစ်ပေလတံ့ဟု ပြောကြ၏။ သူတို့ပြောတဲ့အတိုင်း ဟုတ်များဟုတ်လေရော့သလား၊ မဟုတ်ဘူးလား"စသည်ဖြင့် မိမိကိုယ်တိုင်မဆုံးဖြတ်နိုင်တာ။ ပျံ့လွင့်တဲ့အခါမှာ ဥဒ္ဓစ္စ။ ဒေါမနဿကတော့ "ငါသည်ဒကောင်းတာကို လုပ်ခဲ့တာမဟုတ်ဘူး" ရယ်လို့နှလုံးမသာမယာဖြစ်တဲ့အခါကာလမှာ ဒေါမနဿဖြစ်ပါတယ်။

ဥပမာအားဖြင့် လူတယောက်ဟာ ငွေအကူများများရပြီး အမြတ်ပေါ်လိမ့်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ သူ့မှာရှိတဲ့ နွားတရှင်းရောင်းပြီး အလှူတခုပြုလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူမြော်မှန်းချက်အတိုင်းမကိုက်ဘူး။ ကျွေးရ မွေးရနဲ့ အတော်ကုန်သွားတယ်။ အတော်ကုန်သွားတော့ အလှူလုပ်လိုက်တာ အမြတ်ရမလားလို့ ရည်ရွယ်ပေတယ်လို့ အရှုံးပေါ်နေတယ်။ အဲဒီတော့ လှူမဲ့နေ့ ဘုန်းကြီးပင့်၊ ဘုန်းကြီးကတရားဟောတဲ့အခါ ဘာတွေဟောမှန်းမသိဘူး။ အင်မတန်း သူရဲ့စိတ်ဟာပျံ့လွင့်နေတယ်ပေါ့၊ ငါ့မှာ လယ်လုပ်စရာတောင် နွားမရှိတော့ဘူး။ ဘယ်လိုလုပ်ရပမလဲလို့ စိတ်ဟာအင်မတန် ပျံ့လွင့်နေတယ်။ ဥဒ္ဓစ္စဖြစ်နေတယ်။ အဲ တရားဟောပြီးလို့ အလှူဒါယကာ ရေစက်ချလို့ပြောတော့ ရေစက်ခွက်ကြီးကိုင်ပြီး ရေစက်ချနေပေတယ်လို့ ဘုန်းကြီးက ဘာတွေဟောနေမှန်းကို မသိဘူး။ ရေစက်ချပြီးတာတောင်မှမသိတော့ ဘေးကလူတွေက အလှူဒါယကာ အမျှဝေပါလို့ပြောတော့မှ အမျှအမျှလို့မဝေနိုင်ဘဲနဲ့ သူရဲ့စိတ်နှလုံးက အင်မတန်ပူလောင်တဲ့ ဒေါမနဿဖြစ်နေလေတော့ အကျိုးနဲ့ပါပြီခင်ဗျားရယ်လို့ အမျှဝေလိုက်တယ်။ အဲဒါတွေဟာ ဥဒ္ဓစ္စ ဒေါမနဿဖြစ်တာတွေပါဘဲ။

ပြီးတော့ "ဈာနာဝုဋ္ဌဟိတွာ ဈာနံအဿာဒေတိ အဘိနန္ဒတိ တံအာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ"။ ဈာန်ကထပြီး မိမိရတဲ့ဈာန်ကို သာယာမှုစသည်ဖြစ်တယ်။ ဖြစ်တဲ့အခါမှာ ရာဂဒိဋ္ဌိစသည်ဖြစ်တယ်။ ဒေါမနဿကတော့ မိမိရတဲ့ဈာန်ကို အာရုံပြုပြီး ဒေါမနဿရယ်လို့ ဖြစ်မှုမရှိပါဘူး။

ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်တွေဆိုတာ လောဘကိုလုံးဝ ပယ်သတ်နိုင်တာမဟုတ်တော့ သာယာစရာရှိရင် သာယာကြမယ်၊ နှစ်သက်စရာရှိရင် နှစ်သက်ကြမယ်။ မိမိတို့အိမ်မှာရှိနေကြတဲ့ သက်ရှိ သက်မဲ့ နှစ်သက်ဘွယ်ဖြစ်တဲ့ အာရုံတွေကိုသော်မှ ကြည့်ကြည့်ပြီး ပီတိသောမနဿတွေဖြစ်နေကြတာဟာ လောကမှာ အင်မတန်ထင်ရှားပါတယ်။

ယခုဟာက ဈာနလာဘီ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ ဈာန်ဝင်စားစဉ်အခါ ဝင်စားခဲ့တဲ့ ဈာန်ချမ်းသာကို ခံစားခဲ့ရလေတော့ မိမိသန္တာန်မှာဖြစ်ခဲ့တဲ့ ဈာန်ကိုအာရုံ

ပြုပြီးတော့ သာယာမှု နှစ်သက်မှု ဖြစ်ပါတယ်။ ဝိဓိကိစ္စာ ဥဒ္ဒုစ္စဖြစ်မှုတွေကိုတော့ သူရဲ့ သဘာဝအတိုင်း ထင်ရှားပါတယ်။

ပြီးတော့ကာမှ "ဈာနေပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ" မိမိရခဲ့တဲ့ ဈာန်တရားတွေ လျောကျသွားတဲ့အခါမှာ "ငါ့အားမွန်မြတ်သောတရားသည် ပျောက်ပျက်ခဲ့လေပြီ" လို့ နှလုံးမသာမယာတဲ့အခါမှာ ဒေါမနဿဖြစ်ပါတယ်။ အဲဒီအရကတော့ ဈာန်ရပြီးတဲ့ပုဂ္ဂိုလ်ဟာ တစုံတရာမလျောက်ပတ်တဲ့ လောဘနေယျစတဲ့ အကြောင်းကြောင့်၊ ဈာန်လျောတယ်လို့ဆိုတာ များသောအားဖြင့် လောဘကြောင့် ဖြစ်ပါတယ်။ ဟရိစေတို့ ရှင်သာမဏေကလေးတို့ ဒါတွေဟာလဲ လောဘကြောင့်ဖြစ်ပါတယ်။ မိမိရခဲ့တဲ့ဈာန်က လျောတဲ့အခါ "ငါ့အား မွန်မြတ်တဲ့တရား ပျောက်ပျက်ခဲ့လေပြီ" လို့ မိမိတို့ရခဲ့တဲ့ဈာန်ကိုအာရုံပြုပြီး နှလုံးမသာမယာဖြစ်တဲ့အခါ ဒေါမနဿဖြစ်ပါတယ်။

ဈာန်လျောခဲ့တဲ့အကြောင်းထဲက ဝတ္ထုတခုက ရဟန်းတော်သုံးကျိပ်ဟာ ကလျာဏီကျောင်း မဟာစေတီကိုရှိခိုးပြီးတော့ တောအုပ်လမ်းခရီးက ပြန်လာကြပါတယ်။ ခရီးလမ်းကြားမှာမီးလောင်ပြင်လယ်ထဲက အလုပ်လုပ်ပြီးပြန်လာတဲ့လူတယောက်ကို တွေ့ကြပါတယ်။ ဒီလူရဲ့တကိုယ်လုံးမှာ မီးသွေးတွေပေကျံနေရုံမကဘဲ မီးသွေးတွေပေနေတဲ့ ပုဆိုးတထည်ကိုလဲ ခါးတောင်းမြှောင်အောင်ကြိုက်ထားလေတော့ ဒီလူဟာမီးလောင်ထားတဲ့ သစ်ပင်ငုတ်ကြီးနဲ့တူနေတယ်။ ဒီလူဟာ နေ့အခါ အလုပ်လုပ်ပြီးတဲ့နောက် တဝက်မီးလောင်ထားတဲ့ ထင်းစီးကိုပခုံးပေါ်ထမ်းပြီး ကျောကုံးပေါ်မှာကျနေတဲ့ ဆံပင်ဖရိုဖရဲနဲ့ လူသွားရာလမ်းကလေးက လာလိုက်တာ ရဟန်းတော်များရဲ့ ရှေ့တူရူအရပ်သို့ ရောက်လာတယ်။

သူရောက်လာတယ်ဆိုရင်ဘဲ ရဟန်းတော်များနဲ့အတူပါလာတဲ့ ကိုရင်ကလေးတွေက ဒီလူကိုမြင်တော့ သူတို့အချင်းချင်းကြည့်ကြပြီး "ကိုရင်၊ အဲဒီလူကြီးဟာ ကိုရင့်အဖေဘဲ၊ အဖိုးဘဲ၊ ဦးကြီးဘဲရယ်လို့ ပြောကြ လှောင်ကြရုံတင်မက ဒီလူကြီးထံသွားပြီး ဒကာကြီး၊ ဒကာကြီးနံမည် ဘယ်လိုခေါ်သလဲလို့ မေးလိုက်ကြတယ်။ ဒီလူကြီးက သူ့ကို နံမည်မေးလိုက်တယ်ဆိုရင် အတော်နှလုံးမသာမယာဖြစ်ပြီးတော့ သူထမ်းလာတဲ့ထင်းစီးကို ပုံးကနဲ လွှတ်ချလိုက်ပြီး ခါးတောင်းကြိုက်ဖြုတ်၊ ပုဆိုးပြင်ဝတ်ပြီးတော့ မထေရ်ကြီးတွေကို ရှိခိုးပြီး "အရှင်ဘုရားတို့၊ ခဏရပ်တော်မူပါဘုရား" လို့ လျှောက်ထားတာနဲ့ မထေရ်များကလဲ ရပ်တော်မူကြတယ်။ ကိုရင်များကတော့ မထေရ်ကြီးများရဲ့မျက်မှောက်မှာ တောင်နောက်ပြောင်ကြတုံးဘဲရှိသေးတယ်၊

ဒကာက "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ဟာ ဖန်ရည်စွန်းတဲ့ အဝတ်ကိုဝတ်ရရုံနဲ့ ငါတို့ဟာ အထွဋ်အထိပ်ကိုရောက်နေကြပြီလို့များ မှတ်ထင်ကြပါသလား။ တပည့်တော်လဲ ရှေးအခါက အရှင်ဘုရားများလို ရဟန်းဝတ်ခဲ့ပါတယ်။ အရှင်ဘုရားများမှာ စိတ်တည်ကြည်မှု သမာဓိကလေးများသော်မျှမရခဲ့ပါ။ တပည့်တော်ဟာ သာမည ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ဤသာသနာတော်မှာ အင်မတန် တန်ခိုးအာနုဘော်ကြီးမားတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်ခဲ့ပါတယ်၊ ဘယ်လောက်တန်ခိုးအာနုဘော်ကြီးမားသလဲလို့ဆိုရင် ဟောဒီကောင်းကင်

ကြီးကို မြေကြီးဖြစ်လာအောင် တပည့်တော်လုပ်နိုင်ဘယ်။ မြေကြီးကို ဘောင်းကင်ကြီးဖြစ်အောင်လုပ်ပြနိုင်တယ်။ ဝေးတာကိုနီးအောင်၊ နီးတာကိုဝေးအောင် တပည့်တော်လုပ်ပြနိုင်ပါတယ်။ စကြဝဠာတထောင်ကို ခဏကလေးနဲ့ တပည့်တော်လှည့်ပတ်နိုင်တယ်။ အရှင်ဘုရားတို့၊ တပည့်တော်ရဲ့လက်ကိုကြည့်စမ်းပါ။ ယခုတော့ မျောက်လက်နဲ့တူနေဘယ်။ ဒါပေမဲ့ အဲဒီလက်တွေဖြင့်ပင် ဒီလူ့လောကကနေပြီး သကာလ၊ လတွေ၊ နေတွေကိုသုံးသပ်နိုင်ခဲ့ပါဘယ်။ လတွေ နေတွေကို တပည့်တော်ရဲ့ ခြေဖဝါးအောက်ထားပြီး ခြေပွတ်အိုးချမ်းပြုလုပ်နိုင်ခဲ့ပါဘယ်။ အဲဒီခလောက်ကြီးမားလှတဲ့ တပည့်တော်ရဲ့တန်ခိုးတွေဟာ မေ့လျော့မှုကြောင့် ယခု ကွယ်ပျောက်ပျက်စီးခဲ့ရပါပြီ။ အရှင်ဘုရားတို့ဟာ တပည့်တော်ကို အာရုံပြုပြီးသကာလ မမေ့မလျော့နေကြ၍ ဇာတိဇရာမရဏာရဲ့အဆုံးကိုပြုကြပါ''လို့ ထိတ်လန့်သံဝေဂရစေပြီးသကာလ အဆုံးအမပေးလိုက်တယ်။ မထေရ်များဟာလဲ ဒကာပြောနေတဲ့ အခိုက်အတန့်မှာပင် သံဝေဂရပြီး တရားအားထုတ်လိုက်ဘာ ဒီမထေရ်သုံးကျိပ်လုံး ဒီနေရာမှာဘဲ ရဟန္တာဖြစ်သွားကြပါတယ်။

အဲဒီလို မိမိရထားတဲ့ မွန်မြတ်တဲ့ဈာန်တရားက လျှောကြတဲ့အခါမှာ ဒီဈာနလာဘီပုဂ္ဂိုလ်တွေဟာ ငါ့အား ရှေးရှေးအခါကာလက ဤကဲ့သို့ တန်ခိုးကြီးလှ မွန်မြတ်လှတဲ့ ဈာန်တရားတွေရခဲ့လေပြီ။ ထိုဈာန်တရားတွေကား ယခုအခါကာလ၌ ငါ၏သန္တာန်၌မရှိ ပျောက်ပျက်ခဲ့လေပြီလို့ မိမိတို့ရခဲ့တဲ့ ဈာန်တရားတွေကို အာရုံပြု၍ ဒေါမနဿဖြစ်ပါတယ်။ အဲဒါကိုပင်လျှင် ''ဈာနေပရိဟီနေဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ' လို့ ဟောပါတယ်၊ ယနေ့ ကုသလော အကုသလဿအတွက် ပြီးသွားပါပြီ။

သာဓု ... သာဓု .... သာဓု .... ။

# ၁၃၂၉-ခု၊ ဝါခေါင်လဆုတ်(၃)ရက်
# ၁၉၆၇-ခု၊ ဩဂုတ်လ(၂၃)ရက်၊ ဗုဒ္ဓဟူးနေ့
# ပဌာန်းကုသလတိက်ပစ္စယဝါရဝိဘင်္ဂကိုသတ္တမအကြိမ်ပို့ချခြင်း

## ကုသလော အဗျာကတဿ

အရင်အပတ်က ကုသလော အကုသလဿအတွက်ပြီးခဲ့ပါပြီ။ ယခုအပတ်ကုသလော အဗျာကတဿပါ။ ကုသလောအဗျာကတဿမှာ ပါဠိတွေလဲဆိုပြီးပါပြီ။ အဲဒီမှာ "အရဟာ မဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံပစ္စဝေက္ခတိ"။ ဒါကမထူးပါဘူး၊ ရဟန္တာပုဂ္ဂိုလ်ရဲ့ မဂ္ဂပစ္စဝေက္ခဏာဝီထိ ဖြစ်ပါတယ်။ "ပုဗ္ဗေသုစိဏ္ဏာနိပစ္စဝေက္ခတိ"။ အဲဒါကရဟန္တာပုဂ္ဂိုလ်ဟာ မိမိရှေးကလေ့ ကျက်ခဲ့တဲ့ကာမကုသိုလ်တွေကို ဆင်ခြင်ပါတယ်။

"ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ"။ ရဟန္တာဖြစ်လာခဲ့တဲ့ အခါမှာ "ငါဖြင့်ရဟန္တာကိစ္စပြီးပြီ၊ ဘာမှလုပ်စရာမရှိတော့ဘူး"လို့၊ မဂ်ကိစ္စ ၁၆ ချက်တွေ မှာလဲ လုပ်စရာမရှိတော့ဘူးလို့ဆိုပြီး ရဟန္တာဖြစ်တဲ့အခါမှာ အလကားနေသလားဆိုတော့ မဟုတ်ပါဘူး။ မိမိတို့ရဲ့သန္တာန်မှာဖြစ်ခဲ့တဲ့လောကီ ကုသိုလ်တွေကိုလဲ အနိစ္စဒုက္ခအနတ္တရယ် လို့ ဝိပဿနာပွားပါတယ်။ ကုသိုလ်တရား အကုသိုလ်တရားကို ဝိပဿနာရှုမှုအတော်ကလေး ရှားပါတယ်။ အထက်ကလဲ "သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"လို့ ဟောခဲ့ပါတယ်။

ပြီးတော့ "စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ"။ စေတောပရိယအဘိညာဉ်အကြောင်းကိုလဲ အရင်အပတ်က အကျယ်တဝင့်ပြောပြီးခဲ့ပါပြီ၊ ဒီနေရာမှာလဲ အတူတူပါဘဲ။ အဲဒီတိုင်အောင် ရဟန္တာပုဂ္ဂိုလ်တွေနဲ့သာလျှင်ဆိုင်ပါတယ်။

ပြီးတော့မှ "သေက္ခာဝါ ပုထုဇ္ဇနာဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ ကုသလံ အဿာဒေတိ အဘိနန္ဒတိ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"။

သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တွေဟာမိမိတို့ရဲ့သန္တာန်မှာဖြစ်တဲ့ကာမကုသိုလ်တွေကို အနိစ္စ ဒုက္ခအနတ္တလို့ရှုတဲ့အခါမှာ ဝိပဿနာဇောကျပါတယ်. ဝိပဿနာဇောလို့ဆိုတာ ကာမ ကုသိုလ်ဇော ဖြစ်ပါတယ်။ အဲဒီကာမကုသိုလ်ဇော ချုပ်သွားတဲ့အခါမှာ ကာမဝိပါက်က တဒါရုံကိစ္စနဲ့ဖြစ်ပါတယ်။ ဆိုလိုရင်းကဇောနောင်မှာ တဒါရုံကျပါတယ်။ ဇောနောင်မှာ တဒါရုံကျတော့ ဒီတဒါရုံဟာ ဘယ်သူ့ကိုအာရုံပြုသလဲ။ ကာမကုသိုလ်တွေကိုဘဲအာရုံပြုရ ပါတယ်။ သေက္ခာဝါပုထုဇ္ဇနာဝါကုသလံလို့သာမညအားဖြင့် ဟောငြားသော်လဲ တဒါရုံ ရဲ့ အာရုံဖြစ်ခြင်းကြောင့် ကုသိုလ်ဟာ ကာမကုသိုလ်ဖြစ်ပါတယ်။ တိုနည်းတူစွာ ဒီကုသိုလ်

တွေကို ဝိပဿနာသာရှုသလားလို့ ဆိုတော့ ဝိပဿနာသာရှုတာမဟုတ်ပါဘူး။ သာယာမှု စသည်တွေလဲဖြစ်လာပါတယ်။ ဒီလိုသာယာမှုစသည်တွေဖြစ်လာတဲ့အခါမှာ အကုသိုလ် ဇောကျပါတယ်။ အဲဒီအကုသိုလ်ဇောနောင်မှာဖြစ်တဲ့တဒါရုံကလဲ ကာမကုသိုလ်ကိုပင်လျှင် အာရုံပြုပါတယ်။ ဒီတော့ဒီနေရာမှာ ပစ္စယုပ္ပန်တရားက ကာမဝိပါက်ဖြစ်ပါတယ်။ ကာမ ဝိပါက်ဖြစ်တော့ ဒီကာမဝိပါက်ဟာတပည့်တော်တို့ကိစ္စသင်္ဂဟအရ ဘယ်နှစ်ကိစ္စတတ်မလဲ။ ပဋိသန္ဓေ-ဘဝင်-စုတိ-တဒါရုံရယ်လို့ လေးကိစ္စတတ်တယ်။အဲဒီလို လေးကိစ္စတတ်ပါလျက် သားနဲ့ ဒီနေရာမှာ ပဋိသန္ဓေဘဝင်စုတိကိုတော့ မဟောဘဲနဲ့ တဒါရုံကိုသာ ဘာကြောင့် ဟောထားသလဲဆိုတော့ အဋ္ဌကထာဆရာကြီးက ပဋိသန္ဓေဘဝင်စုတိရဲ့အစွမ်းအားဖြင့်ဖြစ်မှု ကိုသိနိုင်ခဲပါတယ်တဲ့။ သိနိုင်ခဲလို့မဟောတာတဲ့။ အဲဒါကို မူလဋီကာဆရာကြီးက ဘယ်လိုဆို သလဲလို့ ဆိုရင် တဒါရုံကလဲကုသိုလ်ကံကိုပင် အာရုံပြုတယ်။ ပဋိသန္ဓေ ဘဝင်စုတိတွေကလဲ ကုသိုလ်ကံကိုပင်အာရုံပြုကြတော့ အာရုံပြုကြတာချင်းတူနေတယ်။ တူနေတော့ တဒါရုံကို ဟောလိုက်ခဲ့လို့ရှိရင်- ပြလိုက်ခဲ့လို့ရှိရင် ပဋိသန္ဓေဘဝင်စုကိစ္စတွေကိုလဲ ပြပြီးသားဖြစ်ပါ တယ်တဲ့။ အဲဒါက မူလဋီကာဆရာကြီးရဲ့ဝါဒပါ။

''ကုသလေနိရုဒ္ဓေ-အကုသလေနိရုဒ္ဓေ'' ဆိုတာက ခုနကပြောခဲ့တဲ့အတိုင်း တဒါရုံ ဟာကုသိုလ်အကုသိုလ်ဇောတွေရဲ့နောင်မှာသာဖြစ်နိုင်ပါတယ်။ ကြိယာဇောနောင်ဖြစ်နိုင် မဖြစ်နိုင်ရဲ့အကြောင်းတွေကိုတော့ နောက်မှာဘဲပြောပြပါမယ်။

အာကာသာနဉ္စာယတန ကုသလံ ဝိညာဏဉ္စာယတန ဝိပါကဿစ ကြိယဿစ အာရမ္မဏ ပစ္စယေနပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာ နာသညာယတန ဝိပါကဿစ ကြိယဿစ အာရမ္မဏပစ္စယေနပစ္စယော။

အာရုံကအာကာသာနဉ္စာ ယတနကုသိုလ်၊ အာရမ္မဏိကက ဝိညာဏဉ္စာ ယတန ဝိပါက်နဲ့ ကြိယာဖြစ်ပါတယ်။ ဒီနေရာမှာခုနက တဒါရုံဘုံးက အဋ္ဌကထာဆရာက ပဋိသန္ဓေ ဘဝင်စုတိကိစ္စတတ်တဲ့ ကာမဝိပါက်ကို အသိခက်လို့မဟောဘူးလို့ အကြောင်းပြတယ်။ ဟောဒီဝိညာဏဉ္စာယတနဝိပါက်ဟာ အရူပဝိပါက်ဖြစ်ပါတယ်။ အရူပဝိပါက်ဖြစ်တော့ ဘာကိစ္စတတ်မှာလဲ? ပဋိသန္ဓေဘဝင်စုတိကိစ္စဘတ်ရမှာဘဲ။ ဒီအရူပဝိပါက်ဟာ သုံးကိစ္စ ဘဲတတ်ပါတယ်။ ခုနကတုံးကတော့ အသိခက်လို့မဟောဘူး၊ ယခုတော့ဘာဖြစ်လို့ဟော ပြန်တာလဲ? ဟောပြန်တာကတော့ ဝိညာဏဉ္စာယတနဝိပါက်ဟာ ပဋိသန္ဓေဘဝင်စုတိကိစ္စ မှတပါး ဘာကိစ္စမှမတတ်တော့ ခုနကပြောခဲ့တဲ့အတိုင်း အသိခက်တာတော့ မှန်တယ်။ ဒီကိစ္စမှတပါးဝိညာဏဉ္စာယတနဝိပါက်ဟာ တဒါရုံကိစ္စမဘတ်လေတော့ ရသင့်သလိုဘဲ ဟောရတာဖြစ်ပါတယ်တဲ့။ ခုနကတုံးကတော့ တဒါရုံကိစ္စတတ်လို့ တဒါရုံအနေနဲ့ဟောခဲ့ တယ်။

ပြီးတော့''ကုသလာခန္ဓာ ေ တောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ယထာကမ္မုပဂဉာဏဿ၊ အနာဂတံသဉာဏဿ၊ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စ ယော။

အဘိညာဉ်ခဏ်းတွေ၊ စေတောပရိယ ဉာဏ်သစသည်တွေ အားလုံးကုန်ပြောပြီး ခဲ့ပါပြီ။ ကျန်တာက အာဝဇ္ဇနာယကျန်ပါတယ်။ အာဝဇ္ဇနာယဆိုတာကတော့ အရကောက် အကျယ်ကဆိုခဲ့တဲ့အလုံးစုံသော အာရုံကို အာရုံပြုနိုင်တဲ့ မနောဒွါရာဝဇ္ဇန်းဘဲဖြစ်ပါတယ်။ ဒီတော့ ကုသလော အဗျာကတဿ ကိစ္စပြီးကြပါစို့။

## အကုသလော အကုသလဿ

အကုသလော အကုသလဿမှာ“ရာဂံအဿာဒေတိ အဘိနန္ဒတိ၊ တံအာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ၊ ဒေါမနဿံဥပ္ပဇ္ဇတိ။ ဒိဋ္ဌိံအဿာဒေတိ အဘိနန္ဒတိ၊ တံအာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ၊ ဒေါမနဿံဥပ္ပဇ္ဇတိ”၊ ရာဂံအဿာဒေတိဆိုတဲ့နေရာမှာ ရာဂအရဘယ်သူနဲ့ဆိုင်သလဲ? မိမိရဲ့သန္တာန်မှာဖြစ်တဲ့ရာဂ သူတပါးရဲ့သန္တာန်မှာဖြစ်တဲ့ ရာဂလို့ ၂-ပါးလုံးကို ယူနိုင်ပါတယ်။ ဒါပေမဲ့ မိမိရဲ့သန္တာန်မှာဖြစ်တဲ့ရာဂရဲ့ အစွမ်းအားဖြင့်ပြမှသာလျှင် သာပြီးထင်ရှားပါတယ်။ အဲဒီရာဂကိုသာယာမှုတွေ နှစ်သက်မှုတွေဒီရာဂကို အာရုံပြုပြီးရာဂစသည်တွေထပ်ပြီးဖြစ်မှုတွေဟာ လူ့ပြည်လောက နတ်ပြည်လောကမှာ အင်မတန်ထင်ရှားပါတယ်၊ ပစ္စယုပ္ပန်တရားက အကုသိုလ်စိတ် ၁၂-ခုဖြစ်လေတော့ သတ္တဝါတွေရဲ့သန္တာန်မှာ ဒီလောဘလို့ဆိုတဲ့ ရာဂကိုအာရုံပြုပြီး နေ့စဉ်နေ့တိုင်းဖြစ်ပေါ်နေကြတဲ့ လောဘ မောဟ ဒေါသတရားတွေဟာ အင်မတန်ထင်ရှားပါတယ်။

‘ဒိဋ္ဌိံအဿာဒေတိ” ဆိုတာကတော့ မိမိတို့ရဲ့ဝါဒ မိမိတို့ရဲ့ အယူအဆဟာ ဘယ်လောက်ဘဲမှားနေနေ ဒီမှားယွင်းတဲ့အယူအဆကို မစွန့်လွှတ်နိုင်ရုံမကဘဲနဲ့ မိမိတို့မှောက်မှောက်မှားမှားယူခဲ့တဲ့အယူကိုပင် သာယာနှစ်သက်ပြီး နေတတ်ကြပါတယ်၊ ဒီဝါဒ မိစ္ဆာဝါဒ မိစ္ဆာအယူတွေဟာ လူတို့ရဲ့ သက်တမ်းတထောင်လောက်ကစပြီး ပေါ်လာတယ်လို့ စက္ကဝတ္တိသုတ်မှာ ဟောခဲ့ပါတယ်။ မိစ္ဆာဒိဋ္ဌိအယူဟာ (၁၀) ပါးရှိပါတယ်။ (၁) အလှူရဲ့အကျိုးမရှိဘူး (၂) ယဇ်ကြီးပူဇော်မှုရဲ့အကျိုးမရှိဘူး (ယဇ်ကြီးပူဇော်မှုဆိုတာ အလှူပွဲကြီးလုပ်တာခေါ်တယ်) (၃) အလှူပွဲငယ်ဆိုတဲ့ ယဇ်ငယ်ပူဇော်မှုလဲ အကျိုးမရှိဘူး (၄) ကုသိုလ် အကုသိုလ်ကံတွေ ဘယ်လောက်ပြုထားထား ကောင်းတဲ့အကျိုး, မကောင်းတဲ့အကျိုးပေးလိမ့်မယ်ဆိုတဲ့ အကျိုးလဲမရှိဘူး (၅) ယခုပစ္စုပ္ပန်လောက ဆိုတာလဲမရှိဘူး (၆) သေသွားရင်ပြတ်တာဘဲ။ တမလွန်လောကဆိုတာလဲမရှိဘူး (၇) အမိ၌ ပြုအပ်တဲ့ ကျေးဇူးလဲမရှိဘူး၊ (၈) အဘမှာ ပြုအပ်တဲ့ ကျေးဇူးလဲမရှိဘူး။ (၉) နတ်ဗြဟ္မာများလို ဥပပတ်ပုဂ္ဂိုလ်လဲမရှိဘူး။ (၁၀) ပစ္စုပ္ပန်လောက တမလွန်လောကကို ကိုယ်တိုင်ထိုးထွင်းသိပြီး ကိုယ်တိုင်မျက်မှောက်ပြုကြတဲ့ ဒီလောက ၂ ပါးကို ဟောကြားနိုင်ကြတဲ့ ကောင်းစွာကျင့်ကြံနိုင်ကြတဲ့ ရဟန်းပုဏ္ဏား ပုဂ္ဂိုလ်ရယ်လို့ မရှိဘူးရယ်လို့ မိစ္ဆာဝါဒကြီး ပေါ်ပေါက်လာတဲ့အခါမှာ လောကီယဖြစ်တဲ့ သဒ္ဓမ္မတရားတွေကွယ်ကုန်ကြတယ်၊ လောကီယသဒ္ဓမ္မဆိုတာ သုစရိုက်ဆယ်ပါး, ကုသလကမ္မပထ တရားဆယ်ပါး, ပုညကြိယာဝတ္ထုဆယ်ပါး, ကသိုဏ်းဆယ်ပါး, အပ္ပမညာဈာန်လေးပါး, ရူပအရူပသမာပတ်နှစ်ပါး, လောကီ အဘိညာဉ်

၅ ပါးဖြစ်ပါတယ်။ ဒီပြင် ပစ္စုပ္ပန်လောက တမလွန်လောကရှိတယ်၊ အပါယ်လေးပါးရှိ တယ်။ နတ်ပြည်ခြောက်ထပ် ဗြဟ္မာဘုံ ၂၀ ရှိတယ်။ အနန္တစကြဝဠာ ကမ္ဘာလောက ရှိတယ်။ ဒုစရိုက်ဆယ်ပါး အကုသလကမ္မပထ တရားဆယ်ပါးဟာ အပါယ်လေးပါးသို့ သွားရန် လမ်းခရီးဖြစ်တယ်။ သုစရိုက်ဆယ်ပါး ကုသလကမ္မပထ တရားဆယ်ပါးဟာ လူ့ပြည် နတ်ပြည်သို့သွားရန် လမ်းခရီးဖြစ်တယ်။ ဈာန်သမာပတ်ရှစ်ပါးဟာ ဗြဟ္မာပြည် သို့သွားရန် လမ်းခရီးဖြစ်တယ်လို့ ဒီလောကီယ သဒ္ဓမ္မကိုလောကမှာ ပညာရှိအဘိညာဉ် ရပြီးဖြစ်ကြတဲ့ပုဂ္ဂိုလ်များက ဟောကြားထားတဲ့ ကမ္မဿကတာတရားကြီးများလဲဖြစ်တယ်။ ဒီလိုလောကီယသဒ္ဓမ္မတွေ ကွယ်ပျောက်ပြီး မိစ္ဆာဝါဒလွှမ်းမိုးလာတဲ့အခါမှာ အထက်က ပြောခဲ့တဲ့အတိုင်း ဒီမိစ္ဆာဒိဋ္ဌိအယူကိုအာရုံပြုပြီးမဖြစ်နိုင်တဲ့ အကုသိုလ်ရယ်လို့မရှိတော့ဘူး။ ဒါဟာ ''ဒိဋ္ဌိ အဿာဒေတိ'' စသည်အရဖြစ်ပါတယ်။

ပြီးတော့-''ဝိစိကိစ္ဆံ အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ'' စသည်တွေကို ဟောတာကတော့ ဝိစိကိစ္ဆာတွေဟာက မိမိတို့အချင်းချင်း သဘာဂတရားဖြစ်လေတော့''ဝိစိကိစ္ဆံ အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ''လို့သူတို့ကို အရင်ဟော တယ်။ ဒါပေတဲ့ အဲဒီဝိစိကိစ္ဆာတို့ ဥဒ္ဓစ္စတို့ ဒေါမနဿတို့ဆိုတာတွေဟာ မောဟ ဒေါသ တရားတွေဖြစ်တယ်။ မောဟ ဒေါသတရားတွေဖြစ်တော့ သာယာဘွယ်မဟုတ်ဘူး။ သာယာ ဘွယ်မဟုတ်သဖြင့် အဿာဒေတိ စသည်ဖြင့်မဟောဘူး။ ဒါပေမဲ့ ဒီတရားတွေကို အာရုံပြု ပြီး ဒိဋ္ဌိဖြစ်နိုင်သေးလေတော့ ဒိဋ္ဌိဥပ္ပဇ္ဇတိလို့ဟောတယ်။ အဲဒါက အကုသလော အကုသ လဿအရ။ အဲဒီအကုသလော အကုသလဿအရမှာ ကရိုဏ်းအရကောက်ဆိုခဲ့လို့ရှိရင် (၃) ပစ္စည်းရှိပါတယ်။) အဲဒီ(၃) ပစ္စည်းအတွက် အရကောက်မှာဘပြိုင်နက် ယထာရဟသို့ မပါဘဲနဲ့ ကျနေပါတယ်)။

## အကုသလော ကုသလဿ

ပြီးတော့-အကုသလော ကုသလဿအရ ''သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ။ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ။ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ''။ သေက္ခပုဂ္ဂိုလ် ဆိုတာသောတာပန် သကဒါဂါမိ အနာဂါမိပုဂ္ဂိုလ်တွေဖြစ်ပါတယ် ပါဠိတော်က''ပဟီနေ ကိလေသေ''လို့ ဟောထားတော့ ဟောထားတဲ့ ပါဠိတော်အရ ပဟီနေကိလေသေအရကို အရကောက်ဆရာတော်ကြီးက ပယ်အပ်တဲ့ကိလေသာကိုသာပြပါတယ်။ သေက္ခဆိုတာသော တာပန် သကဒါဂါမိ အနာဂါမိပုဂ္ဂိုလ်တွေ ဖြစ်နေလေတော့ သောတာပန်က ကိလေသာ ဆယ်ပါးထဲက ဘယ်ကိလေသာကိုပယ်သလဲ? ဒိဋ္ဌိဝိစိကိစ္ဆာကိလေသာ ၂-ပါးကို ပယ်တယ်။ သကဒါဂါမိကြတော့ အကြွင်းမဲ့ပယ်တဲ့ ကိလေသာမရှိဘူး၊ ရုန့်ရင်းကြမ်းတမ်းတဲ့ ရာဂဒေါ သ မောဟတွေကို ခေါင်းပါးစေပါတယ်၊ အနာဂါမိက ကာမရာဂဆိုတဲ့ လောဘတစိတ်နဲ့ ဗျာပါဒဆိုတဲ့ ဒေါသကို အကြွင်းမဲ့ပယ်ပါတယ်။ အဲဒီအနာဂါမိများဟာ ဗြဟ္မာ့ဘုံရောက်တဲ့ အခါ ဗြဟ္မာဘုံမှာရှိတဲ့ ဘုံဗိမာန်ကြီးတွေ မြင်ရတွေ့ရတဲ့အခါ ''အဟောသုခံ'' စသည်ဖြင့်

ကျူးရင့်ကြတဲ့အတွက် ဒီအနာဂါမ်တွေဟာ ရူပရာဂတွေကို မပယ်နိုင်ကြသေးပါဘူး။ အဲဒါက သေက္ခပုဂ္ဂိုလ်ရဲ့ ပဟီနေကိလေသအရဖြစ်တယ်။

ဝိက္ခမ္ဘိတကိလေသ ကြတော့ မပယ်ရသေးတဲ့ ကိလေသာတွေပါ၊ သောတာပန် မပယ်ရသေးတဲ့ ကိလေသာတွေက လောဘ ဒေါသ မောဟ မာန ထိနဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပရယ်လို့ ကိလေသာ(၈)ပါးဖြစ်ပါတယ်။ သကဒါဂါမိမဂ်မခေါင်းပါးစေအပ်တဲ့ သိမ်မွေ့တဲ့ကိလေသာများကလဲ ခုနကပြောခဲ့တဲ့ကိလေသာ(၈)ပါးဖြစ်ပါတယ်။ အနာဂါမိမဂ်မပယ်ရသေးတာကတော့ ရူပရာဂ အရူပရာဂဆိုတဲ့ လောဘစိတ် မောဟမာနထိနဥဒ္ဓစ္စ အဟိရိကအနောတ္တပ္ပရယ်လို့ ကိလေသာ(၇)ပါးဖြစ်ပါတယ်။ ရဟန္တာပယ်တဲ့ကိလေသာကိုတော့ အကုသလော အဗျာကတာကြတော့ ဟောပါတယ်။ ၎င်းမှာအထက်က အနာဂါမ်မပါယ်ရသေးတဲ့ ကိလေသာ(၇)ပါးဘဲဖြစ်ပါတယ်။ ဒါဟာကိလေသေရယ်လို့ဟောတဲ့အတွက် ကိလေသာများကို ထုတ်ပြခြင်းဖြစ်ပါတယ်။ စင်စစ်တော့ သောတာပန်ရယ်လို့ ဖြစ်လာဘဲ့အခါမှာ အကြွင်းမဲ့ပယ်အပ်တဲ့ ကိလေသာစတဲ့တရားတွေဟာ ဒါတင်မကပါဘူး၊ အင်မတန်များပါတယ်၊ သောတာပတ္တိမဂ်အကြွင်းမဲ့ပယ်တဲ့ အကုသိုလ်ဆုံင်ရာဖြစ်တဲ့ တရားတွေဟာ(၅၀)ရှိပါတယ်။ ဘာတွေလဲ? သောတာပတ္တိမဂ်ဟာ သက္ကာယဒိဋ္ဌိ သီလဗ္ဗတပရာမာသ ဝိစိကိစ္ဆာဆိုဘဲ့ သံယောဇဥ်က(၃)ပါး။ ဒိဋ္ဌိဝိစိကိစ္ဆာဆိုဘဲ့ ကိလေသာက(၂)ပါး၊ မိစ္ဆာဒိဋ္ဌိ ပါဏာတိပါဘ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ မုသာဝါဒ မိစ္ဆာအာဇီဝရယ်လို့ မိစ္ဆတ္တတရား(၆)ပါးပယ်ပါတယ်။ အာဝါသ ကုလလာဘဓမ္မဝဏ္ဏဆိုတဲ့မစ္ဆရိယ တရား(၅)ပါးကိုလဲ အကြွင်းမဲ့ပယ်ပါတယ်၊ အနိစ္စကိုနိစ္စ အနတ္တကိုအတ္တရယ်လို့ထင်မှားမှု သညာဝိပ္ပလ္လာသ ၂ပါး၊ စိတ္တဝိပ္ပလ္လာသ ၂ပါး၊ ဒိဋ္ဌိဝိပ္ပလ္လာသ ၂ပါး၊ ဒုက္ခကိုသုခ အသုဘကို သုဘရယ်လို့ထင်မှားမှု ဒိဋ္ဌိဝိပ္ပလ္လာသ ၂ပါး၊ ဝိပ္ပလ္လာသ ၁၂-ပါးရှိဘဲ့အနက်က(၈)ပါးကို ပယ်ပါတယ်။ သောတာပန်ပုဂ္ဂိုလ်ဟာ သီလဗ္ဗတပရာမာသကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထက ၂ပါး။ အဂတိလေးပါး။ အဂတိလေးပါးဆိုတာ ဒီပုဂ္ဂိုလ်ဟာ ငါ့အဒိ ငါ့အဘ ငါ့ဆွေမျိုး ငါ့မိတ်ဆွေ ငါ့ဘပည့်ဘဲ စသည်ဖြင့် ချစ်မြတ်နိုးတဲ့ ဆန္ဒအားလျော်စွာ မပြုသင့်တာတွေကိုပြုတယ်။ ဒီပုဂ္ဂိုလ် ငါ့ကိုလာဘ်ပေးတယ်ဆိုပြီး ပိုင်ရှင်မဟုဘ်မှန်းသိလျက်သားနဲ့ ပိုင်ရှင်ဖြစ်အောင် ပြုလုပ်မှုတွေဟာ ဆန္ဒာဂတိ ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်ဟာဖြင့် ငါရဲ့ရန်သူဘဲ-သို့မဟုတ် တခဏခြင်းဖြစ်ပေါ်လာဘဲ့ဒေါသကောရဲ့အစွမ်းအားဖြင့် ပိုင်ရှင်အစစ်ကို ပိုင်ရှင်မဲ့ပြုမှုတွေဟာ ဒေါသာဂတိဖြစ်ပါတယ်။ အချို့ကြဘော့ နုံ့နှေးမှု ဘွေဝေမှုတွေကြောင့် အမှန်ကို ဘာလုပ်ရမှန်းမသိဘူး။ ဘာပြောရမှန်းမသိဘဲနဲ့ ပိုင်ရှင်မဟုတ်ဘဲနဲ့ ပိုင်ရှင်ဖြစ်အောင် ပြုလုပ်ပေးတာဟာ မောဟာဂတိဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ မင်းကျွမ်းဝင်တဲ့ပုဂ္ဂိုလ် အရေးပါအရာရောက်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ ငါ့ရဲ့အကျိုးမဲ့ကိုပြုလုပ်လိမ့်မည်လို့ ကြောက်ပြီး ဥစ္စာရှင်မဟုတ်ပါဘဲလျက် ဥစ္စာရှင်ပြုလုပ်ပေးဘာဟာ ဘယာဂတိဖြစ်ပါတယ်။ ပစ္စည်းဝေခြမ်းတဲ့နေရာမှာလဲ ချစ်လို့များများပေးတာဘွေ၊ ငါ့ရန်သူဘဲရယ်လို့ဒေါသစွမ်းဖြင့်နဲနဲပေးတာတွေ၊ တွေဝေလို့ ပေးပြီး မပေးရသေးတာမသိဘဲ တချို့နဲနဲ

တချို့များများပေးတာတွေ၊ သူ့ကိုမပေးရင် ငါ့အကျိုးမဲ့ ပြုတော့မှာဘဲရယ်လို့ ကြောက်လို့ပိုပေးတာတွေဟာ ဘယာဂတိဖြစ်ပါတယ်။ အဲဒီအဂတိလေးပါးကို သောတာပန်ရယ်လို့ဖြစ်လာရင် လုံးဝပယ်ထားတယ်။ ဒိဋ္ဌာသဝ ဒိဋ္ဌောဃ ဒိဋ္ဌိယောဂကိုလဲပယ်တယ်။ ဝိစိကိစ္ဆာ နီဝရဏနဲ့ ဩဠာရိကဖြစ်တဲ့ ကုက္ကုစ္စကိုပယ်တယ်၊ ဒိဋ္ဌိပရာမာသ၊ သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ၂ပါး၊ အနုသယထဲက ဒိဋ္ဌာနုသယဝိစိကိစ္ဆာနုသယ ၂ပါး၊ အကုသလကမ္မပထထဲက မိစ္ဆာဒိဋ္ဌိ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ မုသာဝါဒရယ်လို့ (၅)ပါး၊ အကုသိုလ်စိတ်ထဲက ဒိဋ္ဌိဂတသမ္ပယုတ် စိတ် ၄ ခုနဲ့ ဝိစိကိစ္ဆာရယ်လို့ (၅) ပါးကိုပယ်တော့ သောတာပတ္တိ မဂ်အကြွင်းမဲ့ပယ်တဲ့ တရားတွေဟာ(၅၀)ရှိပါတယ်။အပါယဂမနိယဖြစ်တဲ့ (၂၇) ပါးကိုတော့ တနုကရအားဖြင့်ပယ်ပါတယ်။ အဲဒီ (၂၇) ပါးကို အနာဂါမိမဂ်က အကြွင်းမဲ့ ပယ်ပါလိမ့်မယ်။

သကဒါဂါမိမဂ်ကတော့ အကြွင်းမဲ့ပယ်ကာမရှိပါဘူး။ အထက်ကပြောခဲ့တဲ့ ဩဠာရိကဖြစ်တဲ့(၂၇)ပါးသောတရားကို ခေါင်းပါးအောင်ပြုပါတယ်။

အနာဂါမိမဂ်အကြွင်းမဲ့ပယ်တာကတော့ ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ် ၂ပါး။ ဒေါသကိလေသာ ၁ပါး၊ မိစ္ဆာသင်္ကပ္ပ ဗျာပါဒဝါစာ ဖရုသဝါစာရယ်လို့ မိစ္ဆတ္တ ၃ ပါး၊ လောကဓံတရားရှစ်ပါးထဲက အလာဘ အယသ ဒုက္ခ နိန္ဒ-ဒီလေးပါးပယ်တယ်။ အသုဘသုဘလို့ဆိုတဲ့ သညာ-စိတ္တဝိပ္ပလ္လာသ(၂) ပါးပယ်တယ်။ ဗျာပါဒကာယဂန္ထကတပါး၊ ကာမာသဝ ကာမောဃ ကာမယောဂက (၃) ပါး၊ ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ၊ ကြွင်းတဲ့ အနဝသေသကုက္ကုစ္စပယ်ပါတယ်။ အနုသယထဲက ကာမရာဂါနုသယ ပဋိဃာနုသယ (၂) ပါး၊ မလထဲက ဒေါသလို့ဆိုတဲ့ မလတပါးပယ်ပါတယ်။ ဗျာပါဒ ပိသုဏဝါစာ ဖရုသဝါစာလို့ အကုသလကမ္မပထက (၃) ပါး၊ ဒေါသမူစိတ် ၂ပါးရယ်လို့ အားလုံး(၂၇)ပါးကို အနာဂါမိမဂ်က အကြွင်းမဲ့ပယ်ပါတယ်။ ကျန်နေတဲ့ သုခုမဖြစ်တဲ့(၄၇)ပါးကို တနုကရအားဖြင့်ပယ်တယ်။အဲဒီ(၄၇)ပါးကို "အရဟာ ပဟီနေ ကိလေသာ"ကြတော့ ပြောပြပါမယ်။ သောတာပတ္တိမဂ် အနာဂါမိမဂ်တို့ အကြွင်းမဲ့မပယ်ရသေးတဲ့ ကိလေသာတရားတွေကို ပဋ္ဌာန်းမှာ ဝိက္ခမ္ဘိတေကိလေသေလို့ ဟောပါတယ်။ ဒီမှာ"သေက္ခာပဟီနေ ကိလေသေပစ္စဝေက္ခန္တိ"။သေက္ခပုဂ္ဂိုလ်တွေဟာမိမိတို့ရဲ့သန္တာန်မှာ ပယ်ခဲ့ပြီးတဲ့ ကိလေသာတွေကိုဆင်ခြင်တယ်ဘဲ့။ ဆင်ခြင်တယ်ဆိုတော့ ပယ်တဲ့ကိလေသာကို ဆင်ခြင်တဲ့ဝီထိ အရင်အပတ်ကပြောခဲ့ပါပြီ။

ဒီတော့ ဆင်ခြင်တဲ့အခါမှာ သောတာပန်သကဒါဂါမ်ရယ်လို့ဖြစ်လာပေမဲ့ မိမိပယ်ပြီးဖြစ်တဲ့ ကိလေသာကို မဆင်ခြင်ခဲ့လို့ရှိရင် (ပဋ္ဌာန်းကတော့ ဆင်ခြင်တယ်လို့ဘဲ ဟောပါတယ်)ဘာကိုပယ်ခဲ့မှန်းကိုမသိ။ အဲဒီမသိတဲ့အကြောင်းကို မူလပဏ္ဏာသစူဠဒုက္ခက္ခန္ဓသုတ်မှာ သာကီဝင်မင်းသားကြီး မဟာနာမ်အကြောင်းကို အကြောင်းပြုပြီးဟောထားပါတယ်။ မြတ်စွာဘုရားဟာ သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းမှာ သီတင်းသုံးတော်

မှုတဲ့အခါ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးပြီး မြတ်စွာဘုရားကို လျှောက်ကြားပါတယ်။ မဟာနာမ်ဆိုတာ သကဒါဂါမိပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။ ဘယ်လိုလျှောက်ကြားသလဲဆိုတော့ ''မြတ်စွာဘုရား၊ တပည့်တော်ဟာ လိုချင်ခြင်းဟာ (လောဘ) ပြစ်မှားခြင်းဟာ(ဒေါသ) တွေဝေချင်းတွေဟာ(မောဟ)ရင်းတို့ကို စိတ်ရဲ့ညစ်ညူးကြောင်းရယ်လို့သိပေမဲ့ တခါတရံကြတော့ ဒီလိုချင်မှု, ပြစ်မှားမှု, တွေဝေမှုတရားတွေဟာ တပည့်တော်ရဲ့ ပကာင်းစိတ်ကို ကုန်ခမ်းစေ၍ တည်ကြပါတယ်။ ဒီတော့ ငါ့၏အဇ္ဈတ္တသန္တာန်မှာ ဘယ်တရားတွေများ မပယ်ရသေးလို့ တခါတရံ ဒီလိုချင်မှု, ပြစ်မှားမှု, တွေဝေမှုတွေဖြစ်ပါသလဲလို့ တပည့်တော် အကြံဖြစ်ပါတယ်''လို့ မြတ်စွာဘုရားကို လျှောက်ကြားတယ်၊ ဒီမဟာနာမ်မင်းသားကြီးဟာ သူရတဲ့ သကဒါဂါမိမဂ်နဲ့ လောဘ ဒေါသ မောဟတွေကို အကြွင်းမဲ့ ပယ်ပြီးပြီရယ်လို့ မှတ်ထင်နေတာဖြစ်ပါတယ်။ ဒါဟာ ကြွင်းကျန်တဲ့ကိလေသာကို မဆင်ခြင်လို့ ဖြစ်ပါတယ်။ ဒီပစ္စဝေက္ခဏာ(၁၉)ဒိသိကို ပဋ္ဌာန်းပါဠိတော်မှာအပြည့်အစုံပင်ဟောထားပါတယ်။ သင်္ဂြိုဟ်ကတော့ ''မဂ္ဂံဖလဉ္စနိဗ္ဗာနံ၊ ပစ္စဝေက္ခတိပဏ္ဍိတော၊ ဟီနေကိလေသေ သေသေစ၊ ပစ္စဝေက္ခတိဝါနဝါ''ရယ်လို့ ဆိုလေတော့ မဂ်ဖိုလ်နိဗ္ဗာန်ကိုတော့ ဧကန်ဆင်ခြင်တယ်။ ပယ်ပြီးနဲ့ ကြွင်းကျန်တဲ့ကိလေသာကိုတော့ အချို့ဆင်ခြင်တယ် အချို့မဆင်ခြင်ဘူးရယ်လို့ ဆိုတာ မဟာနာမ်မင်းသားကြီးကိုရည်ရွယ်ဘာနဲ့ဘဲ တူပါတယ်။

ခုနကပြောခဲ့တဲ့ ဓူဠဒုက္ခက္ခန္ဓသုတ်အဋ္ဌကထာကတော့ကာ တချီးဖွင့်ပြပြန်ပါတယ်။ ဒီပစ္စဝေက္ခဏာဝိထိတွေဟာ အရိယာဖြစ်တိုင်း အားလုံးပြည့်ပြည့်စုံစုံမဆင်ခြင်ကြပါဘူးတဲ့။ တချို့ကပယ်ပြီး ကိလေသာကိုသာ ဆင်ခြင်တယ်။ တချို့က ကြွင်းတဲ့ကိလေသာကိုသာ ဆင်ခြင်တယ်။ တချို့က မဂ်ကိုသာ တချို့က ဖိုလ်ကိုသာ တချို့က နိဗ္ဗာန်ကိုသာ ဆင်ခြင်တော့ ဒီပစ္စဝေက္ခဏာ ၅ ဝိထိမှာ တမျိုး နှစ်မျိုး သုံးမျိုး ဆင်ခြင်ကြပါတယ်တဲ့။ ဒီပစ္စဝေက္ခဏာ ၅ ဝိထိရဲ့ စီစဉ်ပုံများဟာ တကျမ်းနဲ့တကျမ်း မတူပါဘူး၊ ကွဲပြားကြပါတယ်။ ဝိသုဒ္ဓိမဂ်မှာ ပထမရှေးဦးစွာ မဂ်ကိုဆင်ခြင်တယ်၊ နောက် ဖိုလ်ကိုဆင်ခြင်တယ်၊ နောက် ပယ်ပြီး ကိလေသာ၊ နောက်ကြွင်းကျန်တဲ့ ကိလေသာ၊ နောက်ဆုံး နိဗ္ဗာန်ကိုဆင်ခြင်တယ်ရယ်လို့ စီစဉ်ထားပါတယ်။ ပဋ္ဌာန်းသမ္မာဒါမဂ်ကြတော့ပယ်ပြီး ကိလေသာ မပယ်ရသေးတဲ့ကိလေသာ မဂ်ဖိုလ် ''နိဗ္ဗာန်ရယ်လို့ စီစဉ်ထားပါတယ်၊ အဲဒါကို''ပစ္စဝေက္ခဏာသုပထမံ ကိလေသ ပစ္စဝေက္ခဏံဟောတိ၊ တတောမဂ္ဂဖလနိဗ္ဗာန ပစ္စဝေက္ခဏာနိ''ရယ်လို့ ပြဆိုပါတယ်။

ပြီးတော့''ပုဗ္ဗေသမုဒါစိဏ္ဏာ ကိလေသေဇာနန္တိ''သေက္ခပုဂ္ဂိုလ်နဲ့ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ မိမိရဲ့သန္တာန်မှာ ရှေးအခါကာလက လေ့ကျက်ခဲ့ဘူးတဲ့ ဖြစ်ခဲ့ဘူးတဲ့ ကိလေသာ ၁၀ ပါးရှိပါတယ်၊ အဲဒီကိလေသာ ၁၀ ပါးရှိလေတော့ ငါ၏သန္တာန်၌ ဤကဲ့သို့သော ကိလေသာတို့သည် ဖြစ်ခဲ့ဘူးပါတကားလို့ ဖြစ်ခဲ့ဘဲ့ကိလေသာတွေကို အာရုံပြုပြီးသိဘဲ့အခါမှာ မိမိရဲ့သန္တာန်မှာရှေးကလေ့ကျက်ခဲ့တဲ့ ကိလေသာ ၁၀ ပါးက အာရုံတရား၊ သိတဲ့ ကာမကုသိုလ်က အာရမ္မဏိက တရားဖြစ်ပါတယ်။

တဖန်''သေက္ခာဝါ ပုထုဇ္ဇနာဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ''ဒါက ရှေးကပြောခဲ့တဲ့အတိုင်းပါဘဲ။ အကုသိုလ်အာရုံပြုပြီး ဝိပဿနာရှုတာ ပါဘဲ။''စေတောပရိယဉာဏေန အကုသလစိတ္တ သမင်္ဂိဿ စိတ္တံဇာနန္တိ''။ ဒါလဲ ပြောခဲ့ ပါပြီ။ ''အကုသလာခန္ဓာ စေတောပရိယ ဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ၊ ယထာကမ္မုပဂဉာဏဿ၊ အနာဂတံသ ဉာဏဿ အာရမ္မဏ ပစ္စယေန ပစ္စယော'' ဒါလဲ ပြောခဲ့ပါပြီ။

### အကုသလော အဗျာကတဿ

အကုသလော အဗျာကတဿမှာ''အရဟာပဟီနေ ကိလေသေ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေဇာနာတိ။ ရဟန္တာပယ်တဲ့ ကိလေသာတွေပါ။ အကုသလော ကုသလဿတုံးက အနာဂါမိမဂ် မပယ်နိုင်တဲ့ ကြွင်းကျန်နေ ဘဲ့ ရူပရာဂ အရူပရာဂဆိုတဲ့ လောဘတစ်ပိ၊ မောဟ မာန ထိန မိဒ္ဓ ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ကိလေသာ(၇)ပါးကို ရဟန္တာပုဂ္ဂိုလ်ကြတော့ အကြွင်းမဲ့ပယ်လိုက်ပါတယ်။ ရဟန္တာဖြစ်လာတော့ ကြွင်းကျန်တဲ့ ကိလေသာမရှိလို့ ''ဝိက္ခမ္ဘိတေ ကိလေသေ'' လို့ မဟောတော့ဘူး။ ဒါက ကိလေသာနဲ့ ပတ်သက်တာဖြစ်ပါတယ်။ အကျယ်ကတော့ အရဟတ္တမဂ်ကကြွင်းတဲ့ သံယောဇဉ် ၅ပါး၊ ကြွင်းတဲ့ကိလေသာ (၇) ပါး၊ ကြွင်းတဲ့မိစ္ဆတ္တ (၆)ပါး၊ လောဘ ယသ သုခ ပသံသာဆိုတဲ့ လောကဓမ် (၄) ပါး၊ ဒုက္ခ သုခဆိုတဲ့ သညာဝိပ္ပလ္လာသ စိတ္တဝိပ္ပလ္လာသ (၂)ပါး၊ ကြွင်းတဲ့ အဘိဇ္ဈာကာယဂန္ထ (၁) ပါး၊ ဘဝါသဝ-အဝိဇ္ဇာသဝ (၂) ပါး၊ ဘဝေါဃ-အဝိဇ္ဇောဃ (၂) ပါး၊ ဘဝယောဂ-အဝိဇ္ဇာယောဂ (၂) ပါး၊ ကြွင်းတဲ့နီဝရဏ (၃) ပါး၊ ကာမုပါဒါန် (၁) ပါး၊ မာနာနုသယ-ဘဝရာဂါနုသယ - အဝိဇ္ဇာနုသယ (၃) ပါး၊ လောဘ-မောဟလို့ဆိုတဲ့ မလ (၂) ပါး၊ ကြွင်းအကုသလ ကမ္မပထ (၂) ပါး၊ ကြွင်း ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄ ခုနဲ့ ဥဒ္ဓစ္စလို (၅) ပါး၊ အားလုံးပေါင်းလိုက်ရင် ရဟန္တာဟာ အကြွင်း မဲ့ပယ်တဲ့ တရား (၄၇) ပါးရှိပါတယ်။

''ပုဗ္ဗေသမုဒါစိဏ္ဏေ ကိလေသေ ဇာနာတိ''အရကတော့ ရဟန္တာဖြစ်လာဘဲ့အခါ မှာလဲ ရှေးရှေးအခါကာလက ငါ၏သန္တာန်ဝယ် ဤကဲ့သို့သော ကိလေသာမျိုး တို့ သည် ဖြစ်ခဲ့လေစွတကားလို့ မိမိသန္တာန်၌ ပုထုဇဉ်သေက္ခဘဝတုံးကဖြစ်ခဲ့ဟဲ့ ကိလေသာတွေ ကို သိဘာဖြစ်ပါတယ်။

''အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ''ဒါကလဲမထူးပါဘူး။ ရဟန္တာ ဖြစ် လာ ပြီး တဲ့ နောက် အကုသိုလ် တ ရား တွေ ကို အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ဝိပဿနာ ရှုပါတယ်။

''စေတောပရိယ ဉာဏေန အကုသလစိတ္တ သမင်္ဂိဿ စိတ္တံဇာနာတိ''၊ ဒါလဲပြော ခဲ့ပါပြီ။

''သေက္ခာဝါ ပုထုဇ္ဇနာဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ ကုသလေနိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ အကုသလံ အဿာဒေတိ အဘိနန္ဒတိ၊

တံ အာရဗ္ဘရာဂေါဉပ္ပဇ္ဇတိ၊ ဒိဋ္ဌိဉပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာဉပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ အကုသလေနိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။'' ဒါကလဲ မထူးပါဘူး။ ဟိုတုံးကတော့ကုသိုလ်၊ ဒီမှာအကုသိုလ်၊ အာရုံသာလျှင်ထူးပါတယ်။ ဟိုတုံးကတော့ ကုသိုလ်အာရုံပြုပြီး ဝိပဿနာရှုတဲ့အခါမှာ ကုသိုလ်ဇော နောင်တဒါရုံ၊ ဒီကုသိုလ်တွေကို သာယာတဲ့အခါမှာ အကုသိုလ်ဇော နောင်တဒါရုံကျတာတွေကို ဟောပါတယ်။ ဒီကျတော့ အာရုံက အကုသိုလ်၊ ဟိုတုံးက ကုသိုလ်ဖြစ်ပါတယ်။ ဒါဘဲထူးပါတယ်။

''အကုသလာခန္ဓာ စေတောပရိယ ဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ၊ ယထာကမ္မူပဂ ဉာဏဿ၊ အနာဂတံသ ဉာဏဿ၊ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော'' ဒါတွေကလဲ ပြောပြီးဖြစ်ပါတယ်။

### အဇ္ဈာကတော အဇ္ဈာကတဿ

အဇ္ဈာကတော အဇ္ဈာကတဿမှာ ''အရဟာဖလံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော''။ အရဟာဖလံ ပစ္စဝေက္ခတိ ဆိုတော့ ဖလပစ္စဝေက္ခဏာဖြစ်ပါတယ်။ နိဗ္ဗာနံ ပစ္စဝေက္ခတိလို့ဆိုတာကတော့ နိဗ္ဗာန်ကို ဆင်ခြင်ပါတယ်။ ဒါတွေကို ပစ္စဝေက္ခဏာဝီထိတုံးက ပြောခဲ့ပါတယ်။ နိဗ္ဗာနံ ပစ္စဝေက္ခတိ နေရာမှာ နိဗ္ဗာန်ရဲ့အကြောင်းကို တပည့်တော်တို့ အသံလွှင့်စဉ်က အထိုက်အလျောက် ပြောခဲ့ပါပြီ။ ဒါတွေကို ဒီမှာထပ်ပြီးမပြောတော့ဘဲ အသံလွှင့်တဲ့အထဲမှာ မပါသေးတဲ့ အနည်းငယ်မျှသော အကြောင်းကိုပြောပြပါမယ်။ ဒီနိဗ္ဗာန်ဟာ ယခု အာရမ္မဏပစ္စည်းမှာ ဟောထားတဲ့ ဂေါတြဘူစသည်တို့ရဲ့ အာရုံဖြစ်ပါတယ်။ အာရုံဖြစ်ကြောင်းကို ''နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ ဖလဿ အာဝဇ္ဇနာယ' ရယ်လို့ ဆိုင်ရာတွေမှာဟောထားပါတယ်။ အဲဒီနိဗ္ဗာန်ဟာ ''အဇ္ဈတ္တာရမ္မဏ၊ ဗဟိဒ္ဓါရမ္မဏ၊ အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏ'' ဆိုတဲ့ မာတိကာ အရ ဗဟိဒ္ဓါရမ္မဏအရ, ကောက်လိုက်ခဲ့လို့ရှိရင် စိတ်စေတသိက် ရုပ်နိဗ္ဗာန်ရပါတယ်။ အဇ္ဈတ္တာရမ္မဏအရ စိတ်စေတသိက် ရုပ်ဘဲရဘယ်။ နိဗ္ဗာန်မပါဘူး၊ ဒီတော့ နိဗ္ဗာန်လို့ဆိုတာဟာ သတ္တဝါတို့ရဲ့သန္တာန်မှာ လုံးဝပတ်သက်မှုမရှိတဲ့ ဗဟိဒ္ဓတရားဖြစ်ပါတယ်။ ဗဟိဒ္ဓဖြစ်တဲ့ နိဗ္ဗာန်ကိုအာရုံပြုပြီး သတ္တဝါတွေရဲ့သန္တာန်မှာဖြစ်ကြတဲ့ ဂေါတြဘူ စသည်တွေရဲ့ဖြစ်ပုံတွေကို အဇ္ဈတ္တတိက် အာရမ္မဏပစ္စည်းမှာ ''ဗဟိဒ္ဓါရမ္မဏော အဇ္ဈတ္တဿ ဓမ္မဿအာရမ္မဏ ပစ္စယေန ပစ္စယော။ အရိယာ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော''လို့ ဟောထားတော့ သတ္တဝါတွေရဲ့သန္တာန်မှာ မရှိပါဘူး။

ဒါပေမဲ့ သံယုတ်အဋ္ဌကထာရဲ့များမှာ ''အပိစခွါဟံ အာဝုသော ဣမသ္မိံ ဗျာမမတ္တေ ကဠေဝရေ သသညမှိ သမနကေ လောကဉ္စပညပေမိ၊ လောကသမုဒယဉ္စလောကနိရောဓဉ္စလောကနိရောဓဂါမိနိဉ္စ ပညပေမိ၊'' ဤတလံမျှလောက်သော ခန္ဓာကိုယ်မှာပင် ဒုက္ခကိုလည်း ငါဘုရားပညတ်တော်မူတယ်။ ဒုက္ခဖြစ်ကြောင်း သမုဒယ၊ ဒုက္ခချုပ်ကြောင်း

နိရောဓ၊ ဒုက္ခရဲ့ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်မဂ္ဂကိုလဲ ငါဘုရားပညတ်တော်မူတယ်လို့ ပေါဟိဘာနုတ်သား မေးတဲ့အမေးကို ဖြေဆိုထားပါတယ်။ ဒေသနာအရဆိုရင် နိရောဓသစ္စာဆိုတဲ့နိဗ္ဗာန်ဟာ သတ္တဝါတွေရဲ့ခန္ဓာမှာပင် ရှိနေဖြစ်နေသလိုဖြစ်နေတယ်။ အထက်ကပြောခဲ့တဲ့ ဗဟိဒ္ဓါဓမ္မာအရနဲ့ ဆန့်ကျင်ဘက်ဖြစ်မနေဘူးလား? ဆန့်ကျင်ဘက်မဖြစ်ပါဘူး။ ဒီနိဗ္ဗာန်ဟာလဲ မိမိတို့ရဲ့ အဇ္ဈတ္တခန္ဓာကိုယ်မှာရှိနေတာမဟုတ်ပါဘူး၊ အကြောင်းကတော့ မိမိရဲ့ခန္ဓာကိုယ်မှာ ရှိနေဖြစ်နေတဲ့ ရုပ်နာမ်တေဘူမက တရားတွေကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ရှုနေတဲ့ယောဂီပုဂ္ဂိုလ်ရဲ့စိတ်ဟာ ထိုဖြစ်ပျက်နေတဲ့ ရုပ်နာမ်တို့ကို မြင်နေရာကသင်္ခါရတရားမဖြစ်တဲ့ ချုပ်ငြိမ်းနေတဲ့နိဗ္ဗာန်ကိုလှမ်းပြီး ဂေါတြဘူဘအာရုံပြုလိုက်ပါတယ်၊ အဲဒီလိုအာရုံပြုလိုက်တော့ ခန္ဓာကိုယ်မှာရှိနေသလို တင်စားပြီးဟောထားတာဖြစ်ပါတယ်။ မုချေကန် အမှန်မဟုတ်ပါဘူး။ အဇ္ဈတ္တသန္တာန်မှာဖြစ်လို့ ဟောထားတာမဟုတ်ပါဘူး။ တင်စားပြီးဟောထားတာဖြစ်ပါတယ်။ ဂေါတြဘူက နိဗ္ဗာန်ကိုအာရုံပြုလိုက်တဲ့ အခါမှာ နိဗ္ဗာန်ဟာ မိမိအဇ္ဈတ္တသန္တာန်မှာရှိတဲ့ နိဗ္ဗာန်တရားမဟုတ်ပါဘူး။ ဗဟိဒ္ဓသန္တာန်မှာရှိတဲ့ နိဗ္ဗာန်တရားဖြစ်ပါတယ်။

“နိဗ္ဗာနံ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော”။အဲဒီအာဝဇ္ဇနာယ အရဟာလဲ နိဗ္ဗာန ပစ္စဝေက္ခဏာဝီထိမှာပါတဲ့ မနောဒွါရာဝဇ္ဇန်း ဖြစ်ပါတယ်။ နိဗ္ဗာန်ကိုဆင်ခြင်တဲ့အခါမှာ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပစ္စဝေက္ခဏာဇော(၇) ကြိမ်လို့ ဝီထိဖြစ်တဲ့အခါ မနောဒွါရာဝဇ္ဇန်းက နိဗ္ဗာန်ကိုအာရုံပြုပါတယ်၊ ဒီမနောဒွါရာဝဇ္ဇန်းဟာ အင်မတန်ကြီးကျယ်တဲ့ စိတ်ဖြစ်ပါတယ်။ သဗ္ဗညုတဉာဏ်မဟုတ်ပေမဲ့ သဗ္ဗညုတဉာဏ်နဲ့ အလားတူတဲ့စိတ်ဟာ ဘယ်စိတ်လဲဆိုရင် ဒီမနောဒွါရာဝဇ္ဇန်းကိုဘဲ ညွှန်ပြရပါလိမ့်မယ်။ အဲဒီမနောဒွါရာဝဇ္ဇန်းနဲ့ စပ်လို့ မဇ္ဈိမ ပဏ္ဏာသ တေဝိဇ္ဇသုတ်မှာ ဝစ္ဆဆိုတဲ့ ပုရဗိုဇ်က မြတ်စွာဘုရားအား “အရှင်ဘုရား၊ ရဟန်းဂေါတမဟာ အလုံးစုံကို သိတယ် မြင်တယ်၊ ငါသွားနေတဲ့အခါဖြစ်ဖြစ် ရပ်နေတဲ့အခါဖြစ်ဖြစ် အိပ်ပျော်နေတဲ့အခါ ဖြစ်ဖြစ် နိုးကြားနေတဲ့အခါ ဖြစ်ဖြစ် အမြဲမပြတ် ဉာဏ်အမြင်ဟာ ရှေးရှုထင်တယ်လို့ အကြွင်းမဲ့ ဉာဏ်အမြင်ကို ဝန်ခံတယ်လို့ တပည့်တော်များ ကြားဘူးပါတယ်ဘုရား။ မြတ်စွာဘုရား ဒီလိုပြောကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရဲ့ စကားတော်အရ ပြောဆိုတာ ဖြစ်ကြပါသလား။ မြတ်စွာဘုရားကို မဟုတ်မမှန်သောအားဖြင့် မစွပ်စွဲဘဲများ ရှိကြပါသလား။ အကြောင်းမှန်ကိုအကြောင်းမှန် အားလျော်စွာ ပြောကြပါသလား။ မြတ်စွာဘုရားရဲ့ စကားတော်ကို လိုက်၍ ပြောဆိုကဲ့ သီဘင်းသုံးဖော် တယောက်ယောက်ဟာ သူတပါးကဲ့ရဲ့အပ်တဲ့ အကြောင်းရှိလေတော့ ကဲ့ရဲ့စရာအနည်းငယ်မျှ မရှိပါသလား?”လို့ လျှောက်ကြားတယ်။ ဒီလိုလျှောက်ကြားတော့ မြတ်စွာဘုရားက အထက်ပါအတိုင်း ပြောကြတဲ့ ပုဂ္ဂိုလ်တွေဟာ ငါဘုရားရဲ့ စကားအရ ပြောကြတာမဟုတ်ဘူး။ ငါ့ကိုမဟုတ်မမှန်သောအားဖြင့် စွပ်စွဲကြတာဘဲရယ်လို့ မိန့်တော်မူတယ်။

အဲဒီပါဠိတော်အရ မြတ်စွာဘုရားက ပြန်ပြီးဖြေဆိုလိုက်တော့ ခုနကပြောခဲ့တဲ့ မြတ်စွာဘုရားရှင်ရဲ့ သဗ္ဗညုတ ဉာဏ်တော်တွေဟာ ဘာမှမသိသလိုလို ဖြစ်မနေဘူးလား။

အဲဒါကို အဋ္ဌကထာဆရာကြီးက မြတ်စွာဘုရားဟာ ဝန်မခံသင့်တာကို မူတည်ပြီး ဝန်ခံသင့်တာကိုပါ မြတ်စွာဘုရားက ပယ်လိုက်တာဖြစ်ပါတယ်တဲ့။ မြတ်စွာဘုရားသည် အလုံးစုံကိုသိတယ် မြင်တယ်၊ အကြွင်းမဲ့ ဉာဏ်အမြင်ရှိတယ်လို့ဆိုဘာဟာ ဝန်ခံရမှာဖြစ်ပါတယ်။ သွားနေတဲ့အခါ ရပ်နေတဲ့အခါ အိမ်ပျော်နေတဲ့အခါများကတော့ ဝန်မခံသင့်ပါဘူး။ ဘာဖြစ်လို့လဲလို့ဆိုတော့ သဗ္ဗညုတ ဉာဏ်တော်နဲ့ အလုံးစုံ ညေယျဓမ္မတွေကို သိတယ်လို့ ဆိုပေမဲ့ မနောဒွါရာဝဇ္ဇန်းနဲ့ ဆင်ခြင်ပြီးသကာလမှသာ သိနိုင်ပါတယ်။ မနောဒွါရာဝဇ္ဇန်းမပါခဲ့လို့ရှိရင် ဘာကိုမှ မသိနိုင်ပါဘူး အဲဒါကြောင့် မနောဒွါရာဝဇ္ဇန်းဟာ အင်မတန်အရေးပါ အရာရောက်တဲ့ စိတ်မျိုးဖြစ်ပါတယ်။ အဲဒါက-''နိဗ္ဗာနံ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော''အရ ဖြစ်ပါတယ်။

ပြီးတော့ ''အရဟာစက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ'' ရဟန္တာပုဂ္ဂိုလ်ဟာ မိမိရဲ့ သန္တာန် သူတပါးရဲ့ သန္တာန်မှာရှိတဲ့ စက္ခုသောတ အစရှိတဲ့ တရားတွေကို အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ဝိပဿနာရှုတယ်၊ အဗျာကတော အဗျာကတဿ ဖြစ်ခြင်းကြောင့်ဆိုင်ရာ ဖြစ်တဲ့ ဝိပါက်ကြိယာ အဗျာကတတွေကိုလဲ အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ဝိပဿနာရှုတယ်။ ဝိပဿနာရှုတယ်လို့ ဆိုခြင်းကြောင့် ဒီဝိပါက်တွေဟာ လောကီ ဝိပါက်တွေ ဖြစ်ရမယ်။

အာရမ္မဏပစ္စည်းရဲ့ အရကောက်ကို ကြည့်လိုက်ရင် ရပ်ပိုင်းဆိုင်ရာတွေမှာ အရကောက် ဆရာတော်ကြီးအလိုဆန္ဒအတိုင်း ရပ်အဋ္ဌဝိသရယ်လို့ ရေးထားပါတယ်။ ဒါပေမဲ့ ပရမတ္ထဓမ္မများကိုသာ ဟောတဲ့ ပဋ္ဌာန်း(၂၄)ကျမ်းလုံးရဲ့ ပဉ္စာဝိဘင်္ဂဝါရတွေမှာ ပရမတ္ထ အစစ်မဟုတ်ကြတဲ့ အနိပ္ဖန္နရုပ်တွေကိုမဟောပါဘူး။နိပ္ဖန္နရုပ်(၁၈)ခုကိုသာ ဟောပါတယ်။ ဒီနိပ္ဖန္နရုပ်(၁၈)ခုကိုသော်မှ သနိဒဿနတိက်ကလွဲရင် အပြည့်အစုံမဟောဘဲ (၁၃)ခုကိုသာ ဟောပါတယ်။ ဩဠာရိကရုပ် ၁၂ ပါးနဲ့ ဟဒယဝတ္ထုကိုဟောပါတယ်။ အဲဒါကို အဋ္ဌကထာက ဘယ်လိုဆိုသလဲဆိုတော့ ဒီရုပ်တွေဟာ ဝိပဿနာရှုတဲ့အခါမှာ ထင်ရှားလို့ နိပ္ဖန္နရုပ်(၁၁)ပါးကို ဟောတယ်တဲ့။ အဲဒီလိုဟောကြောင်းကို အဋ္ဌကထာက ''စက္ခုံအနိစ္စ ဘောတိ ဝိပဿနာနုက္ကမေန ဩဠာရိကာယတနာနိ ဝတ္ထုရူပဉ္စာတိ ကောဒသရူပါနိပါကာ ၎တ္တာ ဂဟိတာနိ'ရယ်လို့ဆိုပါတယ်။ (၁၃)ခု မဟုတ်ဘဲနဲ့ (၁၁)ခု ဖြစ်တာကတော့ ဖောဋ္ဌဗ္ဗာရုံကို ရုပ်သုံးခုမယူဘဲနဲ့ တခုထဲယူထားလို့ဖြစ်ပါတယ်။ ဒီနိပ္ဖန္နရုပ်(၁၈)ခု အပြည့်အစုံကို သနိဒဿနတိက်မှာ ဘာကြောင့်ဟောသလဲလို့ စင်းစားရင် အခြားတိက်တွေမှာ သုခုမရုပ်ရယ်လို့ သီးခြားပဒအဖြစ်နဲ့ နေတာတခုမှမရှိတော့ ဩဠာရိကရုပ်တွေကို အကုန်ဟောထားတယ်။ တပဒထဲမှာသာ ရုပ်များအနေများပါတယ်။ ကုသသတိက်ဆိုရင် ရုပ်ဟာ ဘယ်မှာနေပါသလဲ ? အဗျာကတမှာနေပါတယ်။ ဝိပါကတိက်ဆိုရင် တတိယပဒမှာ နေပါတယ်။ ဥပါဒိဏ္ဏတိက်ကြတော့ နှစ်ပဒရှိပါတယ်၊ ''ဥပါဒိန္နုပါဒါနိယာဓမ္မာ-အနုပါဒိန္နုပါဒါနိယာဓမ္မာ'' ဥပါဒိန္နုပါဒါနိယာအရ ကမ္မဇရုပ်တွေ ရှိပါတယ်။ အနုပါဒိန္နုပါဒါ

နိယာ-အရ တိဇရုပ်တွေရှိပါတယ်။နှစ်ပဒရှိပါတယ်။ဒါပေတဲ့အဲဒီနှစ်ပဒမှာရှိတဲ့ရုပ်တွေဟာ ဩဠာရိကရော သုခုမရော ရောနေပါတယ်။ ထိုနည်းတူစွာ ဥပ္ပန္နတိက် အတီတတိက် အဇ္ဈတ္တ တိက်တွေ ကြည့်လိုက်ရင် အကုန်လုံးရုပ်တွေရပါတယ်။ ဥပ္ပန္နတိက်မှာ ပစ္စုပ္ပန်ဆိုင်ရာတွေ။ သနိဒဿနတိက်ကြတော့ သုခုမရုပ်ရယ်လို့ သီးခြား တတိယပဒ အနိဒဿနအပ္ပဋိဃာ ဓမ္မာ မှာနေပါတယ်။ သနိဒဿနသပ္ပဋိဃာဓမ္မာအရ ရူပါရုံရပါတယ်။ အနိဒဿသပ္ပဋိဃာဓမ္မာ အရ ကြွင်းတဲ့ဩဠာရိက ရုပ်တွေရပါတယ်။ အနိဒဿနအပ္ပဋိဃာဓမ္မာအရ သုခုမရုပ်တွေ ရပါတယ်။ အဲဒီလို သီးခြားနေတော့ ဒီသုခုမရုပ်ကိုမဟောလို့မဖြစ်တော့ဘူး။ မဟောလို့ မဖြစ်တော့ ဟောရတော့မှာဘဲ။ဘယ်လိုဟောသလဲ?။အဲဒီ(တ-ဟ)အနိဒဿန အပ္ပဋိဃာမှာ "ဝတ္ထုံ ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဇီဝိတိန္ဒြိယံ အာပေါဓာတုံ ကဗဠီကာရံ အာဟာရံ အနိဒဿန အပ္ပဋိဃေခန္ဓေအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"စသည်ဖြင့် ဟောပါတယ်။ အဲဒီတော့ နိပ္ဖန္နရုပ် (၁၈)ခုထဲကကျန်ဘဲ့ (၇)ခုကို သနိဒဿနတိက်မှာ ဟောပါတယ်။

တဖန် ဒီအာရမ္မဏပစ္စည်းမှာ နိပ္ဖန္နရုပ် အဋ္ဌာရသကိုသာ ဟောပါတယ်။ အနိပ္ဖန္န ရုပ်နဲ့မဆိုင်ပါဘူးရယ်လို့ အထောက်အထား ပြပါဦးလို့ဆိုရင် ဥပ္ပန္နတိက်ပဥှာဝါရ ပစ္စ နိက်"နောအဇ္ဈတ္တိယာခန္ဓေ။ နောအဇ္ဈတ္တိကတော"ကိုပြရပါလိမ့်မယ်။ ကုသလတိက်စသည်တို့မှာ "နောအဇ္ဈတ္တိယာ"လို့ ဟောပေမဲ့အာရမ္မဏမျိုး ပကတူပမျိုးတို့ ပြုတ်မသွားဘဲကျန်နေသေး ရင် အဇ္ဈတ္တိဆိုင်ရာ သဉ်္ဇာသာလျော့ပြီး အာရမ္မဏပကတူပ သဉ်္ဇာမလျော့ကြောင်းကို သဉ်္ဇာ ဝါရပို့ချတုံးက စာလိုက်ဘဲ့ပုဂ္ဂိုလ်များနားလည်ပြီး ဖြစ်ကြပါလိမ့်မယ်။ ဥပ္ပန္နတိက်"နော အဇ္ဈတ္တိယာခန္ဓေ၊ နောအဇ္ဈတ္တိကတော"ကြတော့ သဗ္ဗညုတဉာဏ်တော်ရဲ့ ကွန့်မြူးပုံဟာ အင် တော်ဆန်းကြယ်ပါတယ်။ သဉ်္ဇာကြီးစိတ်ရှိရလဲ အတော်ဘဲခက်ပါတယ်။ အဲဒီဥပ္ပန္နတိက်ရဲ့ အာရမ္မဏဥပနိဿယသဉ်္ဇာတွေဟာ (ပ ပ)(ဒု-ပ)(တ ပ)ရယ်လို့ သုံးချက်စီ ရကြပါ တယ်။ အဇ္ဈတ္တရဲ့သဉ်္ဇာဟာ (ပ-ပ)လို့ တချက်သာရပါတယ်။ "နောအဇ္ဈတ္တိယာခန္ဓေ"လို့ ဟော တဲ့အခါမှာ ကုသလတိက်စသည်များလို အဇ္ဈတ္တိဆိုင်ရာ (ပ ပ)သာပြုတ်သွားတာမဟုတ်ဘဲ နဲ့ အာရမ္မဏ ဥပနိဿယတို့မှာ ဟောထားတဲ့(ပ-ပ)အားလုံးပါ ပြုတ်သွားကြ ပါတယ်။ မပြုတ်လျှင်မဖြစ်နိုင်ပါဘူး။ အာရမ္မဏ ဘာ့ကြောင့်ပြုတ်ရသလဲ၊ အာရမ္မဏမှာ ဟောတဲ့ (ပ-ပ)နဲ့အာရမ္မဏ ပုရေဇာတမှာဟောတဲ့(ပ ပ)ဟာ အရတူနေပါတယ်၊အရတူနေရင် အာရမ္မဏပစ္စည်းမှာ နိပ္ဖန္နရုပ် အဋ္ဌာရသသာရကြောင်း ထင်ရှားပါတယ်။ အာရမ္မဏ ပုရေဇာတရဲ့ပစ္စည်းတရားဟာ နိပ္ဖန္နရုပ် အဋ္ဌာရသသာဖြစ်ပါတယ်၊ဘယ်လိုတူသလဲလို့ ဆို တော့ အာရမ္မဏပစ္စည်း (ပ-ပ) မှာ "ဥပ္ပန္နံ စက္ခုံအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘရာဂေါဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံဥပ္ပဇ္ဇတိ၊ ဒေါမနဿံဥပ္ပဇ္ဇတိ၊ဥပ္ပန္နံ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ ဥပ္ပန္နေခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ အဿာဒေတိ အဘိနန္ဒတိ၊ တံအာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံဥပ္ပဇ္ဇတိ၊ ဒိဗ္ဗေန စက္ခုနာရူပံပဿတိ၊ ဒိဗ္ဗာယသောတဓာတုယာ သဒ္ဒံ သုဏာတိ။ ရူပါယတနံ စက္ခုဝိညာဏဿ အဇ္ဈတ္တပစ္စယေန ပစ္စယော။ ပေယျာလ။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿအတ္ထိပစ္စယေနပစ္စယော။ ဥပ္ပန္နာခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော''လို့ အာရမ္မဏပစ္စည်းမှာ ဟောပါတယ်။ အာရမ္မဏ ပုရေဇာတကြတော့ မပါတာက ဥပ္ပန္နာခန္ဓာနဲ့ ဣဒ္ဓိဝိဓဉာဏဿလို့ မပါပါဘူး။

ဥပ္ပန္နေခန္ဓေမှာ အာရမ္မဏပစ္စည်းရဲ့ သဘောအတိုင်း ဟောပေမဲ့ ထူးထွေတဲ့ နာမ်တရားများ မဟုတ်ပါဘူး။ ဒီတရားတွေဟာ ပစ္စုပ္ပန် နိပ္ဖန္နရုပ်များသာ ဖြစ်ကြပါတယ်။ အဲဒီလို အာရမ္မဏနဲ့ အာပုတ္တိအရ တူကြလို့ရုပ်များကိုလဲဘဲ နိပ္ဖန္နရုပ်များသာ အညီအမျှရကြပါတယ်။

ဥပနိဿယ ပြတ်မှုအတွက် အာရမ္မဏူပနိဿယပြတ်ကြောင်းကိုတော့ အထူးပြောနေစရာမလိုပါဘူး။ အနန္တရူပ နိဿယကို ဒီတိုက်မှာ မဟောပါဘူး။ ပကတူပ နိဿယ (ပ-ပ)ပြတ်ရတာက အတ္ထိ ၉ မျိုးလုံးမှာ ဥပ္ပန္နတိုက်ဖြစ်ခြင်းကြောင့် ပကတူပ နိဿယ (ပ-ပ)ရဲ့ ပစ္စည်း ပစ္စယုပ္ပန်များဟာ ပစ္စုပ္ပန်ကာလများသာဖြစ်လို့ပြတ်ရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် "နောအတ္ထိယာဒွေ၊ နောအဝိဂတေဒွေ" ဖြစ်နေပါတယ်၊

ဒါဖြင့်ရင် အာရမ္မဏ ပုရေဇာတမှာ အာရမ္မဏဘုံးက "ဥပ္ပန္နာခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ'လို့ ပါလာပါတယ်။ အာရမ္မဏ ပုရေဇာတကို ကြည့်လိုက်ရင် ဣဒ္ဓိဝိဓ ဉာဏဿလို့ မဟောဘူး။ ဣဒ္ဓိဝိဓဉာဏဿလို့ အာရမ္မဏ ပစ္စည်းမှာ ဟောထားတော့ အာရမ္မဏ ပုရေဇာတမှာ ဣဒ္ဓိဝိဓ အဘိညာဉ် မပါပါကလားလို့ မေးစရာရှိဘယ်။ ငါရဲ့ကိုယ်ဟာ စိတ်များလို လျင်မြန်စွာသွားနိုင်ပါစေလို့ အဓိဋ္ဌာန်တဲ့ အခါကာလမှာ ခန္ဓာကိုယ်မှာရှိတဲ့ ပစ္စုပ္ပန် နိပ္ဖန္နရုပ်တခုခုဟာ ဣဒ္ဓိဝိဓ အဘိညာဉ်အား အာရမ္မဏ ပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုလေတော့ ပစ္စုပ္ပန် နိပ္ဖန္နရုပ်ကို အာရုံပြုတဲ့ ဣဒ္ဓိဝိဓ အဘိညာဉ်ကို အာရမ္မဏ ပုရေဇာတပစ္စည်းကရပါတယ်။ အဲဒီလို အာရမ္မဏနဲ့ အာရမ္မဏ ပုရေဇာတတို့ အရတူလို့ "နောအတ္ထိယာဒွေ"လို့ ဖြစ်ပါတယ်။ အရမတူခဲ့လို့ရှိရင် 'တိက'ဖြစ်နေပါလိမ့်မယ်၊ ဒါဖြင့်ရင် အာရမ္မဏ ပုရေဇာတမှာ ဣဒ္ဓိဝိဓ အဘိညာဉ်ကို ဘာ့ကြောင့်မဟောသလဲလို့ မေးရင် ဣဒ္ဓိဝိဓ အဘိညာဉ်ရဲ့ ဆိုရိုးအကျယ်ကြည့်စမ်းပါ။ အဲဒီဣဒ္ဓိဝိဓ အဘိညာဉ်ဟာ နိပ္ဖန္နရုပ်ကိုသာ အာရုံပြုတာမဟုတ်ပါဘူး။ ပါဒကဖြစ်တဲ့ ရူပါဝစရ ပဉ္စမဈာန်ကိုလဲ အာရုံပြုနေပါတယ်။ အာရမ္မဏ ပုရေဇာတရဲ့ပစ္စည်းက နိပ္ဖန္နရုပ်သာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် မဟောတာပါ။

ပြီးတော့ "ဒိဗ္ဗေနစက္ခုနာ ရူပံပဿတိ" မလာခင် ဘာလာရမလဲဆိုတော့ ဒီမှာ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိလို့ ဟောတယ်၊ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿတွေကိုထောက်ခဲ့လို့ရှိရင် ဘယ်လိုဟောသင့်သလဲ? "အရဟာ စက္ခုံအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ကြိယေနိရုဒ္ဓေဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ''လို့ ဟောသင့်တယ်။ ဘာ့ကြောင့် မဟောသလဲ? အရကောက်ကြီးကိုကြည့်စမ်းပါ။ အရကောက်ကြီးကို ကြည့်စမ်းခဲ့လို့ရှိရင် ကြိယာဇောနောင် တဒါရုံကျတယ်၊ ကြိယာဇော နောင်မှာ တဒါရုံကျတာက "တဒါရုံဧကာဒသ၊ ဟသိတုပ္ပါဒ်အားတတ်သော ကာမစိတ် စတုပညာသ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော အာရုံ ၆ ပါး''

လို့လာတယ်မဟုတ်လား။ ဒီတော့ ကုသိုလ်အကုသိုလ်ဇောနောင်တွေမှာ တဒါရုံကျနိုင်သလို ကြိယာဇောနောင်မှာလဲ အရကောက်ထားတဲ့အတိုင်း တဒါရုံကျသင့်ပါကယ်။ အဲဒီကြိယာ ဇောနောင်မှာကျတဲ့ တဒါရုံကို ဟောသလားလို့ဆိုတော့ မဟောပါဘူး။ တိကပဋ္ဌာန်း တကျမ်းလုံးမှာ ဇောနောင်တဒါရုံကျမှုကို ကုသလတိက် ဝိပါကတိက် သံကိလိဋ္ဌတိက် အာ စယတိက် ဟီနတိက်များမှာ ''ကုသလေနိရုဒ္ဓေ ဝိပါကောတဒါရမ္မဏတာဥပ္ပဇ္ဇတိ၊ အကုသ လေနိရုဒ္ဓေဝိပါကော တဒါရမ္မဏတာဥပ္ပဇ္ဇတိ။ ကုသလာကုသလေနိရုဒ္ဓေ ဝိပါကောတဒါ ရမ္မဏတာဥပ္ပဇ္ဇတိ'' ရယ်လို့ တိက်အားလျော်စွာ ဟောပါတယ်။ အရကောက်များမှာလဲ တဒါရုံကောဒသ ဟသိတုပ္ပါဒ်အားတဘ်သော ကာမစိတ်စတုပညာသ စေတသိက်ဒွေပညာ သရုပ်အဋ္ဌဝီသလို့ ကြိယာဇော နောင်တဒါရုံကျနိုင်ကြောင်းကို ပြဆိုထားပေမဲ့ ကြိယာဇော နောင်တဒါရုံကျမှုကို မည်သည့်ပဋ္ဌာန်းမှာမှ မဟောပါဘူး။ ပဋ္ဌာန်းပါဠိတော်ကြီးတွေ အ ကုန်လိုက်ကြည့်၊ ကြိယာဇောနောင်တဒါရုံကျမှု ဟောထားတာမရှိဘူး။

မူလဋီကာဆရာကြီးက တဒါရုံဆိုတာ အင်မတန် မငြိမ်မသက် လှုပ်လှက်ခတ်ဖြစ်နေ တဲ့ ကုသိုလ် အကုသိုလ်ဇောများရဲ့နောက်ကိုသာ လိုက်ပါတယ်တဲ့။ ဥပမာအားဖြင့် ငြိမ်ငြိမ် သက်သက်ကလေး မြစ်ထဲမှာ ဖက်ခွက်ကလေးမျောလာတယ်ဆိုဘော့၊ အဲဒီဖက်ခွက်နောက် ကို ရေအယဉ်က မလိုက်တော့ဘူး။ ရဟန္တာများရဲ့ သန္တာန်မှာသာဖြစ်ကြတဲ့ အင်မတန် ငြိမ်သက်လှတဲ့ ကြိယာဇောများနောင်မှာ တဒါရုံတွေဟာ မလိုက်သင့်ပါဘူးတဲ့။ အဲဒါ ကြောင့် ပဋ္ဌာန်းအာရမ္မဏပစ္စည်းမှာ ကုသိုလ် အကုသိုလ်ဇော နောင်တဒါရုံကိုဟောပေမဲ့ ကြိယာဇော နောင်တဒါရုံကို မဟောဘူးလို့ မူလဋီကာဆရာကြီးကပြတယ်။

အဲဒီလိုမူလဋီကာ ဆရာကြီးရဲ့ဝါဒကို အနုဋီကာဆရာကြီးက ကြိယာဇောတွေဆို တာဟာ ဝိညတ်ရုပ်ကိုဖြစ်စေနိုင်ပါတယ်တဲ့။ ဝိညတ်ရုပ်ကိုဖြစ်စေနိုင်တော့ မူလဋီကာဆရာ ကြီးမိန့်ဆိုသလို အင်မတန် ငြိမ်သက်စွာမျောနေတဲ့ ဖက်ခွက်ကလေးနဲ့မတူပါဘူးတဲ့။လှုပ်လှက် ခတ်တဲ့ ဗျာပါရသဘောရှိတယ်လို့ ဆိုထိုက်ပါတယ်တဲ့။ ပဋ္ဌာန်းမှာ မဟောတာကတော့ အလိုတော် တမျိုးတမည်ကြောင့် ဖြစ်မှာပါဘဲလို့ပြောတယ်။ ဒီအနုဋီကာဆရာကြီးရဲ့မိန့်ဆို ချက်ကိုစင်းစားရင် ရဟန္တာအရှင်မြတ်တို့ရဲ့သန္တာန်မှာ ကာယဝိညတ် ဝစီဝိညတ်ဖြစ်မှုက တော့ ထင်ရှားပါတယ်။ အဲဒီလိုထင်ရှားတော့ ကြိယာဇောတွေဖြစ်ပေမဲ့ ဗျာပါရသဘော တော့ရှိတယ်။ အဲဒီလိုမိန့်ဆိုချက်ဟာ လျောက်ပတ်ပါတယ်။ ဒါပေမဲ့ ပဋ္ဌာန်းမှာမဟောဘူး လို့ဆိုတဲ့ မူလဋီကာရဲ့စကားကိုတော့ ဝန်ခံထားတယ်။ မဟောခြင်းရဲ့အကြောင်းကိုတော့ ပြတ်ပြတ်သားသား မိန့်တော်မမူဘဲနဲ့ အလိုတော်တမျိုးကြောင့် မဟောတာလို့ အနုဋီကာ ကမိန့်တယ်၊

တပည့်တော်တို့မြန်မာပြည်မှာရှိကြတဲ့ ဆရာတော်ကြီးများကတော့ မူလဋီကာ အနု ဋီကာဆရာကြီးတို့ရဲ့ပဋ္ဌာန်းမှာ မဟောဘူးလို့ဆိုတဲ့စကားကို လက်ခံတော်မမူကြပါဘူး။ လက်ခံတော်မမူကြဘဲနဲ့ ဟောပုံကို ဘယ်လိုအထောက်အထားပြသလဲ။ အနန္တရ ပစ္စည်း မှာ-''ကြိယံဝုဋ္ဌာနဿ''လို့ ဟောထားသားဘဲတဲ့၊ ဝုဋ္ဌာနဿအရ ဘာကိုယူမလဲ? တဒါရုံနဲ့

ဘွင်ယူရမယ်လို့ အဋ္ဌကထာက ပြပါတယ်။ ဋီကာကတော့ စုတိပါ ယူပါလို့ ပြပါတယ်။ ကြိယာဇောနောင်မှာ ဝုဋ္ဌောခေါ်တဲ့ တဒါရုံဖြစ်သင့်တယ်လို့ ဆုံးဖြတ်တော်မူကြပါတယ်။

ဒီတော့ မူလဋီကာဆရာကြီးရဲ့ ပြောပြမှု အာဘော်ကို စင်းစားကြည့်မယ်ဆိုရင် ပဋ္ဌာန်းပါဠိတော်မှာ ကုသိုလ်အကုသိုလ် ဇောနောင်သာ တဒါရုံကျကြောင်း ထိုထိုတိုက်ဒုက်အားလျော်စွာ အာရမ္မဏပစ္စည်းမှာ ဟောထားပါတယ်။ "ကြိယေနိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ" ရယ်လို့ ဘယ်မှာမှ မဟောထားပါဘူး။ ဤကုသလတိက် အဗျာကတော အဗျာကတဿမှာကော ဟောသလား? မဟောပါဘူး။ ကြိယာဇောနောင်မှာ တဒါရုံကျခွင့်ရှိခဲ့လို့ရှိရင် ကြိယာချည်းသက်သက်နေတဲ့ ဝိပါကတိက်မှာ "ဝိပါကာဓမ္မာ ဝိပါကဓမ္မ ဓမ္မာ၊ နေဝဝိပါက နဝိပါကဓမ္မဓမ္မာ" ဆိုတော့ တတိယပဒမှာ ကြိယာရှိပါတယ်။ အဲဒီတတိယပဒ(တ ပ)မှာ "အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ကြိယေနိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ" ရယ်လို့ ဟောစရာကောင်းပါတယ်။ ကုသလတိက် အဗျာကတော အဗျာကတဿမှာလဲ ဟောစရာကောင်းပါတယ်။ ဒီလိုမဟောဘဲနဲ့ "ကုသလာကုသလေနိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ" ရယ်လို့သာ ဟောထားပါတယ်။

ကြိယံဝုဋ္ဌာနဿ-အရ ဝုဋ္ဌောလို့ဆိုတာ ပဉ္စဝိညာဉ်လဲ ရပါတယ်။ ပဉ္စဒွါရာဝဇ္ဇန်းရဲ့ နောင်မှာ ပဉ္စဝိညာဉ်ဥပါဒ်ပါတယ်။ အဲဒီ ပဉ္စဝိညာဉ်ကိုလဲ ဝုဋ္ဌောလို့ ခေါ်ရပါတယ်။ ဒီတော့ ဝုဋ္ဌောလို့ဆိုတာဟာ ပဉ္စဝိညာဉ် တဒါရုံဘဝင် စုတိများဖြစ်ကြပါတယ်။ "မဟဂ္ဂတာ ခန္ဓာ ပရိတ္တဿဝုဋ္ဌာနဿ" လို့ ဝုဋ္ဌောအသံနဲ့ ဟောတော့ မဟဂ္ဂုတ်ခန္ဓာတွေက ဘာတွေလဲ? ရူပအရူပ မဟဂ္ဂုတ်ဇောတွေဖြစ်ပါတယ်။ အဲဒီမဟဂ္ဂုတ်ဇောနောင်မှာ ဝုဋ္ဌာနဿလို့ ဟောတိုင်း တဒါရုံကျမလား? မဟဂ္ဂုတ်ဇောနောင်မှာ ဘယ်တော့မှ တဒါရုံမကျဘူး၊ တဒါရုံဆိုတာ ကာမဇော၊ ကာမသတ္တဝါ၊ ကာမအာရုံဖြစ်မှသာ တဒါရုံကျနိုင်ပါတယ်။ ဒီတော့ မဟဂ္ဂတာခန္ဓာ ပရိတ္တဿ ဝုဋ္ဌာနဿ အရဘာကိုယူရမလဲ? ဘဝင်ကိုသာယူရသလို "ကြိယာ ဝုဋ္ဌာနဿ၊ နေဝဝိပါက ဓမ္မဓမ္မာ ခန္ဓာဝုဋ္ဌာနဿ" မှာလဲဘဲ ရသင့်ရထိုက်တဲ့ ပဉ္စဝိညာဉ် ဘဝင်စုတိများကို ယူပါလို့ဆိုတဲ့ နှလုံးသွင်းအားဖြင့် မူလဋီကာ ဆရာကြီးက ပြောဘာဖြစ်ပါတယ်။

ပြီးတော့-"ဒိဗ္ဗေနစက္ခုနာရူပံပဿတိ။ ဒိဗ္ဗာယသောတဓာတုယာသဒ္ဒံသုဏာတိ" ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်တွေကျန်နေပါတယ်။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဘယ်လောက်ဘဲဝေးဝေး၊ ဒီကနေပြီး လန်ဒန်ကိုကြည့်ချင်သလား၊ အမေရိကန်ကိုကြည့်ချင်သလား၊ ရုရှားကိုကြည့်ချင်သလား ကြည့်ချင်တာကို မြင်နိုင်ပါတယ်။ နတ်ပြည်မှာ နတ်သမီးတွေကနေဘာကိုကြည့်ချင်သလား မြင်နိုင်ပါတယ်။ ဗြဟ္မာပြည်တိုင်အောင်လဲ မြင်နိုင်ပါတယ်။ မြင့်မိုရ်တောင်ကြီးဖုံးကွယ်ပြီးထားတဲ့ အနုမြူကလေးတွေကိုလဲ မြင်နိုင်ပါတယ်။ အလွန်တရာသိမ်မွေ့နူးညံ့တဲ့ ပရမာနုမြူတိုင်အောင်ဖြစ်တဲ့ အဆင်းကိုလဲ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်နိုင်ပါတယ်။ ဒါတွင်မှမကသေးဘဲ မိမိကိုယ်ရဲ့ အတွင်းသန္တာန်မှာရှိနေတဲ့ ရုပါရုံတွေကိုလဲမြင်နိုင်

တယ်။ ဒါကဒိဗ္ဗစက္ခုဒူရပဋိစ္စနုသဗ္ဗာသုခုမ - အရဖြစ်ပါတယ်။ ဒိဗ္ဗသောတကလဲ ထိုနည်းတူ စွာဘဲ ပြဟ္မာပြည်ဘိုင်အောင် ဒိဗ္ဗသောတအဘိညာဉ်နဲ့ဘာတွေကြားချင်သလဲ၊ ဘယ်လောက် ဝေးဝေး တောင်ကြီးဘယ်လောက်ကွယ်ထားထား အဲ့ဒီလိုကွယ်ထားတဲ့ အသံတွေကိုကြား နိုင်ပါတယ်။ မိမိ ကိုယ်တွင်းကအသံ၊ အင်မဘန်နူးညံ့သိမ်မွေ့တဲ့အသံစသည်ကိုလဲ အားလုံး ကြားနိုင်ပါတယ်၊ မြတ်စွာဘုရားလက်ထက်က ရဟန်းတပါးဟာ ဒိဗ္ဗစက္ခုအဘိညာဉ်ရလို့ နတ်ပြည်က နတ်သမီးတွေကနေတာမြင်တယ်။ နတ်သမီးတွေရဲ့ သီချင်းဆိုတာကလေး တွေကိုလဲ နားထောင်ချင်တယ်။ နားထောင်ချင်တော့ မြတ်စွာဘုရားထံချဉ်းကပ်ပြီး ဒိဗ္ဗ သောတ အဘိညာဉ်ရဘို့ရာအတွက် ပရိကံသွားပြီးမေးတယ်။ မေးတော့ ဘုရားကသူ့ကို မပြောဘူး။ ဘာဖြစ်လို့ မပြောသလဲဆိုတော့ သူကရှေးဘဝတုံးက ပစ္စေကဗုဒ္ဓါအား ခဲနဲ့ ပစ်တော့ နားကိုမှန်ခဲ့တယ်။ အဲဒီဝိပါက်က သူ့မှာရှိနေလေတော့ ဒိဗ္ဗသောဘအဘိညာဉ်ကို သူဘယ်နည်းနဲ့မှမရနိုင်ဘူး။ မရနိုင်လို့ မပြောဘူး။ အဲဒါနဲ့ဘုရားကိုရန်ငြိုးဖွဲ့တယ်။ ဒီတော့ ဒိဗ္ဗသောတအဘိညာဉ်ရတဲ့ပုဂ္ဂိုလ်ဟာ ဒီကနေပြီးနတ်ပြည်က နတ်သမီးကလေးတွေသီချင်း ဆိုနေတာကိုလဲ နားထောင်လို့ရပါတယ်။ ဘာအသံကိုဖြစ်ဖြစ် ဒိဗ္ဗသောတ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်ဟာ ရေဒီယိုဆောင်နေစရာမလိုတော့ဘူး။ ဘာအာရုံတွေဖြစ်ဖြစ် မြင်ချင်ခဲ့လို့ရှိရင် လဲ ဒီအဘိညာဉ်ရတဲ့ပုဂ္ဂိုလ်များဟာ တယ်လီဗီရှင်းတို့ဆောင်နေစရာမလိုတော့ဘူး။ အကုန် လုံးမြင်နိုင်တာဘဲ။

ပြီးတော့ ''စေတောပရိယဉာဏေနဝိပါကာ ဗျာကတကြိယာဗျာကတ စိတ္တသမုဂ်ိဂီယ စိတ္တံဇာနာတိ''၊ ဒါကိုပြော်ပြီးပြီ။ ''အာကာသာနဉ္စာယတနကြိယံ ဝိညာဏဉ္စာယတနကြိ ယဿ အာရမ္မဏ ပစ္စယေနပစ္စယော။ အာကိဉ္စညာယတနကြိယံ နေဝသညာနာသညာ ယတနကြိယဿ အာရမ္မဏ ပစ္စယေန ပစ္စယော'' ဒါတွေအကုန်လုံးပြောပြီးခဲ့ပါပြီ။

''ရူပါယတနံ စက္ခုဝိညာဏဿအာရမ္မဏ ပစ္စယေနပစ္စယော။ ပေယျာလ။ ဖောဋ္ဌဗ္ဗာ ယတနံ ကာယဝိညာဏဿ အာရမ္မဏ ပစ္စယေနပစ္စယော'' အထက်က ရူပေ သဒ္ဒေစသည် ဟောခဲ့တာကတော့ ရဟန္တာပုဂ္ဂိုလ်တွေဟာ ရူပါရုံစတဲ့တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ ရယ်လို့ ဝိပဿနာပြုတာဖြစ်ပါတယ်။ ဒါကတော့ ရူပါရုံစသည်တွေက စက္ခုဝိညာဉ်စသည် တို့ရဲ့အာရုံဖြစ်ခြင်း၊ စက္ခုဝိညာဉ်စသည်အား အာရမ္မဏပစ္စည်းတတ်ကြောင်း ဟောပါ တယ်။

ပြီးတော့ ''အဗျာကတာခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ၊ စေတောပရိယဉာဏဿ၊ ပုဗ္ဗေနိဝါ သာ နုဿတိဉာဏဿ၊ အနာဂတံသဉာဏဿ၊ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စ ယော''ဆိုတဲ့ နေရာမှာ တပည့်တော်တို့ ဆိုရိုးအကျယ်မှာ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသ အဘိညာဉ်ကိုအတွက် ''ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး။ ထိုခန္ဓာငါးပါးမှ အစဉ်လျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးစသော ပညတ်ဟုဆိုအပ်သော အာရုံ ၆ ပါး''ရယ်လို့ ဆိုခဲ့ပါတယ်။ အဲဒီဆိုရိုးဟာ ပစ္စယနိဒ္ဒေသအဋ္ဌကထာက ''နိဗ္ဗာနာရမ္မဏံ ကာမာဝစရ ရူပါဝစရကုသလဿ အပရိယာပန္နတော ကုသလဝိပါကဿ ကာမာဝစရ ရူပါဝစရ ကြိယဿစာတိ ဣမေသံ

ဆန္ဒံရာသိနံ အာရမ္မဏပစ္စယောဟောတိ''လို့ နိဗ္ဗာန်ကိုပစ္စည်းယူ၍ ကြွင်းကျန်ဘဲ့ဆိုင်ရာဖြစ်တဲ့ ကုသိုလ်ဝိပါက်ကြိယာတွေကို ကျေးဇူးပြုမယ်လို့ဆိုရင် ၆-ပါး ဖြစ်နိုင်ပါတယ်တဲ့။ ၆-ပါးဖြစ်နိုင်တယ်လို့ဆိုတော့ ယခုအာရမ္မဏပစ္စည်းအရမှာဆိုရင် နိဗ္ဗာန်ကိုဂေါ်တြဘူဝေါ်ဒါန်ကိစ္စတတ်တဲ့ ကာမကုသိုလ်၊ ပုဗ္ဗေနိဝါယာနုဿတိ အနာဂတံသ အဘိညာဉ်ကိစ္စတတ်တဲ့ရူပကုသိုလ်၊ လောကုတ္တရာမဂ်ဖိုလ်၊ နိဗ္ဗာနပစ္စဝေက္ခဏာ ဝီထိက အာဝဇ္ဇန်းကိစ္စတတ်တဲ့ကာမကြိယာ၊ ပုဗ္ဗေနိဝါသာနုဿတိ အနာဂတံသ အဘိညာဉ်ကိစ္စတတ်ဘဲ့ ရူပကြိယာရယ်လို့ ဒီတရား ၆-ပါးက အာရုံပြုတယ်လို့ဆိုပါတယ်။ ဒီအဋ္ဌကထာမိန့်ဆိုချက်ထဲက အဘိညာဉ်ကိစ္စတတ်တဲ့ ရူပကုသိုလ်ကြိယာက နိဗ္ဗာန်ကိုအာရုံပြုတယ်ဆိုတာကို မူလဋီကာဆရာကြီးက မနှစ်သက်တဲ့အတွက် ဒီရူပကုသိုလ်ကြိယာကိုဖြုတ်ပြီး လေးရာသီကိုသာယူလိုပါတယ်။

မူလဋီကာကဘယ်လိုဆိုသလဲ? ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဟာ ခန္ဓာငါးပါးမှအစဉ်လျှောက်ပြီး နိဗ္ဗာန်ကို အာရုံပြုနိုင်တယ်လို့ဆိုရင် ပရိတ္တတိက်မှာ ''အပ္ပမာဏာခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ''လို့ ဟောသလို ''နိဗ္ဗာနံ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ အာရမ္မဏပစ္စယေနပစ္စယော'' လို့ဟောရမှာပေါ့တဲ့။ ဟောသလားလို့ဆိုဘော့ မဟောပါဘူး။ ဒီနိဗ္ဗာန်ဟာ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အား အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုမယ်ဆိုရင် နိဗ္ဗာန်ဟာ ပုဗ္ဗေနိဝုဋ္ဌတရားဖြစ်ရလိမ့်မယ်တဲ့။ နိဗ္ဗာန်ဆိုတာ အသင်္ခတ တရားဖြစ်ပါတယ်။ အသင်္ခတတရားဖြစ်တော့ ပုဗ္ဗေနိဝုဋ္ဌတရားဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးတဲ့။ ပြီးတော့ ဒီပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်နဲ့ ပုဗ္ဗေနိဝုဋ္ဌဖြစ်တဲ့အပ္ပမာဏာတရားတို့ကို အာရုံပြုတဲ့နေရာမှာလဲ ဒီအဘိညာဉ်နဲ့ နိဗ္ဗာန်ကိုသိရကျိုးလဲဘာမှမရှိပါဘူးတဲ့။

ထင်ရှားအောင်ပြောရမယ်လို့ဆိုရင် အရင်ကပြောခဲ့တဲ့အတိုင်း စေတောပရိယအဘိညာဉ်နဲ့ သူတပါးရဲ့စိတ်ကိုအာရုံပြုတဲ့နေရာမှာ စေတောပရိယအဘိညာဉ်ကဆင်စွာသာပြုတတ်ပါတယ်၊ အာရုံမပြုဘတ်ပါဘူး။ ကာမတရားကသာ သူတပါးရဲ့စိတ်ကို အာရုံပြုနိုင်သလို (ပါဠိတော်ဇယားကလေး ကြည့်လိုက်မယ်လို့ဆိုရင်စေတောပရိယ အဘိညာဉ်ရဲ့ဆိုင်ရာအကွက်မှာ စေတောနောင်ကာမကုသိုလ်ကြိယာရယ်လို့ ပြထားတာတွေ့ရပါလိမ့်မယ်)၊ ထိုနည်းတူစွာပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်နဲ့ ပုဗ္ဗေနိဝုဋ္ဌဖြစ်တဲ့ အပ္ပမာဏခန္ဓာလို့ဆိုတဲ့ မဂ်ဖိုလ်တရားတို့ကို အာရုံပြုနိုင်ပါတယ်။ မဂ်ဖိုလ်တို့ရဲ့ အာရုံဖြစ်တဲ့ နိဗ္ဗာန်ကိုတော့အာရုံမပြုနိုင်ပါဘူး။ ဒါကြောင့် ၆-ရာသီမဟုတ်ဘဲ ၄-ရာသီသာ ဆိုသင့်ပါတယ်တဲ့။ ဒီနေရာမှာ အနုဋီကာဆရာကြီးက ရေငုံနေတယ်၊ ဘာမှမပြောတော့ဘူး။

အချို့ပုဂ္ဂိုလ်များက နိဗ္ဗာန်ဟာ အသင်္ခတ တရားဖြစ်လို့ ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်က အာရုံမပြုနိုင်ဘူးလို့ မူလဋီကာ ဆရာက မိန့်ဆိုတယ်။ ပညတ်ကော နိဗ္ဗာန်နည်းတူ အသင်္ခတ တရားမဟုတ်ဘူးလား? ဒီအသင်္ခတဖြစ်တဲ့ ပညတ်ကို ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်က အာရုံပြုကြောင်းကို ''ဇပံနာမော၊ ဇဝံဂေါတ္တော''စသည်ဖြင့် ပုဗ္ဗေ

နိဝါသာနုဿတိ အဘိညာဉ်ခဏ်းများမှာ ဟောထားလေတော့ အသင်္ခတဖြစ်တဲ့ ပညတ်ကို အာရုံပြုနိုင်ရင် အသင်္ခတဖြစ်တဲ့ နိဗ္ဗာန်ကိုလဲ အာရုံပြုနိုင်ရမှာ ပေါ့လို့ ပြောကြတယ်။

မူလဋီကာ ဆရာကြီးက "နာနပ္ပကာရကံ ပန ပညတ္တိ အာရမ္မဏံ တေဘူမက ကုသလသာ အကုသလဿ ရူပါဝစရ ဝိပါကဿ အရူပါဝစရ ဝိပါကဿ တေဘူမက ကြိယဿ ဉာမေသံနဝန္နံ အာရမ္မဏ ပစ္စယောဟောဘိ"လို့ တဆက်တည်းမှာပင် မိန့်ဆိုတဲ့ အဋ္ဌကထာ ဆရာရဲ့ စကားကို ပညတ်ဟာလဲ နိဗ္ဗာန်လိုဘဲ အသင်္ခတ တရားဖြစ်နေလို့ ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်ရဲ့ အာရုံပြုမှုကို လက်မခံနိုင်ပါဘူးရယ်လို့ မူလဋီကာ ဆရာကြီး က တစုံတရာ ကန့်ကွက်မှုမရှိပါဘူး။ သဘောတူလက်ခံခဲ့ပါတယ်။ မူလဋီကာဆရာကြီး ပြော နေတာက ပညတ်ကိစ္စမဟုတ်ပါဘူး၊ နိဗ္ဗာန်ကိစ္စဖြစ်ပါတယ်။

နိဗ္ဗာန်နဲ့ ပညတ်ဟာ ဥပါဒ်ဋ္ဌီဘင် မရှိမှုအတွက်ကြောင့် အသင်္ခတ တရားချင်းတူ ပေမဲ့သဘောကတော့ အင်မတန်ကွဲပြားခြားနားပါတယ်။ နိဗ္ဗာန်က သဘောတရားကိုယ် အားဖြင့် ထင်ရှားရှိနေတဲ့ ပရမတ္ထ တရားဖြစ်ပါတယ်။ ပညတ်က ဒီလိုသဘောတရားကိုယ် ထင်ရှားမရှိပါဘူး။ ဒီတော့ အသင်္ခတချင်းတူရုံနဲ့ အဘိညာဉ်ရဲ့ အာရုံဖြစ်ရမယ်လို့ မဆို နိုင်ပါဘူး။ ဒီပညတ်ကို ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်က အာရုံပြုကြောင်းကို ပစ္စယ နိဒ္ဒေသမှာ "သဗ္ဗေဓမ္မာ မနောဝိညာဏ ဓာတုယာတံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော"လို့ ဆိုတဲ့အရမှာ တနည်းကား အရထည့်သွင်းပြီး ကောက်ထားပါ တယ်။အဲဒီပစ္စယ နိဒ္ဒေသမှာ သဗ္ဗေဓမ္မာရယ်လို့ မနောဝိညာဏဓာတ် အာရုံပြုနိုင်တဲ့ အာရုံ ၆ ပါးကို သိမ်းကြုံးပြီး ဟောထားပေမဲ့ ယခုပြဆိုခဲ့တဲ့ ပုဗ္ဗေနိဝါသာနုဿတိနဲ့ မဆိုင်ပါဘူး။

ထို့ပြင် သာမညဖြစ်တဲ့ ပညတ်တရားဟာ ပုဗ္ဗေနိဝါသာ နုဿ တိရဲ့ အာ ရုံ ဖြစ် ကြောင်းကို ထိုထိုပါဠိတော်ကြီးများမှာ "ဗဝံနာမော၊ ဗဝံဝေါတ္တော"စသည်ဖြင့်အတိအကျ ဟောတော်မူပါလျက် အဓိပတိဖြစ်တဲ့ နိဗ္ဗာန်တရားကြီးကို ဘာကြောင့် အတိအကျ ဟော တော်မမူရသလဲ၊ ပရမတ္ထ တရားသက်သက်ကိုသာ ဟောတဲ့ ပဋ္ဌာဝါရ ဝိဘင်္ဂပါဠိတော်ကြီး မှာ အင်မတန်ထင်ရှားတဲ့ ပရမတ္ထ အဘိညာဉ်များက ကေန်ပရမတ္ထဖြစ်တဲ့ နိဗ္ဗာန်ကိုအာရုံ ပြုနိုင်ရင် အတိအကျ အသေအခြာ ဟောရမှာ ဖြစ်ပါတယ်။

"အပ္ပမာဏာ ခန္ဓာ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ" စသည်ဖြင့် ဟောတဲ့နေရာမှာ အပ္ပမာဏာ ခန္ဓာအရ လောကုတ္တရာစိတ် ရှစ်ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ဖြစ်နေတော့ ခန္ဓဝိမုတ်ဖြစ်တဲ့ နိဗ္ဗာန်ကိုများ ပုဗ္ဗေနိဝါသာနုဿတိက အာ ရုံ ပြု သေး သ လား ရယ်လို့ ယုံမှားစရာ ဖြစ်နေပါသေးတယ်။ ဘယ် တ ရား နဲ့ မှ မ ရော ဘဲ နိဗ္ဗာန် တရား တ ပါး တည်းသာ ရှိနေတဲ့ ဒုကမာတိကာ သပ္ပစ္စယဒုက် သင်္ခတဒုက် (ဒု-ပ) "သ ပ္ပ စ္စ ယာ ဓမ္မာ အပ္ပစ္စယာဓမ္မာ" မှာ အပ္ပစ္စယာ အရနိဗ္ဗာန်တခုထဲရှိပါတယ်။ "သင်္ခတာဓမ္မာ၊ အသင်္ခတာ ဓမ္မာ"မှာ အသင်္ခတအရ နိဗ္ဗာန်တခုထဲရှိပါတယ်။ ဘာနဲ့မှ မရောပါဘူး။ အဲဒီမရောတဲ့ နေ ရာ ဌာ န မှာ "အပ္ပစ္စယော ဓမ္မော သပ္ပစ္စယဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ အရိယာနိဗ္ဗာနံ ပစ္စဝေက္ခန္တိ၊နိဗ္ဗာနံဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ ဖလဿ အာဝဇ္ဇနာယ

အာရမ္မဏ ပစ္စယေန ပစ္စယော''လို့သာ ဟောပါတယ်။ ''နိဗ္ဗာနံ ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏဿ''ရယ်လို့ မဟောလေတော့ နိဗ္ဗာန်ဟာ ဒီပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ် အား အာရမ္မဏ သတ္တိနဲ့ ကျေးဇူးမပြုကြောင်း ဒီပါဠိကိုထောက်ထားခဲ့သို့ရှိရင် အင်မတန် ထင်ရှားပါတယ်။ ဒီပါဠိတော်မျိုးတွေကို ရည်ရွယ်ပြီး မူလဋီကာဆရာကြီးက ပုဗ္ဗေနိဝါ သာ နုဿတိ အဘိညာဉ်ဟာ နိဗ္ဗာန်ကို အာရုံပြုကြောင်း ပဋ္ဌာန်းမှာ မဟောဘူးလို့ဆိုတာ ဖြစ်ပါလိမ့်မယ်။ ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်ကို ပြလိုက်သဖြင့် အနာဂတံသ အဘိ ညာဉ်မှာလဲ အတူတူဘဲဖြစ်ပါတယ်။

### အဗျာကတော ကုသလဿ၊ အဗျာတော အကုသလဿ

ဒီယနေ့ အဗျာကတော အဗျာကဟာဿ ပြီးသွားပါပြီ၊ အောက်ပိုင်းဆိုင်ရာတွေမှာလဲ အဗျာကတော ကုသလဿအတွက် ထူးထွေတဲ့ အဓိပ္ပါယ်မရှိပါဘူး။ ''သေက္ခာဖလံ ပစ္စ ဝေက္ခန္တိ။ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော''မထူးပါဘူး။''သေက္ခာဝါ ပုထုဇ္ဇနာဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ''စသည်ဖြင့် အဗျာကတောကုသလဿ အဗျာကတော အကုသလဿ မှာ ဟောတဲ့ တရားတွေဟာ ဘာစုံတရာထူးထွေခြင်း မရှိခြင်းကြောင့် အာရမ္မဏာရဲ့ အဓိပ္ပါယ် ပြောမှု ယခုနေ့ကိစ္စပြီးကြပါစို့။

သာဓု .... သာဓု .... သာဓု ....။

## ၁၃၂၉-ခု၊ ဝါခေါင်လဆုတ် (၇) ရက်
## ၁၉၆၇-ခု၊ ဩဂုတ်လ (၂၇) ရက်၊ တနင်္ဂနွေနေ့
## ပဋ္ဌာန်းကုသလတိက် ပဥှာဝါရဝိဘင်္ဂကို အဋ္ဌမအကြိမ်ပို့ချခြင်း

### အာရမ္မဏ အဓိပ္ပါယ်

အရင်အပတ်က အာရမ္မဏပစ္စည်းရဲ့ အဓိပ္ပါယ်တွေကို ပြောခဲ့ပါပြီ။ အာရမ္မဏလို့ ဆိုတာ အာရုံတရားပါ။ အာရမ္မဏပစ္စည်းလို့ဆိုတာ ဘာခေါ်သလဲဆိုရင် အာရုံရဲ့အစွမ်း အာရုံရဲ့အဖြစ်အားဖြင့် အာရမ္မဏိကတရားတွေကို ကျေးဇူးပြုတတ်တဲ့တရားဟာ အာရမ္မဏပစ္စည်းဖြစ်ပါတယ်။ အဲဒီအာရုံဟာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံရယ်လို့ အာရုံ ၆-ပါး ရှိပါတယ်။ အကျဉ်းချုပ်အားဖြင့် စိတ် စေတသိက် ရုပ်နိဗ္ဗာန်ပညတ် များပင်ဖြစ်ပါတယ်။ ပဥှာဝါရမှာပညတ်ကို မဟောကြောင်းကို ပြောခဲ့ပါပြီ။

**အာရုံ။** ။အာရုံဆိုတာဘာလဲ? အာရုံဆိုတာ စိတ်စေတသိက်တို့ မွေ့လျော်ရာဖြစ်ပါတယ်။ အင်မတန်ဆန်းဆန်းကြယ်ကြယ် မွေ့လျော်ဘွယ်ရာ ပြုလုပ်ထားတဲ့ ဥယျာဉ်ကြီးတွေ ပြတိုက်ကြီးတွေ ဘိုင်စကုတ်ရုံကြီးတွေစသည်ဟာ လူတို့ရဲ့မွေ့လျော်ဘွယ်ရာကြီးဖြစ်သလို အာရုံ ၆-ပါး တရားတွေဟာလဲ စိတ်စေတသိက်တို့ရဲ့ မွေ့လျော်ရာဖြစ်ကြတယ်။ စိတ်ဆိုတာတမိနစ် တစက္ကန့်မျှပင် အာရုံနဲ့ကင်းပြီးမဖြစ်နိုင်ကြပါဘူး။ ဒါဖြင့်အိပ်ပျော်ပြီးဘဝင်ကျနေတဲ့အခါ ကောလို့ဆိုရင်ဒီဘဝင်ဟာလဲ ကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးပါးမှာ တပါးပါးကို အာရုံပြုနေပါတယ်။ ယခုနို ကြားနေတဲ့အခါ၊ ယခုပြောနေတဲ့ အဓိပ္ပါယ်ကို နားထောင်နေတဲ့အခါမှာလဲ ဝီထိတခုနဲ့တခုအကြားမှာ ဘဝင်များစွာကျနေပါတယ်။ အဲဒီဘဝင်တွေဟာ နိမိတ်တပါးပါးကို အာရုံပြုမြဲဖြစ်ပါတယ်။ ဒါပေမဲ့ ဘဝင်ဆိုတဲ့ဝိပါက်စိတ်များရဲ့ အင်မတန်နူးညံ့သိမ်မွေ့မှုကြောင့် ဒီဘဝင်တို့ရဲ့အာရုံကို ထင်ထင်ရှားရှား မသိနိုင်ကြပါဘူး။

တနည်းအားဖြင့် အားနည်းနေလို့ မစွမ်းမသန်ဖြစ်နေကြတဲ့ လူအိုလူမမာနဲ့ လူနာတွေဟာ ကြိုးတန်း ကြိမ်တန်း တောင်ဝှေးစသည်တို့ကို စွဲကိုင်မှီတွယ်ပြီးထကြရတယ်၊ သွားကြရတယ်။ အဲဒီလိုထကြရ သွားကြရသလို စိတ်စေတသိက်တွေဟာလဲ အာရုံ ၆-ပါးဆိုတဲ့ ကြိုးတန်းစသည်ကို စွဲကိုင်မှီတွယ်ရမှသာဖြစ်ကြပါတယ်။ လူအိုလူနာတွေဟာ ကြိုးတန်းစသည်ကိုဆွဲကိုင်ရတဲ့အတွက် အင်အားရှိကြသလို စိတ်စေတသိက်တွေကလဲ အာရုံ ၆-ပါး အတွက်ကြောင့် အင်အားရှိကြပါတယ်။

စိတ် စေတသိက် ရုပ် နိဗ္ဗာန် ပညတ်ရယ်တို့ အာရုံ ၆-ပါးတရားဖြစ်လေတော့ အာရမ္မဏပစ္စည်းမထိုက်တဲ့ မဖြစ်နိုင်တဲ့တရားရယ်လို့ မရှိပါဘူး။ ပစ္စည်းတရားကိုစဉ်းစားကြည့်ရင် ဒီအာရမ္မဏပစ္စည်းဟာ (၃၁) ဘုံမှာဖြစ်နိုင်တယ်။ သက်မဲ့ဖြစ်တဲ့ တောတောင်ရေမြေသမုဒ္ဒရာတွေမှာလဲ အာရမ္မဏပစ္စည်းတရားအဖြစ်နဲ့ နေနိုင်ပါတယ်။ ဘာ့ကြောင့်? ရုပ်တွေပါပါတယ်။ ဒါပေမဲ့ ပစ္စယုပ္ပန်တရားကြတော့ နာမ်တရားဖြစ်နေလို့ ရုပ်သာရှိတဲ့

အသညသတ်ဘုံမှာမရနိုင်ပါဘူး။ သက်မဲ့သန္တာန်တွေမှာလဲ မရနိုင်ပါဘူး။ အရူပဘုံများကြ တော့ ပဥ္စာရုံမရှိပါဘူး။ ဓမ္မာရုံဘခုထဲသာရပါတယ်။

အာရုံ ၆-ပါးဟာ စိတ်စေတသိက်တွေရဲ့ မွေ့လျော်ရာဆိုပေမဲ့ သတ္တဝါတွေရဲ့စိတ် ဟာ''ပါပသ္မိံ ရမတေမနော'' အရ မကောင်းမှုတွေမှာသာ များသောအားဖြင့် မွေ့လျော် ကြ၊ သာယာကြပါတယ်။

ဒီလိုမွေ့လျော်ကြ သာယာကြတာတွေကိုဘဲ ''စက္ခုံအဿာဒဘိ'' စသည်ဖြင့် ဟောထားပါတယ်။ ဒီစက္ခုစတဲ့ ရုပ်တရားတွေထဲက သတ္တဝါတွေဟာ ရူပါရုံစတဲ့ အာရုံ ငါးပါး ကာမဂုဏ်တရားတွေကို အနှစ်သက်ဆုံး အကြိုက်ဆုံးဖြစ်တာကိုတော့ အားလုံး အသိဘဲဖြစ်ကြပါတယ်။ ဒီကာမဂုဏ်တွေရဲ့ အပြစ်တွေကိုတော့ ပဏ္ဍာသစသည်မှာ ''ဘယန္တိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ'' စသည်ဖြင့် ကာမဂုဏ်ဆိုဘာ ကြောက်မက် ဘွယ်ဘေးကြီးဘဲ - ဆင်းရဲဒုက္ခတွင်းကြီးဘဲ - အနာရောဂါဆိုးကြီးဘဲ - အိုင်းအမာကြီးဘဲ အနှောင်အဖွဲ့ကြီးဘဲ- ရွံ့ဘွက်အိုင်ကြီးဘဲရယ်လို့ ဟောထားပါတယ်။

ကုသိုလ် အကုသိုလ် အဗျာကတတရားတွေကိုပဋ္ဌာန်းမှာဟောဘဲ့အဘိုင်း အနိဋ္ဌဒုက္ခ အနဋ္ဌရူလို့ ဥဒယဘယဉာဏ်ထက်သန်လာတဲ့အခါ ဝိပဿနာရဲ့ညစ်ညူးကြောင်း ဝိပဿ နုပက္ကိလေသတရားဆယ်ပါးထဲက ဝိပဿကယောဂီမှာ ပဿဒ္ဓိဘရားရယ်လို့ ဖြစ်လာပါ တယ်။ အဲဒီအခါမှာ ဝိပဿနာနဲ့ယှဉ်ဘဲ့ ပီတိသုခဆိုတဲ့ မွေ့လျော်မှုဖြစ်ကြောင်းကို

သုညာဂါရံပဝိဋ္ဌဿ၊ သန္တစိတ္တဿဘိက္ခုနော၊
အမာနုသီရတီဟောတိ၊ သမ္မာဓမ္မံဝိပဿတော-လို့ ဟောထားပါတယ်။

ဒါက အာရုံဘရားများဟာ စိတ်ဘို့ရဲ့မွေ့လျော်ဘွယ်ရာနဲ့ပဲလို့ ပြောပြတာပါ။ ဈာန်တရားတွေရဲ့ ချမ်းသာပုံ မွေ့လျော်ဘွယ်ရှိပုံတွေကိုတော့ ပြောပြခဲ့ပြီးပါပြီ၊ မိုလ် တရားရဲ့မွေ့လျော်ဘွယ်ရှိပုံ ချမ်းသာပုံကိုတော့ အနန္တရပစ္စည်းရောက်တဲ့အခါမှ ''အန လောမံသေက္ခာယ ဖလသမာပတ္တိယာ''လို့ ဟောပါလိမ့်မယ်။ အဲဒီအခါကြမှ ဖလသမာ ပတ်ရဲ့ချမ်းသာပုံတွေကို ပြောပြပါမယ်။ အာရမ္မဏာကိစ္စပြီးကြပါစို့။

## အာရမ္မဏာဓိပတိ

အဓိပတိပစ္စည်းမှာ အာရမ္မဏာ ဓိပတိ - သဟဇာတာ ဓိပတိ ပစ္စည်း ရယ်လို့ ၂ မျိုးရှိပါတယ်၊ ယခုအာရမ္မဏာမျိုးတွေကို ပြောနေတော့ အာရမ္မဏာမျိုး ဆိုင်ရာဖြစ်တဲ့ အာရမ္မဏာဓိပတိကို ပြောပြပါမယ်။ အဓိပတိဟာ အာရမ္မဏာ ဓိပတိ - သဟာဇာတာ ဓိပတိရယ်လို့ ၂ မျိုးရှိနေပေမယ်လို့ ဒီ ၂ မျိုးဟာ တမျိုးနဲ့တမျိုး သဘာဝမဟုတ် ကြပါဘူး။ ဥပမာအားဖြင့် ဝါဒမတူဘဲ့ ပုဂ္ဂိုလ် ၂ ယောက် တအိမ်ထဲမှာနေမယ်။ တအိမ်ထဲ မှာနေတော့ ဒီဝါဒမဘူတဲ့ ပုဂ္ဂိုလ် ၂ ယောက်ဟာ အတူတကွနေနိုင်တယ်၊ အတူတကွစား နိုင်တယ် - အတူတကွအလုပ်လုပ်နိုင်တယ်။ ဒါပေဘဲ့ ဝါဒရေးရာကြလာခဲ့လို့ရှိရင် ဒီပုဂ္ဂိုလ်

၂ ယောက်ဟာ တယောက်ရဲ့ဝါဒကို တယောက်လက်မခံနိုင်သလို ဘယ်နည်းနဲ့မှ သဘော ချင်းမတိုက်ဆိုင်နိုင်သလို ဒီအာရမ္မဏာဓိပတိနဲ့ သဟဇာတာဓိပတိဟာလဲ အဓိပတိပစ္စည်း တခုထဲမှာ အတူဖြစ်နေကြပေတယ်လို့ သဘာဝမဖြစ်ကြပါဘူး၊ သဘောမတူကြပါဘူး။ ဒါ ပေမဲ့ သဘာဝတွေဆိုင်ရာမှာ "အဓိပတိပစ္စယာ နိဿယေအဋ္ဌ" လို့ ဟောတဲ့နေရာဌာနမှာ ဝတ္ထာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိနှစ်မျိုးရပါတယ်။ ဒါပေမဲ့ ဝတ္ထာရမ္မဏာဓိပတိ က သူ့ကိစ္စ သူဆောင်ရွက်ပါတယ်။ သဟဇာတာဓိပတိကလဲ သူ့ကိစ္စ သူဆောင်ရွက်ပါ တယ်။ အဲဒီတော့ ဝါဒခြင်းမတူကြပါဘူး။

အာရမ္မဏာဓိပတိရဲ့ အာရုံတရားဆိုတာ အာရမ္မဏ ပစ္စည်းထဲက သတ္တဝါတွေ အလွန်နှစ်သက်အပ် မြတ်နိုးအပ် လေးစားအပ်တဲ့ ဣဋ္ဌာရုံများဖြစ်ကြောင်းကို သုဒ္ဓသချာ ဆိုတုံးက "အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ" စသည်ကို ဆိုခဲ့ ပါတယ်။ ဒီလိုလေးမြတ်အင်တဲ့ ရုပ်နာမ်အာရုံများဟာ မိမိနဲ့စပ်နေတဲ့ အာရမ္မဏိက နာမ် တရားတွေရဲ့အပေါ်မှာ လွှန်လွှန်ကဲကဲ အုပ်စိုးနေကြပါတယ်။ ရှေးခေတ်က ကျွန်ပိုင်မွေး ကြတဲ့ အရှင်သခင်များဟာ သူတို့ရဲ့ကျွန်တွေကို သူတို့ရဲ့အလိုအတိုင်းသာ ဖြစ်ကြစေသလို သူတို့အပေါ်မှာသာ အမြဲမပြတ် ကိုင်းရှိုင်းခစားအောင် ပြုနိုင်ကြသလို ဒီအာရမ္မဏာဓိပတိ ပစ္စည်းထိုက်တဲ့ တရားတွေကလဲ သူတို့ကို အာရုံပြုနေကြတဲ့ အာရမ္မဏိက နာမ်တရား တွေကို သူတို့အလိုသို့သာ လိုက်စေကြတယ်။ သူတို့အပေါ်မှာသာ အမြဲမပြတ် ကိုင်းရှိုင်း ခစားအောင်ပြုနိုင်ကြတယ်။ ဥပမာအားဖြင့် ရွှေကိုအင်မတန်အလိုရှိနေတဲ့ လူတယောက်ကို ဒီရွှေဟာ လွှန်စွာဘိစီး နှိပ်စက်နိုင်တယ်။ ဒီလူဟာ ဒီရွှေအတွက်နဲ့ ဒုက္ခများစွာခံစားနေရ ပေမယ်လို့ ဒီရွှေကို မမုံးနိုင် မပယ်နိုင် မစွန့်လွှတ်နိုင်ပါဘူး။

အာရုံဆိုတာ သာမညအာရုံ အဓိပတိအာရုံရယ်လို့ ၂ မျိုးရှိပါတယ်၊ သာမညအာရုံ မျိုးကတော့ အာရမ္မဏ သတ္တိသာရှိတယ်။ အဓိပတိသတ္တိမရှိပါဘူး။ ဒီသာမညအာရုံ အလေး အမြတ်မပြုအပ်တဲ့အာရုံဟာ အာရမ္မဏနဲ့သာဆိုင်ပြီး အဓိပတိနဲ့မဆိုင်ပါဘူး။မဆိုင်ကြောင်း ကို ပဋ္ဌာန်းသချာခကျဲကြတော့ "အာရမ္မဏ ပစ္စယာ နာဓိပတိယာနဝ" ရယ်လို့ ဟောထား ပါတယ်။ အလေးအမြတ်ပြုအပ်တဲ့ အာရုံကတော့ အာရမ္မဏ၊ အာရမ္မဏာဓိပတိ ၂ မျိုးလုံးနဲ့ ဆိုင်ပါတယ်။ ဆိုင်ကြောင်းကိုလဲ "အာရမ္မဏပစ္စယာ အဓိပတိယာသတ္တ" ရယ်လို့ဟော ထားပါတယ်။

အလေးအမြတ်ပြုအပ်တဲ့ အာရုံမျိုးဆိုတာ ဘယ်လိုအာရုံမျိုးလဲ? အရိအသေပြုအပ် ကျောက်ထိးကဲ့သို့ လေးစားအပ်ပါတယ်။ ဒီအာရုံကိုရလာတဲ့အခါမှာလဲ မစွန့်လွှတ်နိုင်ကြ ပါဘူး။ ဒီအာရုံကိုလဲ ရလာတဲ့ပုဂ္ဂိုလ်တွေက မထေမဲ့မြင်မပြုကြပါဘူး။

## သုဒ္ဓသချာ

သုဒ္ဓသချာနဲ့ပတ်သက်လို့ အာရမ္မဏမျိုးဆိုင်ရာမှာ အနိပ္ဖန္နရုပ်မရကြောင်း ပြောခဲ့ပါ ပြီ။ အဲဒီရုပ်တွေဟာ ထင်ထင်ရှားရှား စွဲလမ်းလောက်အောင် သဘောတရားမရှိကြပါဘူး။

သူတို့ဟာ နိပ္ဖန္နရုပ် (၁၈) ပါးတို့ရဲ့ အမူအရာသာ ဖြစ်သေတော့ ဉာဏ်အမြင်မှာသဲ မထင်ရှားတဲ့အပြင် ပရမတ်တရားမဟုတ်ဘဲ ပညတ်တရားများသာဖြစ်ကြပါတယ်။ ပစ္စည်းတရားမှာ နာမ်တရားထဲက ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစိတ်တွေဟာ သတ္တဝါတွေရဲ့သန္တာန်မှာ ပူပန်စေဘတ် ဆင်းရဲစေတတ်တဲ့ အနိဋ္ဌတရားများဖြစ်ပါတယ်။ တွေဝေပုံ လွင့်ယုံမှားပြီး မဆုံးဖြတ်နိုင်တဲ့တရားများဖြစ်ပါတယ်၊ ဒေါသမူဒွေကြတော့ လူမြင်တိုင်းမုံးတဲ့တရားများဖြစ်ကြလေတော့ သူတို့ဟာ အလေးအမြတ်အာရုံပြုအပ်တဲ့ တရားများမဟုတ်ကြပါဘူး၊

ပစ္စယုပ္ပန်တရားကိုကြည့်လိုက်ရင် စိတ်ပေါင်း (၂၀) ပါးဘဲရှိပါတယ်။ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခု၊ လောကုတ္တရာစိတ်ရှစ်ခု၊ လောဘမူသို့ (၂၀) ပါးဘဲရှိပါတယ်။ ဘာကြောင့် ဒီ (၂၀) ပါးကိုသာ ပစ္စယုပ္ပန်အဖြစ် ဟောထားသလဲဆိုရင် ပါဠိတော်ရဲ့ဟောထားပုံကိုကြည့်ပါ။ ယခုဟောခဲ့တဲ့ ပါဠိတော်ကြီးမှာ "ဒါနံဒတွာ သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာ တံဂရုံကတွာ ပစ္စဝေက္ခတိ" စသည်ဖြင့်၎င်း "အဿာဒေတိ" စသည်ဖြင့်၎င်း ဟောတော်မူတော့ ဆင်ခြင်မှု သာယာမှုကိစ္စကိုသာ ဆောင်ရွက်ကြတဲ့ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခု၊ လောဘမူစိတ်ရှစ်ခုနဲ့ နိဗ္ဗာန်ကိုအာရုံပြုကြတဲ့ ဂေါတြဘူ ဝေါဒါန်မဂ်ဖိုလ်များ ဖြစ်ကြပါတယ်။

ကြွင်းတဲ့စိတ်တွေကို ဘာကြောင့်မဟောသလဲဆိုရင် အထက်ကပြောခဲ့တဲ့စကားအရ ဆင်ခြင်မှု သာယာမှုစတဲ့ကိစ္စကို မဆောင်ရွက်နိုင်လို့ဖြစ်ပါတယ်။ မဟဂ္ဂုတ်ဇောစိတ်များဟာ ဈာန်စိတ်ဖြစ်ပေမဲ့ ဆင်ခြင်မှုသာယာမှုကိစ္စကို မဆောင်ရွက်ကဲ့အပြင် ဒီဈာန်တွေကိုယ်တိုင်က မွန်မြတ်တဲ့တရားတွေဖြစ်နေလေတော့ မဂ်တရားတွေကိုသော်မှ ဈာန်တွေက အလေးအမြတ်အာရုံမပြုပါဘူး။ အဲဒီလိုအာရုံမပြုကြောင်းကို အဋ္ဌသာလိနီအဋ္ဌကထာမှာ-"အတ္တနောမဟဂ္ဂတတာယ"ရယ်လို့ အကြောင်းပြပါတယ်၊ ကြွင်းကျန်ကဲ့ဖိုလ်မှတပါး ဝိပါက်စိတ်တွေ ကာမကြိယာတွေဟာလဲ အထက်ကသဘောအတိုင်း ဖြစ်ပါတယ်။

ဒါဖြင့်ရင် ပစ္စယုပ္ပန်မှာ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်လေးခုလို့ ပါလာပါတယ်။ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်လေးခု မပါပါဘူး။ မဟာကြိယာဉာဏဝိပ္ပယုတ်စိတ်လေးခုဟာ ရဟန္တာသန္တာန်မှာလဲဖြစ်တယ်၊ ဆင်ခြင်မှုပစ္စဝေက္ခဏာဇောကိစ္စလဲ တတ်နိုင်ပါလျက်နဲ့ ဘာကြောင့် ပစ္စယုပ္ပန်မှာမပါရသလဲဆိုရင် အာရမ္မဏာဓိပတိသရုပ်ခွဲဇယားကိုကြည့်ရင် ဒီစိတ်မပါပါဘူး။ အကြောင်းကတော့ ရဟန္တာရယ်လို ဖြစ်လာရင် သောကုသိုလ်တရားကို အလေးအမြတ်အာရုံမပြုတော့ဘဲ မိမိတို့ရခဲ့တဲ့ အင်မတန်မွန်မြတ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်နိဗ္ဗာန်ကိုသာ အာရုံပြုကြတဲ့အတွက် မဟာကြိယာဉာဏဝိပ္ပယုတ်လေးခုကိုမရဘဲ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်လေးခုသာ ရပါတယ်။ အဲဒါကို အဋ္ဌကထာက-"အရဟတော ဥဋ္ဌမမ္မံ အဓိဂတတ္တာ သောကိယာကုသလေသု အာဒါဘာနေနတ္ထီတိ အဂ္ဂမဂ္ဂေါဒဿိတော"လို့ ပြပါတယ်။ "အရဟာမဂ္ဂါပုဗ္ဗာဘိဘွာ"ဥ-မဂ္ဂါအရ အရဟတ္တမဂ်ပါ။

မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခုဟာ ပါဠိတော်ကြီးအရ အရဟတ္တမဂ် အရဟတ္တဖိုလ်နိဗ္ဗာန်ကို အလေးအမြတ်အာရုံပြုတယ်လို့ သရုပ်ခွဲဇယားမှာ သာမညဆိုထားပေမဲ့ မိမိတို့ရဲ့ဥစ္စာဖြစ်တဲ့ လောကုတ္တရာတရားကိုးပါးကိုသာ အလေးအမြတ်အာရုံပြုကြပါတယ်။ ''သေက္ခာမဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံဂရုံကတွာပစ္စဝေက္ခန္တိ''-အရစသည့်တွေမှာ မိမိနဲ့မဆိုင်တဲ့ မိမိတို့ရဲ့ဥစ္စာမဟုတ်တဲ့တရားတွေကို အာရုံမပြုကြပါဘူး။ အာရုံပြုပုံကတော့ သောတာပန်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဖြစ်တဲ့ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခုဟာ မိမိတို့ရဲ့ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်နဲ့ နိဗ္ဗာန်ကိုသာ အလေးအမြတ်အာရုံပြုပါတယ်၊ သကဒါဂါမိပုဂ္ဂိုလ် အနာဂါမိပုဂ္ဂိုလ်များရဲ့ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်များကလဲ မိမိတို့ရဲ့ သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် နိဗ္ဗာန်နဲ့ အနာဂါမိမဂ် အနာဂါမိဖိုလ် နိဗ္ဗာန်များကို အသီးသီး အလေးအမြတ်အာရုံပြုကြပါတယ်။ ရဟန္တာရဲ့ မဟာကြိယာဉာဏသမ္ပယုတ်စိတ်လေးခုကတော့ (ခုနကပြောခဲ့တဲ့အတိုင်း)သူ့ရဲ့ဥစ္စာဖြစ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်နိဗ္ဗာန်ကိုသာ အလေးအမြတ် အာရုံပြုကြပါတယ်။ ဒီလိုအာရုံပြုကြောင်းကိုလဲ ဒီအာရမ္မဏာဓိပတိပစ္စည်း ပစ္စဝေက္ခဏာဝိထိများအတွက် ''သေက္ခာမဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံကတွာ ပစ္စဝေက္ခန္တိ''ဟူ၍၎င်း ရဟန္တာပုဂ္ဂိုလ်အတွက် ''အရဟာမဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံကတွာ ပစ္စဝေက္ခတိ''ဟူ၍၎င်း ဟောပါတယ်၊ မဂ္ဂဝိထိ ဖလသမာပတ္တိဝိထိတွေကြတော့ သေက္ခပုဂ္ဂိုလ်အတွက် ''သေက္ခာ ဖလံ ဂရုံကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂရုံကတွာ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ''ဟူ၍၎င်း၊ ရဟန္တာအတွက် ''အရဟာဖလံ ဂရုံကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံဂရုံကတွာပစ္စဝေက္ခတိ''ဟူ၍၎င်း ဟောပါတယ်၊ ဒါဖြင့်ရင် ဒီစိတ်တွေဟာ သူတပါးရဲ့မဂ်ဖိုလ်နိဗ္ဗာန်ကိုအာရုံမပြုတော့ဘူးလား?-မိမိရဲ့ မဂ်ဖိုလ်နိဗ္ဗာန်လို အလေးအမြတ်တော့အာရုံမပြုပါဘူး။ သာမညအားဖြင့်တော့ အာရုံပြုကြပါတယ်။ အဲဒီလို သာမညအားဖြင့် အာရုံပြုကြောင်းကိုလဲ အာရမ္မဏပစ္စည်းက ဟောခဲ့ပါတယ်။

ဒီ အာရမ္မဏာဓိပတိပစ္စည်းမှာ ကုသလော ကုသလဿ စသည်အားဖြင့် (၇) ချက် ဟောထားပါတယ်။ အာရမ္မဏာဓိပတိဆိုတာ အာရမ္မဏရဲ့ အစိတ်အပိုင်းတရားများဖြစ်ပါတယ်။ ခေါင်းဆောင်အာရမ္မဏပစ္စည်းကို သဘောကျမယ်ဆိုရင် ကြွင်းကျန်တဲ့အာရမ္မဏာဓိပတိစသည်တွေကို မကျက်ရဘဲနဲ့ရနိုင်ပါတယ်။ အာရမ္မဏာဓိပတိဟာ အာရမ္မဏထဲဝင်ကြောင်းကိုလဲ အာရမ္မဏဇယားထဲမှာပင် လက်သဲကွင်းများနဲ့ ပြထားလေတော့ သူ့အတွက် အထူးပြောစရာမလိုတော့ပါဘူး။

## ကုသလော ကုသလဿ

ကုသလောကုသလဿမှာ ''ဒါနံဒတွာ သီလံသမာဒိယိတွာ ဥပေါသထကမ္မံကတွာ တံဂရုံကတွာပစ္စဝေက္ခတိ''လို့ဆိုတော့ မိမိတို့လှူဒါန်းခဲ့တဲ့ ဒါနကုသိုလ်တရားတွေ သီလကုသိုလ်တရားတွေ ဥပေါသထစသည်တွေကို အလေးအမြတ်ပြုပြီးသကာလ ငါသည် ဤအမည်ရှိသော ဒါနစသည်တွေကိုပြုခဲ့လေပြီ၊ သီလဆောက်တည်ခဲ့လေပြီဟု အလေးအမြတ်

အာရုံပြုပြီး ဆင်ခြင်လိုက်တဲ့အခါ၊ ဈာန်ကထပြီး မိမိတို့ရခဲ့တဲ့ ဈာန်အင်္ဂါစသည်တွေကို အလေးအမြတ်အာရုံပြုပြီးဆင်ခြင်လိုက်တဲ့အခါ၊ မဂ်ရှေ့မှာရှိတဲ့ ဂေါ်တြဘူဝေါဒါန်နဲ့ မဂ္ဂဝီထိဖြစ်ပြီးနောက် မိမိတို့ရခဲ့တဲ့ ဂေါ်တြဘူဝေါဒါန်နဲ့ မဂ်တွေကိုအလေးအမြတ်အာရုံပြုပြီး ဆင်ခြင်လိုက်တဲ့အခါ၊ ဆိုင်ရာပစ္စဝေက္ခဏာ ဝီထိအားလျော်စွာ ကာမကုသိုလ်တရားတွေ ဖြစ်မှုဘဲထူးပါတယ်။

တဖန် ဒီအာရမ္မဏာဓိပတိပစ္စည်းမှာဘဲ "သေက္ခာမဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံကတွာ ပစ္စဝေက္ခန္တိ"လို့ ဒါဘဲဟောပါတယ်။ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"လို့ အာရမ္မဏပစ္စည်းတုံးကဟောခဲ့သလို ဒီမှာမဟော ပါဘူး။ ဘာ့ကြောင့်လဲ? အာရမ္မဏပစ္စည်းတုံးကတော့ ဝိပဿနာရှုနေတဲ့ ပုထုဇဉ်ဖြစ်ဖြစ် သေက္ခဖြစ်ဖြစ် တေဘူမကသင်္ခါရဖြစ်တဲ့ ကုသိုလ်အကုသိုလ် အဗျာကတရုပ်နာမ်တရားတွေ ကို အာရုံပြုပြီး အနိစ္စဒုက္ခ အနတ္တ ရယ်လို့ ဝိပဿနာရှုခဲ့ပါတယ်၊ ယခု ဒီအာရမ္မဏာ ဓိပတိ ပစ္စည်းကြတော့ တေဘူမကတရားတွေကို အလေးအမြတ်ပြုပြီး ဝိပဿနာ မရှုတော့ဘူး။ ဘာ့ကြောင့်လဲ? ဝိပဿနာကုသိုလ်ကြိယာဇောတွေဟာ ဆင်ခြင်ခြင်းဆိုတဲ့ ပစ္စဝေက္ခဏာ ဇောကိစ္စမတတ်ကြဘူး။ အထက်ကပြောခဲ့တဲ့ သာယာမှု ဆင်ခြင်မှု ကိစ္စမရှိလေတော့ အဘိညာဉ်တွေဟာလဲ အာရမ္မဏာဓိပတိပစ္စည်းရဲ့ ပစ္စယုပ္ပန်မဖြစ်ပါဘူး။ အဲဒါကို သူတို့ရဲ့ ပစ္စယုပ္ပန်တရားကိုကြည့်လိုက်ရင် အင်မတန်ထင်ရှားပါတယ်။

ဒါဖြင့် ယခုပြောနေတဲ့ ကုသလော ကုသလဿ က ကာမကုသိုလ်စိတ်၊ ကုသလော အကုသလဿကလောဘမူစိတ်၊ ကုသလော အဗျာကတဿက ကာမကြိယာဉာဏသမ္ပယုတ် စိတ်တွေဟာ ဆင်ခြင်မှု သာယာမှု ရှိကြလေတော့ အမြဲအလေးအမြတ် အာရုံပြုကြတဲ့ အာရမ္မဏာ ဓိပတိရဲ့ ပစ္စယုပ္ပန်တရားများဖြစ်ကြသလားလို့ မေးရင် မဖြစ်ပါဘူးလို့ ဖြေရ လိမ့်မယ်။ အကြောင်းကတော့ ကာမစိတ်များဟာ အလေးအမြတ် ပြုတဲ့အခါမှာသာ အာရမ္မဏာ ဓိပတိနဲ့ ဆိုင်ပါတယ်။ အလေးအမြတ်မပြုတဲ့အခါမှာ မဆိုင်ပါဘူး။ အာရုံဟာ လဲ သာမညအာရုံဖြစ်ခဲ့လို့ရှိရင် ယခင်ကပြောခဲ့တဲ့အတိုင်း အာရမ္မဏာ ဓိပတိနဲ့ မဆိုင်ဘဲ အာရမ္မဏနဲ့သာဆိုင်ပါတယ်။ ဒါပေတဲ့ နိဗ္ဗာန်ရဲ့အရသာကို တွေ့ဖူးသိမြင်ကြတဲ့ အရိယာ တို့ရဲ့ သန္တာန်မှာသာဖြစ်ကြတဲ့ လောကုတ္တရာစိတ်များကြတော့ နိဗ္ဗာန်တရားကြီးကို ကေန် အလေးအမြတ် အာရုံပြုကြပါတယ်။ ဒါ့ကြောင့် ပဉှာဝါရ သင်္ချာဝါရ အနုလောမ ပစ္စနိက် ကိုဟောတဲ့နေရာမှာ "အာရမ္မဏပစ္စယာ နာဓိပတိယာ နဝ"လို့ ဟောထားပါတယ်။ အဲဒီ နာဓိပတိယာ နဝ - လို့ဆိုတာ လောကုတ္တရာစိတ်များကို ချန်ပြီး ထားခဲ့ရပါတယ်။ ဘာ့ ကြောင့်? ကေန်အလေးအမြတ်ပြုတတ်တဲ့စိတ်ဖြစ်ပါတယ်။ လောကုတ္တရာစိတ်များ ချန်ထား ရင် "အလေးအမြတ်မပြုတတ်သော ကာမစိတ် စတုပညာသ၊ ဝိညာဏဉ္စာယတနစိတ် ၃ ခု၊ နေဝသညာနာသညာယတနစိတ် ၃ ခု၊ အဘိညာဉ်ဒွေအားဘတ်သော အလေးအမြတ် မပြုအပ်သော စိတ်တဒုပ္ပါဒ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်"လို့ ဒီတရားရပါတယ်။ အဲဒါကြောင့် သင်္ချာဟာလဲ - နဝ ဖြစ်ပါတယ်။

## ကုသလော အကုသလဿစသည်

ကုသလော အကုသလဿကြတော့ ပစ္စယုပ္ပန်က လောဘမူစိတ် ရှစ်ခုသာရနေတော့ ''ဝိစိကိစ္ဆာဥဒ္ဓစ္စသဟဂတံ၊ ဥဒ္ဓစ္စသဟဂတံ''နဲ့ မဆိုင်တော့ဘူး။ ကုသလော အဗျာကတဿအတွက် မဟာကြိယာဉာဏဝိပ္ပယုတ် ပစ္စယုပ္ပန်မရကြောင်း ပြောခဲ့ပါပြီ။ အကုသလော အကုသလဿ အဗျာကတော ကုသလဿတို့မှာလဲ ပြောစရာအထူးမရှိပါဘူး။

### အဗျာကတော အကုသလဿ

အဗျာကတော အကုသလဿ၊ အဲဒီသချ်ာအတွက် ပဥှာဝါရမှာ အာရမ္မဏာ ဓိပတိ ပစ္စည်းအတွက် အဋ္ဌကထာ ဋီကာများ အထူးအထွေမဖွင့်ပါဘူး၊ ဒါပေမဲ့ ပစ္စယနိဒ္ဒေသမှာ အာရမ္မဏာ ဓိပတိပစ္စည်းအတွက် အဋ္ဌကထာဆရာက ''ကာမာဝစရာဒိ ဘေဒတောပန တိဝိဓာပိကြိယာ ရမ္မဏာဓိပတိ လောဘသဟဂတာ ကုသလဿေဝ အာရမ္မဏာဓိပတိ ပစ္စယောဟောတိ'' ရယ်လို့ ကာမရူပ အရူပကြိယာသုံးပါးက လောဘမူရှစ်ခုအား အာရမ္မဏာ ဓိပတိသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ရသီစုပြပါတယ်။ ဒါထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ အာရမ္မဏာဓိပတိ သရုပ်ခွဲဇယား ပဌမအကြောင်းကိုကြည့်ရင် ကြိယာစိတ် ဝိသတွေ့ရပါလိမ့်မယ်။ ယခု အဗျာကတော အကုသလဿမှာလဲ ဘယ်လိုဟောထားသလဲ။ ''ဝိပါကာ ဗျာကတေ ကြိယာ ဗျာကတေခန္ဓေ ဂရုံကတွာအဿာဒေသိ''စသည်ဖြင့် ဟော ထားတဲ့နေရာမှာ ကြိယာ ဗျာကတေအရ ကြိယာစိတ်ဝိသကို အရကောက်ဇယားမှာ ရေး ထားပါတယ်။ အဲဒီကြိယာစိတ် ဝိသဟာ ကာမရူပ အရူပကြိယာသုံးမျိုးဘဲဖြစ်တော့ အဋ္ဌ ကထာပြတဲ့အတိုင်း အင်မတန်ရှင်းနေပါတယ်။

ဒါပေမဲ့ မူလဋီကာဆရာကြီးက ကြိယာဝိသထဲက အားလုံးနဲ့ဆက်ဆံတဲ့(အားလုံး နဲ့ ဆက်ဆံတယ်လို့ဆိုတာဟာ ပုထုဇဉ်ပုဂ္ဂိုလ်တွေရော အရိယာပုဂ္ဂိုလ်တွေရော ၂ မျိုး လုံးနဲ့ ဆက်ဆံတာဖြစ်တယ် ) အာဝဇ္ဇန်းဒွေကိုယူရင်တော့ ဟုတ်ပါသေးရဲ့။ ယခုဘော့ ကြိယာဇော အဋ္ဌာရသလို့ဆိုတာ ရဟန္တာသန္တာန်မှာသာ ဖြစ်ပါတယ်။ အဲဒီလိုရဟန္တာ သန္တာန်မှာဖြစ်တဲ့ကြိယာဇော(၁၈)ခုကိုပါ အဋ္ဌကထာဆရာက ယူထားပါတယ်။ ဒီလော ဘမူစိတ်က သူတပါးလို့ဆိုတဲ့ ရဟန္တာရဲ့သန္တာန်မှာဖြစ်တဲ့ ကြိယာဇောတွေကို အာရုံပြု နိုင်မှာလား? အဇ္ဈတ္တာရမ္မဏတိက်ကိုကြည့်ခဲ့လို့ရှိရင် အဇ္ဈတ္တာရမ္မဏဘရားက သူတပါးရဲ့ သန္တာန်မှာဖြစ်တဲ့ ဗဟိဒ္ဓါရမ္မဏဘရားအား အာရမ္မဏာဓိပတိသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ဆိုရမှာကသဲ ''အဇ္ဈတ္တာရမ္မဏော ဓမ္မော ဗဟိဒ္ဓါရမ္မဏဿဓမ္မဿ အဓိပတိပတိပစ္စယေန ပစ္စယော''လို့ မဟောဘူး။ ဗဟိဒ္ဓါရမ္မဏက ဗဟိဒ္ဓါရမ္မဏကို ကျေးဇူးပြုတဲ့ နေရာမှာလဲ သဟဇာတာ ဓိပတိကိုသာဟောထားပါတယ်။ အာရမ္မဏာဓိပတိကိုမဟောပါဘူး။ ဒီတော့ သူတပါးသန္တာန်မှာဖြစ်တဲ့ ဘယ်လိုအာရုံမျိုးကိုမှအာရုံပြုပြီး အာရမ္မဏာ ဓိပတိမဖြစ်နိုင်ပါ ဘူးတဲ့။ ဒါပေမဲ့''ဗဟိဒ္ဓါရမ္မဏေ အဇ္ဈတ္တေခန္ဓေ ဂရုံတတွာ အဿာဒေတိ အဘိနန္ဒတိ၊တံ ဂရုံကတွာ အဇ္ဈတ္တာရမ္မဏော ရာဂေါဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ''လို့ ဟောထားတဲ့အတွက်

ရဟန္တာရဲ့ကြိယာဇောတွေကို ပုထုဇဉ်သေက္ခာတို့က အလေးအမြတ်အာရုံပြုပြီး သာယာကြောင်း အဋ္ဌကထာဆရာဆိုတယ်လို့မှတ်ထားပါလို့ အဋ္ဌကထာရဲ့အာဘော်ကို ထုတ်ပြပါတယ်။

ဒါပေမဲ့ သနိဒဿန သပ္ပဋိဃကိတ်များမှာ ''သနိဒဿန သပ္ပဋိဃာခန္ဓာ''လို့ ခန္ဓာသဒ္ဒါနဲ့ဟောပေမဲ့ ဒီခန္ဓာဟာ နာမက္ခန္ဓာမဟုတ်ပါဘူး။ သနိဒဿန သပ္ပဋိဃာ အရရူပါရုံရပါတယ်။ ဒီရူပါရုံတခုထဲကိုပင်လျှင် ခန္ဓာလို့ဟောထားပါတယ်။ ခန္ဓာလို့ဟောထားတော့ အဲဒီခန္ဓသဒ္ဒါဟာ နာမက္ခန္ဓာမဟုတ်ဘူး၊ ရူပက္ခန္ဓာဖြစ်သလို ဒီကုသလတိတ်မှာလဲ ခန္ဓသဒ္ဒါနဲ့ ဟောထားပေမဲ့ ဘာတွေပါလာသလဲ ? ရုပ်တရားတွေပါလာတယ်။ ရုပ်တရားတွေမှာသာ ဖြစ်ထိုက်လေတော့ ပညာရှိများ အဋ္ဌကထာရဲ့စကားကို စိစစ်သင့် ဆင်ခြင်သင့်ပါတယ်တဲ့။ (မူလဋီကာ ဆရာကြီးပြောနေတဲ့ ခန္ဓသဒ္ဒါဟာ အဇ္ဈတ္တာရမ္မဏတိတ်နဲ့ မဆိုင်ပါဘူး၊ အဇ္ဈတ္တာရမ္မဏတိက်မှာ ရုပ်မရှိပါဘူး။ ယခုပြောနေတဲ့ ကုသလတိက်နဲ့သာဆိုင်ပါတယ်။ ဒီစကားအရ ဋီကာဆရာကြီးက လောဘသာပစ္စယုပ္ပန်ဖြစ်နေမည်ဆိုရင် ပစ္စည်းတရားကို ရုပ်ကိုသာယူလိုတဲ့ ဆန္ဒရှိဟန်တူပါတယ်။)

တနည်းအားဖြင့် အဋ္ဌကထာဆရာကြီးရဲ့ ရည်ရွယ်ချက်ကို ဘယ်လိုပြောပြနိုင်သလဲဆိုတော့ ယခု ငါဟာပုထုဇဉ်ဘဲ၊ ဒါပေမဲ့ နောင်အခါ ရဟန္တာ ဖြစ်လာတဲ့အခါ ငါ့သန္တာန်မှာ ကြိယာဇောတရားတွေ ဖြစ်လာလိမ့်မယ်။ အဲဒီလို နောင်ဖြစ်ပေါ်လတံ့ဖြစ်တဲ့ ကြိယာဇောတွေကို အလေးအမြတ်အာရုံပြုပြီး သာယာမယ်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်တဲ့။ ဒီလိုဖြစ်နိုင်တာကိုရည်ရွယ်ပြီး အဋ္ဌကထာဆရာကြီး ဆိုပါတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဝိပါကတိက် တတိယပဒ ''နေဝဝိပါက နဝိပါကဓမ္မဓမ္မာ'' အရ ကြိယာ ရုပ်နဲ့ နိဗ္ဗာန်ရှိတယ်။ ဒီဝိပါကတိတ်မှာ ''နေဝဝိပါက နဝိပါက ဓမ္မဓမ္မခန္ဓေ ဂရုံကတွာအဿာဒေတိ အဘိနန္ဒတိ'' စသည်ဖြင့် ဟောလေတော့ ကြိယာတရားများဟာ ရာဂဒိဋ္ဌိတို့အား အာရမ္မဏာ ဓိပတိနဲ့ ကျေးဇူးပြုကြပါတယ်တဲ့။ ပြီးတော့ အတီတာရမ္မဏတိဟ်မှာ ''အတီတာရမ္မဏေ အနာဂတေ ခန္ဓေ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ''စသည်ကို ဟောလေတော့ အတီတာရမ္မဏ အနာဂတ တေဘူမကတရားတွေက လောဘမူစိတ်ရှစ်ခုအား အာရမ္မဏာ ဓိပတိသတ္တိနဲ့ ကျေးဇူးပြုနိုင်ကြောင်းကို အဋ္ဌကထာ ဆရာရည်ရွယ်ပြီး ဆိုခြင်းဖြစ်ပါလိမ့်မယ်တဲ့။

ဒီလိုရသင့်ကြောင်းကို ဋီကာဆရာကြီးက ပါဠိတော်ကြီးတွေကိုးကားပြီး အဋ္ဌကထာရဲ့ သန္ဓာယ ဘာသိတတွေကို ရှင်းလင်းပြပေမယ်လို့ သူရဲ့အာဘော်ကတော့ ယခု ကိုးကားပြခဲ့တဲ့ နေဝဝိပါက နဝိပါကစတဲ့ ကြိယာတွေထဲမှာ အာဝဇ္ဇာန်းတွေလဲ ပါနေလေတော့ အာဝဇ္ဇာန်းဒွေကသာ လောဘမူစိတ်ရှစ်ခုအား အာရမ္မဏာ ဓိပတိသတ္တိနဲ့ ကျေးဇူးပြုမှုကိုသာ လိုလားဘယ်။ ဒီလိုလိုလားကြောင်းကိုလဲ အဆုံးကြတော့ ''အာဝဇ္ဇန ကိရိယ သမ္ဘာဝတောပန ဉာဒဗ္ဗိ ဝိစာရေတဗ္ဗံ'' လို့ မိန့်ဆိုပါတယ်။

အဲဒါနဲ့ပတ်သက်လို့ အနုဋီကာဆရာကြီးက ဘာပြောသလဲ? မူလဋီကာ ဆရာဟာ မဟောဘူးလို့ပြောတဲ့ နေရာဌာနမျိုးမှာ ယထာဓမ္မ ဒေသနာဖြစ်တဲ့ အဘိဓမ္မာမှာ မရှိတာ

ပါတဲ့၊ မူလဋီကာဆရာကြီးက ပါဠိတော်မှာ မဟောဘူးလို့ဆိုရင် ဘယ်မှလိုက်မရှာနဲ့တော့ မတွေ့တော့ဘူး။ ယထာဓမ္မ သာသနာဖြစ်တဲ့ အဘိဓမ္မာမှာ မရှိတော့ပါဘူးတဲ့။ မရှိတာဆိုတာဘာလဲ ? မထုတ်ရဘူး။ မထုတ်ရတာဆိုတာ မဟောတာဘဲလို့သိပါတဲ့။ ပြီးတော့ ဒီအကြောင်းနဲ့ပတ်သက်လို့ အနုဋီကာဆရာကြီးက ဘယ်နဲ့ပြောသလဲ ? ဒီမူလဋီကာဆရာကြီးဟာ ပဋ္ဌာန်းပါဠိတော်ကြီးနဲ့ ဘယ်မှာမှမဟောဘူး စသည်ဖြင့် ကိုင်ပေါက်နေတာပါဘဲတဲ့။ မဟောဘူးဆိုတာဟာ မရလို့သာမဟုတ်ဘူး။ အချို့နေရာမှာ ဝေနေယျရဲ့အလိုဖြစ်တဲ့ ဝေနေယျဇ္ဈာသယ၊ အချို့နေရာ အချို့နေရာဌာနမှာ နယဒဿန နည်းပြလိုက်လို့ မဟောတာသာ ဖြစ်ပါတယ်တဲ့။ အဋ္ဌကထာပြ စကားရပ်မှာ ပါဠိတော်နဲ့ဆန့်ကျင်တာဟာ ဘာမှမရှိပါဘူးလို့ ဆိုတဲ့အကြောင်းကို "အဝစနံ ပနကတ္ထစိ ဝေနေယျဇ္ဈာသယေန၊ ကတ္ထစိ နယဒဿနေန ဟောတီတိ ကုတောစိ ဝိရောဓာဝသရော" လို့ မိန့်ပါတယ်။

ယခု မူလဋီကာဆရာကြီးပြောသွားတဲ့ စကားရပ်များဟာ အင်မတန် စိတ် ဝင် စားစရာ မှတ်သားစရာကောင်းပါတယ်။ ဋီကာဆရာကြီး ကိုယ်တိုင်ကလဲ အဋ္ဌကထာ ဆရာကြီးဟာ ဘယ်လိုရည်ရွယ်ပြီးတော့ ကြိယာသုံးမျိုးက လောဘမူစိတ်အား ကျေးဇူးပြုနိုင်ကြောင်းကိုနှစ်ချက်ပြပြီး ရှင်းလင်းသွားပါတယ်။ အဲဒီတော့ ဋီကာဆရာကြီး ရှင်းလင်းချက်အတိုင်းဘဲ ကြိယာသုံးမျိုးက လောဘမူစိတ်ရှစ်ခုအား ကျေးဇူးပြုနိုင်တယ်လို့ မှတ်သားစရာကောင်းပါတယ်။

သုဒ္ဓသန်ျာမှာ အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယ တွဲပြထားပါဘယ်။ ဘာ့ကြောင့်လဲဆိုတော့ အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယဟာ ပါဠိလဲဘဲတူဘယ်။ အရကောက်လဲဘဲတူတယ်၊ သန်ျာခဏ်းတွေမှာလဲ အားလုံးတူပါတယ်။ ဒီလိုအားလုံးကုန်တူလို့ တွဲပြထားတာဖြစ်ပါတယ်။ သတ္တိချင်းကတော့ နဲနဲထူးပါတယ်။ ဘယ်လိုထူးသလဲ ? အာရမ္မဏာဓိပတိကပြောခဲ့တဲ့အတိုင်း မိမိနဲ့စပ်တဲ့ အာရမ္မဏိက ပစ္စုပ္ပန် နာမ်တရားတွေကို အာရုံမပြုရင် မနေနိုင်လောက်အောင် ဆွဲဆောင်နိုင်တဲ့သတ္တိ၊ အုပ်စိုးနိုင်, လွှမ်းမိုးနိုင်တဲ့သတ္တိဟာ အာရမ္မဏာဓိပတိရဲ့သတ္တိဖြစ်ပါတယ်။ အဲဒီလိုဆွဲဆောင်နိုင်မှု အုပ်စိုးနိုင်မှုတွေရဲ့သတ္တိကို အာပုမိကြတော့ ပြောပြပါမယ်။ အာရမ္မဏိက နာမ်တရားတွေဖြစ်ဘို့ရာအတွက် အလွန်တရာ လွန်ကဲတဲ့မှီရာအဖြစ်ဟာ အာရမ္မဏူပနိဿယ သတ္တိဖြစ်ပါတယ်။ ဒါကို ပစ္စယုဒ္ဒေသ အဋ္ဌကထာမှာ အဋ္ဌကထာဆရာကြီးက "တတ္ထယံ အာရမ္မဏံ ဂရုံကတွာ စိတ္တစေတသိကာ ဥပ္ပဇ္ဇန္တိ၊ တံနိယမတော တေသံ အာရမ္မဏေသု ဗလဝါရမ္မဏံဟောတိ၊ ဣတိဂရုကာတဗ္ဗမတ္တဋ္ဌေန အာရမ္မဏာဓိပတိ၊ ဗလဝကာရဏဋ္ဌေန အာရမ္မဏူပနိဿယောဟောတီတိ ဧဝမေတံ နာနတ္တံ ဝေဒိတဗ္ဗံ" လို့ မိန့်ပါတယ်။

အာရမ္မဏာဓိပတိရဲ့ကိစ္စ ပြီးကြပါစို့။

သာဓု .... သာဓု .... သာဓု ....။

## ၁၃၂၉-ခု၊ ဝါခေါင်လဆုတ် (၁၀) ရက်
## ၁၉၆၇-ခု၊ ဩဂုတ်လ (၃၀) ရက်၊ ဗုဒ္ဓဟူးနေ့
## ပဋ္ဌာန်း၊ ကုသလတိက် ပဥှာဝါရ ဝိဘင်္ဂကို (၉) ကြိမ်မြောက်ပို့ချခြင်း

### အာရမ္မဏ ပုရေဇာတ

အရင်အပတ်က အာရမ္မဏာဓိပတိရဲ့ အဓိပ္ပါယ်ပြောခဲ့ပါပြီ။ ယနေ့အာရမ္မဏပုရေဇာတရဲ့ အဓိပ္ပါယ်ပြောပါမယ်။

**ပစ္စည်း။** ။အာရမ္မဏပုရေဇာတဆိုတာ အာရုံတရားလဲဖြစ်ရမယ်။ ပစ္စယုပ္ပန်တရားတွေရဲ့ ရှေးဦးစွာဥပါဒ်ပြီး မချုပ်သေးဘဲ ပစ္စုပ္ပန်အနေအားဖြင့် ဌီအခိုက်မှာဘည်နေပြီးတော့ မိမိရဲ့နောက်မှဖြစ်ပေါ်လာဥပါဒ်လာတဲ့ စိတ်စေတသိက်တရားတွေကို ကျေးဇူးပြုတဲ့ ပစ္စည်းဖြစ်ကြောင်းကို အဋ္ဌအထာက ''အာရမ္မဏမေဝပုရေဇာတံ ဥပ္ပဇ္ဇိတွာဝတ္တမာနဘာဝေနပစ္စယော ဥပကာရကောတိ အာရမ္မဏ ပုရေဇာတ ပစ္စယော''လို့ မိန့်ဆိုပါတယ်။ ဒီကနောက် ပါဠိတွေကိုများစွာထုတ်မပြတော့ဘဲ လိုရင်းကြမှသာထုတ်ပြပါမယ်။ အာရုံလဲဖြစ်ရမယ်၊ ပစ္စုပ္ပန်အနေအားဖြင့် ဌီအခိုက်မှာလဲ တည်နေရမယ်ဆိုတော့ ခဏတ္တယမျှသာအသက်ရှိကြတဲ့ နာမ်တရားတွေနဲ့ လုံးဝမဆိုင်တော့ပါဘူး။ နိပ္ဖန္နရုပ်များသာ ဖြစ်ရပါလိမ့်မယ်၊ ပစ္စုပ္ပန်ဖြစ်ရမယ်ဆိုတော့ ဒီနိပ္ဖန္နရုပ်တွေဟာ ပစ္စုပ္ပန်နိပ္ဖန္နရုပ်များသာ ဖြစ်ရပါလိမ့်မယ်။ ဒီအာရမ္မဏ ပုရေဇာတပစ္စည်းဟာ ပစ္စုပ္ပန်အနေအားဖြင့်သာ ကျေးဇူးပြုနိုင်ကြောင်းကို အတိတတိက်များကြတော့ ''ပစ္စုပ္ပန္နောဝမ္ဗော ပစ္စုပ္ပန္နသဲဝမ္ဗဿ ပုရေဇာဘ ပစ္စယေနပစ္စယော။ အာရမ္မဏပုရေဇာတံ၊ စက္ခုံအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ'' စသည်ဖြင့် ဟောထားပါတယ်။

**ပစ္စယုပ္ပန်။** ။ပစ္စယုပ္ပန်တရားတွေမှာ ရုပ်ကိုအာရုံပြုရမယ်လို့ဆိုတော့ မဟဂ္ဂုတ်လောကုတ္တရာတွေနဲ့ လုံးဝမဆိုင်တော့ပါဘူး။ မဟဂ္ဂုတ်လောကုတ္တရာတွေဟာ ရုပ်ကိုအာရုံမပြုကြပါဘူး။ ဒီတော့ ကာမစိတ်စေတသိက်သာဘဲရပါတယ်။ အဘိညာဉ်ကရုပ်ကိုအာရုံပြုနိုင်တဲ့ အဘိညာဉ်ဟာ ဒိဗ္ဗစက္ခုအဘိညာဉ် ဒိဗ္ဗသောတအဘိညာဉ် ဣဒ္ဓိဝိဓအဘိညာဉ် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် အနာဂတံသ အဘိညာဉ်ရယ်လို့ (၅) မျိုးရှိပါတယ်၊ အဲဒီ (၅)မျိုးရှိတဲ့အနက် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်နဲ့ အနာဂတံသအဘိညာဉ်တွေက အတိတ်နဲ့အနာဂတ်ကိုသာ အသီးသီးအာရုံပြုလေတော့ သူတို့နဲ့လဲမဆိုင်ပြန်ဘူး။ ဒီတော့ ဘယ်လောက်ရမလဲ? သုံးပါးဘဲရပါတယ်။ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ဣဒ္ဓိဝိဓအဘိညာဉ်ရပါတယ်။ ဣဒ္ဓိဝိဓအဘိညာဉ်ရပေမဲ့ ဒီအာရမ္မဏ ပုရေဇာတပစ္စည်းမှာ ဣဒ္ဓိဝိဓအဘိညာဉ်မဟောကြောင်းကို အာရမ္မဏတုံးက ပြောခဲ့ပါပြီ။ ဒီအာရမ္မဏပုရေဇာတဟာ အာရမ္မဏက ခွဲထွက်လာတဲ့အစိတ်တရားဖြစ်ပါတယ်။ အာရမ္မဏပုရေဇာတတ္တိ - အာရမ္မဏ ပုရေဇာတ

အဝိဂတမှာလဲ နည်းတူဟောထားလေတော့ သုဒ္ဓသင်္ချာသဘာဂပစ္စည်းရေမှာ(၄)ရယ်လို့ ပြထားပါတယ်။

**ဗျာ-ဗျာစသည်**။ ။အာရမ္မဏပုရေဇာတရဲ့ သုဒ္ဓသင်္ချာကိုသရုပ်ခွဲလိုက်ရင် အရကောက်တွေထွက်လာပါလိမ့်မယ်။ အဲဒီအရကောက်အားလျော်စွာ ပါဠိတွေဖြစ်လာတော့ ဒီပါဠိအရကောက်တွေကို အထူးပြောစရာမလိုပါဘူး။ ကရိဏ်းအတွက်မှာသဲ အာရမ္မဏပုရေဇာတကို ဟောနေတဲ့အတွက် အာရမ္မဏပစ္စည်းရေအရ တပြိုင်နက်(၄)ပစ္စည်းရယ်လို့ လက်သဲကွင်းကလေးနဲ့ပြထားပါတယ်၊ အဗျာကတောကုသလဿမှာ ဝတ္ထာရမ္မဏထဲက ဟဒယဝတ္ထုရတယ်။ ဟဒယဝတ္ထုဟာ ယထာရဟဝင်လာနိုင်ပါတယ်။ အဲဒီလို ဝင်လာနိုင်တော့ ဝတ္ထာရမ္မဏပစ္စည်းအရ (၆) လို့ပြထားပါတယ်။ အဗျာကတော အကုသလဿကြတော့ ပစ္စယုပ္ပန်လောဘမူရှိပါတယ်၊ လောဘမူရှိတော့ ဝတ္ထာရမ္မဏာဓိပတိဝင်လာနိုင်ပါတယ်။ ဒါကြောင့် (၈) ရယ်လို့ တပြိုင်နက် ယထာရဟပြထားပါတယ်၊ အရကောက်မှာတော့ ရသင့်သလိုယူပြီး ယထာရဟလို့ပြထားပါတယ်။ ဒီကရိဏ်းကောက်တွေဟာ သူတို့ရဲ့သဘောကိုသိရင် လွယ်ကူပါတယ်။ မသိရင်အခေတ်ခက်ပါတယ်။ အာရမ္မဏပစ္စည်းတုံးက အဗျာကတသုံးချက်ရှိတဲ့အနက် အဗျာကတော အဗျာကတဿနဲ့ အဗျာကတောအကုသလဿမှာ တပြိုင်နက် ယထာရဟရယ်လို့ အရကောက်ကြီးမှာ မပါပါဘူး။ အဗျာကတောကုသလဿမှာသာ တပြိုင်နက် ယထာရဟရယ်လို့ အရကောက်ကြီးမှာ ရေးထားပါတယ်။ အားလုံးကုန်တပြိုင်နက် ယထာရဟဖြစ်ရပါလိမ့်မယ်။ရတဲ့ပစ္စည်းတွေဟာ ပစ္စည်းပစ္စယုပ္ပန်တရားကို အပြည့်အစုံရလျှင် တပြိုင်နက်ဖြစ်ပါတယ်၊ အပြည့်အစုံမရဘဲနဲ့ ရသင့်ရထိုက်တာကလေးသာရခဲ့လို့ရှိရင် ယထာရဟဖြစ်ပါတယ်။ ဒီတော့ ဆိုင်ရာပစ္စည်းတွေရဲ့ သုဒ္ဓသင်္ချာနဲ့တိုက်ဆိုင်ပြီး ယခုကောက်ထားတဲ့အထဲက တပြိုင်နက် ဘယ်လောက်ရတယ်-ယထာရဟ ဘယ်လောက်ရတယ်လို့ဆိုတာကို စင်းစားနိုင်ပါတယ်။

### အာရမ္မဏသဟဇာတ၊

**အနုဋီကာ**။ ယခုပြောနေတာဟာ အာရမ္မဏပုရေဇာတဖြစ်ပါတယ်။ ပစ္စည်းကလဲ နိပ္ဖန္နရုပ်ဖြစ်ပါတယ်။ ဒီနိပ္ဖန္နရုပ်ဟာ ပုရေဇာတဖြစ်တဲ့ နိပ္ဖန္နရုပ်သာမဟုတ်ဘဲနဲ့ သဟဇာတနိပ္ဖန္နရုပ်လဲဘဲ ဖြစ်နိုင်တော့ အာရမ္မဏပုရေဇာတသာမဟုတ်ဘဲ အာရမ္မဏသဟဇာတလဲဖြစ်နိုင်ပါတယ်လို့ အနုဋီကာကဆိုတယ်။ ဘယ်လိုလဲဆိုရင် အရာအထောင်စတဲ့ နိမ္မိတရုပ်တွေကိုဖန်ဆင်းတဲ့နေရာဌာနမှာ ဣဒ္ဓိဝိဓအဘိညာဉ်စိတ်က မိမိဖြစ်စေအပ်တဲ့ မိမိနှင့်အတူတကွဖြစ်တဲ့ သဟဇာတနိမ္မိတရုပ်ကိုသာ အာရုံပြုနိုင်ပါတယ်။ ဒီအခါမှာ သဟဇာတရုပ်က အာရမ္မဏသတ္တိနဲ့ နာမက္ခန္ဓာတွေကို ကျေးဇူးပြုပါတယ်။ ဒါဖြင့်ရင် အာရမ္မဏသဟဇာတကို ပဋ္ဌာန်းမှာဟောပါသလားလို့ဆိုတော့ ဒီအာရမ္မဏသဟဇာတဟာ အင်မဘန်လဲ အဖြစ်နည်းပါတယ်။ ထင်လဲမထင်ရှားလို့ ပဋ္ဌာန်းမှာမဟောပါဘူးလို့ အနုဋီကာဆရာက မိန့်ဆိုပါတယ်။

ပြီးတော့ ပစ္စုပ္ပန် ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံပြုကြတဲ့အခါမှာ ပဋိသန္ဓေစိတ်ဟာ အာရမ္မဏ ပုရေဇာတကိုရနိုင်တယ် မဟုတ်လားဆိုတော့ ဆဝါရပုရေဇာတ ပစ္စနိကတရားမှာ ပဋိသန္ဓေစိတ်တွေ အား လုံးပါနေပါတယ်။ ဒီလိုပဋိသန္ဓေစိတ်တွေပါနေတော့ ဒီပဋိသန္ဓေစိတ်ဟာ အာရမ္မဏ ပုရေဇာတရဲ့ ပစ္စယုပ္ပန်မဖြစ်ထိုက်ပါဘူး။ ဘာ့ကြောင့် လဲ ဆိုတော့ ပဋိသန္ဓေစိတ်ဟာ ဝတ္ထုပုရေဇာတ ပစ္စည်းမရပါဘူး။ ဝတ္ထုပုရေဇာတ ပစ္စည်းကို ရမှသာ အာရမ္မဏ ပုရေဇာတပစ္စည်းကို ရနိုင်တာဖြစ်တဲ့အတွက် ဝတ္ထုပုရေဇာတ ကင်းနေတဲ့ ကာမပဋိသန္ဓေစိတ်ဟာ ပစ္စုပ္ပန် ကမ္မနိမိတ်ကို အာရုံပြုပေမဲ့ အာရမ္မဏ ပုရေဇာတ ပစ္စည်းကို မရနိုင်ပါဘူး။ ဒါဖြင့် ကာမပဋိသန္ဓေစိတ်ရဲ့ ပစ္စုပ္ပန်အာရုံကို ဘယ်အာရုံလို့ ဆိုပါ့မလဲဆိုရင် ဘဝတပါးက အာရုံကလဲဖြစ်နေတယ်၊ ဘဝလဲခြားနေလေတော့ ထင်ရှားတဲ့အာရုံမဟုတ်ဘဲ သာမညအာရုံသာဖြစ်ပါတယ်။ အဲဒီအာရုံဟာ ကာမပဋိသန္ဓေစိတ်အား အာရမ္မဏ ပုရေဇာတသတ္တိနဲ့ ကျေးဇူးမပြုနိုင်ဘဲ အာရမ္မဏ သတ္တိနဲ့သာ ကျေးဇူးပြုနိုင်ပါတယ်။ ဒါက အာရမ္မဏ ပုရေဇာတပစ္စည်းရဲ့ အဓိပ္ပါယ်တွေဖြစ်ပါတယ်။

## ဝတ္ထာ ရမ္မဏ

ပြီးတော့ ဝတ္ထာရမ္မဏ။ ဒီဝတ္ထာ ရမ္မဏဟာ အလွန်တရာ ရှုပ်ထွေးခက်ခဲတဲ့ ပစ္စည်းဖြစ်ပါတယ်။ ဝတ္ထာရမ္မဏလို့ ရေးထားတာဟာ အတိုကောက်ရေးထားတာဖြစ်ပါတယ်။ ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စည်းဖြစ်ပါတယ်။ ဒီပစ္စည်းတရားဟာ မှီရာဝတ္ထုရုပ်လဲ ဖြစ်ရမယ်၊ပစ္စယုပ္ပန်တရားတွေရဲ့ အာရုံလဲဖြစ်ရမယ်။ ပစ္စယုပ္ပန်တရားတွေမဖြစ်ခင် ရှေ့ကဖြစ်နှင့်နေပြီး ဌီအခိုက်မှာလဲ တည်နေရမယ် အမှီခံရမှာလဲ ဖြစ်ရမယ်ဆိုတော့ ဟဒယဝတ္ထုသာ ဖြစ်နိုင်ပါတယ်။ဒီဟဒယဝတ္ထုဟာလဲ သုဒ္ဓသဉ်္ဇာမှာ ရေးထားတဲ့အတိုင်းမရဏာသန္နအခါမှာ ဖြစ်တဲ့ ဟဒယဝတ္ထုဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဟဒယဝတ္ထုကိုပင် အာရမ္မဏိက ပစ္စယုပ္ပန်တရားတွေက အာရုံပြုရမဲ့အပြင် မှီလဲမှီရပါလိမ့်မယ်၊ မရဏာသန္နဝိထိ ချလိုက်တဲ့ အခါ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးကြိမ် တဒါရုံရယ်လို့ ဖြစ်လေ တော့ ပစ္စယုပ္ပန်တရားများမှာလဲ ဒီအတိုင်းပင်ဖြစ်နေကြပါတယ်။

ဒီဝတ္ထာရမ္မဏပစ္စည်းကို ပဋ္ဌာနပါဠိ ပါဠိတော်ကြီးမှာ အာရမ္မဏပစ္စည်းရဲ့ အစိပ်တရားသာဖြစ်လေတော့ သီးခြား မဟောပါဘူး။ ဒါပေမဲ့ သဘာဂ ဃဋ္ဋနာစတဲ့ သင်္ချာခဏ်းများကို ဟောရာမှာ ဒီဝတ္ထာရမ္မဏ ပါလာလေတော့ သူရဲ့ပစ္စည်း ပစ္စယုပ္ပန်များကို သုံးချက်စုစသည်မှာ ဖေါ်ပြသင့်တဲ့အတိုင်း ဖေါ် ပြကြပါတယ်။ သဘာဂ ခဏ်း များ မှာ "အာရမ္မဏ ပစ္စယာ နိဿယေ တီဏိ"ဆိုတဲ့နေရာမှာ အဋ္ဌကထာဆရာက "နိဿယေ တီဏီတိ ဝတ္ထုဝသေန အဗျာကတ မူလာနေဝ" လို့ ဖွင့်ပါတယ်။ "ဝိပ္ပယုတ္တေတီဏိ" ကြတော့ "ဝိပ္ပယုတ္တေ တီဏီတိ ဝတ္ထုဝသေနေဝ" လို့ ဖွင့်ပါတယ်။ နိဿယ ပစ္စည်း ကြတော့ "နိဿယ ပစ္စယာ အာရမ္မဏေ တီဏီတိဝတ္ထုံ အာရမ္မဏံကတွာ ပဝတ္တကုသလာ ဒိဝသေန ဝေဒိတဗ္ဗာ" လို့ ဖွင့်ပါတယ်။ ဝိပ္ပယုတ္တ ပစ္စည်းမှာတော့ "သတ္တဓောကုသလာ ဗျာကတာနံ ဝိပဿနာ ဝသေန" လို့ ပြထားပါတယ်။ ဃဋ္ဋနာများမှာလဲ ထိုနည်းတူ စွာပြ ပါတယ်။

အဋ္ဌကထာပြချက်များမှာ ဒီဟဒယဝတ္ထုဟာ ပဝတ္တိအခါမှာဖြစ်ရမယ်။ မရဏာသန္နအခါမှာဖြစ်ရမယ်လို့ အထူးဝေဘန်ချက်မရှိပါဘူး။ မူလဋီကာအစရှိတဲ့ ဋီကာဆရာကြီးတွေကလဲ ဘာမှမပြောပါဘူး။

ဒါပေမဲ့ ဒီဝတ္ထာရမ္မဏကို မရဏာသန္နအခါမှာသာရသင့်တယ်၊ ပဝတ္တိအခါလဲရသင့်တယ်လို့ ယူဆချက်ကတော့ ကွဲနေကြပါတယ်။ မရဏာသန္နအခါ ရသင့်တဲ့ဝါဒက အဘိဓမ္မာအဋ္ဌကထာများမှာ ဝီထိစိတ်ရယ်လို့ဖြစ်လာရင် အာဝဇ္ဇန်းမကင်းရဘူး။ အာဝဇ္ဇန်းတခုလဲသာရှိတဲ့ ဝီထိမှာလဲ အာရုံဟာ ဓမ္မအားဖြင့်၎င်း ကာလအားဖြင့်၎င်း မကွဲရဘူး။ မရဏာသန္နမဟုတ်တဲ့ ပကတိအခါမှာဖြစ်တဲ့ စိတ်တွေကတော့ ရှေးရှေးစိတ်နဲ့ အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုကို နောက်နောက်စိတ်တွေက အသီးသီးမှီကြပါတယ်။ အကြင်အခါမှာ ပစ္စုပ္ပန်ဖြစ်တဲ့ အဇ္ဈတ္တဝတ္ထုကိုအာရုံပြုပြီး အနိစ္စစတဲ့ ဝိပဿနာဉာဏ်စွမ်းနဲ့ ဆင်ခြင်မယ်၊ ဒီဟဒယဝတ္ထုဟာ ငါ့ဥစ္စာဘဲရယ်လို့ သာယာကြမယ်။ ဒီအခါမှာ ဟဒယဝတ္ထုကို အာဝဇ္ဇန်းက ဆင်ခြင်တယ် အာရုံပြုတယ်၊ ဒီအာဝဇ္ဇန်းဆင်ခြင်တဲ့ အာရုံပြုတဲ့ ဟဒယဝတ္ထုကိုသာ ဇောစိတ်များကလဲ အာရုံပြုပါတယ်။ ဇောစိတ်ဆိုတာ မိမိတို့ရဲ့ မှီရာဟဒယဝတ္ထုကို အာရုံမပြုနိုင်ကြပါဘူး။ အာဝဇ္ဇန်းအာရုံမပြုတဲ့ မိမိတို့ရဲ့မှီရာဖြစ်တဲ့ ဟဒယဝတ္ထုကိုဖြစ်ဖြစ် အာရုံတပါးပါးကိုဖြစ်ဖြစ် အာရုံပြုကြရင် ဒီဇောတွေဟာ အာဝဇ္ဇန်းကင်းတဲ့ဇောတွေဖြစ်လိမ့်မယ်။ ဘာကြောင့်လဲ? အာဝဇ္ဇန်းက ဆင်ခြင်အပ် အာရုံပြုအပ်တဲ့အာရုံကို မယူဘဲ အာရုံတပါးကို သွားယူလို့ဖြစ်ပါတယ်။ အာဝဇ္ဇန်းကင်းရုံသာမဟုတ်သေးဘဲ အာဝဇ္ဇန်းနှင့်လဲ အာရုံကွဲနေကြပြန်တယ်၊ ဘာ့ကြောင့်ဆိုတော့ အာဝဇ္ဇန်း ယူအပ် ဆင်ခြင်အပ်တဲ့ အာရုံမဟုတ်ဘဲ နောက်မှဖြစ်တဲ့ ဟဒယဝတ္ထုကို သို့မဟုတ် အာရုံတပါးကို အာရုံပြုလို့ဖြစ်ပါတယ်။ ဒီတော့ ပကတိအခါဖြစ်တဲ့ ဟဒယဝတ္ထုဟာ မှီရာအာရုံနှစ်ပါးစုံ တပြိုင်နက်မဖြစ်နိုင်ပါဘူး။ မဖြစ်နိုင်တော့ မရဏာသန္နအခါကိုသာ ရပါလိမ့်မယ်။ မရဏာသန္နအခါ စုတိစိတ်မှ ပြန်ရေလိုက်မည်လို့ဆိုရင် (၁၇)ချက်မြောက်စိတ်ရဲ့ နောက်ကမ္ဘဇရုပ်မဖြစ်တော့ဘူး။ မရဏာသန္နဝီထိမျိုးဟာ မရဏာသန္နဝီထိစဉ်အတိုင်းဖြစ်လာဘဲ့ ကမ္ဘဇရုပ်တွေဟာ (၁၇) ချက်မြောက်သောစိတ်ရဲ့နောက်မှာမဖြစ်ဘဲနဲ့ ဒီမှာရပ်တယ်။ ဘာဖြစ်လို့? အင်မဘာန်အားနဲလို့ဖြစ်တယ်။ ဒီလိုမဖြစ်တော့ အာဝဇ္ဇန်းစတဲ့စိတ်တွေက ဘယ်သူ့ကိုမှီမလဲ၊ ဒီဟဒယဝတ္ထုရုပ်ကိုဘဲ မှီရမယ်။ မှီရာတပါး တခြားဝတ္ထုမရှိတော့ဘူး။ စိတ်ဆိုတာ မှီရာဝတ္ထုမရှိရင် မဖြစ်နိုင်ပါဘူး။ မှီရမှာက ဟဒယဝတ္ထုဖြစ်တဲ့အပြင် ဒီဟဒယဝတ္ထုကိုဘဲ အာရုံပြုရလိမ့်မယ်။ အဲဒီလိုယူလိုက်တဲ့အခါမှာ မရဏာသန္နဇောစိတ်တွေရဲ့ အာဝဇ္ဇန်းကင်းမှု အာရုံကွဲမှုလဲမရှိတော့ ဒီဝတ္ထာရမ္မဏပစ္စည်းဟာ မရဏာသန္နအခါမှာသာလျှင် ရနိုင်ပါတယ်လို့ မရဏာသန္နအခါယူလိုတဲ့ ဆရာစသည်က ပြောကြပါတယ်။

## ပကတိပဝတ္တိအခါ

ဒါပေမဲ့ ပကတိပဝတ္တိအခါမှာလဲ ရနိုင်တဲ့ဝါဒ-ပကတိပဝတ္တိအခါယူလိုတဲ့ ဆရာများက ဘယ့်နဲ့ပြောသလဲ။ ဇောတွေက အာဝဇ္ဇန်းဆင်ခြင်တဲ့ ဟဒယဝတ္ထုကို အာရုံမပြု

ဘဲ မိမိတို့ရဲ့ မှီရာဝတ္ထုအသီးသီးကိုသာ အာရုံပြုမယ်ဆိုရင် အာဝဇ္ဇန်းကင်းတော့မှာပေါ့လို့ဆိုတာဟာ မသင့်ပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ အာဝဇ္ဇန်းက ဟဒယဝတ္ထုကို ဆင်ခြင်ပေးတာကိုဘဲ ဇောတွေက ဟဒယဝတ္ထုကို အာရုံပြုပါတယ်တဲ့။ ဒီလိုအာရုံပြုတော့ ဒီဇောတွေဟာ အာဝဇ္ဇန်းမကင်းကြပါဘူး။ အာဝဇ္ဇန်းမကင်းခဲ့လို့ရှိရင် အာရုံလဲမကွဲပါဘူး။ ဘာကြောင့်လဲဆိုတော့ အာဝဇ္ဇန်းက သေသေချာချာလက်ထောက်ပြုပြီး "ဟေ့ ပထမဇော၊ ငါက ဒီဟဒယဝတ္ထုကိုအာရုံပြုတယ်။ မင်းတို့ကလဲ ငါအာရုံပြုတဲ့ ဟဒယဝတ္ထုကိုဘဲ အာရုံပြုကြပါ"လို့ ပြောထားတာမဟုတ်ပါဘူး။ သန္တတိ ဃနရဲ့အစွမ်းအားဖြင့် တနေရာလို့ထင်ရအောင် ခဏတိုင်း ခဏတိုင်းပရွက်ဆိတ်ကလေးတွေ အစဉ်တန်းပြီးသွားနေကြသလို အစဉ်ဖြစ်နေကြတဲ့ ရှေ့နောက်မပြတ် တသစပ်ဖြစ်နေကြတဲ့ ဟဒယဝတ္ထုအများမှာ ငါကဒီဟဒယဝတ္ထုကလေးကိုသာ အာရုံပြုမယ်ရယ်လို့ အာဝဇ္ဇန်းကလဲ တခုစီတခုစီသီးသန့်ကွက်ခြားပြီး မဆင်ခြင်နိုင်ပါဘူး။ ဇောတွေကလဲ မစောနိုင်ကြပါဘူး။ ဒီလိုသီးခြားကွဲပြားအောင် မခွဲစိတ်နိုင်တဲ့နေရာဟူသမျှမှာ အာဝဇ္ဇန်းနဲ့ ဇောများဟာ ဓမ္မအားဖြင့်၎င်း ကာလအားဖြင့်၎င်း မကွဲပြားကြပါဘူး။ ဒီလိုမကွဲပြားကြတော့ပဝတ္တိအခါမှာလဲဘဲ ရနိုင်ပါတယ်တဲ့။

ဒီတော့ပစ္စုပ္ပန်ဖြစ်တဲ့ ဟဒယဝတ္ထုရုပ်ကိုအာရုံပြုပြီး အနိစ္စစသည်ဖြင့်ဆင်ခြင်တဲ့အခါ သာယာတပ်မက်တဲ့အခါ ဇုဗ္ဗိဝိအဘိညာဉ်ဖြင့် ဒီဟဒယဝတ္ထုရုပ်ကို အာရုံပြု၍အဝိဇ္ဇာနန်တဲ့အခါ ဒီဟဒယဝတ္ထုဟာဆင်ခြင်တဲ့ ပစ္စဝေက္ခဏဇောစိတ် သာယာတဲ့လောဘမူစဘဲ့စိတ်အဓိဋ္ဌာန်တဲ့ဇောစိတ်တို့ရဲ့မှီရာလည်းဖြစ် အာရုံလဲဖြစ်ပါတယ်၊ ဒါ့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာတိက်မှာ "အဇ္ဈတ္တံ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ"လို့ ဟောထားပါတယ်။

## အဘိညာဉ်

ပြီးတော့ဘခက်ကအဘိညာဉ်ရသလား၊ မရဘူးလား၊ မရဏာသန္နအခါမှာ ကောရသလား။ ပဝတ္တိပကတိအခါကာလမှာသာရသလားဆိုတဲ့ အငြင်းအခုံလဲရှိပါတယ်။ ယခုပြောပြတဲ့အထဲမှာ ဇုဗ္ဗိဝိဓအဘိညာဉ်ပါနေပါတယ်။ သုဒ္ဓသင်္ချာမှာတော့ မပါပါလားဆိုရင် မရဏာသန္နအခါမှာဖြစ်ဖြစ် ပဝတ္တိအခါမှာဖြစ်ဖြစ် ဒီဇုဗ္ဗိဝိဓအဘိညာဉ်ကို ရနိုင်ပါတယ်။ ဇုဗ္ဗိဝိဓအဘိညာဉ်က မိမိတို့ကရဇကာယကို အာရုံပြုနိုင်လေတော့ သူအာရုံပြုတဲ့ ကရဇကာယထဲမှာ ဟဒယဝတ္ထုပါလာပါတယ်၊ မထုတ်တာကတော့ အာရမ္မဏပုရေဇာတက ပြောခဲ့တဲ့အတိုင်း ဒီဇုဗ္ဗိဝိဓအဘိညာဉ်ဟာ ဟဒယဝတ္ထုကလေးကိုသာ အာရုံပြုတာမဟုတ်ပါဘူး။ ပါဒကဖြစ်တဲ့ရုပ်ဝစရ ပဥ္စမဈာန်ကိုလဲ အာရုံပြုလို့ဖြစ်ပါတယ်၊ တပါးသော အဘိညာဉ်တွေဟာပစ္စုပ္ပန်ဟဒယဝတ္ထုကို အာရုံမပြုနိုင်ကြပါဘူး။

ဒီအဘိညာဉ်ဟာ မဏိဒီပဝေဒနာတိက်အဖွင့်မှာ ပါပါတယ်။ မဏိမဉ္ဇူကြတော့ အဘိညာဉ်မပါဘူး၊ ကျမ်းပြုဆရာက စစ်ကိုင်းက အရှင်အရိယဝံသဆရာတော် ဖြစ်ပါတယ်၊

ဒီ ၂-ခုနင်လုံးကိုလဲ ဆရာတော်ဘဲရေးပါတယ်။ ဒီလိုဆရာတော်တပါးထဲ ဖြစ်ပါလျက်နဲ့ ကျမ်းတစောင်မှာတော့မပါ၊ ကျမ်းတစောင်မှာတော့ ပါနေပါကလားလို့ဆိုရင် မရဏာသန္နအခါသာနှစ်သက်တော်မူတဲ့ စံကျောင်းဆရာတော်ကြီးက မဏိဒီပကိုရေးတာက ပထမ ဖြစ်တယ်။ မဏိမဉ္ဇူကိုရေးတာက ဒုတိယဖြစ်တယ်။ ဒုတိယဖြစ်တော့ ပထမကျမ်းရေးစဉ်အခါက ဒီဆရာတော်ကြီးဟာ ဉာဏ်နုသေးတယ်။ ဒုတိယကျမ်းရေးတော့ဉာဏ်ကကြီးလာတယ်။ ဉာဏ်ကြီးလာတော့ ဒုတိယကျမ်းမှာ အဘိညာဉ်မထည့်ဘူးလို့ ကြားဘူးရပါတယ်။ ဒီအဘိညာဉ်နဲ့ပတ်သက်လို့ မြန်မာပြည်ပဲခူးမြို့ကို ထီးနန်းစိုက်ပြီးအုပ်စိုးစဉ် ဆရာတော်များဟာ ဝတ္ထာရမ္မဏပစ္စည်းမှာ အဘိညာဉ်ပါသင့်သလား မပါသင့်ဘူးလားရယ်လို့ အငြင်းအခုံဖြစ်ခဲ့ဘူးပါတယ်။ အတိအကျမဆုံးဖြတ်နိုင်ကြတဲ့အခါ သာသနာတော်စောင့်နတ်ကြီးကို အပူးခိုင်းပြီး ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်းရဲ့ ပစ္စယုပ္ပန်ကို ဘုရားဟောစဉ်က အဘိညာဉ်ပါသလား မပါဘူးလားလို့မေးတဲ့အခါ သာသနာတော်စောင့် နတ်ကြီးက အဘိညာဉ်ပါပါတယ်လို့ ပြောသွားတယ်လို့ဆိုကြပါတယ်။

ဒီဝတ္ထာရမ္မဏပစ္စည်းဟာ အာရမ္မဏ ပုရေဇာတ ပစ္စည်း ပစ္စယုပ္ပန်ထဲမှာ အကုန်ဝင်ပါတယ်။ ဒါပေတဲ့ အာရမ္မဏပုရေဇာတကထွက်လာတဲ့ပစ္စည်းမဟုတ်ပါဘူး။ ဘာ့ကြောင့်? ''အာရမ္မဏပစ္စယာနိဿယေတိကံ''လို့ဟောထားတော့နိဿယပစ္စည်းမှာသဟဇာတနိဿယ-ဝတ္ထုပုရေဇာတ နိဿယပစ္စည်းရှိနေတော့ သဟဇာတနိဿယနဲ့ လုံးဝမဆိုင်ပါဘူး။ ဝတ္ထုပုရေဇာတနိဿယနဲ့သာဆိုင်ပါတယ်။ အဲဒီဝတ္ထုပုရေဇာတနိဿယမှာ ဝတ္ထုရုပ် ၆ ပါးရှိနေတော့-ဝတ္ထုရုပ် ၆ပါးထဲက ဟဒယဝတ္ထုရှိပါတယ်။ ဒါကြောင့်ဒီပစ္စည်းဟာဝတ္ထုပုရေဇာတ နိဿယကထွက်လာတာဖြစ်ပါတယ်။ ဝိပ္ပယုတ္တရဲ့သဘာဂမှာလဲ ထိုနည်းတူစွာ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တကထွက်လာတဲ့ ပစ္စည်းဖြစ်ပါတယ်။ အဘိညာဉ်ရမှုမရမှုကတော့ အတိအကျဆုံးဖြတ်လို့မရပါဘူး။ ဘာ့ကြောင့်လဲလို့ဆိုတော့တပည့်တော်တို့ ပရိတ္တတိက်မှာ ''ပရိတ္တာရမ္မာ၊ မဟဂ္ဂတာရမ္မာ၊ အပ္ပမာဏာရမ္မာ''လို့ ဟောတဲ့နေရာမှာ ''အာရမ္မဏပစ္စယာ နိဿယေဒွေ''ရယ်လို့ဟောခဲ့လို့ရှိရင် အဘိညာဉ်ပါမှာဘဲ။ဘာ့ကြောင့်?မဟဂ္ဂတာရမ္မာ-အရ မဟဂ္ဂုတ်တရားတွေဖြစ်နေတော့ မဟဂ္ဂုတ်ထဲမှာ အဘိညာဉ်ပါပါတယ်။အဲဒီတော့ (ပ-ပ) လို့ဆိုတဲ့ ပရိတ္တာရမ္မဏပစ္စည်းရဲ့ ပစ္စယုပ္ပန်တွေအကုန်ပါပါတယ်။ ဒီတော့ (ပ-ပ)(ပ-ဒု)လို့ ၂ချက်ရမယ်လို့ဆိုရင် ဒီအဘိညာဉ်ဟာပါမှာဘဲ။ဒီလိုမှမဟုတ်ဘဲ''အာရမ္မဏပစ္စယာနိဿယေဧကံ''လို့ ဟောခဲ့လို့ရှိရင်အဘိညာဉ်မပါဘူး။ အဲဒီလို အတိအကျလက်ညှိုးထိုးပြီးပြနိုင်ဘို့ရာအတွက်ကလဲ ပရိတ္တတိက်မှာ ဒီသဘာဂတရားတွေကိုလုံးဝမဟောပါဘူး။အဲဒါကြောင့် လက်ညှိုးထိုးလို့လဲမပြနိုင်ပါဘူး။ ဝတ္ထာရမ္မဏရဲ့ကိစ္စပြီးကြပါစို့။

## အာရမ္မဏပုရေဇာတာဓိပတိ

ပြီးတော့အာရမ္မဏပုရေဇာတာဓိပတိ၊ဒီအာရမ္မဏပုရေဇာတာဓိပတိပစ္စည်းဟာလဲ ပဋ္ဌာနပါဠိတော်မှာ သီးခြားပစ္စည်းအနေနဲ့မရှိပါဘူး။ အာရမ္မဏာ ဓိပတိနဲ့ အာရမ္မဏပုရေဇာတပစ္စည်းတို့ရဲ့ သဘာဂကိုရှာတဲ့အခါမှာ ထွက်လာတဲ့တရားဖြစ်ပါတယ်။ သင်္ချာဏ်း

သဘာဂများမှာ''အဓိပတိပစ္စယာ ပုရေဇာတေကံ''လို့ ဟောပါတယ်။ ဆဋ္ဌာနများမှာလဲ ''အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတန္တိ ကော 'လို့ဟောပါတယ်၊ ဒီလိုဟောတော့ အာရမ္မဏပုရေဇာတာ ဓိပတိရဲ့ သဘောဟာကော်-ရကြောင်းသေချာပါတယ်။ သဘာဂရှာတယ်ဆိုတာပစ္စည်းနှစ်ခုရဲ့ ပစ္စည်းပစ္စယုပ္ပန်များကို ကြည့်ပြီးအရဘူတာကိုရှာရပါတယ်၊ အာရမ္မဏပုရေဇာတမှာ ရှိတဲ့နိပ္ဖန္နရုပ်(၁၈)ခုဟာ အာရမ္မဏာဓိပတိမှာရှိလေတော့ နိပ္ဖန္နရုပ်(၁၈)ခုရမှုသေချာပါတယ်၊ ဒါပေမဲ့ အာရမ္မဏာဓိပတိက အလေးအမြတ်ပြုအပ်တဲ့ နိပ္ဖန္နရုပ်ဖြစ်လေတော့ ဒီနိပ္ဖန္နရုပ်ဟာ အလေးအမြတ်ပြုအပ်တဲ့ ဣဋ္ဌဖြစ်တဲ့နိပ္ဖန္နရုပ်ဖြစ်ပါတယ်။အာရမ္မဏာ ဓိပတိက ကာလသုံးပါးနဲ့ ဆက်ဆံတယ်၊ အာရမ္မဏပုရေဇာတက ပစ္စုပ္ပန်ကာလနဲ့သာ ဆက်ဆံတော့ ဒီနိပ္ဖန္နရုပ်ဟာပစ္စုပ္ပန်နိပ္ဖန္နရုပ်ဖြစ်ရပါမယ်။ ပစ္စယုပ္ပန်ဘက်ကိုကြည့်လိုက်ရင် အာရမ္မဏပုရေဇာတမှာ ကာမစိတ် ၅၄ ခုရှိပါတယ်။ အာရမ္မဏာဓိပတိရဲ့ ပစ္စယုပ္ပန်မှာ လောဘမူမဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ်များရှိလေတော့ ဒီတရားတွေဟာ အာရမ္မဏပုရေဇာတပစ္စယုပ္ပန်ကာမစိတ် ၅၄ ခုထဲမှာဝင်ပါတယ်။ ဒီတော့ ပစ္စယုပ္ပန်တရားများဟာ နှစ်ဘက်ရသဘောအတိုင်း လောဘမူမဟာကုသိုလ်နဲ့ မဟာကြိယာ ဉာဏသမ္ပယုတ်များရသင့်ပါတယ်။ ဒီလိုရသင့်ပါလျက် သဒ္ဒသင်္ချာမှာ ဘာရေးထားသလဲ? ''လောဘမူ စိတ်ရှစ်ခုအားတင်သော''လို့လောဘမူစိတ်တခုကိုသာ ဘာ့ကြောင့် ရေးထားရသလဲ? စဉ်းစားစရာဖြစ်လာပါတယ်။ ဒီသဘာဂရဲ့ သဘောအတိုင်းယူရင် ''အဓိပတိပစ္စယာပုရေဇာတေကံ''ရယ်လို့မဖြစ်တော့ဘဲ''တိဏိ''ရယ်လို့ ဖြစ်ရလိမ့်မယ်။အဗျာကတော အဗျာကတဿ၊အဗျာကတော ကုသလဿ၊ကြိယာအတွက် အဗျာကတာ၊ကုသိုလ်အတွက်ကုသလဿ၊ လောဘမူအတွက် အကုသလဿရယ်လို့'တိဏိ'ဖြစ်ရလိမ့်မယ်။ ဒီတော့ 'ဧကံ'ရယ်လို့ဖြစ်နေတာဟာ ရုပ်တရားကို ကုသိုလ်ကြိယာတွေက ဘယ်တော့မှ အလေးအမြတ်အာရုံမပြုကြဘဲ လောဘမူကသာ အလေးအမြတ်အာရုံပြုကြောင်းကို ဟောထားတာဖြစ်ပါတယ်။ လွယ်လွယ်စဉ်းစားရင် အာရမ္မဏာ ဓိပတိသရုပ်ခွဲဇယားကိုကြည့်ပါ။ ပစ္စည်း နိပ္ဖန္နရုပ်ရှိရာမှာ ပစ္စယုပ္ပန်ဟာ လောဘမူသာရပါတယ်၊ အောက်ကိုဆက်ကြည့်ရင် မဟာကုသိုလ် မဟာကြိယာတွေရဲ့ ပစ္စည်းတရားမှာ ရုပ်တရားမရှိပါဘူး။ ဒီတော့ပစ္စည်းရုပ်ရှိနေရင်ပစ္စယုပ္ပန်မှာ လောဘမူသာရှိရမည့်အတွက် ''အဓိပတိပစ္စယာ ပုရေဇာတေ ဧကံ''လို့ ဟောထားတာဖြစ်ပါတယ်၊

အလေးအမြတ်ပြုအပ်တဲ့ ဒီရုပ်တရားတွေနဲ့စပ်လို့ သက်သေ ထုတ်ပြရမယ်ဆိုရင် ကုသဇာတ်မှာ ပဘာဝတီရဲ့ ရုပါရုံဟာ အာရမ္မဏပုရေဇာတာဓိပတိ ပစ္စည်း တရားဖြစ်ပါတယ်။ အလောင်းတော် ကုသမင်းရဲ့ သန္တာန်မှာဖြစ်နေတဲ့ လောဘမူ စိတ် ဟာ အာရမ္မဏပုရေဇာတာ ဓိပတိရဲ့ ပစ္စယုပ္ပန်တရားဖြစ်ပါတယ်။ ပဘာဝတီရဲ့ ရူပါရုံဆိုတဲ့ အဆင်း ကသခင် ကုသမင်းရဲ့ လောဘမူစိတ်က အာရမ္မဏ ပုရေဇာတာဓိပတိ သဘောအတိုင်း ကျွန်ဖြစ်နေပါတယ်၊ ပဘာဝတီရဲ့ ရုပါရုံခိုင်းစေချက်ကြောင့် ကုသမင်းကြီးဟာ ယူဇနာ တရာဝေးတဲ့ခရီးကို နေ့ချင်းပေါက်သွားရတယ်၊ ရှင်ဘုရင်ဖြစ်နေပါလျက်နဲ့ အိုးသုပ်ရ၊ ဖျာယက်ရဆိုတဲ့ အလုပ်တွေကိုလုပ်နေရတယ်၊ ဒီပြင်-ဥမ္မာဒန္တီဇာတ်များမှာ သိဝိမင်းကြီး

ဟာ မိမိသန္တာန်၌ဖြစ်ပေါ်လာတဲ့ လောဘကို မထိန်းသိမ်းနိုင်ဘဲ အရှုံးသဖွယ်ဖြစ်ရတာလဲ ဥမ္မာဒန္တီရဲ့ရူပါရုံကြောင့် ဖြစ်ပါတယ်။

သဒ္ဒါရုံကတော့ မြတ်စွာဘုရားရဲ့ညီတော် နန္ဒမင်းသားကို လက်ထပ်မင်္ဂလာပြုလုပ်မဲ့နေ့မှာ မြတ်စွာဘုရားက နန္ဒမင်းသားကို သပိတ်ထမ်းခေါ်သွားပါတယ်။ အဲဒီလိုခေါ်သွားကြောင်းကို ဇနပဒကလျာဏီမင်းသမီးလေးက သိလေတော့ လေသာပြတင်းတံခါးက နေရပ်ပြီး''တုဝဋ္ဋံ ခေါ အယျပုတ္တ အာဂစ္ဆေယျာသိ''အရှင့်သား မြန်မြန်ကြီး ပြန်ကြွခဲ့ပါလို့ မှာလိုက်တဲ့စကားသံသဒ္ဒါရုံ အာရမ္မဏပုရေဇာတာဓိပတိ ပစ္စည်းဟာ နန္ဒမင်းသားရဲ့ လောဘစိတ်အစဉ်မှာ စွဲမြဲပြီး ဒီအသံကလေးကိုဘဲ ကြားယောင်နေပါတယ်။ ထိုနည်းတူစွာ ဂုတ္တိလစောင်းဆရာရဲ့ စောင်းသံဆိုတဲ့ သဒ္ဒါရုံအာရမ္မဏပုရေဇာတာဓိပတိ ပစ္စည်းကြောင့် ပြည့်တန်ဆာမဟာ လောဘရဲ့အရှိန်သတ္တိကြောင့် ဘာကိုမျှ မဆင်ခြင်နိုင်ဘဲ လေသာပြူတင်းက ခုံဆင်းခဲ့မိပါတယ်။

ရသာရုံကတော့ လူသားဆိုတဲ့ရသာရုံ အာရမ္မဏပုရေဇာတာဓိပတိပစ္စည်းက ပေါရိသာဒမင်းရဲ့ သန္တာန်မှာဖြစ်တဲ့ လောဘမှုစိတ်အား ကျေးဇူးပြုလေတော့ ပေါရိသာဒမင်းဟာ တိုင်းပြည်ကြီးကို စွန့်ခွာရသည်အထိ ဖြစ်သွားပါတယ်။ မြန်မာပြည်ရာဇဝင်မှာ ပဥ္စပါဠိရဲ့ ဖောဋ္ဌဗ္ဗာရုံအာရမ္မဏပုရေဇာတာဓိပတိ ပစ္စည်းဖြစ်ပုံ၊ အင်္ဂလန်ပြည်ကြီးရဲ့ ရှင်ဘုရင်ဖြစ်မဲ့ ဝေလမင်းသားဟာ မစ္စစ်ဆင်မဆင်ရဲ့ ရူပါရုံစသည်ကြောင့် ရှင်ဘုရင်အဖြစ်ကို စွန့်လွှတ်နိုင်တာတွေ၊ နေ့စဉ်သတင်းစာများမှာ မိမိရဲ့ရင်သွေး ဖြစ်ကြတဲ့သားသမီးများကို အမွေပြတ် ကြော်ငြာရသည်အထိ ဖြစ်ရပုံများဟာ အာရမ္မဏပုရေဇာတာဓိပတိပစ္စည်းရဲ့ သာမန်အာရုံများထက် လွန်လွန်ကဲကဲ ဆွဲဆောင်နိုင်တဲ့ သတ္တိထူးရှိကြလို့ ဖြစ်ပါတယ်။

ယခုပြောနေတဲ့ ရူပါရုံစသည်တွေသာ အာရမ္မဏပုရေဇာတာဓိပတိ ပစ္စည်းဖြစ်တာမဟုတ်သေးပါဘူး။ သုဒ္ဓသင်္ချာမှာဆိုခဲ့တဲ့အတိုင်း စက္ခုသောတစတဲ့ နိပ္ဖန္နရုပ် (၁၈) ခုလုံးလဲ အာရမ္မဏပုရေဇာတာဓိပတိရဲ့ ပစ္စည်းတရားများ ဖြစ်ကြပါတယ်။ ဒီတော့ သမင်မရဲ့မျက်လုံးလို အလွန်လှပကြည်လင်တဲ့ စက္ခုပသာဒကိုလဲ အလေးအမြတ် အာရုံပြုပြီးဖြစ်နိုင်ကြပါတယ်။ ဒီနေရာမှာ စဉ်းစားစရာလေး တခုက ယခုပြောခဲ့တဲ့ ရူပါရုံကို လူတယောက်က အလေးအမြတ် အာရုံပြုနေရင် ကျန်တဲ့လူတွေအားလုံးကလဲ အလေးအမြတ် အာရုံပြုကြသလားဆိုတော့ အချို့ပုဂ္ဂိုလ်တွေက အလေးအမြတ် အာရုံပြုကြမယ်မဟုတ်ပါဘူး။ လူတယောက်ထဲသော်မှ အမြဲအလေးအမြတ် အာရုံပြုမနေပါဘူး။ ''နဝံပိယံ''ဆိုတဲ့အတိုင်း အလေးအမြတ် အာရုံပြုအပ်တဲ့ အာရုံဘခုကို ရလာတဲ့အခါ ဒီပုဂ္ဂိုလ်ဟာ ဒီအာရုံကို အာရုံပြုပြီး လောဘနဲ့ယှဉ်တဲ့ ပီတိသောမနဿစိတ်တွေ ဖြစ်နေပါတယ်။ ဒါပေမဲ့ နေ့စဉ်နေ့တိုင်း မြင်နေရတော့ ရိုးသွားပြီး အလေးအမြတ် အာရုံမပြုတော့ပါဘူး။

နန္ဒမင်းသားရဲ့ ဝတ္ထုကိုကြည့်ရင် ဘုရားကနတ်ပြည်ခေါ်သွားလို့ နတ်သမီးတွေရဲ့ရူပါရုံကို မြင်ရတဲ့အခါမှာ ဇနပဒကလျာဏီရဲ့ရူပါရုံဟာ လမ်းပေါ်က သစ်ငုတ်တိုပေါ်

မှာ မြင်ခဲ့ရတဲ့ မျောက်အိုမကြီးနဲ့ တူနေပါတယ်။ နတ်သမီးရဲ့ ရုပါရုံကိုသာ အလေးအမြတ် အာရုံပြုနေပါတယ်။ ထို့ပြင် လူ့ပြည်ကလူတွေက ဒီအာရုံကို ဘယ်လောက်ဘဲအလေးပြုနေနေ နတ်ပြည်က နတ်များကတော့ အလေးအမြတ်မပြုကြပါဘူး၊ ဘောရှာကပုဂ္ဂိုလ်များဟာ ရှေးရှေးကမမြင်ဘူး မကြားဘူးသေးတဲ့ အာရုံဘခုကို အလေးအမြတ်အာရုံပြုပေမဲ့ မြင်ဘူးကြားဘူးလှပြီဖြစ်တဲ့ မြို့ကပုဂ္ဂိုလ်များကတော့ အလေးအမြတ်အာရုံ မပြုကြပါဘူး။

ဒီသဘောတရားတွေဟာ လောဘမူပစ္စယုပ္ပန်နေရင် ရုပ်ကိုသာ အလေးအမြတ် အာရုံပြုကြောင်း အာရမ္မဏပုရေဇာတာဓိပတိ ပစ္စည်းပစ္စယုပ္ပန်သဘောအရ ပြောနေတာဖြစ်ပါတယ်၊ ဒီအာရမ္မဏ ပုရေဇာတာဓိပတိသဘောနဲ့ ပတ်သက်လို့ စင်းစားစရာတခု ရှိပါတယ်။ မြတ်စွာဘုရားလက်ထက်က ဝက္ကလိမထေရ် ရယ်လို့ရှိပါတယ်၊ ဒီမထေရ်ကြီးဟာ ကိုယ်ကျိုးစီးပွား အတွက် တောတောင်ထွက်ပြီး တရားကိုပင် အားမထုတ်နိုင်ရှာဘဲ မြတ်စွာဘုရားရဲ့ ရုပကာယတော်ကြီးကိုသာ လည်ပင်းတမျှော်မျှော် မော်ပြီးကြည့်နေရှာပါတယ်။ မြတ်စွာဘုရားက ဒဿနာနုတ္တရိယဂုဏ်နဲ့ပြည့်စုံလေတော့ ကြည့်ရှုဖူးမြင်ရတဲ့ပုဂ္ဂိုလ်တွေမှာ အားရတင်းတိမ်ရောင့်ရဲမှုမရှိနိုင်ကြပါဘူး။ မြတ်စွာဘုရားရဲ့ အဆင်းတော်ဟာ အာရမ္မဏပုရေဇာတာဓိပတိပစ္စည်းအစစ်ဖြစ်ပါတယ်။ ဒီလိုအလေးအမြတ် အာရုံပြုအပ်တဲ့ မြတ်စွာဘုရားရဲ့ အဆင်းတော်ကို အာရုံပြုနေတဲ့ ဝက္ကလိမထေရ်ကြီးရဲ့ သန္တာန်မှာ ဘာစိတ်တွေဖြစ်နေပမလဲ? မဟာကုသိုလ် စိတ္တုပ္ပါဒ်တွေ ဖြစ်နေဘယ်လို့ဆိုရင် ပဋ္ဌာန်းမသင်ဘူးတဲ့ ယခုပြောနေတဲ့အာရမ္မဏပုရေဇာတာ ဓိပတိကို သဘောမကျဘဲ့ ပုဂ္ဂိုလ်ဟူသမျှ အားလုံးကပင် သဘောကြကျေနပ်ကြပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့မြတ်စွာဘုရားရှင်ရဲ့ ရုပါရုံတော်ကြီးကို အလေးအမြတ်အာရုံပြုနေလို့ဟု ပြောကြပါလိမ့်မယ်။

ပဋ္ဌာန်းတရားတော်ကတော့ အဆင်းတော်ဆိုတဲရုပါရုံကိုသာ အလေးအမြတ်အာရုံပြုတဲ့အခါ ဘယ်ပုဂ္ဂိုလ်ရဲ့အဆင်းဖြစ်ဖြစ် မဟာကုသိုလ်မဖြစ်နိုင်ပါဘူး။ အဆင်းတော်ဆိုတဲ့ ရုပါရုံဟာ အဗျာကတတရားဖြစ်ပါတယ်၊ အဗျာကတတရားကို အလေးအမြတ်အာရုံပြုပြီး ကုသိုလ် ဖြစ်နိုင်တာကတော့ အာရမ္မဏာဓိပတိက ပြောခဲ့တဲ့အတိုင်း သေက္ခပုဂ္ဂိုလ်များဟာ မိမိတို့အသီးသီးရခဲ့ကြတဲ့ ဖိုလ်ကိုဖြစ်စေ နိဗ္ဗာန်ကိုဖြစ်စေ အလေးအမြတ်အာရုံပြုတဲ့အခါ ဖိုလ်က မဟာကုသိုလ် ဉာဏသမ္ပယုတ်ကို ကျေးဇူးပြုမယ်။ နိဗ္ဗာန်က ဂေါတြဘူ၊ ဝေါဒါန်မဂ်တရားများကို ကျေးဇူးပြုတယ်။ ဒီအခါမှာသာ မဟာကုသိုလ်နဲ့ မဂ်ကုသိုလ်ဖြစ်နိုင်ကြောင်းကို အာရမ္မဏာဓိပတိပစ္စည်းတုံးက "သေက္ခာဖလံဂရုံကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံဂရုံကတွာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အဓိပတိပစ္စယေန ပစ္စယော" လို့ဟောခဲ့ပါတယ်။ ဒါဖြင့် ဒီဝက္ကလိမထေရ်ကြီးရဲ့သန္တာန်မှာ ဘာစိတ်တွေဖြစ်ပါမလဲ? ပဋ္ဌာန်းဒေသနာတော်ကြီးအရ လောဘမူစိတ်သာဖြစ်ကြောင်းကို ယခုအာရမ္မဏပုရေဇာတာဓိပတိပစ္စည်းမှာ "ရူပေ ဂရုံကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ" လို့ ဆိုခဲ့တယ်မဟုတ်ဘူးလား။

တဖန်မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားတော်ကို ဟောလို့ ပြီးဆုံးတဲ့ သီတင်းကျွတ်လပြည့်နေ့မှာ တာဝတိံသာနတ်ပြည်က သင်္ကဿနဂိုရ်ပြည်သို့ စောင်းတန်းသုံးသွယ်နဲ့ ကြွဆင်းလာတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားရှင်ရဲ့ အလွန်တရာထူးကဲတဲ့ ကြက်သရေတော်ကို ရှုမြင်ကြပြီး (၃၆) ယူဇနာအတွင်းမှာ ရှိကြတဲ့ ဘုရားဖူးပရိသတ်တွေဟာ တယောက်မကျန် ဘုရားဆုတောင်းကြတယ်။ ဘုရားဆုမတောင်းတဲ့ပုဂ္ဂိုလ်ရယ်လို့ မရှိကြဘူး။ အဲဒီလိုမရှိကြောင်းကို မ္မေပဒအဋ္ဌကထာမှာ ''တံ ဒိဝသံ ဗုဒ္ဓသိရိံ ဒိသွာ ဆတ္တိံသ ယောဇန ပရိမဏ္ဍလာယ ပရိသာယ ဗုဒ္ဓဘာဝံ အပတ္ထယမာနော နာမ နတ္ထိ''လို့ မိန့်ဆိုပါတယ်၊ အဲဒီလိုမိန့်ဆိုတဲ့နေရာမှာ မြတ်စွာဘုရားရဲ့ အဆင်းတော် ကြက်သရေတော်တွေကို အလေးအမြတ်အာရုံပြုကြပြီး ဘုရားဖြစ်ချင်တဲ့ လောဘမူစိတ်တွေဖြစ်ကြတာပါဘဲ။

ဒီနေရာမှာ စောဒနာစရာကလေးတခုရှိပါတယ်။ ဝက္ကလိမထေရ်ကြီးဟာ မြတ်စွာဘုရားရဲ့ရုပါရုံကို အလေးအမြတ်အာရုံမပြုဘဲ မြတ်စွာဘုရားရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကိုအလေးအမြတ်အာရုံပြုနေမယ်၊ ဘုရားဆုတောင်းကြတဲ့(၃၆)ယူဇနာအတွင်းမှာ ရှိကြတဲ့ ပရိသတ်တွေကလဲ ကြက်သရေတော်ကြီးလို့ဆိုတဲ့ ရုပါရုံကို အလေးအမြတ် အာရုံမပြုကြဘဲနဲ့ သဗ္ဗညုတဉာဏ်ရမှ ဘုရားဖြစ်နိုင်လေတော့ အဲဒီသဗ္ဗညုတဉာဏ်ကိုဘဲ အာရုံပြုရင်ကော လောဘမူစိတ်ဘဲဖြစ်မလားလို့ စဉ်းစားစရာရှိပါတယ်။ အဲဒီအခါမှာ လောဘမူဘဲဖြစ်ရမယ်။ ဘာ့ကြောင့်? သဗ္ဗညုတဉာဏ်ဆိုတာဟာ ကြိယာအဗျာကတ တရားဖြစ်ပါတယ်။ အဲဒီကြိယာကို အာရမ္မဏာဓိပတိရဲ့ တရားမှာကြည့်စမ်းပါ။ ဒီကြိယာကို ဘယ်တရားကသာ အလေးအမြတ်အာရုံပြုသလဲ။ အာရမ္မဏာဓိပတိရဲ့ သရုပ်ခွဲဇယားကြည့်လိုက်ရင် လောဘမူစိတ်ကသာ အလေးအမြတ်အာရုံပြုလေတော့ သဗ္ဗညုတဉာဏ်တော်ကြီးကို တောင့်တနေပေမယ်လို့ လောဘမူစိတ်ဘဲဖြစ်ရပါမယ်။ အာရမ္မဏပုရေဇာတာဓိပတိကိစ္စပြီးကြပါစို့။

## ဝတ္ထာရမ္မဏာဓိပတိ

ဝတ္ထာရမ္မဏာဓိပတိ ကျန်နေပါသေးတယ်။ ဝတ္ထာရမ္မဏာဓိပတိဆိုတာ ''နိဿယ ပစ္စယာ ဥပနိဿယေကော''လို့ ဟောထားတဲ့ သဘာဂဃဋနာများကြရင် အလွယ်တကူ သဘာဂထုတ်တတ်ဘို့ ကောက်တတ်ဘို့ ပြထားတာဖြစ်ပါတယ်။ သီးခြားပစ္စည်းမရှိပါဘူး၊ မရဏာသန္နအခါမှာ ပကတိပဝတ္တိအခါနှစ်မျိုးလုံးအတွက် ဟဒယဝတ္ထုကို အလေးအမြတ်အာရုံပြုတဲ့အခါ၊ မှီတဲ့အခါမှာဖြစ်ပါတယ်။ ဒီဝတ္ထာရမ္မဏာဓိပတိပစ္စည်းအတွက် အထူးပြောစရာမရှိပါဘူး။ ဒါပေတဲ့သဘာဂတရားဖြစ်လာပုံကို စဉ်းစားရင်ပစ္စည်းအတွက် ဟဒယဝတ္ထုကိုတော့ စဉ်းစားစရာမရှိပါဘူး။ ပစ္စယုပ္ပန်ဝတ္ထာရမ္မဏာပစ္စည်းမှာ ဘာတွေရှိသလဲ? မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇောငါးချက်၊ တဒါရုံလို့ရှိပါတယ်။ အဲဒီမနောဒွါရာဝဇ္ဇန်းနဲ့ တဒါရုံဟာအာရမ္မဏူပနိဿယ ပစ္စယုပ္ပန်မှာမရှိတဲ့အတွက် စဉ်းစားစရာမရှိပါဘူး၊ ဒါပေမဲ့ မရဏာသန္နဇောငါးချက်ဆိုတာ ကုသိုလ် အကုသိုလ်ကြိယာ မရဏာသန္နဇောများဖြစ်ပါတယ်။ ဒီဇောတွေကို အာရမ္မဏူပနိဿယပစ္စယုပ္ပန်ကလဲရပါတယ်။ ဒါပေမဲ့ အာရမ္မဏ ပုရေဇာတာဓိပတိကပြောခဲ့တဲ့အတိုင်း အလေးအမြတ်ပြုအပ်တဲ့ ပစ္စည်းတရားက

ဟဒယဝတ္ထုဆိုတဲ့ ရုပ်တရားသာဖြစ်နေလေတော့ ကုသိုလ်ကြီးယာ မရဏာသန္နဇောတွေနဲ့ မဆိုင်တော့ဘဲလောဘမူမရဏာသန္နဇောသာရပါတယ်။ အဲဒါကြောင့် ''အလေးအမြတ်ပြု တတ်သောလောဘမူ မရဏာသန္နဇောငါးချက်အားတတ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှပြန်၍ ရေသည်ရှိသော်(၁၇)ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယ ဝတ္ထု''လို့ သုဒ္ဓသင်္ချာကဆိုထားပါတယ်။ ယနေ့အာရမ္မဏမျိုးရဲ့ကိစ္စအားလုံး ကုန်ပြီးသွား ပါပြီ။

## ဟေတု

ဆက်လက်ပြီးတော့ ဟေတုပစ္စည်းရဲ့ သုဒ္ဓသင်္ချာတခုကို ဆိုလိုက်ကြဦးစို့ စာချက်မှာ နံပါတ် (ခ) မှာရှိပါတယ်။ အာရမ္မဏမျိုးပြီးတော့ သဟဇာတမျိုး ရောက်သာပါပြီ၊ အဲဒီ သဟဇာတမှာ (၁၅)မျိုးရှိပါတယ်။ သဟဇာတအကြီး(၄) ပစ္စည်း၊ သဟဇာတ, နိဿယ, အတ္ထိ,အဝိဂတ။ သဟဇာတအလတ် (၄) ပစ္စည်း၊ အညမည,ဝိပါက,သမ္ပယုတ္တ,ဝိပ္ပယုတ္တ။ ကျန်တာတွေက သဟဇာတအငယ်ဖြစ်ပါတယ်။ သဟဇာတအငယ်ဆိုတာ တရား ကိုယ်သာ ရသဖြင့် တရားအရနည်းတဲ့ ပစ္စည်းတွေဖြစ်ပါတယ်၊ သဟဇာတ အကြီးကတော့ ပစ္စည်း ပစ္စယုပ္ပန် အများဆုံးရပါတယ်။ သဟဇာတအကြီးကို ထောက်လိုက်ရင် တရားအရနည်း ပါတယ်။ အငယ်ကိုထောက်လိုက်ရင် တရားအရ များပါတယ်။ အဲ ဒီ လို ဖြစ် ခြင်း ကြောင့် ဒီလေးပစ္စည်းကို သဟဇာတအလတ်လို့ ခေါ်ပါတယ်။ အဲဒီသဟဇာတမှာ ပဌမ ရှေးဦး စွာ အငယ်ကိုဆိုရပါလိမ့်မယ်။ အငယ်ဆိုတော့ ဟေတုပစ္စည်းဖြစ်ပါတယ်။ သင်္ချာလဲ အား လုံးကုန် အတွက်သတ္တ ရပါတယ်။ သဘာဂ ပစ္စည်းရေတွေမှာ သဟဇာတ(၁၅)ပစ္စည်း ကို ရေးထားပါတယ်၊ ကြက်ခြေကလေး ပြထားဘာကတော့ မ ရ တာ ကို ပြော ပါ တယ်။ ကျန်ဘဲ့ပစ္စည်းတွေ အားလုံးကုန် ရပါတယ်၊ ကြက်ခြေ (၃) ခုပြထားသဖြင့် ကျန်ဘဲ့(၁၂) ပစ္စည်းဟာ ဟေတုပစ္စည်းရဲ့ သဘာဂဖြစ်ပါတယ်။ ဟေတုပါ ယူထားလို့ (၁၂)ဖြစ်ထာပါ။ ဟေတုကိုလွတ်ရင် (၁၁) ဖြစ်ပါတယ်။ ဤသဘောအားလုံးအတွက် ယူဆပါ။ သဘာဂ ဖြစ်ပေတယ်လို့ တပြိုင်နက်ဖြစ်တဲ့ သဘာဂမဟုတ်ပါဘူး။ ယထာရဟဖြစ်တဲ့ သဘာဂဖြစ် ပါတယ်။

## သုဒ္ဓသင်္ချာ

**ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိ သန္ဓေကမ္မဇရုပ်အားတဘ်သော ဟိတ် (၆)ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်းတဘ်သော တရားတို့မည်ကုန်၏။ သင်္ချာသတ္တ၊ ပစ္စည်းရေ (၁၂)ဟူသည်ဘည်း။ **သင်္ချာသတ္တဟူသော် ကား** ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာ ဗျာက တဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကု သလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း၊(ပစ္စည်းရေကြဲဘော့ ကြက်ခြေကလေးတွေမဆိုဘဲ ကွက်လပ်ကလေးတွေဆိုရပါတယ်)၊ ပစ္စည်းရေ (၁၂) ဟူ သော်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဟူသည်တည်း။

ပစ္စည်းဘက်က ဟိတ် (၆)ပါးရှိပါတယ်။ ဟိတ် (၆)ပါးဆိုတာလောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဖြစ်ပါတယ်။ အလောဘ အဒေါသ အမောဟ လို့ဆိုတဲ့ ဟိတ်တွေဟာ ကုသိုလ်ဟိတ်နဲ့လဲ ဆိုင်ပါတယ်။ အဗျာကတ ဟိတ်နဲ့လဲ ဆိုင်ပါတယ်။ သဟဇာတ သဘောက အတူတကွဖြစ်ကြတဲ့ ပစ္စယုပ္ပန်တရားတွေကို ကျေးဇူးပြုကြပါတယ်။ အဲဒီသဟဇာတသဘောကို နောက်မှပြောပြပါ့မယ်။ ဟိတ်(၆)ပါးထဲမှာ ကုသိုလ်ဟိတ်သုံးပါးရှိပါတယ်။ အကုသိုလ်ဟိတ် သုံးပါးရှိပါတယ်။ အဗျာကတဟိတ် သုံးပါးရှိပါတယ်။ ဒီတော့ ကုသလပဒ၊ အကုသလ ပဒ၊ အဗျာကတ ပဒရယ်လို့ သေခြာပါတယ်။ ပစ္စယုပ္ပန်ဘက်ကို ကြည့်လိုက်ရင် "သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်" လို့ရှိပါတယ်။ သမ္ပယုတ္တခန္ဓာလို့ဆိုတာ ဆဝရာ ပြောခဲ့တဲ့ "သဟိတ်စိတ် ၈၁တတ္တတိ၊ မောဟမူဋ္ဌေ မောဟကြဉ်သော စေတသိက်ဒွေပညာသ" ဒီတရားဟာ သမ္ပယုတ္တ ခန္ဓာဖြစ်ပါတယ်။ အဲဒီသဟိတ်စိတ် ၈၁တတ္တတိထဲမှာ ကုသိုလ်တရားပါပါတယ်။ ကုသိုလ်တရားပါတော့ ကုသိုလ်ဟိတ်သုံးပါးဟာ ကုသိုလ်စိတ် ၈၁ဝီသနဲ့ အတူတကွ ဖြစ်နိုင်ခြင်းကြောင့် ကုသလော ကုသလဿ ရပါတယ်၊ ပြီးတော့ သဟိတ်စိတ္တဇရုပ်ရှိပါတယ်၊ ဒီကုသိုလ်ဥပါဒ်တဲ့အခါမှာ ကုသိုလ်ချည်းသာ ဥပါဒ်တာမဟုတ်ဘဲနဲ့ သတ္တဝါတွေရဲ့ သန္တာန်မှာ ကုသိုလ်လို့ဆိုတဲ့ အရှိန်အစော် အာနုဘော်ကြောင့် စိတ္တဇရုပ်တွေဖြစ်လာပါတယ်၊ အဲဒီအခါမှာ ကုသိုလ်ဟိတ်က စိတ္တဇရုင်ကို ကျေးဇူးပြုရင် ကုသလော အဗျာကတဿ ရပါတယ်။ ကုသလော ကုသလဿကတော့ အသညသတ်ဘုံမှတပါး ဘုံ(၃၀)နဲ့ ဆိုင်ပါတယ်။ ကုသလော အဗျာကတဿကြတော့ ပစ္စယုပ္ပန်ရုပ်တရား ဖြစ်ခြင်းကြောင့် ရုပ်နဲ့မဆိုင်တဲ့ အရူပလေးဘုံ မရဘဲနဲ့ ပဉ္စဝေါကာရ (၂၆)ဘုံသာ ဆိုင်ပါတယ်။ ကုသိုလ်ဟိတ်သုံးပါးက ကုသိုလ်နဲ့ အဗျာကတ စိတ္တဇရုပ်တွေကို ကျေးဇူးပြုတဲ့အခါမှာ ကုသလော ကုသလာဗျာကတဿ ရပါတယ်။ အကုသိုလ် သုံးချက်ရမှုကလဲ ဒီသဘောအတိုင်းဖြစ်ပါတယ်။ ကုသိုလ်သုံးချက် အကုသိုလ် သုံးချက်ဟာ ပဝတ္တိအခါကာလမှာသာ ဖြစ်ပါတယ်။

အဗျာကတော အဗျာကတဿကြတော့ ပဝတ္တိ ပဋိသန္ဓေ ၂ မျိုး လုံး ရှိ ပါ တယ်၊ ပဝတ္တိအခါမှာ ဝိပါက်ကြိယာများမှာရှိတဲ့ ဝိပါက်ဟိတ် ၃ ပါး ကြိယာဟိတ် ၃ ပါးတို့က မိမိနဲ့ အတူတကွဖြစ်ပေါ် ဥပါဒ်တဲ့ သမ္ပယုတ္တခန္ဓာလို့ဆိုတဲ့ သဟိတ်ဝိပါက်တွေ သဟိတ်ကြိယာတွေနဲ့တကွ သဟိတ်စိတ္တဇရုပ်တွေကို ကျေးဇူးပြုတဲ့အခါမှာ အဗျာကတော အဗျာကတဿရပါတယ်။ ပဋိသန္ဓေအခါကာလမှာလဲ အလောဘ အဒေါသ အမောဟလို့ဆိုတဲ့ ဟိတ် ၃ ပါးက မိမိနဲ့အတူတကွဖြစ်တဲ့ သဟိတ်ပဋိသန္ဓေနှင့် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်တွေကို ကျေးဇူးပြုတဲ့အခါမှာ အဗျာကတော အဗျာကတဿရပါတယ်။ အဲဒါကြောင့် ဟေတုပစ္စည်းမှာ သင်္ချာဟာ သတ္တ-ဖြစ်ပါတယ်။

ပစ္စည်းရေ (၁၂) ရပ်ကတော့ အကျဉ်းချုပ် ဘယ်လိုမှတ်ထားရသလဲ၊ သဟဇာတ အကြီးဟာ သဟဇာတမျိုးထဲမှာ ခေါင်းဆောင်ဖြစ်ခြင်းကြောင့် အမြဲ ရ ပါ တယ်။ သဟဇာတအလတ်တွေကတော့ ယထာရဟရပါတယ်။ ယထာရဟလို့ဆိုတာ ပစ္စည်း တရား အပြည့်အစုံရပေမဲ့ ပစ္စယုပ္ပန်တရားကို အပြည့်အစုံမရပါဘူး၊ ပစ္စယုပ္ပန်တရား အပြည့်အစုံ

ရပေမဲ့ ပစ္စည်းတရားကို အပြည့်အစုံမရပါဘူး။ လိုရင်းအကျဉ်းချုပ်ကတော့ ဟေတုပစ္စည်း ပစ္စယုပ္ပန်ရသလို အပြည့်အစုံမရခြင်းကြောင့် ယထာရဟ ဖြစ်ပါတယ်။ မိမိဟေတုတစ် ပစ္စည်းထဲ လိုက်ခဲ့လို့ရှိရင် (၉) ပစ္စည်းဖြစ်ပါတယ်။ အလတ် (၄) ပစ္စည်း အကြီး (၄) ပစ္စည်းနဲ့ ဟေတုပစ္စည်း(၉)ပစ္စည်း။ အဲဒီ(၉)ပစ္စည်းဖြစ်တော့ ကျန်တဲ့ ပစ္စည်းတွေကိုသာ လျှင် စဉ်းစားစရာ ရှိပါတော့တယ်။ ကျန်တဲ့ ပစ္စည်းတွေဟာ အငယ်ထဲက ဖြစ်ပါတယ်။ အငယ်ထဲကဖြစ်တော့ ဒီမှာ အဓိပတိရထားတယ်။ အဓိပတိရထားတော့ သဟဇာတ ဓိပတိရဲ့ သုဒ္ဓသချာ ပစ္စည်းတရားကြည့်လိုက်ရင် "အဓိပတိတရားကိုယ် ၃ ပါး ၄ ပါး တို့တွင် တပါးပါး"။အဓိပတိတရားကိုယ် ၄ပါးဆိုတာ ဆန္ဒ စိတ္တ ဝိရိယ ဝိမံသဖြစ်ပါတယ်။ ဆန္ဒ စိတ္တ ဝိရိယနဲ့ ဟိတ် ၆ ပါးမဆိုင်ပါဘူး။ ဒါပေမဲ့ ဝိမံသာဓိပတိ နဲ့ဆိုင်ပါတယ်။ အဲဒါ ကြောင့် အဓိပတိရပါတယ်။ ပြီးတော့ ကမ္မကို ကြက်ခြေပြထားပါတယ်။ ကမ္မဘာကြောင့် မရသလဲ? ကမ္မရဲ့ သုဒ္ဓသချာကြည့်လိုက်ရင် စေတနာသာရှိပါတယ်။ ဒီစေတနာဟာ ဟိတ် ၆ ပါးနဲ့ သဘာဂမဟုတ်ပါဘူး။ အာဟာရမှာ ကြက်ခြေပြပြန်တော့ အာဟာရမှာ ဖဿ စေတနာဝိညာဉ်ရယ်လို့ရှိပါတယ်။ အဲဒီ ဖဿစေတနာ ဝိညာဉ်ဟာ ဟိတ် ၆ ပါးထဲမှာ မပါ ပါဘူး။ ဣန္ဒြိယ မဂ္ဂရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဣန္ဒြိယ သုဒ္ဓသချာကို ကြည့်လိုက်ရင် ပညာဆိုတဲ့တရားကို တွေ့ပါလိမ့်မယ်။ အဲဒီပညာနဲ့ အမောဟဟာ သဘောတူဖြစ်ပါတယ်။ မဂ္ဂမှာလဲ သမ္မာဒိဋ္ဌိရဲ့ တရားကိုယ် ပညာပါပါတယ်။ အဲဒီပညာဟာ အမောဟနဲ့ သဘာဂ ဖြစ်ပါတယ်။ ဈာနကြတော့ ဈာနင်တရားကိုယ် ၅ ပါး ဟာ ဟိတ် ၆ ပါးထဲမှာ မရှိခြင်း ကြောင့် ဒီဈာနနဲ့ လုံးဝမဆိုင်ပါဘူး။ အဲဒါကြောင့် (၁၂) ပစ္စည်းထဲက ကမ္မ အာဟာရ ဈာနကြဉ် ကျန်တဲ့သဟဇာတ အကြီးကအမြဲ တပြိုင်နက်၊ ကြွင်းကျန်တဲ့ (၇) ပစ္စည်းက ယထာရဟ။ဒါကြောင့် တပြိုင်နက် ယထာရဟလို့ဆိုတာဟာ သဟဇာတအကြီး(၄)ပစ္စည်း သည် တပြိုင်နက်၊ ကြွင်းကျန်တဲ့ (၇) ပစ္စည်းက ယထာရဟ ဖြစ်ပါတယ်။ ဒါကြောင့် တပြိုင်နက် ယထာရဟ ပစ္စည်းရေ (၁၂)လို့ ပြထားပါတယ်။ နောက်အပတ်မှ ဆက်ကြ ပါဦးစို့။

သာဓု .... သာဓု .... သာဓု .... ။

# ၁၃၂၉-ခု၊ ဝါခေါင်လဆုတ် (၁၄) ရက်
# ၁၉၆၇-ခု၊ စက်တင်ဘာလ (၃) ရက်၊ တနင်္ဂနွေနေ့
# ပဋ္ဌာန်းကုသလတိက်ပဥှာဝါရဝိဘင်္ဂကို (၁၀) ကြိမ်မြောက်ပို့ချခြင်း

## ဟေတု

စာမျက်နှာ (၃) ကိုကြည့်ပါ။ သဟဇာတအငယ် ပါဠိတော် ဇယားရယ်လို့ ရှိပါတယ်။

အရင်အပတ်က ဟေတုပစ္စည်းရဲ့ သုဒ္ဓသင်္ချာ-သင်္ချာရပုံ-သဘာဂပစ္စည်းရေရပုံကို ပြောခဲ့ပါပြီ။ ဒီတော့ သင်္ချာ-သတ္တ-အရယနေ့ ပါဠိကိုဆိုရပါမယ်။ ပါဠိဆိုတော့ လက်ဝဲဘက်က ပဒက ကု-လို့ရှိပါတယ်။ ကုသလောကုသလဿ။ ပစ္စည်းတရားမှာ ကုသလာရယ်လို့ ရေးထားပါတယ်။ ဟေတုပစ္စည်းဟောချင်ရင် ''ဟေတု''လို့ ထည့်ပေးရပါတယ်။ ပစ္စယုပ္ပန်တရားဘက်ကဆိုင်ရာဖြစ်တဲ့ အမှတ်ကလေးကိုဘဲ ဆိုရပါတယ်။ ပစ္စယုပ္ပန်တရားတွေမှာ ''သမ္ပယုတ္တကာနံ ခန္ဓာနံ၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ ကဋတ္တာစရူပါနံ''လို့ ရေးထားပါတယ်၊ ဒီတော့ ဆိုင်ရာဖြစ်တဲ့ ''သမ္ပယုတ္တကာနံခန္ဓာနံ''ကို ဆိုရပါလိမ့်မယ်။

## ကုသလော ကုသလဿ

ကုသလောဓမ္မော ကုသလဿဓမ္မဿ ဟေတုပစ္စယေနပစ္စယော။ ကုသလာဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေနပစ္စယော။

ကုသလာဟေတူ-အရကကုသိုလ် ဟိတ် ၃ ပါးရှိပါတယ်။ သမ္ပယုတ္တကာနံ ခန္ဓာနံ လို့ဆိုတာ ဒီကုသိုလ်ဟိတ် ၃ ပါးနဲ့အတူတကွဖြစ်ဘဲ့ သူနဲ့ သမ္ပယုတ္တဓမ္မဖြစ်တဲ့ ကုသိုလ်စိတ်စေတသိကဆိုပါလိမ့်မယ်။ စာမျက်နှာ (၃)မှာ အရကောက်ရှိပါတယ်။

**ကုသလော ကုသလဿ** - ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား (လက်ျာဘက်က သမ္ပဒါန်အရ ပစ္စယုပ္ပန်ကို ကြည့်ဆိုရပါတယ်) သမ္ပယုတ္တခန္ဓာအား တတ်သောကုသိုလ်စိတ်ကောဝိသ စေတသိက် အဋ္ဌတိံသစိတ္တုပ္ပါဒတခုတခု၌ရှိသော (လက်ဝဲဘက်က-ဟေ-အကွက်ကို ကြည့်ရပါလိမ့်မယ်။ ၂-က ဒွိဟိတ်ဖြစ်ပါတယ်။ ၃-က တိဟိတ်ဖြစ်ပါတယ်) ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂ ပါး ၃ ပါး ပစ္စည်းတရားရ၏။ ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ကုသိုလ်စိတ် ကောဝိသ၊ စေတသိက်အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဒွိဟိတ် လို့ဆိုတာ ကုသိုလ်စိတ်ကောဝိသထဲက မဟာကုသိုလ်စိတ်တွေမှာ ဉာဏသမ္ပယုတ်-ဉာဏဝိပ္ပယုတ်လို့ ၂ မျိုးရှိပါတယ်။ ဉာဏဝိပ္ပယုတ္တမှာယှဉ်တဲ့ ဟိတ်ဖြစ်ရင် အလောဘ, အဒေါသလို့ ဟိတ် ၂ ပါးရပါတယ်။ ကျန်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်နဲ့ မဟဂ္ဂုတ်လောကုတ္တရာတွေမှာယှဉ်တဲ့ ကုသိုလ်ဟိတ်ဖြစ်ရင် ဟိတ် ၃ ပါးရပါတယ်။ ဒါ

ကြောင့် ၂-၃ လို့ရေးထားပါတယ်။ လက်ျာဘက်က သမ္ပယုတ္တခန္ဓာလို့ဆိုတာ ဒီဟိတ် ၂ ပါး ၃ ပါးနဲ့ ယှဉ်တဲ့ ကုသိုလ်စိတ်စေတသိက်အဋ္ဌတိ သဘဲဖြစ်ပါတယ်။ကရိုဏ်းကြတော့(၁၀)လို့ရေးထားပါတယ်။ (၁၀)ရေးထားတာက ဟေတုပစ္စည်းသုဒ္ဓသင်္ချာမှာ သဘာဂပစ္စည်းရေ(၁၂)ရှိပါတယ်။ ၁၂-ရှိတော့ ဒီအထဲက သဟဇာတအကြီးလို့ဆိုတဲ့ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ-ဒီ(၄)ပစ္စည်းက တပြိုင်နက်လိုက်ပါတယ်။ တပြိုင်နက်လိုက်တယ်လို့ဆိုတာ ယခု ကုသလောကုသလဿလို့ဟောနေတဲ့ ဟိတ် ၂ ပါး ၃ ပါးကို ပစ္စည်းဘက်ကလဲရပါတယ်။ သမ္ပဒါန်ဘက်က ကုသိုလ်စိတ်စေတသိက်အဋ္ဌတိ သလဲရပါတယ်။ ဒါကြောင့် သဟဇာတအကြီး (၄) ပစ္စည်းက တပြိုင်နက်ရပါတယ်။ ဒါတင်လားဆိုတော့ မဟုတ်ပါဘူး၊ အလတ်ထဲက-အညမည-နာမ်ကုန်ရပါတယ်။ သမ္ပယုတ္တနာမ်ကုန်ရတယ်။ နာမ်ကုန်ရသဖြင့် ယခုနာမ်ကိုဟောနေတဲ့ တရားဖြစ်ခြင်းကြောင့် အညမည သမ္ပယုတ္တလဲ တပြိုင်နက်အနေနဲ့ရပါတယ်။ ဝိပါကရဲ့သင်္ချာဟာ အဗျာကတော အဗျာကတဿဖြစ်ပါတယ်။ ဒီမှာ ကုသလောကုသလဿကိုဟောနေသဖြင့် ဝိပါကနဲ့ မဆိုင်ပါဘူး။ ပြီးတော့ သဟဇာတဝိပ္ပယုတ္တရဲ့ သုဒ္ဓသင်္ချာကိုကြည့်ရင် ပစ္စယုပ္ပန်တရားတွေဟာ ရုပ်တွေရှိပါတယ်။ ဒီတော့ ရုပ်တရားပစ္စယုပ္ပန်နေတဲ့အခါမှာသာ ဝိပ္ပယုတ္တပစ္စည်းရပါတယ်။ အဲဒီတော့ သဘာဂပစ္စည်းရေ(၁၂)ခုထဲက ဝိပါကနဲ့ ဝိပ္ပယုတ္တနှုတ်၊ကျန်တဲ့(၁၀)ကို ဆိုရပါလိမ့်မယ်။ ကျန်တဲ့(၁၀)ပစ္စည်းမှာလဲဘဲ ဟေတုရယ် အညမည သမ္ပယုတ္တရယ် သဟဇာတအကြီး ၄၊ အဲဒီ (၇)ပစ္စည်းဟာ တပြိုင်နက်ရပါတယ်။ ကျန်တဲ့အဓိပတိ ဈာန်ဣန္ဒြိယ မဂ္ဂတွေဟာ သူတို့ဆိုင်ရာဖြစ်ဘဲ့ ဝီမံသပညာတွေကိုသာလျှင် ရပါတယ်။ အလောဘ, အဒေါသကို မရပါဘူး။ ဝီမံသာဓိပတိရပြန်တော့လဲ အမောဟနဲ့ သဘာဂဖြစ်ပေမယ်လို့ အမောဟက စိတ် ၄၇ ခုမှာ ယှဉ်ပါတယ်။ ဝီမံသာဓိပတိက တိဟိတ်ဇော ၃၄ ခုမှာယှဉ်တော့ ယထာရဟအနေနဲ့ပါလာဘယ်။ ဝီမံသာဓိပတိဟာ အမောဟလို အပြည့်အစုံမရပါဘူး။ လွယ်လွယ်မှတ်မယ်ဆိုရင် အဓိပတိ ဣန္ဒြိယ မဂ္ဂသုံးပစ္စည်းက ယထာရဟ၊ ကြွင်းကျန်တဲ့(၇)ပစ္စည်းက တပြိုင်နက်ဖြစ်ပါတယ်။ ဒါ့ကြောင့် (၁၀) ပစ္စည်းကို ဖေါ်ပြီးဆိုရပါမယ်။ ဒီ သဟဇာတအငယ်တွေမှာ သဟဇာတ(၁၅)မျိုးရဲ့ ပစ္စည်းစဉ်ကလေးကိုတော့ သိထားရပါလိမ့်မယ်။

ဟေတုပစ္စယေနဟူသော **ကရိုဏ်းပါဠိ** ၏ အရကား တပြိုင်နက် ယထာရဟတဘ်ကောင်းသောဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၅၌ (၁၀) ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလောအဗျာကတဿ

ကုသလောကုသလဿ ပြီးသွားပါပြီ။ ကုသလောအဗျာကတဿကြတော့ ခုနက ပြောခဲ့တဲ့ ဟိတ် ၂ ပါး ၃ ပါးက စိတ္တဇရုပ်အား ကျေးဇူးပြုပါလိမ့်မယ်။ ဒီမှာလဲ အမှတ်ရှိတဲ့အတိုင်း စာမျက်နှာ(၃)မှာ ပါဠိဆိုရပါလိမ့်မယ်။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူစိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

အရကောက်ကလဲ စိတ္တဇရုပ်ကို ကျေးဇူးပြုရပါလိမ့်မယ်။ ကုသိုလ်စိတ္တုပ္ပါဒ်ရယ်လို့ ဖြစ်လာတဲ့အခါမှာ ဒီကုသိုလ်စိတ္တုပ္ပါဒ်မှာ အတူတကွဖြစ်တဲ့ ဒွိဟိတ် တိဟိတ် ရှိပါတယ်။ အဲဒီဒွိဟိတ် တိဟိတ် ပေါ်လာတဲ့အခါမှာ ဆိုင်ရာဖြစ်တဲ့ စိတ္တဇရုပ်တွေ ပေါ်လာပါတယ်၊ ကရိယာကတော့ ပစ္စယုပ္ပန် စိတ္တဇရုပ်နေသဖြင့် အညမညနဲ့ သမ္ပယုတ္တ မဆိုင်တော့ပါဘူး။ ဝိပါကဆိုတာက အဗျာကတော အဗျာကတဿကြမှ ရပါတယ်။ စိတ္တဇ ရုပ် ရ ခြင်း ကြောင့် ဝိပ္ပယုတ္တရပါတယ်။ သဟဇာတ အကြီးကတော့ အမြဲတပြိုင်နက် ဖြစ်ပါတယ်။ ဟေတုနဲ့ ၅ ပစ္စည်းဟာ တပြိုင်နက်ဖြစ်ပါတယ်။ စိတ္တဇရုပ်ပါလာခြင်းကြောင့် ဝိပ္ပယုတ္တလဲတပြိုင်နက် ဖြစ်ပါတယ်။ ကျန်တဲ့ အဓိပတိ ဣန္ဒြိယ မဂ္ဂတွေဟာ ယထာရဟ ဖြစ်ပါတယ်။ ဒီတော့ အလတ်ထဲက ဝိပ္ပယုတ္တပစ္စည်းတခုဘဲ ပါလာပါတယ်။ ဒါက ကရိယာအတွက်ပါ။

**ကုသလော အဗျာကတဿ** ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား စိတ္တဇရုပ် အားတတ်သော (ပစ္စယုပ္ပန်ရုပ် ဖြစ်နေရင် အမြဲဘုံ သတ်ရပါတယ်။ အရူပဘုံမှာ ရုပ်မရှိပါဘူး) ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဌတ်သ စိတ္တက္ခဏ တခုတခု၌ရှိသော (ခုနကအတိုင်းပါဘဲ) ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ် ဖြစ်အံ့ အလောဘ,အဒေါသ,အမောဟ။ ဤဟိတ် ၂ ပါး ၃ ပါး ပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿ - ဟူသော **သမ္ပဒါန်**ပုဒ်၏ ရကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ဟေတုပစ္စယေန ဟူသော **ကရိယာ**ပါဌ်၏ အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၉)ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ကုသလော ကုသလဿတုံးကတော့ ဘုံမသတ်ပါဘူး။ ဘာ့ကြောင့်? ကုသလော ကုသလဿမှာ အဘာညသတ်ဘုံမှတပါး အရူပ(၄)ဘုံလဲရတယ်။ ပဉ္စဝေါကာရ(၂၆)ဘုံလဲရတယ်။ ဘုံ(၃၀)နဲ့ ဆိုင်ပါတယ်။ ကုသလော အဗျာကတဿကြတော့ အရူပဘုံနဲ့ မဆိုင်ပါဘူး။ ပဉ္စဝေါကာရ(၂၆)ဘုံဘဲ ဆိုင်ပါတယ်။ ရုပ်ပါလာရင် ပဉ္စဝေါကာရ(၂၆) ဘုံဘဲရပါလိမ့်မယ်။ ကုသလော ကုသလာ ဗျာကတဿ အတွက် ပါဠိက—

## ကုသလော ကုသလာ ဗျာကတဿ

ကုသလော ဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော။

ပစ္စည်းကတော့ မထူးပါဘူး။ ပစ္စယုပ္ပန်မှာ စိတ္တဇရုပ်ပါလာရင် ပဉ္စဝေါကာရဘုံလို့ဆိုရပါတယ်။ ပစ္စယုပ္ပန်ကလဲ ကုသလာ ဗျာကတဿ ဖြစ်ခြင်းကြောင့် ကုသလာအရ ကုသလော ကုသလဿအတိုင်း ဖြစ်ပါတယ်၊ ရုပ်ပါလာသဖြင့် စိတ္တဇရုပ်လို့ဆိုရပါတယ်။ ကရိယာကျတော့ အလတ်နဲ့ လုံးဝမဆိုင်တော့ပါဘူး။ အလတ်ရဲ့တရားတွေမှာ ကုသိုလ်စိတ္တဇရုပ်အား ကျေးဇူးပြုနိုင်တဲ့ တရားမရှိပါဘူး။ တနည်းအားဖြင့် သဟဇာတ အလတ်

ဖြစ်တဲ့ အညမည ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တတွေရဲ့ သင်္ချာကိုကြည့်ရင် ကုသလော ကုသလာ ဗျာကတဿလို့ဆိုတဲ့ သင်္ချာမရှိပါဘူး။ ဒါ့ကြောင့် အလတ် (၄) ပစ္စည်းနဲ့ လုံးဝမဆိုင်တော့ပါဘူး။ လုံးဝမဆိုင်သဖြင့် ကျန်တဲ့(၈) ပစ္စည်းဘဲရှိပါတယ်။ အဲဒီကျန်တဲ့ (၈) ပစ္စည်းမှာလဲ ဟေတုနဲ့ သဟဇာတအကြီး (၄)ပစ္စည်းပေါင်း (၅)ပစ္စည်းသည်သာတပြိုင်နက် ဖြစ်ပါတယ်။ ကြွင်းကျန်တဲ့ ပစ္စည်းတွေက ယထာရဟဖြစ်ပါတယ်။

**ကုသလော ကုသလာ ဗျာကတဿ၌** ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားဘတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ်စေတသိက အဒ္ဒတိသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂ ပါး ၃ ပါး ပစ္စည်းတရားရ၏။ ကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား ကုသိုလ်စိတ် စေတသိက စေတသိက် အဒ္ဒတိံသ သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ဟေတု ပစ္စယေနဟူသော **ကရိုဏ်း**ပဒ်၏အရကား တပြိုင်နက် ယထာရဟတတ် ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊အတ္ထိ၊ အဝိဂတ-ဤ(၈)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

## အကုသလော အကုသလဿ

အကုသလော အကုသလဿစတဲ့ ၃-ချက်မှာလဲ ကုသလောကုသလဿနဲ့ သဘော အတူတူပါဘဲ။

အကုသလောဓမ္မော အကုသလဿဓမ္မဿ ဟေတုပစ္စယေနပစ္စယော။ အကုသလာ ဟေတူ သမ္ပယုတ္တကာနံခန္ဓာနံ ဟေတုပစ္စယေနပစ္စယော။

အရကောက်ကြတော့ အကုသိုလ်ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်ဖြစ်ပါတယ်။ ပစ္စည်း(၁-၂)လို့ဆိုရတာက အကုသိုလ်မှာ လောဘ ဒေါသ မောဟရယ်လို့ဟိတ် ၃-မျိုးရှိပါတယ်။ သောဘမူစိတ်ရှစ်ခုသည် ဒွိဟိတ်စိတ်ဖြစ်ပါတယ်၊ ဒွိဟိတ်စိတ်ဖြစ်တော့ လောဘ မောဟရယ်လို့ ဟိတ် ၂-ပါးရှိပါတယ်။ ဒေါသမူစိတ်မှာလဲ ဒေါသ မောဟရယ်လို့ ဟိတ် ၂-ပါးရှိပါတယ်။ မောဟကြတော့ မောဟဟိတ် ၁-ပါးထဲရှိပါတယ်၊ သူ့မှာယှဉ်ဖေါ် ယှဉ်ဘက်ဖြစ်တဲ့ဟိတ်မရှိပါဘူး၊ အဲဒါကြောင့် ၁-၂ အရသည်ဟိတ် ၁ ပါး ၂-ပါးဖြစ်ပါတယ်၊ ပစ္စယုပ္ပန် ဘက်ကကုသလော ကုသလဿတုံးက လိုဘဲ သမ္ပယုတ္တခန္ဓာဟာ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသရပါတယ်။ စေတသိက်သတ္တဝီသမှာ မောဟမူ၌က မောဟကြဉ်ပေးရပါလိမ့်မယ်။ ဟေတုပစ္စည်းရဲ့သုဒ္ဓသင်္ချာ သမ္ပယုတ္တခန္ဓာအရသည် ဆေါ်ရေပ္ပ ယုပ္ပန်ကဆိုခဲ့တဲ့တရားဖြစ်ပါတယ်၊ ဆပါရ ပစ္စယုပ္ပန်မှာ သဟိတ်စိတ်ကေသတ္တတိ၊ မောဟမူ၌ မောဟကြဉ်သော စေတသိက်ဒွေပညာသလို့ မောဟကိုကြဉ်ပေးရပါတယ်၊ ဒါကြောင့် သမ္ပယုတ္တခန္ဓာအရမှာလဲ မောဟကြဉ်ပေးရပါလိမ့်မယ်၊

**အကုသလော အကုလဿ၌** - အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအားတတ်သော အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသ

စိတ္တက္ခဏာဘခုတခုဌ်ရှိသော လောဘမှုဖြစ်အံ့ လောဘ မောဟ၊ဒေါသမှုဖြစ်အံ့ ဒေါသ မောဟ၊ မောဟမှုဖြစ်အံ့ မောဟ၊ ဤဟိတ် ၁-ပါး ၂-ပါး ပစ္စည်းတရားရ၏၊ အကုသလသ မ္မေသဟူသော**သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ်ဥါဒသ၊မောဟမူ၃ခု၌ မောဟကြဉ်သော စေတသိက်သတ္တဝိသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ကရိုဏ်းကြတော့အဓိပတိ၊ ဈာန်ယ၊ မဂ္ဂ- ဒီ(၃)ပစ္စည်းကို မရတော့ပါဘူး။ ဘာဖြစ်လို့မရသလဲ? အဓိပတိဟာ ဝိမံသာဓိပတိအတွက် ရပါတယ်။ ဈာန်ယ မဂ္ဂဟာအမောဟ အတွက်ရပါတယ်။ အကုသိုလ်တွေမှာ ဒီဝိမံသာဓိပတိ၊ ပညာတွေမရှိပါဘူး။ ပညာမရှိတော့ အကုသိုလ် ၃-ချက်မှာ အဲဒီပစ္စည်းတွေကိုချန်ပြီး ထားရပါလိမ့်မယ်။ အဝိဂတ် ဈာန်ယ မဂ္ဂ ၃-ပစ္စည်းချန်ထားရင် (၉)ပစ္စည်းရှိပါတယ်။ အဲဒီ(၉)ပစ္စည်းကို ဆုတ်ကိုင်ပြီး ထားရပါ့မယ်။ အဲဒီ(၉)ပစ္စည်းထဲက နာမ်နာမ်ချင်းကျေးဇူးပြုရင် အညမညနဲ့ သမ္ပယုတ္တရပါလိမ့်မယ်။သဟဇာတအကြီး ၄-ပစ္စည်းနဲ့ဟေတု ၅-ပစ္စည်းကို အမြဲတပြိုင်နက်ရပါတယ်။ အညမညနဲ့သမ္ပယုတ္တဝင်လာတော့ သူတို့ကလဲ နာမ်ကုန်ရသဖြင့် ဒီ(၇)ပစ္စည်းဟာတပြိုင်နက်ဖြစ်ပါတယ်။ အဲဒါကြောင့် လက်သဲကွင်းကလေးနဲ့တပြိုင်နက်ဖြစ်ကြောင်းကို ပြထားပါတယ်။ ဝိပါကနဲ့ ဝိပ္ပယုတ္တမဆိုင်ပါဘူး၊ နာမ်နာမ်ချင်းပါ။

ဟေတုပစ္စယေန ဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် တတ်ကောင်းသောဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၇) ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အကုသလော အဗျာကတဿ

အကုသလော အဗျာကတဿ မထူးပါဘူး၊ ပါဠိ၊ အကုသလောဓမ္မော အဗျာကတဿဓမ္မဿ ဟေတုပစ္စယေနပစ္စယော၊ အကုသလာဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံဟေတုပစ္စယေနပစ္စယော။

ဒီမှာလဲ ကုသလောအဗျာကတဿ သဘောအတိုင်းပါဘဲ၊ စိတ္တဇရုပ်ကို ကျေးဇူးပြုမှာပါဘဲ၊ကရိုဏ်း(၆)ပစ္စည်းကတော့ ခုနပြောခဲ့တဲ့အညမည သမ္ပယုတ္တ ပြုတ်ပြီး ဝိပ္ပယုတ္တဝင်လာပါတယ်။ ဟေတု-သဟဇာတအကြီး ၄-ဝိပ္ပယုတ္တ တပြိုင်နက်ရပါတယ်။

**အကုသလော အဗျာကတဿ၌** အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ် ဥါဒသ စေတသိက်သတ္တဝိသ စိတ္တက္ခဏာ တခုတခု၌ရှိသော လောဘမှုဖြစ်အံ့ လောဘ မောဟ၊ ဒေါသမှုဖြစ်အံ့ ဒေါသ မောဟ၊ မောဟမှုဖြစ်အံ့ မောဟ-ဤဟိတ် ၁-ပါး ၂-ပါး ပစ္စည်းတရားရ၏၊ အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ဟေတုပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသော ဟေတု၊သဟဇာတ၊နိဿယ၊ဝိပ္ပယုတ္တ၊ အတ္ထိ၊အဝိဂတဤ(၆)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

### အကုသလော အကုသလဿ ဗျာကတဿ

အကုသလော အကုသလဿ ဗျာကတဿလဲ ပါဠိက ကုသလော ကုသလဿ ဗျာကတဿ သဘောအတိုင်းပါဘဲ။

အကုသလောမြွော အကုသလဿစ အဗျာကတဿစ ဓမ္မဿဟေတု ပစ္စယေနပစ္စယော။ အကုသလာဟေတူ သမ္ပယုတ္တကာနံခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံဟေတုပစ္စယေန ပစ္စယော။

အရကောက်ကလဲ ဒီသဘောအတိုင်းပါဘဲ။ ဒါပေတဲ့ အကုသလော အကုသလာ ဗျာကတဿလို့ဆိုတဲ့တရား ပစ္စယုပ္ပန်နေတဲ့အခါမှာ အလတ်နဲ့လုံးဝ မဆိုင်တော့ပါဘူး။ သဟဇာတအကြီးနဲ့ ဟေတု ဒီ(၅)ပစ္စည်းကရိက်းအတွက် တပြိုင်နက်ဖြစ်ပါတယ်။

**အကုသလော အကုသလာ ဗျာကတဿ** ၌ အကုသလောမြွောဟူသော **ကတ္တား** ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားတတ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့ လောဘ မောဟ၊ ဒေါသမူဖြစ်အံ့ ဒေါသ မောဟ၊ မောဟမူဖြစ်အံ့ မောဟ ဤဟိတ် ၁-ပါး ၂-ပါး ပစ္စည်းတရားရ၏။ အကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်သတ္တဝီသ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ဟေတုပစ္စယေနဟူသော **ကရိက်း** ပါဠ်၏အရကား တပြိုင်နက်တတ်ကောင်းသော ဟေတု၊သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ(၅)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သောသတ္တိဝိသေသရ၏၊

### အဗျာကတော အဗျာကတဿ (ပဝတ္တိ)

ကုသလော ကုသလဿတုံးက (၃) ချက်ရခဲ့ပါတယ်။ အကုသလော အကုသလဿ မှာလဲ(၃)ချက်ရပါတယ်။ အဗျာကတော အဗျာကတဿကြတော့ ဘာဖြစ်လို့(၃)ချက်မရဘဲနဲ့ တချက်ထဲရနေသလဲဆိုတော့ ဒီအဗျာကတဟာ ကုသလောကုသလဿတုံးကလို နာမ် နာမ်ချင်း ကျေးဇူးမပြုနိုင်ဘူးလား? ပြုနိုင်ပါတယ်။ နာမ်ကကောရုပ်ကို ကျေးဇူးမပြုနိုင်ဘူးလား? ပြုနိုင်ပါတယ်၊ဝိပါက်ကြိယာ အဗျာကတနာမ်တွေကကော နာမ်ရုပ်ကိုကျေးဇူးမပြုနိုင်ဘူးလား? ပြုနိုင်ပါတယ်။ ဒါပေတဲ့ နာမ်အားကျေးဇူးပြုတဲ့အခါမှာလဲ ပစ္စယုပ္ပန်တရားဟာ အဗျာကတဖြစ်ပါတယ်၊ ပဝတ္တိအခါစိတ္တဇရုပ်အား ကျေးဇူးပြုရင်လဲ အဗျာကတဘဲဖြစ်ပါတယ်။ ၂-ပါးစုံကျေးဇူးပြုတဲ့အခါမှာလဲ အဗျာကတဘဲဖြစ်ပါတယ်။ ဒါ့ကြောင့်အဗျာကတော အဗျာကတဿအတွက် သင်္ချာဟာတချက်ထဲဖြစ်ပါတယ်။ ထိုနည်းတူစွာပဋိသန္ဓေအခါ ကာလမှာလဲ ပဋိသန္ဓေဆိုင်ရာဖြစ်တဲ့ ဝိပါက်အဗျာကတမှာရှိတဲ့ဟိတ်တွေက နာမ်ကိုလဲကျေးဇူးပြုနိုင်ပါတယ်၊ပဋိသန္ဓေကမ္မဇရုပ်ကိုလဲ ကျေးဇူးပြုနိုင်ပါတယ်၊ ပဋိသန္ဓေနာမ်နဲ့ ပဋိသန္ဓေကမ္မဇရုပ်တွေကိုလဲ ကျေးဇူးပြုနိုင်ပါတယ်။ ဒါပေတဲ့ ဒီပစ္စယုပ္ပန်တရားတွေဟာ အားလုံး အဗျာကတချည်းဖြစ်ခြင်းကြောင့် အဗျာကတော အဗျာကတဿ တချက်ဘဲ ရပါတယ်။ အဲဒီ အဗျာကတောအဗျာကတဿမှာ ပဝတ္တိပဋိသန္ဓေရယ်လို့ ၂-ကွက်ခွဲပြီးပြထားပါတယ်။ အထက်ကအကွက်အတွက် ပဝတ္တိဖြစ်ပါတယ်။ အောက်အကွက်အတွက် ပဋိသန္ဓေဖြစ်ပါတယ်၊

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော၊ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

အရကောက်မှာ ဝိပါက်စိတ်ဆတ္တိံသ၊ ကြိယာစိတ် ဝီသလို့ ရေး ထား ပါ တယ်။ ဒါက သဟေတုကအယ် (၇၁) ပစ္စည်းနဲ့ ဆက်ဆံဖို့ရာအတွက် ရေးထားတာဖြစ်ပါတယ်။ ဒါပေတဲ့ ဟေတုပစ္စည်းဟာ အဟိတ်နဲ့ လုံးဝမဆိုင်ပါဘူး။ အဟိတ်နဲ့ လုံးဝမဆိုင်တော့ အဟိတ် ဝိပါက်တွေ အဟိတ်ကြိယာတွေမရပါဘူး။ ဒီတော့ သ ဟိတ် ဝိ ပါက် ဟာ ဘယ် လောက်ရှိမလဲ? တေဝီသရှိပါတယ်။ သဟိတ်ကြိယာက သတ္တရသ (၁၇) ခု ဘဲ ရှိ ပါ တယ်။ ဒီမှာ ဝိပါက် ၃၆၊ ကြိယာ ၂၀ လို့ ရေးထားပေမဲ့ သဟိတ်ဆိုင်ရာဖြစ်တဲ့ ဟေတုပစ္စည်း အားလျော်စွာ သဟိတ်ဝိပါက် သဟိတ်ကြိယာကိုသာ ဆိုရပါလိမ့်မယ်။ ပစ္စုပ္ပန်မှာလဲ ထို နည်းတူစွာဘဲ ဖြစ်ပါတယ်။ ပစ္စယုပ္ပန်မှာ (၄င်း)ကလေးရေးထားပါတယ်။ ဒီ (၄င်း)ကဘာ တုံး? သမ္ပယုတ္တခန္ဓာအား ၎င်းလို့ဆိုတာ ကုသလော ကုသလဿ တုံးက ဟောခဲ့သလို နာမ် အချင်းချင်း ပဉ္စဝေါကာရဘုံမှာရော အရူပလေးဘုံမှာရောဘုံ (၃၀) နဲ့ ဆက်ဆံတယ်လို့ သိစေလိုမှုအတွက် (၄င်း) ကလေး ထည့်ထားပါတယ်။ ပြီးတော့ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် အား၎င်း တတ်သောလို့ အရကောက်မှာ ဆိုပါတယ်။ အဲဒါက အလယ်က တရားကလေး တခုကို မြှုပ်ထားတာဖြစ်ပါတယ်။ စင်စစ်ကုသိုလ်သုံးချက် သဘောအတိုင်းဆိုရမှာက သမ္ပယုတ္တာ ခန္ဓာအား၎င်း၊ သဟိတ်စိတ္တဇရုပ်အား၎င်း၊ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ်အား ၎င်းတတ်သောလို့ ကုသိုလ် ၃ ချက် အကုသိုလ် ၃ ချက်သဘောအတိုင်း ဆိုရမှာပါဘဲ။ ဒါပေတဲ့ စိတ္တဇရုပ်အား၎င်းလို့ဆိုတဲ့ စကားကိုမြှုပ်ထားပြီး သမ္ပယုတ္တခန္ဓာအား၎င်း၊ သမ္ပယုတ္တက္ခန္ဓာ သဟိတ် စိတ္တဇရုပ်အား ၎င်းလို့ဆိုပါတယ်။ စိတ္တဇရုပ်တွေကို သဟိတ်ဝိပါက် ကြိယာနဲ့အတူ ဥပါဒ်တဲ့ စိတ္တဇရုပ်ဖြစ်ခြင်းကြောင့် သဟိတ်စိတ္တဇရုပ်ရယ်လို့ ဆိုရပါလိမ့် မယ်။

**အဗျာကတော အဗျာကတဿ ပဝတ္တိအခါ** အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာအား၎င်း၊ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် အား၎င်း တတ်သော သဟိတ်ဝိပါက် တေဝီသ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော (ဒီဝိပါက်ကြိယာတွေမှာလဲ ဒွိဟိတ်တိဟိတ်ရှိပါတယ်။ ဉာဏဝိပ္ပယုတ်ဖြစ်ရင် ဒွိဟိတ်ပါ၊ သမ္ပယုတ်ဖြစ်ရင် တိဟိတ်ပါ) ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ် ဖြစ် အံ့ အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂ ပါး ၃ ပါး ပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား သဟိတ် ဝိပါက် တေဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ (ကရိုက်းကြဲတော့ ဟေတုရဲ့ သဘာဂပစ္စည်းအတိုင်း(၁၂) ပစ္စည်းရပါတယ်။ အဲဒီ(၁၂)ခုထဲက ဟေတုနဲ့ သဟဇာတအကြီး (၄)ပေါင်း(၅)ခုသည် သာလျှင် တပြိုင်နက်ဖြစ်ပါတယ်။ ကျန်တဲ့ ပစ္စည်းဟာ ယထာရဟဖြစ်ပါတယ်။ ဘာ့ကြောင့်?

လွယ်လွယ်ပါဘဲ၊ ယခုဆိုနေတဲ့ ပဝတ္တိအခါ အဗျာကတော အဗျာကတဿဆိုင်ရာ ပစ္စည်းတရား ပစ္စယုပ္ပန်တရားတွေကို (၇) ပစ္စည်းက အပြည့်အစုံမရပါဘူး။) ဟေတုပစ္စယေနဟူသော **ကရိုဏ်း** ပါဠ်၏ အရကား တပြိုင်နက် ယထာရဟ တဘ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမညာ၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၂) ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရှိ၏။

အလတ် (၄) ပစ္စည်းထဲမှာ ယထာရဟ ဝင်ပုံက အညမညနဲ့ သမ္ပယုတ္တဟာ နာမ်ဆိုင်ရာဖြစ်တဲ့ သမ္ပယုတ္တခန္ဓာကိုသာရပါတယ်။ စိတ္တဇ ရုပ် မ ရ ပါ ဘူး။ ဝိပါ က ကြ တော့ ဝိပါက်ဆိုင်ရာတွေကို ရပါတယ်။ ကြိယာမရပါဘူး။ ဝိပ္ပယုတ္တကြတော့ ပစ္စယုပ္ပန်စိတ္တဇရုပ်ကိုသာ ရပါတယ်။ သမ္ပယုတ္တခန္ဓာလို့ဆိုတဲ့ နာမ်တရားမရပါဘူး။ အဲဒါကြောင့် အလတ် (၄) ပစ္စည်းဟာ ယထာရဟ ဝင်ပါတယ်။ အငယ်(၃) ပစ္စည်းအတွက် ယထာရဟ ကတော့ ပြောစရာမရှိပါဘူး။ သူတို့က တရားကိုယ် ဆိုင်ရာကလေးတွေဘဲ ရပါတယ်။

## ပဋိသန္ဓေ

ပဋိသန္ဓေအခါမှာလဲဘဲ သဟိတ်လို့ဆိုသဖြင့် အဟိတ်ပဋိသန္ဓေ ၂-ခုနဲ့ မဆိုင်ပါဘူး။ ဒီတော့သဟိတ်ပဋိသန္ဓေဟာ သတ္တရသ(၁၇)ခုဘဲရပါလိမ့်မယ်။ ဒီမှာလဲပဝတ္တိအခါကပြောသလို သမ္ပယုတ္တခန္ဓာအားရင်း ကဋတ္တာရုပ်အားရင်း သမ္ပယုတ္တခန္ဓာကဋတ္တာရုပ်အားရင်း တတ်သောလို့ ဒီလိုဆိုရမှာပါဘဲ။ ကရိုဏ်း (၁၁) ပစ္စည်းကတော့ အဓိပတိပြုတ်သွားပါတယ်။ အဓိပတိဆိုတာသာဓိပတိဇော ၅၂-ခုမှာရှိတဲ့ အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးဖြစ်ပါတယ်။ ဇောလို့ဆိုတာ ပဋိသန္ဓေအခါမှာ ဘယ်တော့မှမဖြစ်ပါဘူး။ ပဝတ္တိအခါမှာသာ ဖြစ်ပါတယ်။ ပဝတ္တိအခါမှာဖြစ်တဲ့ အဓိပတိကိုချန်ခဲ့၊ ကြွင်းကျန်တဲ့(၁၁)ပစ္စည်းရပါတယ်။ အဲဒီ(၁၁)ပစ္စည်းမှာလဲ တပြိုင်နက်ကခုနကပြောခဲ့တဲ့ဟေတုနဲ့ သဟဇာတအကြီး(၄)ပစ္စည်း ဖြစ်ပါတယ်။ ပြီးတော့ပဋိသန္ဓေဖြစ်ခြင်းကြောင့် ဝိပါကပစ္စည်းကိုစင်းစားရပါလိမ့်မယ်။ ဝိပါကပစ္စည်းရဲ့ သုဒ္ဓသင်္ချာကြည့်ရင်“အချင်းချင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားရင်းတတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး“လို့ဆိုပါတယ်၊ ဒီတော့“အချင်းချင်း”ဆိုတာသမ္ပယုတ္တခန္ဓာပဋိသန္ဓေစိတ်(၁၉)ခု ဝိပါကရပါတယ်။ ပဋိသန္ဓေကမ္မဇရုပ်ကိုလဲ ရပါတယ်၊ သဟိတ်ပဋိသန္ဓေစိတ် (၁၇) ခုကိုလဲ ဝိပါကပစ္စည်းကရပါတယ်။ ဒီတော့ဝိပါကပစ္စည်းဟာ တပြိုင်နက်အနေနဲ့သာ ဝင်ပါတယ်။ ဟေတု-သဟဇာတအကြီး ၄ ခု ဝိပါက(၆)ပစ္စည်းတပြိုင်နက်ရပါတယ်။ ကြွင်းကျန်တဲ့(၅) ပစ္စည်းသည် ယထာရဟဖြစ်ပါတယ်။

**ပဋိသန္ဓေအခါ**အဗျာကတောခမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာကဋတ္တာရုပ်အားရင်း တတ်သောသဟိတ်ပဋိသန္ဓေသတ္တရသ၊ စေတသိက်ပဉ္စတိံသ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ, အဒေါသ,အမောဟ-ဤဟိတ် ၂ ပါး ၃ ပါးပစ္စည်းတရားရှ၏။

အ ဗျာ က တ ဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား သဟိတ်ပဋိသန္ဓေသတ္တရသ၊ စေတသိက်ပဋ္ဌတိ်သ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏၊ ဟေတုပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသောဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၁)ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ဟေတုပစ္စည်းရဲ့ သုဒ္ဓသဉ်္ချာနှင့်တကွ ပါဠိအရကောက်တွေပြီးသွားပါပြီ။ အဓိပ္ပါယ်နဲ့ပြောပြပါမယ်။ ဟေတုလို့ဆိုတာ အမြစ်ကိုဟောပါတယ်။ ပစ္စယလို့ ဆိုတာကတော့ ကျေးဇူးပြုတတ်တဲ့ သဘောဖြစ်ပါတယ်။ ဒီတော့ ပစ္စယုပ္ပန်တရားတွေအား ရေသောက်မြစ်သဘွယ် ကျေးဇူးပြုပါတယ်။ သစ်ပင်များမှာရှိတဲ့ ရေသောက်မြစ်ဟာ သစ်ပင်တွေကို ကိစ္စအမျိုးမျိုးနဲ့ ကျေးဇူးပြုပါတယ်။ ဘယ်လိုလဲ? ရေသောက်မြစ်များဟာ မြေ အတွင်းမှာ ခိုင်မြဲစွာတည်ရှိနေကြပြီး မြေသြဇာ ရေသြဇာကိုစုတ်ယူပြီး သစ်ပင်များရဲ့ထိပ်ဖျားအထိရောက်အောင် အမြဲတင်ပို့ကြပါတယ်။ သစ်ပင်တွေဟာ ဒီ မြေသြဇာ ရေသြဇာကြောင့် ကြီးပွားနေကြတယ်။ သစ်မြစ်တွေကလဲ ရေရဲ့တိုက်ခိုက်မှုဘေးဒဏ်တွေ လေရဲ့တိုက်ခိုက်မှုဘေးဒဏ်တွေ လူတွေ နွားတွေစတဲ့ တိုက်ခိုက်မှုဘေးဒဏ်တွေကြောင့် ဒီသစ်ပင်ကြီးကို လဲပြိုပြီးမသွားရအောင် မြေကြီးထဲကနေပြီးကော့ ဆွဲကိုင်ထားကြပါတယ်။ သစ်မြစ်အသက်ရှည်သမျှ ခိုင်မြဲသမျှကာလပတ်လုံး သစ်ပင်တွေအဆက်ဆက်အားဖြင့် ပေါက်ရောက်ကြီးပွားနေကြပါတယ်။ စိမ်းရှည်စည်ကားနေကြပါတယ်။ ဒီလို ရေသောက်မြစ်က သစ်ပင်တွေအား တည်ရာ မှီရာ ပွားစီးရာအခြေအမြစ်နဲ့ ကျေးဇူးပြုကြသလို ဟိတ် ၆ ပါး တရားတွေကလဲ ဆိုင်ရာအာရုံတွေမှာယှဉ်ဘက်ဖြစ်တဲ့ တရားတွေကို စွဲမြဲခိုင်ခံ့တည်တန့်အောင် ကျေးဇူးပြုကြပါတယ်။

ဒီကမ္ဘာလောကမှာ သတ္တဝါတွေ ပြုလုပ်နေကြတဲ့ အကုသိုလ်မှုတွေ ကုသိုလ်မှုတွေဟာ သစ်ပင်များနဲ့ တူကြပါတယ်။ ဟိတ် ၆ ပါး တရားများက သစ်မြစ်နဲ့တူကြပါတယ်။ လောကမှာ လှုပ်လှုပ်ရွရွ ပြုလုပ်နေကြတဲ့ ကာယကံမှုတွေ ဝစီကံမှုတွေ မနောကံမှုတွေဟာ ဒီဟိတ် ၆ ပါးက ဖြစ်ပွားလာတာ ဖြစ်ပါတယ်။ လောကမှာ အကုသိုလ် ကုသိုလ်ဟူသမျှတို့ရဲ့ ဖြစ်ရကြောင်း အရင်းအမြစ်ကိုရှာလိုက်ရင် အကုသိုလ်ဘက်က ဟိတ် ၃ ပါးကုသိုလ်ဘက်က ဟိတ် ၃ ပါးရယ်လို့ ဒီဟိတ် ၆ ပါးကိုဘဲ တွေ့ရပါလိမ့်မယ်။

အချို့အကုသိုလ်များဟာ ခင်တွယ်မှု လောဘကြောင့်ဖြစ်တယ်။ အချို့ကတော့ မုန်းမှု ဒေါသကြောင့်ဖြစ်တယ်။ အချို့အကုသိုလ်တွေကတော့ အကျိုးအပြစ်ကိုမသိတဲ့ မောဟကြောင့်ဖြစ်ပါတယ်။

ကုသိုလ်များမှာလဲ အချို့ကုသိုလ်စိတ်ဟာ ခင်တွယ်မှုမှ ကျွတ်လွတ်တဲ့ အလောဘကြောင့်ဖြစ်ပါတယ်။ အချို့ကတော့ မုန်းမှုမှ ကျွတ်လွတ်တဲ့ အဒေါသကြောင့်ဖြစ်ပါတယ်။ အချို့ကတော့ မသိမှုမှ ကျွတ်လွတ်တဲ့ အမောဟကြောင့်ဖြစ်ပါတယ်။

အင်္ဂုတ္တိုရ်များမှာ ဘယ်လိုဟောထားသလဲ? ရဟန်းတို့၊ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်တဲ့ ကံ ဖြစ်ပေါ်ရန် အကြောင်းတရားတွေဟာ လောဘ ဒေါသ မောဟရယ်လို့ သုံးပါးရှိတယ်၊ လောဘ ဒေါသ မောဟကြောင့် ဖြစ်တဲ့ကံဟာ အကုသိုလ်ကံဖြစ်လေတော့ အပြစ်ရှိတယ်။ ဆင်းရဲတဲ့ အကျိုးလဲဘဲရှိတယ်။ အဲဒီကံတွေဟာ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်တဲ့ ကံတပါး ဖြစ်ပေါ်ရန် အကြောင်းလဲ ဖြစ်တယ်။ ဒီကံဟာ ချုပ်ငြိမ်း ဘို့ ရန် မ ဖြစ် နိုင် ဘူး။ ရဟန်းတို့၊ ဝဋ်ကင်းရာနိဗ္ဗာန်ကို ရောက်စေတတ်တဲ့ ကံဖြစ်ပေါ်ရန် အကြောင်းတရားတွေဟာ အလောဘ အဒေါသ အမောဟရယ်လို့ သုံးပါးရှိတယ်၊ ဒီတရားတွေကြောင့် ဖြစ်တဲ့ကံဟာ ကုသိုလ်ဖြစ်လေတော့ အပြစ်လဲမရှိဘူး။ ချမ်းသာတဲ့ အကျိုးလဲရှိတယ်။ ဒီကံတွေဟာ ကံတို့ရဲ့ချုပ်ငြိမ်းရန် ဖြစ်လေတော့ ကံတပါးဖြစ်ပေါ်ရန် အကြောင်းမရှိဘူးလို့ ဟောထားပါတယ်။

ရေသောက်မြစ် ထွားကြိုင်း သန်မာသလောက် သစ်ပင်ကြီးပွားသလို အကုသိုလ်ဟိတ်သုံးပါး ကြီးထွားသလောက် အပါယ်လောကလဲ ကြီးထွားမယ်။ ကုသိုလ်ဟိတ် သုံးပါး ကြီးထွားသလောက် သုဂတိလောကလဲ ကြီးထွားမယ်။ ဒီရေသောက်မြစ်မရှိရင် သစ်ပင် သေရသလို ဒီဟိတ် ၆ ပါး အကြောင်းတရားဟာ သတ္တဝါတွေရဲ့ သန္တာန်မှာ ချုပ်ငြိမ်းခဲ့လို့ရှိရင် အကျိုးဖြစ်တဲ့ သံသရာမှာ ကျင်လည်မှုလဲ ငြိမ်းအေးနိုင်ပါတယ်။

ထိုမှတပါး လောဘ ဒေါသ မောဟ နှိပ်စက်အပ်တဲ့ စိတ်ရှိတဲ့သူဟာ မိမိဆင်းရဲရန် လှုံ့ဆော်တယ်။ သူတပါးဆင်းရဲရန် လှုံ့ဆော်တယ်။ မိမိသူတပါး နှစ်ဦးသားဆင်းရဲရန်လဲ လှုံ့ဆော်တယ်။ စိတ်ကိုစွဲ၍ဖြစ်တဲ့ ဆင်းရဲမှု နှလုံးမသာမယာမှုတွေကိုလဲဘဲ ခံစားရပါတယ်။ မိမိအကျိုး သူတပါးအကျိုး မိမိသူတပါး နှစ်ဦးသားရဲ့အကျိုးကိုလဲ ဟုတ်မှန်တဲ့ အတိုင်း မသိတော့ပါဘူး။ ဒီသုံးပါးမှာ မောဟဟာ ကန်းအောင်လုပ်တတ်တယ်။ ပညာမျက်စိမရှိအောင် လုပ်တတ်တယ်။ ပညာကို ချုပ်ကွယ်စေတတ်တယ်။ ပင်ပန်းခြင်းအဘို့သာ ရှိပြီး ငြိမ်းမှုကိုလဲ မဖြစ်စေတတ်ပါဘူး။

အဘိဓမ္မာ အဋ္ဌကထာများမှာလဲ ဒီဟိတ်တွေရဲ့သဘောကို ဖွင့်ပြကြပါတယ်။ အလောဘကို ပြောလိုက်ရင် ၎င်းရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ လောဘရဲ့ သဘောကိုလဲသိနိုင်ပါတယ်။ အလောဘဟာ ဝန်တိုမှု အညစ်အကြေးရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ အဒေါသဟာ သီလမရှိမှု အညစ်အကြေးရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ အမောဟဟာ ကုသိုလ်တရားတွေကို မပွားကြောင်း အကုသိုလ်တရားရဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ အလောဘဆိုတာ ဒါနရဲ့ အကြောင်းဖြစ်တယ်။ အဒေါသက သီလရဲ့အကြောင်း အမောဟက ဘာဝနာရဲ့ အကြောင်းဖြစ်တယ်။ အလောဘဟာ ဂုဏ်မရှိတာကို ဂုဏ်ရှိတယ်လို့ မယူဆဘူး။ အဒေါသဟာ ထင်ရှားရှိတဲ့ သူတပါးရဲ့ ကျေးဇူးကို မချေဖျက်ဘူး။ အမောဟဟာ ဝိပ္ပလ္လာသ ၄ ပါးနဲ့ ဖောက်ဖောက်ပြန်ပြန်မယူဘူး။ အလောဘဟာ ထင်ရှားတဲ့ အပြစ်ကို အပြစ်ရယ်လို့မှတ်တယ်။ အဒေါသဟာ ထင်ရှားတဲ့ဂုဏ်ကို ဂုဏ်ရယ်လို့မှတ်တယ်။ အမောဟဟာ ဟုတ်မှန်တဲ့သဘောကို ဟုတ်မှန်တဲ့အတိုင်းမှတ်တယ်။ အလောဘဟာ ပိယဝိပ္ပယောဂ

ကြောင့် မဆင်းရဲဘူး။ အဒေါသဟာ အပ္ပိယသမ္ပယောဂကြောင့် မဆင်းရဲဘူး။ အမောဟဟာ လိုချင်တာ တောင့်တတာမရလို့ မဆင်းရဲဘူး။ အလောဘဟာ တဏှာရဲ့ဆန့်ကျင်ဘက်ဖြစ်လေကော့ တဏှာအရင်းခံတဲ့ ဇာတိဒုက္ခမဖြစ်ဘူး။ ဒေါသကြီး တဲ့သူများ ဟာ မြန်မြန်အိုလွယ်တယ်။ မြန်မြန် အိုလွယ်လေဘော့ အဒေါသဟာ ဇရာဒုက္ခမဖြစ်ဘူး။ အမောဟက တွေဝေတွေဝေဝေမသေရဘူး။ ဒီဟိတ်ရဲ့ သဘောတရားတွေကို ပြောနေရင်ကုန်မှာ မဟုတ်ဘူး။ များစွာကျန်ပါသေးတယ်။ ဒါတွေကို အကုန်သိချင်ရင် အဋ္ဌသာလိနီ အဋ္ဌကထာမှာကြည့်နိုင်ပါတယ်။

**သုဒ္ဓသင်္ချာ**။ ဟေတုပစ္စည်းရဲ့ သုဒ္ဓသင်္ချာမှာ ဟိတ်လဲဖြစ်ရမယ် ပစ္စည်းလဲဖြစ်ရမယ်ဆိုတော့ ပစ္စည်းတရားဟာ ဟိတ် ၆ ပါးတရားရပါတယ်။ သဘာဂပစ္စည်းရေမှာ ပြထားတဲ့ အဓိပတိစတဲ့ (၁၁) ပစ္စည်းမှာ ဟိတ်ဆိုင်ရာ တရားတွေပါနေတယ်။ ဒါကဘာကိုဆိုလိုတာလဲဆိုရင် ''ဟေတုစသော ပစ္စယောစာတိ ဟေတုပစ္စယော''လို့ ဝိဂ္ဂဟ်လုပ်လိုက်ရင် သဘာဂပစ္စည်းရေကပြတဲ့ အဓိပတိစတဲ့ ပစ္စည်းရေ(၁၁)ပါး ရပါတယ်။ အဲဒီ(၁၁) ပစ္စည်းဟာ ဟေတုပစ္စည်းဖြစ်နေလိမ့်မယ်။ ဒါပေမဲ့ ဓမ္မသင်္ဂဏီများမှာလို တရားကိုယ်ဓမ္မကို ပဓာနမပြုဘဲ ကျေးဇူးပြုနိုင်တဲ့ သတ္တိကိုသာ ပဓာနပြု၍ ဟောလေတော့ ပဋ္ဌာန်းရဲ့ ပစ္စည်းတိုင်းမှာ သတ္တိကိုသာ ပဓာနကောက်ရမယ်။ သတ္တိဆိုတာ ဖြစ်စွမ်းနိုင် ပြုစွမ်းနိုင်ဘဲ့ သဘောတရားဖြစ်တယ်။ ဥပမာ ငြုတ်သီးမှာရှိတဲ့ စပ်တဲ့သတ္တိဟာ ငြုတ်သီးနဲ့ကင်းပြီး မဖြစ်နိုင်သလို သကြားမှာရှိတဲ့ ချိုတဲ့သတ္တိဟာ သကြားနဲ့ကင်းပြီး မဖြစ်နိုင်သလို ဟေတုပစ္စည်းမှာ လောဘစတဲ့ ဟိတ် ၆ ပါးတို့ရဲ့သတ္တိနဲ့ ဒီသတ္တိရှိနေတဲ့ ဟိတ် ၆ ပါး ပစ္စည်းတရားကို ယူရပါတယ်။

အဗျာကတော အဗျာကတဿမှာ ပဋိသန္ဓေအခါမှာဖြစ်တဲ့ ကမ္မဇရုပ်ဟာ ဟိတ် ၆ ပါးကြောင့်ဖြစ်တာမဟုတ်ပါဘူး။ အရကောက်ကောက်လိုက်တဲ့အခါမှာ ''ပဋိသန္ဓေ၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ အဒေါသ အမောဟ''လို့ ဒီလိုကောက်ထားပါတယ်။ ဒါပေမဲ့ အဲဒီသဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ဟာဝိပါက်ကြိယာဟိတ် ၃ ပါးကြောင့် ဖြစ်တာမဟုတ်ပါဘူး၊ ဘာကြောင့်ဖြစ်သလဲ? ကံကြောင့်သာဖြစ်တယ်။ ကံကြောင့်သာ ဖြစ်ပါလျက်နဲ့ဒီဟေတုအစရှိဘဲ့ သဟဇာတပစ္စည်းများမှာ ဟိတ် ၆ ပါး စသည်ကပဋိသန္ဓေကမ္မဇရုပ်ကို ဘာ့ကြောင့် ကျေးဇူးပြုနိုင်ရသလဲဆိုရင် စင်းစားကြည့်။ ပဋိသန္ဓေ အခိုက်လို့ဆိုတာဟာဘဝသစ်၊ အဲဒီပ[illegible]န္ဓေအခိုက်မှာ ဖြစ်နေကြရတဲ့ နာမ်တွေ ရုပ်တွေဟာ ဘဝသစ်တခုမှာ ရုတ်ခနဲပေါ်လာကြဖြစ်လာကြပါတယ်။ သူတို့ရဲ့အရင်ဖြစ်နှင့် နေတဲ့တရားတွေမရှိဘူး၊ မရှိလေတော့ ဥဒါဟရုဏ်အားဖြင့် တိုင်းတပါးရောက်နေတဲ့ ဘုရားဖူးဧည့်သည်များဟာ အင်မတန် အားနဲ ကြတယ်။ ဥပမာ ဣန္ဒိယပြည် ဘုရားဖူးသွားတဲ့ ဧည့်သည် တယောက်ဟာ ဟိုမှာအသိအကျွမ်းကလဲ တယောက်မှမရှိလေတော့ အားကိုးရာမဲ့လိုဖြစ်နေတယ်။ မြန်မာပြည်ကနောက်ထပ်တယောက်သွားတဲ့အခါ ဒီဘုရားဖူးဧည့်သည်နဲ့ သွားတွေ့တယ်။ ဒီအခါမှာ ဒီလူနှစ်ယောက်ဟာ ရှေးတုံးက သိဘူးကြတာလဲ မဟုတ်၊ ဆွေမျိုးတော်စပ်ကြတာလဲ မဟုတ်ပေမယ်လို့ အချင်းချင်း အင်မတန်ခင်မင်ကြတယ်၊ ဆွေမျိုးရင်း

ချာလို အချင်းချင်း အားကိုးအားထား ပြုကြတယ်။ ဒီလိုဘဲပဋိသန္ဓေအခိုက်မှာ ဒီပဋိသန္ဓေ ဟိတ်သုံးပါးနဲ့ ပဋိသန္ဓေကမ္မဇရုပ်တွေဟာ ဘာမှ စပ်လျဉ်းပြီး မသိပေမဲ့ ဟိတ်သုံးပါးကလဲ စေ့သည် ပဋိသန္ဓေကမ္မဇရုပ်ကလဲ စေ့သည်တွေဖြစ်နေလေတော့ အချင်းချင်း အားကိုးရ အားထားရ, ကူညီရမှုရှိကြလေတော့ အချင်းချင်း ကျေးဇူးပြုကြသလို ဒီဟိတ် ၃ ပါးဟာ ပဋိသန္ဓေအခါမှာ မိမိကြောင့် ဖြစ်တာမဟုတ်ဘဲ သဟိတ်ကြောင့်ဖြစ်တဲ့ ပဋိသန္ဓေကမ္မဇရုပ်ကို ဟေတု သတ္တိနဲ့ ကျေးဇူးပြုကြောင်းကို''ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာ ဟေတူ သမ္ပယုတ္တကာနံခ န္ဓာနံ ကဋတ္တာစရုပါနံ ဟေတုပစ္စယေနပစ္စယော''လို့ ဟောပါတယ်။ ဒါဖြင့်ရင်ပဝတ္တိအခါကြ တော့ကော သူတို့အချင်းချင်း ငဲ့ကြသေးသလား ဆိုတော့ ဇာတ္တိယပြည်က မြန်မာပြည်သို့ပြန်ရောက်လာတဲ့အခါ စေ့သည်ရဲ့ ကိစ္စကကျွတ်လွတ်ပြီးသွားကြတယ်။ ကိုယ့်အိမ်ကိုယ်ရောက်ကြတဲ့အခါမှာ အချင်းချင်း မငဲ့ကြတော့ဘူး။ ကမ္မဇရုပ်ကလဲဘဲ ပဋိသန္ဓေ ဟိတ်သုံးပါးကို မငဲ့ဘူး၊ မိမိရဲ့အကြောင်းအားလျော်စွာ ဖြစ်တဲ့ဟိတ် ၃ ပါးကလဲ ကမ္မဇရုပ်ကိုမငဲ့ဘဲနဲ့ မိမိကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်ကိုသာငဲ့တယ်။ အကျဉ်းချုပ်ကပဋိသန္ဓေ အခါမှာ ပဋိသန္ဓေကမ္မဇရုပ်များဟာစိတ်နဲ့အတူတကွဖြစ်ကြလေတော့ အတူတကွဖြစ်တဲ့ ဟိတ်သုံးပါးရဲ့ကျေးဇူးပြုမှုကို ခံရပါတယ်။ ပဝတ္တိအခါမှာလဲ ပဝတ္တိကမ္မဇရုပ်များကတော့ ဟိတ်တွေ နာမက္ခန္ဓာတွေနဲ့ ငုံ့ဝင့်ကွက်မှု ဆက်သွယ်မှု မရှိကြတော့ပါဘူး။

နိရောဓသမာပတ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်ကြည့်စမ်း၊ ဘယ်လိုဖြစ်နေသလဲ? ဒီပုဂ္ဂိုလ်ဟာသမာပတ်ဝင်စားနေတဲ့အခိုက် သူ့ရဲ့သန္တာန်မှာ စိတ်တွေ စိတ္တဇရုပ်တွေ ချုပ်နေတယ်။ နာမ်ခန္ဓာဆိုလို့ လုံးဝ မရှိတော့ဘူး။ ဒါပေမဲ့ သူ့သန္တာန်မှာ ပဝတ္တိကမ္မဇရုပ်တွေဖြစ်နေပါတယ်။ အဲဒီရုပ်တွေဟာ စိတ်နဲ့မဆက်သွယ်ဘူး။ စိတ်ကိုလဲမငဲ့ဘူး။ ဘာ့ကြောင့်? စိတ်မှမဖြစ်တော့ဘဲ။ ဘယ်သူ့ငဲ့သလဲ ဘယ်သူနဲ့ဆက်သွယ်သလဲ? ရှေးကံနဲ့သာ ဆက်သွယ်ပါတယ်။ အဲဒီလိုဟေတုပစ္စည်းရဲ့ အကျဉ်းချုပ်ကလေးကိုမှတ်ထား လိုက်ပါဦးတော့။

ပြီးတော့ဆက်လက်ပြီး သဟဇာတာဓိပတိရဲ့ သုဒ္ဓသင်္ချာဆိုရပါလိမ့်မယ်။ စာမျက်နှာ (ခ) မှာရှိပါတယ်။

## သဟဇာတာဓိပတိ

**သဟဇာတာဓိပတိ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ် အားတတ်သော အဓိပတိတရားကိုယ် ၃ ပါး ၄ ပါးတို့တွင် တပါးပါး။ ဤတရားတို့သည် သဟဇာတာဓိပတိ ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာ-သတ္တ။ ပစ္စည်းရေ (၁၃) ဟူသည်ဘည်း။ သင်္ချာသတ္တဟူသော်ကား (ဟေတုအတိုင်းပါဘဲ) ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာ ဗျာကတာနံ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတာနံ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ ၁၃-ဟူသော်ကား (ကြက်ခြေမှ တပါး ကျန်တာတွေ အကုန်ဆိုရပါတယ်) ဟေတု အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသတည်း။

## ကရိက်ားယူဆပုံ

ဒီမှာသုဒ္ဓသင်္ချာက အဓိပတိတရားကိုယ် ၃-ပါး ၄ ပါးတို့တွင် တပါးပါး။ တပါးပါးလို့ဆိုတော့ သာဓိပတိဇော ၅၂ ခုမှာရှိတဲ့ ဆိုင်ရာစေတသိက်ယှဉ်အားလျော်စွာရတဲ့ အဓိပတိတရား ကိုယ် ၃ ပါး ၄ ပါးဖြစ်ပါတယ်။ ၃ ပါးလို့ဆိုတာကတော့ အကုသိုလ်ဆိုင်ရာတွေမှာ ဝိမံသာဓိပတိမရပါဘူး။ ကျန်တဲ့တရားတွေမှာ အဓိပတိတရား ကိုယ် ၄ ပါးရပါတယ်။ ၄ ပါးလို့ဆိုပေတဲ့ ဉာဏဝိပ္ပယုတ်တွေမှာ ဝိမံသာဓိပတိမရပြန်ပါဘူး။ သင်္ချာသတ္တကတော့ ဟေတုကပြောခဲ့တဲ့အတိုင်းပါဘဲ။ ပစ္စည်းရေကိုမပြောသေးဘဲ ဒီအဓိပတိတရားကိုယ် ၃ ပါး ၄ ပါးတို့မှာ တပါးက အဓိပတိကိစ္စတတ်လာရင် တပါးဘဲရပါတယ်။တပါးဆိုဟာက ဆန္ဒဖြစ်ဖြစ် စိတ္တဖြစ်ဖြစ် ဝီရိယဖြစ်ဖြစ် ဝိမံသဖြစ်ဖြစ် တပါးပါးကိုရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဋ္ဌကထာနှင့်တကွ သင်္ဂြိုဟ်ကျမ်းတွေမှာ "အဓိပတိ ဧကာဝလမ္ဗတိ"လို့ ပြထားပါတယ်။ ဒီတော့ ပစ္စည်းတရားဟာ တပါးတည်းသာဖြစ်နေရမယ်။ စိတ္တုပ္ပါဒ်တခုမှာ မိမိတပါးတည်းကသာ အဓိပတိကိစ္စနဲ့ သမ္ပယုတ်တရားတွေကို ကျေးဇူးပြုရပါမယ်။ မိမိကိုယ်ကိုပြန်ပြီး အဓိပတိကိစ္စနဲ့ကျေးဇူးပြုတဲ့တရား မရှိပါဘူး။ ဒီတော့ အဓိပတိတရားကိုယ်ဟာ ပစ္စယုပ္ပန်အနေနဲ့ ဖြစ်ခွင့်မရဘူး။ အရကောက်ကြတော့ ပစ္စယုပ္ပန်ဖြစ်ရင် အဓိပတိတရားကိုယ်ကို ကြဉ်ရပါလိမ့်မယ်၊ ဒီတပါးပါးနဲ့ပတ်သက်လို့ တပည့်တော်တို့ ကရိက်ားအရကောက်တွေမှာ (ဒီမှာတော့ အင်မတန်ရှင်းပါတယ်) သဟဇာတာဓိပတိသတ္တိရ၏လို့ဒါဘဲ ကောက်ထားပါတယ်၊ ဒါပေတဲ့ တချို့ပုဂ္ဂိုလ်တွေက ဒီလိုကောက်မထားပါဘူး။ ဒီပြင်ဟာတွေကိုပြောမနေဘဲနဲ့ သဘာဝကလေးကိုပြောပြပါမယ်။ကုသိုလ်စတဲ့ သုံးပဒလုံးမှာ ကုသလောကုသလဿ၊ ကုသလောအဗျာကတဿ၊ ကုသလောကုသလာဗျာကတဿ၊ အဲဒီသုံးပဒလုံးမှာလဲ စိတ်ရဲ့သဘောအတိုင်း အဓိပတိတရား ကိုယ် ၃ ပါး ၄ ပါးရှိပါတယ်။ ရှိနေတော့ ဘယ်အဓိပတိတရားကိုယ်ကိုမှ အဓိပတိအနေနဲ့ခွဲခြားလို့မရဘူး။ ခွဲခြားလို့မရတော့ သတ္တိကောက်တဲ့အခါမှာ သာမညအားဖြင့် သဟဇာတာဓိပတိသတ္တိရ၏-လို့ ကောက်ရပါတယ်။ ဟေတုစတဲ့ သဟဇာတအငယ်တွေမှာ ဟိတ်တရားတွေ ဈာနင်တွေ မဂ္ဂင်တွေ ဒါတွေကြတော့ ၁ ပါး ၂ ပါး ၃ ပါးစသည်ဖြင့် ယူနိုင်ကြသလို အဓိပတိမှာမယူနိုင်ပါဘူး။ ဟေတုစတဲ့ သဟဇာတအငယ်တွေမှာ ဟိတ် ၁ ပါး ၂ ပါးစသည်ဖြင့် တပြိုင်နက်ရကြသလို အဓိပတိမှာ ၂ ပါး ၃ ပါး တပြိုင်နက်ပစ္စည်းအနေနဲ့ မနေနိုင်ကြပါဘူး။ အထောက်ပြပါလို့ဆိုရင် ဓမ္မအနုလုံဟေတုဒုက်မှာ "ဟေတုဓမ္မာ" အရဟိတ် ၆ပါးထဲက ဝိမံသာဓိပတိရှိပါတယ်။"နဟေတုဓမ္မာ"အရ ကြွင်းကျန်တဲ့တရားတွေထဲမှာ အဓိပတိတရား ကိုယ် ၃ ပါးရှိပါတယ်။ ဒီတော့ ဒီ ၂ ပုဒ်ကိုတွဲပြီး (ပ-ဒု)ပဒမှာ သဟဇာတာဓိပတိကို ပဒတွဲ၍ မဟောပါဘူး။ အဲဒီလို အဓိပတိကိုတွဲပြီး မဟောတာဟာ ပဌာန်းမှာ များစွာဘဲရှိပါတယ်။ အဓိပတိတရား ကိုယ် ၃ ပါး ၄ ပါးလို့ ဆိုတဲ့နေရာမှာ ဆန္ဒာဓိပတိက "ဟေ့ ငါပဓာနည်းအဖြစ်နဲ့ ဗိုလ်လုပ်မယ်၊ မင်းတို့ ၃ ပါးက ပစ္စယုပ္ပန်အနေနဲ့ နောက်လိုက်ကြ"လို့ဆိုရင် ဘယ်အဓိပတိကမှလက်ခံမှာ မဟုတ်ဘူး။ ဘာ့ကြောင့်? ကုသလာဓိပတိအရ အဓိပတိ ၃-ပါး ၄-ပါးနဲ့ဆိုင်ပါတယ်။ ဒီတော့ ဘယ်အဓိပတိရယ်လို့ ရည်မှန်း

ချက်မထားဘဲနဲ့ ကရိယာကောက်တဲ့အခါမှာ သာမညအားဖြင့် ''သဟဇာတာဓိပတိသတ္တိရ၏''လို့ကောက်ရပါတယ်။ ဒီလိုမကောက်ဘဲနဲ့ ဟေတုတုံးက သဘာဂပစ္စည်းရေအရဆိုင်ရာကောက်သလို ဒီမှာလဲသဟဇာတာဓိပတိရဲ့ ပစ္စည်းရေတွေအရ တပြိုင်နက်ယထာရဟ တတ်ကောင်းသောဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ စသည်ဖြင့် (၁၁)ပစ္စည်း(၁၀)ပစ္စည်းတွေကို သဟဇာတာဓိပတိပစ္စည်းရဲ့ ဝိသေသနရယ်လို့ ယောင်ယောင်မှားမှားကောက်တတ်ပါတယ်။ ဒီသဘာဂပစ္စည်းရေက ဟေတုစသည် ပစ္စည်းများလိုအသုံးချဘို့ရာမဟုတ်ပါဘူး။ တပည့်တော်တို့သဟဇာတာဓိပတိပစ္စည်းရေတွေ ရေးထားပါတယ်။ အဲဒါတွေဟာ ဘယ်မှာအသုံးချမလဲ၊ သဘာဂသင်္ဂဟနာများနဲ့ ပစ္စယနိဒ္ဒေသမှာ အသုံးချဘို့ရာအတွက်ဖြစ်ပါတယ်။ ပစ္စယနိဒ္ဒေသမှာ ဘယ်လိုအသုံးချမလဲ? ပစ္စယနိဒ္ဒေသကြတော့''ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေနပစ္စယော'' စသည်ဖြင့် တပါးစီတပါးစီဟောပါတယ်။ အဲဒီလိုဘပါးချင်း အဓိပတိကိစ္စတတ်တဲ့အခါမှာဒါတွေကိုသုံးနိုင်ပါတယ်။ ဒီလိုယောင်ယောင်မှားမှား ကောက်တဲ့အခါ ဒီပစ္စည်းတွေထဲကခေါင်းဆောင်တဲ့ဆန္ဒစတဲ့ အဓိပတိတရားတပါးပါးကို ထုတ်ပြပါလို့ဆိုရင် ကုသလာဓိပတိအရ၃-ပါး ၄-ပါးနဲ့ဆိုင်နေလေတော့ ဘယ်နည်းနဲ့မှထုတ်ပြလို့မဖြစ်နိုင်ပါဘူး၊ ဒါတွင်မကသေးဘူး ခန္ဓာဝါရဖွဲ့တဲ့နေရာမှာလဲ ဒီသဟဇာတာဓိပတိအတွက် ခန္ဓာဝါရကိုသာမညဖြစ်နေတော့ တဝါရသာဖွဲ့ပါတယ်၊ ဆန္ဒာဓိပတိအရ ဝီရိယာဓိပတိအရ-စိတ္တာဓိပတိအရ-ဝီမံသာဓိပတိအရရယ်သို့ မဖွဲ့ပါဘူး။ ဒီလိုသဟဇာတာဓိပတိသတ္တိသာရတယ်လို့ အရကောက်မှုဟာ ရှေးရှေးအဘိဓမ္မာပါရဂူဖြစ်တော်မူကြတဲ့ ပဋ္ဌာန်းအရကောက်ကြီးတွေ ရေးသားကြတဲ့ထန်းဗပင်အစရှိတဲ့ဆရာတော်တွေ၊ ဦးဇမ္ဗုအစရှိတဲ့ ဆရာတော်တွေဟာ ဒီအတိုင်းဘဲပြပါတယ်။ တပြိုင်နက်ယထာရဟ တတ်ကောင်းသောဆိုတဲ့ အနေမျိုးနဲ့မပြပါဘူး။ ဘာ့ကြောင့်? ခုနကပြောခဲ့တဲ့ယုတ္တိအရ ကုသလာဓိပတိကို စင်းစားကြည့်၊ အဓိပတိတရားကိုယ်၃-ပါး ၄-ပါးနဲ့ဆိုင်ပါတယ်။ မည်သူ့မှဗိုလ်လုပ်လို့မရဘူး။ ဆန္ဒကငါဗိုလ်မယ်လို့ဆိုရင် ဝီရိယကဘယ်ခံမလဲ။ စိတ္တကဘယ်ခံမလဲ၊ ဝီမံသကဘယ်ခံမလဲ၊ ဘာ့ကြောင့်? သူတို့နဲ့လဲဆိုင်နေလို့ဖြစ်ပါတယ်။ အဲဒါကြောင့် ကရိယာကောက်တဲ့အခါမှာ''သဟဇာတာဓိပတိသတ္တိရ၏''လို့ တချက်သာ သာမညအားဖြင့်ကောက်ရပါလိမ့်မယ်။

နောက်အပတ်ကြမှ ဆိုင်ရာဖြစ်တဲ့ သဟဇာတာဓိပတိတွေကိုဆပ်ပြီးဆိုပါ။ သဘာဂပစ္စည်းတွေအကြောင်းကိုလဲ ပြောပြပါမယ်။ သဟဇာတာဓိပတိဆိုင်ရာဖြစ်တဲ့ အခ်ိပ္ပါယ်တွေကိုထပ်မံပြီးပြောပြပါဦးမယ်။

သာဓု .... သာဓု .... သာဓု ....။

# ၁၃၂၉-ခု၊ တော်သလင်းလဆန်း (၁) ရက်
# ၁၉၆၇-ခု၊ စက်တင်ဘာလ (၆) ရက်၊ ဗုဒ္ဓဟူးနေ့
# ပဋ္ဌာန်းကုသလတိက်ပဉှာဝါရ ဝိဘင်္ဂကို (၁၁) ကြိမ်မြောက်ပို့ချခြင်း

## အဓိပတိတရားကိုယ်

စာမျက်နှာ(၁)မှာ အရကောက်ရှိပါတယ်။ အဲဒီအရကောက်ကိုကြည့်လိုက်ပါ။ အရကောက်ကတော့ အကျဉ်းချုပ်ဘဲရေးထားပါတယ်။ အရင်အပတ်ကအဓိပတိဆိုတာ တပါးပါးသာရနိုင်ကြောင်းပြောခဲ့ပါပြီ။ ယနေ့အဓိပတိတရားကိုယ်၄ ပါးအကြောင်းကိုပြောပြပါမယ်။ သာဓိပတိဇော ၅၂-ခုရှိပါတယ်။ လောဘမူစိတ်ရှစ်ခု၊ ဒေါသမူစိတ် ၂-ခု၊ ကုသိုလ်စိတ်ကောဝီသ၊ ဟသိတုပ္ပါဒ်ကြဉ်သော ကြိယာဇောသတ္တရသ၊ ဖိုလ်စိတ်လေးခု၊ အဲဒါတွေဟာ သာဓိသပတိဇော ၅၂-ခုဖြစ်ပါတယ်။ အဲဒီသာဓိပတိဇော ၅၂-ခုမှာ ယှဉ်ကြတဲ့ ဆန္ဒဝီရိယ စေတသိက်များဟာ ဆန္ဒာဓိပတိ ဝီရိယာဓိပတိ ဖြစ်ကြပါတယ်။ သာဓိပတိဇော ၅၂-ခုကတော့ စိတ္တာဓိပတိဖြစ်ပါတယ်။ တိဟိတ်ဇော (၃၄) ခုမှာယှဉ်တဲ့ ပညာစေတသိက်က ဝီမံသာဓိပတိဖြစ်ပါတယ်။ တပည့်တော်တို့ သဂြိုဟ်မှာလာတဲ့ဇော ၅၅-ခုထဲက အဟိတ်ဇောဖြစ်တဲ့ ဟသိတုပ္ပါဒ်နဲ့ ဧကဟိတ်ဇောဖြစ်တဲ့ မောဟမူဒွေကိုကြဉ်ထားပါတယ်။

ဘာ့ကြောင့်ဒီဇောတွေကို ကြဉ်ရသလဲဆိုရင် အဟိတ်ဇောနှင့်တကွ အဟိတ်စိတ်တွေဟာ အမြစ်သဘွယ်ဖြစ်တဲ့ ဟိတ်တရားကင်းနေတော့ အင်မတန်အားနည်းပါတယ်။ ဧကဟိတ်ဇောမှာရှိတဲ့ မောဟဟိတ်ကလဲ မိမိနဲ့ယှဉ်ဘော်ယှဉ်ဘက်ဖြစ်တဲ့ ဟိတ်ဘရားတခုရဲ့ ကျေးဇူးပြုမှုမခံရလေတော့ အားနည်းပါတယ်။ အားနည်းတဲ့အပြင် ဒီမောဟကိုယ်တိုင်ကလဲ အင်မတန်တွေဝေပါတယ်။ ဒီလိုမစွမ်းမသန်ဘဲ အားနည်းတဲ့ စိတ်တွေရဲ့အပေါ်မှာ အဓိပတိကိစ္စဖြစ်ရိုးမရှိပါဘူး။

လောကီဝိပါက်တွေကြတော့ ဘာ့ကြောင့် အဓိပတိမရသလဲဆိုရင် သဟဇာတာဓိပတိရဲ့ကိစ္စဟာ အင်မတန်ကြီးကျယ်တဲ့ ကိစ္စဖြစ်လေတော့ ထက်မြက်သန်စွမ်းတဲ့ဇောစိတ်များမှာသာရနိုင်ပါတယ်။ လောကီဝိပါက်တွေဟာ ရေပေါ်မှာပေါက်နေကြတဲ့ မှော်မြေးမှော်ဖျံင်းများလို အင်မတန်အားနည်းပါတယ်။ သန်စွမ်းမှုလဲမရှိကြပါဘူး။ ချိနဲ့အားနည်းလေတော့ သဟဇာတာဓိပတိကိစ္စကို ထက်မြက်တဲ့ဇောများမှာသာရနိုင်ပါတယ်။

အဲဒီသာဓိပတိဇောထဲမှာ ဖိုလ်စိတ်ပါနေပါတယ်။ အဲဒီဖိုလ်စိတ်ဟာလဲ ဝိပါက်ဖြစ်တာဘဲ။ ဝိပါက်ဖြစ်လျက်သားနဲ့ဖိုလ်ကြတော့ဘယ်လိုလုပ်ပြီး ဇောကိစ္စတတ်ရသလဲဆိုရင် ဖိုလ်ဆိုတာ တခြားတပါးသော လောကီဝိပါက်တွေနဲ့မတူပါဘူး။ သူတို့မှာ သတ္တိထူးရှိကြပါတယ်။ သတ္တိထူးဆိုတာ တခြားဝိပါက်များကြတော့ ကံကြောင့်ဖြစ်ရပေမဲ့ အနန္တရပစ္စည်းရဲ့ပစ္စယုပ္ပန်မဟုတ်ကြပါဘူး။ ဝိပါက်တွေဆိုတာ ကမ္မပစ္စည်းရဲ့ပစ္စယုပ္ပန်သာဖြစ်ပါတယ်။ အကျိုးပေးပြန်တော့လဲ ဘဝခြားပြီး ကမ္ဘာခြားပြီးမှ အကျိုးပေးပါတယ်။ အဲဒီလို

ကြာမြင့်လှမှ အကျိုးပေးလေတော့ အကြောင်းကံရဲ့သတ္တိ အကြောင်းကံရဲ့အမွေအနှစ်တွေကို ဝိပါက်တွေက မရနိုင်ပါဘူး။ အကြောင်းလို့ဆိုတာကဇောစိတ်မှာရှိတဲ့ စေတနာဖြစ်ပါတယ်။ ဒီဇောစေတနာဟာ ကြာမြင့်မှဖြစ်ပေါ်လာတဲ့ ဝိပါက်စိတ်ချားအား မိမိရဲ့အမွေအနှစ်ကိုမပေးနိုင်လေတော့ ဇောကိစ္စမတတ်နိုင်ကြဘဲ အင်မဟာန်အားနည်းကြပါတယ်။ ဖိုလ်ကတော့ အကြောင်းဖြစ်တဲ့မဂ်စေတနာနဲ့ ဝီထိတခုထဲမှာအာရုံဘခုသဲမှာဖြစ်လေတော့ မဂ်ဇောစေတနာက ဖိုလ်အားမိမိပိုင်ဆိုင်တဲ့ ဇောသတ္တိကိုပေးနိုင်ပါတယ်။ မဂ်ရဲ့အခြားမဲ့မှာဖြစ်ရတဲ့ဖိုလ်ကလဲ အကြောင်းဖြစ်တဲ့ မဂ်ကပေးသမျှသတ္တိအားလုံးကို သိမ်းပိုက်ခံယူနိုင်တဲ့သတ္တိထူးရှိလို့ဖိုလ်ဟာဇောကိစ္စဖြစ်ပါတယ်။ စိတ္တက္ခဏတချက်မှမခြားဘဲ မဂ်ကဖိုလ်အားကျေးဇူးပြုကြောင်းကို အနန္တရပစ္စည်းကြတော့ "မဂ္ဂေါဖလဿ" လို့ဟောပါလိမ့်မယ်။

## သဟဇာတာဓိပတိ

အဓိပတိပစ္စည်းမှာ အရကောက်ကြည့်လိုက်မယ်ဆိုရင် ကေန်အနေကန်တွေခွဲပြီးဆိုရပါလိမ့်မယ်။ အရကောက်ကြမှဘဲ ထပ်ပြီးပြောပါဦးမယ်။ သဟဇာတာဓိပတိအတွက် ပါဠိက စာမျက်နှာ (၃)မှာရှိပါတယ်။ ဟေတုပစ္စည်းတုံးက ဟေတူလို့ဆိုသလို အဓိပတိပစ္စည်းမှာလဲ အဓိပတိလို့ဆိုရရုံဘဲထူးပါတယ်။ အဓိပတိပစ္စည်းသည် ဇောကိစ္စတတ်ခြင်းကြောင့် ပဋိသန္ဓေအခါမှာမရပါဘူး။ ပဋိသန္ဓေအခါမှာမရသဖြင့် ပဋိသန္ဓေကမ္မဇရုပ်တွေလဲ မရှိပါဘူး။ သူရဲ့သုဒ္ဓသန်ချာကိုက "သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ် အားတတ်သော" ဒါဘဲရှိပါတယ်။ ပဋိသန္ဓေ ကမ္မဇရုပ်မပါပါဘူး။ ဒီတော့ "ကဋတ္တာစရူပါနံ" ဆိုတဲ့ အကွက်ကလေးကို မဆိုရပါဘူး။ ပါဠိကိုဆိုလိုက်ကြပါဦးစို့။

## ကုသလော ကုသလဿ

ကုသလောဓမ္မော ကုသလဓမ္မဿ အဓိပတိပစ္စယေနပစ္စယော။ သဟဇာတာဓိပတိ (အာရမ္မဏာဓိပတိတုံးက အာရမ္မဏာဓိပတိလို့ ဆိုခဲ့ပါတယ်။ ယခုသဟဇာတာ ဓိပတိကိုဟောခြင်းကြောင့် သဟဇာတာဓိပတိလို့ ဆိုရပါလိမ့်မယ်) ကုသလာဓိပတိသမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေနပစ္စယော။

အရကောက်မှာအရကောက်အားလုံးနဲ့ ဆက်ဆံဘို့ရာအတွက် ကုသိုလ်စိတ်ဇောဝိသ၊ စေတသိက် အဋ္ဌတိံသလို့ရေးထားပါတယ်။ ဒါပေမယ်လို့ အဓိပတိကြတော့ ကာမကုသိုလ်တွေကအနေကန်ဖြစ်ပါတယ်။ မဟဂ္ဂုတ်လောကုတ္တရာ ကုသိုလ်တွေက ကေန်ဖြစ်ပါတယ်။ ဒီတော့ကေန်အနေကန်ကွဲပြားအောင်ခွဲပြီးဆိုရပါတယ်။ ပစ္စည်းဘက်ကလဲ အဓိပတိတရားကိုယ်ကိုကောက်ထားတော့ ပစ္စယုပ္ပန်ဘက်က အဓိပတိတရားကိုယ်ကိုအပြဲကြဉ်ပေးရပါလိမ့်မယ်။

**ကုသလော ကုသလဿ၌** ကုသလောဓမ္မောဟူသော **ကဏ္ဍား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအားတတ်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်စိတ် ၈ ခု၊ ဇောနျ်ရသော မဟဂ္ဂုတ်ကုသိုလ် ၉ ခု၊ မဂ် ၄ ခု၊ စေတသိက် အဋ္ဌတိံသ မိဿကွဲဏာဘဂုဘနှ်

ရှိသော(အဓိပတိအတွက် သူ့အကွက်ကိုကြည့်ပါ၊ ၃-၄ ရှိပါတယ်။ ၃-ဆိုတာဟာ မဟာကုသိုလ်စိတ်ရှစ်ခုထဲက ဉာဏဝိပ္ပယုတ်ဖြစ်ခြင်းကြောင့် ဝီမံသာဓိပတိမရပါဘူး။ ၄-ကတော့ ကြွင်းကျန်တဲ့ ဉာဏသမ္ပယုတ်နဲ့ မဟဂ္ဂုတ်မဂ်စိတ်တွေအတွက်ဖြစ်ပါတယ်။) အဓိပတိတရားကိုယ် ၃ ပါး ၄ ပါးတို့တွင် တပါးပါးပစ္စည်းတရားရ၏။ ။ကုသလဿခန္ဓဿ ဟူသော **သမ္ဗန္ဓ** ပုဒ်၏အရကား အဓိပတိတရားကိုယ်ကြဉ်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်စိတ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉ ခု၊ မဂ်လေးခု၊ စေတသိက်အဋ္ဌတိံသသမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏၊ (ကရိုဏ်း မှာအဓိပတိအကွက်ကလေးအတွက် ၁-ရှိပါတယ်။ အဲဒါဟာသဟဇာတာ ဓိပတိသတ္တိရ၏လို့ဆိုရပါလိမ့်မယ်။ အားလုံးကုန်ဖြစ်ပါတယ်။) အဓိပတိပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား သဟဇာတာဓိပတိသတ္တိသာရ၏။

ကုသလော အဗျာကတဿ။ ကုသလော ကုသလာဗျာကဘဿအတွက် အထူးပြောစရာမရှိပါဘူး။

## ကုသလော အဗျာကတဿ

ကုသလောဓမ္မော အဗျာကတဿဓမ္မဿ အဓိပတိပစ္စယေနပစ္စယော။ သဟဇာတာဓိပတိ၊ ကုသလာဓိပတိစိတ္တသမုဋ္ဌာနာနံရူပါနံ အဓိပတိပစ္စယေနပစ္စယော။

ပစ္စယုပ္ပန်ရုပ်ဖြစ်သဖြင့် စိတ္တဇရုပ်ဆိုရပါတယ်။ ဒီမှာစိတ္တဇရုပ်ဟာ သာဓိပတိစိတ္တဇရုပ်ဖြစ်ပါတယ်။ ဒီစိတ္တဇရုပ်တွေဟာ ဟေတုဘုံးကသဟိတ်စိတ္တဇရုပ်။ သဟိတ်စိတ်နဲ့အတူတကွဖြစ်တဲ့ စိတ္တဇရုပ်ကို သဟိတ်စိတ္တဇရုပ်လို့ခေါ်ပါတယ်။ အဟိတ်စိတ်နဲ့အတူတကွဖြစ်တဲ့စိတ္တဇရုပ်ကို အဟိတ်စိတ္တဇရုပ်လို့ခေါ်ပါတယ်။ သာဓိပတိဖြစ်တဲ့နာမ်တရားနဲ့ အတူတကွဖြစ်တဲ့ စိတ္တဇရုပ်ကို သာဓိပတိစိတ္တဇရုပ်လို့ခေါ်ပါတယ်။ နိရာဓိပတိ နာမ်တရားနဲ့ အတူတကွဖြစ်တဲ့ စိတ္တဇရုပ်တွေကို နိရာဓိပတိစိတ္တဇရုပ်လို့ခေါ်ပါတယ်။ ဒီနေရာမှာသာဓိပတိဇောနဲ့ အတူတကွဖြစ်တဲ့ စိတ္တဇရုပ်ဖြစ်ခြင်းကြောင့် သာဓိပတိစိတ္တဇရုပ်လို့ဆိုရပါလိမ့်မယ်။

**ကုသလော အဗျာကတဿ**-ကုသလောဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား သာဓိပတိ စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉ ခု၊ မဂ်လေးခု၊ စေတသိက်အဋ္ဌတိံသစိတ္တက္ခဏတခု တခု၌ရှိသော အဓိပတိတရားကိုယ် ၃ ပါး ၄ ပါးတို့တွင် တပါးပါးပစ္စည်းတရားရ၏။ အဗျာကတဿဓမ္မဿဟူသော **သမ္ဗန္ဓ**ပုဒ်၏ **အရကား** သာဓိပတိ ကုသိုလ်ပြုအပ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။အဓိပတိပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကား သဟဇာတာဓိပတိသတ္တိသာရ၏။

## ကုသလော ကုသလာဗျာကတဿ

ကုသလောဓမ္မော ကုသလဿစအဗျာကတဿစဓမ္မဿအဓိပတိ ပစ္စယေနပစ္စယော။ သဟဇာတာဓိပတိ-ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေနပစ္စယော။

**ကုသလော ကုသလာဗျာကတဿ** - ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်စိတ်ရှစ်ခု ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉-ခု၊ မဂ်လေးခု၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏတခုဘခု၌ရှိသော အဓိပတိတရားကိုယ် ၃ပါး ၄ပါးတို့တွင် တပါးပါးပစ္စည်းတရားရ၏။ ကုသလဿစ အဗျာကတဿစဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အဓိပတိတရားကိုယ်ကြဉ်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာကုသိုလ်စိတ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ၉ခု၊ မဂ်လေးခု၊ စေတသိက် အဋ္ဌတိံသသမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။အဓိပတိပစ္စယေန ဟူသော **ကရိယ်ား** ပါဋ်၏အရကား သဟဇာတာဓိပတိသတ္တိသာရ၏။

အကုသိုလ် ၃ ချက်ကြတော့ အကုသိုလ်ဒွါဒသလို့ ဒီမှာရေးပေတဲ့ ကေဟိဘ်ဇော ဖြစ်တဲ့ မောဟမူဒွေမရပါဘူး။ လောဘမူစိတ်ရှစ်ခုနဲ့ ဒေါသမူစိတ် ၂ ခု ရပါလိမ့်မယ်။ မောဟမပါခြင်းကြောင့် စေတသိက်ကလဲ ဝိစိကိစ္ဆာကြဉ်ရပါတယ်။ အဓိပတိ တရားကိုယ် ကြတော့ အကုသိုလ်ဖြစ်ခြင်းကြောင့် ဝိမံသာဓိပတိနဲ့ လုံးဝမဆိုင်ပါဘူး။ ၃ ပါး ဘဲ ရှိ ပါ တော့တယ်။ သမ္ပဒါန်ကလဲ ဒီသဘောအတိုင်းပါဘဲ။

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ သဟဇာတာဓိပတိ-အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။

**အကုသလော အကုသလဿ** - အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား အဓိပတိပစ္စည်းကိုရသောအခါ လောဘမူစိတ်ရှစ်ခု ဒေါသမူဒွေ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ဆဗ္ဗီသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရား ကိုယ် ၃ ပါးတို့ တွင် တပါးပါးပစ္စည်းတရားရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အဓိပတိတရားကိုယ်ကြဉ်သော အဓိပတိပစ္စည်းကိုရသောအခါ လောဘမူစိတ်ရှစ်ခု၊ ဒေါသ မူဒွေ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆဗ္ဗီသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ အဓိပတိ ပစ္စယေန ဟူသော **ကရိယ်ား**ပါဋ်၏ အရကား - သဟဇာတာဓိပတိ သတ္တိသာရ၏။

## အကုသလော အဗျာကတဿ

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ သဟဇာတာ ဓိပတိ-အကုသလာ ဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

**အကုသလော အဗျာကတဿ** - အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သာဓိပတိစိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌အဓိပတိပစ္စည်းကိုရသော အခါ လောဘမူစိတ်ရှစ်ခု၊ဒေါသမူဒွေ၊ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဆဗ္ဗီသစိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃ ပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ အဗျာ

ကတဿ ဓမ္မဿဟူသော **သမ္ပါန်** ပုဒ်၏အရကား သာဓိပတိ အကုသိုလ်ပြအပ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။အဓိပတိပစ္စယေနဟူသော **ကရိုက်း**ပါဌ်၏အရကား သဟဇာတာ ဓိပတိ သတ္တိသာရ၏။

**အကုသလော အကုသလ ဗျာကတဿ**

အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ သဟဇာတာ ဓိပတိ-အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။

**အကုသလော အကုသလာဗျာကတဿ၌**- အကုသလော ဓမ္မောဟူသော**ကတ္တား** ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာသာဓိပတိ စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကိုရသောအခါ လောဘမူ စိတ်ရှစ်ခု၊ ဒေါသမူဒွေ၊ ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဗ္ဗိသ စိတ္တုက္ခဏ တခုတခု၌ရှိသော အဓိပတိဘရားကိုယ်၃ပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ အကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော **သမ္ပါန်** ပုဒ်၏အရကား အဓိပတိတရားကိုယ်ကြဉ်သော အဓိပတိပစ္စည်းကိုရသောအခါ လောဘမူ စိတ်ရှစ်ခု၊ ဒေါသမူဒွေ၊ဝိစိကိစ္ဆာကြဉ်သောစေဘသိက် ဆဗ္ဗိသ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။အဓိပတိပစ္စယေနဟူသော **ကရိုက်း** ပါဌ်၏အရကား သဟဇာတာ ဓိပတိ သတ္တိသာရ၏။

**အဗျာကတော အဗျာကတဿ**

အဗျာကတော အဗျာကတဿကြဘော့ ပဋ္ဌိသန္ဓေမရကြောင်းကို (မိ×) မိ - ဆိုပြီး ကြွက်ခြေကလေးပြထားပါတယ်။ ဒါ့ကြောင့် အထက်ကွက်ကိုသာဆိုရပါတယ်။ ပါဠိတော်က ဝိပါကာ ဗျာကတာ ကြိယာ ဗျာကတာလို့ဆိုပေတဲ့ ဝိပါကာ ဗျာကတာအရ ဖိုလ်လေးခုနဲ့ဘဲဆိုင်ပါတယ်။ ကြိယာဗျာကတာအရမှာသဲ ဟသိတုပ္ပါဒ်ကြဉ်တဲ့ ကာမကြိယာ အနေကန် - မဟဂ္ဂုတ်ကြိယာ ကေန်-ဒါသာဆိုင်ပါတယ်။

အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ သဟဇာတာ ဓိပတိ - ဝိပါကာ ဗျာကတာ ကြိယာ ဗျာကတာ ဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဒီမှာအရကောက်က(၄င်း)လို့ပါလာသဖြင့်ပဉ္စဝေါကာရဘုံ-အရူပဘုံ ဘုံ(၃၀)နဲ့ ဆိုင်ပါတယ်။ ဒါ့ကြောင့် သူ့အတွက်ဘုံသဘ်ပြီးဆို နေစရာမလိုပါဘူး။ ပဝတ္တိ သက်သက်သာဖြစ်ခြင်းကြောင့် ပဝတ္တိအခါလို့ ဝိသေသန-မ-နေစရာမလိုပါဘူး။

**အဗျာကတော အဗျာကတဿ၌** အဗျာကတောဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာသာဓိပတိစိတ္တဇရုပ် အားရင်းတတ်သော အဓိပတိပစ္စည်းကိုရသောအခါ မဟာကြိယာစိတ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ်ကြိယာ ၉-ခု၊ ဖိုလ်လေးခု၊ စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော အဓိပတိတရားကိုယ်

၃-ပါး ၄-ပါးတို့တွင်တပါးပါးပစ္စည်းတရားရ၏။ အဗျာကတသဟဇာတာဓိပတိ ... ဟူသော **သမ္ပယုတ္တ** ပုဒ်၏အရကား အဓိပတိတရားကိုယ်ကြဉ်သော အဓိပတိပစ္စည်းကိုရသောအခါမဟာကြိယာ စိတ်ရှစ်ခု၊ ဇောန်ရသောမဟဂ္ဂုတ်ကြိယာ ၉-ခု၊ ဖိုလ်လေးခု၊ စေတသိက်အဌတိံသ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇ ရုပ်ပစ္စယုပ္ပန်တရားရ၏။အဓိပတိပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား သဟဇာတာဓိပတိ သတ္တိသာရ၏။

၃-ပါးဆိုတာ ဒီမှာမဟာကြိယာ ဉာဏဝိပ္ပယုတ်အတွက်ဖြစ်ပါတယ်။ ဉာဏသမ္ပယုတ်နဲ့မဟဂ္ဂုတ်ကြိယာ ဖိုလ်လေးခုအတွက် ၄-ပါးဖြစ်ပါတယ်။ ပစ္စည်းဘက်ကအဓိပတိတရားကိုယ်တွေကောက်ထားတော့ ပစ္စယုပ္ပန်ဘက်မှာကြဉ်ပေးရပါတယ်။

အဓိပ္ပါယ်

သဟဇာတာဓိပတိဆိုတာ တကွဖြစ်ဘက်တရားတွေအပေါ်မှာ အပြင်းအထန်လွှမ်းမိုးပြီး တဦးတည်းအနေနဲ့ ပြိုင်ဘက်မရှိအစိုးရတဲ့ ပစ္စည်းဖြစ်ပါတယ်၊ ဒီအဓိပတိပစ္စည်းကို လေးကျွန်းလုံးကို အစိုးရတဲ့ စကြာဝတေးမင်းနဲ့တူတယ်လို့ ဥပမာပြကြပါတယ်။ စကြာဝတေးမင်းဆိုတာ လေးကျွန်းလုံးအတွင်းမှာ မိမိနဲ့သြဇာတူ အာဏာတူပြိုင်ဘက်မင်းမရှိဘဲ တဦးတည်းကသာအစိုးရပါတယ်။ ဒီစကြာဝတေးမင်းကြီးဟာ သူရဲ့ဘုန်းကံအားလျော်စွာ ပေါ်ပေါက်လာတဲ့ စကြာရတနာကြီးနဲ့လေးကျွန်းလုံးကို လှည့်လည်တဲ့အခါမှာ အခရှေ့အနောက် တောင်မြောက်အရပ်မှာရှိကြတဲ့ မင်းဟူသမျှဟာ စကြာဝတေးမင်းထံချဉ်းကပ်ပြီး "အရှင်မင်းမြတ်ကြွတော်မူပါ၊ အရှင်မင်းမြတ်ရဲ့ကြွလာတော်မူခြင်းကားကောင်းသော ကြွလာခြင်းဖြစ်ပါတယ်၊ အရှင်မင်းမြတ် ဒီနိုင်ငံဟာအရှင်မင်းမြတ်ရဲ့ နိုင်ငံဖြစ်ပါတယ်၊ အရှင်မင်းမြတ် ဆုံးမတော်မူပါ"ရယ်လို့ မိမိတို့ပိုင်ဆိုင်တဲ့တိုင်းပြည်များကိုအပ်နှင်းကြရုံမက စကြာဝတေးမင်းကြီးရဲ့ သြဇာခံမင်းများအဖြစ်ကိုလည်း ခံယူကြတယ်။ ဒီအခါမှာ စကြာဝတေးမင်းကြီးက "အသက်ကို မသတ်ကြနဲ့၊ မပေးတာကိုမယူကြနဲ့၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ မကျင့်နဲ့၊ မဟုတ်မမှန်တာကိုမပြောနဲ့၊ သေရည်သေရက်ကို မသောက်နဲ့၊ ကောက်မြဲဖြစ်တဲ့ အခွန်အတုတ်ထက် ပိုမိုပြီးကောက်ခံခြင်းမပြုကြနဲ့၊ ကောက်မြဲ အခွန်အတုတ်ကိုသာကောက်ခံသုံးစွဲကြ"ရယ်လို့ ဆုံးမတယ်။

ထိုနည်းဘူစွာဆန္ဒစတဲ့ အဓိပတိတရားကိုယ်လေးပါးတို့တွင် တပါးပါးကလွှမ်းကဲခါ အကြောင်းပစ္စည်းတရားဖြစ်နေရင် ကျန်တဲ့ဝီရိယစတဲ့သုံးပါးနဲ့တကွ သမ္ပယုတ္တဖြစ်ကြတဲ့နာမ်ခန္ဓာ ရုပ်ခန္ဓာတွေဟာဒီဆန္ဒရဲ့ နောက်လိုက်ဖြစ်ကြပြီး အကျိုးပစ္စယုပ္ပန်တရားများ ဖြစ်ကြရတယ်။

**ဆန္ဒစသည်သာ အဓိပတိထိုက်ပုံ။** ။ဒီနေရာမှာ ဖဿစတဲ့ တပါးသော စေတသိက်တွေက အဓိပတိမထိုက်ဘဲနဲ့ ဆန္ဒစသည်ကသာ ဘာ့ကြောင့် အဓိပတိထိုက်ရသလဲလို့ စဉ်းစားရင် ဆန္ဒစတဲ့ တရား လေးပါး တို့ကသာ အဓိပတိဖြစ်လောက်အောင် အင်အားကောင်းမှုမူလဓါတ်ခံကောင်းမှုရှိကြပါတယ်။ အဲဒါကြောင့် အဓိပတိကိစ္စဘတ်စွမ်းနိုင်မှုရှိကြပါတယ်။ ဖဿစသည်တွေက ဒီလိုသဘောမျိုး ဒီလိုသတ္တိမျိုး မရှိကြပါဘူး။ သူတို့ရဲ့ ကိစ္စနဲ့သူတို့အသီးသီး ဆောင်ရွက်ကြရပါတယ်။

ဒီအဓိပတိလေးပါးထဲက ဆန္ဒကအဓိပတိကိစ္စတတ်လိုက်တဲ့အခါ ကမ္ဘာလောကမှာ သာမညလူတွေမလုပ်စွမ်းနိုင်ကြတဲ့ အင်မတန်ကြီးမားခက်ခဲလှတဲ့ အလုပ်အကိုင်ကြီးတွေ အတတ်ပညာကြီးတွေ အကျင့်သိက္ခာကြီးတွေကို တစုံတရာဝန်လေးမှုမရှိဘဲ ထမြောက်ပေါက်ရောက်အောင်လုပ်နိုင်ကြတာဟာ ဆန္ဒစတဲ့တရားများအခြေခံရှိမှ အဓိပတိကိစ္စတတ်မှ ဖြစ်မြောက်နိုင်ကြပါတယ်။ လောကကြောင်းမှာဖြစ်ဖြစ် ဓမ္မကြောင်းမှာဖြစ်ဖြစ် ကုသိုလ် အကုသိုလ်တရားတွေမှာဖြစ်ဖြစ် ဘယ်နေရာဌာနမျိုးမှာမဆို အင်မတန်လိုချင် အင်မတန်ရချင် အင်မတန် တမြောက်အောင်မြင်ချင်တဲ့ ဆန္ဒတရားကြီးတခု ခိုင်မြဲစွာရှိနေမယ်ဆိုရင် ဒီအလို ဆန္ဒဟာပြည့်ဝတတ်ပါတယ်။ မြန်မြန်ပြည့်စုံမှု နှေးနှေးပြည့်စုံမှုသာရှိပါဘယ်။

ဝိရိယက အဓိပတိကိစ္စတတ်တဲ့အခါမှာလဲ ဝိရိယထုတ်နိုင်မှ ပြီးစီးနိုင်တဲ့ကုသိုလ် အကုသိုလ်ကိစ္စကြီးတွေမှာ တစုံတရာ ခဲယဉ်းမှုဝန်လေးမှုမရှိတော့ဘဲ ပြီးစီးကြပါတယ်။ ထိုနည်းတူ စိတ်ကသာ အဓိပတိကိစ္စတတ်လိုက်ရင် ဘယ်လောက်ကြီးမားခက်ခဲတဲ့ကုသိုလ် အကုသိုလ်ကိစ္စတွေကိုပြုလုပ်ရပေမဲ့ စိတ်ခိုင်မြဲရင် ပြီးရမှာဖြစ်ပါတယ်။ ဝိမံသာဓိပတိကိစ္စတတ်တဲ့အခါမှာလဲ အလွန်ကြီးကျယ်ခက်ခဲတဲ့ကိစ္စများကို ကြံဘန်ရာမှာ နေရာတကျပေါက်ရောက်နိုင်ပါတယ်။ လိုရင်းအကျဉ်းချုပ်ကတော့ ဘယ်လောက် ကြီးကျယ်ခက်ခဲတဲ့ကိစ္စဖြစ်ဖြစ် ဆန္ဒစသည်ကို အဓိပတိကိစ္စတတ်ပြီး ပြုလုပ်မယ်ဆိုရင် ဒီကိစ္စတွေဟာ ပြီးစီးရမည့်သာဖြစ်ပါတယ်။ ဒီလိုပြီးရမည်ဖြစ်ကြောင်းကို "ဆန္ဒဝတောကိံ နာမကမ္မံ နသမိဇ္ဈတိ" စသည်ဖြင့် ဟောပါတယ်။

ဒီကမ္ဘာလောကကြီးရဲ့ ကောင်းမှု မကောင်းမှု ချမ်းသာမှု ဆင်းရဲမှု သာယာမှု မသာယာမှု စသည်တွေကို စင်းစားလိုက်ရင် ဆန္ဒာဓိပတိစသည်တွေက ကုသိုလ်မှာယှဉ်ခဲ့လို့ရှိရင် ဒီကမ္ဘာလောကကြီး ကောင်းမယ် - ချမ်းသာမယ် - သာယာမှုရှိမယ်၊ လောဘ ဒေါသဆိုတဲ့ အကုသိုလ်မှာယှဉ်ရင်ဘော့ ဒီကမ္ဘာကြီးဟာ မကောင်းတော့ဘူးမချမ်းသာတော့ဘူး သာယာမှုမရှိဘော့ဘူး။

**အဓိပတိလေးပါးဥဒါဟရဏ်။** ။ဒီအဓိပတိလေးပါးရဲ့ဥဒါဟရဏ်ကိုပြောရရင် ဆန္ဒာဓိပတိအတွက် အရှင်ရဋ္ဌပါလ၊ ဝိနည်းမှာလာတဲ့ အရှင်သုဒိန်တို့ဟာ မြတ်စွာဘုရားက သင်တို့ရဟန်းပြုချင်ခဲ့လို့ရှိရင် မိဘထံခွင့်တောင်းရမယ်။ မိဘခွင့်မပြုတဲ့ပုဂ္ဂိုလ်ကို ငါဘုရားရဟန်းပြုခွင့်မပေးနိုင်ဘူးလို့ မိန့်တော်မူတဲ့အခါမှာ ဒီပုဂ္ဂိုလ်တွေဟာ မိဘထံချဉ်းကပ်ပြီး "မိခင်ဖခင်တို့၊ အကျွန်ုပ်သည် မြတ်စွာဘုရားဟောတော်မူတဲ့တရားကို ထိုက်သည့်အားလျော်စွာ သိနားလည်ပါတယ်။ လူ့ဘောင်မှာနေပြီး စင်စစ်စင်ကြယ်၍ ခရုသင်းပွတ်သစ်ၵနဲ့တူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ဖြစ်တဲ့အကျင့်မြတ်ကိုကျင့်ဘို့ရာ မလွယ်ပါဘူး။ ရဟန်းပြုဘို့ရာခွင့်လွှတ်ပါ" လို့ သုံးကြိမ်တိုင်တိုင် တောင်းပန်တဲ့အခါ မိဘတွေက "ငါ့သားတို့၊ ငါတို့ဟာ မင်းတို့ကို သေလို့ခွဲရတာတောင်မှ မလွဲမကင်းသာလို့ခွဲရမှာ၊ အသက်ရှင်ရက်သားနဲ့တော့ ငါတို့မခွဲနိုင်လို့ ခွင့်မပြုနိုင်ဘူး" လို့ ပြောလိုက်တဲ့အခါ အခင်းမရှိတဲ့ မြေကြီးပေါ်မှာနေပြီး ဒီနေရာမှာဘဲ ငါရဲ့သေရမှု ရဟန်းပြုရမှုတခုခုဖြစ်ရမယ်ဆိုပြီး ဘာ

ကိုမှ မစားမသောက်တော့ဘဲ မြေကြီးပေါ်မှာအိပ်နေတယ်။ ဒါဟာ ရဟန်းပြုလိုမှုအတွက် လွန်စွာပြင်းပြလှတဲ့ ဆန္ဒာဓိပတိကိစ္စတတ်ခြင်းဖြစ်ပါတယ်။

ရှင်သုမေဓာရသေ့ဟာလဲ ဘယ်လောက် ဘုရားဖြစ်လိုတဲ့ဆန္ဒ ပြင်းပြသလဲဆိုရင် "အချင်းသုမေဓာ၊ ဤစကြဝဠာတောင်ဘက်တံတိုင်းက မြောက်ဘက်တံတိုင်းအထိ ခြေတဘက်ချလိုက်ရင် ခြေဖဝါးက ခြေဖမိုးတိုင်အောင်ပေါက်၍ထွက်မည့် အလွန်ထက်လှတဲ့ လှံသွားများအပြည့်ချထားတယ်။ အဲဒီလှံသွားတွေနင်းပြီး မြောက်စကြဝဠာတံတိုင်းရောက်အောင်သွားနိုင်ရင် သင်ဘုရားဖြစ်လိမ့်မယ်"လို့ တစုံတယောက်သောသူကဆိုသာပါက ဒီလှံသွားတွေကို တစုံတရာဂရုမစိုက် မကြောက်မရွံ့ဘဲ ရဲဝန့်စွာနင်းခါ ချက်ခြင်းသွားပြီး ဘုရားအဖြစ်ကို ရယူလိုမှုဟာ ပြင်းပြထက်သန်လှတဲ့ ဆန္ဒာဓိပတိပင်ဖြစ်ပါတယ်။

**ဝီရိယာဓိပတိကိစ္စတတ်ပုံ။** ။အရှင်သောဏမထေရ်ကတော့ ရဟန်းတရားအားထုတ်ဘဲ့အခါမှာ ဘယ်လိုကြိုးသလဲ၊ ငါမအိပ်တော့ဘူး။ မအိပ်တော့ဘဲ ထိုင်ခြင်း ရပ်ခြင်းဖြင့်သာ ဘာဝနာတရားကိုပွားများတယ်။ ဒီတော့ ဘာဖြစ်လာသလဲ၊ ရပ်က အင်မတန်ပင်ပန်းလာတယ်။ ရပ်ပင်ပန်းလွန်းလှလို့ ထိနမိဒ္ဓဖြစ်လာတဲ့အခါမှာ ထိနမိဒ္ဓကိုပယ်ဖျောက်ဘို့ရာအတွက် စင်္ကြံသွားတယ်။ စင်္ကြံသွားပါများတော့ ဖဝါးနှစ်ဘက်ဟာ ဖူးထပြီး ပေါက်ပြဲကွဲအက်ကုန်တယ်။ စင်္ကြံသွားလာနေတဲ့ မြေတသင်းဟာ သွေးချင်းချင်းနီနေတယ်။ အဲဒါဟာ အင်မတန်ပြင်းပြလှတဲ့ ဝီရိယာဓိပတိဖြစ်ပါတယ်။ ဇနကမင်းသားရဲ့ သမုဒ္ဒရာထဲမှာ သင်္ဘောပျက်တဲ့အခါ သမုဒ္ဒရာကိုလက်ပြစ်ကူးတာတွေ။ ထို့ပြင် သမုဒ္ဒရာထဲမှာ မိမိရဲ့သားရှဉ့်ငယ်ကလေးကျသွားလို့ ရှဉ့်ငယ်ကလေးကိုဆယ်ယူရန်အတွက် ဒီသမုဒ္ဒရာရေတွေကုန်အောင်ခပ်ပစ်မှ ငါ့သားကလေးတွေ့တော့မှာဘဲဆိုတဲ့ မြော်လင့်ချက်နဲ့ ဒီရှဉ့်ဘသေးဟာ အမြီးနဲ့ သမုဒ္ဒရာရေကိုယူလိုက်၊ ယူပြီး ကမ်းပေါ်တက်ပြီး ခါခါပစ်လိုက်၊ အဲဒီရှဉ့်ရဲ့ပြုမူမှုဟာလဲ ဝီရိယာဓိပတိဘဲဖြစ်ပါတယ်။

**စိတ္တာဓိပတိ-ဝီမံသာဓိပတိကိစ္စတတ်ပုံ။** ။စိတ္တာဓိပတိကြတော့ကာ အရှင်သမ္ဘူလမထေရ်ဟာ စိတ်ကို အကြီးအမှူးပြုပြီးအားထုတ်လို့ လောကုတ္တရာတရားကို ရပါတယ်။ မောဃရာဇမထေရ်ဟာ မြတ်စွာဘုရားကို ပြဿနာမေးလျှောက်ပြီး ဝီမံသကို အကြီးအမှူးပြုပြီးအားထုတ်လို့ လောကုတ္တရာတရားကိုရပါတယ်၊ မဟောသဓဇာတ်တော်မှာ မဟောသဓက ဝိဒေဟရာဇ်မင်းကြီးမေးတဲ့ ပြဿနာများကိုဖြေဆိုရာတွေဟာ ဝီမံသာဓိပတိများဖြစ်ပါတယ်။

**မိစ္ဆတ္တနိယတ သဟာဓိကေန်။** ။ဒီတော့ ဒီအဓိပတိတွေဟာ ကေန်အနေကန်ရယ်လို့ ကုသိုလ်တွေမှာရော အကုသိုလ်တွေမှာရော အဗျာကတတွေမှာရော ဆိုခဲ့ပါတယ်။ အကုသိုလ်ဆိုင်ရာမှာ အဓိပတိကေန်ဟာ ဘယ်သူလဲ ? ယခုအရကောက်ထဲမှာတော့ အဓိပတိကေန်ရယ်လို့ မပါပါဘူး။ ဒါပေမဲ့ မိစ္ဆတ္တနိယတတရားတွေကြတော့ သဟဇာတာဓိပတိကေန်ဖြစ်ပါတယ်။ ခုနကပြောခဲ့တဲ့ သာဓိပတိဇော(၅၂)ခုထဲက သာမညလောဘမူ ဒေါသမူဆိုတဲ့ အကုသိုလ်ဇော(၁၀)ခုနဲ့ မဟာကုသိုလ် မဟာကြိယာဇော(၁၆)ခုဟာ အဓိပတိ

ကိစ္စတတ်တဲ့အခါတတ်တယ်။ မတတ်တဲ့အခါ မတတ်ကြလေတော့ အနေကန်ဇောများလို့ ဆိုရပါတယ်။ အကုသိုလ်ဇောထဲက မိစ္ဆတ္တနိယတတရားများဟာ ကာမဘုံမှာ အပ္ပနာဇောများလို အင်မတန်အားကောင်းကြပါတယ်။ အားကောင်းကြလို့ အဓိပတိကေန်ဖြစ်ကြောင်းကို အဋ္ဌကထာက ''အယံပနကေန္ဒေနေဝလဗ္ဘတိ၊ နဟိတေမဗ္ဗာ သဟဇာတာဓိပတိဝိနာ ဥပ္ပဇ္ဇန္တိ''လို့ ဆိုပါတယ်၊ အဲဒီဇောတွေဟာ ကေန်အဓိပတိကိစ္စဖြစ်ပါတယ်။ ဒီတရားတွေဟာ သဟဇာတာဓိပတိနဲ့ ကင်းပြီး မဖြစ်နိုင်ကြပါဘူးလို့ ဆိုပါတယ်။ မူလဋီကာက ''မိစ္ဆတ္တနိယတာအပ္ပနာသဒိသာ မဟာဗလာဝိနာအဓိပတိနာ နုပ္ပဇ္ဇန္တီတိကေန္ဒေနေဝါတိအာဟ'' လို့ အဋ္ဌကထာရဲ့အာဘော်ကို ဖွင့်ဆိုပါတယ်။ မိစ္ဆတ္တနိယတ တရားတွေဟာ အပ္ပနာနဲ့တူတယ်၊ အင်မတန်အားကောင်းတယ်။ အဓိပတိနဲ့ကင်းပြီးမဖြစ်နိုင်လို့ ကေန်ရယ်လို့ အဋ္ဌကထာဆရာက ဆိုပါတယ်လို့ ဖွင့်ပြပါတယ်။

မိစ္ဆတ္တနိယတတရားဆိုတာ ဘာလဲ? မိဘကိုသတ်တာ၊ ရဟန္တာသတ်တာ၊ ဘုရားကို သွေးစိမ်တည်အောင်ပြုတာ၊ သံဃာသင်းခွဲတာ။ အဲဒီလိုပြုတဲ့ ပဉ္စာနန္တရိယကံကြီးများနဲ့ သေရင် အဝီစိကေန်ကျရောက်မဲ့ နိယတမိစ္ဆာဒိဋ္ဌိကြီးများဖြစ်ကြပါတယ်။ ဒီလို အမေကို သတ်မှု အဖေကိုသတ်မှုစတဲ့ကိစ္စတွေကို ဆန္ဒစိတ္တဝီရိယဆိုဘဲ့တရားများကို အဓိပတိကိစ္စ မတတ်ဘဲ အကြီးအကျယ်မပြုဘဲ မပြုလုပ်နိုင်ကြပါဘူး။ ကေန်တပါးပါးကို အဓိပတိကိစ္စတတ်ခါ ပြုလုပ်ရပါတယ်။ ပဋ္ဌာန်းပါဠိတော် မိစ္ဆတ္တတိက်ပဋိစ္စစတဲ့ ဆဝါရနာဓိပတိပစ္စည်းမှာ ''မိစ္ဆတ္တနိယတေခန္ဓေပဋိစ္စ မိစ္ဆတ္တနိယတာဓိပတိ''စသည်ကို ဟောပါတယ်၊ ကေန်တရားမျိုးအနေနဲ့ သီးသန့်နေတဲ့ပဒများမှာ အထက်ပါအတိုင်း ဟောပါတယ်။ ဒီလိုမဟုတ်ဘဲ ကေန်နဲ့အနေကန် ရောပြွမ်းနေတဲ့ ကုသလတိက်စတဲ့နေရာများမှာတော့ သာမညအားဖြင့် နာဓိပတိပစ္စည်းပင်ဖြစ်ငြားသော်လဲ၊ ''ကုသလံဧကံခန္ဓံပဋိစ္စတယောခန္ဓာ''စသည်ဖြင့် ဟောပါတယ်။ ဒါဟာ အကုသိုလ်ဆိုင်ရာမှာ ကေန်အဓိပတိတရားများဖြစ်ပါတယ်။

**မဟဂ္ဂုတ်ဇောကေန် အဓိပတိ**။ ။ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် (၉)ခု၊ မဟဂ္ဂုတ်ကြိယာ(၉)ခုရယ်လို့ ဆိုခဲ့ပါတယ်။ မဟဂ္ဂုတ်ဇောရဲ့ ကေန်အဓိပတိက ဘယ်လိုလဲ? ဒီမဟဂ္ဂုတ်ဇောတွေရဲ့ ကေန်အဓိပတိဖြစ်ကြောင်းကိုလဲ ပရိတ္တတိက် စသည်တွေမှာ ''မဟဂ္ဂတေခန္ဓေ ပဋိစ္စ မဟဂ္ဂတာဓိပတိ'' ဟူ၍၎င်း၊ ''ရူပါဝစရေ ခန္ဓေ ပဋိစ္စ ရူပါဝစရာ ဓိပတိ''ဟူ၍၎င်း၊ ''အရူပါဝစရေ ခန္ဓေ ပဋိစ္စ အရူပါဝစရာ ဓိပတိ'' စသည်ဖြင့် ဟောပါတယ်။ ဒီလိုဟောထားတဲ့ ပဋ္ဌာန်းပါဠိတော်ကြီးအရ ဘာတွေကိုသိရ ဘာတွေကို နားလည်ရသလဲဆိုရင် ရူပအရူပဈာန်ကို လိုချင်ရင်ရချင်ရင် တော်ရုံ ရော်ရုံ ရက်အနည်းငယ် လအနည်းငယ်နဲ့ အားထုတ်လို့မရပါဘူး။ လွန်စွာ ပြင်းပြလှတဲ့ ဆန္ဒစသည်တို့တွင် တပါးပါးကိုအဓိပတိကိစ္စဘတ်ရလိမ့်မယ်။ အကြီးအကျယ်ပြုရလိမ့်မယ်၊ ပလိဗောဓတွေကိုဖြတ်ဆိတ်ငြိမ်ရာအရပ်ချင်းကပ်ပြီး မဖြစ်မနေ ဇွဲကောင်းကောင်းနဲ့ ဘယ်အာရုံမျိုးမှ မဝင်စေဘဲ၊ ရူပဈာန်ရချင်ရင် ပညတ်အာရုံတခုထဲမှာသာ စူးစူးစိုက်စိုက် စိတ်ကိုထား ရူပဈာန်ရဘို့ရာ အတွက် အားထုတ်ရပါတယ်။ ရူပဈာန်အားလုံးဟာ အာရမ္မဏ ပစ္စည်းတရေးအကျယ်မှာ ပြထားတဲ့အတိုင်း ပရမတ်ကို အာရုံမပြုပါဘူး။ ပညတ်ကိုသာ အာရုံပြုကြပါတယ်။ အရူပ

ချာန်ကြတော့ ဇယားမှာ ပြထားတဲ့အတိုင်း ဆိုင်ရာပညတ်နဲ့ ပရမတ်ကို အာရုံပြုပါ တယ်။ ဒီစျာန်တွေရဘို့ရာအတွက် အတော်ကို ကျင့်ပါရေး စသည် ပြည့်စုံရမှာ ဖြစ်ပါ တယ်။ ယခုအခါ ကျင့်ပါရေးချို့တဲ့သူ များနေလေတော့ရဘို့ရာ မလွယ်လှပါဘူး။

ဒါပေမဲ့ ဒီစျာန်တွေဟာ လောကီတရား ဖြစ်လေတော့ အနမတဂ္ဂ သံသရာ တ လျှောက်မှာ စျာန်မရခဲ့ဘူးသူ ပြဟ္မာဘုံမှာ မဖြစ်ခဲ့ဘူးသူရယ်လို့ မရှိကြပါဘူး။ အနာဂါမ် များသာ ပဋိသန္ဓေနေကြတဲ့ သုဒ္ဓါဝါသ(၅)ဘုံကလွဲရင် ကြွင်းကျန်တဲ့ (၂၆)ဘုံမှာ ဖြစ်ခဲ့ ကြဘူး ရောက်ခဲ့ကြဘူးသူများသာ ဖြစ်ကြပါတယ်။ အယုတ်ဆုံးအားဖြင့် ကမ္ဘာတခါပျက် လိုက်ရင် သတ္တဝါတွေဟာ မီး ရေ လေ မဖျက်ဆီးတဲ့ ရူပဘုံများမှာ သွား ပြီး ဖြစ် ကြ ရ ပါ တယ်။

**လောကုတ္တရာဇော - ဧကန်အဓိပတိ။** ။လောကုတ္တရာဇောရဲ့ ဧကန်အဓိပတိက မဂ်ဖိုလ်ဆိုတဲ့ လောကုတ္တရာ တရားကိုရဘို့ရာကတော့ လောကီစျာန်များထက်ပိုပြီး ခက်ပါ တယ်။ ဒီလောကုတ္တရာစိတ်ရှစ်ခုကလဲ အဓိပတိ ဧကန်ဖြစ်ကြောင်းကို ပဋ္ဌာန်းပါဠိတော်ကြီး ဥပါဒိန္နတိက် သံကိလိဋ္ဌတိက်တတိယ ပဒတွေမှာ လောကုတ္တရာစိတ် ရှစ်ခုရှိပါတယ်။ နိဗ္ဗာန် ရှိပါတယ်။ အဲဒီလောကုတ္တရာစိတ် ရှစ်ခုအတွက် နာမဓိပတိပစ္စည်းမှာ''အနုပါဒိန္န အနုပါဒါ နိယောခန္ဓေ ပဋိစ္စ အနုပါဒိန္န အနုပါဒါနိယာ ဓိပတိ''ဟူ၍၎င်း၊ ''အသံကိလိဋ္ဌ အသံ ကိ လေသိကေ ခန္ဓေ ပဋိစ္စ အသံကိလိဋ္ဌ အသံကိလေသိကာ ဓိပတိ'' ဟူ၍၎င်း၊ ပရိတ္တတိက် များမှာလဲဘဲ ''အပ္ပမာဏေ ခန္ဓေ ပဋိစ္စ အပ္ပမာဏာ ဓိပတိ''ဟူ၍၎င်း၊ လောကုတ္တရာသက် သက်နေတဲ့ ပဒများမှာ ဟောထားပါတယ်။ ဒီတော့ မဂ်ဖိုလ်ရဘို့ဆိုတာ အင်မတန်ပြင်းပြ တဲ့ ဆန္ဒစသည် ရှိရတဲ့အပြင် ပညာဝီရိယစတဲ့ ဣန္ဒြေများကလဲ ရင့်ကျက်မှုရှိရပေလိမ့်မယ်။ မဂ်ဖိုလ်ရတယ်ဆိုကာ သစ္စာလေးပါးကို သိမြင်ပါမှ ရနိုင်ပါတယ်။ သစ္စာ လေး ပါး တို့ တွင် လောကီဖြစ်တဲ့ ဒုက္ခသမုဒယသစ္စာများရဲ့ ဖြစ်မှုဟာ ထင်ရှားပါတယ်။ သစ်ငုတ်တိုက်မိ မယ် ဆူးစူးမယ်ဆိုရင် ဒုက္ခဖြစ်မှု ထင်ရှားပါတယ်။ ခဲဘွယ်စားဘွယ်စသည်ကို ခဲချင် စားချင်တဲ့အခါမှာ ခဲချင်မှု စားချင်မှုဆိုတဲ့ လောဘဖြစ်မှု သမုဒယသစ္စာ ထင်ရှားပါတယ်။ ဒါပေမဲ့ ဒီသစ္စာတွေရဲ့ လက္ခဏာကို ထိုးထွင်း၍ သိမှုကတော့ အင်မတန်မှ မြင်နိုင်ခဲလို နက်နဲပါတယ်။ လောကုတ္တရာဖြစ်တဲ့ မဂ္ဂနဲ့ နိရောဓသစ္စာကို မြင်ဘို့ကတော့ သဘာဝအား ဖြင့်ပင် နက်နဲလှလို့ မြင်နိုင်ခဲပါတယ်။ ဣန္ဒြေရင့်ကျက်မှ ရကြောင်းကို အာရမ္မဏပစ္စည်း တုံးက ပြောခဲ့ပါပြီ။

ဒါကြောင့် ယခုအခါ စျာန်မဂ်ဖိုလ်ရဘို့ ကိစ္စဆိုတာ လွယ်ကူတဲ့ကိစ္စမဟုတ် တော်ရုံ ရော်ရုံ အားထုတ်လို့ရဘဲ့ ကိစ္စမဟုတ်၊ ဆန္ဒ စိတ္တ ဝီရိယ ဝိမံသဆိုတဲ့ အဓိပတိလေးပါး တို့တွင် တပါးပါးကို သဟဇာတာ ဓိပတိ ကိစ္စတတ်ပြီး အားထုတ်မှရနိုင်တဲ့ သဘော တရားကို ဧကန်ရသော မဟာဂ္ဂုတ်ကုသိုလ်(၉)ခု မဂ်လေးခုစသည်ဖြင့် အရကောက်မှာပြ ထားပါတယ်။ သဟဇာတာ ဓိပတိကိစ္စကုန်ပါပြီ။

သဟဇာတာ ဓိပတိပြီးတော့ သဟဇာတကမ္မကို ဆက်လက် ဆိုလိုက်ကြပါဦးစို့။ ကမ္မဟာ စေတနာဖြစ်ပါတယ်။ စေတနာဖြစ်တော့ စေတနာဆိုတဲ့ အသံနဲ့ ဆိုရပါလိမ့်မယ်၊

အဲဒီကမ္မပစ္စည်းရဲ့ သုဒ္ဓသင်္ချာကို မဆိုရသေးပါဘူး။ သဟဇာတဘာ ဝိပတိပစ္စည်းရဲ့ သုဒ္ဓသင်္ချာကလဲဘဲ ပစ္စည်းရေကို အဓိပ္ပါယ်မပြောခဲ့ရသေးပါဘူး။ ပစ္စည်းရေ(၁၃)ခုရမှုဟာ တခြားတပါးကိုရှာပြီး မနေရပါဘူး။ သဟဇာတ အကြီးဟာ တပြိုင်နက်၊ အလတ်တွေဟာ ယထာရဟ၊ (၈) ပစ္စည်း၊ အဓိပတိ ပစ္စည်းတခုနဲ့ (၉) ပစ္စည်း။ အဲဒီ (၉) ပစ္စည်းဆုတ်ကိုင်ပြီး ယခုသဟဇာတ အငယ်မှာ ဟောနေတဲ့ သုဒ္ဓသင်္ချာရဲ့ ပစ္စည်းတရားတွေကြည့်ရပါတယ်။ ကြည့်တော့ ဟေတုက အဓိပတိကိုရတော့ အဓိပတိကလဲ ဟေတုကိုရပါတယ်။ သဟဇာတ ကမ္မထဲက စေတနာဟာ အဓိပတိတရား ကိုယ်ထဲမှာ မရှိပါဘူး။ အာဟာရထဲက ဖဿစေတနာမဆိုင်ပါဘူး။ ဝိညာဉ်ဟာ စိတ္တာဓိပတိနဲ့တူပါတယ်။ ဒါ့ကြောင့် အာဟာရရတယ်။ ဣန္ဒြိယကြတော့ အဓိပတိက ဆန္ဒ စိတ္တ ဝီရိယ ဝိမံသလို့ဆိုတော့ဣန္ဒြိယမှာ စိတ်ရှိပါတယ်။ ဝီရိယရှိပါတယ်။ ပညာရှိပါတယ်။ အဲဒီသုံးပါးဟာ အဓိပတိနဲ့ သဘာဂဖြစ်ပါတယ်။ ဈာနရဲ့ ဈာနင်တရားကိုယ် ၅ ပါးက အဓိပတိနဲ့ မဆိုင်ပါဘူး။ မဂ္ဂထဲက ပညာနဲ့ ဝီရိယက ဝီရိယာ ဓိပတိ ဝိမံသာ ဓိပတိနဲ့တူပါတယ်။ ဒါကြောင့်ရင်း ပစ္စည်းတွေရပါတယ်။ ဒါ့ကြောင့် ပစ္စည်းရေ(၁၃)ခု ဖြစ်ပါတယ်။ သဟဇာတကမ္မရဲ့ သုသဒ္ဓချာကို စာမျက်နှာ(ခ)မှာ ဆိုလိုက်ကြပါဦးစို့။

## သဟဇာတကမ္မ

**သဟဇာတကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်ပဋိသန္ဓေကမ္မဇရုပ်အားတတ်သော စိတ်တခုယုတ်ကိုးဆယ်၌ ရှိသောစေတနာ။ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာသတ္တ၊ ပစ္စည်းရေ (၁၀) ဟူသည်တည်း။ သင်္ချာသတ္တဟူသော်ကား ကုသလောကုသလဿ၊ ကုသလောအဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလောအဗျာကတဿ၊ အကုသလော အကုသလာဗျာကတဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ ( ၁၀ ) ဟူ သော်ကား သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

သုဒ္ဓသင်္ချာရဲ့သရုပ်ကို နဲနဲပြောပြပါမယ်။ ပစ္စည်းတရားကစေတနာဖြစ်ပါတယ်။ စေတနာဆိုတာ သင်္ဂြိုဟ်ကလာခဲ့တဲ့ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) ခုထဲက တရားဖြစ်ပါတယ်။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဖြစ်ခြင်းကြောင့် စိတ်တခုယုတ်ကိုးဆယ်မှာ ယှဉ်ပါတယ်။ ဒါကြောင့် စိတ်တခုယုတ်ကိုးဆယ်၌ရှိသော စေတနာလို့ ဆိုပါတယ်။ အဲဒီစေတနာနဲ့အတူ တကွဖြစ်နိုင်တဲ့နာမ်တရားတွေက သမ္ပယုတ္တခန္ဓာဖြစ်ပါတယ်။ သမ္ပယုတ္တခန္ဓာလို့ဆိုတာ စေတနာနဲ့ယှဉ်တဲ့ စိတ် ၈၉ ခုရှိပါတယ်။ စေတသိက်က စေတနာတခုထဲကိုပစ္စည်းယူထားခြင်းကြောင့် ဒီစေတနာကိုကြဉ်ပေးရပါလိမ့်မယ်။ စေတသိက်ကစေတနာကြဉ်တဲ့ စေတသိက် (၅၁) ခု ရှိပါတယ်။ ၎င်းစေတနာနဲ့အတူတကွဖြစ်တဲ့ စိတ္တဇရုပ်ပဋိသန္ဓေကမ္မဇရုပ် (အဟိတ်သဟိတ်ရွေးနေစရာမလိုပါဘူး) ရပါတယ်။ ဒီဘက်က စိတ် ၈၉ ခု မှာ ရှိတဲ့ စေတနာကို ကောက်ပြီးထားခြင်းကြောင့်ဖြစ်ပါတယ်။သင်္ချာကလဲ ဟေတုတုံးကခဲ့တဲ့အတိုင်း

ဖြစ်ပါတယ်၊ ပစ္စည်းရေကြတော့ (၁၀) ဖြစ်ပါတယ်။ ဒီ(၁၀) ကိုလွယ်လွယ်မှတ်ခဲ့လို့ရှိရင် သဟဇာတအကြီး အလတ်-၈၊ ကမ္မတခုယူလိုက်၊ ဒီကမ္မနဲ့သဘာဂ ဖြစ်နိုင်တဲ့ တရားဟာ ဘယ်ပစ္စည်းမှာရှိသလဲ ? အာဟာရတခုမှာသာရှိပါတယ်၊ ဖဿ စေတနာ ဝိညာဉ်ရယ်လို့ စေတနာ ရှိပါတယ်။ အဲဒီတော့ အာဟာရပစ္စည်း တခုသာလျှင် ရပါတယ်။ ဒါ့ကြောင့် ပစ္စည်းရေဟာ (၁၀) ဖြစ်နေပါတယ်။ အရကောက်တွေကြတော့ ကမ္မကစိတ်ကုန် စေတသိက်ကုန် ယူပြီးထားခြင်းကြောင့် ဘာမှစဉ်းစားစရာ မရှိတော့ပါဘူး။ ကုသိုလ်လဲ အကုန်ဆိုလိုက်၊ အကုသိုလ်လဲအကုန်ဆိုလိုက်၊ အဗျာကတလဲ အကုန်ဆိုရရုံပါဘဲ။ ၎င်းကမ္မအတွက် ပါဠိကလေးဆိုလိုက်ကြပါဦးစို့၊ စေတနာလို့ ဆိုရပါလိမ့်မယ်။

## ကုသလော ကုသလဿ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ကမ္မပစ္စယေနပစ္စယော။ ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေနပစ္စယော။

အရကောက်ကြတော့ ကမ္မမှာစေတနာကောက်ရပါတယ်။ သမ္ပဒါန်ကလဲ စဉ်းစားစရာမလိုပါဘူး၊ စေတနာကြဉ်ပေးရပါလိမ့်မယ်။ စေတသိက်တွေရေးထားတဲ့အထဲက တခုတခုလျှော့ပေးရပါလိမ့်မယ်၊ ကရိဏ်းကြတော့ (၈) ပြထားပါတယ်။ ဒီတော့ သဘာဂ ပစ္စည်းရေက (၁၀) ရှိခဲ့လို့ရှိရင် ၂ ခု ၂ ခု လျှော့ပြီး ယူရပါတယ်၊ ခပ်လွယ်လွယ်မှတ်ရင် ဒီသဘာဂပစ္စည်းရေထဲမှာ ဝိပါကပစ္စည်းနဲ့ ဝိပ္ပယုတ္တပစ္စည်းအမြဲပါတယ်။ ဒီဝိပါကဟာ ကုသိုလ်အကုသိုလ်နဲ့ လုံးဝမဆိုင်ပါဘူး၊ ဝိပ္ပယုတ္တကပစ္စယုပ္ပန်စိတ္တဇရုပ်ကို ကျေးဇူးပြုတဲ့ အခါမှာသာရပါတယ်။ ဒါ့ကြောင့် (၈) ဟာ (၁၀) ပစ္စည်းထဲက ဝိပါကနဲ့ ဝိပ္ပယုတ္တကို ကြဉ်ပေး၍ အညမညနဲ့သမ္ပယုတ္တထည့်ပေးရပါတယ်။

**ကုသလော ကုသလဿ၌**—ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ အားတတ်သော ကုသိုလ်စိတ်ဧကဝီသ စေတသိက် အဋ္ဌတိံသ စိဒ္ဓကထာတခုတခု၌ ရှိသောစေတနာ ပစ္စည်းတရားရ၏။ ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝီသ စေတနာကြဉ်သော စေတသိက်သတ္တတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ကမ္မပစ္စယေနဟူသော **ကရိဏ်း**ပါဌ်၏အရကား (ဒီမှာကမ္မရယ် သဟဇာတအကြီး ၄ ရယ် အာဟာရကလဲ ဖဿစေတနာ ဝိညာဉ်လို့ ဆိုသဖြင့် တပြိုင်နက်ရတယ်။ အညမညနဲ့သမ္ပယုတ္တကလဲ နာမ်ကုန်ရသဖြင့် တပြိုင်နက်ရပါတယ်။ အဲဒါကြောင့် လက်သဲကွင်းကလေးတွေဟာ တပြိုင်နက်ဖြစ်ပါတယ်။ အာဟာရအညမညသမ္ပယုတ္တ ဒါတွေ အကုန်လုံးယခုဆိုတဲ့ကုသလော ကုသလဿ ပစ္စည်းပစ္စယုပ္ပန်တွေကို အကုန် ရပါတယ်။) တပြိုင်နက် တတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၈) ပစ္စယသတ္တိတို့တွင် သဟဇာတ ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော အဗျာကတဿ

ကုသလောအဗျာကဘဿကြတော့ ကမ္မမှာ သဟဇာတကမ္မ-အနန္တရကမ္မ-ဗလဝ နာနာက္ခဏိကကမ္မ-ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မရယ်လို့ ကမ္မ ၄ မျိုးရှိပါတယ်။ အနန္တရ

ကမ္မဆိုတာ အနန္တရပစ္စည်းနဲ့ ကမ္မပစ္စည်းရဲ့ ၂ ဘက်ရ သဘာဂ ဖြစ်ပါတယ်။ ဗလဝနာနာက္ခဏိကကမ္မက ပကတူပနိဿယ မျိုးဖြစ်ပါတယ်။ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မက မျိုးသီးခြား ဖြစ်ပါတယ်၊ အဲဒီအနန္တရကမ္မ ဗလဝနာနာက္ခဏိကကမ္မ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ-ဒီ ၃ မျိုးပေါင်းပြီးပါဠိတော်များမှာ "နာနာက္ခဏိကာ" ရယ်လို့ဟောပါတယ်၊ သူတို့ရဲ့သဒ္ဒသန်ချာကိုပေါင်းလိုက်ရင် "ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာကဋတ္တာရုပ်အားတတ်သော ကုသိုလ်စိတ် ကေဝီသ အကုသိုလ်စိတ်ဒွါဒသဋ္ဌ ရှိသော စေတနာ" လို့ရပါတယ်။ ဒီတော့ ဝိပါက်နဲ့ ကဋတ္တာရုပ်တွေက အဗျာကတ ဖြစ်ပါတယ်။ ပစ္စည်းဘက်က ကုသိုလ် အကုသိုလ်စေတနာတွေက ကုသိုလ် အကုသိုလ်ဖြစ်ပါတယ်။ ဒီတော့သူ့ကို သန်ချာထုတ်ရင် ကုသလောအဗျာကတဿ၊ အကုသလောအဗျာကတဿလို့ ၂ ချက်ရပါတယ်။ ကုသလောအဗျာကတဿ၊ အကုသလောအဗျာကတဿကြရင် နာနာက္ခဏိကကမ္မနဲ့ပါဆိုင်ပါတယ်။ ယခု သဟဇာတကမ္မကို အလိုရှိသဖြင့် "သဟဇာတာ" ရယ်လို့ဆိုပေးရပါတယ်။ ကြွင်းကျန်တာတွေကတော့ နာနာက္ခဏိကကမ္မနဲ့ လုံးဝမဆိုင်သဖြင့် သူ့တို့အတွက် စင်းစားစရာမလိုပါဘူး။ သဟဇာတချည်းဖြစ်ပါတယ်။အဲဒါကြောင့် ကုသလောအဗျာတတဿမှာ အဓိပတိတုံးက "အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ" ဆိုသလို ဒီမှာ သဟဇာတကမ္မဖြစ်ကြောင်းကို "သဟဇာတာ" လို့ ဆိုပေးရပါလိမ့်မယ်။

ကုသလောဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မ ပစ္စယေနပစ္စယော။ သဟဇာတာ-ကုသလာစေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေနပစ္စယော။

အရကောက်ကတော့ ကုသိုလ်ပြုအပ်တဲ့ စိတ္တဇရုပ်ပါဘဲ။ သာမညရပါတယ်။ စိတ္တဇရုပ်တွေဆိုသဖြင့် ဘုံသတ်ပြီးပေးရပါတယ်။ စိတ္တဇရုပ် ပစ္စယုပ္ပန်ဖြစ်သဖြင့် စေတနာလဲကြည့်စရာမရှိပါဘူး၊ ကရိဏ်း (၇)ကတော့ အညမညနဲ့ သမ္ပယုတ္တဖြုတ်လိုက်၊ ဝိပ္ပယုတ္တသွင်းပေးရပါတယ်။ ဝိပ္ပယုတ္တသွင်းပေးလိုက်တော့ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဖြစ်ပါလိမ့်မယ်။ အာဟာရဟာ တပြိုင်နက်အမြဲလိုက်ပါတယ်။

**ကုသလောအဗျာကတဿ** – ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော စေတနာပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ကမ္မ ပစ္စယေနဟူသော **ကရိဏ်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၇)ပစ္စယသတ္တိတို့တွင် သဟဇာတကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော ကုသလာဗျာကတဿ

ကုသလောဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ ကမ္မပစ္စယေနပစ္စယော။ ကုသလာစေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဒီမှာအကျုံးပြောစရာမရှိပါဘူး။ ကရိဏ်းအတွက်(၆)ပစ္စည်းက သဟကြီး ၄ ရယ် အာဟာရရယ် သူ့ပစ္စည်းကမ္မရယ်(၆)ပစ္စည်း တပြိုင်နက် အကုန်ရပါတယ်။

**ကုသလော ကုသလဿ ဗျာကတဿ** - ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်စေတီသ၊ စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော စေတနာပစ္စည်း တရားရ၏။ ကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသိုလ်စိတ်စေတီသ၊ စေတနာကြဉ်သောစေတသိက် သတ္တတိံသ သမ္ပယုတ်ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ကမ္မပစ္စယေနဟူသော **ကရိဏ်း**ပါဌ်၏အရကား တပြိုင်နက်တဘ်ကောင်း သော သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ ၏(၆)ပစ္စယသတ္တိတို့တွင် သဟဇာတ ကမ္မသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသိုလ် ၃ ချက်မှာလဲ ဒီသဘောဘဲဖြစ်ပါဘယ်။

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ အကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။

ကရိဏ်းတွေလဲ စိတ်တခုယုတ် ကိုးဆယ်မှာယှဉ်ဘဲ့ စေတနာဖြစ်နေတော့ ဘာမှ စင်းစားစရာ ကြဉ်စရာမလိုတော့ပါဘူး။

**အကုသလော အကုသလဿ** = အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္မယုတ္တခန္ဓာအားတတ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာပစ္စည်းတရားရ၏။ ။အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသိုလ် ဒွါဒသ၊ စေတနာကြဉ်သော စေတသိက်ဆဗ္ဗီသ သမ္ပ ယုတ္တ ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ကမ္မပစ္စယေနဟူသော **ကရိဏ်း** ပါဌ်၏ အရကား တပြိုင်နက် တတ်ကောင်း သော သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၏ (၈) ပစ္စယသတ္တိတို့တွင် သဟဇာတ ကမ္မသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

## အကုသလော အဗျာကတဿ

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေနပစ္စယော။ (ခုနက ကုသ လော အဗျာကတဿက ပြောခဲ့သလို''သဟဇာတာ''လို့ ဆိုရပါလိမ့်မယ်။ အကုသလော အဗျာကတဿမှာ နာနာက္ခဏိကာ ရပါတယ်။) သဟဇာတာ-အကုသလာ စေတနာစိတ္တ သမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

**အကုသလော အဗျာကတဿ**-အကုသလော ဓမ္မော ဟူသော **ကတ္တား** ပုဒ်၏ အရကား စိတ္တဇရုပ် အားတတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော စေတနာပစ္စည်းတရားရ၏။ ။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသိုလ်ပြုအပ်သော စိတ္တဇ ရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ကမ္မပစ္စယေနဟူသော **ကရိဏ်း** ပါဌ်၏ အရကား တပြိုင်နက် တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၏(၇) ပစ္စယသတ္တိတို့တွင် သဟဇာတကမ္မသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

### အကုသလော အကုသလဿ ဗျာကတဿ

အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ အကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဝိပါကာနဉ္စ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

**အကုသလော အကုသလဿ ဗျာကတဿ္စ**–အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် အားတတ်သော ပဋိစေ္စါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်စိတ် ၁၂ ဒါသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခု တခု၌ ရှိသော စေတနာပစ္စည်းတရားရ၏။ ။အကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသိုလ်၁၂ဒါသ၊ စေတနာကြဉ်သော စေတသိက် ဆဗ္ဗီသ သမ္ပယုတ္တ ခန္ဓာစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ကမ္မပစ္စယေနဟူသော **ကရိုက်းပါဌ်**၏အရကား **တပြိုင်** နက် တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ အတ္ထိ၊ အဝိဂတ ၅၂(၆) ပစ္စယသတ္တိတို့တွင် သဟဇာတ ကမ္မ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

### အဗျာကတော အဗျာကတဿ

ကမ္မမှာ ပဝတ္တိ ပဋိသန္ဓေ ၂ မျိုးလုံးရပါတယ်။ ၂ မျိုးရတဲ့အပြင် အောက်ဆုံးက ''စေတနာ ဝတ္ထုဿ''လို့ ကမ္မအတွက် လက်သဲကွင်းကလေးနဲ့ (ကံ) လို့ ကမ္မအတွက် ဟောဘို့ရာ ပြထားပါတယ်။ အထက်က ပဋိသန္ဓေထဲမှာ စေတနာလဲပါပြီးသားပါ။ စေ တနာက ဝတ္ထုဿလို့ဆိုတဲ့ ကဋတ္တာရုပ်ကို ကျေးဇူးပြုပြီးသားပါဘဲ၊ ဒါပေတဲ့ သီးသန့်ဖြစ် တဲ့ စေတနာက ဟဒယဝတ္ထုကလေးကို သီးခြားကျေးဇူးပြုကြောင်း ပြချင်လို့ ''စေတနာ ဝတ္ထုဿ''လို့ ဟောထားပါတယ်လို့ အဋ္ဌကထာ ဋီကာတွေက ပြကြပါတယ်။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မ ပစ္စယေန ပစ္စယော။ ဝိပါကာဗျာ ကတာ ကြိယာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ကမ္မ ပစ္စယေန ပစ္စယော၊ ပဋိသန္ဓိက္ခဏေဝိပါကာဗျာကတာ စေတနာသမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ကမ္မပစ္စယေနပစ္စယော။ စေတနာ ဝတ္ထုဿ ကမ္မပစ္စယေနပစ္စယော။

### ပဝတ္တိ

**အဗျာကတော အဗျာကတဿ္စ** – ပဝတ္တိအခါ အဗျာကတောဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာအားငင်း၊ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အား ငင်းတတ် သောဝိပါက်စိတ်ဆတ္တိံသကြိယာစိတ်ဝီသ၊စေတသိက်အဋ္ဌတိံသစိတ္တက္ခဏတခုတခု၌ရှိသော စေတနာပစ္စည်းတရားရ၏။ ။အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တိံသကြိယာစိတ်ဝီသ၊ စေတနာကြဉ်သော စေတသိက်သတ္တတိံသ သမ္ပ ယုတ္တခန္ဓာစိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ကမ္မပစ္စယေနဟူသော **ကရိုက်း** ပါဌ်၏အရကား (အဲဒါကြတော့ တပည့်တော်တို့ သဘာဝပစ္စည်းရေကပြထားတဲ့အတိုင်း တပြိုင်နက် ယာတာရဟာဖြစ်ပါတယ်၊တပြိုင်နက်ဖြစ်တဲ့ပစ္စည်းက သူ့ရဲ့မူရင်းဖြစ်တဲ့ ကမ္မရယ် အာဟာရ

ရယ် သဟဇာတအကြီး ၄ ရယ် ဒါသာလျှင် တပြိုင်နက်ဖြစ်နိုင်ပါတယ်၊ ကြွင်းကျန်တဲ့ပစ္စည်းတွေက ယထာရဟဖြစ်ပါတယ်) ကမ္မပစ္စယေနဟူသော **ကရိုဏ်း** ပါဠိအရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဟူ၍(၁၀)ပစ္စယသတ္တိတို့တွင် သဟဇာတ ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ပဋိသန္ဓေ

ပဋိသန္ဓေအခါမှာလဲ ဒီ(၁၀)ပစ္စည်းဘဲရပါတယ်။ ပဋိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာအားငင်း၊ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားငင်း တတ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ စေတသိက်ပဉ္စတိံသ စိတ္တက္ခဏတခုတခု၌ရှိသော စေတနာပစ္စည်းတရားရ၏။ ။အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပဋိသန္ဓေစိတ်ဧကူနဝီသ၊ စေတနာကြဉ်သော စေတသိက်စတုတိံသ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ကမ္မပစ္စယေနဟူသော **ကရိုဏ်း** ပါဠိ၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဟူ၍(၁၀)ပစ္စယသတ္တိတို့တွင် သဟဇာတ ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဓိပ္ပါယ်

**သဟဇာတကမ္မ**။ ။ကမ္မဆိုတာ မိမိကိစ္စ သူတပါးကိစ္စကို ပြီးစီးထမြောက်အောင် ကြောင့်ကြစိုက်ခါ နှိုးဆော်ခြင်းကိစ္စနှင့် ကျေးဇူးပြုတဲ့စေတနာရဲ့ ထူးခြားသော အမှုအရာဟာ ကမ္မပစ္စည်းဖြစ်ပါတယ်၊ ကိုယ်ရဲ့ထူးခြားတဲ့အမှုအရာဟာ ကာယဝိညတ်ဖြစ်သလို နှုတ်ရဲ့ထူးခြားတဲ့အမှုအရာဟာ ဝစီဝိညတ်ဖြစ်သလို စိတ်ရဲ့ထူးခြားတဲ့အမှုအရာဟာ စေတနာဖြစ်တယ်လို့ မူလဋီကာကပြောပါတယ်။ ဒီစိတ်ရဲ့အမှုအရာထူးကို နေ့စဉ် မိမိတို့ရဲ့သန္တာန် သူတပါးတို့ရဲ့သန္တာန်မှာ စေတနာနဲ့အတူတကွဖြစ်ကြတဲ့ စိတ္တဇရုပ်တွေကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ တပည့်ကြီး လက်သမားကြီးတွေဟာ မိမိတို့ပြုလုပ်ရမဲ့ ကိစ္စကိုလဲ ကြောင့်ကြစိုက်ပြီး ပြုလုပ်ကြတယ်။ တပည့်ငယ် လက်သမားငယ်တို့ရဲ့ကိစ္စကိုလဲ ပြီးစီးအောင် ကြောင့်ကြစိုက်ကြတာနဲ့တူတယ်လို့ ဥပမာပြပါတယ်။

**ကမ္မ ၄ မျိုး**။ ။ဒီကမ္မပစ္စည်းမှာ သဟဇာတကမ္မ၊ အနန္တရကမ္မ၊ ဗလဝနာနာက္ခဏိကကမ္မ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မရယ်လို့ ဇယားမှာ မျိုးအားလျော်စွာ (၄)မျိုးပြထားပါတယ်။ အနန္တရကမ္မရယ်လို့ သီးသန့်ပစ္စည်းမရှိပါဘူး။ သဘာဂသင်္ဂဟနာမှာ အသုံးချဘို့ဖြစ်ပါတယ်၊ ဒီအနန္တရကမ္မ,ဗလဝနာနာက္ခဏိကကမ္မ,ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မ သုံးမျိုးကိုပေါင်းပြီး ဝိဘင်္ဂပါဠိတော်များမှာ နာနာက္ခဏိကကမ္မရယ်လို့ ခေါ်ပါတယ်။

**သဟကမ္မ**။ ။ယခုဆိုင်ရာဖြစ်တဲ့ သဟဇာတကမ္မကိုသာ ပြောပြပါမယ်။သဟဇာတ ကမ္မပစ္စည်းဆိုတာ ဟေတုပစ္စည်းလို သဟဇာတပစ္စည်းမှ စေတနာတခုကိုခွဲထုတ်ပြီး ဟော

ထားတာဖြစ်ပါတယ်။ ဒီတော့ အဟုတကဖြစ်ကဲ့တရားတွေကို ကျေးဇူးပြုတဲ့စေတနာဟာ သဟဇာတကမ္မပစ္စည်းဖြစ်ပါတယ်။

**စေတနာ ၂ ကိစ္စ။** ။စေတနာရယ်လို့ဖြစ်ပေါ်လာတဲ့အခါ ဒီစေတနာဟာ ကိစ္စ ၂ မျိုးကိုဆောင်ရွက်လျက်သာဖြစ်လာပါတယ်။ ကိစ္စ ၂ ပါးဆိုတာက မိမိနဲ့အတူတကွဖြစ်တဲ့ သဟဇာတ်တရားတွေကို စီရင်နှိုးဆော်ခြင်း သဟဇာတကမ္မကိစ္စ၊ နောင်အနာဂတ်ကာလမှာ အကျိုးဝိပါက်နဲ့ ကမ္မဇရုပ်များကိုဖြစ်ပေါ်စေဘို့ မျိုးထားခြင်း နာနာက္ခဏိကကမ္မကိစ္စ ၂ ပါးကို ဆောင်ရွက်ပါတယ်။ ဒီ ၂ ပါးမှာ မျိုးထားတဲ့ကိစ္စကိုတော့ ကုသိုလ် အကုသိုလ် စေတနာမှာသာရပါတယ်။ ဒီမျိုးထားတဲ့ကိစ္စကိုဆောင်ရွက်တဲ့ စေတနာ(၃၃)ခုကို နာနာက္ခဏိကကမ္မလို့ခေါ်ပါတယ်။ အဲဒီနာနာက္ခဏိကကမ္မအကြောင်းကိုတော့ သူ့ဆိုင်ရာရောက်မှ အကျယ်ပြောပြပါမယ်။ သဟဇာတ်တရားတွေကို စီရင်ခြင်း စေ့ဆော်ခြင်းကိစ္စကိုဆောင်ရွက်တဲ့သဟဇာတကမ္မမှာရှိတဲ့စေတနာကိုတော့ စိတ်(၈၉)ခုလုံးမှာဘဲရပါတယ်။ ကုသိုလ် အကုသိုလ်မှာယှဉ်တဲ့စေတနာကသာ အထက်ကပြောခဲ့တဲ့အတိုင်း ကိစ္စ ၂ ပါးကိုဆောင်ရွက်ပါတယ်၊ ဝိပါက်ကြိယာမှာယှဉ်တဲ့စေတနာကတော့ သဟဇာတ်တရားတွေကို စီရင်နှိုးဆော်ခြင်း ကိစ္စကိုသာ ဆောင်ရွက်ပါတယ်။ သဟဇာတကမ္မမှာရှိတဲ့ စေတနာဟာ စိတ် (၈၉) ခုနဲ့ယှဉ်လေတော့ သတ္တဝါတွေ နေ့စဉ် နာရီစဉ် မိနစ်စဉ် စက္ကန့်စဉ်နဲ့အမျှ ပြုသမျှ ပြောသမျှ ကြံသမျှတွေဟာ ဒီသဟဇာတကမ္မနဲ့ကင်းလို့ မဖြစ်နိုင်ပါဘူး။ ယခုလူတွေ ပြောဆိုရေးသားနေကြတဲ့ စိတ်ကောင်းစေတနာကောင်းဆိုတဲ့အသံ – စေတနာသန့်ရှင်းပါတယ်ဆိုတဲ့ အသံတွေဟာ ဒီသဟဇာတကမ္မကိုပြောတာဘဲဖြစ်ပါတယ်။

အဋ္ဌကထာဆရာကြီးက ပါဠိတော်မှာ ''သဟဇာတာ၊ နာနာက္ခဏိကာ''လို့ ဟောထားလေတော့ နာနာက္ခဏိကာကိုထောက်ပြီး သဟဇာတကမ္မကို ''ဧကက္ခဏိကာ''ရယ်လို့ အမည်မှည့်လိုက်ပါတယ်။ ဘယ်လိုလဲဆိုရင် ''ကမ္မပစ္စယေ ကုသလာကုသလေသု ဧကက္ခဏိကော ကမ္မပစ္စယော ဝေဒိတဗ္ဗော၊တထာကိရိယာဗျာကတေ၊ဝိပါကာဗျာကတေ ပန နာနာက္ခဏိကောပိ''၊ကမ္မပစ္စည်း ကုသိုလ် အကုသိုလ်မှာ ခဏတူတဲ့ကိစ္စဆိုတာ ကမ္မပစ္စည်းကိုသိပါတဲ့။ ကြိယာဗျာကတကြတော့လဲ ဒီအတိုင်းပါဘဲတဲ့။ ဒီတော့ ကုသိုလ် အကုသိုလ်တွေမှာ ယှဉ်ထားတဲ့ ကမ္မနဲ့လဲဆိုင်ပါတယ်။ ဝိပါက်အဗျာကတကြတော့ ခ ဏ အ ထူး ထူး ရှိ တဲ့ နာနာက္ခဏိကကမ္မပစ္စည်းသာရပါတယ်တဲ့။ ဒါတွေဟာ ပဋိစ္စဝါရအတွက် ဖွင့်ပြတာဖြစ်တော့ ပစ္စယုပ္ပန်တရားတွေဖြစ်ပါတယ်။ ပြီးတော့ ''စိတ္တသမုဋ္ဌာနာနံ ပန ဧကက္ခဏိကော ကဋတ္တာရူပါနံ နာနာက္ခဏိကောဝ'' ဒီစေတနာက စိတ္တဇရုပ်ကိုကျေးဇူးပြုတဲ့အခါမှာ ခဏတူတဲ့ သဟဇာတကမ္မပစ္စည်းရပါတယ်။ ကဋတ္တာရုပ်ကိုကျေးဇူးပြုတဲ့အခါမှာ နာနာက္ခဏိကကမ္မကိုသာ သိပါလို့ဆိုထားတဲ့နေရာမှာ စဉ်းစားစရာဘယ်လိုဖြစ်လာသလဲ? ကဋတ္တာရုပ်လို့ သာမညဆိုပါတယ်နော်။ ပစ္စယုပ္ပန်စိတ္တဇရုပ်ဖြစ်နေရင် ဧကက္ခဏိက သဟဇာတကမ္မအတွက် ဘာမှလင်းပါးစရာမရှိပါဘူး။ ကဋတ္တာရုပ် ပစ္စယုပ္ပန်ဖြစ်နေတဲ့အခါကြတော့ ''နာနာက္ခဏိကောဝ''လို့ ဧဝ – သဒ္ဒါကလေးပါလာနေတော့ စဉ်းစားစရာဖြစ်လာပါတယ်။ ဘာ့ကြောင့်? ယခု ကမ္မဟောသလို ''ပဋိသန္ဓိက္ခဏေဝိပါကာဗျာကတာ စေတနာ

သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ကမ္မ ပစ္စယေနပစ္စယော''လို့ ဟောခဲ့တယ် မဟုတ်လား။ ဟောခဲ့တော့ ဒီကဋတ္တာရုပ်ဟာ သဟဇာတကမ္မပစ္စည်းရဲ့ ပစ္စယုပ္ပန် ဖြစ်မနေဘူးလား၊ အဲဒါကို မူလဋီကာဆရာကြီးက ရှင်းပြပါတယ်။

**မူလဋီကာ**။ မူလဋီကာဆရာကြီးက အဋ္ဌကထာပြစကားကို ရှင်းသွားအောင် ''ကဋတ္တာရူပါနန္တိ ပဝတ္တိယံကဋတ္တာရူပါနန္တိ အဓိပ္ပါယော''လို့ ကဋတ္တာရုပ်ကို အဋ္ဌကထာကသာမညဆိုပေမယ်လို့ သဟဇာတ ကမ္မနဲ့ဆိုင်တဲ့ ပဋိသန္ဓေကမ္မဇရုပ်ကို သွားမယူပါနဲ့၊ နာနာက္ခဏိကကမ္မနဲ့သာဆိုင်တဲ့ ပဝတ္တိကမ္မဇရုပ်ကိုယူပါတဲ့။

**အနုဋီကာ**။ တဖန် အနုဋီကာဆရာကြီးက ဘယ်လိုပြောပြန်သလဲ၊ မူလဋီကာဆရာကြီးဟာ အဋ္ဌကထာက ကဋတ္တာရူပါနံလို့ သာမညဆိုထားပါလျက်နဲ့ ပဝတ္တိကမ္မဇရုပ်ကိုယူရမယ်လို့ ဘာ့ကြောင့်ဆိုနိုင်ရသလဲ? အဲဒါကို အနုဋီကာဆရာကြီးက ''ပဝတ္တိယံ ကဋတ္တာ ရူပါနန္တိ ဝိသေသနံ ပဋိသန္ဓိက္ခဏေ ကဋတ္တာရူပါနံ ဧကက္ခဏိကဿပိ ကမ္မပစ္စယဿ ဣစ္ဆိတတ္တာ''လို့ ပဋိသန္ဓေကမ္မဇရုပ်ဟာ သဟဇာတကမ္မအတွက်လဲ အလိုရှိအပ်လေတော့ မူလဋီကာက ပဝတ္တိကမ္မဇရုပ်ကိုသာယူပါလို့ ဆိုပါတယ်တဲ့။ ရှင်းရှင်းပြောရရင် ပဋိသန္ဓေကမ္မဇရုပ်ဟာ သဟဇာတကမ္မနဲ့လဲဆိုင်တယ်၊ နာနာက္ခဏိကကမ္မနဲ့လဲဆိုင်ပါတယ်၊ ပဝတ္တိကမ္မဇရုပ် အသညသတ် ကမ္မဇရုပ်ကြတော့ နာနာက္ခဏိကကမ္မနဲ့ဘဲဆိုင်ပါတယ်။ တပည့်တော်တို့ပဋ္ဌာန်းမှာ ''ကဋတ္တာရူပါနံ''လို့ ဟောတဲ့အခါမှာ ပဋိသန္ဓေကမ္မဇရုပ်-အသညသတ်ကမ္မရုပ်-ပဝတ္တိကမ္မဇရုပ်-လို့ သုံးမျိုးရနိုင်ပါတယ်။ ဒီလိုရနိုင်တော့ သဟဇာတကမ္မအတွက်ကိုလိုချင်ရင် ပဋိသန္ဓေကမ္မဇရုပ်ကိုယူလိုက်၊ နာနာက္ခဏိကကမ္မကိုလိုချင်ရင် သုံးမျိုးလုံးကိုရနိုင်ပါတယ်။ စေတနာဝတ္ထုသလဲ ပြောပြီးပါပြီ။ ယနေ့ကမ္မကံပွဲပြီးကြပါစို့။

သာဓု .... သာဓု .... သာဓု .... ။

# ၁၃၂၉-ခု၊ တော်သလင်းလဆန်း (၇) ရက်
# ၁၉၆၇-ခု၊ စက်တင်ဘာလ (၁၀) ရက်၊ တနင်္ဂနွေနေ့
# ပဋ္ဌာန်းကုသလတိက် ပဉှာဝါရဝိဘင်္ဂကို (၁၂) ကြိမ်မြောက်ဖို့ချခြင်း

## နာမ်အာဟာရ

နာမ်အာဟာရပစ္စည်းရဲ့ သုဒ္ဓသင်္ချာဆိုရပါလိမ့်မယ်။

**နာမ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရနည်း** -သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတတ်သော ဖဿစေတနာဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါး။ ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတတ်သောတရားတို့မည်ကုန်၏။ သင်္ချာသတ္တ၊ ပစ္စည်းရေ (၁၂) ဟူသည်တည်း။ သင်္ချာသတ္တဟူသော်ကား ကုသလောကုသလဿ၊ ကုသလောအဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလောအဗျာကတဿ၊ အကုသလောအကုသလာဗျာကတဿ၊ အဗျာကတောအဗျာကတဿဟူသည်တည်း။ ပစ္စည်းရေ(၁၂)ဟူသော်ကား အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဟူသည်တည်း။

သမ္ပယုတ္တခန္ဓာဆိုတာ သဟဇာတကမ္မတုံးကလို စေတနာကြဉ်စရာမရှိပါဘူး။ စိတ် (၈၉)စေတသိက် (၅၂)ဘဲရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဖဿပစ္စည်းနေတဲ့အခါမှာ စေတနာဝိညာဉ်ဟာ ပစ္စယုပ္ပန်နေနိုင်ပါတယ်၊ စေတနာပစ္စည်းနေတဲ့အခါမှာ ဖဿဝိညာဉ်၊ ဝိညာဉ်ပစ္စည်းဖြစ်တဲ့အခါမှာ ဖဿစေတနာရယ်လို့ အပြန်ပြန်အလှန်လှန် ဟေတုပစ္စည်းတုံးကလို ပစ္စယုပ္ပန်နေနိုင်ခြင်းကြောင့် တရားဟာလျော့မသွားပါဘူး။ ကမ္မတုံးကတော့ စေတနာတခုထဲနေသဖြင့် ဒီစေတနာကို ကြဉ်ပေးရပါတယ်။ သင်္ချာသတ္တကတော့ အရင်ကပြောခဲ့တဲ့အတိုင်း မထူးပါဘူး။ အကြီး အလတ် (၈)ပစ္စည်းရမှုကပြောခဲ့ပါပြီ၊ အယ်ယဲကအဓိပတိရမှုက နာမ်အာဟာရမှာ ဝိညာဉ်ရှိပါတယ်။ ဝိညာဉ်နဲ့ စိတ္တာဓိပတိဟာ သဘာဂဖြစ်ပါတယ်။ ကမ္မရမှုကတော့ စေတနာအချင်းချင်း သဘာဂဖြစ်နေပါတယ်။ ဣန္ဒြိယရမှုကတော့ ဝိညာဏာဟာရနဲ့ မနိန္ဒြေဟာသဘာဂဖြစ်ပါတယ်။ ဒါကြောင့် ဒီပစ္စည်းတွေရလို့ ပစ္စည်းရေ(၁၂)ဖြစ်ပါတယ်။ စာမျက်နှာ (၃) မှာ ပါဠိဆိုရပါလိမ့်မယ်။ နာမ်အာဟာရ ဟောဘို့ရာဖြစ်တော့ "အာဟာရာ"လို့ ထည့်ပေးရဖို့ဖြစ်ပါတယ်။

## ကုသလော ကုသလဿ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရ ပစ္စယေန ပစ္စယော။

အရကောက်ကလဲမထူးပါဘူး။ ပစ္စည်းကဖဿ စေတနာ ဝိညာဉ်က အားလုံးကုန် စိတ်တွေနဲ့ ဆိုင်ပါတယ်။ ဒီတော့နာမ်အာဟာရ တရားကိုယ် ၃-ပါးဟာ ကုသိုလ်မှာ

ဖြစ်ဖြစ် အကုသိုလ်မှာဖြစ်ဖြစ် အဗျာကတမှာဖြစ်ဖြစ်ရပါတယ်။ သမ္ပယုတ္တကာနံခန္ဓာနံအရ ကလဲ ကုသိုလ်အကုသိုလ်အဗျာကတတွေ အပြည့်အစုံရသဖြင့် ကုသိုလ်စိတ် ဓေတီသစေတသိက်အင်္ဂတိ သဘဲရပါတယ်။ကရိုဏ်းကောက်တဲ့နေရာဌာနမှာ သဘာဂပစ္စည်းရေ(၁၂)ခု ရှိရင် ၂-ခု ၂-ခု လျှော့ပါတယ်။ ဒီ ၂-ခု ၂-ခု လျှော့မှုကလဲ ပေတုစသည်က ပြောခဲ့တဲ့ အတိုင်း ဝိပါကနဲ့ ဝိပ္ပယုတ္တလျှော့တယ်၊ ဒီတော့နာမ် နာမ်ချင်းကျေးဇူးပြုခဲ့အခါမှာ ဝိပါကနဲ့ ဝိပ္ပယုတ္တလျှော့ပစ်လိုက်၊နာမ်က ရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ (ဝိပါကကတော့ ကုသိုလ် အကုသိုလ်တွေမှာ အမြဲလျှော့ရပါတယ်) အညမညနဲ့ သမ္ပယုတ္တလျှော့ပေးလိုက်၊ ဝိပ္ပယုတ္တထည့်။ နာမ်က နာမ်ရုပ်ကျေးဇူးပြုတဲ့အခါမှာ အလတ်နဲ့လုံး၀ မဆိုင်တော့ဘူး၊ ကျန်တဲ့အငယ်ကိုသာရပါတယ်။

**ကုသလော ကုသလဿ**- ကုသလောဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအားတတ်သောကုသိုလ်စိတ် ဓေတီသ၊ စေတသိက်အင်္ဂတိ သ စိတ္တက္ခဏ တခု တခု၌ရှိသော ဖဿစေတနာဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရား ကိုယ် ၃-ပါးပစ္စည်း တရားရ၏။ ကုသလဿဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား ကုသိုလ်စိတ် ဓေတီသ စေတသိက်အင်္ဂတိ သ သမ္ပယုတ္တခန္ဓာပစ္စယုပ္ပန်တရားရ၏၊ ။အာဟာရပစ္စယေနဟူသော **ကရိုဏ်း**ပါဌ်၏အရကားတပြိုင်နက် ယထာရဟတဘ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၅်(၁၀) ပစ္စယသတ္တိတို့တွင် နာမ်အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော အဗျာကတဿ

ကုသလောဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေနပစ္စယော။ ကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေနပစ္စယော။

**ကုသလောအဗျာကတဿ**-ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား စိတ္တဇရုပ်အားတတ်သောပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ဓေတီသစေတသိက် အင်္ဂတိ သစိတ္တက္ခဏကခုတခု၌ရှိသော ဖဿစေတနာဝိညာဉ်ဟု ဆိုအပ်သောနာမ်အာဟာရ တရား ကိုယ် ၃-ပါးပစ္စည်းတရားရ၏။ ။အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။အာဟာရ ပစ္စယေန ဟူသော **ကရိုဏ်း**ပါဌ်၏အရကားတပြိုင်နက် ယထာရဟတတ်ကောင်းသော အဓိပတိ၊ သဟ ဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊အတ္ထိ၊ အဝိဂတ-၅်(၉)ပစ္စယသတ္တိ တို့တွင် နာမ်အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏၊

## ကုသလော ကုသလာဗျာကတဿ

ကုသလောဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ အာဟာရ ပစ္စယေနပစ္စယော။ ကုသလာအာဟာရာ သမ္ပယုတ္တကာနံခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စရူပါနံ အာဟာရပစ္စယေနပစ္စယော။

**ကုသလော ကုသလဿ ဗျာကတဿ ၁** -ကုသလော ဓမ္မောဟူသော **ကဗ္ဗာ ၁းပုဒ်**၏အရကား သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အားတတ်သော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသစေတသိက်အဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော ဖဿစေတနာဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃-ပါးပစ္စည်းတရားရ၏။ ။ကုသလဿစအဗျာကတဿစဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား ကုသိုလ်စိတ်ဧကဝီသ စေတသိက်အဌတိံသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။အာဟာရပစ္စယေနဟူသော **ကရိုဏ်း**ပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသောအဓိပတိ ၊သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဈာန်ဣန္ဒြိယ အတ္ထိ၊အဝိဂတ-၍(၈)ပစ္စယသတ္တိတို့တွင် နာမ်အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသိုလ် ၃ ချက်မှာလဲ ကုသိုလ်အစား အကုသိုလ်လို့ဆိုရရုံပါဘဲ။ ကရိုဏ်းတွေမှာလဲ အားလုံးကုန် အတူတူပါဘဲ။

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာဟာရ ပစ္စယေန ပစ္စယော။ အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရ ပစ္စယေန ပစ္စယော။

**အကုသလော အကုသလဿ၁**-အကုသလော ဓမ္မောဟူသော **ကဗ္ဗာ ၁းပုဒ်**၏ အရကား သမ္ပယုတ္တခန္ဓာ အားတတ်သော အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿစေတနာ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃ ပါး ပစ္စည်းတရားရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။အာဟာရပစ္စယေနဟူသော **ကရိုဏ်း**ပါဌ်၏ အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဈာန်ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၍(၁၀) ပစ္စယသတ္တိတို့တွင် နာမ်အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အကုသလော အဗျာကတဿ

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရ ပစ္စယေန ပစ္စယော၊ အကုသလာအာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော။

**အကုသလော အဗျာကတဿ၁**- အကုသလော ဓမ္မောဟူသော **ကဗ္ဗာ ၁းပုဒ်**၏ အရကားစိတ္တဇရုပ် အားတတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃ ပါးပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကားအကုသိုလ်ပြုအပ်သောစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။အာဟာရပစ္စယေနဟူသော **ကရိုဏ်း**ပါဌ်၏ အရကား တပြိုင်နက် ယထာရဟတတ်ကောင်း အဓိပတိ၊

သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဈာနိန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၉) ပစ္စယ သတ္တိတို့တွင် နာမ်အာဟာရ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အကုသလော အကုသလာ ဗျာကတဿ

အကုသလော စမ္မော အကုသလဿစ အဗျာကတဿစ မ္မဿ အာဟာရပစ္စယေန ပစ္စယော။ အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော။

**အကုသလော အကုသလာ ဗျာကတဿ**-အကုသလောဓမ္မောဟူသော **ကဗ္ဗား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် အားတတ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်စိတ် ဥပါဒ သေတသိက်သတ္တင်သ စိတ္တက္ခဏ တခုတခု၌ရှိသော ဖဿ စေတနာ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃ ပါး ပစ္စည်းတရားရ၏။ ၊ အကုသလဿစ အဗျာကတဿစမ္မဿ ဟူသော သမ္ပဒါန် ပုဒ်၏အရကား အကုသိုလ်စိတ် ဥပါဒသ၊ စေတသိက်သတ္တင်သ သမ္ပယုတ္တ ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။အာဟာရ ပစ္စယေနဟူသော **ကရိဏ်း**ပါဋ်၏ အရကား တပ္ပိုင်နက် ယထာရဟ တတ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဈာနိန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤ(၈)ပစ္စယ သတ္တိတို့တွင် နာမ်အာဟာရ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

တပ္ပိုင်နက် ယထာရဟတွေမှာ ကုသလော ကုသလဿ အကုသလော အကုသလဿ တုံးက အညမည၊ သမ္ပယုတ္တ တပ္ပိုင်နက်ဝင်ပါတယ်။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿတုံးက ဝိပ္ပယုတ္တ တပ္ပိုင်နက် ဝင်ပါတယ်။ ကျန်တာတွေဟာ ယထာရဟ ဖြစ်ပါတယ်။ သဟဇာတအကြီး တပ္ပိုင်နက်ဖြစ်ပုံကတော့ ပြောစရာမလိုပါဘူး။ အဗျာကတော အဗျာကတဿကြတော့ သူ့ရဲ့သဘာဂပစ္စည်းရေအတိုင်း ပဝတ္တိအခါမှာ (၁၂) ပစ္စည်းရပါတယ်။ ပဋိသန္ဓေအခါမှာ အဓိပတိပါလာခြင်းကြောင့် အဓိပတိကြဉ်တဲ့ (၁၁) ပစ္စည်းရပါတယ်။ အဗျာကတော အဗျာကတဿမှာ အညမညတို့ သမ္ပယုတ္တတို့ပါလာတာက သမ္ပယုတ္တခန္ဓာအားရင်းလို့ဆိုတဲ့အတွက် ပါလာပါတယ်။ ဝိပ္ပယုတ္တကစိတ္တဇရုပ်အားရင်း အတွက်ပါလာပါတယ်။ ဝိပါကကတော့ ၂ ချက်လုံးအတွက်ပါလာတယ်။ ဒါပေမဲ့ကြိယာ ပါလာခြင်းကြောင့် ပဝတ္တိအခါမှာ ဝိပါကက ယထာရဟဖြစ်ပါတယ်။ ပဋိသန္ဓေအခါမှာ ဝိပါကဟာတပ္ပိုင်နက်ဖြစ်ပါတယ်။ ဝိပါကရယ် သဟဇာတအကြီးရယ် အာဟာရရယ် ဒါ တွေတပ္ပိုင်နက်ရပါတယ်။ ကျန်တဲ့ပစ္စည်းတွေက ယထာရဟဖြစ်ပါတယ်။ နာမ်ကုန်ရသဖြင့် ဝိပါက်ကြိယာတွေလဲ စဉ်းစားနေစရာမလိုပါဘူး။ ရှိတဲ့အတိုင်းဆိုလိုက်ရုံပါဘဲ။

## အဗျာကတော အဗျာကတဿ

အဗျာကတောဓမ္မော အဗျာကတဿဓမ္မဿ အာဟာရပစ္စယေနပစ္စယော။ ဝိပါကာ ဗျာကတာ ကြိယာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ အာဟာရပစ္စယေနပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ အာဟာရ ပစ္စယေနပစ္စယော။

## ပဝတ္တိ

**အဗျာကတော အဗျာကတဿ** – ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော **ကတ္တား** ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အားရင်းဟတ်သောဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက်အဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသောဖဿ စေတနာ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါးပစ္စည်းတရားရ၏။

အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ် ဝီသ စေတသိက်အဌတိံသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။အာဟာရပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယဘာရဟ တတ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၂)ပစ္စယသတ္တိတို့တွင် နာမ်အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ပဋိသန္ဓေ

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား။ သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာကဋတ္တာရုပ်အားရင်းတတ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ စေတသိက်ပဉ္စတိံသ စိတ္တက္ခဏတခုတခု၌ရှိသော ဖဿစေဘနာဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါးပစ္စည်းတရားရ၏။ ။အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပဋိသန္ဓေစိတ် ဧကူနဝီသ စေတသိက်ပဉ္စတိံသ သမ္ပယုတ္တခန္ဓာကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ အာဟာရပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယထာရဟတတ်ကောင်းသောသဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၁၁)ပစ္စယသတ္တိတို့တွင် နာမ်အာဟာရသတ္တိဟုဆိုအပ်သောသတ္တိဝိသေသရ၏။

## အဓိပ္ပါယ်

နာမ်အာဟာရကိစ္စပြီးသွားပါပြီ။ အာဟာရပစ္စည်းလို့ဆိုတာ အကျိုးပစ္စယုပ္ပန်တရားတွေကိုအခွန့်ရှည်စွာ ဆက်လက်ပြီးတည်တံ့ဘို့ ကြီးပွားဘို့ စည်ပင်ဘို့ ပြန့်ပြောဘို့ရာအတွက်ဆောင်မှုထောက်ပံ့မှုနဲ့ ကျေးဇူးပြုဘဲ့ပစ္စည်းတရားဟာ အာဟာရပစ္စည်းတရားဖြစ်ပါတယ်။ ဥပမာအားဖြင့် အင်မတန်ဟောင်းမြင်းနေတဲ့ အိမ်အိုကြီးတလုံးကို မယိမ်းမယိုင်ပျက်စီးပြီး မသွားရလေအောင် ထောက်တိုင် ထောက်ထားတာနဲ့တူပါတယ်။ အာဟာရပစ္စည်းဟာ ရုပ်အာဟာရ နာမ်အာဟာရလို့ ၂-မျိုးရှိပါတယ်။ ယခုသဟဇာတ အငယ်ဆိုတော့ နာမ်အာဟာရကိုဘဲပြောပြပါမယ်။

## နာမ်အာဟာရ ၃-ပါးဆောင်ပုံ ထောက်ပံ့ပုံ

ဖဿစေတနာ ဝိညာဉ်ရယ်လို့ နာမ်အာဟာရ တရားကိုယ် ၃-ပါး ရှိပါတယ်။ **ဖဿာဟာရ** က ဘယ်လိုဆောင်ရွက်သလဲ၊ ဘယ်လိုထောက်ပံ့သလဲ? ဖဿာဟာရသည်

အာရုံကိုခံစားတဲ့နေရာဌာနမှာ ဝေဒနာအမျိုးရှိတဲ့ စေတသိက်အပေါင်းကို လွန်စွာထောက်ပံ့ပါတယ်။ သံသရာမှာသတ္တဝါတွေရဲ့ ဘဝအဆက်ဆက်ရှည်လျားပြီးနေမှုဟာ ဒီဖဿာဟာရကြောင့်ဖြစ်ပါတယ်။ ဖဿာဟာရမဖြစ်ခဲ့လို့ရှိရင် ဝေဒနာသုံးပါးဖြစ်တော့မှာမဟုတ်လို့ သံသရာပြတ်ပြီးသွားပါလိမ့်မယ်၊ ရုပါရုံနဲ့စက္ခုပသာဒတို့ ရှေးရှုတဲ့အခါမှာ ဖဿအတွေ့မျိုးဖြစ်လာလို့ "ဖဿပစ္စယာဝေဒနာ"ရဲ့သဘောအရ ဣဋ္ဌအနိဋ္ဌတွေကို ခံစားမှုဝေဒနာ-တောင့်တမှုတဏှာစသည်တွေ တိုးပွားပြီးလာကြပါတယ်။ ဒီအရသာမျိုးတွေကို နောက်ထပ်တဖန်ရဘို့ရာအတွက် ကောင်းတဲ့ကံတွေ ဆိုးတဲ့ကံတွေပြုကြလေတော့ သံသရာဟာအင်မတန်ရှည်လာပါတယ်။ ဒီသံသရာကိုရှည်အောင် ဖဿကဆောင်ထားပါဘယ်၊ ထောက်ပံ့ထားပါတယ်။

**စေတနာဟာရ**ကတော့ကုသိုလ်အကုသိုလ်စေတနာဟာရဆိုတဲ့သင်္ခါရဟာ"သင်္ခါရပစ္စယာဝိညာဏံ"အရ နောက်နောက်ဘဝမှာ ပဋိသန္ဓေဝိပါက်ဝိညာဉ် ဖြစ်ဘို့ရာအတွက် စီမံလိုက်တော့ဘဝသုံးပါးကိုထောက်ပံ့ပါတယ်။

**ဝိညာဏာဟာရ**ကတော့"ဝိညာဏပစ္စယာနာမရူပံ"အရဝိညာဏာဟာရဟာနာမ်ရုပ်စသည်ကို တိုးပွားစေလေတော့ ခန္ဓာအစဉ်မပျက်အောင် ဆောင်ထားထောက်ပံ့ထား ပါတယ်၊ ဒီအာဟာရသုံးပါးဟာဘဝဖြစ်ဘက်ဘရားများကို ထောက်ပံ့သမှုကျေးဇူးပြုကြ ပါတယ်။

**ဖဿစသည်တို့၏သဘာဝ။** ။ဖဿအစရှိတဲ့ အာဟာရသုံးပါးတို့ရဲ့ သဘာဝကတော့ ဖဿာဟာရကအာရုံမှာပါရှိတဲ့ ဣဋ္ဌအနိဋ္ဌရသကိုအရအမိယူဘယ်၊စေတနာဟာရကဣဋ္ဌအနိဋ္ဌရသအတွက်နဲ့ သမ္ပယုတ်ဘရားတွေကိုမနေမနားစေ့ဆော်ဘယ်၊ ဝိညာဏာဟာရကတော့ အာရုံကိုသိတတ်တယ်။

**ဖဿအခွင့်ကြီးကျယ်ပုံ။** ။သတ္တဝါတွေရဲ့ သန္တာန်မှာ ဖဿမရှိဘဲ ဝိညာဉ်သက်သက်သာရှိနေမယ်ဆိုရင် အဝီစိငရဲမှာကျပြီး ငရဲမီးတွေလောင်နေပေဘယ်လို့ပူဘာကိုသိရုံသာသိမယ်၊ မခံသာတဲ့ဒုက္ခ ဆင်းရဲတဲ့ဒုက္ခတွေ နဲနဲမှရှိမယ်မဟုဘ်။ ဖဿရှိနေမှုကြောင့်သာဆင်းရဲဒုက္ခဖြစ်ရတယ်၊ ဖဿသာရှိပြီး ဝိဉာဉ်မရှိခဲ့လို့ရှိရင် အဝီစိငရဲမီးရဲ့ပူတာကိုပင်သိမယ်မဟုဘ်ပါဘူး သိတာကဝိညာဏာဟာရပါ။ သစ်ဘုံးနဲ့အဘူဘူ ဖြစ်နေမှာဘဲ၊ ဝိညာဉ်နဲ့ဖဿသာရှိလို့စေတနာဟာရမရှိခဲ့လို့ရှိရင် ကိုယ်မှာမခံသာတဲ့ ဆင်းရဲခြင်းအပြင်းအထန်ဖြစ်နေပေမဲ့ ပူလိုက်လေခြင်းရယ်လို့ ကာယကံဝစီကံမနောကံသွင်ရှားမှုရှိမယ်မဟုတ်ဘူး၊ စေတနာရှိလို့သာဒီလှုပ်ရှားမှုသုံးပါးဖြစ်ပါတယ်။

ဆင်းရဲမှုကိုပြလိုက်သဖြင့် လူနတ်တွေရဲ့ ချမ်းသာမှုကိုလဲ အပြန်အားဖြင့် သိနိုင်ပါတယ်။ ယခုပြောခဲ့တဲ့စကားရပ်ကို စင်းစားလိုက်ရင် လောကမှာချမ်းသာမှုဆင်းရဲမှုဘူသမျှဟာ ဖဿမှဖြစ်ပါတယ်။ ဖဿမရှိရင်ချမ်းသာမှု ဆင်းရဲမှုမရှိတော့ဘူး။ ချမ်းသာသုခမရှိရင် လောဘဆိုတဲ့တရားလဲမရှိတော့ဘူး။ ဆင်းရဲမှုမရှိရင်ဒေါသလဲမရှိတော့ဘူး။ လောဘ

ဒေါသမရှိရင် မောဟစတဲ့ကိလေသာ(၁၅၀၀)လဲ မရှိဘော့ပါဘူး။ အဲဒါဖြသရဲ့သဘော ဖြစ်ပါတယ်။

**စေတနာ။** ။စေတနာကြတော့ စိတ်နှင့်တကွ သမ္ပယုတ်တရားတွေကို ရပ်တည်ရာမရဘဲနဲ့ ထိုထိုအာရုံတွေကိုပြေးသွားနေအောင် ဆော်ဩနေတာဟာစေတနာဘဲဖြစ်ပါတယ်။ သတ္တဝါတွေမှာ စိတ်ရပ်တည်ရာမရ တရွရွတကြွကြွ ဖြစ်နေကြတာကြည့်ပါ။ လောဘအာရုံနဲ့တွေ့ရင် လောဘကိုအတွင်စေ့ဆော်ပေးတယ်။ လောဘအာရုံရှိရာသို့ ရောက်အောင်အတွင်နှင်တယ်။ အာရုံကိုခံစားမှုဒွိအတွင် တိုက်တွန်းတယ်။ ဒေါသမောဟ တွေမှာလဲ ဒီအတိုင်းပါဘဲ။

ပကတိပုထုဇဉ်တွေမှာ သဒ္ဓါမှုပညာမှုဒါနမှု သီလမှုဘာဝနာမှုတွေဟာ အင်မတန်ပျော့တယ်။ အတွင်မစေ့ဆော်ဘဲနဲ့ နုံနုံနေးနေးသာ စေ့ဆော်တိုက်တွန်းပါတယ်။ ဒီသဒ္ဓါစသည်တွေကိုပြုလုပ်ဘို့ရန်အတွက် အပါယ်ဘေးတွေ သံသရာဘေးတွေကိုဆင်ခြင်ရပါတယ်။ ကုသိုလ်အကျိုးကိုမြှော်မြင်ရပါတယ်။ အဲဒီလိုအကူအပံ့တွေအင်မတန်များရတယ်။ ဘာ့ကြောင့်လဲဆိုတော့ စိတ်ဟာမကောင်းမှုမှာသာ မွေ့လျော်လို့ဖြစ်ပါတယ်။

ဒီစေတနာနဲ့စေ့ဆော်မှုဟာသတ္တဝါသေသွားတာတောင်မှ ရပ်မနေဘဲနဲ့စုတိကမ္မဇရုပ်ချုပ်ပြီးတဲ့နောက် ဘဝသစ်ဖြစ်ပေါ်ပြီးလာအောင် တဆက်ထဲအတွင် စေ့ဆော်ပြန်ပါတယ်။ ဒီစေတနာစေ့ဆော်လို့သာ ဘဝအဆက်ဆက်မှာ ပဋိသန္ဓေနေမှုတွေဖြစ်ရတာပေါ့။ ကိလေသာကုန်လို့ပရိနိဗ္ဗာန်စံမှဘဲ ရပ်တန့်တော့တယ်။ ကုန်ဆုံးပါတော့တယ်။

**ဝိညာဉ်။** ။ဝိညာဏာဟာရက စက္ခုဝိညာဉ်-သောတဝိညာဉ်-ဃာနဝိညာဉ်-ဇိဝှါဝိညာဉ်-ကာယဝိညာဉ်-မနောဝိညာဉ်ရယ်လို့ ၆-ပါးရှိပါတယ်။ ရူပါရုံနဲ့ဆုံမိတဲ့အခါ မျက်စိမှာဖြစ်ပေါ်လာတဲ့ ဝိညာဉ်ဟာ စက္ခုဝိညာဉ်ဖြစ်ပါတယ်။ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ စသည်တွေမှာလဲ အတူတူပါဘဲ။ သဒ္ဓါ သီလ သုတ စာဂ ပညာ လောဘ ဒေါသ စတဲ့ ကောင်းမကောင်း အာရုံနဲ့ဆုံမိတဲ့အခါ ဟဒယဝတ္ထုမှာဖြစ်ပေါ်လာဘဲ့ ဝိညာဉ်ဟာ မနောဝိညာဉ်ဖြစ်ပါတယ်။

စက္ခုစတဲ့ အာရုံကို လိုက်စားမြူးတူး ပျော်ပါးခံစားဘို့ရာ လောဘနိုင်ငံလိုက်ပြီး သကာလ အမိုအမိုပစ္စည်းဥစ္စာ ဖြစ်ထွန်းဘို့ရာအတွက် သူဌေး သူကြွယ် ဖြစ် ထွန်း ဘို့ ရာအတွက် မင်းစိုးရာဇာဖြစ်ထွန်းဘို့ရာ အတွက် နောက်ဘဝအတွက် ဒါနစတဲ့ ကုသိုလ်ပြုရန်နဲ့ လောကီစီးပွားကို အားထုတ်လုပ်ဆောင် ရှာကြံဆည် ပူးမှု စသည်များဟာ ဝိညာဏာဟာရမှ ပေါ်ထွက်လာတဲ့ တရားများဖြစ်ပါတယ်။

တပည့်တော်တို့ နိဒါနသံယုတ် အာဟာရဝဂ်မှာ၊ အာဟာရ လေးပါးအကြောင်းကို ဟောထားပါတယ်။ မဟာဝဂ္ဂပုတ္တမံသူပမသုတ်မှာတော့ အာဟာရလေးပါးရဲ့ ဥပမာကို ပြပါတယ်၊ ပါဠိတော်နဲ့ အဋ္ဌကထာများမှာ အတော်ဘဲ စိတ်ဝင်စားစရာ ကျယ်ကျယ်ဝန်းဝန်းဖွင့်ပါတယ်။ ဒါပေမဲ့ ဒီမှာတော့ အကျဉ်းသိသာရုံလောက်ဘဲ ပြောပြပါမယ်။

လင်မယား ၂ ယောက် အဘော်ကလေး ကူးမြောက်နိုင်ခဲ့တဲ့ ယူဇနာတရာဝေးတဲ့ ခရီးခဲကြီးကို သားငယ်ကလေးနဲ့အတူ သွားကြပါတယ်။ သွားတော့သူတို့မှာ ရိက္ခာနဲနဲဘဲပါတယ်။ ရိက္ခာက နဲနဲသာပါလာတော့ ထက်ဝက်ခရီးယူဇနာ ၅၀ လောက် သွားမိတဲ့ကာလမှာ ရိက္ခာကုန်ပြီးသွားတယ်၊ ဒီခရီးခဲက မလွန်မြောက်နိုင်သေးဘူး။ ဒီတော့ ယောက်ျားဖြစ်တဲ့ ပုဂ္ဂိုလ်က မိန်းမကိုတိုင်ပင်တယ်၊ တို့ဒီအတိုင်း အစားအစာမစားရဘဲနဲ့ နေမယ်လို့ဆိုရင် ဒို့သုံးယောက်သေလိမ့်မယ်။ အားလုံးသေမှာဘဲ၊ ဒီတော့ ဘယ်သိုလုပ်မလဲ? ဒို့နဲ့ပါလာတဲ့ သားကလေးကို သတ်ပြီးသားကလေးရဲ့ အသားကို ရိက္ခာလုပ်ပြီးသွားကြပါစို့၊ မင်းနဲ့ငါနဲ့ အသက်ရှင်နေမယ်လို့ဆိုရင် နောက်ထပ် သားသမီးရဘို့ရာအတွက် မခဲယဉ်းပါဘူးလို့တိုင်ပင်တယ်။ တိုင်ပင်တော့ မိန်းမလဲခင်းစားတယ်။ သူပြောတဲ့အတိုင်း မှန်တာဘဲ၊ ဒါပေမဲ့ ဒီသားကလေးကို ဘယ်လိုလုပ်ပြီး သတ်မလဲ။ ယောက်ျားလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ ငါ့အင်မတန် ပင်ပင်ပန်းပန်းဆင်းရဲတဲ့ လယ်ထွန်ခြင်းစတဲ့ ထိုထိုအမှုကိစ္စတွေကိုလုပ်ပြီး လာတာဟာဒီသားကလေးကို ကျွေးမွေးဘို့ရာအတွက် ဖြစ်တယ်။ မိန်းမကလဲ ၉ လလွယ်ပြီး ၁၀ လဖွားရတာကလဲ ဒီသားကလေးအတွက် ဖြစ်တယ်။ ဒီတော့ ဒီသားကလေးကို အမေကလဲ မသတ်ရက်၊ အဖေကလဲ မသတ်ရက်ဖြစ်နေတယ်။ ဖြစ်နေတော့ အင်မတန်ပူလောင်တဲ့ သဲကန္တာရကြီးထဲမှာ သားကလေးကို အဖေကမသတ်ရက်တော့ ဟဲ့နင့်အမေဆီ သွားလိုက်ဆိုတော့ အမေ့ဆီရောက်။ အမေကလဲ ထိုနည်းတူစွာ မသတ်ရက်တော့ အဖေ့ဆီ ပြန်လွှတ်တယ်၊ ဒီလိုနဲ့ အမေဆီသွားလိုက် အဖေဆီသွားလိုက်နဲ့ ခေါက်တုံ့ခေါက်ပြန်သွားရဖန်များတော့ ဒီသားကလေးဟာ သေသွားရော။ သေတော့ မိဘများဟာ ငိုကြွေးပြီး အဲဒီသားကလေးရဲ့ အသားတုံးကို ရိက္ခာလုပ်ပြီး သွားရပါတယ်။ အဲဒီလို ကဗဠိကာရာဟာရလို့ ဆိုတာဟာ မိမိတို့ရဲ့ အင်မကန်ချစ်လှတဲ့ သားငယ်ကို သတ်စားရတာနဲ့ တူပါတယ်တဲ့။

ဖဿာဟာရကြတော့ နွားမကြီးကို အရေဆုတ်ထားလေတော့ အခရကမရှိဘူး။ ဒီအခါ မှက်တွေကကိုက်လိုက် ခြင်တွေကကိုက်လိုက် အမျိုးမျိုးအဖုံဖုံသတ္တဝါတွေရဲ့အကိုက် အခဲခံရတာနဲ့ ဖဿာဟာရ တူပါတယ်။

အခိုးအလျှံပြင်းပြီး လက်ခုတ်တဖေါင်ကျော်ရှိတဲ့ အင်မတန်ပူတဲ့ မီးကျီးတွင်းထဲကို ဆွဲချတဲ့ အခါကာလမှာ သေရင်သေ မသေရင် သေလုနီးပါးရှိတဲ့ ဆင်းရဲဒုက္ခကို ခံစားရမှာဖြစ်တော့ ဒီမီးကျီးတွင်းက လွတ်လိုတာနဲ့ မနောသဉ္စေတနာဟာရနဲ့ တူပါတယ်၊

မင်းပြစ်မင်းဒဏ်သင့်လို့ တနေ့တနေ့ကို မနက်ကို လှံချက်တရာ နေ့ခင်းကိုလှံချက်တရာ ညနေကို လှံချက်တရာ အဲဒီလှံချက်ပေါင်း သုံးရာနဲ့ အထိုးခံရလို့ အင်မတန်ကြီးကျယ်တဲ့ ဆင်းရဲဒုက္ခ ခံစားရတဲ့ ယောက်ျားနဲ့ ဝိညာဏာဟာရတူပါတယ်တဲ့၊ အဲဒီလို ပါဠိတော် အဋ္ဌကထာများမှာ အကျယ်ပြပြီးသားပါတယ်၊ အကျယ်သိချင်ရင်တော့ နိဒါနသံယုတ် မဟာဝဂ္ဂမှာ ကြည့်ရှုနိုင်ပါတယ်၊ အာဟာရရဲ့ ကိစ္စပြီးကြပါစို့။

အာဟာရ ကိစ္စ ပြီးတော့ သဟဇာတိန္ဒြိယဆက်ပြီး ဆိုရပါလိမ့်မယ်။ သုဒ္ဓသင်္ချာ စာမျက်နှာ(၁) မှာရှိပါတယ်။

## သဟဇာတိန္ဒြိယ

**သဟဇာတိန္ဒြိယ ပစ္စည်း၏ သုဒ္ဓသင်္ချာ ၀ါရ၌**-သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်ပဋိသန္ဓေ ကမ္မဇရုပ်အားတတ်သော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟု ဆို အပ်သော နာမ် ဣန္ဒြေတရားကိုယ်ရှစ်ပါး။ ဤတရားတို့သည် သဟဇာတိန္ဒြိယ ပစ္စည်း တတ်သော တရားတို့မည်ကုန်၏။ သင်္ချာသတ္တ၊ ပစ္စည်းရေ (၁၄) ဟူသည်တည်း။ သင်္ချာ သတ္တဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကု သလော အကုသလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿ- ဟူသည်တည်း။ ပစ္စည်း ရေ (၁၄) ဟူသော်ကား၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ - ဟူသည်တည်း။

ဒီဣန္ဒြိယပစ္စည်းမှာ သဘာဂပစ္စည်းရေ (၁၄) ရှိပါတယ်၊ ဣန္ဒြိယနဲ့ အကြီးအလတ် ၉ နတ်၊ ကျန်တဲ့ ၅ ပစ္စည်းနဲ့ သဘာဂမှာ၊ ဟေတုအဓိပတိနဲ့ သဘာဂဖြစ်ပုံကနောက်က ပြောခဲ့တဲ့အတိုင်းပါဘဲ။ အာဟာရနဲ့ သဘာဂဖြစ်ပုံကလဲ အာဟာရကဝိညာဏာဟာရနဲ့ မနိန္ဒြေအတူတူပါဘဲ။ ဈာနကြတော့ နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးထဲမှာ ဝေဒနာဧကဂ္ဂ တာ ရှိပါတယ်။ အဲဒီဝေဒနာ ဧကဂ္ဂတာဟာ ဈာနမှာ ရှိပါတယ်။ မဂ္ဂကြတော့ ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာရယ်လို့ ဒီ ၄ ပါးဟာ ဣန္ဒြိယမှာလဲရှိပါတယ်၊ မဂ္ဂမှာလဲရှိပါတယ်။ ဒါကြောင့် မဂ္ဂပစ္စည်းရပါတယ်။ ဒါကြောင့်ပစ္စည်းရေဟာ (၁၄)ဖြစ်ပါတယ်။

သုဒ္ဓသင်္ချာရဲ့ပစ္စည်း ပစ္စယုပ္ပန်တွေကတော့ အာဟာရက ပြောခဲ့တဲ့အတိုင်းပါဘဲ။ သမ္ပယုတ္တခန္ဓာအရ စိတ် ၈၉၊ စေတသိက် ၅၂ ခုရပါတယ်။ ဒီလိုရတော့ ဒီဇီဝိတ စိတ် ဝေဒနာစသည်တွေကလဲ တပါး ၂ ပါး ၃ ပါးစသည် အချင်းချင်း အပြန်အလှန် ဖြစ်နိုင် လေတော့ စေတသိက်ဟာ လျော့ပြီးမသွားပါဘူး။ အာဟာရရဲ့သဘောအဘိုင်း ပါဠိတွေ ရော အရကောက်တွေရော တူပါလိမ့်မယ်။

## ကုသလော ကုသလဿ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဣန္ဒြိယ ပစ္စယေန ပစ္စယော။ ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော။

**ကုသလော ကုသလဿ၌** ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား သမ္ပ ယုတ္တခန္ဓာအားတတ်သော ကုသိုလ်စိတ်ကေဝိသ စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏာဘခုကခု၌ ရှိသော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ်ရှစ်ပါး ပစ္စည်းတရားရ၏။ ။ကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရ ကား ကုသိုလ်စိတ်ကေဝိသ စေဘသိက်အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ (သဘာဂပစ္စည်းရေ ၁၄-ရှိသဖြင့် ၂-ခုနတ် ၁၂-ကျန်ပါတယ်။ ၁၂-၁၁-၁၀ ဟာနောက် ကပြောခဲ့တဲ့ ထုံးစံအတိုင်းဘဲ ဖြစ်ပါတယ်။) ဣန္ဒြိယပစ္စယေနဟူသော **ကရိဏ်း** ပါဋ်၏အရ

ကား တပြိုင်နက်ယှဉ်ရသော တတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဟူ၍(၁၂)ပစ္စယ သတ္တိတို့တွင် သဟဇာတိန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော အဗျာကတဿ

ကုသလောဓမ္မော အဗျာကတဿဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

**ကုသလော အဗျာကတဿ**-ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝိသ စေတသိက်အဌတိံသစိတ္တက္ခဏာတခုတခု၌ရှိသောဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ဣန္ဒြိယပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကားတပြိုင်နက်ယှဉ်ရသော တတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဟူ၍(၁၁)ပစ္စယသတ္တိတို့တွင် သဟာဇာတိန္ဒြိယ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော ကုသလာဗျာကတဿ

ကုသလောဓမ္မော ကုသလဿစ အဗျာကတဿစဓမ္မဿ ဣန္ဒြိယပစ္စယေနပစ္စယော။ ကုသလာဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေနပစ္စယော။

**ကုသလော ကုသလာ ဗျာကတဿ** ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝိသ စေတသိက်အဌတိံသ စိတ္တက္ခဏာတခုတခု၌ရှိသော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး ပစ္စည်းတရားရ၏။ ။ကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသိုလ်စိတ်ကေဝိသ စေတသိက်အဌတိံသ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။ဣန္ဒြိယ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယှဉ်ရသော တတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဟူ၍(၁၀)ပစ္စယသတ္တိတို့တွင် သဟဇာတိန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသလ ၃-ချက်မှာလဲအတူတူပါဘဲ။ ကရိုဏ်းဘဲသူးပါတယ်။ ကရိုဏ်းက ကုသလောကုသလဿတုံးကလို (၁၂) ပစ္စည်းမရဘဲနဲ့ (၁၁) ပစ္စည်းရပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ဟေတုမရလို့ပါ။ ဣန္ဒြိယကဟေတုရမှုသည် ပညိန္ဒြေ အတွက်ရပါတယ်၊ အကုသိုလ်ဆိုင်ရာမှာပညာမရှိပါဘူး။ ပညာမရှိတော့ ဟေတုအတွက် လုံးဝမရတော့ပါဘူး။ အဓိပတိမှာ ကုသလောကုသလဿတုံးက စိတ္တာဓိပတိ ဝီရိယာဓိပတိ ဝိမံသာဓိပတိသို့ အဓိပတိသုံးခု

ရခဲ့ပါတယ်။ ဒါပေတဲ့ ယခုဝိမံသာဓိပတိမရတော့ပါဘူး။ စိတ္တနဲ့ ဝီရိယာဓိပတိသာလျှင် အကုသလော အကုသလဿအတွက် ရပါလိမ့်မယ်။ မဂ္ဂကြပြန်တော့ ဝီရိယ သတိ ဧကဂ္ဂတာ ပညာရပါတယ်။ သတိနဲ့ ပညာဟာ ယခုမဆိုင်ပါဘူး။ ဝီရိယနဲ့ ဧကဂ္ဂတာဘဲ သဘာဂထဲမှာ ပါလာပါလိမ့်မယ်။ အကုသလော အကုသလဿအတွက် နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးရှိတဲ့ အနက်က ဇီဝိတ စိတ် ဝေဒနာရပါတယ်။သဒ္ဓါ-သောဘဏစိတ်မှာသာယှဉ်ပါတယ်။ဝီရိယ ရပါတယ်။ သတိကသောဘဏစိတ်မှာသာယှဉ်ပါတယ်။ ဧကဂ္ဂတာရပါတယ်။ ပညာဟာသဲ ဘဲတိဟိတ်စိတ် ၄၇ ခုမှာသာလျှင်ယှဉ်ပါတယ်၊ အဲဒီတော့ နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးထဲ က ရှစ်ပါးလုံးမရတော့ဘဲ ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာလို့ဆိုတဲ့ နာမ်ဣန္ဒြေတရား ကိုယ် ၅-ပါးသာလျှင်ရပါတယ်။ ဒါကြောင့် ဇယားမှာ (၅) ဂဏန်းကလေးရေးထားပါ တယ်။

### အကုသလော အကုသလဿ

အကုသလောဓမ္မော အကုသလဿဓမ္မဿ ဣန္ဒြိယပစ္စယေနပစ္စယော။ အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေနပစ္စယော။

**အကုသလောအကုသလဿ၌** အကုသလောဓမ္မောဟူသော **ကတ္တားပုဒ်**၏ အရ ကား သမ္ပယုတ္တခန္ဓာအားတတ်သောအကုသိုလ်စိတ်၁၂ဒသ၊စေတသိက်သတ္တာဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာဟုဆိုအပ်သော နာမ်ဣန္ဒြေတရား ကိုယ် ၅-ပါး ပစ္စည်းတရားရ၏။ ။အကုသလဿဓမ္မဿဟူသော **သမ္ပဒါန်ပုဒ်**၏ အရ ကား အကုသိုလ်စိတ်၁၂ဒသ၊ စေတသိက်သတ္တဝီသ သမ္ပယုတ္တခန္ဓာပစ္စယုပ္ပန်တရားရ၏။ ။ ဣန္ဒြိယပစ္စယေနဟူသော **ကရိုဏ်း**ပါဋ်၏အရကား တပြိုင်နက်ယထာရဟတတ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၁)ပစ္စယသတ္တိတို့တွင် သဟဇာတိန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသရ၏။

### အကုသလော အဗျာကတဿ

အကုသလောဓမ္မော အဗျာကတဿဓမ္မဿ ဣန္ဒြိယပစ္စယေနပစ္စယော။ အကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံရူပါနံ ဣန္ဒြိယပစ္စယေနပစ္စယော။

**အကုသလောအဗျာကတဿ၌**-အကုသလောဓမ္မောဟူသော **ကတ္တားပုဒ်**၏ အရ ကား စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်၁၂ဒသ၊ စေတသိက်သတ္တဝီသ စိတ္တက္ခဏတခုတခု၌ရှိသော ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာဟု ဆိုအပ်သော နာမ်ဣန္ဒြေတရား ကိုယ် ၅-ပါး ပစ္စည်းတရားရ၏။ ။အဗျာကတဿဓမ္မဿ ဟူသော **သမ္ပဒါန်ပုဒ်**၏အရကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။ ဣန္ဒြိယပစ္စယေနဟူသော **ကရိုဏ်း**ပါဋ်၏အရကားတပြိုင်နက်ယထာရဟတတ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၀)ပစ္စယသတ္တိတို့တွင် သဟဇာတိန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

### အကုသလော အကုသလဿဗျာကတဿ

အကုသလောဓမ္မော အကုသလဿစ အဗျာကတဿစဓမ္မဿ ဈာနပစ္စယေနပစ္စယော။ အကုသလာဈာနင်္ဂါ သမ္ပယုတ္တကာနံခန္ဓာနံစိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဈာနပစ္စယေန ပစ္စယော။

**အကုသလောအကုသလဿဗျာကတဿစ**-အကုသလော ဓမ္မောဟူသော **ကစ္စား**ပုဒ်၏အရကားသမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်၁၂ ခုဒ်သ၊စေတသိက်သတ္တဝီသ စိတ္တက္ခဏာဘခုဘခု၌ရှိသော ဇီဝိတ စိတ်ဝေဒနာ ဝီရိယ ဧကဂ္ဂတာဟုဆိုအပ်သော နာမ်ဈာနင်္ဂတရား ကိုယ် ၅-ပါး ပစ္စည်းတရားရ၏။ ။ အကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား အကုသိုလ်စိတ် ၁၂ ခုဒ်သ၊ စေတသိက်သတ္တဝီသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ဈာနပစ္စယေနဟူသော **ကြိယာ**ပုဒ်၏ အရကားတပြိုင်နက် ယထာရဟကတ်ကောင်းသောအဓိပတိ၊ သဟဇာတ၊ နိဿယ၊ အာဟာရ၊ ဈာန၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ-၏(၉)ပစ္စယ သတ္တိတို့တွင် သဟဇာတိန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အဗျာကတော အဗျာကတဿကြတော့ ပဝတ္တိမှာ(၁၄)ပစ္စည်း သဘာဝပစ္စည်းရေ အတိုင်းရပါတယ်။ ပဋိသန္ဓေကြတော့အဓိပတိပါလာ၍ အဓိပတိကိုချန်ပစ်ခဲ့ရပါတယ်။

### အဗျာကတော အဗျာကတဿ

အဗျာကတောဓမ္မော အဗျာကတဿဓမ္မဿ ဈာနပစ္စယေနပစ္စယော။ ဝိပါကာဗျာကတာ ကြိယာဗျာကတာဈာနင်္ဂါ သမ္ပယုတ္တကာနံခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဈာနပစ္စယေနပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဈာနင်္ဂါ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ဈာနပစ္စယေန ပစ္စယော။

### ပဝတ္တိ

**အဗျာကတော အဗျာကတဿ**- ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော **ကတ္တား**ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာအားလည်း၊ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အားလည်း တတ်သောဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏာတခုတခု၌ရှိသောဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟုဆိုအပ်သော နာမ်ဈာန်တရားကိုယ်ရှစ်ပါးပစ္စည်းတရားရ၏။ ။အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏အရကားဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ဈာနပစ္စယေနဟူသော **ကြိယာ**ပုဒ်၏အရကား တပြိုင်နက်ယထာရဟတတ်ကောင်းသောဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက အာဟာရ၊ ဈာန၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၏(၁၄)ပစ္စယသတ္တိတို့တွင် သဟဇာတိန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

### ပဋိသန္ဓေ

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာအားလည်း၊ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားလည်း တတ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ၊

စေတသိက်ပစ္စတ္တိသ စိတ္တက္ခဏတခုတခု၌ရှိသော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးပစ္စည်းတရားရ၏။ ။အဗျာကတဿမ္မေဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပဋိသန္ဓေစိတ် ကျေနဝိသ စေတသိက် ပစ္စတ္တိသ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ဣန္ဒြိယပစ္စယေနဟူသော ကရိုဏ်း ပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊အတ္ထိ၊ အဝိဂတ-ဤ(၁၃)ပစ္စယသတ္တိတို့တွင် သဟဇာတိန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

## အဓိပ္ပါယ်

ဣန္ဒြိယပစ္စည်းမှာ သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရုပဇီဝိတိန္ဒြိယလို့ သုံးမျိုးရှိပါတယ်။ ယခုသဟဇာတိန္ဒြိယကိုပြောနေတာပါ။ဣန္ဒြိယသဘောကတော့ မိမိနဲ့အတူတကွဖြစ်တဲ့ ရုပ်နာမ်တရားတွေကိုအုပ်စိုးတဲ့ပစ္စည်းဟာ သဟဇာတိန္ဒြိပစ္စည်းဖြစ်ပါတယ်။ အစိုးရတဲ့သဘောဆိုဘာ ပစ္စည်းတရားတွေကသာထင်ပေါ်ပြီး ယှဉ်ဘက်ဖြစ်တဲ့တရားတွေ မှေးမှိန်နေကြတာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဒုက္ခဝေဒနာဖြစ်တဲ့နေရာဌာနမှာ နာမှုဒုက္ခသာထင်ရှားတယ်။ ဒီဒုက္ခသာ ထင်ရှားပေါ်ပြီး ယှဉ်ဘက်ဖြစ်တဲ့ စိတ်တွေ ဖဿအစရှိတဲ့ စေတသိက်တရားတွေက မှေးမှိန်တာနဲ့တူပါတယ်။

ဒီဣန္ဒြေတွေဟာ ဆိုင်ရာဆိုင်ရာတွေမှာ အစိုးရကြပါတယ်။ သဟဇာတိန္ဒြိယမှာ နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးရှိပါတယ်။ပထမရှေးဦးစွာဖြစ်တဲ့ နာမ်ဇီဝိတိန္ဒြေက နာမက္ခန္ဓာလေးပါးတို့ရဲ့ အသက်ရှင်နေမှုကို အစိုးရပါတယ်။ နာမက္ခန္ဓာလေးပါးတို့ရဲ့ အသက်ရှင်နေမှုဆိုတာ ဒီနာမ်တရားတွေရဲ့ အစဉ်မပြတ် ဆက်လက်ပြီး ဖြစ်ပေါ်နေတဲ့ သဘောတရားဖြစ်ပါတယ်။ နာမ်ကလာပ်တိုင်း ကလာပ်တိုင်းမှာ ဒီနာမ်ဇီဝိတိန္ဒြေ ပါရှိလေတော့ နာမ်တရားတွေဟာ အရှင်သဖွယ်ဖြစ်နေကြပါတယ်။ နာမ်ဇီဝိတိန္ဒြေရဲ့ အုပ်စိုးမှု ခံနေကြရတဲ့ တရားများက ၎င်းဇီဝိတိန္ဒြေနဲ့ အတူတကွဖြစ်ကြတဲ့ နာမ်ရုပ်တရားများ ဖြစ်ကြပါတယ်။

စိတ်ဆိုတာ မနိန္ဒြေပါ။ မနိန္ဒြေက အာရုံအမျိုးမျိုးကို သိမှုရှာကြံမှုမှာ ယှဉ်ဘက်ဖြစ်တဲ့ စေတသိက်တရားတွေကို အစိုးရပါတယ်။ သုခိန္ဒြေက ကိုယ်ရဲ့ချမ်းသာကို ခံစားမှုမှာ အစိုးရပါတယ်။ ဒုက္ခိန္ဒြေက ကိုယ်ရဲ့ ဆင်းရဲကို ခံစားမှုမှာ အစိုးရပါတယ်။ သောမနဿိန္ဒြေက စိတ်ရဲ့ချမ်းသာမှုကို ခံစားရာမှာ အစိုးရပါတယ်။ ဒေါမနဿိန္ဒြေက စိတ်ရဲ့ဆင်းရဲမှုကို ခံစားရာမှာ အစိုးရပါတယ်။ ဥပေက္ခိန္ဒြေက လစ်လျူခံစားမှုမှာ အစိုးရပါတယ်။ ဒါတွေဟာ ဝေဒနာတရား ကိုယ်တွေဖြစ်ပါတယ်။ သဒ္ဓိန္ဒြေက ရတနာသုံးပါးရဲ့ ဂုဏ်၊သီလ စသည်တို့ရဲ့ ဂုဏ်ကို ယုံကြည်မှုမှာ အစိုးရပါတယ်။ ဝီရိယိန္ဒြေက အားထုတ်လုပ်ကိုင်ရေး သမ္မပ္ပဓာန်ကိစ္စမှာ အစိုးရပါတယ်၊ သတိန္ဒြေက မမေ့မလျော့ခြင်း သတိပဋ္ဌာန်ကိစ္စမှာ အစိုးရပါတယ်။ သမာဓိန္ဒြေက တည်ကြည်ရေးဌာနဖြစ်တဲ့ ဈာန်သမာပတ်ကိစ္စမှာ အစိုးရပါတယ်။ ပညိန္ဒြေက တတ်သိလိမ္မာရေး သစ္စာလေးပါးကို ထိုးထွင်း၍ သိရေးမှာ အစိုးရပါတယ်။

သစ္စာလေးပါး သိတယ်သိတယ်လို့ဆိုတာ ပညာနဲ့ကင်းပြီး မဖြစ်ပါဘူး။ ပဋိသန္ဓေကိုက တိဟိတ်ပဋိသန္ဓေ နေခဲ့ရပါတယ်။ တိဟိတ် ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်မှသာလျှင် သစ္စာလေးပါးကို ထိုးထွင်းပြီး သိနိုင်ပါတယ်။ တပါးတခြားသော ဒွိဟိတ်စတဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လောက် အားထုတ် အားထုတ် သေအောင်ပဲ အားထုတ် အားထုတ်, ဘယ်တော့မှ သစ္စာလေးပါးကို ထိုးထွင်းပြီး မသိနိုင်ပါဘူး။ ကာယကံ ဝစီကံ မနောကံဆိုတဲ့ သုံးပါးကို ပြုလုပ်ဆောင်ရွက်တဲ့ နေရာဌာနမှာ ဣန္ဒြေ ၅ ပါးက အစိုးရကြပါတယ်။ သူတို့မအုပ်စိုးထားခဲ့လို့ရှိရင် ဒီကံသုံးပါးကို ပြုလုပ်လို့ကို ဖြစ်တော့မှာမဟုတ်ဘူး။ အဲဒီ ငါးပါးမှာ သဒ္ဓိန္ဒြေသတိန္ဒြေ ပညိန္ဒြေတို့က ကောင်းတဲ့ အမှုကိစ္စတွေကို ဆောင်ရွက်တဲ့နေရာမှာအစိုးရပါတယ်။ ဝီရိယိန္ဒြေ သမာဓိန္ဒြေတွေကတော့ ကောင်းမကောင်း ၂ မျိုး လုံးနဲ့ ဆက်ဆံပါတယ်။ ဒါဟာ စေတသိက်ယှဉ်အတိုင်း ဖြစ်ပါတယ်။

အနညာတညဿာမီတိန္ဒြေက သောတာပတ္တိမဂ် အခိုက်မှာ ဉာဏ် အ မြင် စင်ကြယ်ရေးကို အစိုးရပါတယ်။ အညိန္ဒြေက အလယ်လောကုတ္တရာ ၆ ပါး အခိုက်မှာ ဉာဏ်အမြင်စင်ကြယ်ရေးကို အစိုးရပါတယ်။ အညာတာဝိန္ဒြေက အရဟတ္တဖိုလ်အခိုက်မှာ ဉာဏ်အမြင်စင်ကြယ်ရေးကို အစိုးရပါတယ်။

ဣန္ဒြိယ သံယုတ် အဋ္ဌကထာများမှာ သဒ္ဓါစတဲ့ ဣန္ဒြေငါးပါးတို့ရဲ့ မိမိတို့ဆိုင်ရာသာ အစိုးရကြောင်းကို ဥဒါဟရဏ် ထုတ်ပြထားပါတယ်။ ဥဒါဟရဏ်က သူဌေး သား လေး ယောက်နဲ့ မင်းရယ်လို့ သူငယ်ချင်း ငါးယောက်ရှိတယ်။ အဲဒီသူငယ်ချင်း ငါးယောက်ဟာ နက္ခတ် ကစားရအောင်ဆိုပြီး ခရီးလမ်းမသို့ ထွက်လာကြပါတယ်။ ဒီလိုထွက်ကြတော့ သူဌေးသားတယောက်ရဲ့ အိမ်ကိုရောက်တဲ့အခါကျန်တဲ့ ၄ ယောက်က ဘာမှ စီမံခန့်ခွဲမှုမရှိဘဲနဲ့ ဆိတ်ဆိတ်နေကြတယ်။ အိမ်ရှင်သူဌေးသားကသာ ဧည့်သည်တွေအတွက် စားစရာ သောက်စရာတွေ ယူခဲ့ကြပါအုံး ပန်းနံ့သာတွေ ယူခဲ့ကြပါအုံး ဝတ်စရာအဝတ်တန်းဆာ စသည်တွေကို ပေးကြပါလို့ စီမံခန့်ခွဲပါတယ်။

ဒုတိယ တတိယ စတုတ္ထ သူဌေးသားများရဲ့အိမ်ကို ရောက်တဲ့အခါမှာလဲဘဲ ကျန် ၄ ယောက်က ဆိတ်ဆိတ်နေပြီး အိမ်ရှင်သူဌေးသားကသာ ငါ့ဧည့်သည်တွေစားဖို့သောက်ဖို့ ဝတ်ဖို့စသည်ကို ပေးကြပါရယ်လို့ စီမံခန့်ခွဲပါတယ်။ နောက်ဆုံးမင်းရဲ့အိမ်ရောက်တဲ့အခါမှာ မင်းဟာ အစိုးရတဲ့ လူဖြစ်ပေမယ်လို့ ငါမင်းဘဲရယ်လို့ ကြောင့်ကြခဲ့ မနေဘဲနဲ့ သူဌေးသားများပြုလုပ်တဲ့နည်းတူ ငါ့ဧည့်သည်တွေစားဖို့ သောက်ဖို့ ဝတ်ဖို့ပေးကြပါရယ်လို့ စီမံခန့်ခွဲပါတယ်။

ဒီအတိုင်းဘဲ သဒ္ဓါစတဲ့ ဣန္ဒြေငါးပါးဟာ သူငယ်ချင်း ငါးယောက် ခရီးလမ်းမကို အတူတကွ ထွက်ကြသလို အာရုံတခုထဲမှာ အတူတကွဖြစ်ကြတာနဲ့ တူပါတယ်။ ပဌမ သူဌေးသားအိမ်မှာ ကြွင်း ၄ ယောက်တို့က ဆိတ်ဆိတ်နေပြီး အိမ်ရှင်ကသာ စီမံရသလို ထို့အတူ သောတာပတ္တိမဂ်ရဲ့အကြောင်းတရား ရောက်လာတဲ့အခါမှာ ယုံကြည်မှု လက္ခဏာရှိတဲ့ သဒ္ဓိန္ဒြေကသာ အကြီးအမှူးရှေ့သွားဖြစ်တယ်။ ကြွင်းဣန္ဒြေ ၄ ပါးက ဒီသဒ္ဓိန္ဒြေသို့ အစဉ်လိုက်ကြရပါတယ်။ သဒ္ဓိန္ဒြေဟာ အတော်အရေးပါ အရာရောက်တဲ့ တရားဖြစ်ပါ

တယ်။ ဒီမှာဘာပြထားသလဲ? သောတာပတ္တိမဂ်၏ အကြောင်းတရားလို့ ပြထားပါတယ်။ သောတာပတ္တိမဂ်၏ အကြောင်းတရားလို့ဆိုတာ သောတာပတ္တိမဂ် ရရာရကြောင်းဖြစ်တဲ့ တရားတွေထဲမှာ သဒ္ဓါတရားပါပါတယ်။ သဒ္ဓါတရားနဲ့ တကယ့်ကို ယုံယုံကြည်ကြည် အားကျတ်မှသာလျှင် မိမိအလိုရှိအပ်တဲ့ သောတာပတ္တိမဂ်ကို ရနိုင်ပါတယ်။ အကယ်၍ တစုံတယောက်သော ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာအယူဝါဒကိုလုံးဝယုံကြည်နှစ်သက်နေတာ မဟုတ်ဘူး၊ ခရစ်ယာန်ဖြစ်နေမယ်၊ ခရစ်ယာန်ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီဘာသာတရားဟာ ဘယ်လိုလဲရယ်လို့ စုံစမ်းတဲ့သဘောမျိုးသာရှိပြီး သဒ္ဓါတရား လုံးဝရှိတာမဟုတ်ဘူး ယုံကြည်မှုမရှိဘူး စုံစမ်းတဲ့သဘောမျိုးနဲ့သာ အားထုတ်မယ်လို့ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ဘယ်တော့မှ မိမိအလိုရှိအပ်တဲ့ မဂ်ဖိုလ်ကို မရနိုင်ပါဘူး။

ဒုတိယ သူဌေးသားအိမ်မှာ ကြွင်း ၄ ယောက်တို့က ဆိတ်ဆိတ်နေပြီး အိမ်ရှင်သူဌေးသားကသာ စီမံရသလို သမ္ပပ္ပခာန်ရောက်ဘဲ့အခါ ချီးမြှောက်ခြင်း လက္ခဏာရှိဘဲ့ ဝီရိယိန္ဒြေကသာ အကြီးအမှူးရှေ့သွားဖြစ်ပါဘယ်။ ကျန်ဣန္ဒြေ ၄ ပါးက ဝီရိယိန္ဒြေသို့ အစဉ်လိုက်ကြရပါတယ်။ တတိယသူဌေးသားအိမ်မှာ ကြွင်း ၄ယောက်က ဆိတ်ဆိတ်နေပြီး အိမ်ရှင်သူဌေးသားက စီမံရသလို သတိပဋ္ဌာန်ရောက်တဲ့အခါမှာ အောက်မေ့ခြင်းလက္ခဏာရှိတဲ့ သတိကသာ အကြီးအမှူး ရှေ့သွားဖြစ်ပါတယ်။ ကြွင်းဣန္ဒြေ ၄ ပါးက သတိန္ဒြေသို့ အစဉ်လိုက်ကြရပါတယ်။

စတုတ္ထသူဌေးသားရဲ့အိမ်မှာကြွင်း ၄-ယောက်တို့က ဆိတ်ဆိတ်နေပြီးအိမ်ရှင်ကသာ စီမံရသလို ဈာန်ဝိမောက္ခရောက်ဘဲ့အခါ မပျံ့လွင့်ခြင်းလက္ခဏာရှိတဲ့ သမာဓိန္ဒြေကသာ အကြီးအမှူးရှေ့သွားဖြစ်ပါတယ်။ ကြွင်းဣန္ဒြေ ၄-ပါးက သမာဓိန္ဒြေသို့ အစဉ်လိုက်ကြရပါတယ်။ နောက်ဆုံးမင်းရဲ့အိမ်ရောက်တဲ့အခါကြတော့ ကြွင်း ၄-ယောက်က ဆိတ်ဆိတ်နေပြီး မင်းကသာစီမံရသလို အရိယသစ္စာသို့ရောက်ဘဲ့အခါ အပြားအားဖြင့် သိခြင်းလက္ခဏာရှိတဲ့ ပညိန္ဒြေကသာအကြီးအမှူးရှေ့သွားပြုရပါတယ်။ ကျန်ဣန္ဒြေ ၄-ပါးကဒီပညိန္ဒြေသို့အစဉ်လိုက်ကြရပါတယ်။

ဣန္ဒြေ ၂၂-ပါးကိုဣန္ဒြိယဝိဘင်းမှာဟောပါတယ်။ နာမ်ဣန္ဒြေ ၈-ပါးကို သဟဇာတိန္ဒြိယ၊ ပသာဒိန္ဒြေ ၅-ပါးကို ပုရေဇာတိန္ဒြိယ၊ ရုပ်ဇီဝိတိန္ဒြေကို ရုပဇီဝိတိန္ဒြိယရယ်သို့ သုံးမျိုးခွဲပြီးပဋ္ဌာန်းမှာဟောပါတယ်။ အဲဒီဣန္ဒြေ ၂၂-ပါးထဲက ဣတ္ထိန္ဒြေ ပုရိသိန္ဒြေလို့ဆိုဘဲ့ ဘာဝိန္ဒြေ ၂-ပါးဟာပဋ္ဌာန်းမှာ ပစ္စည်းအနေနဲ့မဟောပါဘူး။ မဟောကြောင်းကို ရုပ်ဣန္ဒြေများကြမှဘဲ ပြောပြပါမယ်။

**အဓိပတိနှင့် ဣန္ဒြိယအထူး။** ။အဓိပတိတုံးက ပြောခဲ့တယ်။ အဓိပတိလဲ အစိုးရတယ်။ ဣန္ဒြိယလဲအစိုးရတယ်လို့ပြောတယ်။ ဘယ်လိုထူးသလဲ? အဓိပတိပစ္စည်းကတော့ ပြိုင်ဘက်မရှိ အင်မတန်ကြီးမားလှလွန်းလို့ စကြာမင်းနဲ့တူဘယ်။ ဣန္ဒြိယပစ္စည်းကတော့ ဣန္ဒြေချင်းပြိုင်ဘက်ရှိလို့ ပဒေသရာဇ်မင်းနဲ့တူတယ်လို့ဆိုတယ်။ တနည်းအားဖြင့် အဓိပတိပစ္စည်းကရှင်ဘုရင်နဲ့တူတယ်။ ဣန္ဒြိယက မှူးမတ်အရာရှိအစိုးရများနဲ့တူဘယ်၊ အဓိပတိပစ္စည်း

မှာ အဓိပတိတရားကိုယ် ၂-ပါးကို ဘွဲလို့မရပါဘူး။ ဈာန်ပြသပစ္စည်းမှာတော့ နာခံကုန်မြဲ အများဆုံးဘဲယှဉ်တွဲနိုင်ပါတယ်။ ဈာန်ပြတခုရဲ့ကိစ္စမှာတပါးသောဈာန်ပြများက အကူအညီပေး ကြပါတယ်။ သဟဇာတံပြည့်ယကိစ္စပြီးသွားပါပြီ။ ဈာနရဲ့သုဒ္ဓသင်္ချာကိုဆက်ပြီး ဆိုလိုက်ကြ ပါဦးစို့။

## ဈာန

**ဈာနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဥ်** - သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အားတတ်သော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ် ငါးပါး။ ဤတရားတို့သည် ဈာနပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ချာသဏ္ဌ။ ပစ္စည်းရေ (၁၁) ဟူသည်တည်း။ ။သင်္ချာသတ္တဟူသော်ကား ကုသလော ကုသလဿ၊ ကုသလောအဗျာကတဿ၊ ကုသလောကုသလာဗျာကတဿ၊ အကုသလောအကုသလဿ၊ အကုသလောအဗျာကတဿ၊ အကုသလောအကုသလာဗျာကတဿ၊ အဗျာကတော အဗျာ ကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၁၁)ဟူသော်ကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ဒီဈာနပစ္စည်းမှာ သမ္ပယုတ္တခန္ဓာလို့ဆိုဘာ စိတ် (၈၉) အကုန်မရပါဘူး။ ဒွေပဉ္စ ဝိညာဉ်ဘဆယ်ကြဉ်တဲ့စိတ် (၇၉)ခုရပါဘယ်။ စေတသိက်ကတော့ ၅၂-ပါးဘဲရပါတယ်။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တွေက ဆိုင်ရာရပါတယ်။ သင်္ချာကအတူဘူပါဘဲ၊ ပစ္စည်းရေ (၁၁)က အကြီးနဲ့ အလတ်(၈)ဈာနထည့်(၉)။ ဘာတိုးရသလဲဆိုရင် ဣန္ဒြိယနဲ့မဂ္ဂရပါ တယ်။ ဣန္ဒြိယရမှုကတော့ ဣန္ဒြိယကဈာနကိုရတုံးကလိုဘဲ ဝေဒနာဧကဂ္ဂတာကြောင့် ရပါ တယ်။ မဂ္ဂကိုဈာနနဲ့ သဘောတူတဲ့တရားကိုရှာရင် ဝိတက်တွေ့ပါလိမ့်မယ်၊ ဧကဂ္ဂတာတွေ့ ပါလိမ့်မယ်။ အဲဒီဝိတက်နဲ့ ဧကဂ္ဂတာသဘောဘူခြင်းကြောင့် မဂ္ဂရပါတယ်၊ အဲဒါကြောင့် ပစ္စည်းရေဟာ(၁၁)ဖြစ်ပါတယ်၊ ဒွေပဉ္စဝိညာဉ်တဆယ် ဘာ့ကြောင့်ကြဉ်ရတယ်ဆိုတာကို နောက်အပတ်မှာဘဲ ပြောကြပါစို့။

သာဓု .... သာဓု .... သာဓု ....။

# ၁၃၂၉-ခု၊ တော်သလင်းလဆန်း(၁၀)ရက်
# ၁၉၆၇-ခု၊ စက်တင်ဘာလ(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့
# ပဌာန်းကုသလတိက် ပစ္စယဝါရဝိဘင်္ဂကို(၁၃)ကြိမ်မြောက်ပို့ချခြင်း

အရင်အပတ်က ဈာနပစ္စည်းရဲ့ သုဒ္ဓသဘောဆိုပြီးပါပြီ။ ယခုအပတ် စာမျက်နှာ (၃) မှာဈာနရဲ့ပါဠိကိုဆိုရပါလိမ့်မယ်။ ဈာနကတော့ "ဈာနင်္ဂါနိ"ရယ်လို့ နပုလ္လိင်အသံနဲ့ဆိုရပါတယ်။

## ကုသလော ကုသလဿ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေန ပစ္စယော။

ဈာနပစ္စည်းရဲ့ သမ္ပယုတ္တခန္ဓာအရ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်ပါတယ်၊ ကုသိုလ် အကုသိုလ်တွေအတွက် စဉ်းစားစရာမရှိပါဘူး။ အဗျာကတပဝတ္တိအခါကာလမှာသာလျှင် ဝိပါက်ထဲကဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်ရရုံပါဘဲ။ ကရိယာတွေကြတော့ ဈာနရဲ့သဘာဝ ပစ္စည်းရေသည်(၁၁)ခုဖြစ်ခြင်းကြောင့် ၂-ခုနှုတ် ထုံးစံအတိုင်း ၉-၈-၇တွေလာပါလိမ့်မယ်။

**ကုသလောကုသလဿ၌**-ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာအားတတ်သောကုသိုလ်စိတ်စေတသိက်အပေါင်းတို့သ စိတ္တက္ခဏတခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟုဆိုအပ်သော ဈာန်တရားကိုယ်ငါးပါး ပစ္စည်းတရားရ၏။ ၊ကုသလဿ ဓမ္မဿဟူသော**သမ္ပဒါန်**ပုဒ်၏ အရကားကုသိုလ်စိတ်စေတသိက်အပေါင်းတို့သ သမ္ပယုတ္တခန္ဓာပစ္စယုပ္ပန်တရားရ၏။ ။ဈာနပစ္စယေနဟူသော ကရိယာပါဌ်၏အရကားတပြိုင်နက် ယထာရဟာဘတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၉)ပစ္စယသတ္တိတို့တွင် ဈာနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော အဗျာကတဿ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ ကုသလာနိ ဈာနင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ကုသလောအဗျာကတဿ၊ ကုသလောကုသလာ ဗျာကတဿ၊ အကုသလောအဗျာကတဿ အကုသလော အကုသလာဗျာကတဿတွေရဲ့ ထန်းဘာပင်အရကောက်တွေမှာ တချို့-ပဉ္စဝေါကာရဘုံ-မပါပါဘူး။ ပါတဲ့နေရာမှာပါတယ်။ မပါတဲ့နေရာမှာမပါပါဘူး။ ပစ္စယုပ္ပန်ရုပ်နေမယ်-ပစ္စယုပ္ပန်နာမ်နဲ့ရုပ် (ဒီနာမ်နဲ့ရုပ်ဟာတပြိုင်နက်ဖြစ်တဲ့ နာမ်ရုပ်ပါ)နေမယ်ဆိုရင် ပဉ္စဝေါကာရကို အမြဲဘုံသတ်ပြီးပေးရပါတယ်။

**ကုသလော အဗျာကတဿ၌**-ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ကော်သ၊ စေတသိက်အဌတိံသ စိတ္တာင်္ဂဏတခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ်ငါးပါး ပစ္စည်းတရားရ၏၊ ။အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကားကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။ဈာနပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကားတပြိုင်နက် ယထာရဟတတ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၌(၈)ပစ္စယသတ္တိတို့တွင် ဈာနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော ကုသလာဗျာကတဿ

ကုသလောဓမ္မော ကုသလဿစ အဗျာကတဿစဓမ္မဿ ဈာနပစ္စယေနပစ္စယော။ ကုသလာနိဈာနင်္ဂါနိသမ္ပယုတ္တကာနံခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဈာနပစ္စယေနပစ္စယော။

**ကုသလော ကုသလာ ဗျာကတဿ၌** - ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကော်သ စေတသိက်အဌတိံသ စိတ္တာင်္ဂဏတခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟုဆိုအပ်သောဈာနင်တရားကိုယ် ငါးပါးပစ္စည်းတရားရ၏။ ။ကုသလဿစ အဗျာကတဿစဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသိုလ်စိတ်ကော်သ စေတသိက်အဌတိံသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ဈာနပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယထာရဟ တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ၌(၇)ပစ္စယသတ္တိတို့တွင် ဈာနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသိုလ် ၃ ချက်မှာလဲ ဈာနင်တရားကိုယ်ငါးပါးဘဲရပါတယ်။

## အကုသလော အကုသလဿ

အကုသလောဓမ္မော အကုသလဿဓမ္မဿ ဈာနပစ္စယေနပစ္စယော။ အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေနပစ္စယော။

**အကုသလော အကုသလဿ၌** - အကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကားသမ္ပယုတ္တခန္ဓာအားတတ်သော အကုသိုလ်စိတ်၁၂ါဒသ၊ စေတသိက်သတ္တဝီသ စိတ္တင်္ဂဏဘခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟု ဆိုအပ်သော ဈာနင်တရားကိုယ်ငါးပါး ပစ္စည်းတရားရ၏၊ ။အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသသမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။(ကရိုဏ်းက ကုသိုလ်နဲ့အတူတူပါဘဲ) ဈာနပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၌(၉)ပစ္စယသတ္တိတို့တွင် ဈာနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

### အကုသလော အဗျာကတဿ

အကုသလောဓမ္မော အဗျာကတဿဓမ္မဿ ဈာနပစ္စယေနပစ္စယော။ အကုသလာနိ ဈာနင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေနပစ္စယော။

**အကုသလော အဗျာကတဿ၌**-အကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသ စိတ္တက္ခဏတခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ်ငါးပါးပစ္စည်းတရားရ၏။ ။အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ဈာနပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယထာရဟ တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ - ဤ(၈)ပစ္စယသတ္တိတို့တွင် ဈာနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

### အကုသလော အကုသလာ ဗျာကတဿ

အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော။ အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေနပစ္စယော။

**အကုသလော အကုသလာ ဗျာကတဿ၌**-အကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသ စိတ္တက္ခဏတခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိဝေဒနာ ဧကဂ္ဂတာဟုဆိုအင်သော ဈာနင်တရားကိုယ်ငါးပါး ပစ္စည်းတရားရ၏။ ။အကုသလဿစ အဗျာကတဿစဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ်ဒွါဒသ စေတသိက်သတ္တဝီသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ဈာနပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယထာရဟတတ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ-ဤ(၇)ပစ္စယသတ္တိတို့တွင် ဈာနသတ္တိဟုဆိုအပ်သောသတ္တိဝိသေသရ၏။

### အဗျာကတော အဗျာကတဿ

အဗျာကတောအဗျာကတဿကြတော့ ဝိပါက်ထဲက ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်ပေးရပါတယ်။ ကရိုဏ်းကလဲ သူ့ရဲ့သဘာဂပစ္စည်းရေအတိုင်း (၁၁) ပစ္စည်းဖြစ်ပါတယ်။ ပဋိသန္ဓေမှာလဲ အဓိပတိမပါသဖြင့် (၁၁) ပစ္စည်းဘဲဖြစ်ပါတယ်။

အဗျာကတောဓမ္မော အဗျာကတဿဓမ္မဿ ဈာနပစ္စယေနပစ္စယော။ဝိပါကာဗျာကတာနိ ကြိယာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဈာနပစ္စယေပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံခန္ဓာနံ ကဋတ္တာစရူပါနံ ဈာနပစ္စယေနပစ္စယော။

## ပဝတ္တိ

**အဗျာကတောအဗျာကတဿ**ပဝတ္တိအခါ အဗျာကတောဝဲမွော‌ဟူသော**ကဏ္ဍ**ားပုဒ်၏အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာစိတ္တဇရုပ်အားရင်း တတ်သော ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ဝိပါက်စိတ်ဆဗ္ဗိသ ကြိယာစိတ်ဝိသ စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင်တရားကိုယ်ငါးပါးပစ္စည်းတရားရ၏။ ၊အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏အရကား ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ဝိပါက်စိတ် ဆဗ္ဗိသ ကြိယာစိတ်ဝိသ၊ စေတသိက်အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။ဈာနပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကားတပြိုင်နက် ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၌(၁၁) ပစ္စယသတ္တိတို့တွင် ဈာနသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ပဋိသန္ဓေ

ပဋိသန္ဓေအခါအဗျာကတော ဓမ္မောဟူသော **ကဏ္ဍ**ားပုဒ်၏အရကားသမ္ပယုတ္တခန္ဓာအားရင်း၊ သမ္ပယုတ္တခန္ဓာကဋတ္တာရုပ်အားရင်း တတ်သော ပဋိသန္ဓေစိတ်ကျေနဝိသ၊ စေတသိက်ပဉ္စတိံသ စိတ္တက္ခဏဘခုတခု၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧဘဂ္ဂဘာဟုဆိုအပ်သော ဈာနင်တရား ကိုယ်ငါးပါးပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပဋိသန္ဓေစိတ် ကျေနဝိသ၊ စေတသိက်ပဉ္စတိံသ သမ္ပယုဘ္တခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ဈာနပစ္စယေနဟူသော **ကရိုဏ်း**ပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုဘ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ၌(၁၁)ပစ္စယသဘ္တိတို့ဘွင် ဈာနသဘ္တိ ဟုဆိုအပ်သောသတ္တိဝိသေသရ၏၊

## အဓိပ္ပါယ်

ဈာနပစ္စည်းဆိုတာကောင်းတဲ့အာရုံမှာဖြစ်ဖြစ် မကောင်းတဲ့အာရုံမှာဖြစ်ဖြစ် (ဒါတွေကကုသလာနိ ဈာနင်္ဂါနိ၊ အကုသလာနိဈာနင်္ဂါနိလို့ဟောတဲ့အဘိုင်းပါဘဲ)ဝိတက်စတဲ့ တရားတွေဟာ မိမိတို့ကိုယ်တိုင်ကလဲ စူးစူးစိုက်စိုက်အာရုံကိုယူဘာဘ်တယ်။ တက္ကဖြစ်ဘာက် တရားတွေကိုလဲ မိမိတို့လိုစူးစူးစိုက်စိုက် ယူစေတဲ့ပစ္စည်းဟာ ဈာနပစ္စည်းဖြစ်ပါတယ်။ တနည်းအားဖြင့် သားမုဆိုး ငှက်မုဆိုးတွေဟာ လေးမြှားဘွေနဲ့ သားငှက်ဘွေကိုပစ်ကြတဲ့အခါ တည့်မတ်စွာချိန်ရွယ်မှု-တည့်မဘ်ပြန်လဲ မြှားဦးတည်ငြိမ်စေရန် ထိမ်းချုပ်မှုပြုရသလို အာရုံမှာလဲဘည့်မတ်စွာချိန်ရွယ်မှု ထိမ်းချုပ်မှုများဟာ ဈာနပစ္စည်းဖြစ်ပါဘယ်၊ သစ်ပင်ပေါ်တောင်ထိပ်ပေါ်သို့တက်တဲ့ပုဂ္ဂိုလ်ဟာ အောက်မြေအပြင်မှာရှိဘဲ့ ကောင်းမကောင်းတဲ့ အာရုံတွေကို မိမိ ကိုယ်တိုင်လဲမြင်ရတယ်၊ အောက်မှာနေတဲ့ပုဂ္ဂိုလ်တွေကိုသည်း ပြောပြနိုင်တာနဲ့ တူပါတယ်လို့ ဥပမာပြကြပါတယ်။

ဈာနင်တရားကိုယ် ငါးပါးရှိပါတယ်။ ဓမ္မသင်္ဂဏီများမှာ ကုသိုလ်စသည်အတွက် ဟောတဲ့ဈာနင်၊ အကုသိုလ်အတွက်ဟောတဲ့ ဈာနင်တွေကိုပေါင်းလိုက်ရင် သမ္မာသင်္ကပ္ပ မိစ္ဆာသင်္ကပ္ပ-ဝိစာရ-ပီတိ-သောမနဿ ဒေါမနဿ - ဥပေက္ခာ-သမ္မာသမာဓိ - မိစ္ဆာသမာဓိ ရယ်လို့ ဈာနင်ကိုးပါးရှိပါတယ်၊ သမ္မာသင်္ကပ္ပ မိစ္ဆာသင်္ကပ္ပ ကဝိတက်တရားကိုယ်၊ သောမနဿဒေါမနဿဥပေက္ခာကဝေဒနာတရားကိုယ်၊သမ္မာသမာဓိနဲ့မိစ္ဆာသမာဓိက ဧကဂ္ဂတာဖြစ်တော့ တရားကိုယ်ဟာ ငါးပါးဘဲရပါတယ်။ ဒီငါးပါးမှာ သမ္ပယုတ္တဘရားတွေကို အာရုံသို့ရှေးရှုးတင်တတ်တဲ့ ဝိတက်ဟာအလိုရှိရာအာရုံသို့ စိတ်ကိုဖြောင့်မတ်စွာ သွားနိုင်ရန်ချိန်ရွယ်မှုမည်ပါတယ်။ အာရုံမှာ တရစ်ဝဲဝဲနေတဲ့ဝိစာရ-အာရုံကို နှစ်သက်တတ်တဲ့ပီတိ-အာရုံရဲ့အရသာကို ခံစားတတ်တဲ့ဝေဒနာ-တိုက်ဆိုင်ရာကိစ္စကို ဆောင်ရွက်ဘို့အာရုံမှာ စိတ်ကိုတည်ငြိမ်စွာချုပ်ထားတတ်တဲ့ ဧကဂ္ဂတာတို့ဟာ အာရုံမှာ စိတ်ကိုချုပ်ထိမ်းမှုများဖြစ်ကြပါတယ်။ ဒေါသတရားနဲ့ ဖြစ်ပွားရာမှာ ဒေါမနဿဝေဒနာဟာအာရုံမှာမကောင်းတဲ့ ခံစားမှုမျိုးနဲ့ စိတ်ကို ချုပ်ထိန်းထားတာဖြစ်ပါတယ်။

**ကိစ္စဟူသမျှဈာနမပါမပြီး။** ။ဒီဈာနပစ္စည်းရှိလို့သာ ကုသိုလ်အကုသိုလ်တရားတွေမှာ တခုတခုသော ကာယကံဝစီကံမနောကံမှုများကို အစအလယ်အဆုံးတိုင်အောင် ပြုလုပ်နိုင်ကြပါတယ်၊ ဈာနပစ္စည်းသာမရှိရင် အထက်ကပြောခဲ့တဲ့မုဆိုးဟာ သားကောင်ငှက်ကောင်ကိုမှန်အောင်ပစ်နိုင်မယ်မဟုတ်ပါဘူး။ အဆင်းသဏ္ဍာန်တခုကိုသော်မှဘယ်သူလဲဘယ်ဟာလဲရယ်လို့ အကောင်အထည်ပေါ်အောင် ကြည့်နိုင်မှာမဟုတ်ဘူး။ ခြေတလှမ်းကိုသော်မှတည့်အောင် လှမ်းနိုင်မှာမဟုတ်ပါဘူး၊ အစမှာအရှေ့ကိုရွယ်မယ်၊ အလယ်ကြတော့တောင်ကိုထိမ်းမယ်-အဆုံးမှာ အနောက်ကျသွားနိုင်ပါတယ်။ ခြေလှမ်းနေရင်းမတ်တတ်နဲ့ဘဲ အာရုံတပါးကိုစိတ်ပြောင်းပြီးမေ့နေနိုင်ပါတယ်။ စာတလုံးကိုတောင်ချောချောမောမောမရွတ်ဆိုနိုင်ပါဘူး။ စိတ်ဆိုတာဒါလောက်တောင်ပင် လွင့်ပါးရွေ့ရှားမှုလျှင်မြန်ပါတယ်။ စိတ်ဟာအင်မတန်ရိုင်းတဲ့ နွားသားငယ်နဲ့တူပါတယ်။ ဈာနပစ္စည်းက ကြိုးလွန်ချည်တိုင်မြက်ရေနဲ့တူပါတယ်။

**ဈာန်။** ။ဈာန်ဆိုတာအာရုံဖ-ပါးမှာ မရပ်မနားလွင့်ပါးနေတဲ့စိတ်ကိုတခုတည်းသောအာရုံမှာ စူးစူးစိုက်စိုက်တည်တန့်စေပြီး စူးစူးစိုက်စိုက် တည်တည်တန့်တန့်ရှုတဲ့သဘောဖြစ်ပါတယ်၊ လောကမှာတဆင့်ထက်တဆင့်မြင့်မြတ်သွားဘို့ တဆင့်အောက်တဆင့်ယုတ်နိမ့်သွားဘို့ဖြစ်တဲ့အာရုံဝတ္ထုအမှုကိစ္စတွေ ထင်ရှားရှိကြပါတယ်။ အပြစ်ဒေါသအညစ်အကြေးအဆင့်ဆင့်စင်ကြယ်သွားရန်ဖြစ်တဲ့ အာရုံဝတ္ထုအမှုကိစ္စများဟာ မြင့်မြတ်တဲ့လမ်း ဖြစ်ပါတယ်။ အပြစ်ဒေါသအညစ်အကြေးအဆင့်ဆင့် ထူပြောညစ်ညမ်းသွားရန်ဖြစ်တဲ့ အာရုံဝတ္ထုအမှုကိစ္စတွေကတော့ ယုတ်နိမ့်ရာသို့အမြဲကျဆင်းစီးသွားတဲ့ မြစ်ရေနဲ့တူပါတယ်။

မိစ္ဆာဝိတက်ဟာရေကို အောက်ရောက်အောင် အပြင်းတိုက်ပို့တဲ့ လေကြမ်းလေမုန်တိုင်းနဲ့တူပါတယ်။ စိတ်ဟာလှေနဲ့တူတယ်။ ပညာဟာပဲ့သူကြီးနဲ့တူပါတယ်။ ယောနိသောမနသိကာရဟာ ပဲ့ဒက်မကြီးနဲ့တူပါတယ်။ ဝီရိယဟာလှော်ခတ်တဲ့ယောက်ျားနဲ့တူပါတယ်။ သမ္မာဝိတက်များဟာ လှော်တက်ခတ်တက်နဲ့တူကြပါတယ်။

စိတ်တို့မည်သည်သမ္မာဝိတက်စုနဲ့ တက်သုတ်ရိုက်ပြီး အတင်းအပြင်းလှော်နိုင်ခတ်နိုင်ပါမှ အညစ်အကြေးအပြစ်ဒေါသကင်းစင်ဘို့ရာ အာရုံဝတ္ထု အမှုကိစ္စသို့ ဆန်တက်နိုင်ပါတယ်။ မလှော်မခတ်ရင်မိန္တာဝိတက်လို့ဆိုတဲ့ လေဟုန်, လှိုင်းဟုန်နဲ့ မျောဘို့ရာလမ်းသာ ရှိပါတယ်။ ဒါကြောင့်သမ္မာဝိတက်ဟာ အတင်းလှော်ခတ်တဲ့လှေနဲ့တူတဲ့စိတ်ကိုမြင့်မြတ်တဲ့ အထက်လမ်းရောက်အောင် တင်ပေးတဲ့တရားဖြစ်ပါတယ်။ ဝိတက်လှော်ခတ်ပေးလိုက်လို့ ကသိုဏ်းစတဲ့အာရုံသို့ ရှေးရှုဆန်တက်တဲ့စိတ်ကို ဒီအာရုံကတဖန်ဆုတ်ခွာလွှင့်ပါးပြီးမသွားရအောင် ဝိစာရကဖွဲ့နှောင်ချုပ်တည်း ထားပါတယ်။ ဒီလိုမဖွဲ့နှောင်ချုပ်တည်းမှုမရှိရင် ဝိတက်ကဘယ်လောက်ဘဲလှော်လှော် လိပ်ဒိုကြီးများ တောင်တက်သလို အထက်ကို တလှမ်းတက်ရင် အောက်ကိုနှစ်လှမ်း ပြန်ကျလာမှာဖြစ်ပါဘယ်။

ဒီအာရုံ ဒီအမှုတွေမှာ စိတ်ကို မငြိုးငွေ့အောင် မမုံးအောင် မပျင်းစေဘဲ ပျော်ပျော်ပါးပါးရှိအောင် ဖျော်ဖြေတာက ပီတိဖြစ်ပါတယ်။ ဖျော်ဖြေမှုမရှိဘဲ ချောက်ချောက် သွေ့သွေ့ပြီးငွေ့စရာကြီးဖြစ်နေရင် ဘယ်လောက် ဖွဲ့နှောင်ချုပ်တည်းထားပေမဲ့ မနိုင်ပါဘူး။ အတင်းဆုတ်ခွာရန်းကန်ပြီး လွှင့်ပါးသွားနိုင်ပါတယ်။

မငြိုးမငွေ့ ပျော်မွေ့နေတဲ့စိတ်ကို ဒီအာရုံ ဒီဝတ္ထုတွေမှာ လေးလေးနက်နက် မြှိန်မြှိန်ရှက်ရှက် မလွှတ်ရက်မခွာရက်နိုင်အောင် အရသာကိုထုတ်ပေးနေဘာက သုခဖြစ်ပါတယ်။ အဖျော်အဖြေ ဘယ်လောက်ကောင်းကောင်း ခင်မင်မြတ်နိုးပြီး မလွှတ်ရက်လောက်အောင် လေးနက်တဲ့အရသာကို မခံစားရရင် အသစ်ဖြစ်လို့ခဏသာနှစ်သက်မယ်၊ မကြာခင်ငြိုးငွေ့ပြီးဆုတ်ခွာလိမ့်မယ်။ ဥပမာအားဖြင့် မူလကရွာသူတို့ရဲ့ မစင်နဲ့ကြီးပွားလာခဲ့တဲ့ ခွေးဟာ နောင်အခါ ချမ်းသာသူများကမွေးမြူကြလို့ သားငြိမ်းထမင်းအရသာကို စိတ်ရှိတိုင်းစားနေရပေမဲ့ ဇာတိငယ်ကြိုက်ကိုတော့ မမေ့နိုင်ဘူး။ အနံ့ရရင်သားငြိမ်းထမင်းကိုစွန့်ပြီးငယ်ကြိုက်နောက်လိုက်လိမ့်မယ်။ မလိုက်နိုင်အောင် သံကြိုးနဲ့ချီထားမှဖြစ်မယ်။

ဒီအတိုင်းဘဲ ဘဝအဆက်ဆက်က ကာမဂုဏ်မစင်တောကြီးမှာ ကြီးပွားလာခဲ့တဲ့ ဒီစိတ်တွေဟာ ခုမှဘာဝနာအာရုံ ဘာဝနာမှုတွေမှာ အင်မတန်မွန်မြတ်တဲ့သုခရသကိုခံစားရပေမဲ့ ဇာတိငယ်ကြိုက်ကိုသာ အမှတ်ရပြီး တကြွကြွ တလှုပ်လှုပ်ရှိနေလိမ့်ဦးမယ်၊ ဒါကြောင့် မလှုပ်ရမကြွရအောင် ဒီအာရုံဒီအမှုတွေမှာ တည်တည်တန့်တန့်အမြစ်စိုက်ထားတာက ဧကဂ္ဂတာဖြစ်တယ်။

ဒီတရားငါးပါးကို ဘာဝနာအာရုံမှာစိတ်ကို နှစ်နှစ်ချိုက်ချိုက် အမြဲစိုက်နေအောင် ဆောင်ရွက်စီမံကြတဲ့တရားများဖြစ်လို့ ဈာန်လို့ခေါ်ပါတယ်။ ဒီလိုစူးစူးစိုက်စိုက် မြဲမြဲစွာ ရှုနေတဲ့အခါ စိတ်သန္တာန်မှာ အစဉ်ထုံခဲ့တဲ့ အညစ်အကြေး အခိုးအကင်းတွေဟာ တနာရီထက်တနာရီ တနေ့ထက်တနေ့ တရွေ့ရွေ့ချုပ်ငြိမ်းကြလေတော့ ဒီစိတ်အစဉ်ဟာ ဖြူဖြူစင်စင် ကြည်လင်ထွန်းတောက်လာပါတယ်။ ခုပြောခဲ့တာတွေဟာ "ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ"အရဖြစ်ပါတယ်။

ဆန့်ကျင်ဘက်တရားတွေကို သတ်ဖြတ်လောင်မြိုက်စေတတ်လို့လဲ ဈာန်မည်ပါတယ်။ ထိနမိဒ္ဓဟာဝိတက်ရဲ့ဆန့်ကျင်ဘက်ရန်သူကြီးဖြစ်ပါတယ်။ ဘာဝနာအာရုံသို့ စိတ်ကိုအတွင်

မောင်းနှင်ပေးတဲ့ဝိတက်ဟာ ပျင်းရိဆုတ်နစ် ထိုင်းမှိုင်းစေတတ်တဲ့ ထိနမိဒ္ဓအခိုးအကင်းတွေကို အတင်းသတ်ဖြတ်လောင်မြှိုက်ခဲ့ပါတယ်။ ဝိစိကိစ္ဆာဟာ ဝိစာရရဲ့ ရန်သူဖြစ်ပါတယ်။ အဘန်ဘန်သုံးသပ်တဲ့ ကိစ္စကိုပြုရလို့ ဘာဝနာမှုမှာ အဆင့်ဆင့်ကြည်လင်သွားအောင် ဆောင်ရွက်ပေးတဲ့ ဝိစာရဟာစိတ်ကို နှစ်ခွပြု၍ နောက်ကျုမှေးမှိန်စေတတ်တဲ့ ဝိစိကိစ္ဆာ အခိုးအကင်းကို အတင်းသတ်ဖြတ်ပါတယ်။ ဗျာပါဒဟာ ပီတိရဲ့ဆန့်ကျင်ဘက်ရန်သူဖြစ်ပါတယ်။ စိတ်ကိုရွှင်လန်းအောင် ဖျော်ဖြေပေးနိုင်တဲ့ပီတိဟာ စိတ်ကိုငြိုးငွေ့ချောက်သွေ့အောင်ပြုတဲ့ ဗျာပါဒအခိုးအကင်းကို အတင်းသတ်ဖြတ်ပါတယ်။ ဥဒ္ဓစ္စနဲ့ ကုက္ကုစ္စဟာ သုခရဲ့ ဆန့်ကျင်ဘက်ရန်သူဖြစ်ပါတယ်။ ငြိမ်းချမ်းသာယာမှုကို ပြုတတ်တဲ့သုခဟာ မငြိမ်မသက် မချမ်းအောင်ပြုတဲ့ ဥဒ္ဓစ္စကုက္ကုစ္စကို အတင်းသတ်ဖြတ်ပါတယ်။ ကာမစ္ဆန္ဒဟာ ဧကဂ္ဂတာရဲ့ ဆန့်ကျင်ဘက်ရန်သူဖြစ်ပါတယ်။ စိတ်ကိုအာရုံမှာ မြဲမြဲအောင်စိုက်ထားတဲ့ ဧကဂ္ဂတာဟာ ထကြွလှုပ်ရှားတတ်တဲ့ကာမစ္ဆန္ဒ အခိုးအကင်းကို သတ်ဖြတ်ပါတယ်။ ဒါက ''ပစ္စနီကဓမ္မေ ဈာပေတီတိဈာနံ''ဆိုတဲ့ ဝိဂြိုဟ်အရဖြစ်ပါတယ်။

ကုသိုလ်စိတ်အစဉ်မှာ ဒီနီဝရဏတရားတွေ မယှဉ်ပေမဲ့ အခိုးအကင်းတွေကတော့ အပြည့်ပါရှိနေကြပါတယ်။ ဒီနီဝရဏအခိုးအကင်း အညစ်အကြေးတွေကို သတ်မှုကိုဘဲ နီဝရဏကိုသတ်တယ်လို့ဆိုရပါတယ်။ ဈာနပစ္စည်းမှာဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်ခဲ့ပါတယ်။ အဲဒါကိုပစ္စယုဒ္ဒေသမှာအဋ္ဌကထာဆရာက ဒွေပဉ္စဝိညာဉ်တဆယ်မှာရှိတဲ့ ဒုက္ခဝေဒနာ သုခဝေဒနာကြဉ်၊ ကျန်တဲ့ကုသိုလ်စတဲ့(၇)ပါးသော ဈာနင်ဟာ ဈာနပစ္စည်းဖြစ်တယ်လို့ဖွင့်ပြပါတယ်။ တဖန်ပစ္စယနိဒ္ဒေသကြပြန်တော့ ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်တဲ့ စိတ်တွေမှာဖြစ်တဲ့ ဝိတက် ဝိစာရ ပီတိ သောမနဿ ဒေါမနဿ ဥပေက္ခာ ဧကဂ္ဂတာလို့ဈာနင်(၇)ပါးရှိတယ်။ တဖန်ဆက်လက်ပြီး ဒီဒွေပဉ္စဝိညာဉ်တဆယ်ကအာရုံကို ရှေးရှုကျခါမျှဖြစ်တော့ ၎င်းတို့မှာရှိတဲ့ ဥပေက္ခာဝေဒနာ သုခဝေဒနာ ဒုက္ခဝေဒနာတွေဟာ အာရုံကိုဖြန့်ပြီး မရှုနိုင်လို့ဈာနင် အဖြစ်ထုတ်ပြီး မဟောပါဘူး။ ဒီတော့ ဒွေပဉ္စဝိညာဉ်တဆယ်ဟာ ဈာနင်ထုတ်မှုအစဉ်က ပြုတ်သွားလေတော့ ကြွင်းတဲ့အဟိတ်စိတ် (၈) မှာလဲ ဈာနင်တုတ်ပြီး မဟောပါဘူးတဲ့။ ဒီတော့ အဋ္ဌကထာဆရာရဲ့ အလိုအားဖြင့် အဟိတ်စိတ် ၁၈-ခုမှာ ဈာနင်မဟောဘူးရယ်လို့ ဖြစ်နေတယ်။ ဒါကိုမူလဋီကာက လက်မခံဘူး။ ဓမ္မသင်္ဂဏီစိတ္တုပ္ပါဒကဏ္ဍမှာကြွင်းတဲ့ အဟိတ်စိတ် (၈) ခုအတွက် ဈာနင်ထုတ်ပြီး ဟောထားလေတော့ဒီ ပဋ္ဌာန်းမှာလဲ ကြွင်းတဲ့ အဟိတ်စိတ်(၈) ခုအတွက် ဈာနင်ထုတ်ပြီး ဟောသင့်ပါတယ်တဲ့။

**ဈာန်၊ ဈာန်အင်္ဂါ။** ။ဈာန်နဲ့ ဈာန်အင်္ဂါလို့ ဆိုတာ ဝိတက်စတဲ့တရားငါးပါး အပေါင်းကို ဈာန်လို့ခေါ်တယ်၊ အသီးသီးဖြစ်ကြတဲ့ တရားငါးပါးအပေါင်းကိုတော့ ဈာနင်လို့ ခေါ်ပါတယ်။ လှည်းဘီး ဝင်ရိုးစတဲ့ ရထားရဲ့အင်္ဂါအစိတ်အပိုင်းတွေကို ရထင်္ဂလို့ ခေါ်ပါတယ်၊အဲဒီအင်္ဂါတွေစုပေါင်းနေတဲ့အထည်ဒြပ်ကိုရထားလို့ခေါ်တာနဲ့ တူပါတယ်။

**ဈာန် ၂ မျိုး။** ။ဈာန်ဟာ ၂ မျိုးရှိပါတယ်။ (၁)ကသိုဏ်းစတဲ့ သမထ ကမ္မဋ္ဌာန်းကို ကျင့်ကြံကြိုးစားအားထုတ်ပါမှ ရအပ်,ပြီးစေအပ်တဲ့ ဈာန်ဟာ ပဋိပဒါသိဒ္ဓိဈာန် မည်ပါတယ်။ (၂) အရှင်အာနန္ဒာတို့ရတဲ့ ဈာန်မျိုးတွေ၊ မဟာသမယသုတ်မှာလာတဲ့

ရဟန်းငါးရာတို့ရတဲ့ ဈာန်တွေ၊ ဘုရားရဲ့ တရားတော်ကို တကြိမ်နာရရုံနဲ့ ဗောဓိဘက္ခု ခေါ်ရုံနဲ့ ဆဋ္ဌာဘိညာ ပဋိသမ္ဘိဒါပတ္တ အရှင်မြတ်ဘို့ရတဲ့ ဈာန်များလို ဝိပဿနာကိုအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ မဂ်ရတာနဲ့ တပြိုင်နက် အသိုလိုဒီဈာနမှာ ကိစ္စပြီးစီးတော့ ဒီဈာန်ကို ''မဂ္ဂသိဒ္ဓိဈာန်''လို့ ခေါ်ပါတယ်။

## မဂ္ဂ

ဈာနကိစ္စပြီးသွားပါပြီ။ မဂ္ဂဆက်ပြီး သုဒ္ဓသင်္ချာကို ဆိုလိုက်ကြပါဦးစို့။

**မဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ချာဝါရနည်း**·သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတတ်သော ပညာ ဝိတက် ဝိရတီ ၃ ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး။ ၊ဤဘရားတို့သည် မဂ္ဂပစ္စည်းတဘ်သော တရားတို့မည်ကုန်၏။ သင်္ချာသဉ္ဇာ။ ပစ္စည်းရေ (၁၃) ဟူသည်တည်း။ ၊သင်္ချာ သဉ္ဇာ ဟူ သော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အ ကု သ လော အကုသလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿဟူသည်တည်း။ ။ပစ္စည်းရေ (၁၃)ဟူသော်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသည်တည်း။

မဂ္ဂပစ္စည်းဆိုတာ ဟေတုပစ္စည်းရဲ့ နောက်လိုက်ဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာလဲ သမ္ပယုတ္တခန္ဓာဆိုတာ သဟိတ်စိတ် စေတသိက်ဒွေညာသရပါတယ်။ မဂ္ဂင်တရား ကိုယ်တွေကတော့ ၉ ပါးရှိပါတယ်၊ သဘာဂပစ္စည်းရေ (၁၃)အတွက်ကာ ဟေတုရမှုသည် အမောဟကြောင့် ရပါတယ်၊ အဓိပတိရမှုကတော့ ဝီရိယ ဝီမံသကြောင့် ရပါတယ်။ ဣန္ဒြိယ ရမှုကတော့ ဝီရိယ သတိ ဧကဂ္ဂတာ ပညာကြောင့်ရပါတယ်။ ဈာနရမှုကတော့ ဝိတက်ဧကဂ္ဂတာကြောင့် ရပါတယ်၊ နောက်ကပြောခဲ့တဲ့အတိုင်းပါဘဲ၊ ဒါ့ကြောင့် သဘာဂပစ္စည်းရေဟာ(၁၃)ခုဖြစ်ပါတယ်။ ကမ္မ အာဟာရ မရပါဘူး။ ကမ္မကစေတနာ၊ အာဟာရက နာမ်အာဟာရတရားကိုယ် ၃ ပါးဟာ ဧရှပစ္စည်းမှာ မရှိပါဘူး။ မဂ္ဂပစ္စည်းရဲ့ ပါဠိလဲ ဈာနပစ္စည်းရဲ့ ပါဠိနဲ့ အတူတူပါဘဲ၊ ဒီတော့ သမ္ပယုတ္တခန္ဓာအရ သဟိတ်လို့ဆိုသဖြင့် ကုသိုလ် အကုသိုလ်တွေဟာ သဟိတ်တွေ ဖြစ်ပါတယ်၊ ဝိပါက်ကြိယာမှာသာ သဟိတ်ဝိပါက် သဟိတ်ကြိယာလို့ ဆိုရပါတယ်၊ ပဋိသန္ဓေအခါကာလမှာလဲ သဟိတ်ပဋိသန္ဓေရယ်လို့ဆိုရရုံပါဘဲ၊ ကရိုက်းတွေမှာလဲ သဘာဂပစ္စည်းရေ(၁၃)ခုရတော့ ၂ ခုနှုတ်ပြီးတော့ ၁၁-၁၀-၉ ဖြစ်ပါတယ်၊ အကုသိုလ်ကြတော့ ၁၀-၉-၈ လို့ဖြစ်နေပါတယ်။ ဘာကြောင့်လဲလို့ဆိုတော့ ဟေတုတုံးက ပြောခဲ့တဲ့အတိုင်း မဂ္ဂမှာ ဟေတုရမှုသည် အမောဟကြောင့် ရပါတယ်။ အကုသိုလ်မှာ အမောဟမရှိခြင်းကြောင့် ဟေတုဘခု ပြုတ်သွားပါတယ်။ အဓိပတိတွေကြတော့ဆိုင်ရာဖြစ်တဲ့ ပညာမှဘပါးသော တရားကိုယ်တွေကျန်ရစ်ပါတယ်။ အဲဒါကြောင့် အဓိပတိစသည်တွေကို ရပါတယ်။

## ကုသလော ကုသလဿ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။

သုဒ္ဓသင်္ချာမှာ မဂ္ဂင်တရားကိုယ် ၉ ပါးထဲမှာ ဒိဋ္ဌိပါနေပါတယ်။ ဒိဋ္ဌိ ပါနေ တော့ ကုသိုလ်ဟာ ဒိဋ္ဌိနဲ့ မဆိုင်ပါဘူး။ အဲဒါကြောင့် ကုသိုလ် ၃ ချက် အတွက် မဂ္ဂင် တရားကိုယ်ရှစ်ပါးသာ ရပါတယ်။

**ကုသလော ကုသလဿ၌**-ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာ အားတတ်သော ကုသိုလ်စိတ် ကေဝိသ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ ဝိတက် ဝိရတီ၃ ဝီရိယ သတိ ဧကဂ္ဂတာဟု ဆိုအပ်သောမဂ္ဂင်တရားကိုယ်ရှစ်ပါး ပစ္စည်းတရားရ၏။ ။ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ကုသိုလ်စိတ် ကေဝိသ၊ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ မဂ္ဂပစ္စယေနဟူသော **ကရိုဏ်း** ပါဋ်၏ အရကား တပြိုင်နက်ယထာရဟ တတ်ကောင်းသော ဟေတု၊အဓိပတိ၊သဟဇာတ၊အညမည၊နိဿယ၊ ဣန္ဒြိယ၊ဈာန၊ မဂ္ဂ၊သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ - ဤ(၁၁) ပစ္စယ သတ္တိတို့တွင် မဂ္ဂသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော အဗျာကတဿ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ ကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

**ကုသလော အဗျာကတဿ၌**-ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား စိတ္တဇရုပ်အားတတ်သော ပစ္ဆဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝိသ၊ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ ဝိတက် ဝိရတီ ၃ ဝီရိယ သတိ ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါး ပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသိုလ်ဖြစ်အပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။မဂ္ဂပစ္စယေနဟူသော**ကရိုဏ်း**ပါဋ်၏ အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသောဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၀) ပစ္စယသတ္တိတို့တွင် မဂ္ဂသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော ကုသလာဗျာကတဿ

ကုသလော ဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

**ကုသလော ကုသလာဗျာကတဿ၌**-ကုသလော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် အားတတ်သော ပစ္ဆဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ကေဝိသ စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ပညာ ဝိတက် ဝိရတီ ၃ ဝီရိယ သတိ ဧကဂ္ဂတာဟုဆိုအပ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါး ပစ္စည်း တရား ရ

၏။ ။ကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော သမ္ပဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ်စေတသိက် အဌတိံသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ မဂ္ဂပစ္စယေနဟူသော ကရိုဏ်း ပါဌ်၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဤ (၉) ပစ္စယ သတ္တိတို့တွင် မဂ္ဂသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသိုလ်ကြတော့ မဂ္ဂင်တရားကိုယ် ၄ ပါးဘဲရှိပါတယ်။ ပညာစသည်နဲ့မဆိုင်ပါဘူး။ ဝိတက်၊ ဝီရိယ၊ စေတ္တာ၊ ဒိဋ္ဌိရယ်လို့ မဂ္ဂင်တရားကိုယ် ၄ ပါးဘဲရပါတယ်။

ကရိုဏ်းမှာ (၁၀)က ဟေတု ချန်ခဲ့ရပါတယ်။

### အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။

**အကုသလော အကုသလဿဌ်**-အကုသလော ဓမ္မောဟူသော ကတ္တား ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာ အားတတ်သော အကုသိုလ်စိတ် ဋ္ဌါဒသ၊ စေတသိက် သတ္တဝိသ စိတ္တက္ခဏ တခုတခု၌ရှိသော ဝိတက် ဝီရိယ စေတ္တာ ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၄ ပါး ပစ္စည်းတရားရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား အကုသိုလ်စိတ် ဋ္ဌါဒသ၊ စေတသိက် သတ္တဝိသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ မဂ္ဂပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၀) ပစ္စယ သတ္တိတို့တွင် မဂ္ဂသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

### အကုသလော အဗျာကတဿ

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။အကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

**အကုသလော အဗျာကတဿဌ်**-အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား စိတ္တဇရုပ် အားတတ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဋ္ဌါဒသစေတသိက် သတ္တဝိသ စိတ္တက္ခဏ တခုတခု၌ရှိသော ဝိတက် ဝီရိယ စေတ္တာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၄ ပါးပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။ ။ မဂ္ဂပစ္စယေနဟူသော **ကရိုဏ်း**ပါဌ်၏အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၉) ပစ္စယ သတ္တိတို့တွင် မဂ္ဂသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသရ၏။

### အကုသလော အကုသလာ ဗျာကတဿ

အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော၊ အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

**အကုသလော အကုသလာ ဗျာကတဿ၌**-အကုသလော ဓမ္မောဟူသော**ကဏ္ဍား** ပုဒ်၏အရကား သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်စိတ် ၁၂ ဒါသ စေတသိက် သတ္တရီသ စိတ္တင်္ဂဏ တခုတခု၌သော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၄ ပါး ပစ္စည်းတရား ရ၏။ ။ အကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော **သမ္ဗန္ဓါနိ** ပုဒ်၏အရကား အကုသိုလ် စိတ်ဒွါဒသစေတသိက် သတ္တဝီသ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏၊ ။မဂ္ဂ ပစ္စယေနဟူသော **ကရိဏ်း**ပါဋ်၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အဓိပတိ၊သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ - ဤ(၈) ပစ္စယ သတ္တိ တို့တွင် မဂ္ဂသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

### အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ ဝိပါကာ ဗျာကတာနိ ကြိယာ ဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

အရကောက်ကြတော့ မဂ္ဂင်တရားကိုယ် ၁၂ပါးရပြန်ပါတယ်။ ကရိဏ်းကသဘာဂ ပစ္စည်းအတိုင်း (၁၃) ပစ္စည်းရပါတယ်။

### ပဝတ္တိ

**အဗျာကတော အဗျာကတဿ၌**-ပဝတ္တိအခါအဗျာတောဓမ္မောဟူသော**ကဏ္ဍား** ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအားငင်း၊ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇ ရုပ်အားငင်း တတ်သော သဟိတ် ဝိပါက် ကောဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက်အဋ္ဌတိံသ စိတ္တင်္ဂဏ တခုတခု၌ရှိသော ပညာ ဝိဘက် ဝိရတိ ၃ ဝီရိယသတိ ဧကဂ္ဂတာဟု ဆိုအပ် သော မဂ္ဂင်တရားကိုယ် ရှစ်ပါးပစ္စည်းတရားရ၏၊ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ဗန္ဓါနိ** ပုဒ်၏အရကား သဟိတ်ဝိပါက် ကောဝီသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။မဂ္ဂပစ္စယေနဟူ သော **ကရိဏ်း** ပါဋ်၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၃) ပစ္စယ သတ္တိတို့တွင် မဂ္ဂသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသရ၏။

ပဋိသန္ဓေအခါကြတော့ မဂ္ဂင်တရားကိုယ် ငါးပါးရပါတယ်၊ ဝိရတီနှင့် ဒိဋ္ဌိမရ တော့ပါဘူး။ ဝိရတီ ၃ နဲ့ ဒိဋ္ဌိနုတ်ရင် ကျန်တဲ့မဂ္ဂင်တရားကိုယ် ငါးပါးဘဲရှိပါတော့ တယ်။ ဇကျိဏ်းကြတော့ အခိုပတိ ကြဉ်ရပါတယ်။

ပဋိသန္ဓေအခါ အဗျာကတော မဂ္ဂေါဟူသော **ကဏ္ဍား** ပုဒ်၏ အရကား သမ္ပ ယုတ္တခန္ဓာအားဇင်း၊ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ်အားဇင်း တတ်သော သဟိဘ်ပဋိသန္ဓေ သတ္တရသ၊ စေတသိက်ပဉ္စတိံသ စိတ္တက္ခဏ တခုကခုဥ်ရှိသော ပညာ ဝိတက် ဝိရိယ သတိ ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ငါးပါးပစ္စည်းတရားရ၏၊ ။အဗျာကတသ မဂ္ဂသဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား သဟိတ် ပဋိသန္ဓေ သတ္တရသ၊ စေတသိက် ပဉ္စတိံသ သမ္ပယုတ္တခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ။မဂ္ဂပစ္စယေန ဟူသော **ကရိုဏ်း**ပါဌ်၏ အရကား တပြိုင်နက် ယထာရဟ တဘ်ကောင်းသော ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ။ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၁၂) ပစ္စယသတ္တိတို့တွင် မဂ္ဂသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

## အမိပ္ပါယ်

မဂ္ဂပစ္စည်းရဲ့ အမိပ္ပါယ် နဲနဲပြောပြပါမယ်၊ ဒီမဂ္ဂပစ္စည်းရဲ့ အမိပ္ပါယ်မပြောခင် အဋ္ဌကထာ ဋီကာတွေရဲ့ ယူဆပုံကို ပထမရှေးဦးစွာ ပြောပြပါမယ်၊ အဋ္ဌကထာပစ္စယ နိဒ္ဒေသ မဂ္ဂပစ္စည်းရဲ့ အဖွင့်မှာ "မဂ္ဂပစ္စယ နိဒ္ဒေသေ မဂ္ဂင်္ဂါနိတိ အဟေတုက စိတ္တုပ္ပါဒ ဝဇ္ဇေသု သေသစိတ္တေသု ဥပ္ပန္နာနိ ပညာဝိတက္ကော သမ္မာဝါစာ ကမ္မန္တာဇီဝါ ငိရိယံ သတိသမာဓိ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဝါစာ ကမ္မန္တာဇီဝါတိ ဒွါဒသ မဂ္ဂင်္ဂါနိ" ရယ်လို့ မဂ္ဂင် (၁၂)ပါးရှိကြောင်းကို ပြပါတယ်။ အဲဒီတော့ အဋ္ဌကထာရဲ့ အာဘော်ကဘာလဲ?သမ္မာ မဂ္ဂင်ဖြစ်တဲ့ ရှစ်ပါးထဲမှာ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ မိစ္ဆာမဂ္ဂင် ၄ ပါးထည့်လိုက်တော့ မဂ္ဂင် (၁၂) ပါးရှိကြောင်း ပြပါတယ်။

မူလဋီကာဆရာကြီးက ရှင်းလင်းပြောတာကိုတော့ ပါဠိထုတ်မပြတော့ဘဲ ဆိုလို ရင်းအမိပ္ပါယ်ကိုသာ ပြောပြပါမယ်။ အဋ္ဌကထာပြမဂ္ဂင် (၁၂) ပါးမှာ ဝိတက်အတွက် မိစ္ဆာသင်္ကပ္ပနဲ့ သမ္မာသင်္ကပ္ပကိုယူထားတယ်။ ဝိရိယနဲ့ သမာဓိများကိုလဲ မိစ္ဆာဝါယာမ သမ္မာဝါယာမ မိစ္ဆာသမာဓိ သမ္မာသမာဓိ-ဒီ ၂ မျိုးကို ယူထားတာဖြစ်ပါတယ်။ ဒါတွေ ဟာ သုတ္တန်မှာဟောထားတဲ့စကားများဖြစ်တယ်။ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ များကိုလဲ မဂ္ဂင်ရယ်လို့ သုတ္တန်မှာခေါ်ပါတယ်။ အဲဒီမိစ္ဆာဝါစာစတဲ့ မဂ္ဂင် ၃ ပါးနဲ့တကွ မဂ္ဂင်(၁၂)ပါးကို မဂ္ဂပစ္စည်းမှာ ရတာတွေရော မရဘာတွေပါ ပေါင်းယူပြီးပြဆိုထားပါ တယ်။ ဒီလိုပေါင်းယူပြီးပြလိုက်တော့ သုတ္တန်မှာလာဘဲ့ မဂ္ဂင်တွေရဲ့အမည်ကိုပါပြပြီး ဖြစ် သွားပါတယ်။ ဒါပေမဲ့ ဒီမဂ္ဂပစ္စယနိဒ္ဒေသမှာ သုတ္တန်မှာဟောတဲ့ မဂ္ဂင်တွေကိုပါယူပြီး (၁၂)ပါးလို့ မပြနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ "နဟိပါဠိယံ မဂ္ဂင်္ဂဝိဘင်္ဂေ မိစ္ဆာ ဝါစာ ကမ္မန္တာဇီဝေါတိ အတ္ထော ဝတ္တဗ္ဗော၊ တေတိသမ္မာဝါစာ ဒီဟိဒ္ဓိပက္ခာ ဘောနာ ဓမ္မာ, တပ္ပဋိပက္ခာဘာဝတော ယေဝမိစ္ဆာ မဂ္ဂင်္ဂါနိတိ သုဇ္ဈေ ရုဇ္ဈာနိ၊ နာနမဂ္ဂပစ္စယ

ဘာဝေန''ပါဠိတော်မှာ မဂ္ဂင်္ဂသဒ္ဒါရဲ့အနက်ဟာ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝတို့ကိုဆိုတာမဟုတ်ပါဘူး။ ဒီမိစ္ဆာဝါစာစသည်တွေဟာ သမ္မာဝါစာစသည်တွေရဲ့ ဆန့်ကျင်ဘက်ဖြစ်ကြတဲ့ စေတနာတရားတွေဖြစ်ပါတယ်။ ဒီလို သမ္မာဝါစာစသည်နဲ့ ဆန့်ကျင်ကြသောကြောင့်သာ မိစ္ဆာမဂ္ဂင်ရယ်လို့ သုတ္တန်မှာဟောပါတယ်။ မဂ္ဂပစ္စည်းတတ်လို့ ဟောတာမဟုတ်ပါဘူး။ နောက်ဆုံး ယူဆပုံကလေးကတော့ ပါဠိတော်မှာ မဂ္ဂင်္ဂသဒ္ဒါဟာ မိစ္ဆာဝါစာစသည်တို့ရဲ့ အနက်အဖြစ် မဖြစ်ပါစေနဲ့လို့ နှလုံးသွင်းပြီး သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ-မဂ္ဂင်တရားကိုယ်ရှစ်ပါး။ ပြီးတော့ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါယမ မိစ္ဆာသမာဓိလို့ အဲဒီလို (၁၂) ပါးကိုသာ ထုတ်ပါလို့ မူလဋီကာဆရာကြီးက အင်မတန်ရှင်းအောင် ပြထားပါတယ်။ ဆိုလိုရင်းကဘာလဲ? မိစ္ဆာဝါစာစတဲ့ သုံးပါးဟာ စေတနာတရားဖြစ်လို့ မဂ္ဂင်နဲ့ မဆိုင်ပါဘူးလို့ ဆိုလိုပါတယ်။

ဒီလိုပြထားပါလျက်နဲ့ တချို့ပုဂ္ဂိုလ်တွေက မူလဋီကာဆရာကြီးက မိစ္ဆာမဂ္ဂင်တွေကို မဂ္ဂပစ္စည်းအဖြစ် မထုတ်ဘူးရယ်လို့ ကိုယ်လိုချင်တာကလေးကိုဆွဲပြီး ''တပ္ပဋိပက္ခဘာဝတောယေဝ မိစ္ဆာမဂ္ဂင်္ဂါနီတိ သုတ္တေဝုတ္တာနိ၊နပနမဂ္ဂပစ္စယဘာဝေန''။သမ္မာမဂ္ဂင်တွေနဲ့ ဆန့်ကျင်ဘက်ဖြစ်လို့ မိစ္ဆာမဂ္ဂင်ရယ်လို့ သုတ်မှာဟောတယ်။ မဂ္ဂပစ္စည်းမှာ မဟောဘူး။ ဒီလိုဆိုရင် ''အကုသလာနိ မဂ္ဂင်္ဂါနိ''စသည်ဖြင့် ပဋ္ဌာန်းမှာဟောထားလေတော့ ဒီမူလဋီကာဆရာကြီးရဲ့ဝါဒဟာ မသင့်ဘူးရယ်လို့ မူလဋီကာပြနေတဲ့စကားရပ်များကို အသေအချာရှင်းလင်းအောင်မကြည့်ဘဲနဲ့ ရဲရဲဝံ့ဝံ့ အရမ်းဘဲစွပ်စွဲပစ်လိုက်ကြပါတယ်။ တပ္ပဋိပက္ခဘာဝတောယေဝ-ကို ဋီကာကသမ္မာမဂ္ဂင်အားလုံးနဲ့ဆန့်ကျင်တဲ့ မိစ္ဆာမဂ္ဂင်အားလုံးကိုမဆိုပါဘူး။ သမ္မာဝါစာစတဲ့ သုံးပါးနဲ့ဆန့်ကျင်တဲ့ မိစ္ဆာဝါစာစတဲ့ သုံးပါးကိုသာ ဆိုတာဖြစ်ပါတယ်။ဋီကာရဲ့နောက်ဆုံးစကားမှာလဲ မိစ္ဆာမဂ္ဂင်လေးပါးကိုပါထည့်ပြီး မဂ္ဂင် (၁၂)ပါးကိုထုတ်ပြထားပါတယ်။ဒီတော့ အင်မတန်အထက်တန်းကြတဲ့ ပုဂ္ဂိုလ်ဘယောက်ရဲ့အယူအဆကို အသေအချာမကြည့်ရှုဘဲ မိမိတို့ရဲ့ဉာဏ်ဘဏ္ဍာလောက်နဲ့ ပယ်ပစ်လိုက်တာဟာ ကြောက်စရာကောင်းလှပါတယ်။

မူလဋီကာဆရာကြီးက မိစ္ဆာဝါစာစသည်နဲ့ပတ်သက်လို့ ဒီနေရာမှာသာမဟုတ်ဘူး၊ ပကိဏ္ဏကဝိနိစ္ဆယကထာမှာ ''မိစ္ဆာဝါစာ ကမ္မန္တာဇီဝါတေဟိ စေဝကမ္မာဟာရ ပစ္စယေဟိစာတိ ဧကူနဝီသတိဝိဓာ''လို့ အဋ္ဌကထာဆိုတဲ့စကားအရ မိစ္ဆာဝါစာစတဲ့ သုံးပါးကို ဧကမ္မအနေကပစ္စယအရ ရေတွက်ရင် ဟေတု ပုရေဇာတ ဝိပါက ဈာန မြှယ ဈာနကြဉ်ကျန်တဲ့(၁၉)ပစ္စည်းရတယ်လို့ ဆိုပါတယ်။

အဲဒါကို မူလဋီကာဆရာကြီးက ဘယ့်နှယ်ပြောသလဲ။ ဒီလို(၁၉)ပစ္စည်းလို့ မဆိုနိုင်ပါဘူးတဲ့။ ဘာ့ကြောင့်လဲ ? ''နဟိမိစ္ဆာဝါစာဒယော မိစ္ဆာဒိဋ္ဌိ ဝိယမဂ္ဂပစ္စယာဟောန္တိ၊ စေတနာယ မဂ္ဂပစ္စယတ္တာဘာဝတော၊ ယဒိစာဘဝေယျ၊ ပဉ္စဝါရေ ကမ္မပစ္စယာမဂ္ဂေတိကိတိ ဝတ္တဗ္ဗံ သိယာ'' မိစ္ဆာဝါစာစသည်တွေဟာ မိစ္ဆာဒိဋ္ဌိလို မဂ္ဂပစ္စည်းမတတ်ပါဘူး။ စေတနာဟာမဂ္ဂပစ္စည်းမဟုတ်လို့ ဖြစ်ပါတယ်။ ဒီစေတနာဟာ တကယ်လို့ မဂ္ဂပစ္စည်းဖြစ်

နိုင်မယ်ဆိုရင် ပဥ္စာ၀ါရ သဘာဂခဏ်းမှာ ''ကမ္မပစ္စယာမဂ္ဂေဘိဏီ''လို့ ဟောမှာပေါ့တဲ့၊ မိစ္ဆာ၀ါစာစတဲ့ သုံးပါးဟာ အကုသိုလ်စိတ္တုပ္ပါဒ်မှာရှိတဲ့ စေတနာဖြစ်လေတော့ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာဗျာကတဿ၊ ''အကုသလာစေတနာ သမ္ပယုတ္တာကာနံ ခန္ဓာနံ ကမ္မပစ္စယေနပစ္စယော မဂ္ဂပစ္စယေနပစ္စယော'' အဲဒီလို သင်္ချာသုံးချက်ကိုဟောမှာပေါ့တဲ့။ ဟောသလားဆိုတော့ မဟောပါဘူးတဲ့၊ ဒီမှာလဲ တချက်ပြပါတယ်၊ မိစ္ဆာ၀ါစာစသည်တွေဟာ စေတနာသာဖြစ်တယ်။ မဂ္ဂင်မဟုတ်ဘူးဆိုတဲ့အကြောင်းကိုပြောပါတယ်။

အနုဋီကာဆရာကြီးဟာ အဋ္ဌကထာဆရာဘက်က ထောက်ခံစရာရှိရင် လက်မနေးဘဲထောက်ခံပါတယ်။ ယခုပြဆိုခဲ့တဲ့အချက်များကိုတော့ ဘာမှမပြောဘဲ မူလဋီကာရဲ့စကားရပ်များကိုသာ တင်ရှားအောင်ဖွင့်ပြရုံဘဲရှိပါတယ်။ အဲဒါက အဋ္ဌကထာ ဋီကာတွေရဲ့စကားရပ်များဖြစ်ပါတယ်။

**မဂ္ဂပစ္စည်း**။ ။မဂ္ဂပစ္စည်းဆိုတာ သုဂတိ ဒုဂ္ဂတိ ၀ိ၀ဋ္ဋ နိဗ္ဗာန်စခမ်းသို့ ရောက်အောင် ခရီးလမ်းကိစ္စနဲ့ ကျေးဇူးပြုတဲ့ ပစ္စည်းဟာမဂ္ဂပစ္စည်းဖြစ်ပါတယ်။ ပကတိသော လူသွားလမ်းခရီး လှည်း လှေ သင်္ဘော လေယာဉ်ပျံ စသည်တွေဟာ ထိုထိုလမ်းဖြောင့်လမ်းကောက်သို့ရောက်စေနိုင် ပို့ဆောင်နိုင်တာနဲ့တူပါတယ်၊

သမ္မာမဂ္ဂင်ရှစ်ပါးနဲ့ မိစ္ဆာမဂ္ဂင်လေးပါးလို့ မဂ္ဂင်(၁၂)ပါးဖြစ်ပါတယ်၊ တရားကိုယ်ကသုဒ္ဓသင်္ချာကပြခဲ့တဲ့အဘိုင်း(၉)ပါးဖြစ်ပါတယ်။ ဒီကိုးပါးမှာ သမ္မာသင်္ကပ္ပ မိစ္ဆာသင်္ကပ္ပဆိုတဲ့ဝိတက်၊ သမ္မာ၀ါယာမ မိစ္ဆာ၀ါယာမဆိုတဲ့ ၀ီရိယ၊ သမ္မာသမာဓိ မိစ္ဆာသမာဓိဆိုတဲ့ ဧကဂ္ဂတာများဟာ ကောင်းမကောင်း ၂-မျိုးနဲ့ ဆက်ဆံကြတယ်။ မိစ္ဆာဒိဋ္ဌိကတော့ အကုသိုလ်သက်သက်သာဖြစ်တယ်။ ကြွင်းမဂ္ဂင်များက သမ္မာမဂ္ဂင်များဖြစ်ကြပါတယ်။

**မိစ္ဆာမဂ္ဂင်မဟော**။ ။မိစ္ဆာမဂ္ဂင်တွေဟာ ရှစ်ပါးလို့သုတ္တန်မှာ ဟောထားပါတယ်။ဒီမှာတော့မဟောပါဘူး။ ဘာကြောင့်လဲ ? မိစ္ဆာ၀ါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီ၀ မိစ္ဆာသတိတို့ဟာ မိစ္ဆာမဂ္ဂင်များဖြစ်ကြပြီး အကုသိုလ်စေတနာနဲ့ အကုသိုလ်နာမက္ခန္ဓာများ ဖြစ်ကြလေတော့ မဂ္ဂင်တရားကိုယ် သီးခြားမဟုတ်လို့မဟောပါဘူး။

**မဂ္ဂင်**။ ။မဂ္ဂဆိုတာလမ်းခရီးရဲ့အမည်ဖြစ်ပါတယ်၊ မိမိနေရာဌာနကအနီးအဝေးဖြစ်တဲ့ အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာကိုသွားကြရာမှာ ကျယ်တဲ့ လမ်းမကြီးလမ်းငယ်များရဲ့ကျေးဇူးဟာထင်ရှားပါတယ်။ လိုရာသွားဘို့ဆောင်ကြတဲ့ လှည်း လှေ သင်္ဘောမီးရထားလေယာဉ်ပျံများဟာ ဒီလမ်းရဲ့ အင်္ဂါများဖြစ်ကြပါတယ်။ ထို့အတူ မိစ္ဆာမဂ္ဂင် သမ္မာမဂ္ဂင်များကလဲဒုဂ္ဂတိအရပ်မျက်နှာသုဂတိအရပ်မျက်နှာ နိဗ္ဗာန်အရပ်မျက်နှာများကိုပို့ဆောင်တတ်ကြတဲ့တရားများဖြစ်လို့မဂ္ဂင်လို့ခေါ်ရတယ်။

**ဒုဂ္ဂတိသုဂတိပို့ပုံ**။ ။မိစ္ဆာဒိဋ္ဌိဟာဒုဂ္ဂတိလမ်းမကြီးပါဘဲ။မိစ္ဆာသင်္ကပ္ပ မိစ္ဆာ၀ါယာမ မိစ္ဆာသမာဓိတို့က ဒီဒုဂ္ဂတိလမ်းမကြီးမှာ အတွင်းသွားလာပို့ဆောင်နေကြတဲ့ လှည်း လှေသင်္ဘောရထား လေယာဉ်ပျံတွေဖြစ်ကြပါတယ်။ ဒီမိစ္ဆာမဂ္ဂင် ၄-ပါးဆိုတဲ့လမ်းကောက်

နဲ့ ပါဏာတိပါတစတဲ့ အကုသိုလ်အမှုကို ပြုကျင့်ကြလေတော့ ဒုဂ္ဂတိသို့ ပို့တယ်လို့ဆိုရတယ်။ သမ္မာဒိဋ္ဌိဟာ သုဂတိနဲ့ နိဗ္ဗာန်လမ်းမကြီးဖြစ်ပါတယ်။ ကြွင်းသမ္မာမဂ္ဂင်(၇)ပါးကတော့ ဒီသုဂတိလမ်းမသို့ အတွင်သွားလာပို့ဆောင်နေကြတဲ့ လှည်း လှေ သင်္ဘော မီးရထားလေယာဉ်ပျံများဖြစ်ကြပါတယ်။ ဒီသမ္မာမဂ္ဂင်(၈)ပါးဆိုတဲ့ လမ်းဖြောင့်ဖြင့် ဒါနသီလဘာဝနာစသည်ကို အားထုတ်၍ သုဂတိလမ်းနဲ့တကွ နိဗ္ဗာန်တိုင်ပို့ဆောင်ပါတယ်။

**အဗျာကတ မဂ္ဂင်များ။** ။အဗျာကတ မဂ္ဂင်တွေကြတော့ ဒုဂ္ဂတိ သုဂတိသို့ပို့ဆောင်တတ်လို့ မဂ္ဂင်ဆိုရင်ကုသိုလ်အကုသိုလ်မဂ္ဂင်များအဘွက်တော့ လျော်ပတ်ပါတယ်။ ဝိပါက်ကြိယာဖြစ်ကြတဲ့ အဗျာကတမဂ္ဂင်များမှာ မပို့ဆောင်နိုင်ကြလို့ မဂ္ဂသတ္တိ မရှိသင့်လို့ဆိုရင် သဟိတ်ဝိပါက်မှာရှိတဲ့မဂ္ဂင်တွေဟာ မိမိတို့ရဲ့ကိုယ်တိုင်က အကျိုးဖြစ်နေလို့ သုဂတိလမ်းသို့ မပို့စွမ်းနိုင်လည်း အကြောင်းရင်းဖြစ်တဲ့ ကုသိုလ်က မဂ္ဂင်ကိစ္စတတ်တဲ့နည်းအတိုင်း မဂ္ဂပစ္စည်းကိုရထိုက်ပါတယ်။ သဟိတ်ကြိယာမှာရှိတဲ့မဂ္ဂင်များက မိမိတို့ကိုယ်တိုင်က သုဂတိသို့ပို့ဆောင်နိုင်စွမ်းရှိပေမဲ့ ဝဋ်မြစ်ပြတ်ပြီးဖြစ်တဲ့ ရဟန္တာသန္တာန်မှာဖြစ်ရလို့ သုဂတိသို့ပို့စရာမရှိတော့ပါဘူး။

**ဈာနနှင့်မဂ္ဂအထူး။** ။ဈာန်ဟာအာရုံ၌ စိတ်ကို ဖြောင့်အောင် မြဲအောင်ပြုပါတယ်။ အပ္ပနာရောက်အောင်လဲပြုပါတယ်၊ မဂ်ကသံသရာခရီးလမ်းမှာ စေတနာကံကိုင်း၊ သံသရာထွက်ခမ်းနိဗ္ဗာန်လမ်းမှာ ဘာဝနာကံကိုင်း ဖြောင့်အောင် နိုင်မြဲအောင်ပြုတတ်ပါတယ်။ ကမ္မပထမြောက်အောင် ကြီးပွားစည်ပင်ပြန့်ပြောအောင်နဲ့ ဘုံထူးသို့ ရောက်အောင်လဲ ဒီမဂ္ဂကပြုတတ်ပါတယ်။

ကမ္မပထမြောက်အောင် ဘယ်လိုပြုသလဲ? ပါဏာတိပါတစတဲ့ အကုသိုလ် ကုသိုလ်ကံတွေကို အင်္ဂါပြည့်စုံအောင် ပဋိသန္ဓေအကျိုးပေးနိုင်လောက်အောင်ပြုတဲ့ စေတနာကံဟာ ကမ္မပထမြောက်အောင်ပြုတာဖြစ်ပါတယ်။

ဘုံထူးရောက်အောင်ကတော့ ဘာဝနာအစဉ်အားဖြင့် ကာမဘုံကစပြီး မဟဂ္ဂုတ်လောကုတ္တရာဘုံတိုင်အောင် ဥရိယာပုထ်ဘာခုထဲမှာ ဘုံအဆင့်ဆင့်သို့ ရောက်အောက်ပြုစွမ်းနိုင်တဲ့ ဘာဝနာကံဟာ ဘုံထူးသို့ရောက်အောင်ပြုတဲ့ ဘာဝနာကံမည်ပါတယ်။

မဂ္ဂပစ္စည်းမှာ အဟိတ်ကြဉ်တာကတော့ မဂ္ဂပစ္စည်းဟာဟေတုရဲ့ နောက်သိုက်ဖြစ်လို့ကြဉ်ရပါတယ်။ သမ္မာမဂ္ဂင် (၈)ပါးရဲ့ သဘောတရားတွေကိုတော့ ဝိသုဒ္ဓိမဂ် ပဏ္ဏာသစသည်မှာ အကျယ်တဲ့အကျယ်ရေးပြီးထားပါတယ်၊ ဒါတွေကို ထုတ်ပြောနေရင်ဆုံးနိုင်တော့မှာမဟုတ်ပါဘူး။ ဒါကြောင့် ဤမျှနှင့်ပင်မဂ္ဂကိစ္စပြီးကြပါစို့။

သာဓု .... သာဓု .... သာဓု .... ။

# ၁၃၂၉-ခု၊ တော်သလင်းလဆန်း (၁၄) ရက်
# ၁၉၆၇-ခု၊ စက်တင်ဘာလ (၁၇) ရက်၊ တနင်္ဂနွေနေ့
# ပဋ္ဌာန်းကုသလတိက်ပဉ္စာဝါရဝိဘင်္ဂကို (၁၄) ကြိမ်မြောက်ပို့ချခြင်း

## သဟဇာတအကြီး

အရင်အပတ်က သဟဇာတအငယ်ကုန်သွားပါပြီ၊ ယခုအပတ် သဟဇာတအကြီး။ စာမျက်နှာ (၈) မှာ သုဒ္ဓသင်္ချာရှိပါတယ်။

**သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** - အချင်းချင်း အားရင်း၊ အချင်းချင်းနာမက္ခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား ရင်းတတ်သော အလုံးစုံသောပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်း တတ်သောမဟာဘုတ်လေးပါး။ အချင်းချင်းအားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ ။ဤတရားတို့သည် သဟဇာတ၊ နိဿယ၊ အတ္ထိ အဝိဂတပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာနဝ။ ပစ္စည်းရေ (၄) ဟူသည်တည်း။ ။သင်္ချာနဝ-ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ ကုသလာဗျာကတော အဗျာကတဿ၊ အကုသလာဗျာကတော အဗျာကတဿ-ဟူသည်တည်း။ ။ပစ္စည်းရေ (၄) ဟူသော်ကား သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

အချင်းချင်းအားရင်းဆိုတာ နာမ်အချင်းချင်းပါ။ ပစ္စည်းဘက်က အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါးလို့ဆိုသဖြင့် စိတ် ၈၉၊ စေတသိက် ၅၂-ခုရပါတယ်။ အချင်းချင်းအားရင်းလဲစိတ် ၈၉၊ စေတသိက် ၅၂-ရပါတယ်။ ဟေတုပစ္စည်းအဗျာကတော အဗျာကတဿကပြောခဲ့သလိုဖြစ်ရမှာက အချင်းချင်းအားရင်း၊ စိတ္တဇရုပ်အားရင်း၊ ပဋိသန္ဓေကမ္မဇရုပ်အားရင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်ပဋိသန္ဓေ ကမ္မဇရုပ်အားရင်းတတ်သော လို့ဒီလိုလာရမယ်။ ဒါပေတဲ့ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ဆိုတဲ့အသံကို အလယ်ကမြှုပ်ထားခဲ့ပါတယ်။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ စသည်တွေ အတွက်ဖြစ်ပါတယ်။ ဒီတော့ပစ္စည်းတရားကစိတ် ၈၉ စေတသိက် ၅၂၊ ပစ္စယုပ္ပန်တရားက စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈-ရပါတယ်။

ဒုတိယအချက်က "အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်းတတ်သော မဟာဘုတ်လေးပါး"။ မဟာဘုတ်လေးပါးဆိုတာ ပဋ္ဌာန်းနည်းအားဖြင့် (၇) ပါးရှိကြောင်းကို ပြောခဲ့ပါပြီ၊ အချင်းချင်းအားရင်း၊ ဥပါဒါရုပ်အားရင်းအတွက် ရုပ်ပေါင်း ၂၈-ခုရှိပါတယ်။ မဟာဘုတ်လေးပါးက အချင်းချင်းအတွက်။ ဥပါဒါရုပ်က ၂၄-ပါး၊ ပစ္စယုပ္ပန်အတွက်ဖြစ်ပါတယ်။ ပစ္စည်းကတော့ မဟာဘုတ်လေးပါးဖြစ်ပါတယ်။

နောက် "အချင်းချင်းအားတတ်သော ပစ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု"လို့ဆိုတာက ဟဒယဝတ္ထုအားတတ်သော ပစ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ အားတတ်သော ဟဒယဝတ္ထုဖြစ်ပါတယ်။ ဒီသုဒ္ဓသင်္ချာကို စဉ်းစားကြည့်မယ်ဆိုရင် ဘယ်ကလာတဲ့ သုဒ္ဓသင်္ချာလဲဆိုတော့ ပစ္စယနိဒ္ဒေသရဲ့သဘော အတိုင်း ရေးထားတာ ဖြစ်ပါတယ်။ ပဉှာဝါရသဘောအတိုင်းဆိုရင် တတိယအချက်က ဒုတိယအချက်ရဲ့အရင်လာရမယ်။ "အချင်းချင်းအားတတ်သော ပစ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု"ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပါဠိတော်ကြည့်လိုက်ရင် "ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿ စ သဟဇာတ ပစ္စယေန ပစ္စယော"လာပါတယ်။ ပြီးတော့မှ "ခန္ဓာ ဝတ္ထုဿ သဟဇာတပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော"လို့ ပါဠိတော်ကဒီလိုလာတယ်။ နောက်ဆုံးကျ "ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတ ပစ္စယေန ပစ္စယော" စသည်ဖြင့်လာ တယ်။ ဒီတော့ ပဉှာဝါရသဘောအတိုင်း သုဒ္ဓသင်္ချာလုပ်ရလျှင် တတိယအချက်ဟာ ဒုတိယ အချက်လာဖြစ်မယ်။ ဒုတိယအချက်ဟာ တတိယအချက်လာဖြစ်မယ်။ ဒီမှာပစ္စယနိဒ္ဒေသ သဘောကလေးဖြစ်နေတယ်။ ပစ္စယနိဒ္ဒေသ သဘောဆိုပေမယ့်လို့ ပစ္စယနိဒ္ဒေသ သဟဇာတ ပစ္စည်းကသာဝသေသဒေသနာဖြစ်လို့ အပြည့်အစုံမဟောပါဘူး။ ဒါထားလိုက်ပါတော့။

သင်္ချာန၀-ရမှုကတော့ ပထမအချက်မှာ ဟေတုပစ္စည်းနဲ့တူပါတယ်။ ဟေတု ပစ္စည်းကတော့ တရားကိုယ်သာ ရသဖြင့် ဟိတ်တွေနဲ့ ခွဲပါတယ်၊ ဒီမှာတော့ နာမက္ခန္ဓာ လေးပါးလုံး အကုန်ရသဖြင့် ခန္ဓာနဲ့ခွဲတယ်။ ခန္ဓာနဲ့ခွဲတော့ ပစ္စည်းဘက်က ကုသိုလ်အကု သိုလ် အဗျာကတ ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်ကလဲ ကုသိုလ် အကုသိုလ် အဗျာကတရှိပါ တယ်။ ကုသိုလ် ကုသိုလ်ချင်း ကျေးဇူးပြုတဲ့အခါ ကုသလော ကုသလဿ၊ ကုသိုလ်က စိတ္တဇရုပ်ကို ကျေးဇူးပြုရင် ကုသလော အဗျာကတဿ၊ ကုသိုလ်က ကုသိုလ် စိတ္တဇရုပ်ကို ကျေးဇူးပြုရင် ကုသလော ကုသလာဗျာကတဿလို့ ကုသိုလ် ၃ ချက်ရသလို အကုသိုလ် လဲ ၃ ချက်ရပါတယ်၊ ထိုနည်းတူစွာ ပဝတ္တိအခါမှာ အဗျာကတဖြစ်တဲ့ ဝိပါက်ကြိယာက အဗျာကတဖြစ်တဲ့ ဝိပါက်ကြိယာနဲ့ စိတ္တဇရုပ်ကို ကျေးဇူးပြုတဲ့အခါမှာ အဗျာကတော အဗျာကတဿ၊ ပဋိသန္ဓေအခါမှာလဲ ထိုနည်းတူစွာ ပဋိသန္ဓေ ဝိပါက်တွေက ပဋိသန္ဓေ နာမ်နှင့်တကွကဋတ္တာရုပ်ကိုကျေးဇူးပြုတဲ့အခါမှာ အဗျာကတော အဗျာကတဿရပါတယ်။ ဟေတုတုံးကတရားကိုယ်သာ ရတဲ့တရားတွေ ဖြစ်ခြင်းကြောင့် ဟိတ်နဲ့ဟောခဲ့ပါတယ်။ ဒီမှာ တော့ နာမက္ခန္ဓာလေးပါးရသဖြင့် ခန္ဓာအသံနဲ့ ဟောပါလိမ့်မယ်။ ပထမ အချက်၌ပင် ပျှင် သင်္ချာဟာ သတ္တရပါတယ်။ ဒုတိယအချက် "အချင်းချင်းအားငင်း၊ ဥပါဒါရုပ်အား ငင်းတတ်သော မဟာဘုတ်လေးပါး"ဆိုဘာ အဗျာကတော အဗျာကတဿ ဖြစ်ပါတယ်။ တတိယအချက်ကလဲ အဗျာကတော အဗျာကတဿ ဖြစ်ပါတယ်။ ဒါပေတဲ့ ပထမက ကုသိုလ် နာမက္ခန္ဓာနဲ့ မဟာဘုတ်လေးပါးကို ပစ္စည်းယူ၊ ပစ္စယုပ္ပန်ကို စိတ္တဇရုပ် ယူလိုက် တဲ့အခါမှာ ကုသလာဗျာကတော အဗျာကတဿ လာဖြစ်ပါတယ်။ ထိုနည်းတူစွာ အကု သိုလ် နာမက္ခန္ဓာနဲ့ မဟာဘုတ်ကို ပစ္စည်းယူ၍ ပစ္စယုပ္ပန် စိတ္တဇရုပ် ယူတဲ့အခါမှာ အကု

သလာ ဗျာကတော အဗျာကတဿ လာဖြစ်ခြင်းကြောင့် သချာသည် သဟဇာတအတွက် နဝ-ဖြစ်ပါတယ်။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတလို့ လေးပစ္စည်းရှိခြင်းကြောင့် သဘာဂ ပစ္စည်းရေဟာ တမြိုင်နက် လေးပစ္စည်းဖြစ်ပါတယ်။ သဟဇာတမျိုးတွေမှာ ဒီသဟဇာတ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းဟာ ခေါင်းဆောင်ဖြစ်ခြင်းကြောင့် ဒီလေးပစ္စည်း အမြဲ ပါရလိမ့်မယ်။ ဒါက သုဒ္ဓသချာရဲ့သချာနှင့်တကွ ပစ္စည်းရေကို ရှင်းလင်းချက်ဖြစ်ပါတယ်။ သူ့အတွက် ပါဠိက စာမျက်နှာ (ဏ)မှာရှိပါတယ်။

ကုသလော ကုသလဿအတွက် ပစ္စည်းကွက်မှာ ကုသလောရှိပါတယ်။ ၁ - ၃ - ၂ ပစ္စည်း၊ ၃-၁-၂ ပစ္စယုပ္ပန်ကို ၁ နဲ့ ၃ ကိုဟတ်ယူ၊ ၃-နဲ့ ၁ ကိုဟဘ်ယူ၊ ၂ နဲ့ ၂ ကို ဟတ်ယူရပါထယ်။

## ကုသလော ကုသလဿ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော။ (သဟဇာတလို့ ဆိုသဖြင့် နိဿယ၊ အတ္ထိ၊ အဝိဂတတွေလဲ အတူတူပါဘဲ) ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတ ပစ္စယေန ပစ္စယော။ တယောခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတ ပစ္စယေန ပစ္စယော။ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတ ပစ္စယေန ပစ္စယော။

ကုသလော ကုသလဿမှာ သုဒ္ဓသချာကို သရုပ်ခွဲလိုက်တဲ့အခါ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ရပါတယ်၊ ပစ္စယုပ္ပန်ကလဲ ဒီအတိုင်းရပါတယ်။ ဒီအတိုင်း ရတော့ပစ္စည်း ပစ္စယုပ္ပန်ဟာ အရတူသယောင်ယောင် ဖြစ်နေပါတယ်၊ ဒါပေတဲ့ ယခုပါဠိ တော် ဟောခဲ့တဲ့ အတိုင်း မတူပါဘူး။ ပစ္စည်းက ခန္ဓာတပါးယူရင် ပစ္စယုပ္ပန်ဟာ ခန္ဓာ သုံးပါးဖြစ်ပါတယ်။ ပစ္စည်းက ခန္ဓာသုံးပါးယူရင် ပစ္စယုပ္ပန်က တပါးဖြစ်ပါတယ်။ အဲဒီ လိုကွဲလွဲပါတယ်၊ ဒီလိုသုံးပါး တပါးနှစ်ပါးစသည်ဖြင့် တပည့်တော်တို့ရဲ့ ဇယားမှာ အင်မတန်လွယ်ပါတယ်၊ အင်မတန်လဲ ထင်ရှားပါတယ်။ ဒီလိုဂဏန်းကလေး ပါလာခဲ့လို့ ရှိရင် အစိတ်အစိတ်ပါ။ အစိတ်အစိတ်လို့ဆိုဘာ နာမက္ခန္ဓာလေးပါးလုံးမရတဲ့ တရားမျိုး ကို အစိတ်အစိတ်လို့ ခေါ်ပါတယ်။ ဘာ့ကြောင့် မရသလဲ? ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဋ္ဌတိံသကို ခန္ဓာဖွဲ့လိုက်ရင် နာမက္ခန္ဓာလေးပါးရပါတယ်၊ အဲဒီနာမက္ခန္ဓာလေး ပါးလုံးကို ပစ္စည်းအဖြစ်နဲ့ ယူထားလိုက်ရင် ပစ္စယုပ္ပန်ဘက်မှာ မကျန်တော့ပါဘူး။ ဒါ့ ကြောင့် နာမက္ခန္ဓာလေးပါးလုံးကို ပစ္စည်းအဖြစ်နဲ့ မယူနိုင်ဘူး။ ဘယ်လိုယူရမလဲ? တပါး နှစ်ပါး သုံးပါးကိုသာ ယူရမယ်။ ဒီလိုတပါး နှစ်ပါး သုံးပါးယူတဲ့အခါမှာ ဒီခန္ဓာတွေကို အစိတ်အစိတ် ခန္ဓာလို့ဆိုရပါတယ်။ ဒီတော့ ကုသိုလ် ကုသိုလ်ချင်း ကျေးဇူးပြုသဖြင့် အချင်းချင်းရယ်လို့ ခေါ်ပါတယ်။

**ကုသလော ကုသလဿ** ကုသလော ဓမ္မောဟူသော **ကဏ္ဍား**ပုဒ်၏ အရကား အချင်းချင်းအားတတ်သော ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားရ၏။ ။ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏အရကား ကုသိုလ်

စိတ် ကေဝိသ စေတသိက် အဌုတ်ံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။ (ကရိယာကြီးတော့ သဟဇာတ အကြီးဟာ အမြဲလိုက်ပါတယ်။ ဒီထဲကအငယ်တွေကို စဉ်းစားစရာ မလိုတော့ပါဘူး။ အငယ်တွေဟာ ဘာ့ကြောင့် စဉ်းစားစရာမလိုသလဲ? အငယ်တွေဟာ တရားကိုယ်သာရတဲ့ ပစ္စည်းတွေဖြစ်ပါတယ်။ အကြီးအလတ်နဲ့ သူတို့ပစ္စည်းမပြိုင်နိုင်ပါဘူး။ ပစ္စည်းမပြိုင်နိုင်ခြင်းကြောင့် အငယ်တွေ စဉ်းစားမနေမူ၍ အကြီးအလတ် ရှစ်ပစ္စည်းကိုသာ စဉ်းစားရပါတယ်။ အကြီးအလတ် ရှစ်ပစ္စည်းမှာလဲ အကြီးလေးပစ္စည်း ကို စဉ်းစားစရာမလိုဘူး၊ အလတ်လေးပစ္စည်းကိုသာ စဉ်းစားရပါတယ်။ အလတ်လေးပစ္စည်း စဉ်းစားပြန်တော့ အညမညနဲ့ သမ္ပယုတ္တက ပစ္စည်း ပစ္စယုပ္ပန် နာမ်ကုန်ရသဖြင့် တပြိုင်နက် ဝင်လာပါတယ်။ ဝိပ္ပယုတ္တက ပစ္စယုပ္ပန်ရုပ် နေတဲ့အခါမှာ ဝင်လာပါလိမ့်မယ်။ ဝိပါကက ကုသိုလ် အကုသိုလ်နဲ့ မဆိုင်ပါဘူး။ ဒီတော့ အညမည သမ္ပယုတ္တ သွင်း၍ တပြိုင်နက် ၆ ပစ္စည်းရပါတယ်)။ ။သဟဇာတ ပစ္စယေနဟူသော ကရိယာ ပါဌ်၏ အရကား တပြိုင်နက် တတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ (၆) ပစ္စယ သတ္တိတို့တွင် သဟဇာတ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော အဗျာကတဿ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော၊ ကုသလာခန္ဓာ စိတ္တသမုဋ္ဌာနာနံရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

ပစ္စယုပ္ပန်တရား ရုပ်နေနေ ပစ္စည်းတရား ရုပ်နေနေ စေတသိက်တရားပစ္စည်းဘဲနေနေ ပစ္စယုပ္ပန်ဘဲနေနေ ဒါတွေကို အစိတ်အပေါင်းရယ်လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့ အစိတ်အပေါင်းလဲဆိုရင် "ခန္ဓာ"အရနာမက္ခန္ဓာ လေးပါးရပါတယ်။ နာမက္ခန္ဓာလေးပါး ရတော့ တပါးက စိတ္တဇရုပ်ကို ကျေးဇူးပြုမယ် သုံးပါးက ကျေးဇူး ပြုမယ် နှစ်ပါးက ကျေးဇူးပြုမယ်။ ဒီလိုကျေးဇူးပြုတဲ့ အခါမှာ အစိတ်ခေါ်ပါတယ်။ လေးပါးလုံးက ကျေးဇူးပြုတဲ့အခါမှာ အပေါင်းလို့ခေါ်ပါတယ်။ ကရိယာကတော့ ဝိပ္ပယုတ္တ ဝင်လာပါတယ်။ အညမည သမ္ပယုတ္တပြုတ်သွားပါတယ်။ ဒါ့ကြောင့် တပြိုင်နက် ၅ ပစ္စည်းရပါတယ်။

**ကုသလော အဗျာကတဿ၌** - ကုသလော ဓမ္မောဟူသော ကတ္တား ပုဒ်၏ အရကား စိတ္တဇရုပ်အားတတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ကေဝိသ စေတသိက် အဌုတ်ံသ အစိတ်အပေါင်း နာမက္ခန္ဓာပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ။သဟဇာတ ပစ္စယေနဟူသော **ကရိယာ** ပါဌ်၏ အရကား တပြိုင်နက်တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ (၅)ပစ္စယ သတ္တိတို့တွင်သဟဇာတ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလော ကုသလာ ဗျာကတဿ

ကုသလော ဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော။ ကုသလော ဧကောခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ သဟဇာတ

ပစ္စယေန ပစ္စယော၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

ပါဠိတော်မှာ ဂဏန်းကလေးတွေနဲ့ ဧကော ခန္ဓော စသည် ဟောသဖြင့် အစိတ် အစိတ် သေချာပါတယ်။

**ကုသလော ကုသလ ဗျာကတဿစ**-ကုသလော ဓမ္မောဟူသော **ကဏ္ဍား** ပုဒ်၏ အရကား အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားတတ်သော (ရုပ်မပါခဲ့လို့ရှိရင် အချင်းချင်း နာမ်သက်သက်မရပါဘူး။ ဒီနာမ်နဲ့ ရုပ်ဟာ တပြိုင်နက်ဖြစ်ပါတယ်) ပဉ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။ကုသလဿ အဗျာကတဿ စ ဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။(ကရိုဏ်းကြီးတော့ အသတ်နဲ့ မဆိုင်တော့ပါဘူး။ အသတ်လေး ပစ္စည်းထဲမှာ ကုသလော ကုသလာဗျာကတဿ ရတာတွေမရှိပါဘူး။ ဒါ့ကြောင့် သဟ အကြီး လေးပစ္စည်း တပြိုင်နက်ဖြစ်ပါတယ်) သဟဇာတ ပစ္စယေနဟူသော **ကရိုဏ်း**ပါဒ်၏ အရကား တပြိုင်နက် တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ-၏(၄) ပစ္စယ သတ္တိတို့တွင် သဟဇာတ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသိုလ် ၃-ချက်လဲ ကုသိုလ် ၃ ချက်နဲ့ အတူတူပါဘဲ၊ အ·ကလေး ကိုးသည့်ရုံ ထူးပါတယ်။

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတ ပစ္စယေန ပစ္စယော၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

အကုသိုလ်အတွက် ကုသိုလ်ဇယားကိုကြည့်ပြီး ကုသိုလ်အစား အကုသိုလ်လို့ ဆိုရုံပါဘဲ။ ဒီမှာအထူးရေးမထားတော့ပါဘူး၊ လွယ်လို့ဖြစ်ပါတယ်။

**အကုသလော အကုသလဿ**-အကုသလော ဓမ္မောဟူသော **ကဏ္ဍား** ပုဒ်၏အရကား အချင်းချင်းအားတတ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ်ဒွါဒသ စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ။သဟဇာတပစ္စယေနဟူသော **ကရိုဏ်း** ပါဒ်၏အရကား တပြိုင်နက်ဖြစ်ကောင်းသောသဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၏ (၆) ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။ အကုသလော အဗျာကတဿ အကုသလော အကုသလာဗျာကတဿမှာလဲ ကုသိုလ်သဘောအတိုင်းဆိုရကာပါဘဲ၊

### အကုသလော အဗျာကတဿ

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

**အကုသလော အဗျာကတဿ**-အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။သဟဇာတပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသောသဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၅)ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သောသတ္တိဝိသေသရ၏။

### အကုသလော အကုသလာ ဗျာကတဿ

အကုသလော ဓမ္မော အကုသလဿစ အဗျာကတဿစ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

**အကုသလော အကုသလာ ဗျာကတဿ**-အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာပစ္စည်းတရားရ၏။ ။အကုသလဿစ အဗျာကတဿစ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသ စေတသိက်သတ္တဝီသ အစိတ်အစိတ်နာမက္ခန္ဓာ စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။သဟဇာတပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ(၄)ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

### အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော၊ ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာစ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။(အောက်

ပိုင်းက ရုပ်သက်သက်လာပါတယ်။ ၁-ကလေးဘွေဟာ မဟာဘုတ်ဆိုင်ရာတွေပါ။ မဟာဘုတ်လို့ ဆိုရပါလိမ့်မယ်။ ပြီးတော့ လက်သဲကွင်းပြဲသွားတာ သူ့ဟာနဲ့သူဟပ်ပြီး ဆိုရပါလိမ့်မယ်)။ ခန္ဓာဝတ္ထုဟာသဟဇာတပစ္စယေနပစ္စယော။ ဝတ္ထုခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ ဧကံမဟာဘူတံ တိဏ္ဏန္နံမဟာဘူတာနံ သဟဇာတပစ္စယေနပစ္စယော။ တယောမဟာဘူတာ ဧကဿမဟာဘူတဿ သဟဇာတပစ္စယေနပစ္စယော။ ဒွေမဟာဘူတာဒွိန္နံမဟာဘူတာနံ သဟဇာတပစ္စယေနပစ္စယော။ မဟာဘူတာ စိတ္တသမုဋ္ဌာနာနံရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေနပစ္စယော။ (ဗာဟိရံစသည်တွေမှာလဲ ဒီသဘောသွားဖြစ်ပါတယ်)ဗာဟိရံ ဧကံမဟာဘူတံ တိဏ္ဏန္နံမဟာဘူတာနံ သဟဇာတပစ္စယေနပစ္စယော။ တယောမဟာဘူတာ ဧကဿမဟာဘူတဿ သဟဇာတပစ္စယေနပစ္စယော၊ ဒွေမဟာဘူတာ ဒွိန္နံမဟာဘူတာနံ သဟဇာတပစ္စယေနပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေနပစ္စယော။ အာဟာရသမုဋ္ဌာနံ ဧကံမဟာဘူတံ တိဏ္ဏန္နံမဟာဘူတာနံ သဟဇာတပစ္စယေနပစ္စယော။ တယောမဟာဘူတာ ဧကဿမဟာဘူတဿ သဟဇာတ ပစ္စယေန ပစ္စယော။ ဒွေမဟာဘူတာ ဒွိန္နံမဟာဘူတာနံ သဟဇာတပစ္စယေနပစ္စယော၊ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေနပစ္စယော၊ ဥတုသမုဋ္ဌာနံ ဧကံမဟာဘူတံ တိဏ္ဏန္နံမဟာဘူတာနံ သဟဇာတ ပစ္စယေနပစ္စယော။ တယောမဟာဘူတာ ဧကဿမဟာဘူတဿ သဟဇာတ ပစ္စယေနပစ္စယော။ ဒွေမဟာဘူတာ ဒွိန္နံမဟာဘူတာနံ သဟဇာတပစ္စယေနပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေနပစ္စယော။ အသညသတ္တာနံ ဧကံမဟာဘူတံ တိဏ္ဏန္နံမဟာဘူတာနံ သဟဇာတ ပစ္စယေနပစ္စယော။ တယောမဟာဘူတာ ဧကဿမဟာဘူတဿ သဟဇာတပစ္စယေနပစ္စယော။ ဒွေမဟာဘူတာ ဒွိန္နံမဟာဘူတာနံ သဟဇာတ ပစ္စယေနပစ္စယော။ မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတ ပစ္စယေနပစ္စယော။

ဝိပါကာဗျာကတော ကြိယာဗျာကတော-အရဝိပါက်ကြိယာတွေ အကုန်ရပါတယ်။ ဧကောခန္ဓောစသည်ဟောသဖြင့် ပဝတ္တိအခါမှာ အစိတ်အစိတ် နာမက္ခန္ဓာတွေဖြစ်ပါတယ်။ ကရိယ်ာကြတော့ တပြိုင်နက် သဟာရဟာ (၈) ပစ္စည်းဖြစ်ပါတယ်။ သဟကြီး ၄ ပစ္စည်း ကတော့ အမြဲတပြိုင်နက်ဖြစ်ပါတယ်။ အညမည သမ္ပယုတ္တ နာမ်ကုန်ရပါတယ်၊ ဒါပေမဲ့ရုပ် မရသဖြင့် ယဟာရဟာဝင်ပါတယ်။ ဒီပါကက ကြိယာတွေမှာမရပါဘူး။ ဝိပ္ပယုတ္တက နာမ် တွေမရပါဘူး။ ဒါ့ကြောင့် အလတ် ၄ ပစ္စည်းက ယဟာရဟာဝင်ပါတယ်။

## ပဝတ္တိ

**အဗျာကတော အဗျာကတဿ** - ပဝတ္တိအခါ အဗျာကတောဝမ္မော ဟူသော **ကတ္တား** ပုဒ်၏အရကား အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာ ဝိပါကာရုပ်အားရင်း တတ်သောဝိပါက်စိတ် ဆက္ကိ်သ ကြိယာစိတ်ဝိသ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာ မက္ခန္ဓာပစ္စည်းတရားရအံ။ ။အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ဝိပါက် စိတ်ဆက္ကိံသ ကြိယာစိတ်ဝိသ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ဝိပါက ရုပ်ပစ္စယုပ္ပန်တရားရအံ။ ။သဟဇာတပစ္စယေနဟူသော **ကရိယ်ာ** ပါဠိ၏အရကား တပြိုင်

နက် ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ-(၈) ပစ္စယသတ္တိတို့တွင် သဟဇာတာသတ္တိဟုဆိုအပ်သော သတ္တိဖြင့် ဝိဒေသသရ၏။

## ပဋိသန္ဓေ

ပဋိသန္ဓေအခါမှာ ''ဧကောခန္ဓောတိဏ္ဏန္နံ ခန္ဓာနံကဋတ္တာစရူပါနံ''လို့ဂဏန်းကလေးတွေပါခြင်းကြောင့် ပထမအချက်မှာ အစိတ်အစိတ်တွေဖြစ်ပါတယ်။ ဒုတိယအချက် ပဋိသန္ဓေမှာ''ခန္ဓာဝတ္ထုဿ''လို့ခန္ဓာဆိုတဲ့အသံနဲ့လာသဖြင့်ဒီခန္ဓာအတွက် အစိတ်အပေါင်းဖြစ်ပါတယ်။ အစိတ်အပေါင်းက နာမက္ခန္ဓာတပါးက ဟဒယဝတ္ထု၊ နှစ်ပါးသုံးပါးကဟဒယဝတ္ထု၊လေးပါးက ဟဒယဝတ္ထုအားကျေးဇူးပြုသဖြင့် အစိတ်အပေါင်းလို့ခေါ်ပါတယ်။ပြီးတော့ ''ဝတ္ထုခန္ဓာနံ''အရမှာ ဟဒယဝတ္ထုရှိပါတယ်။ ဒါ့ကြောင့် ဟဒယဝတ္ထုလို့ ကောက်ထားပါတယ်။ ပန္နယုပ္ပန်ကြည့်ပြန်တော့''ဧကောခန္ဓောတိဏ္ဏန္နံ ခန္ဓာနံ''အရက အစိတ်အစိတ်တွေဖြစ်ပါတယ်။ အစိတ်အပေါင်း နာမက္ခန္ဓာလို့ဆိုတာက ''ဝတ္ထုခန္ဓာနံ''လို့ ဆိုထားတဲ့ ခန္ဓာနံရှိပါတယ်။ အဲဒီခန္ဓာနံအရအစိတ်အပေါင်းဖြစ်ပါတယ်၊ပြီးတော့ကဋတ္တာရုပ်လို့ဆိုတာကတော့''ကဋတ္တာစရူပါနံ''အရထဲမှာ ဟဒယဝတ္ထုဝင်သွားပါတယ်။ဟဒယဝတ္ထုဝင်သွားသဖြင့် ဟဒယဝတ္ထုကို သီးခြားကောက်စရာမလိုပါဘူး၊ ပစ္စည်းဘက်ကတော့ ဟဒယဝတ္ထုဝင်စရာမရှိသဖြင့် ဟဒယဝတ္ထုကို ကောက်ထားပါတယ်။

ပဋိသန္ဓေအခါ အဗျာကတောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အချင်းချင်းအားဥင်း၊ အချင်းချင်းနာမက္ခန္ဓာ ကဋတ္တာရုပ်အားဥင်းတတ်သော ပဋိသန္ဓေစိတ် ကျေနုဝိသ စေတသိက်ပဥ္စတိ သအစိတ်အစိတ်၊အစိတ်အပေါင်း နာမက္ခန္ဓာ၊ဟဒယဝတ္ထုပစ္စည်းတရားရ၏။ ၊အဗျာကတသဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပဋိသန္ဓေစိတ်ကျေနုဝိသ၊ စေတသိက်ပဥ္စတိ သအစိတ်စိတ်, အစိတ်အပေါင်း နာမက္ခန္ဓာ,ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ၊(ကရိုက်းကြတော့ ဝိပါကပစ္စည်းဟာ ယထာရဟထဲဝင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့''ဝတ္ထုခန္ဓာနံ''ကိုမရပါဘူး၊ကြွင်းကျန်တာတွေကို အကုန်ရပါတယ်။''ဝတ္ထုခန္ဓာနံ'' ဟာဝိပါကပစ္စည်းမှာမရှိပါဘူး။ ဝိပါကပစ္စည်းမှာရှိတာက ''ခန္ဓာဝတ္ထုဿ'' လို့ရှိပါတယ်။ ဒါကြောင့် ဝိပါကပစ္စည်းက ယထာရဟဝင်ပါတယ်။အညမည သမ္ပယုတ္တ ဝိပ္ပယုတ္တ ယထာရဟဝင်တာကတော့ပြောစရာမလိုပါဘူး)သဟဇာတပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယထာရဟတတ်ကောင်းသော သဟဇာတ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၈)ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟုဆိုအပ်သော သတ္တိ ဝိသေသရ၏။

## ရုပ်သက်သက်

''ဧကံမဟာဘူတံ''စသည်တွေက ရုပ်သက်သက်ဖြစ်ပါတယ်၊ဒီ''ဧကံမဟာဘူတံ''တွေက စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ်နဲ့ဆိုင်ပါတယ်။ဗာဟိရ အာဟာရသမုဋ္ဌာန်

ဥတုသမုဋ္ဌာန်တွေက သူ့ဟာနဲ့သူဖြစ်ပါတယ်။ အညသတ္တာနံထဲမှာ ပဝတ္တိကမ္မဇရုပ်လဲပါလာပါတယ်။ ဒီတော့ပစ္စည်းဘက်က ဘုတ် (၇) မျိုးရပါတယ်၊ ပစ္စယုပ္ပန်ဘက်က ဘုတ်(၇) မျိုးနှင့်တကွ ဥပါဒါရုပ်တွေပါရပါတယ်။

ရုပ်သက်သက်၌ အဗျာကတောဓမ္မောဟူသော **ကဏ္ဍာ** ပုဒ်၏ အရကား အချင်းချင်းအားဖြင့် (ဒါက ဘုတ်ကိုဆိုပါတယ်)ဥပါဒါရုပ်အား ငင်းတင်သောစိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ် ကမ္မဇမဟာဘုတ် ပဝတ္တိ ကမ္မဇမဟာဘုတ် ပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ဗန္ဓ** ပုဒ်၏ အရကား ဘုတ်နှင့်ဘက်သော စိတ္တဇဥပါဒါ ပဋိသန္ဓေ ကမ္မဇဥပါဒါ ဗာဟိရဥပါဒါ အာဟာရဇဥပါဒါ ဥတုဇဥပါဒါ အသညသတ် ကမ္မဇဥပါဒါ ပဝတ္တိကမ္မဇဥပါဒါရုပ် ပစ္စယုပ္ပန်တရားရ၏။ ။(ကရိုဏ်းကြီးတော့ ၅-ဂဏန်းက အလတ်ထဲမှာ မဟာဘုတ်ရဘာကြည့်လျှင် အညမညပစ္စည်းတနည်း ရှိပါတယ်။ ဒါပေတဲ့ ဥပါဒါရုပ်မရသဖြင့် ယထာရဟဝင်လာပါတယ်။)သဟဇာတပစ္စယေန ဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ - ဤ(၅) ပစ္စယသတ္တိတို့ဖြင့် သဟဇာတ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

## ကုသလာဗျာကတော အဗျာကတဿ

ကုသလောစ အဗျာကတောစဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော၊ ကုသလာ ခန္ဓာစ မဟာဘူတာစ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

ပစ္စယုပ္ပန်ရုပ်ရှိသဖြင့် ဘုံအမြဲသတ်ရပါတယ်။ပစ္စယုပ္ပန်ချုပ်နေသဖြင့် အစိတ်အပေါင်း နာမက္ခန္ဓာ ရပါလိမ့်မယ်။ ဘုတ်တွေကလဲ "မဟာဘူတာစ" ဆိုဟာက အစိတ်အပေါင်း မဟာဘုတ်ဘဲ ဖြစ်ပါလိမ့်မယ်၊အစိတ်အပေါင်း မဟာဘုတ်ဆိုဟာ အစိတ်ဖြစ်တဲ့ မဟာဘုတ်တွေက ဥပါဒါရုပ်,အပေါင်းဖြစ်တဲ့ မဟာဘုတ်လေးပါးကဥပါဒါရုပ်အား ကျေးဇူးပြုသဖြင့် မဟာဘုတ်တွေမှာလဲ အစိတ်အပေါင်းဖြစ်ပါလိမ့်မယ်။

**ကုသလာဗျာကတော အဗျာကတဿ** - ကုသလောစ အဗျာကတောစ ဓမ္မော ဟူသော **ကဏ္ဍာ** ပုဒ်၏အရကား စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ်စိတ်ဧကဝီသ စေတသိက် အဋ္ဌတ္တိံသ အစိတ်အပေါင်း နာမက္ခန္ဓာ,အစိတ်အပေါင်းမဟာဘုတ်ပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ဗန္ဓ** ပုဒ်၏ အရကားစိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။(ကုသလာ ဗျာကတော အဗျာကတဿဆိုတဲ့ သုတ်ကို အလတ် ၄ ပစ္စည်းထဲမှာ ဘယ်ပစ္စည်းမှာမှ မရပါဘူး။သဟာကြီး ၄ ဘဲရပါတယ်။)သဟဇာတပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ - ဤ(၄)ပစ္စယသတ္တိတို့ဖြင့် သဟဇာတ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## **အကုသလာဗျာကတော အဗျာကတဿ**

အကုသလာဗျာကတော အဗျာကတဿလဲအတူတူပါဘဲ။ အကုသိုလ်လို့ ဆိုရရုံဘဲ ရှိပါတယ်။

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

**အကုသလာဗျာကတော အဗျာကတဿ**- အကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော **ကဏ္ဍား** ပုဒ်၏အရကား စိတ္တဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ, အစိတ်အပေါင်း မဟာဘုတ်ပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ဗန္ဓ** ပုဒ်၏အရကား စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။ ။သဟဇာတ ပစ္စယေနဟူသော **ကရိယာ** ပါဌ်၏အရကား တပြိုင်နက် တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ- ဤ(၄)ပစ္စယသတ္တိတို့တွင် သဟဇာတ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## **အဓိပ္ပါယ်**

သဟဇာတအကြိုး ၄ ပစ္စည်းပြီးသွားပါပြီ၊ သဟဇာတဆိုတာ ဆီမီးများဟာ မီးတောက်တာနဲ့တပြိုင်နက် အလင်းရယ် အရောင်ရယ် အရှိန်ရယ်လို့ အပူဓာတ်ကလေးပေါ်လာအောင် ကျေးဇူးပြုသလို မိမိဆိုတဲ့ပစ္စည်းတရားဖြစ်တာနဲ့တပြိုင်နက် ပစ္စယုပ္ပန်တရားတို့ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်တဲ့သတ္တိဟာ သဟဇာတပစ္စည်းဖြစ်ပါတယ်။ အတူတကွတပြိုင်နက်ဖြစ်တယ်လို့ဆိုသဖြင့် ပစ္စယုပ္ပန်တရားတွေဟာ ပစ္စည်းတရားမဖြစ်ခင်ရှေးကဖြစ်နှင့်နေတာလဲမဟုတ်၊ ပစ္စည်းတရားဖြစ်ပြီးနောက်မှ ဖြစ်ကြတာလဲမဟုတ်ပါဘူး။ ဆီမီးကြောင့်ဖြစ်ပေါ်လာရတဲ့အလင်းရောင်ဟာ ဆီမီးမရှိခင်ကလဲမရှိဘူး။ ဆီမီးငြိမ်းပြီးနောက်မှလဲမရှိတာနဲ့တူပါတယ်။ ဒီပစ္စည်းကို အဋ္ဌကထာကဥပါဒ်ခဏမှာ ကျေးဇူးပြုတယ်လို့ဆိုပါတယ်။ မူလဋီကာက ဥပါဒ်ခဏမှာ ကျေးဇူးပြုမှုဟာထင်ရှားလို့ အဋ္ဌကထာဆရာကဆိုတာပါတဲ့။ ဌီခဏမှာလဲ ကျေးဇူးပြုတယ်လို့ယူပါတဲ့။ အနုဋီကာဆရာကတော့ ဌီခဏပါကျေးဇူးပြုတယ်ဆိုရင် ဆီမီးဟာအလင်းရောင်အား တည်နေဘို့ရာအတွက် ကျေးဇူးပြုနိုင်လို့ဌီခဏပါ ကျေးဇူးပြုရတယ်လို့ယူမှုဟာ အင်မတန်လျောက်ပတ်ပါတယ်တဲ့။

ဒီသဟဇာတပစ္စည်းရဲ့ပစ္စည်းပစ္စယုပ္ပန်တွေကြည့်ပြီး သုဒ္ဓသင်္ချာကို သရုပ်ခွဲလိုက်ရင် (၁)နာမ်အချင်းချင်း(၂)နာမ်ကရုပ်(၃)နာမ်ကနာမ်ရုပ်(၄)ရုပ်ကနာမ်(၅)ရုပ်အချင်းချင်း (၆)နာမ်ရုပ်ကရုပ်ရယ်လို့ ကျေးဇူးပြုမှုဟာ ပဋ္ဌာဝါရမှာ(၆)မျိုးရှိပါတယ်။ ပစ္စယနိဒ္ဒေသ သဟဇာတပစ္စည်းဟာ သာဝသေသဒေသနာဖြစ်လို့နာမ်ခန္ဓာနဲ့ မဟာဘုတ်က စိတ္တဇရုပ်အားကျေးဇူးပြုမှုကိုမဟောပါဘူး။

နာမ်အချင်းချင်း ဘယ်လိုကျေးဇူးပြုမလဲ၊ ဓမ္မသင်္ဂဏီစိတ္တုပ္ပါဒကဏ္ဍမှာ စိတ်တခုဖြစ်ပေါ်လာရင်စိတ်ချည်းဖြစ်ပေါ်တာမဟုတ်ဘဲ ယှဉ်ဘက်စေတသိက်များနဲ့အတူတကွဖြစ်

ပေါ်ကြောင်းကို ဟောထားပါတယ်။ ဒီစိတ်စေတသိက်တွေကို ခန္ဓာဖွဲ့ရင်နာမက္ခန္ဓာလေးပါးရလို့ ဒီသဟဇာတပစ္စည်းမှာ ကုသလောကုသလသဘောသည်မှာ ''ဧကောခန္ဓောတိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေနပစ္စယော''စသည်ဖြင့် ဟောထားပါတယ်။

ဥပမာအားဖြင့် ရူပါရုံတခုကိုမြင်လိုက်တဲ့အခါ မြင်ခြင်းကိစ္စကိုဆောင်ရွက်တဲ့ စက္ခုဝိညာဉ်စိတ်ဖြစ်ပေါ်လာပါတယ်။ ဒီစိတ်ဖြစ်တာနဲ့တပြိုင်နက် ဖဿဝေဒနာစတဲ့ယှဉ်ဘက်စေတသိက်များလဲတပြိုင်နက် ပေါ်လာပါတယ်။ ဒီစိတ်စေတသိက်တွေကို ခန္ဓာဖွဲ့လိုက်ရင် ၁ ပါးက ၃-ပါး၊ ၃-ပါးက ၁ ပါး၊ ၂-ပါးက ၂ · ပါးကျေးဇူးပြုမှုဟာ နာမ်နာမ်ချင်းကျေးဇူးပြုတာဖြစ်ပါတယ်။

နာမ်ကရုပ်ကျေးဇူးပြုတာကတော့ ယခုဆိုခဲ့တဲ့အတိုင်း ကုသလော အဗျာကတဿ၊ အကုသလောအဗျာကတဿ၊ အဗျာကတော အဗျာကတဿများမှာ အကြောင်းကနာမ် အကျိုးကရုပ်များဖြစ်ပါတယ်။ ဒီလိုဆိုရင်ယခုဆိုခဲ့တဲ့ အဗျာကတော အဗျာကတဿမှာ အကျိုးရုပ်ချည်းမဟုတ်ဘဲနဲ့ နာမ်ပါတွဲနေပါကလားလို့ဆိုရင် ဒီအဗျာကတောအဗျာကတဿဟာ ဟေတုကပြောခဲ့သည့်အတိုင်း ပဝတ္တိအခါစိတ္တဇရုပ်၊ ပဋိသန္ဓေအခါပဋိသန္ဓေကမ္မဇရုပ်အားနာမ်က ကျေးဇူးပြုနိုင်ပါတယ်။ သဟဇာတဝိပ္ပယုတ္တကြရင် ''ဝိပါကာဗျာကတာ ကြိယာဗျာကတာခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေနပစ္စယော''လို့ ပိုပြီးထင်ရှားလာပါတယ်။ ဒီနေရာမှာ သတ္တဝါတို့ရဲ့အဇ္ဈတ္တသန္တာန်မှာ စိတ်ပေါ်လာတာနဲ့တပြိုင်နက်အာဟာရဇရုပ် ဥတုဇရုပ်များ ဥပါဒ်ပြိုင်ပြီးဖြစ်နိုင်ကြပါတယ်၊ ဒါပေမဲ့ဒီရုပ်တွေဟာ စိတ်ကြောင့်ဖြစ်တာမဟုတ်ဘဲ အကြောင်းအားလျော်စွာသာဖြစ်ကြလို့ စိတ်နဲ့ဘာမှမသက်ဆိုင်ပါဘူး။ မသက်ဆိုင်တော့ ဒီရုပ်တွေဟာ သဟဇာတသတ္တိနဲ့ ကျေးဇူးမပြုနိုင်ဘူး။ ပဉ္စဝေါကာရဘုံသားတို့ရဲ့ သန္တာန်မှာ ပဋိသန္ဓေဌီအခါကာလကစပြီး ပဝတ္တိအခါခဏတိုင်း ခဏတိုင်းဖြစ်နေတဲ့ပဝတ္တိကမ္မဇရုပ်တွေကိုလဲ စိတ်နဲ့မစပ်လို့ကျေးဇူးမပြုနိုင်ကြောင်းကိုအရင်အပတ်တွေက ပြောခဲ့ပါပြီ။

ပစ္စည်းကနာမ်ဆိုပေမဲ့ နာမ်ကုန်မယူရဘဲ စိတ္တဇရုပ်ကိုမဖြစ်စေနိုင်တဲ့ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ်၊ ရဟန္တာစုတိနဲ့ပဉ္စဝေါကာရ ပဋိသန္ဓေကို ကြဉ်ရပါတယ်။ ဘာဖြစ်လို့လဲ? အရူပဘုံမှာသာ ပဝတ္တိပဋိသန္ဓေကိစ္စတတ်ပြီးဖြစ်နေတဲ့ အရူပဝိပါက်လေးခုဟာ အရူပဘုံမှာ စိတ္တဇရုပ်မရှိလို့ စိတ္တဇရုပ်ကိုမဖြစ်စေနိုင်ပါဘူး။ ဒွေပဉ္စဝိညာဉ်တဆယ်က မြင်မှုကိစ္စစသည်ကိုသာ ဆောင်ရွက်ရလတော့ အင်မတန်အားနည်းပါတယ်။ အားနည်းတော့ ဈာနင်ကိစ္စမတတ်ဘူး။ ဈာနင်ကိစ္စမတတ်တော့ စိတ္တဇရုပ်ကိုမဖြစ်စေနိုင်ဘူး။ ဝဋ်မြစ်ပြတ်ပြီးတဲ့ ရဟန္တာတို့ရဲ့စုတိစိတ်များကြတော့ အင်မတန်သိမ်မွေ့ပါတယ်။ သိမ်မွေ့ရုံမကဘဲ အဆုံးစွန်ဟဒယဝတ္ထုကိုမှီရတော့ အားနည်းလှလို့ စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါဘူး။ ပဉ္စဝေါကာရပဋိသန္ဓေကြတော့ အတူတကွဥပါဒ်တဲ့ ဟဒယဝတ္ထုကိုမှီရလို့ အားနည်းတော့ စိတ္တဇရုပ်ကိုမဖြစ်စေနိုင်ပါဘူး။ ဒီတော့နာမ်ဟာ အထက်ပါစိတ်(၁၄)ခုကိုကြဉ်ရင် စိတ်

(၇၅)နဲ့ စေတသိက် (၅၂) ပါးဖြစ်ပါတယ်။ ရဟန္တာ့ဝုတိစိတ်မှာ ဘဝင်ကိစ္စတတ်ခိုက် စိတ္တဇရုပ်ကိုဖြစ်စေနိုင်လို့ ၎င်းအတွက်အရေအတွက် လျော့မသွားပါဘူး။

ဒီစိတ်နဲ့ စိတ္တဇရုပ်တွေအတူတကွဖြစ်ပေမဲ့ စိတ်ကသာစိတ္တဇရုပ်အား ကျေးဇူးပြုပါတယ်။ စိတ္တဇရုပ်က စိတ်အားပြန်လှန်ပြီးကျေးဇူးမပြုနိုင်ပါဘူး။ ထိုနည်းတူစွာပဋိသန္ဓေဝါကာရ ပဋိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုကြဉ်တဲ့ ကမ္မဇရုပ်တွေဟာ အတူတကွဖြစ်ကြသော်လဲ ပဋိသန္ဓေ စိတ်ကသာကမ္မဇရုပ်ကို ကျေးဇူးပြုပါတယ်။ ကမ္မဇရုပ်ကပြန်ပြီး ကျေးဇူးမပြုနိုင်ပါဘူး။ ဘာနဲ့တူသလဲဆိုရင် မွေးဖွားစကလေးငယ်အား မိခင်ကသာနို့တိုက်ခြင်းစတဲ့ ကိစ္စများကို ပြုလုပ်ပေးရပါတယ်၊ ကလေးငယ်ကမိခင်အား တစုံတရာပြန်လှန်ပြီး ပြုလုပ်ပေးနိုင်စွမ်းမရှိသလိုပါဘဲ။

နာမ်က နာမ်ရုပ်အားကျေးဇူးပြုပုံကတော့ ယခုဟောခဲ့တဲ့ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿများမှာ ဟောထားတဲ့အတိုင်း ဖြစ်ပါတယ်။ ပဝတ္တိ အခါကာလနဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေနှစ်မျိုးလုံးအတွက် နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုပါတယ်။ ဒီနာမ်က နာမ်ရုပ်အား ကျေးဇူးပြုပုံကို ဥပမာပြရရင် လူ ၂ ယောက်စားပွဲတခုမှာ အတူထိုင်၍ စကားပြောနေကြတယ်။ တယောက်ရဲ့အားရ နှစ်သက်ဖွယ်ကောင်းလှတဲ့ စကားကို တယောက်ကကြားရတဲ့ အခါကြားရသူရဲ့စိတ်မှာ အင်မတန်စိတ်ချမ်းသာမှု အားရမှုဖြစ်လာတယ်။ ဒီအခါ သူ့မျက်နှာကို ကြည့်လိုက်ရင် အင်မတန် ရွှင်လန်းနေတာကို တွေ့ရလိမ့်မယ်။ အင်မတန်စိတ်ချမ်းမြေ့နေတာကို တွေ့ရလိမ့်မယ်။ ဒီလိုမဟုတ်ဘဲနဲ့ ပူပန်ဘွယ်တွေကို ပြောကြားတဲ့အခါ ရွှင်လန်းနေတဲ့ မျက်နှာဟာ ချက်ခြင်းပြောင်းလဲပြီး မချမ်းသာမှု စိတ်ပျက်မှု စိတ်ဆိုးမှုဆိုတဲ့ အမူအရာတွေ ဖြစ်ပေါ်လာပါတယ်။ ဒီလိုအမူအရာ ပြောင်းလဲမှုတွေကို မြင်ရတဲ့နေရာမှာ ဒီပုဂ္ဂိုလ်ရဲ့စိတ်ကိုတော့ မမြင်ကောင်းလို့ မမြင်နိုင်ပေမဲ့ ဒီစိတ်နဲ့အတူတကွဖြစ်တဲ့ စိတ္တဇရုပ်များရဲ့ စိတ်ဖေါက်ပြန်တိုင်း ဖေါက်ပြန်တိုင်း ရုပ်ပြောင်းလဲမှုကိုတော့ မြင်နိုင်ပါတယ်။ ဒီစိတ်မြေလို့ စိတ္တဇရုပ်ရဲ့ ဖေါက်ပြန်ပုံ မမြဲပုံကို စက္ခုဒွါရက ဖြစ်ဖြစ် မနောဒွါရက ဖြစ်ဖြစ် ဒွါရနှစ်မျိုးလုံးနဲ့ဘဲ ထင်ရှားစွာ မြင်နိုင်ပါတယ် သိနိုင်ပါတယ်။

ရုပ်က နာမ်အား ကျေးဇူးပြုတာကတော့ ပဋိသန္ဓေအခါမှာ "ဝတ္ထုခန္ဓာနံ"လို့ ဟောထားပါတယ်၊ ရဟန္တာဖြစ်ပြီးတဲ့နောက် ပရိနိဗ္ဗာန် မပြုရသေးတဲ့ ပုဂ္ဂိုလ်တိုင်း စုတိစိတ်ရဲ့ အခြားမဲ့မှာ ထိုထိုဘုံဘဝတို့၌ မိမိတို့ရဲ့ ကံအားလျော်စွာ ကောင်း ပဋိသန္ဓေနေကြလိမ့်ဦးမယ်။ ဒီပဋိသန္ဓေစိတ်ဟာ ရုပ်နဲ့အတူ ဖြစ်ရမှာဖြစ်တော့ ပဉ္စဝေါကာရ ပဋိသန္ဓေ(၁၅)ခုဘဲဖြစ်ပါတယ်။ ဥပမာအားဖြင့် ကာမဘုံမှာ ပဋိသန္ဓေနေကြတဲ့ ပုဂ္ဂိုလ်များမှာ ပဋိသန္ဓေစိတ်ဥပါဒ်သာနဲ့ တပြိုင်နက် ယှဉ်ဘက်စေတသိက် (၃၃) ခုနဲ့ ကလာပ် (၃) စည်း ရုပ်ပေါင်း (၃၀) ဟာ တပြိုင်နက်ဖြစ်ကြပါတယ်၊ ဒီကလာပ်(၃)စည်းတွင် ဝတ္ထုဒသက ကလာပ်က ဟဒယဝတ္ထုရုပ်က ကာမ ပဋိသန္ဓေအား သဟဇာတ သတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ရုပ်ပေါင်း (၃၀) နဲ့အတူတကွ ဖြစ်ကြပေမဲ့ အပြန်အလှန် ကျေးဇူးပြုမှုကိုသာ လိုအပ်လေတော့ ဟဒယဝတ္ထုကိုသာ ယူရပါတယ်။ ကြွင်းတဲ့ရုပ်တွေက အတူတကွ ဖြစ်ကြပေမဲ့

ပစ္စည်းမဖြစ်နိုင်ကြဘဲ ပစ္စယုပ္ပန်တရားတွေသာ ဖြစ်ကြပါတယ်။ ကာမဘုံ သံသေဒဇဥပပတ် ပုဂ္ဂိုလ်များရဲ့ ပဋိသန္ဓေအခိုက်မှာ ကမ္မဇကလာပ် (၇) စည်းရမှုသာ ထူးပါတယ်၊ ရူပဘုံ ပဋိသန္ဓေအခိုက်မှာ ကလာပ်(၄)စည်းရမှုသာ ထူးပါတယ်။

ရုပ်အချင်းချင်း ကျေးဇူးပြုတာကတော့ ယခုကောက်ခဲ့တဲ့ အဗျာကတော အဗျာကတဿက ရုပ်သက်သက်ဖြစ်ပါတယ်။ ရုပ်အချင်းချင်း ကျေးဇူးပြုမှုမှာ ပါဠိတော်မှာ ဟောထားတဲ့အတိုင်း ဘုတ်အချင်းချင်း၊ ဘုတ်က ဥပါဒါရုပ်လို့ ၂ မျိုးရှိပါတယ်၊ မဟာဘုတ်ဟာ အကျဉ်းအားဖြင့် လေးပါးရှိပေမယ်လို့ ပဋ္ဌာန်းဒေသနာမှာ မဟာဘုတ်ဟာ (၇) ပါးရှိပါတယ်။ စိတ္တဇရုပ်ပဋိသန္ဓေကမ္မဇရုပ်အကြောင်းပြောခဲ့ပြီ။ ဗာဟိရဆိုတာ သက်မဲ့ဖြစ်တဲ့ ဘောတောင် ရေမြေစသည်မှာရှိတဲ့ ရုပ်တွေကို ခေါ်ပါတယ်။ အာဟာရဇဆိုတာ သတ္တဝါတွေရဲ့သန္တာန်မှာ အာဟာရကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုဇဆိုတာ သက်ရှိ သက်မဲ့ သန္တာန်မှာ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေဖြစ်ပါတယ်၊ အသညသတ် ကမ္မဇ ဆိုတာကတော့ အသညသတ် ဗြဟ္မာတို့ရဲ့ သန္တာန်မှာ ပဋိသန္ဓေအခါ ပဝတ္တိအခါကာလမှာဖြစ်တဲ့ရုပ်များ ဖြစ်ပါတယ်။ ပဝတ္တိကမ္မဇရုပ်ဆိုတာ ပဉ္စဝေါကာရဘုံသားတွေရဲ့ သန္တာန်မှာ ပဋိသန္ဓေ ဋီကစပြီး ပဝတ္တိအခါ ခဏတိုင်း ခဏတိုင်းဖြစ်နေတဲ့ ရုပ်များဖြစ်ပါတယ်၊ ဒီမဟာဘုတ် လေးပါးက အဝိနိဗ္ဘောဂရုပ်များဖြစ်လို့ နာမ်ခန္ဓာလေးပါးလို ဘခွဲခြားလို့မရပါဘူး၊ အင်မတန်သေးငယ်တဲ့ Electron ခေါ်တဲ့ အရာဝတ္ထုကလေးများမှာပင် ဒီမဟာဘုတ် တွေဟာ သိမ်းသိမ်းကုန်ချိုပြီး ကလာပ်ပေါင်းများစွာ တည်ရှိနေပါတယ်၊

အဲဒီမဟာဘုတ်ကို ဟောတဲ့နေရာမှာ ပထမရှေးဦးစွာ "မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာ ရူပါနံ ဥပါဒါ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော" ဆိုတော့ သူ့အတွက် ဘာရေးထားသလဲဆိုရင် "စိတ္တဇ၊ ပဋိသန္ဓေ ကမ္မဇ" ၂ မျိုးရေးထားပါတယ်။ စိတ္တဇ ပဋိသန္ဓေကမ္မဇ ဥပါဒါ ရုပ်များက ဇာတ်မဘူဘဲ နာမ်ဘုးဦးကြောင့် ဖြစ်လို့ "စိတ္တ သမုဋ္ဌာနာနံရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ"လို့ ဟောရတယ်၊ ဒီ "စိတ္တသမုဋ္ဌာနာနံ ရူပါနံ" စသည်ကို မြင်သဖြင့် "မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါ ရူပါနံ"တွေဟာ စိတ္တဇ ပဋိသန္ဓေကမ္မဇ ၂ မျိုးနဲ့ သက်ဆိုင်ကြောင်း သိရပါတယ်၊

ဗာဟိရံ၊ အာဟာရသမုဋ္ဌာနံ၊ ဥတုသမုဋ္ဌာနံတွေကြတော့ ဘာဖြစ်လို့ ဒီလိုမဟော သလဲ? စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံလို့ ဟောခဲ့လို့ရှိရင် "ဗာဟိရံ ဧကံမဟာဘူတံ"ဟောပြီးတဲ့နောက် "မဟာဘူတာ ဥပါဒါရူပါနံလို့"မဟောဘဲနဲ့ "ဗာဟိ ရာမဟာဘူတာ ဗာဟိရာနံ ဥပါဒါရူပါနံ"ဒီလိုဟောပါလားတဲ့။ ဒီလိုဟောသလားဆိုတော့ သူတို့က ဇာတ်ဘူဖြစ်နေတယ်။ ဇာတ်ဘူတယ်ဆိုတာ ရှေ့က သူတို့ရဲ့ အသံကလေးကိုက "ဗာဟိရံ၊ အာဟာရသမုဋ္ဌာနံ၊ ဥတုသမုဋ္ဌာနံ" စသည်ဖြင့် ဟောထားပြီး ဖြစ်နေတယ်၊ အဲဒီလိုဟောထားပြီး ဖြစ်နေတော့ ဗာဟိရ မဟာဘုတ်စသည်ကြောင့်ဖြစ်တဲ့ ဥပါဒါရုပ် တွေဘဲလို့ ထင်ထင်ရှားရှားကြီး သိနိုင်ပါတယ်၊ ဒါ့ကြောင့်သူ့ကို အထူးဖော်သန်-မဲ့ ပြီး "စိတ္တသမုဋ္ဌာနာနံ ရူပါနံ" စသည်ကို ဟောသလို "ဗာဟိရာနံ ဥပါဒါ" စသည်ဖြင့် ဟောစရာမလိုပါဘူး။

နောက်ဆုံး “အသညသတ္တာနံ ကော်မဟာဘူတံ”ဆိုတဲ့ နေရာမှာ အဋ္ဌကထာ ဆရာကြီးက ကမ္မဇမဟာဘုတ် ဥတုဇမဟာဘုတ် အစွမ်းအားဖြင့် ဟောထားတဲ့ ကမ္မဇ ဥတုဇ မဟာဘုတ်တွေဖြစ်ပါတယ်တဲ့။ ဘယ်လိုလဲဆိုရင် “မဟာဘူတာ ကဋတ္တာ ရူပါနံ” အရ ကမ္မဇ ဥပါဒါရုပ်ကို ယူပါတဲ့။ “ဥတုဇ ဥပါဒါရူပံ”အရ ဥတုဇ ဥပါဒါရုပ်ကို ယူပါတဲ့။ အဲဒါနဲ့ ပတ်သက်ပြီး ဋီသန္တတိ သမုဋ္ဌာနရူပလို့ အမည်မှည့်ထားပါတယ်။

ဒါကို ဋီကာဆရာကြီးက မကြိုက်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ “အသညသတ္တာနံ” ထဲမှာ ဥတုဇရုပ်တွေကို ယူနေစရာမလိုဘူး။ “ဥတုသမုဋ္ဌာနံ”တုံးက အသညသတ်ဥတုဇရုပ်ကိုပါ ယူသွားပါပြီတဲ့။ ယူသွားပြီးဖြစ်တော့ ဒီနေရာမှာ အသညသတ် ကမ္မဇကိုသာ ယူပါတဲ့။ ဘာဖြစ်လို့? ယူပြီးသားဖြစ်တဲ့ ဥတုဇရုပ်ကို ထပ်ယူလို့ ဘာမှအကျိုးမရှိပါဘူးတဲ့။ ပဝတ္တိ ကမ္မဇရုပ် အတွက်ကိုတော့ သီးသန့်ပါဠိမရှိပါဘူး။ ဒါပေမဲ့ ပစ္စည်းတွန်းတဲ့ နေရာ သင်္ချာခဏ်းတွေမှာ ပဝတ္တိ ကမ္မဇရုပ်ချည်း သက်သက်လဲ ဘယ်တော့မှမရဘူး။ ဘာနဲ့တွဲနေသလဲ? အမြဲ အသညသတ် ကမ္မဇရုပ်နဲ့တွဲနေတယ်။ ဒီတော့ အသညသတ် ကမ္မဇရုပ် ပဝတ္တိ ကမ္မဇရုပ်လို့ ၂ မျိုးထဲရတဲ့ အခါမှာ ဘာဝိဘင်းထုတ်ရမလဲ။ “အသညသတ္တာနံ”ဒါဘဲထုတ်ရမယ်။အဲဒါကြောင့် ပဝတ္တိ ကမ္မဇရုပ်ကို“အသညသတ္တာနံ”ထဲမှာဘဲ ထည့်သွင်းပြီး ပါဠိထုတ်ရပါတယ် ကောက်ရပါတယ်။

မဟာဘုတ်က ဥပါဒါရုပ်ကို ကျေးဇူးပြုပုံကတော့ ဥပါဒါရုပ်များမှာလဲ မဟာဘုတ်လို စိတ္တဇ ဥပါဒါရုပ် စသည်ဖြင့် (၇)ပါးပင်ရှိပါတယ်။ မဟာဘုတ်က ဥပါဒါရုပ်ကို ကျေးဇူးပြုရာမှာ ကလာပ်တူမှသာ သဟဇာတ သဘောသက်ရောက်ပါတယ်။ ကလာပ်ကွဲနေရင် သဟဇာတ မဟုတ်ပါဘူး။ မဟာဘုတ် ၁ ပါး ၃ ပါး ၂ ပါး ၄ ပါးတို့က ဥပါဒါရုပ်အား ကျေးဇူးပြုကြောင်းကို မဟာဘူဘာရယ်လို့ ဟောထားပါတယ်။

ဘုတ်က ဘုတ်နဲ့ ဥပါဒါရုပ်ကို ဘယ်လိုကျေးဇူးပြုသလဲ? ဥပမာ ပန်းပွင့်နီကလေး တခုမှာ အနီရောင်ဆိုတဲ့ ဝဏ္ဏဓာတ်ရှိပါတယ်။ မွှေးကြိုင်တဲ့ ဂန္ဓဓာတ်ရှိတယ်။ ဒီပန်းပွင့်ကလေးမှာ ခါးတယ် ပူတယ်ဆိုတဲ့ ရသဓာတ်ရှိတယ်။ အာဟာရကို ဖြစ်စေနိုင်တဲ့ဩဇာဓာတ်နှင့်တကွ မဟာဘုတ် လေးပါးပါရှိနေလေတော့ သက်မဲ့ဝတ္ထုများမှာ အယုတ်ဆုံး ရုပ် (၈)ခုရှိပါတယ်၊ ဒီပန်းပွင့်နီကလေးမှာရှိတဲ့ အဝိနိဗ္ဘောဂရုပ် (၈) ခုထဲက ပထဝီက ပစ္စည်းဖြစ်ရင် ကျန်ဘုတ် ၃ ပါးနဲ့ ဥပါဒါရုပ်များက ပစ္စယုပ္ပန်ဖြစ်ကြပါတယ်။ ဤသို့ စသည်ဖြင့် ရုပ်သက်သက်မှာ ဟောတဲ့အတိုင်း သိနားလည်နိုင်ပါတယ်။

လယ်တီဆရာတော်ကြီးရေးတဲ့ လက္ခဏာ ဒီပနီကျမ်းထဲမှာ မဟာဘုတ်လေးပါး အကြောင်းနဲ့နဲ့ရေးထားတာရှိတယ်။ ဒီခန္ဓာကိုယ်မှာရှိတဲ့ မဟာဘုတ်လေးပါးမှာ ပထဝီဓာတ်ထင်ရှားပေါ်နေရင် ဝါယောဓာတ်ငုတ်တယ်၊ အာပေါဓာတ်နုံ့တယ်၊ တေဇောဓာတ်မျှတတယ်။ အာပေါဓာတ်ပေါ်ရင် ပထဝီဓာတ်နှုံတယ်၊ ဝါယောဓာတ်ငုတ်တယ်၊ တေဇောဓာတ်မျှတတယ်။ တေဇောဓာတ်ပေါ်ရင် ပထဝီဓာတ်နှုံတယ်၊ ဝါယောဓာတ် လျှပ်လျူဖြစ်တယ်၊ အာပေါဓာတ်ငုတ်တယ်။ ဝါယောဓာတ်ပေါ်ရင် ပထဝီဓာတ်နှုံတယ်၊

အာပေါဓာတ်ငုတ်တယ်၊ တေဇောဓာတ် လျစ်လျူဖြစ်တယ်။ အဲဒီဓာတ်လေးပါးထဲက နှံ့နေတဲ့ အာပေါဓာတ်ကို နှိုးနိုင်ရင် ရေဓာတ်ထင်ရှားပေါ်လာပြီး တကိုယ်လုံးမှာ ရေအစုဖြစ်ပြီး စီးသွားနိုင်ပါတယ်၊ နှံ့နေတဲ့ မီးဓာတ်ကို နှိုးနိုင်ရင် မီးဓာတ်ပေါ်ပြီး တကိုယ်လုံး မီးအစုဖြစ်ခါ တောက်လောင်နိုင်ပါတယ်၊ ငုတ်နေတဲ့ လေဓာတ်ကို နှိုးနိုင်ရင် လေဓာတ်ပေါ်ပြီး တကိုယ်လုံး ဖလဗ္ဗာကြွသွားလိမ့်မယ်စသည်ဖြင့် မှတ်သားစရာရေးသားထားပါတယ်။

နာမ်ရုပ်က ရုပ်ကို ကျေးဇူးပြုတာကတော့ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ ဖြစ်ပါတယ်။ ဒါကို အဋ္ဌကထာဆရာက ''ကုသလာ ခန္ဓာစ မဟာဘူတာစ''ဆိုတဲ့ နေရာမှာ ပစ္စည်း မဟာဘုတ်အတွက် စိတ္တဇ မဟာဘုတ်ကို သာယူပါ။ ''စိတ္တသမုဋ္ဌာနာနံ ရူပါနံ''ဆိုတဲ့ သမ္ပဒါန်ကြတော့ ဘူတရုပ် ဥပါဒါရုပ် ၂ မျိုးလုံးကိုယူပါလို့ အဋ္ဌကထာက ပြောပါတယ်။ အဲဒီနေရာမှာ စဉ်းစားစရာတခုက ကုသလတိက်မှာ ကုသိုလ်ခန္ဓာနဲ့ မဟာဘုတ်,အကုသိုလ်ခန္ဓာနဲ့ မဟာဘုတ်ကသာ စိတ္တဇ ရုပ်အား ကျေးဇူးပြုထားတာ ဟောပါတယ်၊ ဒီလိုသာကျေးဇူးပြုနိုင်သလား? ပဝတ္တိအခါမှာ ဝိပါက်ကြိယာနဲ့ မဟာဘုတ်က စိတ္တဇရုပ်၊ ပဋိသန္ဓေအခါမှာ ဝိပါက်ခန္ဓာနဲ့ မဟာဘုတ် ကတော ပဋိသန္ဓေကမ္မဇရုပ်အား ကျေးဇူးမပြုနိုင်ဘူးလားတဲ့? မပြုနိုင်လို့ ဒီကုသလတိတ်မှာ မဟောသလားလို့ စဉ်းစားစရာဖြစ်ပါတယ်။ အဲဒီအကြောင်းကို သချာခဏ်းများ ပို့ချတဲ့အခါက နဲနဲပြောပြခဲ့ဘူးပါတယ်။ အာလုံးရနိုင်ပါတယ်. ဒါပေမဲ့ ဒီကုသလတိက်မှာ မဟောတာက ပစ္စည်းဝိပါက်ကြိယာကလဲ အဗျာကတ, ဘုတ်ကလဲ အဗျာကတ, ပစ္စယုပ္ပန် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်များကလဲ အဗျာကတ ဖြစ်နေတော့ အဗျာကတော အဗျာကတဿထဲဝင်နေပါတယ်။ ပဒက္ခဲပြားပြီး နေတဲ့ ဝိပါကတိက်မှာ ''ဝိပါကာခန္ဓာစ မဟာဘူတာစ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော''လို့ ဝိပါက်နဲ့တွဲပြီး ဟောပါတယ်။ ''ပဋိသန္ဓက္ခဏေ ဝိပါကာခန္ဓာစ မဟာဘူတာစ ကဋတ္တာရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော''ရယ်လို့ ပဝတ္တိ ပဋိသန္ဓေ ၂ မျိုးလုံးမှာ ဟောပါတယ်။ ထိုနည်းတူစွာ ''ဝိပါကဓမ္မ ဓမ္မာခန္ဓာစ မဟာဘူတာစ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော'' လို့ ကုသိုလ် အကုသိုလ် ခန္ဓာနဲ့ မဟာဘုတ်က ပဝတ္တိအခါ စိတ္တဇရုပ်အား ကျေးဇူးပြုကြောင်း ဟောပါတယ်။ ဒီလိုဟောထားတာတွေဟာ ဆိုင်ရာတိက်တွေ အားလျော်စွာ ပဋ္ဌာန်းမှာ များစွာဘဲရှိပါတယ်။ ဒီမှာ မဟောတာကတော့ ခုနကပြောခဲ့တဲ့အတိုင်း အဗျာကတော အဗျာကတဿမှာ ဝင်နေလို့ မဟောတာပါ။

ပဋိသန္ဓေအခါမှာ''ခန္ဓာဝတ္ထုဿ၊ ဝတ္ထုခန္ဓာနံ''ရယ်လို့ ဟောထားတာရှိပါတယ်။ အထက်ကလဲ ''ကဋတ္တာရူပါနံ''ရယ်လို့ဟောထားတော့ ဟဒယဝတ္ထုကိုယူပြီးဖြစ်ပေမဲ့ခန္ဓာကိုစွဲ၍ ဝတ္ထုဖြစ်မှုကိုပြရန်ဟောပါတယ်လို့ အဋ္ဌကထာဆရာကပြတယ်။ ဒါကဘာဆိုလိုတာလဲဆိုရင်'ပဋိသန္ဓိက္ခဏေဝိပါကာဗျာကတော ဧကောခန္ဓော တိဏ္ဏန္နံခန္ဓာနံ ကဋတ္တာစရူပါနံ သဟဇာတပစ္စယေနပစ္စယော'၌ကဋတ္တာရူပါနံထဲမှာ ဟဒယဝတ္ထုပါပြီးသား။ ဟဒယဝတ္ထုပါပြီးသားဖြစ်တော့ ''ခန္ဓာဝတ္ထုဿ''ကို ဘာကိစ္စဟောနေရသလဲလို့ ဆိုလိုတယ်၊ ဒီတော့

''ခန္ဓာဝတ္ထုသ''ဟောတာကတော့ အထက်အထက်က ''ကင္ဒတ္တာရုပါနံ''ထဲမှာ ဟဒယဝတ္ထုယူပြီးသားဖြစ်ပေမဲ့ ဒီခန္ဓာကိုအကြောင်းပြုပြီး ဟဒယဝတ္ထုဖြစ်နိုင်ကြောင်းကို ဘောပါတယ်လို့အဋ္ဌကထာကဆိုတယ်။ ''ဝတ္ထုခန္ဓာနံ''ကြတော့ ကော? ဝတ္ထုကာပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာအားကျေးဇူးပြုမှုကိုပြရန်ဟောပါတယ်တဲ့။

မူလဋီကာဆရာကြီးကတော့ ''ခန္ဓာဝတ္ထုသ၊ ဝတ္ထုခန္ဓာနံ''မှာ ခန္ဓာဝတ္ထုသ-လို့ ဟောကိုမဟောသင့်ဘူး။ ဝတ္ထုခန္ဓာနံ-လို့သာဟောသင့်ပါတယ်တဲ့။ ခန္ဓာဝတ္ထုသ-မဟောသင့်ဘူးလို့ဆိုဘာက အထက်က ကင္ဒတ္တာရုပါနံထဲမှာ ဟဒယဝတ္ထုပါသွားလို့ မဟောသင့်ဘူး။ ဒီလိုမဟောသင့်ပါလျက်နဲ့ ဘာဖြစ်လို့ဟောထားသလဲဆိုရင် ပစ္စည်းဟဒယဝတ္ထုရဲ့ ''ကင္ဒတ္တာရုပါနံ''ဆိုတဲ့ သာမညပါဠိမှာ ပစ္စယုပ္ပန်အဖြစ်ဖြင့် မရယူမှုကိုတားမြစ်ရန် ဟောပါတယ်။ ဆိုလိုရင်းက အထက်က ကင္ဒတ္တာရုပါနံလို့ဟောထားတယ်။ တဖန်ထပ်ပြီး ခန္ဓာဝတ္ထုသ-လို့ဟောပြန်တော့ အထက်ကဟောခဲ့တဲ့ ကင္ဒတ္တာရုပ်ထဲမှာ ဟဒယဝတ္ထုများမရဘဲနေမလားလို့ ယုံမှားသံသယရှိလေဟော့ ကင္ဒတ္တာရုပါနံထဲမှာလဲ ဟဒယဝတ္ထုကိုပါယူပါ၊ ရပါတယ်လို့သိစေလိုတဲ့အတွက် ထပ်ပြီးဟောပါတယ်တဲ့။

တနည်းအားဖြင့် ''ခန္ဓာဝတ္ထုသ၊ဝတ္ထုခန္ဓာနံ'' ၂-ပါးဟာ တပါးကိုတပါးကျေးဇူးပြုကျေးဇူးပြုလေတော့ ၂-ပါးလုံးပင် ပစ္စည်းဖြစ်နိုင်ကြပါတယ်တဲ့၊ ကင္ဒတ္တာရုပါနံဆိုတဲ့ သာမညစကားဖြင့် ဟဒယဝတ္ထုကိုယူပြီးဖြစ်ပါလျက် သီးခြားထုတ်ပြီးဟောထားတာဖြစ်ပါတယ်တဲ့။ ဒီစကားရပ်တွေဟာ အဋ္ဌကထာဋီကာက ဒီပဥ္စဝေါရမှာဖွင့်တာမဟုတ်ပါဘူး။ ဆဝေါရမှာဖွင့်တာပါ။ ဆဝေါရသဟဇာတပစ္စည်းနဲ့ ပဥ္စဝေါရသဟဇာတပစ္စည်းဟာတအပ်ထဲအတူတူပါဘဲ။ ဒါကြောင့် ဒီစကားရပ်တွေကို ဆဝေါရကယူပြီး သဘောတူလို့ထည့်ပြီးပြောနေတာဖြစ်ပါတယ်။ သဟဇာတရဲ့ကိစ္စပြီးကြပါစို့။

## အညမည

အညမညဆိုလိုက်ကြပါဦးစို့၊ စာမျက်နှာ(၈)မှာ-သုဒ္ဓသင်္ချာရှိပါတယ်၊

**အညမညပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** အချင်းချင်းအားဋင်း၊အချင်းချင်းနာမက္ခန္ဓာ ဟဒယဝတ္ထုအားငင်းတတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတတ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်အားဖြင့် မဟာဘုတ်လေးပါး။ အချင်းချင်းအားတတ်သောပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟဒယဝတ္ထု။ ။ဤတရားတို့သည် အညမညပစ္စည်းတတ်သော တရားတို့မည်ကုန်၏၊ သင်္ချာတီကာ၊ ပစ္စည်းရေ(၅)ဟူသည်တည်း။ ။သင်္ချာတီကာဟူသောစကား ကုသလော ကုသလဿ၊ အကုသလောအကုသလဿ အဗျာကတော အဗျာကတဿ -ဟူသည်တည်း၊ ပစ္စည်းရေ (၅) ဟူသောစကားသဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ-ဟူသည်တည်း။

ပထမသုဒ္ဓသင်္ချာအကွက်မှာ အချင်းချင်းအားငင်း၊ အချင်းချင်း နာမက္ခန္ဓာဟဒယဝတ္ထုအားငင်းလို့ဆိုရာမှာ ဟဒယဝတ္ထုအားငင်းတတ်သောဆိုတဲ့အသံဟာအရကောက်တွေ

ထဲမှာမရှိပါဘူး။ ရှေးရှေးအရကောက်တွေထဲမှာလဲမရှိပါဘူး။ ယခုအရကောက်တွေမှာလဲ မရှိပါဘူး။ မရှိဘဲနဲ့ဘာဖြစ်လို့ထည့်ထားသလဲဆိုရင် အညမညပစ္စည်းရဲ့ ပဋ္ဌာနအဋ္ဌကထာမှာ''ပဋ္ဌာနဋ္ဌကထာဝိပါကာဗျာကတော ခေတာခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿစ အညမညပစ္စယေန ပစ္စယော''လို့ဟောပါတယ်။ ဒီလိုဟောတော့ 'ဝတ္ထုဿစ'အတွက် ဒီမှာထည့်မထားခဲ့လို့ရှိရင်သူ့အတွက်ရှင်းလင်းဘို့ရာ အတော်ကလေးခက်ပါတယ်။နောက်လာမဲ့''ခန္ဓာဝတ္ထုဿ''ကဟဒယဝတ္ထုကိုလဲ သူ့ထဲကို ထည့်သွင်းပြီးယူလို့မရပါဘူး။ သူ့ဟာနဲ့သူသီးသန့်ဖြစ်ပါတယ်။ ဒါကြောင့် ပါဠိတော်ဟောတဲ့နေရာဌာနမှာရော ကောက်တဲ့ နေရာဌာနမှာရော ရှင်းရှင်းလင်းလင်းဖြစ်ဘို့ရာအတွက် ဒီဟဒယဝတ္ထုကိုထည့်ထားပါတယ်။ ပထမအချက်ကို သရုပ်ခွဲလိုက်ရင် အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ လေးပါးလို့ ဆိုသဖြင့် စိတ်စေတသိက်အကုန်ရပါတယ်။ အချင်းချင်းကလဲ စိတ် ၈၉ စေတသိက် ၅၂ ရပါတယ်။ ဒါကြောင့် ကုသလောကုသလဿ၊ အကုသလောအကုသလဿ၊ အဗျာကတောအဗျာကတဿဖြစ်ပါတယ်။ နောက်တဖန်ဘုတ်အချင်းချင်းကလဲ အဗျာကတော အဗျာကတဿထဲဝင်ပါတယ်။အချင်းချင်းတတ်တဲ့ပဋ္ဌဝေါကာရပဋိသန္ဓေနာမက္ခန္ဓာဟဒယဝတ္ထုကိုလဲ''ခန္ဓာဝတ္ထုဿဝတ္ထုခန္ဓာနံ''ဟောထားသဖြင့် အဗျာကတော အဗျာကတဿဖြစ်ပါတယ်။ဒီသုဒ္ဓသင်္ချာကလဲသဟဇာတတုံးကပြောခဲ့သလို ပစ္စယနိဒ္ဒေသကယူပြီး ပြုလုပ်ထားတဲ့ သုဒ္ဓသင်္ချာဖြစ်ပါတယ်။ပစ္စယနိဒ္ဒေသမှာ''စတ္တာရောခန္ဓာ အရူပိနော အညမည ပစ္စယေနပစ္စယော။ စတ္တာရောမဟာဘူတာ အညမညပစ္စယေနပစ္စယော။ ဩက္ကန္တိက္ခဏေနာမရူပံ အညမညပစ္စယေနပစ္စယော'' လို့ဒီသဘောအတိုင်းဖြစ်နေကယ်၊ပဥ္စဝေါကာရအရဆိုရင် ခုနကပြောခဲ့တဲ့အတိုင်း ၂-နဲ့၃-ပြန်ပေးရမယ်။ ပစ္စည်းရေ(၅)ကတော့ သဟဇာတအကြီးက အမြဲလိုက်သဖြင့် သူ့ရဲ့ အသံကလေးနဲ့ အညမညထည့်ပေးလိုက်ရင် ပစ္စည်းရေ (၅)ဖြစ်ပါတယ်။

ကုသလောကုသလဿ၊ အကုသလောအကုသလဿ ပါဠိဟာသဟဇာတနဲ့အတူတူပါဘဲ။ အရကောက်လဲအတူတူပါဘဲ။

## ကုသလော ကုသလဿ

ကုသလော ဧကော ကုသလဿ ဧကဿ အညမည ပစ္စယေန ပစ္စယော။ ကုသလော ဧကောခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော။ တယောခန္ဓာ ဧကဿ ခန္ဓဿ အညမည ပစ္စယေန ပစ္စယော။ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော။

**ကုသလော ကုသလဿ**-ကုသလော ဧကောဟူသော ကတ္တား ပုဒ်၏ အရကား အချင်းချင်းအားတတ်သော ကုသိုလ်စိတ် ၈၀ ငါး စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ၊ကုသလဿ ဧကဿဟူသော သမ္ပဒါန် ပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏၊ ၊အညမညပစ္စယေန ဟူသော **ကရိုဏ်း** ပါဒ်၏ အရကား တပြိုင်နက် တတ်ကောင်းသော **သဟဇာတ**၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဟု (၆)ပစ္စယသတ္တိတို့တွင် အညမည သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အညမည ပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမည ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော။

**အကုသလော အကုသလဿဥ္စ**-အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အချင်းချင်းအားတတ်သော အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။အညမည ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကား တပြိုင်နက်တတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ - ဤ (၆) ပစ္စယ သတ္တိတို့တွင် အညမည သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဗျာကတော အဗျာကတဿ

သဟဇာတ အလတ်တွေဟာ သဟဇာတအကြီးထဲမှာ အကုန်ဝင်ပါတယ်၊ အညမည သုဒ္ဓသချိုက "အချင်းချင်းအားငင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအားငင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး" ဆိုတဲ့နေရာမှာ ဝိပါက်ကြိယာတွေက ဝိပါက်ကြိယာ အချင်းချင်းဘတ်ပါတယ်။ ဟဒယဝတ္ထု မပါသေးပါဘူး။ စိတ္တဇရုပ်နဲ့လဲ မဆိုင်ပါဘူး။ ဒီတော့ အဗျာကတော အဗျာကဘဿမှာ သဟဇာတက ရေးထားတဲ့ ပါဠိအတိုင်း "ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ" အစိတ်အစိတ် ကလေးဘဲ ရပါလိမ့်မယ်။ ပဋိသန္ဓိက္ခဏကြတော့ သဟဇာတက "ကဋတ္တာစ ရူပါနံ" နေရာမှာ ဟဒယဝတ္ထုအားလှဲ ဆိုသဖြင့် "ဝတ္ထုဿစ"လို့ ထည့်ပေးရပါလိမ့်မယ်။ "ခန္ဓာဝတ္ထုဿ-ဝတ္ထု ခန္ဓာနံ"ကအချင်းချင်းတတ်တဲ့ ပဋိဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုတွေဖြစ်ပါတယ်။ ပြီးတော့ ဧကံမဟာဘူတ်တွေကြတော့ အားလုံးကုန်ဆိုရပါလိမ့်မယ်။ အချင်းချင်း တတ်တဲ့ မဟာဘုတ်သာလျှင် ဖြစ်ခြင်းကြောင့် "မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ" စသည် တွေကို မဆိုရတော့ပါဘူး။ ဒီတော့ ပထမအချက် ပဝတ္တိအခါမှာ—

အဗျာကတောဓမ္မော အဗျာကတဿ ဓမ္မဿ အညမည ပစ္စယေန ပစ္စယော၊ဝိပါကာဗျာကတော ကြိယာ ဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမည ပစ္စယေန ပစ္စယော၊ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမည ပစ္စယေန ပစ္စယော။

အဗျာကတော အဗျာကတဿမှာ အညမည အကောက်ကလေး ပြထားပါတယ်။ အချင်းချင်း နာမ်နာမ်ချင်းဘဲ ရပါတယ်။ အစိတ်အစိတ်တွေဘဲ။

## ပဝတ္တိ

**အဗျာကတော အဗျာကတဿဥ္စ** - ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တား ပုဒ်၏ အရကား အချင်းချင်း အားတတ်သော ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်

ဝိသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရားရ၏။ ။အဗျာကတသာ မဗ္ဗဿဟူသော သမ္ပဒါန် ပုဒ်၏ အရကား ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ် ဝိသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။(ကရိုက်းကြတော့ နာမ်အချင်းချင်း ကျေးဇူးပြုတာဖြစ်၍ ဝိပ္ပယုတ္တမရပါဘူး။ (၇) ပစ္စည်းဘဲရပါတယ်။ အဲဒီ (၇) ပစ္စည်းထဲက အညမညအတွက် ပြောစရာမလိုပါဘူး။ သမ္ပယုတ္တဟာ နာမ်ကုန်ရသဖြင့် တပြိုင်နက်ဝင်ပါတယ်။ ဝိပါကကြတော့ ကြိယာပါနေတယ်။ ကြိယာပါနေတော့ ဝိပါက, က ယထာရဟ ဝင်လာပါတယ်။ ဒီ (၇)ပစ္စည်းထဲက (၆) ပစ္စည်းက တပြိုင်နက်၊ ဝိပါက ၁-ပစ္စည်းသည်သာလျှင် ယထာရဟဖြစ်ပါတယ်) အညမည ပစ္စယေနဟူသောကရိုက်း ပါဠိ၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ - ဤ (၇) ပစ္စယ သတ္တိတို့တွင် အညမည သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ပဋိသန္ဓေအခါမှာ ခုနကပြောခဲ့တဲ့အတိုင်း ကဋတ္တာစ ရူပါနံအစား ဝတ္ထုဿကလေး ထည့်ပေးပါ။

## ပဋိသန္ဓေ

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကောခန္ဓော တိဏ္ဏန္နံခန္ဓာနံ ဝတ္ထုဿစ အညညမပစ္စယေနပစ္စယော။ တယောခန္ဓာ ဧကဿခန္ဓဿ ဝတ္ထုဿစ အညမည ပစ္စယေန ပစ္စယော။ ဒွေခန္ဓာ ဒွိန္နံခန္ဓာနံ ဝတ္ထုဿစ အညမည ပစ္စယေနပစ္စယော။ ခန္ဓာဝတ္ထုဿ အညမည ပစ္စယေနပစ္စယော။ ဝတ္ထုခန္ဓာနံ အညမညပစ္စယေနပစ္စယော။

အရကောက်အတွက် ဒီပါဠိကိုကြည့်လိုက်မယ်ဆိုရင်''ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတော ဧကောခန္ဓော'' လို့ဆိုသဖြင့် ပထမအကွက်ကအစိတ်အစိတ်ဖြစ်ပါတယ်။ နောက် ''ခန္ဓာ''အရအစိတ်အပေါင်းဖြစ်ပါတယ်။ နောက် ''ဝတ္ထု''အရ ဟဒယဝတ္ထုဖြစ်ပါတယ်။ ဒီတော့အစိတ်အစိတ် အစိတ်အပေါင်းနာမက္ခန္ဓာ ဟဒယဝတ္ထုလို့ ပစ္စည်းတရားရသလို ပစ္စယုပ္ပန်တရားမှာလဲ ဒီအတိုင်းဘဲရပါလိမ့်မယ်။

ပဋိသန္ဓေအခါ အဗျာကတောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အချင်းချင်း အားရင်း၊ အချင်းချင်းနာမက္ခန္ဓာ ဟဒယဝတ္ထုအားရင်းတတ်သော ပဋိသန္ဓေစိတ် ဧကူန ဝိသ စေတသိက်ပဉ္စတိံသ အစိတ်အစိတ် (ဒါကပထမအချက်အဘွက်) အစိတ်အပေါင်း နာမက္ခန္ဓာ, ဟဒယဝတ္ထုပစ္စည်းတရားရ၏။ ။အဗျာကတဿဓမ္မဿဟူသော သမ္ပဒါန် ပုဒ်၏ အရကား ပဋိသန္ဓေစိတ်ဧကူနဝိသ စေတသိက်ပဉ္စတိံသ အစိတ်အစိတ်၊ အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရားရ၏။ ။(ဒီမှာကရိုက်း (၈) ပစ္စည်းဖြစ်ပါတယ်။ ဘာ့ကြောင့် ? ဝိပ္ပယုတ္တဝင်လာပါတယ်။ ဝိပ္ပယုတ္တဟာအားလုံးကုန်မဆိုင်သဖြင့် ယထာရဟ ထဲဝင်ပါတယ်။ သမ္ပယုတ္တကြတော့ ရုပ်တွေပါလာသဖြင့် သမ္ပယုတ္တလဲယထာရဟဘဲ ရပါတယ်။ ဝိပါကကြပြန်တော့ ဝတ္ထုခန္ဓာနံအတွက် မရသဖြင့် ဝိပါကလဲယထာရဟဘဲ ဖြစ်ပါတယ်။ ဒီတော့အကြီး ၄-ပစ္စည်းနဲ့ အညမညသာတပြိုင်နက်ဖြစ်၍ ကျန်တဲ့အလတ် ၃-ပစ္စည်း

က ယထာရဟ ဝင်ပါတယ်)။ အညမညပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယထာရဟ တတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၈)ပစ္စယသတ္တိတို့တွင် အညမညသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ရုပ်သက်သက်

ဟောဘုတ်တွေအတွက် ဧကံမဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ တယောမဟာဘူတာ ဧကဿ မဟာဘူတဿ အညမညပစ္စယေနပစ္စယော။ ဒွေမဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေနပစ္စယော၊ (ကျန်ဘာတွေဟာလဲအားလုံးကုန်မဟာဘုတ်တွေဖြစ်သဖြင့် အားလုံးကုန်ပေါင်းပြီး ဆိုလိုက်ကြပါစို့)။ ဗဟိရံ၊ အာဟာရသမုဋ္ဌာနံ၊ ဥတုသမုဋ္ဌာနံ၊ အသညသတ္တာနံ ဧကံမဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမည ပစ္စယေနပစ္စယော၊ တယောမဟာဘူတာ ဧကဿ မဟာဘူတဿ အညမညပစ္စယေနပစ္စယော။ ဒွေမဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမည ပစ္စယေနပစ္စယော။

ရုပ်သက်သက်၌-အဇ္ဈတ္တတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား (မဟာဘုတ်အချင်းချင်း ကျေးဇူးပြု၍ အချင်းချင်းလို့ ဆိုရပါတယ်) အချင်းချင်း အားတတ်သော စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇ မဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ်ပစ္စည်းတရားရ၏။ အဇ္ဈတ္တတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား စိတ္တဇမဟာဘုတ် ပဋိသန္ဓေကမ္မဇမဟာဘုတ် ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ် အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇမဟာဘုတ် ပစ္စယုပ္ပန်တရားရ၏။ ။အညမညပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား (အညမညဟောနေသဖြင့် အညမညတပြိုင်နက် ဝင်လာပါတယ်)တပြိုင်နက်တတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ-ဤ(၅) ပစ္စယသတ္တိတို့တွင် အညမညသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ကိုင်း-တော်ကြပါဦးစို့၊

သာဓု .... သာဓု .... သာဓု ....။

## ၁၃၂၉-ခု၊ တော်သလင်းလဆုတ် (၂) ရက်
## ၁၉၆၇-ခု၊ စက်တင်ဘာလ (၂၀) ရက်၊ ဗုဒ္ဓဟူးနေ့
## ပဋ္ဌာန်း ကုသလတိက် ပဉှာဝါရ ဝိဘင်္ဂကို (၁၅) ကြိမ်မြောက် ပို့ချခြင်း

### အညမည အဓိပ္ပါယ်

အရင်အပတ်က အညမညပစ္စည်းရဲ့ ပါဠိအရကောက် ပြီးသွားပါပြီ၊ အညမည အဓိပ္ပါယ်နဲ့ ပြောပြပါမယ်။ အညမညပစ္စည်းဟာ သဟဇာတမျိုး အပါအဝင်သဟဇာတရဲ့ အစိတ်တရားဖြစ်ပါတယ်။ ဓာတ်ပုံရိုက်တဲ့ Camera- ကလေးများမှာ ခြေထောက်သုံးချောင်း တတ်ဆင်ထားရာမှာ လဲပြိုပြီးမသွားရအောင် အချင်းချင်း အပြန်အလှန် အားပေးကြ ကျေးဇူးပြုကြရန်ဖြစ်ပါတယ်၊ တချောင်းကျိုးသွားရင် ကျန်နှစ်ချောင်းဟာ ထောက်တည်ရာမရဘဲ လဲပြိုသွားနိုင်ပါတယ်။ ဒီလိုလဲပြိုမသွားရအောင် အချင်းချင်းကျေးဇူးပြုသလို ဒီအညမညပစ္စည်းဟာလဲ (၁) နာမ်အချင်းချင်း (၂) ကလာပ်တူ မဟာဘုတ် အချင်းချင်း (၃) ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟဒယဝတ္ထုတို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြပါတယ်။ အပြန်အလှန် ကျေးဇူးပြုတယ်ဆိုတာ သာတူညီမျှ ဖြစ်ရပါတယ်။ ကိုယ်ကတော့ အဆင့်အတန်း မြင့်မြင့်နေပြီး အခွင့်အရေးတွေမှာလဲ လိုချင်သလောက်ယူတယ်၊ သူတပါးကြတော့ အောက်တန်းကနေစေပြီး အခွင့်အရေးကိုလဲ မပေးဘူးဆိုရင် ဒါဟာ အညမည သဘောမဟုတ်ပါဘူး။ ကိုယ်က တကျပ်ယူရင် သူတပါးကိုလဲ တကျပ်ပေးရတဲ့ သာတူညီမျှဖြစ်မှ အဆင့်အတန်း,ဘဝတူမှုဖြင့် ကျေးဇူးပြုတဲ့ သဘောဖြစ်ပါတယ်။

သဟဇာတရဲ့ သဘောက အတူတကွဖြစ်ရုံနဲ့ ကျေးဇူးပြုနိုင်ပါတယ်။ အညမညကတော့ အတူတကွ ဖြစ်ရုံသာမကဘဲ တပါးက တပါးကို အပြန်အလှန် ကျေးဇူးပြုရပါတယ်၊ "အညာနော ဥပကာရကဿ ဥပကာရကတာ" လို့ ဋီကာကဆိုသဖြင့် အညမညဟာ မိမိရဲ့ သတ္တိကို အကျိုးတရားကိုလဲ ပေးတယ်၊ အကျိုးတရားရဲ့ သတ္တိကိုလဲ မိမိကယူပါတယ်။

သဟဇာတ အညမည ဘယ်လိုထူးသလဲဆိုရင် သုဒ္ဓသင်္ချာကိုကြည့်ပါ။ သဟဇာတက ခေါင်းဆောင်ပစ္စည်းဖြစ်ပြီး အရာကျယ်ပါတယ်၊ အညမညက အရာကျဉ်းကြောင်းတွေ့ရပါလိမ့်မယ်။ သဟဇာတဖြစ်တိုင်း အညမည မဖြစ်ကြောင်းကို "သဟဇာတပစ္စယာ န အညမညေ ပဉ္စ" ရယ်လို့ သင်္ချာခန်းများမှာ ဟောထားပါတယ်၊ အညမညဖြစ်ရင် သဟဇာတ ဧကန်ဖြစ်ကြောင်းကိုလဲ "အညမညပစ္စယာ သဟဇာတေ တီဏိ" လို့ ဟောထားပါတယ်။ ပဉ္စ-ဆိုတာ ပဉှာဝါရ အနုလောမ ပစ္စနိက်က ပြောခဲ့တဲ့အတိုင်း "စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇရုပ် အားတက်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စ ဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြွင်းသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး" ဆိုတဲ့ ပဉ္စဝေါကာရ နာမ်တရားတွေ ဥပါဒါရုပ်အား ကျေးဇူးပြုတဲ့

မဟာဘုတ်တွေ ဖြစ်ပါတယ်၊ ဒါက သဟဇာတနဲ့သာ ဆိုင်ပြီး အညမညနဲ့ လုံးဝမဆိုင်ပါဘူး။ ဒီတော့ အညမည ပစ္စည်းအတွက် အထူးများစွာ ပြောစရာမရှိပါဘူး။

ရှေ့ဆက်ပြီး ဝိပါကပစ္စည်းရဲ့ သုဒ္ဓသင်္ချာကို စာမျက်နှာ(၈)မှာ ဆိုရပါလိမ့်မယ်။

## ဝိပါက

**ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရနဲ့**-အရှင်းရှင်းအားရင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား ရင်းတတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဤတရားတို့သည် ဝိပါကပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာဇကံ။ ပစ္စည်းရေ (၅)ဟူသည်တည်း။ သင်္ချာဇကံဟူသော်ကား အဗျာကတော အဗျာကတဿဟူသည်တည်း။ ပစ္စည်းရေ (၅) ဟူသော်ကား သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ-ဟူသည်တည်း။

ဝိပါကမှာ ပစ္စည်းကလဲ ဝိပါက် ပစ္စယုပ္ပန်ကလဲ ဝိပါက်နဲ့ ရုပ်တွေသာ ရှိခြင်းကြောင့် အဗျာကတော အဗျာကတဿဘဲရပါတယ်။ ဒုတိယအချက် ဟဒယဝတ္ထုအားတတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာကလဲ အဗျာကတော အဗျာကတဿဘဲဖြစ်ပါတယ်။ ပစ္စည်းရေ (၅)တွေက တပြိုင်နက် ပစ္စည်းတွေဖြစ်ပါတယ်။ သဟဇာတအကြီး ၄-က အမြဲလိုက်ပါတယ်။ မိမိရဲ့ ပစ္စည်းဖြစ်တဲ့ ဝိပါကကို ထည့်လိုက်ရင် ပစ္စည်းရေ (၅)သာပြီး ဖြစ်ပါတယ်။ သူ့အတွက် ပါဠိက စာမျက်နှာ (၈)မှာ ရှိပါတယ်။ အဗျာကတော အဗျာကတဿလို့ရှိတော့ အဗျာကတဆိုင်ရာမှာ ကြည့်ရပါလိမ့်မယ်။ အဗျာကတဆိုင်ရာမှာ ပထမအကွက်က ဝိပါက်သာရခြင်းကြောင့် ''ကြိယာဗျာကတော'' မထည့်ရပါဘူး။ ဒုတိယအကွက် ပဋိသန္ဓေမှာ စာရှိတဲ့အတိုင်း ဆိုရပါတယ်။ ဝိပါကပစ္စည်းရဲ့ ဒုတိယအချက်ဟာ ဟဒယဝတ္ထုအားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာလို့ဆိုသဖြင့် ခန္ဓာဝတ္ထုဿ ဒါနဲ့ဘဲ ကိစ္စပြီးပါတယ်။ အောက်ပိုင်းတွေက ဝိပါကနဲ့ လုံးဝမဆိုင်တော့ပါဘူး။

### အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပါက ပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာစ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ ဝိပါက ပစ္စယေန ပစ္စယော။

အချင်းချင်းဆိုပေမဲ့ ပစ္စည်းမှာ ဝိပါက်အကုန်ရပါတယ်။ ပစ္စယုပ္ပန် ပဝတ္တိအခါမှာ ဝိပါက်နဲ့ စိတ္တဇရုပ်, ပဋိသန္ဓေအခါမှာ ပဋိသန္ဓေစိတ်နဲ့ ကဋတ္တာရုပ်ရှိပါတယ်၊ ခန္ဓာဝတ္ထုဿ

အတွက် ဟဒယဝတ္ထုက ကင္ဒုတ္တာချပ်ထဲမှာဝင်ပါတယ်။ သူတို့ရဲ့ပါဠိကိုကြည့်လိုက်ရင် ပဋိသန္ဓေအခါမှာ ဧကောခန္ဓောလို့ဟောသဖြင့် သူ့အတွက် အစိတ်အစိတ်ဖြစ်ပါတယ်။ ခန္ဓာဝတ္ထုသာ-အတွက်က အစိတ်အပေါင်းဖြစ်ပါတယ်။ ဒါ့ကြောင့် အစိတ်အစိတ် အစိတ်အပေါင်းလို့ ပဋိသန္ဓေအခါမှာ ဆိုရပါတယ်။ ပဝတ္တိအခါမှာတော့ အစိတ်အစိတ်ချည်းဘဲဖြစ်ပါတယ်။ ကရိုဏ်းကြတော့ တပြိုင်နက်ယထာရဟ(၈)ပစ္စည်းဖြစ်ပါတယ်။ အကြီးနဲ့ဝိပါကကတော့ တပြိုင်နက်ဖြစ်ပါတယ်။ အညမည သမ္ပယုတ္တက နာမ်အတွက်ရပါတယ်။ ဝိပ္ပယုတ္တက ရုပ်အတွက်ရပါဘယ်။ ပဋိသန္ဓေအခါမှာလဲ အတူတူပါဘဲ။

## ပဝတ္တိ

**အဇ္ဈာကတော အဗျာကတဿ** - ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားရင်းတတ်သောဝိပါက်စိတ်ဆတ္တိံသ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာပစ္စည်းတရားရ၏၊ အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တိံသ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ဝိပါကပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ (၈) ပစ္စယသတ္တိတို့တွင် ဝိပါကသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## ပဋိသန္ဓေ

ပဋိသန္ဓေအခါ အဗျာကတောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အချင်းချင်းအားရင်း၊ အချင်းချင်းနာမက္ခန္ဓာကဋတ္တာရုပ်အားရင်းတတ်သော ပဋိသန္ဓေစိတ် ဧကူနဝီသ စေတသိက်ပဉ္စတိံသ အစိတ်အစိတ်, အစိတ်အပေါင်းနာမက္ခန္ဓာ ပစ္စည်းတရားရ၏၊ အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပဋိသန္ဓေစိတ်ဧကူနဝီသ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ဝိပါကပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ (၈) ပစ္စယသတ္တိတို့တွင် ဝိပါကသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဓိပ္ပါယ်

ဝိပါကပစ္စည်းဆိုတာ မိမိကိုယ်တိုင်က ကံချားရဲ့အကျိုးဖြစ်ရသေတော့ ဖြစ်နေပုံ အခြင်းအရာဆိုတဲ့ ဗျာပါရလုံးဝမရှိဘဲ ငြိမ်သက်ချေမ်းလှတဲ့အပြင် မိမိနှင့်အတူဖြစ်ဘက်တရားတွေကိုလဲ မိမိနည်းတူ ဗျာပါရ ငြိမ်းစေ‌ကြောင်းရာ ကျေးဇူးပြုတဲ့ပစ္စည်းဟာ ဝိပါကပစ္စည်းမည်ကြောင်းကို "နိရုဿာဟသန္တဘာဝေန နိရုဿာဟသန္တဘာဝါယ ဥပကာရကော ဝိပါကဓမ္မော ဝိပါကပစ္စယော" ရယ်လို့ မိန့်ဆိုပါတယ်။

ဥပမာအားဖြင့် မှည့်နေကြတဲ့ သစ်သီးသစ်ပွင့်တွေဟာ အရှိန်အစွမ်းကုန်ခမ်းတော့ အားနည်းကြပါတယ်။ အစွမ်းထုတ်ခြင်း အရှိန်သတ္တိကုန်ဆုံးလို့ လုံးလုံးသိမ်မွေ့နူးညံ့တဲ့ သဘောသို့ရောက်တာနဲ့တူကြပါတယ်။

ဝိပါက်စိတ်များဟာ ဘယ်လောက်ငြိမ်သက်သလဲဆိုရင် တညလုံးအိပ်နေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကံကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြုပြီး ဘဝင်ဝိပါက် စိတ်တွေ တသွင်သွင်စီးနေတဲ့ မြစ်ရေအယဉ်များလို တညလုံးဖြစ်နေပေမယ်သို့ ဘယ်လိုကိုယ် နှုတ်စိတ်ပယောဂမှမရှိပါဘူး။အဲဒီလိုပယောဂမရှိဘဲစိတ်ဖြစ်နေတာကိုတောင်မသိရလောက် အောင် ငြိမ်သက်လှပါတယ်၊ ကိလေသာတွေငြိမ်းနေလို့ ငြိမ်သက်တာမဟုတ်ပါဘူးလို့မူလ ဋီကာက ဆိုပါတယ်။မိုးလင်းလို့နိုးတောင်မှဘာကိုမှ သိမှတ်နိုင်တဲ့စိတ်ဖြစ်မလာပါဘူး၊ ပဉ္စ ဝိညာဏဝီထိမှာ ပဉ္စဝိညာဉ်စသော ဝိပါက်စိတ်တွေဟာ ဝတ္ထုအာရုံ ထိခိုက်မှုကြောင့်သာ ဖြစ်ရပေမဲ့ လုံးဝသူတို့မှာ အားထုတ်မှုမရှိကြပါဘူး။ သူတို့ချည်းသက်သက်သာ ဖြစ်နေမယ် ဆိုရင် ဖြစ်မှန်းတောင် သိမယ်မဟုတ်ပါဘူး။ ဇောစောလို့သာ သိရပါတယ်၊ ဝိပါက်များ ဟာ ဒါလောက်တောင်ဘဲ ငြိမ်သက်လှပါတယ်။

**ဝိပါက်နှင့် အခြားစိတ်များအထူး။** ။ကုသိုလ် အကုသိုလ်စိတ်များမှာ (၁) ဝိပါက်ကို ဖြစ်အောင် ကြောင့်ကြစိုက်မှု (၂) ကိုယ်အမူအရာ နှုတ်အမူအရာ စသည်ဖြစ် အောင် ကြောင့်ကြစိုက်မှုရယ်လို့ နှစ်မျိုးရှိကြပါတယ်။ ကြိယာစိတ်များမှာ ဝိပါက်ဖြစ်အောင် ကြောင့်ကြစိုက်မှု မရှိပေမဲ့ ကိုယ်အမူအရာ နှုတ်အမူအရာဖြစ်အောင် ကြောင့်ကြစိုက်မှုတော့ ရှိကြပါသေးတယ်၊ ဒါကြောင့် ရဟန္တာများရဲ့ သန္တာန်မှာ ဖြစ်ကြတဲ့ ကြိယာစိတ်တွေဟာ ငြိမ်သက်တဲ့ သဘောရှိကြလေတော့ ပဋိသန္ဓေစတဲ့ ဝိပါက်ကိုဖြစ်စေနိုင်တဲ့ ဗျာပါရကင်းကြ ပါတယ်။ ဝိပါက်စိတ်များကတော့ ပြောခဲ့တဲ့ ဗျာပါရနှစ်ပါးလုံးကို မရလေတော့ သမ္ဗုဟ် တရားတွေကို သိတ်ထားသလို ငြိမ်သက်အောင် ကျေးဇူးပြုထားတဲ့အတွက် တနေ့လုံး စိတ္တ ဗျာပါရအတွက် အဩတ္တရပ်ကြီးကို ပူလောင်မှု ချောက်ခြားမှုများဟာ ဒီဝိပါကပစ္စည်းဖြင့် ငြိမ်းချမ်းမှုကို ရကြပါတယ်။ ''နိရုဿာဟ သန္တဘာဝ''ဆိုတဲ့ အဋ္ဌကထာ စကားရပ်ကို ဋီကာများက ဖွင့်ပြကြပါတယ်။ ဒါပေမဲ့ မဏိမဉ္ဇူက (၁) သဉဿာဟ အသန္တသဘာဝ (၂) သဉဿာဟ သန္တသဘာဝ (၃) နိရုဿာဟသန္တသဘာဝ (၄) နိရုဿာဟ သန္တ သဘာဝ-သဉဿာဟ သန္တသဘာဝစိတ်ရယ်လို့ ၄ မျိုးပြပါတယ်။

(၁) သဉဿာဟ အသန္တ သဘာဝစိတ်ဆိုတာ ဗျာပါရရှိတဲ့ အကုသိုလ်စိတ်ဖြစ် ပါတယ်။ဗျာပါရရှိလို့သာ ကိုယ်နှုတ်စိတ်အမှုကိုဖြစ်စေနိုင်တဲ့အပြင် နောက် လဲ အကျိုးဝိပါက်ကိုဖြစ်စေနိုင်ပါတယ်။ အကုသိုလ်ဆိုတာ ကိလေသာအပူနဲ့ တကွဖြစ်လေတော့ ငြိမ်သက်မြေတဲ့ သဘောမရှိပါဘူး။

(၂) သဉဿာဟ သန္တသဘာဝစိတ်ဆိုတာ အကုသိုလ်များလို ဗျာပါရရှိတဲ့ ကုသိုလ်စိတ်များဖြစ်ပါတယ်။ ဒီကုသိုလ်စိတ်ဟာ အကျိုးဝိပါက်ကို ဖြစ်စေ တတ်ပေမဲ့ အကုသိုလ်များလို ကိလေသာ အပူမရှိလေတော့ မြေတဲ့သန္တ သဘောရှိပါတယ်။

( ၃ ) နိရယဿဟ သန္တသဘာဝစိတ်ဆိုတာ အားထုတ်မှု ဗျာပါရမရှိ ငြိမ်းကြတဲ့ အာဝဇ္ဇန်းဒွေနဲ့ ဝိပါက်စိတ်များ ဖြစ်ကြပါတယ်။

( ၄ ) နိရယဿဟ သန္တသဘာဝ-သဥဿာဟ သန္တသဘာဝစိတ်ဆိုတာ ကိုယ်နှုတ်စိတ်ဖြစ်ဘို့ရာ ဗျာပါရမကောင်းကြတဲ့ ကြိယာစိတ်များ ဖြစ်ကြတယ်။ နောင်အကျိုးပေးစရာမရှိလို့ နိရယဿဟ ကိလေသာ အပူမီးမပါလို့ သန္တသဘောရှိတယ်လို့ ပြဆိုပါတယ်။ ဒီ ၄ မျိုးမှာ အာဝဇ္ဇန်းဒွေကို နိရဿဟလို့ ဆိုတာကတော့ ကုသိုလ် အကုသိုလ်များလို အကျိုးဖြစ်စေရန် အားထုတ်မှု ဗျာပါရ မရှိတာကိုစွဲပြီး ဆိုပါတယ်။ ကိရိယာမယ စိတ်ဖြစ်ဘဲ့အတွက် ကြွင်းကြိယာစိတ်များလို သဥဿာဟ လို့ လဲ ဆိုသင့်ပါတယ်။ နိရဿဟလို့လဲ ဆိုသင့်ပါတယ်။ နိရဿဟဆိုသင့်တယ်ဆိုရင် ဝိပါကပစ္စည်းနဲ့ မထူးတော့ဘူး။ ဒီလိုဆိုရင် ဝိပါကပစ္စည်းတတ်ရလိမ့်မယ်။ တတ်မလားဆိုတော့ မတတ်ပါဘူးလို့ မုံးခိုင်းဆရာတော်ကြီးက မိန့်ဆိုပါတယ်။ ဝိပါကပစ္စည်း ပြီးသွားပါပြီ။

## သမ္ပယုတ္တ

သမ္ပယုတ္တပစ္စည်းရဲ့ သုဒ္ဓသင်္ချာ ဆိုရပါလိမ့်မယ်။

**သမ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** - အချင်းချင်း အားတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သင်္ချာတိကာ။ ပစ္စည်းရေ (၆) ဟူသည်တည်း။ သင်္ချာတိကာဟူသော်ကား ကုသလော ကုသလဿ။ အကုသလော အကုသလဿ။ အဗျာကတော အဗျာကတဿဟူသည်တည်း။ ပစ္စည်းရေ (၆)ဟူသော်ကား သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဟူသည်ဟည်း။

သမ္ပယုတ္တပစ္စည်းမှာ ပစ္စည်းပစ္စယုပ္ပန် နာမ်ကုန်ရပါတယ်။ နာမ်အချင်းချင်းသာ လျှင် ကျေးဇူးပြုတဲ့ ပစ္စည်းဖြစ်ပါတယ်။ ဒါကြောင့် ကုသိုလ် အကုသိုလ် အဗျာကတ-၃ ချက်ရပါတယ်၊ ကုသလော ကုသလဿ၊ အကုသလော အကုသလဿဟာ သဟဇာတနဲ့ တူပါတယ်။ အဗျာကတော အဗျာကတဿကြပြန်တော့ ပဝတ္တိ ပဋိသန္ဓေရပါတယ်။ ဒါပေတဲ့ နာမ်အချင်းချင်းသာ ကျေးဇူးပြုတဲ့ ပစ္စည်းဖြစ်ခြင်းကြောင့် ရုပ်နဲ့ လုံးဝမဆိုင်ပါဘူး။

## ကုသလော ကုသလဿ

ကုသလော ဧကော ခန္ဓော ကုသလဿ ခန္ဓဿ သမ္ပယုတ္တ ပစ္စယေန ပစ္စယော၊ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။

**ကုသလော ကုသလဿ၌** - ကုသလော ဧကော ခန္ဓောဟူသော ကဏ္ဍား ပုဒ်၏ အရကား အချင်းချင်း အားတပ်သော ကုသိုလ်စိတ် စေတသိက် အဋ္ဌတိံသ အနိတ်အစိတ်

နာမက္ခန္ဓာ ပစ္စည်းတရားရ၏၊ ၊ကုသလဿ ဓမ္မဿဟူသော သမ္ပဒါန် ပုဒ်၏ အရကား ကုသိုလ်စိတ် ကေဝိသ စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ၊သမ္ပယုတ္တ ပစ္စယေနဟူသော ကရိုဏ်း ပါဌ်၏ အရကား တပြိုင်နက်တတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ (၆)ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။

**အကုသလော အကုသလဿဝှ** ≡ အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား အချင်းချင်း အားတတ်သော အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။အကုသလဿ ဓမ္မဿဟူသော**သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။သမ္ပယုတ္တ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ (၆) ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

## အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေနပစ္စယော။ ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကောခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေနပစ္စယော။ တယော ခန္ဓာ ဧကဿခန္ဓဿ သမ္ပယုတ္တပစ္စယေနပစ္စယော။ ဒွေခန္ဓာ ဒွိန္နံခန္ဓာနံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော၊ ပဋိသန္ဓိက္ခဏေဝိပါကာဗျာကတော ဧကောခန္ဓော တိဏ္ဏန္နံခန္ဓာနံ သမ္ပယုတ္တ ပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေနပစ္စယော။

အဗျာကတကြတော့ ပဝတ္တိအခါကာလမှာ ဝိပါက်ကြိယာတွေ အကုန်ရပါတယ်။ ကရိုဏ်းက (၇)ရေးထားပါတယ်။ တပြိုင်နက်ယထာရဟာဖြစ်တယ်၊ ယထာရဟက ဝိပါက တခုသာပါပါတယ်။ ကျန်တဲ့ (၆)ပစ္စည်းတွေဟာ တပြိုင်နက်ဖြစ်ပါတယ်၊ သမ္ပယုတ္တရရင် အညမညအမြဲရပါတယ်၊ ပဋိသန္ဓေအခါကြတော့ ဝိပါကဟာတပြိုင်နက်ဖြစ်ပါတယ်။ ဝိပ္ပယုတ္တနဲ့ လုံးဝမဆိုင်ပါဘူး။ သမ္ပယုတ္တဟာ ဝိပ္ပယုတ္တနဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။

## ပဝတ္တိ

**အဗျာကတော အဗျာကတဿဝှ** - ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အချင်းချင်းအားတတ်သော ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ

စေတသိက်အဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာပစ္စည်းတရားရ၏။ ။အဗျာကတဘာသမ္မသ ဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝိသ စေတသိက်အဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ။သမ္ပယုတ္တပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကားတပြိုင်နက် ယထာရဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၇) ပစ္စယသတ္တိတို့တွင် သမ္ပယုတ္တသတ္တိဟုဆိုအပ်သောသတ္တိဝိသေသရ၏။

## ပဋိသန္ဓေ

ပဋိသန္ဓေအခါ အဗျာကတောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကားအချင်းချင်း အားတတ်သော ပဋိသန္ဓေစိတ်ကျေနဝိသ စေတသိက်ပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။အဗျာကဘာသမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပဋိသန္ဓေ စိတ်ကျေနဝိသ စေတသိက် ပဉ္စတိံသ အစိတ်အစိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။ ။သမ္ပယုတ္တပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ဘတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၇)ပစ္စယ သတ္တိတို့တွင် သမ္ပယုတ္တသတ္တိဟုဆိုအပ်သောသတ္တိဝိသေသရ၏။

## အဓိပ္ပါယ်

သမ္ပယုတ္တပစ္စည်းဆိုတာ ဧကသဘောကဖဿဘဲ၊ ဧကသဘောကဝေဒနာဘဲ စသည်ဖြင့် မခွဲခြားနိုင်လောက်အောင် ဖြစ်အတူ ပျက်အတူ အာရုံတူ မှီရာတူတဲ့သမ္ပယောဂလက္ခဏာနဲ့ ပြည့်စုံညီညွတ်စွာတပါးရဲ့သဘောကို တပါးကလိုက်လျော၍ တခုတည်းတလုံးတည်း တပေါင်းတည်းယှဉ်ခြင်း သမ္ပယောဂကိစ္စနဲ့ ကျေးဇူးပြုတဲ့ကိစ္စဟာ သမ္ပယုတ္တပစ္စည်းဖြစ်ပါတယ်။ ဥပမာစတုမဓုများကိုချက်လိုက်တဲ့အခါ ဒါကထောပတ်အရသာ ဒါကပြားရည်အရသာစသည်ဖြင့် မခွဲခြားနိုင်လောက်အောင် ရောနှောခါသမနေသလို မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာကစီးလာဘဲ့ရေဟာ သမုဒ္ဒရာရောက်တဲ့အခါ ဒါကဂင်္ဂါမြစ်ရေ ဒါဘယမုနာမြစ်ရေစသည်ဖြင့် မခွဲခြားနိုင်လောက်အောင် သမနေတာနဲ့တူပါတယ်။

စက္ခုဝိညာဉ်စိတ်ကလေးဖြစ်လာတဲ့အခါမှာ စက္ခုဝိညာဉ်စိတ်,သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ခု, အဲဒီ(၈)ခုဟာ ခွဲခြားလို့မရ တပေါင်းဘည်းဖြစ်နေတဲ့ နာမ်ကလာပ်တခု ဖြစ်ပါတယ်။ ၎င်းကိုပညတ်အားဖြင့် မြင်တတ်တဲ့တရားရယ်လို့ဆိုရပါတယ်၊ ဒီရှစ်ပါးထဲက တပါးတပါးကိုမြင်တဘ်ဘယ်လို့ မဆိုနိုင်ပါဘူး။ တပါးစီခွဲခြမ်းပြီးသိခြင်းငှာလဲ မစွမ်းနိုင်ပါဘူး။

ဒီသမ္ပယုတ္တပစ္စည်းမှာ ရုပ်တရားတွေက လုံးဝမဆိုင်ပါဘူး။ ရုပ်များမှာ သုဒ္ဓဋ္ဌက ကလာပ် နဝကကလာပ်စသည်ဖြင့် တပေါင်းတည်းဖြစ်ပြီး ဖြစ်အတူ ပျက်အဘူဖြစ်ကြပေမဲ့ အဲဒီရုပ်တွေဟာ နာမ်မဟုဘ်ဘူး။ နာမ်လိုလက္ခဏာ ၄-ပါးမပြည့်စုံလေဘော့ သမ္ပယုတ္တ ပစ္စည်းမသိုက်ပါဘူး။ နာမ်တရားများသာ သမ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန်ဖြစ်နိုင်ပါတယ်။

မည်သည့်စိတ်မျိုးမဆိုဖြစ်ပေါ်လာလျှင် စိတ်ချည်းသက်သက်ဖြစ်တာမဟုတ်ဘဲ ယှဉ်ဘက်စေတသိက်တွေနဲ့တကွဖြစ်ကြရတယ်။ အာရုံနဲ့ကင်းလို့လဲမဖြစ်ပြန်တော့ အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြုကြရတယ်။ ဒီစိတ်တွေဖြစ်ပုံနဲ့တကွ စေတသိက်ယှဉ်များကိုမွေ့သင်္ဂဟ်ဇိဋ္ဌ၊ ပွါဒက ဋ္ဌာတခုလုံးမှာ အကျယ်တွေတန်ပြီး ဟောထားပါတယ်။ အဘိဓမ္မာကိုတတ်သိနားလည်လိုသူတို့ ဒီစိတ်စေတသိက်ယှဉ်များကို ရှေးဦးစွာ နားလည်နိုင်စေရန်ဟောထားခြင်းဖြစ်ပါတယ်။ မဟာကုသိုလ်ပဌမစိတ်၌ (၃၈) ပါးသော ယှဉ်ဘက်များကိုဟောထားရာသဘောတူတရားကိုယ်များကို ပေါင်းလိုက်ရင် စေတသိက် (၃၃) ခုသာရပါတယ်၊ ကျန်ငါးပါးမှာ "ယေဝါပနက" စေတသိက်များဖြစ်ကြပါတယ်။ သဂြိုဟ်သရုပ်ကိုသဘောကြမယ် ဓမ္မသင်္ဂဏီမှာဟောထားတဲ့ တရားကိုယ်တွေကို သဘောကြမယ်ဆိုရင် ဓမ္မသင်္ဂဏီမှာဟောပုံနည်းများကို အခက်အခဲမရှိနားလည်နိုင်ပါတယ်။

## သဟဇာတ ဝိပ္ပယုတ္တ

သမ္ပယုတ္တပြီးတော့ သဟဇာတဝိပ္ပယုတ္တရဲ့ သုဒ္ဓသချာကိုဆိုရပါလိမ့်မယ်။

**သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသချာဝါရ၌** - ဝိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားတတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သချာဝါဏီ။ ပစ္စည်းရေ (၅) ဟူသည်တည်း။ သချာဝါဏီဟူသော်ကား ကုသလာအဗျာကတဿ၊ အကုသလာအဗျာကတဿ၊ အဗျာကတော အဗျာကတဿဟူသည်တည်း။ ပစ္စည်းရေ(၅)ဟူသော်ကား သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသည်တည်း။

ပစ္စယုပ္ပန်ကရုပ်ရှိပါတယ်။ ရုပ်ရှိသဖြင့်အဗျာကတ ကိန်းသေပါတယ်။ ပစ္စည်းဘက်က ကုသိုလ်အကုသိုလ်အဗျာကတရှိသဖြင့် ကုသလာအဗျာကတဿ၊ အကုသလာ အဗျာကတဿ၊ အဗျာကတောအဗျာကတဿ ၃ ချက်ရပါတယ်။ ဒုတိယအချက်အချင်းချင်းအားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ လို့ဆိုတာ သဟဇာတမှာလဲ ပါပါတယ်။ အညမညမှာလဲပါပါတယ်။ အဗျာကတောအဗျာကတဿဖြစ်ပါတယ်။ ပစ္စည်း (၅)ခုကတော့ ဝိပ္ပယုတ္တကို သဟဇာတအကြီးလဲမှာ ထည့်ပေးလိုက်ရရုံပါဘဲ။ သမ္ပယုတ္တတုံးကတော့ သမ္ပယုတ္တရရင် အညမညအမြဲရသဖြင့် အညမညပါပါလာ၍ ပစ္စည်းရေ(၆) ဖြစ်ပါတယ်။ ကုသလာအဗျာကတဿ၊ အကုသလာအဗျာကတဿဟာ သဟဇာတနဲ့ အတူတူဘဲ ဖြစ်ပါတယ်။

## ကုသလော အဗျာကတဿ

ကုသလာဓမ္မာ အဗျာကတဿဓမ္မဿ ဝိပ္ပယုတ္တပစ္စယေနပစ္စယော။ သဟဇာတာ ကုသလာခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေနပစ္စယော။

ဝိပ္ပယုတ္တပစ္စည်းမှာ သဟဇာတ - ပုရေဇာတ - ပစ္ဆာဇာတရယ်လို့ အကျဉ်းအားဖြင့် ၃ မျိုး၊ ဝတ္ထာရမ္မဏာထည့်လိုက်ရင် ဝိပ္ပယုတ္တ ၄ မျိုးရှိပါတယ်။ ယခုသဟဇာတဝိပ္ပယုတ္တကို ဟောနေခြင်းကြောင့် ''သဟဇာတာ''ရယ်လို့ ထည့်ပေးပါတယ်။ ရှေးကပစ္စည်းတွေတုံးက တော့ အထူးမျိုးကွဲမရှိခြင်းကြောင့်ထည့်ပေးစရာမလိုပါဘူး။ အရကောက်မှာလဲ ကုသလော အဗျာကတဿလို့ဆိုရင် သဟဇာတအရကောက်ကို ဆိုရရုံပါဘဲ။

**ကုသလော အဗျာကတဿ**-ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား စိတ္တဇရုပ်အားတတ်သော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်စေတသိက် အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။အဗျာကတဿဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။ ဝိပ္ပယုတ္တပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်ဘဘ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၅)ပစ္စယ သတ္တိတို့တွင် သဟဇာတဝိပ္ပယုတ္တ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသလော အဗျာကတဿလဲအကူတူပါဘဲ။

### အကုသလော အဗျာကတဿ

အကုသလောဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တ ပစ္စယေနပစ္စယော။ သဟဇာတာ-အကုသလာခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေနပစ္စယော။

**အကုသလော အဗျာကတဿ**-အကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား စိတ္တဇရုပ်အားတတ်သော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ စေတသိက်သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ပစ္စယုပ္ပန်တရားရ၏။ ။ဝိပ္ပယုတ္တပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကားတပြိုင်နက်တတ်ကောင်းသော သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၅)ပစ္စယသတ္တိတို့တွင် သဟဇာတဝိပ္ပယုတ္တသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အဗျာကတောအဗျာကတဿရဲ့ ပါဠိကလေးကို ကြည့်ရင် ပစ္စယုပ္ပန်က စိတ္တဇရုပ်နေပါတယ်။ ရုပ်ပစ္စယုပ္ပန်နေရင် အမြဲအစိတ်အပေါင်းဖြစ်ပါတယ်။ အဲဒီတော့ သဟဇာတရဲ့ ပါဠိလို ဧကောခန္ဓောတွေမရဘဲ ''ဝိပါကာဗျာကတာ ကြိယာဗျာကတာခန္ဓာ''လို့ ဟောရပါလိမ့်မယ်။ ထိုနည်းတူစွာပဋိသန္ဓိက္ခဏေမှာလဲ ''ဝိပါကာဗျာကတာခန္ဓာ''လို့ ကဋတ္တာရုပ်ကို ကျေးဇူးပြုပါတယ်။ အချင်းချင်းတတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟဒယဝတ္ထုအတွက် ''ခန္ဓာဝတ္ထုဿ၊ ဝတ္ထုခန္ဓာနံ''လာပါလိမ့်မယ်။

### အဗျာကတော အဗျာကတဿ

အဗျာကတောဓမ္မော အဗျာကတဿဓမ္မဿ ဝိပ္ပယုတ္တပစ္စယေနပစ္စယော။ သဟဇာတာ-ဝိပါကာဗျာကတာ ကြိယာဗျာကတာခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန

ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာခန္ဓာ ကဋတ္တာရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ခန္ဓာဝတ္ထုဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ဝတ္ထုခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရကောက်ကြတော့ စိတ္တဇရုပ်ပစ္စယုပ္ပန်နေတဲ့အခါမှာ စိတ္တဇရုပ်ကို မဖြစ်စေနိုင်တဲ့ စိတ်တွေ အမြဲကြဉ်ပေးရပါတယ်။ ပဋိသန္ဓေအခါမှာလဲ ကဋတ္တာရုပ်က ပစ္စယုပ္ပန်နေခြင်း ကြောင့် ပဉ္စဝေါကာရနဲ့ သာဆိုင်ပါတယ်။ နောက် ''ခန္ဓာဝတ္ထုဿ-ဝတ္ထုခန္ဓာနံ''က သူ့ဟာနဲ့သူ လာပါလိမ့်မည်။

## ပဝတ္တိ

**အဗျာကတော အဗျာကတဿ**-ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော **ကတ္တား**ပုဒ်၏အရကား စိတ္တဇရုပ် အားတတ်သော ပဉ္စဝေါကာဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခု ဒွေပဉ္စ ဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်စိတ် ဗာဝီသ၊ ကြိယာစိတ် ဝီသ၊ စေတသိက် အဋ္ဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ပစ္စည်းတရားရ၏။ ။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ဝိပါက်ကြိယာပြုအပ်သော စိတ္တဇ ရုပ် ပစ္စယုပ္ပန်တရားရ၏။ ။(ကရိုဏ်းကြတော့ ဝိပ္ပယုတ္တကိုဟောလို့ သမ္ပယုတ္တနဲ့ လုံးဝ မဆိုင်ပါဘူး။ အညမညလဲ မရပါဘူး။ အညမညရဲ့ ပစ္စယုပ္ပန်မှာ စိတ္တဇရုပ် မရှိပါဘူး။ ဒီတော့ဝိပါကနဲ့ ဝိပ္ပယုတ္တ-အကြိုး ၄၊ ၆ ပစ္စည်းရှိပါတယ်။ ဒါပေတဲ့ ဝိပါကက,ယထာ ရဟာဝင်ပါတယ်၊ ဆိုင်ရာဖြစ်တဲ့ ကြိယာစသည်တွေကို မရလို့ဖြစ်ပါတယ်) ဝိပ္ပယုတ္တ ပစ္စယေနဟူသော·**ကရိုဏ်း** ပါဌ်၏ အရကား တပ္ပိုင်နက် ယထာရဟာဘတ်ကောင်းသော သဟ ဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ (၆) ပစ္စယ သတ္တိတို့တွင် သဟ ဇာတ ဝိပ္ပယုတ္တ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ပဋိသန္ဓေ အခါကြတော့ ပါဠိအတိုင်းပါဘဲ။ ဝိပါကာ ဗျာကတာ ခန္ဓာ ကဋတ္တာ ရူပါနံ ၁-ချက်။ ပြီးတော့ ခန္ဓာဝတ္ထုဿ၊ ဝတ္ထုခန္ဓာနံ ၁-ချက်၊ ဒီ ၂-ချက်ကို ခွဲကောက်ရ ပါတယ်။

## ပဋိသန္ဓေ

ပဋိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား ကဋတ္တာရုပ် အားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ၊ စေတသိက် ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ (ဒါက သူ့ပါဠိအတိုင်းပါဘဲ၊ နောက် ခန္ဓာဝတ္ထုဿ ဝတ္ထုခန္ဓာနံ အတွက် အချင်းချင်း လာပါလိမ့်မယ်)အချင်းချင်းအားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသ၊ စေတသိက် ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ။ (ဒါက ခန္ဓာအရကို ပြောပါတယ်။ နောက် ဝတ္ထု အရကလေးက) ဟဒယဝတ္ထုပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား (အဲဒီမှာ ပစ္စယုပ္ပန်ဘက်ကလဲ ပစ္စည်းအတိုင်း ပဉ္စ ဝေါကာရ ပဋိသန္ဓေ ပန္နရသ၊ စေတသိက် ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာရှိပါ တယ်။ ဟဒယဝတ္ထုကိုတော့ ကဋတ္တာရုပ်ထဲသွင်းပြီး ကောက်နိုင်ပါတယ်) ပဉ္စဝေါကာရ

ပဋိသန္ဓေ ပန္နရသ၊ စေတသိက် ပဉ္စတိံသ အစိတ်အပေါင်း နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ။(ကရိုဏ်းကြဲတော့ အညမညဟာ ယထာရုပဟဝင်လာပါတယ်။ ခန္ဓာဝတ္ထုသ ဝတ္ထုခန္ဓာနံကို အညမညရပါတယ်၊ ဒါကြောင့် အညမညနှင့်တကွ (၇)ပစ္စည်းဖြစ်ပါတယ်။ သမ္ပယုတ္တဘခုဘဲ မရပါတယ်) ဝိပ္ပယုတ္တ ပစ္စယေနဟူသော ကရိုဏ်း ပါဋ်၏ အရကား တပြိုင်နက် ယထာရုပဟတတ်ကောင်းသော သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၌ (၇)ပစ္စယ သတ္တိတို့တွင် သဟဇာတ ဝိပ္ပယုတ္တ သတ္တိဟု ဆိုအပ်သော သတ္တိ ဒိသေသရ၏။

## အဓိပ္ပါယ်

သဟဇာတ ဝိပ္ပယုတ္တမှာ ပစ္စည်း ပစ္စယုပ္ပန်တရားတွေက သဟဇာတရဲ့ သဘောအားဖြင့် အတူတကွ ဖြစ်ပေမဲ့ သမ္ပယုတ္တသဘောကင်းပြီး သကာလ မယှဉ်ဘဲ ကျေးဇူးပြုတဲ့ သဘောဟာ ဝိပ္ပယုတ္တပစ္စည်းဖြစ်ပါတယ်။ အချိုအချဉ် အစပ်အငံ အဖန်အခါးလို့ဆိုတဲ့ ရသာ ၆ ပါးကို ရောစပ်ထားလို့ တခုနဲ့တခု နှီးနှောမိပေမဲ့ အချိုအရသာက အချဉ်အရသာ နောက်မလိုက်ပါဘူး။ အချဉ်အရသာကလဲ အချိုအရသာနောက်ကို မလိုက်လေတော့ အချင်းချင်းမလိုက်ရောနိုင်ကြသလို ပြဒါးကို ရေထဲသည့်လိုက်တဲ့အခါ ပြဒါးနဲ့ ရေအတူတကွ ဖြစ်ပေမဲ့ အချင်းချင်းမရောနှောမိကြဘဲနဲ့ တူပါတယ်။

ဝိပ္ပယုတ္တ ၄ မျိုးရှိပေမဲ့ ယခုသဟဇာတ ဝိပ္ပယုတ္တကိုသာ ပြောပါမယ်။ ဒီသဟဇာတ ဝိပ္ပယုတ္တပစ္စည်းရဲ့ သုဒ္ဓသဘောကိုကြည့်ရင် ပစ္စည်းက နာမ်ဖြစ်ရင် ပစ္စယုပ္ပန်က ရုပ်ဖြစ်နေတယ်။ ပစ္စည်းက ရုပ်ဖြစ်ရင် ပစ္စယုပ္ပန်က နာမ်ဖြစ်နေတယ်။ ပဝတ္တိအခါ စိတ်နဲ့ စိတ္တဇရုပ်၊ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်နဲ့ ပဋိသန္ဓေ ကမ္မဇရုပ်တွေဟာ အတူတကွဖြစ်ကြပေမဲ့ သမ္ပယုတ်မဟုတ် ဝိပ္ပယုတ္တသာ ဖြစ်ကြပါတယ်၊ ပဉ္စဝေါကာရ ပဋိသန္ဓေနဲ့ ဟဒယဝတ္ထုတို့လဲ ဒီသဘောပင်ဖြစ်ပါတယ်။ သဟဇာတက ပြောခဲ့တဲ့အတိုင်း အတူတကွ ဖြစ်ကြလေတော့ သမ္ပယုတ်များဖြစ်လေမည်လားလို့ ယုံမှားဘွယ်ရှိတဲ့ နေရာမှာ ဝိပ္ပယုတ္တ ပစ္စည်းကို ဟောပါတယ်။ သဟဇာတ ပစ္စည်းတုံးက မဟာဘုတ်အချင်းချင်း၊ မဟာဘုတ်နဲ့ ဥပါဒါရုပ်များဟာ အတူတကွဖြစ်လို့ သဟဇာတဖြစ်ခဲ့တယ်။ ဒီတော့ ဒီရုပ်အချင်းချင်းဟာ ဝိပ္ပယုတ်များဖြစ်လေသလားလို့ စဉ်းစားရင် ရုပ်နဲ့နာမ်သာ ဝိပ္ပယုတ္တ ဖြစ်နိုင်ပါတယ်။ ရုပ်အချင်းချင်းကတော့ ဝိပ္ပယုတ္တမဖြစ်နိုင်ပါဘူး။

ပစ္စယနိဒ္ဒေသများမှာတော့ ဒီနာမ်နဲ့ရုပ် တခြားစီဖြစ်ကြောင်းကို ''ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော''လို့ လွယ်လွယ်ဘဲ ဟောပါတယ်။ ဒီနာမ်ရုပ်တွေဟာ အတူဘဲဖြစ်ဖြစ် နာမ်က ရုပ်ကိုဘဲမှီရမှီရ နောက်နောက်နာမ်က ရှေးရှေးနာမ်ကို ကျေးဇူးဘဲပြုပြု တခြားစီသာ ဖြစ်ကြပါတယ်။ ဒီလိုနာမ်ရုပ် ၂ ပါးကို အတိအကျ အသေအချာသိနိုင်ရန်မှာ နာမ် ရုပ် ၂ ပါးသာရှိဘယ်၊ ပုဂ္ဂိုလ် သတ္တဝါစသည် မရှိလို့ အမြင်မှန်ရရင် [illegible] ဖြစ်ပါတယ်။ ဒီအကြောင်းကို ဝိသုဒ္ဓိမဂ်မှာ—

နာမဥ္စ ရူပဥ္စ ဣဓတ္ထိ သစ္စတော
နဟေတ္ထ သတ္တော မနုဇောစ ဝိဇ္ဇတိ
သုညံ ဣဒံ ယန္တမိဝါဘိ သင်္ခတံ
ဒုက္ခဿ ပုဉ္ဇော တိဏကဋ္ဌ သဒိသော။

ဒီခန္ဓာဆိုတဲ့ လောကမှာ အမှန် ပရမတ္ထသဘောအားဖြင့် နာမ်ရုပ်သာရှိပါတယ်။ ဒီနာမ်ရုပ်မှာ သတ္တဝါမရှိ လူမရှိ။ ဒီနာမ်ရုပ် ၂ ပါးဟာ အတ္တဇီဝမှ ဆိတ်တယ်။ ယန္တရားကြီးလိုပြုပြင်တဲ့ ယန္တရားရုပ်များလို ပစ္စည်းရဲ့ အစွမ်းအားဖြင့် ဖြစ်ပါတယ်။ အခါခပ်သိမ်း ကျင်နာနေလို့ ဆင်းရဲအစုသာဖြစ်ပါတယ်။ အဖွဲ့မှဆိတ်လေတော့ မြက်ထင်းတုံးနဲ့တူပါတယ်တဲ့။ ဒီနာမ်ရုပ်မျှသာဖြစ်တဲ့ အတ္တဘောကို သင်္ချယန္တရား ဥပမာနဲ့သာ မဟုတ်ဘဲ ကျူစည်း ဥပမာနဲ့လဲ ပြအပ်ပါတယ်။ ကျူစည်း ၂စည်း ထောင်ထားတဲ့အခါ အချင်းချင်း အမှီသဟဲ အထောက်အပံ့ဖြစ်ပါတယ်။ ဒါပေမဲ့ တခုလဲသွားရင် အခြားတခုလည်းလဲတော့တာဘဲ။ ဒီလိုလဲကျသလို ပဉ္စဝေါကာရဘုံမှာရှိတဲ့ နာမ်နဲ့ရုပ်ဟာ အချင်းချင်းမှီကြအထောက်အပံ့ပြုကြပေမဲ့ တပါးချုပ်ပျက်ရင် တပါးလဲချုပ်ပျက်ရပါတယ်ဆိုတာကို-

ယမကံ နာမရူပဥ္စ၊ ဥဘောအညောည နိဿိတာ
ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘောဘိဇ္ဇန္တိ ပစ္စယာ

လို့ နာမ်ရုပ်အစုံရှိပါတယ်။ ဒီနာမ်ရုပ် ၂ ပါးဟာ တပါးကိုတပါး မှီနေကြတယ်၊ တပါးပျက်ရင် နှစ်ပါးလုံးပျက်ကြတော့တာဘဲ။ ထိုမှတပါး လက်ခတ်နဲ့စည်ကို ရိုက်လိုက်တဲ့အခါမှာ စည်သံဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့ စည်ကတခြား အသံကတခြားဘဲ၊ စည်နဲ့အသံဟာ မရောဘူး။ စည်ဟာ အသံမှဆိတ်တယ်။ အသံဟာ စည်မှဆိတ်တယ်။ ဒီအတိုင်းဘဲ ဝတ္ထုဒွါရ အာရုံဆိုတဲ့ရုပ်ကို မှီရပြီး နာမ်ဖြစ်ပေမဲ့ရုပ်ဟာတခြား နာမ်ဟာတခြားဖြစ်တယ်။ နာမ်နဲ့ရုပ်ဟာ အချင်းချင်းမရောကြဘူး။ နာမ်ဟာ ရုပ်မှဆိတ်တယ်၊ ရုပ်ဟာနာမ်မှဆိတ်တယ်။ အမှန်ကတော့ စည်ကိုစွဲ၍ အသံဖြစ်သလို ရုပ်ကိုစွဲပြီး နာမ်ဖြစ်ပါတယ်။ အကျယ်ကိုတော့ ဝိသုဒ္ဓိမဂ်မှာဘဲ ကြည့်ပါတော့။ သဟဇာတမျိုး ပြီးသွားပါပြီ၊

**အနန္တရ**

သဟဇာတမျိုးပြီးသွားတော့ အနန္တရမျိုး လာပါလိမ့်မယ်။ အနန္တရရဲ့ သုဒ္ဓသင်္ချာဆိုရပါလိမ့်မယ်၊ စာမျက်နှာ(ဃ)မှာ ရှိပါတယ်။

**အနန္တရ၊သမနန္တရ၊အနန္တရူပနိဿယ၊နတ္ထိ၊ဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ အားတတ်သော ရဟန္တာတို့ စုတိကြဉ်သော အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ၅၂ဟူသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာသဘ္ဘာ။ ပစ္စည်းရေ(၅)ဟူသည်တည်း။

သင်္ချာသတ္တဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ (၅) ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသည်တည်း။

ဒီ (၅) ပစ္စည်းဟာ ပစ္စည်းပစ္စယုပ္ပန်အားလုံးကုန် အရတူပါတယ်။ အရအားလုံးကုန်တူသဖြင့် ဒီ (၅) ပစ္စည်းကို တပေါင်းတည်း ရေးပြီးထားပါတယ်။ ပစ္စည်းတရားဟာ ရဟန္တာ စုတိကြဉ်တဲ့ စိတ်စေတသိက် အကုန်ရပါတယ်။ ပစ္စယုပ္ပန်ကတော့ ရဟန္တာ စုတိနှင့်တကွ စိတ်စေတသိက် အကုန်ရပါတယ်။ ဒီတော့ အနန္တရရဲ့ သုဒ္ဓသင်္ချာကို ထုတ်ခဲ့သို့ ရှိရင် ရှေ့ကုသိုလ်က နောက်ကုသိုလ်ကို ကျေးဇူးပြုနိုင်ပါတယ်။ ကုသိုလ်ဇောနဲ့ အကုသိုလ်ဇောဟာ တပြိုင်နက် မဖြစ်နိုင်ခြင်းကြောင့် ကုသလော အကုသလဿ မရပါဘူး။ ဇောနောင်မှာ တဒါရုံဖြစ်နိုင်ပါတယ်၊ ဘဝင်ဖြစ်နိုင်ပါတယ်၊ မဂ်ဇောကြရင် ဖိုလ်ဖြစ်နိုင်ပါတယ်၊ ဖလသမာပတ်ဝီထိတွေမှာအနုလုံဇောရဲ့နောင်မှာ ဖိုလ်တွေလဲ ဖြစ်နိုင်ပါတယ်၊ နိရောဓသမာပတ်ဝီထိမှာ နေဝသညာ နာသညာယတန ကုသိုလ်ဇောနောင်မှာ ဖိုလ်ဖြစ်ပါတယ်၊ ဒါကြောင့် ကုသလော အဗျာကတဿ ရပါတယ်။ အကုသိုလ်ဇော အချင်းချင်း ကျေးဇူးပြုပါတယ်။ အကုသိုလ်ဇောနောင်မှာ တဒါရုံ ဘဝင်တွေဖြစ်ပါတယ်။ အဗျာကတ အချင်းချင်းကြတော့ အဗျာကတဆိုင်ရာ ဝိပါက်တွေ အချင်းချင်း ကြိယာတွေအချင်းချင်း၊ ဝိပါက်က ကြိယာ-ကြိယာက ဝိပါက်တွေကို ကျေးဇူးပြုပါတယ်။ အဗျာကတော ကုသလဿကြတော့ အာဝဇ္ဇန်းက မဟာကုသိုလ် ပထမဇောကို ကျေးဇူးပြုပါတယ်။ အကုသလဿကြတော့ ထိုနည်းတူစွာ အာဝဇ္ဇန်းက အကုသိုလ် ပထမဇောကို ကျေးဇူးပြုပါတယ်၊ ဒါ့ကြောင့် သင်္ချာဟာ သတ္တဘဲရပါတယ်။ သဘာဂပစ္စည်းရေ (၅)ကတော့ သူ့ရဲ့သုဒ္ဓသင်္ချာက ဆိုခဲ့တဲ့ အတိုင်း (၅)ပစ္စည်းပင် ဖြစ်ပါတယ်။ ဒီ (၅) ပစ္စည်းဟာ အားလုံးကုန် သဘောတူကြပါတယ်။ ဒါ့ကြောင့် အနန္တရချိုးမှာဆိုရင် ဒီ (၅)ပစ္စည်းဟာ အမြဲလိုက်ပြီးလာပါလိမ့်မယ်။ ပါဠိကို စာမျက်နှာ (၈) မှာ ကြည့်လိုက်ပါ။ အနန္တရကို ဥပသဂ္ဂနည်းနဲ့ ပြောပါမယ်။

## ကုသလော ကုသလဿ

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ၊ ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ အနန္တရ ပစ္စယေန ပစ္စယော။

**ကုသလော ကုသလဿ၌** ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ် စိတ် စေတသိက် အားလုံးသော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသ ပစ္စည်းတရားရ၏၊ ကုသလ...

ဓမ္မသဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ပထမဇောကြွင်သော နောက်နောက်သော ကုသိုလ်စိတ် စေတသိက် အဗ္ဗတိ သ ပစ္စယုပ္ပန်တရားရန်၏။

တနည်းကား အရကောက်အတွက် အနန္တရပမျိုးပစ္စည်း အကောက်ဇယား စာမျက်နှာ(၄)နဲ့(အ)မှာရှိပါတယ်။ဒီပဋ္ဌာဝါရမှာ ပစ္စည်းကလဲကုသိုလ် ပစ္စယုပ္ပန်ကလဲ ကုသိုလ်ဖြစ်ရပါလိမ့်မယ်၊ ပစ္စည်း ကုသိုလ်,ပစ္စယုပ္ပန် ကုသိုလ်ရှာရင် ပစ္စည်းဘက်က ''ပ-ဒု-တ-စ-ပဉ္စ-ဆဋ္ဌဇော''လို့ ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်က ''ဒု-တ-စ-ပဉ္စ-ဆဋ္ဌ-သတ္တမဇော''လို့ ရှိပါတယ်။ မဟာကုသိုလ်ကိုသာယူပါ။

## တနည်းကား

**တနည်းကား** မဟာကုသိုလ် ဒုတိယဇော အားတတ်သော ပထမဇော။ တတိယဇော အားတတ်သော ဒုတိယဇော၊ စတုတ္ထဇော အားတတ်သော တတိယဇော။ ပဉ္စမဇော အားတတ်သော စတုတ္ထဇော။ ဆဋ္ဌဇော အားတတ်သော ပဉ္စမဇော၊ သတ္တမဇော အားတတ်သော ဆဋ္ဌဇော။ (အစဉ်အတိုင်းဟပ်ယူပါ။)

(နောက်စာမျက်နှာ(အ)ကြည့်လိုက်ရင်''ဝေါ-ဝေါ-ကိစ္စတတ်သောမဟာကုပဋ္ဌ'' တွေ့ပါလိမ့်မယ်) မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ်စိတ်လေးခု၊ မဂ်သောမနဿသဟဂုတ်တဆဲ့ခြောက်ခုအားတတ်သော (အောက်ဖိုလ်နဲ့မဆိုင်ပါဘူး။ ကုသလောကုသလဿလိုချင်တာပါ) ဝေါကြဘူဝေါဒါန်ကိစ္စတတ်သော မဟာကုသိုလ်ပထမဒွေ၊ မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ်ငါးခု၊ မဂ်ဥပေက္ခာသဟဂုတ်သေးခု အားတတ်သော ဝေါကြဘူဝေါဒါန်ကိစ္စတတ်သော မဟာကုသိုလ်တတိယဒွေ။(အဲဒီနောက် ၂ ကြောင်းကျော်လိုက်ရင် ရှေးရှေးသောဇောတူမဟဂ္ဂုတ် ကုသိုလ်ကြီယာဆိုတာ တွေ့ပါလိမ့်မယ်။ ဒါပေမဲ့ ကုသိုလ်ဖြစ်ခြင်းကြောင့် ကုသိုလ်ဘဲဆိုရပါလိမ့်မယ်) သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် အားတတ်သော ရှေးရှေးသောဇောတူ မဟဂ္ဂုတ်ကုသိုလ်ပစ္စည်းတရားရ၏။ ။ (ဒါတွေပေါင်းလိုက်ရင် မဟာကုသိုလ်က ဒုတိယဇောစသည်တွေ ရပါတယ်။ မဟဂ္ဂုတ်ကုသိုလ်က ၉-ခုရပါတယ်။ မဂ်က ၄-ခုရပါတယ်။ အကျယ်က ၂၀-ရပါတယ်) ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား မဟာကုသိုလ် ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ်၉-ခု၊ မဂ် ၄-ခုပစ္စယုပ္ပန်တရားရန်၏။ ။(ကရိုဏ်းကြတော့ အနန္တရ မျိုး ၅ ပစ္စည်းအမြဲရပါတယ်။ ကုသလောကုသလဿမှာ အာသေဝနကာလဲ အပြည့်အစုံရပါတယ်။ အဲဒီ ၆-ပစ္စည်းဟာ တပြိုင်နက်ဖြစ်ပါတယ်။ အာသေဝနထည့်ပေးရပါတယ်) အနန္တရ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသော အနန္တရ၊သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ-ဟူ (၆) ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရန်၏။

ကုသလော ကုသလဿမှာ ပါဋ္ဌိသွားက ''ပုရိမာ ပုရိမာ ကုသလာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံခန္ဓာနံ အနန္တရ ပစ္စယေနပစ္စယော'' ဒါနဲ့ဘဲ ပြည့်စုံပါတယ်။ ပစ္စယနိဒ္ဒေသတုံးကလဲ ''ပုရိမာ ပုရိမာ ကုသလာဓမ္မာ'' နဲ့ဘဲဟောခဲ့ပါတယ်။ ပြည့်စုံတယ်လို

ဆိုတာက သူရဲ့အရကောက်ကိုကြည့်လိုက်ရင် ပစ္စည်းဘက်ကအဆုံးဇောကြွင်သော လောကီကုသိုလ်သတ္တရသ၊ ပစ္စယုပ္ပန်ဘက်က ပထမဇောကြွင်သော ကုသိုလ်ဇကဝိသ ရပါတယ်။ ဒါပေမဲ့"အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ" ဟောတာက အနုလောမံနဲ့ ဂေါတြဘုဟာ ကာမဘုံချင်းတူပါတယ်။ ဒါပေတဲ့ အနုလုံကဇယားမှာ ပြသားတဲ့အတိုင်း တေဘူမက သင်္ခါရကိုအာရုံပြုပါတယ်၊ ဂေါတြဘုက နိဗ္ဗာန်ကိုအာရုံပြုပါတယ်။ ဘုံတူပြီး အာရုံကွဲတဲ့နေရာမှာလဲ အနန္တရပစ္စည်း အာသေဝနပစ္စည်းတတ်ကြောင်းကို ဟောပါတယ်။ ပြီးတော့ "ဂေါတြဘု မဂ္ဂဿ၊ ဝေါဒါနံမဂ္ဂဿ"ကတော့ ဂေါတြဘု ဝေါဒါန်နဲ့ မဂ်ဟာ ဘုံမတူပါဘူး။ ဂေါတြဘု ဝေါဒါန်က ကာမဖြစ်ပါတယ်။ မဂ်ကလောကုတ္တရာဖြစ်ပါတယ်။ ဘုံမတူဘူး၊ ဘုံကွဲတယ်။ ဒါပေမဲ့ဂေါတြဘုနဲ့ ဝေါဒါန်ဟာ နိဗ္ဗာန်ကိုအာရုံပြုသလို မဂ်ကလဲ နိဗ္ဗာန်ကိုအာရုံပြုလေတော့ အာရုံတူပါတယ်၊ ဘုံကွဲပါတယ်။ အဲဒီလိုဘုံတူ အာရုံကွဲ၊ အာရုံတူဘုံကွဲမှာလဲ အနန္တရသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို ပြပါတယ်။ ကုသလောအဗျာကတဿကိုဆိုလိုက်ကြပါဦးစို့။

### ကုသလော အဗျာကတဿ

ကုသလာဓမ္မာ အဗျာကတဿဓမ္မဿ အနန္တရပစ္စယေနပစ္စယော။ ကုသလံဝုဋ္ဌာနဿ၊ မဂ္ဂေါဖလဿ၊ အနုလောမံသေက္ခာယ ဖလသမာပတ္တိယာ၊ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနံ ကုသလံ ဖလသမာပတ္တိယာအနန္တရပစ္စယေနပစ္စယော။

ဒီမှာ"ကုသလံ ဝုဋ္ဌာနဿ"လို့ဆိုတာ ဝုဋ္ဌာနအရ တဒါရုံဘဝင်စုတိတွေရပါတယ်။ ပြီးတော့ "မဂ္ဂေါဖလဿ"အရ မဂ်ကဖိုလ်ကိုသွားပါတယ်။ "အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ"က အနုလုံက အနာဂါမ်ရဲ့ ဖလသမာပတ်သွားပါတယ်။ "နိရောဓာဝုဋ္ဌဟန္တဿ"ကြတော့ နိရောဓသမာပတ်ကထတဲ့အခါမှာနေဝသညာနာသညာ ယတနကုသိုလ်ကဖလသမာပတ်ကိုကျေးဇူးပြုပါတယ်။ ပေါင်းလိုက်ခဲ့လို့ရှိရင် လောကီကုသိုလ် သတ္တရသ အဆုံး ဇောရပါတယ်။ ပြီးတော့ "မဂ္ဂေါ"အရကမဂ် ၄-ခုရပါတယ်။ သမ္ပဒါန်ကတော့ ဒီမှာ ရေးထားတဲ့အတိုင်းဘဲဆိုကြပါစို့။

**ကုသလော အဗျာကတဿ**-ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား တဒါရုံကောဒသ မဟဂ္ဂုတ်ဝိပါက် ၉-ခု ဖိုလ် ၄-ခုအားတဘ်သော လောကီကုသိုလ်သတ္တရသအဆုံးဇော မဂ် ၄-ခုပစ္စည်းတရားရ၏၊ ။အဗျာကတဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား တဒါရုံကောဒသ၊ မဟဂ္ဂုတ်ဝိပါက် ၉-ခု၊ ဖိုလ် ၄-ခု ပစ္စယုပ္ပန်တရားရ၏။

ပစ္စည်းက ကုသိုလ်ပစ္စယုပ္ပန်က အဗျာကတ ဖြစ်ရပါလိမ့်မယ်၊ အနန္တရပဂျိုးပစ္စည်း အကောက်ဇယား စာမျက်နှာ (၂)နဲ့ (အ)မှာ တနည်းကား ကြည့်ရပါတယ်။ တနည်းကား ကြည့်တော့ ပစ္စည်းဘက်က မဟာကုသိုလ် အဆုံးဇောဆိုတာ တွေ့ပါလိမ့်မယ်။ ကုသလ ဝုဋ္ဌာနဿ အဆုံးဇောတွေရပါတယ်။ သူကစဆိုရပါလိမ့်မယ်။

## တနည်းကား

တနည်းကား မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ တဒါရုံကောဒသ၊ မကျသည်ဖြစ်အံ့ ဘဝင်ကျေနပ်သ အားတတ်သော မဟာကုသိုလ်အဆုံးဇော။ (ဒါကကုသလံ ဝုဋ္ဌာနဿအရဖြစ်ပါတယ်။ မဂ္ဂေါဖလဿ အရနောက်မှ လာပါလိမ့်မယ်။ အနုလောမံဖလ သမာပတ္တိယာအတွက် ပစ္စည်းဘက်ကကြည့်ပါ။ ခုနကဂေါတြဘူဝေါဒါန်အနုလုံကိစ္စတတ်သောလို့ဆိုတဲ့နေရာမှာ အနုလုံသာရသဖြင့် အနုလုံဘဲရပါတယ်။ အောက်ဖိုလ်က သောမနဿ ၁၂-ခုရပါလိမ့်မယ်။ ဖိုလ်ဆိုင်ရာကိုဆိုရပါတယ်) အောက်ဖိုလ်သောမနဿသဟဂုတ် ၁၂-ခုအားတတ်သော အနုလုံကိစ္စတတ်သော မဟာကုသိုလ်ပထမဒွေ။ (ပြီးတော့ ဒုတိယ အကြောင်း) အောက်ဖိုလ်ဥပေက္ခာသဟဂုတ် ၃-ခုအားတတ်သော အနုလုံကိစ္စတတ်သော မဟာကုသိုလ်တတိယဒွေ။ (အောက်နားရှောက်ကြည့်လိုက်တော့ ရူပကုဗ္ဗိအဆုံးဇောဆိုတာရှိပါတယ်။ ပဉ္စဝေါကာရ တိဟိတ်ဘွင် ၉ ခုဟာ အဗျာကတဖြစ်ပါတယ်။ ပစ္စည်းဘက်က ရူပါဝစရကုသိုလ်အဆုံးဇောဟာ ကုသိုလ်ဖြစ်ပါတယ်) ပဉ္စဝေါကာရ တိဟိတ်ဘွင် ၉ ခုအားတတ်သော ရူပါဝစရကုသိုလ် အဆုံးဇော။ (အောက်ကဟာတွေ ကုသိုလ်ဆိုင်ရာ အကုန်ဆိုရပါလိမ့်မယ်) ပဉ္စဝေါကာရ တိဟိတ်ဘွင် ၉ ခု၊ အာကာသာနဉ္စာ ယတနဘွင် အားတတ်သော အာကာသာနဉ္စာယတနကုသိုလ် အဆုံးဇော။ ပဉ္စဝေါကာရ တိဟိတ်ဘွင် ၉ ခု၊ အာကာသာနဉ္စာယတနဘွင်၊ ဝိညာဏဉ္စာယတနဘွင် အားတတ်သော ဝိညာဏဉ္စာယတနကုသိုလ် အဆုံးဇော။ ပဉ္စဝေါကာရ တိဟိတ်ဘွင် ၉ ခု၊ အာကာသာနဉ္စာယတနဘွင်၊ ဝိညာဏဉ္စာယတနဘွင်၊ အာကိဉ္စညာယတနဘွင် အားတတ်သော အာကိဉ္စညာယတနကုသိုလ် အဆုံးဇော။ (ဒါတွေဟာ အကုန်လုံး ကုသလံဝုဋ္ဌာနဿတွေချည်းပါဘဲ။ ပြီးတော့ နိရောဓ ဝုဋ္ဌဟန္တဿအတွက်ကို ပေါင်းပြီးဆိုပါတယ်) တိဟိတ်ဘွင် တေရသ၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အားတတ်သော နေဝသညာ နာသညာယတနကုသိုလ် အဆုံးဇော။ (မဂ္ဂေါဖလဿ လာပါလိမ့်မယ်) သောတာပတ္တိဖိုလ် အားတတ်သော သောတာပတ္တိမဂ်၊ သကဒါဂါမိဖိုလ် အားတတ်သော သကဒါဂါမိမဂ်၊ အနာဂါမိဖိုလ် အားတတ်သော အနာဂါမိမဂ်၊ အရဟတ္တဖိုလ် အားတတ်သော အရဟတ္တမဂ်။ (အောက်ရှောက်ကြည့်လိုက်ရင် ကုသိုလ်တွေမှာ မဟာကုသိုလ် ပဉ္စမဇောလို့ အောက်ဆုံးနားမှာ တွေ့ပါလိမ့်မယ်။ ဒါဟာ မရဏာသန္နအခါ ဖြစ်ပါတယ်) မရဏာသန္နအခါ မဟာကုသိုလ်ဇောနောင် စုတိကျသည်ဖြစ်အံ့ စုတိစိတ်ကျေနပ်သ အားတတ်သော မဟာကုသိုလ် ပဉ္စမဇော ပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿ ဟူသော သမ္ပဒါန်ပုဒ်၏ အရကား (ခုနကအတိုင်းပါဘဲ) တဒါရုံ ကောဒသ မဟဂ္ဂုတ်ဝိပါက် ၉ ခု ဖိုလ်လေးခု ပစ္စယုပ္ပန်တရားရ၏။ ။(ကရိုဏ်းကြတော့ မဂ္ဂေါဖဿအတွက် အနန္တရ ကမ္မဝင်လာပါတယ်။ အာသေဝနနဲ့ မဆိုင်တော့ဘူး။ ၅ ပစ္စည်းနဲ့ ကမ္မရပါတယ်) အနန္တရ ပစ္စယေနဟူသော ကရိုဏ်း ပါဋ်၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ-ဤ (၆) ပစ္စယ သတ္တိတို့တွင် အနန္တရ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဓိပ္ပါယ်

ပါဠိမှာ ကုသလံ ဝုဋ္ဌာနဿကို အဋ္ဌကထာက ဘယ်လိုဖွင့်သလဲဆိုတော့ “ကုသလံ ဝုဋ္ဌာနဿာတိ ဧတ္ထပန ကုသလန္တိ တေဘူမက ကုသလံ။ ဝုဋ္ဌာနန္တိ တေဘူမကဝိပါကံ” ကုသလံ ဝုဋ္ဌာနဿမှာ ကုသိုလ်အရ တေဘူမက ကုသိုလ်ယူ၊ ဝုဋ္ဌာနအရ တေဘူမက ဝိပါက်ယူပါလို့ ရသ၍ အကုန်သိမ်းကျုံးပြီး ပြလိုက်ပါတယ်။ “တေဟိ ကုသလဇဝနဝီထိတော ဝုဋ္ဌဟန္တိ တသ္မာ ဝုဋ္ဌာနန္တိ ဝုစ္စတိ” အဲဒါတွေဟာ ကုသိုလ်ဇောအစဉ်မှ ထတတ်လို့ ဝုဋ္ဌာနရယ်လို့ ခေါ်ပါတယ်။ “တံဒုဝိဓံ တဒါရမ္မဏံ ဘဝင်္ဂဉ္စ” ဝုဋ္ဌာနလို့ဆိုတဲ့ အသံကလေးဟာ တဒါရုံနဲ့ ဘဝင်ရပါတယ်။ “တတ္ထ ကာမာဝစရကုသလဿ ဥဘယမ္ပိ ဝုဋ္ဌာနံ ဟောတိ” ကာမာဝစရ ကုသိုလ် ဇောနောင်မှာဆိုရင် ဝုဋ္ဌာနဟာ တဒါရုံရော ဘဝင်ရော ၂ မျိုးလုံးနဲ့ ဆိုင်ပါတယ်။ “မဟဂ္ဂတဿ ဘဝင်္ဂမေဝ” မဟဂ္ဂုတ်ဇောနောင်ဆိုရင် ဘဝင်သာလျှင် ကျပါတယ်၊ အဲဒီတော့ ဒီကုသလဿဒါရဲ့ အရက ဘာတုံး? ကုသိုလ်အရ တေဘူမက ကုသိုလ်ယူ ဝုဋ္ဌာနဿ အရ တေဘူမက ဝိပါက်ယူ၊ ကုသိုလ်ဇောမှ ထတတ်လို့ ဝုဋ္ဌာနလို့ ခေါ်တယ်၊ အဲဒီဝုဋ္ဌာနဟာ တဒါရုံဘဝင်ရယ်လို့ ၂ ပါးရှိတယ်။ ကာမကုသိုလ်ဇောနောင်မှာ ဝုဋ္ဌာန ၂ မျိုး။ မဟဂ္ဂုတ် ကုသိုလ် ဇောနောင်မှာ ဘဝင်သာယူပါတဲ့။

မူလဋီကာ ဆရာကြီးက ပဉှာဝါရမှာတော့ ဝုဋ္ဌာနအတွက် အထူးမပြပါဘူး။ ပစ္စယနိဒ္ဒေသတုံးက ကုသလော အဗျာကတဿအတွက် အဋ္ဌကထာက ကုသိုလ် ဇောနောင်မှာ တဒါရုံဘဝင် ဖလသမာပတ်ရဲ့ အစွမ်းအားဖြင့် ဆိုတယ်လို့ဆိုတဲ့ နေရာမှာ “ဘဝင်္ဂဂ္ဂဟဏေန ကုသလာ ကုသလမူလကေသု စုတိပိ ဂဟိတာတိ ဒဋ္ဌဗ္ဗံ” ဘဝင်ကိုယူသွားခဲ့လို့ ရှိရင် ကုသိုလ် အကုသိုလ်ဇောတွေနောင်မှာ စုတိကိုလဲယူပါတဲ့။ ဒီလိုမိန့်ဆိုတော့ ဝုဋ္ဌာနအရ ကုသိုလ် အကုသိုလ်ဇောနောင်မှာ စုတိကိုပါယူရပါတယ်။

အရကောက် ပစ္စယနိဒ္ဒေသမှာဖြစ်ဖြစ် ပဉှာဝါရ အနန္တရပစ္စည်းမှာဖြစ်ဖြစ် အဗျာကတော အဗျာကတဿအရ ကြိယံဝုဋ္ဌာနဿမှာ မရဏာသန္နအခါ မဟာကြိယာဇောနောင် စုတိကို ဟောထားပါတယ်။ ကောက်ထားပါတယ်။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿကြတော့ ကုသလံဝုဋ္ဌာနဿ - အကုသလံဝုဋ္ဌာနဿကို ဟောထားပေမဲ့ မရဏာသန္နအခါမှာ ကုသိုလ် အကုသိုလ်ဇောများနောင် စုတိကို အကောက်များမှာ မပါဘဲဖြစ်နေတယ်။ ကုသလံဝုဋ္ဌာနဿ-အကုသလံဝုဋ္ဌာနဿဟု ဟောရာမှာဝုဋ္ဌာန အရ တဒါရုံဘဝင်စုတိဖြစ်ပါတယ်။ ကြိယံဝုဋ္ဌာနဿလို့ ဟောရာမှာ ဝုဋ္ဌာနအရ ပဋိသန္ဓိဝိညာဉ် တဒါရုံဘဝင်စုတိဖြစ်ပါတယ်။ ပဋ္ဌာနဝဏ္ဏနာက ပဋိသန္ဓိဝိညာဉ်ကို ကျော်ရှုးပြုရာ၌ “ကြိယံ ဝုဋ္ဌာနဿ”ဟုပင် ဟောပါတယ်၊

အဲဒါနဲ့စပ်လို့ တချို့ပုဂ္ဂိုလ်တွေကစုတိဟာ ဘဝင်သဘောရှိလို့ ဘဝင်ထဲကိုဝင်တဲ့ အတွက် ကုသိုလ် အကုသိုလ်ဇောနောင်မှာ ဘဝင်ကိုဆိုရင်ပြီးပါတယ်တဲ့။ စုတိကိုအထူး ဆိုဖွယ်မလိုပါဘူးလို့ အကြောင်းပြမှုဟာ လုံးဝယုတ္တိမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကုသိုလ် အကုသိုလ်ဇောနောင်မှာ စုတိဟာ ဘဝင်ထဲဝင်နိုင်ခဲ့လို့ရှိရင် ကြိယာဇောနောင်

မှာကျတဲ့ စုတိကလဲဘဲ ဘဝင်ထဲ ဘာဖြစ်လို့ မဝင်နိုင်ရမှာလဲ၊ ဝင်နိုင်ရမှာပေါ့။ ဒီလိုမဝင်နိုင်လို့ အဗျာကတော အဗျာကတသာကြတော့ အရကောက်တွေမှာ ကြိယာဇောနောင် စုတိကိုပါ ကောက်ထားပါတယ်။

သတ္တလောကတခုလုံးမှာ ရှိကြတဲ့ မရေမတွက်နိုင်အောင် များပြားလှတဲ့ သတ္တဝါတွေမှာ ကုသိုလ် အကုသိုလ်ဇောနောင် စုတိကျမှုသာများကြပါတယ်။ အနည်းငယ်မျှသော ရဟန္တာ အရှင်မြတ်များမှာသာ ကြိယာဇောနောင် စုတိကျကြပါတယ်။ မရဏာသန္န(၃၄)ဝီထိမှာ ပြဆိုထားတဲ့ ဇောနောင် စုတိကျမှုကို စာသင်သားငယ်များပင် သိနားလည်ကြပါလိမ့်မယ်။

သဲအင်းသာသနာပိုင်ဆရာတော်ကြီး ရေးသားတဲ့ ပဋ္ဌာန်းရာသီစုနဲ့ ပဋ္ဌာန်းနိဿယများမှာ ကာမကုသိုလ်က ကာမဝိပါက်အား ကျေးဇူးပြုတဲ့နေရာမှာ မဟာကုသိုလ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့-အဆုံးဇောသည် တဒါရုံကောဒသအား၊ မကျသည့်ဖြစ်အံ့ အဆုံးဇောသည် ကာမဘဝင်တဆယ် ကာမစုတိတဆယ်အားဟူ၍ရင်း။ ရူပဝိပါက်အား ကျေးဇူးပြုတဲ့နေရာမှာ အဆုံးဇောသည် ရူပဘဝင် ၅ ခု ရူပစုတိ ၅ ခုအားဟူ၍ရင်း။ အရူပဝိပါက်အား ကျေးဇူးပြုတဲ့နေရာမှာလဲ အဆုံးဇောသည် အရူပဘဝင် ၄ ခု အရူပစုတိ ၄ ခုအား အနန္တရ သတ္တိဖြင့် ကျေးဇူးပြုပေ၏ဟု မိန့်ဆိုပါဘယ်။

အကုသိုလ်ဇောနောင် ကာမစုတိ တဆယ်ကိုလည်း နည်းဘူပင် မိန့်ဆိုပါတယ်။ ကျီးသဲလေးထပ်ဆရာတော်ကြီးရေးတဲ့ မနောရထပူရဏီကျမ်းမှာလဲ တပည့်တော်တို့ ယခုဇယားမှာ ပြထားတဲ့အတိုင်း ဝေဘန်၍ ပြတဲ့နေရာမှာ ''မရဏာသန္နဝီထိ၌ ဇောနောင် စုတိတို့တွင် အကုသိုလ်ဇောနောင် စုတိဖြစ်အံ့-အဆုံးဇောသည် ကာမစုတိတဆယ်အား၊ မဟာကုသိုလ်ဇောနောင် စုတိဖြစ်အံ့-အဆုံးဇောသည် စုတိစိတ်ကေူနဝိသအား။ ကြိယာဇောနောင် စုတိဖြစ်အံ့ အဆုံးဇောကည် တိဟိတ်စုတိတေရသအားဟု မိန့်ဆိုပါတယ်၊အရကောက်ဆရာတော်ကြီးကလဲ ပဋ္ဌိစ္စဝါရ အနန္တရပစ္စည်း အဗျာကတေန အဗျာကတံဟိတ်ပါ၌ ကောက်တဲ့နေရာဌာနမှာ ''ဇောနောင် စုတိဖြစ်အံ့စုတိစိတ် ကေူနဝိသအားတတ်သောပဥ္စမဇော''ရယ်လို့ အားလုံးပင် မိန့်ဆိုကြလေတော့ ဒီအရကောက် ပစ္စယနိဒ္ဒေသမှာရော ပဥ္စာဝါရ ကုသလော အဗျာကဘာဿ၊ အကုသလော အဗျာကတဿမှာရော ကုသိုလ် အကုသိုလ်ဇောနောင်မှာ စုတိမပါမှုဟာ ကျကျန်နေတာဖြစ်မှာဘဲ။ ဒီတော့ ယခုတပည့်တော်တို့ ပို့ချတဲ့အတိုင်း ထည့်သွင်းပြီး ကုသိုလ် အကုသိုလ်ဇောနောင်မှာ စုတိကိုကောက်မှသာလျှင် အမှန်ကို ရပါလိမ့်မယ်။ ယနေ့အဘို့ ကုသလော အဗျာကတဿနဲ့ဘဲ ပြီးကြပါစို့။

သာဓု .... သာဓု .... သာဓု ....။

# ၁၃၂၉-ခု၊ တန်ဆောင်မုန်းလဆုတ် (၇) ရက်
# ၁၉၆၇-ခု၊ နိုဝင်ဘာလ (၂၃) ရက်ကြာသပတေးနေ့
# ပဋ္ဌာန်း ကုသလတိက် ပဉှာဝါရဝိဘင်္ဂကို (၁၆) ကြိမ်မြောက်ဖို့ချခြင်း

## အနန္တရ

အရင်အပတ်က အနန္တရပစ္စည်း ကုသလောအဗျာကတဿအတွက် ''ကုသလံဝုဋ္ဌာနဿ''အရအဓိပ္ပါယ်ပြောပြီးပါပြီ ယခု''မဂ္ဂေါဖလဿ''ကို ပြောပါမယ်။ မဂ္ဂေါဖလဿမှာ ကုသလံဝုဋ္ဌာနဿ၌ ဖိုလ်ကိုဝုဋ္ဌာအနေနဲ့ထားလိုက်ရင် မဂ္ဂေါဖလဿလို့ မဟောဘဲနဲ့ ကုသလံဝုဋ္ဌာနဿထဲမှာ ဒီမဂ္ဂေါဖလဿဟာ မဝင်ဘူးလားလို့ဆိုတော့ မဝင်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖိုလ်ကဇောဖြစ်နေတယ်၊ ဖိုလ်ကဇောဖြစ်နေတဲ့အတွက် ဝုဋ္ဌောမမည်တော့ သီးခြားဟောပါတယ်။ ဝုဋ္ဌောလို့ဆိုတာ တဒါရုံရယ် ဘဝင်ရယ် စုတိရယ် ဒီသုံးခုကိုသာ ဟောပါတယ်။ ဖိုလ်နဲ့မဆိုင်ပါဘူး။

''အနုလောမံသေက္ခာယ ဖလသမာပတ္တိယာ'' ဒီမှာလဲ ''သေက္ခာယဖလသမာပတ္တိယာ''လို့ ဆိုဘာကတော့ပစ္စည်းတရားက ကုသိုလ်ဖြစ်နေပါတယ်၊ ပစ္စည်းတရားကကုသိုလ်ဖြစ်နေတဲ့အတွက် ''သေက္ခာယ''လို့ ဟောရပါတယ်။ ဖလသမာပတ်အကြောင်းကိုတော့ နောက်မှ နဲနဲထည့်ပြောပါမယ်။

''နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတန ကုသလံ ဖလသမာပတ္တိယာ''၊ ဒါကလဲ နိရောဓသမာပတ်မှထတဲ့အခါမှာ နေဝသညာနာသညာ ယတနကုသိုလ်က (ဖလသမာပတ္တိယာလို့ဆိုပေတဲ့ အနာဂါမိဖိုလ်ဖြစ်ပါတယ်) အနာဂါမိဖိုလ်ကို ကျေးဇူးပြုပါတယ်။ ဒီနိရောဓသမာပတ်အကြောင်းကိုလဲ နောက်မှဆက်လက်ပြောပါမယ်။ ရှေ့ကိုဆက်ပြီး ဆိုရပါလိမ့်မယ်။ အကုသလော အကုသလဿ ဆိုရပါလိမ့်မယ်။

## အကုသလော အကုသလဿ

အကုသလောဓမ္မော အကုသလဿဓမ္မဿ အနန္တရပစ္စယေနပစ္စယော။ ပုရိမာပုရိမာ အကုသလာခန္ဓာ ပစ္ဆိမာနံပစ္ဆိမာနံ အကုသလာနံခန္ဓာနံ အနန္တရပစ္စယေနပစ္စယော။

ပစ္စည်းကအကုသိုလ် ပစ္စယုပ္ပန်ကလဲ အကုသိုလ်ဖြစ်ပါတယ်။

**အကုသလော အကုသလဿ၌**-အကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသ အားတတ်သော အဆုံးဇောကြဉ်သော ရှေးရှေးသောအကုသိုလ်ဒွါဒသ ပစ္စည်းတရားရ၏။ ။အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်တရားရ၏။

ပစ္စည်းဘက်က အဆုံးဇောကြဉ်ရတာကတော့ အဆုံးဇောနောက်မှာ တဒါရုံဘဝင်သာရှိပါတယ်၊ ပစ္စယုပ္ပန်ဘက်က ပထမဇောကြဉ်ရတာကတော့ ပထမဇောရှေ့မှာ ဝုဋ္ဌော

မနောဒွါရာဝဇ္ဇာန်းရှိပါတယ်။ ဝီထိအရဖြစ်ပါတယ်။ ဒီမှာတနည်းကားလို့ဆိုတော့ အကု သိုလ်ဇော(၇)ချက်ရှိပါတယ်။ အကုသိုလ်ဇော (၇)ချက်မှာ ဒုတိယဇော အားတတ်သော ပထမဇောလို့ ဆိုရပါလိမ့်မယ်။

## တနည်းကား

**တနည်းကား** အကုသိုလ်ဒွါဒသ ဒုတိယဇော အားတတ်သောပထမဇော။ တတိယ ဇောအားတတ်သော ဒုတိယဇော၊ စတုတ္ထဇောအားတတ်သော တတိယဇော၊ ပဉ္စမဇော အားတတ်သော စတုတ္ထဇော၊ ဆဋ္ဌဇောအားတတ်သောပဉ္စမဇော၊ သတ္တမဇောအားတတ် သော ဆဋ္ဌဇောပစ္စည်းတရားရ၏။ ။အကုသလဿမွေဿဟူသော **သမ္ဗန္ဓ** ပုဒ်၏အရ ကား အကုသိုလ်ဒွါဒသ ဒုတိယာဒိဇောပစ္စယုပ္ပန်တရားရ၏။ ။အနန္တရပစ္စယေနဟူသော **ကရိုက်း** ပါဌ်၏အရကား (အာသေဝနနဲ့ အနန္တရဟာ အကုသလောအကုသလဿ,ကုသ လောကုသလဿအတူတူပါဘဲ။ ဒါ့ကြောင့်အာသေဝန တပြိုင်နက်ဝင်ပါတယ်) တပြိုင်နက် တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ-ဤ(၆) ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သောသတ္တိဝိသေသရ၏။

## အကုသလော အဗျာကတဿ

အကုသလောဓမ္မော အဗျာကတဿဓမ္မဿ အနန္တရပစ္စယေနပစ္စယော၊ အကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။

ဒီမှာကရိုက်းက(၅)ပစ္စည်း၊ အာသေဝနနဲ့လဲမဆိုင်တော့ပါဘူး၊ ကမ္မနဲ့လဲမဆိုင် တော့ပါဘူး။ ၅ ပစ္စည်းဘဲတပြိုင်နက်ရပါတယ်။

**အကုသလောအဗျာကတဿ**-အကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရ ကား တဒါရုံကောဒသ၊ မဟဂ္ဂုတ်ဝိပါက် ၉-ခုအားတတ်သော အကုသိုလ်ဒွါဒသအဆုံး ဇောပစ္စည်းတရားရ၏။ ။အဗျာကဘဿမွေဿဟူသော **သမ္ဗန္ဓ** ပုဒ်၏အရကားတဒါ ရုံကောဒသ မဟဂ္ဂုတ်ဝိပါက် ၉-ခုပစ္စယုပ္ပန်တရားရ၏။

တနည်းကား အရကောက်အတွက် စာမျက်နှာ(၄)နဲ့(အ)-မှာရှိပါတယ်။ ပစ္စည်း အကုသိုလ် ပစ္စယုပ္ပန်က အဗျာကတဖြစ်ရပါမယ်၊ လောဘမူမောဟမူ မဟာကုသိုလ်အဆုံး ဇောစသည်ရှိပါတယ်။ ဒီမှာအကုသိုလ်သာလိုသဖြင့် မဟာကုသိုလ်အဆုံးဇောနဲ့ မဆိုင်ပါ ဘူး။ လောဘမူမောဟမူဘဲဆိုင်ပါတယ်။

## တနည်းကား

**တနည်းကား** လောဘမူ မောဟမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့ ဘဒါရုံကော ဒသ၊ မကျသည်ဖြစ်အံ့ဘဝင်ကျေနဝိသအားတတ်သော လောဘမူမောဟမူအဆုံးဇော။ ဒေါ သမူဇော နောင်ဘဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာတဒါရုံ ၆-ခု၊ မကျသည်ဖြစ်အံ့ ကာမ ဥပေက္ခာဘဝင် ၆-ခုအားတတ်သော ဒေါသမူအဆုံးဇော။ (ဝုဋ္ဌာနဿအရ **တ**ဒါရုံဘဝင် စုဘိရယ်လို့ ၃-မျိုးရှိပါတယ်။ ၃-မျိုးရှိတော့ အကုသိုလ်ဇောနောင်မှာ စုတိကျရပါလိမ့်ဦး

မယ်။ အကုသိုလ်ဇောနောင်မှာစုတိကျတာက အောက်ဆုံးမှာရှိပါတယ်။ အကုသိုလ်ပဋ္ဌမဇောလို့ဆိုရပါမယ်) မရဏာသန္နအခါ အကုသိုလ်ဇောနောင်စုတိကျသည်ဖြစ်အံ့ ကာမစုတိတဆယ်အားတင်သော အကုသိုလ်ပဋ္ဌမဇော ပစ္စည်းတရားရန်။ ။(သမ္ပဋိစ္ဆိုင်ကြတော့ ခုနကဆိုခဲ့တဲ့အတိုင်းပါဘဲ) အဗျာကတဘသမ္မေသဟူသော **သမ္ပဋိစ္ဆိုင်** ပုဒ်၏အရကား တဒါရုံဇောဒဿ၊ မဟဂ္ဂုတ်ဝိပါက် ၉-ခု ပစ္စယုပ္ပန်တရားရန်။ ။အနန္တရ ပစ္စယေနဟူသော **ကရိတ်း** ပါဠ်၏အရကား တပြိုင်နက်တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ-ဤ(၅)ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟုဆိုအပ်သောသတ္တိဝိသေသရန်။

### အဗျာကတော အဗျာကတဿ

အကုသလောအဗျာကတဿပြီးတော့ အဗျာကတော အဗျာကတဿ လာပါသိမ့်မယ်။ အဲဒီအဗျာကတောအဗျာကတဿမှာ "ပုရိမာပုရိမာ ဝိပါကာဗျာကတာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေနပစ္စယော"လို့ ရှိပါတယ်။ ဒီပါဠိအတွက် အဋ္ဌကထာက ဝိပါက်ဝိပါက်ချင်း ကြိယာကြိယာချင်းရယ်လို့ ဆိုပါတယ်။ ဒီမှာ (အာသေ)ဆိုပြီးခွဲထားပါတယ်။ ဆိုရမှာက ပုရိမာပုရိမာဝိပါကာဗျာကတာ ကြိယာဗျာကတာခန္ဓာလို့ (အာသေ)ဆိုတဲ့ လက်သဲကွင်းကလေး ချန်ထားလိုက်ပါ။ ပြီးတော့ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံကြိယာဗျာကတာနံ ခန္ဓာနံလို့ ဆိုရပါတယ်။ အဲဒီလိုပေါင်းထားပေတယ်လို့ ဒီပါဠိကိုခွဲလိုက်မယ်ဆိုရင် ဒီမှာရေးထားတဲ့အတိုင်း"ပုရိမာပုရိမာဝိပါကာဗျာကတာခန္ဓာ ပစ္ဆိမာနံပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေနပစ္စယော။ ပုရိမာပုရိမာကြိယာဗျာကတာခန္ဓာ ပစ္ဆိမာနံပစ္ဆိမာနံ ကြိယာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေနပစ္စယော" လို့ ဝိပါက်ဝိပါက်ချင်းချင်း၊ ကြိယာကြိယာချင်းချင်း၊ ပစ္စည်းဝိပါက် ပစ္စယုပ္ပန်ဝိပါက် ပစ္စည်းကြိယာပစ္စယုပ္ပန်ကြိယာကိုဟောပါတယ်။ နောက်လာတာက "ဘဝင်္ဂံ အာဝဇ္ဇနာယ"အရ ပစ္စည်းက ဝိပါက် ပစ္စယုပ္ပန်ကကြိယာဖြစ်ပါတယ်။ "ကြိယံဝုဋ္ဌာနဿ" က ပစ္စည်းကကြိယာ ပစ္စယုပ္ပန်က ဝိပါက်ဖြစ်ပါတယ်။ ပြီးတော့ကြွက်ခြေကလေး ပြထားတဲ့ "အရဟတောအနုလောမံ ဖလသမာပတ္တိယာ"မှာလဲ ပစ္စည်းကကြိယာ ပစ္စယုပ္ပန်ကဝိပါက်ဖြစ်ပါတယ်။ နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာ ယတနကြိယံမှာလဲ ပစ္စည်းက ကြိယာ ပစ္စယုပ္ပန်ကဝိပါက်ဖြစ်ပါတယ်။ ဒီပါဠိကိုဆိုပြပါမယ်။

အဗျာကတောခမ္မော အဗျာကတဿခမ္မဿ အနန္တရပစ္စယေနပစ္စယော။ ပုရိမာပုရိမာ ဝိပါကာဗျာကတာ ကြိယာဗျာကတာခန္ဓာ ပစ္ဆိမာနံပစ္ဆိမာနံ ဝိပါကာ ဗျာကတာနံ ကြိယာဗျာကတာနံခန္ဓာနံ အနန္တရပစ္စယေနပစ္စယော။ ဘဝင်္ဂံ အာဝဇ္ဇနာယ၊ ကြိယံဝုဋ္ဌာနဿ၊ အရဟတော အနုလောမံ ဖလသမာပတ္တိယာ၊ နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနံ ကြိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေနပစ္စယော။

အဲဒီကြိယံဝုဋ္ဌာနဿလို့ဆိုတဲ့နေရာမှာ အဋ္ဌကထာက "ကြိယာတိကာမာဝစရကိရိယာ" ကာမကြိယာယူပါတဲ့ "သာဒုဝိခဿပိ ဝုဋ္ဌာနဿ အနန္တရ ပစ္စယောဟောတိ"အဲဒီ ကာမကြိယာဟာ တဒါရုံနဲ့ဘဝင်ဆိုတဲ့ ဝုဋ္ဌာနအား(မူလဋီကာကစုတိပါပါတယ်) အနန္တရ

ပန္နည်းတတ်တယ်တဲ့၊ ပြီးမှတဖန်'' မဟဂ္ဂတာဘဝင်္ဂဿေဝ''ဆိုတော့ မဟဂ္ဂုတ်ဇောနောင်မှာဘဝင်သာကျပါတယ်။ တဒါရုံမကျတော့ပါဘူးတဲ့။ ဆိုလိုရင်းက ကာမကြိယာကိုယူတဲ့အခါ တဒါရုံဘဝင်ဆိုဘဲ့ ဝုဋ္ဌော၊ မဟဂ္ဂုတ်ကြိယာယူတဲ့အခါဘဝင်ဆိုတဲ့ ဝုဋ္ဌောကိုသာကျေးဇူးပြုပါတယ်။ အဋ္ဌကထာပြမှုသည် အင်မတန်ရှင်းပါတယ်။ ဒါပေတဲ့ တချို့ပုဂ္ဂိုလ်တွေက ''ကြိယာတိကာမာဝစရကိရိယာ''တခုထဲကြည့်ပြီး ''မဟဂ္ဂတာဘဝင်္ဂဿေ''ဆိုတဲ့ ပါဠိကိုမကြည့်ဘူး။ အဲဒီတခုတည်းကြည့်ပြီး ဆက်လက်ပြထားတဲ့စကားကိုမကြည့်ဘဲနဲ့ အဋ္ဌကထာက ''ကိရိယာတိကာမာဝစရကိရိယာ'' လို့ ဆိုလိုက်တော့ အဋ္ဌကထာရဲ့စကားကိုဆင်ခြင်ဘွယ်ရှိပါတယ် စသည်ဖြင့် ပယ်ချင်သယောင်ယောင်ပြောလိုကြတယ်။ နောက်နှစ်းကဘာဆက်ထဲရေးထားတဲ့ ''မဟဂ္ဂတာဘဝင်္ဂဿေဝ''ကို အဋ္ဌကထာကိုပယ်ချင်တဲ့ ဇောနဲ့မမြင်လို့လားမသိတော့ဘူး။ အဋ္ဌကထာကအမှန် ရေးထားပါလျက်နဲ့ စာကိုအသေအခြာမကြည့်ဘဲ ကော်ကပ်မှုပယ်ချမှုတွေဟာ သာသနာမှာအတော်ဆိုးဝါးတဲ့ ကိစ္စဖြစ်ပါတယ်။ အဋ္ဌကထာဆရာကြီးခဲ့ပြီးပြတာကတော့ ကာမကြိယာဇောနောင်ဘဒါရုံဘဝင်ကျပါတယ်၊ ၎င်းကာကစုတိပါယူပါဘယ်။ မဟဂ္ဂုတ်ဇောနောင်မှာ ဘဝင်ကိုသာယူဘို့ပြထားတာ ဖြစ်ပါတယ်။ ဒီတော့စာကိုကြည့်တဲ့အခါမှာ နောက်နားကပ်ပြီးရေးထားတာကိုလဲ သေသေချာချာကြည့်ရပါလိမ့်မယ်။ ပြီးတော့ ခုနကပြောခဲ့တဲ့အတိုင်း ဝိပါက်ဝိပါက်အချင်းချင်း ကြိယာကြိယာအချင်းချင်း ဝိပါက်ကကြိယာကို ကျေးဇူးပြုတာတွေကိုလဲ ပြောခဲ့ပါပြီ။ ဒီတော့ဒီနေရာမှာ ''ကြိယံဝုဋ္ဌာနဿ'' အရ ပဋ္ဌာဒ္ဓါရာဝဇ္ဇန်းလို့ဆိုဘဲ့ ကြိယာက ဝုဋ္ဌောလို့ဆိုတဲ့ ပဋ္ဌဝိညာဉ်အား ကျေးဇူးပြုနိုင်ပါတယ်။ အဲဒီပဋ္ဌဝိညာဉ်ကို ဝုဋ္ဌောလို့ အမည်ခေါ်ပုံကတော့ တယ်ပြီးမထင်ရှားပါဘူး။ ဒါပေမဲ့ အရကောက်ဆရာကြီး အနုဝါဒဆိုဘဲ့အခါ ဝုဋ္ဌောနေရာမှာ ပဋ္ဌဝိညာဉ်ကိုပါထည့်ပြီး ထားပါတယ်။ ဒီတော့ ဒွေပဋ္ဌဝိညာဉ်ဘဆယ်ဟာ ဝုဋ္ဌောမမည်ဘူးလားလို့ဆိုရင် မည်ပါတယ်။ အဋ္ဌကထာဆရာကြီးကိုယ်ဘိုင်ပင် ''ဝုဋ္ဌာနန္တိ ဇောဘူမာဝိပါက်''လို့ဆိုပါတယ်။ ဘုံသုံးပါးမှာဖြစ်တဲ့ ဝိပါက်တရားတွေရယ်လို့ အဋ္ဌကထာကိုယ်တိုင်ဖွင့်ပြခဲ့ဒလတော့ ဒွေပဋ္ဌဝိညာဉ်တဆယ်ဟာလဲ ဝိပါက်ဖြစ်နေလို့ ဝုဋ္ဌောအမည်ရပါတယ်။ ကုသလတိက်အဗျာကတော အဗျာကဘာဿမှာ ဒီပဋ္ဌဒွါရာဝဇ္ဇန်းနဲ့ ပဋ္ဌဝိညာဉ်တွေဟာတပဒထဲမှာနေလေတော့ ၎င်းအတွက်သီးခြားပါဠိထွက်မလာဘူး။ ဒါပေမဲ့ အာဝဇ္ဇန်းနဲ့ပဋ္ဌဝိညာဉ်ပဒကွဲနေဘဲ့ ဉပါဒိဏ္ဏတိက်စသည်များမှာ'' အနုပါဒိန္နုပါဒါနိယော ဓမ္မော ဉပါဒိန္နုပါဒါနိယဿ ဓမ္မဿ အနန္တရပစ္စယေနပစ္စယော။ အာဝဇ္ဇနာ ပဋ္ဌန္နံဝိညာဏာနံ အနန္တရပစ္စယေနပစ္စယော''လို့ သီးခြားပါဠိ ထုတ်ဟောပါဘယ်။ အဗျာကတော အဗျာကဘာဿ အတွက် အရကောက်ဆိုလိုက်ကြပါဦးစို့။

**အဗျာကတော အဗျာကဘာဿ** - အဗျာကတော ဓမ္မောဟူသော **ကဏ္ဍားပုဒ်**၏ အရကား ရဟန္တာတို့ စုတိနှင့်ဘကွ နောက်နောက်သော ဝိပါက်စိတ် ဆတ္တိံသကြိယာစိတ် ဝိသအားတတ်သော ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ် ဝိသပစ္စည်းတရားရ၏။ ။အဗျာကဘာဿ ဓမ္မဿဟူသော **သမ္ဗဒါန်**

ပုဒ်၏ အရကား ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်စိတ်ဆဲ့ဘို့သ ကြိယာ စိတ် ဝီသ ပစ္စယုပ္ပန်တရားရ၏။

တနည်းကား အရကောက်အတွက် စာမျက်နှာ (၄၁) နဲ့ (အ) မှာ ရှိပါတယ်။ ပစ္စည်း ဝိပါက်ပစ္စယုပ္ပန်ဝိပါက်၊ ပစ္စည်းကြိယာ ပစ္စယုပ္ပန်ကြိယာ၊ ပစ္စည်းဝိပါက် ပစ္စယုပ္ပန်ကြိယာ စသည် တွေရှိရသဖြင့် ဒါတွေကို အကုန်လုံးလိုလိုဘဲ ဆိုရပါလိမ့်မယ်။ ဆိုပြပါမယ်။

## တနည်းကား

**တနည်းကား** အဗျာကတော ဓမ္မောဟူသော ကဏ္ဍား ပုဒ်၏ အရကား ပထမ ဘဝင် နာမက္ခန္ဓာ အားတတ်သော ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဒုတိယအစရှိသော နောက်နောက် သော ဘဝင်နာမက္ခန္ဓာ အားတတ်သော ပထမ အစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာ၊ အာဝဇ္ဇန်းဒွေ့ အားတတ်သော ပဉ္စဝေါကာရ ဘဝင်္ဂပစ္ဆေဒ ၁၅ ခု၊ မနောဒွါရာဝဇ္ဇန်း အားတတ်သော အရူပဘဝင်္ဂပစ္ဆေဒ ၄ ခု၊ ပဉ္စဝိညာဉ်အားတတ်သော ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း အားတတ်သော ပဉ္စဝိညာဉ်၊ သန္တီရဏအားတတ်သော သမ္ပဋိစ္ဆိုင်း၊ ဝုဋ္ဌော အားတတ်သော သန္တီရဏ၊ ပရိတ္တာရုံဝိထိဖြစ်အံ့ = ဒုတိယဝုဋ္ဌော အားတတ်သော ပထမ ဝုဋ္ဌော၊ ပဉ္စဝေါကာရဘဝင် ၁၅ ခုအားတတ်သော ဒုတိယဝုဋ္ဌော၊ အတိမဟန္တာရုံ-မဟန္တာ ရုံ ဝိဘူတာရုံ အဝိဘူတာရုံဝိထိဖြစ်အံ့ (ဒီမှာကာမဇောဘခု ယုတ်သုံးဆယ် ပဘာမဇောလို့ ရှိပါတယ်။ ဒါပေတဲ့ ယခုအဗျာကတော အဗျာကတာသဖြစ်သဖြင့် အဗျာကတဆိုင်ရာ ဟသိ တုပ္ပါဒ်နဲ့ ကာမကြိယာဇောကိုသာယူရပါလိမ့်မယ်။ ကုသိုလ် အကုသိုလ်ဇောတွေနဲ့ မဆိုင် ပါဘူး) ဟသိတုပ္ပါဒ် မဟာကြိယာ ပထမဇောအားတတ်သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း။ (ဒုပ-စသည်တွေကို ဟပ်ပြီးယူပါ) ဒုတိယဇော အားတတ်သော ပထမဇော၊ တတိယ ဇောအားတတ်သော ဒုတိယဇော၊ စတုတ္ထဇော အားတတ်သော တတိယဇော၊ ပဉ္စမဇော အားတတ်သော စတုတ္ထဇော၊ ဆဋ္ဌဇောအားတတ်သော ပဉ္စမဇော၊ သတ္တမဇောအားတတ် သော ဆဋ္ဌဇော။ (ပြီးတော့ လောဘမူ မောဟမူ မဟာကုသိုလ် အဆုံးဇောတွေကို ခုနက ဆိုပြီးပါပြီ။ ဒါတွေဟာ အကုသိုလ် ကုသိုလ်ဖြစ်ပါတယ်။ အကုသိုလ်ဇောတွေ ကုသိုလ် ဇောတွေကြတော့ သောမနဿရယ် ဥပေက္ခာရယ်လို့ အတိအကျမခွဲပါဘူး။ မဟာကြိယာ ဇောတွေကြတော့ သောမနဿတဒါရုံ ဘဝင် ဥပေက္ခာတဒါရုံ ဘဝင်ရယ်လို့ ခွဲထားပါ တယ်၊ ဘာဖြစ်လို့လဲဆိုရင် လောဘမူ မောဟမူ မဟာကုသိုလ် ဇောတွေဟာ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်ပါတယ်။ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်ဆိုဘာ ဝိပ္ပလ္လာသ လုံးဝ မပယ်ရသေးပါဘူး၊ဝိပ္ပလ္လာသလုံးဝမပယ်ရသေးတော့ သောမနဿမဟာ ကုသိုလ်ဇောတွေ နောင်မှာ သောမနဿ တဒါရုံတွေ ဥပေက္ခာ တဒါရုံတွေကျချင်ကြမယ်၊ ဟသိတုပ္ပါဒ် စသည်တွေကတော့ ရဟန္တာများနဲ့သာ ဆိုင်ပါတယ်။ ၎င်းရဟန္တာပုဂ္ဂိုလ်တွေဟာ ဝိပလ္လာ သ တရားတွေ လုံးဝပယ်ပြီး ဖြစ်ပါတယ်။ ပယ်ပြီးဖြစ်တော့ သောမနဿ တဒါရုံတွေဟာ အတိအကျလာပါတယ်။လောဘ မောဟ မဟာကုသိုလ်ဇောတွေလို ပေါင်းပြီး မလာပါဘူး။ အဗျာကတော အဗျာကတာသ ဖြစ်သဖြင့် ဟသိတုပ္ပါဒ်အဆုံးဇောကစပြီး ဆိုရပါလိမ့်မယ်)

ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿ တဒါရုံ ၅ ခု၊ မကျသည် ဖြစ်အံ့ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉ ခုအားတတ်သော ဟသိတုပ္ပါဒ်အဆုံးဇော၊(အောက်ရှောက် အဗျာကတော အဗျာကတဿတွေချည်းပါဘဲ) မဟာကြိယာ သောမနဿ သဟဂုတ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿ တဒါရုံ ၅ ခု၊ မကျသည် ဖြစ်အံ့ တိဟိတ်ဘဝင် တေရသအားတတ်သော မဟာကြိယာ သောမနဿသဟဂုတ် အဆုံးဇော။ မဟာကြိယာ ဥပေက္ခာသဟဂုတ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာ တဒါရုံ ၆ ခု၊ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသအားတတ်သော မဟာကြိယာ ဥပေက္ခာသဟဂုတ်အဆုံးဇော။ ဒုတိယ တဒါရုံအားတတ်သော ပထမ တဒါရုံ၊ကာမ ဘဝင်တဆယ်အားတတ်သော ဒုတိယတဒါရုံ။ (နောက်မဟာကုသိုလ် ပထမဒွေ တတိယဒွေနဲ့ မဆိုင်ပါဘူး။ ကြိယာပထမဒွေ တတိယဒွေတွေကို ဆိုရပါလိမ့်မယ်) မဟဂ္ဂုတ်ကြိယာ သောမနဿ သဟဂုတ် ၄ ခု အရဟတ္တဖိုလ် သောမနဿ သဟဂုတ် ၄ ခုအားတတ်သောဂေါတြဘူ အနုလုံကိစ္စတတ်သော မဟာကြိယာ ပထမဒွေ။ မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ သဟဂုတ်၅ ခု အရဟတ္တဖိုလ် ဥပေက္ခာ သဟဂုတ် ၁ ခုအားတတ်သော ဂေါတြဘူ အနုလုံကိစ္စတတ်သော မဟာကြိယာ တတိယဒွေ။ (အဗျာကတ ဖြစ်သဖြင့် အဗျာကတဘဲဆိုရပါမယ်။ ကုသိုလ်တွေနဲ့ မဆိုင်ပါဘူး) ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉ ခုအားတတ်သော ရူပါဝစရကြိယာအဆုံးဇော။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉ ခု၊ အာကာသာနဉ္စာယတန ဘဝင်အားတတ်သော အာကာသာနဉ္စာယတန ကြိယာအဆုံးဇော။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉ ခု၊ အာကာသာနဉ္စာယတန ဘဝင်၊ ဝိညာဏဉ္စာယတန ဘဝင် အားတတ်သော ဝိညာဏဉ္စာယတနကြိယာအဆုံးဇော။ ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉ ခု၊ အာကာသာနဉ္စာယတန ဘဝင်၊ ဝိညာဏဉ္စာယတနဘဝင်၊ အာကိဉ္စညာယတန ဘဝင် အားတတ်သော အာကိဉ္စညာယတနကြိယာ အဆုံးဇော။ (နိရောဓသမာပတ်မှာ အနာဂါမိဖိုလ်ဆိုရင် နေဝကုသိုလ်ဖြစ်ပါတယ်။ ဒါ့ကြောင့် အရဟတ္တဖိုလ်ကို ဆိုရပါလိမ့်မယ်)တိဟိတ်ဘဝင်တေရသ၊ နိရောဓသမာပတ်မှထသောအခါ အရဟတ္တဖိုလ်အားတတ်သော နေဝသညာ နာသညာယတနကြိယာအဆုံးဇော၊ (မဂ်ကဖိုလ်ကို မဆိုင်ပါဘူး) နောက်နောက်သော ဖိုလ် ၄ ခုအားတတ်သော ရှေးရှေးသော ဇောတူဖိုလ် ၄ ခု။ တိဟိတ်ဘဝင်တေရသ အားတတ်သော ဖိုလ် ၄ ခုအဆုံးဇော။ မရဏာသန္နအခါ တဒါရုံ နောင်စုတိကျသည်ဖြစ်အံ့ ကာမစုတိ ၁၀ အားတတ်သော ဒုတိယတဒါရုံ။ မဟာကြိယာဇောနောင် စုတိကျသည်ဖြစ်အံ့ တိဟိတ်စုတိတေရသ အားတတ်သော မဟာကြိယာပဉ္စမဇော။ ဘဝင်နောင် စုတိကျသည်ဖြစ်အံ့ စုတိစိတ်ကျေန ဝီသအားတတ်သော ဘဝင်ကျေနဝီသ။ (စာမျက်နှာ (အ)မှာရှိဘာတွေဟာ အားလုံးကုန် အဗျာကတော အဗျာကတဿနဲ့ ဆိုင်ပါတယ်) ကာမပဋိသန္ဓေ တဆယ်အားတတ်သော ဒွိဟိတ် အဟိတ်စုတိ ၆ ခု။ ပဋိသန္ဓေစိတ် ကျေနဝီသ အားတတ်သော ကာမတိဟိတ်စုတိ၄ ခု။ သဟိတ် ပဋိသန္ဓေ သတ္တရသ အားတတ်သော ရူပါဝစရစုတိ ၅ ခု။ ကာမတိဟိတ် ပဋိသန္ဓေ ၄ ခု၊ အရူပ ပဋိသန္ဓေ ၄ ခုအားတတ်သော အာကာသာနဉ္စာယတန စုတိ။ ကာမတိဟိတ် ပဋိသန္ဓေ ၄ ခု၊ ဝိညာဏဉ္စာ ယတန ပဋိသန္ဓေ၊ အာကိဉ္စ

ညာယတနပဋိသန္ဓေ၊ နေဝသညာနာသညာယတနပဋိသန္ဓေ အားတတ်သော ဝိညာဏဉ္စာယတနစုတိ။ ကာမတိဟိတ် ပဋိသန္ဓေ ၄ ခု၊ အာကိဉ္စညာယတန ပဋိသန္ဓေ၊ နေဝသညာနာသညာယတန ပဋိသန္ဓေအားတတ်သော အာကိဉ္စညာယတနစုတိ။ ကာမတိဟိတ် ပဋိသန္ဓေ ၄ ခု၊ နေဝသညာနာသညာယတန ပဋိသန္ဓေအားတတ်သော နေဝသညာနာသညာယတနစုတိ ပစ္စည်းတရားရ၏။

သမ္ပဒါန်ကြတော့ ခုနကအတိုင်းပါဘဲ။ အဗျာကတာယ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော ဝိပါက်ဝိဟ် ဆဒ္ဓါ၊ ကြိယာစိတ်ဝိဿ ပစ္စယုပ္ပန်တရားရ၏။ (ကရိုဏ်းကြတော့ ဒီမှာဇောတွေ ပါလာပါတယ်။ ဇောတွေပါလာသဖြင့် အာသေဝန ဝင်လာပါတယ်။ အာသေဝနဟာ ဇောနဲ့သာ ဆိုင်ပါတယ်။ ကြွင်းတဲ့တရားတွေနဲ့ မဆိုင်သဖြင့် ယထာရဟဖြစ်ပါတယ်) အနန္တရ ပစ္စယေနဟူသော **ကရိုဏ်း**ပါဒ်၏ အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ-ဟု (၆) ပစ္စယသတ္တိတို့တွင် အနန္တရ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿတွေက လွယ်ပါတယ်။ မဟာကုသိုလ် ပထမဇောရဲ့ရှေ့မှာ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ရှိပါတယ်။ ပဉ္စဒွါရဖြစ်ရင် ဝုဋ္ဌော၊ မနောဒွါရဖြစ်ရင် မနောဒွါရာဝဇ္ဇန်းရှိပါတယ်။ အကုသိုလ် ပထမဇောရဲ့ရှေ့မှာလဲ ထိုနည်းတူစွာ ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းရှိပါတယ်။

## အဗျာကတော ကုသလဿ

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယော။ အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော။

**အဗျာကတော ကုသလဿ**-အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား မဟာကုသိုလ် ပထမဇော အားတတ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ပစ္စည်းတရားရ၏။ ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား မဟာကုသိုလ် ပထမဇော ပစ္စယုပ္ပန်တရားရ၏။ (ဒီကြတော့ အာသေဝန၊ ကမ္မနဲ့မဆိုင်တော့ပါဘူး၊ လက်ကျန်ကွင်းကလေးနဲ့ (၅) ရှိပါတယ်) အနန္တရ ပစ္စယေနဟူသော **ကရိုဏ်း**ပါဒ်၏ အရကားတပြိုင်နက် တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ-ဟု (၅) ပစ္စယသတ္တိတို့တွင် အနန္တရ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

အဗျာကတော အကုသလဿလဲ အတူတူပါဘဲ၊ အကုသိုလ်ဥဒ္ဓါသာ ပို ဆိုရပါတယ်။

## အဗျာကတော အကုသလဿ

အဗျာကတောဓမ္မော အကုသလဿဓမ္မဿ အနန္တရပစ္စယေနပစ္စယော။ အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော။

**အဗျာကတော အကုသလဿ** - အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား အကုသိုလ် ဥဒ္ဓါသ ပထမဇော အားတတ်သော ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ပစ္စည်း

တရားရ၏။ အကုသလဿ ဓမ္မဿဟူသော သမ္ပဒါန် ပုဒ်၏ အရကား အကုသိုလ် ဥဒ္ဓါဒသ ပသမဇော ပစ္စယုပ္ပန်တရားရ၏။ အနန္တရ ပစ္စယေန ဟူသော ကရိုဏ်းပါဌ်၏ အရကား တပြိုင်နက် တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ-ဟု (၅) ပစ္စယသတ္တိတို့တွင် အနန္တရသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသရ၏။

## အဓိပ္ပါယ်

အနန္တရ ပစ္စည်းကို ပါဠိတော်မှာ သချာသတ္တ (၇) မျိုးဘဲ ဟောပါတယ်။ အဋ္ဌကထာကြတော့ ပစ္စည်း ပစ္စယုပ္ပန်တွေကို ခွဲလိုက်တဲ့အခါ ဒသဓာလို့ဆိုတဲ့ (၁၀)နည်းနဲ့လဲ ခွဲတယ်၊ သတ္တရသဓာလို့ဆိုတဲ့ (၁၇) မျိုး သမသဋ္ဌိဝိဓာလို့ဆိုတဲ့ မျိုးပေါင်း (၆၀) ဗဟုဓာ လို့ဆိုတဲ့ များစွာသော ပစ္စည်း ပစ္စယုပ္ပန် စသည်ဖြင့် အတော်ဘဲ ကျယ်ဝန်းစွာ မည်သည့် စိတ်နောင်မှာ မည်သည့်စိတ်များ ဖြစ်တယ်လို့ ဆိုတာကို ဖွင့်ပြထားပါတယ်၊ အဲဒါတွေ ကို တပည့်တော်တို့ ပဋ္ဌာန်းပါဠိရဲ့ နောက်ဆက်တွဲမှာ အဋ္ဌကထာ မိန့်ဆိုတဲ့အတိုင်း ဇယား များဖြင့် အပြည့်အစုံပြထားတဲ့အပြင် ပဋ္ဌိလောမအားဖြင့် နောက်စိတ်ရဲ့ရှေ့မှာလဲ ဘယ် စိတ်တွေ ဖြစ်နိုင်ကြောင်းကိုပါ အပြည့်အစုံပြသားပါဘယ်။ ဒီတော့ ၎င်းစာအုပ်မှာပင် ယူ ပါတော့။ ဒီမှာတော့ အကျယ်ပြောခွင့် မရပါဘူး။

တပည့်တော်တို့သုဒ္ဓသချာမှာ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတရယ်လို့ သဘာဂပစ္စည်းရေပြရာမှာ ဒီအနန္တရစသည်တွေဟာ ပစ္စည်းပစ္စယုပ္ပန်အနက် သဘောအား ဖြင့် အားလုံးကူကြလို့ ပြထားတာဖြစ်ပါတယ်။ သဒ္ဒါအနေနဲ့တော့ နဲနဲကွဲပါသေးတယ်။ ဘယ်လိုဘဲဆိုရင် အနန္တရကရှေးစိတ်နောက်စိတ်အခြားမရှိ ကျေးဇူးပြုပါတယ်။ သမနန္တရ က နာမ်ပရမတ်တရားတခုအကြားအပေါက်မရှိကောင်းစွာ အခြားမရှိကျေးဇူးပြုပါတယ်။ ဒီအိမ်ရဲ့ဟိုဘက်ကအိမ် ဒီလူရဲ့ဟိုဘက်က လူဆိုရင် အိမ် ၂-အိမ် လူ ၂-ယောက်ဆိုတဲ့ ပညတ်တရားများမှာ အကြားအပေါက်ရှိနေသလို နာမ်တရားများမှာ အကြားအပေါက်မရှိ တာဖြစ်ပါတယ်။

မူလဋီကာဆရာကြီးကရုပ်တရားများဟာသုဒ္ဓဋ္ဌကကလာပ်,နဝကကလာပ်စသည်ဖြင့် ကလာပ်တွဲခါဖြစ်နေလေတော့ ပုံသဏ္ဌာန်များအင်မတန် ထင်ရှားနေပါတယ်တဲ့။ ဒီကလာပ် က ဒီကလာပ်ရဲ့ အထက်မှာတည်တယ် အောက်မှာတည်တယ်၊ လက်ဝဲဘက်မှာ တည်တယ် လက်ျာဘက်မှာတည်တယ် စသည်ဖြင့် ခွဲခြားလို့ ရလောက်အောင် အကြားရှိသလို နာမ် တရားများမှာ အကြားမရှိဘဲ ရှေ့စိတ်နဲ့နောက်စိတ်တခုထဲ ထင်ရလောက်အောင် ဖြစ်နေ တယ်လို့ပြပါတယ်။ အနန္တရူပနိဿယကတော့ နောက်စိတ်ဖြစ်ဘို့ရာအတွက် လွန်ကဲကြီး မားတဲ့ အကြောင်းဖြစ်ပါတယ်။

နတ္ထိက နောက်စိတ်ကို ဖြစ်ခွင့်ပေးလိုက်တော့ ရှေ့စိတ်ရဲ့ချုပ်ခြင်း, မရှိခြင်းဖြစ်ပါ တယ်၊ ဝိဂတက ရှေးစိတ်များရဲ့ ဝိဇ္ဇာနနသဘောမကင်းသေးရင် မဖြစ်ဝံ့, မဖြစ်နိုင်တဲ့နောက် စိတ်များအား ဒီ ဝိဇ္ဇာနနသဘောကင်းခြင်း, ချုပ်ခြင်းသို့ရောက်ခြင်းဖြင့် ကျေးဇူးပြုပါတယ်။

**ဥပမာ** များက အနန္တရက စကြဝတေးမင်းများနတ်ရွာစံခြင်းနဲ့တူပါတယ်။ သမနန္တရကတော့ တောထွက်တာနဲ့တူပါတယ်။ အနန္တရပနိသယအတွက် အတူးမပြလဲအနန္တရသဘောနဲ့တူပါတယ်။ နတ္ထိက ညဥ့်ကုန်တဲ့အခါ နေ့ဖြစ်လာသလို ဆီမီးငြိမ်းတဲ့အခါ အမှောင်ရောက်တာနဲ့ တူပါတယ်။ ဝိဂတကနေဝင်တဲ့အခါ လသွက်တာနဲ့တူပါတယ်လို့ ဥပမာပြကြပါတယ်။

အနန္တရပစ္စည်းရဲ့ အကြောင်းအကျိုးဆက်သွယ်မှုဟာရုပ်တရား ရုပ်လောကနဲ့လုံးဝမပတ်သက် လုံးဝမဆိုင်ဘဲ နာမ်တရား နာမ်လောကနဲ့သာပတ်သက်ပါတယ်, သက်ဆိုင်ပါတယ်။ ဒီလိုရုပ်တရားနဲ့မဆိုင်ဘဲ နာမ်တရားသက်သက်ကိုသာ ဟောထားတဲ့ပစ္စည်းများဟာ ပဋ္ဌာန်းပါဠိတော်ကြီးမှာအနန္တရ သမနန္တရ အာသေဝန သမ္ပယုတ္တ နတ္ထိ ဝိဂတရယ်လို့(၆) ပစ္စည်းရှိပါတယ်။

အနန္တရဆိုတာ အထက်ကပြောခဲ့တဲ့အတိုင်း ရှေ့စိတ်နဲ့နောက်စိတ်နှစ်ခုခြားမှာနာမ်ကရားတခုအခြားမရှိစေရဘဲ ကျေးဇူးပြုတဲ့ပစ္စည်းဖြစ်ပါတယ်၊ အလယ်ကရုပ်တရားခြားလို့ကတော့ ဘယ်လောက်ကြာအောင်ခြားနေနေ ကမ္ဘာပေါင်းငါးရာခြားနေသည့်တိုင်အောင် အနန္တရရဲ့ ကျေးဇူးပြုမှုသတ္တိမပျက်ပါဘူး။ ရှေးစိတ်များက နောက်စိတ်များပေါ်လာအောင် ကျေးဇူးပြုတဲ့နေရာမှာလဲ ဖြစ်ချင်တဲ့စိတ်ဖြစ်ရောရယ်လို့မဟုတ်ဘဲ စိတ္တနိယာမအားလျော်စွာ ဝီထိပိုင်းများမှာပြထားတဲ့ ဝီထိအစဉ်အားလျော်စွာသာဖြစ်နိုင်ကြပါတယ်။

ဒီအနန္တရပစ္စည်းရဲ့ ကျေးဇူးပြုပုံများဟာ (၁) စိတ်ကစိတ်(၂)စိတ်က စေတသိက် (၃) စိတ်က စိတ်စေတသိက်(၄)စေတသိက်က စေတသိက်(၅) စေတသိက်က စိတ် (၆) စေတသိက်က စိတ်စေတသိက်(၇)စိတ်စေတသိက်က စိတ် (၈) စိတ်စေတသိက်က စေတသိက် (၉) စိတ် စေတသိက်က စိတ် စေတသိက်ရယ်လို့ (၉) မျိုးကျေးဇူးပြုကြောင်းကို ဒုကပဋ္ဌာန်း စိတ္တဒုက် စေတသိက ဒုက်များမှာ"ပုရိမံပုရိမံ စိတ္တံ ပစ္ဆိမသ ပစ္ဆိမသစိတ္တသ အနန္တရ ပစ္စယေန ပစ္စယော"စသည်ဖြင့် ဟောထားပါတယ်၊

ဒီစိတ်စေတသိက်ထဲက စိတ်ဆိုတာ မကြံစီအပ် မကြံစီနိုင် အင်မတန်ဆန်းကြယ်တဲ့သဘောဖြစ်လို့ စိတ်ဟူ၍၎င်း၊ သိတတ်တဲ့ သဘောရှိလို့ ဝိညာဉ်ဟူ၍၎င်း၊ အထည်ဝတ္ထုဒြပ်မရှိ သိခြင်းကြိယာသတ္တိသာရှိလို့ မနဟူ၍၎င်း၊ ဓမ္မသင်္ဂဏီပါဠိတော်မှာ များစွာတဲ့ပြဆိုထားပါတယ်။ ဒီစိတ်ဟာ အလွန်ဆန်းကြယ်နက်နဲသိမ်မွေ့တဲ့ တရားဖြစ်လေတော့ သာမန်ပုဂ္ဂိုလ်တို့မသိနိုင်မမြင်နိုင်ကြပါဘူး။ ဇူးရှုနက်နဲတဲ့ဉာဏ်ရှိသူများသာ မြင်နိုင်ကြပါတယ်။

ဒီစိတ်ဟာအာရုံကို သိခြင်းသဘောမျှသာဖြစ်တယ်။ကုသိုလ်အကုသိုလ်မဟုတ်ပါဘူး။ အလောဘ လောဘစသည့်ကသာ ကုသိုလ်အကုသိုလ်ဖြစ်ကြတယ်၊ဥပမာအားဖြင့် အဆိပ်ကိုရေနဲ့ဖျော်ပြီးသောက်လိုက်တဲ့အခါ တကိုယ်လုံးပြန့်နှံ့သွားအောင် ပြုလုပ်ပေးတာကရေရဲ့ကိစ္စဖြစ်ပါတယ်။တကိုယ်လုံးဒုက္ခရောက်စေတာကတော့ အဆိပ်ရဲ့ကိစ္စဖြစ်တယ်၊ ရေဟာတကိုယ်လုံးကို ဒုက္ခဖြစ်အောင် မတတ်နိုင်ပါဘူး၊ ဒုက္ခကိုဖြစ်စေတာတဲ့ အဆိပ်မဟုတ်ပါဘူး။ အဆိပ်ကသာ တကိုယ်လုံးမှာ ဒုက္ခဖြစ်အောင်တတ်နိုင်ပါတယ်၊ ဒီအတိုင်းအကုသိုလ်ဒုစ္စရိုက်အာရုံကို သိမှုဟာ စိတ်ရဲ့ကိစ္စဖြစ်ပါတယ်၊အကုသိုလ်ဒုစ္စရိုက်ကိုပြီးဒီးအောင် အပါယ်ဒုက္ခ

စသည် ဖြစ်အောင်ပြုမှုကတော့ နောက်လိုက်အခြေအရံအသင်းအပင်းနဲ့တကွဖြစ်တဲ့လောဘ ဒေါသ မောဟတို့ရဲ့ ကိစ္စဖြစ်ပါတယ်။ စိတ်ဟာ အကုသိုလ် ဒုစ္စရိုက် ပြီးစီးအောင်အပါယ် ဆင်းရဲရောက်အောင် မတတ်နိုင်ပါဘူး။ အပါယ်ဆင်းရဲစသည်ကို ဖြစ်အောင် ပြုတတ်တာက အကုသိုလ် စိတ်မဟုတ်၊ အခြေအရံအသင်းအပင်းနဲ့ တကွဖြစ်တဲ့ လောဘစသည်တို့ဖြစ်ပါတယ်။ အလောဘ စသည်တို့ရဲ့ ကုသိုလ်မည်ပုံကိုလဲ အထက်ပါသဘောကို ထောက်ဆပြီး သိနိုင်ပါတယ်။

လောဘ အလောဘစသည် တွေဟာမိမိတို့ရဲ့ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်နိုင်တယ်ဆိုကြပေမဲ့ စိတ်က ရှေ့ဆောင်မပေးရင် မဆောင်ရွက်နိုင်ကြပါဘူး။ စိတ်နဲ့တွဲဘက်ရမှ စိတ်က ရှေ့ဆောင်ပေးမှသာ ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်နိုင်ကြပါတယ်၊ ဒါကြောင့် စိတ်ဟာ မိမိသဘောရင်းက ကုသိုလ်အကုသိုလ်မဟုတ်ပေမဲ့ ကုသိုလ်အကုသိုလ်နဲ့ ပေါင်းမိတဲ့အခါ ရှေ့ဆောင်အကြီးအမှူးကိစ္စနဲ့ ကုသိုလ်အကုသိုလ်တရားတွေနဲ့လိုက်လျောရတယ်၊ သဘောတူရတယ်၊ ကုသိုလ် အကုသိုလ်လို့ခေါ်ရတယ်။ ဒါကြောင့် လောဘစသည်နဲ့ အတူတကွ ထင်ရှားပေါ်လာတဲ့ စိတ်စေတသိက်အားလုံးကို''ဣမေဓမ္မာအကုသလာ''ဟူ၍၎င်း၊ အလောဘ စသည်နဲ့ တကွ ထင်ရှားပေါ်လာတဲ့ စိတ်စေတသိက်တွေကို ''ဣမေဓမ္မာကုသလာ'' ဟူ၍၎င်း ဓမ္မသင်္ဂဏီမှာ ဟောတော်မူပါတယ်။

ရေဟာအဆိပ်နဲ့ရောမိတဲ့အခါ အဆိပ်ဆေးတို့ရဲ့ ရှေ့သွားခေါင်းဆောင်ကြီးဖြစ်သလို စိတ်ဟာလဲ အကုသိုလ်နဲ့ရောမိတဲ့အခါ ဒီအကုသိုလ်ရဲ့ ရှေ့သွားခေါင်းဆောင်ဖြစ်ကြောင်းကို အဂ်ုတ္တိုရ်မှာ''ရဟန်းတို့ အကုသိုလ်ကိုမှီ၍ ဖြစ်ကြတဲ့ အကုသိုလ်အသင်းအပင်းဖြစ်ကြတဲ့ အကုသိုလ်ဟူသမျှ အားလုံးဟာ စိတ်လျှင် ရှေ့သွားရှိကြတယ်။ ဒီတရားတွေမှာ စိတ်ဟာ ရှေးဦးစွာဖြစ်တယ်။ အကုသိုလ်တရားကအတူလိုက်၍သာ ဖြစ်ကြရတယ်''လို့ဟောပါတယ်။ စိတ်ကိုယဉ်ကျေးအောင် ဆုံးမနိုင်ရင် ကောင်းကျိုးချမ်းသာကို ဖြစ်စေနိုင်ပါတယ်။ မဆုံးမနိုင်ရင်တော့ အကျိုးမဲ့ဖြစ်ကြောင်းကိုလဲ ဟောထားပါတယ်။

ယခုစိတ်အကြောင်း ပြောနေတာက နာမ်တရား အချင်းချင်း ကျေးဇူး ပြုကြတဲ့ အနန္တရပစ္စည်းဖြစ်လို့ စိတ်အကြောင်းကို အသင့်အတင့် နားလည်အောင် ပြောပြခြင်းဖြစ်ပါတယ်။ ဘဝသံသရာမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်မပြုသေးသမျှ သတ္တဝါတွေရဲ့သန္တာန်မှာ ငါ်စိတ်အစဉ်တွေဟာ အသညသတ်ဘုံမှာ ဖြစ်နေခိုက် နိရောဓသမာပတ်ဝင်စားနေခိုက်မှတပါး (နိရောဓသမာပတ် အကြောင်းကို နောက်မှ အနည်းငယ်ပြောပြပါမယ်) တမိနစ် တစက္ကန့်မျှ ရပ်နားခြင်း မရှိဘဲအိပ်ပျော်၍ ဘဝင်ကျနေသည့်တိုင်အောင် ရှေ့ဘဝင်စိတ်က ချုပ်လိုက် နောက်ဘဝင်စိတ်က ဖြစ်လိုက်နဲ့အမြဲမပြတ်ဖြစ်နေပါတယ်။

သတ္တဝါတွေရဲ့ သန္တာန်မှာ နာမ်တရားတွေဟာ နှစ်ခုပြိုင်ပြီး ဖြစ်လေ့မရှိကြပါဘူး။ တခုချုပ်မှ တခုဖြစ်နိုင်ကြပါတယ်။ ဒါပေမဲ့ စိတ်တို့ရဲ့ ဖြစ်ပေါ်မှု ချုပ်ဆုံးမှုဟာ ဥပမာ မပြနိုင်လောက်အောင် လျင်မြန်ပါတယ်။ မျက်စိတမှိတ် လျှပ်တပျက်အတွင်းမှာ ကုဋေ တသိန်း ဖြစ်ပျက်နိုင်ပါတယ်။ ဒါလောက်ဖြစ်ပျက်မှု လျင်မြန်လေတော့ ဒီကိုယ်ခန္ဓာအတွင်းမှာရှိတဲ့ နာမ်တရားတွေဟာ တပြိုင်နက်ဖြစ်ကြတာဘဲရယ်လို့ ထင်မြင်နေကြတယ်၊ အမှု

အရာအသစ်တခု ပေါ်လာရင် အမှုအရာဟောင်းတွေဟာ မရှိကြတော့ဘဲ ချုပ်ကြတယ်။ အာရုံသစ်ထင်လာတိုင်း နာမ်ခန္ဓာအသစ်တွေ ဖြစ်ကြတယ်။ အသစ်အဟောင်းပြောင်းလဲပြီး ဆက်လက်ဖြစ်နေတာကိုဘဲ နာမ်အစဉ်ရယ်လို့ ခေါ်ရတယ်။ ဒီအစဉ်ကို ခွဲစိတ်ပိုင်းခြားပြီး မမြင်နိုင်ရင်တော့ အမှုအရာ အသစ်အဟောင်း ပြောင်းလဲမှုကို မြင်နိုင်မှာ မဟုတ်ဘူး။ ဒီလို မထင်မြင်နိုင်ခဲ့ရင် အနိစ္စကို ကျနစွာ မမြင်နိုင်တော့ဘူး။ ဒီအစဉ်အတန်းကြီးဟာ အနိစ္စလက္ခဏာကို ခုခံတဲ့ ခံတပ်ကြီးဖြစ်နေပါတယ်။ ဒါကြောင့် အဋ္ဌကထာများမှာ အနိစ္စတရားကို သန္တတိဖုံးလွှမ်းတယ်လို့ မိန့်ဆိုကြပါတယ်။

စီးနေတဲ့ မြစ်ရေအယဉ် တောက်နေတဲ့မီးတောက်တွေကို သာမန်အားဖြင့် ကြည့်မယ်ဆိုရင် ရေပြင်တခုထဲ မီးတောက်တခုထဲ မလှုပ်ရှားဘူးရယ်လို့ ထင်မြင်ရတယ်။ သေသေချာချာ စိမ်းစိမ်းကြည့်ရင် စူးစူးစိုက်စိုက်ကြည့်ရင် လှုပ်ရှားနေတဲ့ အမှုအရာတွေကို မြင်ရပါတယ်။ ဒီလှုပ်ရှားနေတဲ့ အမှုအရာတွေဟာ ရေအယဉ်နဲ့ မီးတောက်မှာရှိကြတဲ့ ရုပ်တရားတွေရဲ့ အသစ်အဟောင်း ပြောင်းလဲကြတဲ့ အမှုအရာများ ဖြစ်ကြပါတယ်။ ဒီလို အသစ်အဟောင်းပြောင်းလဲမှု ရှိလို့သာ ရေစီးနိုင်တယ်၊ မီးတောက်နိုင်ပါတယ်။ ဒီရေအယဉ် မီးတောက်များလို နာမ်တရားများမှာလဲ အသစ်အဟောင်း ပြောင်းလဲနေကြပါတယ်၊ နာမ်တရားတွေရဲ့ အသစ်အဟောင်း ပြောင်းလဲမှု ဆက်လက်၍ ဖြစ်ပေါ်နေမှုတွေဟာ အင်မတန်သိမ်မွေ့ အင်မတန် လျှင်မြန်လေတော့ အစဉ်အတန်းကြီးလို့ သတ္တဝါတွေက ထင်မှတ်ကြပါတယ်။

ဒီအနန္တရပစ္စည်းဟာ အစိပ်စိပ် အမြွာမြွာ အပိုင်းအပိုင်း ပြတ်နေကြတဲ့ နာမ်တရားတွေရဲ့ အနိစ္စသဘောကို ပြဆိုတဲ့ ပစ္စည်းဖြစ်ပါတယ်။ ဒီနာမ်တရားတွေကလဲ ရှေးရှေးအကြောင်းတရားဖြစ်တဲ့ နာမ်တရားတွေချုပ်ပြီးမှ နောက်နောက် အကျိုးတရားတွေ အသစ်အသစ် ဖြစ်ပေါ်ကြပါတယ်။ ချုပ်သွားတဲ့အကြောင်း နာမ်တရားကအတိတ်ကာလ, အသစ်ပေါ်လာတဲ့အကျိုး နာမ်တရားက ပစ္စုပ္ပန်ကာလ ဖြစ်ပါတယ်။ အနန္တရ ပစ္စည်းမှာ ရှေးရှေးအတိတ်တရားကသာ နောက်နောက်ပစ္စုပ္ပန်တရားအား ကျေးဇူးပြုကြောင်းကို အဘိဓာ တိကမှာ ''အတီတော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယော''လို့ ဟောပါတယ်. ရှေးရှေး နာမ်တရားထင်ရှားရှိခိုက်နောက်နောက်နာမ်တရားများမပေါ်နိုင်ကြပါဘူး။

ပစ္စည်း ပစ္စယုပ္ပန်တွေကို စင်းစားရင်သံသရာတလျှောက်မှာ သတ္တဝါတွေရဲ့ စိတ်အစဉ်ဟာ တခါတရံမျှတမိနစ်ဘစက္ကန့်ကလေးမျှနားနေခွင့်မရပါဘူး။ အသညသတ်ဘုံမှတပါး ဘုံ(၃၀)မှာ ဖြစ်ကြတဲ့ သတ္တဝါတွေမှာ ဆိုင်ရာဘုံအားလျော်စွာ ပထမ ပဋိသန္ဓေစိတ်ဖြစ်ပါတယ်။ ဒီပဋိသန္ဓေရဲ့ နောက်, ဘဝင်စတဲ့ စိတ်အစဉ်တွေဟာ ထိုထိုအာရုံဒွါရကိစ္စအားလျော်စွာ စက္ကန့်မခြားဘဲ စိတ်တို့ရဲ့ စိတ္တက္ခဏတချက်သာရှိတဲ့ သက်တမ်း အားလျော်စွာ ချုပ်လိုက် ဖြစ်လိုက် ဖြစ်နေကြပါတယ်၊ ဒီလို၍ စိတ်ချုပ်ပါမှ နောက်စိတ်သစ်ဖြစ်ရလို့ ပြောင်းလဲမှုရှိပေမဲ့ ရှေ့စိတ်နဲ့ နောက်စိတ်တို့ အခြားမထင်လေတော့ တနေ့လုံး ကြံစီနေပေမယ်လို့ စိတ်တခုထဲသာ ဖြစ်တယ်လို့ ထင်နေကြတယ်၊ တသက်လုံးမှာပင်စိတ်တခုထဲဘဲ ရယ်လို့ထင်ကြလေတော့ သတ္တဝါတွေဟာ ဒီစိတ်မှာ နိစ္စအယူဒိဋ္ဌိအယူခိုင်မြဲနေကြတယ်။

ပစ္စယုပ္ပန်တရားမှာ ရဟန္တာတို့ရဲ့ စုတိ ပါလာလေတော့ ၎င်းအတွက် စဉ်းစားရင် ပစ္စည်းတရားသာဖြစ်၍ ပစ္စယုပ္ပန်မဖြစ်တဲ့ တရားတော့မရှိဘူး။ ဒါပေမဲ့ ပစ္စယုပ္ပန်တရားသာ ဖြစ်ပြီး ပစ္စည်း မဖြစ်တဲ့တရားဟာ အနန္တရ ပစ္စည်းမှာ ဟောတဲ့ ရဟန္တာတို့ရဲ့ စုတိဖြစ်ပါတယ်။ ဘုရားရဟန္တာများရဲ့ မရဏာသန္နဝီထိမှာ မနောဒွါရာဝဇ္ဇန်း မရဏာသန္နကြိယာဇော ၅ ကြိမ် တဒါရုံဆိုတဲ့ဝီထိ စိတ်တွေဟာ ကံအကျိုးပေးစရာ မရှိလေတော့ အခြား မရဏာသန္နဝီထိများလို ကံအာရုံ ကမ္မနိမိတ်အာရုံ မထင်ကြတော့ဘူး။ နောက်ထပ် ပဋိသန္ဓေနေစရာ,လားရာဂတိကလဲ မရှိလေတော့ ဂတိနိမိတ်လဲ မထင်နိုင်တော့ဘူး။ ရိုးရိုးတော့ မက နာမ်ရုပ်များနဲ့ ပညတ်အာရုံများတွင် တပါးပါးကို အာရုံပြုကြပါတယ်။ ပရိနိဗ္ဗာန စုတိစိတ်များကတော့ မူလပဋိသန္ဓေ နေစဉ်အခါက ယူခဲ့တဲ့အာရုံနဲ့တူစွာ ကံ ကမ္မ နိမိတ် ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကြပါတယ်။ ရဟန္တာများရဲ့ စုတိစိတ် နောင်မှာ ဘယ်လိုနာမ်မျိုး ရုပ်မျိုးမှ မဖြစ်လေတော့ သံသရာပြတ်ခါ ဖြစ်မှုချုပ်မှုမရှိတော့ဘဲ အငြိမ်းကြီးငြိမ်းတော်မူကြပါတယ်။

## ဖလသမာပတ်

ဖလသမာပတ်အကြောင်း အနည်းငယ်ပြောမယ်လို့ ကုသလော အဗျာကတသဿတိုး က ပြောခဲ့တဲ့အတိုင်း ယခုပြောပြပါမယ်။ ''အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ'' ဆိုတဲ့ ပါဠိအရ လူမင်း နတ်မင်း ဗြဟ္မာမင်းတွေဟာ မိမိတို့ပိုင်ဆိုင်ကြတဲ့ ကာမဂုဏ် ချမ်းသာ စျာန်ချမ်းသာကို ခံစားကြပါတယ်။ အရိယာရယ်လို့ ဖြစ်လာရင် နိဗ္ဗာန်ဆိုတဲ့ သန္တိသုခ သဘောရှိတဲ့ အာရုံကြီးကို အချိန်မရွေး အာရုံပြုပြီး ဖိုလ်ဝင်စားနိုင်လေတော့ နိဗ္ဗာန် ချမ်းသာကြီးရဲ့ ပိုင်ရှင်ရယ်လို့ ခေါ်ရပါတယ်။ စျာန်ရတဲ့ အရိယာဖြစ်ဖြစ် စျာန်မရတဲ့ အရိယာဖြစ်ဖြစ် ဒီနိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပစ္စက္ခ အသက်ခန္ဓာထင်ရှားရှိနေစဉ် ချမ်းချမ်းသာသာ ခံစားစံစားပြီး နေထိုင်ဘို့ရာအတွက် အရိယာများဟာ ဖလသမာပတ်ကို ဝင်စားခြင်း ဖြစ်ကြပါတယ်။

ဖိုလ်ဝင်စားတော့မယ်ဆိုရင် ဝင်စားလိုသူဟာ ဥဒယဗ္ဗယစတဲ့ ဝိပဿနာဉာဏ် ၉ ပါးနဲ့ တေဘူမက သင်္ခါရတရားတွေကို အနိစ္စဒုက္ခ အနတ္တလို့ရှုခါ ပရိကံသီးခြားပြုရပါတယ်။ ထို့နောင် ဖလသမာပတ္တိ ဝီထိသဘောအတိုင်း ဘဝင်အယဉ်ပြတ်ပြီး အနုလုံဇော ဖြစ်လာတယ်။ ဒီဇောရဲ့,နောက်မှာ နိဗ္ဗာန်ကို အာရုံပြုတဲ့ ဖိုလ်ဇောအကြိမ်များစွာ ဖြစ်နေတာကို ဖိုလ်ဝင်စားတယ်လို့ ခေါ်ရပါတယ်။ ဒီနေရာမှာ မဂ္ဂဝီထိတုံးက မဂ်ရှေ့မှာ ရှိတဲ့ ဂေါတြဘုဟာ နိဗ္ဗာန်ကို အာရုံပြုသလို ဖိုလ်ရှေ့မှာရှိတဲ့ အနုလုံက (ဝါ) ဂေါတြဘုက (အနုလုံကို ဂေါတြဘုလို့လဲ ခေါ်ပါတယ်) ဘာ့ကြောင့် နိဗ္ဗာန်ကို အာရုံမပြုသလဲဆိုရင် ဖိုလ်က နိယျာနိကတရား မဟုတ်လို့ဆိုတဲ့ အကြောင်းကို ''ကသ္မာပနေတ္ထ ဂေါတြဘုဉာဏံ မဂ္ဂဉာဏ ပုရေစာရိကႋဝိယ နိဗ္ဗာနာရမ္မဏံ န ဟောတီတိ၊ဖလာနံ အနိယျာနိကဘာဝတော'' လို့ ဥဒါန်း ဝိသုဒ္ဓိမဂ် ဋီကာများမှာ မိန့်ဆိုပါတယ်။

ဒီဖိုလ်ဇောဟာ မဂ်ဇောကပေးလိုက်တဲ့ ဇောစေတနာရဲ့သတ္တိကို အပြည့်အစုံလက်ခံသိမ်းပိုက်နိုင်စွမ်းရှိတဲ့အတွက် ဝိပါက်ဖြစ်ပေမဲ့ ဇောကိစ္စနဲ့ဖြစ်လာတယ်။ ဒီဇောဟာ

သာမညဇောမျိုးမဟုတ်ဘဲ သဟဇာတ ဝိပတ်၊ အာရမ္မဏ ဝိပတ် ကောင်းဆိုက်တဲ့ ဇော ဖြစ်ပါတယ်။ ဇောဆိုရင် ဇောရဲ့သဘော ဇောရဲ့ကိစ္စအတိုင်း အာရုံကိုခံစားမှုရှိရပေမယ်။ ဒီတော့ ဖိုလ်ဝင်စားနေတယ်ဆိုတာ နိဗ္ဗာန်ချမ်းသာကြီးကို အာရုံပြုပြီး အတွင်းအသိမ်အဘု မရှိတဲ့ ဝေဒယိတသုခကြီးကို ခံစားနေတာဖြစ်ပါတယ်။

ဥပမာအားဖြင့် မီးများဟာ သောင်စာတွေ ဘယ်လောက်ထည့်ထည့် သောင် စာဖြင့် မရောင့်ရဲနိုင်ပါဘူး။ မဟာသမုဒ္ဒရာဟာ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာက စီး ဝင်လာတဲ့ ရေတို့ဖြင့် မရောင့်ရဲနိုင်ပါဘူး။ မင်းများဟာ တိုင်းပြည်နိုင်ငံဖြင့် မရောင့်ရဲနိုင် ပါဘူး။ အလိုကြီးတဲ့သူဟာ ပစ္စည်းလေးပါး ဘယ်လောက်လှူလှူ ဘယ်တော့မှ မရောင့်ရဲ ကြသလို အရိယာပုဂ္ဂိုလ်များဟာ အကြောင်းကင်းမဲ့တဲ့ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်နေတဲ့ မိမိတို့ရဲ့ ဖလသမာပတ်အားဖြင့် မရောင့်ရဲနိုင်ကြလို့ ဖိုလ်လေးပါးမှာရှိတဲ့ သုခဟာ သုံး ဆောင်ခံစားလို့ အားရရောင့်ရဲခြင်း မဖြစ်စေတတ်၍ မွန်မြတ်တဲ့ ပဏီတသုခဖြစ်ပါတယ်။ ဒီဖိုလ်လေးပါးမှာလဲ အရဟတ္တဖိုလ်မှာရှိတဲ့ သုခဟာ အထွဋ်အထိပ်သို့ ရောက်တဲ့ပဏီတ သုခဖြစ်ပါတယ်။

မြတ်စွာဘုရားများမှာ စိတ်တော်ကို အစိုးရလေတော့ တရားဟောနေတဲ့အခါ တရားနာသူများက သာဓုခေါ်တဲ့အချိန်ကာလကလေးမှာပင် အချိန်ကို အလဟဿမဖြုန်းဘဲ ဖလသမာပတ် ချမ်းသာကို ခံစားတော်မူတယ်။ တရားဟောခြင်း ဆွမ်းဘုန်းပေးခြင်းစတဲ့ ကိစ္စတပါးရှိပေမဲ့ နိဗ္ဗာန်သို့ ညွတ်ကိုင်းတော်မူတဲ့ စိတ်ရှိတော်မူတယ်။ ပြုဖွယ်ကိစ္စများ ပြီးဆုံးတဲ့အခါ အရဟတ္တဖိုလ် ဖလသမာပတ်ကို ဝင်စားတော်မူပါတယ်။ ဒီတော့ အရ ဟတ္တဖိုလ် ချမ်းသာဟာ သင်္ခတသုခအပေါင်းမှာ အထွဋ်အထိပ်သို့ ရောက်တဲ့ ကောဋိပ္ပတ္တ သုခရယ်လို့ဆိုရတယ်။ ဝေဒယိတသုခအပေါင်းတွင် ဒီဖလသမာပတ်ရဲ့ ဝေဒယိတသုခ ဟာ ချမ်းသာတကာတို့ရဲ့ အထွဋ်အထိပ် ဖြစ်လေတော့ ဘုရားရဟန္တာ အရိယာသူတော် ကောင်းများဟာ အချိန်ရတိုင်း ဖလသမာပတ်ကို ဝင်စားတော်မူကြပါတယ်။ အရှင်ပါကု လမှာ အတ္တဟိတသမားဖြစ်လေတော့ ဖလသမာပတ် ချမ်းသာကို အများဆုံး ခံစားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

မဟာကမ္မ ဝိဘင်္ဂသုတ်မှာ ''ယံသမာပတ္တိံ သမာပန္နော နက္ခိဝေဒိယတိ'' ဆိုတဲ့ ပါဋ္ဌိကို ကိုးကားပြီး ဖိုလ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဟာ ဘာခံစားမှုမှ မရှိဘူး ဖိုလ်ဝင်စားမှု ဟာ ဝေဒယိတသုခမဟုတ်ဘူး၊ အဝေဒယိတသုခရယ်လို့ အချို့ ကိုယ်လိုချင်ဘာကလေး ကွက်ပြီး အယူအဆ မှားတတ်လွဲတတ်ပါတယ်။ ဒီပါဋ္ဌိဟာ ဖလသမာပတ်ကို ဆိုတာ မဟုတ်ပါဘူး။ နိရောဓသမာပတ်ကိုသာ ဆိုတာဖြစ်ကြောင်းကို ''နိရောဓသမာပတ္တိံ သန္ဓာ ယ အနုဇာနာတိ''ရယ်လို့ အဋ္ဌကထာက အတိအလင်း ဖွင့်ဆိုပါတယ်။ နိရောဓ သမာပတ် များမှာတော့ သင်္ခါရသုံးပါးချုပ်နေလို့ စိတ်စေတသိက် စိတ္တဇရုပ်တွေမရှိ၍ အဝေဒယိတ သုခလို့ဆိုရပါတယ်။ ယနေ့တော်ကြပါအုံးစို့ နောက်အပတ်မှ ကျန်တာဆက်ပြောပါမယ်။

သာဓု .... သာဓု .... သာဓု ....။

# ၁၃၂၉-ခု၊ တန်ဆောင်မုန်းလဆုတ် (၁၀)ရက်
# ၁၉၆၇-ခု၊ နိုဝင်ဘာလ(၂၆)ရက်၊ တနင်္ဂနွေနေ့
# ပဋ္ဌာန်း ကုသလတိက် ပဉှာဝါရ ဝိဘင်္ဂကို (၁၇) ကြိမ်မြောက်ပို့ချခြင်း

### ဖလသမာပတ်

အရင်အပတ်က ဖလသမာပတ်အကြောင်း နဲနဲကျန်ရစ်ခဲ့ပါတယ်။ ဆက်ပြောပါဦးမယ်။ စူဠဒုက္ခက္ခန္ဓသုတ်မှာ သင်တို့ဗိမ္ဗိသာရမင်းကြီးဟာ ကိုယ်ကိုမလှုပ်ရှားဘဲ စကားမပြောမဆိုဘဲ (၇) ရက်ကာလပတ်လုံး ချမ်းသာသက်သက်ချည်း ခံစားနေရန် စွမ်းနိုင် ပါ့မလားလို့မေးတော့ နိဂဏ္ဌာက မစွမ်းနိုင်ကြောင်း ဖြေဆိုပါတယ်။ ဒါဖြင့် ၆-ရက်၊ ၅-ရက်၊ ၄-ရက်၊ ၃-ရက်၊ ၂-ရက်၊ ၁-ရက်လုံးလုံးကော ချမ်းသာသက်သက်ချည်း ခံစားလို့နေနိုင်ပါမည်လားလို့ မေးပြန်တော့ မစွမ်းနိုင်ပါလို့ဘဲ ဖြေဆိုတယ်။ ဒီတော့ ဘုရားက ငါ့ရှင်နိဂဏ္ဌာ၊ ငါဘုရားဟာ ကိုယ်ကိုမလှုပ်ရှားဘဲ စကားမပြောဆိုဘဲ တရက်လုံးလုံး ချမ်းသာသုခကို ခံစားနေရန် စွမ်းနိုင်တယ်။ ၂ ရက်၊ ၃-ရက်၊ ၄-ရက်၊ ၅-ရက်၊ ၆-ရက်၊ ၇ ရက်လုံးလုံး ချမ်းသာသုခကို ခံစားနေရန် စွမ်းနိုင်တယ်လို့ ဟောတဲ့နေရာမှာ အကြားအလတ်မရှိဘဲတရားကလေးတခုမှ ခြားမနေဘဲ ကိုယ်တော်မြတ်ရဲ့ ဧကန္တသုခဖြစ်တဲ့ ဖလသမာပတ်ကို ခံစားနေပုံကို ပြဆိုခြင်းဖြစ်ပါတယ်။ ဖိုလ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဟာ ဖိုလ်စိတ်တခုထဲသာ တခုချုပ်တခုဖြစ်နေလေတော့ ချမ်းသာအစဉ်အဆက်ဟာ မပြတ်ဘဲဖြစ်နေပါတယ်။

ပရိနိဗ္ဗာနသုတ်မှာ မြတ်စွာဘုရား ဝေဠုဝရွာမှာ ဝါကပ်ပြီးတဲ့အခါ အင်မတန်ကြမ်းတမ်းတဲ့ ရောဂါကပ်ရောက်ပြီး သေလောက်အောင် ပြင်းထန်တဲ့ ဝေဒနာ ဖြစ်လာတော့ သတိတရားနဲ့ ဆင်ခြင်ပြီး ပင်ပန်းတယ်လို့ မရေတွက်ဘဲ သည်းခံတော်မူခဲ့တယ်။ ဒီတော့ ငါဘုရားဟာ အလုပ်အကျွေးကို မသိစေဘဲ ရဟန်းသံဃာကို မပန်ကြားဘဲ ပရိနိဗ္ဗာန်ပြုဖို့ရာ မလျောက်ပတ်။ ဒီရောဂါကို ဝီရိယနဲ့ပယ်ခွါ၍ အသက်ရှည်နိုင်တဲ့ သမာပတ်ကိုဝင်စား၍ နေရမှုကောင်းလေစွလို့ အကြံတော်ဖြစ်ပြီး ဖလသမာပတ်ကို ဝင်စားတော့မှ ဒီရောဂါငြိမ်းသွားတယ်။ ''အာနန္ဒာ၊ ငါသည် အိုမင်းကြီးရင့်လှပြီ။ ငါ့အသက်ရှစ်ဆယ် ရှိနေပြီ။ အာနန္ဒာ၊ လှည်းအိုသည် ဖွဲ့စီးတုတ်နှောင်ခြင်းဖြင့် တည်တံ့သကဲ့သို့ ဤအတူပင် ငါဘုရားရဲ့ ခန္ဓာကိုယ်ဟာ ဖွဲ့စည်းတုတ်နှောင်ခြင်းနဲ့တူတဲ့ ဖလသမာပတ်ဖြင့် တည်တန့်၍ နေတယ်'' ဆိုတဲ့နေရာများမှာ ဖလသမာပတ် ဝင်စားနေရင် အနာရောဂါကင်းတယ်၊ အသက်ရှည်တယ်လို့ပြပါတယ်။

မြတ်စွာဘုရားများ အာယုသင်္ခါရလွှတ်တယ်ဆိုတာ အသက်ရှည်ရန် ပြုပြင်မှု(ဖလသမာပတ်ဝင်စားမှု)ကို စွန့်လွှတ်တာဖြစ်ပါတယ်။ အဋ္ဌကထာက ''တေမာသမတ္တံ မေဝ ပန သမာပတ္တိံ သမာပဇ္ဇိတွာ တတောပရံ နသမာပဇ္ဇိဿာမိတိ စိတ္တံ ဥပ္ပါဒေသိ၊ တံ သန္ဓာယ ဝုတ္တံ ဩဿဇီတိ''လို့ မိန့်ဆိုပါတယ်။

ဒီဖလသမာပတ်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဟာ ကိလေသာ အပူမီးဟူသမျှ ငြိမ်းအေးနေတဲ့ နိဗ္ဗာန်ကို အာရုံပြုရလေတော့ သူ့သန္တာန်မှာဖြစ်နေတဲ့ ဖိုလ်စိတ်ဟာလဲ ဝင်စားနေသမျှကာလပတ်လုံး ဘယ်ကိလေသာ အပူမီးမှမရှိဘဲ ငြိမ်းအေးနေပါတယ်။ ကိလေသာအညစ်အကြေးရှိကြတဲ့ ပုဂ္ဂိုလ်တွေကို ကြည့်လိုက်ရင် မတင့်တယ်စရာတွေ များစွာ တွေ့ရပါလိမ့်မယ်။ ဒီအညစ်အကြေး ကင်းစင်နေတဲ့ ဖိုလ်ဝင်စားနေသူမှာတော့ လွန်စွာတင့်တယ် လှပါတယ်။ ကိုယ်နှုတ် လှုပ်ရှားမှုကလဲ မရှိလေတော့ အလွန်ငြိမ်သက်နေပါတယ်၊ အမြိုက်ဆေး ရောထားတဲ့ ပြားရည်များလို သြဇာနဲ့လဲပြည့်စုံပါတယ်။ လျှာနဲ့ချမ်းသာ မဂ်ချမ်းသာတွေထက် လွန်ကဲတဲ့ ချမ်းသာဖြစ်လေတော့ လွန်စွာမှ မွန်မြတ်အရသာရှိပါတယ်၊ ဖိုလ်ချမ်းသာကို ခံစားနေတဲ့ ပုဂ္ဂိုလ်မှာ ဒီဖိုလ်ချမ်းသာရဲ့ သတ္တိကြောင့် အချင်းခပ်သိမ်းအတုခဲ့သုခဖြင့် စိုစွတ်နေပါတယ်။

သက္ကပဥ္စသုတ်မှာ သိကြားက မြတ်စွာဘုရားအား "မြတ်စွာဘုရား၊ တပည့်တော် မြတ်စွာဘုရားကို ဖူးမျှော်ရန် သာဝတ္ထိပြည်သို့ လာတဲ့အခါ မြတ်စွာဘုရားသည် ဖလသမာပတ်ကို ဝင်စားနေပါတယ်။ ဝေဿဝဏ္ဏနတ်မင်းကြီးရဲ့ မိဖုရားဘုဇတိ နတ်သမီးကမြတ်စွာဘုရားကို ရှိခိုးနေပါတယ်။ တပည့်တော်က နတ်သမီးအား နတ်သမီး၊ သိကြားမင်းသည် အမတ်နှင့်တကွ အခြံအရံနှင့်တကွ မြတ်စွာဘုရားကို ခြေတော်ဦးခိုက် လျှောက်ကြားကြောင်း လျှောက်ထားပါပြောတော့ နတ်သမီးက မြတ်စွာဘုရားဘပါးတည်း ကိန်းအောင်းနေပါတယ်လို့ ပြောပါတယ်။ ဒါဖြင့် ဖလသမာပတ်က ထတဲ့အခါ လျှောက်ပါသို့မှာခဲ့ပါတယ်ဘုရား။ ထိုနတ်သမီး လျှောက်ပါသလားဘုရား။ မြတ်စွာဘုရား၊ ထိုနတ်သမီးရဲ့ စကားကို သတိရတော်မူပါသလား"လို့ လျှောက်ထားတယ်၊ မြတ်စွာဘုရားက "သိကြားမင်း၊ ထိုနတ်သမီး ငါ့ကိုလျှောက်တယ်၊ ထိုနတ်သမီးရဲ့စကားကို ငါသတိရတယ်" အမှန်စင်စစ်ကတော့ သိကြားရဲ့ ရထားဘီးသံဖြင့် ထိုသမာပတ်မှ ငါထတော်မူတယ်လို့ မိန့်တဲ့နေရာမှာ အဋ္ဌကထာက-

သမာပတ်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဟာ အသံကို ကြားနိုင်ပါ့မလားဆိုတဲ့ အမေးအတွက် မကြားနိုင်ဘူးရယ်လို့ ဖြေရမယ်၊ ဒါဖြင့် သက္ကပဥ္စသုတ်မှာ သိကြားမင်းရဲ့ရထားဘီးသံဖြင့် သမာပတ်က ထတယ်လို့ ဟောထားတယ် မဟုတ်ဘူးလားတဲ့? ရထားဘီးသံထားပါဦး သမာပတ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်ဟာ သူ့နားနားကပ်ပြီး ခရုသင်းအစုံကို မှုတ်မှုတ် မိုးကြိုးကျကျ အသံကိုမကြားရဘူး။ အသံကြားတာကတော့ သိကြားဖူးမျှော်ခွင့်မရလို့ ပြန်သွားတဲ့အခါ ဘုရားကလဲ ပိုင်းခြားထားတဲ့ ကာလအားလျော်စွာ သမာပတ်က အထ ရထားသံနဲ့တကွ ပဌမအာဝဇ္ဇန်းဖြစ်တာကို ဟောတာဖြစ်ပါတယ်။

ဒီနေရာမှာ ဖလသမာပတ် ဝင်စားနေရင် ကျောက်တုံးကြီးလို ဘာမှမသိတော့ဘူးလားဆိုရင် နိဗ္ဗာန်ကို အာရုံပြုနေမှန်းတော့ သိပါတယ် နိဗ္ဗာန်ကို အာရုံပြုနေတဲ့ ဖိုလ်စိတ်နဲ့ယှဉ်တဲ့ သတိတရားတွေ စေတနာတရားတွေဟာ အင်မတန်ကြီးကျယ်တဲ့ သမာဓိကြီး အင်မတန်ကြီးကျယ်တဲ့ သတိတရားများဖြစ်ပါတယ်၊ မကြားတာကတော့ အင်မတန်ကြီးကျယ်တဲ့ သမာဓိ စွမ်းရည်ကြောင့် ဖြစ်ပါတယ်။ ဒီလိုဖလသမာပတ် ဝင်စားနေတာ မကိုသားနဲ့,

အချို့ပုဂ္ဂိုလ်တွေ သမာဓိကောင်းကောင်းနဲ့ စာကြည့်နေမယ် စာရေးနေမယ်ဆိုရင် အနား က ကလေးတွေ ဘယ်လိုဘဲ ဆော့နေကြ အော်နေကြ ရန်ဖြစ်နေကြပေမဲ့ ဒီအသံတွေကို ဒီပုဂ္ဂိုလ်များဟာ လုံးဝမကြားရပါဘူး။ အဲဒီလိုမကြားကြတဲ့ ပုဂ္ဂိုလ်များကိုလဲ တွေ့ရမြင်ရ ဘူးပါတယ်။ အဲဒါက "အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စ ယော" လို့ ဆိုတဲ့အရဖြစ်ပါတယ်။

## နိရောဓသမာပတ်

နောက်တဖန် အနန္တရရဲ့ ပါဠိတော်မှာ "နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာ ယတနကုသလံဖလသမာပတ္တိယာ။ နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာ ယတနကြိ ယံ ဖလသမာပတ္တိယာအနန္တရပစ္စယေန ပစ္စယော" လို့ ဟောတဲ့ နေရာဌာနမှာ နိရောဓသမာ ပတ်ဝင်စားပုံကလေးအကြောင်း နဲနဲပြောပြပါမယ်။

မိမိတို့ သန္တာန်မှာ ခန္ဓာတို့ရဲ့ ဖြစ်ပျက်မှုသင်္ခါရတို့၌ သံဝေဂဉာဏ်ဖြင့် ငြီးငွေ့ တော်မူပြီး ဒိဋ္ဌဓမ္မနိဗ္ဗာန်လို့ဆိုတဲ့ နိရောဓသမာပတ်ကို အနာဂါမ် ရဟန္တာအရှင်မြတ်များသာ ပဉ္စဝေါကာရဘုံမှာ ဝင်စားတော်မူကြပါတယ်။ သောတာပန် သကဒါဂါမ် များကတော့ ကာမစ္ဆန္ဒနီဝရဏစတဲ့ တရားကို အကြွင်းမဲ့မပယ်နိုင်သေးတော့ သမာဓိအားနည်းကြလို့ မဝင်စားနိုင်ကြပါဘူး။ အရူပဘုံကတော့ သမထဝိပဿနာ အစဉ်အတွဲပြီးတက်ဖို့ရာရူပဈာန် များမရှိလေတော့အရူပဘုံမှာရှိတဲ့ အနာဂါမ်ရဟန္တာများဟာ နိရောဓသမာပတ်ကို မဝင် စားနိုင်ကြပါဘူး။ နိရောဓသမာပတ်ဟာ အရိယာမဂ်၏ အကျိုးအာနိသင်ဖြစ်ပါတယ်။ ဖလ သမာပတ်ကတော့ ဝိပဿနာရဲ့ အကျိုးအာနိသင် ဖြစ်ပါတယ်။ အဘိညာဉ်များကတော့ လောကီဈာန်သမာဓိရဲ့ အကျိုးအာနိသင်များဖြစ်ပါတယ်။

နိရောဓသမာပတ် ဝင်စားမယ်ဆိုပေမယ်လို့ နိရောဓသမာပတ် ဝင်စားနိုင်ခြင်း အကြောင်းတရား ၅ ပါးရှိပါတယ်။ နိရောဓသမာပတ် ဝင်စားလိုတဲ့ပုဂ္ဂိုလ်ဟာ (၁) သမထ ဝိပဿနာနှစ်ဖြာသော အားစွမ်းနဲ့ ပြည့်စုံတဲ့ ဗလသမ္ပဒါ (၂) ဝစီသင်္ခါရ ကာယသင်္ခါရ စိတ္တသင်္ခါရ သုံးပါးတို့ရဲ့အစဉ်အတိုင်း ငြိမ်းမှုသင်္ခါရပဋိပဿဒ္ဓိ (၃) အနိစ္စာ နုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာ နိဗ္ဗိဒါနုပဿနာ ဝိရာဂါနုပဿနာ နိရောဓာနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာဝိဝဋ္ဋာနုပဿနာလို့ အနုပဿနာကရှစ်ပါးလောကုတ္တရာရှစ်ပါးပေါင်း (၁၆) ပါးသော ဉာဏ်ရဲ့ဖြစ်ခြင်း ဉာဏစရိယာ (၄) သမာပတ်ရှစ်ပါး သမာပတ်ရဲ့ ဥပစာတပါး ပေါင်း (၉) ပါးသော သမာဓိရဲ့ဖြစ်ခြင်း သမာဓိစရိယာ (၅) သမာပတ်ရှစ် ပါးကို ဝသီတော်ငါးပါးနဲ့ နိုင်နင်းစွာလေ့သာထားတဲ့ ဝသီဘာရယ်လို့ ဒီအင်္ဂါ ၅ ပါးနဲ့ ပြည့်စုံရပါတယ်။

နိရောဓသမာပတ်ဝင်စားမယ်လို့ဆိုရင် ဘယ်လိုလုပ်ရသလဲ။ ဆွမ်းစားပြီးတဲ့နောက် ဆိတ်ငြိမ်ရာချဉ်းကပ်တင်ပြင်ဖွဲ့ခွေထိုင်နေပြီး ပထမဈာန်ကို ဝင်စားရတယ်။ ဒီဈာန်မှာ ရှိတဲ့ သင်္ခါရတရားတွေကို အနုလောမဉာဏ်တိုင်အောင် အနိစ္စဒုက္ခအနတ္တရယ်လို့ မညှို့လွန်း မထက်လွန်းတဲ့ ဝိပဿနာဉာဏ်နဲ့ ရှုရပါတယ်။ (၁) သင်္ခါရကို သိမ်းဆည်းတဲ့ဝိပဿနာ,

(၂) ဖလသမာပတ်ကို ဆောင်တဲ့ဝိပဿနာ (၃) နိရောဓသမာပတ်ကို ဆောင်တဲ့ ဝိပဿနာ ရယ်လို့ သုံးမျိုးရှိပါတယ်။ အဲဒီသုံးမျိုးရှိရာမှာ ပထမဝိပဿနာဟာ ညံ့ညံ့ထက်ထက်မဂ်ရဲ့ ပဒဋ္ဌာန်ဖြစ်နိုင်ပါတယ်။ ဒုတိယကတော့ ထက်မှဘဲလျောက်ပတ်ပါတယ်။ တတိယနိရောဓ သမာပတ်အတွက်ကတော့ မညံ့လွန်း မထက်လွန်းမှ လျောက်ပတ်ပါတယ်။ ဒီနည်းအတိုင်း အာကိဉ္စညာယတန စျာန်တိုင်အောင် ဝင်စားပြီးတဲ့အဆုံးမှာ ဝိပဿနာမရှုဘဲ ပုဗ္ဗကိစ္စ (၄) ပါးကို ပြုရပါတယ်၊

ပုဗ္ဗကိစ္စလေးပါးလို့ဆိုတာ (၁) မိမိနဲ့ဝေးကွာနေတဲ့သက်နှင်းစတဲ့ ပရိက္ခရာများကို မီး ရေ လေ ခိုးသူ ကြွက် စသည်တို့မဖျက်ဆီးရန် အဓိဋ္ဌာန်ပြုရတဲ့ နာနာဗဒ္ဓ အဝိကောပန (၂) သံဃာကိစ္စပြုဘွယ်ရှိလို့မျှော်လင့်တဲ့အခါ အခေါ်မလာမီသမာပတ်မှထရန်ဆင်ခြင်မှု သံဃပဋိမာနန (သံဃာရဲ့အာဏာဆိုတာ အင်မတန်ကူးရှပါတယ်။ နိရောဓသမာပတ် ဝင်စားနေတဲ့ပုဂ္ဂိုလ်ကိုသော်မှ သံဃာက အလိုရှိတယ် ခေါ်တယ်လို့ဆိုရင် ချက်ချင်း ထရပါတယ်)။ (၃) မြတ်စွာဘုရား အလိုရှိလို့ခေါ်ရင် အခေါ်မလွတ်မီ သမာပတ်မှထရန်ဆင်ခြင်မှု သတ္ထုပက္ကောသန (၄) ငါ့အသက် (၇) ရက်ကြာအောင် တည်နေဦးမှာလားလို့ ကာလကို ပိုင်းခြားရန် ဆင်ခြင်မှု အဒ္ဓါနပရိစ္ဆေဒ (သမာပတ် ဝင်စားမယ်လို့ဆိုရင် မိမိရဲ့ အသက်ကိုကြည့်ရတယ်။ ငါ့အသက် (၇) ရက်ရှည်ဦးမလား။ နိရောဓသမာပတ် အတွင်းမှာလဲ စုတိစိတ် မဖြစ်ကောင်းဘူး။ နိရောဓ သမာပတ် ဝင်စား နေတဲ့ အခါ ကာလမှာ စိတ်စေတသိက် စိတ္တဇရုပ်တွေ ချုပ်နေတော့ စုတိစိတ် ဖြစ်နိုင်ခွင့် မရှိဘူး။ အဲဒါကြောင့် ကြည့်ရတယ်။ အဲဒီလို ၄ ခုရှိပါတယ်။) ဒီပုဗ္ဗကိစ္စလေးပါး ပြုလုပ်ပြီးနောက် နေဝသညာ နာသညာ ယတနစျာန်ကို ဝင်စားတဲ့အခါ ဘာဂဝစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ နေဝသညာနာသညာယတနစျာန်ဇော ၂ ကြိမ်ဖြစ်ပြီးတဲ့နောက် စိတ်စေတသိက်စိတ္တဇရုပ်တွေ ချုပ်သွားပါတယ်။ သင်္ခါရသုံးပါး အစဉ်အတိုင်း ချုပ်ခါ စိတ္တုပ္ပါဒ်တို့မဖြစ်မှုသည်ပင် နိရောဓသမာပတ်မည်ပါတယ်။ ကာမဘုံမှာ ကမ္မဇရုပ်ဥတုဇရုပ် အာဟာရဇရုပ်များဖြစ်၍ ရူပဘုံမှာ ကမ္မဇရုပ် ဥတုဇရုပ်များဖြစ်ပါတယ်။ ဒီနိရောဓသမာပတ်ကထတဲ့အခါ အနာဂါမ်များမှာ အနာဂါမိဖိုလ်ဇောတကြိမ်၊ ရဟန္တာများမှာ အရဟတ္တဖိုလ်ဇောတကြိမ်ဖြစ်ရာ မဝင်စားမီက နေဝသညာနာသညာ ယတနကုသိုလ်ကြိယာဇောတွေဟာ ဒီဖိုလ်တွေကို အနန္တရသတ္တိနဲ့ကျေးဇူးပြုကြောင်းကို ခုနကပြောခဲ့တဲ့ပါဠိအတိုင်း "နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာ ယတနကုသလံဖလသမာပတ္တိယာ အနန္တရပစ္စယေနပစ္စယော" လို့ ဟောပါတယ်။ အဲဒီတော့ နိရောဓသမာပတ်ဝင်စားနေတဲ့အခိုက်အတန့်အတွင်းမှာ (၇) ရက်လုံးလုံး နာမ်တရားတွေ မဖြစ်ပါဘူး။ နာမ်နဲ့အတူတကွဖြစ်တဲ့ စိတ္တဇရုပ်တွေလဲဘဲ ချုပ်နေပါတယ်။ အဲသလို ရပ်ကတော့ ဘယ်လောက်ခြားနေနေ အနန္တရသတ္တိမပျက်ပါဘူး။

**နိရောဓသမာပတ်ကိုဝင်စားတဲ့ရည်ရွယ်ချက်။** ။ဝင်စားပုံကို စင်းစားမယ်လို့ဆိုရင် ဖြစ်ပျက်နေကြတဲ့သင်္ခါရတရားတွေကိုငြီးငွေ့တယ်၊ မိမိရဲ့သန္တာန်မှာ စိတ်တွေချုပ်ပြီး ဤတရားတွေဟာဖြစ်လိုက်ပျက်လိုက်နဲ့ဖြစ်နေတယ်။ အဲဒီလိုဖြစ်ပျက်နေတဲ့သင်္ခါရတရားကို

ငြိုးငွေ့တယ်။ ဒီသင်္ခါရတရားတွေချုပ်ငြိမ်းနေမယ်ဆိုရင် ချမ်းသာလှတယ်လို့ဆိုပြီး ဝင်စားတဲ့အတိုင်း စိတ်စေတသိက် စိတ္တဇရုပ်တွေ ချုပ်နေပါတယ်။ ဒါပေမဲ့ နာမ်သာမဖြစ်မပျက်တယ် ကမ္မဇစတဲ့ ရုပ်တွေကတော့ နိရောဓ သမာပတ်ဝင်စားနေတဲ့ အတွင်းမှာ ဖြစ်လိုက်ချုပ်လိုက်နဲ့ဘဲ ရှိနေသေးတယ်။ ဒီကမ္မဇစတဲ့ ရုပ်တွေဖြစ်နေသေးတော့ ဒီသမာပတ် ဝင်စားတဲ့ အရှင်မြတ်များဟာ သမာပတ်က ထတော်မူရပြန်ပါတယ်။ သမာပတ်ကထလို့ ဖိုလ်စိတ်များဖြစ်တာနဲ့ တပြိုင်နက် ဒီဖိုလ်စိတ်တွေဟာ မိမိမထခ်ီ ရှေ့ကဖြစ်နှင့် နေတဲ့ကမ္မဇ ဟဒယဝတ္ထုကို မှီရပါတယ်။ နောက်အစဉ်အတိုင်း ဝီထိစိတ်တွေ ဖြစ်ပြန်တယ်။ ကမ္မဇရုပ်စသည်တွေပါ အပြီးအပိုင် တခါထဲ ချုပ်သွားမယ်ဆိုရင် နောက်ထပ်ဝီထိစိတ်တွေသဲ ဖြစ်စရာမလိုတော့ဘဲ အပြီးအပိုင် ငြိမ်းသွားတော့မှာပေါ့။ ဒါဟာ ဘာကိုဆိုလိုတာလဲ?ဘုရားရဟန္တာတို့ရဲ့ စုတိစိတ်နောက်မှာဖြစ်တဲ့ ရုပ်နာမ်များ အကြွင်းမဲ့ချုပ်တဲ့ ပရိနိဗ္ဗာန်စံခြင်း ဖြစ်ပါတယ်။ ပရိနိဗ္ဗာန်ရဲ့ အဆုံးတိုင် ငြိမ်းဧမှုကို ဒိနိရောဓသမာပတ်နဲ့ နှိုင်းယှဉ်ကြည့်ရင် ပို၍ သဘောကြစရာကောင်းပါတယ်။

ဒီအနန္တရ ပစ္စည်းကို အတိအကျနားလည်ဘို့ကတော့ ဝီထိကို နားလည်ရပါလိမ့်မယ်။ ဝီထိကို နားလည်ရင် မခက်ပါဘူး။ ဒိဝီထိအကြောင်းနဲ့ ပတ်သက်လို့ ပြောရရင် အနောက်နိုင်ငံ ပညာရှိများက ဝီထိဟာ ဘုရားဟော ပိဋကများမှာမရှိဘူး။ အဋ္ဌကထာဆရာများကသာ ပြနေတာဖြစ်ပါတယ်လို့ပြောကြတယ်။ ဒီပုဂ္ဂိုလ်များဟာ ပဋ္ဌာန်းအနန္တရ ပစ္စည်းနဲ့ သစ္စ သင်္ခါရစတဲ့ ယမိုက်များကို နားမလည်လို့ ဖြစ်ကြပါလိမ့်မယ်။ ၎င်းပုဂ္ဂိုလ်များအတွက် ဒါတွေနားလည်ဘို့ရာလဲ မလွယ်လှပါဘူး။ တချို့ကတော့ ပဋ္ဌာန်းနဲ့ ပဋ္ဌိသမ္ဘိဒါမဂ်မှာ နဲနဲပါးပါး ဟောထားပါတယ်၊ ပြည့်ပြည့်စုံစုံတော့ မဟုတ်ဘူးလို့ ဆိုပြန်ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ ကုသလတိက်မှာ ဇာတ်တူပေါင်းထားတဲ့ တရားတွေကို "ပုရိမာ ပုရိမာ"စသည်ဖြင့် ဟောထားတာကို ရည်ရွယ်ဟန်တူပါတယ်။ ဒီတော့ သူတို့လိုချင်တာက တခုစီတခုစီ ဟောထားတာကို လိုချင်ဟန်ရှိပါတယ်။ ဝီထိများအားလျော်စွာ စိတ်တခုချင်းတခုချင်း အနန္တရ သတ္တိနဲ့ ကျေးဇူးပြုပုံများကိုလဲ ဆိုင်ရာတိက် ဒုက်တွေမှာ ဟောထားတာရှိပါတယ်။ အနန္တရ ဝီထိဇယားအတိုင်း ထုတ်ပြပါမယ်။

**ကာမဇောဝါရ**။ ။အနန္တရ ပစ္စည်းဇယားမှာ ရှေးဦးစွာ ကာမဇောဝါရရှိပါတယ်။ အဲဒီကာမဇောဝါရမှာ-ပထမဘဝင်နာမက္ခန္ဓာအားတတ်သော ပဋိသန္ဓေနာမက္ခန္ဓာလို့ တနည်းကားအတွက် ဆိုထားတာရှိပါတယ်။ ဒိပထမဘဝင်ကို ပဋိသန္ဓေက ကျေးဇူးပြုတယ်လို့ ဆိုတာ ကုသလတိက်မှာရှာရင် ဘယ်နည်းနဲ့မှ တိုက်ရိုက်ပါဠိ မတွေ့နိုင်ပါဘူး။ ဒါပေမဲ့ အတီတာရမ္မဏတိက်ကြတော့ "ပစ္စုပ္ပန္နာ ရမ္မဏံ ပဋိသန္ဓိစိတ္တံ ပစ္စုပ္ပန္နာ ရမ္မဏာဿ ဘဝင်္ဂဿ အနန္တရ ပစ္စယေန ပစ္စယော"လို့ ဟောပါတယ်။ ပစ္စုပ္ပန်တရားကို အာရုံပြုနိုက်ဖြစ်တဲ့ ကာမ ပဋိသန္ဓေတဆယ်က ပစ္စုပ္ပန်ကို အာရုံပြုနိုက်ဖြစ်တဲ့ကာမဘဝင် တဆယ်အား ကျေးဇူးပြုပုံကို ပြပါတယ်။

ဒါတင်မက "ပစ္စုပ္ပန္နာရမ္မဏံ ပဋိသန္ဓိစိတ္တံ အတီတာရမ္မဏာဿ ဘဝင်္ဂဿ အနန္တရ ပစ္စယေနပစ္စယော"။ပစ္စုပ္ပန်ကို အာရုံပြုတဲ့ ကာမပဋိသန္ဓေဘဆယ်က အတိတ်ကို အာရုံပြုတဲ့

ပထမဘဝင်အား ကျေးဇူးပြုပါတယ်။ အာရုံဘူရာ၌ငင်း၊ အာရုံကွဲရာ၌ငင်း ကျေးဇူးပြုပုံကို ပြတာဖြစ်ပါတယ်။

ပြီးတော့ ''ဒုတိယအစရှိသောနောက်နောက်သောဘဝင်နာမက္ခန္ဓာ အားတတ်သော ပထမအစရှိသော ရှေးရှေးသောဘဝင်နာမက္ခန္ဓာ''။ ဘဝင်ဘဝင်ချင်း ကျေးဇူးပြုပါတယ်။ အဲဒါကိုလဲ အတီတာရမ္မဏတိုက်မှာ-''ပစ္စုပ္ပန္နာရမ္မဏံဘဝင်ံ ပစ္စုပ္ပန္နာ ရမ္မဏဿဘဝင်ဿ အနန္တရ ပစ္စယေန ပစ္စယော''လို့ဟောပါတယ်။ ပစ္စုပ္ပန်တရားကို အာရုံပြုခိုက် ဖြစ်တဲ့ကာမ ဘဝင်က ပစ္စုပ္ပန်တရားကိုအာရုံပြုခိုက်ဖြစ်တဲ့ကာမဘဝင်အားအနန္တရသတ္တိနဲ့ ကျေးဇူးပြုပါ တယ်။

ထိုနည်းတူစွာ- ''ပစ္စုပ္ပန္နာရမ္မဏံဘဝင်ံ အတီတာ ရမ္မဏဿ ဘဝင်ဿ အနန္တရ ပစ္စယေန ပစ္စယော''။ ပစ္စုပ္ပန်တရားကို အာရုံပြုတဲ့ ကာမဘဝင် တဆယ်က အတိတ်တရား ကို အာရုံပြုတဲ့ ကာမဘဝင် တဆယ်အား အနန္တရ သတ္တိနဲ့ကျေးဇူးပြုပါတယ်။ အဓိပ္ပါယ်က တော့ ရူပါရုံကိုအာရုံပြု၍ စုတေတဲ့ မရဏာသန္နဝီထိမှာ အတီတ ဘဝင်မှစ၍ စုတိ စိတ် ကျအောင် ရေတွက်သိုက်ဘဲ့အခါ ရူပါရုံရဲ့ အသက်ဟာ (၁၇) ချက် မပြည့်သေးပါဘူး။ ဒီအခါမှာ ရှေ့ဘဝင်စိတ်ဟာ ပစ္စုပ္ပန်ရူပါရုံကမ္မနိမိတ်ကို အာရုံပြုတယ်။ နောက်ဘဝင်စိတ် ဟာ အတိတ် ရူပါရုံကမ္မနိမိတ်ကိုသာ အာရုံပြုပါတယ်။

ပြီးတော့ ''အာဝဇ္ဇန်းဒွေအားတတ်သောပဉ္စဝေါကာရဘဝင်ပစ္ဆေဒ ၁၅-ခု၊ မနော ဒွါရာဝဇ္ဇန်းအားဟတ်သော အရူပ ဘဝင်ပစ္ဆေဒလေးခု''။ အဲဒါတွေ ကတော့ ကုသလ တိက်၌ပင်လျှင်''ဘဝင်ံအာဝဇ္ဇနာယ အနန္တရ ပစ္စယေနပစ္စယော''လို့ထင်ရှားပါတယ်။

ပြီးတော့အာဝဇ္ဇန်းက ပဉ္စဝိညာဉ်ကို ကျေးဇူးပြုတဲ့နေရာမှာ ဝိပါကတိက် ဥပါဒိန္နတိက် ဝိတက်တိက် စသည်များမှာ- ''အာဝဇ္ဇနာ ပဉ္စန္နံဝိညာဏာနံ အနန္တရ ပစ္စယေန ပစ္စယော'' လို့ တိုက်ရိုက်ဟောထားတာရှိပါတယ်။

ပဉ္စဝိညာဉ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုတဲ့အခါ ဝိပါကတိက် ဥပါဒိန္နတိက်မှာ ''ပဉ္စဝိညာဏံဝိပါက မနောဓာတုယာ အနန္တရ ပစ္စယေန ပစ္စယော။'' ကုသလတိက် ပစ္စယ နိဒ္ဒေသမှာတော့''စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစဓမ္မာ မနောဓာတုယာတံသမ္ပယုတ္တ ကာနဉ္စဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော''။ ဝေဒနာတိက်ကြတော့ ''သုခသဟဂတံကာယ ဝိညာဏံ ဝိပါက မနောဓာတုယာ၊ ဒုက္ခသဟဂတံကာယဝိညာဏံ ဝိပါက မနောဓာတုယာ အနန္တရ ပစ္စယေန ပစ္စယော''လို့ဟောထားပါတယ်။

သမ္ပဋိစ္ဆိုင်းကသန္တီရဏအားကျေးဇူးပြုတဲ့အခါ ဝေဒနာတိက်မှာ ''ဝိပါကမနော ဓာတု သုခါယဝေဒနာယ သမ္ပယုတ္တာယ ဝိပါက မနောဝိညာဏဓာတုယာ အနန္တရပစ္စယေန ပစ္စယော''။ ဝိပါကတိက် ဥပါဒိန္နတိက်မှာ ''ဝိပါကမနောဓာတု ဝိပါကမနောဝိညာဏ ဓာတုယာ အနန္တရပစ္စယေန ပစ္စယော''၊ဝိပါက်မနောဓာတ်လို့ဆိုဟာ မနောဓာတ် ၃-ခုရှိ ပါတယ်။ အဲဒီထဲက ဝိပါက်ဆိုင်ရာကဘယ်သူလဲ? သမ္ပဋိစ္ဆိုင်းသာရှိပါတယ်၊ ပစ္စယနိဒ္ဒေသ မှာလဲ ''မနောဓာတုတံသမ္ပယုတ္တကာစဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော''လို့ ဟောပါတယ်။

သန္တိရဏာက ဝုဋ္ဌောကိုကျေးဇူးပြုတဲ့နေရာမှာ ဝေဒနာတိက်၌ ''သုခါယဝေဒနာယ သမ္ပယုတ္တာ ဝိပါက မနောဝိညာဏဓာတု ကိရိယမနောဝိညာဏဓာတုယာ အနန္တရပစ္စယေန ပစ္စယော''။ ဝိပါကတိက် ဥပါဒိဏ္ဏတိက်များမှာ ''ဝိပါကမနောဓာတု ဝိပါကမနောဝိညာ ဏဓာတုယာ အနန္တရပစ္စယေနပစ္စယော''လို့ ဟောပါတယ်။

ပြီးတော့ပဉ္စဒွါရဝီထိဖြစ်ရင် ဝုဋ္ဌောကပထမဇောကို ကျေးဇူးပြုပါလိမ့်မည်။ မနော ဒွါရဝီထိဖြစ်ရင် မနောဒွါရာဝဇ္ဇန်းက ပထမဇောကို ကျေးဇူးပြုပါလိမ့်မယ်။ ဒါတွေဟာ ကုသလတိက်စသည်မှာ ထင်ရှားပါတယ်။''အာဝဇ္ဇနာ ကုသလာနံခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော''စသည်ဖြင့် ဟောပါတယ်။

ဇောအချင်းချင်းကြတော့ ကုသလတိက်စသည်မှာပင် ''ပုရိမာပုရိမာ ကုသလာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံခန္ဓာနံ အနန္တရပစ္စယေနပစ္စယော''။ဒီဇောတွေနဲ့ပတ်သက်ပြီး တော့အနောက်နိုင်ငံများက မေးကြတာတွေရှိပါတယ်။ ဇောတွေဟာ(၇)ကြိမ်(၇)ကြိမ်ကျ တယ်လို့ဆိုတယ်၊ ဘယ်သူကပြောတာလဲတဲ့။ ဘယ်ပါဠိမှာပါသလဲတဲ့။ ဘုရားဟောထားတဲ့ ပါဠိမှာဇော (၇) ကြိမ်ကျတာမရှိပါဘူးတဲ့ ? ဇော(၇)ကြိမ်ကျမှုကို စင်းစားကြည့်မယ်ဆို ရင် ဇောတွေဟာ နာနာက္ခဏိကဆိုင်ရာဖြစ်တဲ့ ကုသိုလ်အကုသိုလ် ဇောတွေဖြစ်ပါတယ်။ ဒီကုသိုလ်အကုသိုလ်ဇောတွေ အကျိုးပေးပုံကို စင်းစားကြည့်ရင် ပထမဇောဟာယခုဘဝ မှာအကျိုးပေးဘယ်။ သတ္တမဇောဟာ ဒုတိယဘဝမှာအကျိုးပေးတယ်။ တတိယဇောကစ၍ အလယ်ဇောငါးချက်ဟာ နိဗ္ဗာန်ရသည့်တိုင်အောင် အကျိုးပေးပါတယ်။ ဒီအကျိုးပေးရမဲ့ ဇောဆိုင်ရာစေတနာတွေဟာ(၇)ချက်မှ မရှိခဲ့လို့ရှိရင် ယခုဒိဋ္ဌဓမ္မဘယ်သူက အကျိုးပေး မလဲ။ ဘယ်ဇောက အကျိုးပေးမလဲ ? တကြိမ်ထဲဟောထားခဲ့ရင် ယခုဘဝတွေ ဒုတိယဘဝ တွေတတိယဘဝကစ၍ နိဗ္ဗာန်ရသည့်တိုင်အောင် ဘယ်ဇောတွေကသွားပြီး အကျိုးပေးမလဲ ဆိုတာကို စင်းစားစရာရှိပါတယ်။ အဲဒါကြောင့်ဇောဟာ(၇)ကြိမ်ကျပါတယ်။

ပြီးတော့ အဆုံးကုသိုလ်ဇောတွေနောင်မှာ တဒါရုံဘဝင်စုတိကျမယ်။ အကုသိုလ် ဇောနောင် ကြိယာဇောနောင်မှာ တဒါရုံဘဝင်စုတိကျမှုတွေကတော့ကာ ကုသလတိက်၌ ပင်လျှင်ထင်ရှားပါတယ်။ ''ကုသလံဝုဋ္ဌာနဿ၊ အကုသလံဝုဋ္ဌာနဿ၊ ကြိယံဝုဋ္ဌာနဿအနန္တ ရပစ္စယေနပစ္စယော''၊ အာရမ္မဏပစ္စည်းများမှာလဲ ''ကုသလာကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ'' စသည်ဖြင့် ဟောပါဘယ်။

တဒါရုံအချင်းချင်း ပထမတဒါရုံကဒုတိယတဒါရုံစသည်ကို ကျေးဇူးပြုတဲ့နေရာဋ္ဌာန မှာ ''ပုရိမာ ပုရိမာ ဝိပါကာဗျာကတာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေနပစ္စယော'' စသည်ဖြင့်ဟောပါတယ်။ ပုရိမာပုရိမာ ဝိပါကာ ဗျာကတာ ခန္ဓာလို့ဆိုတော့ တဒါရုံဟာတကြိမ်ထဲသာကျမယ်၊ နှစ်ကြိမ်မကျဘူးဆိုရင် ပုရိမာဝိပါကာ ဗျာကတာခန္ဓာလို့သာဟောစရာရှိပါတယ်။ ယခုတော့ပုရိမာတခုထဲ မဟုတ်ပါဘူး၊ ပုရိမာ ပုရိမာလို့ ဒီလိုဟောတော့ကာ ရှေးရှေးဖြစ်တဲ့ စိတ်ပြုပ္ပါဒ်တွေဟာ တကြိမ်မက အကြိမ်များ စွာကျကြောင်းကိုပြပါတယ်။

တဒါရုံနောင်ဘဝင်ကျတာကတော့ ဝေဒနာတိက်၌ပင်လျှင် "သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဘဝင်္ဂံ အဒုက္ခမသုခါယ ဝေဒနာယသမ္ပယုတ္တဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော" ဒီနေရာမှာ သောမနဿတဒါရုံက ကာမဥပေက္ခာဘဝင် ၆ ခုအားအနန္တရပစ္စည်းနဲ့ ကျေးဇူးပြုပုံကိုဟောပါတယ်။ ပစ္စည်းတရားကို တဒါရုံအသံနဲ့ မဟောဘဲနဲ့ ဘဝင်အသံနဲ့ ဟောပါတယ်။ ဒါကိုနောက်ထပ်ပြပါဦးမယ်။

ပြီးတော့ "အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တံဘဝင်္ဂံ သုခါယ ဝေဒနာယ သမ္ပယုတ္တဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော"၊ ဒါကဥပေက္ခာ ဒုတိယတဒါရုံက ကာမသောမနဿဘဝင် ၄-ခုအားကျေးဇူးပြုပါတယ်။

ဒုကပဋ္ဌာန်းကျမ်းသဟေတုကဒုက်၌ "သဟေတုကံ ဘဝင်္ဂံ အဟေတုကဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော"။မဟာဝိပါက်ဒုတိယတဒါရုံက ဘဝင်ကိစ္စတတ်တဲ့အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏဘဝင်အား ကျေးဇူးပြုပါတယ်။

ထိုနည်းတူစွာ "အဟေတုကံဘဝင်္ဂံ သဟေတုကဿဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော"။အဲဒါကအဟိတ်ဒုတိယတဒါရုံက မဟာဝိပါက်ဘဝင်အား ကျေးဇူးပြုပါတယ်။

ယခုပြခဲ့တဲ့အထောက်အထားများမှာ ပစ္စည်းတရားဟာတဒါရုံဖြစ်ပါလျက်နဲ့ ဘာ့ကြောင့်တဒါရုံလို့မဟောဘဲနဲ့ ဘဝင်အသံနဲ့ ဟောသလဲလို့စဉ်းစားရင် သောမနဿတဒါရုံစသည်မှာ မဟာဝိပါက်ပါနေပါတယ်။ အဲဒီမဟာဝိပါက်ဟာ ပဋိသန္ဓေဘဝင်စုတိဘဒါရုံရယ်လို့ ၄ ကိစ္စတတ်ပါတယ်၊ ဥပေက္ခာတဒါရုံများမှာပဋိသန္ဓေဘဝင်စုတိတဒါရုံ သန္တီရဏရယ်လို့ ၅ ကိစ္စတတ်ပါတယ်။ ဒီ ၄ ကိစ္စ ၅ ကိစ္စတတ်ရာများမှာဘဝင်များပါရှိနေလေတော့ ဘဝင်ဆိုတဲ့ အသံနဲ့ ဟောတယ်လို့ ကြံဆဘွယ်ဖြစ်ပါတယ်။ အကျဉ်းချုပ်ကတော့ တဒါရုံကိစ္စတတ်ရင် ဘဝင်ကိစ္စတတ်ပြီးသားဖြစ်တယ်။ အဋ္ဌကထာက "တဒါရမ္မဏာ သဝါတံ ဒွိဘဝင်္ဂံ မူလဘဝင်္ဂံသာ"လို့ပြပါတယ်။ တဒါရုံလို့ဆိုတဲ့နောက်ဆုံးဖြစ်တဲ့ ဝိဉာဏ်ဘဝင်ဟာမူလဘဝင်အားကျေးဇူးပြုကြောင်းပြပါတယ်။ ဒါကကာမဇောဝါရအတွက် ဆိုင်ရာဆိုင်ရာဝိထိစဉ်အတိုင်းထုတ်ပြတာဖြစ်ပါတယ်။

**ဈာနဝိထိ**။ ဈာနဝိထိများမှာ ပရိတ္တတိက်အတွက် ဈာန်ဇောရှေ့က ကာမဇောအချင်းချင်း ကျေးဇူးပြုပါတယ်။ ကာမဇောအချင်းချင်းဆိုတော့ ကုသလတိက်က ပရိမာ ပုရိမာနာမ်တရားဘဲ ဟောပါတယ်၊ ပြီးတော့ဈာန်ရဲ့ရှေ့က ဈာနဝိထိချလိုက်ရင် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန်ဇောတကြိမ်လို့ဖြစ်ပါတယ်။ ဒါပေမဲ့ ဂေါတြဘူလို့ဆိုတဲ့အသံ ပရိကံလို့ဆိုတဲ့အသံတွေဟာ အတူတူဘဲဖြစ်ပါတယ်။ အချို့နေရာများမှာ ဂေါတြဘူကိုပရိကံအနေနဲ့ဟောပါတယ်။ ပရိတ္တတိက်၌ "ပဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ အနန္တရပစ္စယေန ပစ္စယော" ဒုတိယစသည်သွားပါတယ်။ "နေဝသညာနာသညာယတနဿ ပရိကမ္မံ နေဝသညာနာသညာယတနဿ အနန္တရပစ္စယေန ပစ္စယော" အဲဒါက ပရိကံကိစ္စတတ်တဲ့ မဟာကုသိုလ် ပဌမဈာန် တတိယဈာန်တို့က မဟဂ္ဂုတ်ကုသိုလ်ကြိယာအား ကျေးဇူးပြုပါတယ်။ ဒီနေရာမှာ ဂေါတြဘူအသံနဲ့ မဟောဘဲနဲ့ ပရိကံအသံနဲ့ ဟောပါတယ်။

**ဈာနသမာပဋ္ဌနဝီထိ။** ။သမာပဋ္ဌနဝီထိတွေကျတော့ ပရိတ္တတိက်မှာ ပင် လျှင် “ပုရိမာ ပုရိမာ မဟဂ္ဂတာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ မဟဂ္ဂတာနံခန္ဓာနံ အနန္တရပစ္စယေနပစ္စယော”၊ ဒါကမဟဂ္ဂုတ်ကုသိုလ်အချင်းချင်း ကြိယာအချင်းချင်း ဘဝင်အချင်းချင်း ကျေးဇူးပြုတာဖြစ်ပါတယ်။

ဒီမဟဂ္ဂုတ်ဇောနောင်မှာဘဝင်ကျမှုကတော့ ပရိတ္တတိက်၌ပင်လျှင်“မဟဂ္ဂတာခန္ဓာ ပရိတ္တာသဝုဋ္ဌာနဿ အနန္တရပစ္စယေနပစ္စယော”။ မဟဂ္ဂုတ်ကုသိုလ်ကြိယာ အဆုံးဇောက ကာမတိဟိတ်ဘဝင် ၄ ခုအား အနန္တရသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ မဟဂ္ဂုတ်ဘဝင်ချင်းချင်း ကျေးဇူးပြုပုံကတော့ အထက်ကပြခဲ့တဲ့အတိုင်းဖြစ်ပါတယ်။

**မဂ္ဂဝီထိ။** ။တဖန်မဂ္ဂဝီထိကျတော့ ကုသလတိက်၌ပင် ဟောပါတယ်။ “အနုလောမံဂေါတြဘုဿ၊ အနုလောမံဝေါဒါနဿ၊ ဂေါတြဘုမဂ္ဂဿ၊ ဝေါဒါနံမဂ္ဂဿ၊ မဂ္ဂေါ ဖလဿ အနန္တရပစ္စယေနပစ္စယော”။

**ဖလသမာပတ္တိဝီထိ။** ။တဖန် အောက်လျှောက်ကြည့်လိုက်ရင် ဖလသမာပတ္တိဝီထိတွေ့ပါလိမ့်မယ်။ အဲဒီဖလသမာပတ္တိဝီထိမှာလဲ ကုသလတိက်၌ပင်လျှင် “အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေနပစ္စယော”၊ ဖိုလ်အချင်းချင်းကျေးဇူးပြုတဲ့နေရာကြတော့ ဝေဒနာတိက် ဥပါဒိန္နတိက် သံကိလိဋ္ဌတိက် ဒဿနတိက် စသည်တွေမှာ “ဖလံဖလဿအနန္တရ ပစ္စယေနပစ္စယော”။ သေက္ခတိက်များကြတော့ “သေက္ခံ ဖလံ သေက္ခဿဖလဿ အနန္တရပစ္စယေနပစ္စယော။ အသေက္ခံ ဖလံ အသေက္ခဿဖလဿ အနန္တရပစ္စယေနပစ္စယော”လို့ဟောပါတယ်။

ဖိုလ်နောင်မှာဘဝင်ကျရပါလိမ့်ဦးမယ်။ အဲဒါကိုဝေဒနာတိက် ဥပါဒိန္နတိက်သံကိလိဋ္ဌတိက်မှာ “ဖလံဝုဋ္ဌာနဿ အနန္တရပစ္စယေနပစ္စယော”။ ပရိတ္တတိက်များကြတော့“ဖလံ ပရိတ္တဿ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။ ဖလံ မဟဂ္ဂတဿ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော”လို့ဟောပါတယ်။

**နိရောဓသမာပတ္တိဝီထိ။** ။နိရောဓသမာပတ္တိဝီထိမှာ ဥပါဒိန္နတိက်၌- “နိရောဓာဝုဋ္ဌဟန္တဿ နေဝသညာနာသညာ ယတနံဖလသမာပတ္တိယာ”။ ကုသလတိက်မှာလဲ ဟောပါတယ်။ ပရိတ္တတိက်ကြတော့ “နေဝသညာနာသညာယတနံ နိရောဓာဝုဋ္ဌဟန္တဿ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော”လို့ ဟောပါတယ်။

နောက်ဆုံး **မရဏာသန္နဝီထိ။** ။တဒါရုံနောင်စုတိကျတယ်။ တဒါရုံနောင်စုတိကျမှုကတော့ ဝေဒနာတိက်မှာ-“သုခါယဝေဒနာယ သမ္ပယုတ္တံဘဝင်္ဂံ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော”လို့ နောက်ကပြခဲ့တဲ့ အတိုင်းပင် ဖြစ်ပါတယ်။ ဒီမှာ ပစ္စယုပ္ပန်တရားများဟာ ကာမဘဝင်ဖြစ်ပါတယ်။ ကာမဘဝင်ဖြစ်လေတော့ ၎င်းသည် စုတိကိစ္စတတ်ကြောင်းလဲ ပြခဲ့ပါပြီ။ ကုသိုလ် အကုသိုလ် ကြိယာဇောနောင် စုတိကျပုံများကို “ကုသလံဝုဋ္ဌာနဿ၊ အကုသလံဝုဋ္ဌာနဿ၊ ကြိယံဝုဋ္ဌာနဿ”လို့ ကုသလတိက်က ပြခဲ့ပါပြီ။

**စုတိနောင်ပဋိသန္ဓေ**။ ။စုတိနောင်ပဋိသန္ဓေ နောက်ဆုံးလာပါလိမ့်မယ်။ ဝေဒနာတိက်မှာ- “သုခါယဝေဒနာယ သမ္ပယုတ္တာ စုတိစိတ္တာ အဒုက္ခမသုခါယ ဝေဒနာယ သမ္ပယုတ္တဿ ဥပပတ္တိစိတ္တဿ အနန္တရပစ္စယေန ပစ္စယော”၊ သောမနဿစုတိ (၈) ခုက ဥပေက္ခာပဋိသန္ဓေ(၁၁)ခုအား အနန္တရသတ္တိနဲ့ ကျေးဇူးပြုပါတယ်

သဝိတက္ကတိက်များကြတော့- “သဝိတက္ကာ သဝိစာရာ စုတိစိတ္တာ အဝိတက္ကအဝိစာရ မတ္တဿ ဥပပတ္တိ စိတ္တဿ အနန္တရပစ္စယေန ပစ္စယော”၊ ကာမစုတိ (၂၀)က ကာမပဋိသန္ဓေ(၁၀)နဲ့ ရူပပထမစျာန် ပဋိသန္ဓေအား ကျေးဇူးပြုပါတယ်။

ပရိတ္တတိက်မှာ- “ပရိတ္တံ စုတိစိတ္တံ မဟဂ္ဂတဿ ဥပပတ္တိ စိတ္တဿ အနန္တရပစ္စယေန ပစ္စယော”။ ကာမတိဟိတ်စုတိ(၄)ခုက မဟဂ္ဂုတ်ပဋိသန္ဓေ(၉)ခုအား ကျေးဇူးပြုပါတယ်။

အတီတာရမ္မဏတိက်မှာ- “အတီတာရမ္မဏံ စုတိစိတ္တံ ပစ္စုပ္ပန္နာရမ္မဏဿ ပဋိသန္ဓိ စိတ္တဿ အနန္တရပစ္စယေန ပစ္စယော” အတိတ်ကို ကောန်အာရုံပြုတဲ့ ဝိညာဏဉ္စာယတန နေဝသညာနာသညာယတန စုတိတွေက ပစ္စုပ္ပန်တရားကိုသာ အာရုံပြုခိုက်ဖြစ်တဲ့ ကာမတိဟိတ် ပဋိသန္ဓေ (၄) ခုအား အနန္တရသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ အဲဒီတော့ ယခုပြောခဲ့တာတွေဟာ ဝီထိဇယားအတိုင်း စိတ်တခုစီ တခုစီရဲ့ အနန္တရသတ္တိနဲ့ ကျေးဇူးပြုပုံကို ပြောခဲ့တာဖြစ်ပါတယ်။ ဒီတော့ အနန္တရရဲ့ ကိစ္စပြီးကြပါပြီ။ ရှေ့ကို အာသေဝနကို ဆိုရပါလိမ့်မယ်။

## အာသေဝန

အာသေဝနရဲ့ သုဒ္ဓသင်္ချာ စာမျက်နှာ(ဃ)မှာ ရှိပါတယ်။

**အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရနည်း**-ပထမဇော မှစ၍ ဇောကြွင်းသော နောက်နောက်သောဇော ကိုလည်းကောင်း အားတက်သော အဆုံးဇောကြွင်းသော ရှေးရှေးသော လောကီဇောသတ္တစတ္တာလီသ။ ဤတရားတို့သည် အာသေဝနပစ္စည်းဟုဆိုသော တရားတို့မည်ကုန်၏။ သင်္ချာတိကာ။ ပစ္စည်းရေ (၆) ခုသည်တည်း၊ သင်္ချာတိကဟူသော်ကား ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿဟူသည်တည်း။ ပစ္စည်းရေ(၆)ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတဟူသည်တည်း။

အာသေဝနရဲ့ပစ္စည်း ပစ္စယုပ္ပန်တရားတွေဟာ ဇောတရားတွေဖြစ်ပါတယ်။ ပစ္စည်းဘက်ကခွဲလိုက်ရင် ကုသိုလ် အကုသိုလ် အဗျာကတ သုံးမျိုးရပါတယ်။ ပစ္စယုပ္ပန်ဘက်ကလဲ ကုသိုလ် အကုသိုလ် အဗျာကတ သုံးမျိုးပဲပါတယ်။ ဒီတော့ သင်္ချာတိကထွက်ပါတယ်၊ ပစ္စည်းရေ(၆)ရတာကတော့ အနန္တရခေါင်းဆောင်(၅)ပစ္စည်းမှာ အာသေဝနထည့်ပေးလိုက်ရင် ပစ္စည်းရေ (၆) ဖြစ်ပါတယ်။ ကုသလော ကုသလဿအတွက် အာသေဝနဟာ အနန္တရရဲ့ လုံးဝ တူပါတယ် အကုသလော အကုသလဿလဲ လုံးဝ အနန္တရနဲ့ တူပါတယ်၊ အဲဒီလိုတူတဲ့အတွက် အနုလောမ ပစ္စနိက်ကြတော့ “အနန္တရပစ္စယာ နာသေဝနေပ” ရယ်လို့ ဟောပါတယ်။ ဒီနှစ်ခုပြတ်သွားပါတယ်။ ပါဠိတော်က စာမျက်နှာ (ဂ)မှာ ရှိပါတယ်။ ကုသလော ကုသလဿကို အနန္တရကဆိုခဲ့တဲ့အတိုင်း ဆိုရုံပါပဲ။

## ကုသလော ကုသလဿ

ကုသလောဓမ္မော ကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အာသေဝန ပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ၊ ဂေါတြဘုမဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿ အာသေဝန ပစ္စယေန ပစ္စယော။

အရကောက်ကလဲ အနန္တရအတိုင်း အတူတူပါဘဲ။ စာမျက်နှာ(န)မှာ အရကောက်ရှိပါတယ်။

**ကုသလော ကုသလဿ** - ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား ပထမဇောကြဉ်သော နောက်နောက်သောကုသိုလ်စိတ် စေတသိအားတတ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီကုသိုလ်သတ္တရသ ပစ္စည်းတရားရ၏။ ။ကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပထမဇောကြဉ်သော နောက်နောက်သော ကုသိုလ် စေတသိ ပစ္စယုပ္ပန်တရားရ၏။

## အနန္တရ

တနည်းကားအရကတော့ စာမျက်နှာနံပါတ် (ဠ)နဲ့(အ)မှာရှိပါတယ်။

## တနည်းကား

**တနည်းကား** မဟာကုသိုလ် ဒုတိယဇောအားတတ်သော ပထမဇော၊တတိယဇောအား တတ်သောဒုတိယဇော၊ စတုတ္ထဇောအားတတ်သော တတိယဇော၊ပဉ္စမဇောအား တတ်သော စတုတ္ထဇော၊ ဆဋ္ဌဇောအားတတ်သော ပဉ္စမဇော၊ သတ္တမဇောအား တတ်သော ဆဋ္ဌဇော။(အဲဒါက ကာမအတွက်ပါ။ မဟဂ္ဂုတ်အတွက်ကြတော့ စာမျက်နှာ(အ)မှာ ကုသိုလ်ဆိုင်ရာ မဟဂ္ဂုတ်ကုသိုလ်ဆိုတာ ရှိပါတယ်၊) မဟဂ္ဂုတ်ကုသိုလ် သောမနဿ သဟဂုတ် ၄-ခု၊ မဂ်သောမနဿ သဟဂုတ် ၁၆-ခုအားတတ်သော (ပစ္စည်းကုသိုလ် ပစ္စယုပ္ပန်ကုသိုလ်လိုချင်လို့ အောက်ဖိုလ်နဲ့မဆိုင်ပါဘူး။) ဂေါတြဘူ ဝေါဒါန် ကိစ္စတတ်သော မဟာကုသိုလ် ပထမဒွေ၊ မဟဂ္ဂုတ် ကုသိုလ်ဥပေက္ခာ သဟဂုတ် ၅-ခု၊ မဂ်ဥပေက္ခာသဟဂုတ် ၄-ခုအား 'တတ်သော ဂေါတြဘူဝေါဒါန် ကိစ္စတတ်သော မဟာကုသိုလ် တတိယဒွေ။ သမာပဇ္ဇနဝီထိ၌ နောက်နောက်သော မဟဂ္ဂုတ် ကုသိုလ်အားတတ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ်ပစ္စည်းတရားရ၏။ ။ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား မဟာကုသိုလ် ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကုသိုလ် ၉ ခု၊ မဂ် ၄ ခု ပစ္စယုပ္ပန်တရားရ၏။

(အာသေဝနဟောနေသဖြင့် တပြိုင်နက် ( ၆ ) ပစ္စည်းရပါတယ်။) အာသေဝန ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ-၌ (၆)ပစ္စယသတ္တိတို့တွင် အာသေဝနသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။ ။အကုသလော အကုသလဿလဲ ဒီအတိုင်းပါဘဲ။

## အကုသလော အကုသလဿ

အကုသလော ဓမ္မော အကုသလဿဓမ္မဿ အာသေဝန ပစ္စယေန ပစ္စယော။ပုရိမာ ပုရိမာ အကုသလာခန္ဓာ ပစ္ဆိမာနံပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အာသေဝန ပစ္စယေန ပစ္စယော။

**အကုသလော အကုသလဿ၌**-အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသအားတတ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ် ဒွါဒသ ပစ္စည်းတရားရ၏။ ။အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပထမဇောကြဉ်သော နောက်နောက်သော အကုသိုလ်ဒွါဒသ ပစ္စယုပ္ပန်တရားရ၏။

တနည်းကားကြတော့ အကုသိုလ်ဒွါဒသ ဒုတိယာဒိဇောတွေကို ဆိုရပါလိမ့်မယ်။ ကုသိုလ်တွေကိုဆိုခဲ့တဲ့အတိုင်းပါဘဲ။

## တနည်းကား

**တနည်းကား** အကုသိုလ်ဒွါဒသ ဒုတိယဇောအားတတ်သော ပထမဇော၊ တတိယဇောအားတတ်သော ဒုတိယဇော၊ စတုတ္ထဇောအားတတ်သော တတိယဇော၊ ပဥ္စမဇောအား တတ်သောစတုတ္ထဇော၊ ဆဋ္ဌဇောအားတတ်သော ပဥ္စမဇော၊ သတ္တမဇောအား ဆဋ္ဌဇောပစ္စည်းတရားရ၏။ ။အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသိုလ် ဒွါဒသ ဒုတိယာဒိဇော ပစ္စယုပ္ပန်တရားရ၏။

(ကရိုဏ်းကြတော့ ခုနကအတိုင်း တပြိုင်နက် (၆) ပစ္စည်းပါဘဲ။) အာသေဝန ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ-ဤ(၆) ပစ္စယသတ္တိတို့တွင် အာသေဝနသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

အဗျာကတော အဗျာကတဿကြတော့ ဇယားမှာ လက်သဲကွင်းကလေးနဲ့ (အာသေ)လို့ပြထားပါတယ်။ ပုရိမာ ပုရိမာ ကြိယာဗျာကတာလို့ ဆိုရပါလိမ့်မယ်။

## အဗျာကတော အဗျာကတဿ

အဗျာကတောဓမ္မော အဗျာကတဿဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကြိယာ ဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ခန္ဓာနံ အာသေဝန ပစ္စယေန ပစ္စယော။

အရကောက်ကြတော့ "အာသေ။ ဗျာ-ဗျာ" ဆိုပြီး အောက်နားမှာ ရှိပါတယ်။

**အဗျာကတော အဗျာကတဿ၌** အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား ပထမဇောကြဉ်သော နောက်နောက်သော ကြိယာဇော အဋ္ဌာရသအား တတ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇောအဋ္ဌာရသ ပစ္စည်းတရားရ၏။ ။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ပထမဇောကြဉ်သော နောက်နောက်သော ကြိယာဇော အဋ္ဌာရသပစ္စယုပ္ပန်တရားရ၏။

ကြိယာဇော အဋ္ဌာရသဆိုတာ ကာမနဲ့ မဟဂ္ဂုတ်ဘဲ ရှိပါတယ်။ ကာမဇောက ၉-ခု၊ မဟဂ္ဂုတ်ဇောက ၉-ခု ရှိပါတယ်။ ကာမဇောမှာ ဒုတိယာဒိဇော စသည်ရသဖြင့် ခုနက ဆိုခဲ့ဘဲ့ နေရာမှာပင် ဆိုရပါလိမ့်မယ်။ ဟသိတုပ္ပါဒ်နဲ့ မဟာကြိယာ ဖြစ်ပါတယ်။

## တနည်းကား

**တနည်းကား** ဟသိတုပ္ပါဒ်မဟာကြိယာ ဒုတိယဇောအား တတ်သော ပထမဇော၊ တတိယဇောအား တတ်သော ဒုတိယဇော၊ စတုတ္ထဇောအား တတ်သော တတိယဇော၊ ပဉ္စမဇောအား တတ်သော စတုတ္ထဇော၊ ဆဋ္ဌဇောအား တတ်သော ပဉ္စမဇော၊ သတ္တမဇောအား တတ်သော ဆဋ္ဌဇော။ (အောက်ပိုင်းကြတော့ ဂေါတြဘုဝေါဒါန် ကိစ္စတတ်တာတွေမှာ ကြိယာဆိုင်ရာတွေ ဆိုရပါလိမ့်မယ်။) မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် ၄ - ခုအား တတ်သော ဂေါတြဘုကိစ္စတတ်သော မဟာကြိယာ ပထမဒွေ။ မဟဂ္ဂုတ်ကြိယာဥပေက္ခာ သဟဂုတ် ၅ - ခုအား တတ်သော ဂေါတြဘုကိစ္စတတ်သော မဟာကြိယာ တတိယဒွေ။ သမာပဇ္ဇနဝီထိ၌ - နောက်နောက်သော မဟဂ္ဂုတ် ကြိယာအား တတ်သော ရှေးရှေးသော ဇောတူမဟဂ္ဂုတ် ကြိယာပစ္စည်းတရားရ၏။ ။အဗျာကတဿ မမြဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒိဇော၊ မဟဂ္ဂုတ်ကြိယာ ၉ - ခု ပစ္စယုပ္ပန်တရားရ၏။ ။(ကရိုဏ်းကြတော့လဲ တပြိုင်နက်(၆) ပစ္စည်းဘဲ ရပါတယ်) အာသေဝန ပစ္စယေနဟူသော **ကရိုဏ်း** ပါဒ်၏ အရကား တပြိုင်နက် တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ - ၍(၆)ပစ္စယ သတ္တိတို့တွင် အာသေဝန သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဓိပ္ပါယ်

ဆိုရိုးပြီးသွားပါပြီ။ အာသေဝနလို့ဆိုတာ ကုသိုလ်စတဲ့ တရားမျိုးကိုဘဲ အဘန်ဘန် အထပ်ထပ်ဖြစ်အောင် ကျေးဇူးပြုတဲ့ ပစ္စည်းဟာ အာသေဝနပစ္စည်း ဖြစ်ပါတယ်။ တနည်းအားဖြင့် မိမိရဲ့ အခြားမဲ့မှာဖြစ်တဲ့တရားကို မိမိနဲ့သဘောတူတဲ့ အဖြစ်ရောက်အောင် ထုံတဲ့ သဘောမျိုးနဲ့ ကျေးဇူးပြုတဲ့ ပစ္စည်းဟာ အာသေဝနပစ္စည်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် နံ့သာကြုတ် နံ့သာသေတ္တာစသည်များ၌ အဝတ်များကို မွှေးကြိုင်လာအောင် ထုံတဲ့အခါရှေးရှေးထုံမှုက နောက်နောက်ထုံမှုအား အားရှိစေပါတယ်။ ဘာသာတခုကို သင်ယူရာမှာလဲ သင်စအခါ အနည်းငယ် ခက်ခဲမှုရှိပေမဲ့ အရှိန်ရလာတဲ့အခါ လွယ်ကူလာမှုဟာ ရှေးရှေးသင်ကြားထားတဲ့စာက နောက်နောက် သင်ယူတဲ့စာအား လွယ်ကူအောင် ကျေးဇူးပြုသလို ထိုအဘူဇာတ်ဘူဖြစ်တဲ့ရှေးရှေးဇောစိတ်က နောက်နောက် ဇောစိတ်အား ဇာတ်တူ သဘောတူဖြစ်အောင် အားရှိအောင် အဘန်ဘန်ဖြစ်ပွားစေခြင်းကိစ္စ ထုံခြင်းကိစ္စနဲ့ ကျေးဇူးပြုတဲ့ ပစ္စည်းဖြစ်ပါတယ်။

အာသေဝနထိုက်တဲ့ တရားတွေကိုကြည့်ရင် အာသေဝနရဲ့ သဘောဟာယောဂ စိုက်ပြီး တမင်ပြုပြင်ရတဲ့ ကုသိုလ် အကုသိုလ် ကြိယာဇောတရားများသာ ဖြစ်ကြောင်းသုဒ္ဓ သန်ျာအတိုင်း ထင်ရှားပါတယ်။ ပဋ္ဌဒွါရာဝဇ္ဇန်းဟာ ဆင်ခြင်ရုံမှတပါး တစုံတရာ သတ္တိထူး

မရှိပါဘူး။ မနောဒွါရာဝဇ္ဇန်းကလဲ ၂ ကြိမ် ၃ ကြိမ် ယင်ပြီး ဖြစ်နိုင်ပေမဲ့ အင်မတန်အားနည်းလေတော့ တစုံတခုသော ပယောဂဖြင့် ပွားများလာအောင် ယုတ်လျော့သွားအောင် ပြုပြင်လို့ရတဲ့စိတ်မဟုတ်ပါဘူး။

ဒီအာဝဇ္ဇန်းအကြောင်းနဲ့ ပတ်သက်လို့ မူလပဏ္ဏာသ မဟာဟတ္ထိပဒောပမသုတ်အဋ္ဌကထာမှာ "ဧတ္ထ ပန ဝိညာဏ ပဋိသင်္ခ လက္ခဏာ ... " ။ ... (အာဝဇ္ဇန်းဟာ ဝေါဋ္ဌဗ္ဗနံ ဥပ္ပဇ္ဇတိပါတဲ့) "ဝေါဋ္ဌဗ္ဗနံ ပတ္တွာ ... အာသေဝနံ လဘိတွာ စိတ္တံ ဇဝနံ ... နရာဂါဒိဝသေန ဥပ္ပဇ္ဇတိ။ အယံ ... တိဋ္ဌတိ"လို့ ပြပါတယ်။ သူရဲ့ဆိုလိုရင်းက ... ကို သိမ်းဆည်းပြီးဖြစ်တဲ့ ဗလဝဝိပဿက ပုဂ္ဂိုလ်တွေမှာ စက္ခုဒွါရစသည်တို့တွင် အာရုံထင်လာတဲ့အခါ သင့်တဲ့ နှလုံးသွင်းနဲ့ နှလုံးသွင်းလိုက်လို့ ဝီထိအစဉ် ဖြစ်လာတယ်။ အဲဒီဝီထိအစဉ် ဖြစ်လာတဲ့အခါမှာ ဘယ်လိုဖြစ်သလဲ? ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော။ အဲဒီဝုဋ္ဌောရောက်တဲ့အခါ ဒီဝုဋ္ဌောဟာ ၁ ကြိမ် ၂ ကြိမ် အာသေဝနပစ္စည်းကို ရပြီး နောက်စိတ်ဟာ ဘဝင်သို့သာ သက်ပြီး သွားတော့တယ်။ ရာဂစသည်ရဲ့ အစွမ်းဖြင့် မဖြစ်တော့ဘူး။ ဒီလိုစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်ဟာ အထွဋ်အထိပ်သို့ ရောက်ပြီးဖြစ်တဲ့ တိက္ခဝိပဿက ပုဂ္ဂိုလ်ဖြစ်တယ်လို့ အဋ္ဌကထာကပြဆိုပါတယ်၊ဒီတော့ ဒီအသံကလေးဟာက ဝုဋ္ဌောမှာသာလျှင် ရပ်နေတယ်။ ဒီဝုဋ္ဌောဟာ အာသေဝနပစ္စည်း တတ်တယ်လို့လဲ အဋ္ဌကထာက ပြဆိုထားပါတယ်။

အဲဒါကို ဋီကာက လက်မခံဘူး။ အရှင်ဓမ္မပါလ ဋီကာဆရာကြီးက ဝုဋ္ဌောတကြိမ် ဆိုတာ ဝါစာသိလိဋ္ဌပါတဲ့။ စကားပြေပြစ်အောင် ပြောဆိုတာပါတဲ့ ဒုတိယ မောဃဝါရမှာ ဝုဋ္ဌောတကြိမ် မကျပါဘူး။ ၂ ကြိမ် ၃ ကြိမ်ကျပါတယ်တဲ့။ ပြီးတော့ ဝုဋ္ဌောရောက်ပြီးတဲ့နောက်တကြိမ် ၂ ကြိမ် အာသေဝန ပစ္စည်းရခါ စိတ်ဟာ ဘဝင်သက်တယ်ဆိုတာ ကတော့ ဒုတိယ မောဃဝါရ အစွမ်းနဲ့ဆိုတာပါတဲ့။ ဒုတိယ မောဃဝါရ အစွမ်းလို့ ဆိုတာက ဝုဋ္ဌောဝါရက ခုနကဆိုခဲ့တဲ့အတိုင်း ဘဝင်စလန၊ ဘဝင်ပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော ၂ ကြိမ် ၃ ကြိမ်၊ ထို့နောက်ဘဝင်-ဒါကို ပြောတာပါ။ ဝုဋ္ဌောဟာ အာသေဝန ပစ္စည်းမဖြစ်နိုင်ပါဘူး၊ ဒီဝုဋ္ဌောဟာ အာသေဝန ပစ္စည်းဖြစ်မယ်ဆိုရင် ဝေဒနာတိက် ပဋ္ဌာန်ပါဠိ ... မှာ "အာသေဝနပစ္စယာ နမဂ္ဂေ ... နမဂ္ဂပစ္စယာ အာသေဝနေ ..."လို့ ဟောရမှာပေါ့၊ ဒွေအရာ ဘာလဲ၊(ပ·ပ)(တ·တ) ... ဥပေက္ခာမှာရှိပါတယ်။ ဒီလိုသဲမဒဟာပါဘူး။ ... လို့သာဒဟာပါတယ်။ ဒီဝုဋ္ဌောဟာ အာသေဝနနဲ့ လုံးဝမဆိုင်လို့ "ကုသလံ ... ပစ္စယာ ကုသလော ... ဥပ္ပဇ္ဇတိ နာသေဝနပစ္စယာ။ အကုသလံ ... အကုသလော ... ဥပ္ပဇ္ဇတိ နာသေဝနပစ္စယာ"လို့သာ ဟောပါတယ်။ ဒါတင်မကသေး "အာဝဇ္ဇနာ ကုသလာနံ ... အကုသလာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော"လို့ ဟောသားပြီ ... ဝုဋ္ဌောဆိုတဲ့ ဒီအာဝဇ္ဇန်းဟာ အာသေဝန ပစ္စည်းရမယ်လို့ဆိုရင် "အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အကုသလာနံ

ခန္ဓာနံ အာသေဝန ပစ္စယေန ပစ္စယော''လို့ ဟောသင့်တာပေါ့ စသည်ဖြင့် များစွာပင် ပယ်ချက်တွေကို ပြပါတယ်၊

လောကီဝိပါက်များဟာ ကံစွမ်းသက်သက်ကြောင့်သာ ယခုဘဝမှာဖြစ်ရတဲ့ တရားများဖြစ်ကြပါတယ်။ မဂ်ဇောက တကြိမ်ထဲနဲ့ ကိလေသာသတ်မှုကို ဆောင်ရွက်လိုက်လေတော့ နောက်ထပ် မဂ်ဇောတခု ထပ်ဖြစ်ဘို့ရာ အားထုတ်စရာမလိုတော့ပါဘူး၊ ဖိုလ်ဟာ ဇောကိစ္စလဲ တတ်တယ်, အားထုတ်မှု ပယောဂလဲရှိတယ်။ ဒါပေမဲ့ ဒီဖိုလ်စိတ်တွေဟာ မဂ်စေတနာရဲ့ အာနုဘော်ကြောင့်သာ ဖြစ်ရတယ်။ မဂ်ခေတနာနဲ့ကင်းပြီး သီးခြားတစုံတခုသော ပယောဂကြောင့် မိမိတို့အလိုလို ထူထောင်နိုင်ကြတဲ့ တရားမျိုး မဟုတ်ပါဘူး။ ဒါ့ပင်မက မဂ်က ကုသိုလ်၊ဖိုလ်ကဝိပါက်ဖြစ်နေတော့ ဇာတ်မတူတဲ့ မဂ်ဇောက ဖိုလ်ဇောအား အာသေဝနပစ္စည်းနဲ့ ကျေးဇူးမပြုနိုင်ပါဘူး။ ဒီတော့ သုဒ္ဓသဏ္ဍာအရ အာသေဝနပစ္စည်းမှာ လောကီဇော (၄၇)ခုသာ ရပါတယ်။

ဖိုလ်ဟာ ပစ္စည်း ပစ္စယုပ္ပန်တရားများမှာ ဘယ်နေရာမှာမှ မရပါဘူး၊ ပဌာန်း ပါဠိတော်များမှာလဲ ဟောထားမှုမရှိကြောင်း အင်မတန်ထင်ရှားပါတယ်။ အချို့ပုဂ္ဂိုလ်တွေက ''အာသေဝန ဝိနိမုတ္တံ ဇဝနံ နတ္ထိ''ဆိုတဲ့ ယေဘုယျစကားကလေးကို ကိုးကားပြီး ဇောကိစ္စတတ်တဲ့ဖိုလ်ဟာ အာသေဝနပစ္စည်း ထိုက်တယ်လို့ ကေန်မှတ်ပါဘဲ၊ ဒီဖိုလ်ရဲ့ အာသေဝနထိုက်ကြောင်းကို အကိုးအကား ပါဠိတော်လဲ ထုတ်မပြနိုင်ပါဘူး။ ထုတ်မပြနိုင်တဲ့အပြင် ဖိုလ်ဇောဟာ အာသေဝနပစ္စည်း မထိုက်လို့ ဘုရားက မဟောတာ မဟုတ်ပါဘူးရယ်သို့ ဘုရားကိုပါ စွပ်စွဲပြန်ပါတယ်။

ဖိုလ်ဇော အာသေဝနထိုက်ကြောင်းကို ဘုရားကဟောရင် ''ပုရိမာ ပုရိမာ ဝိပါကာ ဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာ ဗျာကတာနံ ခန္ဓာနံ အာသေဝန ပစ္စယေန ပစ္စယော''လို့ ဟောမှာပါဘဲ။ ဒါပေမဲ့ ဇောကိစ္စမတတ်တဲ့ လောကီဝိပါက်တွေ ပါနေတော့ လျှဉ်းပါးဘွယ်ရှိလို့ မဟောတာလို့ ကြံကြံဖန်ဖန် မဟုတ်မဟတ်ရေးကြ ပြောကြတယ်။

စာဆိုတာ ကိုယ်မပိုင် ကိုယ်မနိုင်ရင် ဆိတ်ဆိတ်နေတာဘဲ ကောင်းပါတယ်။ကိုယ်က အလွဲအမှားတွေကြီးဆ မဟုတ်မဟတ်တာတွေ ရေးထားတော့ နောက်မသိနားမလည်တဲ့ ပုဂ္ဂိုလ်များက ကြည့်ကြတဲ့အခါ ဉာဏ်နုတဲ့ ပုဂ္ဂိုလ်များမှာ အလွဲလွဲ အချော်ချော်ဖြစ်တတ်ပါတယ်။ ဒီဖိုလ်ဟာ အာသေဝနပစ္စည်း တတ်နိုင်မယ်ဆိုရင် ဥပါဒိဏ္ဏတိက် သံကိလိဋ္ဌတိက်(တ-တ)မှာ ''အသံကိလိဋ္ဌ အသံကိလေသိကော ဓမ္မော အသံကိလိဋ္ဌ အသံကိလေသိကဿ ဓမ္မဿ အာသေဝန ပစ္စယေန ပစ္စယော''လို့ (လောကုတ္တရာစိတ် ရှစ်ခုရှိပါတယ်) ဟောရပါလိမ့်မယ်။ ဟောသလား? မဟောပါဘူး၊ ဒီတိက်တွေမှာ မဂ်တွေပါနေလို့ အရဟတ္တဖိုလ်ချည်း သက်သက်ရတဲ့ သေက္ခတိက်မှာ''အသေက္ခော ဓမ္မောအသေက္ခဿ ဓမ္မဿ အာသေဝန ပစ္စယေန ပစ္စယော''လို့ ဖိုလ်ဟာ အာသေဝနရခဲ့သို့ရှိရင် ဟောရမှာပေါ့။ ဟောသလား? မဟောပါဘူး။

ဒီဖိုလ်ဟာ ဇာတ်တူ ဇောအချင်းချင်းသာ ကျေးဇူးပြုပါတယ်။ ပဉ္စဒွါရ ဝီထိမှာ ပဉ္စဒွါရာဝဇ္ဇန်းက ကာမ ပထမဇောအား၊ မနောဒွါရဝီထိမှာ မနောဒွါရာဝဇ္ဇန်းက ကာမ ပထမဇောအား အနန္တရသတ္တိနဲ့ ကျေးဇူးပြုပေမဲ့ အာဝဇ္ဇန်းများမှာ ဇောကိစ္စ မတတ်လေတော့ ပထမဇောဟာ အာသေဝနပစ္စည်းရဲ့ ပစ္စယုပ္ပန် မဖြစ်ပါဘူး။ ထိုနည်းတူစွာ သတ္တမဇောဟာ တဒါရုံဘဝင်တို့အား ဝိထိအားလျော်စွာ အနန္တရသတ္တိနဲ့ ကျေးဇူးပြုနိုင်ပေမဲ့ ဇာတ်မတူခြင်း သတ္တမဇောမှာ အာသေဝနရဲ့ သတ္တိကုန်ခမ်းခြင်းကြောင့် ဒီသတ္တမဇောဟာ ပစ္စည်းမဖြစ်နိုင်ပါဘူး။

ဒီနေရာမှာ ပကတူပနိဿယနဲ့ အာသေဝနအထူးကိုပြောပြပါမယ်။ ဘဝတပါးကာလတပါးကကုသိုလ် အကုသိုလ်တို့၏ဖြစ်မှုဟာ ပကတူပနိဿယပစ္စည်းကြောင့် ဖြစ်ပါတယ်။ ဒီကုသိုလ် အကုသိုလ်တွေရဲ့ အားကြီးမှုကတော့ အာသေဝနပစ္စည်းကြောင့် ဖြစ်ပါတယ်။ ဒီကမ္ဘာလောကမှာ ထူးဆန်းကြီးကျယ်တဲ့ လောကီအတတ်ပညာဟူသမျှတွေ ရှာန်အဘိညာဉ်သမာပတ်မဂ်ဖိုလ်ရမှုတွေ ဘုရားဖြစ်အောင်ဒါနစတဲ့ပါရမီတွေကို ဖြည့်ဆည်းဖူးရမှုတွေ ဘုရားဖြစ်ရမှုတွေဟာ ဒီအာသေဝနပစ္စည်းနဲ့ကင်းလို့မဖြစ်နိုင်ကြပါဘူး။ ပါရမီဖြည့်တယ်ဆိုတာလဲ ဒီအာသေဝနပစ္စည်းရဲ့ သတ္တိဖြစ်ပါတယ်။ အာသေဝနကိစ္စပြီးသွားပါပြီ။ အနန္တရကမ္မကိုဆက်လိုက်ကြပါဦးစို့။ စာချက်နှာ(ဃ)မှာ သုဒ္ဓသင်္ချာရှိပါတယ်။

## အနန္တရကမ္မ

**အနန္တရကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌**-မဂ္ဂါနန္တရ ဖိုလ်လေးခု အားတတ်သော မဂ်လေးခုစေတနာ၊ ဤတရားတို့သည် အနန္တရကမ္မပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာကား ပစ္စည်းရေ (၆) ဟူသည်ဘည်း။ သင်္ချာကေဟူသော်ကား ကုသလော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ(၆)ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတဟူသည်တည်း။

အဲဒီအနန္တရကမ္မရဲ့ပါဠိကို ကုသလောအဗျာကတဿမှာ(န်ကမ္မ) ဆိုပြီး ရေးထားပါတယ်။ အဲဒီတကြောင်းထဲကိုဘဲ ဆိုရပါလိမ့်မယ်။ အနန္တရကမ္မဆိုဘာ အနန္တရနဲ့ကမ္မ သဘာဂရှာလို့ရထားတဲ့ နှစ်ဘက်ရတရားဖြစ်ပါတယ်။ အနန္တရလို့ဘဲဆိုဆို ကမ္မလို့ဘဲဆိုဆိုဖြစ်နိုင်ပါတယ်။ ဒီတော့အနန္တရလို့ဘဲဆိုလိုက်ကြပါစို့။

### ကုသလောအဗျာကတဿ

ကုသလောဓမ္မော အဗျာကတဿဓမ္မဿ အနန္တရပစ္စယေနပစ္စယော။ မဂ္ဂေါဖလဿ အနန္တရပစ္စယေနပစ္စယော။

ဒါကသူရဲ့ သုဒ္ဓသင်္ချာအတိုင်း အရကောက်ရော ပစ္စည်းရေတွေပါ အတူတူပါဘဲ။ မထူးပါဘူး။

**ကုသလော အဗျာကတဿ၌**-ကုသလောဓမ္မောဟူသော **ကဏ္ဍား** ပုဒ်၏အရကား မဂ္ဂါနန္တရ ဖိုလ်လေးခုအားတတ်သော မဂ်လေးခုစေတနာ ပစ္စည်းတရားရ၏။ ။အဗျာက

 တသာခမ္ဗသာဟူသော **သမ္ဗဒါန်** ပုဒ်၏အရကား မဂ္ဂါနန္တရဖိုလ်လေးခု ပစ္စယုပ္ပန်တရားရ ၏။ ။အနန္တရပစ္စယေနဟူသော **ကရိုက်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ-ဟု (၆) ပစ္စယသတ္တိတို့တွင် အနန္တရ ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ကမ္မလို့ဆိုပေတယ်လို့ သဟဇာတကမ္မနဲ့မဆိုင်ပါဘူး။ ဒါဟာနာနာက္ခဏိကကမ္မ ပါ။ ဒီနာနာက္ခဏိကကမ္မများသည် ပဝတ္တိအခါကာလဉ္စဉ်း၊ နောက်နောက်ဘဝတွေမှာ ၎င်း၊ ပဋိသန္ဓေအခါကာလမှာ၎င်း အကျိုးပေးပါတယ်။ အနန္တရကမ္မကတော့ ပဝတ္တိအခါ အကျိုးပေးတဲ့နေရာမှာ အခါမလင့်အကာလိကအကျိုးပေးပါတယ်။ မဂ်ကနေဖိုလ်ကိုအကျိုး ပေးလိုက်တဲ့အခါမှာ အလယ်ကတစုံတရာ စိတ္တုပ္ပါဒ်အခြားမရှိမူ၍ အကျိုးပေးပါတယ်။ အဲဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ တရားဂုဏ်တော် ၆-ပါး၌ အကာလိကဂုဏ်တော်ထဲမှာ ဒီအနန္တရကမ္မဝင်ပါတယ်။ အနန္တရမျိုးကိစ္စပြီးကြပါစို့။

သာဓု .... သာဓု .... သာဓု ....။

## ၁၃၂၉-ခု၊ တန်ဆောင်မုန်းလဆုတ် (၁၄) ရက်
## ၁၉၆၇-ခု၊ နိုဝင်ဘာလ (၃၀) ရက်၊ ကြာသပတေးနေ့
## ပဋ္ဌာန်းကုသလတိက် ပဥှာဝါရ ဝိဘင်္ဂကို (၁၈) ကြိမ်မြောက်ပို့ချခြင်း၊

### ပကတူပနိဿယ

အရင်အပတ်ကအနန္တရမျိုးပြီးသွားပါပြီ။ ယခုပကတူပနိဿယမျိုးရောက်လာပါပြီ။ စာမျက်နှာ(ဃ)မှာ ပကတူပနိဿယသုဒ္ဓသင်္ချာကိုဆိုရပါလိမ့်မယ်။

ပကတူပနိဿယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ စိတ်ဘာခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသအားတတ်သော ဗလာဖြစ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသ ရုပ်အဌဝီသ။ ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ချာနဝ။ ပစ္စည်းရေ(၁)ဟူသည်တည်း။ သင်္ချာနဝဟူသော်ကား ကုသလောကုသလဿ၊ ကုသလောအကုသလဿ၊ ကုသလောအဗျာကတဿ၊ အကုသလောအကုသလဿ၊ အကုသလောကုသလဿ၊ အကုသလောအဗျာကတဿ၊ အဗျာကတောအဗျာကတဿ၊ အဗျာကတောကုသလဿ၊ အဗျာကတောအကုသလဿဟူသည်တည်း။ ပစ္စည်းရေ(၁)ဟူသော်ကား ဥပနိဿယဟူသည်တည်း။

ပကတူပနိဿယမှာ ပစ္စည်းကစိတ်စေတသိက်ရုပ်ရှိပါတယ်၊ ပစ္စယုပ္ပန်က စိတ်စေတသိက်ရှိပါတယ်။ ပစ္စည်းစိတ်စေတသိက်ရုပ်ထဲမှာ ကုသိုလ်အကုသိုလ်အဗျာကတ၊ ပစ္စယုပ္ပန်ထဲမှာလဲ ကုသိုလ်အကုသိုလ်အဗျာကတလို့ရှိတော့ အာရမ္မဏပစ္စည်းအတိုင်း သင်္ချာနဝ-ရပါတယ်။ ပစ္စည်းရေ(၁)ဆိုတာကတော့ ဒီပကတူပနိဿယမျိုးမှာ ဗလဝနာနာက္ခဏိကနဲ့ ၂မျိုးသာရှိပါတယ်။ ၂မျိုးသာရှိတော့ ဒီပစ္စည်းပစ္စယုပ္ပန်ကို ဗလဝနာနာက္ခဏိကက မရပါဘူး။ ဒါကြောင့်ပစ္စည်းရေဟာ(၁)ဘဲဖြစ်ပါတယ်။

### ပကတူပသဘော

ပကတူပ နိဿယရဲ့ ပါဠိအရကောက် မပြောခင် ပထမ ပကတူပရဲ့ သဘောကို ပြောပြပါမယ်။ ပကတူပ နိဿယ သဘောက (၁) ''ပကတော ဥပနိဿယော ပကတူပ နိဿယော (၂) ''ပကတိယာ ယေဝ ဝါ ဥပနိဿယော ပကတူပ နိဿယော''လို့ ပကတူပ နိဿယမည်ပုံကို အဋ္ဌကထာက ၂ မျိုးပြပါတယ်။ ပထမမျိုးမှာ ''ပကတ''လို့ ဆိုတာ ကောင်းစွာ ပြုအပ်သည်ကို ဆိုသဖြင့် ကောင်းစွာ ပြုအပ်ပြီးသော အားကြီးသော မှီရာ အကြောင်းသည် ပကတူပ နိဿယမည်ပါတယ်။ ကောင်းစွာပြုအပ်တယ်ဆိုတာ သင့်တင့် လျောက်ပတ်သောအခါ၌ ကောင်းမှုချ အကျိုးတရားဖြစ်သာအောင် မိမိအစဉ်၌ သန္တာန်၌ ရာဂသဒ္ဓါစသော တရားတို့ကိုဖြစ်စေမှု၊ ဗဟိဒ္ဓသန္တာန်၌ ပေါင်းသင်း ဆက်ဆံခြင်း စားသောက် တွေ့ထိခြင်းဖြင့် မှီဝဲအပ်သော ဘောဇန သေနာသန စသည်တို့ဖြစ်ပါတယ်၊ ပစ္စယ နိဒ္ဒေသဆိုလျှင်ဖြင့်ရင် ပုဂ္ဂလလဲပါပါတယ်။

နံပါတ် ၂-ကတော့ ပကတိ ပင်ကိုယ်သဘောအားဖြင့်အားကြီးသောမှီရာအကြောင်း သည် ပကတူပ နိဿယ မည်ပါတယ်။ ပကတိဆိုတာ တပါးသော အာရမ္မဏူပ နိဿယ အနန္တရူပ နိဿယတို့နဲ့ မရောဘဲ မူလပင်ကိုယ် သဘောအတိုင်း အားကြီးသော အကြောင်း တမျိုးဖြစ်နေမှုပါဘဲ။

ပကတူပ နိဿယဟာ သုံးမျိုးရှိပါတယ်။ အထက်က (၁) နှင့် (၂) က ပြခဲ့တဲ့ အတိုင်း ရောနှောမှုမရှိဘဲ ပကတိ ပင်ကိုယ်သဘောအားဖြင့် အားကြီးသော ပကတူပ နိဿယ။ ၎င်းမှာ ပုဂ္ဂိုလ်တယောက်ဟာ ရှေးဦးစွာ သဒ္ဓါတရားဖြစ်တယ်၊ ထိုသဒ္ဓါတရား ကိုစွဲ၍ ထိုပုဂ္ဂိုလ်ဟာ ကုသိုလ်တရားများ နောက်ထပ်တိုးပွါးလာတဲ့အခါ ရှေ့သဒ္ဓါတရား မှာ အာရမ္မဏ အနန္တရ သတ္တိမရှိလို့ အာရမ္မဏ အနန္တရတွေနဲ့ ကျေးဇူးမပြုနိုင်ပါဘူး။ စင်စစ်အားဖြင့် ၎င်းသဒ္ဓါတရားဟာ နောက်နောက် ကုသိုလ်တရားပွားများဘို့ရာ ပကတိ ပင်ကိုယ်သဘောအတိုင်းပင် လွန်စွာအားကြီးတဲ့အကြောင်းဖြစ်နေပါတယ်၊ အဲဒါကိုပကတူပ နိဿယကြတော့ ''သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ'' စသည်ဖြင့် ဟောပါလိမ့်မယ်၊

နံပါတ် ၂-က မဂ္ဂါရမ္မဏတိက်မှာ အာရုံမျိုးနဲ့ရော နေတဲ့ ပကတူပ နိဿယ ရှိပါ တယ်၊ နံပါတ် ၃-ကတော့ ဉကုသလတိက်မှာဘဲ ''မဂ္ဂေါဖလဿ''လို့ ဟောတဲ့နေရာမှာ အနန္တရူပ နိဿယ ပကတူပနိဿယ နှစ်မျိုးလုံးရော၍ ဟောထားတဲ့ ပကတူပနိဿယလို့ သုံးမျိုးရှိပါတယ်။ ဒါကြောင့် တပါးတခြားသော ပစ္စည်းနဲ့ မရောနှောရဘဲ ပင်ကိုယ်ပကတိ အားကြီးနေတဲ့ ဒီပကတူပ နိဿယဟာ ရောလိုက်တဲ့အခါ အကူအညီရလေတော့ သာလွန် အားကြီးသွားပါတယ်။

သုဒ္ဓသင်္ချာမှာ ''ဗလဝ''လို့ ဆိုပါတယ်။ ဗလဝ အားကောင်းလှတယ်ဆိုတာ ဥပနိဿယ က''ဥပ''အတွက်ဖြစ်ပါတယ်။ အကြောင်းတရားကိုစွဲ၍ အကျိုးစိတ်စေတသိက် များ ဖြစ်ရာမှာ သာမညအားကောင်းရုံ မဟုတ်ဘဲ လွန်လွန်ကဲကဲ အားကောင်းလို့ ဗလဝ လို့ ဆိုရပါတယ်။ ဥပမာအားဖြင့် ကံတခုကိုပြုလုပ်တဲ့နေရာမှာ (၁) ဒီကံကို ကံတပါး မနှောင့်ရှက်နိုင်လောက်အောင် အားကောင်းတဲ့ကံ(၂) ကံ တပါးကနှောင့်ရှက်ရင် ပျက် ပြယ်မဲ့ကံလို ၂ မျိုးရှိတဲ့အနက် ကံတပါးမနှောင့်ရှက်နိုင်မှသာ ဗလဝဖြစ်ပါတယ်။ နှောင့် ရှက်နိုင်ရင် ဒုဗ္ဗလကံ ဖြစ်နေတော့ ဒီဥပနိဿယမှာ ဗလဝကိုသာယူရပါတယ်။

ပညတ်ကတော့ ပစ္စယနိဒ္ဒေသမှာ ဟောပါတယ်။ ပဋ္ဌာဝါရကတော့ ပရမတ်ကို သာ ဟောတော့ ပညတ်နဲ့ မဆိုင်ပါဘူး။ ဒါပေမဲ့ ပစ္စယနိဒ္ဒေသမှာ ပုဂ္ဂိုလ်ဆိုတဲ့ ပညတ် နေရာသိုင်ခင်းဆိုတဲ့ ပညတ်များကို ဟောထားလို့ ဒီနှစ်မျိုးသာယူရပါတယ်။ အသုဘ ပညတ် ကသိုဏ်းပညတ်စသည်တွေကို မဟောပါဘူး၊ မဆိုင်ပါဘူး။

သုဒ္ဓသင်္ချာကြည့်လိုက်ရင် ပစ္စည်းဘက်က ရုပ်တရားပါပါတယ်။ ပစ္စယုပ္ပန်ဘက်က ရုပ်တရားမပါပါဘူး။ ဘာ့ကြောင့်သဲ? ဒီပစ္စည်းရဲ့ ပစ္စည်းတရားမှာ နာမ်ရုပ်တရားများ ရလေတော့ အင်မတန်ကျယ်ဝန်းပါတယ်။ ဒီလောက်ကျယ်ဝန်းပါလျက်နဲ့ ဘာ့ကြောင့် ပစ္စယုပ္ပန်မှာ ရုပ်မပါသလဲလို့ မေးဘွယ်ဖြစ်လာပါတယ်။ ဗဟိဒ္ဓသန္တာန်မှာရှိတဲ့ မြက်သစ်

ပင်စသည်မှာ ရှိကြတဲ့ ရုပ်တရားတွေရဲ့ ကြီးပွားစည်ပင်ရလေအောင် အသီးအပွင့်တွေဖြစ်လာအောင် မြေရေစသည်တို့က ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးမပြုသောဘူးလား ? သတ္တဝါတွေရဲ့ အဇ္ဈတ္တသန္တာန်မှာ အနာရောဂါကင်းလေတော့ ရုပ်ရဲ့ကျင်နာမှု ကြည်လင်မှုတွေအား ဆေးမြစ်စသည်က ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုထားတာ မဟုတ်ဘူးလားလို့ မေးစရာရှိပါတယ်။

အဖြေက အစဉ်ဆိုတဲ့ သန္တာန်ဟာ ရုပ်သန္တာန် နာမ်သန္တာန်ရယ်လို့ ၂ မျိုးရှိပါတယ်။ ဒီ ၂ မျိုးမှာ ရုပ်သန္တာန်က စေတနာမရှိလေတော့ တစုံတခုကိုမျှ ပြုလုပ်ဆောင်ရွက်နိုင်တဲ့ သဘောမရှိပါဘူး။ ရှေးအခါက ကောင်းစွာပြုမှု ကောင်းစွာ မှီဝဲမှုဆိုတဲ့ ပကတသဘောလဲမရှိပါဘူး။ ပကတသဘောရှိမှသာ ပကတူပရဲ့ ပစ္စယုပ္ပန်ဖြစ်နိုင်ပါတယ်။ ရုပ်မှာဒီသဘောမရှိလေတော့ ပစ္စယုပ္ပန်အဖြစ်ဖြင့် မဟောပါဘူး၊ နာမ်အစဉ်ကတော့ တစုံတခုကို ပြုလုပ်နိုင် စေ့ဆော်နိုင်တဲ့ စေတနာသဘောရှိလေတော့ ရှေးအခါက ကောင်းစွာပြုမှု ကောင်းစွာမှီဝဲမှုဆိုတဲ့ ပကတသဘောကို ရတဲ့အတွက် ပကတူပရဲ့ ပစ္စယုပ္ပန်ဖြစ်နိုင်ပါတယ်။ ဒါဖြင့်ရင် ပစ္စယုပ္ပန် ရုပ်တရားတွေကို ဘယ်လိုမှ အသုံးချလို့ မရဘောဘူးလားဆိုရင် သုတ္တန်နည်းအားဖြင့် ပကတူပနိဿယ ရပါတယ်။

**သုတ္တန်နည်း ပကတူပ နိဿယ**။ ။အဘိဓမ္မာနည်းနဲ့ ရုပ်တရားဟာ ပစ္စယုပ္ပန်မဖြစ်နိုင်ပေမဲ့ ဒီအကြောင်းရှိရင် ဒီအကျိုးဖြစ်ရမယ်။ ဒီအကြောင်းမရှိရင်ဒီအကျိုးမဖြစ်နိုင်ဘူးဆိုတဲ့ သုတ္တန်နည်းနဲ့ ရုပ်တရားများဟာ ပစ္စယုပ္ပန်ဖြစ်နိုင်ပါတယ်။ ဘယ်လိုလဲဆိုရင် တန်ခူးလအခါမှာဖြစ်တဲ့ ဥတုဟာ ကန့်ကော်ပန်းပွင့်ရန် ကျေးဇူးပြုပါတယ်၊ မိုးရေဟာ ညှိုးနွမ်းနေတဲ့ သစ်ပင်တွေကို စိမ်းလန်းတဲ့ ရုပ်သစ်ကိုဖြစ်စေရန် ကျေးဇူးပြုပါတယ်။ ဆောင်းအခါ သီတတေဇောဓာတ်ဟာ ရေနံစတဲ့ အရည်ဝတ္ထုတွေကို အခဲဖြစ်အောင် ကျေးဇူးပြုပါတယ်။ ဟိမဝန္တာတောင် စသည်မှာရှိတဲ့ သီတတေဇောဓာတ်ဟာ ရေကို အစိုင်အခဲဖြစ်အောင် ကျေးဇူးပြုပါတယ်။ တေဇောဓာတ်ဟာ ရွှေငွေစတဲ့ အစိုင်အခဲဝတ္ထုတွေကို အရေဖြစ်အောင် ကျေးဇူးပြုပါတယ်။ ဆေးကောင်း ဆေးဝါးများဟာ အဇ္ဈတ္တသန္တာန်မှာ ကျင်နာ မကျန်းမာတဲ့ရုပ်တွေကို အနာကင်းရှင်းပြီး ကျန်းမာတဲ့ရုပ်ဖြစ်အောင်ကျေးဇူးပြုပါတယ်။ ဒီလိုသုတ္တန်နည်းနဲ့ဆိုရင် ဆိုင်ရာရုပ် ပစ္စယုပ္ပန်တရားရပါတယ်။ ဒါဟာ ပကတူပရဲ့ သဘောကို ပြောနေတာဖြစ်ပါတယ်။ အဋ္ဌကထာပြ စကားရပ်များကိုတော့ ပါဠိတော် ဟောစဉ်အတိုင်း ပြောပြပါမယ်။

ပကတူပကဘာနဲ့တူသလဲဆိုရင် မိုးနဲ့တူတယ်လို့ ဥပမာပြကြပါတယ်။ ဘာကြောင့်လဲဆိုတော့ မိုးဟာသက်မဲ့ဖြစ်တဲ့သစ်ပင်စသည်တွေ သက်ရှိဖြစ်ကြတဲ့ လူသတ္တဝါစသည်တွေရဲ့အရေးတကြီး မှီရာအတွက်ဖြစ်ပါတယ်။ မိုးသာမရွာလို့ ရေမရရင် သစ်ပင်တွေဟာ ကြီးပွားဘို့မဆိုထားနဲ့ ပေါက်လာဘို့ အပင်ဖြစ်လာဘို့ပင် မဖြစ်နိုင်ပါဘူး၊ ထိုအတူလူစတဲ့ သတ္တဝါတွေမှာလဲ မိုးမရွာလို့ ရေမရရင် ကြာရှည်လေးမြင့်စွာ အသက်ရှင်မနေနိုင်ကြပါဘူး။ ဒီမိုးရေဟာသက်ရှိသက်မဲ့ဟူသမျှတို့ရဲ့ အားကြီးတဲ့မှီရာအရေးကြီးတဲ့မှီရာအကြောင်းဖြစ်ပါတယ်။

**နိဿယနှင့်ဥပနိဿယအထူး။** ။နိဿယကလဲ မှီရာ - ဥပနိဿယကလဲမှီရာ ဆိုတော့ ဘယ်လိုထူးမလဲ?။ ဒီနေရာမှာစဉ်းစားစရာက နိဿယကလဲ မှီရာ - ဥပနိဿယကသဲ အားကြီးတဲ့ မှီရာဆိုတော့ ဒီနှစ်ပါးဟာ ဘယ်လိုများထူးကြသလဲ ဆိုရင် လူတွေနေ့စဉ်စားနေကြတဲ့ ထမင်းရှိတယ်။ အဲဒီထမင်းဟာဘယ်က ဖြစ်လာတာလဲ၊ ထမင်းဖြစ်ဘို့ရာအဘွက် ပဓာနဖြစ်တဲ့ မှီရာဟာဘာလဲ?။ ထမင်းဖြစ်ဘို့ရာအတွက် စပါးမျိုးစေ့ရှိရမယ်၊ ဒီစပါးကို စိုက်ပျိုးဘို့ရာအတွက် လယ်ရှိရမယ်။ ထို့နောက် မိုယ်းရေရှိရလိမ့်မယ်။ ဒီသုံးခုပြည့်စုံပါမှ ထမင်းဖြစ်နိုင်ပါတယ်။ ဒီသုံးခုဟာ ထမင်းဖြစ်ဘို့ရာအတွက် အရင်းပဓာနဖြစ်တဲ့ မှီရာများ ဖြစ်ကြပါတယ်။ ထမင်းအိုးတို့ မီးတို့ ထင်းတို့ ထမင်းချက်သမားတို့ကတော့ ထမင်းဖြစ်ချိန်ကျမှ မကင်းရာမကင်းကြောင်း အနေနဲ့ သာမညမှီရာများ ဖြစ်ကြပါတယ်။ ထို့အတူ စက္ခုဝိညာဉ်ဝိပါက်စိတ်ဖြစ်ဘို့ရာမှာ ကံဟာအားကြီးတဲ့ အရင်းပဓာနအကြောင်း ဥပနိဿယဖြစ်ပါတယ်။ စက္ခုဝတ္ထုကတော့ စက္ခုဝိညာဉ်ဖြစ်ပေါ် ချိန်ကျမှ မကင်းရာမကင်းကြောင်း သာမညမှီရာဖြစ်ပါတယ်။ ဒါကိုပါဠိတော်များမှာ 'စက္ခာယတနံ စက္ခုဝိညာဏဿ နိဿယပစ္စယေနပစ္စယော' လို့ ဟောပါလိမ့်မယ်။

**ဗလဝ။** ။ဗလဝလို့ဆိုတာ ကံရဲ့အားကြီးတဲ့မှီရာအကြောင်းဖြစ်ပုံဝတ္ထုကလေးကို အဋ္ဌကထာပြအတိုင်း ဆိုင်ရာ ရောက်တဲ့ အခါမှ ပြောပြပါမယ်၊ ဒီပကတူပနိဿယဟာ ပါဠိတွေလဲ အတော်များပါတယ်။ ကျယ်လဲအင်မတန်ကျယ်ဝန်းသို့ ပကတူပနိဿယပစ္စည်းကို ''ပစ္စယပဒေသာ'' လို့လဲ ခေါ်ရပါတယ်။ ဒီပစ္စည်းအတွက် အဋ္ဌကထာကတော်ခေါက်ကလေးဖွင့်ပြလေတော့ အဋ္ဌကထာဖွင့်ပြတဲ့အတိုင်း ထိုက်သင့်တဲ့အဓိပ္ပါယ်တွေကို ပြောပြပါမယ်။ပါဠိတွေကိုတော့ ကိုးကားပြီးမနေတော့ဘူး။ ယခုပကတူပနိဿယပစ္စည်းအတွက် ပါဠိကိုဆိုရပါလိမ့်မယ်။ စာမျက်နှာ - (ပ) မှာ ပါဠိတော် ဇယားရှိပါတယ်။ များပေတယ်လို့ မခက်ပါဘူး။ ဘာမှတ်ထားရမလဲဆိုရင် 'သဒ္ဓါ သီလ သုတ စာဂ ပညာ'သုတ်တော်ကောင်းတရားငါးပါး အစိတ်အစိတ်။ နောက်သဒ္ဓါစသည်က ကျေးဇူးပြုတဲ့အပေါင်း။ ပြီးတော့ ဈာန်လာတယ်။ ဈာန်မှာလဲ ဈာန်ရဲ့ပရိကံက ဈာန်တွေအရင်သွားတယ်။ တဖန်ဈာန်အချင်းချင်းသွားပါတယ်၊ နောက် အဘိညာဉ်ရဲ့ ပရိကံက အဘိညာဉ်ကိုကျေးဇူးပြုတယ်။ အဘိညာဉ်အချင်းချင်းကျေးဇူးပြုတယ်။ နောက်မဂ်ရဲ့ပရိကံကမဂ်ကို ကျေးဇူးပြုတယ်။ မဂ်အချင်းချင်းကျေးဇူးပြုတယ်။ နောက်မှ ပဋိသမ္ဘိဒါ စသည်တွေလာပါတယ်။ ဒီအစဉ်ကလေးမှတ်ထားလို့ရှိရင် လွယ်ပါတယ်။ အရကောက်ကလဲ အာရမ္မဏရဲ့သဘောအတိုင်း ပစ္စယုပ္ပန်ကတော့ စင်းစားစရာမရှိဘူး။ အကုန်လုံးရပါတယ်။ ပစ္စယုပ္ပန်ဟာ ကုသိုလ်ဖြစ်မယ် ဆိုရင် ပစ္စည်းဘက်က အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်ရပါတယ်။ အကုသိုလ် ဖြစ်မယ်ဆိုရင် ပစ္စည်းတရားက လောကီဖြစ်ပါဘယ်၊ ဒါကလေးမှတ်ရရုံပါဘဲ။ ကျန်တာတွေအားလုံးကုန်ရပါတယ်။ ပကတူပနိဿယပစ္စည်းဟောနေဘာ ဖြစ်ခြင်းကြောင့်-ပကတူပနိဿယော - လို့ဆိုရပါလိမ့်မယ်။

## ကုသလော ကုသလဿ

ကုသလောဓမ္မော ကုသလဿဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပကတူပနိဿယော - သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊ သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊ (ဒါကအစိတ်အစိတ်ပါ။ နောက်အပေါင်းလာပါလိမ့်မယ်။ ) သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပဌမဿဈာနဿ ပရိကမ္မံ ပဌမဿဈာနဿဥပနိဿယပစ္စယေနပစ္စယော။ ဒုတိယဿ ဈာနဿ ပရိကမ္မံ ဒုတိယဿဈာနဿ ဥပနိဿယပစ္စယေနပစ္စယော။ တတိယဿဈာနဿ ပရိကမ္မံ တတိယဿဈာနဿ ဥပနိဿယ ပစ္စယေနပစ္စယော။ စတုတ္ထဿဈာနဿ ပရိကမ္မံ စတုတ္ထဿဈာနဿ ဥပနိဿယပစ္စယေနပစ္စယော။ အာကာသာနဉ္စာယတနဿပရိကမ္မံ အာကာသာနဉ္စာယတနဿဥပနိဿယပစ္စယေနပစ္စယော။ ဝိညာဏဉ္စာယတနဿပရိကမ္မံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေနပစ္စယော။ အာကိဉ္စညာယတနဿပရိကမ္မံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေနပစ္စယော။ နေဝသညာ နာသညာယတနဿ ပရိကမ္မံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေနပစ္စယော။ ပဌမံဈာနံ ဒုတိယဿဈာနဿ ဥပနိဿယပစ္စယေနပစ္စယော။ ဒုတိယံဈာနံ တတိယဿဈာနဿ ဥပနိဿယ ပစ္စယေနပစ္စယော။ တတိယံဈာနံ စတုတ္ထဿဈာနဿ ဥပနိဿယပစ္စယေနပစ္စယော။ စတုတ္ထံဈာနံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေနပစ္စယော။ အာကာသာနဉ္စာယတနံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေနပစ္စယော။ ဝိညာဏဉ္စာယတနံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေနပစ္စယော။ အာကိဉ္စညာယတနံ နေဝသညာ နာသညာယတနဿ ဥပနိဿယပစ္စယေနပစ္စယော။

ဒိဗ္ဗဿစက္ခုဿ ပရိကမ္မံ ဒိဗ္ဗဿစက္ခုဿ ဥပနိဿယပစ္စယေနပစ္စယော။ ဒိဗ္ဗာယ သောတဓာတုယာပရိကမ္မံ ဒိဗ္ဗာယသောတဓာတုယာ ဥပနိဿယပစ္စယေနပစ္စယော။ ဣဒ္ဓိဝိဓ ဉာဏဿ ပရိကမ္မံ ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ စေတောပရိယ ဉာဏဿပရိကမ္မံ စေတောပရိယဉာဏဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပုဗ္ဗေ နိဝါသာနုဿတိဉာဏဿ ပရိကမ္မံ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ယထာကမ္မုပဂဉာဏဿ ပရိကမ္မံ ယထာကမ္မုပဂဉာဏဿ ဥပနိဿယ ပစ္စယေနပစ္စယော။ အနာဂတံသ ဉာဏဿပရိကမ္မံ အနာဂတံသဉာဏဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဒိဗ္ဗစက္ခု ဒိဗ္ဗာယသောတဓာတုယာ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဒိဗ္ဗသောတဓာတု ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယ ပစ္စယေနပစ္စယော။ ဣဒ္ဓိဝိဓဉာဏံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေနပစ္စယော။ စေတောပရိယ ဉာဏံပုဗ္ဗေနိဝါသာ နုဿတိဉာဏဿ ဥပ

နိဿယ ပစ္စယေန ပစ္စယော၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ယထာကမ္မူပဂဉာဏံ အနာဂတံသဉာဏဿ ဥပနိဿယ ပစ္စယေနပစ္စယော။

ပဌမဿမဂ္ဂဿပရိကမ္မံ ပဌမဿမဂ္ဂဿ ဥပနိဿယပစ္စယေနပစ္စယော။ ဒုတိယဿ မဂ္ဂဿ ပရိကမ္မံ ဒုတိယဿမဂ္ဂဿ ဥပနိဿယပစ္စယေနပစ္စယော။ တတိယဿမဂ္ဂဿပရိကမ္မံ တတိယဿမဂ္ဂဿ ဥပနိဿယ ပစ္စယေနပစ္စယော။ စတုတ္ထဿမဂ္ဂဿပရိကမ္မံ စတုတ္ထဿမဂ္ဂဿ ဥပနိဿယပစ္စယေနပစ္စယော။ ပဌမောမဂ္ဂေါ ဒုတိယဿမဂ္ဂဿ ဥပနိဿယပစ္စယေနပစ္စယော။ ဒုတိယောမဂ္ဂေါ တတိယဿမဂ္ဂဿ ဥပနိဿယပစ္စယေနပစ္စယော။ တတိယောမဂ္ဂေါ စတုတ္ထဿမဂ္ဂဿ ဥပနိဿယပစ္စယေနပစ္စယော။ သေက္ခာမဂ္ဂံဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ မဂ္ဂေါ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါယ၊ နိရုတ္တိပဋိသမ္ဘိဒါယ၊ ပဋိဘာနပဋိသမ္ဘိဒါယ၊ ဌာနာဌာနကောသလ္လဿ ဥပနိဿယပစ္စယေနပစ္စယော။

စာမျက်နှာ (ဗ)မှာ အရကောက်ရှိပါတယ်။ ပစ္စယုပ္ပန်ကလဲ ကုသိုလ်နေခြင်းကြောင့် ပစ္စည်းဘက်ကလဲ ကုသိုလ်ဖြစ်ခြင်းကြောင့် အရဟတ္တမဂ်ကြဉ်ရပါတယ်။ အရဟတ္တမဂ်ကြဉ်ရကြောင်းက ပစ္စည်းဘက်က ''တတိယောမဂ္ဂေါ''သာရှိပါတယ်။

**ကုသလောကုသလဿ** ကုသလောဓမ္မောဟူသော **ကဏ္ဍ** ပုဒ်၏ အရကား ကုသိုလ်စိတ်စေ ဝီသအားတတ်သော ဗလဝဖြစ်သော အရဟတ္တမဂ်ကြဉ်သောကုသိုလ်စိတ် ဝီသ၊ စေတသိက် အဌတိံသပစ္စည်းတရားရ၏။ ။ကုသလဿဓမ္မဿဟူသော **သမ္ဗန်** ပုဒ်၏အရကား ကုသိုလ်စိတ်စေဝီသ၊ စေတသိက်အဌတိံသ ပစ္စယုပ္ပန်တရားရ၏။ ။ဥပနိဿယပစ္စယေန ဟူသော **ကရိုဏ်း** ပါဌ်၏အရကား ပကတူပနိဿယ သတ္တိသာရ၏။

ပကတူပနိဿယသတ္တိသာရ၏လို့သာနေမှာပါဘဲ။ ကုသလောအဗျာကတဿ၊ အကုသလော အဗျာကတဿမှာသာ ဗလဝနာနာက္ခဏိကကမ္မဝင်သလား မဝင်ဘူးလား။ ဗလဝ နာနာက္ခဏိကကမ္မဝင်ခဲ့လို့ရှိရင် အနန္တရကမ္မရဲ့ ပစ္စည်းရေအတိုင်း (၆)ပစ္စည်းရမယ်။ အကုသလောအဗျာကတဿမှာတော့ အနန္တရကမ္မနဲ့ မဆိုင်သဖြင့် ပကတူပနဲ့ ကမ္မ(၂)ပစ္စည်းဘဲ ရမယ်။ ကြွင်းကျန်တဲ့နေရာဌာနအားလုံးမှာ ပကတူပနိဿယ(၁)ပစ္စည်းနဲ့သာဆိုင်ပါတယ်၊

## အဓိပ္ပါယ်

ပါဠိနဲ့အရကောက်ပြီးတော့ ကုသလောကုသလဿအတွက်''သဒ္ဓံဥပနိဿာယ ဒါနံ ဒေတိ''။ သဒ္ဓါတရားဆိုတာက ကံရဲ့အကျိုး ပစ္စုပ္ပန်လောက တမလွန်လောကစသည်ကို ယုံကြည်မှုဖြစ်ပါတယ်။ ဘယ်လိုယုံကြည်သလဲဆိုရင် ရေကိုလိုချင်တဲ့ ယောက်ျားဟာမြေကြီးရဲ့ အောက်မှာ ရေဟာဖြင့် စေန်ရှိမှာဘဲရယ်လို့ ယုံကြည်ချက်နဲ့ မြေကိုတူးသလို သဒ္ဓါတရား နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာလဲ ဒါနစသည်ကိုပြုရင် ဒီဒါနစသည်ရဲ့ အကျိုးအာနိသင်ကို စေန် ရလိမ့်မယ်လို့ ယုံကြည်လို့ပြုတာဖြစ်ပါကယ်။ မိမိတို့ပင်ပန်းစွာ ရှာဖွေထားတဲ့ပစ္စည်းကိုလှူ တယ်ဆိုတာယုံကြည်မှုမရှိရင် မလှူနိုင်ပါဘူး။ ယုံကြည်မှုကြောင့်သာ လှူဒါန်းနိုင်ခြင်းဖြစ်

ပါတယ်။ ဒီလိုမဟုတ်ဘဲ အားနာလို့ မတော်လို့ သူတပါးကဲ့ရဲ့မှာ စိုးလို့ ပကာသနလို ချင်လို့ ပြုကြတဲ့ဒါနစသည်များကတော့ ''သဒ္ဓါ ဥပနိဿာယ''နဲ့ ဆိုင်လှမယ်မဟုတ်ပါဘူး။ ဒါက ''ဒါနံ ဒေတိ''အတွက် ဖြစ်တယ်။

''သီလံသမာဒိယတိ'' စသည်ကတော့ ငါးပါးသီလ ဆယ်ပါးသီလ ရှစ်ပါးသီလ ဆောက်တည်မှုတွေ-ပဏ္ဍုသာတိမင်းကြီးများလို မမြင်ဘူးတဲ့ အဒိဋ္ဌသဟာယဖြစ်တဲ့ ဓမ္မာသာ ရမင်းကြီးက ရေးပေးလိုက်တဲ့ အာနာပါနပွားများနည်းကို ပွားများပြီး စတုဘ္ဆျာန်တိုင် အောင်ဝင်စားမှု သမာပတ်ဝင်စားမှုတွေ-ဘုရားလက်ထက်က ဘုရားပေးတဲ့ ကမ္မဋ္ဌာန်း ဆရာပေးတဲ့ ကမ္မဋ္ဌာန်းကို ယုံကြည်စွာဖြင့် မဂ်ဘရားရအောင် အားထုတ်၍ မဂ်ရမှုများဟာ လဲ ဒီသဒ္ဓါတရားကိုပင် အကြောင်းပြု၍ဖြစ်ကြပါတယ်။ ဒီတော့သဒ္ဓါအကြောင်းပြုပြီး ဘာ တွေဖြစ်သလဲ ? ပစ္စယုပ္ပန်က ကုသိုလ်စိတ်စေတီသ ရခြင်းကြောင့် စတုဘူမက ကုသိုလ်ဘရား များဖြစ်ကြောင်းကိုပြပါတယ်။

ထိုနည်းတူစွာ ''သီလံဥပနိဿာယ'' စသည်မှာလဲ သီလရဲ့ အာနုဘော် သီလရဲ့ အကျိုးအာနိသင်တို့ကို လိမ္မာတဲ့ သီလဝန္တပုဂ္ဂိုလ်ဟာ မိမိရဲ့ သီလကိုအမှီပြုပြီး သီလဝန္တ ပုဂ္ဂိုလ်များအား ဒါနစသည်ကိုပြုပါတယ်။ အထက်အထက်ဖြစ်တဲ့ သီလကို မကျိုးမပေါက် ရအောင်ဆောက်တည်ကြပါတယ်။ စာတုဒ္ဒသီစတဲ့ ဥပုသ်ပက္ခနေ့တွေမှာ အဋ္ဌင်္ဂသီလကို ဆောက်တည်တယ်။ သီလရဲ့ပြည့်စုံခြင်းကို အမှီပြုပြီး ဈာန်စသည်ကိုဖြစ်စေတယ်။ ဒီမှာလဲ သီလစသည်ကို အကြောင်းပြုပြီး စတုဘူမကကုသိုလ်ဖြစ်ပါတယ်။

သုတကတော့ ဗဟုဿုတနဲ့ ပြည့်စုံသူဟာ ဒါနစတဲ့ ပုညကြိယာဝတ္ထုနဲ့ စပ်တဲ့ အလုံးစုံသော လောကီလောကုတ္တရာစီးပွားချမ်းသာပြည့်စုံခြင်း၊ ဒါနစသည်တို့ရဲ့ ညစ်ညူး ခြင်းဖြူစင်ခြင်းစသည်များကို သုတမယပညာနဲ့ ထိုးထွင်းခါသိရှိပြီး တည်တဲ့အကြားအမြင် များတဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။

''စာဂံဥပနိဿယ''က စွန့်ကြဲပေးကမ်းခြင်းရှိသူဟာ စွန့်ကြဲပေးကမ်းမှုမှာ စိတ်က ညွတ်ပြီး မိမိရဲ့စာဂနဲ့ပြည့်စုံခြင်းကိုအမှီပြုခါ အလှူပေးတယ်။ဒီပုဂ္ဂိုလ်ဟာ သီလဝန္တပုဂ္ဂိုလ် ဖြစ်လေတော့ ငါပေးလှူအပ်တဲ့ အလှူဒါနဟာ အကျိုး များ တယ်လို့ နှလုံးသွင်းပြီး သီလ ဆောက်တည်ပြန်ပါတယ်။ ဥပုသ်ကျင့်သုံးပြန်ပါတယ်။ ထိုဒါနစတဲ့ အကျင့်ဖြင့် စင်ကြယ်တဲ့ စိတ်ရှိခါ ဈာန်စသည်ကိုဖြစ်စေပါတယ်။ ပညာကတော့ ပညာရှိတဲ့ပုဂ္ဂိုလ်ဟာပစ္စုပ္ပန် တမ လွန်လောကအကျိုးကိုငှင်း လောကသုံးပါးကို လွန်မြောက်ကြောင်းကို ငှင်းပညာနဲ့ စူးစမ်း ဆင်ခြင်တဲ့အခါ မိမိရဲ့ ဒါနသီလစတဲ့အကျင့်ဖြင့် ပစ္စုပ္ပန်တမလွန်လောက အကျိုးစီးပွားကို ငှင်း လောကသုံးပါးကိုလွန်မြောက်ကြောင်းကိုငှင်း ပြီးစေခြင်းငှါစွမ်းနိုင်တယ်ရယ်လို့ ပညာ ကိုအမှီပြုပြီး ဒါနစတဲ့ စတုဘူမက ကုသိုလ်ကိုဖြစ်စေပါတယ်။

ပြီးတော့-နောက်အပိုဒ်ကလေးက''သဒ္ဓါသီလံသုတံ စာဂေ ပညာ သဒ္ဓါယ သီလ က သုတဿ စာဂဿ ပညာယ ဥပနိ ဿယ ပစ္စယေနပစ္စယော''။ သဒ္ဓါစတဲ့ သူ ကာင်း ဟင်း တရားငါးပါးဟာ သက်သက်ဒါန စသည်တို့ ဖြစ်ရန်အားကြီးတဲ့အကြောင်း ဖြစ်တာမဟုတ်

သေးဘူး။ မိမိရဲ့နောက်အဘို့မှာဖြစ်တဲ့ သဗ္ဗါစသည်တို့၏လည်း အားကြီးတဲ့အကြောင်းဖြစ်ကြောင်းကိုပြရန် ဟောထားပါတယ်။

“ပဌမဿဈာနဿပရိကမ္မံ ပဌမဿဈာနဿ ဥပနိဿယ ပစ္စယေနပစ္စယော”ဒါက ဈာနဝီထိချလိုက်တဲ့အခါ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဈာန်-ရယ်လို့ဆိုတဲ့ ပရိကံမျိုး မဟုတ်ပါဘူး။ မဟုတ်တော့ ဒီပရိကံကို ဈာန်ရဲ့အခြားမဲ့မှာဖြစ်တဲ့ပရိကံကိုမယူရဘူး။ ဈာန်ကိုရဘို့ရာ အားထုတ်တဲ့အခါမှာ ပထမဈာန်ရချင်ခဲ့လို့ရှိရင် ကမ္မဋ္ဌာန်း ၂၅-ပါးရှိပါတယ်။ ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာလို့ရှိတယ်။ ပထမဈာန်ရချင်ရင် ဒီတရားတွေကိုအားထုတ်ရတယ်။ အားထုတ်တော့ ဥပမာကသိုဏ်း ၁၀-ပါးထဲကပထဝီကသိုဏ်းကိုအားထုတ်မယ်ဆိုရင် ကသိုဏ်းဝန်းပြုလုပ်ရပါတယ်။ ကသိုဏ်းဝန်းပြုလုပ်ပြီး အဲဒီကသိုဏ်းဝန်းကို ကြည့်ကြည့်ပြီးတော့ မြေ-မြေ စသည်ဖြင့်၊ ပထဝီ-ပထဝီ စသည်ဖြင့် အားထုတ်တဲ့ ပုဗ္ဗဘာဂပရိကံကိုသာ ယူရပါတယ်။ ဒီလို အားထုတ်မှသာ နောင်အခါကာလမှာ ဈာန်ရမယ် မဟုတ်လား။ ဒီပရိကံတွေဟာ ရူပအရူပဈာန်များရဲ့ပရိကံ၊ အဘိညာဉ်ရဲ့ပရိကံ၊ မဂ်ရဲ့ပရိကံများရယ်လို့အသီးသီး ဟောထားရာမှာ “ယထာကမ္မူပဂဉာဏဿပရိကမ္မံ ယထာကမ္မူပဂဉာဏဿ၊ အနာဂတံသဉာဏဿပရိကမ္မံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေနပစ္စယော”လို့ ဟောထားတော့ ဒီအဘိညာဉ်နှစ်ပါးမှာ သီးခြားပရိကံရှိလို့ဟောထားကာလားဆိုတဲ့ ပြဿနာဖြစ်လာတယ်။

ဒါကို အဋ္ဌကထာက ဒီနှစ်ပါးမှာ သီးခြားပရိကံ မရှိပါဘူး။ ဒီနှစ်ပါးဟာ ဒိဗ္ဗစက္ခုအဘိညာဉ်ရဲ့အခြံအရံများဖြစ်လေတော့ ဒိဗ္ဗစက္ခုအဘိညာဉ်ရဲ့ပရိကံကို ပြုရင် ဒီနှစ်ပါးတို့ရဲ့ပရိကံကိုလဲပြုရာရောက်ပါတယ်တဲ့။ သူတို့မှာတော့ သီးခြားပြုစရာ ပရိကံမရှိပါဘူးတဲ့။

ဒါဖြင့် ပဋ္ဌာန်း ပကတူပနိဿယပစ္စည်းမှာ ဘုရားက “ယထာကမ္မူပဂဉာဏဿပရိကမ္မံ ယထာကမ္မူပဂဉာဏဿ”စသည်ဖြင့် ဘာ့ကြောင့်ဟောရသလဲဆိုရင် သူတို့မှာ ပရိကံသီးခြားမရှိပေမဲ့ ဒီအဘိညာဉ်နှစ်ပါးတို့၌ ညွတ်ကိုင်းသည်နှင့်တကွဖြစ်တဲ့ ဒိဗ္ဗစက္ခုရဲ့ပရိကံကိုပင် သူတို့ရဲ့ပရိကံပြုခါ ဟောတော်မူပါတယ်။

ဒီလိုဒိဗ္ဗစက္ခုရဲ့ ပရိကံကိုပြုရင် ယထာကမ္မူပဂနဲ့ အနာဂတံသတို့ရဲ့ ပရိကံကိုလဲပြုရာရောက်တော့ ဒီအဘိညာဉ် သုံးပါးဟာ အတူတကွ ဖြစ်နိုင်သလား။ ဒိဗ္ဗစက္ခုရရင် ယထာကမ္မူပဂနဲ့အနာဂတံသဟာ ရပြီးသားလားလို့ ဆိုရင် ဒိဗ္ဗစက္ခုရတိုင်း ယထာကမ္မူပဂနဲ့ အနာဂတံသကိုမရနိုင်ပါဘူး ရအောင် ပရိကံအထူးကိုဆက်လက်၍ ပြုရပါတယ်တဲ့။ အဲဒါက ပရိကံတွေကသွားတာဖြစ်တယ်။ ဈာန်ဈာန်ချင်းကြတော့-

ပဌမံဈာနံ ဒုတိယဿဈာနဿ ဥပနိဿယ ပစ္စယေနပစ္စယော။ ဒုတိယဈာန်စသည်ကို ရဘို့ရာမှာ ပထမဈာန်စသည်ကအကြောင်းဖြစ်ရပါတယ်။ ပထမဈာန် စသည်ကိုမရဘဲ ဒုတိယဈာန်စသည်ကိုမရနိုင်ပါဘူး။ ပထမတန်းမအောင်ဘဲနဲ့ ဒုတိယတန်း မရောက်သလိုပေါ့။

ပြီးတော့ တဖန် အဘိညာဉ်ရဲ့ ပရိကံများ၊ အဘိညာဉ်အချင်းချင်း ဟောပါတယ်။ ဒိဗ္ဗစက္ခုအဘိညာဉ်ရလို့ အဝေးမှာရှိတဲ့ ရူပါရုံကို မြင်တဲ့အခါ မြင်ရတဲ့ ပုဂ္ဂိုလ်ရဲ့အသံကို

ကြားလိုသောအခါ ဥပ္ပသောတကိုရအောင်အားထုတ်ရပါတယ်။ ဒီအခါမှာ ဒိဗ္ဗစက္ခုက ဒိဗ္ဗသောတအဘိညာဉ်အား ကျေးဇူးပြုပါတယ်။ ဘုရားလက်ထက်က ရဟန်းတပါး ဒိဗ္ဗစက္ခုအဘိညာဉ်ရလေတော့ နတ်ပြည် လှမ်းပြီးကြည့်လိုက်တယ်။ လှမ်းကြည့်လိုက်တော့ နတ်သမီးတွေမြင်တယ်။ ကနေတာတွေကိုလဲမြင်တယ်။ ဒါပေမဲ့ သီချင်းဆိုနေတာတွေကို မကြားဘူး။ မကြားတော့ သီချင်းဆိုနေတဲ့အသံကိုကြားချင်တယ်။ ကြားချင်တော့ မြတ်စွာဘုရားထံသွားပြီး လျှောက်ထားတယ်။ လျှောက်ထားတော့ မြတ်စွာဘုရားက ဥပ္ပသောတ အဘိညာဉ်ရဖို့ရာအတွက် ပရိကံကိုမပေးဘူး၊ မဟောဘူး။ ဘာကြောင့်သဲ ဆိုတော့ ဒီရဟန်းဟာ ရှေးရှေးဘဝတုံးက ပစ္စေကဗုဒ္ဓါကို ခဲနဲ့ပေါက်ထားခဲ့ဘူးတယ်၊ ခဲနဲ့ပေါက်ထားလို့နား သွားမှန်တယ်။ အဲဒီဝဋ်လိုက်လို့ ဘုရားကမဟောခဲ့ပါဘူ ဆိုဘဲ့အကြောင်းလဲပြောခဲ့ပါပြီ။

ကျန်တဲ့ အဘိညာဉ်များမှာလဲ နည်းတူပါဘဲ။ အသံကြားရလို့ ဒီအရပ်ကိုသွားလိုတဲ့ အခါမှာ ဣဒ္ဓိဝိဓကိုရရင် ဒိဗ္ဗသောတက ဣဒ္ဓိဝိဓအား ကျေးဇူးပြုပါတယ်။

ပြီးတော့ မဂ်သွားပါတယ်။ ''ပဌမဿ မဂ္ဂဿ ပရိကမ္မံ ပဌမဿ မဂ္ဂဿ ဥပနိဿယ ပစ္စယေန ပစ္စယော''။ မဂ်ရဲ့ပရိကံများကတော့ မဂ်ရအောင် ဘာလုပ်ရသလဲ? ''သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ'' စသည်ဖြင့် ဖီးဖြန်းရပါတယ်။ အဲဒါတွေဟာ မဂ်ရဘို့ရာအတွက် ပရိကံတွေဖြစ်ပါတယ်၊ မဂ်ရတယ်လို့ဆိုတာ အနိစ္စ ဒုက္ခ အနတ္တကို ကျကျနနဆင်ခြင်မှသာလျှင် မဂ်ရနိုင်ပါတယ်၊

မဂ်အချင်းချင်းက။ ။''ပဌမော မဂ္ဂေါ ဒုတိယဿ မဂ္ဂဿ ဥပနိဿယ ပစ္စယေနပစ္စယော''။ ပထမ မဂ်ရပြီးမှ ဒုတိယမဂ် စသည်ကို ရနိုင်ပါတယ်၊ ပထမမဂ်စသည်က ဒုတိယမဂ်စသည်အား ကျေးဇူးပြုပါတယ်။ သောတာပန်မဖြစ်ဘဲနဲ့ သကဒါဂါမိမဖြစ်နိုင်ပါဘူး။

ပြီးတော့ ပဋ္ဌာန်သမ္ဗန္ဓဒါလာပါတယ်။ ''သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ''။ အဲဒါကတော့ မဂ်ရပြီးတဲ့ သေက္ခပုဂ္ဂိုလ်များဟာ ထိုထိုမဂ်ဖြင့် ကိလေသာဆိုတဲ့ ဘေးရန်တွေကို လျော့ညံ့အောင်ပြုမှု ပယ်မှုရှိကြပြီး ထိုထိုသမာပတ်ကို ဖြစ်စေကြတယ်၊ ဒီအခါမှာ မဂ်က သမာပတ်အား ကျေးဇူးပြုပါတယ်။ ဒီဝါကျက ဘာကိုဆိုလိုတာလဲ? တချို့ပုဂ္ဂိုလ်တွေဟာမဂ်ရပေတဲ့ ဈာန်မရဘူး။ သမာပတ်မရဘူး၊ မဂ်ရပြီးဈာန်မရဘူး သမာပတ်မရဘူး ဆိုတော့ဒီပုဂ္ဂိုလ်တွေဟာ သုက္ခဝိပဿကပုဂ္ဂိုလ်တွေဖြစ်ပါတယ်။အဲဒီပုဂ္ဂိုလ်တွေဟာနောက်ထပ်အားထုတ်ခဲ့လို့ရှိရင် ဈာန်ကိုမရနိုင်တော့ဘူးလား သမာပတ်ကိုမရနိုင်တော့ဘူးလား ဆိုတော့ ဒီပါဠိကပြတဲ့အတိုင်း ''မဂ္ဂံဥပနိဿာယ အနုပ္ပန္နံသမာပတ္တိံ ဥပ္ပါဒေန္တိ''။ ဒီမဂ်အကြောင်းပြုပြီးမိမိတို့ရဲ့သန္တာန်မှာ မဖြစ်သေးတဲ့သမာပတ်ကို ဖြစ်စေတယ်လို့ဆိုသဖြင့် မဂ်ရပြီးတဲ့နောက် ဈာန်သမာပတ်ကိုဖြစ်စေပါတယ်။ သမာပတ်ရပြီးရင်တော့ မိမိတို့ရခဲ့တဲ့ သမာပတ်ကိုဝင်စားတာပေါ့။ ''ဥပ္ပန္နံသမာပဇ္ဇန္တိ''။ ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တစသည်ကိုရှုပါတယ်။ ''သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ''။ အဲဒါကအကယ်၍ ဒီပုဂ္ဂိုလ်ဟာ သောတာပန် ဖြစ်နေမယ်လို့ဆိုရင် အထက်အထက်မဂ်များကို ရဘို့ရာအတွက် အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ဝိပဿနာရှုခြင်းဖြစ်ပါတယ်၊ သကဒါဂါမိဆိုရင်လဲ အထက်မဂ်

အနာဂါမ်ဆိုရင်လဲ အရဟတ္တမဂ်ရကြိုရာအတွက် ''သဉ်ါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ''လို့ ဟောပါတယ်။

ပြီးတော့ ပဋိသမ္ဘိဒါလာပါတယ်။ ''မဂ္ဂေါ် သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါယ၊ နိရုတ္တိပဋိသမ္ဘိဒါယ၊ ပဋိဘာနပဋိသမ္ဘိဒါယ၊ ဌာနာဌာနကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော''။မဂ်ရတဲ့အခါ ပဋိသမ္ဘိဒါဉာဏ်ပြီးစီးပေမဲ့ မဂ်ဖြင့်ရတဲ့ပဋိသမ္ဘိဒါဉာဏ်တို့ရဲ့နောက်ကာလဝယ် ထိုထိုအတ္ထ ဓမ္မ ပဋိသမ္ဘိဒါစတဲ့ အာရုံမှာဖြစ်တဲ့ ပဋိသမ္ဘိဒါဉာဏ်အား မဂ်ကကျေးဇူးပြုပါတယ်။

ပဋိသမ္ဘိဒါဉာဏ်ရခဲ့လို့ရှိရင် တစုံတရာစာသင်ကြားနေစရာမလိုဘူး။အလိုလို ပိဋကမှာ ဟောထားတဲ့တရားတွေကိုသိပြီးသား နားလည်ပြီးသားဖြစ်ပါတယ်။ စာကျက်နေစရာ စာသင်နေစရာ စာအံနေစရာမလိုတော့ဘူး။ ဘုရားလက်ထက်က စူဠပန်ထိုလိုပေါ့။ စူဠပန်ဆိုတာ အင်မတန်ဉာဏ်ထိုင်းပါတယ်။ ဂါထာကလေးတပုဒ်ကို တဝါတွင်း ၃-လကျက်လို့မရပါဘူး။ ဒါနဲ့သူ့အစ်ကိုက မင်းသာသနာနဲ့ မတော်ဘူးဆိုပြီး နှင်ထုတ်ပစ်လိုက်တော့ သာသနာမှာလဲ ပျော်တော့ပိုနေပါတယ်။ အဲဒီအခါမှာ ဘုရားကသူ့ခေါ်ပြီး စရိုက်အား လျော်စွာ ကမ္မဋ္ဌာန်းပေးတော့ ရဟန္တာဖြစ်သွားပါတယ်။ ရဟန္တာဖြစ်တော့ ပဋိသမ္ဘိဒါဉာဏ်နှင့်တကွ ရဟန္တာဖြစ်ပါတယ်။ ပဋိသမ္ဘိဒါဉာဏ်နဲ့တကွ ရဟန္တာဖြစ်တော့ တရားဟောတဲ့အခါမှာတဝါတွင်းလုံးတဂါထာမှကျက်လို့မရတဲ့ စူဠပန်ဟာဘယ်ခနရာဌာနဟောရမလဲ ဘာအကြောင်းဟောရမလဲ အကုန်လုံးဟောခြင်းငှါစွမ်းနိုင်ပါတယ်။ ပိဋကသုံးပုံကို မွှေနှောက်ချောက်ခြားခြင်းငှာ စွမ်းနိုင်ပါတယ်။ အဲဒီလိုပဋိသမ္ဘိဒါဉာဏ် ရဘို့လို့ဆိုတာဘာလဲအဘိဓမ္မာသင်ခဲ့ဘူးမှ အဘိဓမ္မာတတ်ခဲ့ဘူးမှ ''ပဋိသမ္ဘိဒါယစ ပစ္စယော'' ဖြစ်ပါတယ်။ အဘိဓမ္မာသင်ခဲ့ဘူးတဲ့ ကြိခဲ့ဘူးတဲ့ပုဂ္ဂိုလ်ဟာ နောင်အခါမဂ်ရလို့ရှိရင် တပါးတခြားသော ပုဂ္ဂိုလ်များလိုမဟုတ်ဘဲနဲ့ ပဋိသမ္ဘိဒါဉာဏ်နှင့်တကွ မဂ်ကိုရပါတယ်။

ပဋိသမ္ဘိဒါလေးပါးအကြောင်းကိုတော့ ပဋိသမ္ဘိဒါဝိဘင်းမှာလဲ ဟောပါတယ်၊ ပဋိသမ္ဘိဒါမဂ်မှာလဲ ဟောပါတယ်။ သူရဲ့တရားကိုယ်ကတော့''တိဿော ပဋိသမ္ဘိဒါ ကာမာဝစရေ ကုသလတော စတူသု ဉာဏသမ္ပယုတ္တေသု စိတ္တုပ္ပါဒေသု ကြိယတော စတူသုဉာဏသမ္ပယုတ္တေသု စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇန္တိ၊အတ္ထပဋိသမ္ဘိဒါဧတေသုစေဝ,စတူသုမဂ္ဂေသု ဖလေသု စ ဥပ္ပဇ္ဇတိ''လို့ ဟောတော့ အတ္ထပဋိသမ္ဘိဒါမှတပါး ကြွင်းတဲ့ ပဋိသမ္ဘိဒါသုံးပါးက မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်ရှစ်ခုမှာဖြစ်ပါတယ်။ အတ္ထပဋိသမ္ဘိဒါကတော့ မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ်ရှစ်ခုနဲ့ လောကုတ္တရာစိတ်ရှစ်ခု ပေါင်း(၁၆)ခုမှာဖြစ်ပါတယ်။ အဲဒါ ကုသလော ကုသလဿဆိုင်ရာဒီသင့်တဲ့ အဓိပ္ပါယ်ကို ပြောပြခြင်းဖြစ်ပါတယ်။ ကုသလောအကုသလဿ ဆိုလိုက်ကြပါဦးစို့။

## ကုသလော အကုသလဿ

ကုသလောဓမ္မော အကုသလဿဓမ္မဿ ဥပနိဿယ ပစ္စယေနပစ္စယော။ပကတူပနိဿယော-သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ

မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊ သဒ္ဓါ သီလံ သုတံ စာဂေ ါ ပညာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။

ဒီမှာပဋ္ဌာနယုပ္ပန်က အကုသိုလ်ဖြစ်ခြင်းကြောင့် ပစ္စည်းကလောကီကိုယူရပါတယ်။

**ကုသလော အကုသလဿ**-ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသအားတတ်သော ဗလဝဖြစ်သော လောကီကုသိုလ် သဒ္ဓါရသ၊ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရားရန်။ ။အကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရားရန်။ ။ဥပနိဿယ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား ပကတူပနိဿယသတ္တိသာရန်။

## အဓိပ္ပါယ်

''သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ''စသည်က ငါသာ သဒ္ဓါတရားနဲ့ ပြည့်စုံတယ်၊ ဒီကောင်အလကားဘဲ၊ သဒ္ဓါတရားမွဲတဲ့ကောင်ဘဲ စသည်ဖြင့် မိမိရဲ့သဒ္ဓါကိုအမှီပြုပြီး မာန်မာနထောင်လွှားတဲ့အခါမှာ မာနဖြစ်ပါတယ်။ ဒီသဒ္ဓါတရားကိုပင် ငါရယ်လို့ စွဲလမ်းတဲ့အခါမှာ ဒိဋ္ဌိဖြစ်ပါတယ်၊ ထိုနည်းတူငါသာသီလရှိတယ်၊အကြားအမြင်များတယ်၊စွန့်ကြဲပေးကမ်းနိုင်တယ်၊ ပညာနဲ့ပြည့်စုံတယ်ရယ်လို့ သီလစသည်ကိုအမှီပြုပြီး ထောင်လွှားရင် မာနဖြစ်မယ်။ ဒီသီလစသည်ကိုဘဲငါရယ်လို စွဲလမ်းရင် ဒိဋ္ဌိဖြစ်မယ်၊ ပညာနဲ့ပတ်သက်လို့ပြောရရင် ကပိလရဟန်းကြီးဟာ သူ့ရဲ့ပညာကိုအမှီပြုပြီး အလွန်မာနတက်ကြွခဲ့တယ်။ ဒီလိုမာနတက်ကြွလေတော့ ဓမ္မကိုအဓမ္မ ဝိနယကို အဝိနယ စသည်ဖြင့် မှောက်မှောက်မှားမှားထင်သလိုဆုံးဖြတ်ခဲ့ပါတယ်။ ဒီကိစ္စတွေကြောင့် ဘုရားလက်ထက်မှာ ငါးကြီးလာဖြစ်ပါတယ်။ ကဿပဘုရားလက်ထက်ကစပြီးဖြစ်ပါတယ်။

ပြီးတော့-''သဒ္ဓါသီလံသုတံစာဂေ ါပညာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော''၊ ငါသာသဒ္ဓါတရားနဲ့ ပြည့်စုံတယ်ရယ်လို့ မိမိကိုယ်ကို ချီးမြှောက်တဲ့အခါ ရာဂအား ကျေးဇူးပြုပါတယ်၊ ဒီကောင်တွေ အလကားဘဲ အင်မတန် သဒ္ဓါမွဲတယ် စသည်ဖြင့် သူတပါးကို ရှုတ်ချတဲ့အခါ ဒေါသအားကျေးဇူးပြုပါတယ်။ ဒီရာဂ ဒေါသ ၂ ပါးနဲ့ သမ္ပယုတ်ဖြစ်တဲ့ မောဟအား ကျေးဇူးပြုပါတယ်။ အထက်ကပြောခဲ့တဲ့အတိုင်း မာနဒိဋ္ဌိတို့အား သဒ္ဓါစသည်နဲ့ပြည့်စုံခြင်းကို အမှီပြုပြီး ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တတဲ့အခါ ပတ္ထနာအား ကျေးဇူးပြုပါတယ်။

ဒီသဒ္ဓါသီလစသည်ရဲ့ အရကောက်က စာမျက်နှာ(ဗ)ဇယားမှာပြထားတဲ့အတိုင်း လောကီပစ္စည်းတရားများသာဖြစ်ပါတယ်၊လောကုတ္တရာနဲ့ မဆိုင်ပါဘူး။အကြောင်းကတော့ လဆိုတာ အမိုက်မှောင်အား ဘယ်တော့မှ ကျေးဇူးမပြုသလို သန့်ပဏ္ဍိတ ဉာဏ်မျက်နှာရှိတဲ့ စုံပြီးအကုသိုလ်ဆိုတဲ့အမိုက်မှောင်ကို ဖျက်ဆီးတတ်တဲ့ လောကုတ္တရာတရားက အကုသိုလ်ကို ဘယ်တော့မှ ကျေးဇူးမပြုပါဘူး။ပဋ္ဌာန်းတရားများမှာ ပစ္စည်းက လောကုတ္တရာ ပစ္စယုပ္ပန်က အကုသိုလ်ရယ်လို့ ဘယ်ပစ္စည်းမှာမှမရှိပါဘူး။ အာရမ္မဏမှာလဲ မရှိပါဘူး။ ပစ္စယပဒေသာ

ဖြစ်တဲ့ ပကတူပနိဿယ မှာလဲမရှိပါဘူး။ ကုသလော အဗျာကတဿကို သွားလိုက်ကြပါဦးစို့။

## ကုသလော အဗျာကတဿ

ကုသလောဓမ္မော အဗျာကတဿဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပကတူပနိဿယော-သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ သဒ္ဓါသီလံ သုတံစာဂေါပညာ ကာယိကဿ သုခဿ ကာယိကဿဒုက္ခဿ ဖလသမာပတ္တိယာ ဥပနိဿယ ပစ္စယေနပစ္စယော။ ကုသလံကမ္မံ ဝိပါကဿ ဥပနိဿယ ပစ္စယေနပစ္စယော။ အရဟာမဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံကိရိယာ သမာပတ္တိံ ဥပ္ပါဒေတိ၊ဥပ္ပန္နံ သမာပဇ္ဇတိ၊သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ မဂ္ဂေါ အရဟတော အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါယ၊ နိရုတ္တိပဋိသမ္ဘိဒါယ၊ ပဋိဘာနပဋိသမ္ဘိဒါယ၊ ဌာနာဌာန ကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော၊ မဂ္ဂေါ ဖလသမာပတ္တိယာ ဥပနိဿယ ပစ္စယေန ပစ္စယော။

ဒီမှာ ကုသလော အဗျာကတဿလို့ဆိုတော့ အဗျာကတဿက အကုန်ရပါတယ်။ ပစ္စယုပ္ပန် အဗျာကတနေသဖြင့် ပစ္စည်းဘက်က ကုသိုလ်ကလဲ အကုန်ရပါတယ်။ ကုသလော အဗျာကတဿမှာ မဂ္ဂေါ ဖလသမာပတ္တိယာ၊ကုသလံကမ္မံ ဝိပါကဿ-အတွက် နာနာက္ခဏိကကမ္မ-အနန္တရ ကမ္မတွေ ပါလာပါတယ်။ အနန္တရ ကမ္မဆိုင်ရာပါသဖြင့် ကရိုဏ်းဟာ တပြိုင်နက် ယထာရဟ(၆)ပစ္စည်း ရပါလိမ့်မယ်။

**ကုသလော အဗျာကတဿ** - ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိံသအားတတ်သော ဗလဝဖြစ်သော ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက်အဋ္ဌတိံသ ပစ္စည်းဓရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တိံသ၊ကြိယာစိတ်ဝီသ၊စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရားရ၏။ ဥပနိဿယ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကား။ တပြိုင်နက် ယထာရဟဘတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ - ဤ(၆) ပစ္စယ သတ္တိတို့တွင် ပကတူပ နိဿယ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

## အဓိပ္ပါယ်

**''သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ''**။ ။လောကမှာ သဒ္ဓါတရားသာ ရှိမယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ပြုလုပ်စရာကိစ္စတွေအတွက် အင်မတန် ခေသးဘယ် ပူသေးတယ် စသည်ဖြင့် တစုံတရာ ဆုတ်နစ်တွန့်တိုမှုမရှိဘဲ ပြဘွယ်ကိစ္စအဝဝသော နဝကမ္မမှုတွေ ဝေယျာဝစ္စမှုတွေကို ပြုလုပ်ပါတယ်။ ဒီလိုလုပ်ရတော့ ဘာဖြစ်သလဲ ? မောဘယ်ပန်းတယ် စတဲ့ ကာယိကဒုက္ခဝေဒနာတွေရဲ့ အစွမ်းအားဖြင့် မိမိရဲ့ခန္ဓာကိုယ်ကြီးကို ပူပန်စေဘယ်။ တော်တော်ကလေးလုပ်ရလေတော့ ထက်ဝန်းကျင်မှာလဲ ပူပန်စေပါတယ်။

**''ပရိယဋ္ဌိမူလကံဒုက္ခံပစ္စနုဘောတိ''**။ ။သဒ္ဒါတရားရှိလားရင် ကုသိုလ်ကောင်းမှုတနုခုကို ပြုလိမ့်မယ်။ ဒီလိုပြုဘူးရာအတွက် ပစ္စည်းဥစ္စာရှိမှုဖြစ်လေတော့ ပစ္စည်းဥစ္စာကို ရှာရလိမ့်မယ်။ ကြိုးစားရှာဖွေတဲ့အခါမှာလဲ နေပူမိုးရွာမရှောင် ရှာရမှာဖြစ်လေတော့-တန်းစီမှရမယ်ဆိုရင် တန်းစီရမှာဖြစ်လေတော့ ရှာမှီးရမှု ကာယိကဒုက္ခကို ခံစားရမှာဖြစ်ပါတယ်။

**''သီလံ ဥပနိဿာယ''**။ ။သီလဝန္တပုဂ္ဂိုလ်ဟာ မိမိရဲ့သီလကို လုံခြုံအောင် စောင့်ရှောက်ဘို့ အဖွဲ့ကာသိကမုဘင်စသည်ကို ဆောက်တည်ခြင်းရဲ့အစွမ်းအားဖြင့် မိမိကိုယ်ကို ပူပန်စေပါတယ်။ ထက်ပန်းကျင်မှ ပူပန်စေပါတယ်။ ပိဏ္ဍပတ်ဓုတင်ဆောက်တည်ထားလေတော့ နေပူမိုးရွာမရှောင် ဆွမ်းခံထွက်တဲ့အခါ ဆွမ်းကိုရှာမှီးခြင်းအကြောင်းခံဖြစ်တဲ့ ဒုက္ခဝေဒနာကို ခံစားရပါတယ်။

**သုတံ**၊ ။အကြားအမြင်များတဲ့ ပုဂ္ဂိုလ်ကလဲ မိမိရဲ့ အကြားအမြင် ဗဟုသုတအားလျော်စွာ ပဋိပတ်ကိုကျင့်တဲ့အခါ **စာဂံ** စွန့်ကြဲပေးကမ်းတဲ့ ပုဂ္ဂိုလ်ကလဲ စွန့်ကြဲပေးကမ်းမှုမှာ မိမိရဲ့စိတ်က ညွတ်လေတော့ မိမိအား မျှားလောက်အောင်တောင်မှ ချန်မထားတော့ဘဲ အကုန်စွန့်ကြဲလှူဒါန်းလိုက်တယ်။ ဝိနည်းမှာ ပါဠိဒေသနာ သိက္ခာပုဒ်ရယ်လို့ ပညတ်ရတယ်။ ဒီပုဂ္ဂိုလ်ကလဲ သေက္ခပုဂ္ဂိုလ်ဖြစ်လေတော့ သူ့သမီးက ယောက်ျားက ခေါ်တာနဲ့ ပြန်သွားမယ်အလုပ် သမီးသွားမယ်ဆိုရင် ငါမုန့်ကလေး ကြော်ပေး လိုက်စမ်းပါရစေ ဆိုပြီး မုန့်တွေကြော်ပါတယ်။ မုန့်ကြော်မှန်းသိတော့ ကိုယ်တော်တွေကလာလာပြီး ဆွမ်းခံသကိုး။ မုန့်ဆွမ်းလာခံတော့ သူကလဲသေက္ခပုဂ္ဂိုလ်ဖြစ်လေတော့ အင်မတန်သဒ္ဓါတရားကောင်းတယ် တခါထဲ အကုန်လုံး လှူလိုက်တယ်။ မကျန်တော့ဘူး။ ကုန်သွားတော့-ငါ့သမီး ညီမှာဘာမှသဲ လက်ဆောင်မပါဘူး၊ ဒီမှာဘဲနေပါဦး၊ နောက်တခါကြော်မှ ပြန်ဘာပေါ့လို့ ပြောတယ်၊ ဒါနဲ့ ယောက်ျားက ထပ်ခါထပ်ခါမှာ၊ မလာတော့ ယောက်ျားက မယားငယ်ယူလိုက်တော့ဘာပေါ့၊ အဲဒီနေရာမှာ ပညတ်ရတယ်။ ဘယ်လိုလဲ? သဒ္ဓါတရားရှိလို့ လှူတိုင်း သွားသွားပြီး အလှူမခံရဘူးတဲ့။ ဒါဘင်မဘသေးဘဲ မိမိရဲ့ခြေလက်စတဲ့ အင်္ဂါကြီးငယ်တွေကိုပါ ဖြတ်ပြီးလှူလိုက်တော့ မိမိကိုယ်ကို ပူပန်စေပါတယ်။ ထက်ပန်းကျင်မှ ပူပန်စေပါတယ်။ စွန့်ကြဲလှူဒါန်းဘို့ရာအတွက် ဥစ္စာပစ္စည်းကို ရှာမှီးရတဲ့အခါ ရှာမှီးရတဲ့ ဒုက္ခကို ခံစားရပြန်တယ်။

ပညံ။ ။ပညာရှိရယ်လို့ဖြစ်လာရင် အဆင့်ဆင့်ပညာကို တိုးပွားဖို့ မိမိ ပညာရှိအဖြစ်ကို အမှီပြုပြီး အချမ်းအပူစသည်ကို မရှောင်ကွင်ဘဲ စာကျက်ရ အံရဖြန့်ရ ပုလုံးသွင်းရစတဲ့ အားထုတ်မှုတွေအတွက် ပူပန်စေဘယ်။ ပညာရှိဘာ နည်းကို သိနားလည်လေတော့ မိစ္ဆာဇီဝဖြင့် အကျိုးမြင်တယ်၊ သမ္မာဇီဝဖြင့် အကျိုးမြင်တယ်၊ မိစ္ဆာဇီဝကို ပယ်စွန့်ပြီး စင်ကြယ်တဲ့အသက်မွေးခြင်းဖြင့် အသက်မွေးရမှုကိုရှာမှီးတဲ့အခါ ရှာမှီး ခြင်းအကြောင်းခံတဲ့ ဆင်းရဲကိုခံစားရဘယ်။

**သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ ကာယိကဿ သုခဿ ကာယိကဿ ဒုက္ခဿ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော**။ ။သဒ္ဓါစသည်ကိုအမှီပြုပြီး ချမ်း

သာခြင်းရဲ့ အကြောင်းဖြစ်တဲ့ ထိုထိုသုံးဆောင် ခံစားဘွယ်တို့ကို သုံးဆောင်တဲ့အခါ သဒ္ဓါရဲ့စွမ်းရည်ကြောင့် မိမိဘို့ရဲ့ ခန္ဓာကိုယ်မှာ မွန်မြတ်တဲ့ရုပ်တရားတွေ ပျံ့နှံ့တဲ့အခါ - ဒီသဒ္ဓါစတဲ့တရားတို့ရဲ့ စွမ်းရည်ကြောင့် နှလုံးသာယာမှုအကြောင်းရင်းရှိတဲ့ အားနည်းတဲ့ ပီတိ အားကြီးတဲ့ပီတိကြောင့်ဖြစ်ရတဲ့ ရုပ်တွေဟာ ဒီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ကို ပျံ့နှံ့တဲ့အခါ ဒီသဒ္ဓါစသည်ပြဋ္ဌာန်းတဲ့ ကုသိုလ်တရားကိုပြုရလို့ သုခကျိုးဖြစ်လာနိုင်တဲ့အခါ သဒ္ဓါစသည်က ကာယိကသုခအား ကျေးဇူးပြုပါတယ်။

အလွန်ချမ်းတယ် ပူတယ်လို့ ဆုတ်နစ်မှုမရှိဘဲ အထူးထူးသောဝေယျာဝစ္စ စသည်ကို ပြုရလို့ ဒုက္ခဝေဒနာဖြစ်တဲ့အခါ - ဒီပုဂ္ဂိုလ်ဟာ သဒ္ဓါစတဲ့ ဂုဏ်ကျေးဇူးနဲ့ပြည့်စုံနေပါကလားလို့ သီးမခံနိုင်တဲ့ရန်သူတွေက သတ်မှု ညှင်းဆဲမှု နှောင်ဖွဲ့မှုစသည်ပြုတဲ့အခါ သဒ္ဓါစသည်က ကာယိကဒုက္ခအား ကျေးဇူးပြုပါတယ်။ သဒ္ဓါစသည်ကို အကြောင်းပြု၍ ဖလသမာပတ်ဝင်စားတဲ့အခါ သဒ္ဓါစသည်က ဖလသမာပတ်အား ကျေးဇူးပြုပါတယ်။

ဘုရားလောင်းများဟာ ငါဘုရားဖြစ်ရမယ်လို့ ယုံကြည်ချက်နဲ့ ၆ နှစ်ပတ်လုံး ဒုက္ကရစရိယတွေကို ကျင့်ခဲ့ပုံဘွေ - မဟာသီဝမထေရ်ကြီးရဲ့ ပညာအကြောင်းခံပြီး ကာယိကဒုက္ခဖြစ်ပုံ - ဗာဟိယ ပဏ္ဏသာတိတို့ ပညာအကြောင်းခံပြီး ကာယိကဒုက္ခဖြစ်ပုံများကိုလည်း သိအပ်ပါတယ်။ ဒါတွေ အကျယ်မပြောတော့ဘူး။

**ကုသလံကမ္မံ ဝိပါကဿ ဥပနိဿယ ပစ္စယေန ပစ္စယော။** ။ဒါက ဗလဝ နာနာက္ခဏိက ကမ္မအတွက်ဖြစ်ပါတယ်။ ဘုံလေးပါးမှာဖြစ်တဲ့ ဗလဝကုသိုလ် စေတနာကိုယူရပါတယ်။ ဒုဗ္ဗလစေတနာကိုမယူပါနဲ့တဲ့။ ဒါနဲ့စပ်လို့ ဝတ္ထုထုတ်ပြတာကတော့ မိန်းမတယောက်ဟာ ကြိုးဆွဲချပြီးသေမယ်လို့ သစ်ပင်မှာကြိုးချိကွင်းများလုပ်ပြီး သူလုပ်စရာရှိသေးလို့ အိမ်ထဲဝင်သွားတယ်။ ဒီအခါ သူခိုးကသစ်ပင်မှာချိထားတဲ့ကြိုးကိုမြင်လေတော့ဟန်ကြပြီ - ငါခိုးလို့ရဘဲဥစ္စာပစ္စည်းများကိုထုတ်ပြီး ဒီကြိုးနဲ့ ချိခါယူလေမှဘဲရယ်လို့ ကြိုးကိုဒါးနဲ့ဖြတ်ဘို့ရာအတွက် ကြိုးနားကပ်သွားတယ်၊ ဒီအခါကြိုးကမြွေဖြစ်ပြီး ရှူးရှူးဆိုတဲ့အသံကို ပြုလုပ်လိုက်တော့ သူခိုးလဲကြောက်ပြီးထွက်ပြေးသွားတယ်။ ဒီမိန်းမကလဲ အိမ်ထဲကထွက်လာပြီး သူစိစဉ်ထားတဲ့အတိုင်း ကြိုးဆွဲချပြီး သေလိုက်ဘူးပါဘဲ။ ဒီတော့ သူခိုးက အနှောင့်အရှက် မပေးနိုင်အောင် အားကြီးတဲ့ကံ ဖြစ်ပါတယ်၊ ဒီဗလဝ စေတနာဟာ အန္တရာယ်ကို တားမြစ်ပြီး မိမိရဲ့ ဝိပါက်အား ဥပနိဿယနဲ့ ကျေးဇူးပြုပါတယ်။

အဋ္ဌကထာကဆက်လက်ပြီးတော့ ဘယ်လိုဆိုပြန်သလဲဆိုရင် ဒါပေမဲ့ အားကြီးတဲ့ စေတနာကသာ မိမိရဲ့ ဝိပါက်အား ဥပနိဿယပစ္စည်းဖြစ်တယ်ဆိုတဲ့ စကားကိုအမြဲမယူလိုက်ပါနဲ့။ မှန်ပါတယ်၊ ပြုအပ်တဲ့အကျိုးပေးခွင့်ရှိတဲ့ ကံကသာဝိပါက်ရဲ့ အန္တရာယ်ကို တားမြစ်ပြီးအကျိုးပေးနိုင်ပါတယ်၊ အကျိုးကိုဖြစ်စေတတ်တဲ့ ကံဟာဝိပါက်အား ဥပနိဿယပစ္စည်း မဖြစ်ဘူးလို့တော့မဆိုသင့်ပါဘူးတဲ့။

ဒါကိုမူလဋီကာဆရာက ဘယ်လိုဆိုသလဲ ? အားကြီးတဲ့စေတနာသာ ရအပ်တယ်၊ အားနည်းတဲ့ စေတနာမရအပ်ဆိုတာကို စွဲစွဲမြဲမြဲကြီးမယူလိုက်ပါနဲ့ ဆိုတဲ့ အဋ္ဌကထာပြတဲ့

အကြောင်းကဘာလဲဆိုရင် အားကြီးကြီးအားနဲ့ ကံတပါးပြုအပ်တဲ့ အကျိုးပေးခွင့်ရှိရင် အန္တရာယ်ကိုတားမြစ်ပြီး အကျိုးဖြစ်စေခြင်းကြောင့်ပဲ၊ အားကြီးတဲ့ကံ အားနည်းတဲ့ကံတို့တွင် တခုခုသောကံက ဝိပါက်ကိုဖြစ်စေမယ်ဆိုရင် ဥပနိဿယပစ္စည်းမဖြစ်ဘူးရယ်သို့ မဆိုသင့်ပါဘူးလို့အဋ္ဌကထာရဲ့အာဘော်ကိုပြပါတယ်။

ဒီလိုအဋ္ဌကထာဆိုပေမယ်လို့ ဝိပါကတိက် ပဋ္ဌာဝါရ ပစ္စနိက်မှာ ''ဝိပါက ဓမ္မဓမ္မော ဝိပါကဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ကမ္မ ပစ္စယေန ပစ္စယော''ရယ်လို့ ကမ္မပစ္စည်းကို သီးခြားယုတ်ပြထားပါတယ်။ ဝေဒနာတိက် ပဋ္ဌာဝါရ ပစ္စနိက်မှာ ''နဟေတု ပစ္စယာ နာရမ္မဏ ပစ္စယာ(ပ)နဥပနိဿယေအဋ္ဌ'' လို့ ဟောထားလေတော့ ဝိပါက်ကိုဖြစ်စေတတ်တဲ့ တစုံတခုသော ကံဟာ ဥပနိဿယ ပစ္စည်းမဖြစ်ဘူးရယ်လို့ ဆိုနိုင်ပါတယ်တဲ့။

နောက်ဆုံးမှာ-**မဂ္ဂေါဖလသမာပတ္တိယာ**။ ။ပဋ္ဌာန်းဒါတုံးက ပြောခဲ့တဲ့အတိုင်းပါဘဲ။ ဒီမဂ္ဂေါဖလသမာပတ္တိယာရဲ့ အရမှာ စေတနာသက်သက်မဟုတ်တဲ့ စိတ္တုပ္ပါဒ်ရဲ့ အစွမ်းအားဖြင့် ဒီမဂ္ဂကိုယူပါလို့ ပြောပါတယ်။ ဒါကုသလော အဗျာကတ ယပြီးသွားပါပြီ။ ကုသလပဒအတွက် ပြီးသွားပါပြီ။ နောက်အပတ်ကြရင် အကုသလပဒစသည်ကို ဆက်လက်ပြီး ပြောကြပါစို့။

သာဓု .... သာဓု .... သာဓု .... ။

# ၁၃၂၉-ခု၊ နတ်တော်လဆန်း (၂) ရက်
# ၁၉၆၇-ခု၊ ဒီဇင်ဘာလ (၃) ရက်၊ တနင်္ဂနွေနေ့
# ပဋ္ဌာန်း ကုသလတိက် ပဉှာဝါရ ဝိဘင်္ဂကို (၁၉) ကြိမ်မြောက်ဖွင့်ချခြင်း

### အကုသလော အကုသလဿ

ယန္ဒေ ပကတူပ နိဿယပစ္စည်း အကုသလော အကုသလဿ ဆိုရပါလိမ့်မယ်။ ပါဠိတော်ကို ပကတူပ နိဿယမျိုး ပါဠိတော် ဇယားစာမျက်နှာ(ဖ)မှာကြည့်ပါ။ ပစ္စည်းတရား အကုသိုလ်ပစ္စယုပ္ပန်တရား အကုသိုလ်ဖြစ်ပါတယ်။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပကတူပ နိဿယော- ရာဂံဥပနိဿာယ ပါဏံဟနတိ၊ အဒိန္နံအာဒိယတိ၊ မုသာဘဏတိ၊ ပိသုဏံဘဏတိ၊ ဖရုသံဘဏတိ၊ သမ္ဖံပလပတိ၊ သန္ဓိံဆိန္ဒတိ၊ နိလ္လောပံဟရတိ၊ ဧကာဂါရိကံကရောတိ၊ ပရိပန္ထေတိဋ္ဌတိ၊ ပရဒါရံဂစ္ဆတိ၊ ဂါမဃာတံကရောတိ၊ နိဂမဃာတံကရောတိ၊ မာတရံဇီဝိတာ ဝေါရောပေတိ၊ ပိတရံဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေနစိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံဘိန္ဒတိ။

ဒေါသံ မောဟံ မာနံ ဒိဋ္ဌိံ ပတ္ထနံ ဥပနိဿာယ ပါဏံဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာဘဏတိ၊ ပိသုဏံဘဏတိ၊ ဖရုသံဘဏတိ၊ သမ္ဖံပလပတိ၊ သန္ဓိံဆိန္ဒတိ၊ နိလ္လောပံဟရတိ၊ ဧကာဂါရိကံကရောတိ၊ ပရိပန္ထေတိဋ္ဌတိ၊ ပရဒါရံဂစ္ဆတိ၊ ဂါမဃာတံကရောတိ၊ နိဂမဃာတံကရောတိ၊ မာတရံဇီဝိတာ ဝေါရောပေတိ၊ ပိတရံဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံဘိန္ဒတိ။ ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိ ပတ္ထနာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယ ပစ္စယေန ပစ္စယော။

(၁) ပါဏာတိပါတော ပါဏာတိပါတဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပါဏာတိ ပါတော အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ ပိသုဏာယဝါစာယ၊ ဖရုသာယဝါစာယ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ၊ ဗျာပါဒဿ၊ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယ ပစ္စယေန ပစ္စယော၊ (၂) အဒိန္နာဒါနံ အဒိန္နာဒါနဿ ဥပနိဿယ ပစ္စယေန ပစ္စယော။(အဒိန္နာဒါနံမှာ သူတို့အချင်းချင်း ပထမရှေးဦးစွာ ဟောပါတယ်။ ဟောပြီး ပြန်လှည့်လိုက်တော့ ပါဏာတိပါတမှာ ဆုံးပါလိမ့်မယ်။ ဒီတော့ ၂ ချက် ၂ ချက်ဆိုရပါတယ်) အဒိန္နာဒါနံ ကာမေသုမိစ္ဆာစာရဿ။ မုသာဝါဒဿ၊ ပိသုဏာယဝါစာယ၊ ဖရုသာယဝါစာယ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ၊ ဗျာပါဒဿ၊ မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ (စာအဆိုကတော့ ဗန္ဓစက်လို့ ခေါ်ပါတယ်။ ဗန္ဓစက်ဆိုတာ ပြန်ပြီးလယ်အောင် လှည့်ရတာဘဲ) (၃) ကာမေသုမိစ္ဆာစာရော ကာမေသုမိစ္ဆာစာရဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ကာမေသုမိစ္ဆာစာရော မုသာဝါဒဿ၊

ပိသုဏာယဝါစာယ၊ ဖရုသာယဝါစာယ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ၊ ဗျာပါဒဿ၊ မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊ (၄) မုသာဝါဒေါ မုသာဝါဒဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ မုသာဝါဒေါ ပိသုဏာယဝါစာယ၊ ဖရုသာယဝါစာယ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ ဗျာပါဒဿ၊ မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ။ ကာမေသုမိစ္ဆာစာရဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ (၅) ပိသုဏာဝါစာ ပိသုဏာယ ဝါစာယ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပိသုဏာဝါစာ ဖရုသာယဝါစာယ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ၊ ဗျာပါဒဿ မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊ (၆) ဖရုသာဝါစာ ဖရုသာယဝါစာယ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဖရုသာဝါစာ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ၊ ဗျာပါဒဿ၊ မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ ပိသုဏာယဝါစာယ ဥပနိဿယ ပစ္စယေန ပစ္စယော။ (၇) သမ္ဖပ္ပလာပေါ သမ္ဖပ္ပလာပဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ သမ္ဖပ္ပလာပေါ အဘိဇ္ဈာယ၊ ဗျာပါဒဿ၊ မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသု မိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ ပိသုဏာယ ဝါစာယ၊ဖရုသာယဝါစာယ ဥပနိဿယ ပစ္စယေနပစ္စယော။ (၈) အဘိဇ္ဈာ အဘိဇ္ဈာယ ဥပနိဿယ ပစ္စယေန ပစ္စယော။ အဘိဇ္ဈာ ဗျာပါဒဿ၊ မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ ပိသုဏာယ ဝါစာယ၊ ဖရုသာယဝါစာယ၊ သမ္ဖပ္ပလာပဿ ဥပနိဿယ ပစ္စယေနပစ္စယော၊ (၉) ဗျာပါဒေါ ဗျာပါဒဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဗျာပါဒေါ မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ ကာမေသုမိစ္ဆာစာရဿ မုသာဝါဒဿ၊ ပိသုဏာယ ဝါစာယ၊ ဖရုသာယ ဝါစာယ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ ဥပနိဿယ ပစ္စယေန ပစ္စယော။ (၁၀) မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယ ပစ္စယေနပစ္စယော။ မိစ္ဆာဒိဋ္ဌိ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသုမိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ ပိသုဏာယ ဝါစာယ၊ ဖရုသာယဝါစာယ၊သမ္ဖပ္ပလာပဿ၊အဘိဇ္ဈာယ၊ ဗျာပါဒဿ ဥပနိဿယပစ္စယေနပစ္စယော။

(နောက်ပဋ္ဌာနန္တရိယကံနဲ့ မိစ္ဆာဒိဋ္ဌိ ၆-ခုရှိပါတယ်။ ၆-ခါဆိုရပါလိမ့်မယ်။အထက်ကအတိုင်းပါဘဲ)(၁) မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။ မာတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ၊ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကမ္မဿ၊ သံဃဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေနပစ္စယော (၂) ပိတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။ ပိတုဃာတိကမ္မံ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကမ္မဿ၊ သံဃဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။(၃) အရဟန္တဃာတိကမ္မံ အရဟန္တဃာတိကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။ အရဟန္တဃာတိကမ္မံ ရုဟိရုပ္ပါဒကမ္မဿ၊ သံဃဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊ မာတုဃာတိကမ္မဿ၊ ပိတုဃာတိကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော (၄) ရုဟိရုပ္ပါဒကမ္မံ ရုဟိရုပ္ပါဒကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။ ရုဟိရုပ္ပါဒကမ္မံ သံဃ

ဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊ မာတုဃာတိကမ္မဿ၊ ပိတုဃာတိကမ္မဿ၊ အရဟန္တ ဃာတိကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။ (၅) သံဃဘေဒကမ္မံ သံဃဘေဒကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။ သံဃဘေဒကမ္မံ နိယတမိစ္ဆာ ဒိဋ္ဌိယာ၊ မာတုဃာတိကမ္မဿ၊ ပိတုဃာတိကမ္မဿ၊ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။(၆)နိယတမိစ္ဆာဒိဋ္ဌိ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယ **ပစ္စယေနပစ္စယော။** နိယတ မိစ္ဆာဒိဋ္ဌိ မာတုဃာတိကမ္မဿ၊ ပိတုဃာတိကမ္မဿ၊ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒ ကမ္မဿ၊ သံဃဘေဒကမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။

ပါဠိက ရာဂကစတယ် ပြီးတော့ ဒုဇရိုက်ဆယ်ပါး၊ ပဉ္စာနန္တရိယကံနဲ့ နိယာမိစ္ဆာ ဒိဋ္ဌိ-ဒါပါဘဲ။ ပစ္စည်းပစ္စယုပ္ပန်တွေက အားလုံးအကုသိုလ်တွေဖြစ်နေလို့ အရကောက်ကြ တော့လွယ်ပါတယ်။

**အကုသလော အကုသလဿ** အကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရ ကား အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသအားတတ်သော ဗလဝဖြစ်သော အကု သိုလ်စိတ် ဒွါဒသ စေတသိက်သတ္တဝီသ ပစ္စည်းတရားရ၏။ အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား အကုသိုလ်စိတ်ဒွါဒသ၊စေတသိက်သတ္တဝီသ ပစ္စယုပ္ပန်တရားရ၏။ ဥပနိဿယပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား ပကတူပနိဿယသတ္တိသာရ၏။

## အဓိပ္ပါယ်

**ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ။** ။ရာဂဆိုတဲ့လောဘအကြောင်းပြုပြီး မဖြစ်တဲ့ အကုသိုလ်ရယ်လို့မရှိဘူး။ နောက်ဆုံးပဉ္စာနန္တရိယကံကြီးကိုသော်မှ အမိကိုသတ်မယ်အဘ ကိုသတ်မယ် ဒါတွေလဲပြုနိုင်တာဘဲ။ ပုဂ္ဂိုလ်ဘယောက်ဟာဒီဝတ္ထုတခုကို အင်မတန်နှစ်သက် နေတယ်ဆိုရင် ဒီဝတ္ထုကို ဆန့်ကျင်တဲ့ သတ္တဝါကို သတ်လိမ့်မယ်။ ဒါမှမဟုတ် မိမိအလွန် နှစ်သက်နေတဲ့ဝတ္ထုအလို့ငှါ သူတပါးရဲ့အသက်ကို သတ်လိမ့်မယ်၊ အဇာတသတ်တို့ ထီး နန်းစီးစိမ်ဆိုတဲ့လောဘအကြောင်းပြုပြီး ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကိုပင် သတ်ခဲ့ပါ တယ်။

ရှေးတုံးက ညီအစ်ကိုနှစ်ယောက်ရှိပါတယ်။ ညီကတော့ အိမ်ထောင်ကျတယ်။ အစ် ကိုက ရဟန်းပြုပြီးတောထဲမှာတပါးတည်းတရားအားထုတ်နေပါတယ်။ ဒီအခါညီရဲ့ မိန်းမ ကဒီရာဂဆိုတဲ့ လောဘရဲ့ အစွမ်းအားဖြင့် ဒီအစ်ကိုကြီးရှိနေခဲ့လို့ရှိရင် ငါတို့ပိုင်ဆိုင်နေ တဲ့ဥစ္စာပစ္စည်းတွေကို အမွေခွဲပြီးပေးရလိမ့်မယ်။ ဒီအစ်ကိုဖြစ်တဲ့ ရဟန်းကြီးသေသွားရင် ဒီဥစ္စာပစ္စည်းတွေကို ငါတို့ပိုင်မှာဘဲရယ်လို့ ခိုးသားတွေကို ဥစ္စာပစ္စည်းပေးပြီးတောထဲမှာ နေတဲ့အစ်ကိုကြီးကိုသတ်ခိုင်းတယ်။ သတ်ခိုင်းတော့ သတ်ဘို့ရန် ခိုးသားတွေရောက်လာ တယ်။ ရောက်လာတော့ အစ်ကိုကြီးကမေးတယ်။ မင်းတို့ဘာကိစ္စလာသလဲ။? အရှင်ဘုရား ကိုသတ်ဘို့လာတာဘဲ။ ငါ့ကိုသတ်ဘို့လာတာဖြင့် သတ်တာပေါ့။ ဒါပေမဲ့ မင်းတို့ငါ့ကို တော့ဒီတညခွင့်ပေးပါဦး။ မင်းတို့ကို ငါအာမခံပေးပါမယ်လို့ပြောတယ်၊ အရှင်ဘုရား တောကြီးထဲတယောက်ထဲနေတာဘယ်လိုလုပ်ပြီး အာမခံပေးမှာလဲ။ အာမခံဘယ်ကရမလဲ

ဆိုတော့အနီးမှာရှိတဲ့ ကျောက်တုံးကြီးယူပြီး မိမိရဲ့ပေါင်ကို ထုလိုက်တဲ့အခါ ပေါင်ကျိုးသွားတယ်။ ပေါင်ကျိုးသွားတော့ မင်းတို့ဒီအာမခံနဲ့ ကျေနပ်လောက်ပြီလားဆိုတော့ ဒုံးသားတွေကဘာမှမပြောတော့ဘူး။ ဒါနဲ့ မိမိမှာဖြစ်ပေါ်တဲ့ဝေဒနာကို ပယ်ခွါပြီး တရားအားထုတ်လိုက်တော့ မသေခင် ရဟန္တာဖြစ်သွားပါတယ်။ ဒါဟာရာဂကိုအကြောင်းပြုပြီး သူတပါးရဲ့အသက်ကို သတ်ထားဖြစ်ပါတယ်။ ယခုလောကမှာလဲ လောဘကို အမှီပြုပြီး သတ်ကြ ခိုးကြတဲ့ အကုသိုလ်တရားတွေ အင်မတန်ထင်ရှားပါတယ်။ သူတပါးဥစ္စာခိုးမှုလို့ဆိုတဲ့ ''အဒိန္နာဒါနာဒိယတိ''စသည်ကတော့ ပြောစရာမရှိပါဘူး။ အဋ္ဌကထာကလဲလွယ်လို့ အထူးမပြတော့ပါဘူး။ သိဘ္ဘိုရလဲ အင်မတန်ထင်ရှားပါတယ်။

**သန္ဓိံ ဆိန္ဒတိ**-လို့ဆိုတာကတော့ သန္ဓိံကအိမ်ခြံစပ်ကိုဖျက်မယ်။ နိလ္လောပံဟရတိ-ကာပုံးကွယ်ပြီးခိုးမယ်၊ ဧကာဂါရိကံကရောတိ-ဆိုတာသူခိုးအများတအိမ်တည်းကို ဝိုင်းဝန်းတိုက်ဖျက်လုယက်တာကိုခေါ်တယ်။ ပရိပန္ထေတိဋ္ဌတိ-ဆိုတာလမ်းခရီးလမ်းဆုံလမ်းမလမ်းလေးခွကရပ်ပြီး လုတာခိုးတာဖွက်တာတွေကိုဆိုတယ်၊ ဒါတွေဟာလဲ ယခုပစ္စက္ခလောကမှာအင်မတန်ထင်ရှားပါတယ်။

ပြီးတော့ **မာတရံဇီဝိတာဝေါရောပေတိ** — ဆိုတာကလဲ အင်မတန်ထင်ရှားပါတယ်။ မာတုဃာတကကံကြီးကိုသော်မှပြုပါတယ်။ အရှင်မောဂ္ဂလာန် အလောင်းဖြစ်တဲ့ ပုဂ္ဂိုလ်ဟာနစ်ဥ်အခါက မိန်းမရဲ့ပူဆာမှုကြောင့် မိခင်ကြီးကို သတ်ဘို့ရာတောထဲကိုခေါ်သွားပါတယ်။ တောထဲရောက်တဲ့အခါမှာ ''အမေ၊ အမေ-သူခိုးတွေလာကုန်ပြီ။ အခမ့ကို သတ်တော့မယ်''။ သတ်မှာကသူက၊ ပြောတော့ဒီအမေကလဲ မျက်စိမမြင်ရှာပါဘူး။ ဒါနဲ့ မိခင်ကြီးက''ငါ့သား ငါကတော့အိုလဲအိုလှပြီ၊ မျက်စိလဲမမြင်ဘူး၊သေရကျိုးနပ်ပြီ၊ ဒီတော့ မင်းဘဲ လွတ်အောင်ပြေးပါတော့''လို့ သားရဲ့အကျိုးကိုရည်ရွယ်ပြီး ပြောကြားလိုက်တော့ မှသတိရပြီး မသတ်ရှာပါဘူး။

ပြီးတော့ ဒေဝဒတ်တို့ ဘုန်းကြီးချင် တန်ခိုးကြီးချင်လို့ဆိုတဲ့ ရာဂအကြောင်းပြုပြီး မြတ်စွာဘုရားရှင်ကို ဇီဝိတိန္ဒြေကချဘို့ရာ အမျိုးမျိုးကြံစီခဲ့ပါတယ်။

**ဒေါသံဥပနိဿာယ**—လို့ဆိုတာကတော့ ဒီပုဂ္ဂိုလ်ဟာ ငါရဲ့အကျိုးမဲ့ကို ကျင့်တယ်ဆိုပြီးဖြစ်တဲ့ဒေါသ။ မောဟကပါဏာတိပါတစသည်တို့မှာ အပြစ်ကို ဖုံးလွှမ်းတဲ့မောဟ။ မာန ကတော့ငါ့ကိုများ မသတ်ဝံ့ဘူးထင်လို့လား၊ မခိုးဝံ့ဘူးလို့ထင်လို့လားစသည် ဆိုတဲ့ မာနမျိုးပါ။ တစုံတယောက်သောသူက မထေမဲ့မြင်ပြုမယ် ရှုံးချမယ်နှိပ်စက်မယ်ဆိုရင် ဒါဩမာနကိုအမှီပြုပါတယ်။ ဒိဋ္ဌိကတော့ ယဇ်ပူဇော်ခြင်းစတဲ့အမြင်မှားမှုတွေ။ ပတ္ထနာ ကတော့ ဆုတောင်းတယ်။ ဘယ်လိုလဲ ?၊ ငါ့အားဒါပြည့်စုံမယ်ဆိုရင် အသင်နတ်မင်းကြီး အား ဗလိကမ္မအမှုကိုပြုပါမယ်လို့ နတ်များကို တောင်းပန်တယ်။ ဒီလူကိုသတ်ပြီး ငါ့ပေး၊ ဒီလူရဲ့ဥစ္စာယူခဲ့၊ လာပါ ဒီအမှုတွေလုပ်မှုအတွက် အဖေါ်ပြုပါ၊ ကူညီပါဆိုတဲ့ပတ္ထနာမျိုး ဖြစ်ပါတယ်။ ဒီတော့ရာဂဒေါသမောဟ မာနဒိဋ္ဌိပတ္ထနာအကြောင်းပြုပြီး မဖြစ်တဲ့ အကုသိုလ်ရယ်လို့မရှိဘူး။ ယခုလောကကမ္ဘာကြီးမှာလဲ ဆိုးဆိုးဝါးဝါး ဘယ်နေရာဌာနမျိုး

မှာမဆို ဆိုးဆိုးဝါးဝါး ဖြစ်ပျက်ပြီးနေတာတွေရဲ့ အကြောင်းတရား လိုက်ရှာလိုက်ရင် ဒီလောဘ ဒေါသ မောဟ မာနစတဲ့ တရားတွေပါ။ ရာဂကြောင့်လဲ သတ်ကြဖြတ်ကြတယ်။ စစ်တိုက်ကြတယ်။ ဒေါသကြောင့်လဲဖြစ်တာဘဲ မာနကြောင့်လဲဖြစ်တာဘဲ။ ဒါတွေဟာ အင်မတန်ထင်ရှားပါတယ်။

ပြီးတော့ – “**ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိပတ္ထနာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယ ပစ္စယေန ပစ္စယော**”။ ဒါက ရှေးရှေးဖြစ်တဲ့ရာဂတွေက နောက်နောက်ဖြစ်တဲ့ရာဂတွေကို ကျေးဇူးပြုပါတယ်။ ကြွင်းတဲ့ ဒေါသစသည်တွေကိုလဲ ကျေးဇူးပြုပါတယ်။ မိမိရဲ့သန္တာန်မှာ ရာဂစသည်ဖြစ်မယ်၊ ဖြစ်ခဲ့လို့ရှိရင် ဒီရာဂဟာနောက်နောက်ဖြစ်ပေါ်မဲ့ရာဂတွေကို ကျေးဇူးပြုပါတယ်။ အထက်တိုက်တွေကြတော့ “သကဘဏ္ဍေဆန္ဒရာဂေါ ပရဘဏ္ဍေဆန္ဒရာဂဿ ဥပနိဿယ ပစ္စယေနပစ္စယော။ သကပရိဂ္ဂဟေဆန္ဒရာဂေါ ပရပရိဂ္ဂဟေဆန္ဒရာဂဿ ဥပနိဿယ ပစ္စယေနပစ္စယော” ဆိုပြီး မိမိဥစ္စာအကြောင်းပြုပြီး သူတပါးဥစ္စာတွေကိုလိုချင်တာတွေ။ မိမိသိမ်းဆီးပြီးထားတဲ့ ရွှေငွေဥစ္စာပစ္စည်းစသည်ကို အကြောင်းပြုပြီး သူတပါးသိမ်းဆီးထားတဲ့ ဝတ္ထုစသည်တွေကိုလိုချင်တာတွေ။ အဲဒီတော့ ရှေးရှေးရာဂကို အကြောင်းပြုလိုက်ခဲ့လို့ရှိရင် နောက်နောက်ရာဂ ဒေါသ မောဟ မာနအစရှိတဲ့ အကုသိုလ်စိတ် ၁၂-ခုဟာ မဖြစ်နိုင်တာရယ်လို့ မရှိပါဘူး၊ အကုန်လုံးဖြစ်ပါတယ်။

ထိုနည်းတူစွာဒုစရိုက်ဆယ်ပါးမှာပါဏာတိပါတော ပါဏာတိပါတဿ ဥပနိဿယ ပစ္စယေနပစ္စယော။ ရှေးရှေးပါဏာတိပါတစသည်တွေက နောက်နောက်ပါဏာတိပါတ အဒိန္နာဒါနကံစသည်တွေကို ဥပနိဿယသတ္တိနဲ့ကျေးဇူးပြုပါတယ်။

နောက်ပဉ္စာနန္တရိယကံ။ မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အဲဒီမာတုဃာတိကမ္မံဆိုတာအမိကိုသတ်တာ။ ပိတုဃာတိကမ္မံဆိုတာက အဘကိုသတ်တာ။ အရဟန္တဃာတိကမ္မံဆိုတာက ရဟန္တာကိုသတ်တာ။ ရုဟိတုပ္ပါဒကမ္မံဆိုတာက ဒေဝဒတ်လိုကျောက်တုံးနဲ့လှိမ့်ချပြီး မြတ်စွာဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုတာ။ သံဃဘေဒကမ္မံဆိုတာ ဒေဝဒတ်လိုသံဃာသင်းခွဲတာတွေ။ နိယတမိစ္ဆာဒိဋ္ဌိလို့ ဆိုတာက အကြောင်းအကျိုးမရှိစသည်ဖြင့်ယူတဲ့ အင်မတန်မှောက်မှောက်မှားမှားဖြစ်တဲ့ အယူတွေဖြစ်ပါတယ်။

အဲဒီမာတုဃာတိကမ္မံမှာ သူတပါးက အမေသတ်တာမြင်တာနဲ့ ကိုယ့်အမေကိုသတ်တယ်။ ဘဝတခုကအမေကိုသတ်ခဲ့လေတော့ ဘဝတပါးမှာလဲ အမေကိုဘဖန်ပြန်ပြီးသတ်ပြန်တယ်။ တခုသောဘဝဋ္ဌပင်လျှင်၊ သွား မင်းအမေကိုသတ်လို့ အဖန်ဖန်စေခိုင်းတဲ့ အစွမ်းအားဖြင့်လဲ သတ်ပါတယ်။ ဒီနေရာမှာ ၂-ကြိမ်ရိုက်ပြီးသတ်မှသေမယ်ဆိုရင် ၂-ကြိမ်ရိုက်ပြီး သတ်ပါတယ်၊ အဲဒီကဲ့သို့သော အစွမ်းအားဖြင့်ဖြစ်တဲ့ မာတုဃာတိကံက နောက်နောက်ဖြစ်တဲ့မာတုဃာတိကံအား ဥပနိဿယသတ္တိနဲ့ကျေးဇူးပြုပါတယ်။ ပိတုဃာတိကံကလဲ ဥပနိဿယသတ္တိနဲ့ကျေးဇူးပြုပါတယ်။ ရုဟိတုပ္ပါဒကံကတော့ ဒေဝဒတ်မှာထင်ရှားပါတယ်။ သံဃဘေဒကံလဲ ဒေဝဒတ်မှာထင်ရှားပါတယ်။ အရဟန္တဃာတိကမ္မံဆိုတာကတော့ ရဟန္တာ

သတ်တဲ့ကံတွေပါ။ ဒါကရှေးရှေးအခါကာလက မာရသံယုတ်များမှာ မြတ်စွာဘုရားရှင်ရဲ့ လက်ျာရံဖြစ်တဲ့ပုဂ္ဂိုလ်ကို မာနတ်ဟာ နွားကျောင်းသားကလေးတယောက်ကိုပူးပြီး လေးနဲ့ ပစ်ပါတယ်။ လေးနဲ့ ပစ်တော့ နားမှန်ပါတယ်။ ဒီဘက်နားကမှန်လိုက်တာ ဟိုဘက်နားက ထွက်ပြီးသွားပါတယ်၊ အဲဒီပုဂ္ဂိုလ်လဲပရိနိဗ္ဗာန်ပြုတော်မူရှာပါတယ်။

နိယတမိစ္ဆာဒိဋ္ဌိလို့ ဆိုတာကကံ ကံ၏အကျိုးကို မယုံကြည်ဘူး။ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိမျိုးတွေဖြစ်ပါတယ်။ ဒီဒိဋ္ဌိကပိုပြီးအပြစ်ကြီးပါတယ်။ နိယတမိစ္ဆာဒိဋ္ဌိဆိုတာ အကြောင်းမရှိဘူး၊ အကျိုးမရှိဘူး၊ လူသတ်မှုကိုပြုပေမဲ့ တစုံတရာအပြစ်မရှိဘူးစသည်ဖြင့် အကြောင်းအကျိုးကိုပစ်ပယ်ခါ ဒီအယူကိုစွဲမြဲယူမယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ သေသည့်၏အခြားမဲ့၌အဝီစိငရဲမှာ မြဲတယ်လို့ ဆိုပါတယ်။ ဒီပြင်ကံတွေကတော့ အဇာတသတ်ကို ထောက်ရင် အဇာတသတ်ဟာ ဖခင်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးကိုသတ်တဲ့ ပိတုဃာတကကံကို ပြုငြားသော်လည်း အဝီစိငရဲမကျဘဲ ငရဲငယ်တခုမှာသွားပြီးခံရပါတယ်။

ပြီးတော့ ဗလဝအကုသိုလ်ကံက ဒုဗ္ဗလအကုသိုလ်ကံကို ဥပနိဿယပစ္စည်း မဟုတ်ပါဘူး။ ဒါကြောင့်ကမ္မပထဖြစ်တဲ့ အနန္တရိယကံစွမ်းဖြင့်သာ ဒေသနာပြုတယ်လို့ ဆရာများ ကဆိုကြပါတယ်။ ဒီစကားကို ကေန်မယူသင့်ပါဘူး။ အကြောင်းက ပါဏာတိပါတကံ စသည်ကို ပြုပြီးတဲ့နောက် ဘာ့ကြောင့် ဒီပါဏာတိပါတစသည်ကိုပြုရသလဲလို့ သူတပါးတို့က စောဒနာတဲ့အခါအမျက်ထွက်ခြင်းကိုလဲပြုတယ်၊ နှလုံးမသာယာခြင်းလဲရှိတယ်။ အနည်းငယ်မျှသော ကိလေသာဖြစ်တဲ့အခါ ဒီအနည်းငယ်သော ကိလေသာကို တိုးပွားစေပြီး လွန်ကျူးမှုကိုလဲပြုပါတယ်။ ဒါ့ကြောင့်အားကြီးတဲ့ အကုသိုလ်ကအားနည်းတဲ့ အကုသိုလ်အား အားနည်းတဲ့ အကုသိုလ်က အားကြီးတဲ့အကုသိုလ်အား ဥပနိဿယပစ္စည်းတတ်သည်သာ ဖြစ်ပါတယ်။ ဒါအဋ္ဌကထာကဆိုတာပါ။ ပစ္စယနိဒ္ဒေသတုံးက အားကြီးတဲ့ အကြောင်း၏ အဖြစ်ဆိုတဲ့သဘောဖြင့် ဥပနိဿယပစ္စည်းဖြစ်တယ်လို့ဆိုခဲ့တာက အကြောင်း၏အဖြစ်သာ အားကြီးနေပါတယ်တဲ့။ အဲဒီလိုနေခြင်းကြောင့် ဆိုခဲ့တာဖြစ်ပါတယ်။ ဥပနိဿယပစ္စည်း တတ်တဲ့တရားရဲ့ အားကြီးတယ်လို့ ဆိုတာမဟုတ်ပါဘူး၊ မှန်ပါတယ်၊ ကံကိလေသာတွေဟာ အားကြီးကြီး အားနည်းနည်း အားကြီးတဲ့ အကြောင်းဖြစ်ကြပါတယ်လို့ အဋ္ဌကထာက ဆိုပါတယ်၊ ဒီမှာအထူးအထွေပြောစရာမရှိပါဘူး။ အကုသလော ကုသလဿ သွားကြပါစို့။

အကုသလော ကုသလဿလို့ဆိုတော့ ပါဠိကလေးကျက်ဘို့ရာအတွက် မှတ်ထားဘို့ရာက ပစ္စည်း အကုသိုလ်ဖြစ်ရင် ရာဂဒေါသစသည်တွေ လာပါလိမ့်မယ်။ ပစ္စယုပ္ပန် ကုသိုလ်ဖြစ်ရင် ကုသလော ကုသလဿတုံးကလို ဒါနံဒေတိ သီလံသမာဒိယတိ စသည် တွေ လာပါလိမ့်မယ်။ ဒီမှာ ရာဂဒေါသကို ပေယျာလထိုးထားပါတယ်။ အဆက်ကအဘိုင်းပါဘဲ။ ဒါနံ ဒေတိစသည်ကိုလဲ ပေယျာလထိုးထားပါတယ်။

### အကုသလော ကုသလဿ

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပကတူပနိဿယော-ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထကမ္မံကရောတိ၊

ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ။ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ဒေါသံ မောဟံ မာနံ ဒိဋ္ဌိံ ပတ္ထနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိ ပတ္ထနာ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပါဏံဟန္တွာဘဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာ ဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ (ပစ္စယုပ္ပန်မှာ ၂-ဂဏန်းကလေးပြထားပါတယ်။ ၂-ခါဆိုရပါတယ်) အဒိန္နံအာဒိယိတွာ၊ မုသာဘဏိတွာ၊ ပိသုဏံဘဏိတွာ၊ ဖရုသံဘဏိတွာ၊ သမ္ဖံ ပလပိတွာ၊ သန္ဓိံ ဆိန္ဒိတွာ၊ နိလ္လောပံဟရိတွာ၊ ဧကာဂါရိကံကရိတွာ၊ ပရဒါရံဂန္တွာ၊ ဂါမဃာတံကရိတွာ၊ နိဂမဃာတံ ကရိတွာ တဿ ပဋိဃာတတ္ထာယဒါနံဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထကမ္မံကရောတိ၊ ဈာနံဥပ္ပါဒေတိ၊ ဝိပဿနံဥပ္ပါဒေတိ၊ မဂ္ဂံဥပ္ပါဒေတိ၊ အဘိညံဥပ္ပါဒေတိ၊ သမာပတ္တိံဥပ္ပါဒေတိ၊

မာတရံဇီဝိတာဝေါရောပေတွာ တဿပဋိဃာတတ္ထာယ ဒါနံဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထကမ္မံကရောတိ။ ပိတရံဇီဝိတာဝေါရောပေတွာ၊ အရဟန္တံဇီဝိတာဝေါရောပေတွာ၊ ဒုဋ္ဌေနစိတ္တေနတထာဂတဿ လောဟိတံဥပ္ပါဒေတွာ၊ သံဃံဘိန္ဒိတွာတဿပဋိဃာတတ္ထာယဒါနံဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထကမ္မံကရောတိ။

အရကောက်ကလဲလွယ်ပါတယ်၊ ပစ္စည်းကအကုသိုလ်ဆိုတော့ အကုသိုလ်အကုန်ယူပါတယ်။ ပစ္စယုပ္ပန်ကကုသိုလ်ဆိုတော့ ကုသိုလ်အကုန်ယူပါတယ်။ ကရိယာကလဲ တစ်ပစ္စည်းဘဲရပါတယ်။

**အကုသလော ကုသလဿ**-အကုသလောဓမ္မောဟူသော **ကဏ္ဍား** ပုဒ်၏အရကား ကုသိုလ်ဧကဝီသ၊ စေတသိက်အဋ္ဌတိံသအားတတ်သော ဗလဝဖြစ်သော အကုသိုလ်ဒွါဒသ၊ စေတသိက်သတ္တဝီသ ပစ္စည်းတရားရ၏။ ။ကုသလဿ ဓမ္မဿ ဟူသော **သမ္ဗဒါန်** ပုဒ်၏အရကား ကုသိုလ်စိတ်ဧကဝီသ၊ စေဘသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရားရ၏။ ။ဥပနိဿယပစ္စယေနဟူသော **ကရိယာ** ပါဋ်၏အရကား ပကတူပနိဿယသတ္တိသာရ၏။

## အဓိပ္ပါယ်

**ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ**။ ။ရာဂဆိုတဲ့လောဘကို အကြောင်းပြုပြီးဒါနစတဲ့ ကုသိုလ်တွေပြုလိမ့်မယ်၊ ငါသည်စတုမဟာရာဇ် နတ်ဘုံမှာဖြစ်လျှင် ကောင်းလေစွရယ်လို့ ဥပပတ္တိဘဝ၌ရင်း၊ စီးစိမ်ချမ်းသာ၌ရင်း ဖြစ်တဲ့ရာဂကိုမှီပြီး ဒါနစသည်ကိုပြုပါတယ်။ ရှေးဦးစွာ လူနတ်၌ဖြစ်တဲ့ကာမဂုဏ်မှာတပ်မက်မှုရာဂဖြစ်ပါတယ်။ အဲဒီရာဂကြောင့် ကာမဂုဏ်ခံစားရန် လူ့ပြည်နတ်ပြည်ရောက်ကြောင်း ဒါနစသည်ကိုပြုပါတယ်။ နတ်ဖြစ်ချင်လို့ လူမင်းကြီးဖြစ်ချင်လို့ နတ်မင်းကြီးဖြစ်ချင်လို့ နတ်မိဖုယားကြီးဖြစ်ချင်လို့ စသည်ဖြင့် ဒါနပြုပါတယ်။ ထိုနည်းတူစွာသီလစသည်ကို ဆောက်တည်ပါတယ်။

ဈာန် ဥပ္ပါဒေတိစသည်ကတော့ ရာဂစသည် အကြောင်းပြုပြီး ဣသိသိင်္ဂရသေ့များလို ရာဂပယ်ခွါဘို့ရာအတွက် ဈာန်ကိုပွားများပါတယ်။ ရာဂကို ပယ်ခွါဘို့ရာအတွက် ဝိပဿနာကိုပွားများပါတယ်။

မဂ္ဂံ ဥပ္ပါဒေတိကြတော့ မြတ်စွာဘုရားရှင်က ညီတော်မင်းနန်အား ငါ့သို့ နတ်ပြည်မှာ မြင်ခဲ့တဲ့ နတ်သမီးလိုချင်ခဲ့လို့ရှိရင် နတ်သမီးတွေ ရရာရကြောင်းဖြစ်တဲ့ မန္တယားကို သရဇ္ဈာယ်ပေတော့လို့ ဝိပဿနာ ကမ္မဋ္ဌာန်းပေးလိုက်တဲ့အခါမှာ ညီတော် မင်းနန် အားထုတ်ပါတယ်၊ အားထုတ်တဲ့အခါမှာ ရဟန္တာဖြစ်သွားပါတယ်။ ဒါလဲဘဲ နတ်သမီးလိုချင်တဲ့ ရာဂအကြောင်းပြုပြီး ဖြစ်ပါတယ်။ ပြီးတော့ မိမိရဲ့သန္တာန်မှာ ဖြစ်နေတဲ့ ရာဂစသည်ကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်ဖြတ်ခြင်းငှါ မဂ်ကိုလဲ ဖြစ်စေပါတယ်။ ဥပါလိသူကြွယ်များလို ဖြစ်ပါတယ်။ ရာဂကင်းစိမ့်သောငှါ အဘိညာဉ်သမာပတ် ဖြစ်တဲ့အခါ ရာဂကို အကြောင်းပြု၍ ဖြစ်စေတာဖြစ်ပါတယ်။

''ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိ ပတ္ထနာ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ'' ဆိုတာတွေကတော့ ရာဂက ဒါနစသည်၏ အစွမ်းဖြင့်ဖြစ်တဲ့ သဒ္ဓါအား၊ သီလစသည်လဲ နည်းတူပါဘဲ။ ဒါတွေက ရာဂစသည်က သဒ္ဓါစသည်တွေအား ကျေးဇူးပြုပါတယ်။ ပထမရှေးဦးစွာတော့ မိမိတို့ရဲ့ သန္တာန်မှာ ရာဂဆိုတဲ့ လောဘတရားကလေးဘဲ ဖြစ်ပေါ်ပါတယ်။ နောက်အခါကြတော့ ဒီရာဂကို အကြောင်းပြုပြီး ကြည်ညိုမှုတွေ ပေါ်ပေါက်ပြီး လာပါတယ်။ ဒါနစသည်၏အစွမ်းအားဖြင့် သဒ္ဓါအစရှိသည် ဖြစ်တဲ့အခါ ရာဂကိုမှီပြီးဖြစ်သလို ထို့အတူရာဂစသည်ကလဲ သဒ္ဓါစသည်အား ဥပနိဿယ ပစ္စည်းအားဖြင့် ကျေးဇူးပြုပါတယ်။ ပြီးတော့-

**ပါဏံဟန္တွာ တဿ ပဋိဃာတတ္ထာယ။** ။မိမိတို့ အကုသိုလ်ပြုခဲ့တယ်။ မိမိတို့ပြုခဲ့တဲ့ အကုသိုလ်ကို ပယ်ဖျောက်ဘို့ရာအတွက် ကုစားဘို့ရာအတွက် ဒီပုဂ္ဂိုလ်တွေဟာ ဘာလုပ်ကြသလဲ? ဒါနစသည်ကို လုပ်ပါတယ်။ ပယ်ဖျောက်ဘယ်လို့ ဆိုတာက အကျိုးပေးခွင့်မဖြစ်အောင် ဒါနစသည်ကို ပြုပါတယ်။ အကျိုးပေးခွင့်မရအောင် ဒါနစသည်ကို ပြုတာတော့ ထားပါတော့။ ပါဏာတိပါတစတဲ့ ဒုစရိုက် ၁၀ ပါးကိုတော့ ကုစားကောင်းတာဖြစ်ပါတယ်။ မကုစားကောင်းတဲ့ ''မာတရံဇီဝိတာ ဝေါရောပေတွာတဿ ပဋိဃာတတ္ထာယ'' ဆိုတဲ့ အနန္တရိယကံတွေကြတော့ကော? အနန္တရိယကံတွေကြတော့ ဒီပုဂ္ဂိုလ်ဟာ အနန္တရိယကံပြုခဲ့လို့ရှိရင် ဧကန်ငရဲကျမယ်၊ အဝီစိငရဲတိုင်အောင် ကျနိုင်တဲ့ အစွမ်းသတ္တိရှိပါတယ်၊ ဒီလိုဖြစ်ပါလျှက်သားနဲ့ ဒါတွေကို ဘယ်လိုလုပ်ပြီး အကျိုးပေးခွင့် မရအောင် ရယ်လို့ လုပ်ရပါ့မလဲ။ လုပ်လို့မရနိုင်ခဲ့လို့ရှိရင် ဘာ့ကြောင့် မြတ်စွာဘုရားက ဒီလိုဟော ထားသလဲဆိုတော့ သတ္တဝါတွေရဲ့ အဇ္ဈာသယအားဖြင့် ဟောထားပါတယ်။ အဇာတသတ်ဟာ အဖေသတ်မှု အနန္တရိယကံကြီးကို ပြုခဲ့ပေမဲ့ ငါ ဘုရားအား ချဉ်းကပ်ပြီး သူ့ရဲ့ပြဿနာတွေ လျှောက်ထားခဲ့လို့ရှိရင် ငါ့အပူမီးလေးရဲ့ ပြုခဲ့တဲ့ အကုသိုလ်ကံတွေ ပျောက်လေရဲ့လို့ ရည်ရွယ်ချက်ရှိခဲ့ပါတယ်။ရည်ရွယ်ချက်ရှိတဲ့အတိုင်း မေးလျှောက်တဲ့အခါမှာအဇာတသတ်အား မြတ်စွာဘုရားရှင်က သာမည ဖလ သုတ် ကို ဟော ပါတယ်။ ဟော တော့ အ ပူ မီး

အတော်ငြိမ်းသွားပါတယ်။ ငြိမ်းရုံတင်မကဘဲ မြတ်စွာဘုရားကို ကြည်ညိုတဲ့နေရာမှာ ပုထုဇဉ်ပုဂ္ဂိုလ်တွေထဲက အဇာတသတ်ဟာ ကြည်ညိုတဲ့နေရာဌာနမှာ တေဒဂ်တောင်ရပါတယ်။ ဒါပေမဲ့ သာမညဖလသုတ်ကြီးဟောလိုက်တဲ့အခါမှာ အဇာတသတ်က အနန္တရိယကံပြုထားလေတော့ မဂ်မရပါဘူး။ သူအပါယ်ကျရမယ်၊ ငရဲကေန်ရောက်ရမယ်။ အဲဒီလို သတ္တဝါတွေရဲ့ အဇ္ဈာသယကိုယူပြီး ဟောတာဖြစ်ပါတယ်။ ကုစားနိုင်လို့ ကုစားကောင်းလို့ ဟောတာ မဟုတ်ပါဘူး။ အထက်က ပါဏာတိပါတစတဲ့ အကုသိုလ်တွေကတော့ မဂ်တိုင်အောင်ဘဲ ရနိုင်ပါတယ်၊ ခိုးသူကြီးတွေ သူသတ်သမားကြီးတွေ သတ်ပြီး မဂ်ရတာတွေလဲ ရှိပါတယ်။ ဒီတော့ ပါဏာတိပါတစတဲ့ ဒုစရိုက်တွေပြု၊ ငယ်ငယ်တုံးကပြု။ အသက်ကြီးတဲ့ အခါကြတော့ ဒီဒုစရိုက်တွေဟာ အပါယ်လေးပါးသွားဘို့ အကြောင်းရှိတယ်၊ အပါယ်လေးပါးမသွားဘို့ရာအတွက် ဘာသာလျှင် စိတ်ချရသလဲဆိုရင် ဒီဘဝမဂ်ရမှ စိတ်ချရတော့မယ်။ ဒီတော့ မဂ်ရအောင် ငါဘယ်လိုလုပ်ရပါ့မလဲ? ဘယ်လိုလုပ်ရပါ့မလဲဆိုတော့ အချို့ပုဂ္ဂိုလ်များဟာ အချောင်မဂ်ရတယ်ကြားတော့ မဂ်ကို အချောင်ရတဲ့ နည်းနာနယတွေကို လိုက်ကြပါတယ်။ မဂ်လို့ဆိုတာ ခဲယဉ်းတဲ့အကြောင်းကို အာရမ္မဏတုံးက ပြောခဲ့ပါပြီ။ ဒီတော့အကုသလော ကုသလဿ ပြီးကြပါစို့။ အကုသလော အဗျာကတဿ ဆက်ဆိုလိုက်ကြပါဦးစို့။

**အကုသလော အဗျာကကဿ**

အကုသလောမမ္မော အဗျာကတဿဓမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။ ပကတူပနိဿယော-ရာဂံဥပနိဿာယ အတ္တာနံအာတာပေတိ၊ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံဒုက္ခံ ပစ္စနုဘောတိ။ ဒေါသံ မောဟံ မာနံ ဒိဋ္ဌိံ ပတ္ထနံ ဥပနိဿာယ အတ္တာနံအာတာပေတိ၊ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံဒုက္ခံပစ္စနုဘောတိ။ ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိ ပတ္ထနာ ကာယိကဿသုခဿ ကာယိကဿဒုက္ခဿ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေနပစ္စယော။ အကုသလံကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေနပစ္စယော။

ဒီမှာလဲပစ္စည်းအကုသိုလ်က အကုန်ရပါတယ်။ ပစ္စယုပ္ပန်က အဗျာကတဖြစ်သဖြင့် ဝိပါက်ကြိယာတွေအကုန်ရပါတယ်။ ဒီနေရာမှာဗလဝနာနာက္ခဏိကကမ္မဝင်လာပါတယ်။ အကုသလော အဗျာကတဿဖြစ်ခြင်းကြောင့် အနန္တရကမ္မနဲ့ မဆိုင်ပါဘူး။ ဒါ့ကြောင့် ပစ္စည်းရေဟာ ၂-ခုယထာရဟ ရပါတယ်။

**အကုသလော အဗျာကတဿ**-အကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ အားတတ်သော ဗလဝဖြစ်သော အကုသိုလ်ဒွါဒသ၊ စေတသိက်သတ္တဝီသ ပစ္စည်းတရားရ၏။ ၊အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ ပစ္စယုပ္ပန်တရားရ၏။ ဥပနိဿယပစ္စယေနဟူသော **ကရိဏ်း** ပါဠ်၏အရကားတပြိုင်နက်ယံထာရဟတတ်ကောင်းသော ဥပနိဿယ၊ ကမ္မ-ဤ( ၂ ) ပစ္စယသတ္တိတို့တွင် ပကတူပနိဿယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အမှိပ္ပါယ်

ပစ္စည်းတရားက အကုသိုလ်ဖြစ်ခြင်းကြောင့် ရာဂစသည့်အကြောင်းပြုရမှာချည်းပါဘဲ။ အတ္တာနံအာတာပေတိ=မိမိကိုယ်ကိုပူပန်စေပါတယ်။ ပရိတာပေတိ=ထက်ဝန်းကျင်မှပူပန်စေပါတယ်၊ ပရိယိဋ္ဌိမူလကံဒုက္ခံ ပစ္စနုဘောတိဆိုတာက ပစ္စည်းဥစ္စာရှာရဖွေရတဲ့ အတွက် ဆင်းရဲခံစားရပါတယ်။ အကြွင်ဝတ္ထုကို တပ်နှစ်သက်နေတယ်၊ ဒီဝတ္ထုကိုရဘို့ရာအတွက် မလွယ်ဘူး။ ခဲခဲယင်းယင်းပြုမှရမှာကိုမြင်တော့ မိမိကိုယ်ကိုလွန်စွာ ပူပန်စေပါတယ်။ ကုသမင်းဟာ ပဘာဝတီကိုတပ်မက်မှုဆိုတဲ့ရာဂကြောင့် ဝေးလံတဲ့ခရီးသွားရမှု-အိုးလုပ်ဖျာယက်စတဲ့ ကာယိကဒုက္ခများကို ခံစားရပါတယ်။ နန္ဒဝက်သိုးသမားတို့-နွားသတ်သမားတို့မှာ ကာယိကဒုက္ခအများအပြားဘဲ ဖြစ်ကြပါတယ်။

ပြီးတော့ ''ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိ ပတ္တနာ ကာယိကဿသုခဿ ကာယိကဿဒုက္ခဿ'' စသည်ဖြင့် ရာဂစသည်ကိုလွန်ပြောက်ပြီး ကုသိုလ်ကိုပြု၍ရအပ်တဲ့ချမ်းသာအား ရာဂစသည်၏ အစွမ်းဖြင့်အပြစ်မရှိဟုမြင်ခါ ကာမဂုဏ်တို့ကို သုံးဆောင်ခြင်း၏ အစွမ်းဖြင့်ဖြစ်တဲ့သုခအား ကျေးဇူးပြုတယ်။ ရာဂက ကာယိကသုခအားလို့ဆိုတာက ကာမဂုဏ်ကိုသုံးဆောင်တဲ့အခါမှာ တစုံတရာအပြစ်မရှိဘူးလို့မြင်တဲ့အခါမှာ သုခအားကျေးဇူးပြုပါတယ်။ ဒုက္ခကလဲ ဒုက္ခလို့ဆိုတော့ လွန်စွာပူပန်စေခြင်းစတဲ့ အစွမ်းအားဖြင့်ဖြစ်တဲ့ဒုက္ခအားကျေးဇူးပြုပါတယ်၊ ရာဂစတဲ့အကြောင်းကြောင့်ဖြစ်တဲ့ သတ်မှု ညှင်းဆဲမှု နှောင်ဖွဲ့မှုစတဲ့ အစွမ်းအားဖြင့်ဖြစ်တဲ့ဒုက္ခအားလဲ ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

ဖလသမာပတ်ကြတော့ ရာဂစသည်ကို အကြွင်းမဲ့ပယ်ဖြတ်ပြီး ဒီပုဂ္ဂိုလ်ဟာ ဖလသမာပတ်ဝင်စားတဲ့အခါမှာ ဖလသမာပတ်အားကျေးဇူးပြုပါတယ်။ တနည်းအားဖြင့် ရာဂစသည် နှိပ်စက်လို့ ဝင်စားအပ်တဲ့ သမာပတ်အား ကျေးဇူးပြုပါတယ်။ ဒါကအကုသလော အဗျာကတဿဖြစ်ပါတယ်။ ပြီးတော့ အဗျာကတော အဗျာကတဿအတွက် ဆိုလိုက်ကြပါဦးစို့။

### အဗျာကတော အဗျာကတဿ

အဗျာကတောဓမ္မော အဗျာကတဿဓမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။ ပကတူပနိဿယော-(၁) ကာယိကံသုခံ ကာယိကဿသုခဿ၊ ကာယိကဿဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေနပစ္စယော။ (ဒီနေရာမှာအဆင့်ဆင့်ဆိုရပါလိမ့်မယ်၊ ပစ္စည်းဘက်က ၅-ခုရှိပါတယ်။ ဒါကြောင့် ၅-ကြိမ်ဆိုရပါလိမ့်မယ်)။ (၂) ကာယိကံ ဒုက္ခံ ကာယိကဿ သုခဿ၊ ကာယိကဿဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေနပစ္စယော။ (၃) ဥတု ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေနပစ္စယော။ (၄) ဘောဇနံ ကာယိကဿသုခဿ၊ ကာယိကဿဒုက္ခဿ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေနပစ္စယော။ (၅) သေနာသနံ ကာယိကဿသုခဿ၊ ကာယိကဿဒုက္ခဿ၊ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေနပစ္စယော။ ကာယိကံသုခံ ကာယိကံ ဒုက္ခံ ဥတု ဘောဇနံ သေနာသနံ ကာယိကဿသုခဿ၊ ကာယိကဿဒုက္ခဿ၊ ဖလသမာ

ပစ္စယော ဥပနိဿယပစ္စယေနပစ္စယော။ ဖလသမာပတ္တိ ကာယိကဿသုခဿ ဥပနိဿယ ပစ္စယေနပစ္စယော၊ အရဟာ ကာယိကံသုခံ ဥပနိဿာယ အနုပ္ပန္နံကိရိယ သမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံသမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တ တော ဝိပဿတိ။ ကာယိကံဒုက္ခံ ဥတုံ ဘောဇနံ သေနာသနံ ဥပနိဿာယ အနုပ္ပန္နံကိရိယ သမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။

အရကောက်ကြတော့လဲ ပစ္စည်းပစ္စယုပ္ပန် အကုန်လုံးရပါတယ်၊ အဗျာကတဖြစ်ခြင်းကြောင့်ပစ္စည်းဘက်မှာ ရုပ်ပါလာပါတယ်၊ကရိဏ်းကြတော့ ပကတူပနိဿယသတ္တိဘဲ ရပါတယ်။

**အဗျာကတော အဗျာကတဿ**-အဗျာကတော မမွေ့ာဟူသော **ကတ္တား** ပုဒ်၏ အရကား ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိံသ အားတတ်သော ဗလပဖြစ်သော ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသပစ္စည်းတရားရ၏။ ။အဗျာကဿ မမွေ့ဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကားဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရားရ၏။ ။ဥပနိဿယ ပစ္စယေနဟူသော **ကရိဏ်း** ပါဠ်၏ အရကား ပကတူပ နိဿယ သတ္တိသာရ၏။

## အဓိပ္ပါယ်

ချမ်းသာမှုဖြစ်လာမယ်ဆိုရင် မိဒိတို့ရအပ်တဲ့ ချမ်းသာကို သာယာပြီး အဖန်တလဲလဲ ထိုထိုသုခကို ဖြစ်စွမ်းနိုင်တဲ့ သဘောရှိတဲ့ အကြောင်းတို့ကြောင့် ဒီသုခကို ဖြစ်စေတဲ့အခါ ရှေးဖြစ်တဲ့ သုခက နောက်ဖြစ်တဲ့ သုခအား ကျေးဇူးပြုပါတယ်။ ဒုက္ခတော့ကော? ချမ်းလို့ မီးလှုံတဲ့အခါအတိုင်း အရှည်ထက်လွန်ပြီး ပြုလုပ်ခဲ့ရင် ပထမလှုံစကလေးတော့ ခပ်နွေးနွေး ရှိပါတယ်။ နောက်အခါကြတော့ လွန်လွန်ကဲကဲ လှုံလိုက်သဖြင့် ပူလာပါတယ်။ ပူလာတော့ ရှေ့သုခက နောက်ဒုက္ခအား ကျေးဇူးပြုပါတယ်။

ပျို့နုနယ်တဲ့ ဤပုရဗိုဇ်မတို့ရဲ့နီသော နုသောမွေးညှင်းရှိဘဲ့ လက်မောင်းအတွေဟာ ချမ်းသာလေစွလို့ ကာမဂုဏ်တို့ကို သုံးဆောင်သည် အဖြစ်သို့ ရောက်တဲ့ပုဂ္ဂိုလ်ရဲ့ သုခအားလဲဘဲ ကျေးဇူးပြုပါတယ်။ ဤပစ္စုပ္ပန်ဘဝ ကာယိက သုခက ငရဲမှာဖြစ်တဲ့ ကာယိက ဒုက္ခအားလဲ ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။

အနာကင်းလို့ ချမ်းချမ်းသာသာ ဖလသမာပတ် ဝင်စားတဲ့ပုဂ္ဂိုလ်ရဲ့ ကာယိက သုခက ဖလသမာပတ်အား ကျေးဇူးပြုပါတယ်။ ဖလသမာပတ်ဟာ ကာယိက သုခချည်း ဖြစ်ပါတယ်။ ဒုက္ခကို တားမြစ်ဘို့ရာအတွက် သုခကို မှီဝဲတဲ့ ပုဂ္ဂိုလ်-ဒုက္ခကို တားမြစ်ဘို့ အနာကို ခေါင်းပါးစေပြီး ဖလသမာပတ် ဝင်စားတဲ့ မြတ်စွာဘုရားများလို အနာဘားမြစ်ပြီး ဖလသမာပတ် ဝင်စားခဲ့လို့ရှိရင် ကာယိက ဒုက္ခက ကာယိက သုခ ဖလသမာပတ်အား ကျေးဇူးပြုပါတယ်။ လျောက်ပတ်တဲ့ ဥတုက သုခနှင့် ဖလသမာပတ်အား ကျေးဇူး ပြုပါတယ်။ မလျောက်ပတ်တဲ့ ဥတုက ဒုက္ခအား ဥပနိဿယ သတ္တိနဲ့ ကျေးဇူးပြုပါတယ်။

တနည်းအားဖြင့် မလျော်ကပ်တဲ့ ဥတုကို နှိမ်နင်းပြီး ဘယ်လောက်ဘဲ ပူနေနေ ဘာဘဲဖြစ်နေနေ သမာပတ်သည် ဖြစ်စေအပ်တဲ့ ရုပ်စွမ်းဖြင့် ဖြစ်တဲ့သုခ။ ဖလသမာပတ် ဝင်စားနေလိုက်တဲ့အခါ ဒီဖလသမာပတ်ရဲ့ အစွမ်းအားဖြင့် အင်မတန်ချမ်းသာပါတယ်။ အဲဒီ ဖလသမာပတ်သည် ဖြစ်စေအပ်တဲ့ ရုပ်စွမ်းဖြင့် ဖြစ်တဲ့သုခကို အလိုရှိသူ၏ မလျော်ကပ်တဲ့ ဥတုကလည်း ဖလသမာပတ်အား ကျေးဇူးပြုပါတယ်။ ဘောဇဉ်ဘို့ ကျောင်းအိပ်ရာ နေရာများမှာလဲ ဒီအတိုင်းပင် ဖြစ်ပါတယ်။

"ကာယိကံ သုခံ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ" အဲဒါက တပေါင်းထဲဖြစ်တာပြပါတယ်။ အောက်ကဆိုခဲ့တဲ့နည်းအတိုင်း ဒီကာယိက သုခ စသည်တို့ရဲ့ ပစ္စည်းကို သိရပါလိမ့်မယ်၊

ပြီးတော့ "ဖလသမာပတ္တိ ကာယိကဿ သုခဿ"။ ။သမာပတ်ကြောင့် ဖြစ်တဲ့ ရုပ်စွမ်းဖြင့် ဖြစ်တဲ့ သုခအား ကျေးဇူးပြုပါတယ်၊ ဒီသုခကို ဒီပုဂ္ဂိုလ်ဟာ ဘယ်အခါရသလဲ? သမာပတ်က ထတဲ့အခါမှာ ခံစားရပါတယ်။ ယနေ့ ဒါနဲ့ဘဲ ထားလိုက်ကြပါစို့။ နောက်အပတ်မှာ ပကတူပနိဿယလဲ ကုန်ပါလိမ့်မယ်၊ ဝတ္ထုပုရေဇာတလဲ ကုန်ပါလိမ့်မယ်။

သာဓု .... သာဓု .. သာဓု .... ။

## ၁၃၂၉-ခု၊ နတ်တော်လဆန်း (၆)ရက်
## ၁၉၆၇-ခု၊ ဒီဇင်ဘာလ (၇)ရက်၊ ကြာသပတေးနေ့
## ပဋ္ဌာန်း ကုသလတိက် ပဉှာဝါရ ဝိဘင်္ဂကို (၂၀) ကြိမ်မြောက်ပို့ချခြင်း

### အဗျာကတော ကုသလဿ

အရင်အပတ်က ပကတူပ နိဿယ အဗျာကတော အဗျာကတဿ ပြီးသွားပါပြီ။ ယခုအပတ် အဗျာကတော ကုသလဿ။

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပကတူပနိဿယော-ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထ ကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ကာယိကံ ဒုက္ခံ ဥတုံ ဘောဇနံ သေနာသနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ကာယိကံ သုခံ ကာယိကံ ဒုက္ခံ ဥတု ဘောဇနံ သေနာသနံ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿာယ ပစ္စယေန ပစ္စယော။

အဗျာကတ ပစ္စည်းနေတဲ့အခါ ကာယိက သုခစသည်လာမှာဘဲ။ ကုသိုလ် ပစ္စယုပ္ပန်နေတဲ့အခါ ဒါနံဒေတိတွေဘဲ-ဒီသဘောအတိုင်း အကုန်လုံးလာပါတယ်။ ဒီမှာ အဗျာကတော ကုသလဿ ဖြစ်ခြင်းကြောင့် ပစ္စယုပ္ပန်က ကုသိုလ်ဖြစ်၍ အဗျာကတ ဆိုင်ရာမှာ အရဟတ္တဖိုလ်ကြဉ်ပေးရပါလိမ့်မယ်။

**အဗျာကတော ကုသလဿ၌** - အဗျာကတော ဓမ္မောဟူသော **ကတ္တား**ပုဒ်၏အရကား ကုသိုလ်စိတ် ကြဉ်သော၊ စေတသိက် အဋ္ဌတိံသ အားတက်သော ဖလဝဖြစ်သော အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်စိတ် ပဉ္စတိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ရုပ်အဋ္ဌဝီသ ပစ္စည်းတရားရ၏။ ။ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ကုသိုလ်စိတ်ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ပစ္စယုပ္ပန်တရားရ၏။ ။ဥပနိဿယ ပစ္စယေန ဟူသော **ကရိုဏ်း**ပါဌ်၏ အရကား ပကတူပ နိဿယ သတ္တိသာရ၏။

### အဓိပ္ပါယ်

အဗျာကတော ကုသလဿမှာ ကာယိကံ သုခံ ဥပနိဿာယ ဒါနံဒေတိ စသည်ဖြင့် ဟောပါတယ်။ ကာယိက သုခ စသည်ကို အမှီပြုပြီး အကြောင်းပြုပြီး ဒါနစသည်ကို ပြုပါတယ်။ ငါယခုရနေတဲ့ သုခဟာ မဆုတ်ယုတ်လျှင် ကောင်းလေစွရယ်လို့ ဖြစ်ပြီး သုခကို မဆုတ်ယုတ်စေလိုမှုအတွက် ဒါနစသည်ကိုပြုတယ်။ ငါဟာ နောင်အခါမှာလဲ ဒီလိုသုခမျိုးကို ရောက်နေရင်ကောင်းမှာဘဲရယ်လို့ မရောက်သေးတဲ့ သုခကိုဖြစ်စေရန် ဒါနစသည်ကို ပြုပါတယ်၊ ဒုက္ခမှာလဲ ငါ့အားဖြစ်နေတဲ့ ဒုက္ခဆုတ်ယုတ်ရင် ကောင်းမှာဘဲရယ်လို့

ရောက်ပြီး ဒုက္ခကို ဆုတ်ယုတ်စေခြင်း ၄ါ ဒါနစသည်ကို ပြုပါတယ်၊ နောင်အခါဒီလိုဒုက္ခမျိုး မဖြစ်ရင် ကောင်းမှာဘဲလို့ ဒုက္ခမဖြစ်မှုကို တောင့်တခြင်း၏ အစွမ်းအားဖြင့် ဒါနစသည်ကို ပြုပါတယ်။ အဲဒီသဘောအတိုင်း သုခ ဒုက္ခစသည်တို့ ဖြစ်မှုကို သိအင်ပါတယ်။ ဥတု ဘောဇဉ် ကျောင်း အိပ်ရာနေရာများမှာလဲ ဒီသဘောအတိုင်းဖြစ်ပါတယ်။

ပြီးတော့ ကာယိကံသုခံ ကာယိကံဒုက္ခံ ဥတု ဘောဇနံ သေနာသနံ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော ဆိုတဲ့အရ အဋ္ဌကထာက ဘယ်နှ ပြသလဲဆိုတော့ "သာဒုခေါမာရိယ မောဂ္ဂလာန ဗုဒ္ဓံ သရဏံ ဂမနံ ဟောတိ"စသည်ဖြင့် ချမ်းသာနေတဲ့ သိကြားမင်းအား "သမ္မာသမ္ဗုဒ္ဓေါဝတ သောဘဂဝါ ယော ဧဝရူပဿ ဒုက္ခဿ ပရိညာယ ဓမ္မံဒေသေတိ"၊ အရှင်ဘုရားသည် ဤသို့သဘောရှိသော ဒုက္ခကို ပိုင်းခြား၍ သိခြင်း၄ါ တရားဟောတော်မူ၏။ ထိုဘုရားသည် စင်စစ် သမ္မာသမ္ဗုဒ္ဓမည်ပေစွတကားလို့ နှလုံးသွင်းရင်, ဆင်းရဲခြင်းသို့ ရောက်နေတဲ့ ပုဂ္ဂိုလ်အား သဒ္ဓါဖြစ်ပါတယ်။ သုခ ဒုက္ခကင်းရန် သီလစသည်ကို ဖြည့်ရန်ပြုတဲ့အခါ သုခ ဒုက္ခတို့က သဒ္ဓါစသည်တို့အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါတယ်၊ ဥတုဘောဇဉ်စသည်ကလဲ ဒီသဘောအတိုင်းဖြစ်ပါတယ်။ အဲဒီတော့ အဗျာကတော ကုသလဿအတွက် ပြီးကြပါစို့။ အဗျာကတော အကုသလဿအတွက် ပါဠိကလေး ဆိုလိုက်ပါဦး။

## အဗျာကတော အကုသလဿ

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပကတူပ နိဿယော-ကာယိကံ သုခံ ဥပနိဿာယ ပါဏံဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။ ကာယိကံ ဒုက္ခံ ဥတုံ ဘောဇနံ သေနာသနံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။ ကာယိကံ သုခံ ကာယိကံ ဒုက္ခံ ဥတုံ ဘောဇနံ သေနာသနံ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယ ပစ္စယေန ပစ္စယော။

ပဋ္ဌာန်ပုဂ္ဂိုလ်က အကုသိုလ်ဖြစ်ခြင်းကြောင့် ပစ္စည်းဘက်က လောဟိတ်ကွဲ ကောက်ရပါလိမ့်မယ်။

**အဗျာကတော အကုသလဿ** - အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ အားဘတ်သော ဗလဝဖြစ်သော လောကီဝိပါက် ဗာတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက် ပဉ္စတိံသ၊ ရုပ်အဋ္ဌဝီသ ပစ္စည်းတရားရ၏။ ။အကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စယုပ္ပန်တရားရ၏။ ။ဥပနိဿယ ပစ္စယေန ဟူသော **ကရိုဏ်း** ပါဌ်၏ အရကား ပကတူပ နိဿယ သတ္တိသာရ၏။

## အဓိပ္ပါယ်

ကာယိကံ သုခံ ဥပနိဿာယ ပါဏံဟနတိ စသည်အတွက် ဘာမှမပြောတော့ပါဘူး၊ ဆိုပြီးအတိုင်း သိပါလို့ပြပါတယ်။ သတ္တဝါတွေမှာ ကာယိက သုခရှိတဲ့အခါ ထိုထိုတောသို့ ထွက်ပြီး မုဆိုးစသည်များက သမင်စသည်ကို သတ်တာတွေ၊ ကာယိကသုခကိုဘဲမှီလို့ သူတပါးဥစ္စာတွေ ခိုးတာတွေ၊ ဒါတွေဟာ အင်မတန်ထင်ရှားပါတယ်။ ကာယိက ဒုက္ခဖြစ်တဲ့အခါကြတော့ ပြောစရာမရှိပါဘူး။ စားစရာမရှိဘူး ဝတ်စရာမရှိဘူး အင်မတန် ဆင်းဆင်း ရဲရဲဖြစ်ပြီးနေဘဲ့ ပုဂ္ဂိုလ်ဟာ ပါဏာတိပါတစတဲ့ အမှုတွေကို ပြုပါလိမ့်မယ်။ စားဘို့ သောက်ဘို့ရာအတွက် ရှာပါလိမ့်မယ်။ သူတပါး ဥစ္စာပစ္စည်းကို ခိုးပါလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သတ္တဝါတွေဟာ များသောအားဖြင့် ကာယိက ဒုက္ခကို မခံနိုင်ပါဘူး။ မိမိတို့ရတဲ့ ဥစ္စာပစ္စည်းနဲ့ မလောက်မငဖြစ်နေခဲ့လို့ ရှိရင် သတ်မှာခိုးမှာ အမှန်ပါဘဲ။ အဲဒီတော့ ကာယိက ဒုက္ခစသည်က ပါဏာတိပါတစတဲ အကုသိုလ်တွေကို အကုန်လုံးကျေးဇူးပြုပါတယ်။ နောက်ဆုံးပဋ္ဌာနန္တရိယကံစသည်တွေကိုသော်မှပြုပါတယ်။

ဒီပကတူပ နိဿယ ပစ္စည်းဟာ အတိတ် အနာဂတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးမှာ ဖြစ်ကြောင်းကို "အတီတော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ ဥပနိဿယ ပစ္စယေနပစ္စယော။ ပကတူပ နိဿယော အတီတံ သဒ္ဓံ ဥပနိဿာယ ဒါနံဒေတိ"စသည်ဖြင့် ဟောလေတော့ ပစ္စည်းက အတိတ် ပစ္စယုပ္ပန်က ပစ္စုပ္ပန်ကာလဖြစ်ပါတယ်။ ဒီထက်ပါဠိရဲ့ သဘောကို မှီပြီး လယ်တီဆရာတော်ကြီးက ပရိနိဗ္ဗာန်ပြုတော်မူပြီးတဲ့ ဘုရား တရား အရိယာ သံဃာ သမ္မုတိ သံဃာတော် အဆက်ဆက်ဟာ နောက် လူ တွေ ကို ကု သိုလ် ဖြစ် ဘို့ ရာ ပကတူပ နိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်။ လောကမှာ သေလွန်ကြတဲ့ မိဘဆရာသမား ပညာရှိ ရဟန်းပုဏ္ဏား၊ အထူးထူးသော ဝါဒကို ပြတတ်တဲ့ ထင်ရှားတဲ့ ဆရာတွေ၊ တန်ခိုးအာနုဘော်ကြီးကျတဲ့ ရှေးမင်းတွေဟာ နောက်လူတွေကို ကုသိုလ် အကုသိုလ်ဖြစ်ဘို့ရာ ချမ်းသာ ဆင်းရဲဖြစ်ဘို့ရာ ကျေးဇူးပြုကြပါတယ်။ မှန်ပါတယ်၊ ဒီရှေး မိဘဆရာသမား ပညာတတ် ရဟန်း ပုဏ္ဏားတွေဟာ နောက်လူတို့ အကျိုးငှါ များပြားလှတဲ့ သူတော်ကောင်းစကား ပညတ်တွေ၊ မသူတော်တရား ပညတ်တွေ၊ အထူးထူးသော လောက အဆောက်အဦးတွေကို ထားခဲ့ကြပါတယ်။ နောက်လူများက ရှေးကထားခဲ့တဲ့ ဒါနသီလစတဲ့တရား၊ လောကကျင့်ဝတ်,အမျိုးအနွယ် ကျင့်ဝတ်,အထူးထူးသော အယူဝါဒ အလုပ်အကိုင် အတတ်ပညာ အရေဌာနမျိုး တည်ထောင်ထားခဲ့တဲ့ မြို့ရွာနိဂုံး လယ်ယာတဘက်ဆည်ကန် လေးဆောင့်

ကန့်,ကွင်းလိုဖော်စသည်တို့မှငင်း၊အိမ် ရထား လှည်း လှေ သင်္ဘော သမ္ဗာန် စသည်မှငင်း၊ရွှေ ငွေ ပတ္တမြားပုလဲစသည်မှငင်း အမွေခံအဖြစ် ကျင့်ကြတော့လောကမှာကြီးပွားကြပါတယ်။

အနာဂတ်တရားက ကျေးဇူးပြုပုံကို ပါဠိတော်မှာ "အနာဂတံ စက္ခုသမ္ပဒံ ပတ္ထယမာနော ဒါနံဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ သောဘသမ္ပဒံ ဃာနသမ္ပဒံ ဇိဝှါသမ္ပဒံ ကာယသမ္ပဒံ ဝဏ္ဏသမ္ပဒံ သဒ္ဒသမ္ပဒံ ဂန္ဓသမ္ပဒံ ရသ သမ္ပဒံ ဖောဋ္ဌဗ္ဗသမ္ပဒံ ပတ္ထယ မာနော အနာဂတေ ခန္ဓေ ပတ္ထယမာနော" စသည်ဖြင့် ဟောလေတော့ နောင်အနာဂတ်ကာလမှာ မိမိတို့ရဲ့ စက္ခုစတဲ့ပြည့်စုံမှုကို တောင့်တပြီး ဒါနစသည်ကို ပြုကြောင်း၊ ဖြစ်လတံ့ဖြစ်တဲ့ စက္ခုရဲ့ ပြည့်စုံခြင်းစသည်က ပစ္စုပ္ပန်ဖြစ်တဲ့ သဒ္ဓါ သီလ သုတ စာဂ ပညာ ကာယိက သုခ ကာယိက ဒုက္ခ မဂ် ဖလသမာပတ်အား ကျေးဇူးပြုကြောင်းကိုဟောပါတယ်။

ဒီပါဠိတော်ကို နည်းယူပြီး လယ်တီဆရာတော်ဘုရားကြီးက ပွင့်တော်မူလတ္တံ့ဖြစ်တဲ့ မေတ္တေယျဘုရား၊ ထိုဘုရားရဲ့ တရား သံဃာအပေါင်းဟာ ယခုပစ္စုပ္ပန်ကာလ၌ ထင်ရှားရှိတဲ့ လူအများအား ပါရမီကုသိုလ်ပြုဘို့ ကျေးဇူးပြုပါတယ်။ ယခုဘဝ နောင်ဘဝတို့၌ ရလတ္တံ့ဖြစ်တဲ့ အစိုးရမှု ဥစ္စာ စပါး ပေါများ ပြည့်စုံမှုတွေက ရှေးအခါက ရှိနေကြတဲ့ သူတို့အား အထူးထူးသော လုံ့လပယောဂ ပုည,အပုည,အာနေဉ္ဇာဘိ သင်္ခါရတို့ကို ပြုလုပ်ဆည်းပူးရန် ကျေးဇူးပြုပါတယ်။ အနာဂတ်ဘဝ၌ ခံစားရလတ္တံ့ဖြစ်တဲ့ ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိ မဂ်ဖိုလ်နိဗ္ဗာန်တို့ရဲ့ ပြည့်စုံခြင်းများက ယခုပစ္စုပ္ပန်ဘဝရှိ များစွာသော လူတို့အား ဒါနသီလစတဲ့ ကုသိုလ်ကို ပြုလုပ်ဆည်းပူးရန် ကျေးဇူးပြုပါတယ်။

ဥပမာအားဖြင့်လောက၌ ဆောင်းအခါစပါးသီးနှံတို့ကို ရသိမ့်မယ်လို့ မျှော်လင့်ပြီး မိုးအခါကလယ်ထွန်ခြင်း စပါးစိုက်ပျိုးခြင်းအမှုတို့ကို အားထုတ်ကြတယ်၊ ငါတို့အလုပ်ပြီးရင် ငါတို့လိုတဲ့ဥစ္စာကိုရကြမှာဘဲလို့မျှော်လင့်ပြီး ရှေးအဘို့က ဝီရိယစွမ်းဖြင့် ပြုရမဲ့အမှု, ဉာဏ်စွမ်းဖြင့်ပြုရမဲ့အမှုတွေကိုအားထုတ်ကြပါတယ်။ ဒီဥပမာမှာ စပါးအသီးအနှံကိုရခြင်း၊ ထိုထိုလိုအပ်တဲ့ဥစ္စာကိုရခြင်း၊ ထိုထိုအမှုကိစ္စ အလုပ်အကိုင်တို့ကို အားထုတ်ရခြင်းအား အနာဂတ်ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ထိုထိုအမှုကိစ္စအလုပ်အကိုင်တို့ကို အားထုတ်ပြုလုပ်ခြင်းကလည်း စပါးအသီးအနှံကိုရခြင်း၊ ထိုထိုလိုအပ်တဲ့ဥစ္စာကိုရခြင်းအား အတိတ်ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

ထို့အတူ အနာဂတ်ကာလ၌ အထူးထူးသောအလုပ်အကိုင်တို့ရဲ့ အကျိုးစီးပွားကို မျှော်လင့်တောင့်တပြီး လူအများဟာ ရှေးဖြစ်တဲ့ပစ္စုပ္ပန်ကာလမှာ အထူးထူးသောကောင်းမှုတို့ကို အားထုတ်ကြတယ်၊ ဒီနေရာမှာ ကောင်းမှုရဲ့အကျိုးတို့က ကောင်းမှုကုသိုလ်တို့အား အနာဂတ်ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ဒါကြောင့်အနာဂတ်ပကတူပလဲအတိတ်ကို အင်မတန်ဘဲကျယ်ဝန်းပါတယ်။

ပစ္စုပ္ပန်အားဖြင့် ကျေးဇူးပြုပုံကိုတော့ ပါဠိတော်မှာ-"ပစ္စုပ္ပန္နံ ဥတုံ ဥပနိဿာယ ပစ္စုပ္ပန္နံ ... ဒေတိ"စသည်ဖြင့် ဟောပါတယ်။ လယ်တီဆရာတော်ကြီးက ပစ္စုပ္ပန်ဘုရားရှင်စတဲ့ပစ္စည်းတရားက ပစ္စုပ္ပန်ဖြစ်တဲ့ လူနတ်ဗြဟ္မာအား၊ ပစ္စုပ္ပန်ဓိဘက ပစ္စုပ္ပန်သားသမီးစသည်အား ပစ္စုပ္ပန်အနေနဲ့ ကျေးဇူးပြုတယ်လို့ဆိုပါတယ်။

ဒီပကတူပနိဿယဟာ ကာလသုံးပါးမှာသာဖြစ်တာ မဟုတ်သေးပါဘူး။ အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် ၂-ပါးမှာလဲဖြစ်ကြောင်းကို ပါဠိတော်မှာ "အဇ္ဈတ္တံ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ" ဟူ၍၎င်း၊ "ပရေသံ အဇ္ဈတ္တံ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ" စသည်ဖြင့်၎င်း၊ "ပရေသံ ဗဟိဒ္ဓါ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ" စသည်ဖြင့်၎င်း အဇ္ဈတ္တတိက်မှာ ဟောထားပါတယ်။

အဲဒီအဇ္ဈတ္တနဲ့စပ်ပြီး လယ်တီဆရာတော်ကြီးက အဇ္ဈတ္တ ပကတူပနိဿယဆိုတာ ဘုရားစတဲ့ သက်ရှိသန္တာန်မှာဖြစ်တဲ့ ပစ္စည်းတရားများဖြစ်တယ်။ ဗဟိဒ္ဓဆိုတာက သတ္တဝါတွေရဲ့တည်ရာဖြစ်တဲ့ မြေတောတောင်သမုဒ္ဒရာစသည်နဲ့ ထိုသတ္တဝါတို့အား ကျေးဇူးများကြတဲ့ ဘောသစ်ပင်ကောက်ပဲစသည်၊ နေလကြယ် နက္ခတ်စသည်၊ မိုယ်း, ရေ, မီး လေအချမ်းအပူစသည်တွေဖြစ်တယ်။ ဒီတရားအားလုံးဟာ သတ္တဝါတွေရဲ့ ကုသိုလ်အကုသိုလ်ဖြစ်ရန် ချမ်းသာဆင်းရဲဖြစ်ရန် အားကြီးတဲ့ပကတူပနိဿယအကြောင်းများဖြစ်ကြပါတယ်။

နိဗ္ဗာန်အကြောင်းနဲ့ပတ်သက်ပြီးတော့ ပကတူပနိဿယသတ္တိမှာဆိုရင် နိဗ္ဗာန်ဟာ လုံးဝမပါပါဘူး။ ဒါပေမဲ့ အဲဒီနိဗ္ဗာန်ကိုပစ္စည်းအနေနဲ့ကျေးဇူးပြုပုံကို ဘယ်လိုပြပြန်သလဲဆိုတော့ မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှါ ကျင့်ကြံအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များဟာငါတို့သည် မျက်မှောက်ဘဝမှာပင် ပရိနိဗ္ဗာန်ပြုမယ်လို့နှလုံးသွင်းပြီး ဗောဓိပက္ခိယတရား ၃၇-ပါးကို ပွားများကြတယ်။ ငါတို့နောင်အခါပွင့်လတ့ံဖြစ်တဲ့ ဘုရားရှင်လက်ထက်မှာ ပရိနိဗ္ဗာန်ပြုမယ်လို့နှလုံးသွင်းပြီး ပါရမီ ၁၀-ပါးအပြားသုံးဆယ်တို့ကို ဖြည့်ဆည်းပူးကြတယ်။ ဒီနေရာမှာ နိဗ္ဗာန်တရားဟာ ထိုဗောဓိပက္ခိယ, ပါရမီတရားတို့ဖြစ်ခြင်းငှာ အားကြီးတဲ့ ပကတူပနိဿယအကြောင်းဖြစ်ပါတယ်လို့ဆိုပြန်တယ်။

ပြီးတော့ ဒီမှာပညတ်ကိုတော့မဟောပါဘူး။ ပစ္စယနိဒ္ဒေသမှာတော့ ပညတ်အတွက် လောကမှာ အတူးထူးသော ဝေါဟာရရှိကြတဲ့ အမည်ပညတ်တွေ၊ ဘုရားသာသနာမှာ ပိဋကတ်သုံးပုံပရိယတ်ဖြစ်ကြတဲ့အမည်ပညတ်တွေဟာ ထိုထိုအနက်ကိုသိခြင်းရဲ့အားကြီးတဲ့ ပကတူပအကြောင်းဖြစ်ပါတယ်။

ဒီနိဗ္ဗာန်နဲ့ ပညတ်ကို ပဋ္ဌာဝါရ ပကတူပ နိဿယမှာ ပါဠိတိုက်ရိုက် ဟောထားတာ မရှိပါဘူး။ ပညတ်ကတော့ ပစ္စယနိဒ္ဒေသမှာ ဟောထားတာရှိပါတယ်။ နိဗ္ဗာန် မရှိလေတော့ ဒိနိဗ္ဗာန်ကို ပစ္စည်းအဖြစ်နဲ့ ယူမယ်ဆိုရင် ပဋ္ဌာန်း ပဋ္ဌာဝါရ အဘိဓမ္မာ ပကတူပနိဿယနဲ့တော့ မရပါဘူး။ သုတ္တန် ပကတူပ နိဿယလို့ ယူရမှာပါဘဲ။

**ဥပ္ပါဒိတ ဥပသေဝိတ**။ ဒီပကတူပ နိဿယ ပစ္စည်းမှာ အကျဉ်း ချုပ်အားဖြင့် ဥပ္ပါဒိတ ဥပသေဝိတ ပစ္စည်းရယ်လို့ ရှိပါတယ်။ ဒါတွေကဘာလဲ? ရာဂဒေါသ စသည် သဒ္ဓါစသည်တွေက မိမိတို့ရဲ့ အဇ္ဈတ္တသန္တာန်မှာ ဖြစ်စေအပ်တဲ့ ဥပ္ပါဒိတ ပစ္စည်းမျိုးဖြစ်တယ်။ ဥတု ဘောဇန သေနာသန စသည်က မိမိတို့ရဲ့ အပြင် ဗဟိဒ္ဓမှာ စားသောက်မှီဝဲခြင်း တွေ့ထိခြင်းတို့ဖြင့် မှီဝဲဆည်းကပ်အပ်တဲ့ ဥပသေဝိတ ပစ္စည်းမျိုးဖြစ်ကြပါတယ်။

ပကတူပ နိဿယ သဘောကို ဆက်ပြောပါမယ်။ ပကတူပ နိဿယ ပစ္စည်းဟာ ပါဠိတော် အင်မတန်ကျယ်ဝန်းပါတယ်။ အင်မတန်ကျယ်ဝန်း အင်မတန် များပြားပေတယ်

လို့ ကျက်တဲ့အခါမှာ ရှေ့ပါဠိများက အာသေဝန ပစ္စည်းဘတ်လိုက်တော့ နောက်နောက် ပါဠိများအတွက် အကျက်ရလွယ်ပါတယ်။ ဒီပါဠိများကို ရထားရင် ကုသလတိက်မှာသာ အသုံးကျတာမဟုတ်ပါဘူး။ အထက်တိက်များမှာလဲ တိက်ပုဒ်အရ အားလျော်ရာများသော အားဖြင့် ဒီပါဠိမျိုးတွေချည်း ဟောထားတာ ဖြစ်ပါတယ်။

ထူးတာကတော့ အရင်အပတ်က ပြောခဲ့တဲ့အတိုင်း ဒဿနဘိက်နဲ့ ဒဿန ဟေတု တိက် (ဒု-ပ)မှာ ထူးတဲ့ ပါဠိကလေးက ''သကာဘဉ္ဇော ဆန္ဒရာဂေါ ပရာဘဉ္ဇောဆန္ဒရာဂဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ သကပရိဂ္ဂဟော ဆန္ဒရာဂေါ ပရပရိဂ္ဂဟော ဆန္ဒရာဂဿ ဥပနိဿယ ပစ္စယေနပစ္စယော'' ဟူ၍ရှင်း၊ မဂ္ဂါရမ္မဏာတိက်မှာ ''ပစ္စေကဗုဒ္ဓာ ပစ္စေကဗုဒ္ဓဿာယ ဥပနိဿယ ပစ္စယေန ပစ္စယော'' ဟူ၍ရှင်း။ ဥပ္ပန္နတိက် အတီတတိက် သနိဒဿနတိက်များမှာ ''အနုပ္ပန္နံ ဝဏ္ဏသမ္ပဒံ ပတ္ထယ မာနော ဒါနံဒေတိ'' စသည်ဖြင့်ရှင်း ''အနုပ္ပန္နံ သဒ္ဒသမ္ပဒံ ဂန္ဓသမ္ပဒံ ရသသမ္ပဒံ ဖောဋ္ဌဗ္ဗသမ္ပဒံ အနုပ္ပန္နေ ခန္ဓေ ပတ္ထယမာနော ဒါနံဒေတိ''ဟူ၍ရှင်း။ (တ-ပ)မှာ ''ဥပ္ပါဒိစက္ခုသမ္ပဒံ သောတသမ္ပဒံ ဃာနသမ္ပဒံ ဇိဝှါသမ္ပဒံ ကာယသမ္ပဒံ ဝဏ္ဏသမ္ပဒံ ဂန္ဓသမ္ပဒံ ရသသမ္ပဒံ ဖောဋ္ဌဗ္ဗသမ္ပဒံ ဥပ္ပါဒိခန္ဓေ ပတ္ထယ မာနောဒါနံဒေတိ''စသည်ဖြင့်ရှင်း၊ အတီတာရမ္မဏတိက်ကြတော့''အတီတာရမ္မဏာ အနိစ္စာနုပဿနာ ဒုက္ခာ နုပဿနာ အနတ္တာ နုပဿနာ အတီတာရမ္မဏာယ အနိစ္စာနုပဿနာယ ဒုက္ခာ နုပဿနာယ အနတ္တာ နုပဿနာယ ဥပနိဿယ ပစ္စယေနပစ္စယော''လို့ အားလုံး ဒါမျိုးချည်း(၉)ချက်လုံးကို ဟောပါတယ်။အဇ္ဈတ္တာ ရမ္မဏတိက်မှာလည်း ဒီအတိုင်း ၄ ချက် ဟောပါတယ်။ အဲဒီတော့ ဒါတွေဟာ ဘာတွေလဲဆိုရင် ''စက္ခုသမ္ပဒံ ပတ္ထယမာနောဒါနံ ဒေတိ'' စသည်ဖြင့် မိမိရဲ့ အဇ္ဈတ္တသန္တာန်မှာဖြစ်တဲ့ စက္ခုသောတ ဃာနဇိဝှါ ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗနှင့်တကွ ခန္ဓာကိုယ်ကြီးတခုလုံး ပြည့်စုံမှုကို တောင့်တပြီး ဒါနစသည် တွေကို ပြုကြပါတယ်။ ဆိုလိုရင်းကဘာလဲ? ဆုတောင်းတာပါဘဲ။ အဲဒီဆုတောင်းတွေ ကလဲ အမျိုးမျိုး အဖုံဖုံရှိကြပါတယ်။ များစွာဘဲရှိပါတယ်။

နဲနဲထုတ်ပြရမယ်ဆိုရင် ပရိနိဗ္ဗာနသုတ်မှာ မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်ကိုရာအတွက် ထုတ်လာတဲ့အကြောင်း ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာက ကြား လေတော့ သူ့ခင်ပွန်း ဗန္ဓုလစစ်သူကြီးသေတဲ့ နေ့ကစပြီး မသုံးဆောင်ဘဲထားတဲ့ မဟာ လတာ တန်းဆာကိုထုတ်စေပြီး ဒီတန်းဆာကို မြတ်စွာဘုရားအား ပူဇော်လေမှာဘဲရယ် လို့ ပွတ်တိုက် နံ့သာရေနဲ့ဆေးပြီး တံခါးက မျှော်ခါစောင့်နေပါတယ်။ ဒီမဟာလတာရဲ့ ပိုင်ရှင်များဟာ ဝိသာခါရယ် မလ္လိကာ စစ်သူကြီးကတော်ရယ် ဒေဝဒါနီယ သူခိုးကြီးရဲ့ အိမ်မှာရယ်လို့ သုံးခုသာရှိတယ်။ မလ္လိကာဟာ မြတ်စွာဘုရားရဲ့ အလောင်းတော်,တံခါး ရောက်လာတဲ့အခါ''အရှင်မင်းသားတို့ မြတ်စွာဘုရားရဲ့ အလောင်းတော်ကို ချကြပါဦး'' ဆိုပြီး တိုမဟာလတာ တန်းဆာကို မြတ်စွာဘုရားရဲ့ ကိုယ်တော်မှာ စွပ်ပိုက်ပါတယ်။ ဦးခေါင်းတော်ကစပြီး စွပ်လိုက်တဲ့ ဒီတန်းဆာဟာ ခြေဖဝါးအပြင်တိုင်အောင် ရောက် သွားပါတယ်။ ရွှေအဆင်းရှိတဲ့ မြတ်စွာဘုရားရဲ့ ကိုယ်တော်ဟာ ရတနာ(၇)ပါးနဲ့ပြီးတဲ့ တန်းဆာကို ဆင်ယင်လိုက်တဲ့အခါ, အဘိုးထက်အလွန်တင့်တယ်တော်မူတာကို မြင်မော

တော့ မလ္လိကာဟာ ကြည်ညိုလှတဲ့စိတ် ဖြစ်ပေါ်ပြီး ''ဘဂဝါ ယာဝ ဝဋ္ဋေသံသ ရိဿာမိ၊ တာဝမေပါဋ္ဌိ ယေတ္တ ပသာဒေနကိစ္စံမာဟောတု၊ နိစ္စံ ပဋိမုက္ကပဿာ ဓနသဒိသ မေဝသရီရံ ဟောတုတိ''။ မြတ်စွာဘုရား တပည့်တော်မသည် သံသရာမှာ ကျင်လည်၍ နေရသမျှကာလပတ်လုံး တပည့်တော်မအား သီးခြားဖြစ်တဲ့ တန်းဆာဆင်ယင်မှု မဖြစ်ပါစေသတည်း။ တပည့်တော်မ၏ ကိုယ်သည်တန်းဆာဆင်အပ်ပြီးသည်နှင့်တူပါစေဘုရားရယ်လို့ ဆုတောင်းတယ်၊ မဟာလတာ တန်းဆာကို လှူပြီးတဲ့နောက် သူဘယ်ဘဝမှာဖြစ်ဖြစ် သူ့အဝတ်ကိစ္စအတွက် ဘာမှမလိုတော့ဘဲ အဝတ်ဆင်ယင်ပြီးသား ဖြစ်ပါစေလို့ ဆုတောင်းတယ်။

ဝေဿန္တရာဇာတ်တော်မှာကြတော့ ဖုသတီမိဖုရားကြီးကို သိကြားမင်းကဆုပေးတဲ့အခါမှာ ဆု ၁၀-ပါးတောင်းပါတယ်။ အဲဒီမှာဆိုင်ရာဖြစ်တာကတော့ သူရဲ့မျက်လုံးဟာ သမင်မျက်လုံးများလိုနက်ပြီး ကြည်လင်ပါစေ၊ မျက်ခုံးကလဲနက်မှောင်၍ နေပါစေ၊ သားတရာရသော်လည်း မိမိ၏သားမြတ်သည် တွဲ၍မကျပါစေသတည်း၊ မိမိ၏ခန္ဓာကိုယ်သည်အလွန်တရာမြင့်မြတ်သည် ဖြစ်ပါစေသတည်းစသည်ဖြင့် မိန်းမတို့အလိုရှိအပ်တဲ့ စက္ခုသမ္ပဒါ ကာယသမ္ပဒါစသည်တွေကိုဆုတောင်းပါတယ်။

ဆဒ္ဒန်ဆင်မင်းဇာတ်များမှာတော့ စူဠသုဘဒ္ဒါတို့ဆုတောင်းမှားခဲ့ပါတယ်။ထိုနည်းတူစွာ မာဟိယသုတ်စသည်မှာလဲ ပြည့်တန်ဆာမလဲဖြစ် အသတ်လဲခံရလေတော့ လက်စားချေလိုတဲ့သဘောနဲ့ နောင်အခါကာလသတ်နိုင်ပါစေလို့ ဆုတောင်းမှားပြန်ပါတယ်။ ပိဋကစာပေတွေမှာ ဒီလိုဆုတောင်းမှုတွေဟာ အမျိုးမျိုးရှိကြပါတယ်။ ကုသဇာတ်မှာ ပဘာဝတီရောကုသပါ ဆုတောင်းကြတယ်။ ပစ္စေကဗုဒ္ဓါများအား လှူဒါန်းကြပြီး ဆုတောင်းကြတဲ့ ပုဂ္ဂိုလ်များဟာ ကောင်းကောင်းဆိုးဆိုးပြည့်စုံကြပါတယ်။

ဒီလောကီဆုတောင်းတွေကို ဆုတောင်းကောင်းသလားဆိုရင် ဥပရိပဏ္ဏာသသံဒါရုပပဋ္ဌိသုတ်မှာ အကြင်သူအား ယခုပကတူပနိဿယပစ္စည်းမှာဟောခဲ့တဲ့ သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့ သူတော်ကောင်းတရား ၅-ပါးရှိတယ်။ ဒါပေမဲ့ ဆုတောင်းမရှိဘူး။ ဒီပုဂ္ဂိုလ်ရဲ့ ဂတိဟာမမြဲဘူး။ အကြင်သူမှာတော့ ဆုတောင်းရှိပေမဲ့ သူတော်ကောင်းတရား ငါးပါးမရှိဘူး။ ဒီပုဂ္ဂိုလ်ရဲ့ ဂတိလဲမမြဲဘူး။ အကြင်သူမှာသူတော်ကောင်းတရားငါးပါးရော ဆုတောင်းရောရှိရင် ဒီပုဂ္ဂိုလ်တွေရဲ့ဂတိဟာမြဲတယ်။ ဥပမာအားဖြင့် ကောင်းကင်ကို ဒုတ်နဲ့ပစ်လိုက်တဲ့အခါ ဒီဒုတ်ဟာအဖျားပိုင်းကကျမယ် အလယ်ပိုင်းကကျမယ် အရင်းပိုင်းကကျလိမ့်မယ်လို့ မမြဲသလို ထိုအတူသတ္တဝါတွေရဲ့ နောက်ဘဝပဋိသန္ဓေနေမှုဟာ မမြဲပါဘူး။ ဒါ့ကြောင့် အဋ္ဌကထာက ''တသ္မာကုသလံကမ္မံကတွာ ကေသွိ ဌာနေ ပတ္ထနံကာတုံ ဝဋ္ဋတိ''လို့ဆိုပါတယ်။ အဲဒါကြောင့် ကုသိုလ်ကံပြုပြီးတဲ့နောက် မိမိတို့ဖြစ်လိုတဲ့ ဘုံဘဝတနေရာမှာ ဆုတောင်းသင့်ပါတယ်လို့ အဋ္ဌကထာဆရာကြီးက ညွှန်ပြပေးပါတယ်။

ပကတူပနိဿယပစ္စည်း ပြီးကြပါစို့။ ပကတူပနိဿယပစ္စည်းရဲ့ အဆက် ဗလဝနာနာက္ခဏိက ကမ္မရှိပါသေးတယ်၊ သူရဲ့သုဒ္ဓသန်ချာကို ဆိုရပါလိမ့်မယ်။ စာမျက်နှာ (ဃ) မှာ ရှိပါတယ်။

## ဗလဝနာနာက္ခဏိကကမ္မ

**ဗလဝ နာနာက္ခဏိက ကမ္မ ပစ္စည်း၏ သုဒ္ဓသန်ျာဝါရ၌**-ဝိပါက်စိတ်ဆယ့်ကိုးသ နာမက္ခန္ဓာ အားတတ်သော ဗလဝဖြစ်သော ကုသိုလ်အကုသိုလ်စေတနာ။ ဤတရားတို့သည် ဗလဝနာနာက္ခဏိကကမ္မ ပစ္စည်းတတ်သောတရားတို့ မည်ကုန်၏၊ သန်ျဒွေ။ပစ္စည်းရေ(၂) ဟူသည်တည်း။ သန်ျာဒွေဟူသော်ကား ကုသလောအဗျာကတဿ အကုသလော အဗျာကတဿဟူသည်တည်း။ ပစ္စည်းရေ(၂)ဟူသော်ကား ဥပနိဿယ ကမ္မဟူသည်တည်း။

ဗလဝနာနာက္ခဏိကကမ္မမှာ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿရတယ်။ ပကတူပမျိုးဖြစ်ခြင်းကြောင့် ပကတူပနိဿယထဲမှာ ရှာရပါလိမ့်မယ်။ ရှာတော့ ကုသလောအဗျာကတဿထဲမှာ ဗလဝကမ္မရယ်လို့ လက်သဲကွင်းကလေးနဲ့ ပြထားတာတွေ့ရပါလိမ့်မယ်။

### ကုသလော အဗျာကတဿ

ကုသလောဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေနပစ္စယော။ နာနာက္ခဏိကာ-(သူကဗလဝနာနာက္ခဏိကကမ္မဖြစ်ပါတယ်)ကုသလံကမ္မံ ဝိပါကဿကမ္မပစ္စယေနပစ္စယော။

ကုသလံကမ္မံလို့ဆိုသဖြင့် ကုသိုလ်ဇောဝီသမှာရှိတဲ့ စေတနာပါဘဲ။ ကုသလဝိပါက်ကတော့ ကျေနတိံသ ၂၉-ခုရှိပါတယ်၊ ကရိုဏ်းကြတော့(၆)ပစ္စည်း တပြိုင်နက်ယှဉ်ရပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အနန္တရကမ္မဝင်နေပါတယ်။ မဂ္ဂေါဖလသမာပတ္တိဟာ အရဖြစ်ပါတယ်။ အရကောက်ကို ဆိုလိုက်ကြပါဦးစို့။

**ကုသလော အဗျာကတဿ၌**-ကုသလောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား ကုသလဝိပါက် ကျေနတိံသအားတတ်သော ဗလဝဖြစ်သော ကုသိုလ်စိတ်ဇောဝီသ၌ရှိသော စေတနာပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသလဝိပါက်ကျေနတိံသ ပစ္စယုပ္ပန်တရားရ၏။ ။ကမ္မပစ္စယေနဟူသော **ကရိုဏ်း** ပါဒ်၏ အရကား တပြိုင်နက်ယှဉ်ရဟတတ်ကောင်းသော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ-ဤ(၆)ပစ္စယသတ္တိတို့တွင် ဗလဝနာနာက္ခဏိကကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသလော အဗျာကတဿကြတော့ ပကတူပမျိုးပါဠိတော်ဇယားမှာ အကုသလော အဗျာကတဿ(ဗလဝကမ္မ)ဆိုပြီး လက်သဲကွင်းကလေးနဲ့ ပြထားပါတယ်။

### အကုသလော အဗျာကတဿ

အကုသလောဓမ္မော အဗျာကတဿဓမ္မဿ ကမ္မပစ္စယေနပစ္စယော၊နာနာက္ခဏိကာ အကုသလံကမ္မံ ဝိပါကဿ ကမ္မပစ္စယေနပစ္စယော။

အကုသလံကမ္မံအရ အကုသိုလ်ဒွါဒသမှာရှိတဲ့စေတနာပါဘဲ။ အကုသလဝိပါက်က အဟိတ်ထဲက(၇)ခုဘဲရှိပါတယ်။ ကရိုဏ်းကြတော့အနန္တရကမ္မနဲ့မဆိုင်တော့ပါဘူး။ ကမ္မ ဥပနိဿယကပြိုင်နက်(၂)ပစ္စည်းဘဲရပါတယ်။

**အကုသလော အဗျာကတဿ၌**-အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား အကုသလဝိပါက်(၇)ခုအား တတ်သော ဗလဝဖြစ်သော အကုသိုလ် ဒွါဒသ၌

ရှိသော စေတနာပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသလဝိပါက် (၇)ခု ပစ္စယုပ္ပန်တရားရ၏။ ။ကမ္မပစ္စယေနဟူသော **ကရိုဏ်း** ပါဋ်၏အရကား တပြိုင်နက်တတ်ကောင်းသော ဥပနိဿယ ကမ္မ - ဤ (၂)ပစ္စယသတ္တိတို့တွင် ဗလဝ နာနာက္ခဏိက ကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ဗလဝနာနာက္ခဏိက ကမ္မအတွက်ပါဠိတော်မှာ ကုသလံကမ္မံ ဝိပါကဿ၊ အကုသလံကမ္မံ ဝိပါကဿဟုဟောရာ ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မကြမှ ရောပြီးပြောပြပါမယ်။ ထို့ပြင် အနန္တရကမ္မဆိုင်ရာတွင် ''မဂ္ဂေါဖလ သမာပတ္တိယာ'' ဟု ဟောရာ၌ အဋ္ဌကထာက ''ယံပန ပရတောမဂ္ဂေါ ဖလသမာပတ္တိယာတိ ဝုတ္တံ၊ တံအစေတနာဝသေန၊ တေနေတံ ဒီပေတိ၊ ယောကောစိ ဝိပါကဇနက ဓမ္မော သောအတ္တနော ဝိပါကဿ ဥပနိဿယ ပစ္စယော ဟောတီတိ''လို့ မိန့်ဆိုသဖြင့် ဒီမဂ္ဂေါအရဟာ စေတနာသက်သက်သာမဟုတ်ဘဲ စိတ္တုပ္ပါဒ်အစွမ်းအားဖြင့် ဟောပါတယ်။ ဒီစကားဖြင့် အမှတ်မရှိ တခုခုသော ဝိပါက်ကိုဖြစ်စေတတ်တဲ့တရားဟာ မိမိရဲ့ ဝိပါက်အား ဥပနိဿယပစ္စည်းတတ်တယ်ဘဲ၊ ဒီတော့ ဒီပါဠိဟာ အနန္တရကမ္မများလို မဂ်စေတနာက ဖိုလ်ကိုကျေးဇူးပြုသလို စေတနာသက်သက်သာ မယူပါနဲ့။ မဂ်စိတ်က ဖိုလ်စိတ်ကို ကျေးဇူးပြုတဲ့အခါမှာလဲ ယူပါလို့ဆိုတာဖြစ်ပါတယ်။

## ဝတ္ထုပုရေဇာတ

ဝတ္ထုပုရေဇာတဆိုတာဆဝတ္ထုပါဘဲ။ ဝတ္ထုပုရေဇာတရဲ့ သုဒ္ဓသင်္ချာကိုဆိုလိုက်ကြပါဦးစို့။ အရူပဝိပါက် ၄-ခုကြဉ်တဲ့စိတ်ပေါင်း ၈၅-ခုရှိပါတယ်။ အဲဒီစိတ် ၈၅-ခုဟာ ဆိုင်ရာဖြစ်တဲ့ဝတ္ထုတွေကိုမှီရပါတယ်။

**ဝတ္ထုပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌**- ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏဓာတ် အားတတ်သော ဆဝတ္ထု။ ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာတီကာ။ ပစ္စည်းရေ (၅) ဟူသည်တည်း။ သင်္ချာတီကာဟူသော်ကား အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿဟူသတည်း။ ပစ္စည်းရေ (၅) ဟူသော်ကား နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟူသည်တည်း။

ပစ္စည်းကဆဝတ္ထုလို့ဆိုသဖြင့် အဗျာကတ သေချာပါဘဲ။ ပစ္စယုပ္ပန်မှာ ကုသိုလ် အကုသိုလ် အဗျာကတရှိခြင်းကြောင့် သင်္ချာတီကာဖြစ်ပါတယ်။ ပစ္စည်းရေ (၅)ကတော့ နိဿယမှာ ဝတ္ထုပုရေဇာတနိဿယ ရှိပါတယ်။ ပုရေဇာတက ပြောစရာမလိုပါဘူး။ ဝိပ္ပယုတ္တမှာဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ၊ အတ္ထိ အဝိဂတမှာ ဝတ္ထုပုရေဇာတတ္ထိ - ဝတ္ထု ပုရေဇာတ အဝိဂတရယ်လို့ ရှိခြင်းကြောင့် ပစ္စည်းရေ (၅)ခု ရပါတယ်။ အဗျာကတော အဗျာကတဿအတွက် အရူပဝိပါက် ၄ - ခုဘဲကြဉ်ရပါလိမ့်မယ်။ အဗျာကတမှာ ဆဝတ္ထု အကုန်လုံးရပါဘယ်၊ သူ့အတွက်ပါဠိက ဝတ္ထုပုရေဇာတမျိုး ပါဠိတော်ဇယား စာမျက်နှာ (ဘ)မှာ ရှိပါလိမ့်မယ်။

## အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ ဝတ္ထုပုရေဇာတံ (အာရမ္မဏပုရေဇာတတုံးက အာရမ္မဏပုရေဇာတံလို့ ဆိုခဲ့ပါယယ်) စက္ခာယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ဇိဝှါယတနံ ဇိဝှါဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ဝတ္ထုဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။

**အဗျာကတော အဗျာကတဿ**-အဗျာကတော ဓမ္မော ဟူသော **ကဏ္ဍား** ပုဒ်၏ အရကား စက္ခုဝိညာဉ်ဒွေအားတတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု။ မရဏာသန္နအခါ စက္ခုဝိညာဉ်ဒွေအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော စက္ခုဝတ္ထု။ သောတဝိညာဉ်ဒွေအား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော သောတဝတ္ထု။ မရဏာသန္နအခါ သောတဝိညာဉ်ဒွေအား တတ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော သောတဝတ္ထု။ ဃာနဝိညာဉ်ဒွေအား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ဃာနဝတ္ထု။ မရဏာသန္နအခါ ဃာနဝိညာဉ်ဒွေအား တတ်သောစုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇ ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သောဃာနဝတ္ထု၊ ဇိဝှါဝိညာဉ်ဒွေအား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ဇိဝှါဝတ္ထု။ မရဏာသန္နအခါ ဇိဝှါဝိညာဉ်ဒွေအားတတ်သော စုတိစိတ်မှပြန်၍ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သောဇိဝှါဝတ္ထု။ ကာယဝိညာဉ်ဒွေအားတတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ကာယဝတ္ထု။ မရဏာသန္နအခါ ကာယဝိညာဉ်ဒွေအား တတ်သောစုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ကာယဝတ္ထု။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သော ဝိပါက်စိတ်မာဝိသ၊ ကြိယာစိတ်ဝိသအား တတ်သောပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တတ်သော ရှေ့စိတ္တက္ခဏ တချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု။ မရဏာသန္နအခါ ပဉ္စဝေါကာရဘုံ ၁၅ ခု အာဝဇ္ဇန်းဒွေ၊ သမ္ပဋိစ္ဆိုင်းဒွေ၊ သန္တီရဏ ၃ ခု၊ ဝုဋ္ဌော၊ မရဏာသန္နကြိယာဇော ၅ ချက်၊ တဒါရုံ၊ စုတိအားတတ်သော စုတိစိတ်မှပြန်၍ရေသည်ရှိသော် ၁၇ ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား (ဒါတွေကို အကုန်လုံး ပေါင်းရပါလိမ့်မယ်။ ပေါင်းလိုက်ရင် အဗျာကတဿအရ) ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်နောက်သော ဝိပါက်စိတ်မာဝိသ၊ ကြိယာစိတ်

ဝိသ၊ စေတသိက်အဌတိ ံသ ပစ္စုပ္ပန်တရားရ၏။ (ကန္ဒြော်းကြတော့ (၆)ပစ္စည်းလို့ဆို တာက မရဏာသန္နအခါ ပါနေခြင်းကြောင့် အာရမ္မဏ၊ နိဿယနဲ့ ဝိပ္ပယုတ္တ-ဝတ္ထာရမ္မဏ ရဲ့အတိုင်း တပြိုင်နက် (၆)ပစ္စည်းဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ အောက်က(၇)ကလေး ရေးထားတာကတော့ အာရမ္မဏသဘောနဲ့ အာရမ္မဏ သက်ဝင်ပြီး နေခြင်း ကြောင့် (၇) ပစ္စည်းရပါတယ်။ အဲဒီတော့ ဝတ္ထာရမ္မဏ (၆)ပစ္စည်းမှာ ဣန္ဒြိယထည့်ပြီး(၇)ပစ္စည်းကိုဘဲ ဆိုလိုက်ကြပါစို့။) ပုရေဇာတ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် ယထာရဟတတ်ကောင်းသော အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၏(၇)ပစ္စယသတ္တိတို့တွင် ဝတ္ထုပုရေဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရှ၏။

ပါဠိကလေးကုန်အောင် ဆိုလိုက်ကြဦးစို့။ ကုသိုလ်ကတော့ ဟဒယဝတ္ထုကို မှီမှာ ပါဘဲ၊ အကုသိုလ်လဲ ဒီအတိုင်းပါဘဲ။

### အဗျာကတော ကုသလဿ

အဗျာကတောဓမ္မော ကုသလဿဓမ္မဿ ပုရေဇာဘ ပစ္စယေနပစ္စယော။ ဝတ္ထုပုရေ ဇာတံ-ဝတ္ထု ကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေနပစ္စယော။

**အဗျာကတော ကုသလဿ၌**-အဗျာကတောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရ ကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သောကုသိုလ် ဇောဝီသအား တတ် သော ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသောရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထု။ မရဏာသန္နကုသိုလ်ဇော ၅ ချက်အား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိ သော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုပစ္စည်းတရားရ၏။ ။ ကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်နောက်သောကုသိုလ်စိတ် ဇောဝီသ၊ စေတသိက်အဌတိံသ ပစ္စယုပ္ပန်တရားရ၏။ ။ (အဗျာကတောအဗျာကတဿမှာ ဣန္ဒြိယပါနေတာကတော့ စက္ခာယတနံ စက္ခုဝိညာ ဏဿအတွက် ပါပါတယ်။ ဒီမှာတော့ မရှိတော့ပါဘူး။ ဒါကြောင့် ဝတ္ထာရမ္မဏ **အတိုင်း** တပြိုင်နက် ယထာရဟ (၆)ပစ္စည်းဖြစ်ပါတယ်။) ပုရေဇာတ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက် ယထာရဟ တတ်ကောင်းသော အာရမ္မဏ၊ နိဿယ၊ ပုရေ ဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၏(၆)ပစ္စယ သတ္တိတို့တွင် ဝတ္ထုပုရေဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရှ၏။

### အဗျာကတော အကုသလဿ

အဗျာကတောဓမ္မော အကုသလဿဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။ ဝတ္ထု ပုရေဇာတံ-ဝတ္ထု အကုသလာနံ ခန္ဓာနံ ပုရေဇာတ ပစ္စယေနပစ္စယော။

**အဗျာကတော အကုသလဿ၌**- အဗျာကတော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်နောက်သော အကုသိုလ် ဒွါဒသအား တတ်သောဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သော

ဟဒယဝတ္ထု။ မရဏာသန္နအကုသိုလ်ဇော ၅ ချက်အား တတ်သောစုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇ ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်း တရားရ၏။ ။အကုသလဿခမ္မဿ ဟူသော သမ္ဗန္ဓါနှ ပုဒ်၏အရကား ပဋိသန္ဓေကာလရုပ်ဖြစ်သောအခါ နောက်နောက်သော အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝိသ ပစ္စယုပ္ပန်တရားရ၏။ ။(ကရိုက်ကြတော့ အကုသိုလ်ထဲက လောဘပါခြင်းကြောင့် ဝတ္ထာမိဝင်လာပါတယ်၊ ဝတ္ထာခိရဲ့ပစ္စည်းရေအတိုင်း (၈) ပစ္စည်းရပါတယ်။) ပုရေဇာတပစ္စယေန ဟူသော ကရိုဏ်း ပါဌ်၏အရကား တပြိုင်နက်ယထာရဟ တာကောင်းသော အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ၊ အဝိဂတ ဟူ၍(၈)ပစ္စယသတ္တိတို့တွင် ဝတ္ထုပုရေဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အမိပ္ပါယ်

ဝတ္ထုပုရေဇာတဆိုတာဟာ ပစ္စယုပ္ပန်တရားတို့မဖြစ်မီ ရှေးကဖြစ်နှင့်ပြီး ချုပ်မသွားဘဲ ဌီအခိုက်မှာတည်ရှိနေတဲ့ပစ္စည်းဟာ ဝတ္ထုပုရေဇာတပစ္စည်းဖြစ်ပါတယ်၊ ဥပမာကမ္ဘာဦးက ပေါ်ထွက်နေတဲ့ နေ့လ ၂-ပါးနဲ့ တူပါတယ်။ ကမ္ဘာဦးကပေါ်ထွက်နေတဲ့ နေ့လ ၂-ပါးဟာ ပျောက်ကွယ်မသွားဘဲ ၎င်းရဲ့နောက်မှပေါ်လာတဲ့ သက်ရှိသတ္တဝါများအား အလင်းရောင် အပူရောင် အဖရောင်ပေးခါကျေးဇူးပြုကြသလို ပစ္စယုပ္ပန်တရားတို့ရဲ့ရှေးဦးစွာဖြစ်ပေါ်ပြီး ချုပ်မသွားသေးဘဲ ဌီအခိုက်မှာထင်ရှားတည်နေပြီး မိမိရဲ့နောက်မှဖြစ်တဲ့ စိတ် စေတသိက်နာမ်တရားတို့အား ကျေးဇူးပြုပါတယ်။

ပစ္စည်းတရားမှာဝတ္ထုရုပ် ၆-ပါးဖြစ်ပါတယ်။ ဒီဝတ္ထုရုပ် ၆-ပါးဟာ ပဋိသန္ဓေကာလရုပ်မှာပဝတ္တိအခါ ရှေ့ကဖြစ်နှင့်ကြပြီး သတ္တဝိညာဏဓာတ်တို့အား မှီရာနိဿယအဖြစ် ကျေးဇူးပြုကြပါတယ်။ ပဋိသန္ဓေကာလရုပ်မှာဖြစ်တဲ့ စိတ်ဆိုတာဖြစ်ပေါ်လာတဲ့အခါ မှီရာနဲ့ကင်းပြီးမဖြစ်ပါဘူး။ အိပ်ပျော်နေတဲ့အခါ ဖြစ်နေတဲ့ဘဝင်စိတ်များသော်မှ မှီရာရှိကြရပါတယ်။

**ပဉ္စဝတ္ထု။** ။ဆဝတ္ထုထဲကပဉ္စဝတ္ထုအကြောင်းပြောပြပါမယ်။ စက္ခုစတဲ့ဝတ္ထုရုပ် ငါးပါးဟာ စက္ခုဝိညာဉ်စတဲ့ ပဉ္စဝိညာဏဓာတ်တို့အား ဝတ္ထုပုရေဇာတသတ္တိနဲ့ကျေးဇူးပြုကြောင်းကို ''စက္ခာယတနံ စက္ခုဝိညာဏဿ'' စသည်ဖြင့် ယခုဟောခဲ့ပါတယ်။ ဒီပဉ္စဝိညာဏဓာတ်များဟာလဲ မချုပ်သေးတဲ့ ပဉ္စဝတ္ထုကိုမှီကြတယ်။ မချုပ်သေးတဲ့ပဉ္စာရုံကို အာရုံပြုကြကြောင်းကို ဉာဏဝိဘင်းမှာ ''ပဉ္စဝိညာဏာ အသမ္ဘိန္နဝတ္ထုကာ အသမ္ဘိန္နာရမ္မဏာ''ရယ်လို့ဟောလေတော့ ပဉ္စဝတ္ထုတွေဟာ ပစ္စုပ္ပန်အနေအားဖြင့် ထင်ရှားရှိနေကြရမယ်။ အတ္ထိပစ္စည်းမှာလဲ ဝတ္ထုပုရေဇာတတ္ထိလို့ရှိတော့ ထင်ရှားရှိသဲ ပစ္စုပ္ပန်အနေအားဖြင့် ကျေးဇူးပြုတဲ့ပစ္စည်းဖြစ်ပါတယ်။ ဒီသဘောကိုစဉ်းစားရင် ရှေးကဖြစ်နှင့်ကြပေမဲ့ ပဉ္စဝိညာဉ်တို့ပေါ်လာတဲ့အခါထင်ရှားမရှိတော့ဘဲ ချုပ်သွားကြတဲ့ပဉ္စဝတ္ထုများဟာ ဝတ္ထုပုရေဇာတပစ္စည်းမထိုက်ဘူးရယ်လို့ သိရပါတယ်၊ မန္ဒာယုက အမန္ဒာယုကသည်ကိုတော့ သင်္ဂြိုဟ်ဆရာများ ဝိဿဇ္ဇနာမှာပြောပြကြမှာဖြစ်လေကော့ အထူးမပြောတော့ပါဘူး။

ဟဒယဝတ္ထု။ ။ဟဒယဝတ္ထုမှာ သုံးချက်ရှိပါတယ်။ (၁) ပဋိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု (၂) နိရောဓသမာပတ်မှထသောအခါ ရှေ့စိတ္တုပ္ပါဒက္ခဏာတချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု (၃) မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုလို့ သုံးမျိုးရှိပါတယ်။

နံပါတ် ၁-ကတော့ ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးသမျှသော ပုဂ္ဂိုလ်ဟူသမျှတို့မှာ စုတိစိတ်ဖြစ်ရင် ၎င်းစုတိစိတ်ရဲ့နောက်မှာ ပဋိသန္ဓေစိတ်ဟာခဏမခြားဘဲဖြစ်လာပါတယ်။ ဒီပဋိသန္ဓေစိတ်နောင်ဘဝင် (၁၆) ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝကိုတွယ်တာမက်မောတဲ့ ဘဝနိကန္တိကလောဘဇော(၇)ကြိမ်ရယ်လို့ စိတ္တနိယာမအစဉ်အတိုင်းဖြစ်ကြပါတယ်။ ပဉ္စဝေါကာရဘုံမှာ ပဋိသန္ဓေစိတ်ဥပါဒ်တဲ့အခါ ၎င်းနဲ့အတူ ဟဒယဝတ္ထုအမြဲပါရှိပါတယ်။ ဒီဟဒယဝတ္ထုဟာ ပဋိသန္ဓေစိတ်နဲ့အတူဘက်ဖြစ်လေတော့ ပုရေဇာတ ဟဒယဝတ္ထုမဟုတ်ပါဘူး။ သဟဇာတဖြစ်ကြောင်းကို သဟဇာတပစ္စည်းတိုးက "ပဋိသန္ဓိက္ခဏေ ခန္ဓာ ဝတ္ထုဿ သဟဇာတပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော"လို့ ဟောခဲ့ပါတယ်။

ဒီပဋိသန္ဓေနောင်ဘဝင်(၁၆)ချက်ထဲက ပထမဘဝင်စိတ်ဟာ မိမိရှေ့ကဖြစ်နှင့်နေတဲ့ ပဋိသန္ဓေစိတ်နဲ့အတူဥပါဒ်တဲ့ ဟဒယဝတ္ထုရုပ်ကိုမှီပါတယ်။ ဒီအခါမှာ ဒီဝတ္ထုကပစ္စည်း၊ ပထမဘဝင်စိတ်က ပစ္စယုပ္ပန်ဖြစ်ပါတယ်။ ဒီသဘောအတိုင်း ဒုတိယဘဝင်စသည်တို့က ပထမဘဝင်စသည်နဲ့အတူဥပါဒ်တဲ့ ဟဒယဝတ္ထုကို၎င်း၊ မနောဒွါရာဝဇ္ဇန်းက(၁၆)ချက်မြောက်နဲ့အတူဥပါဒ်တဲ့ ဟဒယဝတ္ထုကို၎င်းမှီကြပါတယ်။ စက္ခုဒွါရဝီထိများမှာ အတီတဘဝင်နဲ့အတူဥပါဒ်တဲ့ဟဒယဝတ္ထုကပစ္စည်း၊ ဘဝင်စလနကပစ္စယုပ္ပန်စသည်ဖြင့် သေခါနီးဝီထိမတိုင်မီ ရှေးရှေးစိတ်နဲ့အတူဥပါဒ်တဲ့ ဟဒယဝတ္ထုကို နောက်နောက်သောစိတ်ဟာမှီရကြောင်းကို "ပဋိသန္ဓိစိတ္တဿ ဥပ္ပါဒက္ခဏေ ဥပ္ပန္နံ ဟဒယဝတ္ထုံ ပုရေဇာတံ ဝတ္ထုံ နိဿာယ ဒုတိယံ ဘဝင်္ဂံ ဥပ္ပဇ္ဇတိ၊ တေန သဒ္ဓိံ ဥပ္ပန္နံ ဟဒယဝတ္ထုံ ပုရေဇာတံ ဝတ္ထုံ နိဿာယ တတိယံ ဘဝင်္ဂံ ဥပ္ပဇ္ဇတိ၊ ဣမိနာဝ နယေန ယာဝတာယုကံ စိတ္တပ္ပဝတ္တိ ဝေဒိတဗ္ဗာ"လို့ ဝိသုဒ္ဓိမဂ်မှာမိန့်ဆိုပါတယ်။

(၂) နိရောဓ သမာပတ်ဝင်စားနေတဲ့အခိုက် ဟဒယဝတ္ထုများဟာ မြစ်ရေအယဉ်လိုသူ့ရဲ့ သက်တမ်းအားလျော်စွာ ဖြစ်လိုက် ချုပ်လိုက် ဖြစ်နေပေမယ်လို့ ၎င်းဟဒယဝတ္ထုကို မှီမဲ့စိတ် စေတသိက်မရှိကြလေတော့ ဒီဟဒယဝတ္ထုရုပ်များဟာ ဝတ္ထုပုရေဇာတပစ္စည်း မထိုက်ကြပါဘူး။ နိရောဓ သမာပတ်အကြောင်းကို အနန္တရ ပစ္စည်းတိုးက အနည်းငယ် ပြောခဲ့ပါပြီ။ နိရောဓ သမာပတ်က ထတဲ့အခါမှာ အနာဂါမ် ဖြစ်ရင် အနာဂါမိဖိုလ် ရဟန္တာဖြစ်ရင် အရဟတ္တဖိုလ်စိတ်များ ဖြစ်ကြပါတယ်။ ဒီဖိုလ်စိတ်တွေ ဖြစ်ပေါ်လာတာနဲ့ ကပြိုင်နက် ဒီစိတ်တွေမဖြစ်မီ ရှေ့စိတ္တက္ခဏာ တချက်ခန့် ကာလကဖြစ်နေတဲ့ ဟဒယဝတ္ထုကို မှီကြပါတယ်။

(၃) သေခါနီး မရဏာသန္နအခါ ဝက္ကာ ရမ္မဏာက ပြောခဲ့ဘဲ့အတိုင်း(၁၇)ချက်မြောက်သော စိတ်ရဲ့ ဥပါဒ်ခဏမှာ နောက်ဆုံး ဝတ္ထုရုပ်(၆)ပါး ဖြစ်ပါတယ်၊ ဝတ္ထုရုပ်(၆)ပါးဆိုတာ ပဉ္စဒွါရဝီထိနဲ့ သေမယ်ဆိုရင် ပဉ္စဝတ္ထုရှိပါတယ်။ မနောဒွါရဝီထိနဲ့ သေမယ်ဆိုရင်ဟဒယဝတ္ထုရှိပါတယ်။ မရဏာသန္န(၃၄)ဝီထိမှာ ပဉ္စဒွါရဝီထိများ ပါလေတော့ ဒီပဉ္စဒွါရဝီထိများဟာ မရဏာသန္နအခါမှာလဲ ဖြစ်နိုင်ပါတယ်။ ဒီနောက် ဝတ္ထုရုပ်များမဖြစ်တော့ပါဘူး။ ဒီတော့ စုတိစိတ်မှ အထက် (၁၆) ချက်မြောက်သော စိတ်ကစပြီး စုတိတိုင်အောင် စိတ်များဟာ ဒီ(၁၇)ချက်မြောက် နောက် ဆုံး ဖြစ်တဲ့ ဝတ္ထု ရုပ် ကို သာ မှီ ကြ ရကြောင်း ကိုလဲ "အာသန္န မရဏာယ ပနဧကေမဝ ဌာနပ္ပတ္တံ ပုရေဇာတံ ဝတ္ထုံနိဿာယ သောဠသ စိတ္တာနိ ဥပ္ပဇ္ဇန္တိ" သေခါနီး သတ္တဝါအား တခုသာဖြစ်တဲ့ ဌီ သို့ ရောက် သော ပုရေဇာတဝတ္ထုကိုမှီ၍ (၁၆) ချက်သော စိတ်တို့ဖြစ်တယ်လို့ ဆိုပါတယ်၊ ဒီနေရာ မှာ (၁၆)ချက် (၁၇)ချက်နှစ်မျိုးဖြစ်နေလေတော့ အနည်းငယ် ရှုတ်ထွေးစရာရှိတယ်။ (၁၆) ချက်က စုတိမပါဘူး၊ (၁၇) ချက်က စုတိပါတယ်လို့ ယူလိုက်ရင် ရှင်းသွားပါတယ်၊

ဒီလိုသေခါနီးအခါ မနောဓာတ် မနောဝိညာဏဓာတ် ဖြစ်ကြတဲ့ စိတ်စေတသိက်တွေရဲ့ ဟဒယဝတ္ထုကို ဝိုင်းအုံပြီး မှီကြရပုံများဟာ ဘာနဲ့တူသလဲဆိုရင် အင်မတန်အားနဲနေတဲ့ လူဘယောက်ရဲ့ အပေါ်မှာ များစွာသောလူတွေက ဝိုင်းအုံပြီး တက်စီးကြသလို ဒီဟဒယဝတ္ထုမှာ သေခါနီးဖြစ်နေလို့ အားနဲ့နေရတဲ့အထဲ များစွာသော စိတ်တို့ရဲ့ အမှီကို ခံရပြန်တယ်၊ ဒီဟဒယဝတ္ထုဟာ မိမိကိုမှီတဲ့ စုတိစိတ်နဲ့ပြိုင်ပြီး ချုပ်ပါတယ်။ ဒီချုပ်နဲ့ ဒီစိတ်တို့ တပြိုင်နက်ချုပ်မှုကိုပင် သေတယ်လို့ဆိုရပါတယ်၊

ပဉ္စဝေါကာရဘုံမှာ ဖြစ်ကြတဲ့ နာမ်တရားများဟာ ဝတ္ထုရုပ်ကို မမှီရဘဲ မဖြစ်နိုင်ကြောင်းကို ပြောခဲ့ပါပြီ။ အဲဒီနာမ်တရားတွေဟာ မိမိတို့နဲ့အတူ ဥပါဒ်ကြ ဖြစ်ကြတဲ့ ဝတ္ထုရုပ်ကိုမှီဘဲ ဘာ့ကြောင့် ရှေးရှေး၌ဖြစ်တဲ့ ရုပ်ကိုမှီကြသလဲလို့ စဉ်းစားရင် ရုပ်တရားများဟာ ဖြစ်ပေါ်စ ဥပါဒ်ခဏမှာ အင်မတန်အားနည်းကြပါတယ်၊ ဌီရောက်မှသာ အားရှိကြလို့ ဌီရောက်မှဘဲ နာမ်တရားတွေရဲ့အမှီ ကို ခံနိုင်ကြပါတယ်။ ဒါဖြင့်ရင် ပဋိသန္ဓေစိတ်ဟာ ဘာကြောင့် မိမိနဲ့အတူဖြစ်တဲ့ သဟဇာတ ဟဒယဝတ္ထုကို မှီရသလဲလို့ မေးရင် ပဋိသန္ဓေစိတ်ကတော့ မိမိနဲ့အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုမှ တပါးသော ပုရေဇာတ ဟဒယဝတ္ထုရယ်လို့ ဘဝသစ်မှာ တစုံတရာ မရှိသေးဘူး။ စိတ်ဆိုတာ အမှီမရှိရင်လဲ မဖြစ်နိုင်တော့ အဆင်သင့်ရှိနေတဲ့ သဟဇာတ ဟဒယဝတ္ထုကိုသာ မှီရပါတယ်၊

ဒီပုရေဇာတ ပစ္စည်းဟာ ပဝတ္တိအခါမှာသာ ဖြစ်ပုံကတော့ ပဋိသန္ဓေစိတ် ဥပါဒ်တဲ့အခါ ဂဗ္ဘသေယျကစသော ပုဂ္ဂိုလ်များမှာ စက္ခုစသော ဝတ္ထုရုပ်များမဖြစ်ကြသေးပါဘူး၊ ပဋိသန္ဓေ နေပြီးနောက် (၇၇)ရက်ကြာမှ ဖြစ်ကြပါတယ်။ သံသေဒဇ ဩပပါတိက ပုဂ္ဂိုလ်များမှာ စက္ခုစတဲ့ ဝတ္ထုရုပ်များ ဖြစ်ကြပေမဲ့ ဒီဝတ္ထုရုပ်များဟာ စက္ခုဝိညာဉ်စသည်တို့ရဲ့ အကြောင်းမဟုတ်ကြသေးပါ။ ပဋိသန္ဓေအခိုက် ဟဒယဝတ္ထုဖြစ်ပေမဲ့ ၎င်းမှာ ပုရေဇာတ သတ္တိမရ၊ သဟဇာတ သတ္တိသာရတယ်။ ဒီတော့ ဒီပုရေဇာတ ပစ္စည်းဟာ ပဋိသန္ဓေအခါမှာ မဖြစ်ဘဲ ပဝတ္တိအခါမှာသာ ဖြစ်ပါတယ်။

ပစ္စည်းရေမှာ (၅)မျိုးယူခဲ့ပါတယ်။ ဝတ္ထုငါးမျိုးဆိုတာ ပစ္စည်းပစ္စယုပ္ပန် သဘောအားဖြင့် အားလုံးတူ၍ဖြစ်ပါတယ်။ ဝတ္ထုပုရေဇာတ နိဿယမှာ ဝတ္ထုပုရေဇာတထက်ပိုရာ တရားရဲ့ အဖြစ်ဆိုတဲ့ နိဿယသတ္တိ ရှိရပေလိမ့်မယ်။ မှီဘယ်ဆိုတာ ဘယ်လိုလဲ? စက္ခုဝိညာဉ်က စက္ခုဝတ္ထုကို မှီတယ်ဆိုရာမှာ စက္ခုဝတ္ထုအပေါ်မှာ စက္ခုဝိညာဉ်က ငြကပ်တည်နေတဲ့ အမှီမျိုးမဟုတ်ပါဘူး။ ဆရာကို တပည့်က မှီနေသလို မင်းကိုမင်းခယောက်ျားက မှီနေသလို မှီတာကို ခေါ်ပါတယ်။ဆရာမရှိရင် တပည့်မတည်တန့်နိုင်သလို မင်းမရှိရင် မင်းခယောက်ျား မတည်တန့်နိုင်သလို စက္ခုဝတ္ထုမရှိရင် စက္ခုဝိညာဉ် မဖြစ်နိုင်လေတော့ စက္ခုဝတ္ထုကို စက္ခုဝိညာဉ်က မှီတယ်လို့ အဋ္ဌကထာဋီကာများက ပြဆိုပါတယ်။

ပုရေဇာတ ဝိပ္ပယုတ္တာကတော့ ပုရေဇာတ နိဿယနဲ့ တူပါတယ်။ ဝိပ္ပယုတ္တသဘောက စက္ခုဝတ္ထုကိုမှီပြီး စက္ခုဝိညာဉ်ဖြစ်ရလေတော့ နဂိုရ်ကမရှိတဲ့ စက္ခုဝိညာဉ်ဟာ ဝတ္ထုရုပ်အတွင်းကများ ပေါ်ထွက်လာသလို ဖြစ်နေလို့ ဝတ္ထုရုပ်နဲ့ ဝိညာဉ်ဟာ သမ္ပယုတ်များ ဖြစ်လေသလားလို့ ယုံမှားစရာရှိတဲ့အတွက် ဒီယုံမှားမှုမှုကင်းရန် ဝတ္ထုပုရေဇာတဝိပ္ပယုတ်ကို ဟောရပြန်တယ်။

ဝတ္ထုပုရေဇာတတွင်၊ ဝတ္ထုပုရေဇာတ အဝိဂတကတော့ ဘာ့ကြောင့် ဟောသလဲ ဆိုရင် ဒီပစ္စည်းဟာ အတ္ထိသဘော ပစ္စယုပ္ပန်အနေအားဖြင့် ထင်ရှားရှိနေရမယ်၊ အဝိဂတ သဘောအားဖြင့် မကင်းသေးရဘူး မချုပ်သေးရဘူးလို့ ဆိုလိုပါတယ်၊ အဲဒါကြောင့် ဝတ္ထုပုရေဇာတတ္ထိ ဝတ္ထုပုရေဇာတ အဝိဂတကို ဟောပါတယ်။ ယနေ့ဝတ္ထုပုရေဇာတနဲ့ဘဲ ကိစ္စပြီးကြပါစို့။ နောက်အပတ်မှ ဝတ္ထုပုရေဇာတဝိပ္ပယုတ်ကို ဆက်ပြီးပြောပါမယ်။

သာဓု .... သာဓု .... သာဓု .... ။

## ၁၃၂၉-ခု၊ နတ်တော်လဆန်း (၉) ရက်
## ၁၉၆၇-ခု၊ ဒီဇင်ဘာလ (၁၀) ရက်၊ တနင်္ဂနွေနေ့
## ပဋ္ဌာန်းကုသလတိက်ပဥှာဝါရကို (၂၁) ကြိမ်မြောက်ဒွို့ချခြင်း

### ဝတ္ထုပုရေဇာတိန္ဒြိယ

အရင်အပတ်က ဝတ္ထုပုရေဇာတ ပြီးခဲ့ပါပြီ။ ယနေ့ ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်းရဲ့ သုဒ္ဓသချာကို ဆိုရပါမယ်။

**ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း၏ သုဒ္ဓသချာဝါရ၌** ဒွေပဉ္စဝိညာဉ်တဆယ် အားတတ်သော မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုကအားဖြင့် ၃ ပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘွင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စိန္ဒြေ။ ဤတရားတို့သည် ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း တတ်သော တရားတို့မည်ကုန်၏။ သချာကော်။ ပစ္စည်းရေ (၆)ဟူသည်တည်း၊ သချာကော် ဟူသော်ကား အဗျာကတော အဗျာကတဿဟူသည်တည်း။ ပစ္စည်းရေ (၆)ဟူသော်ကား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ အဝိဂတဟူသည်တည်း။

ပစ္စည်းတရားက ပဉ္စိန္ဒြေ၊ ပစ္စယုပ္ပန်တရားက ဒွေပဉ္စဝိညာဉ်တဆယ်ဆိုတော့ သချာဟာ အဗျာကတော အဗျာကတဿဘဲ ဖြစ်ပါတယ်။

### အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿဓမ္မဿ ဣန္ဒြိယ ပစ္စယေနပစ္စယော၊ စက္ခုန္ဒြိယံ စက္ခုဝိညာဏဿ ဣန္ဒြိယ ပစ္စယေနပစ္စယော။ သောတိန္ဒြိယံ သောတဝိညာဏဿ ဣန္ဒြိယ ပစ္စယေန ပစ္စယော။ ဃာနိန္ဒြိယံ ဃာန ဝိညာဏဿ ဣန္ဒြိယ ပစ္စယေန ပစ္စယော။ ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဿ ဣန္ဒြိယ ပစ္စယေန ပစ္စယော။ ကာယိန္ဒြိယံ ကာယဝိညာဏဿ ဣန္ဒြိယ ပစ္စယေနပစ္စယော။

အရကောက်မှာ ပေယျာလထိုးထားသဖြင့် ပေယျာလအတိုင်းဘဲ ဆိုလိုက်ပါတော့၊ အကျယ်ဆိုခဲ့ပါပြီ။

**အဗျာကတော အဗျာကတဿ၌**-အဗျာကတောဓမ္မော ဟူသော **ကတ္တား** ပုဒ်၏ **အရကား** စက္ခုဝိညာဉ်ဒွေ အားတတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘွင်နှင့် ဥပါဒ် ပြိုင် **သော စက္ခုန္ဒြေ၊** (ဣန္ဒြိယဆိုသဖြင့် ဣန္ဒြိယ အသံကလေးနဲ့ဆိုပါ) မရဏာသန္နအခါ စက္ခု ဝိညာဉ်ဒွေ အားတတ်သော စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော စက္ခုန္ဒြေ။ (ပေယျာလ) ကာယ ဝိညာဉ်ဒွေ အားတတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘွင်နှင့် ဥပါဒ်ပြိုင်သော ကာယိန္ဒြေ။ မရဏာသန္နအခါ ကာယ ဝိညာဉ်ဒွေ အားတတ်သော စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ကာယိန္ဒြေ ပစ္စည်းတရားရ၏၊ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ **အရကား** ဒွေပဉ္စဝိညာဉ်တဆယ်၊ သမ္ပိစ္ဆ သာဓာရဏ စေတသိက် ၇-ခု ပစ္စယုပ္ပန်

တရားရ၏။ ။(ကရိဏ်းကတော့ သူ့ပစ္စည်းရေအတိုင်း(၆)ပစ္စည်းဘဲဖြစ်ပါတယ်)ဣန္ဒြိယပစ္စယေနဟူသော ကရိဏ်း ပါဌ်၏ အရကား တပြိုင်နက်တတ်ကောင်းသော နိဿယ၊ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ (၆) ပစ္စယ သတ္တိတို့ဟူ၍ ဝတ္ထု ပုရေဇာတိန္ဒြိယ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အဓိပ္ပါယ်

ဝတ္ထု ပုရေဇာတိန္ဒြိယဆိုတာ မှီရာဝတ္ထုလဲဖြစ်ရမယ်၊ ပစ္စယုပ္ပန်တရားမဖြစ်မှီ ရှေးကလဲ ပစ္စယုပ္ပန်အနေအားဖြင့် ထင်ရှားဖြစ်နေရမယ်။ ဆိုင်ရာအသီးသီးသော ကိစ္စဖြင့်သဲအစိုးရတဲ့ ပစ္စည်းဟာ ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်းမည်ပါတယ်။ ဥပမာဆိုရင် ဓာရဋ္ဌအစရှိတဲ့ စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် အချင်းချင်းတို့ရဲ့ဂုဏ်ကို မဟာန့်တားကြဘဲ ဆိုင်ရာဖြစ်တဲ့ ဂန္ဓဗ္ဗယက္ခ စသည်တို့ကို အုပ်စိုးကြတာနဲ့ တူပါတယ်။

ဆိုင်ရာဘယ်လိုအစိုးရသလဲ? ဒီပစ္စည်းရဲ့ပစ္စည်းတရားက စက္ခုန္ဒြေစတဲ့ ပသာဒိန္ဒြေငါးပါးဖြစ်တယ်။ စက္ခုန္ဒြေဆိုတာ စက္ခုပသာဒဘဲ။ ဒီစက္ခုပသာဒက, ဒဿနကိစ္စနဲ့ မိမိကိုမှီတဲ့ စက္ခုဝိညာဉ်ကိုအစိုးရတယ်။ လူများဟာ အရွယ်အားလျော်စွာ မျက်စိကြည်လင်ခြင်း မှုံခြင်းရယ်လို့ ကွဲပြားကြပေမဲ့ စက္ခုဝိညာဉ်ဖြစ်ပုံကတော့ မခြားနားတော့ဘူး။ မျက်စိကြည်လင်တဲ့သူမှာဖြစ်တဲ့ စက္ခုဝိညာဉ်စိတ်မှာယှဉ်တဲ့ စေတသိက်က,များလို့ အသက်ရှည်တယ်။ မျက်စိမှုံတဲ့သူမှာဖြစ်တဲ့ စက္ခုဝိညာဉ်စိတ်မှာယှဉ်တဲ့ စေတသိက်က,နည်းလို့ အသက်တိုတယ်။ ဒါကြောင့် မျက်စိကြည်လင်ခြင်း မျက်စိမှုံခြင်းများ ခြားနားကြတယ်လို့ မဆိုသိုက်ပါဘူး။ ဘာ့ကြောင့်? မျက်စိကြည်သူမှာဖြစ်ဖြစ် မှုံသူမှာဖြစ်ဖြစ် စက္ခုဝိညာဉ်စိတ်ကတော့ စေတသိက်(၇)ပါးနဲ့ယှဉ်မှာဘဲ၊ အသက်ကလဲ ခဏငယ်သုံးချက်စီသာရှိကြမှာဘဲ။

ခြားနားအောင်ပြုတာကတော့ စက္ခုဝိညာဉ်ကိုအုပ်စိုးတဲ့ စက္ခုပသာဒဖြစ်တယ်။ အသက်ကြီးသူတွေမျက်စိမှုံတတ်တာက ၎င်းတို့မှာရှိတဲ့စက္ခုပသာဒကို ဇရာဖိစီးချက်အားကြီးပြီးမှေးမှိန်ခြင်းဖြစ်တယ်၊ ဒီစက္ခုပသာဒကိုမှီရတဲ့ စက္ခုဝိညာဉ်စိတ်မှာလဲ မှီရာစက္ခုပသာဒအားလျော်စွာမှေးမှိန်ရတယ်။ ဒီလိုဖြစ်တာကို မျက်စိမှုံတယ်လို့ခေါ်တယ်။ ပျိုရွယ်သူတို့ရဲ့မျက်စိကြည်လင်မှုကိုတော့ အပြန်အားဖြင့်သိပါတော့။ အချို့ပျိုရွယ်သူပင်ဖြစ်ပေမဲ့ စာကြည့်လွန်းအားကြီးခြင်းစသည်တို့ကြောင့် စက္ခုပသာဒ မှေးမှိန်းခြင်း အခြေပျက်ယွင်းခြင်းများလဲရှိတတ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေမှာလဲ စက္ခုပသာဒအားလျော်စွာ မျက်စိမှုံခြင်းဖြစ်တတ်ပါတယ်။

ဆိုလိုရင်းကတော့ စက္ခုပသာဒသည် စက္ခုဝိညာဉ်ကိုအစိုးရတယ်။ စက္ခုပသာဒရဲ့အာဏာအတိုင်း စက္ခုဝိညာဉ်ကလိုက်၍ဖြစ်ရတယ်။ စက္ခုပသာဒရဲ့အာဏာကို မလွန်ဆန်နိုင်ဘူး။ ဒါကြောင့်မျက်စိကြည်လင်ခြင်း မှုံခြင်း ခြားနားတယ်လို့ဆိုရတယ်။ စက္ခုဝိညာဉ်စိတ်ဖြစ်ပုံကတော့ မထူးခြားပါဘူး၊ ထို့အတူသောတိန္ဒြေက သဝနကိစ္စနဲ့မိမိကိုမှီတဲ့ သောတ ဝိညာဉ်ကို အစိုးရတယ်။ ဃာနိန္ဒြေက ဃာယနကိစ္စနဲ့ မိမိကိုမှီတဲ့ ဃာနဝိညာဉ်ကိုအစိုးရတယ်။ ဇိဝှိန္ဒြေက သာယနကိစ္စနဲ့ မိမိကိုမှီတဲ့ ဇိဝှါဝိညာဉ်ကို အစိုးရတယ်။ ကာယိန္ဒြေက ဖုသနကိစ္စနဲ့ မိမိကိုမှီဘဲ့ ကာယဝိညာဉ်ကိုအစိုးရပါတယ်။

ဇရာဖိစီးလို့ ပသာဒ်မြေဝါးပါးချို့ယွင်းတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး ဇရာဖြယ သံယုတ်ဇရာဝဂ်မှာဟောထားတဲ့ သုတ်တသုတ်ကို ပြောပြပါမယ်။ မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်းမိဂါရမာတာ၏ ပြာသာဒ်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။ ညနေချမ်းအချိန်ကြတော့ တပါးတည်းကိန်းအောင်းတော်မူရာကထပြီး ကျောင်းအနောက်ဘက်နေပူဆာမှာ ကျောက်ကုံးကိုနေစာလှုံလျှက်နေတော်မူပါတယ်။

ဒီအခါမှာအရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးပြီး မြတ်စွာဘုရားရဲ့ ကိုယ်တော်ကို လက်နဲ့အဖန်ဖန်သုံးသပ်လျက် မြတ်စွာဘုရားအား လျှောက်ကြားပါတယ်။ အရှင်ဘုရား အံ့ဩဘွယ်ရှိပါပေစွ၊ အရှင်ဘုရားမဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အရှင်ဘုရားယခု မြတ်စွာဘုရားရဲ့ အရေအဆင်းတော်ဟာ ရှေးကလိုစင်ကြယ်ဖြူစင်ခြင်းမရှိတော့ပါ။ ခန္ဓာကိုယ်အားလုံးလျော့ပါးပြီး အရေတွန့်လိပ်နေပါကုန်၏။ (ဆံမွှားပမာဏမျှ တွန့်လိပ်နေတာကို အရှင်အာနန္ဒာကမြင်လို့ ပြောတာဖြစ်ပါတယ်) ခန္ဓာကိုယ်သည် ရှေ့သို့ကိုင်းရှိုင်းခဲ့ပါ၏။ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေဆိုတဲ့ ဣန္ဒြေများရဲ့ဖေါက်ပြန်ခြင်းလည်းထင်ပါတယ်လို့ လျှောက်ထားတယ်။

မြတ်စွာဘုရားရှင်က ''အာနန္ဒာ၊ သင်လျှောက်ထားတာမှန်တယ်။ ပျိုနုခြင်းသဘောရှိရင် အိုခြင်းသဘောရှိရမယ်။ ကျန်းမာခြင်းသဘောရှိရင် နာခြင်းသဘောရှိရမယ်။ အသက်ရှင်ခြင်းသဘောရှိရင် သေခြင်းသဘောရှိရမယ်။ ငါဘုရား၏အရေအဆင်းသည် ရှေးကကဲ့သို့စင်ကြယ်ဖြူစင်ခြင်းမရှိတော့ပေ။ ခန္ဓာကိုယ်အားလုံးတို့သည် လျော့ပါးကုန်သည်ဖြစ်၍ အရေတွန့်လိပ်နေကုန်၏။ ခန္ဓာကိုယ်သည် ရှေ့သို့ကိုင်းရှိုင်း၏။ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေဆိုတဲ့ ဣန္ဒြေတွေရဲ့ ဖေါက်ပြန်ခြင်းသည်ထင်၏''လို့ မိန့်တော်မူတယ်။ ဤလိုမိန့်တော်မူပြီးတဲ့နောက် မြတ်စွာဘုရားက—

ဓိတံ ဇမ္မိဇရေအတ္ထု-ဒုဗ္ဗဏ္ဏကရဏီဇရေ
တာဝမနောရမံဗိမ္ဗံ-ဇရာယအဘိမဒ္ဒိတံ
ယောပိဝဿသတံဇီဝေ-သောပိမစ္စုပရာယဏော
နကိဉ္စိပရိဝဇ္ဇေတိ-သဗ္ဗမေဝါဘိမဒ္ဒတိ။

ယုတ်မာလှသောဟယ်ဇရာတရား၊ သင့်အားစက်ဆုတ်ဘွယ်ဖြစ်ပါစေ၊ အဆင်းပျက်အောင်ပြုလုပ်တတ်သော ဟယ်ဇရာတရား၊ နှစ်သက်ဘွယ်ကောင်းသော ခန္ဓာကိုယ် အတ္တဘောကိုဇရာတရားသည် ဖိစီးနှိပ်စက်လေစွတကား။

အနှစ်တရာ အသက်ရှည်သူသည်လည်း သေရခြင်းလျှင် လည်းလျောင်းရာရှိ၏။ သေခြင်းတရားသည် တစုံတယောက်ကိုမျှ မရှောင်ကြဉ်၊ အလုံးစုံသောသတ္တဝါကိုပင် ဖိစီးနှိပ်စက်လေ၏လို့ မိန့်တော်မူတယ်။

မဟာပရိနိဗ္ဗာနသုတ်မှာလဲ ''အာနန္ဒာ၊ ယခုအခါငါသည် အိုမင်းကြီးရင့်လှပေပြီ၊ အရွယ်လွန်ပေပြီ၊ အဆုံးပိုင်းသို့ရောက်နေပေပြီ၊ ငါ့အသက်ရှစ်ဆယ်ရှိနေပြီ၊ အာနန္ဒာ၊ လှည်းအိုသည် ဖွဲ့စည်းတုတ်နှောင်ခြင်းဖြင့် တည်တန့်သကဲ့သို့ ဤအတူပင်မြတ်စွာဘုရား၏

ခန္ဓာကိုယ်သည် ဖွဲ့စည်းတုတ်နှောင်ခြင်းနှင့်ဟူသော ဖလသမာပတ်ဖြင့်တည်တန့်လျက်ရှိ၏'' ဟု ဇာရာကြောင့် ဤခန္ဓာကိုယ်ကြီး၏ ဖေါက်ပြန်ကြောင်းကိုဟောပါတယ်။

ဒီဝတ္ထု ပုရေဇာတ်န္ဒြိယမှာ ပစ္စည်းတရားက ပဋ္ဌိန္ဒြေဖြစ်ပါတယ်။ ပစ္စယုပ္ပန်က ဒွေပဥ္စ ဝိညာဉ်တဆယ် ဖြစ်ပါတယ်။ ဝတ္ထုသင်္ဂဟအရ ဝတ္ထု ၆ ပါးရှိတဲ့အနက် ဟဒယ ဝတ္ထုကြ တော့ ဘာဖြစ်လို့ ပစ္စည်းမထိုက်သလဲ၊ ငါးပါးသာ ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း ထိုက် ပြီး ဟဒယဝတ္ထုကတော့ ဘာ့ကြောင့် မထိုက်သလဲလို့ စင်းစားရင် ဟဒယ ဝတ္ထုရုပ်ဟာ ရှေ့က ဖြစ်ပေါ်နေပြီး မနောဓာတ် မနောဝိညာဏ ဓာတ်တို့ရဲ့ မှီရာဖြစ်ပါတယ်။ ဒါပေမဲ့ ပဥ္စဝတ္ထုများလို မိမိ၌ မှီတဲ့ ဝိညာဉ်ကို ထက်အောင်နုံ့အောင်ပြုခြင်း ငှါမစွမ်းနိုင်ပါဘူး။ ဟဒယဝတ္ထုရုပ် ကြည်လင်သည်ဖြစ်စေ၊ မကြည်လင်သည်ဖြစ်စေ မနောဓာတ် မနောဝိညာ ဏဓာတ်တို့က ဟဒယဝတ္ထုရုပ်ကို လိုက်ပြီးမဖြစ်ကြလေတော့ ဟဒယဝတ္ထုကမနောဓာတ် မနောဝိညာဏဓာတ်တို့ကို အစိုးမရပါဘူး။

ထိုမှတပါး ပဥ္စဝတ္ထုနဲ့ ပဥ္စာရုံတို့ဟာ ခံဓာတ် တိုက်ဓာတ်ဖြစ်ကြသလို ဓမ္မာရုံနဲ့ ဟဒယဝတ္ထုဟာ ခံဓာတ် တိုက်ဓာတ်မဟုတ်ကြပါဘူး။ ဓမ္မာရုံတိုက်ဓာတ်က မနောဒွါရ၌ သာ ခိုက်၍ မနောအကြည်မှာသာ ပေါ်ရတယ်။ ဟဒယဝတ္ထုက ဒွါရမထိုက်လေပြန်တော့၊ ဒီဟဒယဝတ္ထုဟာ ပုရေဇာတိန္ဒြိယ ပစ္စည်းမရပါဘူး။

## ပစ္ဆာဇာတမျိုး

ပစ္ဆာဇာတမျိုးအတွက် သုဒ္ဓသင်္ချာကို ဆိုလိုက်ကြပါဦးစို့၊ စာမျက်နှာ (၀) မှာ ကြည့်ပါ။

**ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရနည်း**-ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ် နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတု ဇကာယ အားတတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄ ခုကြဉ်သော ပထမဘွင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါး။ ဤတရား တို့ သည် ပစ္ဆာ ဇာတ ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာတီကဲ။ ပစ္စည်းရေ (၄) ဟူသည်တည်း။ သင်္ချာတီကဲဟူသော်ကား ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာ ကတော အဗျာကတဿဟူသည်တည်း။ ပစ္စည်းရေ(၄)ဟူသော်ကား ပစ္ဆာဇာတ၊ ဝိပ္ပ ယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ပစ္ဆာဇာတ ပစ္စည်း တရား မှာ အရူပ ဝိပါက်လေးခုကြဉ်တဲ့ ကုသိုလ် အကုသိုလ် အဗျာကတ တရားတွေရှိပါတယ်။ ဒါကြောင့် ပစ္စည်းဘက်က ကုသိုလ် အကုသိုလ် အဗျာ ကတရယ်လို့ ၃ ချက်ရပါတယ်။ ပစ္စယုပ္ပန်တရားမှာ ရုပ်တရားဖြစ်ခြင်းကြောင့် အဗျာကတ ကိန်းသေပါတယ်။ ဒါကြောင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ သင်္ချာတီကဲရပါတယ်။ ပစ္စည်းရေ (၄) ကတော့ ဝိပ္ပ ယုတ္တ ပစ္စည်းမှာ ပစ္ဆာဇာတ ဝိပ္ပယုတ္တရှိပါတယ်။ အတ္ထိ အဝိဂတမှာလဲ ပစ္ဆာဇာတတ္ထိ ပစ္ဆာဇာတ အဝိဂတလို့ ဟောပါတယ်။ အဲဒါကြောင့် ပစ္စည်းရေ(၄)ဖြစ်ပါတယ်။ ပါဠိက

ပဋ္ဌာနဒေသနာတိက မျိုးပါဠိတော်ဇယား စာမျက်နှာ (ယ)မှာရှိပါတယ်။ အရကောက်ကလဲ ပဋ္ဌာနဒေသနာတိက မျိုးအကောက်ဇယား စာမျက်နှာ(ရ)မှာ ရှိပါတယ်။

## ကုသလော အဗျာကတဿ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပဋ္ဌာနဇာတ ပစ္စယေနပစ္စယော။ ပဋ္ဌာနဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပဋ္ဌာနဇာတ ပစ္စယေနပစ္စယော။

**ကုသလော အဗျာကတဿဠ**-ကုသလော ဓမ္မောဟူသော **ကဏ္ဍာ** ပုဒ်၏အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော တိဇကာယ စတုဇကာယအားဘတ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ နောက်ဖြစ်သော ကုသိုလ်စိတ် ဇောဝီသ၊ စေတသိက် အဋ္ဌတိံသ ပစ္စည်းတရားရှ်၏။ ။ အဗျာကတဿ ဓမ္မဿဟူတော **သမ္ဗဒါန်** ပုဒ်၏အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရားရှ်၏။ ။ပဋ္ဌာနဇာတ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကား တပြိုင်နက် တတ်ကောင်းသော ပဋ္ဌာနဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ (၄)-ပစ္စယ သတ္တိတို့တွင် ပဋ္ဌာနဇာတ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရှ်၏။

ကုသိုလ် အကုသိုလ်ဆိုတာ ဇောကိစ္စဘတ်ပါတယ်။ ဝီထိချကြည့်လိုက် ခဲ့သို့ရှိရင် ပဉ္စဒွါရ ဝီထိမှာ ပထမဇောရှေ့မှာ ဝုဋ္ဌောရှိပါတယ်၊ မနောဒွါရ ဝီထိမှာ မနောဒွါရာဝဇ္ဇန်း ရှိပါတယ်။ ဒီဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ရောက်သာတဲ့အခါမှာ တိဇကာယ စတုဇကာယ ဖြစ်ပါတယ်။ တိဇကာယဆိုတာက ဗြဟ္မာတွေရဲ့ သန္တာန်မှာ အာဟာရဇရုပ်မရှိခြင်း ကြောင့် တိဇကာယ ဖြစ်ပါတယ်။ ကာမသတ္တဝါတွေရဲ့ သန္တာန်မှာ စတုဇကာယဖြစ်ပါတယ်။ နောက်အခိပ္ပါယ်ပြောတော့ ဒါတွေ ထင်ရှားပါလိမ့်မယ်၊ ကရိုဏ်းကတော့ ပစ္စည်းရေ အတိုင်း (၄) ချဉ်းအားလုံး ကုန်ရပါတယ်။ နောက်ဒုတိယအချက် အကုသလော အဗျာကတဿ အတွက် ပါဠိဆိုလိုက်ကြပါဦးစို့။ အရကောက်ကလဲ အဘူဘူလိုပါဘဲ။

## အကုသလော အဗျာကတဿ

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပဋ္ဌာနဇာတပစ္စယေန ပစ္စယော။ ပဋ္ဌာနဇာတာ အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပဋ္ဌာနဇာတ ပစ္စယေန ပစ္စယော။

**အကုသလော အဗျာကတဿဠ**- အကုသလော ဓမ္မောဟူသော **ကဏ္ဍာ** ပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော တိဇကာယ စတုဇကာယ အားတတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်ဖြစ်သော အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသ ပစ္စည်း တရားရှ်၏။ ။အဗျာကတဿ ဓမ္မဿဟူသော **သမ္ဗဒါန်** ပုဒ်၏အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရားရှ်၏။ ။ပဋ္ဌာနဇာတ ပစ္စယေနဟူသော**ကရိုဏ်း**

ပါဠိ၏အရကား တပြိုင်နက်တတ်ကောင်းသော ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၄) ပစ္စယသတ္တိတို့တွင် ပစ္ဆာဇာတ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အဇ္ဈာကတောအဇ္ဈာကတဿကြတော့ ကေဇ ဒွိဇ တိဇ စတုဇ အကုန်လုံးသုဒ္ဓသရုပ်ချ အတိုင်းရပါတယ်။ အဓိပ္ပါယ်ပြောတော့ ဒါတွေပါပါလိမ့်မယ်။ ပါဠိကလေးအရင်ဆိုလိုက်ပါဦး။

## အဗျာကတော အဗျာကတဿ

အဗျာကတောဓမ္မော အဗျာကတဿဓမ္မဿ ပစ္ဆာဇာတပစ္စယေနပစ္စယော။ ပစ္ဆာဇာတာ ဝိပါကာဗျာကတာကြိယာဗျာကတာခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေနပစ္စယော၊

**အဗျာကတော အဗျာကတဿ** - အဗျာကတောဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ရုပ်၏ဌီသို့ ရောက်သော ကေဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယအားတတ်သော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော ပထမဘဝင်အစရှိသော နောက်ဖြစ်သောဝိပါက်စိတ်ဗာတ္တိသ၊ ကြိယာစိတ်ဝီသ၊ စေတသိက်အဋ္ဌတိံသ ပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကေဇကာယ, ဒွိဇကာယ, တိဇယာက, စတုဇကာယ ပစ္စယုပ္ပန်တရားရ၏။ ပစ္ဆာဇာတပစ္စယေနဟူသော **ကရိုဏ်း** ပါဠိ၏အရကား တပြိုင်နက်တတ်ကောင်းသောပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ဤ(၄)ပစ္စယသတ္တိတို့တွင် ပစ္ဆာဇာတသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏၊

## အဓိပ္ပါယ်

ပဋ္ဌာန်း ၂၄-ပစ္စည်းမှာ ဒီပစ္ဆာဇာတပစ္စည်းရဲ့ ကျေးဇူးပြုပုံဟာ အတော်ဘဲဆန်းကျယ်ပါတယ်။ ပစ္ဆာဇာတလို့ဆိုတာက ပစ္စယုပ္ပန်တရားဖြစ်ပြီးတဲ့နောက်မှ (ပစ္စယုပ္ပန်တရားကအရင်ဖြစ်တယ်) ပစ္စည်းတရားကဖြစ်ပြီး ရှေ့ကဖြစ်နှင့်နေတဲ့ ပစ္စယုပ္ပန်တရားတို့ကို ထောက်ပံ့ကူညီတဲ့ပစ္စည်းဟာ ပစ္ဆာဇာတပစ္စည်းဖြစ်ပါတယ်။ ဒီပစ္ဆာဇာတပစ္စည်းမှာ အကြောင်းနာမ်တရားကနောက်မှဖြစ်တယ်။ အကျိုးရုပ်တရားများက အရင်ဖြစ်နေတယ်လို့ဆိုတော့ တော်တော်ထူးဆန်းတဲ့ပစ္စည်းဖြစ်ပါတယ်။

ဥပမာအားဖြင့် အစာအာဟာရ၌ တောင့်တနစ်သက်တပ်မက်တဲ့ အာဟာရသာ စေတနာက လင်းတငယ်ရဲ့ကိုယ်ခန္ဓာကို မသေရအောင်ထောက်ပံ့သမှု ကျေးဇူးပြုသည်နှင့် တူတယ်လို့ဥပမာပြုကြပါတယ်၊ ဘယ်လိုလဲဆိုရင် မိခင်ဖြစ်ကြတဲ့ လင်းတကြီးများဟာအစာအာဟာရကို မိမိတို့သာရှာဖွေစားသောက်ကြပြီး အခြားသတ္တဝါများလို အသိုက်မှာကျန်ရစ်ခဲ့တဲ့မိမိတို့ရဲ့ လင်းတသားငယ်ကလေးများအတွက် ယူဆောင်လာကြတဲ့ထုံးစံမရှိကြပါဘူး။ လင်းတငယ်ကလေးများကတော့ ငါတို့မိဘပြန်လာရင် ငါတို့စားဘို့ရန်အတွက်

အစာပါလာမှာဘဲလို့ မျှော်လင့်တောင့်တကြတဲ့အတိုင်း မိဘတို့ပြန်လာတဲ့အခါ မိဘများကို အစာတောင်းကြပါတယ်။ ဒီအခါမှာ မိဘတွေက-ငါ့သားတို့ ယနေ့တော့ဖြင့်မင်းတို့အတွက် အစာမပါလာဘူး။ နက်ဖန်ခါမှယူခဲ့မယ်လို့ ပြောလိုက်တဲ့အခါ လင်းတငယ်ကလေးများက ဒို့ယနေ့မစားရပေမဲ့ နက်ဖန်တော့စားရမှာဘဲလို့ မျှော်လင့်ချက်ထားကာ ကြေနပ်နေကြပါတယ်။ ဒီလိုနဲ့ နက်ဖန်ယူခဲ့မယ် နက်ဖန်ယူခဲ့မယ်နဲ့ လင်းတငယ်ကလေးများ အသက်တောင် အလက်စုံပြီး ကိုယ်တိုင်အစာရှာနိုင်သည့်အဆင့်အောင် ပြောဆိုကြပါတယ်။

ဒီဥပမာမှာ အစာအာဟာရကိုစားရလိမ့်မယ်လို့ မျှော်လင့်တောင့်တတဲ့ ရသတဏှာနဲ့ယှဉ်တဲ့စေတနာက လင်းတငယ်အား အစာမစားရပေမဲ့ မသေအောင်ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုထားသလို နောက်နောက်မှဖြစ်ကြတဲ့ပစ္ဆည်းနာမ်တရားတွေက ရှေးကဖြစ်နှင့်နေကြတဲ့ စတုသမုဋ္ဌာနိက ရုပ်တို့အားစည်ပင်ကြီးပွားအောင်ရင်း၊ နောင်မိမိနဲ့တူတဲ့ရုပ် အစဉ်ထပ်မံ၍ ဆက်လက်ဖြစ်ပွားအောင်ရင်း ထောက်ပံ့သမှုကျေးဇူးပြုကြပါတယ်။

ဥပမာတနည်းအားဖြင့် ရှေးကာလကပေါက်ရောက်ကြီးပွားနှင့်တဲ့ အင်ကြင်းပင်ငယ်တို့သည် နောက်အခါကာလ နှစ်စဉ်ရွာသွန်းတဲ့ မိုယ်းရေရဲ့အစွမ်းအားဖြင့် စည်ပင်ကြီးပွားခြင်းသို့ အဆင့်ဆင့်ရောက်ပြီးလျှင် အင်ကြင်းတောကြီးဖြစ်အောင် ရှက်ဆောင်နိုင်ကြသလို ပဋိသန္ဓေခဏမှအစပြု၍ ရှေ့ဖြစ်သောစိတ်တို့၏ အခိုက်၌ဖြစ်ပေါ်ကြကုန်၍ သဏ္ဌာန်တို့ရဲ့ တကိုယ်လုံး၌တည်ရှိကြတဲ့ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇရုပ်တရားတို့ ထင်ရှားရှိကြပါတယ်။ ဒီစတုသမုဋ္ဌာနိကရုပ်တရားတွေဟာ နောက်မှဖြစ်ကြတဲ့ ပထမဘဝင်စတဲ့ပစ္ဆည်း စိတ် စေတသိက်တို့ရဲ့ အစွမ်းအားဖြင့် အဆင့်ဆင့်စည်ပင်ကြီးပွားခြင်းသို့ရောက်ပြီးလျှင် အသက်သေသည့်တိုင်အောင် အဆင့်ဆင့် စတုသမုဋ္ဌာနိကရုပ်တို့ကို ဖြစ်ပေါ်အောင် ဆောင်ရွက်ကြပါတယ်။

**ပစ္ဆာဇာတပစ္စည်းထောက်ပံ့ပုံ** ကတော့ ဒီပစ္ဆာဇာတပစ္စည်းဟာ ဘယ်လောက်ထောက်ပံ့သမှုကျေးဇူးပြုသလဲဆိုရင် မျိုးစေ့ကြောင့် ပေါက်လာတဲ့သစ်ပင်ကို ရေမလောင်းရင် မကြီးပွားဘဲ မကြာခင်ပျက်စီးမယ်။ မွေးစကလေးကိုနို့မတိုက်ရင် မကြာမီသေမှာဖြစ်လေတော့ မပျက်စီးရအောင် မသေရအောင် ရေလောင်းခြင်း နို့တိုက်ခြင်းဆိုတဲ့ ထောက်ပံ့မှုကိုပြုရသလို ပစ္ဆာဇာတနာမ်တရားတွေက ထောက်ပံ့ပေးလိုက်တဲ့အခါ ရှေးရှေးစတုဇရုပ်များချုပ်သွားပေမဲ့ နောက်နောက်ဖြစ်ကြတဲ့ စတုဇရုပ်များဟာ မသေမချင်း မပုတ်မသိုးဘဲ လတ်လတ်ဆတ်ဆတ်အရှင်သဘွယ်ဆက်လက်ပြီး တည်တန့်နိုင်ကြပါတယ်။ နာမ်တရားတို့ရဲ့ တန်ခိုးအာနုဘော်ကား ကြီးကျယ်သောအစွမ်းသတ္တိရှိပါတယ်။ တစိတ်တခဒသသော ခန္ဓာကိုယ်အတွင်းမှာတည်ရှိနေတဲ့ ဟဒယဝတ္ထုကိုမှီနေတဲ့ နာမ်တရားများဟာ တကိုယ်လုံးမှာတည်နေတဲ့ စတုသမုဋ္ဌာနိကရုပ်တို့အား ပစ္ဆာဇာတသတ္တိနဲ့ ကျေးဇူးပြုနိုင်ကြပါတယ်။

**ဧကဇစသည်**။ ။သုဒ္ဓသင်္ချာမှာ ဧကဇစသည်ရှိပါတယ်။ ဧကဇစသည်ကတော့ ပဋိသန္ဓေရဲ့ဥပါဒ်မှာဖြစ်တဲ့ ကမ္မဇရုပ်ဟာ ကံဆိုတဲ့အကြောင်းတပါးကြောင့်သာဖြစ်လို့ ဧကဇလို့ခေါ်ပါတယ်။ ပဋိသန္ဓေရဲ့ ဌီဘင်ခဏများမှာ ဥတုဇရုပ်ဖြစ်လေတော့ [illegible] ကမ္မဇရုပ်နှင့် ပေါင်းရင်အကြောင်း ၂-ပါးကြောင့်ဖြစ်လို့ ဒွိဇရုပ်ဖြစ်ပါတယ်။ ပထမဘဝင်ရဲ့,

ဥပါဒ်မှာ စိတ္တဇရုပ်ဖြစ်ပေါ်လာလေတော့ ကံဥတုစိတ်ရယ်လို့ အကြောင်းသုံးပါးကြောင့် ဖြစ်လို့ တိဇရုပ်လို့ခေါ်ပါတယ်။ အမိဝမ်းမှာ ကိန်းအောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်ရင် ၂သတ္တာဟ ၃ သတ္တာဟအခါမှာ အမိစားအပ်တဲ့ရသဓာတ်ရည်စိုစွတ်စိမ့်ဝင်တဲ့အခါ အာဟာရဇရုပ်ဖြစ်ပါတယ်။ သံသေဒဇဥပပတ်ပုဂ္ဂိုလ်များကတော့ မိမိတို့တံတွေးကို မျိုတဲ့အခါမှာဖြစ်စေ အစာတခုခုကိုစားတဲ့အခါမှာဖြစ်စေ အာဟာရဇရုပ်ဖြစ်ပါတယ်။ ဒီအာဟာရဇရုပ်ဖြစ်တဲ့အခါမှာ စတုဇရုပ်ရယ်လို့ဆိုရပါတယ်။

**ဒွိဇ တိဇ၊ တိဇ စတုဇ**။ ။ဒွိဇ တိဇရယ်လို့ ရာသီစုများမှာ ဒွေပဉ္စဝိညာဉ်အတွက် ပြဆိုထားပါတယ်။ ဒွေပဉ္စဝိညာဉ်တဆယ်ဟာ စိတ္တဇရုပ်ကိုမဖြစ်စေနိုင်တော့ ဗြဟ္မာ့ဘုံ အတွက်စက္ခုသောတဝိညာဉ်များမှာ ဒွိဇ,ကာမဘုံမှာ တိဇဖြစ်ပါတယ်။ တိဇစတုဇကတော့ ဗြဟ္မာများမှာ အာဟာရဇရုပ်မရှိလို့တိဇဖြစ်ပါတယ်။ ဗြဟ္မာတွေမှာ အစာအာဟာရစားစရာမရှိပါဘူး။ ကဗဠီကာရ အာဟာရမရှိပါဘူး။ သူတို့အစာအာဟာရဟာ ပီတိဘက္ခပါဘဲ။ ပီတိနဲ့ယှဉ်တဲ့အစာဖြင့်သာနေပါတယ်။ ဇနကဇာတ်များကြတော့ 'ပီတိဘက္ခာဘဝိဿာမ ဒေဝါ အာဘဿရာယထာ' လို့ဆိုပါတယ်။ ကာမဘုံသားများမှာတော့ စတုဇရုပ်ဖြစ်ပါတယ်။

**ပစ္ဆာဇာတကျေးဇူးပြုပုံ**။ ။ပဋိသန္ဓေအခိုက်မှာ ကမ္မဇရုပ်များဟာ ပစ္ဆာဇာတပစ္စည်းကို မရကြသေးပါဘူး။ ဘာကြောင့်လဲဆိုရင် ပဋိသန္ဓေစိတ်ဟာ မိမိရဲ့ ရှေ့ကဖြစ်နှင့်နေတဲ့ရုပ်မရှိလို့ဖြစ်တယ်။ ပဌမဘဝင် စိတ်ကတော့ ပဋိသန္ဓေစိတ်နဲ့ ဥပါဒ်ပြိုင်တဲ့ ကမ္မဇရုပ်နဲ့ ပဋိသန္ဓေစိတ်ရဲ့ ဌီခဏမှာဖြစ်တဲ့ ဥတုဇရုပ်-နှစ်ခုပေါင်းဒွိဇရုပ်အား ကျေးဇူးပြုပါတယ်။ ပထမဘဝင်ရဲ့ဥပါဒ်မှာ စိတ္တဇရုပ်ဖြစ်လာလေတော့ ဒုတိယဘဝင်စိတ်ကရှေ့ဖြစ်တဲ့ ကမ္မဇ ဥတုဇ စိတ္တဇဆိုတဲ့ တိဇကာယအား ကျေးဇူးပြုပါတယ်။ အာဟာရဇရုပ်များဖြစ်လာတဲ့အခါ နောက်နောက်မှာဖြစ်ကြတဲ့ စိတ်များက ပုရေဇာတဖြစ်တဲ့ စတုသမုဋ္ဌာနိကရုပ်အား ကျေးဇူးပြုပါတယ်။

**ပစ္ဆာဇာတဝိပ္ပယုတ်**။ ။ဒီပစ္ဆာဇာတပစ္စည်းမှာ ပစ္စည်းရေ (၄) ခုရှိပါတယ်။ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းကတော့ နောက်မှဖြစ်တဲ့ပစ္စည်းနာမ် ကရှေ့ကဖြစ်နှင့်နေပြီး ဌီအခိုက်မှာတည်နေတဲ့ရုပ်များအား ပစ္ဆာဇာတသတ္တိနဲ့ ကျေးဇူးပြုလိုက်တဲ့အခါမှာ ဒီနာမ်နဲ့ ဒီရုပ်ဟာသမ္ပယုတ်များဖြစ်လေမည်လားလို့ ယုံမှားဘွယ်ရာအတွက် ပစ္ဆာဇာတဝိပ္ပယုတ္တကို ဟောပါတယ်။

**ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ**။ ။ပစ္ဆာဇာတတ္ထိ၊ပစ္ဆာဇာတအဝိဂတကို ထပ်ဟောမှုက "ပစ္စုပ္ပန္နလက္ခဏေနအတ္ထိဘာဝေန တာဒိသသေဝဓမ္မဿဥပထမ္ဘကတ္တေန ဥပကာရကောဓမ္မောအတ္ထိပစ္စယော"လို့ မိန့်လေတော့ အတ္ထိရဲ့သဘောကပစ္စည်း ပစ္စယုပ္ပန် ၂-ပါးလုံး ထင်ရှားရှိဆဲ ဖြစ်နေရပေလိမ့်မယ်။ အနာဂတ်သဘောရှိလတံ့နဲ့ မဆိုင်ပါဘူး။ ဒီတော့ မိမိပစ္စည်းမဖြစ်ပေါ်မှီက ပစ္စယုပ္ပန်ဖြစ်လတံ့ ဖြစ်တဲ့ရုပ်တို့အား တင်ကြိုပြီး ပစ္ဆာဇာတ ပစ္စည်းမတတ်နိုင်ဘူး၊ ထင်ရှားရှိနေမှသာလျှင် တတ်နိုင်လေတော့ ပစ္ဆာ

ဇာတတ္တို့ ပစ္စာဇာတ အဝိဂတကိုဟောပါတယ်၊ ပစ္စာဇာတပစ္စည်းပြီးပါပြီ။ နာနာက္ခဏိက ကမ္မပစ္စည်းရဲ့ သုဒ္ဓသင်္ချာဆိုလိုက်ကြပါဦးစို့။

ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မ

**ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌**-ကာမဝိပါက်တေဝီသနာမက္ခန္ဓာ အားတတ်သော ကာမကုသိုလ် အကုသိုလ် စေတနာဟုဆိုအပ်သော ဒုဗ္ဗလ နာနာက္ခဏိကကမ္မ။ တင္ဌတ္တာ ရုပ်အားတတ်သော ပဥ္စဝေါကာရကုသိုလ် အကုသိုလ်စေတနာ ဟုဆိုအပ်သော ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မ။ ဤတရားတို့သည် ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာဒွေ၊ပစ္စည်းရေ (၁) ဟူသည်တည်း။ သင်္ချာဒွေဟူသော်ကား ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿဟူသည် တည်း။ ပစ္စည်းရေ (၁) ဟူသော်ကား ကမ္မဟူသည်တည်း။

ပထမအချက်မှာ မဟဂ္ဂုတ်လောကုတ္တရာဖြစ်ခဲ့လို့ရှိရင် ဗလဝနာနာက္ခဏိကကမ္မဖြစ်ရပါတယ်။ ဒီတော့ဒုဗ္ဗလနာနာက္ခဏိကကမ္မလို့ဆိုတာ ပစ္စယုပ္ပန်တရားက ကာမဝိပါက်တေဝီသ ဖြစ်ပါတယ်။ပစ္စည်းကကာမကုသိုလ်အကုသိုလ်ဖြစ်ပါတယ်၊ ပြီးတော့ကဋတ္တာရုပ်အားတတ်သောကြတော့ ပဥ္စဝေါကာရဘုံမှာဖြစ်တဲ့ကုသိုလ်အကုသိုလ်စေတနာတွေဖြစ်ပါတယ်။ ပစ္စယုပ္ပန်ဘက်ကနာမ်သက်သက်ရခဲ့လို့ရှိရင် ဗလဝသက်သက်ယူထားပါတယ်။ ဒီနေရာမှာ ရုပ်တရားပစ္စယုပ္ပန်နေခြင်းကြောင့် ဗလဝနာနာက္ခဏိကကမ္မ၊ဒုဗ္ဗလနာနာက္ခဏိကကမ္မ-၂ မျိုး လုံးဘဲရပါတယ်။ ပစ္စည်းတရားမှာ ကုသိုလ်အကုသိုလ်စေတနာတွေဖြစ်ခြင်းကြောင့် ကုသိုလ် အကုသိုလ်ဘဲရပါတယ်။ ပစ္စယုပ္ပန်ကကာမဝိပါက်နဲ့ ကဋတ္တာရုပ်ဖြစ်ခြင်းကြောင့် အဗျာကတ ရပါတယ်၊ ဒါကြောင့် ကုသလောအဗျာကတဿ၊ အကုသလောအဗျာကတဿရယ်လို့ သင်္ချာဒွေဖြစ်ပါတယ်။ ပစ္စည်းရေကတော့ ဒီဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မဟာ မည်သည့် ပစ္စည်းနှင့်မှ မသက်ဆိုင်ပါဘူး၊ မဆက်ဆန်ပါဘူး။ သူ့အမျိုးသဲသာရှိပါတယ်၊ အဲဒါကြောင့် ပစ္စည်းရေဟာတစ်ဖြစ်ပါတယ်။ ပါဠိနဲ့အရကောက်ကလဲလွယ်ပါတယ်။

ကုသလော အဗျာကတဿ

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မ ပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော။

အရကောက်ကလဲ ကာမဝိပါက်တေဝီသလို့ ဆိုသဖြင့် ကာမကုသလ ဝိပါက် ၁၆ ခုရှိပါတယ်။ အကုသလ ဝိပါက်က (၇)ခုရှိပါတယ်၊ ဒါကလေး သရုပ်ခွဲရုံဘဲ၊

**ကုသလော အဗျာကတဿ၌**-ကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား ကာမကုသလ ဝိပါက် ၁၆ ခု အားတတ်သော ကာမကုသိုလ် စေတနာဟု ဆိုအပ်သော ဒုဗ္ဗလနာနာက္ခဏိက ကမ္မ။ ကဋတ္တာရုပ် အားတတ်သော ပဥ္စဝေါကာရ ကုသိုလ် စေတနာ ဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်းတရားရ၏။ ၊အဗျာကတဿ ဓမ္မဿဟူသောသမ္ပဒါန်ပုဒ်၏ အရကား ကာမကုသလ ဝိပါက် ၁၆ ခု၊စေတသိက်၊ကဋတ္တာသ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ကမ္မ ပစ္စယေနဟူသောကရိုဏ်းပုဒ်၏အရကား ဗလဝ ဒုဗ္ဗလနာနာက္ခဏိက ကမ္မသတ္တိသာရ၏။

## အကုသလော အဗျာကတဿ

အကုသလောဓမ္မော အဗျာကတဿ ဓမ္မဿကမ္မ ပစ္စယေနပစ္စယော။နာနာက္ခဏိကာ အကုသလာစေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မ ပစ္စယေနပစ္စယော၊

**အကုသလော အဗျာကတဿ၌** - အကုသလော ဓမ္မောဟူသော **ကတ္တား** ပုဒ်၏ အရကား အကုသလ ဝိပါက် ၇ ခု အားတတ်သော အကုသိုလ် စေတနာဟု ဆိုအပ်သော ဒုဗ္ဗလနာနာက္ခဏိက ကမ္မ၊ ကဋတ္တာရုပ် အားတတ်သော ပဥ္စဝေါကာရ အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလနာနာက္ခဏိက ကမ္မပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသလ ဝိပါက် ၇ ခု၊ စေတသိက်တဆယ်၊ ကဋတ္တာ ရုပ် ပစ္စယုပ္ပန်တရားရ၏။ ။ကမ္မ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကား ဗလဝ ဒုဗ္ဗလနာနာက္ခဏိက ကမ္မသတ္တိသာရ၏။

ပကတူပမျိုးတုံ က ဗလဝ နာနာက္ခဏိက ကမ္မကို မပြောခဲ့ဘူး။ ဒီမှာအားလုံးကုန် ရောပေါင်းပြီး ပြောပါမယ်။ ကမ္မပစ္စည်းမှာ ကမ္မ ၄ မျိုးရှိပါတယ်။ (၁) သဟဇာတ ကမ္မ (၂) အနန္တရ ကမ္မ (၃) ဗလဝ နာနာက္ခဏိက ကမ္မ (၄) ဗလဝ ဒုဗ္ဗလနာနာက္ခဏိက ကမ္မ ရယ်လို့ ၄ မျိုးရှိပါတယ်။ သဟဇာတ ကမ္မကို ပြောခဲ့ပါပြီ။

အနန္တရကမ္မဟာ သီးခြားပစ္စည်း အနေဖြင့် မရှိပါဘူး။ အနန္တရ ပစ္စည်းနဲ့ ကမ္မ ပစ္စည်းတို့ကို သဘာဂ ယဋနာ ပြုလုပ်ရာ၌ ရအပ်သော ပစ္စည်းဖြစ်ပါတယ်။ ဒီပစ္စည်းဟာ မဂ်လေးခုမှာရှိတဲ့ စေတနာဖြစ်၍ ဖိုလ်လေးခုအား ခဏတ္တယ မခြားဘဲ အခါမလင့် ချက်ခြင်း ယခုဘဝမှာ အကျိုးပေးတဲ့ တရားဖြစ်ပါတယ်။ တရားဂုဏ်တော်များမှာ အကာလိက ဂုဏ်တော်ဖြစ်ကြောင်း ပြောခဲ့ပါပြီ။

## အဓိပ္ပါယ်

**နာနာက္ခဏိကကမ္မ** ကတော့ အနန္တရကမ္မ - ဗလဝနာနာက္ခဏိကကမ္မ - ဗလဝ ဒုဗ္ဗလနာနာက္ခဏိကကမ္မသုံးမျိုးကိုပေါင်းပြီး သာမညအားဖြင့် ပါဠိတော်မှာ နာနာက္ခဏိက ကမ္မလို့ဟောပါတယ်။ ဒီမှာတော့မျိုးအားဖြင့်ကွဲပြားအောင် ပြထားတာဖြစ်ပါတယ်။ ဗလဝနာနာက္ခဏိကကမ္မက ပကတူပမျိုးဖြစ်ပါတယ်။ ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မကတော့ ဘယ်မျိုးနဲ့မှမရောဘဲ သီးခြားမျိုးအနေအားဖြင့်ဖြစ်ပါတယ်။ ဒီဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မရဲ့ဘယ်မျိုးနဲ့မှမရောကြောင်းကို ဝေဒနာတိက်မှာ "နဟေတုပစ္စယာ နာရမ္မဏပစ္စယာ ၊ပ၊ နဥပနိဿယေအဋ္ဌာတိ နဟေတုပစ္စယာ နာရမ္မဏပစ္စယာ။ ပ၊ နဥပနိဿယေအဋ္ဌာတိ ဧဝံ သမ္ပိတွာ ဥဒ္ဒရတိ။ နာနာက္ခဏိကကမ္မ ပစ္စယဝသေန ဝေဒိတဗ္ဗာတိ ဣဒံ ဒုက္ခာယ ဝေဒနာယသမ္ပယုတ္တော သုခါယ ဝေဒနာယသမ္ပယုတ္တဿာတိ ဧတံ ဝဇ္ဇေတွာ အဝသေသေသု အဋ္ဌသုပိနာနာက္ခဏိကကမ္မ ပစ္စယသင်္ခံ သန္ဓာယ ဝုတ္တံ" လို့မူလဋီကာကပြလေတော့ သင်္ချာ ၉-ချက်ရှိတဲ့အနက်က (ဒု ပ) ကိုပယ်ပြီး ကျန်တဲ့သင်္ချာအဋ္ဌဟာ ဥပနိဿယစသည်နဲ့မဆိုင်ဘဲ ဒီဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မနဲ့သာဆိုင်ပါတယ်။ ဒီတော့ ဒီဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မဟာသီးခြားမျိုးဖြစ်ကြောင်း ထင်ရှားပါတယ်။

**နာနာက္ခဏိကကမ္မ။** ။နာနာက္ခဏိကကမ္မဆိုတာ ခဏမဟုတ် (နာနာဆိုတာခဏ မဟုတ်ဘူး) ထူးခြားလေတော့ အသီးအခြားသော ခဏမှာဖြစ်တဲ့စေတနာဟာ နာနာက္ခဏိက ကမ္မမည်ပါတယ်။ ရေမြေစတဲ့ အထောက်အပံ့ကိုရတဲ့ မျိုးစေ့ဟာ သစ်ပင်ကြီးကိုဖြစ်စေနိုင် သလို ဒီနာနာက္ခဏိကကမ္မစေတနာကလဲ ဂတိ ကာလ ဥပဓိ ပယောဂဆိုတဲ့အကြောင်း အ ထောက်အပံ့ကိုရရင် (၃၁)ဘုံမှာ အမျိုးမျိုးကြီးကျယ်တဲ့ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ကို ၎င်း၊ နာနတ္တကာယ, နာနတ္တသညီစတဲ့ ဘာကိုးပါးကို၎င်း၊ ဇလာဗုဇစတဲ့ ပဋိသန္ဓေလေး မျိုးကို၎င်းဖြစ်စေနိုင်ပါတယ်။ (၃၁)ဘုံမှာ သတ္တဝါတွေဖြစ်ရခြင်း,ဖြင်ရမှုသည် နာနာက္ခဏိ ကကမ္မရဲ့သတ္တိဖြစ်ပါတယ်။

**စေတနာ ၂-ကိစ္စကတ်ပုံ။** ။စေတနာရယ်လို့ဖြစ်လာရင် ကိစ္စနှစ်ပါးကို အမြဲ ဆောင်ရွက်လျက်သာဖြစ်ပေါ်လာပါတယ်။ ကိစ္စနှစ်ပါးကမိမိနဲ့အတူဘက်ဖြစ်တဲ့ သဟဇာတ် တရားတွေကို စီရင်နှိုးဆော်ခြင်း သဟဇာတကမ္မကိစ္စ၊ နောင်အနာဂတ်ကာလမှာအကျိုး ဝိပါက်နဲ့ ကမ္မဇရုပ်များကိုဖြစ်ပေါ်စေခြင်း၄ါ မျိုးထားတဲ့ နာနာက္ခဏိကကမ္မကိစ္စ ၂-ပါးကို ဆောင်ရွက်ပါတယ်။

ဒီနှစ်ပါးမှာ မျိုးထားတဲ့ကိစ္စကိုတော့ ကုသိုလ်အကုသိုလ်စိတ်များမှာသာရပါတယ်။ ဒါကြောင့် နာနာက္ခဏိကကမ္မမှာ ကုသိုလ်အကုသိုလ်စေတနာရယ်လို့ ဆိုပါတယ်။ ဒီမျိုး ထားတဲ့ကိစ္စကို ဆောင်ရွက်တဲ့ ကုသိုလ်အကုသိုလ်စေတနာ(၃၃)ပါးကိုဘဲ နာနာက္ခဏိက ကမ္မရယ်လို့ခေါ်ရတယ်။ သဟဇာတ်တရားတွေကို စီရင်ခြင်းစေ့ဆော်ခြင်းကိစ္စကို ဆောင် ရွက်တဲ့ သဟဇာတကမ္မစေတနာကိုတော့ စိတ်(၈၉)မှာ ရအပ်ပါတယ်။ ကုသိုလ် အကုသိုလ် တို့မှာယှဉ်တဲ့ စေတနာသာ အထက်ပါကိစ္စနှစ်ပါးစုံကို ဆောင်ရွက်နိုင်ပါတယ်။ ဝိပါက် ကြိယာစိတ်များမှာယှဉ်တဲ့ စေတနာကတော့ သဟဇာတ်တရားတွေကို စီရင်နှိုးဆော်ခြင်း တစ်ကိစ္စကိုသာ ဆောင်ရွက်နိုင်ပါတယ်။

**ဥပမာ** ဆီမီးကို တကြိမ်ထွန်းလိုက်ရင် အမိုက်မှောင်လဲ ပျောက်တယ် အလင်း ရောင်လဲရောက်သလို ၂-ကိစ္စ တပြိုင်နက်, ပြီးစေသလိုဖြစ်ပါတယ်။ တနည်းအားဖြင့် ထင် ရှားအောင် ခပ်ကြမ်းကြမ်း ခပ်ရိုင်းရိုင်းပြောရရင် မိန်းမနဲ့ယောက်ျားတို့ ပေါင်းဖေါ် မှီး ဝေးခြင်းဟာ ကာမချမ်းသာကို ခံစားခြင်းကိစ္စ၊ နောင်အခါ သားသမီး ဖြစ်ပွားစေရန် သားအိမ်အတွင်း၌ မျိုးစေ့ထားခြင်းကိစ္စ ၂-ပါးကို ပြီးစေတာနဲ့တူပါတယ်။

**သတ္တိကျန်လို့ အကျိုးပေးပုံ။** ။ဒီလိုစေတနာကလေးပေါ်လာလိုက်တော့ သူ့ကို ရဲ့ သက်တန်းက ဥပါဒ်ဌီဘင်ဘဲရှိတယ်။ ဒီတော့ ဘာကျန်ရစ်ခဲ့သလဲ?၊ သတ္တိကျန်ခဲ့တယ်။ ဒီနာနာက္ခဏိက ကုသိုလ်အကုသိုလ်စေတနာက ခဏတွယ်ပြည့်တာနဲ့ တပြိုင်နက် နာမ် တရားတို့ရဲ့ သက်တမ်းအား လျော်စွာချုပ်သွားပေမဲ့ ဘာမျှမကျန်ရစ်အောင် အပြီးတိုင် ချုပ်တာမဟုတ်ပါဘူး။ မိမိဖြစ်ရာ စိတ်သန္တာန်မှာ နောင်အကြောင်းပြည့်စုံတဲ့အခါ ထိုက် သင့်တဲ့အကျိုးကိုဖြစ်စေရန် သတ္တိထူးကို ထားခဲ့ပါတယ်။ ဒီသတ္တိထူး ထင်ရှားရှိမှုကြောင့်

သာ အကျိုးတရားများ ပေါ်လာရပါတယ်။ ဒီသတ္တိထူးမှာ ဥပါဒ်ဌီဘင်ရယ်လို့ ထင်ရှား မနိုပေမဲ့ အနုသယခေတ်များလို ဝါသနာခေတ်များလို ထင်ရှားရှိနေပါတယ်။ ဝါသနာဆိုတာ အမြဲလိုက်ပါတယ်။ ရဟန္တာဖြစ်တာတောင် လိုက်ပါတယ်၊ ရှင်သာရိပုတ္တရာတို့ ရှေးဘဝက မျောက်ဖြစ်ခဲ့လို မြောင်းကလေးခုန်တာဟာ ဝါသနာရဲ့ သတ္တိဖြစ်ပါတယ်။ အဲဒီတော့ ဒီဝါသနာဆိုတာ ဘာလဲလို့ဆိုတော့ ဝါသနာအကြောင်းကို ဋီကာမဇ္ဈူက "ဝါသနာနာမ ကိလေသ သတ္တိ"။ ဝါသနာဆိုတာ ကိလေသာရဲ့သတ္တိကိုခေါ်တယ်၊ ကိလေသာလဲ မဟုတ်ပါဘူး၊ ဝါသနာမှာ ကိလေသာမရှိဘူး။ ဒီဝါသနာကိုပယ်မှုဆိုတာမြတ်စွာ ဘုရားများသာ ပယ်နိုင်ပါတယ်၊ ရဟန္တာတွေတောင် မပယ်နိုင်ပါဘူး။ ဒီနာနာက္ခဏိက ကမ္မသတ္တိထူးဟာ ဥပါဒ်ဌီဘင်ရယ်လို့ ထင်ရှားမရှိပေမဲ့ အနုသယခေတ်များလို ဝါသနာခေတ်များ ထင်ရှားရှိနေပါတယ်၊ အနုသယခေတ်ကို ပညတ်လို့ မဆိုရသလို ဒီနာနာက္ခဏိက ကမ္မပစ္စည်းရဲ့သတ္တိကိုလဲ ပညတ်လို့မဆိုရပါဘူး။ ပရမတ္ထတရားတို့ရဲ့ သတ္တိထူးသာဖြစ်ပါတယ်။ ဥပမာအားဖြင့် ယခု အထက်တန်းသို့ရောက်နေတဲ့ ကျောင်းသားတယောက်ရဲ့ သန္တာန်မှာ ငယ်ငယ်လေးတုံးက သင်ကြားထားခဲ့တာတွေ သူ့ခန္ဓာမှာ စွဲမြဲနေသလားဆိုတော့ မစွဲမြဲတဲ့အပြင် အချို့ကိုမှတ်တောင်မှတ်မိမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ငယ်ငယ်ကသင်ကြားမှုကြောင့်သာ ကြီးလာတဲ့အခါမှာ အသိဉာဏ်ပညာတိုးတက်ရလေတော့ ချုပ်ကွယ်ပြီးဖြစ်တဲ့ အတတ်ပညာက နောက်ထပ်သင်ကြားတဲ့ အတတ်ပညာကို ကျေးဇူးပြုပါတယ်။

ဥပမာတနည်းအားဖြင့် လူတယောက်က တပါးသောလူတယောက်ထံမှာ ငွေချေးတယ်။ ဒီငွေချေးမှုဟာ ငွေရလျှင် ရခြင်း ချုပ်ပျောက်သွားပါယယ်။ ဒါပေမဲ့ ငွေချေးထားမှုကြောင့် ဒီငွေကို လ, နှစ် အပိုင်းအခြားအတိုင်း ပြန်ဆပ်ရမဲ့အကြောင်းကတော့ ရှိနေပါတယ်။ ဒီအကြောင်း ထင်ရှားရှိနေတော့ သူ့ကြွေးကို ပြန်မဆပ်ဘဲ မနေရဘူး။ အမြဲပြန်ဆပ်ရမဲ့သဘော သက်ရောက်နေပါတယ်။ ကြွေးကို ပြန်ဆပ်လိုက်တဲ့အခါ ကြွေးယူခြင်း ကြိယာရှိမှုမရှိမှုဟာ ပမာနမဟုတ်တော့ဘူး။ ကြွေးကိုပြေအောင်ဆပ်ပြီးမှသာ ကြွေးတာဝန်မရှိဘဲဖြင်မယ်။

ထို့အတူ မိမိပြုလိုက်တဲ့ကံဟာ နောင်အကြောင်းညီညွတ်ရင် အကျိုးပေးရန် နာနာက္ခဏိက ကမ္မသတ္တိထူးကိုထားခဲ့ပြီး ချုပ်သွားပါတယ်။ အကျိုးမပေးသေးသမျှ ကံကြွေး ဝဋ်ကြွေး တင်နေတယ်လို့ ဆိုရတယ်။ ဒီကံကြွေး ဝဋ်ကြွေးရှိနေတော့ အကျိုးမပေးဘဲမနေရဘူး။ အကျိုးပေးရမည်သာ ဖြစ်ပါတယ်။ အကျိုးပေးတဲ့အခါ မူလကပြုခဲ့တဲ့ ကံရှိမှု မရှိမှုမှာ လိုရင်းပမာန မဟုတ်ဘူး။ အကျိုးပေးပြီးတဲ့အခါမှာတော့ ကံကြွေး ဝဋ်ကြွေးပြေလည်သွားပြီး ဒီကံအတွက်နဲ့ နောက်ထပ်အကျိုးမဖြစ်တော့ဘူး၊ အကျိုးပေးခွင့်မရသို့ အဟောသိကံဖြစ်တဲ့အခါများမှာလဲ စေတနာရဲ့သတ္တိမရှိတော့ပါဘူး။

**နာနာက္ခဏိက အကျိုးပေးပုံ။** ။အချို့နာနာက္ခဏိက စေတနာဟာ ပစ္စက္ခဘဝမှာ အကျိုးပေးပါတယ်။ အချို့ ဒုတိယဘဝမှာ အကျိုးပေးပါတယ်။ အချို့ တတိယဘဝကစ၍

နိဗ္ဗာန်မရမီ အကြားမှာ အကြောင်းညီညွတ်လို့ အကျိုးပေးခွင့်ရရင် အကျိုးပေးပါတယ်။ ဒီစေတနာဟာ လေးသချေင်္ျနဲ့ ကမ္ဘာတသိန်း ကွာခြားနေပေမဲ့ အကျိုးပေးခွင့်ရရင် အကျိုးပေးပါတယ်။ ပဋိသန္ဓေ၊ ပဝတ္တိ နှစ်မျိုးလုံးမှာပင် အကျိုးပေးပါတယ်။

**သတ္တဝါတို့ ဤ၁စ္စည်းမှဖြစ်ပုံ။** ။သတ္တဝါတွေဟာ ဒီကမ္မပစ္စည်းက ဖြစ်ရပါတယ်။ မျိုးစေ့အမျိုးမျိုးကြောင့် သစ်ပင်အမျိုးမျိုး ပေါက်ကြသလို သံသရာမှာ သတ္တဝါ အနန္တတို့နဲ့ တကွ သတ္တဝါတို့ရဲ့ဖြစ်ရာ ဌာနဘုံဘဝတွေဟာ ဒီပစ္စည်းက ဖြစ်လာကြပါတယ်။ သတ္တဝါတွေရဲ့ ဆင်းရဲချမ်းသာခံစားမှုနဲ့ ဘုံဗိမာန် ရေမြေဘောဂတောင် စသည်တွေဟာ ဒီပစ္စည်းရဲ့ အကျိုးဆက်များ ဖြစ်ကြပါတယ်။

**မိစ္ဆာဝါဒဖြစ်ပုံ။** ။ဒီပစ္စည်းကို အယူမရှိ ငြင်းပယ်ရင် 'အဘ္တိဒိန္နံ' စတဲ့ သမ္မာအယူ ဆယ်ပါးကလွှတ်ပြီး နိယတမိစ္ဆာဒိဋ္ဌိနဲ့ ဂူသယရန်မွှာန ဝါဒသက်ဝင်ခါ သံသရာမှာ ခွေးဝက်များလို နောက်ဘဝ၌ ကုသိုလ် အကုသိုလ်ကိုရင်း သုဂတိ ဒုဂ္ဂတိကိုရင်း မသိသူများ ဖြစ်ရပါလိမ့်မယ်။

**နာနာက္ခဏိက ကမ္မအကျိုးပေး ဆန်းကျယ်ပုံ။** ။ရုပ်နာမ် တရားများဟာ အစဉ်မပြတ် ဆက်စပ်၍ ဖြစ်ပျက်ရာအတွက် နေရာတခုခုမှာ စုပေါင်းပြီးတည်နေကြတာ မဟုတ်ပါဘူး။ မီးချစ်ဆံနဲ့ ယမ်းထိမိရာတွင် မီးပေါ်လာသလို အာရုံနဲ့ ဝတ္ထုတို့ ပေါင်းဆုံမိတဲ့ အခါ စိတ်စေတသိက်တရားတွေ ပေါ်ပေါက်လာပြီး ချက်ခြင်း ခဏတွင်ယခဲ့တဲ့အခါ ချုပ်ပျက်ကြပါတယ်။ ဒီပစ္စည်းမှာလဲပြုခဲ့ပြီး ပရမတ္ထစေတနာ အစစ်ချုပ်ပြီး ဖြစ်ပါလျက် ကမ္ဘာ အသင်္ချေ ကုန်ဆုံးလေသည်ဘိုင်အောင် ကျေပျက်မှုမရှိဘဲ တဏှာမာန ဒိဋ္ဌိတွေနှောင်ဖွဲ့နေတဲ့ သတ္တဝါတွေရဲ့ သန္တာန်မှာမိုးပေါ်ကျ အလေ့ပေါက်များလို မည်သူတဦး တယောက် ကမျှ မမြင်ရဘဲ ယုတ်တရက်လာ၍ အကျိုးပေးသဖြင့် ၎င်းရဲ့သတ္တိဟာ လွန်စွာ ဆန်းကျယ်လှပါတယ်။ ဆင်းရဲလှတဲ့ပုဂ္ဂိုလ်များ ယုတ်တရက် ထီပေါက်လာလို့ ချမ်းသာလာပုံ၊ သမ္ဘာဝန်ကြီးချုပ်စတဲ့ ပုဂ္ဂိုလ်များ အသတ်ခံရမှု ထောင်ထဲရောက်မှု စသည် ဒိဋ္ဌင့်ထင်ရှားပါတယ်။

ဗလဝ နာနာက္ခဏိက ကမ္မမှာ ပကတူပနိဿယမျိုး ဖြစ်လေတော့ ၎င်းရဲ့ပစ္စယုပ္ပန်တရားမှာ ပကတူပနိဿယ သဘောအတိုင်း ရုပ်တရားများကို မရပါဘူး၊ ကျေးဇူးပြုတဲ့နေရာမှာတော့ လွန်စွာအားကောင်းပါတယ်။

ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်းမှာတော့ ဗလဝရော ဒုဗ္ဗလရော ၂-မျိုးလုံး ဆက်ဆံပါတယ်။ ကာမကုသိုလ် အကုသိုလ်စေတနာက ကာမဝိပါက်များကို ကျေးဇူးပြုရာမှာ ဗလဝဖြစ်ရင် ဗလဝနာနာက္ခဏိက ကမ္မသို့ ဝင်ပါတယ်။ ဒုဗ္ဗလဖြစ်ရင် ဒီပစ္စည်းမှာဝင်ပါတယ်။ မဟဂ္ဂုတ် လောကုတ္တရာ စေတနာများမှာတော့ ဒုဗ္ဗလမရှိ ဗလသာ ချည်းသာဖြစ်ကြပါတယ်။ ပဉ္စဝေါကာရ ကုသိုလ် အကုသိုလ် စေတနာက ကမ္မဇရုပ်များကို ကျေးဇူးပြုရာမှာ ကာမစေတနာဖြစ်ရင် ဗလဝဒုဗ္ဗလနှစ်မျိုးလုံး ရပါတယ်။ ရူပစေတနာဖြစ်ရင်တော့ ဗလဝသာဖြစ်ပါတယ်။

တပည့်တော်တို့ သုဒ္ဓသချာ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်းမှာ ကင္ခတ္တာ ရုပ် အားတတ်သော ပဉ္စဝေါကာရ ကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလနာနာက္ခဏိက ကမ္မရယ်လို့ အရကောက် အားလျော်စွာ ရေးထားပါတယ်။ ပစ္စယုပ္ပန်မှာ နာမ်မပါခဲ့ပါဘူး။ ဒါပေမဲ့ ပရိတ္တတိက် ပစ္စယုဒ္ဒါရမှာ"မဟဂ္ဂတော ဓမ္မော ပရိတ္တဿစ မဟဂ္ဂတဿစ ဓမ္မဿ သဟဇာတ ပစ္စယေနပစ္စယော၊ ကမ္မ ပစ္စယေန ပစ္စယော"ဟူ၍၎င်း၊ "နာနာက္ခဏိကာ မဟဂ္ဂတာ စေတနာ ဝိပါကာနံ မဟဂ္ဂတာနံ ခန္ဓာနံ ကင္ခတ္တာစ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော"ဟူ၍၎င်း ဟောလေတော့ မျိုးကမ္မမှာ ဗလဝဖြစ်တဲ့ မဟဂ္ဂုတ်စေတနာဟာ နာမ်ရုပ်နှစ်ပါးလုံးအား ကမ္မပစ္စည်းတဘ်ကြောင်း သိရပါတယ်။ မဟဂ္ဂုတ် စေတနာ ဆိုပေမဲ့ နာမ်ရုပ်နှစ်ပါး ပစ္စယုပ္ပန်ဖြစ်လေတော့ ရူပစေတနာကိုသာ ယူရပါလိမ့်မယ်။

ဒီကံများနဲ့ ပတ်သက်လို့ ဝိသုဒ္ဓိမဂ် ကာလဝိတရဏ ဝိသုဒ္ဓိမှာ ဋ္ဌေဓမ္မဝေဒနီယစတဲ့ ကံ ၄ မျိုး, ဂရုကံစတဲ့ ကံ ၄ မျိုး,ဇနက ကံစတဲ့ ၄ မျိုးလို့ ကံ(၁၂)မျိုးနဲ့ ၎င်းတို့ရဲ့ အကျိုးဝိပါက်များကို ပြပါတယ်။ ဒီကံ (၁၂) မျိုးကို သင်္ဂြိုဟ်ကလဲ ပြလေတော့ ဒီမှာ အကျယ် မပြောတော့ပါဘူး။ ဒီကံ(၁၂) မျိုးတို့ရဲ့ ကံ၏အားရှိမှု အားမရှိမှုဆိုတဲ့ အထူး,ဝိပါက်တို့ရဲ့ ယုတ်မှု မြတ်မှုစတဲ့ အထူးကတော့ မြတ်စွာဘုရားများရဲ့ ကံထူး ဝိပါက်ထူးကို သိတဲ့ ဉာဏ်မှာသာ မဖေါက်မပြန် ဟုတ်မှန်တဲ့ ကိစ္စအားဖြင့် ထင်ရှားပါတယ်။ သာဝကအပေါင်းနဲ့ မဆက်ဆံပါဘူး။

ထိုမှတပါး ကမ္ဘာလောကမှာ ရှိကြတဲ့လူတွေကို ကြည့်လိုက်ရင် လူချင်းအတူတူဖြစ်ကြပါလျက် အဆင့်အတန်း မတူကြဘဲ အမျိုးမျိုး အဖုံဖုံဖြစ်နေတာကို မျက်မြင် တွေ့ကြပါလိမ့်မယ်။ ဘာကြောင့် ဒီလိုအဆင့်အတန်း ကွဲပြားနေရသလဲလို့ ဥပရိပဏ္ဏာသ စူဠကမ္မဝိဘင်္ဂသုတ်မှာ သုဘလုလင်က မြတ်စွာဘုရားအား လျှောက်ထားသည်မှာ "မြတ်စွာဘုရား၊ လူအချင်းချင်း အတူတူဖြစ်ကြပါလျက် တချို့အသက်တိုတယ်၊ တချို့အသက်ရှည်တယ်။ တချို့အနာရောဂါများတယ်၊ တချို့အနာရောဂါကင်းတယ်၊ တချို့အဆင်းမလှဘူး တချို့အဆင်းလှတယ်၊ တချို့ အခြံအရံမရှိဘူး၊ တချို့အခြံအရံပေါတယ်။ တချို့ စီးစိမ်ဥစ္စာနည်းတယ်၊ တချို့ စီးစိမ်ဥစ္စာများတယ်၊ တချို့ယုတ်တယ်၊ တချို့ မြတ်တယ်။ တချို့ပညာမဲ့တယ်၊ တချို့ပညာရှိတယ်၊ ဒါတွေဟာ အကြောင်းဘာပါလဲလို့ လျှောက်တော့ ဘုရားရှင်က"လုလင်၊သတ္တဝါတွေဟာ ကံသာလျှင် ဥစ္စာရှိကြတယ်။ ကံရဲ့အမွေကို ခံကြရတယ်။ကံသာ အကြောင်းရှိတယ်။ ကံသာဆွေမျိုးရှိတယ်။ ကံသာမှီခိုရာရှိတယ်။ သတ္တဝါတွေကို အယုတ် အမြတ်ဖြစ်အောင် ကံသာ ဝေဘန်တယ်"လို့ အကျဉ်းအားဖြင့် ဟောပါတယ်။ ဒီအကျဉ်းကို နားမလည်ကြောင်း လျှောက်ထားတော့ အကျယ်ဟောပြန်တယ်။ အကျယ်ကိုတော့ အဲဒီသုတ်မှာဘဲ ကြည့်ကြပါတော့။ မဟာကမ္မဝိဘင်္ဂသုတ်မှာလဲ ကံတွေကို ဝေဘန်ဘာဘဲ။ ထိုမှတပါး များပြားလှစွာသော သုတ္တန်ဝိနည်းအဘိဓမ္မာများမှာ ဒီကံနဲ့စပ်ပြီး ဟောထားတာတွေများစွာ ရှိပါတယ်။

တလောကလုံးရှိ သတ္တဝါတွေရဲ့ သန္တာန်မှာ မိနစ်စဉ် နာရီစဉ် နေ့စဉ်နဲ့ အမျှ ပြုလုပ်ပြောဆို ကြံစီနေကြတဲ့ အမှုအရာများဟာ ဒီကံဆိုတဲ့ စေတနာများသာ ဖြစ်ကြပါတယ်၊ စေတနာနဲ့ကင်းလို့ မည်သည့် အပြုအမူမျိုးကိုမှ ဖြစ်မြောက်အောင် မပြုလုပ်နိုင်ကြပါဘူး။

ဒီကုသိုလ် အကုသိုလ်ကံဟာ မိမိဖြစ်ဆဲခဏမှာ အကျိုးမပေးနိုင်သေးဘူး။ ဖြစ်ဆဲခဏမှာ အကျိုးပေးရမယ်ဆိုရင် လူဘယောက်က နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကို ပြုတဲ့အခါ ကုသိုလ်ရဲ့ အာနုဘော်ကြောင့် ဒီကံကို ပြုဆဲခဏမှာပင် ဒီလူဟာ နတ်မင်းကြီးဖြစ်ရပေလိမ့်မယ်။ ဒီလိုမဖြစ်နိုင်ပါဘူး။ ဒီကံကိုပြုပြီးတဲ့ခဏမှ တပါးသောခဏမှာသာ ချုပ်လေပြီး ဖြစ်၍ ထင်ရှားမရှိပေမဲ့ ပြုခဲ့ဘူးလေတော့ ယခုပစ္စုပ္ပန်ဘဝရဲ့ အခြားမဲ့ ဒုတိယဘဝ တတိယဘဝကစ၍ ဘဝအဆက်ဆက်တွေမှာ ကံမှကြွင်းတဲ့ တပါးသော အကြောင်းတွေနဲ့ ပေါင်းဆုံးမိတဲ့အခါ အကျိုးပေးနိုင်တယ်လို့ အဋ္ဌကထာက ပြဆိုပါတယ်။

ယခုဗလဝ ဒုဗ္ဗလနာနာက္ခဏိက ကမ္မကိုဆိုခဲ့ပါတယ်။ အရကောက်က အကျဉ်းဘဲရှိပါသေးတယ်။ နောက်အပတ်ကြရင် ဒီနာနာက္ခဏိက ကမ္မဇယားရဲ့ အကျယ်တနည်းကားကို ထပ်ပြီးဆိုရလိမ့်မယ်။ တနည်းကားအရကိုလဲ ထပ်မံပြီး အဓိပ္ပါယ် ပြောပြပါဦးမယ်။ တော်ကြပါစို့။

သာဓု .... သာဓု ... သာဓု ....။

# ၁၃၂၉-ခု၊ နတ်တော်လဆန်း (၁၃) ရက်
# ၁၉၆၇-ခု ဒီဇင်ဘာလ (၁၄) ရက်၊ ကြာသပတေးနေ့
# ပဋ္ဌာန်းကုသလတိက် ပဥှာဝါရဝိဘင်္ဂကို (၂၂) ကြိမ်မြောက်ပို့ချခြင်း

## နာနာက္ခဏိကကမ္မ တနည်းကားအရကောက်

နာနာက္ခဏိကကမ္မတနည်းကား အရကောက်ကိုစာမျက်နှာ (ဟ) ကြည့်လိုက်ပါ။ ကုသိုလ် အကုသိုလ်ပေါင်းပြီး ဇယားရှိတဲ့အတိုင်းဘဲ ဆိုလိုက်ပါတော့။ ဗလဝနာနာက္ခဏိကကမ္မလို့ဆိုရင် ရပ်တွေမပါပါဘူး။ ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မမှာဆိုရင် ရပ်တွေပါပါတယ်။ ဒီဇယားကနာနာက္ခဏိကကမ္မ သာမညဇယားဖြစ်ပါတယ်။

အကုသလဝိပါက်(၇)ခုနာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်အားတတ်သော အကုသိုလ်ဒွါဒသစေတနာ။ အဟိတ်ကုသလဝိပါက် (၈) ခု၊ မဟာဝိပါက် (၈) ခု နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်အားတတ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ။ အဟိတ်ကုသလဝိပါက် (၈) ခု၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ခု နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်အားတတ်သော တိဟိတ်ဩမကဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်စေတနာ။ အဟိတ်ကုသလဝိပါက် (၈) ခု နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်အားတတ်သော ဒွိဟိတ်ဩမကမဟာကုသိုလ်စေတနာ။ ပဌမဈာန်ဝိပါက် နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်အားတတ်သော ရူပပဌမဈာန်ကုသိုလ်စေတနာ။ ဒုတိယဈာန်ဝိပါက် နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်အားတတ်သော ရူပဒုတိယဈာန်ကုသိုလ်စေတနာ။ တတိယဈာန်ဝိပါက်နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် အားတတ်သော ရူပတတိယဈာန် ကုသိုလ်စေတနာ။ စတုတ္ထဈာန်ဝိပါက် နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် အားတတ်သော ရူပ စတုတ္ထဈာန် ကုသိုလ်စေတနာ။ ပဉ္စမဈာန်ဝိပါက်နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်အားတတ်သော ရူပပဉ္စမဈာန်ကုသိုလ်စေတနာ။ (အရူပနဲ့လောကုတ္တရာမှာ ရုပ်တွေမရပါဘူး) အာကာသာနဉ္စာယတန ဝိပါက်နာမက္ခန္ဓာ အားတတ်သော အာကာသာနဉ္စာယတန ကုသိုလ်စေတနာ။ ဝိညာဏဉ္စာယတနဝိပါက် နာမက္ခန္ဓာအားတတ်သော ဝိညာဏဉ္စာယတနကုသိုလ်စေတနာ။ အာကိဉ္စညာယတနဝိပါက် နာမက္ခန္ဓာအားတတ်သော အာကိဉ္စညာယတန ကုသိုလ်စေတနာ။ နေဝသညာနာသညာယတန ဝိပါက်နာမက္ခန္ဓာအားတတ်သော နေဝသညာနာသညာယတနကုသိုလ်စေတနာ။ သောတာပတ္တိဖိုလ်နာမက္ခန္ဓာအားတတ်သော သောတာပတ္တိမဂ်စေတနာ။ သကဒါဂါမိဖိုလ် နာမက္ခန္ဓာအားတတ်သော သကဒါဂါမိမဂ်စေတနာ။ အနာဂါမိဖိုလ်နာမက္ခန္ဓာအားတတ်သော အနာဂါမိမဂ်စေတနာ။ အရဟတ္တဖိုလ်နာမက္ခန္ဓာအားတတ်သော အရဟတ္တမဂ်စေတနာပစ္စည်းတရားရ၏။

အဗျာကတတာဃမ္မေသဟူသော **သမ္ဗဒါန်** ပုဒ်၏အရကား (အားလုံး ကုန်ပေါင်းလိုက်ရင်) ဝိပါက်စိတ်ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ် ပစ္စယုပ္ပန်တရားရ၏။

က. ရိုက်းကြတော့ မင်တွေပါပါနေသဖြင့် ယထာရဟ(၆)ပစ္စည်းရပါတယ်။

ကမ္မပစ္စယေနဟူသော **ကရိုဏ်း**ပါဌ်၏အရကား တပြိုင်နက်ယထာရဟ ဘဲ်ကောင်းသောအနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ-ဤ(၆)ပစ္စယသတ္တိတို့တွင် နာနက္ခဏိကကမ္မသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အရကောက် အဓိပ္ပါယ်

ဒီနာနာက္ခဏိက ကမ္မမှာ အကုသလဝိပါက် (၇)ခု နာမက္ခန္ဓာ၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိ ကမ္မဇရုပ် အားတတ်သော အကုသိုလ် ဒွါဒသစေတနာလို့ ဆိုတာက ပဝတ္တိ ပဋိသန္ဓေရောပြီး ကောက်ထားတဲ့ အကောက်ဖြစ်ပါတယ်။ ဒါပေမဲ့ ဥဒ္ဓစ္စစေတနာက ပဋိသန္ဓေကျိုးမပေးပါဘူး။ အဓိမောက္ခနဲ့ မယှဉ်ရတဲ့အတွက် အားနည်းတဲ့ ဝိစိကိစ္ဆာ သဟဂုတ်စိတ်က ပဋိသန္ဓေကျိုးကို ဆွဲငင်ဆောင်ယူနိုင်ပါလျက် အဓိမောက္ခနဲ့ ယှဉ်ရလို့ အားရှိတဲ့ ဥဒ္ဓစ္စသဟဂုတ်စိတ်က ဘာကြောင့် ပဋိသန္ဓေကျိုးကို မပေးနိုင်ရသလဲ?။

ဒဿနတိက် သောတာပတ္တိမဂ် ပယ်ထိုက်တဲ့ တရားမှာ မပါဝင်လို့ မပေးနိုင်ပါဘူး။ ဥဒ္ဓစ္စစေတနာဟာ အကုသိုလ် စေတနာဖြစ်လေတော့ ပဋိသန္ဓေကျိုးကိုပေးရင် အပါယ်ဘုံမှာ ပေးရလိမ့်မယ်။ ဒီဥဒ္ဓစ္စစေတနာကို သောတာပတ္တိမဂ် မပယ်ရသေးလေတော့ သောတာပန်များ အပါယ်ကျရမလို ဖြစ်နေပါတယ်။ "စတုဟာ ပါယေဟိ စ ဝိပ္ပမုတ္တော" အရ သောတာပန် အပါယ်မကျနိုင်လို့ အဋ္ဌသာလိနီက ပြပါတယ်။ ပဋ္ဌာန်း ဒဿနတိက် ဥဒ္ဓစ္စ ပါတဲ့ (ဒု-တ)မှာ "ဘာဝနာယ ပဟာတဗ္ဗာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော"လို့ သဟဇာတ ကမ္မကိုသာ ဟောပါတယ်။ နာနာက္ခဏိက ကမ္မကို မဟောပါဘူး။ ဒါဖြင့်ရင် ဒီဥဒ္ဓစ္စဟာ ဘယ်အခါမှာ အကျိုးပေးမလဲ?။ ပဝတ္တိတော့အကျိုး ပေးပါလိမ့်မယ်။

**ဥဒ္ဓစ္စ ပဝတ္တိ အကျိုးပေးပုံ။** ။အကျိုးပေးပုံကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ- "ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စ သမ္ပယုတ္တံ။ ပ။ ဣမေသု ဓမ္မေသုဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ တေသံ ဝိပါကေဉာဏံ အတ္ထ ပဋိသမ္ဘိဒါ" လို့ ဟောတော့ ဥဒ္ဓစ္စ စေတနာဟာ ပဝတ္တိကျိုးကို ပေးနိုင်ပါတယ်။

**မဟာကုသိုလ်။** ။ပြီးတော့ မဟာကုသိုလ် စေတနာ အကျိုးပေးပုံ ပြောပြပါမယ်၊ မဟာကုသိုလ်ကံ (၈)ခုဟာ ပဋိသန္ဓေအခါ ကာမသုဂတိ(၇)ဘုံမှာ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ-၁၊ မဟာဝိပါက်(၈)လို့ ပဋိသန္ဓေကျိုး(၉)ပါးနှင့် ပဋိသန္ဓေကမ္မဇရုပ် ဆိုတဲ့ အကျိုးကို ဖြစ်စေပါတယ်။ တဖန်ပဝတ္တိအခါ ပဉ္စဝေါကာရ(၂၆)ဘုံမှာ အဟိတ် ကုသလဝိပါက် (၈)ခုနဲ့ ပဝတ္တိကမ္မဇရုပ်ဆိုတဲ့ အကျိုးကို ဖြစ်စေလေတော့ ပဋိသန္ဓေကျိုး (၉)ပါးနဲ့ ပဝတ္တိကျိုး (၁၆)ပါးကို ဖြစ်စေပါတယ်။

**တိဟိတ်ကုသိုလ်။** ။ကုသိုလ်ပြုရာမှာ ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတာဉာဏ်,ရုပ်နာမ်တရားတို့၌ အနိစ္စ ဒုက္ခ အနတ္တလို့ ရှုတဲ့ ဝိပဿနာဉာဏ် တခုခုနှင့်ပြီး အလောဘ အဒေါသ အမောဟဟိတ်များနဲ့ ယှဉ်ခါပြုတဲ့ ကံဟာ တိဟိတ်ကံမည်ပါတယ်။

ဉာဏ်မပါတဲ့ အလောဘ အဒေါသဟိတ် ၂-ပါးနဲ့သာ ယှဉ်ပြီးပြုတဲ့ကံဟာ ဒွိဟိတ်ကံမည်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒီနေရာမှာ ဥက္ကဋ္ဌ ဩမကစသည်ကို ပြထားပါတယ်။ ဥက္ကဋ္ဌဆိုတာက လှူဒါန်းတော့မယ်လို့ ကြံစိတ်အခါကစပြီး မလှူမီ ပုဗ္ဗစေတနာအခိုက်မှာ ကုသိုလ်နဲ့စပ်တဲ့ ဇောတွေများစွာ ဖြစ်နေပါတယ်။ စိတ်အားကလဲ အလွန်ဘဲ ထက်သန်နေပါတယ်။ကုသိုလ်ပြုပြီးနောက် အပရ စေတနာအခိုက်မှာလဲ လွန်စွာအားရတယ်။ သူတော်ကောင်းတို့ ပြုထိုက်တဲ့အမှုကို ပြုရလေပြီလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်။ ဒီကုသိုလ်မျိုးဟာ ရှေ့နောက် ကုသိုလ် ခြံရံလျက်ရှိလေတော့ လွန်စွာအားကောင်းသဖြင့် မြင့်မြတ်တဲ့ ဥက္ကဋ္ဌ ကုသိုလ်ဖြစ်ပါတယ်။

**ဩမက**။ ။ကုသိုလ်ပြုရာမှာ ပုဗ္ဗစေတနာအခိုက် ဝမ်းမြောက်ဝမ်းသာမရှိ၊ နှမြောတွန့်တိုတယ်။ တစုံတရာအတွက် မကြေမနပ်ဖြစ်တယ်။ မိမိရဲ့ဂုဏ်သတင်း ကြီးလိုတယ်၊ အဲဒီလို အကုသိုလ်ရှေ့သွားရှိတယ်။ ကုသိုလ်ပြုပြီး အပရစေတနာအခိုက်မှာလဲ ငါတော့ ပြုမိတာမှားပြီစသည်ဖြင့် နှလုံးမသာမယာဖြစ်တယ်။ဒီကုသိုလ်မျိုးဟာ ရှေ့နောက်အကုသိုလ် ခြံရံလေတော့ အားမရှိသဖြင့် အညံ့စား ဩမကကုသိုလ်ဖြစ်ပါတယ်။ ဒီကုသိုလ်မျိုးကို တိဟိတ်ဩမက ဒွိဟိတ်ဩမကလို့ဆိုပါတယ်။

ယခုပြောခဲ့တဲ့ကုသိုလ်များမှာလဲ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသဆိုတဲ့ အဓိပတိတို့ထက်သန်ရင် ထက်သန်သလောက်အကျိုးပေးပါတယ်။ ညံ့ဖျင်းရင် ညံ့ဖျင်းသလောက် အကျိုးပေးဆုတ်ယုတ်ပါတယ်။ ထို့မှတပါး (၁) ပုဗ္ဗစေတနာအခိုက်မှာသာ အကုသိုလ်ခြံရံပြီး အပရစေတနာအခိုက်မှာ ကုသိုလ်ခြံရံတဲ့ကုသိုလ် (၂) ပုဗ္ဗစေတနာ အခိုက်တုံးကတော့ ကုသိုလ်ခြံရံပြီး အပရစေတနာအခိုက်မှာ အကုသိုလ်ခြံရံတဲ့ကုသိုလ်မျိုးများလဲ ရှိလေတော့ ဒီစေတနာတွေအတွက် အကျိုးပေးရာမှာ သတ္တိအမျိုးမျိုးထွက်နိုင်ပါတယ်။

**အကျိုးမဟာဝိပါက်**။ ။အကျိုးပေးလိုက်တဲ့ မဟာဝိပါက်က ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံရယ်လို့ ၄ ကိစ္စတတ်တော့ ရူပဘုံများနဲ့မဆိုင်ဘဲ ကာမဘုံနဲ့သာဆိုင်ပါတယ်။ ဒါပေတဲ့ ပဋိသန္ဓေစိတ်က အင်မတန်ညံ့ဖျင်းတဲ့ အပါယ် ၄ ဘုံနဲ့မဆိုင်ပြန်လေတော့ ကာမသုဂတိ(၇)ဘုံမှာသာ ဖြစ်ပါတယ်။

**အဟိတ်ကုသလဝိပါက်(၈)ခု** ကတော့ မဟာကုသိုလ်ကံကြောင့် ကာမသုဂတိ(၇)ဘုံနဲ့ ရူပ(၁၅)ဘုံမှာ ဣဋ္ဌာရုံကမ္မဇရုပ်နဲ့ ကုသလဝိပါက် စက္ခုဝိညာဉ်စသည် ဖြစ်မှုများအင်မတန်ထင်ရှားပါတယ်။ အပါယ်ဘုံ၌ဖြစ်မှုကတော့ နဂါးမင်း ဂဠုန်မင်းစီးစိမ်များနဲ့ဆင်မြင်းရတနာစတဲ့ အပါယ်ဘုံသားအမျိုးမျိုးတို့ရဲ့ ခန္ဓာကိုယ်မှာ လှပတဲ့ အဆင်း အသံစသည်တို့ဖြစ်မှုဟာ ဒီမဟာကုသိုလ်ကံရဲ့ ပဝတ္တိအကျိုးများဖြစ်ပါတယ်။ ဒီစီးစိမ် ချမ်းသာ အဆင်းအသံစသည်ကို အကြောင်းပြုပြီး ကုသလဝိပါက် စက္ခုဝိညာဉ် စသည်တို့ဖြစ်ဘို့ရာ အခွင့်ကောင်းများရကြပါတယ်။

**ကုသလဝိပါက်ဥပေက္ခာသန္တီရဏ**။ ။ဒီထဲမှာ ကုသလဝိပါက်ဥပေက္ခာသန္တီရဏ အကျိုးပေးတာတွေ ပါပါတယ်။ မဟာကုသိုလ်ရဲ့ ရှေ့နောက်အကုသိုလ်ခြံရံပြီး ပြုခဲ့တဲ့

အတွက် ညံ့ဖျင်းလှ အားမရှိလှလေတော့ အဟိတ်ပဋိသန္ဓေကိုသာ ဖြစ်စေပါတယ်၊ ရူပ အရူပ မဂ်ကုသိုလ်များကတော့ ဇယားမှာပြထားတဲ့အတိုင်း ထင်ရှားပါပြီ။

**စဉ်းစားဘွယ်။** ။ဒီနေရာမှာ စဉ်းစားစရာကလေးရှိပါတယ်၊ နာနာက္ခဏိကကမ္မဇယားကို စဉ်းစားရင် ကုသလဝိပါက်အရာ၌ တိဟိတ်ကံ, ဒွိဟိတ်ကံကြောင့် ဒွိဟိတ်ဝိပါက် တိဟိတ်ဝိပါက်များဖြစ်နိုင်ကြောင်းကို တွေ့ရလိမ့်မယ်။ ဒီလိုဆိုရင်အကုသိုလ်စိတ်မှာရှိတဲ့ လောဘမူ၊ ဒေါသမူများဟာ ဒွိဟိတ်ကံများဖြစ်လေတော့ ဒွိဟိတ်ဖြစ်တဲ့ ကုသလဝိပါက်များဖြစ်ကောင်းတယ်မဟုတ်လား။ ဘာကြောင့် အကုသလဝိပါက်သာ ဖြစ်ရသလဲ?။ ဒါကို London University မှ Pali Professor ဖြစ်တဲ့ Jaini မြန်မာပြည်ကိုလာတဲ့အခါ ကာလတုံးက ဘုန်းကြီးများထံရောက်လာပြီးတော့သူဟာ ဒီပြဿနာအတွက် သီဟိုဠ်ကျွန်းမှာလဲ မေးခဲ့ပါတယ်၊ဘယ်သူမှလဲ ဖြေခြင်းငှာမစွမ်းနိုင်ပါဘူးလို့ လျှောက်ထားဘူးပါတယ်။

**အဖြေ။** ။အဖြေက အကုသိုလ်ဟိတ်များနဲ့ယှဉ်တဲ့ စေတနာဟာ လွန်စွာလှုပ်ရှားပါတယ်။ ဒီလှုပ်ရှားလှတဲ့ကံဖြစ်၍ ချုပ်ပြီးတဲ့နောက်အကျိုးဝိပါက်ပေါ်လာတဲ့အခါ ကောင်းစွာတည်တန့်ခြင်းကိစ္စရှိတဲ့ ဟိတ်တွေနဲ့ယှဉ်ပြီး မဖြစ်ပေါ်နိုင်ပါဘူး။ အကုသိုလ်စေတနာကို မဆိုထားနဲ့ တိဟိတ်စတဲ့ ကုသိုလ်စေတနာများပင် အကုသိုလ်ခြံရံခဲ့လို့ရှိရင် အကျိုးပေးတဲ့အခါကံနဲ့တူတဲ့ဟိတ်မပါနိုင်ဘဲရှိသေးတယ်၊ ဒါကြောင့် ဒွိဟိတ် ကုသိုလ်ကံများရဲ့ အကျိုးများမှာသဟိတ်ကိုမပေးနိုင်ပါဘူး။ အဟိတ်ကိုသာပေးရပါတယ်။

**တနည်း**အားဖြင့် အကုသလဝိပါက်စိတ်များဟာ အဗျာကတ ဧကန်ဖြစ်ပါတယ်။ အကုသိုလ် ဟိတ်များကား အကုသိုလ် ဧကန်ဖြစ်ပါတယ်။ ဧကန်ဖြစ်တဲ့ အကုသိုလ်ဟိတ်များဟာ အကုသိုလ်စိတ်များနဲ့သာယှဉ်ရပါတယ်။ အဗျာကတတရားနဲ့ မယှဉ်နိုင်ကြပါဘူး။ ထို့ပြင် ကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ ဝိပါက်စိတ်များမှာ အလောဘစတဲ့ ဟိတ်များယှဉ်ခွင့်ရသလို အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ ဝိပါက်စိတ်များမှာ အလောဘစတဲ့ ဟိတ်များယှဉ်ခွင့်မရနိုင်ပါဘူး။ ဒါကြောင့် ဒွိဟိတ်အကုသိုလ်ကံကြောင့် ဒွိဟိတ်ဖြစ်တဲ့ သဟိတ်အကုသလဝိပါက်ရယ်လို့ မဖြစ်နိုင်တော့ဘဲ အဟိတ်အကုသလဝိပါက်များသာ ဖြစ်ရပါတယ်။ ဒါကနာနာက္ခဏိကကမ္မဇယားရဲ့ အဓိပ္ပါယ်ဖြစ်ပါတယ်။ နာနာက္ခဏိကကမ္မပြီးသွားပါပြီ။

## ရုပ်အာဟာရပစ္စည်း

**ရုပ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌**-ကလာပ်တူသြဇာကြဉ်သော ကလာပ်တူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် အားတတ်သော စတုသမုဋ္ဌာနိကသြဇာ။ ဤတရားတို့သည် ရုပ်အာဟာရ ပစ္စည်းတတ်သောတရားတို့ မည်ကုန်၏။ သင်္ချာဇေကံ။ ပစ္စည်းရေ (၃)ဟူသည်တည်း။ သင်္ချာဇေကံဟူသော်ကား အဗျာကတော အဗျာကဘာဿဟူသည်တည်း။ ပစ္စည်းရေ (၃)ဟူသော်ကား အာဟာရ၊ အတ္ထိ၊ အဝိဂတဟူသည်တည်း။

ပစ္စည်းပစ္စယုပ္ပန်တရားတွေက ရုပ်တွေချည်းဖြစ်ခြင်းကြောင့် အဗျာကတောအဗျာကတဿဘဲရပါတယ်။ ပစ္စည်းရေ (၃)ကတော့ အာဟာရပစ္စည်းမှာ ရုပ်အာဟာရ၊ အတ္ထိ, အဝိဂတပစ္စည်းမှာ ရုပ်အာဟာရတ္ထိ ရုပ်အာဟာရ အဝိဂတရယ်လို့ ရှိသဖြင့် ပစ္စည်း (၃)ခု တပြိုင်နက်ဘဲ ရပါတယ်။ အရကောက်ကလဲ မထူးပါဘူး။သူ့ရဲ့သုဒ္ဓသင်္ချာအတိုင်း ကောက်ရရုံပါဘဲ။ ပါဠိနဲ့အရကောက်ကို ပဋ္ဌာနတာဒိမျိုးဇယားများမှာကြည့်ပါ။

## အဗျာကတော အဗျာကတဿ

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။ ကဗဠီကာ ရော အာဟာရော ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယော။

**အဗျာကတော အဗျာကတဿ** – အဗျာကတော ဓမ္မော ဟူသော **ကတ္တား** ပုဒ်၏ အရကား ကလာပ်တူ ဩဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တတ်သော စတုသမုဋ္ဌာနိက ဩဇာ ပစ္စည်း တရားရ၏။ အဗျာကတဿ ဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိက ရုပ် ပစ္စယုပ္ပန် တရားရ၏။ ။အာဟာရ ပစ္စယေန ဟူသော **ကရိယာ** ပါဌ်၏ အရကား တပြိုင်နက် တတ်ကောင်းသော အာဟာရ၊ အတ္ထိ၊ အဝိဂတ-ဟူ၍ (၃) ပစ္စယ သတ္တိတို့တွင် ရုပ်အာဟာရ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

## အဓိပ္ပါယ်

ဒီမှာ စတုသမုဋ္ဌာနိက ဩဇာလို့ ဆိုတော့ ကံ စိတ် ဥတု အာဟာရ ဆိုတဲ့ ကလာပ်တွေမှာ ရှိကြတဲ့ ဩဇာ ဖြစ်ပါတယ်။ ကောက်တဲ့အခါမှာ ပစ္စည်းဘက်က ဩဇာယူလျှင် ပစ္စယုပ္ပန်ဘက်က ကလာပ်တူ ဖြစ်တဲ့ ဩဇာ ကြဉ်ရပါတယ်။ ဒီဩဇာက ကလာပ်တူကိုလဲ ကျေးဇူးပြုပါတယ်။ ကလာပ်ပြားကိုလဲ ကျေးဇူးပြုပါတယ်။ အဲဒါကို အကျယ်သွားနည်းကတော့ ကမ္မဇကလာပ် (၉) စည်းရှိပါတယ်။ စိတ္တဇကလာပ် (၆) စည်းရှိပါတယ်။ ဥတုဇကလာပ် (၄) စည်းရှိပါတယ်။ အာဟာရဇကလာပ် (၂) စည်းရှိပါတယ်။ အဲဒီမှာ တခုပြောပြပါ့မယ်။ ကမ္မဇကလာပ် (၉) စည်းတို့တွင် ဇီဝိတနဝကကလာပ်၌ (ဇီဝိတနဝကကလာပ် ဆိုတော့ ရုပ်ပေါင်း ၉-ခု ရှိပါတယ်၊ ကလာပ်ပေါင်းက, သင်္ဂြိုဟ်အရအားလုံး ၂၁-စည်းရှိပါတယ်။ ၂၁-စည်းရှိတော့ ဇီဝိတနဝကကလာပ်ထဲက ဩဇာကို ပစ္စည်း ယူလျှင် ရှစ်ခု ကျန်ပါတယ်၊ အဲဒီကျန်တဲ့ ရှစ်ခုဟာ ကလာပ်တူ ဖြစ်ပါတယ်။ ကလာပ်ပြားကတော့ ကျန်တဲ့ ၂၀-ဟာ ဒီကလာပ်နဲ့ မဆိုင်သဖြင့် ကလာပ်ပြား ဖြစ်ပါတယ်။ ဒါကြောင့်) ဇီဝိတနဝကကလာပ်၌ ဩဇာ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ရှစ်ခု၊ ကလာပ်ပြား ၂၀-သော ရုပ်ကလာပ်တို့အား တတ်သော ဇီဝိတနဝကကလာပ်၌ ရှိသော ဩဇာလို့ ဆိုရပါတယ်။ ထိုနည်းတူစွာ စက္ခုဒသကကလာပ်၌ ကလာပ်တူ ဩဇာ ကြဉ်သော ကမ္မဇရုပ် ၉-ခု၊ ကလာပ်ပြား ၂၀-သော ရုပ်ကလာပ်တို့အား တတ်သော စက္ခုဒသကကလာပ်၌ ရှိသော ဩဇာ။ သောတဒသကကလာပ်၌ ကလာပ်တူ ဩဇာကြဉ်သော ကမ္မဇရုပ် ၉-ခု၊ ကလာပ်ပြား ၂၀-သော ရုပ်ကလာပ်တို့အား တတ်သော သောတဒသကကလာပ်၌ ရှိသော ဩဇာလို့ အဲဒီလို ကမ္မဇကလာပ် ၉-စည်း အကုန် ဆိုရတယ်။ စိတ္တဇကလာပ် ၆ စည်း အကုန်ဆိုရတယ်။ ဥတုဇကလာပ် ၄ စည်း အကုန်ဆိုရတယ်။ အာဟာရဇကလာပ် ၂-စည်း အကုန်ဆိုရတယ်။ ကလာပ် ၂၁-စည်း အတွက် အကျယ်ဆိုရင် ဒီအတိုင်း အားလုံး ကုန် ဆိုရပါတယ်။ အဲဒီဆိုနည်းတွေဟာ ကမ္မဇကလာပ် ဘယ်လောက်ရှိတယ်၊ စိတ္တဇကလာပ် ဘယ်လောက်ရှိတယ်၊ ဥတုဇကလာပ် ဘယ်လောက်ရှိတယ်၊ အာဟာရဇကလာပ် ဘယ်လောက်ရှိတယ် ဆိုတာ သိရင် ဒီတနည်းကား အခကောက်တွေဟာ မခက်ပါဘူး ဆိုတတ်လောက်ပါပြီ။

## အဓိပ္ပါယ်

ရုပ်အာဟာရပစ္စည်းဆိုတာ ကဗဠီကာရအာဟာရဟုဆိုအပ်သော ဆွမ်းခဲဘွယ်ဘောဇဉ်၌တည်သော ဩဇာ။ တနည်းအားဖြင့် အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ၊ ဆွမ်းခဲဘွယ်ဘောဇဉ်ဟု ဆိုအပ်သော ဗဟိဒ္ဓသန္တာန်ရှိသော ဥတုဇဩဇာသည် ရုပ်အာဟာရပစ္စည်း မည်ပါတယ်။

ကုသလတိက် ပဋိစ္စဝါရမှာ အာဟာရဇရုပ်ရယ်လို့ အာဟာရပစ္စည်းမှာ ပါလာတယ်။ ဒါကို ပါဠိတော်မှာ "အာဟာရ သမုဋ္ဌာနံ ဧကံမဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊ တယော မဟာဘူတေ ပဋိစ္စ ဧကံ မဟာဘူတံ၊ ဒွေမဟာဘူတေ ပဋိစ္စ ဒွေမဟာဘူတာ"-လို့ ပဋိစ္စဝါရမှာ ဟောပါတယ်။ ဒီအာဟာရဇရုပ်ရဲ့ သတ္တိကို ကောက်တဲ့ နေရာမှာ "အာဟာရဇရုပ် အားတတ်သော ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ ပစ္စည်းတရားတို့၏ ရုပ်အာဟာရ သတ္တိရ၏" လို့ အရကောက်မှာ ကောက်ပါတယ်။ ဒါဟာဟင်မကသေးဘူး အရကောက် ဆရာကြီးက၊ (တပါးသော ဆရာများက အဇ္ဈတ္တဩဇာလည်း တဘ်ကောင်း၏ဟု မှာပါတယ်။) ဒီတော့ ဗဟိဒ္ဓဩဇာလို့ ရုပ်အာဟာရ ပစ္စည်းကို ရယူမှုဟာ ပဋိစ္စသဘော ဇနက သတ္တိနဲ့ ကျေးဇူးပြုတာကို ပြတာဖြစ်ပါတယ်၊ နောက်ပြဘဲ့ ပစ္စည်းတရားများကတော့ ပဉှာဝါရသဘော ဖြစ်ပါတယ်။

**ပဝတ္တိဩဇာ ကျေးဇူးပြုပုံ။** ။ဒီဩဇာဟာ ပဝတ္တိအခါ ကာလမှာ ကျေးဇူးပြုပါတယ်။ ဗဟိဒ္ဓဩဇာဟာ ခန္ဓာကိုယ်မှာရှိဘဲ့ အာဟာရဇရုပ်အား ဇနကသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ မိမိဖြစ်စေအပ်တဲ့ အာဟာရဇ ကလာပ်မှတပါး အခြားကလာပ်မှာရှိတဲ့ ဩဇာက ဖြစ်စေအပ်တဲ့ အာဟာရဇရုပ်ကိုလဲ ထောက်ပံ့ပါတယ်၊ ကြွင်းတဲ့ တိဇရုပ်ကိုတော့ ထောက်ပံ့သောအားဖြင့်သာ ကျေးဇူး ပြုပါတယ်၊

**အဇ္ဈတ္တဩဇာ ကျေးဇူးပြုပုံ။** ။အဇ္ဈတ္တဩဇာကမိမိနဲ့ ကလာပ်တူ ရုပ်အားဇနကသတ္တိ အနုပါလနသတ္တိ ၂-ပါးနဲ့ ကျေးဇူးပြုပါတယ်။ ကြွင်းအာဟာရဇကလာပ်မှ တပါးသော ရုပ်ကလာပ်တို့အား အနုပါလနသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ကြွင်းကလာပ်များမှာရှိတဲ့ ဩဇာကလဲ ကလာပ်တူရင် သတ္တိ ၂-ပါး၊ ကလာပ်ကွဲရင် သတ္တိ၁ပါးနဲ့ ကျေးဇူးပြုကြောင်းကို ပစ္စယနိဒ္ဒေသ အဋ္ဌကထာက မိန့်ဆိုပါတယ်။

အဇ္ဈတ္တဩဇာက ဇနကသတ္တိနဲ့ ကျေးဇူးပြုတယ်ဆိုပေမဲ့ ဗဟိဒ္ဓဩဇာရဲ့ အထောက်အပံ့ကို ရမှသာ ကျေးဇူးပြုနိုင်ပါတယ်၊ သို့မဟုတ်ရင် ထောက်ပံ့ရုံသာ ဖြစ်ပါတယ်၊ ထမင်းစသည်မှာ ရှိတဲ့ဗဟိဒ္ဓ ဩဇာက ပါစကတေဇောချက်ပြီး နောက် ကမ္မဇပျံ့နှံ့အောင် ပြုလုပ်တဲ့လေဓာတ်က တကိုယ်လုံး ပျံ့နှံ့အောင် ပြုလိုက်တဲ့အခါ ဒီဩဇာဟာ အဇ္ဈတ္တစတုဇဩဇာနဲ့ သဘောတူ ရောနှောမိမှ ဇနက သတ္တိနဲ့ အာဟာရဇရုပ်ကို ဖြစ်စေတယ်။ အာဟာရဇရုပ်ဆိုတာ ညီမျှသော တေဇောထက်သန်တဲ့ ကလာပ်ဖြစ်ပါတယ်။ ၎င်း ကလာပ်မှ တဆင့် ဥတုဇရုပ်ကိုဖြစ်စေ ပါတယ်။ ဒီရုပ်ဟာ ဩဇာအကြောင်းခံတဲ့ ဥတုဇရုပ် ဖြစ်ပါတယ်။

**ဩဇာ ထောက်ပံ့ပုံ**။ ။ဩဇာဟာ စေတ်ဆီအနေနဲ့ တေဇောကို ညီမျှစေပြီး ကြီးပွားအောင် ထောက်ပံ့ရင်း ဖြစ်ပါတယ်။ ဒီဩဇာရဲ့ အထောက်အပံ့ကိုရရင် တေဇောဟာ အားတက်ပြီး လတ်ဆတ်တဲ့ ဥတုဇရုပ်ကို ပေါက်ပွား စေနိုင်ပါတယ်။

ဒီရုပ် အာဟာရ ပစ္စည်းမှာ ဖြစ်စေမှုကိစ္စ ထောက်ပံ့မှုကိစ္စနှစ်ပါးရှိပေမဲ့ ထောက်ပံ့မှု ကိစ္စကသာ ပြဋ္ဌာန်းပါတယ်။ အစာစားတဲ့အခါ ဒီအစာကြောင့် အာဟာရဇရုပ်ဖြစ်ရုံသာမကဘဲ တကိုယ်လုံးမှာရှိတဲ့ ကမ္မဇ စိတ္တဇ ဥတုဇရုပ်များလဲ တောင့်တင်း လန်းဆန်းကြပါတယ်။ ဒီလို တောင့်တင်း လန်းဆန်းကြလို့သာ ကမ္မဇရုပ်စတဲ့ ရုပ်အစဉ်တွေဟာ မပြတ်မစဲဘဲ ဆက်လက် ဖြစ်ပွားကြပါတယ်။

စားမျိုအပ်တဲ့ အာဟာရ အထောက်အပံ့ကို မရတဲ့ အဇ္ဈတ္တစတုသမုဋ္ဌာနိက ဩဇာကတော့ ထောက်ပံ့မှု ကိစ္စကိုသာ ဆောင်ရွက်နိုင်ပါတယ်။ ဗဟိဒ္ဓါဟာရ ဩဇာအထောက်အပံ့ကိုရမှသာ ရုပ်ကိုဖြစ်စေခြင်းကိစ္စ ဆောင်ရွက်နိုင်တယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ကမ္မဇရုပ် ကာယအားကြီးတဲ့ အချို့နတ် ပြိတ္တာ ငရဲသား တို့မှာတော့ ဗဟိဒ္ဓ အာဟာရနဲ့ ကင်းဝေးပေမဲ့ အဇ္ဈတ္တ အာဟာရဖြင့် ရှည်မြင့်စွာသော ကာလပတ်လုံး တည်တန့်နိုင်တဲ့ ရူပကာယ ရှိကြပါတယ်။ ဒီထောက်ပံ့မှု ကိစ္စသာ အာဟာရပစ္စည်းမှာ လိုရင်း ပဓာနဖြစ်လေတော့ ဗဟိဒ္ဓါဟာရ မရှိပေမဲ့ ထောက်ပံ့မှုကိစ္စကတော့ ရှိရမည်သာ ဖြစ်ပါတယ်။

**ဂဗ္ဘသေယျက စသည်တို့အား ဩဇာထောက်ပံ့ပုံ**။ ။အမိဝမ်းမှာ တည်နေတဲ့ သူငယ်အား အမိရဲ့ အာဟာရ မပျံ့နှံ့မီ တိဇရုပ်မှာရှိတဲ့ ဩဇာက ထောက်ပံ့ထားပါတယ်။ အာဟာရဇရုပ် ဖြစ်သည့်မှစပြီး တဘဝလုံး နေနိုင်မှုအတွက် ဒီဩဇာက ထောက်ပံ့ထားပါတယ်။ဥပပါတ် ကာမာဝစရနတ်များအား နတ်ဖြစ်စနတ်ဩဇာကို မမှီဝဲရမီ တိဇဩဇာကပင် ထောက်ပံ့ထားပါတယ်။

ဟပည့်တော်တို့ သုဒ္ဓသင်္ချာ ပစ္စည်းတရားမှာ စတုသမုဋ္ဌာနိက ဩဇာဆိုတာ, ကဗဠီကာရ အာဟာရပင်ဖြစ်ကြောင်းကို အဋ္ဌကထာက "ကဗဠီကာရော အာဟာရောတိ စတုသန္တတိသမုဋ္ဌာနေ ရူပေ ဩဇာအာဟာရာနာမ"လို့ မိန့်ဆိုပါတယ်။ ဒီဩဇာဟာ အလုပ်အလွေးပြုပြီး မျိုအပ်မှသာ အာဟာရကိစ္စကို ပြီးစေပါတယ်။ ပြင်ပသန္တာန်မှာတည်နေလို့ မပြီးနိုင်တဲ့အတွက် ကဗဠီကာရာဟာရလို့ ဆိုရပါတယ်။

မူလဋီကာကပစ္စယုပ္ပန်တရားမှာ စိတ္တဇရုပ်ပါလာတာသဘောမကြဘူး။ ပစ္စယုပ္ပန်တရားမှာ ကလာပ်တူဩဇာကြဉ်သော ကလာပ်ဟူကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်လို့ဆိုတဲ့နေရာမှာ အထက်ကကြွင်းတိဇရုပ်အား အနုပါလနသတ္တိနဲ့ ကျေးဇူးပြုကြောင်း အဋ္ဌကထာပြခဲ့ပါတယ်။ ဒါကိုမူလဋီကာက စိတ္တဇရုပ်ပါဝင်နေမှုအတွက် မလိုလားပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ စိတ္တသမုဋ္ဌာနဒုက် ပထမပဒမှာ စိတ္တဇရုပ်ရှိတယ်။ "စိတ္တသမုဋ္ဌာနံ ဓမ္မာ၊ နောစိတ္တသမုဋ္ဌာနာဓမ္မာ"။ ဒုတိယပဒကြတော့ ကမ္မဇရုပ်ဥတုဇရုပ် အာဟာရဇရုပ်များရှိပါတယ်။ စိတ္တဇရုပ်ရှိတဲ့ ဒီဒုက်ရဲ့(ပ·ပ)မှာ ကဗဠီကာရာဟာရကိုမဟောဘူး။ (ပ·ဒု)

မှာ "စိတ္တသမုဋ္ဌာနော ကဗဠီကာရော အာဟာရော ဌမသာ နောစိတ္တသမုဋ္ဌာနဿ ကာယဿ အာဟာရပစ္စယေနပစ္စယော" လို့ ဟောပါတယ်။ (ဒု-ဒု) နောစိတ္တသမုဋ္ဌာနကြတော့ဟော တယ်။ (ဒု-ပ)မှာမဟောဘူး။ ဒီတော့ ပစ္စယုပ္ပန်(ပ)နေတဲ့ စိတ္တဇရုပ်ရှိတဲ့နေရာမှာ မဟော လေတော့ ရုပ်အာဟာရပစ္စည်းအတွက် ပစ္စယုပ္ပန်မှာ စိတ္တဇရုပ်ပါနေတာကို မူလဋီကာက မကြိုက်ပါဘူး။

**အဇ္ဈတ္တတိက်အရကောက်။** ။ဒီသြဇာနဲ့ ပတ်သက်လို့ အဇ္ဈတ္တတိက်မှာ သြဇာ ကျေးဇူးပြုပုံကို အရကောက်ဆရာတော်ကြီးက တော်တော်ကလေးဆန်းကျယ်စွာ ပြထားပါ တယ်၊ (၁) မိမိတံတွေးကိုမိမိမျိုတဲ့အခါ အဇ္ဈတ္တသြဇာက အဇ္ဈတ္တကာယ အား ကျေးဇူးပြု တယ်။ ဒါကြောင့် (ပ-ပ) ရပါတယ်။ (၂) ဘားကိုအဇ္ဈတ္တယူ-ဘာကိုထောက်ပြီး မြွေကို ဗဟိဒ္ဓယူလိုက်ပါ။ ဘားကိုမြွေမျိုလိုက်တဲ့အခါ (ပ ဒု) ရပါတယ်။ (၃) ဆွမ်းခဲဘွယ်စား သောက်ဘွယ်ကို မျိုတဲ့အခါ သူတယောက်ရဲ့ အဇ္ဈတ္တကိုထောက်၍ မျိုသူဗဟိဒ္ဓဖြစ်သင့်ပါ တယ်။ ဒါကြောင့်(ဒု-ဒု)ရပါတယ်။ (၄) မြွေကိုအဇ္ဈတ္တ-ဘားကိုဗဟိဒ္ဓယူ၍ ဘားကိုမြွေမျို တဲ့အခါ (ဒု-ပ) ရပါတယ်။ ထမင်းခဲဘွယ်စားဘွယ်ကိုဗဟိဒ္ဓ-စားသူကိုအဇ္ဈတ္တယူ၍ ထခင်း စသည်ကိုစားသောအခါ (ဒု-ပ)ပင် မှချဖြစ်ပါတယ်။ (၅) မြွေကိုအဇ္ဈတ္တ-ဘားကို ဗဟိဒ္ဓ၊ ဘားကိုမြွေမျိုသောအခါ မြွေ၏တံတွေးနဲ့ လုံးထွေးပြီး မျိုရလေတော့ (ပဒု-ပ)ဖြစ်ပါတယ်။ (၆) မျိုသူကိုအဇ္ဈတ္တယူ ထမင်းခဲဘွယ်ကို တံတွေးနဲ့ရော၍ မျိုသောအခါ (ပဒု-ဒု)ဖြစ်ပါ တယ်။တနည်းအားဖြင့် ဘားကိုအဇ္ဈတ္တယူ ဘားမှထောက်၍ မြွေကိုဗဟိဒ္ဓယူ။ ရှေ့စေးအလူး လူးကပ်ပြီးနေတဲ့ဘားကို မြွေမျိုသောအခါ(ပဒု-ဒု)ဖြစ်ပါတယ်။ ဒီတိက်မှာအဇ္ဈတ္တဗဟိဒ္ဓများ ဟာ သတ္တဝါတို့၏ ကာယမှာအမြဲမရှိပါဘူး။ တဦးနှင့်တဦးကိုထောက်၍သာ အဇ္ဈတ္တဗဟိဒ္ဓ လို့ဆိုရပါတယ်၊ တောတောင်စသည်တွေကတော့ ဗဟိဒ္ဓကြောန်ဖြစ်ပါတယ်။

ဥပါဒိန္နတိက်အဋ္ဌကထာမှာ ဘားစသည်ကိုမျို၍ တည်နေကြတဲ့ မြွေစသည်တို့ရဲ့ ရူပကာယအား အသက်ရှင်နေတဲ့ဘားစသည်တို့၏ ကိုယ်၌ဖြစ်သော သြဇာက အာဟာရ ပစ္စည်းတတ်တယ်လို့ ဆိုကြတဲ့စကားကို မယူပါနဲ့တဲ့။ ဘာပြောတာလဲ? ဘားကို မြွေက မျိုလိုက်တယ်။ မျိုလိုက်တဲ့အခါမှာ ဒီဘားဟာ အသက်ရှင်နေဦးမယ်လို့ဆိုရင် အာဟာရ ပစ္စည်းမတတ်နိုင်ပါဘူး။ ဘာကြောင့်? အသက်ရှင်နေတဲ့သတ္တဝါ၏ ကိုယ်၌ဖြစ်တဲ့ သြဇာ က တပါးသော ရူပကာယအား အာဟာရပစ္စည်း မတတ်နိုင်ပါဘူး။

ဥပါဒိန္နတိက်(ပ)မှာ ကမ္မဇရုပ်ရှိလေတော့ (ပ)ကမ္မဇသြဇာက (ပ)ကမ္မဇရုပ်ကို ကျေးဇူးပြုတဲ့အခါ ဇနကသတ္တိမဟုတ်-ဥပတ္ထမ္ဘက သတ္တိပါတဲ့။ (ဒု)မှာ တိဇရုပ်ရှိလေ တော့(ပ)က(ဒု)ကို ကျေးဇူးပြုတဲ့အခါ ဇနကသတ္တိပါရပါတယ်။ (ပ)က(ပ-ဒု)ကို ကျေး ဇူးပြုတဲ့အခါ (ပ) အတွက် ဥပတ္ထမ္ဘက၊ (ဒု) အတွက် ဇနက၊ ၂ ပါးစုံကို တပြိုင်နက် ကျေးဇူးပြုရင်တော့ ဥပတ္ထမ္ဘကသာ ရပါတယ်။ ဇနကမဖြစ်တော့ဘူးလို့ အဋ္ဌကထာက မိန့်ပါတယ်။

**ရုပ်အာဟာရကို သီးခြားဟောပုံ။** ။အာဟာရ လေးပါးရှိတဲ့အနက် ဖဿ စေတနာဝိညာဉ်ရယ်လို့ အာဟာရသုံးပါးကို နာမ်အာဟာရလို့ ဟောပါတယ်။ ကဗဠီ

ကာရအာဟာရကို ရုပ်အာဟာရလို့ သီးခြားဟောပါတယ်၊ ဘာကြောင့်လဲဆိုတော့ သက်ရှိသက်မဲ့ ရုပ်ဟူသမျှ တေဇောကိုမှီ၍ နေရပါတယ်။ တေဇောလျှင် အသက်ရှိတယ်။ တေဇောလျှင် အားကြီးသောမှီရာရှိတယ်။ ရုပ်ဟူသမျှ တေဇောချယ်လှယ်သမျှ ခံနေရတယ်။ တေဇောလျှင် အုပ်စိုးမှုပဓာနရှိတယ်။ ဒီတေဇောမှာလဲ ဩဇာဆိုတဲ့ဓာတ်ဆီကို မှီရ စားသောက်ရမှ တည်နေနိုင်ပြန်လေတော့ ဩဇာဟာ တေဇော၏ မူလဖြစ်လို့ ၎င်းဩဇာကို ရုပ်အာဟာရပစ္စည်းအနေနဲ့ ဟောပါတယ်။ ရုပ်အာဟာရပြီးကြပါစို့။

## ရူပဇီဝိတိန္ဒြိယပစ္စည်း

**ရူပဇီဝိတိန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချေဝါရဥ်** - ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခုအား တတ်သော ရုပ်ဇီဝိတိန္ဒြေ။ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချေကော၊ ပစ္စည်းရေ (၃) ဟူသည်တည်း။ သင်္ချေကော်ဟူသော်ကား အဇ္ဈတ္တတော အဇ္ဈတ္တတသာဟူသည်တည်း။ ပစ္စည်းရေ (၃)ဟူသော်ကား ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတဟူသည်တည်း။

ဒီမှာလဲပစ္စည်းရုပ်၊ ပစ္စယုပ္ပန်ရုပ်ဖြစ်ခြင်းကြောင့် အဇ္ဈတ္တတော အဇ္ဈတ္တတသရပါတယ်။ ပစ္စည်းရေ(၃)ကလဲ အာဟာရတုံးကလိုဘဲ ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယ အဝိဂတရယ်လို့ ရှိခြင်းကြောင့် (၃)ပစ္စည်းဘပြိုင်နက်ရပါတယ်။ ပါဠိက-

### အဇ္ဈတ္တတော အဇ္ဈတ္တတသ

အဇ္ဈတ္တတောဓမ္မော အဇ္ဈတ္တတသဓမ္မဿ ဣန္ဒြိယပစ္စယေနပစ္စယော။ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာ ရူပါနံ ဣန္ဒြိယပစ္စယေနပစ္စယော။

**အဇ္ဈတ္တတော အဇ္ဈတ္တတသဥ်**-အဇ္ဈတ္တတောဓမ္မောဟူသော **ကတ္တား** ပုဒ်၏အရကား ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခုအားတတ်သော ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားရ၏။ ။အဇ္ဈတ္တတသဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခု ပစ္စယုပ္ပန်တရားရ၏။ ။ဣန္ဒြိယပစ္စယေန ဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တတ်ကောင်းသော ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤ(၃)ပစ္စယသတ္တိတို့တွင် ရူပဇီဝိတိန္ဒြိယသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

### အဓိပ္ပါယ်

ပစ္စည်းရုပ် ဇီဝိတိန္ဒြေ ကမ္မဇကေန်ဖြစ်ခြင်းကြောင့် ကလာပ်တူကမ္မဇရုပ် ၉ ခုမှာသာ ကျေးဇူးပြုပါတယ်။ ပစ္စည်းကရုပ်ဇီဝိတိန္ဒြေယူထားသဖြင့် ပစ္စယုပ္ပန်မှာ ရုပ်ဇီဝိတိန္ဒြေကြဉ်ရပါတယ်။ ဒီမှာလဲဘဲ ရုပ်အာဟာရတုံးကလို တနည်းကားကောက်မယ်ဆိုရင် ကမ္မဇရုပ် ၉ ခုတို့တွင်ဇီဝိတနဝကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ်(၈)ခုအားတတ်သော ရုပ်ဇီဝိတိန္ဒြေ။ စက္ခုဒသကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခုအားတတ်သော ရုပ်ဇီဝိတိန္ဒြေ။ သောတဒသကကလာပ်၌ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခုအားတတ်သော ရုပ်ဇီဝိတိန္ဒြေစသည်ဖြင့်၎င်း။ ဝတ္ထုဒသကကလာပ်၌ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉ ခုအားတတ်သော ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားရ၏။ ဒီလိုကမ္မဇရုပ် ၉ စည်းကုန်အောင်တနည်းကားကိုဆိုရပါတယ်။

## အဓိပ္ပါယ်

ရုပ်ဇီဝိတိန္ဒြေရဲ့သဘောကို မပြောမီ ဝိသုဒ္ဓိမဂ် ဣန္ဒြိယ နိဒ္ဒေသမှာ ဣန္ဒြေ(၂၂)ပါး ဟောပုံ အစီအစဉ်ကို အနည်းငယ်ပြောပြပါမယ်။ စက္ခုန္ဒြေ သောတိန္ဒြေစသည်ဖြင့် ဣန္ဒြေ (၂၂)ပါးကို စီစဉ်ပြီး ဟောထားမှုမှာ ဒေသနာက္ကမ အစီအစဉ်သာ ဖြစ်ပါတယ်။ စက္ခုပြီးလျှင် သောတဖြစ်ရမယ်၊ သောတပြီး ဃာနဖြစ်ရမယ်လို့ ဒီလိုမဟုတ်ပါဘူး။ ဒေသနာက္ကမလို့ဆိုတာ ဒေသနာ အစဉ်သာဖြစ်ပါတယ်။

အဇ္ဈတ္တဓမ္မကို ပိုင်းခြားပြီးသိရင် အရိယာဘုံကို ရနိုင် ရောက်နိုင်လေတော့ အဇ္ဈတ္တဘောမှာ အကျုံးဝင်တဲ့ စက္ခုန္ဒြေငါးပါးကို ရှေးဦးစွာ ဟောပါတယ်။ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဖြစ်ပါတယ်။ ဒီအတ္တဘောကြီးကို ဒါဟာ မိန်းမဘဲ ယောက်ျားဘဲရယ်လို့ ခေါ်ဝေါ်နေကြရတဲ့ အကြောင်းဟာ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့ရဲ့ သတ္တိဖြစ်လေတော့ ဒီဣတ္ထိန္ဒြေ ပုရိသိန္ဒြေကို ပသာဒိန္ဒြေငါးပါးနောက်မှာဟောပါတယ်၊ ဒီဣတ္ထိန္ဒြေ ပုရိသိန္ဒြေကလဲ ဇီဝိတိန္ဒြေနဲ့ စပ်နေလေတော့ ၎င်းနောက်မှာ ဇီဝိတိန္ဒြေကို ဟောပါတယ်။ ဣတ္ထိဘာဝ ပုရိသဘာဝတွေ ရလာခဲ့လို့ရှိရင် အသက်ရှိတဲ့ သတ္တဝါဖြစ်ရပါတယ်။

အလုံးစုံသော ဝေဒနာဟူသမျှဟာ ဒုက္ခသာဖြစ်ပါတယ်။ ရုပ်အတ္တဘော နာမ်အတ္တဘောကို စောင့်တတ်တဲ့ ဒီဇီဝိတိန္ဒြေ မပြတ်စဲသေးသမျှ ဒုက္ခစသည်ဖြစ်တဲ့ ဝေဒနာတွေရဲ့ မဆုတ်မနစ်ဖြစ်ရဦးမှာဘဲလို့ သိဘို့ရန် ဇီဝိတိန္ဒြေရဲ့နောက်မှာ သုခစတဲ့ ဝေဒနာငါးပါးကို ဟောပါတယ်။

ဒီဝေဒနာတွေချုပ်အောင် သဒ္ဓါစတဲ့ တရားများကို ပွားများရမယ်လို့ ပုဗ္ဗဘာဂ အကျင့်ကိုပြရန် ဥပေက္ခိန္ဒြေရဲ့နောက်မှာ သဒ္ဓါစတဲ့ ဣန္ဒြေငါးပါးကို ဟောပါတယ်။ ဒီသဒ္ဓါစတဲ့အကျင့်ဖြင့် အနညာ တညဿာမီတိန္ဒြေဟာ မိမိရဲ့သန္တာန်မှာ ရှေးဦးစွာ ထင်ရှားဖြစ်လိမ့်မယ်။ ဒီတော့ အကျင့်ရဲ့ အချည်းနှီးမဟုတ်ကြောင်းကိုပြရန် ပညိန္ဒြေရဲ့နောက်မှာ အနညာ တညဿာမီ တိန္ဒြေကို ဟောပါတယ်၊ အနညာ တညဿာမီတိန္ဒြေရဲ့ အကျိုးဖြစ်လေတော့ အနညာတညဿာမီတိန္ဒြေကို ပွားသည်၏ အခြားမဲ့မှာ ပွားစေအပ်လို့ အညိန္ဒြေကို ဟောပါတယ်။ နောက်ထပ်တဖန် ပွားများခြင်းဖြင့် အရဟတ္တဖိုလ်တရားကိုရပါတယ်။ အရဟတ္တဖိုလ်ရရင် ပြုဘွယ်ကိစ္စ ဘာမျှမရှိတော့ဘူးလို့ သိစေရန် အလွန်သက်သာရာဖြစ်တဲ့ အညာတာဝိန္ဒြေကို ဟောပါတယ်။

**ရူပဇီဝိတိန္ဒြိယပစ္စည်း။** ၊ရူပဇီဝိတိန္ဒြိယ ပစ္စည်းလို့ဆိုတာ အတိတ်ကံ ဟောင်းကြောင့် သတ္တဝါတို့ရဲ့ သန္တာန်မှာ ကမ္မဇရုပ်များဖြစ်ကြရာတွင် အကြောင်းကံ မရှိပေမဲ့ အသက်ရှည်ပြီးနေအောင် အစိုးတရ စောင့်ရှောက်သောအားဖြင့် ကျေးဇူးပြုတဲ့ ရုပ်ဇီဝိတိန္ဒြေဟာ ရူပဇီဝိတိန္ဒြိယ ပစ္စည်းမည်ပါတယ်။ ဒီရုပ်ဇီဝိတိန္ဒြေဟာ ပဝတ္တိ ပဋိသန္ဓေအခါ၌ ကမ္မဇကလာပ်ဖြစ်တိုင်း ပါရှိလေတော့ မိမိနဲ့အတူတကွ ဖြစ်ကြတဲ့ ကမ္မဇကလာပ်များရဲ့ အသက်ရှင်မှု ကမ္မဇကလာပ်တွေရဲ့ အစဉ်မပြတ် ဆက်လက်ဖြစ်ပွားစေရန် စောင့်ရှောက်မှုကိစ္စမှာ အစိုးရပါတယ်၊ ဒီရုပ်ဇီဝိတိန္ဒြေ အုပ်စိုး၍ နေခြင်းကြောင့် ကမ္မဇရုပ်များဟာ

အရှင်လို ဖြစ်နေတဲ့အတွက် ကမ္မဇရုပ်များကို ''ရုပ်ရှင်''လို့ ခေါ်ဆိုအပ်ပါတယ်။ စိတ္တဇ ဥတုဇ အာဟာရဇကလာပ်များမှာ ရုပ်ဇီဝိတိန္ဒြေမရှိလေတော့ ဒီရုပ်တွေကို ''ရုပ်သေ''လို့ ခေါ်ဆိုအပ်ပါတယ်။ ဒီရုပ်ဇီဝိတိန္ဒြေရဲ့ အရှိန်ကြောင့် သတ္တဝါတွေရဲ့ ကိုယ်ကောင်ကြီးကို အသက်ရှိတယ် အရှင်ဖြစ်တယ်လို့ ထင်မြင်နေကြပါတယ်။

**စောင့်ရှောက်ပုံ။** ။ရုပ်ဇီဝိတက စောင့်ရှောက်ထားလို့တကွ ဖြစ်ဘက်ဖြစ်တဲ့ ကမ္မဇရုပ်များဟာ (၄၉) ချက်သော ခဏ၌ တည်တန့်နိုင်ကြပါတယ်။ အာဟာရဇ စတဲ့ ရုပ်များမှာ အာဟာရ စသည်ဖြစ်တဲ့ ခဏမှာသာ ထင်ရှားရှိကြပါတယ်။ ကံကတော့ ကမ္မဇ ရုပ်တွေ ထင်ရှားဖြစ်တဲ့ ခဏမှာမရှိလေတော့ ရုပ်ဇီဝိတက စောင့်ရှောက်ထားရတယ်။ ဒါကြောင့် အာဟာရဇရုပ် စသည်တွေဟာ အမိထင်ရှားရှိတာနဲ့ တူပါတယ်။ ကမ္မဇရုပ်များကတော့ နို့ထိန်းနဲ့ဘူတဲ့ ရုပ်ဇီဝိတရဲ့ စောင့်ရှောက်မှုနဲ့ တူပါတယ်။

**ရုပ်ဇီဝိတိန္ဒြေကို သီးခြားဟောပုံ။** ။ဣန္ဒြေ (၂၂) ပါးရှိတဲ့အနက် နာမ်ဣန္ဒြေ ရှစ်ပါးကို သဟဇာတိန္ဒြိယရယ်လို့ ဟောပါတယ်၊ ပသာဒိန္ဒြေငါးပါးကို ဝတ္ထုပုရေဇာတိန္ဒြိယရယ်လို့ ဟောပါတယ်။ ရုပဇီဝိတကို ရုပဇီဝိတိန္ဒြေရယ်လို့ သီးခြားဟောပါတယ်။ အကြောင်းကတော့ ရုပ်ဇီဝိတိန္ဒြေဟာ တကွဖြစ်ဘက် ကလာပ်တူ ကမ္မဇရုပ်များအားကျေးဇူးပြုပေမဲ့ နာမ်ဣန္ဒြေများလို ဥပါဒ်အခိုက်မှာ အထင်အရှား ကျေးဇူးမပြုနိုင်ကြပါဘူး။ ဌီအခိုက်မှာသာ စောင့်ရှောက်မှု အစိုးရမှုနဲ့ ကျေးဇူးပြုနိုင်ကြပါတယ်။ ဖြစ်စေမှုနဲ့ ကျေးဇူးမပြုနိုင်လေတော့ သဟဇာတ လက္ခဏာ မဟုတ်တဲ့အတွက် သဟဇာတိန္ဒြိယမှာ မပါဝင်နိုင်လို့ သီးခြားထုတ်ပြီး ဟောရပါတယ်။

**ဣန္ဒြိယ ပစ္စည်းသုံးပါး ဖြစ်လာပုံ။** ။ဣန္ဒြိယ ဝိဘင်းမှာ ဣန္ဒြေ (၂၂) ပါးကို ဟောရာ ဇီဝိတိန္ဒြေကို နာမ်ဇီဝိတ ရုပ်ဇီဝိတလို့ ၂ ပါးခွဲရပါတယ်၊ နာမ်ဣန္ဒြေ (၈) ပါးကို သဟဇာတိန္ဒြိယ၊ ပသာဒိန္ဒြေငါးပါးကို ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရုပ်ဇီဝိတိန္ဒြေကို ရူပဇီဝိတိန္ဒြိယရယ်လို့ သုံးမျိုးဟောပါတယ်။ ဒီသုံးမျိုးထဲမှာ ဘာဝိန္ဒြေ ၂ ပါးဆိုတဲ့ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေမပါဘူး။ မဟောဘူး။ ဘာကြောင့်?။

**ဘာဝိန္ဒြေ ၂ ပါးကို ဣန္ဒြိယပစ္စည်း၌ မဟောပုံ။** ။ဣတ္ထိလိင် ဣတ္ထိ နိမိတ္တစတဲ့ မိန်းမယောကျ်ားအသွင် စသည်တွေဟာ ဣတ္ထိဘာဝရုပ်ရဲ့ အာနုဘော်ကြောင့် ဖြစ်ပေါ်ကြပါတယ်။ ဘာဝရုပ်များရဲ့ စွမ်းရည်နဲ့ ၎င်းတို့ရဲ့ စီမံမှုကြောင့် မိန်းမအသွင်စတဲ့ အကျိုးတရားများ ဖြစ်ကြလေတော့ ဒီဘာဝရုပ်များက ၎င်းတို့ကို အစိုးရနေ၍ ဣန္ဒြိယပစ္စည်း ဖြစ်ထိုက်တယ်လို့ စဉ်းစားစရာရှိပါတယ်။

ဒါပေမဲ့ ကာမပုဂ္ဂိုလ်များမှာ ပဋိသန္ဓေစိတ်ဥပါဒ်တာနဲ့တပြိုင်နက် ဒီဘာဝရုပ်များ ဖြစ်ကြပါတယ်။ ပဋိသန္ဓေစိတ်ဥပါဒ်တဲ့အခါမှာ ကာယဒသကကလာပ် ဘာဝဒသကကလာပ် ဝတ္ထုဒသက ကလာပ်စသည်တွေ ဖြစ်ပါတယ်။ အဲဒီမှာ ဘာဝရုပ်ပါပါတယ်။ ဒါပေမဲ့ အထက်ကပြောခဲ့တဲ့အတိုင်း မိန်းမအသွင်စသည်က မဖြစ်ကြသေးပါဘူး။ ပဋိသန္ဓေ အခိုက်

အတန့်ကလေးမှာ ဘာဝရုပ်ဖြစ်မှန်းကို လောကဓာတ်ဆရာတွေ ယခုအထိ မသိသေးပါဘူး။ ဒီအခိုက်အတန့်မှာ ဒီပုဂ္ဂိုလ်ဟာ ယောက်ျားဘဲမိန်းမဘဲရယ်လို့ အသွင်သဏ္ဌာန်ပေါ်လာမလား၊ မပေါ်သေးပါဘူး။ ဣန္ဒြိယပစ္စည်းဖြစ်ရင် အတ္ထိပစ္စည်း ဧကန်ဖြစ်ရမှာမို့ ပစ္စည်း ပစ္စယုပ္ပန် နှစ်ပါးလုံးဟာ ဥပါဒ် သို့မဟုတ် ဌီအခိုက်မှာ ထင်ရှားရှိကြပေလိမ့်မယ်။ ပဋိသန္ဓေအခိုက်မှာ ဘာဝထင်ရှားရှိနေပေမဲ့ မိန်းမအသွင်စသည်တွေက ထင်ရှားမရှိသေးလို့ ဘာဝရုပ်က မိန်းမအသွင် စသည်တွေအား ဣန္ဒြိယပစ္စည်းနဲ့ ကျေးဇူးမပြုနိုင်ပါဘူး။ ဒီဘာဝရုပ်က မိမိနှင့်အတူတကွ တကလာပ်ထဲမှာဖြစ်တဲ့ ရုပ်ကိုးခုအားရင်း၊ ကလာပ်တပါးမှာဖြစ်တဲ့ရုပ်အားရင်း ဣန္ဒြိယပစ္စည်းတတ်ဘို့ရာ အတွက်ကာလဲ ရင်းဘို့ကို အစိုးမရလို့မည်သည့်နည်းနဲ့မျှ ကျေးဇူးမပြုနိုင်ပါဘူး။

**တနည်း။** ။ပဋ္ဌာန်းနည်းအားဖြင့် ကျေးဇူးပြုမှုသည် အနန္တရစသောပစ္စည်းများလိုဖြစ်စေမှုဖြင့် ကျေးဇူးပြုတဲ့ ဇနကသတ္တိ၊ ပစ္ဆာဇာတပစ္စည်းများလို ပစ္စယုပ္ပန် တရားတို့ တည်တည်တန့်တန့်ကြီးပွားစေမှုဖြင့် ကျေးဇူးပြုတဲ့ ဥပတ္ထမ္ဘကသတ္တိ၊ ရူပဇီဝိတိန္ဒြိယပစ္စည်းများလို ပစ္စယုပ္ပန် တရားတွေကို အစဉ်မပြတ်အောင် စောင့်ရှောက်မှုကိစ္စအားဖြင့် ကျေးဇူးပြုတဲ့အနုပါလနသတ္တိရယ်လို့ သတ္တိသုံးမျိုးရှိခဲ့ပါတယ်။ ဒီဘာဝိန္ဒြိယနှစ်ပါးမှာ ဘာကိုမှ မပြီးစေနိုင်လေတော့ ဣန္ဒြိယပစ္စည်းမထိုက်ပါဘူး။

**ဘာဝရုပ်ဣန္ဒြေထိုက်ပုံ။** ။ဒါဖြင့် ဒီဘာဝရုပ် ၂ ခုဟာ ဣန္ဒြေ မထိုက်ရတော့ဘူးလားဆိုတော့ ဣန္ဒြေတော့ ထိုက်ပါတယ်။ ဘာဝရုပ်ဖြစ်ရာ မိန်းမယောက်ျားသဏ္ဌာန်မှာ မိန်းမအသွင် စသည်တို့ရဲ့ဖြစ်မှုဟာ ဘာဝရုပ်တို့ရဲ့တန်ခိုး ဘာဝရုပ်တို့ရဲ့ အလိုအတိုင်းသာဖြစ်ရလေတော့ ဘာဝရုပ်များဟာ ဒီမိန်းမအသွင် စသည်ကို လွှမ်းမိုးအုပ်စိုးနိုင်တဲ့အတွက် ဣန္ဒြေကား ထိုက်ကြပါတယ်။ ဒါဖြင့် ဒီဘာဝရုပ်ဟာ ဘယ်လိုလုပ်ပြီး မိန်းမသဏ္ဌာန်စသည်တွေကို ကျေးဇူးပြုမလဲလို့ဆိုရင် သုတ္တန်နည်း ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုနိုင်ပါတယ်။ ရူပဇီဝိတိန္ဒြိယကိစ္စပြီးကြပါစို့။ နောက်အပတ်ကြမှ မိဿက ရှစ်မျိုးအကြောင်းကိုပြောပြပါမယ်။

သာဓု .... သာဓု .... သာဓု ....။

## ၁၃၂၉-ခု၊ နတ်တော်လဆုတ် (၁) ရက်
## ၁၉၆၇-ခု၊ဒီဇင်ဘာလ (၁၇) ရက်၊ တနင်္ဂနွေနေ့
## ပဋ္ဌာန်းကုသလတိက် ပဉ္ဇာဝါရ ဝိဘင်္ဂကို (၂၃) ကြိမ်မြောက်ပို့ချခြင်း

--------

### မိဿက
### (၁) သဟ-ပုရေမိဿက
### (မ)

တိ (နှ-ဒ) ပ စ သံ ဏ ဝ ေ ေ ေ ေ ေ ေ ရုံ ရုံ ဘွင်

ဟ-၄=၁-၃

၃-၁

၂-၂

**သဟဇာတ ပုရေဇာတမိဿက ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌**-အချင်းချင်းအား ဟတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် ဒွေပညာသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ဝုဍ္ဎော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု။ ။ဤတရားတို့သည် သဟဇာတ ပုရေဇာတ မိဿက ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာဒွေ။ ပစ္စည်းရေ (၃) ဟူ သည်တည်း။ သင်္ချာဒွေဟူသော်ကား ကုသလာဗျာကတော ကုသလဿ၊ အကုသလာ ဗျာကတော အကုသလဿဟူသည်တည်း၊ ပစ္စည်းရေ (၃) ဟူသော်ကား နိဿယ၊ အတ္ထိ၊ အဝိဂတဟူသည်တည်း။

### ကုသလာဗျာကတော ကုသလဿ

ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ နိဿယ ပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယ ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော။

**ကုသလာဗျာကတော ကုသလဿ၌**-ကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော **ကတ္တား** ပုဒ်၏ အရကား အချင်းချင်းအား တတ်သောပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ၊ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုပစ္စည်းတရားရ၏။ ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ကုသိုလ်စိတ်ဧကဝီသ၊ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာပစ္စယုပ္ပန်တရားရ၏။ နိဿယပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကားတပြိုင်နက် တတ်ကောင်းသော နိဿယ၊ အတ္ထိ၊ အဝိဂတ-ဤ (၃) ပစ္စယ သတ္တိတို့တွင် နိဿယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

နိဿယ အဋ္ဌိ အဝိဂတပစ္စည်းများမှာ သဟဇာတနိဿယ သဟဇာတအတ္ထိ ဝိဂတပုရေဇာတနိဿယ ဝိဂတပုရေဇာတတ္ထိရယ်လို့ ဒီပစ္စည်းတွေကို အသီးသီး ဟောပြီးတဲ့နောက် ဒီပစ္စည်းနှစ်ပါးကိုပေါင်းခါ သဟဇာတပုရေဇာတမိဿကရယ်လို့ ပဋ္ဌာဝါရဝိဘင်မှာ ဟောထားပါတယ်။

ဒီသဟဇာတပုရေဇာတ မိဿကမှာ ဝတ္ထုပါနေလို့ သဟဇာတ သက်သက်လည်း မဟုတ်ဘူး။ ခန္ဓာပါနေလို့ ပုရေဇာတသက်သက်လဲမဟုတ်ဘူး။ ဒီလိုသဟဇာတသက်သက် ပုရေဇာတသက်သက်မဟုတ်လေတော့ 'သဟဇာတံ-ပုရေဇာတံ' ရယ်လို့ ဝိဘင်ဝါရမှာ နိဂ္ဂဟိတ်နဲ့ ဟောထားပါတယ်။ ဒီနှစ်မျိုးတွဲထားသဖြင့် သဟဇာတ-ပုရေဇာတမိဿကလို့ ခေါ်ရပါတယ်။ပါဠိတော်ဇယားမှာ ကြည့်လိုက်ရင်ဝိဘင်းက"ကုသလော ဧကော ခန္ဓော စ" ဆိုတာက ပထမဇောအခိုက်အတန့်မှာ ရှိပါတယ်၊ ဒုတိယဇောစသည်တွေမှာလဲ ဒီအတိုင်းပါဘဲ။ "ဝတ္ထု စ" ဆိုတာက ဟဒယဝတ္ထုဖြစ်ပါတယ်။ အဲဒီပထမဇော အခိုက်အတန့်မှာ ခန္ဓာတပါးက သုံးပါး၊ သုံးပါးကတပါး၊ နှစ်ပါးက နှစ်ပါးကို ကျေးဇူးပြုတဲ့အခါမှာ သဟဇာတဖြစ်ပါတယ်။ အဲဒီခန္ဓာတွေက ရှေးဖြစ်တဲ့ဟဒယဝတ္ထု၊ (ဒီဟဒယဝတ္ထုကလဲ ပဋ္ဌာဝါရဝိဘင်မှာ ရှေးထားတဲ့ အတိုင်းဖြစ်ပါတယ်။ မနောဒွါရဝီထိကြတော့ ဘာဂ်ဝလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်းလို့ လက်သဲကွင်းနဲ့ ပြထားပါတယ်။ အဲဒီတော့ ဒီခန္ဓာတွေဟာ အချင်းချင်း ကျေးဇူးပြုတဲ့အခါ သဟဇာတဖြစ်ပါတယ်။) ဟဒယဝတ္ထုကိုမှီတဲ့အခါမှာ ဝတ္ထုပုရေဇာတ ဖြစ်ပါတယ်။ ဒါကြောင့် "ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံခန္ဓာနံ" ဆိုတော့ပစ္စည်းက ခန္ဓာတပါးနဲ့ ဟဒယဝတ္ထုဖြစ်တဲ့အခါမှာ ပစ္စယုပ္ပန်ကခန္ဓာသုံးပါးဖြစ်တယ်၊ ထိုနည်းတူစွာ ခန္ဓာသုံးပါးနဲ့ ဟဒယဝတ္ထုက ပစ္စည်းဖြစ်ရင် ခန္ဓာတပါးက ပစ္စယုပ္ပန်ဖြစ်တယ်။ ခန္ဓာနှစ်ပါးနဲ့ ဟဒယဝတ္ထုကပစ္စည်းဖြစ်ရင် ခန္ဓာနှစ်ပါးက ပစ္စယုပ္ပန်ဖြစ်တယ်။ ထိုနည်းတူစွာအကုသလာ ဗျာကတော အကုသလဿမှာလဲ ဒီအတိုင်းဘဲ ဟောပါလိမ့်မယ်။ အကုသလာ ဗျာကတော အကုသလဿ အတွက်ပါဠိဆိုလိုက်ကြပါဦး။ အရကောက်ကလဲ ကုသိုလ်အစား အကုသိုလ်လို့ဆိုရုံပါဘဲ။

## အကုသလာဗျာကတော အကုသလဿ

အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလဿဓမ္မဿနိဿယပစ္စယေနပစ္စယော၊ အကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံခန္ဓာနံ နိဿယပစ္စယေနပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿခန္ဓဿ နိဿယ ပစ္စယေနပစ္စယော။ ဒွေခန္ဓာ စ ဝတ္ထု စ ဒွိန္နံခန္ဓာနံ နိဿယ ပစ္စယေနပစ္စယော။

**အကုသလာဗျာကတောအကုသလဿ၌** - အကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော **ကတ္တား** ပုဒ်၏ အရကား အချင်းချင်းအားတတ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တဝီသအစိတ်အစိတ် နာမက္ခန္ဓာ၊ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုပစ္စည်း တရားရ၏။ ။အကုသလဿဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား အကုသိုလ်စိတ်

ဒွါဒသ၊ စေတသိက်သတ္တဝိသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စယုပ္ပန် တရားရ၏၊ ။နိဿယ ပစ္စယေနဟူသော ကရိုဏ်း ပါဠိ၏ အရကား တပြိုင်နက် တတ်ကောင်းသော နိဿယ၊ အတ္ထိ၊ အဝိဂတ - ဤ (၃) ပစ္စယသတ္တိတို့တွင် နိဿယသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသရ၏။

ပစ္စယုပ္ပန်တရားက အချင်းချင်း နေရာမှာ ကုသိုလ်ဆိုရင် ကုသိုလ် ယူရပါတယ်။ အကုသိုလ်ဆိုရင် အကုသိုလ်ယူရပါတယ်။ ကရိုဏ်းကတော့တပြိုင်နက်နိဿယ၊ အတ္ထိ၊ အဝိဂတမှာဘဲရှိပါတယ်၊ ကုသလာဗျာကတော ဖြစ်ပုံက ပစ္စည်းကုသိုလ်နဲ့ ဟဒယဝတ္ထုနေခြင်း ကြောင့်ဖြစ်ပါတယ်။ အကုသလာဗျာကတော ဖြစ်ပုံကလဲ ထိုနည်းတူဘဲပါဘဲ။ ရှေ့ဆက်ပြီး ပစ္ဆာဇာတာဗျာကတ မိဿက ဆိုလိုက်ကြပါဦးစို့။

## (၂) ပစ္ဆာဇာတာဗျာကတ မိဿက

မ

ဝ ေ ေ ေ ေ ေ ေ ရုံ ရုံ ဘွင်

တိ စတု ၄

ဩ

**ပစ္ဆာဇာတာ ဗျာကတမိဿက ပစ္စည်း၏ သုဒ္ဓသင်္ချာ ဝါရန္တ** ဝုတ္ထော မနောဒွါရာ ဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ရပ်၏ ငြိမ်ရောက်သောတိဇကာယ စတုဇကာယအား ကာလတူတပြိုင်နက် တတ်ကောင်းသော ပစ္ဆာဝါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ်စိတ်ဒွါဒသ၊ ကုသိုလ်စိတ်ဧကဝီသ၊ စေတသိက် ဒွေပညာသ အစိတ် အပေါင်း နာမက္ခန္ဓာ။ ဝုတ္ထော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ငြိမ်သို့ ရောက်သောဩဇာ။ ဤတရားတို့သည် ပစ္ဆာဇာတာဗျာကတ မိဿက ပစ္စည်းဖြစ်သော တရားတို့မည်ကုန်၏။ သင်္ချာဒွေ။ ပစ္စည်းရေ ( ၂ ) ဟူသည်တည်း။ သင်္ချာဒွေဟူသော်ကား ကုသလာဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ ဟူသည်တည်း။ပစ္စည်းရေ (၂) ဟူသော်ကား အတ္ထိ၊အဝိဂတ ဟူသည်တည်း။

အထက်မှာရေးထားတဲ့ ပစ္ဆာဇာတာဗျာကတ မိဿကပိဋ်ထိပုံစံကို ကြည့်လိုက်မယ်ဆို ရင် သုဒ္ဓသင်္ချာအတိုင်း "ဝုတ္ထော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ငြိမ်သို့ရောက်သော တိဇကာယ စတုဇကာယ"လို့ ပစ္စယုပ္ပန်ရှိပါတယ်။ တိ- စတုလို့ရေးထားပါတယ်။ ဝုတ္ထော မနောဒွါရာဝဇ္ဇန်းနေရာမှာ "ပဉ္စဝေါကာရဘုံ၌ဖြစ် သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ ကုသိုလ်စိတ်ဧကဝီသ၊ စေတသိက် ဒွေပညာသအစိတ် အပေါင်း နာမက္ခန္ဓာ"က ပထမဇောစသည် အခိုက်အတန့်မှာရှိတဲ့ နာမက္ခန္ဓာလေးပါးတို့ တွင် တပါးက တိဇစတုဇ၊ နှစ်ပါးက တိဇစတုဇ၊ သုံးပါးက တိဇစတုဇ၊ လေးပါးက တိဇစတုဇ-အစိတ်ခန္ဓာတွေ အပေါင်းခန္ဓာတွေက ပစ္ဆာဇာတသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ပြီးတော့ "ဝုတ္ထော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရပ် ၏ငြိမ်သို့ရောက်သောဩဇာ" ကလဲ တိဇကာယ စတုဇကာယအား ရုပ်အာဟာရသတ္တိနဲ့.

ကျေးဇူးပြုပါတယ်။ အဲဒါကြောင့် ပထမဇောစသည် အခိုက်အတန့်မှာရှိတဲ့ ကုသိုလ် အကုသိုလ် နာမက္ခန္ဓာလေးပါးက တိဇ စတုဇကာယအား ကျေးဇူးပြုတဲ့အခါမှာ ပစ္ဆာဇာတ၊ ဩဇာက ကျေးဇူးပြုတဲ့အခါမှာ ရုပ်အာဟာရဖြစ်ပါတယ်၊ ပစ္စည်းဘက်မှာ ကုသိုလ် အကုသိုလ်နဲ့ ဩဇာရှိခြင်းကြောင့် ကုသလာဗျာကတော၊ အကုသလာဗျာကတောသို့ ရပါတယ်။ ပစ္စယုပ္ပန်ဘက်ကတော့ တိဇ စတုဇကာယဆိုတဲ့ ရုပ်တရားသာရှိခြင်းကြောင့် အဗျာကတဘဲဖြစ်ပါတယ်။ ပစ္စည်းရေ(၂)ကတော့ ဒီပစ္ဆာဇာတနဲ့ ရုပ်အာဟာရဟာ အတ္ထိအဝိဂတပစ္စည်းမှာသာ ရှိပါတယ်၊ အခြားသောပစ္စည်းမှာ မရှိပါဘူး။ သူ့ကို သရုပ်ခွဲလိုက်ရင် အရကောက် ဖြစ်ပါလိမ့်မယ်။ သူရဲ့ပါဠိကလဲ ဒီသဘောအတိုင်းဘဲဖြစ်ပါတယ်။

## ကုသလာဗျာကတော အဗျာကတဿ

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတံ-အာဟာရံ၊ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

**ကုသလာဗျာကတော အဗျာကတဿ** ကုသလော စ အဗျာကတော စ ဓမ္မာဟူသော **ကဏ္ဍား**ပုဒ်၏အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယ စတုဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော ပစ္ဆာဇာတဖြစ်သောအခါ ကုသိုလ်စိတ် ဇောဝီထိ၊ ဧကာသိက်အဋ္ဌ တိသအဝိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဩဇာပစ္စည်းတရားရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏အရကား ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရားရ၏။ ။အတ္ထိပစ္စယေနဟူသော **ကရိုဏ်း** ပါဠ်၏အရကား တပြိုင်နက်တတ်ကောင်းသော အတ္ထိ အဝိဂတ- ၍ (၂) ပစ္စယသတ္တိတို့တွင် အတ္ထိသတ္တိဟုဆိုအပ်သော သတ္တိ ပိသောသရ၏။

အကုသလာဗျာကတော အဗျာကတဿလဲ ဒီသဘောပါဘဲ။ အကုသိုလ်လို့ ဆိုရုံ ပါဘဲ။

## အကုသလာ ဗျာကတော အဗျာကတဿ

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတံ-အာဟာရံ၊ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိ ပစ္စယေန ပစ္စယော။

**အကုသလာ ဗျာကတော အဗျာကတဿ** - အကုသလော စ အဗျာကတော စ ဓမ္မာဟူသော **ကဏ္ဍား** ပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇကာယ စတုဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော ပစ္ဆာဇာတဖြစ်သောအခါ အကုသိုလ်စိတ် ဥဒ္ဒါသ၊

စေတသိက် သတ္တဝီသအစိတ် အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ရုပ်၏ငြိသို့ ရောက်သော ဩဇာပစ္စည်းတရား ရ၏။ ။ အဗျာကတသ ဓမ္မဿဟူသော **သမ္ပဒါန်** ပုဒ်၏ အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြိသို့ရောက်သော တိဇကာယ စတုဇကာယ ပစ္စယုပ္ပန်တရားရ၏။ ။အတ္ထိ ပစ္စယေနဟူသော **ကရိုဏ်း** ပါဌ်၏ အရကား တပြိုင်နက် တတ်ကောင်းသော အတ္ထိ၊ အဝိဂတ ၏(၂)ပစ္စယသတ္တိ တို့တွင် အတ္ထိ သတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။ ဒါက ပစ္ဆာဇာတာဟာရ မိဿက ဖြစ်ပါတယ်။ ပစ္ဆာဇာတိန္ဒြိယ မိဿကလဲ ဒီသဘောအတိုင်းပါဘဲ။

## (၃) ပစ္ဆာဇာ မိဿက

မ

ဝု ေ ေ ေ ေ ေ ေ ေ

ကမ္မဇ ၄

ဇီ

**ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရနှင့်** - ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြိသို့ရောက်သော ကမ္မဇကာယ အားကာလတူတပြိုင်နက် တတ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် စိတ် ဒွါဒသ၊ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် ဒွေပညာသ စိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ငြိသို့ ရောက်သော ရုပ်ဇီဝိတိန္ဒြေ။ ဤတရားတို့သည် ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာဒွေ" ပစ္စည်းရေ (၂) ဟူသည်တည်း။ သင်္ချာဒွေဟူသော်ကား ကုသလာဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿဟူသည် တည်း။ ပစ္စည်းရေ (၂) ဟူသော်ကား အတ္ထိ၊ အဝိဂတဟူသည်တည်း။

ပစ္ဆာဇာတနဲ့ ရုပ်အာဟာရကိုရော၍ 'ပစ္ဆာဇာတာဟာရမိဿက'ဟူ၍၎င်း၊ ပစ္ဆာ ဇာတနဲ့ ရူပဇီဝိတိန္ဒြိယကို ရော၍ 'ပစ္ဆာဇာတိန္ဒြိယမိဿက'ဟူ၍၎င်း ဒီကုသလတိက်ပစ္ဆာ ဇာတ၊ ရုပ်အာဟာရ၊ ရူပဇီဝိတိန္ဒြိယပစ္စည်းများရှိရာ အတ္ထိအဝိဂတပစ္စည်းမှာ'ပစ္ဆာဇာတံ· အာဟာရံ-ဣန္ဒြိယံ'ရယ်လို့ မိဿကမှန်းသိအောင် နိဂ္ဂဟိတ်နဲ့ဟောထားပါတယ်၊ ကုသလ တိက်မှာတော့ ဒီသုံးမျိုးကိုဘဲဟောပါတယ်။

သုဒ္ဓသင်္ချာအရ ပစ္ဆာဇာတာဟာရမိဿကက ပြောခဲ့တဲ့အတိုင်း ပထမဇော အခိုက် အတန့်မှာ နာမက္ခန္ဓာလေးပါးရှိပါတယ်။ ဒီလေးပါးဟာ အစိတ်အပေါင်းပါဘဲ ပစ္စယုပ္ပန် က ကမ္မဇပါ။ အဲဒီနာမက္ခန္ဓာလေးပါးက ကမ္မဇကိုကျေးဇူးပြုတဲ့အခါမှာ ပစ္ဆာဇာတဖြစ် ပါတယ်။ ရုပ်ဇီဝိတိန္ဒြေက ကမ္မဇကို ကျေးဇူးပြုတဲ့အခါမှာ ရူပဇီဝိတိန္ဒြိယဖြစ်ပါတယ်။ ဒါ ကြောင့် ပစ္ဆာဇာတနဲ့ ရူပဇီဝိတိန္ဒြိယရောပြီး ပစ္ဆာဇာတိန္ဒြိယရယ်လို့ ဟောပါတယ်။ သူ့ အတွက် ပါဠိကိုဆိုလိုက်ကြပါဦးစို့။ အရကောက်ကလဲကမ္မဇကာယလို့ ပြောင်းဆိုရရုံပါဘဲ၊

## ကုသလာဗျာကတော အဗျာကတဿ

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတံ-ဣန္ဒြိယံ၊ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

**ကုသလာဗျာကတော အဗျာကတဿ**- ကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော **ကတ္တား** ပုဒ်၏အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်၍ ရပ်၏ဌီသို့ရောက်သောကမ္မဇကာယအား ကာလဘူတပြိုင်နက်ဘတ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ၊ စေတသိက်အဋ္ဌတိံသအစိတ် အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ဌီသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေပစ္စည်းတရားရ၏။ ။အဗျာကတဿ ဓမ္မဿ ဟူသော **သမ္ပဒါန်** ပုဒ်၏အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရပ်၏ ဌီသို့ရောက်သော ကမ္မဇ ကာယ ပစ္စယုပ္ပန် တရား ရ၏။ ။အတ္ထိ ပစ္စယေန ဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တဘ်ကောင်းသော အတ္ထိ၊ အဝိဂတ-၌(၂)ပစ္စယသတ္တိတို့တွင် အတ္ထိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

## အကုသလာဗျာကတော အဗျာကတဿ

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိ ပစ္စယေန ပစ္စယော။ ပစ္ဆာဇာတံ-ဣန္ဒြိယံ၊ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိ ပစ္စယေန ပစ္စယော။

**အကုသလာဗျာကတော အဗျာကတဿ**- အကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော **ကတ္တား** ပုဒ်၏အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရပ်၏ဌီသို့ ရောက်သော ကမ္မဇကာယအား ကာလဘူတပြိုင်နက်တတ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ၊ စေတသိက်သတ္တဝီသအစိတ် အပေါင်းနာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရပ်၏ဌီသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားရ၏၊ အဗျာကတဿ ဓမ္မဿ ဟူသော **သမ္ပဒါန်**ပုဒ်၏အရကား ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ဌီသို့ရောက်သော ကမ္မဇကာယပစ္စယုပ္ပန် တရားရ၏။ အတ္ထိ ပစ္စယေန ဟူသော **ကရိုဏ်း** ပါဌ်၏အရကား တပြိုင်နက်တဘ်ကောင်းသောအတ္ထိ၊ အဝိဂတ ၌(၂) ပစ္စယသတ္တိတို့တွင် အတ္ထိသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

ပဋ္ဌာန်း(၂၄) ကျမ်းလုံးအတွက် ဟောထားတဲ့ မိဿကများကို စုပေါင်းလိုက်ရင် ပြောခဲ့တဲ့သုံးမျိုးမှတပါး (၄)အာရမ္မဏ ပုရေဇာတ-ဝတ္ထုပုရေဇာတမိဿက (၅) သဟဇာတိန္ဒြိယ ဝတ္ထုပုရေဇာတိန္ဒြိယမိဿက (၆)သဟဇာတ ပစ္ဆာဇာတမိဿက(၇)ပစ္ဆာဇာတာဟာရိန္ဒြိယမိဿက (၈) အာရမ္မဏပုရေဇာတ-ဝတ္ထုပုရေဇာတ-သဟဇာတ မိဿကရယ်လို့ရှစ်မျိုးရှိပါတယ်။ ဒီမိဿကများအကြောင်းကို ပဉှာဝါရသင်္ချာခန်းမှာ ချဲ့ထုံးက ဝိဘင်းထုတ်ပုံများကို ထိုက်သင့်သည်အားလျော်စွာ ပြောခဲ့ပေမဲ့ ၎င်းတို့ရဲ့ သုဒ္ဓသင်္ချာများ

ကိုမပြောခဲ့ရသေးလို့ ယခုဒင်းတို့ရဲ့ သုဒ္ဓသင်္ချာဖြစ်ပုံနှင့်တကွ ဝိဘင်းအချို့ကိုရှင်းအောင် ပြောပြပါမယ်။ သုဒ္ဓသင်္ချာဖြစ်ပုံကိုပထမ ရှေးဦးစွာပြောပြပါမယ်။ ဒီကျန်တဲ့ မိဿကငါးမျိုး မှာလဲ ကုသလတိက်လို သုဒ္ဓသင်္ချာများရှိသင့်ပါတယ်။ အရကောက်များကတော့ သုဒ္ဓသင်္ချာ ရယ်လို့အထူးရေးပြမှုမရှိပါဘူး။

ဒီသုဒ္ဓသင်္ချာကို မပြောခင် မိဿကများရဲ့အမည်အားလျော်စွာ သဘောကိုစင်းစား ကြည့်ရင် နာမ်တရားချည်းသက်သက်ရတဲ့ ပစ္စည်းချင်းတွဲထားတာကို မတွေ့ရဘဲ ရုပ်တရား များနဲ့သာတွဲထားတာကိုတွေ့ရပါလိမ့်မယ်။ ပစ္စည်းများရဲ့ကာလအနေအားဖြင့် စင်းစား တဲ့အခါမှာလည်း အတိတ်ကာလဆိုင်ရာ ပစ္စည်းများမပါဘဲ ပစ္စုပ္ပန်ကာလဆိုင်ရာ ပစ္စည်း များသာဖြစ်လေတော့ ပစ္စယုပ္ပန်တရားကိုကျေးဇူးပြုတဲ့အခါ ကာလအားဖြင့် ပစ္စုပ္ပန်ကာလ ဖြစ်ရတဲ့အပြင် တပြိုင်နက်လဲကျေးဇူးပြုကြောင်းကို တွေ့ရပါလိမ့်မယ်။

## (၄) အာ ဝတ် ပုရေ မိဿက

ရူ ၊

စက္ခု ၊ မ

တိ န ဒ ပ စ သံ ဣ ဝု ဧ ဧ ဧ ဧ ဧ ဧ ရုံ ရုံ ဘွင် စု ပဋ္ဋိ ဘွင်

နိပ္ဖန္န ၁၈ ကာမ ၄၄

ဟ

ရူ ဟ စ

န ဒ မ ပ ဥ နု ဝေါ ဘိံ ဘွင်

ခုနကပြောခဲ့တဲ့ကျန်တဲ့မိဿကငါးမျိုးထဲက အာရမ္မဏပုရေဇာတ-ဝတ္ထုပုရေဇာတ မိဿကသုဒ္ဓသင်္ချာကတော့-

**အာရမ္မဏပုရေဇာတ-ဝတ္ထုပုရေဇာတ မိဿကပစ္စည်း၏သုဒ္ဓသင်္ချာဝါရ၌-**

(၁) ဒွေပဉ္စ ဝိညာဉ်တဆယ် အားတတ်သော ပစ္စုပ္ပန်ပဉ္စာရုံ၊ မဇ္ဈိမာယုကဖြစ်၍ အတီတဘွင်နှင့် ဥပါဒ်ပြိုင်သောပဉ္စဝတ္ထု။

(၂) ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော ကာမစိတ် ၄၄-ခုအားတတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်အဋ္ဌာရသ၊ ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်သောဟဒယ ဝတ္ထု။

(၃) ဒိဗ္ဗစက္ခု ဒိဗ္ဗသောတကုသိုလ် ကြိယာအဘိညာဉ်အားတတ်သော ဒူရ ပဋိစ္ဆန္န သဏှ သုခုမဖြစ်သော ပစ္စုပ္ပန် ရူပါရုံ-သဒ္ဒါရုံ (ပြီးလွယ်အောင်ဒိဗ္ဗစက္ခုနဲ့ ဒိဗ္ဗသောတကိုတွဲ ထားပါတယ်၊ ခွဲပြီးလဲဆိုနိုင်ပါတယ်။) ဝေါတ္ထပ္ပနကိစ္စတတ်သော မဟာကုသိုလ် မဟာကြိ ယာတတိယဒွေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် အာရမ္မဏပုရေဇာတ ဝတ္ထုပုရေဇာတ မိဿကပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာတီကာ။ ပစ္စည်းရေ (၃)ဟူသည်တည်း။ သင်္ချာတိကာ ဟူသော်ကား (ပတ-တ) (ဒုတ-တ) (ပဒု-တ)ဟူသည် တည်း။ ပစ္စည်းရေ (၃)ဟူသော်ကား (ပုရေဇာတဘုပါ၍) ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဟူ

သည်တည်း။ ။သင်္ချာများကတော့ တိက်အားလျော်စွာ ထုတ်ရပါတယ်။ ယခုဒုဿနတိက်ကို ထုတ်ပြသဖြင့် တိကဖြစ်ပါတယ်။ အဇ္ဈတ္တတိက်မှာတော့ (ပဒု-ပ)(ပဒု-ဒု)ရယ်လို့ ၂ချက်သာရှိပါတယ်။ ယခုအဇ္ဈတ္တတိက် (ပဒု-ပ) ရဲ့ ဝိဘင်းနဲ့ အရကောက်ကို ပြောပြပါမယ်။

**အဇ္ဈတ္တတိက်။ အာပုဝတ်ပု (ပဒု-ပ)။** ။အဇ္ဈတ္တောဓ ဗဟိဒ္ဓါစမ္မောအဇ္ဈတ္တဿ ဓမ္မဿ အတ္ထိပစ္စယေနပစ္စယော၊ အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ-ဗဟိဒ္ဓါရူပါယတနဥ္စ အဇ္ဈတ္တံစက္ခာယတနဥ္စအဇ္ဈတ္တဿစက္ခုဝိညာဏဿ ပုရေဇာတ ပစ္စယေနပစ္စယော။ပ။ဗဟိဒ္ဓါ ဖောဋ္ဌဗ္ဗာယတနဥ္စ အဇ္ဈတ္တံ ကာယာယတနဥ္စ အဇ္ဈတ္တဿ ကာယဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။ ပ။

ဗဟိဒ္ဓါ ရူပါယတနဥ္စ အဇ္ဈတ္တံ ဝတ္ထုစ အဇ္ဈတ္တာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ပ။ ဗဟိဒ္ဓါဖောဋ္ဌဗ္ဗာယတနဥ္စ အဇ္ဈတ္တံ ဝတ္ထုစ အဇ္ဈတ္တာနံ ခန္ဓာနံ အတ္ထိ ပစ္စယေနပစ္စယော။

အဲဒီမှာစင်းစားကြည့်လိုက်မယ်ဆိုရင် ဝိထိဇယားအရ ဘာတွေပြဘားသလဲ။ အာရမ္မဏပုရေဇာတ-ဝတ္ထုပုရေဇာတမှာ အရကောက်-

ကတ္တားက

အဇ္ဈတ္တဖြစ်သော စက္ခုဝိညာဉ်ဒွေ့ အားတတ်သော ဗဟိဒ္ဓပစ္စုပ္ပန်ရူပါရုံ။ (စက္ခုဝိညာဉ်ဒွေမှာ အစက်ကလေး ပြထားပါတယ်။ ဒါကပစ္စုပ္ပန်တရား။ ဒီဟာက်ကရူပါရုံကို အတီဘဘဝင်အထက်နားကပြထားပါဘယ်။ ရူပါရုံကစက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါမှာ အာရမ္မဏပုရေဇာတဖြစ်ပါတယ်။)

ပြီးတော့-မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သောစက္ခုဝတ္ထု။ (စက္ခုလို့ ရေးထားပါတယ်။ ဒီစက္ခုက စက္ခုဝိညာဉ်ကို ကျေးဇူးပြုတဲ့အခါမှာ ဝတ္ထုပုရေဇာတဖြစ်ပါတယ်။ သောတစသည်တွေကလဲဘဲ ဒီအတိုင်းပါဘဲ။)

ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေပဉ္စဝိညာဉ်ဘဆယ်ကြဉ်သော အဇ္ဈတ္တ ကာမစိတ် ၄၄ - ခုအား တတ်သော ဗဟိဒ္ဓ ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ၊ (နိပ္ဖန္နရုပ် ၁၈ နဲ့ ကာမ ၄၄ - ရေး ထားပါတယ်။)(ဒါက နိပ္ဖန္န ၁၈-ခု က ကာမ ၄၄—ခုအား အာရမ္မဏပုရေဇာတသတ္တိနဲ့ ကျေးဇူးပြုပါတယ်။)

မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇ - ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ (အဲဒါက ဝတ္ထုပုရေဇာတ ဖြစ်ပါတယ်၊ ပဉ္စာရုံကို သာမညဟောထားပေမဲ့ အာရမ္မဏ ပုရေဇာတရဲ့ သဘောအတိုင်း နိပ္ဖန္နရုပ် ကို အကုန်ကောက်ရပါတယ်။)

ပြီးတော့ အောက်ပိုင်းကြည့်လိုက်ရင် -အဇ္ဈတ္တဒိဗ္ဗစက္ခု ဝိညာဉ်အား တတ်သော (ဒိဗ္ဗစက္ခု အဘိညာဉ် စိတ်မှာ - စ - ကလေး ရေးထားပါတယ်။) ပူရပဋ္ဌိဇ္ဇန္န သဏ္ဍာသုခုမဖြစ်သော ဗဟိဒ္ဓရူပါရုံ။ (ဒီဘက်က-ရူ-ရေးထားပါတယ်၊ န- အထက်က ဖြစ်ပါတယ်။) ပြီးတော့မှ တဖန်-အဇ္ဈတ္တဖြစ်သော ဝေါဂြဲဘူ နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ အဲဒါက ဟ-ကို ဇောရဲ့ အထက်မှာ ရေးထားပါဘယ်။

ထိုနည်းတူစွာ အဇ္ဈတ္တဒိဗ္ဗသောတ အဘိညာဉ် အား တတ်သော [illegible] သဏ္ဍာသုခုမဖြစ်သော ဗဟိဒ္ဓသဒ္ဒါရုံ။ အဇ္ဈတ္တ ဖြစ်သော ဝေါဂြဲ[illegible]နှင့် အတူ ဥပါဒ်သော

ဟဒယဝတ္ထု ပစ္စည်းတရားရ၏။ **သမ္ပဒါန်** က ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကာမ စိတ် ၅၄၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်၊ အပ္ပမညာ ကြဉ်သော စေတသိက် ၅၀ ပစ္စယုပ္ပန်တရား ရပါတယ်၊ ဒါက အာရမ္မဏ ပုရေဇာတ-ဝတ္ထုပုရေဇာတမိဿက ဖြစ်ပါတယ် **ကရိုဏ်း** အားလုံးပစ္စည်းရေအတိုင်း ဖြစ်ပါတယ်။

## (၅) သဟပုတိ မိဿက

စက္ခု စ

(၇)

တိ န ဒ ပ စ သံ ဏ ၇ ေ ေ ေ ေ ေ ေ ရံ ရံ တွင်

သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ မိဿက သုဒ္ဓသင်္ချာကတော့ ဝိဓိကိုမဆိုဘဲနဲ့ အနုဝါဒကိုဘဲ ပြောပြပါမယ်။ ဒါတွေက သနိဒဿနတိက်မှာ ဟောပါတယ်။

**သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယ မိဿကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** - ဒွေပဉ္စဝိညာဉ်တဆယ်နှင့် သမ္ပယုတ်ဖြစ်သောသဗ္ဗစိတ္တ သာဓာရဏစေတသိက် (၇)ခုအား တတ်သော ဒွေပဉ္စဝိညာဉ်၊ ဇီဝိတ ဝေဒနာ။ (ဒါက သဟဇာတိန္ဒြိယအတွက် ဖြစ်ပါတယ်။) မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဒွါရ (ဒါကဝတ္ထုပုရေ ဇာတိန္ဒြိယ ဖြစ်ပါတယ်)။ သင်္ချာကော်၊ ပစ္စည်းရေ (၄) ဟူသော်ကား နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ဒါက သဟဇာတနဲ့ ဝတ္ထုပုရေဇာတိန္ဒြိယကို ရောပြီးဟောထားတာဖြစ်ပါတယ်။ သူရဲ့ဝိဘင်းက ''စက္ခုန္ဒြိယဉ္စ စက္ခုဝိညာဏဉ္စ စက္ခုဝိညာဏ သဟဂတာနံ ခန္ဓာနံ ဣန္ဒြိယ ပစ္စယေနပစ္စယော။ ပ ။ကာယိန္ဒြိယဉ္စ ကာယဝိညာဏဉ္စ ကာယဝိညာဏ သဟဂတာနံ ခန္ဓာနံ ဣန္ဒြိယ ပစ္စယေနပစ္စယော''။

စက္ခုန္ဒြိယဉ္စဆိုတော့ စက္ခုဒွါရရှိပါတယ်။ စ ရဲ့ရှေ့မှာ စက္ခုဝိညာဉ်ရှိပါတယ်။ အဲဒီ စက္ခုဒွါရက စက္ခုဝိညာဉ်ကို ဝတ္ထုပုရေဇာတိန္ဒြိယသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ စက္ခုဝိညာဉ်က သူနဲ့ယှဉ်တဲ့ သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ခုကို သဟဇာတသတ္တိနဲ့ ကျေးဇူးပြုကြောင်းကိုလဲ ဝိထိမှာ(၇)ပြပြီး ရေးထားပါတယ်။ ဒါ့ကြောင့် သူ့ကို သဟဇာတိန္ဒြိယ ပုရေဇာတိန္ဒြိယမိဿက ပစ္စည်းရယ်လို့ခေါ်ပါတယ်။ ပစ္စည်း **ကတ္တား** က ဒွေပဉ္စဝိညာဉ် တဆယ်ဆိုတဲ့ စိတ်, ဇီဝိတ,ဝေဒနာနဲ့ ပဉ္စဒွါရရပါတယ်။ ပစ္စယုပ္ပန် **သမ္ပဒါန်** က သဗ္ဗစိတ္တ သာဓာရဏစေတသိက်(၇)ခု ရပါတယ်။ ကရိုဏ်းပြောခဲ့ပါပြီ။

## (၆) သဟဇာတ ပစ္ဆာဇာတ မိဿက

နံ ဒ မ ပ ဥ န ဝေါ(ဝေါ) | မဂ် ဖိုလ် ဖိုလ် ဖိုလ် ဘွင်

န ဒ မ နု နု နံ နု | ဖိုလ် | ဖိုလ် ဖိုလ် ဘွင်

ကမ္မဇကာယ ၁-၃

၃-၁

၂-၂

ပြီးတော့ သဟဇာတက - ပစ္စာဇာတမိဿကဖ။ ဒါက ဥပါဒိဏ္ဏတိက်မှာ ဟောပါတယ်။

**သဟဇာတ ပစ္စာဇာတ မိဿကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌**-အချင်းချင်းအားဖြင့် (သဟဇာတအတွက်)ဝေါ်ဟြာဘူ ဝေါဒါနီ အနုလုံအစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇကာယအားဖြင့်း၊ တိဇကာယအားဖြင့်းကာလတူတပြိုင်နက်တတ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက်ဆတ္တိံသ အစိတ်အစိတ်နာမက္ခန္ဓာ။ သင်္ချာတိဏ်။ ပစ္စည်းရေ (၂) ဟူသည်တည်း၊သင်္ချာတိဏ်ဟူသော်ကား(တ-ပတ)(တ-ဒုတ)(တ-ပဒု)ဟူသည်တည်း။ ဒီမိဿကဟာ ပစ္စယုပ္ပန်မိဿက ဖြစ်ပါတယ်။ ပစ္စည်းရေ(၂)ဟူသော်ကား အတ္ထိ၊ အဝိဂတဟူသည်တည်း။

ဒီမှာ ဝိထိကလေးကို ပထမရှေးဦးစွာ ကြည့်ရပါတယ်။ သူရဲ့ ပိဘင်းက သဟဇာတပစ္စာဇာတဖြစ်တော့ ''သဟဇာတော အနုပါဒိန္န အနုပါဒါနိယော ဧကောခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ပုရေဇာတဿ ဣမဿ ဥပါဒိန္န ပါဒါနိယဿစ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ တယောခန္ဓာ ဧကဿခန္ဓဿ ပုရေဇာဘဿ ဣမဿ ဥပါဒိန္နုပါဒါနိယဿစ ကာယဿ အတ္ထိ ပစ္စယေနပစ္စယော။ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ ပုရေဇာတဿ ဣမဿ ဥပါဒိန္နုပါဒါနိယဿစ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။

အရကောက် **ကတ္တား** ပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အချင်းချင်းအားဖြင့်း၊(မဂ်နဲ့ ဖိုလ် နေရာမှာ ဧကောခန္ဓောစ တိဏ္ဏန္နံ ခန္ဓာနံ အရ အချင်းချင်းအားဖြင့်း ဖြစ်ပါတယ်)။ သူ့ရဲ့ရှေ့မှာ မဂ္ဂဝိထိဖြစ်ခဲ့လို့ရှိရင် ဝေါ်ဟြာဘူဝေါဒါနီရှိပါတယ်။ ဖလသမာပတ္တိဝိထိဖြစ်ခဲ့လို့ရှိရင် အနုလုံရှိပါတယ်။ အဲဒါကိုပင်-''ဝေါ်ဟြာဘူဝေါဒါနီ အနုလုံ အစရှိသော ရှေးရှေးသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ကမ္မဇကာယအားဖြင့်းကာလတူတပြိုင်နက်တတ်ကောင်းသော လောကုတ္တရာစိတ်ရှစ်ခု၊စေတသိက်ဆတ္တိံသအစိတ်အစိတ် နာမက္ခန္ဓာ **ပစ္စည်း** တရားရ၏။ **သမ္ပဒါန်** ပုဒ်၏ အရကား လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက်ဆတ္တိံသအစိတ် အစိတ်နာမက္ခန္ဓာ၊ ဝေါ်ဟြာဘူဝေါဒါနီ အနုလုံ စသောစိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇကာယ ပစ္စယုပ္ပန်တရားရ၏။ သမ္ပဒါန်က လောကုတ္တရာစိတ် ရှစ်ခုနဲ့ ကမ္မဇကာယဖြစ်တော့ သဟဇာတကလဲဖြစ်၊ ပစ္စာဇာတလဲ ဖြစ်တယ်၊ ဒါကိုပင် သဟဇာတ-ပစ္စာဇာတ မိဿကရယ်လို့ ဆိုရပါတယ်။ နည်းရရုံတမျိုးသာ ပြပါတယ်။

## (၇) ပစ္စာဇာတာဟာရ မိဿက

| | | | |
|---|---|---|---|
| န ဒ မ ပ ဥ နှ | ဝေါ(ဝေါ) | မဂ် | ဖိုလ် ဖိုလ် ဖိုလ် ဘွင် |
| န ဒ မ နှ နှ နှ | နှ | ဖိုလ် | ဖိုလ် ဖိုလ် ဘွင် |
| | ကမ္မဇ | ၈ | |
| | တိဇဩ(ဇီ) | | |

ပြီးတော့ ပစ္ဆာဇာဘာဟာရ ဣန္ဒြိယမိဿက။ ဒါကဥပါဒိန္နတိက်မှာဘဲ ဟောပါတယ်။

**ပစ္ဆာဇာတာဟာရ ဣန္ဒြိယ မိဿကပစ္စည်း၏ သုဒ္ဓ သင်္ချာဝါရ၌** ဝေါဒြဘူ ဝေါဒါန် အနုလုံအစရှိသော ရှေးရှေးသော စိတ်နှင့်အဘူဥပါဒိန်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇ ကာယအား ကာလတူတပြိုင်နက် တတ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ နောက်ဖြစ်သော လောကုတ္တရာစိတ်ရှစ်ခု၊ စေဘသိက်ဆတ္တိံသ အစိတ်အပေါင်းနာမက္ခန္ဓာ။ ဝေါပြဘူ ဝေါဒါန် အနုလုံအစရှိသော ရှေးဖြစ်သော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော တိဇသြဇာ၊ ရုပ်ဇီဝိတိန္ဒြေ။ သင်္ချာကော်။ ပစ္စည်းရေ( ၂ )ဟူသည်တည်း။ သင်္ချာကော်ဟူသော်ကား(ပဒုဘ-ပ)ဟူသည်တည်း။ ပစ္စည်းရေ( ၂ )ဟူသော်ကား အတ္ထိ၊ အဝိဂတဟူသည်တည်း။

ဒါကပစ္ဆာဇာတာဟာရဣန္ဒြိယ မိဿကဖြစ်ပါတယ်။ ဒီမိဿကရဲ့ ဝိဘင်းကတော့ ''ပစ္ဆာဇာတာ အနုပါဒိန္နအနုပါဒါနိယာ ခန္ဓာစ အနုပါဒိန္နုပါဒါနိယော ကဗဠီကာရော အာဟာရောစ ရုပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိ ပစ္စယေနပစ္စယော''လို့ဟောပါတယ်။

အရကောက်ဝိထိကိုကြည့်ပါ။ အောက်က (ဂ)ဂဏန်းရေးထားတာက မဂ္ဂဝီထိနဲ့ ဖလသမာပတ္တိဝီထိဖြစ်ပါတယ်။ **ကတ္တားပုဒ်**၏အရကား ဝေါဒြဘူဝေါဒါန်အနုလုံအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇကာယအား (ကမ္မဇလို့ ဒီဘက်က ဝေါဒြဘူ ဝေါဒါန် အနုလုံနေရာမှာ ရေးထားပါတယ်)ကာလတူ တပြိုင်နက်တတ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ နောက်ဖြစ်သော လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက် ဆတ္တိံသအစိတ်အပေါင်း နာမက္ခန္ဓာ။ (ဒါက ပစ္ဆာဇာတပါ)ဝေါဒြဘူ ဝေါဒါန် အနုလုံအစရှိသော ရှေးဖြစ်သောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇသြဇာ။ (ဒါက ရုပ်အာဟာရပါ)ရုပ်ဇီဝိတိန္ဒြေ (ဒါက ရူပဇီဝိတိန္ဒြိယပါ)**ပစ္စည်း**တရားရ၏။ **သမ္ပဒါန်ပုဒ်**၏အရကား ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကမ္မဇကာယ ပစ္စယုပ္ပန်တရားရ၏။ **ကရိုဏ်း**များပစ္စည်းရေအတိုင်း ဖြစ်ပါတယ်။

## (ဂ) အာပု ဝတ်ပု သဟ မိဿက

တိ န ဒ ပ စ သံ ဏ ဝု ေ ေ ေ ေ ေ ေ ရုံ ရုံ ဘွင်
ရှု စ
စက္ခု (၇)

ပြီးတော့ အာရမ္မဏပုရေဇာတ-ဝတ္ထုပုရေဇာတ-သဟဇာတမိဿက ဖြစ်ပါတယ်။ ဒါကို သနိဒဿနတိက်မှာဟောပါတယ်။ သူရဲ့ **သုဒ္ဓသင်္ချာ**ကတော့-ဒွေပဉ္စဝိညာဉ်တဆယ်နှင့် သမ္ပယုတ်ဖြစ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ခုအားတတ်သော ပစ္စုပ္ပန်ပဉ္စာရုံ၊ မဇ္ဈိမာယုကဖြစ်၍ အတီတဘွင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု၊ ဒွေပဉ္စဝိညာဉ်တဆယ်။ သင်္ချာကော်၊ ပစ္စည်းရေ( ၂ )ဟူသည်တည်း။ သင်္ချာကော်ဟူသော်ကား (ပဒုတ-တ) ဟူသည်တည်း။ ပစ္စည်းရေ( ၂ )ဟူသော်ကား အတ္ထိ အဝိဂတဟူသည်တည်း။

ပစ္စယုပ္ပန်တရားများမှာ သုဒ္ဓသင်္ချာမှာ ပါသွားပြီဖြစ်၍ ၎င်းတို့ကို အကျယ်ပြောစရာ မရှိပါဘူး။ သူရဲ့ဝိဘင်းကတော့ “ရူပါယတနဉ္စ စက္ခာယတနဿ စက္ခုဝိညာဏဿ စက္ခုဝိညာဏသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။”အရကောက်ကတ္တားက- “စက္ခုဝိညာဉ်ဒွေနှင့် သမ္ပယုတ်ဖြစ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုအားတတ်သော ပစ္စုပ္ပန်ရူပါရုံ”။ (ရူပါရုံက စက္ခုဝိညာဉ်ဒွေကို ကျေးဇူးပြုတဲ့အခါမှာ အာရမ္မဏပုရေဇာတဖြစ်ပါတယ်။) “မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုဝတ္ထု”။ (ဒါကလဲ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ခုကို ကျေးဇူးပြုတဲ့အခါမှာ ဝတ္ထုပုရေဇာတဖြစ်ပါတယ်) စက္ခုဝိညာဉ် (စက္ခုဝိညာဉ်က သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇) ခုကိုပင် ကျေးဇူးပြုတဲ့အခါမှာ သဟဇာတဖြစ်ပါတယ်) ပစ္စည်းတရားရန်။ သမ္ဗန္ဓီ ကတော့ “သမ္ပယုတ်ဖြစ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ခု ပစ္စယုပ္ပန်တရားရန်။

အဲဒီလို ပဋ္ဌာန်း (၂၄)ကျမ်းမှာ မိဿကအားလုံးကုန် ရှစ်မျိုးရှိပါတယ်။ ဒီမိဿက ရှစ်မျိုးရဲ့ပစ္စည်းရေတွေကိုကြည့်ရင် အတ္ထိအဝိဂတနှစ်ပစ္စည်း အမြဲပါနေတာကို တွေ့ရပါလိမ့်မယ်။ ဘာ့ကြောင့်လဲ ? အတ္ထိ အဝိဂတဟာ အကျယ်အားဖြင့် (၉)မျိုးရှိလို့ဖြစ်ပါတယ်။ အဲဒီ (၉) မျိုးထဲက ရသင့်တာတွေဟဲ့ပြီး မိဿကပြုလုပ်ခဲ့ပါ ဟောတာဟာ ဖြစ်ပါတယ်။

## အတ္တိအဓိပ္ပါယ်

အတ္ထိပစ္စည်းဆိုတာ ခဏိကပစ္စုပ္ပန်အနေအားဖြင့် မိမိထင်ရှားရှိခိုက် မိမိလိုထင်ရှား ရှိနေတဲ့တရားအား ထောက်ပံ့သမှုကျေးဇူးပြုတဲ့ ပစ္စည်းဖြစ်ပါတယ်။ ဥပမာအားဖြင့် မြေကြီးမြင့်မိုရ်တောင် ဟိမဝန္တာတောင်တွေဟာ မိမိတို့ထင်ရှားရှိခိုက် မိမိအပေါ် ပေါက်ရောက်နေကြတဲ့ ထိုသိုသစ်ပင်စသည်တို့အား ဩဇာထက်မျက်အောင် စည်းရှင်အောင် ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုကြပါတယ်။

ဤအတ္ထိပစ္စည်းမှာ ဇနကသတ္တိ ဥပထမ္ဘကသတ္တိရယ်လို့ နှစ်မျိုးရှိပါတယ်။ ဥပါဒ်အခိုက်ဘင်အခိုက်မှာ ဒီပစ္စည်းထင်ရှားရှိနေပေမဲ့ ဖြစ်ခနိုက် ပျက်ခနိုက်ဖြစ်လို့ မထင်ရှားဘဲ ဌီအခိုက်မှာသာ ပို၍ထင်ရှားသဖြင့် ဇနကသတ္တိရှိပေမဲ့ ဥပထမ္ဘက သတ္တိကပြဋ္ဌာန်းတယ်လို့ အဋ္ဌကထာ ဋီကာများက ဆိုကြပါတယ်။

**နိဗ္ဗာန်အတ္ထိ ပစ္စည်းမထိုက်ပုံ။** ။ထင်ရှားရှိခိုက် ကျေးဇူးပြုလို့ အတ္ထိပစ္စည်း မည်တယ်ဆိုရင် နိဗ္ဗာန်ဟာ ပရမတ္ထအားဖြင့် ထင်ရှားရှိနေတဲ့အတွက် အတ္ထိပစ္စည်းမှာ ပါသင့်တယ်လို့ စဉ်းစားစရာရှိပါတယ်၊ အတ္ထိ (၉) မျိုးရဲ့ သုဒ္ဓသင်္ချာတွေကို ကြည့်ရင် နိဗ္ဗာန်မပါပါဘူး။ နိဗ္ဗာန်ဟာ ကောဋိပိုလ်စသည်တို့ရဲ့ အာရုံအနေအားဖြင့်သာ ပစ္စည်းကတ်က ပါလာတဲ့ အသင်္ခတတရား၊ အမြဲနိစ္စ ထင်ရှားရှိနေတဲ့ တရားဖြစ်တယ်၊ ဥပါဒ်ဌီဘင်မှ ကင်းလေတော့ ကာလဝိမုတ် တရားလဲဖြစ်တယ်။ အတ္ထိက ဒီသဘောမျိုး မဟုတ်ဘူး။ ပစ္စုပ္ပန် အနေအားဖြင့် ထင်ရှားရှိရင် အတ္ထိပစ္စည်းဖြစ်မယ်၊ မရှိရင်မဖြစ်ဘူးဆိုတဲ့ သဘောဖြစ်လေတော့ အနိစ္စတရား သင်္ခတတရား သပ္ပစ္စယတရားဖြစ်ပြီး ဖြစ်မှုချုပ်မှုရဲ့ အမြဲကင်းနေတယ်။

နိဗ္ဗာန်မှာ ဒီလိုဖြစ်မှု ချုပ်မှုမရှိဘဲ အမြဲထာဝရ ထင်ရှားရှိနေဘဲ့ တရားဖြစ်လို့ အတ္ထိပစ္စည်းမှာ မဟောပါဘူး။ နိဗ္ဗာန်ရဲ့ အကြောင်းကိုတော့ နောက်ဆုံးမှာ ပြောပြပါမယ်။

**အတ္ထိပစ္စည်းနှ ဆင်ခြင်ဘွယ်။** ။အတ္ထိပစ္စည်းအတွက် ဘယ်လို ဆင်ခြင်ရမလဲဆိုရင် ရုပ်နာမ်တရားတို့ရဲ့ ပစ္စုပ္ပန်အနေအားဖြင့် တခုနဲ့တခု အတ္ထိပစ္စည်းဖြင့် ဖွဲ့စပ်၍ ကျေးဇူးပြုလာခြင်းကြောင့် အထူးထူးသော နိမိတ်သဏ္ဌာန် ဟန်ပန်ပုံပန်း အဆန်းတကျယ် ဖြစ်နေကြတယ်။ ဒီနိမိတ် အမျိုးမျိုးဟာ အတ္ထိပစ္စည်းရဲ့ ကိစ္စပါကလားလို့ သေချာစွာ မြင်နိုင်ရင် ဒီနိမိတ်တို့ ပျောက်ကွယ်နိုင်ကြပါတယ်။

ဥပမာအားဖြင့် အချင်းချင်းဖွဲ့စပ် ချိတ်ဆက်ထားတဲ့ စက်ကိရိယာတခုမှာ ပခုံးဖြစ်တဲ့ ခလုပ်နေရာကို မလှုပ်သေး မဖွင့်သေးရင် တည်ငြိမ်စွာပင် ရှိနေလိမ့်မယ်၊ ဒီခလုပ်ကို ဖြုတ်လိုက်ရင် တခါထဲ အားရှိ အားမဲ့ ဖရိုဖရဲ ကွဲချင်သလောက် ကွဲရှပျက်စီးနိုင်တာနဲ့ တူပါတယ်။

ဒီရုပ်နာမ်တရားတွေရဲ့ အစဉ်ဖြစ်နေတဲ့ သန္တတိ သမူဟ သဏ္ဌာန ပညတ်သုံးပါးတို့ရဲ့ အစွမ်းဖြင့် နိမိတ္တရှိနေလို့ ဒီဝတ္ထုဟာ တင့်တယ်တယ် မင်္ဂလာရှိတယ် ယဉ်ကျေးကောင်းမြတ်တယ် ချစ်ခင်ဘွယ်ရှိတယ် စသည်ဖြင့် လောဘတရားတွေ ပွားများနေကြပါတယ်။ မူလဖြစ်ဘဲ့ နိမိတ်မရှိရင် လောဘမရှိနိုင်ပါဘူး။ အတ္ထိပစ္စည်းဖြင့် ရုပ်နာမ်တို့အချင်းချင်း ကျေးဇူးပြုပုံကို အတိအကျ မြင်ရင် နိမိတ်မရှိတော့တဲ့အတွက် လောဘလဲမရှိရကားသာယာဘွယ်လို့ ထင်စရာမရှိတော့ပါဘူး။

ဒီရုပ်နာမ်တရားတွေရဲ့ အစဉ်ဖြစ်နေတဲ့ ပညတ်သုံးပါးရဲ့ အစွမ်းဖြင့် ငါသူဘ်ပါး ယောက်ျားမိန်းမ စသည်ရှိတယ် အတ္တဇီဝရှိဘယ်လို့ စွဲထင်မှတ်မှားနေပါတယ်။ အတ္ထိပစ္စယသတ္တိဖြင့် ဒီတရားရှိနေလို့သာ ဒီတရားရှိရတယ်၊ ဒီတရားတည်နေဘို့ရာ ဒီတရားက ကျေးဇူးပြုထားဘယ်လို့ ကျေးဇူးပြုပုံကို မြင်ပါမူကား အတ္တဇီဝစဘဲ့အယူ သုဉ်းဆိတ်နိုင်ပါတယ်။

တနည်းအားဖြင့် ပစ္စည်းရှုပါရုံကို အာရမ္မဏ ပုရေဇာတသတ္တိကြောင့်-မြင်ခြင်းစက္ခုဝိညာဉ်ဖြစ်နေဘယ်။ အကြောင်းကိုစွဲ၍ အကျိုးတရားဖြစ်မှုသာဖြစ်တယ်။ ငါမြင်တာ မဟုတ်ဘူး။ သဟဇာတတ္ထိအတွက်ကြောင့် ရုပ်နာမ်အစဉ်ဖြစ်နေတာငါဖြစ်နေတာမဟုတ်၊ပစ္ဆာဇာတတ္ထိနာမ်တရားတို့ကြောင့် ဒီစတုသမုဋ္ဌာနိက ရုပ်တရားတွေတည်နေတယ်၊ ငါတည်နေတာ မဟုတ်။ ရုပ်အာဟာရတ္ထိ သြဇာကြောင့် စတုသမုဋ္ဌာနိက ရုပ်တရားတို့ အင်အားပြည့်ဝပြီး ရှင်လန်းလတ်ဆတ်နေဘယ်၊ ငါအင်အား ပြည့်ဝလတ်ဆတ်နေတာ မဟုတ်ဘူး။ ရူပဇီဝိတိန္ဒြိယအတွက် ကမ္မဇရုပ်တို့ မပျက်မပြားဘဲ ရှည်ကြာစွာ အသက်ရှိတဲ့အသွင်နဲ့ တည်နေနိုင်တာဖြစ်တယ်၊ ငါတည်နေနိုင်တာမဟုတ်ဘူးလို့ အတ္ထိပစ္စည်းသဘောကို ဆင်ခြင်လျှင် ယုံမှားမှုများ ပျောက်ကင်းနိုင်ပါတယ်။

**အတ္ထိ-အဝိဂတအထူး။** ။ပရမတ္ထသဘာဝ ခဏိကပစ္စုပ္ပန် မပေါ်က်မပြန် မိမိသဘောထင်ရှားရှိနေမှုဟာ အတ္ထိ ဖြစ်ပါတယ်။ ပရမတ္ထသဘာဝ မကင်းသေး ချုပ်ခြင်းသို့ မရောက်သေးတဲ့ သဘောဟာ အဝိဂတဖြစ်ပါတယ်။

# နိဗ္ဗာန်

နိဗ္ဗာန်အကြောင်းကို ပြောပြမယ်ဆိုခဲ့တဲ့အတိုင်း နိဗ္ဗာန်အကြောင်းကို နည်းနည်း ပြောပြပါ့မယ်။ အရင်ကလဲနဲနဲပြောခဲ့ပါပြီ။ နိဗ္ဗာန်ဆိုတာပရမတ္ထအားဖြင့်အမြဲထင်ရှားရှိနေတဲ့ လောကုတ္တရာအာရုံတရားဖြစ်ပါတယ်။ ဒီနိဗ္ဗာန်ကို မဂ္ဂဝီထိခေလးပါး ရှေ့မှာရှိဘဲ့ ဂေါတြဘူ ဝေါဒါန်ဆိုတဲ့ ကာမစိတ်များ၊ မဂ်ဖိုလ်ဆိုတဲ့လောကုတ္တရာစိတ်များက အာရုံပြုကြပါတယ်။ ဒီနိဗ္ဗာန်ကို မြင်ပြီးတဲ့ အရိယာပုဂ္ဂိုလ်များက ထိုနိဗ္ဗာန်ကို တဖန်ထပ်မံ၍ ဆင်ခြင်တဲ့အခါ မနောဒွါရာဝဇ္ဇန်း ပစ္စဝေက္ခဏာဇောများကလဲ အာရုံပြုကြောင်းကို ပဋ္ဌာန်းအာရမ္မဏ ပစ္စည်းမှာ''အရိယာနိဗ္ဗာနံ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေနပစ္စယော''လို့ ဟောတော်မူပါတယ်။

နိဗ္ဗာန်ဆိုတာ ဓမ္မသင်္ဂဏီ ဒုကမာတိကာများမှာ''လောကိယာဓမ္မာ၊ လောကုတ္တရာ ဓမ္မာ''ရယ်လို့ဟောထားရာတွင် လောကုတ္တရာ တရားအစစ်ဖြစ်ပါတယ်။ ဓမ္မဆိုတဲ့ တရား ဟာ(၁)လောကီတရား (၂)လောကုတ္တရာတရား (၃)လောကီလဲမဟုတ် လောကုတ္တရာလဲ မဟုတ်တဲ့တရားရယ်လို့ သုံးမျိုးရှိပါတယ်။ (၁) လောကီစိတ် ၈၁၊ စေ ၅၂၊ ရုပ် ၂၈ ပါးမှာ ဒုက္ခသစ္စာဆိုတဲ့လောကမှာ အကျုံးဝင်လို့ လောကီတရားများ ဖြစ်ကြပါတယ်။ (၂) လောကုတ္တရာ စိတ် ၈ ခု၊ စေ ၃၆၊ နိဗ္ဗာန်တရားများကတော့ ဥပါဒါနက္ခန္ဓာဆိုတဲ့ လောကကို မှီနေပေမဲ့ ဒီလောကနဲ့ မသိမ်းကျုံပါဘူး။ ပဒုမ္မာကြာပန်းများဟာ ရွှံ့နစ် ညွန်ရေကိုမှီပြီး ဖြစ်ရပေမဲ့ ဒီရွှံ့နစ်စသည်နဲ့ မလိမ်းကျံဘဲ ရေပေါ်မှာ စွင့်စွင့်မြင့်၍ တည်နေသလို ဥပါဒါနက္ခန္ဓာဆိုတဲ့လောကမှ လွန်မြောက်၍ တည်နေလို့ လောကုတ္တရာ တရားများမည်ပါတယ်၊ (၃) အနာဂါမ်ရဟန္တာများ ဝင်စားအပ်တဲ့ နိရောဓသမာပတ် ကတော့ သမာဓိ ဘာဝနာ, ဝိပဿနာ ဘာဝနာနှစ်ပါးရဲ့အစွမ်းအားဖြင့် စိတ်စေတသိက် စိတ္တဇရုပ်တို့ ချုပ်ခြင်း ငြိမ်းခြင်း အဘာဝ ပညတ် တရားဖြစ်လို့ လောကီလဲ မဟုတ် လောကုတ္တရာလဲ မဟုတ်ကြောင်းကို ဝိနည်းအဋ္ဌကထာများမှာ- ''နိရောဓ သမာပတ္တိ သမာ ပဇ္ဇာမီတိ ဝါလာဘိမိဝါဟံ တဿတိဝဒတော နဟ္တိပါရာဇိကံ၊ ကသ္မာ? နိရောဓ သမာ ပတ္တိယာနေဝလောကိယတ္တာ နလောကုတ္တရတ္တာတိ'' လို့ မိန့်ပါတယ်။ နိရောဓသမာပတ် ကိုဝင်စားပြီ, ငါရနေပြီလို့ ပြောပေမဲ့ ပါရာဇိကမကျပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ နိရောဓသမာပတ်ဟာ လောကီလဲမဟုတ်ဘူး လောကုတ္တရာတရားလဲ မဟုတ်ဘူးတဲ့၊ ပညတ် တရားများမှာလဲ ပရမတ္ထနဲ့မဆိုင်လေတော့ နေဝလောကိယ နလောကုတ္တရဓမ္မများ ဖြစ်ကြ ပါတယ်။

ဒီနိဗ္ဗာန်ဟာ လောကုတ္တရာပါလို့ဆိုသဖြင့် ရာဂစသော(၁၁)ပါးသော မီးတို့ရဲ့ ငြိမ်းခြင်းမျှ အဘာဝမတ္တဟာ နိဗ္ဗာန်မဟုတ်ပါဘူး၊ မဂ်ဖိုလ်တရားများလို လောကကို လွန်မြောက်၍ တည်တတ်တဲ့တရားထူးသာ နိဗ္ဗာန်မည်ကြောင်းထင်ရှားပါတယ်။ ရာဂစတဲ့ (၁၁)ပါးသော မီးတို့ရဲ့ ငြိမ်းခြင်းမျှ အဘာဝမတ္တဟာ နိဗ္ဗာန်ပါလို့ဆိုရင် ဒီနိဗ္ဗာန်ဟာ လောကုတ္တရာတရား မဟုတ်တော့ဘဲ နိရောဓသမာပတ်, ပညတ်များလို နေဝလောကိယ နလောကုတ္တရဓမ္မ ဖြစ်သွားလိမ့်မယ်။

ဒီနိဗ္ဗာန်ကို လူသာမာန်တို့ပညာမျက်စိနဲ့မြင်ဘို့ရာထားလို့ လေးကျွန်းလုံးကို အစိုးရ တဲ့စကြာမင်းကြီးဖြစ်ဖြစ် လောကဓာတ်တသောင်းကို ကိုယ်ရောင်ဖြင့် ထွန်းလင်းစေနိုင်တဲ့ ပြဟ္မာမင်းကြီးပင်ဖြစ်ဖြစ်ပင်ကိုယ်ဖြစ်တဲ့ ပညာမျက်စိနဲ့ ကြည့်ရှုထင်မြင်နိုင်ကြတာမဟုတ်ပါ ဘူး။ မဂ်ညာဏ်ရလာလို့ အရိယာဖြစ်တဲ့အခါမှာတော့ မျက်စိအမြင်ရှိကြတဲ့သူများဟာ လ နေစတဲ့ ရူပါရုံကို ထင်ထင်ရှားရှားကြီးမြင်ရသလို ရအပ်ပြီးသော စိတ်စေတသိက်ရုပ်ရှိကြ တဲ့ပုထုဇဉ်ပုဂ္ဂိုလ်များအား မိမိတို့ရအပ်တဲ့ စိတ်စေတသိက်ရုပ်တရားများဟာ မျက်မှောက် အားဖြင့် ထင်ရှားကြသလို နိဗ္ဗာန်တရားကြီးကို ထင်ထင်ရှားရှား မြင်နိုင်ကြမျက်မှောက်ပြု နိုင်ကြပါတယ်။

သာမညဖြစ်တဲ့ ပုထုဇဉ်များကတော့ ဒီမဂ်ဖိုလ်နိဗ္ဗာန်တရားကြီးကို မိမိတို့သန္တာန် မှာဖြစ်ကြတဲ့ မဟာကုသိုလ်ညာဏ် သမ္ပယုတ်နဲ့ မျက်မှောက်အာရုံပြုခြင်းငှါ မစွမ်းနိုင်ကြပါ ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီပုဂ္ဂိုလ်တွေမှာ အားကြီးတဲ့ ကိလေသာအပိတ်အပင်ရှိတဲ့ အ ပြင် သူတို့ဟာ မဂ်ဖိုလ်ကိုလဲ မရသေးလို့ ဖြစ်ပါတယ်။ ဒါဖြင့် ပုထုဇဉ်ဆိုရင်နိဗ္ဗာန်ကို မျက် မှောက်မပြုရတော့ဘူးလားဆိုရင် သောတာပတ္တိမဂ်၏ ရှေးဂေါတြဘူ စိတ်နဲ့ ပြည့်စုံတဲ့ ဝိသေသပုထုဇဉ်များမှာတော့ နိဗ္ဗာန်ဟာ ပစ္စက္ခအားဖြင့် ထင်ရှားပါတယ်။ နေမထွက်ခင် အာရုဏ်တက်တဲ့အခါနေ့လို့ ခေါ်ရသလို အရိယာမဖြစ်ခင် ဂေါတြဘူခဏမှာ နိဗ္ဗာန် ကို မျက်မှောက်ပြုနိုင်ကြောင်းကို'နိဗ္ဗာနံဂေါတြဘုဿ'ဟုဟောကြောင်းအစကပြောခဲ့ပါပြီ။

အကြားအမြင်များပြီး ဆင်ခြင်တတ်တဲ့ ကလျာဏ ပုထုဇဉ်များကတော့ နိဗ္ဗာန် တ ရားကို မှန်းဆတဲ့ အနုမာနသိဒ္ဓိအားဖြင့်ရှိတယ်ရယ်လို့ သိကြပါတယ်၊ အနုမာနသိဒ္ဓိဆိုတာ (၁)သုတမယ အနုမာနသိဒ္ဓိ(၂)စိန္တာမယ အနုမာနသိဒ္ဓိ (၃) ဘာဝနာမယအနုမာနသိဒ္ဓိ ရယ်လို့ သုံးပါးရှိပါတယ်။

(၁) သာသနာတော်မြတ်နဲ့ ကြုံကြိုက်ရပြီး ဘုရားရဲ့ တရားတော်ကို ကြားနာရလို့ နိဗ္ဗာန်တရားရဲ့ ထင်ရှားရှိတဲ့ အဖြစ်ကို စိစစ်ဆင်ခြင်ကြတဲ့ ကလျာဏ ပုထုဇဉ်များမှာ သုတမယအနုမာနသိဒ္ဓိဖြစ်ပါတယ်။

(၂) သုမေဓာ ပညာရှိစသည်များလို ဘာမျှ မကြား မနာရပေမဲ့ နိဗ္ဗာန်တရားဟာ ထင်ရှားရှိတယ်လို့ ကြံဆတဲ့အခါမှာစိန္တာမယအနုမာနသိဒ္ဓိဖြစ်ပါတယ်။ မှန်ပါတယ်၊ သုမေ ဓာပညာရှိဟာ ဆိတ်ငြိမ်ရာ ချဉ်းကပ်ပြီး ဒုက္ခရှိရင် သုခရှိရမယ်၊ ဘဝသုံးပါးဆိုတဲ့သံသရာ ရှိရင် ဒီဘဝသုံးပါးမှတပါးဖြစ်တဲ့ နိဗ္ဗာန်ရှိရမယ်၊ လောကမှာ အပူရှိရင် အအေးရှိရမယ်၊ ဇာတိဇရာ မရဏ မီးသုံးပါးရှိရင် ဒီမီးသုံးပါးရဲ့ ငြိမ်းရာ နိဗ္ဗာန်ဟာ ထင်ရှား ရှိရမယ်လို့ ကြံဆတာဖြစ်ပါတယ်။

(၃) ဘာဝနာမယအနုမာနသိဒ္ဓိကတော့ ဥပါဒါနက္ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ၊ ဒီ ဥပါဒါနက္ခန္ဓာငါးပါးမှာ စွဲလမ်းကပ်ငြိတဲ့ တဏှာဟာသမုဒယသစ္စာ။ ဒီတရား ၂ပါးမရှိရာ အမြိုက်နိဗ္ဗာန်ဟာ နိရောဓသစ္စာ။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရားကိုယ်ရှစ်ပါးဟာ မဂ္ဂ သစ္စာဘဲရယ်လို့ စတုသစ္စာကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့ ယောဂီများမှာ ယင်းသစ္စာသုံးပါးထင်

ရှားရှိသလို နိရောဓသစ္စာလဲ ပရမတ္ထအားဖြင့် ထင်ရှားရှိမှုကို ဆင်ခြင်တဲ့ဟာ ဘာဝနာမယ အနုမာနသိဒ္ဓိဖြစ်ပါတယ်။

ဒီနိဗ္ဗာန်နဲ့စပ်လို့ သမ္မောဟဝိနောဒနီအဋ္ဌကထာမှာပညာရှိတို့ရဲ့ စိတ်နှလုံးကို တုံ လှုပ်စေတတ်သော အယူရှိတဲ့ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်များက အသီးအခြား နိဗ္ဗာန်တရားရယ် လို့ မရှိပါဘူး၊ ကိလေသာကုန်ခြင်းသာ နိဗ္ဗာန်ပါလို့ ပြောကြတယ်။ ဒီတော့ဆရာမြတ်များ က ငါ့ရှင် ကိလေသာကုန်ခြင်းဟာ နိဗ္ဗာန်ဘဲရယ်လို့ ဘယ်မှာဟောသလဲမေးတော့ 'နိဗ္ဗာနဉ္စ ခေါ အာဝုသော သာရိပုတ္တဝုစ္စတိ၊ကတမံ ခေါ အာဝုသော နိဗ္ဗာနံ၊ ယောခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ဣဒံဝုစ္စတိအာဝုသော နိဗ္ဗာနံ'လို့ ရာဂဒေါ သ မောဟကုန်ခြင်းကို နိဗ္ဗာန်ဆိုကြောင်းကို ဇမ္ဗုခါဒကသုတ်ကို ကိုးကားပြီးဖြေဆိုတယ်။ ဒီတော့ဆရာမြတ်များက-ငါ့ရှင်ထုတ်ဆောင်အပ်တဲ့ သုတ်ဟာတိုက်ရိုက်သိစေအပ်တဲ့နီတတ္ထ အနက်ရှိသလား။ ဒါမှမဟုတ် ဆောင်၍သိအပ်တဲ့ နေယျတ္ထအနက်ရှိသလား မေးတော့ နီတတ္ထအနက်ပါလို့ ဖြေဆိုတယ်။ ဒါဖြင့် ဒီသုတ်ရဲ့ အခြားမဲ့မှာဟောတဲ့သုတ်ကို ထုတ်ပြပါ ဦးဆိုတော့'အရဟတ္တံ အရဟတ္တဉ္စခေါ အာဝုသော သာရိပုတ္တဝုစ္စတိ၊ ကတမံနုခေါ အာဝု သော အရဟတ္တံ၊ ယောခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိအာဝုသော အရဟတ္တံ'လို့ ထုတ်ပြလိုက်တော့ ဆရာမြတ်များက ငါ့ရှင်နိဗ္ဗာန် တရားဟာ ဓမ္မာယတန ဓမ္မဓာတ်မှာ အကျုံးဝင်တဲ့ အသင်္ခတတရားတူးဖြစ်တယ်၊ အရဟတ္တ ဖိုလ်က နာမက္ခန္ဓာလေးပါးမှာ အကျုံးဝင်တဲ့ သင်္ခတတရားဖြစ်တယ်။ နိဗ္ဗာန်ကိုမျက်မှောက် ပြုနေတဲ့ အရှင်သာရိပုတ္တရာဟာ နိဗ္ဗာန်ကို မေးတော့လဲ ရာဂက္ခယစသည်ပင်၊ အရဟတ္တ ဖိုလ်ကိုမေးတော့လဲ ရာဂက္ခယစသည်ပင် ဟောတော်မူတယ်။ ဒီလိုဆိုရင် နိဗ္ဗာန်နဲ့အရဟတ္တ ဖိုလ်ဟာအတူတူဘဲ လားမထူးတော့ဘူးလားမေးတော့ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ဟာ မလှည့် ပတ်နိုင်တော့ဘဲ ရာဂ ဒေါသ မောဟတို့ ကုန်သော အဆုံး၌ဖြစ်လို့ အရဟတ္တဖိုလ်ကို ရာ ဂက္ခယစသည်ဟောကြောင်း ဖြေဆိုတယ်။ ဒီတော့ဆရာမြတ်များက ငါ့ရှင်သင်သည် ရာ ဂက္ခယစသည်ဖြင့် ဟောတော်မူအပ်တဲ့ အရဟတ္တဖိုလ်ကို ရာဂစသည်တို့၏ ကုန်ခြင်းမျှသာ ဟု နီတတ္ထအားဖြင့်မယူ၊ ရာဂစသည်တို့၏ ကုန်သောအဆုံး၌ဖြစ်တဲ့ တရားထူးကို နေ ယျတ္ထအားဖြင့် ဝေဘန်ပြီးယူသလို ထို့အတူ ရာဂက္ခယစသည်ဖြင့် ဟောအပ်တဲ့နိဗ္ဗာန်ကိုလဲ ရာဂစသည်တို့ရဲ့ ကုန်ခြင်းမျှဟု နီတတ္ထအားဖြင့်မယူဘဲ ရာဂစသည်တို့၏ကုန်ကြောင်းတရား ထူးရယ်လို့ နေယျတ္ထအားဖြင့် ဝေဘန်၍ယူရမယ်လို့ ရှင်းပြတယ်။ နောက်အပတ်မှ အဆုံး သတ်ကြပါစို့။

သာဓု .... သာဓု .... သာဓု ....။

## ၁၃၂၉-ခု၊ နတ်တော်လဆုတ် (၅) ရက်
## ၁၉၆၇-ခု၊ ဒီဇင်ဘာလ (၂၁) ရက်၊ ကြာသပတေးနေ့
## ပဋ္ဌာန်း ကုသလတိက် ပဉ္စာဝါရဝိဘင်္ဂကို (၂၄) ကြိမ်မြောက်ပို့ချခြင်း

### နိဗ္ဗာန် အဓိပ္ပါယ်

အရှင်အပယ်က "ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ အာဝုသော နိဗ္ဗာနံ" အရ နိတတ္ထအားဖြင့် မယူဘဲ နေယျတ္ထအားဖြင့် ဝေဘန်ပြီး ယူရမယ်လို့ ပြောခဲ့ပါတယ်။ အဲဒီစကားရပ်များအရ နိဗ္ဗာန်ဟာ ရာဂစသည်တို့၏ ကုန်ကြောင်းတရား ဖြစ်ပါတယ်။ မဂ်တရားများဟာ နိဗ္ဗာန်ဆိုတဲ့ အာရုံ အကြောင်းတရားကို ရပါမှ ရာဂစတဲ့ ကိလေသာတို့ကို ပယ်သတ်နိုင်သဖြင့် မဂ်တရားများကို ကိလေသာစသည်ကို ကုန်စေတတ် ပယ်သတ်တတ်တဲ့ တရားရယ်လို့ ဆိုရပါတယ်။ နိဗ္ဗာန်ကတော့ မဂ်ရဲ့ အာရုံဖြစ်လေတော့ ထိုရာဂစတဲ့ ကိလေသာတို့၏ ကုန်ဘို့ ပျက်စီးဘို့ အကြောင်းတရားများဖြစ်ပါတယ်။

အရဟတ္တဖိုလ်ကတော့ ရာဂစဘဲ့ ကိလေသာတို့ကုန်တဲ့ အဆုံးမှာ ဖြစ်ပါတယ်။ အနမတဂ္ဂ သံသရာမှစ၍ သတ္တဝါတွေရဲ့ သန္တာန်မှာ ရာဂစတဲ့ ကိလေသာ အပူမီးတွေဟာ အမြဲ ပူလောင်ခဲ့ပါတယ်။ အရဟတ္တမဂ်ရလို့ ဒီအရဟတ္တမဂ်က နိဗ္ဗာန်ကို အာရုံပြုလိုက်တာနဲ့ တပြိုင်နက် ရာဂစတဲ့ ကိလေသာ အပူမီးတွေဟာ နောက်ဘဖန်ပြန်၍ ဖြစ်ပေါ်မှု မရှိနိုင်အောင် အကြွင်းအကျန်မရှိစေဘဲ ကုန်ခမ်းစေပါတယ်။ ဒီကိလေသာတွေဟာ အရဟတ္တမဂ်ရဲ့ ခဏမှာဘဲ ကုန်ကြပြီး ဒီလိုကိလေသာကုန်တဲ့ အဆုံးမှာ အရဟတ္တဖိုလ်ဖြစ်ပေါ်လာရခြင်းဖြစ်တော့ အရဟတ္တဖိုလ်ကို ရာဂဒေါသ မောဟတို့ရဲ့ ကုန်ရာလို့ ဆိုရပါတယ်။

ထိုမှတပါး နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ကိုခွဲခြား၍ သိရပါလိမ့်မယ်။ နိဗ္ဗာန်ဆိုတာ စိတ်စေတသိက်ရုပ်များလို တရားကိုယ်ရကောင်းတဲ့ ပရမတ္ထတရားအစစ် ဖြစ်ပါတယ်။ ပရိနိဗ္ဗာန်ကတော့ ခန္ဓာကမ္မဇရုပ်တို့ရဲ့ အကြွင်းမဲ့ ချုပ်ခြင်း မရှိခြင်းဆိုတဲ့ ပရမတ္ထဓမ္မ မရစကောင်းတဲ့ ပညတ်တရားဖြစ်ပါတယ်။ ဝိနည်းဋီကာများမှာ "အနုပါဒိသေသာယ နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗုတေ" ဆိုတဲ့အဖွင့်မှာ "နိဗ္ဗာန ဓာတူတိ ဧတ္ထနိဗ္ဗုတိမတ္တံ အဓိပ္ပေတံ" လို့ မိန့်ဆိုပါတယ်။

ထို့ပြင် ရတနသုတ်မှာ-

> ခီဏံ ပုရာဏံ နဝနတ္ထိသမ္ဘဝံ
> ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ
> တေခီဏဗီဇာ အဝိရူဠှိဆန္ဒာ
> နိဗ္ဗန္တိဓီရာ ယထာယံပဒီပေါ။

လို့ ဟောထားပါတယ်။ ရဟန္တာ အရှင်များတို့အား ရှေးအတိက် ကံဟောင်းများလည်း ကုန်ခဲ့ပြီ။ ကံအသစ်လဲဖြစ်ပေါ်ခြင်းမရှိတော့ပြီ။ နောင်ဖြစ်ရမည့်ဘဝသစ်၌ တွယ်ဘာတဲ့

စိတ်လဲကင်းတော်မူကြတယ်။ ထိုရဟန္တာအရှင်မြတ်သည် ပဋိသန္ဓေမျိုးစေ့သည်း ကုန်ခဲ့ပြီ၊ ဘဝသစ်ဆက်၍ဖြစ်ရေး, စည်ကားရေးဝယ်, တွယ်တာသောဆန္ဒာလည်း မရှိကြတော့ဘူး။ ထိုရဟန္တာအရှင်မြတ်တို့သည် ဤဆီမီးငြိမ်းသကဲ့သို့ ဝဋ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူကြတယ်လို့ ဆိုဘဲ့နေရာမှာ ''နိဗ္ဗန္တိဓီရာ ယထာယံပဒီပေါ''အရ နိဗ္ဗာန်ဆိုတာ မီးတောက်ငြိမ်းသလို (၁၁)ပါးသော မီးငြိမ်းခြင်းဘဲရယ်လို့ ယူဆကြပါတယ်။ အမှန်ကတော့ စုတိနောက် ပဋိသန္ဓေ ဆက်လက်ဖြစ်ရလို့ ဘဝမပြတ်သေးတဲ့ ပုထုဇဉ် သေက္ခတွေမှာ နောင်လူနတ်ဗြဟ္မာစသည်များ ဖြစ်ကြရပြန်တယ်။ ရဟန္တာများမှာတော့ စုတိစိတ် ချုပ်ဘာနဲ့ တပြိုင်နက် အဆက်မရှိတော့ဘဲ ငြိမ်းစဲကြပါတယ်။ ဆီမီးငြိမ်းတဲ့အခါ ဘယ်ရောက်သွားတယ်လို့ ဆိုရန်မရှိပါဘူး။ မီးဆိုဘဲ့အမည်ကိုလဲ ဆိုရန်မရှိ- ငြိမ်းတယ်လို့သာဆိုရသလို ရဟန္တာများမှာလဲ ပရိနိဗ္ဗာနစုတိ နောင်အပြီးသတ်ငြိမ်းပြီးဖြစ်ရာ မည်သည့်အရပ်သို့ ရောက်သွားတယ် ဖြစ်သေးတယ် မဖြစ်တော့ဘူး စသည်ဖြင့် ဆိုခွင့်မရှိဘူးရယ်လို့ ရဟန္တာတို့ရဲ့ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် စုတိကြောင်းကိုသာ ပြပါတယ်။ ပရမတ္ထနိဗ္ဗာန်နဲ့ လုံးဝမဆိုင်ပါဘူး။ ဒီပရိနိဗ္ဗာန်ရဲ့ ချမ်းသာပုံကို အနန္တရပစ္စည်း နိရောဓ သမာပတ်ကို ပြောစဉ်က နှိုင်းယှဉ်၍ အနည်းငယ်ပြောခဲ့ပါပြီ။

နိဗ္ဗာန်ဆိုဘာ လွန်စွာအလေးအမြတ်ပြုအပ် လွန်စွာသက်သာရာရစေအပ်တဲ့ တရားမျိုးဖြစ်ပါတယ်။ ဥပမာအားဖြင့် အသက်အန္တရာယ် စီးစိမ် အန္တရာယ် သားမယားစတဲ့ အန္တရာယ်တွေနဲ့ တွေ့ကြုံနေရလို့ ပြင်းပြစွာ စိုးရိမ်ကြောင့်ကြ ရှိနေတဲ့သူမှာ ဒီအန္တရာယ် အပေါင်းက လွတ်ငြိမ်းချမ်းသာခွင့်ရတဲ့အခါ ကြီးစွာသော စိတ်သက်သာရာကို ရတဲ့ အပြင် ဒီအသက်စသည်တို့ကို လွန်စွာ မြတ်နိုးကြပါတယ်။ ထို့အတူ ဘုံသုံးပါးမှာ အပန်ဖန် ဖိုရနာရ သေရမှုစတဲ့ များပြားလှစွာသော ဘေးတွေကို မြင်ရလို့ ဒီဘေးတွေကကင်းကွာပြီး ချမ်းသာစစ် ချမ်းသာမှန်ဖြစ်တဲ့ နိဗ္ဗာန်တရားကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်နဲ့ ရအပ် သိမြင်အပ်တဲ့အခါ လွန်စွာ စိတ်သက်သာရာရတဲ့အပြင် ဒီနိဗ္ဗာန်ကိုလဲ လွန်စွာမြဲသလေးမြတ်ကြပါတယ်။ အသက်ဘေး စသည်ကြောင့် စိုးရိမ်ကြောင့်ကြနေရသူမှာ ထိုစိုးရိမ်သောက ကင်းတဲ့အခါသက်သာရာ ရခြင်းထက် ဆရာထောင်သိန်းသန်းမက အလွန်နှိုင်းမြတ်တဲ့ သက်သာရာကို ရလေတော့ နိဗ္ဗာန်နဲ့တူတဲ့ သက်သာရာဖြစ်တဲ့ လေးမြတ်အပ်တဲ့ တရားတခုမျှ မရှိပါဘူး။

နိဗ္ဗာန်ဟာအကြောင်းတရားတို့မပြုပြင် မစီရင်အပ်တဲ့ အသင်္ခတ တရားဖြစ်ပါတယ်။ မိမိကို ပြီးစေတတ်တဲ့ တစုံတခုသော အကြောင်းမရှိတဲ့ အပ္ပစ္စယ တရားဖြစ်ပါတယ်။ မဂ်တရားများဟာ နိဗ္ဗာန်ကိုပြီးစေတတ်တဲ့ အကြောင်းမဟုတ်ပါဘူး။ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်သာဖြစ်ပါဘယ်။ စိတ်စေတသိက်ရုပ်တရားများဟာ အကြောင်းကိုစွဲ၍သာ ဖြစ်ကြတဲ့ ပဋိစ္စသမုပ္ပန္နတရားများဖြစ်ကြပါတယ်၊ နိဗ္ဗာန်ကတော့ အကြောင်းကိုမစွဲဘဲ သက်သက်သာ ဖြစ်တဲ့ အပဋိစ္စသမုပ္ပန္န တရားဖြစ်ပါတယ်။ စိတ်စေတသိက် ရုပ်တရားများဟာ မြဲတဲ့သဘော မရှိတဲ့အပြင် ဆင်းရဲတဲ့တရားများဖြစ်ကြပါတယ်။ နိဗ္ဗာန်ကတော့ ဆင်းရဲပုံးပျောက်တဲ့ အပြင် အမြဲတည်ရှိနေဘဲ့တရားဖြစ်ပါတယ်။

နိဗ္ဗာန်ဟာ ချမ်းသာတကာတို့ထက်ကဲလွန်မွန်မြတ်တဲ့ ချမ်းသာထူးဖြစ်ပါတယ်။ ချမ်းသာတယ်ဆိုရတဲ့ သုခများမှာ ဝတ္ထုကာမကိုကိလေသာကာမနဲ့သုံးဆောင်ခံစားလို့ ဖြစ်ပေါ်လာတဲ့ ချမ်းသာဆိုတဲ့ ကာမသုခ၊ မဟဂ္ဂုတ်ဈာန်များမှာဖြစ်တဲ့ ဈာနသုခ၊ ဒီဈာနသုခဟာ အဆင့်ဆင့် တိုးတက်ပြီး ချမ်းသာကြပါတယ်။ ဖိုလ်လေးပါးမှာဖြစ်တဲ့ ဖလသုခ၊ ဒုက္ခ ခပ်သိမ်းတို့ရဲ့ ချုပ်ခကြောင်း ချမ်းသာစစ်ချမ်းသာမှန်ဖြစ်တဲ့ နိဗ္ဗာနသုခရယ်လို့ရှိခဲ့ပါတယ်။

ကာမသုခဆိုတာ ယုတ်တဲ့အကုသိုလ်တရားတွေကို ဖြစ်စေတတ် တိုးပွားစေတတ်ခြင်း၊ ကြီးစွာသော စိုးရိမ်ပင်ပန်းရမှု ငိုကြွေးရမှုစတဲ့ ဒုက္ခအပေါင်းတို့ရဲ့အကြောင်းရင်းဖြစ်လေတော့ အလုံးစုံသော ချမ်းသာအပေါင်းတို့အောက် ယုတ်ညံ့တဲ့ ဟီနချမ်းသာဖြစ်ပါတယ်။ ဈာန်ချမ်းသာမှာ ကာမလောကုတ္တရာချမ်းသာ ၂-ပါးရဲ့ အလယ်မှာဖြစ်လို့ မဇ္ဈိမချမ်းသာဖြစ်ပါတယ်။ ဖိုလ်ချမ်းသာဆိုတာကတော့ ဘာကိစ္စကိုမျှ မလုပ်တော့ဘဲ တနေ့လုံး ဝင်စားနေပေမဲ့ အားရခြင်းရောင့်ရဲခြင်းမဖြစ်နိုင်လို့ မွန်မြတ်တဲ့ ပဏီတသုခဖြစ်ပါတယ်။

ဥပမာအားဖြင့် မီးဟာလောင်စာတွေ ဘယ်လောက်ထည့်ထည့် လောင်စာဖြင့် မရောင့်ရဲဘူး။ မဟာသမုဒ္ဒရာဟာလဲ မြစ်ကြီးမြစ်ငယ်တွေက စီးဝင်လာတဲ့ ရေတို့ဖြင့် မရောင့်ရဲပါဘူး။ မင်းများဟာ တိုင်းပြည်နိုင်ငံဖြင့် မရောင့်ရဲဘူး။ အလိုကြီးတဲ့သူဟာ ပစ္စည်းလေးပါးဖြင့် မရောင့်ရဲကြသလို အရိယာပုဂ္ဂိုလ်များဟာအကြောင်းကင်းမဲ့တဲ့ နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်နေတဲ့ မိမိတို့ရဲ့ ဖလသမာပတ်အားဖြင့် မရောင့်ရဲနိုင်လို့ ဖိုလ်လေးပါးမှာရှိတဲ့သုခဟာ သုံးဆောင်ခံစားလို့ အားရရောင့်ရဲခြင်း မဖြစ်စေတတ်လို့ မွန်မြတ်တဲ့ ပဏီတသုခရယ်လို့ ဆိုရပါတယ်။ ဒီဖိုလ်လေးပါးမှာလဲ အရဟတ္တဖိုလ်မှာရှိတဲ့သုခဟာ အထွဋ်အထိပ်သို့ရောက်တဲ့ ပဏီတသုခဖြစ်လေတော့ ဒီအရဟတ္တဖိုလ်သမာပတ်ကို အလွန်အားဖြင့် သုံးဆောင်ဝင်စားတော်မူကြကြောင်းကို ဓမ္မသင်္ဂဏီမူလဋီကာမှာ ''အတပ္ပကဋ္ဌေနာတိ ဒိဝသံပိ ပစ္စဝေက္ခိယမာနာလောကုတ္တရဓမ္မာတိတ္တိံ နဇနေန္တိ သမာပဇ္ဇိယမာနာဖလဓမ္မာတိ''လို့ မိန့်ဆိုပါတယ်။

မြတ်စွာဘုရားများမှာ စိတ်တော်ကိုအစိုးရလေတော့ တရားဟောနေတဲ့အခါမှာပင် ဆိတ်ဆိတ်နေတဲ့ခဏ၌ အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားလေတော့ တပါးသောအချိန်အခါမျိုးမှာတော့ ဆိုဘွယ်မရှိတော့ပါဘူး။ တရားဟောခြင်း ဆွမ်းဘုဉ်းပေးတော်မူခြင်းစတဲ့ ကိစ္စတပါးရှိပေမဲ့ နိဗ္ဗာန်သို့ညွတ်ကိုင်းတော်မူတဲ့ စိတ်ရှိတော်မူပါတယ်။ နိဗ္ဗာန်သာအာရုံရှိတဲ့ ဖလသမာပတ်သို့ညွတ်ကိုင်းတော်မူလေတော့ တရားဟောခြင်းစတဲ့ ကိစ္စပြီးဆုံးတဲ့အခါ အရဟတ္တဖိုလ်ဖလသမာပတ်ကို ဝင်စားတော်မူကြောင်းကို ဓမ္မသင်္ဂဏီမူလဋီကာမှာပင်''စိတ္တိဿရတာဟိ ဗုဒ္ဓါဘဂဝန္တော ဓမ္မံဒေသေန္တောပိ မုဟုတ္တံတုဏှိ ဘဝိတဗ္ဗ ဟောတိ၊ တံ မုဟုတ္တံ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ၊ ပဂေဝအညသ္မိံ ကာလေ''ဟူ၍၎င်း၊ ''ဗုဒ္ဓါစ အညတ္ထ ဒိဿမာနာပိ ဝိဝေကပဗ္ဗာရတာယ ဖလသမာပတ္တိနိန္နာဝ တေန တေန တဿာ တဿာ ကိရိယာယအနန္တရံ ဖလသမာပတ္တိယံ ယေဝဘာဝန္တိတိ၊ သာဝတေသံပိသယော''လို့မိန့်ဆိုပါတယ်။ ဒါကြောင့် အရဟတ္တဖိုလ်ချမ်းသာဟာ သင်္ခတသုခအပေါင်းမှာ အထွဋ်အထိပ်သို့ရောက်တဲ့ ကောဋိပ္ပတ္တသုခရယ်လို့ ဆိုရပါတယ်။

နိဗ္ဗာန်ချမ်းသာကတော့ ဆင်းရဲဒုက္ခဟူသမျှတို့ရဲ့ ချုပ်ရာချမ်းသာအစစ်အမှန်ဖြစ်လေတော့ပြဆိုခဲ့တဲ့ ကာမဂုဏ်ချမ်းသာ ဈာန်ချမ်းသာ ဖိုလ်ချမ်းသာတွေထက် ကဲလွန်မွန်မြတ်တဲ့ ချမ်းသာဖြစ်ပါတယ်။ ရှိရှိသမျှသင်္ခတ အသင်္ခတ တရားတွေထဲမှာ နိဗ္ဗာန်နဲ့ တူတဲ့ ချမ်းသာမရှိကြောင်းကို 'ယာဝတာ ဘိက္ခဝေ ဓမ္မာသင်္ခတာဝါ အသင်္ခတာဝါဓမ္မာ ဝိရာဂေါ တေသံဓမ္မာနံ အဂ္ဂမက္ခာယတိ' ဟူ၍၎င်း၊ ''အာရောဂျ ပရမံလာဘာ၊ သန္တုဋ္ဌိပရမံဓနံ၊ ဝိဿာသာ ပရမာဉာတိ၊ နိဗ္ဗာနံပရမံသုခံ''ဟူ၍၎င်း၊ ''တေသံဝူပသမောသုခေါ''စသည်ဖြင့်၎င်း ဟောပါတယ်။

နိဗ္ဗာန သုခသုတ်မှာ အရှင် ဥဒါယီက အရှင်သာရိပုတ္တရာအား ''အရှင်ဘုရား သာရိပုတ္တရာ၊ နိဗ္ဗာန်ဆိုတာ ခံစားအပ်ဘဲ့ ရူပါရုံစတဲ့ အာရုံတွေလဲမရှိပါဘဲလျက်နဲ့ နိဗ္ဗာန်ဟာ ဘယ်လို ချမ်းသာပါသလဲ။ နိဗ္ဗာန်ရဲ့ ချမ်းသာဟာ အဘယ်ပါလဲ'' လို့ လျှောက်ကြားတော့ အရှင်သာရိပုတ္တရာက''ငါ့ရှင် ဥဒါယီ၊ နိဗ္ဗာန်မှာ ကာမဂုဏ်ချမ်းသာ ဈာန်ချမ်းသာများလို ခံစားအပ်တဲ့ ဝေဒယိကသုခမရှိ၊ ခံစားမှု ဝေဒယိတ သုခရှိကြတဲ့ ကာမဂုဏ်ချမ်းသာ စသည်တွေမှာ နာကျင်မှု ဖြစ်ပျက်မှုစတဲ့ ဆင်းရဲဒုက္ခတွေနဲ့ ရောပြွမ်းနေတယ်။ နိဗ္ဗာန်မှာ ခံစားမှု ဝေဒယိတသုခမရှိပေမဲ့ ဝေဒယိတ သုခထက် အဆပေါင်းများစွာ သာလွန်တဲ့ သန္တိသုခငြိမ်းချမ်းလှတဲ့ သဘောရှိလို ချမ်းသာတယ်လို့ ဆိုရတယ်''လို့ ဖြေကြားတယ်။

အထက်ကပြောခဲ့တဲ့ အရဟတ္တဖိုလ် ချမ်းသာဟာ ဝေဒယိတ သုခအပေါင်းမှာ အထွဋ်အထိပ်ဖြစ်ပေမဲ့ ''ပုရိမံ ပုရိမံ အသေက္ခ ဖလံ ပစ္ဆိမဿ ပစ္ဆိမဿ အသေက္ခဖလဿ အနန္တရပစ္စယေန ပစ္စယော''လို့ ဟောလေတော့ ရှေးရှေး ဖိုလ်စိတ်ကချုပ်ပေးမှ နောက်နောက် ဖိုလ်စိတ်များဖြစ်နိုင်ကြပါတယ်။ ဒီဖိုလ်စိတ်တွေမှာဖြစ်ခြင်း ချုပ်ခြင်းလို့ ဆိုတဲ့ ဒုက္ခရှိနေပါသေးတယ်။ ထို့ပြင် အနာဂါမ် ရဟန္တာအရှင်မြတ်များဟာ ရုပ်နာမ်ခန္ဓာကြီးကို အင်မတန်ကြီးလေးလှတဲ့ ဝန်ထုတ်ကြီးဘဲရယ်လို့ မှတ်ထင်တော်မူကြပြီး ဒီရုပ်နာမ်ဖြစ်ပျက်မှုမှ ကင်းလွတ်အောင် နိရောဓသမာပတ်ကို ဝင်စားတော်မူကြပါတယ်။ သမာပတ်အတွင်းမှာ စိတ်စေတသိက် စိတ္တဇရုပ်တွေ ချုပ်ငြိမ်းနေလေတော့ ခံစားအပ်တဲ့ ဝေဒယိတ သုခမရှိပါဘူး။ ဒီလိုဝေဒယိတ သုခမရှိဘဲ နာမ်ရုပ်အချို့ ချုပ်ငြိမ်းနေမှုကိုပင် မွန်မြတ်လှတဲ့ ဒိဋ္ဌဓမ္မ နိဗ္ဗာန်ချမ်းသာရယ်လို့ နှလုံးသွင်းခါ ဝင်စားတော်မူကြပါတယ်။ ဒါပေမဲ့ ဒီနိရောဓ သမာပတ်ဝင်စားနေတဲ့ အခိုက်အတန့်မှာ ကမ္မဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်များဟာ ဖြစ်လိုက် ပျက်လိုက်နဲ့ ရုပ် ဝိထိအစဉ်အတိုင်းဖြစ်ပျက်နေလို့ ဒုက္ခသစ္စာဖြစ်ဆဲရယ်လို့ ယမိုက်များမှာ ဟောတဲ့အတိုင်းဆိုရပါတယ်။ နိဗ္ဗာန်ကတော့ ဒီလိုဖြစ်ပျက်ဘို့ရာ ဥပါဒ်ဌီဘင်မရှိလေတော့ ငြိမ်သက်ဧမြလှတဲ့ သုခဖြစ်ပါတယ်။

ကာမတဏှာရှိကြတဲ့ သူများသာ လူနတ်ချမ်းသာကို သာယာဘွယ် နှစ်သက်ဘွယ် မြူးနိုးဘွယ်ရယ်လို့ ဝိပ္ပလ္လာသတရားဖြင့် ထင်မှားနေကြတာ ဖြစ်ပါတယ်။ ကာမဘဏှာကင်းတဲ့သူများကတော့ ဒီလူနတ်ချမ်းသာကို ကိလေသာအမျိုးမျိုးတွေနဲ့ ပြိုးပြွမ်းညစ်ပေနေလို့ စက်ဆုတ်ဘွယ်သဘောတရားရယ်လို့ ထင်မှတ်ပြီး ဒီချမ်းသာကိုမလိုလား မတောင့်တကြ

ပါဘူး၊ ထိုအတူ ရူပတဏှာ အရူပတဏှာရှိကြတဲ့သူများသာ ဗြဟ္မာတို့ရဲ့ချမ်းသာကို သာယာဘွယ် နှစ်သက်ဘွယ် မြတ်နိုးဘွယ်ရယ်လို့ ထင်မှားနေပေမဲ့ ဒီတဏှာကင်းသူကတော့ ငြီးငွေ့ဘွယ်လို့မြင်ပြီး ဒီချမ်းသာကိုမလိုလား မတောင့်တကြပါဘူး။ နိဗ္ဗာန်ဆိုတာ ဆိုခဲ့တဲ့တဏှာအားလုံးမှ ကင်းချုပ်တဲ့ ဝိရာဂတရားကြီးဖြစ်ပါတယ်။

သဂါထာ ဝဂ္ဂသံယုတ်မှာ ရောဟိတဿမည်ရှိတဲ့နတ်သားက အိုရာ နာရာ သေရာအရပ်ရှိရင် မအိုရာ မနာရာ မသေရာအရပ်လဲရှိမှာဘဲလို့ ကြံစီစဉ်းစားပြီး စကြာဝဠာများစွာကို လှည့်လည်သွားလာခါ ရှာဖွေပေမဲ့ ဒီသဘောမရှိတဲ့အရပ်ဌာနကို မတွေ့လေတော့ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "နတ်သား၊ အကြင်နိဗ္ဗာန်ဆိုတဲ့အရပ်မှာ ပဋိသန္ဓေမနေ, မအို မသေ မစုတိ၊ တဖန် ပဋိသန္ဓေမနေ။ ဒီဒုက္ခရဲ့ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ခြေနဲ့သွားရှာလို့ သိအပ် မြင်အပ် ရောက်အပ်တယ်လို့ ငါဘုရားဟောတော်မမူ။ နတ်သား၊ ဒုက္ခသစ္စာရဲ့ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့မရောက်ဘဲလဲဆင်းရဲရဲ့ အဆုံးကိုပြုနိုင်လိမ့်မယ်လို့ ငါဘုရားမဟောဘူး။ နတ်သား၊ စင်စစ် အမှန်ကတော့ သညာ-စိတ်နှင့်တကွဖြစ်တဲ့ ဤတလံမျှလောက်သော ခန္ဓာကိုယ်၌ပင် ဒုက္ခကိုလဲ ငါဘုရားပညတ်တော်မူတယ်။ ဒုက္ခဖြစ်ကြောင်း သမုဒယ—ဒုက္ခချုပ်ငြိမ်းရာ နိရောဓ-ဒုက္ခရဲ့ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း မဂ္ဂကိုလဲ ငါဘုရားပညတ်တော်မူတယ်"လို့ "အပိစခေါဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညမှိ သမနကေလောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိံပဋိပဒံ"လို့ ဟောပါတယ်။ ဒါကို အာရမ္မဏ အခိပ္ပါယ်တုံးကလဲ နဲနဲပြောခဲ့ပါတယ်။ ဒီပါဠိတော်နဲ့ ပတ်သက်လို့ အချို့ပုဂ္ဂိုလ်များက နိဗ္ဗာန်ဆိုတာ တခြားမှာ ရှာနေစရာ မလိုပါဘူး၊ မိမိတို့ရဲ့ ခန္ဓာကိုယ်ထဲမှာဘဲ ရှိတယ်လို့ ပြောကြ ဟောကြ ရေးကြပါတယ်။ အင်္ဂလိပ်စာအုပ်များမှာလဲ ဘယ်လိုရေးထားသလဲဆိုတော့—

Thus the germ of their arising as well as that of their cessation are both with the Five Aggregates. This is the real meaning of the Buddha's well-known statement. Within this fathom long sentient body itself, I postulate the world, the arising of the world, the cessation of the world, and the path leading to the cessation of the world. This means that all the Four Noble Truth are found within the Five Aggregates, i e., within ourselves.

လို့ရေးကြပါတယ်။

ဒီပုဂ္ဂိုလ်များရဲ့ ဘာသာပြန်ဆိုချက်ဟာ ပါဠိရှိတိုင်း ပြန်ဆိုထားလို့ မှားတယ်လို့ မဆိုနိုင်ပေမဲ့ လုံးဝမှန်တယ်လို့တော့ မဆိုနိုင်ပါဘူး။ ဘာဖြစ်လို့လဲလို့ဆိုတော့ ဓမ္မသင်္ဂဏီပါဠိတော် အဇ္ဈတ္တတိက်မှာ "အဇ္ဈတ္တာဓမ္မာ၊ ဗဟိဒ္ဓါဓမ္မာ၊ အဇ္ဈတ္တဗဟိဒ္ဓါဓမ္မာ" လို့ ဟောတဲ့နေရာမှာ အဇ္ဈတ္တာဓမ္မာ အရ စိတ်စေတသိက် ရုပ်သာရလေတော့ နိဗ္ဗာန်ဟာ

အဇ္ဈတ္တတရားအရထဲမှာ မပါပါဘူး။ ဗဟိဒ္ဓတရား အစစ်သာ ဖြစ်ပါတယ်။ ဒါဖြင့်ဒေသနာ ကနိရောဓသစ္စာဟာ ဒီခန္ဓာ၌ပင် ရှိနေတယ်ဖြစ်နေဘယ်လို့ ဟောထားတာ မဟုတ်ဘူးလား လို့မေးရင် နိဗ္ဗာန်ဟာဗဟိဒ္ဓတရား အစစ်ဖြစ်လေတော့ ကေန်အနှန် ဒီခန္ဓာကိုယ်ထဲမှာ ရှိနေတာဖြစ်နေတာ မဟုတ်ပါဘူး။ ရှင်းပြပါဦးမယ်။ ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာတွေဟာ စိတ်စေတသိက် ရုပ်တရားများဖြစ်ကြပြီး ခန္ဓာအစဉ်မှာ အကျုံးဝင်လို့ အဇ္ဈတ္တသန္တာန်မှာ ရနိုင်ပါတယ်။ နိရောဓသစ္စာ နိဗ္ဗာန်ကတော့ ခန္ဓာအစဉ်မှာ အကျုံးမဝင် ခန္ဓာဝိမုတ်ရယ်လို့ ဟောထားလေတော့ ဗဟိဒ္ဓသန္တာန်မှာသာ ရပါတယ်။ ဒေသနာရဲ့သဘော ကတော့ ခန္ဓာကိုယ်၌ ရှိနေဖြစ်နေတဲ့ ရုပ်နာမ်တွေကို ရှုမြင်နေတဲ့ ဝိပဿက ယောဂီပုဂ္ဂိုလ်ရဲ့ စိတ်ဟာ ဒီဖြစ်နေတဲ့ ရုပ်နာမ်တွေကို မြင်နေရာက မဖြစ်တဲ့ ချုပ်ငြိမ်းနေတဲ့ နိဗ္ဗာနဓာတ်သို့ ရောက်သွားခြင်းဖြစ်လို့ ခန္ဓာကိုယ်မှာရှိနေသကဲ့သို့ တင်စားပြီး ဟောထားတာဖြစ်ပါတယ်။ ဒါကို ဋီကာများက "နိဗ္ဗာနမ္ပိ ဟိခန္ဓေ ပဋိစ္စပညာ ပနတောသရီရသ္မိံ ယေဝပညာပေတိ၊ အဒေသမ္ပိ ဟိတံယေသံနိရောဓော၊ တေသံဒေသေန ဒေသတော ပိဥပစာရဝသေန နိဒ္ဒိသိယတိ" စသည်ဖြင့် နိဗ္ဗာန်ကိုလဲ ခန္ဓာတရားတို့ကိုစွဲ၍ ပညတ်ခြင်းကြောင့် ကိုယ်၌သာ ပညတ်တော်မူပါတယ်။ ဒီနိဗ္ဗာန်ဟာအရပ်ဒေသမရှိပေမဲ့ အကြင်ခန္ဓာစသည်တို့ရဲ့ နောင်တဖန် မဖြစ်ပြန်ကောင်းသောချုပ်ခြင်း ဖြစ်တယ်။ ဒီနိဗ္ဗာန်ကို ထိုခန္ဓာစသည်တို့ရဲ့အစွမ်းအားဖြင့် အရပ်ဒေသအားဖြင့်လဲ တင်စားပြီး ဟောတော်မူသည့် အစွမ်းအားဖြင့် ညွှန်ပြအပ်ပါဘယ်လို့ မိန့်ဆိုပါတယ်။

တနည်းအားဖြင့် အဇ္ဈတ္တတရားဆိုတာ(၁)စက္ခုသောတ ဃာန ဇိဝှါ ကာယ မနဟုဆိုအပ်သော အတွင်း အဇ္ဈတ္တိကာယတန (၆) ပါးသည် အတ္တဘောကို လွန်စွာ ကျေးဇူးပြုတတ်သောကြောင့် အဇ္ဈတ္တအဇ္ဈတ္တမည်တယ်။ (၂) တယောက်သော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်ကုန်သော စိတ်စေတသိက် ရုပ်တရားတို့သည် တခုသောခန္ဓာအစဉ်ကို အမှီပြု၍ဖြစ်ကုန်သောကြောင့် နိယကဇ္ဈတ္တမည်တယ်။ (၃)အရဟတ္တဖိုလ်သမာပတ်သည် ဘုရားရှင်တို့အလိုရှိသောခဏ၌ ဝင်စားတော်မူခြင်းငှာ အစိုးရတော်မူရာဖြစ်ခြင်းကြောင့် ဝိသယဇ္ဈတ္တမည်တယ်။ (၄)ဈာနလာဘီ ပုဂ္ဂိုလ်တို့သည် သိအပ်ရအပ်သော ကသိုဏ်းပညတ်စသော ပဋိဘာဂနိမိတ်သည်၎င်း၊ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်ရအပ်သော မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ်မဂ်ဖိုလ်စိတ္တုပ္ပါဒ်တို့၏ အာရုံဖြစ်၍ ပရမတ္ထအစစ်ဖြစ်သော အမြိုက် နိဗ္ဗာန်တရားသည်၎င်း၊ အာရုံအားဖြင့် ကိုယ်ကို အစွဲပြု၍ဖြစ်သောကြောင့် ဂေါစရဇ္ဈတ္တမည်တယ်။ ဒီ ၄ ပါးတို့တွင် ဒုက္ခ သမုဒယ မဂ္ဂအားဖြင့် သစ္စာသုံးပါးကို နိယကဇ္ဈတ္တအားဖြင့် ဤကိုယ်၌ ရအပ်ကုန်၏။ နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကို ဂေါစရဇ္ဈတ္တအာရုံပြုသော ဗဟိဒ္ဓတရားအားဖြင့် ဤကိုယ်၌ ရအပ်ပါတယ်။ အဇ္ဈတ္တ၌ ရအပ်တဲ့သစ္စာသုံးပါးဟာ ခန္ဓာငါးပါးမရှိတဲ့ အခါ ကွယ်ပျောက်သွားပါတယ်၊ ဗဟိဒ္ဓ၌ ရအပ်တဲ့ နိရောဓသစ္စာတရားဟာ ခန္ဓာငါးပါးမရှိပေမဲ့ မကွယ်မပျောက် အမြဲတည်နေပါတယ်။

ခုပြောခဲ့တဲ့စကားရပ်များဖြင့် ဘာကိုသိရမလဲ ဆိုရင် စာပေမှာ ဒီလိုဆိုထားပေမဲ့ ဒါဟာနိတတ္ထလား နေယျတ္ထလား၊ မုချလားဥပစာလား ရယ်လို့ခွဲခြားပြီး သိဘို့ရာမှာ မိမိတို့ဉာဏ်သက်သက်နဲ့ မလွယ်လှပါဘူး။ အဋ္ဌကထာ ဋီကာများကို မှီငြမ်းပြုရပါတယ်။ စကားစပ်မိလို့အသညသတ် ပုဂ္ဂိုလ်အကြောင်း နဲနဲပြောပြပါဦးမယ်။ သုတ်သီလက္ခန်ပါဠိတော်မှာ "သန္တိ ဘိက္ခဝေ အသညသတ္တာ နာမဒေဝါ သညုပ္ပါဒါစပန တေဒေဝါ တမှာကာယာစဝန္တိ" ရဟန်းတို့၊ အသညသတ်မည်သော ဗြဟ္မာတို့သည် ရှိကုန်၏။ ထိုဗြဟ္မာတို့သည် (ပဋိသန္ဓေ) သညာ ဖြစ်ပေါ်ခြင်းကြောင့် ထို (ဗြဟ္မာ) ဘုံမှ စုတေကုန်၏၊ ဒါကို အင်္ဂလိပ်လို အသညသတ်အကြောင်း ရေးတဲ့ ပုဂ္ဂိုလ်များက ဒီဃနိကာယ် ကို လက်ညိုးထိုးကာ ညွှန်ပြပြီး ဘယ်လိုရေးသလဲဆိုရင် -

There are, O brothers, heavenly beings known as the unconscious one. As soon, however, as to those beings consciousness arises, these beings will vanish from that world. Now, O brothers it may happen that one of those beings after vanishing from that world, may reappear in this world.

ဒီစကားရပ်ကိုလဲ တိုက်ရိုက်စဉ်းစားမယ်ဆိုရင် အသညသတ်ဗြဟ္မာများဟာ အသညသတ်ဘုံမှာ ပဋိသန္ဓေစိတ်ဖြစ်ပြီးတဲ့ နောက်မှ အသညသတ်ဘုံက စုတေကြတယ်လို့ စာအရယူဆကြမှာဘဲ။ သဂြိုဟ်သင်ဘူးကြတဲ့ ပုဂ္ဂိုလ်များဘယ်လိုသိထားကြသလဲ ?၊ အသညသတ်ဘုံဆိုတာ ရုပ်ပဋိသန္ဓေ ရုပ်စုတိသာဖြစ်တယ်။ ဒါကိုအဋ္ဌကထာက ဘယ်လိုဖွင့်ပြသလဲ ဆိုရင် - ပါဠိမပြတော့ပါဘူး - ဒီသတ္တဝါတွေဟာ အသညသတ်ဘုံမှာ ဥပမာအာ ဖြင့် လေးညို့ရဲ့ အဟုန်ဖြင့်ပစ်လွှင့်အပ်တဲ့ မြားဟာ လေးညို့အဟုန်ရှိသလောက် ကောင်းကင်သို့ သွားသလို စျာန်အဟုန်ဖြင့် ပစ်လွှတ်လိုက်လို့ဖြစ်ရတော့ ဈာန်အဟုန်အတိုင်း ကမ္ဘာငါးရာ တည်နေကြတယ်။ ဈာန်အဟုန်ကုန်တော့ အသညသတ်ဘုံမှာ ရုပက္ခန္ဓာကွယ်ပျောက်ပြီး **ရုပ်စုတိဖြစ်ခါ** ဒီကာမဘဝမှာ ပဋိသန္ဓေသညာဖြစ်လာတယ်။ ဒီကာမဘဝမှာ ဖြစ်တဲ့ ပဋိသန္ဓေသညာဖြင့် ဒီအသညသတ် ပုဂ္ဂိုလ်တို့အား ထိုအသညသတ်ဘုံ၌ စုတိမှုထင်ရှားလို့ "သညုပ္ပါဒါစ ပနတေဒေဝါတမှာ ကာယာစဝန္တိတိဝုတ္တံ" လို့ ဆိုတာပါတဲ့။ ဒီတော့အသညသတ်ဘုံမှာ ရုပ်ဖြင့်စုတိပြီးကာမဘုံမှာ ပဋိသန္ဓေလာနေတာကို ဆိုလိုပါတယ်။ အနန္တရပစ္စည်းတုံးကလဲ အသညသတ်ဘုံ သွားမဲ့ပုဂ္ဂိုလ်ရဲ့ စုတိစိတ်က ကာမဘုံပြန်လာတဲ့အခါဖြစ်တဲ့ ပဋိသန္ဓေစိတ်အား အနန္တရသတ္တိနဲ့ကျေးဇူးပြုကြောင်း ပြောခဲ့ပါတယ်။ ယမိုက်များမှာ အသညသတ္တုံ ဥပပဇ္ဇန္တာနံ - ဆိုတာ အစစ္စာသော ဇီဝိတနဝက ကလာပ်ရုပ်တို့ရဲ့ ဥပ္ပါဒက္ခဏကို ယူပြီး အသညသတ္တာ စဝန္တာနံကအဆုံးစွန်သော ဇီဝိတနဝက ကလာပ်ရုပ်တို့ရဲ့ ဘင်္ဂက္ခဏသမင်္ဂီကို ယူလေတော့ အသညသတ်ဘုံမှာ ရုပ်ပဋိသန္ဓေရုပ်စုတိဖြစ်ကြောင်း ထင်ရှားပါတယ်။ ဒါက စကားစပ်မိလို့ ပြောဘာဖြစ်ပါတယ်။ နိဗ္ဗာန်အကြောင်းနဲနဲဆက်ကြဦးစို့။

ဒီနိဗ္ဗာန်ရဲ့ ချမ်းသာပုံကို အရိယာဖြစ်တဲ့ ပုဂ္ဂိုလ်များကတော့ မျက်ဝါး ထင်ထင် သိမြင်နိုင်ကြပါတယ်။ နိဗ္ဗာန်မရသေးတဲ့ ပုထုဇဉ်များကြတော့ ဒီနိဗ္ဗာန်ချမ်းသာကို သိနိုင်ပါမည်လားဆိုတဲ့ အကြောင်းနဲ့ ပတ်သက်လို့ မိလိန္ဒပဉှာမှာ မိလိန္ဒမင်းကြီးက အရှင်နာဂသေနအား "အရှင်ဘုရား၊ နိဗ္ဗာန်မရသေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်များဟာ နိဗ္ဗာန်ရဲ့ ချမ်းသာကို သိနိုင်ပါမည်လား" လို့မေးတော့ "မင်းကြီး၊ သိနိုင်တယ်" လို့ ဖြေတယ်။ "အရှင်ဘုရား နိဗ္ဗာန်ကိုမှ မရသေးပါဘဲလျက် ဘယ်လိုလုပ်ပြီး နိဗ္ဗာန်ရဲ့ ချမ်းသာကို သိနိုင်ပါသလဲ" လို့ လျှောက်ပြန်တယ်။ "မင်းကြီး၊ လက်ခြေအဖြတ် မခံရတဲ့ သူတွေဟာ လက်ခြေကို ဖြတ်ခြင်းဟာ ဆင်းရဲတယ်လို့ သိနိုင်သလား" မေးတော့ "သိနိုင်တယ်" လို့ ဖြေတယ်။ "ဘယ်လို လုပ်ပြီး သိကြသလဲ" လို့ ထပ်မေးတော့ "လက်ခြေအဖြတ်ခံရတဲ့ ပုဂ္ဂိုလ်များရဲ့ ငိုကြွေးမည်တမ်းသံကြားရလို့ သိရပါတယ်" လို့ ဖြေတယ်။ "မင်းကြီး၊ ထို့အတူပင် နိဗ္ဗာန်ဆိုတာ အလွန်ချမ်းသာတယ်လို့ နိဗ္ဗာန်ကိုရပြီး ဖြစ်ကြတဲ့ အရိယာ ပုဂ္ဂိုလ်များ ဟောကြားတဲ့ တရားဒေသနာကို ကြားနာရလို့ နိဗ္ဗာန်ရဲ့ချမ်းသာတဲ့ အဖြစ်ကိုသိကြတယ်" လို့မိန့်တော့မှ "အရှင်ဘုရား သင့်မြတ်လှပါတယ်" လို့ ဝန်ခံတယ်။ နိဗ္ဗာန်နဲ့စပ်လို့ ပဏ္ဏာသဥဒါန်း သံယုတ်စသည်များမှာ ဟောထားတဲ့ နိဗ္ဗာန်အကြောင်းတွေကို ပြောနေရင် ကုန်နိုင်ဘွယ် ရာရှိတော့မယ် မဟုတ်၍ ဤမျှဖြင့် နိဗ္ဗာန်အကြောင်းတော်သင့် လောက်ပါပြီ။

## နိဂုံး

ယခုအခါ (၂၄) ကြိမ်မြောက် ပဋ္ဌာန်း ပဉ္စဝါရ ပိဋကတ်ကို ပို့ချလို့ ပြီးဆုံးခဲ့ပါပြီ။ ဆဝါရသင်္ချာခဏ်း ပဉ္စဝါရ သင်္ချာခဏ်းများကိုလဲ ပို့ချလို့ပြီးဆုံးခဲ့ပါပြီ၊ ပြီးဆုံးခဲ့လေတော့ ယနေ့နိဂုံးချုပ်အနေအားဖြင့် အဆုံးသတ်တော့မည်ဖြစ်ရာ အာရမ္မဏာသော မျိုးအားဖြင့် သင်ကြားပို့ချပေးခဲ့သော အစီအစဉ်အတိုင်း ပစ္စည်းတဘ်ပုံကို နိဂုံးမှာပြောပြပါမယ်။ သဗ္ဗညုတဉာဏ်တော်၏ ကျယ်ပြန့်စွာ ကျက်စားရာ အာရုံဖြစ်သည့်အပြင် အလွန်တရာလည်း ခက်ခဲနက်နဲလှသော ပဋ္ဌာန်းတရားတော်ကြီးကို သင်ကြား ပို့ချကြသူများမှာ မဟာကုသိုလ်ဉာဏ သမ္ပယုတ်ဖြစ်သော ဓမ္မဿဝန ဓမ္မဒေသနာကုသိုလ်များကို ရခဲ့ကြပေပြီ။ မိမိတို့သန္တာန်ဝယ် ဖြစ်ပေါ်ခဲ့သော ထိုကုသိုလ်စိတ္တုပ္ပါဒ်များကို လေးလေးမြတ်မြတ် အာရုံပြု၍ ငါတို့သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်ပါမှ သဗ္ဗညုတ ဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိအပ်သော ဤပဋ္ဌာန်း တရားတော်ကြီးကို သင်ကြားရ ပို့ချခဲ့ရပေပြီတကားဟု ဆင်ခြင်လိုက်သောအခါ "ပုဗ္ဗေစကတပုညတာနိဂမကတတွာ ပစ္စဝေက္ခဟိ" အရအလေး အမြတ်ပြုအပ်သော ထိုမဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ်တို့က ဆင်ခြင်သော မဟာကုသိုလ်အား အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယသတ္တိများဖြင့် ကျေးဇူးပြုကြပါတယ်။

ဓမ္မဿဝန ဓမ္မဒေသနာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ဖြစ်နေတဲ့အခါကာလမှာ ထိုဓာတ်တို့တွင်ရှိနေကြသော ဟိတ်သုံးပါး၊ အဓိပတိတရားလေးပါး၊ စေတနာ၊

နာမ်အာဟာရတရား ကိုယ်သုံးပါး၊ နာမ်ဇီဝိတိန္ဒြေတရားကိုယ်ရှစ်ပါး၊ ဈာနင်တရားကိုယ်ငါးပါး၊ ထိုက်သည်အားလျော်စွာဖြစ်ကြသော မဂ္ဂင်တရား ကိုယ်ရှစ်ပါးတို့သည်လည်း မိမိတို့နှင့် သမ္ပယုတ်ဖြစ်ကြကုန်သော စိတ္တုပ္ပါဒ်နှင့် စိတ္တဇရုပ်တို့အား "ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေနပစ္စယော" စသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်အရ ဟေတု၊ သဟဇာတာဓိပတိ၊ သဟဇာတကမ္မ၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂသတ္တိတို့ဖြင့် ကျေးဇူးပြုကြပါတယ်။

ထိုဓမ္မသဘာဝန ဓမ္မဒေသနာ မဟာကုသိုလ်ဉာဏသမ္ပယုတ် ဇောအခိုက်အတန့်၌ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၁၊ စေတသိက် ၃၃ ဟုနာမက္ခန္ဓာလေးပါး ဖြစ်ကြရာတွင်တပါးသောခန္ဓာကသုံးပါးသော ခန္ဓာအား၊ သုံးပါးသောခန္ဓာက တပါးသောခန္ဓာအား၊ နှစ်ပါးသောခန္ဓာကနှစ်ပါးသောခန္ဓာအား "ကုသလော ဧကောခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေနပစ္စယော" စသော ဒေသနာအရ သဟဇာတ၊ အညမည၊ သဟဇာတနိဿယ၊ သမ္ပယုတ္တ၊ သဟဇာတတ္ထိ၊ သဟဇာတ အဝိဂတသတ္တိများဖြင့် ကျေးဇူးပြုပါတယ်၊ ထိုကုသိုလ်စိတ္တုပ္ပါဒ်အခိုက်၌ အတူတကွဖြစ်ပေါ်သော စိတ္တဇရုပ်တို့အား ကုသိုလ်နာမက္ခန္ဓာတို့က "ကုသလာခန္ဓာ စိတ္တသမုဋ္ဌာနာနံရူပါနံ ဝိပ္ပယုတ္တပစ္စယေနပစ္စယော"ဟု ဟောသဖြင့် သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတသတ္တိများဖြင့် ကျေးဇူးပြုကြပါတယ်။

ဓမ္မသဘာဝန ဓမ္မဒေသနာ ကုသိုလ်စိတ္တုပ္ပါဒ် အခိုက်ဝယ်ဖြစ်ပေါ်ကြကုန်သော ပထမဇော စသည်တို့က ဒုတိယဇောစသည်တို့အား "ပုရိမာ ပုရိမာ ကုသလာခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေနပစ္စယော" စသော ပါဠိအရအနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတသတ္တိများဖြင့် ကျေးဇူးပြုကြပါတယ်။

တပည့်တော်တို့ သန္တာန်ဝယ် ဖြစ်နေကြသော ထိုမဟာကုသိုလ် ပထမဇောစသည်တွေဟာ မှီရာဝတ္ထုမရှိရင် မဖြစ်နိုင်ကြပါဘူး။ ဒါ့ကြောင့် ထိုပထမဇောစသည်တို့သည် မိမိတို့၏ ရှေ့က ဖြစ်နှင့်နေကြသော မနောဒွါရာဝဇ္ဇန်းနှင့် အတူ ဥပါဒ်သောဟဒယ ဝတ္ထုကိုမှီကြရသောအခါ ရှေးရှေးဟဒယဝတ္ထုက ထိုပထမဇောစသည်အား "ဝတ္ထုကုသလာနံ ခန္ဓာနံ နိဿယ ပစ္စယေနပစ္စယော" လို့ ဟောတော်မူတဲ့အတိုင်း နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတသတ္တိအားဖြင့် ကျေးဇူးပြုပါတယ်။

ဓမ္မသဘာဝန ဓမ္မဒေသနာကုသိုလ် စိတ္တုပ္ပါဒ်အခိုက်၌ ရှိသောပထမ ဇောသည်မနောဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော စတုဇကာယအား "ပစ္ဆာဇာတာ ကုသလာ ခန္ဓာပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော"လို့ ဟောတော်မူချက်အရ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

တပည့်တော်တို့ သန္တာန်ဝယ် ပထမဇော စသော မဟာကုသိုလ် စိတ္တုပ္ပါဒ် ဖြစ်ခိုက်မှာစတုသမုဋ္ဌာနိက ရုပ်လဲရှိပါတယ် အဲဒီစတုသမုဋ္ဌာနိက ရုပ်မှာရှိတဲ့ စတုဇဩဇာသည်

ကလာပ်တူ သြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတု သမုဋ္ဌာနိက ရုပ်အား "ကဗဠီကာရော အာဟာရော ဣမဿကာယဿ အာဟာရပစ္စယေနပစ္စယော"ဟူသော ဒေသနာအရ ရုပ်အာဟာရ၊ ရုပ်အာဟာရတ္ထိ၊ ရုပ်အာဟာရအဝိဂတ သတ္တိဖြင့် ကျေးဇူးပြုပါတယ်။

ထိုနည်းတူစွာ ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇ ရုပ်ကိုးခုအား "ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော"ဟူသော ဒေသနာအရ ရူပဇီဝိတိန္ဒြိယ၊ရူပဇီဝိတိန္ဒြိယတ္ထိ၊ရူပဇီဝိတိန္ဒြိယ အဝိဂတသတ္တိအားဖြင့် ကျေးဇူးပြုပါတယ်။

တပည့်တော်တို့သန္တာန်ဝယ်ဖြစ်ပေါ်သော မနောဒွါရဝီထိ မဟာကုသိုလ် ပထမဇောအခိုက်၌ နာမက္ခန္ဓာလေးပါးတို့သည် တပါးက သုံးပါး၊ သုံးပါးက တပါး၊ နှစ်ပါးက နှစ်ပါးအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါတယ်။ ထိုနာမက္ခန္ဓာသည်ပင် မိမိ၏မှီ၍ရှိနေသော ဟဒယဝတ္ထုကိုမှီသောအခါ ဟဒယဝတ္ထုက ထိုနာမက္ခန္ဓာအား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသဖြင့် သဟဇာတနာမက္ခန္ဓာတပါးနှင့် ဟဒယဝတ္ထုစသည်က သုံးပါးသောခန္ဓာစသည်အား "ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော၊ အတ္ထိပစ္စယေန ပစ္စယော၊ အဝိဂတပစ္စယေန ပစ္စယော"လို့ ဟောတော်မူချက်အရ သဟဇာတ-ပုရေဇာတမိဿက ဖြစ်ကြသော နိဿယ၊ အတ္ထိ၊ အဝိဂတ သတ္တိဖြင့် ကျေးဇူးပြုပါတယ်။

ထိုမှတပါး မဟာကုသိုလ်ပထမဇောသည် မနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်၍ရုပ်၏ဌီသို့ရောက်သော စတုဇကာယအား ပစ္ဆာဇာတသတ္တိ။ မနောဒွါရာဝဇ္ဇန်းနှင့်အတူဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော သြဇာက ထိုစတုဇကာယအား ရုပ်အာဟာရသတ္တိဖြင့် ကျေးဇူးပြုသဖြင့် ကုသိုလ်နာမက္ခန္ဓာနှင့် သြဇာတို့သည် စတုဇကာယအား "ပစ္ဆာဇာတာ ကုသလာခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿကာယဿ အတ္ထိပစ္စယေန ပစ္စယော" ဟူသော ပါဠိအရ ပစ္ဆာဇာတာဟာရ မိဿကဖြစ်ကြသော အတ္ထိ အဝိဂတသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

ထိုနည်းတူစွာ မဟာကုသိုလ်ပထမဇောသည် မနောဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇကာယအား ပစ္ဆာဇာတသတ္တိ။ မနောဒွါရာဝဇ္ဇန်းနှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေက ထိုကမ္မဇကာယအား ရူပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုသဖြင့် ကုသိုလ်နာမက္ခန္ဓာနှင့် ရုပ်ဇီဝိတိန္ဒြေတို့သည် ကမ္မဇကာယအား "ပစ္ဆာဇာတာ ကုသလာခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော" ဟူသော ဒေသနာအရ ပစ္ဆာဇာတိန္ဒြိယမိဿကဖြစ်သော အတ္ထိအဝိဂတသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

တပည့်တော်တို့သန္တာန်ဝယ်ဖြစ်ပေါ်သော ဓမ္မသံဝေဂ ဓမ္မဒေသနာမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်တွင် သုတ ပညာတရားများပါရှိခဲ့ပါတယ်။ ထိုသုတ ပညာတရားကို

အားကြီးသောမှီရာအကြောင်းပြု၍ ''သုတံ ပညံ ဥပနိဿာယ မဂ္ဂံဥပ္ပါဒေတိ'' ဟု ဟောတော်မူသည့်အတိုင်း ထိုသုတ ပညာတို့သည် မဂ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါစေသတည်း။ မဂ်ရသောတပည့်တော်တို့သည် မဂ်ရခါ မတ္တမျှသာမဟုတ်ဘဲ ''မဂ္ဂေါ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါယ၊ နိရုတ္တိပဋိသမ္ဘိဒါယ၊ ပဋိဘာနပဋိသမ္ဘိဒါယ ဥပနိဿယပစ္စယေန ပစ္စယော''ဟူသော ဒေသနာအရ ဤမဂ်သည် ပဋိသမ္ဘိဒါလေးပါးအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပါစေသတည်း။

ထိုမဂ်သည် ပရမသုခဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုကြောင်းကို ''နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော''လို့ ဟောသဖြင့် ထိုပရမသုခဖြစ်တဲ့ နိဗ္ဗာန်ကို တပည့်တော်တို့သန္တာန်ဝယ်ဖြစ်လတံ့သော မဂ်လေးပါးက ယခုဘဝ၌ပင်လျှင် အာရုံပြုနိုင်ပါစေသတည်း။

တပည့်တော်တို့သည် ယခုဘဝ ရဟန္တာမဖြစ်ကြသေးပါက ကံကုန်သောနေ့-အသက်ကုန်သောနေ့ - ကံအသက်ကုန်သောနေ့ဟုဆိုအပ်သော တနေ့နေ့၌ မချွတ်ကေန်သေကြရပါလတံ့။ ထိုအခါကာလ၌ တပည့်တော်တို့သည် ဆီးပူးသင်ကြား ပို့ချအားထုတ်ခဲ့သော မဟာကုသိုလ်စိတ္တုပ္ပါဒ်ရှိ ကုသိုလ်ကံစေတနာသည် ''ကုသလာစေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ကမ္မပစ္စယေန ပစ္စယော''ဟူသော ဒေသနာအရ အသံမှဋ္ဌမရလာဖြင့် သေကြပြီးခါ တပည့်တော်တို့ တောင့်တအပ် လိုလားအပ်သော သုဂတိဘုံ ဘဝနတ်ပြည်လောက၌ ဖြစ်ကြပါစေသတည်း၊ ထိုနတ်ပြည်၌ဖြစ်ကြသော တပည့်တော်တို့သည် နတ်တို့၏ကာမဂုဏ်ကြောင့် မေ့လျော့ခြင်းမရှိကြဘဲ အရိယာဖြစ်သောနတ်တို့သည် ဟောကြားအပ်သော ဓမ္မဒေသနာကို ကြားနာရသောအခါ၌၎င်း၊ တပည့်တော်တို့ သင်ကြားလေ့လာဆီးပူးခဲ့သော ပဋ္ဌာန်းစသောတရားတော်ကို ပြန်၍ ဆင်ခြင်သောအခါ၌၎င်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လျင်မြန်ဆောစွာရနိုင်ကြပါစေသတည်း။ တပည့်တော်တို့ ပြုပြုသမျှကုသိုလ်၏ အဘို့ဘာဂကိုလည်း သာဓုခေါ်နိုင်သောပုဂ္ဂိုလ်ဟူသမျှတို့အား အမျှပေးဝေပါ၏။ အမျှ-အမျှ-အမျှ ယူကြပါကုန်လော့။

သာဓု .... သာဓု .... သာဓု .... ။

# အလှူရှင်များ

| | | ကျပ် |
|---|---|---|
| ၁။ | ဒေါ်ကျော့၊ သမီးညွန့်ညွန့်ရီ၊<br>၁၇-ဇေယျဝတီလမ်း၊ ကြည့်မြင်တိုင် | ၅၀၀ |
| ၂။ | ဦးမြင့်၊ အငြိမ်းစား အတွင်းဝန်၊<br>၆-ဂူမားလမ်း၊ ရန်ကုန် | ၂၀၀ |
| ၃။ | ဦးကိုကို R. A, နှင့် ဒေါ်နုနု၊<br>၅-ဝင်္ဂဘာရိပ်သာလမ်း၊ဗဟန်း | ၂၀၀ |
| ၄။ | ဦးကျော်သောင်း၊ ဒေါ်မျိုးသိန်း<br>စက်မှုလုပ်ငန်းပိုင်ရှင်<br>၉၁ (ဈ) ဝင်ဒါမီယာလမ်း | ၁၅၀ |
| ၅။ | ဝဏ္ဏကျော်ထင် အမေတိန်း၊ ပျော်ဘွယ်မြို့ | ၁၁၅ |
| ၆။ | အကျိုးဆောင်ချုပ် ဦးဘသိန်းနှင့်မိသားစု | ၁၀၈ |
| ၇။ | ဦးမြ (မြန်အောင်) နှင့် မိသားစု | ၁၀၈ |
| ၈။ | ဦးဘစိန် (ကျုံပျော်) နှင့် မိသားစု | ၁၀၁ |
| ၉။ | ဝဏ္ဏကျော်ထင် ဦးဘိုးစိန်နှင့်မိသားစု | ၁၀၁ |
| ၁၀။ | ဦးလှမောင်၊ အုပ်ချုပ်ရေးအရာရှိချုပ်၊<br>ဗုဒ္ဓသာသနာအဖွဲ့ | ၁၀၀ |
| ၁၁။ | ဥက္ကဋ္ဌ ဦးကျော်-ဒေါ်တင်အုံး မိသားစု | ၁၀၀ |
| ၁၂။ | ဦးဟုတ်ကြည်နှင့် မိသားစု၊ ၇၁-၆ လမ်း၊<br>ရန်ကုန် | ၁၀၀ |
| ၁၃။ | ဦးတင်ထွန်း၊ ၄၀-ဆင်းဒဝစ်လမ်း၊ ရန်ကုန် | ၁၀၀ |
| ၁၄။ | ဦးအောင်ရှိန်ဝန်၊ ငတ်လုံတော်ရ | ၁၀၁ |
| ၁၅။ | ဆရာမြ (ခေါ်) ဦး သာမြနှင့်မိသားစု | ၁၀၀ |
| ၁၆။ | ဦးထွန်းမောင်နှင့် မိသားစု၊<br>၁၅-ဝတ်ကျောင်းလမ်း၊ ရေကျော် | ၁၀၀ |
| ၁၇။ | ဒေါ်အေးရီနှင့် မိသားစု၊<br>၁၇၇-ကရစ်လမ်း၊ ရန်ကုန် | ၁၀၀ |
| ၁၈။ | ဦးမောင်မောင်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံ<br>ကြီး အဖွဲ့သားများ | ၁၀၀ |
| ၁၉။ | သခင်ဖေငွေး၊ ဒေါ်စိန်ခင်၊<br>၁၃၇-ကုန်ဈေးတန်း၊ ရန်ကုန် | ၁၀၀ |
| ၂၀။ | မစ္စတာမီယာဦးချိ (တိုက်ပိုင်ရှင်) | ၈၀ |
| ၂၁။ | အမှုဆောင်လူကြီး ဦးဘမြင့်နှင့်မိသားစု | ၆၅ |
| ၂၂။ | သရေစည်သူ ဦးချွန်ဖေါင်း၊ အငြိမ်းစား<br>တရားဝန်ကြီး | ၆၀ |
| ၂၃။ | ဝဏ္ဏကျော်ထင် ဦးသူးရွှေနှင့် မိသားစု | ၅၀ |
| ၂၄။ | ဒေါ်မြမေနှင့် သားသမီးတစု | ၅၀ |
| ၂၅။ | ဦးလှဘင်-ဒေါ်သောင်းသောင်း | ၅၀ |
| ၂၆။ | ဦးတင်မြင့်-ဒေါ်လှမြင့် (အမှုဆောင်လူကြီး) | ၅၀ |
| ၂၇။ | ဦးစိန်တင့် နှင့် မိသားစု | ၅၀ |
| ၂၈။ | ဦးဘမောင် K.S.M. အမှတ်-၁၊ ဟာမစ်<br>တိတ်လမ်း၊ ရန်ကုန် | ၅၀ |
| ၂၉။ | ဒေါက်တာ ဦးမောင်ကလေး ဇနီး ဒေါ်တင်နု<br>မိသားစု၊ ၄၃-မြောင်းမြလမ်း၊ | ၅၀ |
| ၃၀။ | ဒေါ်မေကျင်မိသားစု၊၄၉၊၂၇-လမ်း ရန်ကုန် | ၅၀ |
| ၃၁။ | ဦးအေးမင်း-ဒေါ်ခင်မြ မိသားစု<br>၁၃၁/၄၊ ၄၂-လမ်း၊ ရန်ကုန် | ၅၀ |
| ၃၂။ | ဦးဘခင်-ဒေါ်စိန်ရင် ကုန်သည်<br>၂၁၅-ဘိုတထောင်ဘုရာ လမ်း | ၅၀ |
| ၃၃။ | ဦးချစ်ညွန့် နှင့် ဇနီး | ၃၁ |
| ၃၄။ | ဦးတင်မောင်-ဒေါ်အေးစိန် မိသားစု | ၃၀ |
| ၃၅။ | ဦးဘမောင် (ထားဝယ်) နှင့်မိသားစု | ၃၀ |
| ၃၆။ | ဦးစိန်ဘင်-ဒေါ်ရင်မေ မိသားစု<br>၁၅၊ သဇင်လမ်း၊ ရေကျော် | ၃၀ |
| ၃၇။ | ဦးစိုးလှိုင်-ဒေါ်ကြည်ကြည်လှိုင် မိသားစု<br>အမွေနှင့် ပစ္စည်းထိမ်းသိန်၊ တရားရုံးချုပ် | ၃၀ |
| ၃၈။ | ဦးဥာဏ်-ဒေါ်ပုစိန် သားသမီးများ<br>၁၄၄၊ ရှင်စောပုလမ်း၊ | ၃၀ |
| ၃၉။ | ဦးဗသိုက်၊ ဒေါ်ရင်ခမ၊<br>ပြည်သူ့ဘဏ် ၁၅/၁၆ | ၃၀ |
| ၄၀။ | ဦးတင်-ဒေါ်ခင်သက်တင်<br>၈၂-အင်းယားလမ်း | ၃၀ |
| ၄၁။ | ဦးခွေ-ဒေါ်နှင်းရီ မိသားစု၊<br>၃၃၊ ကုန်ဈေးတန်း | ၂၅ |
| ၄၂။ | ဦးစံရွှေဘွန်း-ဒေါ်ဥခင်မြ<br>၁၉၊ ဖို့မြေလမ်း၊ ကန်တော်ကလေး | ၂၅ |
| ၄၃။ | ဦးဘငွေ မိသားစု | ၂၅ |
| ၄၄။ | ဦးအောင်ကိန်း ဒေါ်သန်းရင်၉၁-ဈ၊<br>ဝင်ဒါမီယာလမ်း၊ | ၂၀ |

# အလှူရှင်များ

| | | ကျပ် |
|---|---|---|
| ၄၅။ | ဒေါ်သန်းခင်၊ အင်ဂျင်နီယာ ဦးကိုကို၏ အမိ ၆၂-ဘဒ်လမ်း၊ | ၂၀ |
| ၄၆။ | ဦးခင်မောင်ရင်-ဇနီး ခင်ခင်သန်း ၆၂-ဘဒ်လမ်း၊ | ၂၀ |
| ၄၇။ | ဒေါက်တာ ဦးခင်မောင်တင်-ဇနီးမငွေးကြည် ၁၆၁-တက္ကသိုလ်ရိပ်သာလမ်း၊ | ၂၀ |
| ၄၈။ | ဦးဘအောင်-ဒေါ်သောင်း ၉၉/၁၀၁၊ ၅၁-လမ်း | ၂၀ |
| ၄၉။ | ဦးပု-ဒေါ်ဂျင်းလှမ် ၃၆၊ မြောင်းမြလမ်း၊ ကြည့်မြင်တိုင် | ၂၀ |
| ၅၀။ | နာယကကြီး ဦးဘဘာနှင့် မိသားစု | ၁၅ |
| ၅၁။ | ဦးအောင်ငွေ-ဒေါ်ရင်မြ မိသားစု ၂၁၊ လက်ပန်လှမ်း၊ စမ်းချောင်း | ၁၅ |
| ၅၂။ | ဒေါ်မိမိဆွေ၊ ဂေဟာမှူး၊ ပြည်သူ့ဆေးရုံကြီး | ၁၅ |
| ၅၃။ | ဦးတင်မောင်-ဒေါ်အုံးမြင့် သားသမီးတစု | ၁၅ |
| ၅၄။ | ဦးဘိုးရွှေနှင့် မိသားစု ၅၂-လမ်း | ၁၅ |
| ၅၅။ | ဒေါက်တာလှအောင် မိသားစု ၂၁၆၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန် | ၁၅ |
| ၅၆။ | ဦးငွေလှိုင်-ဒေါ်ကြည်ကြည် | ၁၀ |
| ၅၇။ | ဒေါ်နှင်းလှ၊ သရက်တော၊ ကြည့်မြင်တိုင် | ၁၀ |
| ၅၈။ | ဒေါ်မြတ်မေ၊ ၎င်း | ၁၀ |
| ၅၉။ | ဒေါ်ချစ်မေနှင့် သားသမီးများ၊ ဖ-ဆ-ပ-လ ကွက်သစ် | ၁၀ |
| ၆၀။ | ဦးမောင်မောင် (မွန်းမောတု) ၈၃၊ ကရစ်လမ်း၊ | ၁၀ |
| ၆၁။ | ဆရာမကြီး ဒေါ်အုန်းစိန် မိသားစု၊ ၁၁၄/၁၁၆၊ ၄၁-လမ်း၊ | ၁၀ |
| ၆၂။ | ဦးကာစိ-ဒေါ်ခင်ငြိမ်း သမီး သီတာလွင် | ၁၀ |
| ၆၃။ | ကိုတင့်အောင် ၇၀၊ ၂၄-လမ်း၊ | ၁၀ |
| ၆၄။ | ဦးသိန်းဟန်-ဒေါ်မြသန်း မိသားစု | ၁၁ |
| ၆၅။ | ဦးဘခက်-ဒေါ်အုံးမြ ၁၄၉-ဘိုတထောင်ဘုရားလမ်း၊ | ၁၀ |
| ၆၆။ | ဦးဘကျော်-ဒေါ်ခင်နွယ် ၁၂၁၊ ၃၁-လမ်း၊ | ၁၀ |
| ၆၇။ | ဦးကိုကိုကြီး (အငြိမ်းစား) ၁၄-လမ်း၊ | ၁၀ |
| ၆၈။ | ဒေါ်မမလေး ရေဝတီလမ်း၊ | ၁၀ |
| ၆၉။ | ဦးဘတိုး (အငြိမ်းစား) | ၁၀ |

| | | ကျပ် |
|---|---|---|
| ၇၀။ | ဒေါ်မြတင်၊ ၁၉-ပါရမီရိပ်သာ၊ ကမ္ဘာအေး | ၁၀ |
| ၇၁။ | ဒေါက်တာမဝင်းမေ၊ ၁၉-ပါရမီရိပ်သာ၊ ကမ္ဘာအေး | ၁၀ |
| ၇၂။ | ကက်သရင် ဗသိုက် ၎င်း | ၁၀ |
| ၇၃။ | ဆရာမကြီး ဒေါ်သန်းမြ ရန်ကုန်ဆေးရုံကြီး | ၅ |
| ၇၄။ | ဦးခင်မောင် ဘဏ္ဍာရေးနှင့်အခွန်ဌာန | ၅ |
| ၇၅။ | ဦးကျော်ထွန်း ကမာရွတ် | ၆ |
| ၇၆။ | ဒေါ်လွန်းမြ | ၆ |
| ၇၇။ | ဦးတင်လှိုင်-မသန်းရွှေ ၃-လမ်း၊ | ၅ |
| ၇၈။ | ဦးစိန်ပို ၆၈၊ စိတ္တသုခလမ်း၊ ကျောက်မြောင်း | ၅ |
| ၇၉။ | ဦးအောင်သိန်းနှင့်ဇနီး ရွှေဘုံသာလမ်း | ၅ |
| ၈၀။ | ဦးဟန်ညွန့် အတွင်းဝန်များရုံး | ၅ |
| ၈၁။ | ဒေါ်မေမေ ၂၀ (ခ) ရှမ်းလမ်း | ၅ |
| ၈၂။ | ဦးကျော်-ဒေါ်စိန်စိန် ၂၁၆၊ ဘိုတထောင်ဘုရားလမ်း၊ | ၅ |
| ၈၃။ | ဦးမောင်မောင်နှင့်မိသားစု မြင့်မိုရ်လမ်း၊ စမ်းချောင်း၊ | ၅ |
| ၈၄။ | ဦးရွှေစော ၁၃၂၊ ၄၆-လမ်း၊ | ၅ |
| ၈၅။ | ဦးဘိုးဆောင် ၉၊ ဂျမားရိပ်သာလမ်း၊ | ၅ |
| ၈၆။ | ဦးခင်မောင်တုပ် ၇၆၊ ၄၇-လမ်း၊ | ၅ |
| ၈၇။ | ဦးကိုကိုကြီး ၈၂၊ ကျွန်းတောလမ်း၊ | ၅ |
| ၈၈။ | ဦးဘသိန်း-ဒေါ်စိန်ဥ အင်းစိန် | ၅ |
| ၈၉။ | ဦးဘကြိုင်-ဒေါ်တင်တင် ၆၃၊ ရေဝတီလမ်း၊ | ၅ |
| ၉၀။ | ဦးမြ-ဒေါ်တင်ရွှေ မြို့မလမ်း၊ ကွမ်းခြံကုန်း | ၅ |
| ၉၁။ | ဦးဘိုးမြင့်-ဒေါ်စိန်ခင် ၆၈၊ နိဗ္ဗာန်လမ်း၊ | ၅ |
| ၉၂။ | ဦးညွန့်မောင်နှင့်ဇနီး ရန်ကုန်ဆေးရုံကြီး | ၅ |
| ၉၃။ | ဒေါ်ရှုခွန် ၆၃၊ ၁၉-လမ်း၊ | ၅ |
| ၉၄။ | ဒေါ်ကြည်ကြည်မြင့် အတွင်းဝန်များရုံး | ၅ |
| ၉၅။ | ဦးဘိုးဟန် ၁၀၁၊ တောလမ်း၊ ကြည့်မြင်တိုင် | ၃ |
| ၉၆။ | ဦးစောထွန်းနှင့်မိခင်ကြီး မှတ်ပုံတင်ဌာန | ၃ |
| ၉၇။ | မခင်သန်းနွဲ့ ကျောင်းသူ၊ ဗိုလ်ချုပ်ရွာ၊ သံလျင် | ၃ |
| ၉၈။ | ဦးအေးကို လယ်ယာနှင့်သစ်တောဌာန | ၃ |
| ၉၉။ | ဦးသန်းမြင့် ၇၁၊ ၁၂၄-လမ်း၊ | ၁ |
| ၁၀၀။ | ဦးချစ်စိန် ၆၈၊ ပွဲစားတန်း၊ ကြည့်မြင်တိုင် | ၁ |
| ၁၀၁။ | ဦးလေးမောင် စက်မှုလက်မှုဌာန | ၃ |

## အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၉ | ၂၈ | သေက္ခဂေါတြဘုံ | သေက္ခာဂေါတြဘုံ |
| ၉ | ၃၀ | ပါတ်ယ် | ပါတယ် |
| ၁၁ | ၂၉ | တကောင်း | တကောင် |
| ၁၃ | ၁၈ | မဋ္ဌမ | မဇ္ဈိမ |
| ၂၆ | ၁၉ | အာနာပါနသသတိ | အာနာပါနဿတိ |
| ၃၁ | ၂၃ | ဝိက္ခမ္ဘနတ္တာ | ဝိက္ခမ္ဘိတတ္တာ |
| ၃၂ | ၄ | ရဟန္တာဖြစ်လိမ့်မယ်ဆိုတာနဲ့ | ရဟန္တာဖြစ်လိမ့်မယ်လို့ မြင်တယ် |
| ၃၂ | ၃၀ | ဣသာတိ | ပဏ္ဍသာတိ |
| ၃၃ | ၄ | ကောင်ကင် | ကောင်းကင် |
| ၃၅ | ၂၀ | ကာမစိတ်တေဝိသ | ကာမဝိပါက်တေဝိသ |
| ၆၂ | ၁၂ | အဘိနန္ဒာတိ | အဘိနန္ဒတိ |
| ၆၃ | ၆ | ပဇာနာတိ | ပဇာနာမိ |
| ၆၄ | ၃၂ | နိဗ္ဗာရုံကို | နိဗ္ဗာန်ကို |
| ၆၆ | ၄ | အမောယံ | အမောဃံ |
| ၆၈ | ၁၀ | ဓမ္မာတာ | ဓမ္မတာ |
| ၆၉ | ၂ | ငါးပါးသီလကို | ငါးပါးသောကကို |
| ၇၀ | ၁၂ | ပစ္စုယုပ္ပန်ဘက်က | ပစ္စုပ္ပန်ဘက်က |
| ၇၃ | ၃၂ | ဝတ္တာရမ္မဏ | ဝတ္ထာရမ္မဏ |
| ၇၆ | ၁၁ | အဗျာကတောအကုသလဒ္ဓ | အဗျာကတော အကုသလဿဒ္ဓ |
| ၈၃ | ၁၉ | လူဖြစ်တဲ့ပုဂ္ဂိုလ်က | လူစတဲ့ပုဂ္ဂိုလ်က |
| ၈၃ | ၂၉ | ပစ္စဝေက္ခတိ | ပစ္စဝေက္ခန္တိ |
| ၈၅ | ၁၀ | သေက္ခပုဂ္ဂိုလ်တွေဟာ | သေက္ခပုတုဇဉ်ပုဂ္ဂိုလ်တွေဟာ |
| ၉၂ | ၃၃ | သမ္မာယောပစ္စယိဒ္ဓိ | သမ္မာပယောဂပစ္စယိဒ္ဓိ |
| ၉၃ | ၁၈ | ရှိနေပေတယ်ဆို့ | ရှိနေပေတယ်လို့ |
| ၉၇ | ၁၇ | မီးလောင်း | မီးလောင် |
| ၉၈ | ၁၅ | သန္တာဉ် | သန္တာန်ဉ် |
| ၉၉ | ၄ | ပစ္စဝေက္ခဏာဝိထိ | ပစ္စဝေက္ခဏာဝိထိ |

# အမှားအမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၁၀ | ၁၁ | ကျန်တဲ့ (၇)ခုကို | ကျန်တဲ့(၅)ခုကို |
| ၁၄၃ | ၃၃ | အကုလဿဉ် | အကုသလဿဉ် |
| ၁၅၇ | ၁၉ | အဓိပတိပစ္စည်းကိုရသော အခါ | သမ္ပယုတ္တက္ခန္ဓာအားတတ်သော အဓိပတိ ပစ္စည်းကို ရသောအခါ |
| ၁၆၉ | ၁၀ | အဗျာကတဿမ္မဟူသော | အဗျာကတဿမ္မဿဟူသော |
| ၁၈၃ | ၁၄ | သဘာဝပစ္စည်းရေ | သဘာဂပစ္စည်းရေ |
| ၂၂၁ | ၁၆ | အညည ပစ္စယေန | အညမညပစ္စယေန |
| ၁၃၈ | ၆ | အနုလုံဘဲရပါတယ် | အနုလုံဘဲယူရပါတယ် |
| ၂၆၀ | ၃ | ဝိပါကမနောဓာတု ဝိပါက မနော ဝိညာဏဓာတုယာ | ဝိပါကမနောဝိညာဏဓာတု ကိရိယမနောဝိညာဏ ဓာတုယာ |
| ၂၆၁ | ၃၂ | မဟာကုသိုလ် ပထမဒွေ | မဟာကုသိုလ်ကြိယာ ပထမဒွေ |
| ၂၉၂ | ၁၀ | ဇောဂါရိကံ ကရိဘွာ ပရဒါရံ ဂန္တွာ | ဇောဂါရိကံ ကရိတွာ ပရိပန္ထေဌတွာ, ပရဒါရံဂန္တွာ |
| ၃၁၂ | ၂ | မှီရာတရား၏ | မှီရာ တည်ရာ၏ |
| ၃၂၁ | ၆ | တဋတ္တာရုပ် | ကဋတ္တာရုပ် |
| ၃၅၇ | ၂၄ | ဆရာထောင် | အဆရာထောင် |
| ၃၆၂ | ခေါင်းစဉ် | သံအဖမ်း | အသံဖမ်း |
| ၃၆၃ | ၂၈ | ပစ္စဝေက္ခဟိ | ပစ္စဝေက္ခတိ |
| ၃၆၄ | ၁၂ | သဟဇာတတ္ထိံ | သဟဇာတတ္ထိ |
| ၃၆၄ | ၁၇ | တို့အာ | တို့အား |
| ၃၆၆ | ၁၅ | အသံမှုဋ္ဌ | အသံမှဋ္ဌ |